လာဘ်မိုးဇွေ စာပေ [illegible] ဖြတ်သည်။

www.burmeseclassic.com

မဂ္ဂပစ္စယော

# ဒေါင်ပြိုင်

မဂ္ဂဇင်း



အပ်ချမတ်ချ စီရင်နည်း (စာမျက်နှာ - ၅၇)



အလုပ်ရတဲ့ အစီအရင် (စာမျက်နှာ - ၅၉)



ကံထူးချင်ရင် ဓာတ်ဘူးအစီအရင် (စာမျက်နှာ - ၆၁)

BURMESE CLASSIC .com

- အစွမ်းထက်တဲ့ ထန်းလျက်ယတြာ (စာမျက်နှာ - ၆၃)
- လွယ်ကူတဲ့ ယတြာ (စာမျက်နှာ - ၆၅)
- စွယ်တော်ရွက်နဲ့ ဖူးစာကံ (စာမျက်နှာ - ၆၇)

Graphic; Soe Win Htun

www.burmeseclassic.com

www.burmeseclassic.com

လာဘ်မိုးရွှေဂါထာ
ဂါမေ စနေ စ သဗ္ဗတ္ထ
ဒေဝေဟိ မနုဿေဟိ စ။
အာဘာတော နန္ဒလာဘောမေ
သဒါဟောတု ဘဝါဘဝေ။

မင်္ဂလာစွယ်တော်

# ရောင်ပြန် မဂ္ဂဇင်း

၂၀၁၄-ခုနှစ်၊ မတ်လ၊ အမှတ်(၂၄၂)

မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

ထုတ်လုပ်မှုအယ်ဒီတာ - ဦးသန့်(လာဘ်မိုးရွှေ) အုပ်ချုပ်မှုအယ်ဒီတာ - ဒေါက်တာစောယုနွယ်
အမှုဆောင်အယ်ဒီတာ - နန္ဒာမိုးကြယ်၊ သန္တြာဇင် အယ်ဒီတာရုံးအဖွဲ့ - ကေလတ်၊ စိုးစိုး

ထုတ်ဝေသူ - ဦးမောင်မောင်မြင့်အေး(မြ-၀၃၄၆၀)၊ အမှတ်-၂၀၅(က)၊ ပိတောက်(၅)လမ်း၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်မှ ထုတ်ဝေ၍ ဝင်းထွန်း(မြ-၀၄၈၃၉)၊ အမှတ်-၃၇၊ ရေကျော်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့မှ ပုံနှိပ်သည်။
အုပ်ရေ - ၁၀၀၀၊ တန်ဖိုး - ၂၂၀၀ ကျပ်
ာအုပ်ချုပ် - ရုကီး၊ အတွင်းဖလင် - မျိုးဝင်းကျော်၊ အတွင်းပန်းချီ - သန့်ဇော်သစ်၊ ဖိုးအောင်၊ အောင်နိုင်လတ်၊ ကျော်ဦး၊ ပညတ်၊ ကျွ၊ တို့က ပန်းချီဆွဲ၍ မျက်နှာဖုံးဂရပ်ဖစ်ကို စိုးဝင်းထွဏ်းမှ ဖန်တီးသည်။

## ရောင်ပြန်မဂ္ဂဇင်း၏ မူဝါဒ

လစဉ်ထုတ်ဝေလျက်ရှိသော ရောင်ပြန်မဂ္ဂဇင်းသည် ဘာသာရေးသက်သက်စာအုပ် မဟုတ်ပါ။ လောကီရေးရာ၊ မြန်မာ့ ရေးရာ သုတအဖြာဖြာကိုလည်းကောင်း၊ ရသမြောက်ဝတ္ထုတို၊ ဝတ္ထုရှည်များကိုလည်းကောင်း၊ ပြည်တွင်းပြည်ပ ဗဟုသုတဖြစ်ဖွယ် အကြောင်းအရာများ၊ ထေရဝါဒနှင့် မဆန့်ကျင်သော ဘာသာရေးဆိုင်ရာ ဆောင်းပါးများ၊ ထူးခြားသော စေတီပုထိုးများ ရဟန်း သံဃာများအကြောင်း၊ ဗေဒင်၊ ယတြာဆိုင်ရာ ပညာရပ်ဆောင်းပါးများ၊ ပုဂ္ဂိုလ်ထူးတို့၏ အကြောင်းအရာများကို ဖော်ပြလျက်ရှိသော မဂ္ဂဇင်း ဖြစ်ပါသည်။ ဤသို့ ပုဂ္ဂိုလ်ထူးများအကြောင်းကို ထည့်သွင်းဖော်ပြရာတွင် ထိုပုဂ္ဂိုလ်ထူးများအပေါ် ယုံကြည်ကိုးကွယ်မှုနှင့် ဆိုင်ဘဲ ထိုပုဂ္ဂိုလ်ထူးများ၏ ခြင်းရာအတ္ထုပ္ပတ္တိကိုလည်းကောင်း၊ ၎င်းတို့၏ ကျင့်စဉ်များကိုလည်းကောင်း၊ ၎င်းတို့၏ စွမ်းဆောင်ချက် များကိုလည်းကောင်း ဗဟုသုတ ဖြစ်စေရန်အလို့ငှာ ထည့်သွင်းဖော်ပြခြင်းသာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ရောင်ပြန် မဂ္ဂဇင်း

၂၀၁၄ ခုနှစ်၊ မတ်လ၊ အမှတ် (၂၄၂)

## မာတိကာ

### ရောင်ပြန် ကဗျာ

သန့်ဇော်သစ်၊ ဘုန်းမြင့်ချို(သာယာဝတီ)၊ ဖျာပုံနီလုံဦး၊
ရဲမြင့်နောင်၊ မူးအိမ်စိုး၊ နွံဦးမွန်(ကျုံခါး)၊
ပုသိမ်မောင်သင်းယု၊ ပြင်စည်အောင်(ခရာတော)။

### ရောင်ပြန် အခန်းဆက်ရသ


သူတော်ငတေနှင့် ပန်းပဲဆရာ(၂)
ဝေယံလင်းခေါ် ———— ၇၄
မေတ္တာရှင်…(၃)
ဘုန်းပွင့်တေဇ ———— ၁၀၂
နတ်ကတော်စိန်မျက်ခုံး(၂)
ကျော်မြသန်း ———— ၁၁၆
လူထဲကဘဝ ဘဝထဲကလူ(၆၈)
လင်းရောင်တင် ———— ၁၅၈
ပဏ္ဍိတဆရာခြိမ့်နှင့် ရသာယနစာတ်ပြာ(၁)
နန်းကြေးသျှင် ———— ၂၀၄




စာ-၂၄၀

ကျိုက်မရောမြို့ ဆုတောင်းပြည့်ဘုရားကြီး

ကျောင်းတိုက်ဝင်းအတွင်း ထူးခြားကြည်ညိုဖွယ်ရာများ

စာ-၁၇ ဂမ္ဘီရဆရာလှမျိုး(B.Sc)





ရွှေသုံ့ဖျုံ

စာ-၃၈ ရှယ်လီသိန်းမောင်(စိန်မိုက်ကယ်)



ကံထူးချင်ရင်

ဓာတ်ဘူးအာစီအာရင်

စာ-၆၁

www.burmeseclassic.com

## ရောင်ပြန် ရသ


ထူးခြားလှတဲ့ ဒဿန
မနုဿကျော်ဝင်း ———— ၁၃၆

ဆည်ကျိုးတဲ့ စုန်ရေ
နေမင်းလတ် ———— ၁၄၂

ပဒေသာပင် ပြဿနာ
မဟာထွန်း ———— ၁၈၀

အစိတ်တန် အကုသိုလ်
နေပုည ———— ၁၈၈

တမလွန်သို့ အလည်တစ်ခေါက် ရောက်ခဲ့သူ
မောင်မောင်မိုးအောင် ———— ၂၂၂

အကြားအမြင် ဦးဘဆန်းနှင့် ရွှေရောင်ပုလဲ
အောင်ဘုန်းမြင့်(ကချင်မြေ) ———— ၂၄၀

လဲယူမည့်စိတ်
နှင်းနှင်း ———— ၂၆၄

အမေသုံးယောက်
မောင်တော်ထိန် ———— ၂၈၀

ပထမံဖိုးထိန်
မုဒုံ-သုမွန် ———— ၂၉၂






အယ်ဒီတာအဖွဲ့/ကြော်ငြာနှင့် ဖြန့်ချိရေး

**လာဘ်မိုးရွှေ စာပေ**

အမှတ် - ၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၀၀၅၉၅၂၅


## ရောင်ပြန် လျှို့ဝှက်ဆန်းကြယ်


အံ့ဖွယ်မီးလောင်ရောဂါ
လှမိုး(ပညာရေး) ———— ၆၉

ပူနာကူရတနာအရုပ်တော်ပုံ(၁၁)
အောင်သန်းချစ် ———— ၇၉

ပြည်တွင်းပြည်ပ ဝိညာဉ်လောကယုံကြည်ချက်များ
လှတိုး(စိတ်ပညာ) ———— ၂၄၄


## လူတွေသိ နတ်တွေကြားစေ



လူတွေသိ၍ နတ်တွေကြားစေ ———— ၃၄၀


## ရောင်ပြန်ဗေဒင


သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း
ဒေါက်တာစောယုနွယ် ———— ၃၂၉



## ရောင်ပြန် အထူးယတြာ


နိုင်ငံခြားရောက်မြန်မာများအတွက် အထူးဟောကိန်း
ဒေါက်တာစောယုနွယ် ———— ၃၃၀

www.burmeseclassic.com

www.burmeseclassic.com





**အလုပ်ရတဲ့ အစီအရင်ကောင်းတစ်ခု**

စာ - ၅၉ ■ ဝေယံဘုန်းမြင့်


## လောကီရေးရာ


ရောင်ပြန်မဂ္ဂဇင်းပြက္ခဒိန်
အင်ကြင်းဖြူဖြူ(တောင်ငူ) ---------- ၄၉
စိုက်ပျိုးရေးရာ တစ်လတာ
တောကကိုရင် ---------- ၅၀
သည်လဖွားအတွက် ကံဇာတာ
ဆရာမိုးဟန်ကြွယ် ---------- ၅၁
သည်တစ်လမှာ ဆောင်ရွက်ပါ
နေမျိုးထွဋ်ခေါင် ---------- ၅၂
သည်လအတွက် ကောင်းသောရက်
နွယ်သာကီအောင် ---------- ၅၃
အလုပ်အကိုင် အောင်မြင်ရန်
မဟိဒ္ဓိကျော်ခေါင် ---------- ၅၅
နဝင်းညီစွာ ဓာတ်ဆင်ပါ
တက်လူမျိုးသစ် ---------- ၅၆
အစွမ်းထက်တဲ့ ထန်းလျက်ယတြာ
အင်္ဂဝိဇ္ဇာဆရာအောင် ---------- ၆၃
လွယ်တဲ့ယတြာ ချေကြည့်ပါ
နေမျိုးထွဋ်ခေါင် ---------- ၆၅
ဖူးစာအရေး ခွေးနွေးမယ်
ဆရာဇီဝအောင်ထွဋ် ---------- ၆၇
စိတ်ရှုပ်လျှင် ဒါတွေလုပ်ပါလား၈၈

ကိုယ်တွေ့အမေရိကား(၂)
မောင်ကောင်းမြင့် ---------- ၉၃
မယုံလျှင် ပုံပြင်သာ မှတ်လိုက်ပါ(၃)
ဒေါက်တာသက်ခွေ(M.D) ---------- ၉၆
ပညာရေး အကျိုးပေးဖို့
နိုင်မမ(ပညာရေး) ---------- ၁၀၁
ဗုဒ္ဓဘာသာလောကမှ ဆန်းပြားထွေလာများ
နိုင်ခင်အင်ကြင်း ---------- ၁၁၂
ကျောင်းတော်ရာ
မကြွယ်ကြွယ် ---------- ၁၂၆
သစ္စာဖြင့် မိမိဆန္ဒပြည့်ဝစေနည်း
ကိုကိုမောင်ကြီး ---------- ၁၂၉
မူလနက္ခတ်ဖွားများအတွက် ယောကိန်း
ကာလီဒါ့ချဲ့(မြန်မာပြည်) ---------- ၁၃၂
ခွေးချစ်သူတို့ သတိပြု
ချစ်မမသက် ---------- ၁၄၁
တရုတ်နက္ခတ္တဗေဒင်ပညာ ၂၀၁၄ မတ်လ
ကေတီအောင်သိန်း ---------- ၁၄၈
တောပြင်လမ်းဆီက မြတ်သက်န်းတစ်စုံ
မော်တင်သိန်းဇော်ဇ ---------- ၁၅၁
အလှူညသော တူသောအကျိုးပေး၏
မောင်ပုတ်စည် ---------- ၁၅၅



စာ - ၂၀၄

## လောကီရေးရာ


ယတြာကောင်းလျှင်(သိဒ္ဓိဥဒေါင်ရှက်)
မောင်မောင်မြင့်အေး ---- ၁၆၅
အတဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်နှင့်ကျွန်ုပ်၏အတွေ့အကြုံများ(၉)
ဗိုသန်းကျော်(ရေကြည်သား) ---- ၁၆၈
မြစ်ဆီလွှာအောက်က ယဉ်ကျေးမှုသုတေသန
ညွှန့်ဟံ(ကြူတော) ---- ၁၇၆
ရွှေဖူးစာအကြောင်းဆက် ပေါင်းဖက်နိုင်ကြစေဖို့
သံသာညွှန့်သွဲ့(တွံတေး) ---- ၁၉၈
သမ္မာဒွေအစွမ်း အံ့မခန်း
မောင်အေးချမ်း(တင့်ထူး) ---- ၁၉၉
လူတစ်ယောက်ရဲ့ နဖူးပြင်
အင်္ဂဝိဇ္ဇာဆရာအောင် ---- ၂၀၂
မမေ့နိုင်သော ထိုတစ်နေ့
တက္ကသိုလ်သင်း ---- ၂၁၁
နိုင်ငံရပ်ခြားဟာသများ
ကံမြင့်(ရေဒါ) ---- ၂၁၄
လူတောတစ်ခွင်ဟာသများ
ဦးကောင်းထူး ---- ၂၁၇
အံ့ဖွယ်သူ့ဆန်း ဆေးစွမ်းကောင်းများ(၅)
မျိုးသန်းထွန်းကို(ရေစကြို) ---- ၂၂၈
လူမပါတဲ့ ထဘီသာအချုပ်ခံရတယ်
လှမိုးနိုင် ---- ၂၃၃
အရှတ်ဂမ္ဘီရဆရာကြီးကြူကုံး၏ အိပ်မက်အဖွင့်ကျမ်း
တက္ကသိုလ်မောင်တံခွန် ---- ၂၃၇
ဆတ်ရိုက်ယတြာ ရွှေပညာ(၂၀)
ကျွန်ုပ်နှင့် ငါးမြောင့်ကြယ်ကလေး
ဝသုန်ဟိန်းထက် ---- ၂၅၁
သာသနာ့မြေ ဗိမာန်အဆောက်အဦဖောင်ဒေးရှင်း
ရှယ်လီသိန်းမောင် ---- ၂၅၅
ဒါနနှင့်ယှဉ်သောကုသိုလ်
မောင်မိုးဦး ---- ၂၅၇
ပုညရွှေရာယ်
သူတော်စင်မင်းအောင် ---- ၂၆၀
မင်းကွန်းဆရာတော်ဘုရားကြီး၏ အနုတ္တရပုညကျွေတွဲဂုဏ်တော်
ဒေါက်တာသန်းမှိုင်းလင်း ---- ၂၇၃
ရိက္ခာ
လင်းမြင့်(ဥပဒေ) ---- ၂၇၅
အမြတ်ဆုံးကုသိုလ်
ကျိုက်ထော်မြင့်မြတ်ကျော် ---- ၂၇၇
အနိစ္စဒေသနာတော်(၁)
မဟာထွန်း ---- ၂၉၉
အောင်မြင်မှုတွေ ဝေစည်မြိုင် သရဏဂုံဖယောင်းတိုင်
ဘုန်းလက်ျာအောင် ---- ၃၀၄
လျှို့ဝှက်ဆန်းကြယ်စကားလုံးနှင့် အခါတိုင်ဗေဒင်ဟောကိန်း
ညွှန့်လွင်(စက်မှုတက္ကသိုလ်) ---- ၃၀၅
ပစ္စည်းလေးပါးနှင့် ပရိက္ခရာရှစ်ပါး လှူဒါန်းအကျိုးတရားများ
ဂမ္ဘီရဆရာလှမျိုး(B.Sc) ---- ၃၁၀
ရင်ဘတ်ပေါ်မှတစ်ဆင့်
စန်းရှိန်သစ် ---- ၃၁၃
ထူးထူးခြားခြား ပုံပြင်များ
စိုးဝင်းထွဋ်(တာမွေ) ---- ၃၁၇
သံယောဇဉ်ပြတ်မှ နိဗ္ဗာန်ရ
မင်းဖေမြင့်(မုဒုံ) ---- ၃၁၉





စာ - ၁၈၈



www.burmeseclassic.com

# ယောသူတို့ရွာ (သို့) ဂန့်ဂေါမြို့နယ်မှ

# စွယ်တော်ရှင်ဘုရား



စွယ်တော်ရှင်ဘုရားကြီးပုံတော်

■ ဆွေမြင့်သူ(ကြေး/မြေ)

စာ - ၃၃

## မြန်မာ့ရေးရာ


အရှင်ဆန္ဒာဓိကဆရာတော်၏ အဆုံးအမ ——— ၇

ကျိုက်မရောမြို့ ဆုတောင်းပြည့်ဘုရားကြီးနှင့် ကျောင်းတိုက်ဝင်းအတွင်း ထူးခြားကြည်ညိုဖွယ်ရာများ
ဂန္ဓီရဆရာလှမျိုး ——— ၁၇

စစ်ကိုင်းမြို့မှ ထင်ရှားကျော်ကြားထူးပါရုံဘုရား
နိုင်ငြိမ်း(အညာတက္ကသိုလ်) ——— ၂၃

သုဝဏ္ဏရွှေဘိုမြို့ သထုံမှ ပြသပိတ်ဆံတော်ရှင်စေတီ
မင်းသုခ ——— ၂၇

မြတ်ဗုဒ္ဓ၏ ခြေတော်ရာများ
မြသိန်း ——— ၃၁


ယောသူတို့ရွာ(သို့)ဂန့်ဂေါမြို့နယ်မှ စွယ်တော်ရှင်ဘုရား
ဆွေမြင့်သူ(ကြေး/မြေ) ——— ၃၃

ရသေ့ပျံဂူတောင်
ရှယ်လီသိန်းမောင်(စိန့်မိုက်ကယ်) ——— ၃၈

ဆရာတော်ကြီး ဦးဥတ္တမသာရ...နတ်ချစ်ဂါထာများ ——— ၄၁

ချင်းတောင်တန်းဆရာတော် ဒေါက်တာအရှင်တေဇောသာရ
ကိုမောင်သန်းဝင်း ——— ၄၃

ကျိုက်ထီးရိုးစေတီတော်အား ခေတ်အဆက်ဆက်...
တင်နိုင်တိုး ——— ၁၅၃

စာ - ၇၄

## ရောင်ပြန် မျက်နှာဖုံးဆောင်းပါး



အပ်ချမှတ်ချ
တင်ဝင်းညီ ——— ၅၇

အလုပ်ရတဲ့ အစီအရင်ကောင်းတစ်ခု
ဝေယံဘုန်းပြည့် ——— ၅၉

ကံထူးချင်ရင် ဓာတ်ဘူးအစီအရင်
ကိုမောင်သန်းဝင်း ——— ၆၁


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# အရှင်ဆန္ဒာဓိကဆရာတော်

## ၏

# အဆုံးအမ

တစ်ချို့လူများက မေတ္တာပွားတာကို လူသိရှင်ကြား ရွတ်ဆိုရုံသာ ပွားနေကြတယ်။ စိတ်ကမူ မေတ္တာပို့သနေသောသူများထံသို့ မရောက်ဘဲ ဟိုရောက် ဒီရောက် ဖြစ်နေတတ်ကြတယ်။ ဤကဲ့သို့ မေတ္တာပွားနည်းမှာလည်း မမှန်ကန် မပြည့်စုံ။

အချို့လူများကျတော့လည်း လူအများအပေါ်မှာ မကောင်းသောစိတ် ငါ မထား၊ လူအများကို ချမ်းသာစေချင်သည့် စိတ်ကောင်းစေတနာကိုသာ ထားသည်။ မေတ္တာကိုသာ ထားသည်။ ထို့ကြောင့် မေတ္တာကို အပတ်တကုတ် ကြိုးစား၍ ပွားနေစရာမလို၊ ပို့နေစရာ မလိုဟု ယူဆတတ်ကြသည်။

အမှန်ကတော့ "ထားမေတ္တာ" ဆိုတဲ့ စိတ်ထဲ၊ နှလုံးထဲမှာ တကယ်မေတ္တာထားတဲ့ မေတ္တာနဲ့လည်း ပြည့်စုံဖို့ လိုတယ်။ စိတ်ထဲ၊ နှလုံးထဲမှာ မေတ္တာမရှိဘဲ လူကြားကောင်းအောင် အသံမြှင့်ပြီး မေတ္တာပို့နေတဲ့သူဟာ ဥစ္စာဘဏ္ဍာ ကိုယ့်မှာ တကယ်မရှိဘဲ ရှိတယ်လို့ လူအများထင်အောင် ကြွားဝါနေတဲ့သူနဲ့ တူနေပေလိမ့်မယ်။

BURMESE CLASSIC .com

ပထမဆုံး သတ္တဝါတွေအပေါ်မှာ မေတ္တာစိတ်ဓာတ်များ ပေါ်ပေါက်လာအောင် မိမိစိတ်ကိုမိမိ ပြုပြင်သင့်ပါတယ်။ အဲဒီလို စိတ်နှလုံးထဲမှာ မေတ္တာဓာတ်များ ပေါ်ပေါက်လာပြီဆိုတဲ့အခါမှာ ပွားများဖို့ရာ ကြိုးစားရပါလိမ့်မယ်။ ပစ္စည်းဥစ္စာ ရှိသောသူများအနေနဲ့ ကိုယ့်ပစ္စည်းဥစ္စာကို အထုပ်ထုပ်ပြီး သိမ်းထားရင် ပွားများတိုးတက်လာမယ် မဟုတ်ပါဘူး။

မေတ္တာစိတ် ပွားများတိုးတက်လာအောင် မေတ္တာပို့သတဲ့အလုပ်များကို မှန်မှန်လုပ်သင့်ပါတယ်။ ဒါမှ ပွားများလာမှာ ဖြစ်တယ်။

မေတ္တာပို့သတဲ့အခါမှာလည်း အရပ်မျက်နှာအလိုက် မေတ္တာပို့သတဲ့အလုပ်ကို မှန်မှန်လုပ်ဖို့သင့်သလို မေတ္တသုတ်ပရိတ်တော်ကိုလည်း ရွတ်ဆိုပြီး မေတ္တာပို့သင့်ပါတယ်။

မေတ္တသုတ် ပရိတ်တော်ကို ရွတ်ဆိုတော့မယ်လို့ ဆိုတဲ့အခါ မြန်မာလို အဓိပ္ပာယ်သိအောင် ဦးစွာလေ့လာသင့်ပါတယ်။ မြန်မာလို သိပြီးတဲ့အခါကျမှ ပါဠိလို ရွတ်ဆိုပူဇော်သင့်ပါတယ်။ မြတ်စွာဘုရားက ပါဠိလို ဟောခဲ့တာကြောင့် ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# ဓနမဲ့ကောက်ကြောင်း


## သန့်ဇော်သစ်

ကမ္ဘာကြီးရဲ့တစ်ဖက်က
လိပ်ပြာလေး အတောင်တစ်ချက်ခတ်ခြင်း
ဒီကမ္ဘာတစ်ဖက်စွန်းမှာ
လေပွေမုန်တိုင်းတွေ ဖြစ်သွားသတဲ့ . . .
ရူပဗေဒပညာရှင်တစ်ယောက်ရဲ့စကား
မြန်မာပြည်က ပန်းချီဆရာတစ်ယောက်တော့ ရူးသွားတယ်။

လိပ်ပြာတစ်ကောင်ဟာ အချစ်ရဲ့အမှတ်အသားဆိုရင်
လေပွေမုန်တိုင်းတွေဟာ ဘဝရဲ့ထိုးနှက်ချက်ပေ့ါ
၂၀၁၃ ရဲ့ နိုဝင်ဘာမှာ
အချိန်အခါမဟုတ်တဲ့ မုန်တိုင်းတစ်ခု
မထင်မှတ်ဘဲ ဗဟိုပြု
ကျွန်တော့်မိသားစုကို ခြိမ်းခြောက်ပါလေရော . . .။

BURMESE CLASSIC .com


ငွေကြေးနဲ့သိက္ခာက
အိပ်ရာနဲ့ နေသားမကျတော့
ခထာခထာ ရွှေ့ပြောင်း—
လူကြားမကောင်း သူကြားမကောင်း
(နောက်ဆုံးတော့)
သမီးလေးကျောင်းမှန်မှန်တက်ဖို့အရေး
(မိန်းမရေ . . .)
အပေါင်ဆိုင်ပြေးလိုက်ပါဦးကွယ်။ ။



Y.Z.T 2013

www.burmeseclassic.com

www.burmeseclassic.com




# ယစ်မူးခြင်း

ဘုန်းမြင့်ချို(သာယာဝတီ)

တောထဲက ကျားသတ္တဝါ
သူ့ပညာ ဆန်းစစ်ကြည့်
အမိဖမ်း သားကောင်
နပ်မှန်အောင် မရရှိ။

လှောင်ချိုင့်စံ ကျား
အနေခြား အစားတိုး
အရိုးဆိုမေ့လောက်ထိ
သူစည်းစိမ်ရှိ။

မြိုင်ရပ်နှင့် သံတိုင်ကြား
နေကွဲပြား ကျားနှစ်ကောင်
ဇာစ်မြစ်က တောတောင်
အကောင်က ကျားမျိုး။

တောကျားလေ စိတ်မပြောင်းသော်လည်း
လောင်းရိပ်ခို သံတိုင်ကျားရယ်က
စားသောက်ဖွယ် အခြေသင့်သမို့
နဂိုမင့် သာမြိုင်စခန်းကို
မြန်းပို့မှာစိုး။ ။

www.burmeseclassic.com

www.burmeseclassic.com


25 JAN 2014

ဘဝခရီးမှာ...

**ဖျာပုံနီလုံး**

ခြောက်ဆယ်ကျော်
ခုနစ်ဆယ်နီးပါး
ခရီးတစ်ဝက် ကျော်ခဲ့ပြီ။

"အနိစ္စ"ပန်းတိုင်
လှမ်းကိုင်ဖို့ မဝေး။
ဒုက္ခဘုံဝဲဂယက်မှာ
ရတနာ သားသမီးတွေနဲ့
မြေးသည်းချာ ဝိုင်းရံပတ်
ပျော်တတ်နေသေး။ ။



www.burmeseclassic.com

www.burmeseclassic.com

ဘဝနန္ဒ

# ရဲမြင့်နောင်

ဆားပဲဖြစ်ဖြစ်
သကြားခဲဖြစ်ဖြစ်
စင်ကြယ်သန့်ရှင်းတဲ့ ရေထဲမှာဖျော်ကြည့်
ပျော်ဝင်အမှတ်ဆီရောက်
ရေနောက်အောင်မွှေပေးဦး
မြင်ကွင်းက အားလုံးပျောက်ကွယ်ကုန်ကြတယ်။


အမှုဖွဲ့ ရှုပ်ပြန်ရာ
လူ့ရဲ့ ရုပ်ခန္ဓာအတွဲဘော
လောဘ ဒေါသ မောဟ မာန်မာန
ထည့်နိုင်သမျှ ဖျော်ပစ်လိုက်ရင်
ပျော်ဝင်သွားခဲ့ အနေအထား
အဖြေစကားရှာဖို့ ခက်ခဲ
ဘယ်ရက်စွဲကျမှ ရောက်ရှိမှာပါလိမ့်···။



T.Z.T 2013

www.burmeseclassic.com

www.burmeseclassic.com



T.Z.T 2013

## ပန်းခိုင်သင့်တဲ့ နှလုံးသား

**မှူးအိမ်မိုး**

- အကြွေပန်းပေမို့
  ရွှေနန်းမှာ တော်ဝင်မထိုက်သော်လည်း
  ပန်းစရိုက် ရန့်မှန်လျှင်။

- ပန်ချင်သူ နှလုံးလှသူက
  ယုယပန်ဆင်။

- ခုတော့ဖြင့်ခင်
  ပန်းအသွင်စရိုက်ပျက်။

- ပန်ဆင်သူ စိတ်ညစ်ညူးစေမယ့်
  ယစ်မူးဝေ ရန့်ဆိုးတွေကြောင့်
  မြတ်နိုးသူ ပန်းကြွေတောမှာ
  လွမ်းမော ရက်ဆက်။ ။

www.burmeseclassic.com

www.burmeseclassic.com




## အန္တရာယ်အနုမြူ

နွဲ့ဦးမွန်(ကျုံဒါး)

- လောကသိုင်းဝိုင်း
ဘာတွေနဲ့ နှိုင်းမလဲ
စာမတတ်ရင်
ကမ္ဘာကို ဘယ်လောက်ပတ်ပတ်
အရိုင်းဓာတ်က ရှိနေမြဲ။

- စာတတ်ပြီလား…
တတ်ပြီဆိုလည်း နှလုံးသားမည်းညစ်ရင်
ဘယ်တော့မှ သစ်လွင်မလာဘူး။

- ပညာမဲ့လူမိုက်ထက်
ပညာတတ်လူမိုက်က ပိုဆိုးရဲ့…။
သူယုတ်ကန်းရင်
ကမ္ဘာတစ်ဝှမ်းလုံး ပြာဖြစ်ပြီ။

www.burmeseclassic.com

www.burmeseclassic.com


## ပုသိမ်ဆောင်းသင်းယု

- ကလေးကလားတွေလို
အတွေးမများစွာနှင့်
အလေးထားပါခင်···။

- မယဉ်ကျေးပြန်ပေါ့
အစဉ်တွေးလျှင်ဖြင့်
ရင်လေးဖွယ်ပင်။

- သူ့နိုင်ငံ သူ့အတွေး
သူ့အရေး သူ့အလေးထားပြီး
သူ့အသွေး သူ့အသား
သူ့စကား သူ့ယဉ်ကျေးမှု
သူ့ရေးရှု သူ့စဉ်လာ
သူ့မွေးရာ သူ့အရပ်
သူ့ဇာတ် သူ့ကတာကိုပဲ
အနုအလှ သူ့သွင်ပြင်
မဆင်ခြင်အတုခိုး။

- ကိုယ့်နိုင်ငံ ကိုယ့်အလှ
ကိုယ့်ဒေသ ကိုယ့်ယဉ်ကျေးမှုကိုတော့
ထင်သေးကာ လျစ်လျူရှုရင်ဖြင့်
ဘဝင်မအေးစရာ အဖြစ်ဆိုးတွေနှင့်
(ခင်လေးရေ···) ရင်ကျိုးမှာစိုး။




T.Z.T 2013

www.burmeseclassic.com

www.burmeseclassic.com

# မီးပုံးပွဲ

## ပြင်စည်အောင်(ခရာတော)


T.Z.T 2013

ထန်းဆော်လေဟပ်၊ နှင်းကြိုးပြတ်၍
ရှစ်ရပ်ခွင်အေး၊ ရင်ငွေ့ဝေးခဲ့
လေသွေးခိုက်ကြဲ့၊ ဆတ်ဆတ်တုန်အောင်
"ကုံ"ရာသီပွဲ ကျင်းခဲ့ပြီ···။

နှင်းသဲသဲညို့၊ နေခြည်ရှိချိန်
"တပို့တွဲ"လ၊ လပြည့်ညဥ္
ဗုဒ္ဓကာဝိ၊ တုမရှိလည်း
ပါတိမောက်ဖြင့်၊ နှုတ်ခြေဖွင့်လျက်
ပြုကျင့်ဓမ္မတာ၊ ဘဂဝါထုံး
မိန့်မှာဘုန်းစက် ပွင့်ခဲ့ပြီ···။

ရွှေနှုတ်ချိုမှ၊ ဩဝါဒတွေ
နာရမခံ့။ ဂွမ်းဆီဖုံးသို့
နှလုံးမွေ့လျော်၊ ကျေးဇူးတော်ကို
ရည်မျှော်ဆပ်ရာ၊ များသူငါလျှင်
နှံ့သာထင်းတုံး၊ လောင်စာအုံးလျက်
မီးပုန်းလှူမြဲ၊ ကုသိုလ်ပွဲဖြင့်
နှင်းသဲရာသီ နွှေးခဲ့ပြီ···။


ဓမ္မဝေ့ပျံ့၊ စုံမြိုင်ယံမှာ
လက်ပံနီတျာ၊ ပေါက်နီဝါဖြင့်
တီတာကျေးငှက်၊ ပူဇော်လျက်သို့
လည်ယှက်ရှင်မြူး၊ ဟိုသည်ကူး၍
နှင်းလူး"မာသ"၊ ဉာမယဝယ်
အလှစုံဖွင့် တေးနော့သည်
ဗုဒ္ဓဂုဏ်ဖြင့် မွှေးတော့သည်···။

www.burmeseclassic.com

www.burmeseclassic.com

# ကျိုက်မရောမြို့ ဆုတောင်းပြည့်ဘုရားကြီး နှင့် ကျောင်းတိုက်ဝင်းအတွင်း ထူးခြားကြည်ညိုဖွယ်ရာများ

ဂမ္ဘီရဆရာလှမျိုး(B.Sc)



ကျိုက်မရောဆုတောင်းပြည့်ဘုရားကြီး

လွန်ခဲ့သောနှစ်က မုပ္ပလင် ကျောက်ထုတ် အလုပ်စခန်းမှ ထောင်မှူးကြီး ဒေါ်သင်းသင်းအောင်၏ ဖိတ်ကြားချက်အရ ကျိုက်မရောမြို့ ဘုရားကြီးဝင်းအတွင်းရှိ အဘဘိုးမင်းခေါင် ဓာတ်နန်းဖွင့်ပွဲသို့ ရောက်ရှိသွားခဲ့ပါသည်။ ပထမအကြိမ် ရောက်ရှိခြင်းဖြစ်သည်။ ဦးစွာပထမ ကျိုက်မရောဆရာတော်အား ဖူးမြော်ကြည်ညိုပြီး တည်းခိုရန် နေရာယူလိုက်ပါသည်။ နေရာချထား၊ ရေမိုးချိုးပြီးသောအခါ ကျိုက်မရောမြို့၏ ထင်ပေါ်ကျော်ကြား ဆုတောင်းပြည့် မြတ်စွာဘုရားကြီးထံသို့ သွားရောက်ဖူးမြော်သည်။

ကျိုက်မရောဘုရားကြီးကို ကြည်



www.burmeseclassic.com

www.burmeseclassic.com



ရဟန္တာဆံတော်ရှင် ဆုတောင်းပြည့်စေတီတော်

ညို့စွာ ဖူးမြော်ပြီး အေးအေးဆေးဆေး ထိုင်ကာ ဘုရားဂုဏ်တော်ပွားလိုက်သည်။ ဂုဏ်တော်ပုတီး ကိုးပတ်စိပ်ပြီးသောအခါ ဘုရားကြီးအား လက်အုပ်ချီခွင့်တောင်း၍ ဓာတ်ပုံရိုက်ပူဇော်လိုက်သည်။ ကျိုက်မရောဘုရားကြီး၏ မုခ်ဦးမှာ အလွန်ထူးခြားသည်။ ပလ္လင်တံကဲများမှာလည်း အလွန်လုပတင့်တယ်ပြီး ဘုရားရှင်ကို ဝိဇ္ဇာ၊ ဇော်ဂျီ၊ သိကြား၊ ဗြဟ္မာ၊ နတ်ဒေဝါတို့ ဖူးမြော်ကြည်ညို နေပုံ၊ ဝဲယာတွင် ရဟန္တာအရှင်မြတ်များ ကြည်ညိုနေပုံမှာ "အရဟံ"ဂုဏ်တော်ကို အာရုံပြု၍ ကောင်းပါသည်။

ဘုရားကြီး ဂန္ဓကုဋီတိုက် လက်ယာရစ်တစ်ပတ် လှည့်လည်ကြည်ညိုမိသည်။ ကျောက်ဆင်းတုဘုရားရုပ်တုတော် မုခ်ဦးအမျိုးမျိုးကို ကြည်ညိုဖွယ် ဖူးတွေ့ရပါသည်။ ပုတီးစိပ်၊ တရားထိုင်ရန်ကောင်းသော နေရာဌာနဖြစ်သည်။ ဘုရားဖူးပြီးသောအခါ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်သည်။ ကျိုက်မရောမြို့ ထင်ပေါ်ကျော်ကြား ဆုတောင်းပြည့်မြတ်စွာဘုရားကြီး သမိုင်းစာအုပ်တစ်အုပ် ဝယ်ယူပူဇော်သည်။ ပြုစုသူမှာ သာနိုင်အောင်(ကျိုက်မရော) ဖြစ်သည်။

ဘုရားသမိုင်းအကျဉ်း ရေးသားပူဇော်လိုပါသည်။ ကျိုက်မရောဘုရားကြီးသမိုင်းအစတွင် သမိုင်းရေးသားပူဇော်သူမှ မုခ်ဦးနှင့် ပတ်သက်သော သမိုင်းရေးသားဖော်ပြထားသည်။ မုခ်ဦး ၅၆ မျိုး ရေးသားထားသည်။


## ထူးခြားသော ကျိုက်မရောဘုရား မုခ်ဦး

ကျိုက်မရောဘုရားကြီးသည် ဖော်ပြပြီးသော မုခ်ဦးပုံစံများနှင့် မတူညီကြောင်း တွေ့ရှိရသည်။ အမှတ်စဉ် (၃၁)ပါ နိဒြဟတ္ထ္ံနှင့် ဟန်ဆင်သည်ဟုသာ အကြမ်းဖျင်း ပြောနိုင်ပါသည်။

နိဒြဟတ္ထ ။ ဘေးစောင်းလက်ထောက်ပုံ ဖြစ်သည်။

နံဘေးတစ်ဖက်သို့ လက်ထောက်ထားပုံ ဖြစ်သည်။ ခပ်စောင်းစောင်းထိုင်၍ တစ်ကိုယ်လုံး အလေးချိန်ကို လက်ဝါးမှောက်ပြီး ထောက်ထားဟန်ဖြစ်သည်။ ဆင်းရဲဒုက္ခကို ကြိတ်မှိတ်သည်းခံနေသော သဘော၊ ချစ်သူအား ချော့မြှူသော သဘောဟန်ဖြစ်သည်။ ကျိုက်မရောဘုရားကြီးမုခ်ဦးနှင့်ဆင်သည့် ခန္တီမင်္ဂလာ၊ အသောကမင်္ဂလာများ၏ အနက်သဘောကို ရသဆောင်သည်။ ကရုဏာရသ သိင်္ဂါရ ရသတို့ကို ပေါ်လွင်စေသည်။ ခန္တီပါရမီ၊ မေတ္တာပါရမီ စခန်းများသို့ ညွှန်ပြထားသော သဘော

ဒက္ခိဏာရာမိက ဗိမာန်တော်ကြီး



www.burmeseclassic.com

www.burmeseclassic.com

ကိုဆောင်သည်ဟု ဖော်ပြထားပါသည်။ (ထိုကျိုက်မရောဘုရားကြီးကဲ့သို့ မုဒြာဘုရားရုပ်ပွားတော်ကို သုံး-လေးဆူ မော်ဘီအောင်ဇမ္ဗူတောရကျောင်းတိုက်တွင် ဖူးမြော်ခဲ့ရပါသည်။)

မွန်ကျောင်းဆရာတော် အရှင်ကေသရမှ ဗုဒ္ဓမြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ရောက်ပြီး ရှစ်ဝါအရတွင် ဂဝမ္ပတိမထေရ်၏ ပင့်လျှောက်ချက်အရ သုဝဏ္ဏဘူမိသထုံပြည်ဒေါ်နှင့် နောက်ပါရဟန်းများနှင့်အတူ ခုနစ်ညအဆက်မပြတ် တရားဟောခဲ့ရသည်။ ဣရိယာပုတ်မျှတစေရန်အတွက် မိမိကိုယ်တော်တိုင် တစ်လုညို့ မိမိကိုယ်စားဖန်ဆင်းတော်မူထားသည့် ဗုဒ္ဓနိမ္မိတ ပုံတော်တစ်လုည့် ဟောကြားတော်မူသည်ဟု ဆိုသည်။ ထိုသို့ တရားပွဲ ခုနစ်ရက်၊ ခုနစ်ည ဟောကြားပြီးနောက် မြတ်စွာဘုရား ပလ္လင်တော်မှ ပြန်ကြွရန်ထတော်မူစဉ် ဗုဒ္ဓနိမ္မိတ ရုပ်ပွားပုံတော်ကလည်း ထမည့်ဟန် ပြင်တော်မူသဖြင့် မြတ်စွာဘုရားသည် ဗုဒ္ဓနိမ္မိတပုံတော်အား "အရှင်ဘုရား၊ ဤအရပ်ဒေသတွင် ငါဘုရား၏ သာသနာတော်ထွန်းကားအောင် ဆောင်ရွက်ရန် ကျန်ခဲ့လော့"ဟု မှာဒိတ်ပေးခဲ့ခြင်းကြောင့် ဗုဒ္ဓနိမ္မိတပုံတော်သည် ထမည့်ဟန် ခြေတွဲလျားချ လက်နှစ်ဖက်ထောက်ပုံစံအတိုင်း ကျန်ရစ်နေခဲ့ကြောင်း ဖော်ပြထားပါသည်။

ဗုဒ္ဓနိမ္မိတရုပ်ပွားဆင်းတုတော်သည် သုဝဏ္ဏဘူမိ သထုံပြည် မှ အဆက်ဆက် ထိန်းသိမ်းခဲ့သော ရှေးဟောင်း ဖြစ်သည်။ ကျိုက်မရောဘုရားကြီးသည် ပုဂံခေတ် သင်္ကေတပုံတော်

ဖြစ်သဖြင့် ကွဲလွဲပါသည်။ မုဒြာမှာသာ တူညီသည်။ အနော်ရထာမင်း သထုံကို စစ်နိုင်ပြီးနောက် မနုဟာမင်းနှင့်တကွ မိဖုရားမောင်းမ လူပညာရှိ၊ ရဟန်းပညာရှိ၊ ပိဋကတ်သုံးပုံနှင့်တကွ မြတ်စွာဘုရား၏ ဓာတ်တော်မွေတော်များ ပါမကျန် သယ်ဆောင်ခဲ့သည်။ ဗုဒ္ဓနိမ္မိတသည် လိုက်ပါလိုခြင်းမရှိသဖြင့် နတ်သိကြားများက ဂူတစ်ခုသို့ ရှောင်တိမ်းပင့်ဆောင်ဖုံးကွယ်ထားသည်မှာ ယနေ့တိုင် မတွေ့နိုင်ကြောင်း ဖော်ပြပါရှိသည်ဟု ရေးသားဖော်ပြခဲ့သည်။

## မှန်ကန်နိုင်သော မှတ်ဖွဲ့အဆို

မြတ်စွာဘုရားရှင်သည် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ ပင့်လျှောက်ခြင်းကြောင့် ကပိလဝတ်ပြည်သို့ ဒေသစာရီ ကြွချီတော်မူခဲ့သည်။ ပါရမီဖြည့်ဘက် ယသော်ဓရာဒေဝီအား တရားဟောရန်လည်း ကြွချီတော်မူခဲ့သည်။ ယသော်ဓရာဒေဝီအား မိန်းမတို့၏ သဘာဝအတိုင်း ခြေဖမိုးပေါ်တွင် စိတ်ရှိလက်ရှိ (အားရပါးရ) ငိုကြွေးနိုင်စေရန်အတွက် ရည်ရွယ်၍ လက်နှစ်ဖက်ထောက်ပြီး ခြေတွဲလျားချ ထိုင်ပေးတော်မူသည်ဟု ဆိုသည်။

ယင်းဖြစ်တော်စဉ်ကို အကြောင်းပြု၍ ပုံတော်ကို ပုံတူထုဆစ်၍ ကိုးကွယ်ခဲ့ကြသည်ဟု ဆိုကြသည်။ မူလပုံတော်တွင် ယသော်ဓရာဒေဝီ၏ ဆံပင်များဟု ယူဆရသော အမည်းရောင်ဆံထုံးများ ကျိုက်မရောဘုရားကြီး၏ ခြေဖမိုးပေါ်တွင် ရှိခဲ့သည်ဟု ဆိုသည်။ ဗုဒ္ဓရုပ်ပွားတော်တွင် အမြဲတော်၍ ဆယ်ရှုမယ်

ခဲ့ကြသည်။ ဘုရားတည်သော ခုနစ်အတိအကျ မတွေ့ရပေ။ သုဝဏ္ဏဘူမိ (သထုံ)သို့ ပိဋကစာပေများ ရောက်ရှိလာသည်ဟု သမိုင်း ကောက်ကြောင်းမှာ ဗုဒ္ဓဝင်စာပေကျမ်းဂန်အရ ဖြစ်သည်။ သထုံခေတ်တွင် ကျောက်စာအထောက်အထားများ ဖော်ထုတ်မရခဲ့ပါ။ ကျိုက်မရောဘုရားကြီးသည် သထုံခေတ် ပတ်ဝန်းကျင်ခန့်တွင် တည်ထားကိုးကွယ်ခဲ့ကြောင်း ခန့်မှန်းကြပါသည်။ မည်သို့ပင်ဆိုစေကာမူ ယသော်ဓရာကန်တော့ခန်းနှင့် ရာဟုလာအမွေတောင်းခန်းအရ ကျိုက်မရောဘုရားကြီးအာ တည်ထားကိုးကွယ်ခဲ့ကြောင်းမှာမူ ထင်ရှားလှသည်။ သို့အတွက် အတည်ပြုပေးရန်သာ လိုအပ်ပါသည်။ မွန်ဘုရင်မ ရှင်စောပုသည် ကောဇာသက္ကရာဇ် ၈၁၇၊ ခရစ်သက္ကရာဇ် ၁၄၅၅ ခုနှစ်တွင် ကျိုက်မရောဘုရားကြီးကို ပြုပြင်မွမ်းမံတည်ဆောက်ခဲ့သည်။ ပိဋကတ်သုံးပုံရောက်ရှိချိန်နှင့် ဘုရင်မရှင်စောပု ဘုရားကြီးပြုပြင်ချိန်မှာ နှစ်ပေါင်း ၁၀၅၂ ခုနှစ် ကွာခြားနေခဲ့သည်။ ထို့ကြောင့် ကျိုက်မရောဘုရားကြီးသည် နှစ်ပေါင်း ထောင်ကျော်ရှိသော ရှေးဟောင်းဘုရားကြီးဟု ယုံကြည်ကိုးကွယ် ပူဇော်သင့်ပါသည်။

ကျိုက်မရောဘုရားကြီးဝင်း အတွင်းတွင် ကျိုက်မရောဆရာတော် ကျောင်းတိုက်ရှိသည်။ ကျောင်းတိုက်အရှေ့ဘက်တွင် မဟာမြတ်မုနိဘုရား၊ သစ္စာပန္နက်ဆုတောင်းပြည့် နဂါးသိုက်ချုပ်ဘုရား၊ နီဘုရားကြီး၊ အဘဘိုးမင်းခေါင် တင်ခန်းတို့ တည်ရှိသည်။ ကျိုက်မရော

www.burmeseclassic.com

ဘုရားကြီး ဂန္ဓာကုဋီတိုက် ကျောင်းဆောင်တော်ကြီးမှာ ကြီးမားကျယ်ဝန်းလှပါသည်။ ဘုရားကြီးသမိုင်း နောက်ဆက်တွဲတွင် ဘုရားသမိုင်းနှင့် ပတ်သက်၍ ကလျာဏီရဟန္တာသိမ်တော်တွင် စောင့်ရှောက်လျက်ရှိသော သက်ဆိုင်ရာ ပုဂ္ဂိုလ်တို့၏ တင်ပြလျှောက်ထားမှုမှာ စိတ်ဝင်စားဖွယ် ကောင်းလှသည်။ ဖြစ်နိုင်ခြေလည်းရှိသည်။ သမိုင်းပြုစုရေးသားပူဇော်သူ သာနိုင်အောင် (ကျိုက်မရော)မှ သမိုင်းအထောက်အထားခိုင်လုံမှု (ကျောက်စာ၊ စာပေကျမ်းဂန်) မတွေ့ရဟု ဆိုထားသော်လည်း သက်ဆိုင်ရာပုဂ္ဂိုလ်၏ လျှောက်ထားမှုကို သမိုင်းတင်ရပေမည်။

**သက်ဆိုင်ရာ ပုဂ္ဂိုလ်၏**
**တင်ပြလျှောက်ထားမှုများ**

မွန်ပြည်နယ်၊ ကျိုက်မရောမြို့ရှိ ဆုတောင်းပြည့်ဘုရားကြီးကို သက္ကရာဇ် ၁၁၀ ခုနှစ်တွင် ယခု ဘားအံမြို့နယ်တွင် နန်းစိုက်ခဲ့သော "ဓမ္မရာဇာမင်း" (စလွယ်၌ ဖားရုပ်ရှိ)သည် စတင်တည်ဆောက် ပူဇော်ခဲ့ပါသည်။ ၎င်းမင်းတွင် သမီးတော်သုံးယောက်ရှိပြီး အကြီးဆုံးသမီးတော်မှာ "မြနန်းသူဇာ"ဖြစ်ပြီး၊ သမီးလတ် "မြနန်းဒေဝီ"နှင့် သမီးငယ် "မြနန်းကလျာ"တို့ ရှိခဲ့ရာ ဓမ္မရာဇာမင်း စစ်ရှုံးသွားသောအခါ၌ ထိုသမီးတော်သုံးယောက်နှင့်တကွ ယခု ဆုတောင်းပြည့်ဘုရားကြီးဝင်းအတွင်းရှိ လေးမျက်နှာဘုရားနေရာ၌ ဖမ်းဆီးချုပ်နှောင်ခြင်းခံထားရပြီး ကွပ်မျက်ခံခဲ့ရသည်။ ကွပ်မျက်မခံရမီ လှည်းကိုးစီးခန့်ရှိသော ရွှေငွေရတနာများကို သိုဝှက်ထားမိ၍ သေလွန်သောအခါ ၎င်းပစ္စည်းတို့နှင့် ဘုရားကို စွဲလမ်းသောစိတ်ကြောင့် ဘုရားဝင်းအတွင်းတွင် သာသနာပြု အစောင့်၁၁၀ ရောက်ရှိခဲ့သည်။

(ယခုအခါ ဓမ္မရာဇာမင်းကြီးနှင့် သမီးတော်သုံးပါး ရုပ်တုများ ပြုလုပ်ပြီး အဆောင်ဆောက်လုပ်ပေးထားသည်။)

လေးကျွန်းစကြာ သစ္စာပန္နက် ဆုတောင်းပြည့် နဂါးသိုက်ချုပ်ဘုရားကို ပူဇော်နေဟန် ပြုလုပ်ထားသည်။



ကျိုက်မရောဘုရားကြီးဝင်း အဘဘိုးမင်းခေါင်ဓာတ်နန်း ရှေ့ပေါ်ကြွရောက်သီတင်းသုံးနေပုံ



ဘုရားကြီးအရှေ့မုခ်ဦးရှိ ဆင်၊ ခြင်္သေ့၊ ဘီလူး

www.burmeseclassic.com

www.burmeseclassic.com







ဘုရားဒါယကာ ဓမ္မရာဇာမင်းသည် ဆုတောင်းပြည့်ဘုရားကြီးကို စတင်တည်ဆောက်ခဲ့စဉ်က ဘုရားမုခ်ဦးများတွင် ဂမ္ဘီရအစီအရင်များကို ထည့်သွင်းတည်ဆောက်ခဲ့သည်။ မြောက်ဘက်မုခ်ဦးရှိ ဘီလူးအထီး,အမ နှစ်ဦးမှာ မနောယက္ခ မောင်နှမဖြစ်ပြီး၊ တောင်ဘက်မုခ်ဦးရှိ ဝိဇ္ဇာရုပ်နှစ်ခုမှာ ဆေးအစီအရင်အတွက် ဆေးစောင့်ပုဂ္ဂိုလ်နှစ်ဦး ဖြစ်သည်။ ဘုရားကြီး၏ အရှေ့ဘက်မျက်နှာစာ မုခ်ဦးတွင် အောက် ဆင်၊ အလယ် ခြင်္သေ့၊ အပေါ် ဘီလူးတို့မှာ လမိုင်းနတ်များ ဖြစ်သည့် (၁) ဆင်-အာကာသလမိုင်း(မုန်တိုင်း)၊ (၂) ခြင်္သေ့-ပထဝီလမိုင်း(ငလျင်)၊ (၃) ဘီလူး-တေဇောလမိုင်း(မီး)တို့ ဖြစ်ပြီး လက်ဝဲဆင်သည် အနက်ရောင်၊ လက်ယာဆင်သည် အဖြူရောင်ဖြစ်ကာ ဆင်များကို ရွှေကြိုးဖြင့် ထုခတ်၍ ဂမ္ဘီရအစီအရင်အတွက် အသုံးပြုနိုင်ကြောင်း လျှောက်ထားသွားပါသည်။

ကျိုက်မရောဘုရားကြီးနှင့် ကျောင်းတိုက်ဝင်းအတွင်း လှည့်လည်လေ့လာဖူးမြော်ပါက အဆိုပါ ဂမ္ဘီရအစီအရင်ရုပ်တုများ၊ ရှေးဟောင်းနာဂျီကြီး၊ ဘုရားသမိုင်းဗုဒ္ဓဝင်အဆောင်ပြခန်း၊ ဘုရားကြီးကျောင်းတိုက်၊ ဓမ္မာရုံ၊ သိမ်၊ ရှင်ဥပဂုတ္တရေကန်၊ ဗောဓိညောင်ပင်၊ ရဟန္တာဆံတော်ရှင်စေတီ၊ ပြည်လုံးချမ်းသာစေတီ၊ လေးမျက်နှာဘုရား၊ နဂါးရုံဘုရား၊ ပိဋကတိုက်၊ ရဟန္တာသိမ်တော်၊ သံဃာကျောင်းဆောင်၊ နာရီစင်ကြီး၊ ဒက္ခိဏာရာမိက ဓမ္မဗိမာန်တော်ကြီး၊ မဟာဗောဓိညောင်ပင်၊ ရှင်သီဝလိရဟန္တာကျောင်းဆောင်၊ မဟာမြတ်မုနိဘုရားကြီး၊ နီးဘုရားကြီး၊ ဝိဇ္ဇာဓာတ်နန်း၊ သိုက်နန်းရှင်များအဆောင်၊ ကျိုက်မရောဆရာတော်ဘုရားကြီးကျောင်းတိုက်၊ နဂါးဥများနှင့် ဘုရားကျောင်းဆောင်စသည်ဖြင့် စုံလင်စွာ လေ့လာတွေ့ရှိရပါသည်။ ဆုတောင်းပြည့် ဘုရားကြီးကျောင်းတိုက်ဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါရိန္ဒ လက်ထက်တွင် သာသနိကအဆောက်အဦများ တိုးတက်အောင်မြင်လျက်ရှိပါသည်။ ဘုရားသမိုင်းစာအုပ်တွင် သာသနိကအဆောက်အဦများ ဖော်ပြပေးထားပြီး အကြောင်း

www.burmeseclassic.com

အရာများကိုလည်း ရေးသားထားတာ ဖတ်ရပါသည်။ ကျိုက်မရောဘုရားကြီးသို့ နေ့စဉ် ဘုရားဖူးများ လာရောက်နေတာ တွေ့မြင်ခဲ့ရပါသည်။

## ဆုတောင်းပြည့်ဘုရားကြီး၏ ထူးခြားချက်များ

(၁) ခန္တီပါရမီ၊ မေတ္တာပါရမီ စခန်းများအတွက် ရည်စွန်း၍ ထုဆစ်ပူဇော်ကြောင်း သိရှိရသည်။ ခြေတွဲလျားချ၊ လက်ဘေးနစ်ဖက်ထောက် ထိုင်တော်မူ ရုပ်ပွားတော် ထုဆစ်ပူဇော် ဖူးမြော်ကြသူများသည် အပန်းပြေ၍ သက်သာရစေကြောင်းလည်း သိရသည်။ ရောဂါဘယကင်းခြင်း၊ ဖြစ်ပေါ်လာသော ကပ်ရောဂါမှ ကာကွယ်ပေးခြင်း စသည့် အကျိုးကျေးဇူးရရှိစေသည်။

(၂) အရပ်စကားအရ ယခင်က ဘုရားကြီးမှာ ပလ္လင်တော်မှ ကြွတော်မူသွားတတ်သည်ဟု ဆို၍ ခြေထောက်ကို သံကြိုးချည်ထားရသည်ဟု ကြားသိရသည်။ သစ်သားရုပ်တုပူဇော်စဉ်က အတ္တရံမြစ်ကမ်းနား ကြွသွား၍ ပြန်လည်ပင့်ဆောင်ခဲ့ကြရသည်ဟုဆိုသည်။ စာရေးသူ ဖူးတွေ့ချိန်၊ ယခုကျောက်ဆင်းတုဘုရားကြီး ခြေတော်တွင် မည်သည့်အရာမှ မတွေ့ရပေ။

(၃) ဆုတောင်းပြည့်ဘုရားကြီး ပတ်ဝန်းကျင် အင်္ဂလိပ်-ဂျပန်ခေတ်က ဗုံးများ ကြဲချသော်လည်း ကျရောက်ပေါက်ကွဲခြင်းမရှိကြောင်း သိရှိရသည်။

(၄) ကျိုက်မရောတစ်မြို့လုံး ရေကြီးပြီး နစ်မြုပ်သော်လည်း ဘုရားကြီးသည် အာရုံခံတန်ဆောင်းအထိ ရေရောက်ရှိနစ်မြုပ်ခြင်းမရှိကြောင်း တွေ့ရှိရသည်။

(၅) လေပြင်းတိုက်သော်လည်း ဘုရားကြီး၏ ဘုံပြာသာဒ်အဆင့်ဆင့်သည် ယိမ်းယိုင်တိမ်းစောင်းခြင်းမရှိ။ ကျောက်စာတိုင်ကဲ့သို့ မားမားမတ်မတ် ခိုင်မြဲစွာ ရပ်တည်နေလျက်ရှိကြောင်း တွေ့ရှိရသည်။

(၆) မိုးသည်းထန်စွာ မည်မျှပင် ရွာသွန်းသော်လည်း မိုးရွာသွန်းမှု ရပ်သည်နှင့် ဆုတောင်းပြည့်ဘုရားကြီးဝင်းအတွင်း ရေတစ်စက်မျှပင် ကျန်ရစ်မနေကြောင်း တွေ့ရှိရသည်။

(၇) ပစ္စည်းပျောက်ခြင်း၊ အိမ်ခြံမြေပြဿနာရှိခြင်း၊ လူမှုရေးကိစ္စပြဿနာများ၊ အငြင်းပွားမှုဖြစ်ခြင်းများကို ဘုရားကြီးသို့ လာရောက်သစ္စာဆိုပြီး အမှန်တရားဖော်ထုတ်တတ်ကြသည်။ မမှန်မကန် သစ္စာဆိုမိပါက ထိုင်ရာမထ ချက်ချင်းနိမိတ်ပြတတ်သည်။ ဇောချွေးပြန်ခြင်း၊ မူးဝေခြင်း၊ နေမထိထိုင်မသာ ဖြစ်ခြင်းများ နိမိတ်ပြတတ်သည်။ သစ္စာဆိုမှားသူများ ရေရှည်တွင် ကာယကံရှင်နှင့် ဆွေစဉ်မျိုးဆက် ဘဖြည်းဖြည်းပျက်စီးခြင်း ဖြစ်တတ်သည်။ ပစ္စည်းဥစ္စာ ဆုံးရှုံးခြင်း၊ ဆင်းရဲဒုက္ခတွေ့ကြုံရခြင်းနှင့် အသက်ပါ ဆုံးရှုံးရခြင်း ဖြစ်ရတတ်သည်။

(၈) ဘုရားကြီး၏ မျက်လုံးတော်မှာ မဟူရာကျောက်ဖြစ်သည်။ ဦးခေါင်းတော်မှာ ရှားစိန်ဖြစ်သည်။ ရှားစိန်ကြီးအား ဝန်းရံထားသော ကျောက်များမှာ စိန်အစစ်များဖြစ်သည်။ ဥဏ္ဏာလုံတော်မှာ ပတ္တမြားအစစ်ဖြစ်သည်။ ပတ္တမြားကို စိန်အစစ်နှင့် ရံထားသည်။ နဖူးသင်းကျစ်တော်ကို ရွှေလုံးများဖြင့် လုပ်သပ္ပာယ်စွာ ခြယ်မှုန်း၍ အထူးပူဇော်ထားကြောင်း သိရှိရသည်။

(၉) ကျိုက်မရောမြို့ ဆုတောင်းပြည့်ဘုရားကြီး တည်ရှိသော ကုန်းမြေတော်မှာ စေတီပုထိုး၊ ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်၊ ဓမ္မဇိမာန်၊ သာသနိက အဆောက်အအုံများ ဆောက်လုပ်ပူဇော်သင့်သည့် ဂေါပကစည်းမျဉ်းပါ ပြဋ္ဌာန်းချက်နှင့် ကိုက်ညီသော နေရာဖြစ်သည်။ မြင့်မြတ်သန့်ရှင်းသော နေရာဖြစ်သည်။ ဘုရားပွဲတော်ကို နှစ်စဉ် သင်္ကြန်ရက်အတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ သင်္ကြန်အကျနေ့မှ အတက်နေ့အထိ ဖြစ်သည်။


ကဆုန်လတွင် ညောင်ရေသွန်းပွဲတော် ကျင်းပသည်။ ကျိုက်မရောဆရာတော်ဘုရား ဦးဆောင်၍ သံဃာတော်အရှင်သူမြတ်များ ဆွမ်းလောင်းလှူပွဲ၊ ဝါဆိုသင်္ကန်းကပ်၊ တန်ဆောင်မုန်းလ မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပွဲ၊ သီတင်းကျွတ်ဆီမီးပူဇော်ပွဲနှင့် သိုက်ပွဲ၊ ဓာတ်ပွဲ၊ နတ်ပွဲ၊ တရားပွဲ၊ မွန်ယဉ်ကျေးမှု၊ ပျော်ရွှင်မှုနှင့် လှူဒါန်းမှုများ စသည့် ပူဇော်ပွဲအမျိုးမျိုးကို စေတနာသဒ္ဓါ ထက်သန်စွာဖြင့် ဆောင်ရွက်လျက်ရှိသည်။ ရန်ကု , , ကျိုက်မရောဘုရားကြီးသို့ တိုက်ရိုက် ကားပြေးဆွဲပေးလျက်ရှိသည်။ စာဖတ်ပရိသတ်များ တစ်ခေါက်တစ်ခါ အရောက်သွားကာ ဖူးမြော်ကြည်ညို လေ့လာသင့်ကြပါသည်ဟု အထူးတိုက်တွန်းလိုက်ရပါသည်။

**ဂမ္ဘီရဆရာလှမျိုး(B.Sc)**



www.burmeseclassic.com

# စစ်ကိုင်းမြို့မှ
# ထင်ရှားကျော်ကြားထူပါရုံဘုရား




နီငြိမ်း
(အညာတက္ကသိုလ်)


အရှေ့တိုင်း ပညာရှင်များကသာမက အနောက်တိုင်း သမိုင်းဆရာများကပင် "ထူပါရုံစေတီတော်ကြီး" အကြောင်း စေ့စေ့စုံစုံ ရေးသားခဲ့ကြသည်။ အနောက်တိုင်း သမိုင်းပညာရှင်တစ်ဦးက -

"**Htupayon Pagoda** is one of the famous pagoda in Sagaing. It was built by King **Narapati** (1443-1469) of Ava. It was destroyed by the earthquake in 1838 and King Pagan of Konbaung Dynasty in 1949"


ဟု မှတ်တမ်းတင် ရေးသားခဲ့သည်။

ရှေးဟောင်း
ထူပါရုံဘုရားကြီးပုံ




www.burmeseclassic.com

www.burmeseclassic.com



ငလျင်ဒဏ်ခံရ၍ ပြုပြင်ထားစဉ်

**နရပတိမင်း နန်းတက်ခြင်း**

အင်းဝမြို့တည် မိုးညှင်းမင်းတရား နတ်ပြည်လားသော် သားတော်မင်းရဲကျော်စွာက မြန်မာသက္ကရာဇ် ၈၀၁ ခုနှစ်တွင် နန်းတက်လာခဲ့သည်။ သုံးနှစ်သာ နန်းစံခဲ့ရသော မင်းရဲကျော်စွာ အနိစ္စရောက်သည်။ သို့နှင့် မှူးကြီးမတ်ရာ သေနာပတိများသည် အင်းဝမှ ပြည်မြို့သို့ စုန်ဆင်းသွားပြီး မိုးညှင်းမင်းတရား၏ သားတော် ပြည်မင်း သီဟသူကို ပင့်ဆောင်လာပြီး နန်းတင်ကြသည်။

ပြည်မင်း သီဟသူသည် ၈၀၄ ခုနှစ်တွင် (နရပတိမဟာရာဇာ)ဘွဲ့ဖြင့် နန်းတက်ကာ ပစွင်၊ ပြဒိုး၊ ကျုံး မြို့ရိုးများကို ခိုင်မာအောင် ပြုပြင်တည်ဆောက်ခဲ့သည်။ နရပတိနန်းတက်စတွင် မကွေးရာ၊ ပင်းယဘက်တွင် လုပ်ရှားမှုများ ဖြစ်ပွားရာ ဘုရင်ကိုယ်တိုင် နှိမ်နင်းသည်။

ထို့နောက် မကြာမီ တရုတ်ပြည်မှ စစ်သည်အင်အား နှစ်သန်းကျော် ဝင်ရောက်လာရာ ဘယဂါမဏိသူရဲကောင်းကို မြို့စောင့်ချ၍ တိုက်ဆင် တစ်ထောင်၊ တိုက်မြင်းတစ်သောင်း၊ စစ်သည်သူရဲ နှစ်သိန်းကို ကိုယ်တိုင် ကြီးကြပ်၍ တရုတ်ရန်ကို တွန်းလှန်ကာကွယ်ခဲ့သည်။ တရုတ်တို့သည် ဗန်းမော်တွင် လူသူစုစည်းကာ အင်းဝ၊ စစ်ကိုင်းထိ စစ်ပြုရန် စီစဉ်ထားသည်။ မြန်မာဘုရင်က စစ်သူရဲချင်း စတိုက်ရန် ဆောင်ရွက်နေစဉ် တရုတ်ဗိုလ်ချုပ် မော်ပေါင်းပိန်း အနိစ္စရောက်၍ တရုတ်တို့ ဆုတ်ခွာသွားသည်။

**ထူပါရုံစေတီတော် တည်ခြင်း**

နရပတိသည် တရုတ်ရန်အောင်လျှင် စေတီတင်ဆုတည်မည်ဟု အဓိဋ္ဌာန်ပြုထားရာ မြန်မာသက္ကရာဇ် ၈၀၆ ခုနှစ်တွင် ထူပါရုံစေတီကြီးကို စတင် အုတ်မြစ်ချခဲ့သည်။ ထိုနှစ်မှာပင် တရုတ်စစ်သည် သုံးသန်းခန့် ဝင်လာပြန်ရာ ဗမာဘုရင် ဦးစီး၍ ခံစစ်ဆင်သည်။ တရုတ်တို့က အသိုရှိသော သိုင်စော်ဘွားကို တောင်းရာ ဘုရင်ကြီးက လုံးဝ မပေးဘဲ ယခင်အခေါက်ထက်များသော စစ်ဆင်၊ စစ်မြင်း၊ စစ်သူရဲများကို သုံး၍ တိုက်လှေ၊ တိုက်မောင်း အားကောင်းကောင်းဖြင့် တရုတ်တပ်ကို ရိက္ခာဖြတ်ပြီး တိုက်စစ်ဆင်ခဲ့သည်။ ဤအခေါက်တွင်လည်း တရုတ်တပ်များ ဘုရားတန်ခိုးတော်ကြောင့် ရှုံးနိမ့်ထွက်ပြေးကြသည်။ ဤအကြောင်းများကို ရှေးရေးတေးထပ်တစ်ပုဒ်တွင် ဤသို့မှတ်တမ်းတမ်းတင်ထားခဲ့ပါသည်။

"မြစ်နဒီ ××× ခွေစ၍ ရွှေအင်းဝ စံရှင်၊ နရပတိမြတ်ထွတ်တင်သည် မာန်လွှတ်ခင်ရောင်ပွား ×××။

ရှစ်ရာ့ခြောက် ဂေါဝိန်ကြည်သည်၊ ထူပါရုံကောင်းမှုတည်တား။

www.burmeseclassic.com

www.burmeseclassic.com

မင်းဝံညွှန့်ပေလာမွေမှာ၊ ဓေယျာ မြေထင်ရှား။ ဇရာရေ အသွင်မြဲသားလို ပ ××× နမ့ူးဖျားကမ်းငှ။

တရာနှင့် သုံးဆဲ့ငါး၊ မိုးယံဖျားမြင့် ရွှေညာဏ်လူ၊ လူနတ်ဦးခိုက် လိုက်လိုက် ဆူသည့် လောကမှန်ကူ ခဝပ်ညောင်း လို့၊ ကိန်းအောင်းစံပ၊ ကြည်နူးစဖွယ် တင့်ထူးလွှန်သပ္ပာယ်။

ခြောက်ရောင်ဖြိုးလို့ ××× ဂုဏ်မိုး ကြွယ်သည့် ××× ပြိုင်နှိုင်းမကွယ် ထူး မြတ်လှပါလှလေး"ဟူ၍ ဖြစ်ပေသည်။

ဤထူပါရုံ စေတီတော်ကြီးကို (လောကမှန်ကူ)ဟု ဘုရင်က ဘွဲ့တော် ပေးခဲ့သည်။ ဘုရင်နရပတိ စတင်တည် ထားစဉ်က ဉာဏ်တော်အမြင့် ၁၃၀ သာ ရှိသော်လည်း နောင်မင်းများ ပြု ပြင်ကြရာ ပုဂံမင်းလက်ထက်တွင် ၁၃၅ ထိ မြင့်သွားခဲ့သည်။ ဤအကြောင်းများ ကို ရတနာဗိမာန်ကျောင်းဘွဲ့ သံပိုင်းတွင်

"စစ်ကိုင်းပင်းယ၊ အင်းဝအောင် စည်၊ မင်းပွဲပြည်ကို ညီရှည်တန်းအောင်၊ တိမ်တောင်လျှံလား။ စစ်သည်များတို့၊ မင်းများခြောက်ဘက်၊ စံယယ်လျက်တည့်၊ ဘုန်းဆက်မိမိုင်း။ ခိုးကြပ်တိုင်းသား၊ စစ်ကိုင်းကြီးတောင်၊ မော်ကျောက် ဆောင်လျှင်၊ ရန်အောင်မြင်နောက်၊ သပန်မြောက်တွင်၊ ပေါက်ရောက်ရွှေဘုံ၊ ထူပါရုံဟု" ရှင်မဟာသီလဝံသဆရာ တော် စပ်ဆိုခဲ့ဖူးသည်။

**လောကမှန်ကူ ဘွဲ့တော်ယူ**

နရပတိမင်းသည် နန်းတက်၍ နှစ်နှစ်အကြာ ဂဝ၆ ခုနှစ်၊ တန်ဆောင် မုန်းလတွင် မင်္ဂလာအခါ ချိန်ညီစွာဖြင့် ထူပါရုံစေတီကြီးကို ပန္နက်ချကာ...

"လောကမှန်ကူဘုရား"ဟု ဘွဲ့တော်ထူ ခဲ့လေသည်။ တရုတ်တပ်များကို အောင် မြင်ခဲ့၍ ထူပါရုံစေတီ ပရိဝုဏ်ကို အောင်မြေဟု ဘုရင်ကိုယ်တိုင် သတ် မှတ်ခဲ့ပါသည်။

ဤထူပါရုံစေတီကြီးကို တည်လုပ် ရာ၌ သီဟိုဠ်ပုံစံ ယူထားသည်။ မြန်မာ ဗိသုကာများက ခေါင်းလောင်းပုံ သပိတ် မှောက်ကို မထင်မရှားသာ ထည့်ထားခဲ့ သည်။ စေတီယာကုဋ္ဌ်ခေါ် စေတီကြီး၏ ဝမ်းဗိုက်အလယ်၌ ဓာတ်တော်မွေတော် များစွာ ဌာပနာထားခဲ့သည်။ သီဟိုဠ် တွင် ဘုရားတည်လျှင် ကြာမှောက်၊ ကြာလှန်၊ ခရားသီးများ တပ်ဆင်မထား ပါ။ ထူပါရုံဘုရားကြီးတည်စဉ်က ဘုရင်





ဒီပါအေးမြဲဆရာတော်   တပည့်   (ဦးဝိမလ)   ဦးလက္ခဏာပုံ

www.burmeseclassic.com

www.burmeseclassic.com

နရပတိသည် ဘုရားအနောက်ဘက် တာ ၈၀၀ အကွာ၌ ယာယီနန်းများ တည်ဆောက်စံမြန်းကာ ကြီးကြပ်ခဲ့ပါသည်။

### ဌာပနာတိုက်သွင်းခြင်း

ဘုရင်နရပတိသည် မင်းမိဖုရား ကိုယ်လုပ်မောင်းမများ ခြံရံလျက် အင်းဝမှ စစ်ကိုင်းဘက်သို့ ဦးစွာထွက်ခဲ့သည်။ ဌာပနာတိုက်သွင်းရန် ပင့်ဆောင်သွားသော သာသနိကပစ္စည်းများမှာ များလှစွာ၏။ ရွှေအဆင်း၊ ငွေအဆင်း၊ မြအဆင်းနှင့်တူသော သရီရဓာတ်တော်များကို ပတ္တမြားစေတီတွင် ဦးစွာငုံသည်။ ပတ္တမြားစေတီကို ရွှေစေတီ၊ ငွေစေတီ၊ ကြေးနီစေတီများဖြင့် ငုံပြန်သည်။

ဌာပနာတိုက်သွင်းရာတွင် ရုပ်ပွားတော်မျိုးစုံ၊ ပတ္တမြားဆင်းတု၊ မြ နီလာဆင်းတု၊ ဥသဘဖရား၊ သန္တာပုလဲ၊ ကြောင်မျက်ရွဲ ဆင်းတုတော်များလည်း ပါသည်။ ဘုရား၏ ဓာတ်တော်များအပြင်၊ လက်ဝဲရံ၊ လက်ျာရံကြီးတို့၏ ဓာတ်တော်၊ နှစ်ကျိပ်ရှစ်ဆူဓာတ်တော် မွေတော်များလည်း ထည့်သွင်းပြီး ဘုရင်ကြီးကိုယ်တိုင် အုတ်၊ သဲ၊ ကျောက်များ အထပ်ထပ်လောင်းကာ သက္ကရာဇ် ၈၆၉ ခုနှစ်တွင် ဌာပနာတိုက်ကို ပိတ်တော်မူခဲ့သည်။ ၈၀၆ ခုနှစ်က တည်ခဲ့သော ဘုရားကြီးမှာ ၁၀ နှစ်အကြာ ၈၁၆ ခုနှစ်တွင် ပြီးစီးခဲ့ကြောင်း ဂေါပကမှတ်တမ်းများတွင် ဖတ်ရှုခဲ့ရပါသည်။

စစ်ကိုင်းတောင်သည် ငလျင်ကြောနှင့် မလွတ်ပါ။ မြေအောက်တွင် ပြတ်ရွေ့ကြောကြီးများ ရှိသဖြင့် မြေငလျင်များ ယနေ့အထိ အကြိမ်ကြိမ် လှုပ်နေခဲ့သည်။ ထူပါရုံ (ခေါ်) လောကမှန်ကူစေတီကြီးသည် ငလျင်ဒဏ် အကြိမ်ကြိမ် ခံခဲ့ရ၏။ ပထမအကြိမ် နရပတိတည်ခဲ့သော စေတီကြီးမှာ ငလျင်ဘေးကြောင့် ထီးတော်မြေခခဲ့သည်။ သို့အတွက် ၉၅၂ ခုနှစ်တွင် မင်းရဲကျော်စွာကလည်းကောင်း၊ ၉၉၉ ခုနှစ်တွင် သာလွန်မင်းတရားကလည်းကောင်း ဘုရားကြီးကို ပြုပြင်ခဲ့သည်။ ထို့နောက် ၁၁၄၃ ခုနှစ် ဘိုးတော်ဗဒုံမင်းလက်ထက် ငလျင်လှုပ်ရာ ပြိုပျက်ခဲ့၍ ပြင်ဆင်လှူဒါန်းခဲ့ရသည်။ ငါးကြိမ်မြောက် ပြင်ဆင်သူမှာ ပုဂံမင်းဖြစ်၏။ ၁၂၁၂ ခုတွင် ပုဂံမင်းက ငလျင်ဒဏ်ခံရသည့် ဘုရားကြီးကို ပြုပြင်ခဲ့လေသည်။

### နဝဒေးကြီး၏ ဘုရားတိုင်ရတု

တန်ခိုးကြီး ထူပါရုံစေတီတော်ကို ရေရှည်ခိုင်မြဲအောင် ခေတ်အဆက်ဆက်ကပင် ရှင်ဘုရင်၊ မိဖုရား၊ မင်းညီမင်းသားများရော၊ ပြည်သူတို့ကပါ ဝိုင်းဝန်းပြင်ဆင်ခဲ့သည်။ ကုသိုလ်ပြုသူများ လှ၍ အချို့ကို ရှာဖွေဖော်ပြလိုက်ပါသည်။ ဤဘက်ခေတ်တွင် ပြုပြင်ခဲ့သူများကား...

ဦးနန္ဒသီရိ(ဒီပါအေးမြဆရာတော်) နှင့် တပည့်များ၊ စစ်ကိုင်းမြို့မှ နာယကကြီး ဦးထွန်းအုံ၊ လယ်တီဦးလုပိုင်(သာသနာရေးအရာရှိ)၊ အင်ဂျင်နီယာဦးသိန်းအောင်(စစ်ကိုင်းမြို့)၊ ဦးအောင်သိန်း (ဂေါပကအဖွဲ့ဝင်) မန္တလေးတို့ ဖြစ်၏။

တန်ခိုးကြီးဘုရားဖြစ်၍ ရှေးစာဆိုများကလည်း ဘုရားတိုင်ရတုများ သံဝိုင်းများ စပ်ဆိုပူဇော်ခဲ့သည်။ သက္ကရာဇ် ၉၁၃ ခုနှစ်တွင် စာဆိုတော် နဝဒေးကြီးက ဤသို့ ရတုဖြင့် ပူဇော်ဖူးသည်။

### မည်တော် ထူပါရုံပါတကား

ဌာနမင်းနေ၊ ရစ်လျက်ခွေသား။ ယဉ်ထွေတစ်ကြောင်း၊ စကြီးချောင်းလည်း။ မနှောင်းဂဲလည်း၊ ဝန်မောကြည်လျက်၊ စည်ရှည့်သက်တိုင်။ ဗျာဒိတ်ပိုင်းဖြင့်၊ အလိုင်းဇမ္ဗူ ယူအံ့ဟူ၍၊ စည်သူရန်ခွင်း။ စိုးနိုမ်နင်းသည်၊ ခြောက်ခင်းကာအောင်၊ ရွှေပြည်တောင်ဝယ်၊ တစ်တောင်နေဝန်း။ ပြိုင်တုထွန်းသို့၊ ကြငှန်းလူများ။ သမိုင်းထား၍၊ တလွှားမြေပေါ် ပတ်လွှာကျော်သည်၊ မည်တော်ထူပါရုံတကား။ မာယနင်းပေ၊ ချစ်သက်ဝေ၍၊ မကွေယှဉ်စုံ၊ ဆက်တိုင်းကြံသား။ မြင့်သစ်တုံ၊ နတ်တို့တုသို့၊ ရောင်နလုံလုံ၊ မျိုးယှဉ့်နွှဲကို၊ ဆယ့်ခုနစ်မည်၊ ဘုံ၌တည်လည်း၊ ဆံခြည်မခြား၊ တစ်ဝမ်းဖွားသို့၊ သနားလေလေ၊ စိတ်မသွေတည့်၊ နေလည်းတုပင်၊ ကြင်လည်းမရဲ၊ နွဲ့လည်းမကွာ၊ ဝါသနာကြောင့်၊ ပါသည့်ဘုန်းအား၊ စိတ်မခြားသည်၊ နှစ်ပါးတူကာ စုံကား ဟု၍ ဖြစ်၏။ ပိုဒ်စုံရတုတွင် တစ်ပိုဒ်ရှာမတွေ့ပါကြောင်း စစ်ကိုင်းမြို့မှ လောကမှန်ကူ (ခ) ထူပါရုံစေတီကြီး၏ သမိုင်းကို တင်ပြလိုက်ရပါသည်။

နီငြိမ်း(အညာတက္ကသိုလ်)

**ကျမ်းကိုး**

- ထူပါရုံဘုရားသမိုင်း (လယ်တီဦးလုပိုင်)
- မှန်နန်းရာဇဝင်ကြီး။



www.burmeseclassic.com

www.burmeseclassic.com

# သုဝဏ္ဏရွှေဘုံ မြို့သထုံမှ
# မြသပိတ်ဆံတော်ရှင်စေတီ

▲ မင်းသုခ

မြတ်စွာဇိနော်၊ ဗျာဒိတ်တော်ခ၊ ခြေတော်ချပြီး ဆံတော်အမွေ၊ ပေးငှဝေတော်မူခဲ့သော ရာမညဌာနေ ရွှေလိုလှသည့် သုဝဏ္ဏဘူမိမြေကား နေတန်ဆောင်၊ လတန်ဆောင်ပမာ သာသနာ့အရောင် ထွန်းပြောင်ထိန်လင်း ဂုဏ်သတင်းမွှေးလျက်ရှိသည်။

## သာသနာထွန်းပြောင် မြသပိတ်တောင်

ဤသို့ထေရဝါဒဗုဒ္ဓသာသနာ ထိန်လင်းဖြာဝေ၊ ဘက်စုံတိုးတက်ဖွံ့ဖြိုးနေသော သုဝဏ္ဏဘူမိ(ခေါ်)သထုံ မြို့တော်သို့ စာရေးသူ ၁၃-၆-၂၀၀၆ ရက်နေ့ကရောက်ခဲ့သည်။ ထိုသို့ ရောက်တုန်းရောက်ခိုက် လွန်ခဲ့သည့် နှစ်ပေါင်းနှစ်ထောင်ကျော်က မြတ်ဗုဒ္ဓ၏ဆံတော်အမွေရခဲ့သော သထုံမြို့၏ ကျက်သရေတော်ဆောင်သမိုင်းဝင် "မြသပိတ် ဆံတော်ရှင်စေတီ"ကို သွားရောက်ဖူးမြော်ကြည်ညိုခွင့်ရခဲ့သည်။


မြသပိတ်စေတီတော်မှာ သထုံမြို့၏ အရှေ့ဘက် တစ်မိုင်နီးပါးခန့်အကွာ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၈၀၀ ကျော် မြင့်မားသည့် သိင်္ဂနိက်တောင်ထိပ်ရှိ မြေထူး ပထဗျာ ကုန်းမြင့်သာတွင် တည်ငြိမ်သပ္ပာယ်စွာ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည်။ ကောင်းကင်အဇ္ဈာ တိမ်ပြာပြာကို နောက်ခံထားပြီး နေခြည်မှာ ရွှေရည်ဝင်းလက်နေသော "မြသပိတ်ဆံတော်ရှင်" စေတီတော်ကို သဒ္ဓါကြည်နူး မြော်ဖူး၍မဝနိုင်အောင် အဝေးမှပင် လှမ်းမျှော်ပူဇော် ကြည်ညိုနိုင်ကြပါသည်။





www.burmeseclassic.com

www.burmeseclassic.com



စာရေးသူသည် မြို့တွင်းမှ မြသပိတ်တောင်ခြေသို့ ဆိုက်ကားနှင့်စီးနင်းလိုက်ပါပြီး တောင်ခြေ ခြသေ့်ကြီး နှစ်ကောင်ရောက်သည်နှင့် အကျယ် ဆယ်ပေ၊ အမြင့် ခုနစ်ပေရှိသော သစ်သားတိုင်၊ သွပ်မိုးအုတ်စောင်းတန်း ကြီးကို စတင်တွေ့ရှိရသည်။ စောင်းတန်းကြီးမှာ ၄၅ ဒီဂရီမတ်စောက်ကာ လှေကားထစ်ပေါင်း ၉၀၄ ထစ်ရှိ သည် စောင်းတန်းအောက်ခြေမှ စောင်းတန်းအဆုံး၊ တောင်ထိပ်ထိ အလျား ၁၉၅၀ ပေ ရှည်လျားသည်။

စာရေးသူနှင့်အဖွဲ့သည် မြသပိတ်တောင်ခြေ ခြသေ့်ကြီးနှစ်ကောင်ရှိရာ စောင်းတန်းအောက်ခြေမှ စတင် တက်လိုက်သည်နှင့် မဟာဗောဓိစေတီ၊ ဒုက္ကရစရိယ ရုပ်ပွားတော်၊ သက်တော်ရှည်စေတီ၊ မဟာမြတ်မုနိကြေး သွန်းဘုရား၊ သိကြားဘုရား၊ မြစက်တော်ရာ၊ ကျိုက်ထီး ရိုးလေးနှင့်သာသနာ့တံခွန်တိုင်၊ ဘုရားလောင်းနစဉ်ဘဝ ဖြစ်တော်ပေါင်း အစရှိသည့် စေတီပုထိုးရုပ်ပွားတော် များကို ကြည်ညိုသဒ္ဓါပွားများကာ ပူဇော်သွားရင်း မိနစ် ၃၀ ခန့်အကြာတွင် တောင်ထိပ်ပေါ်ရှိ မြသပိတ်စေတီ တော်၏ ရင်ပြင်ပေါ်သို့ ရောက်ရှိကြပါသည်။

တောင်ပေါ်သို့ရောက်သည်နှင့် စေတီတော်ကို သဒ္ဓါကြည်နူးစွာ ဖူးမြော်ကြည်ညိုပြီး ရွှေသင်္ကန်းအလှူ တော်ငွေအတွက် မိမိတတ်စွမ်းသမျှ ထည့်ဝင်လှူဒါန်းခဲ့ သည်။ ထို့နောက် တနင်္ဂနွေထောင့်တွင် အမိဌာန်ပုတီး စိပ်ပြီး ခေတ္တတရားထိုင်ကာ ဝေနေယျသတ္တဝါအပေါင်း တို့အား မေတ္တာပို့သ အမျှအတန်းပေးဝေခဲ့ပါသည်။

သမိုင်းဝင်"မြသပိတ်စေတီတော်"မှာ အောက်ခြေ ဖိနပ်တော်မှ စိန်ဖူးတော်အထိ ဉာဏ်တော်အမြင့် ၁၀၁ ပေ၊ ၃ လက်မရှိပြီး၊ အထက်ပစ္စယံရှိ စေတီရှစ်ဆူနှင့် ပစ္စယံဝတ်အတွင်း ဆင်းတုတော်ရှစ်ဆူ တို့ဝိုင်းရံခလျက် ရှိ၍ အလွန်ထူးခြားသပ္ပါယ်တော်မူလှသည့် စေတီတော် တစ်ဆူ ဖြစ်တော်မူပေသည်။

စေတီတော်ရင်ပြင်တွင် အာရုံခံဝတ်လေးဆောင်ရှိ ပြီး၊ ဗုဒ္ဓရုပ်ပွားတော်များ အသီးသီး ကိန်းဝပ်စံပယ်တော် မူလျက်ရှိသည်။ ထို့အပြင် လာဘမုနိရုပ်ပွားတော်၊ ရှင် ဂဝံပတိ၊ ဘိုးတော်သိကြားမင်း၊ ဝိဇ္ဇာလေးပါး၊ တောင်ပိုင် ဘိုးဘိုး၊ ဣန္ဒာသယ ဗုဒ္ဓရက္ခိတဘိုးဘိုးစသည့်ရုပ်တုတော် အသီးသီးတို့ကိုလည်း ဆက်လက်ကြည်ညိုနိုင်ပါသည်။


## သမိုင်းအစမြတ်ဗုဒ္ဓ

စေတီတော်၏သမိုင်းကြောင်းကို ဗုဒ္ဓဝေယျာဝစ္စ ကာရီ သံဃာ့အဖွဲ့ ဒုဥက္ကဋ္ဌ ဆရာတော်ဦးသုမန (သဒ္ဓမ္မ ဇောတိကဓဇ မဟာဂန္ထဝါစက)အရှင်သူမြတ် အား မေးမြန်း လျှောက်ထားရာ "သာသနာသက္ကရာဇ် ၁၂၈ ခုနှစ်တွင် မဇ္ဈိမဒေသမှ **'ရှင်မဟိန္ဒ'**နှင့် **'ရှင်သောဏ'** တို့ ဦးဆောင်သော ရဟန္တာအရှင်သူမြတ်တို့က ဂေါတမ မြတ်စွာဘုရား၏ **ဆံတော်ရှစ်ဆူ**ကို ပင့်ဆောင်၍ ဤသုဝဏ္ဏဘူမိသထုံမြို့သို့ သာသနာပြုကြရန် ကြွ ရောက်တော်မူခဲ့ကြောင်း၊ ထိုအချိန်က သုဝဏ္ဏဘူမိ နိုင်ငံတော်တွင် အုပ်ချုပ်သောမင်းမှာ သက္ကမင်းဆက် ၅၅ ဆက်အနက်၊ **စတုတ္ထမြောက်မင်း**ဆက်ဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



**သုဝဏ္ဏမဟာဓမ္မဇေ** "မင်းကြီး (သူရိယစန္ဒာမင်းကြီး၏မြစ်တော်) ဖြစ်ကြောင်း၊ မင်းကြီးသည် ရဟန္တာအရှင်သူမြတ်တို့ပင့်ဆောင်လာသော ဗုဒ္ဓဆံတော်ဓာတ်မြတ်ကို ရတနာခုနစ်ပါး ခြယ်သထားသည့် ကြုတ်ခွန်နစ်ထပ်ဖြင့် ထည့်သွင်းဌာပနာပြီး နန်းရင်ပြင်တွင် အပူဇော်ခံထားခဲ့ကြောင်း၊ ရဟန္တာအရှင် သူမြတ်တို့ မိန့်ကြားချက်အရ မင်းကြီးသည် ဆံတော်ဓာတ်ရှစ်ဆူ အနက် နှစ်ဆူသောဆံတော်ဓာက်ကို စေတီတည်ပြီး ဌာပနာပူဇော်ရန် **မိဖုရားကြီးစန္ဒာဒေဝီမဟေသီ**အား ချီးမြှင့်ပေးသနားပြီး ဦးဆောင်ပူဇော်စေခဲ့ကြောင်း၊ ထို့နောက် မိဖုရားကြီးသည် ဝမ်းမြောက်ကြည်နူးစွာဖြင့် အဖိုးအသပြာတစ်သိန်းမကထိုက်တန်လှသော နဝရတ်ကိုးသွယ်စီခြယ်မွမ်းမံထားသည့် **'မြတာဘက်ပုဝါ'**ကို ခင်းပြီး၊ ရွှေကရွတ်သပိတ်ခြေကိုတင်ကာ၊ ၎င်းအထက်တွင် ဆံတော်ဓာတ်ရတနာကြုတ်ကို ထည့်သွင်းပူဇော်ထားသော မြသပိတ်တော်ကိုတင်ထားကြောင်း ထို့နောက် စေတီတော်တစ်ဆူ တည်ထားကိုးကွယ်ပြီး သာသနာသက္ကရာဇ် ၁၂၈ ခုနှစ်၊ တပို့တွဲလပြည့်နေ့တွင် ဆံတော်ဓာတ် ရတနာကြုတ်ထည့် သွင်းပူဇော်ထားသော **'မြသပိတ်တော်'**ကို ထိုစေတီတော်အတွင်း၌ ဌာပနာသွင်းလှူ ပူဇော်ခဲ့ကြောင်း" ဆရာတော်ဦးသုမနက အသေးစိတ်ရှင်းပြတော်မူသည်။

## ငါးမည်တွဲ့ရ မြသပိတ်စေတီ

(၁)သိင်္ဂနိက်တောင်ထိပ်တွင် တည်ထားကိုးကွယ်၍ **'သိင်္ဂနိက်စေတီ'**ဟူ၍လည်းကောင်း၊ (၂) သုဝဏ္ဏဘူမိ သုဝဏ္ဏမဟာဓမ္မဇေမင်းက ဦးဆောင်တည်ထား၍ **'သုဝဏ္ဏစေတီ'**ဟူ၍လည်းကောင်း၊ (၃) ဂေါတမဗုဒ္ဓ၏ ကေသဓာတုဆံတော်မြတ်ကို ဌာပနာ၍တည်ထားသောကြောင့် **'ဆံတော်မြတ်စေတီ'** ဟူ၍လည်းကောင်း၊ (၄) ကောင်းမြတ်တောင့်တအပ်သော ဆုထူးဆုမြတ်အပေါင်းနှင့် ပြည့်ဝ၍ **'ဆုတောင်းပြည့် စေတီ"**ဟူ၍လည်းကောင်း၊ (၅) မြတ်ဗုဒ္ဓ၏ ပရိဘောဂ**'မြသပိတ်တော်'** အပါအဝင် ဌာပနာထားခြင်းကြောင့် **'မြသပိတ်စေတီ'** ဟူ၍လည်းကောင်း ဘွဲ့နာမ အသီးသီးတွင်ခဲ့ရာ ယခုအခါ **'မြသပိတ်စေတီတော်'**ဟူ၍ နောက်ဆုံးအမည်တွင်ပြီး လူသိများကာ ထင်ရှားကျော်ကြားလျက်ရှိသည်။

## ဗုဒ္ဓပူဇနိ ထူးဘိပွဲတော်

မြသပိတ်စေတီတော်၏ဗုဒ္ဓပူဇနိယပွဲတော်ကို"ယခင်က နှစ်စဉ်တပို့တွဲလဆန်း ၈ ရက်နေ့မှ လပြည့်ကျော် ၂ ရက်နေ့အထိ ဆယ်ရက်တိုင်တိုင်ကျင်းပပြုလုပ်ခဲ့ကြကြောင်း၊ ယခုအခါ တပို့တွဲလဆန်း ၁၁ ရက်နေ့မှလပြည့်နေ့အထိ ငါးရက်တိုင့်တိုင်ကျင်းပလျက်ရှိကြောင်း၊ တပို့တွဲလပြည့်နေ့နံနက်တွင် သထုံမြို့ပေါ်ရှိရပ်ကွက်အသီးသီးမှ စုပေါင်းလှူဒါန်းကြသည့် နှမ်းမနဲများအပါအဝင်လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် **သံဃာတော်အပါးငါးရာကျော်**တို့အား



www.burmeseclassic.com

www.burmeseclassic.com

မြို့လုံးကျွတ်ဆွမ်းကြီးလောင်းလှူပွဲကြီးကို သဒ္ဓါတရား ထက်သန်စွာ လောင်းလှူကြပြီး၊ ၎င်းလပြည့်ညတွင် ဆီမီး ၉၀၀၀ ပူဇော်ပွဲကြီးကို ကျင်းပပြုလုပ်ကြောင်း၊ ထို့အတူ နှစ်စဉ် ကဆုန်လပြည့်နေ့တွင် 'ကဆုန်ညောင်ရေသွန်း ပွဲတော်'ကို ကျင်းပပြုလုပ်ပြီး၊ တန်ဆောင်မုန်းလတွင် ပဋ္ဌာန်းဒေသနာ ရွတ်ဖတ်ပူဇော်ပွဲနှင့် ဗြဟ္မဇာလသုတ် ရွတ်ဖတ်ပူဇော်ပွဲတို့ကို ဆင်နွှဲကျင်းပမြဲဖြစ်ကြောင်း" အကျိုးတော်ဆောင်တာဝန်ခံ ဦးအန်းကိုးက အားရဝမ်းသာစွာ ရှင်းလင်းပြောပြသည်။

## ရင်ပြင်ပေါ်မှ ရှုခင်းအလှ

ပေပေါင်း ၈၀၀ ကျော်မြင့်မားသည့် သိင်္ဂနိက်တောင် ထိပ်ရှိ မြသပိတ်စေတီရင်ပြင်တော်ပေါ်မှ အရှေ့ဘက်သို့ ရှုမျှော်ပါက ဝါးပါးရေမယောင်ဆည်ကြီး၊ ဒုံသမိမြစ်၊ ဒူးရင်း ဆိပ်တံတား၊ မြိုင်ကလေးအမှတ်(၃) ဘီလပ်မြေစက်ရုံ၊ သံလွင်မြစ်၊ ဘားအံမြို့ရှုခင်းနှင့် သမိုင်းဝင် ဇွဲကပင်တောင်တော်အထိ သာယာကျယ်ပြန့် သောပသာဒအလှ မြင်ကွင်းများကို အားပါးတရ ရှုမြင်ခံစားနိုင်ပါသည်။ တောင်ဘက်တွင် သမ္ဗုဒ္ဓေစေတီ၊ ပြည်လုံးအေးနှင့် ပြည်လုံးချမ်းသာ စေတီ၊ မဂ္ဂင်တောရစေတီ၊ အာစိဏ္ဏကံဓမ္မပီမာန်ကျောင်းနှင့် ငါးဆူတောင် ဘုရားစသည်တို့ကို သဒ္ဓါကြည်နူးစွာ လှမ်းမျှော်ကြည်ညိုပူဇော်နိုင်ပါသည်။ အနောက်ဘက်တွင် သထုံမြို့ကြီး၏ သာယာဝင့်ဝါလှသည့် မြင်ကွင်းကျယ်ကို အားရရွှင်လန်းစွာ ရှုမြင်နိုင်ပါသည်။ မြို့၏အနောက်မြောက်မှ ကေလာသတောင်တန်းကိုလည်းကောင်း၊ မြို့၏ တောင်ဘက်တွင် ဇင်းကျိုက်တောင်တန်းကိုလည်းကောင်း၊ လေးဆူဓာတ်စံ ရွှေစာရံစေတီတော်၊ ပူးဘုရားနှင့် ကလျာဏီသိမ်တော်ကြီးစသည်တို့ကိုလည်းကောင်း အထင်အရှား ဖူးမြော် ကြည်ညိုနိုင်ပါသည်။ ထို့ပြင် ကျယ်ပြောလှသည့် စပါးခင်းနှင့် သီးနှံစုံလယ်ကွင်းပြင်ကြီး၊ မြို့နှင့် ၁၀ မိုင်ကျော်အကွာရှိ စစ်တောင်းမြစ်ဝနှင့် ပင်လယ်ရေပြင်ကျယ်တို့ကို မျက်စိတစ်ဆုံး ရှုမျှော်ခံစားနိုင်ပါသည်။

စေတီတော်၏ မြောက်ဘက်တွင်မူကား သာမညလေးမှ ရွှေစေတီ၊ ပေါ်တော်မူစေတီ၊ လာဝစေတီ၊ နေမိန္ဒရတောင်ပေါ်ရှိ လေးကျွန်းရန်အောင်စေတီ၊ ရှေးသုဓမ္မဝတီမြို့ဟောင်းနှင့် ခပ်လှမ်းလှမ်းတွင် အလံတစ်ရာစေတီ စသည်တို့ကိုလည်း ကြည်နူးရွှင်ပျော်စွာ လှမ်းမြော်ပူဇော်နိုင်ပါသည်။

## ဦးခိုက်ပူဇော် မြသပိတ်စေတီတော်

ယခုအခါ ဥက္ကဋ္ဌဆရာတော် ဦးဉာဏ (ဓမ္မာစရိယ) (မဟာဘောဂကျောင်းတိုက်)နှင့် ဒုဥက္ကဋ္ဌဆရာတော် ဦးသုမန (သဒ္ဓမ္မဇောတိကဓဇ၊ မဟာဂန္ထဝါစက) (သဒ္ဓမ္မဇောတိကာရာမစာသင်တိုက်)တို့ အမှူးပြုသော ဗုဒ္ဓဝေယျာဝစ္စကာရီ သံဃာ့အဖွဲ့ဝင် ၁၂ ပါးတို့က မြသပိတ်စေတီတော်ဘက်စုံ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ထိန်းသိမ်းစောင့်ရှောက်ပြုပြင်လျက်ရှိသည်။ သို့ဖြစ်၍ ဗုဒ္ဓသခင်၏ ဆံတော်အမွေရခဲ့သော သမိုင်းဝင် 'မြသပိတ် ဆံတော်ရှင်စေတီ'တော်သို့ တစ်ခါတစ်ခေါက်ဘုရားဖူးကြွ ရောက်လာကြရင်၊ စေတီတော်ဘက်စုံပြုပြင်ရေးအတွက် သဒ္ဓါကြည်ဖြူစွာ ကုသိုလ်ဒါနပေးလှူနိုင်ကြပါကြောင်းနှင့် သန္တိသုခအေးချမ်းလှသည့် စေတီတော်၏ ရင်ပြင်တော်တွင် ပုတီးစိတ်အဓိဋ္ဌာန်ဝင်ပြီး၊ ဝိပဿနာကမ္မဋ္ဌာန်းကို အခါခါ စီးဖျန်းအားထုတ်နိုင်ကြပါကြောင်း စေတနာရှေ့ထားပြီး ရေးသားဖော်ပြလိုက်ရပါသည်။

*(နိဗ္ဗာနဿ ပစ္စယော ဟောတု)*

**မင်းသုခ**



www.burmeseclassic.com

www.burmeseclassic.com

# မြတ်ဗုဒ္ဓ၏ ခြေတော်ရာများ

## မြသိန်း

(ဤဘာသာပြန်ဆောင်းပါး သည် ၂၀၁၃၊ ဩဂုတ်လ ၁၅ ရက်နေ့ထုတ် အန်ကောက်ပို့စ်သတင်းစာ၌ ပါရှိသော In the footsteps of Lord Buddha's path to enlightenment ဆောင်းပါးကို ဆီလျော်စွာ ဘာသာပြန်ထားခြင်း ဖြစ်သည်။ ဆောင်းပါးတွင် ဖော်ပြထားသော အမည်များကို အင်္ဂလိပ်လိုရေးထားသည့်အတိုင်း ဖော်ပြထားပါသည်။ ရောင်ပြန်ပရိသတ်အတွက် တင်ဆက်လိုက်ပါသည်။)


ကမ္ဘာတွင် လူတို့ကိုးကွယ်သော ဘာသာကြီးများတွင် ဗုဒ္ဓဘာသာသည် ထိပ်ဆုံးနေရာတွင် ရှိ၏။ ဗုဒ္ဓဘာသာစတင်ရာဒေသမှာ အိန္ဒိယပြည်ဖြစ်၏။ ကမ္ဘာအရပ်ရပ်မှ ဗုဒ္ဓဘာသာဝင်များသည် အိန္ဒိယပြည်သို့လာ၍ ဘုရားပွင့်တော်မူရာ နေရာနှင့် ခြေတော်ရာနေရာများကို လာရောက်ဖူးမြော်ကြရာ ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာ နေရာများကို ရေးသားဖော်ပြလိုက်ပါသည်။

မဟာပရိနိဗ္ဗာန်သုတ်တွင် ပါရှိသော ဗုဒ္ဓမှ တပည့်သံဃာတော်တို့အား "သင်တို့သည် ဗုဒ္ဓဘာသာနှင့် ဆက်နွယ်လျက်ရှိသော အရေးကြီးသည့် နေရာများသို့ သွားရောက်ဖူးမြော်ခြင်းဖြင့် ကောင်းမှုကုသိုလ်များရမည်။ နောင်တမလွန်ဘဝ၌လည်း ကောင်းကျိုးများ ရမည်ဟု မိန့်တော်မူခဲ့၏။

ဗုဒ္ဓမြတ်စွာဘုရားရှင် ပွင့်တော်မူရာ၊ ဒေသစာရီ ကြွချီတော်မူရာ၊ ပရိနိဗ္ဗာန်ပြုရာနေရာများသို့ ဗုဒ္ဓဘာသာဝင်များ သွားကြ၏။ ဘုရားဖူးသွားကြ၏။

ဗုဒ္ဓဂယာသည် ယနေ့ အိန္ဒိယပြည်၊ ဘီဟာပြည်နယ်၌ တည်ရှိ၏။ လုမ္ဗိနီမှာ နီပေါနိုင်ငံထဲ၌ရှိ၍ အိန္ဒိယနှင့် နီပေါနယ်စပ်တွင် ရှိ၏။ မြတ်စွာဘုရားကို လုမ္ဗိနီ၌ ဖွားမြင်တော်မူ၏။ ဗုဒ္ဓဂယာမှာ ဘုရားအဖြစ်သို့ ရောက်သောနေရာဖြစ်ပြီး၊ ဆာနတ်သ် (Sarnath)တွင် တရားတော်ကို စတင်ဟောကာ ကူရှိနာဂါ(Kushinagar)၌ နိဗ္ဗာန်သို့ရောက်ရှိရာ တရားကို ရရှိသွား၏။ ထိုနေရာများတွင် ဗုဒ္ဓလက်ထက် အမွေအနှစ်များထဲမှ အချို့ကျန်ရှိနေသေးသည်ဟု သိရ၏။ ဗုဒ္ဓဂယာ၌ မြတ်ဗုဒ္ဓသည် လူ့လောကကို ငြိမ်ငြင်ပြီး တရားကျင့်၏။ ယနေ့တွေ့ရသော ဗောဓိပင်မှာ ဘုရားလက်ထက်တဗောဓိပင်မှ ရှင်သန်ပေါက်ဖွားခဲ့ရာ အပင်မှ မျိုးပွားလာရာ အပင်ဖြစ်၏။


ဗုဒ္ဓဂယာရှိ ကြီးကျယ်ခမ်းနားသော မဟာဗောဓိဘုရားကျောင်းတော်၏ လက်ရာများမှာ ဂုတ်တမင်းဆက်(Gupta Dynasty) ထက်






www.burmeseclassic.com

www.burmeseclassic.com



ထက်က လက်ရာများဖြစ်သည်ဟု သိရ၏။ ထိုဘုရားကျောင်း၏ နံရံများတွင် ဗုဒ္ဓလက်ထက်က ဖြစ်စဉ်များကို လက်ရာမြောက်စွာဖြင့် ဖော်ပြထား၏။ ခုနစ်ရာစုမှ ၁၀ ရာစု (အေဒီ)အတွင်း မြန်မာ၊ တရုတ်နှင့် သီရိလင်္ကာမှ ဘုရားဖူးလာကြသူများ၏ ကမ္ပည်းစာများကိုလည်း ရေးထိုးထား၏။

ဆာနတ်သ်(Sarnath)။ ဆာနတ်သ်သည် ဗာရာဏသီမှ ၁၀ ကီလိုမီတာအကွာတွင် တည်ရှိပြီး၊ ၎င်းနေရာတွင် လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ခန့်၌ ဗုဒ္ဓသည် နိဗ္ဗာန်ရောက်ကြောင်း တရားကို ရရှိပြီးနောက် ပထမဦးဆုံး တရားဟောရာနေရာ ဖြစ်၏။ ပဉ္စဝဂ္ဂီငါးဦးကိုလည်း တရားဦးဟောခဲ့၏။ (ဓမ္မစကြာတရားတော်)


ဆာနတ်သ်ရှိ ဗုဒ္ဓရုပ်တုတော်မှာ ညက်တော် ၄၂ မီတာရှိ၏။ ထိုအရပ်၌ ညက်တော် ၆၁ မီတာရှိသော ဗုဒ္ဓရုပ်တုတော် အဟောင်းမှာ မရှိတော့ဘဲ နေရာသာ ကျန်ရှိတော့၏။

"အသောကမင်းကြီးသည် ကာလင်္ဂစစ်ပွဲအပြီး၌ ဗုဒ္ဓဘာသာဝင်ဖြစ်လာပြီး ဆာနတ်သ်သို့ရောက်လာကာ ဗုဒ္ဓဘာသာဝင်တို့၏ အထိမ်းအမှတ်ဖြစ်သော အသောကကျောက်စာတိုင်ကို စိုက်ထူခဲ့၏။ (ထိုကျောက်တိုင်၏ ထိပ်ဖျား၌ရှိသော ခြင်္သေ့ရုပ်သည် ယနေ့အိန္ဒိယနိုင်ငံ၏ အမျိုးသားအမှတ်အသား ဖြစ်နေလေပြီ။)

ကုသိနာရုံ (Kushinagar) မှာ ဂိုရာပူးမှ ၅၅ ကီလိုမီတာအကွာ၌ တည်ရှိပြီး ဤနေရာတွင် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူ၏။ ဤနေရာတွင် မြတ်ဗုဒ္ဓသည် တပည့်သံဃာတို့အား နိဗ္ဗာန်ရောက်ရန် ကြိုးစားကြရန် နောက်ဆုံးမြွက်ကြားသွားတော်မူ၏။

၁၈၇၆ တွင် တူးဖော်ရရှိသော မြတ်ဗုဒ္ဓ၏ လျောင်းတော်မူပုံသည် အေဒီ ၅ ရာစုတွင် ဘုရင်ကုမာရဂုတ်ပတား လက်ထက်၌ ဟာရိဘာလဘုန်းတော်ကြီးမှ မက်သူရမှ သယ်ဆောင်လာခဲ့သည်ဟု သိရ၏။

ဘုရားပွင့်တော်မူရာ ဒေသတစ်ဝိုက်သည် ယနေ့ အိန္ဒိယ၏ ဘီဟာပြည်နယ်၊ အူတာပရာဒက်ရှ်ပြည်နယ်ရှိ နီပေါနယ်စပ်တွင်ရှိကြောင်း ဖော်ပြပါမြေပုံကြမ်း၌ ပါရှိ၏။



ဗောဓိဂယာ(ဗုဒ္ဓဂယာ)၊ နာလန်ဒါ၊ ပတ္တနာတို့မှာ ဘီဟာပြည်နယ်ထဲ၌ ရှိပြီးလျှင် ဆာနတ်သ် (Sarnath)၊ ကော်သမ္ဗီ(Kausharnbi)၊ ကုသိနာရုံ (Kushinagar)၊ ဆာရာဝါတီ (Sarawati) ကပ္ပိလဝတ် (Kapi-lvastu) တို့မှာ အူတာပရာဒက်ရှ်တွင် တည်ရှိကြ၏။ ယနေ့ အိန္ဒိယမြို့ကြီးများဖြစ်သော ဒေလီ၊ အာဂါရာ၊ လပ်ခနောင်းတို့မှာလည်း အူတာပရာဒက်ရှ် ပြည်နယ်ထဲ၌ပင် ရှိကြ၏။

၄ နီ(Lumbini) တစ်ခုတည်းသာလျှင် နီပေါနိုင်ငံထဲ၌ တည်ရှိ၏။

(ဤဆောင်းပါးပါ အမည်အချို့ကို အင်္ဂလိပ်အသံထွက်အတိုင်း ဖော်ပြထားခြင်း ဖြစ်ပါသည်။)

ပြည်နန်း

*Bangkok Post, 15.8.2013)*

www.burmeseclassic.com

# ယောသူတို့ရွာ (သို့) ဂန့်ဂေါမြို့နယ်မှ စွယ်တော်ရှင်ဘုရား



စွယ်တော်ရှင်ဘုရားကြီးပုံတော်

■ ဆွေမြင့်သူ(ကြေး/မြေ)


■ စကားချီး

ဂန့်ဂေါမြို့သည် မကွေးတိုင်းဒေသကြီး၏ မြောက်ဘက်အစွန်ဆုံးရှိ ဂန့်ဂေါခရိုင်၏ မြို့တော်၊ ခရိုင်ရုံးစိုက်ရာ မြို့တစ်မြို့ ဖြစ်၍ ချင်းပြည်နယ်နှင့် ထိစပ်လျက် တည်ရှိသည်။ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၂ မိနစ်၊ မြောက်လတ္တီတွဒ်အားဖြင့် ၂၂ ဒီဂရီ ၁၂ မိနစ်အကွင်း တည်ရှိ၍ မောရိယခေါ် မြစ်သာမြစ်ကမ်းနံဘေးတွင် တည်ရှိသည်။ ဂန့်ဂေါမြို့မှ ထွက်ရှိသော ယောထည်ဟုဆိုသည် မြန်မာတစ်ဝန်းလုံးတွင် လူသိများလှသည်။ ဂန့်ဂေါကို သွားရောက်လိုသော် မန္တလေး-မုံရွာ-မြိုင်-ပုလဲ-ဂန့်ဂေါ လမ်းမကြီးအတိုင်း (သို့) မကွေးတိုင်းဒေသကြီး၏ အနောက်မြို့တော်ပခုက္ကူမှ ပေါက်-ကျောက်ထု-ထီးလင်း-ဂန့်ဂေါလမ်းအတိုင်း ကားလမ်းပေါက်သည်။ ထို့ပြင် ပခုက္ကူမှ ပုံတောင်-ပုံညာ ဥမင်လိုဏ်ခေါင်းကို ဖြတ်ကျော်၍ ရထားလမ်းလည်းရှိသည်။ မြို့၏အလယ်ဗဟိုတွင်ကား မြင်းမိုရ်ရွှေတောင်ကြီးပမာ ခမ်းနားကြီးကျယ်လှစွာသော ပရမေမြတ်၊ သုံးလူနတ်တို့၏ တမွတ်မွေ့သရီ "စွယ်တော်ရှင်" တည်ထားရာဖြစ်သည့် စွယ်တော်ရှင်စေတီတော်မြတ်သည် ရွှေရောင်ပြောင်ပြောင်၊ ဆည်းလည်းသံတို့ဖြင့် တချွင်ချွင်တလွင်လွင်၊ အင်ဂျင်မီးပန်းတို့ဖြင့် တထိန်ထိန် တလျှမ်းလျှမ်း၊ အံ့မခန်းရှုမငြီး တည်ရှိလေတော့သည်။

■ ဂန့်ဂေါမြို့ဟု အမည်တွင်ခြင်း

ကောဇာသက္ကရာဇ် ၆၀၄ ခု၊ ပြာသိုလဆန်း ၆ ရက်၊ ကြာသပတေး

www.burmeseclassic.com




နေ့ ပေါက္ကံပြည်ကြီးရှင် နရသီဟပတေ့ မင်းကြီးလက်ထက် မစ္ဆဂိရိအရပ်၌ သက်လူမျိုးတို့ ထကြွသော သူပုန်ရန်ကို နှိမ်နင်းငြိမ်းအေးစေရန် တွင်းသင်းမှူး သရေပစ္စပတေ့နှင့် ဗိုလ်မှူးစစ်သူကြီး နှစ်ဦးတို့အား အမိန့်တော်ပြန်တမ်းခံစေ၍ စစ်သည်၊ ရဲမက်၊ အမှုထမ်းသူရဲ ပေါင်း ရှစ်သောင်း၊ ဆင်နှစ်ရာ၊ မြင်း လေးထောင်၊ အောင်လံ၊ အောင်စည်၊ အောင်မောင်း၊ ဓား၊ လှံ၊ လေး၊ မြား ပေးအပ်၍ မစ္ဆဂိရိသို့ စေလွှတ်လေ၏။

တွင်းသင်းမှူး သရေပစ္စပတေ့၏ ရှစ်သောင်းသောတပ်ကြီးသည် မစ္ဆဂိရိသို့ မရောက်မီ မင်းဘူးအရပ်၌ တပ်စခန်းချနေစဉ် မိမိတို့ တပ်အချင်းချင်း ပင် ရန်သူတပ် ထင်မှတ်ပြီး တပ်အားလုံးလန့်၍ တပ်ပျက်စီးသွားလေ၏။ ဤအကြောင်းကို ကြားသိတော်မူသော နရသီဟပတေ့မင်းတရားကြီးသည် သူတစ်ပါးတပ်နှင့် မတိုးမတိုက်မခိုက်ရဘဲ စစ်ပျက်သော စစ်သူကြီးမည်သည် ဤလူပြည်၌ရှိသလောဟု ဒေါသအမျက်ထွက်တော်မူ၍ သရေပစ္စပတေ့အား တွင်းသင်းမှူးရာထူးမှ နုတ်ပယ်လေ၏။ ကျန် စစ်ကဲ၊ စစ်ကွပ်၊ စစ်ကြပ်တို့အား အချို့ကို မီးလောင်တိုက်သွင်း၏။ အချို့ကို သစ်တောလေးရပ်သို့ ပို့လေ၏။

မဲဇာ၊ ရွှေလီ၊ မဟာမြိုင်၊ ယောဟူသော သစ်တောလေးရပ်တို့သို့ အပို့ခံရလေရာ အချို့စစ်ဗိုလ်မှူးတို့သည် ယမု ကန့်ကော်အရပ်သို့ ရောက်ရှိကြလေ၏။ ယခု စွယ်တော်ရှင်စေတီတော်တည်ရှိရာနေရာတွင် မြတောင်ထွတ်အလား မြင့်မားတင့်တယ်သော ပင်လုံးကျွတ်ပွင့်သဖြင့် ငွေတော်သာခွာ အသွေး ဖြူဖွေးသောအဆင်း သင်းသင်းပျံ့ကြိုင် ရနံ့လှိုင်သော ကန့်ကော်ပင်ကြီးကို တွေ့ရှိကြသဖြင့် ထိုကန့်ကော်ပန်းနန်းမှ အငုံလေးမျက်နှာ ရေအယဉ်ကြို့ရသည့် မြေပလ္လင်အမို့ ပတိရူပါဟု ဤနေရာ၌ပင် သက္ကရာဇ် ၆၀၅ ခုနှစ်တွင် ကန့်ကော်ပင်ကို အစွဲပြု၍ ကန့်ကော်ရွာဟု တည်ထောင်ကြလေ၏။ (အမှာစကားချပ် ။ ကန့်ကော်ဟူသော အမည်မှာ မင်းတုန်းမင်းတရားကြီးလက်ထက် သစ်တောကောက်ရော ရိုက်နှိပ်သော တံဆိပ်၌ "ကန့်ဂေါ်"ဟု ရေးမှတ်ထုရိုက်သည်။ အင်္ဂလိပ်မင်းတို့လက်ထက် ၁၂၅၀ ပြည့် "ဂန့်ဂေါ်" "GAN-GAW" ဟု ပြောင်းလဲခေါ်တွင်လာခဲ့လေသည်။ "ကန့်ဂေါ်"၊ "ကန့်ဂေါ်"၊ "ဂန့်ဂေါ်" ရွာ တည်ထောင်သောအခါ နာရီတိုင်စိုက်သောအချိန်၌ ကျားဟုံးလျက်ကောင်းချီးပေး၏။ ကျားဟုံးသောအဟိတ်ကိုယူ၍ ဂန့်ဂေါ်သည် မြို့ဖြစ်အံ့၊ မာနကြီးအံ့၊ မာနကြီးသောသူများ ပေါက်ဖွားအံ့၊ ကျားကဲ့သို့ မျက်စောင်းကြီးအံ့ဟု

www.burmeseclassic.com

နိမိတ်ဖတ်ကြလေသည်။

■ **စွယ်တော်မြတ် ပေါ်တော်မူခြင်း**

ထိုကန့်ကော်ရွာသည် နှစ်ပေါင်း ၄၄၄ နှစ်မြောက် ရောက်လတ်သော် ကောဇာသက္ကရာဇ် ၁၀၄၉ နှစ်၊ ကန့်ကော်ရွာ မြစ်သာမြစ်ကမ်းအတွင်း၌ သုံးလူသနင်း၏ အောက်လက်ျာ စွယ်တော်ဓာတ်ကို ရရှိလေသည်။ ရရှိပုံကား ထိုအခါကာလ သမယတွင် ကန့်ကော်-ကလေး-စဥ့်ဆင်-လေးရွာသားတို့သည် အရှင်စန္ဒာလင်္ကာရအား ကျောင်းဆောက်ကိုးကွယ်ကြလေ၏။ ကန့်ကော်မှ မြန်မာလေးတိုင်ခန့်ဝေးသော လောင်စတာရွာမှပင် မောင်ထွားဆိုသူသည် ကျောင်းလာနေ၏။

တစ်နေ့သောအခါ မောင်ထွားသည် အဖော်ကျောင်းသားများနှင့်အတူ မြစ်သာမြစ်(ယခု စွယ်တော်ထုံး)၌ ရေချိုးကစားကြရာ အတောင် ၂၀ ခန့်နက်သော ရေထဲသို့ ငုပ်လျှိုးကစားမြူးထူးစဉ် ဝင်းဝါသောအဆင်းကို ရေအတွင်း၌ တွေ့မြင်ခဲ့၍ ရေအတွင်း မီးဝင်းဝင်းတွေ့ခဲ့သည်ဟု ပြောဆိုရာ ရေအတွင်း မီးမရှိတန်ရာဟု အဖော်ကျောင်းသားများက ငြင်းခုံကြလေသည်။ ထိုအကြောင်းကို ဆရာတော် အရှင်စန္ဒာလင်္ကာရ ကြားသိတော်မူ၍ မောင်ထွားအားခေါ်ပြီး တစ်ဖန် ရေသို့ ငုပ်စေပြန်ရာ ခြောက်ဖြာသော ရောင်ခြည်ကွန့်မြူးသော ဘုရားသခင် စွယ်တော်တစ်ဆူကို ရေအတွင်းမှ ငုပ်ယူလာခဲ့သော်၏။ ထိုစွယ်တော်မြတ်အား ကန့်ကော်အရှင်စန္ဒာလင်္ကာရကျောင်း၌ ပင့်ဆောင်တင်ထားကိုးကွယ်ကြလေရာ ခြောက်ဖြာရောင်ခြည် ကွန့်မြူးတော်မူ၍ ဗိုလ်ခပင်း အံ့ဩခြင်းပြင်းစွာ ဖြစ်ကြပြီးလျှင် ဆီမီးမြိုင်၊ လက်ကိုင်ထီးနှင့် ဝေးနီးမှ စွယ်တော်ဖူးလာကြလေ၏။ ထိုရောင်ခြည်ခြောက်ဖြာတို့နှင့် ပြည့်စုံသော စွယ်တော်၏အကြောင်းသည် အဝရွှေနန်းတော်သို့ပင် ပေါက်ရောက်ပျံ့နှံ့သွားလေတော့သည်။

■ **ဘဝရှင်မင်းတရားကြီးက စွယ်တော်ကြိုဆို ယူဆောင်တော်မူခြင်း**

သက္ကရာဇ် ၁၀၄၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်၊ စနေနေ့တွင် အဝနေပြည်တော် ရွှေနန်းတော်ကြီးအတွင်းရှိ ရဝေသီဟာ ရွှေသီလာသဘင်၌ ဝန်ရှင်တော် အဂ္ဂမဟာသေနာပတိတို့က ထိုအကြောင်းကို သံတော်ဦးတင်လျှောက်သည့်အခါ မင်းကြီးက မောင်ထွားငုပ်ယူရရှိသည့် စွယ်တော်သည် ဘုရားသခင်၏ သရီရဓာတ်တော် မှန်ကန်ပါက (ဝေါလွှင်နှင့် သွားရောက်ပင့်ဆောင်ကြစေရန်နှင့် စွယ်တော်တွေ့ရှိသူများကိုလည်း စွယ်တော်နှင့်အတူ တစ်ပါတည်း ခေါ်လာစေ)ဟု အမိန့်တော်ချမှတ်လေသည်။

သို့နှင့် ဝန်ရှင်တော်တို့၏ အစီအမံအတိုင်း ခြေလျင်တော် ဗိုလ်မှူးတို့ကို ဆင့်ဆိုကာ ကန့်ကော်အရှင်စန္ဒာလင်္ကာရကျောင်းမှ ဘုရားရှင်၏စွယ်တော်မြတ်ကို သွားရောက်ပင့်ဆောင်ကြရာ ၁၀ ရက်မြောက်သည့်နေ့တွင် အဝမြို့တော်နှင့် တစ်စခန်းအကွာ ရွာသစ်ကြီးရွာသို့ ဆိုက်ရောက်လေသည်။

ထိုအကြောင်းကို ရွှေနန်းတော်သို့ သံတော်ဦးတင်ပြီးနောက် ကန့်ကော်မှ ရွာသစ်ကြီးအထိ ဝေါလွှင်ဖြင့်လည်းကောင်း၊ ရွာသစ်ကြီးမှ လက်ပံစဉ့်အထိ လှော်ကား ကိုးစင်းဖြင့်လည်းကောင်း၊ လက်ပံစဉ့်မှ တဲတော်ဆိပ်အထိ မင်းညီမင်းသား၊ မှူးမတ်အပေါင်းတို့က လှော်ကားများ၊ လှေအများဖြင့်လည်းကောင်း၊ တဲတော်ဆိပ်မှ အဝရွှေနန်းတော်အထိ ဗိုလ်ထုပရိသတ်စုံစုံလင်လင်ဖြင့်လည်းကောင်း ဆက်လက်ပင့်ဆောင်ခဲ့ကြသည်။ (တဲတော်ဆိပ်သို့ ရောက်သော် စွယ်တော်ကို စံရာတံခါးမှ ပင့်ဆောင်စေ၍ ရွှေနန်းတော်ရှေ့ရှိ စွယ်တော်စင်အထိ အခမ်းအနားဖြင့် ပင့်ဆောင်သည်။) မှတ်ချက် ။ တဲတော်ဆိပ်ဆိုသည်မှာ သက္ကရာဇ် ၉၆၉ ခုနှစ်၊ တော်သလင်းလပြည့်နေ့က ဘကြီးတော်(ပြည်မင်း) တဲတော်ဖြင့် စံနေရာဖြစ်သည်။

■ **စွယ်တော်တန်ခိုးပြာဋိဟာ**

ရတနာပူရ အဝရွှေနန်းတော်ဦး စွယ်တော်စဉ်(ခေါ်) စွယ်တော်ကျောင်း၌ ကိန်းအောင်း စံနေတော်မူသော ကန့်ကော်စွယ်တော်ဓာတ်မြတ်သည် ဖြူ၊ နီ၊ ဝါ ထွေလာထူးဆန်း ခြောက်ရောင်ခြည် ပန်းတို့ဖြင့် ပက်ဖျန်းလွှတ်ထွက်ကာ မြေနန်း၊ စေတဝန်၊ လေသာနန်းမြင့် စသော ရွှေနန်းတော်ကိုဆောင် အရပ်ရပ်တို့ကို တပြောင်ပြောင် ကူးဖြတ်တော်မူလျက် တန်ခိုးပြာဋိဟာ ပြတော်မူလေ၏။

ဖြူသောရောင်ခြည်တော် လွှတ်တော်မူသောအခါ ရွှေနန်းအားလုံး ငွေရည်ဖုံးလွှမ်း ငွေရည်ဆမ်းသို့ ငွေသားနန်းဆောင်၊ ငွေရောင်ပမာ၊ သဗ္ဗာ



www.burmeseclassic.com

www.burmeseclassic.com

ဘော်ကြူ ဖွေးဖွေးဖြူ၍ ရှုမြင်မငြီး၊ အံ့ချီးဖွယ်ရာ လွန်စွာတင့်တယ်ပေ၏။

နီသောရောင်ခြည်တော် လွှတ်တော်မူသောအခါ နန်းဆောင်အများ ပတ္တမြားရည်ဆမ်းသို့ နီမြန်းသော အရောင်ပြောင်ပြောင်ဖိတ်ဖိတ် ရှုမြင်သူတို့၏စိတ်ကို ကြည်ညိုပွားတိုးစေလေ၏။

ညိုသောရောင်ခြည်တော် လွှတ်တော်မူသောအခါ ရတနာနန်းဆောင်တို့သည် မြရောင်အဆင်း နန်းတွင်းနန်းပြင် မြသွင်တနှန်း မြတံ့မြတိုင် မြပန်းခိုင် အလား ရှုစားမဝ ကျက်သရေရှိလှလေ၏။

ဝါသောရောင်ခြည်တော် လွှတ်တော်မူသောအခါ မူလရွှေနန်းဆောင်မှာ ရွှေရောင်ဟပ်ထင်သဖြင့် ဝင်းလျှပ်ထိန်မြူး ရွှေရည်လူးသကဲ့သို့ ကြည်နူးစရာ ဖြစ်ပေ၏။

ဤသို့ စွယ်တော်မှ ခြောက်ဝရောင်ထုး ကွန့်၍မြူးသော ရွှေနန်းတော်တွင် ဝင်းဝင်းလျှပ်ပြောင် ဆောင်ဆောင်စမုန် ဥကင်မုန်နှင့် စမုန်ဝဲယာ လေသာစနု ဆောင်ပြဒ္ဒတို့ ရွှေဥပုံသွင် ရွှေရောင်တင်သို့ တုရင်စိန်စစ် စုလစ်ပတ္တမြား မြနယားနှင့် ပြယားကျည်းပေါင် တော်ရနောင်နီလာ သန္တာကျေးကွေး ခြူးသေး ခြူးနွယ် ခြူးပန်း ရွှေနန်းရဝေဠ ရွှေရည်ငွေရည် ပတ္တမြားနီ အလား ဆမ်း၍ထားသကဲ့သို့ ဖြူသည်တစ်ခါ ညိုသည်တစ်ခါ ဝါသည်တစ်လီ နီသည်တစ်ချက် ပြောင်းလျက်လဲလျက် ခြောက်ချက်ရောင်ပန်း အဆန်းဆန်းသော တန်ခိုးတော်ကို စွယ်တော်မြတ်သည် စွယ်တော်စင်မှ တန်ခိုးပြာဋိဟာ ပြတော်မူလေ၏။ ဘုရင်၊ မိဖုရား၊ နန်းသား၊ နန်းသူတို့ ဖူးမြင်ကြရလေသည်။

ထိုသို့ ကန့်ကော်စွယ်တော်ဓာတ်မြတ်သည် စွယ်တော်စင်မှ တန်ခိုးပြာဋိဟာ ပြတော်မူသောအခါ ရတနာပူရ အဝမြို့တော်သူ၊ မြို့တော်သားတို့သည် သဒ္ဓါတရား တက်ပွားလာကြ၍ ဆီမီးထောင်ပြည့်၊ ပန်းထောင်ပြည့်၊ ရေချမ်းထောင်ပြည့်၊ ဆွမ်းထောင်ပြည့်၊ အတီးအမှုတ်၊ အကအခုန်တို့ဖြင့် စွယ်တော်အား ပူဇော်ကြရာ ရပ်ကွက် ၁၈ ရပ်ကွက်တို့ မထွေးမရှုပ်ရအောင် ရှေ့နောက် အစီအစဉ် အဝင်အထွက်တို့ကို အဝရွှေပြည်စိုး “ဇေတရာဇ်”က စီမံခန့်ခွဲပေးလေသည်။

**■ စွယ်တော်မြတ်ပျောက်ကွယ်ခြင်း**

(ဤနေရာ၌ ဘဝရှင်မင်းတြားကြီးက ဆုလာဘ်အများ ပေးသနားတော်မူသော မြစ်သာမြစ်ရေအတွင်း စွယ်တော်တွေ့ရှင်းမှန်သူ မောင်ထွားနှင့် အဝရွှေမြို့တော်၊ ရွှေညောင်ပင်ရပ်မှ စာရေးတော်ကြီး၏သမီး ခင်လေးတို့၏ အာယောဂသင်္ဂဟဇာတ်လမ်း၊ ကြားမှ ဗိုလ်နိမ်ဗိုလ်မှူးရန်အောင်တို့၏ ဇာတ်ကြမ်းသည် အရေးကြီးသောအခန်းမှ ပါဝင်လာသည်။)

အကျဉ်းချုပ်ဆိုရသော် ကန့်ကော်မှ ပင့်ဆောင်၍ အဝမြို့တော်သို့ ရောက်ရှိလာသော ဘုရားသခင်၏ စွယ်တော်သည် တစ်နှစ်၊ ခုနစ်လ၊ နှစ်ဆယ့်ခုနစ်ရက် စေ့ရောက်သည့် ကောဇာသက္ကရာဇ် ၁၀၅၁ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ရုတ်တရက် ကွယ်ပျောက်သွားခဲ့သည်။ ရွှေပြည်စိုး “ဇေတရာဇ်”သည် မင်းတြားကြီး၏ အမိန့်တော်အရ ဗိုလ်မှူးကလေး ရန်အောင်အား စွယ်တော်ပျောက်သည့်အမှုကို ထောက်လှမ်းစုံစမ်းနိုင်းသည်။ ပုဏ္ဏားတို့ဟောကိန်းအရ စွယ်တော်သည် မူရင်းနေရာသို့ ပြန်လည်ရောက်ရှိသွားသည်ဟု ဆိုသည်။ ဤအချက်ကို ယောက်ရှု၍ ဗိုလ်မှူးရန်အောင်က မောင်ထွားအား စွယ်တော်ခိုးမှုဖြင့် ဖမ်းဆီးရန် သင့်တော်မည်ဟု ဆုံးဖြတ်သည်။ အမှန်မှာ ဗိုလ်မှူးရန်အောင် အသည်းစွဲချစ်လှစွာသော “ခင်လေး”၏ မေတ္တာပန်းခိုင်သည် မောင်ထွားဘက်သို့ တိမ်းညွှတ်ယိမ်းယိုင်သွားသည်ကို သိရှိရသောကြောင့် ချစ်မီးရန်စ၊ အာဃာတဖြင့် ဖမ်းဆီးနှိပ်စက်ရန် ကြံစည်ခြင်း ဖြစ်သည်။ မောင်ထွားမှာ ရာဇဝတ်ဘေးဖြင့် ပုန်းရှောင်သွားပါသော်လည်း နောက်ဆုံးတွင် အဖမ်းခံရပြီး တောင်စွယ် နေအကွယ်တွင် ၎င်း၏လည်ကုပ်ကို ဓားဖြင့်ခုတ်၍ အသတ်ခံရတော့မည့်အရေး ကြုံလာသည်။

တကယ်တော့ ပျောက်ဆုံးသွားသော စွယ်တော်မြတ်မှာ လောင်ထောင်ကင်းရွာ ရွာဦးထိပ်ရှိ ကုန်းမြင့်တစ်ခုပေါ်သို့ ရောက်ရှိသွားခြင်းဖြစ်ရာ လောင်ထောင်သူကြီးက တွေ့ရှိဖူးမြော် ပူဇော်၍ စေတီတည်ထား ကိုးကွယ်မည်ဟု ရွာသားအာလုံးကို ခေါ်ပြီး အုတ်ဖုတ်ကြရန် စေခိုင်းသည်။ ယင်းသတင်းကို ကြားသိ၍ မူရင်းကန့်ကော်ကျေးရွာနှင့် လောင်းထောင်ကျေးရွာတို့ ခိုက်ရန်ဖြစ်ပွားကြသည်။ စွယ်တော်မှာ ကန့်ကော်



www.burmeseclassic.com

www.burmeseclassic.com

ကျေးရွာသို့ ဥစ္စာမှန်၍ ပြန်လည်ရောက်ရှိသွားရာ လောင်ဇောင်သူကြီးက ယင်းကိစ္စကို လုံးဝအခဲမကျေဘဲ အငမြို့တော်ရှိ ရွှေနန်းတော်ထီးဘုရားထံ လျှောက်ထားတိုင်ကြားလိုက်သည်။ ထိုအခါကျမှ ဘဝရှင်မင်းတြားကြီးသည် မောင်ထွားအား စွယ်တော်သူခိုးဟု စွပ်စွဲသည်မှာ မှားလေစွဟု ဘေးမဲ့ပေးပြီးနောက် ထွားနှင့် ခင်လေးတို့ကို သင့်လျော်အောင်စီရင်လိုက်ကြဟု အမိန့်တော်မှတ်လေသည်။

## ■ စွယ်တော်မွေ့လျော်ရာ ကန့်ကော်မြေ

သက္ကရာဇ် ၁၀၆၀ ပြည့်နှစ်တွင် ဘဝရှင်မင်းတြားကြီး နတ်ရွာစံသဖြင့် သားတော် အိမ်ရှေ့မင်း "သီရိမဟာသီဟသူရ သုဓမ္မရာဇာ" ဘွဲ့ခံယူ၍ နန်းတက်တော်မူသည်။ ထိုမင်းလက်ထက် သက္ကရာဇ် ၁၀၆၁ ခုနှစ်၊ ဝါခေါင်လတွင် ကန့်ကော်စွယ်တော်ဂဒွိ ဒုတိယအကြိမ် ပင့်ဆောင်ပြန်ရာ ကန့်ကော်သို့ပင် ပြန်၍ ကြွမြန်းလေသည်။

သက္ကရာဇ် ၁၀၆၇ ခုနှစ်တွင်လည်း စွယ်တော်အား ကန့်ကော်မှ အဝသို့ ထပ်မံပင့်ဆောင်ပြန်ရာ အဝတွင် သုံးလသာ စံပယ်တော်မူ၍ ပြန်လည်ကာ ကြွမြန်းလေတော့သည်။ မင်းကြီးသည် အဝမှ ကန့်ကော်သို့ ခြေမြန်လွှတ်၍ ကြည့်စေသော် စွယ်တော်ကို တွေ့ရှိရ၍ (စွယ်တော်မြတ်သည် အဝနေပြည်တော်၌ မွေ့လျော်ခြင်းမရှိ၊ ကန့်ကော်၌သာ ပျော်မွေ့သည်ဖြစ်၍ စေတီတည်ပြီး ကိုးကွယ်ကြစေ။ တစ်ဆယ့်နှစ်မူသော မင်းရေးကိစ္စများလည်း လွှတ်ကင်းကြစေ၊ ဘုရားကိုသာ ပြုစုစောင့်ရှောက်ကြစေ)ဟု အမိန့်တော်ချမှတ်လိုက်သည်။ သို့ဖြင့် ကန့်ကော်ရွာသားတို့သည် စွယ်တော်မြတ်ဘုရားကို တည်ထားကိုးကွယ်ကြပြီး ကြည်ညိုသဒ္ဓါပြင်းပြစွာဖြင့် ပြုစုစောင့်ရှောက်ကြလေသည်။ မင်းကြီးသည် စေတီတော် တည်ထားကိုးကွယ်ရန်အတွက် ဝတ္တကနယ်မြေတို့ကို လှူတော်မူပြီးလျှင် သုံးနှစ်လျှင်တစ်ကြိမ်ကျ ဆင်တစ်စီးနှင့် မြင်းတစ်စီးတို့ကို လှူတော်မူခဲ့ကြောင်း သမိုင်းကြောင်းအရ သိရှိမှတ်သားရပါသည်။

## ■ စွယ်တော်ရှင်စေတီမြတ်၏ ထူးခြားချက်များ

စေတီတော်သည် တပေါင်းပွဲတော်ရဖြစ်၍ ထင်ရှားကျော်စောသည်။ ဆယ့်နှစ်လပတ်လုံး ရေချမ်းတို့ မပြတ်မလပ်၊ မခြောက်မသွေ့ဘဲ အမြဲစိမ်းလန်းစိုပြေ ရွှန်းဝေတင့်တယ်သည်။ တစ်နှစ်လျှင် (၁) တန်ဆောင်မုန်းပွဲတော်၊ (၂) တပေါင်းပွဲတော်၊ (၃) တန်ခူးပွဲတော်တို့ဖြင့် ပူဇော်ကြလေ့ရှိသည်။ စေတီတော်၏ ဗိနပ်တော်မှာ ၃၂ တောင် ဉာဏ်တော်အမြင့် ၃၉ တောင်၊ စေတီရံ ၇၇ ဆူနှင့် လိုဏ်ဂူတန်ဆောင်း၊ အုတ်ကျောင်းပြာသာဒ်၊ ဇရပ်ရေကန်၊ အာရုံခံအုတ်တိုက်တို့ဖြင့် ခမ်းနားစွာ တည်ရှိသည်။

ထိုသို့ ထင်ရှားကျော်စောသော စွယ်တော်ရှင်စေတီတော်ကြီး၏ ထူးခြားချက်မှာ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားချိန်၊ မြန်မာသက္ကရာဇ် ၁၃၀၅ ခုနှစ်၊ ကဆုန်လဆုတ် ၁ ရက်နေ့မှာ ပြာကျပျက်စီးအောင် ဗုံးမိုးရွာချခဲ့သော်လည်း ကြဲချအပ်သော ဗုံးတို့သည် စေတီတော်အထက်၌သာ ပေါက်ကွဲသွားသဖြင့် လုံးဝ ယိုယွင်းပျက်စီးမှု မရှိခြင်းဖြစ်ပါသည်။ ဤအချက်ကား ဇကံမုချ သမ္ဗုဒ္ဓ၏ လက်ျာစွယ်ဖြူ ကိန်းဝပ်တော်မူ၍ ဗုံးလက်နက်တို့ မပေါက်ကွဲသည့် အထောက်အထားတစ်ခုပင် ဖြစ်ပါတော့သည်။

## ■ နိဂုံး

အချုပ်အားဖြင့်ဆိုရသော် အဆိုတော် မြန်မာပြည်သိန်းတန် သီဆိုခဲ့သော "ယောသူတို့ရွာ" သီချင်းထဲကလိုပင် ထနောင်းပင်၊ ထန်းပင်၊ မန်ကျည်းပင်နှင့် ဝါးပင် ပေါများလှစွာသော (တစ်နည်းအားဖြင့်) ပင်နီချောနှင့် ယောထဘီ ထွက်ကုန်ပေါပါသော (တစ်နည်းအားဖြင့်) ပိတ်အကျီမှာ ကြွေတွေစီ၍ ကျောင်းကန်တွေပေါများလှပါသော ဂန့်ဂေါမြို့ကို လာရောက်လည်ပတ်ရင်း တစ်နှစ်လျှင် ပွဲတော်သုံးကြိမ် ကျင်းပပြုလုပ်လေ့ရှိသဖြင့် ထူးခြားသော ရှေးဟောင်းသမိုင်းဝင် စွယ်တော်ရှင်စေတီမြတ်ကို လေးမြတ်ကော်ရော် ဖူးမြော်ကြပါစို့ဟု လက်တို့၍ သတင်းပေးဖိတ်ခေါ်လိုက်ရပါသည်။


ဆွေမြင့်သူ(ကြေး/မြေ)

(ဝန်ခံချက် ။ ဦးအုံကြီးရေးသား ပြုစုခဲ့သော "အနောက်ဂန့်ဂေါ စွယ်တော်ရှင်သမိုင်း"စာအုပ်မှ ကောက်နုတ်ရေးသား ဖော်ပြအပ်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com



ရသေ့ပျံဂူ၏မုခ်အဝင်ဝမှ လှမ်းမြင်ရသော ကျောက်နံရံကမ်းပါးယံနှင့်မျက်နှာစာ အရွယ်အစား အမျိုးမျိုးရှိ ရုပ်ပွားတော်များ

# ရသေ့ပျံဂူတောင်

ရှယ်လီသိန်းမောင်(စိန်မိုက်ကယ်)


ကရင်ပြည်နယ်၏ မြို့တော်ဖြစ်သော ဘားအံမြို့သို့ တစ်ခါတစ်ခေါက် အလည်ရောက်စဉ် ကရင်ပြည်နယ်အတွင်းရှိ ကော့ကွင်းကျောက်ဂူ၊ ရသေ့ပျံကျောက်ဂူ၊ ဆဒ္ဒန်ကျောက်ဂူ၊ ဝဲပုံကျောက်ဂူ၊ ပဋ္ဌကျောက်ဂူ၊ ဘုရင်ညီနောင်ကျောက်ဂူတို့အနက် ရသေ့ပျံကျောက်ဂူ၏ သမိုင်းကြောင်း ရေးသားတင်ပြလိုက်ပါသည်။

ကရင်ပြည်နယ်ကို ဘားအံ၊ လှိုင်းဘွဲ့၊ ကော့ကရိတ်၊ မြဝတီ၊ ဖာပွန်၊ သံတောင်၊ ကြာအင်းဆိပ် စသည့်မြို့နယ်များဖြင့် ဖွဲ့စည်းထားပါသည်။ ဘားအံမြို့သည် သံလွင်မြစ်၏ ကျောက်စွန်းပေါ်တွင် တည်ရှိထားပြီး ရေနဂါးမင်းသမီးလေးနှင့် ဖားမင်းသားလေးမှ ရင်သွေးဖား တစ်ကောင်နှင့် နဂါးတစ်ကောင် ပေါက်ဖွားလာပြီး သံလွင်မြစ်အတိုင်း မျောလာရာ မောင်နှမမှန်း မသိဘဲ အစာမှတ်၍ လိုက်ရင်း သားချင်းမှန်း သိသွားသောအခါ နဂါးက ဖားကို မမျိုရက်ဘဲ ပြန်၍အန်ထုတ်သောနေရာအား ဘားအံရွာဟု ခေါ်ဆိုခြင်းဖြင့် ဖားစည်သံသည် ကရင်ပြည်နယ်၏ ဂုဏ်ကျက်သရေကိုဆောင်သော အထိမ်းအမှတ်ဖြစ်ခဲ့ ဖြစ်ခဲ့ရပါသည်။




www.burmeseclassic.com

သံလွင်မြစ်၏ စီးဆင်းသံ သည်လည်းကောင်း၊ တံတိုင်းသဖွယ် ဖြစ်နေသော ဒေါနတောင်တန်း၊ ဇွဲကပင်တောင်၊ တောင်ပိတောင်၊ ထမင်းဆုပ်တောင်၊ ဘားကပ်တောင်၊ တောင်ညိုတောင်၊ ရသေ့တောင်၊ ဘားမဲ့တောင်၊ ဖားပုတောင် စသည့် တောင်များသည် ဖားအံမြို့၏ သဘာဝအလှကို ဖော်ကျူးထားပါ သည်။ ထိုတောင်များအပြင် နဂါးပျံ တောင်သည်လည်း သမိုင်းဝင် တောင်တစ်တောင် ဖြစ်လာပါသည်။



ရသေ့ပျံဂူအတွင်းရှိ လျောင်းတော်မူနှင့် ရုပ်ပွားတော်များ

နဂါးပျံတောင်ခြေမှ ပေ ၁၅၀ ခန့် ထုတ်ချင်း ပေါက် သဘာဝကျောက်လိုဏ်ဂူတစ်ခုအတွင်း ရှေးဟောင်း နံရံကပ် အုတ်ခွက်ဘုရားများနှင့် တရားထူး ရရှိသည့် ရသေ့တစ်ပါးသည် တောင်ကိုဖောက်ကာ ကောင်းကင်သို့ ချာန်ဖြင့် ပျံတက်သွားသောကြောင့် ရသေ့ပျံတောင်ဟု ထင်ရှားခဲ့ပါသည်။ ရသေ့ပျံဂူတွင်း၌ နံရံကပ် တချို့သော ရုပ်ပွားတော်များ ပျက်စီးလျက် ရှိပါသည်။ စေတီ၊ ကျောက် ခက်ပန်းဆွဲများ၊ အုတ်ခွက်ရုပ်ပွားတော်များ စသည်တို့ဖြစ် ပြီး စာပေပညာရှင်များ၏ အဆိုအရ ရသေ့ပျံဂူတောင်၌ ရှိသော စေတီ၊ ဘုရားရုပ်ပွားတော်များမှာ ပုဂံခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ကုန်းဘောင်ခေတ် စသည့် ခေတ်အဆက်ဆက်က လက်ရာများ ဖြစ်သည်ဟု အဆိုရှိ ခဲ့ပါသည်။



# ရသေ့ပျံဂူ

ရသေ့ပျံဂူရှိ ကျောက်စာ

ရသေ့ပျံဂူဝတွင် တွေ့မြင်ရသော ရေကန်မှ အလွန်တန်ခိုးကြီးသော နတ်ရေကန်အဖြစ် တစ်မြို့လုံးက အလေးအနက် ထားကြပါသည်။ ဤရေကန်အတွင်းသို့ အမျိုးသမီးများ ဆင်းမိသော် ရေများ ခန်းခြောက်သွားပြီး လေကြီးမိုးကြီး တိုက်ခတ်သည်ဟု ယုံကြည်ကြသကဲ့သို့ ဂူအတွင်း ကျောက်စက်အိုင်သည်လည်း အမျိုးသမီးများ ဂင်ခပ်သော် အလိုအလျောက် ခန်းခြောက်သွားသည်ဟု အယူရှိကြပါသည်။

ရသေ့ပျံဂူ၏ မုခ်အဝင်ဝမှ လှမ်းမြင်ရသော မြေ ကွင်းမှာ ကျောက်နံရံ ကမ်းပါးယံနှင့် မျက်နှာစာများ အနှံ့ အစားအမျိုးမျိုးရှိ ရုပ်ပွားတော်များမှာ အုတ်ခွက်ဘုရား

www.burmeseclassic.com

www.burmeseclassic.com



ရသေ့ပျံဂူအတွင်းရှိ ဆုတောင်းပြည့်စေတီတော်


အဖြစ် တည်ရှိနေပါသည်။ ပထမဆုံးသော ဒါယကာမှာ မုတ္တမမြို့စားဖြစ်ပြီး တောတောင်ထူထပ်သောအရပ်၌ ပုန်းအောင်းနေစဉ်ကာလအတွင်း ဂူဘုရားနှစ်ဆူကို တည်ခဲ့သည်ဟု သမိုင်းအလိုအရ သိရှိရပါသည်။ ထိုဂူဘုရားနှစ်ဆူမှာ ကော့ဂွန်းဂူနှင့် ရသေ့ပျံဂူတို့ ဖြစ်ပါသည်။

မုတ္တမမြို့စားနှင့် ညီဖြစ်သူတို့သည် သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် စိတ်အားထက်သန်လာပြီး လူဝတ်ကြောင်ဘဝမှ ရသေ့အဖြစ်သို့ ကူးပြောင်းသွားလေ၏။ ညီဖြစ်သူမှာ ဗုဒ္ဓဉာဏရသေ့ ဟူသောဘွဲ့ကို ခံယူတော် မူသကဲ့သို့ အစ်ကိုဖြစ်သူ မုတ္တမမြို့စားသည်လည်း ဓမ္မဉာဏရသေ့ ဟူသောဘွဲ့တော် ခံယူတော်မူလေသည်။ ဗုဒ္ဓဉာဏရသေ့သည် မူလက ဘုရင်ဂျီလိုဏ်ဂူတော်တွင် တရားကျင့်ကြံပြီး ရသေ့ပျံဂူတွင် သာသနာပြုလုပ်ငန်းများ ပြုလုပ် ဆောင်ရွက်စဉ် တောင်ကိုဖောက်ကာ ကောင်းကင်သို့ ဈာန်ဖြင့် ပျံတက်သွားသဖြင့် ၎င်းတောင်ကို ရသေ့ပျံတောင် ဟု ယနေ့တိုင် ထင်ရှားလျက် ရှိပါသည်။

ဟောင်းနွမ်း ပျက်စီးနေသော စေတီ၏ ထီးတော်အား သက္ကရာဇ် ၁၃၆၀ ပြည့်နှစ် သီတင်းကျွတ်လပြည့်နေ့တွင် အသစ်ပြန်လည် လှူဒါန်းရာ ရသေ့ပျံဂူ ပဓာန ဆရာတော် ဦးဝိသုဒ္ဓိ နှင့် ရသေ့ပျံရွာ ဒါယကာ၊ ဒါယိကာမများ စုပေါင်းလှူဒါန်းသော အလှူမင်္ဂလာပွဲ ဖြစ်ခဲ့ပါသည်။ စေတီတော်ကြီးကို လည်း နှောင်းတန်ခူးလပြည့်နေ့တွင် မွမ်းမံပြင်ဆင်ကာ ရွှေသင်္ကန်းတော်များ ကပ်လှူတော်မူခဲ့ကြပါသည်။ အဖိုးတန်လှသော မြန်မာ့မြေပေါ်ဝယ် ယခုကဲ့သို့ ဆေးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ လောကီဈာန်၊ လောကုတ္တရာဈာန်တို့ဖြင့် တောင်ကိုဖောက်၍ ကောင်းကင်သို့ ပျံတက်သွားသော ဗုဒ္ဓဉာဏရသေ့၏ ရသေ့ပျံဂူသည် အဖိုးမဖြတ်နိုင်သော လိုဏ်ဂူတစ်ဂူ ဖြစ်ပါကြောင်းနှင့် ယခုအခါတွင် သဘာဝဘေးအန္တရာယ်ကြောင့် ဟောင်းနွမ်းပျက်စီးနေသော ဘုရား၊ ပုထိုး၊ စေတီ၊ ဂူတို့ အများအပြား ရှိကြပါသည်။ သာသနာတော်၏ အမွေအနှစ်ဖြစ်သော ဘုရား၊ ပုထိုး၊ စေတီ၊ ဂူတို့အား မွမ်းမံပြင်ဆင်ခြင်းသည်လည်း သာသနာတော်အား အဓွန့်ရှည် ခိုင်မြဲစေခြင်းပင် ဖြစ်ပါသည်။

သို့ပါ၍ သာသနာအမွေအနှစ်များအား မွမ်းမံပြင်ဆင်ရာ၌ စိတ်နှလုံးရွှင်ပြုံးစွာဖြင့် ကုသိုလ်ပါဝင်ကြပါရန် တလေးတစား အလေးထား၍ နှိုးဆော်တင်ပြလိုက်ပါသည်။

**ရှယ်လီသိန်းမောင်(စိန်မိုက်ကယ်)**



ရသေ့ပျံဂူဝမှ တွေ့မြင်ရသော နတ်ရေကန်



www.burmeseclassic.com

www.burmeseclassic.com

## တောင်တန်းသာသနာပြု ဆရာတော်ကြီး

# ဦးဥတ္တမသာရ

### ဟောကြားတော်မူသည့်

### တစ်ဂါထာလျှင် အဖိုးတစ်သိန်းထိုက်တန်သော

# သတာသဟာသဿကာရ နတ်ချစ်ဂါထာတော်များ



**နမော တဿ ဘဂဝတော အရဟတော**
**သမ္မာသမ္ဗုဒ္ဓဿ**

၁။ သကိံ ဒေဝ မဟာရာဇ၊
သဗ္ဘိ ဟောတိ သမာဂမော၊
သာ နံ ပါလေတိ သင်္ဂတိ၊
နာ, သဗ္ဘိ ဗဟုသင်္ဂမော။

၂။ သဗ္ဘိရေဝ သမာသေထ၊
သဗ္ဘိ ကုဗ္ဗေထ သန္ထဝံ၊
သတံ သဒ္ဓမ္မ မညာယ၊
သေယျော ဟောတိ န ပါပိယော။

၃။ ဇီရန္တိ ဝေ ရာဇရထာ သုစိတ္တာ၊
အထော သရီရမ္ပိ ဇရံ ဥပေတိ၊
သတဉ္စ ဓမ္မော န ဇရံ ဥပေတိ၊
သန္တော ဟဝေ သဗ္ဘိ ပဝေဒယန္တိ။

၄။ နဘံ စ ဒူရေ ပထဝီစ ဒူရေ၊
ပါရံ သမုဒ္ဒဿ တဒါဟု ဒူရေ၊
တတော ဟဝေ ဒူရတရံ ဝဒန္တိ၊
သတဉ္စ ဓမ္မော အသတဉ္စ ရာဇ။



www.burmeseclassic.com

www.burmeseclassic.com

၁။ မဟာရာဇ-အဆွေတော်မင်းမြတ်။ သဗ္ဗိ သူတော်ကောင်းတို့နှင့်။ သကိံဒေဝ၊ တစ်ကြိမ်တစ်ခါမျှသာလျှင်။ သမာဂမော ဟောတိ၊ အကြောင်းခွင့်ကြုံ၍ ပေါင်းဆုံမှီဝဲရပေ၏။ သာသင်္ဂတိ၊ ထိုတစ်ကြိမ်မျှ ပေါင်းဆုံမှီဝဲသောသူကို။ ပါလေတိ၊ ဘေးရန်မနှောင့် ချမ်းသာရောက်အောင် စောင့်ရှောက် ကယ်မနိုင်ပါပေ၏။

၂။ အသဗ္ဘိ တရားကင်းကွာသော သူယုတ်မာတို့နှင့်။ ဗဟုသင်္ဂမော၊ ကြိမ်ဖန်များစွာ ပေါင်းဆုံမှီဝဲရသော်လည်း။ နပါလေတိ၊ ဘေးရန်မနှောင့် ချမ်းသာရောက်အောင် မစောင့်ရှောက် မကယ်မနိုင်ပေ။

မဟာရာဇ၊ အဆွေတော်မင်းမြတ်။ တသ္မာ၊ ထို့ကြောင့်။ သဗ္ဘိရေဝ၊ သူတော်ကောင်းတို့နှင့်သာလျှင်။ သမာသေထ၊ ပေါင်းဆုံအမြဲ မှီဝဲဆည်းကပ်ရာ၏။

သဗ္ဘိ၊ သူတော်ကောင်းတို့နှင့်။ သန္ထဝံ၊ မိတ်ဆွေဖွဲ့ခြင်း ကျွမ်းဝင်ချဉ်းကပ်မှုကို။ ကုဗ္ဗေထ၊ ပြုရာ၏, ပြုပါလေ။ သတံ၊ ဘုရားအစရှိသော သူတော်ကောင်းတို့၏။ သဒ္ဓမ္မံ၊ ပစ္စုပ္ပန်သံသာနှစ်ဖြာ ကြီးပွားချမ်းသာကြောင်း ပုညကိရိယ ဗောဓိပက္ခိယ တရားကောင်းကို။ မညာယ၊ တစ်လုံးတစ်ပါဒ စ၍ ကောင်းစွာသိမြင်လာရသည်ရှိသော်။ သေယျာ ဟောတိ၊ တစ်နေ့တခြား ကြီးပွားချမ်းသာ မြင့်မြတ်လာနိုင်ပါပေ၏။ န ပါပိယော၊ ဆုတ်ယုတ်နိမ့်ကျခြင်း အလျဉ်းမရှိနိုင်ပေ။

၃။ မဟာရာဇ၊ အဆွေတော်မင်းမြတ်။ သုစိတ္တာ၊ မွမ်းမံခြယ်လှယ်၍ အဆန်းတကြယ် လုပ်ပြင်ခဲ့ကုန်သော။ ရာဇရထာ၊ မင်းရထားတို့သည်။ ဝေ၊ စင်စစ်ကေန် အမှန်ပင်။ ဇီရန္တိ၊ ဟောင်းနွမ်းဆွေးမြည့် တစ်နေ့နေ့တွင် ပျက်စီး၍ သွားကြရကုန်၏။

အထော၊ ထို့အပြင်။ သရီရမ္ပိ-ကျွေးမွေးသုတ်သင် နေ့စဉ်နှင့်အမျှ မွမ်းမံခြယ်သကာ တယုတယ စောင့်ရှောက်၍ နေကြရသော သူသူငါငါ ဤခန္ဓာကိုယ်ကြီးသည်လည်း။ ဇရံ-ဥပေတိ၊ ပြုပြင်ရင်းက အိုမင်းဆွေးမြည့် တရွေ့ရွေ့နှင့် ပျက်စီးသွားရမြဲသာတည်း။

သတဉ္စ ဓမ္မော၊ ပြုလည်းမပြု, ပြင်လည်းမပြင် ပင်ကိုမြဲတည် သူတော်ကောင်းတို့၏ တရားဖြစ်သော နိဗ္ဗာန်သည်ကား။ ဇရံ၊ ပျက်စီးယိုယွင်း ဆိတ်သုဉ်းခြင်းသို့။ န ဥပေတိ၊ ကမ္ဘာလုည့်ဖောက် ကပ်တွေပျောက်လည်း ဘယ်သောအခါမျှ မရောက်နိုင်ပါချေ။ သန္တော၊ ဘုရားအစရှိသော သူတော်ကောင်းတို့သည်။ သဗ္ဘိ သူတော်ဥစ္စာ ဘယ်ခါမပြတ် ထိုနိဗ္ဗာန်ချမ်းသာမြတ်ကိုသာလျှင်။ ဟဝေ၊ စင်စစ်ကေန် အမှန်ပင်။ ပဝေဒယန္တိ ထုတ်ဖော်မြွက်ဟ ပြောဆိုချီးကျူးကြလေကုန်၏။

၄။ မဟာရာဇ၊ အဆွေတော်မင်းမြတ်။ နဘံစ၊ ထက်လဟာပြင် မိုးကောင်းကင်သည်လည်း။ ပထဝီတော၊ မြေအပြင်မှ။ ဒူရေ၊ တစ်စပ်တည်းပင် ထင်ရစေကာ အလွန်ပင် ဝေးကွာလှချေ၏။ ပထဝီစ၊ မြေပြင်သည်လည်း။ နဘံတော၊ ထက်လဟာပြင် မိုးကောင်းကင်မှ။ ဒူရေ၊ တစ်စပ်တည်းပင် ထင်ရစေကာ အလွန်ပင် ဝေးကွာလှချေ၏။ သမုဒ္ဒဿ၊ တင်းကြမ်းရေပြင် ကမ်းမမြင်သော ပင်လယ်သမုဒ္ဒရာ၏။ ပါရံ-ပရတီရံ၊ ဟိုမှာဘက်ကမ်းသည်။ ဩရိမ့ တီရတော၊ ဤမှာဘက်ကမ်းမှ၊ ဒူရံ၊ မမှန်းဆနိုင်အောင် ဝေးကွာလှချေ၏။ ဩရိမ့တီရံ၊ ဤမှာဘက်ကမ်းသည်လည်း။ ပါရာ ပရတီရာ၊ ဟိုမှာဘက်ကမ်းမှ။ ဒူရံ၊ မှန်းဆမထင် အလှန်ပင် ဝေးကွာလှချေ၏။ တံ၊ ထိုစကားကို။ ဝါ။ ထိုသို့ပင်။ သန္တော၊ ဘုရားအစရှိသော၊ သူတော်ကောင်းတို့သည်။ အာဟု၊ ပြောဆိုတော်မူကြကုန်၏။

သတဉ္စ ဓမ္မော-သဒ္ဓမ္မော၊ သူတော်ကောင်းတို့၏ တရားသည်လည်း။ အသတံဓမ္မာ၊ မသူတော်တရားတို့မှ။ တတော၊ ထိုမိုးမြေနှစ်သွယ် ပင်လယ်နှင့် ကမ်းနှစ်ခုတို့ထက်။ ဟဝေ၊ စင်စစ်ကေန် အမှန်ပင်။ ဒူရ တရံ၊ အရှေ့, အနောက်၊ တောင်နှင့်မြောက်သို့ ထောက်ဆညှိနှိုင်း၍မရအောင် အလွန့်အလွန်ပင် ဝေးကွာလှချေ၏ ဟူ၍။ သန္တော၊ ဘုရားအစရှိသော သူတော်ကောင်းတို့သည်။ ဝဒန္တိ၊ မိန့်ဆိုတော်မူကြကုန်၏။

အသတဉ္စ ဓမ္မော-အသဒ္ဓမ္မော၊ မသူတော်တို့၏ တရားသည်လည်း။ သတံဓမ္မာ-သဒ္ဓမ္မာ၊ သူတော်ကောင်းတရားတို့မှ။ တတော၊ ထိုမိုးမြေနှစ်သွယ် ပင်လယ်နှင့် ကမ်းနှစ်ခုတို့ထက်။ ဟဝေ၊ စင်စစ်ကေန် အမှန်ပင်။ ဒူရတရံ၊ အရှေ့, အနောက်၊ တောင်နှင့်မြောက်သို့ ထောက်ဆနှိုင်းချိန်မရအောင် အလွန့်အလွန်ပင် ဝေးကွာလှချေ၏ ဟူ၍။ သန္တော၊ ဘုရားအစရှိသော သူတော်ကောင်းတို့သည်။ ဝဒန္တိ၊ မိန့်ဆိုတော်မူကြကုန်၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



# သာသနာပြုသူရဲကောင်း

## ချင်းတောင်တန်းသာသနာပြုဆရာတော်

# ဒေါက်တာအရှင်တေဇောသာရ

★ ကိုမောင်သန်းဝင်း

**ကျေးဇူးရှင်ဆရာတော်အား ကျေးဇူးဆပ်ကိုးကွယ်ခြင်း**

ယခင်ကာလက ချင်းပြည်နယ်ရှိ မြို့နယ်၊ လုံပီးရွာတွင် သီတင်းသုံး တော်မူသော ချင်းတောင်တန်းသာသနာ ပြုဆရာတော် ဦးဥတ္တမသာရနှင့် တီးတိန် ဆရာတော်တို့သည် ဗားလုံရွာ တွင် သာသနာပြုခဲ့ရာ တစ်ရွာလုံး ဗုဒ္ဓ ဘာသာဝင်များ ဖြစ်ခဲ့ကြသည်။

သို့သော် ဆရာတော် ပျံလွန်တော် ပြီးနောက် သာသနာပြုပုဂ္ဂိုလ်နှင့် ဝေး ပြီး အခြားဘာသာဝင်တို့၏ စည်းရုံး ကြောင့် အဘိုးအဘွားများ ဗုဒ္ဓဘာသာ ဝင်များ ဖြစ်ကြ သော်လည်း ကျန်မျိုးဆက် များသည် ဗုဒ္ဓဘာသာဝင်ပါဟု မပြော ရဲကြတော့ချေ။ အဘိုးအဘွားများ ကွယ် လွန်ကြသောအခါ အခြားဘာသာဝင်များ ဖြစ်သွားကြခြင်းဖြစ်သောကြောင့်ပါတည်း။

ယခုအခါ ဆရာတော် အရှင်တေ ဇောသာရ ဦးစာဆင်၍ သာသနာပြုခဲ့ သောကြောင့် ဗားလုံရွာတွင် ဘုန်းကြီး ကျောင်းနှင့် စေတီတည်ထားပေးနိုင်ခဲ့ပြီး ဗုဒ္ဓဘာသာဝင် မိသားစု အိမ် ၄၄ အိမ် ရှိနေပြီ ဖြစ်သည်။

ဆရာတော်သည် ကျေးဇူးရှင် ဆရာတော် ဦးဥတ္တမသာရ(ရေခူဆရာ တော်)ခင်းခဲ့သော လမ်းကြောင်းအတိုင်း လျှောက်လှမ်းပြီး ဆရာတော်ဩဝါဒ အတိုင်း ဦးလည်မသုန် ထမ်းရွက်နိုင်ခဲ့ ပြီဖြစ်သည်။ ဆရာတော်သည် တောင် တန်းသာသနာပြုဆရာတော်ဘုရားကြီး ဦးဥတ္တမသာရနှင့် နှစ်နှစ်တာကာလမျှ လက်တွဲ၍ သာသနာပြုခဲ့ဖူးပါသည်။

ဆရာ့ကျေးဇူး ဆပ်သည့်အနေဖြင့် **ဟားခါးမြို့အဝင် တောင်ထိပ်တွင် ဆရာတော်ကြီးဦးဥတ္တမသာရ တောင် ဝေးမျှော်လျက် မတ်တတ်ရပ်နေ သည့်ပုံတော်** ထားရှိထားပါသည်။ ကျောင်းတော်တွင်လည်း ပူဇော်ထားရှိ ရန် ပလ္လင်ပေါ်တွင် တောင်ဝှေးကိုင်ပြီး ထိုင်နေတော်မူသည့်ပုံ ဘန်ကောက်တွင် ဘတ်ငွေတစ်သိန်း အကုန်အကျခံ ထု လုပ်၍ ပူဇော်ထားရှိထားပါသည်။

❁

www.burmeseclassic.com

## သာသနာပြုခြင်း

ဆရာတော်အရှင်တေဇောသာရသည် ၂၀၀ ပြည့်နှစ်မှစ၍ ကမ္ဘာအေးကုန်းမြေတွင် နိုင်ငံတော်ဝိနည်းဓိုရ်ဘာဝန်ဖြင့် သံဃဝိနိစ္ဆယရေးရာများကို ဆောင်ရွက်ခဲ့သည်။

၂၀၀၁ ခုနှစ်တွင် ချင်းပြည်နယ်



ဆရာတော်ကြီး၏ ရုပ်ပွားတော်
(ဟားခါးမြို့တွင် ဖူးမြော်နိုင်သည်။)

အတွက် "အစိုးရနိကာယ်စာဖြေဌာန" ရရှိခဲ့ပြီး နိကာယ်ဆိုင်ရာ ကျမ်းစာများကို ပို့ချပေးခဲ့သည်။ ထိုနှစ်တွင်ပင် ပေ ၄၀ ပတ်လည် နှစ်ထပ် "သီရိရတနာ သွမ်းစားဆောင်" အား ငွေကျပ် ၅၅ သိန်း အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခဲ့သည်။

ထို့ပြင် ဟားခါးမြို့တွင် သင်္ကြန်တွင်းကာလ ခုနစ်ရက် ဝိပဿနာတရားစခန်းများ ဖွင့်လှစ်ခြင်း၊ ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်ပေးခြင်း၊ သင်္ကန်းပရိက္ခရာများ၊ သီလရှင်ဝတ်စုံများ အခမဲ့လှူဒါန်းပေးခြင်းဖြင့် သာသနာပြုနိုင်ခဲ့သည်။ အမြို့မြို့အနယ်နယ် တရားနာပရိသတ်များ လှူဒါန်းသော ဓမ္မပူဇာ အလှူငွေများဖြင့် ပြန်လည်ဒါနပြု သာသနာရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိနေပါသည်။

## ဆရာတော်၏ထေရုပ္ပတ္တိ

ဆရာတော် အရှင်တေဇောသာရ လောင်းလျာကို ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ အဘားကျေးရွာနေ ခမည်းတော် ဦးကြီးမြင့်၊ မယ်တော် ဒေါ်တင်တင်လှိုင်တို့မှ သက္ကရာဇ် ၁၃၂၄ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်၊ စနေနေ့တွင် မီးရှူးသန့်စင် ဖွားမြင်ခဲ့ပါသည်။

အသက် ၁၀ နှစ်သားအရွယ်မှစ၍ အလုံ အောင်အင်္ဂလာကျောင်းတိုက်တွင် ပညာသင်ကြားခဲ့ပြီး အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်း၊ ဓမ္မာစရိယတန်းတို့ကို အောင်မြင်ခဲ့သည်။ ရန်ကုန်မြို့ ပရိယတ္တိတက္ကသိုလ်၌ ပရိယတ္တိစာပေ လေးနှစ် သင်ကြားခဲ့ပါသည်။ ထိုမှ ချင်းပြည်နယ်၊ ဟားခါးမြို့သို့ သာသနာပြုတာဝန်ထမ်းဆောင်ရန် တစ်နှစ်စေလွှတ်ခြင်း ခံရပါသည်။

## ချင်းပြည်နယ်၊ ဟားခါးသို့ သာသနာပြုခရီး

ဆရာတော်တေဇောသာရသည် ၁၉၉၄ ခုနှစ်၊ သက်တော် ၃၁ နှစ်တွင် ချင်းတောင်တန်းသို့ စတင်ကြွရောက်တော်မူသည်။ အတက်ကြမ်းကြမ်း၊ အဆင်းခက်ခဲပြီး အေးလွန်းလှသော ရာသီဥတုဒဏ်ကို အန်တု၍ တောင်တန်းကြီးများပေါ်တွင် တောင်တန်းပျော်ဘဝဖြင့် သာသနာပြုဆောင်ရွက်နေသည်မှာ ၁၈ နှစ်တိုင်တိုင် ရှိနေပြီး သက်တော်မှာ ၄၉ နှစ်၊ သိက္ခာ ၃၀ ဝါ ရှိပြီဖြစ်ပါသည်။ နယ်စပ်တောင်တန်းဒေသတွင် ဗုဒ္ဓသာသနာ ရောင်ဝါထိန်လင်းရေးအတွက် တာဝန်ယူကာ သာသနာပြုလျက်ရှိနေပါသည်။

ချင်းပြည်နယ်၏ မြို့တော်သည် ဟားခါးမြို့ ဖြစ်သည်။ စစ်ကိုင်းတိုင်း၊ ကလေးမြို့နှင့် မိုင် ၁၂၀၊ မကွေးတိုင်း၊ ဂန့်ဂေါမြို့နှင့် ၈၆ မိုင် ကွာဝေးပြီး မြင့်မားသော ချင်းတောင်တန်းများကို ဗဟိုပြုလျက် ပင်လယ်ရေမျက်နှာပြင်အထက် ၆၁၂၀ တွင် မြို့တော်ကို တည်ထားပါသည်။

အလွန်အေးသော မြို့ဖြစ်ပြီး ဒီဇင်ဘာလတွင် ရေခဲသည်။ ပန်းသီး၊ သစ်တော်သီး၊ လိမ္မော်သီး၊ ဘောပတ်သီး၊ ဆတ်ချိုမာသီးတို့ လွန်စွာပေါပေါသည်။ နှစ်

www.burmeseclassic.com

www.burmeseclassic.com

ဆေးဂမုန်း၊ သံပယာစဉ်ဂမုန်း၊ တစ်ပင်တိုင် မြနန်းနွယ် စသည်များလည်း ရှိသည်။

တိုင်းရင်းသားများသည် တောင်ယာစိုက်ပျိုးရေးစနစ်ကို အဓိကလုပ်ကိုင်ကြသည်။ လက်ဖက်စိုက်ပျိုးခြင်း၊ နွားနောက်မွေးမြူခြင်း လုပ်ငန်းသည် ချင်းပြည်နယ်၏ အဓိကဒုတိယလုပ်ငန်း ဖြစ်သည်။

ချင်းပြည်နယ်သည် ချယ်ရီပန်း၊ မက်မွန်ပန်း၊ တောင်ဇလပ်ပန်းများ ဖူးပွင့်ဝေဆာလျက်ရှိသည်။ မြန်မာနိုင်ငံကို အင်္ဂလိပ်နယ်ချဲ့တို့က အနှစ် ၁၀၀ ခန့် အုပ်စိုးခဲ့သည်။ တောင်တန်း-ပြည်မ ခွဲ၍ အုပ်ချုပ်ခဲ့ပြီး ၎င်းတို့ သာသနာပြုလုပ်ငန်းကြောင့် တောင်တန်းဒေသများတွင် ၎င်းတို့၏ သာသနာ့အဆောက်အအုံများ ဘာသာရေးကောလိပ်ကျောင်းများစွာဖြင့် ခံ့ညားထည်ဝါစွာ တည်ဆောက်ပြီး သာသနာပြုခဲ့သည့်အတွက် တောင်တန်းဒေသများတွင် ဗုဒ္ဓဘာသာဝင် မရှိသလောက် ဖြစ်ခဲ့သည်။

သို့ဖြစ်၍ ဆရာတော်ကြီး ဦးဥတ္တမသာရမှ စတင်ကာ တောင်တန်းသာသနာပြုလုပ်ငန်း စတင်ခဲ့သည်။ ၎င်း၏နောက်မှတစ်ဖန် အရှင်တေဇောသာရမှ တောင်တန်းဒေသတွင် ဗုဒ္ဓသာသနာ ရောင်ဝါထွန်းလင်းစေရေးအတွက် ဆက်လက် လုပ်ဆောင်ခဲ့သည်။


## ရွှေကိုယ်တော်လေး

ဆရာတော် အရှင်တေဇောသာရသည် ချင်းပြည်နယ်သို့ ခြေချမိသည်နှင့် အသေစကား နားလည်ကျွမ်းကျင်အောင် လုပ်သည်။ တိုင်းရင်းသားတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးစံကို ထဲထဲဝင်ဝင် လေ့လာသည်။ ချင်းတိုင်းရင်းသားတို့နှင့် အကျွမ်းတဝင်ဖြစ်အောင်ပြုပြီး အလျဉ်းသင့်သလို တရားဓမ္မကို ဟောပြောသည်။

ဆရာတော်၏ ဝါယမစိုက်မှုကြောင့် ဗုဒ္ဓဘာသာသို့ သက်ဝင်ယုံကြည်လာသူများကို လက်ခံကြိုဆို၍ ဗုဒ္ဓဘာသာခံယူပွဲများ ပြုလုပ်ပေးသည်။ တိုင်းရင်းသားတို့၏ လူမှုဒုက္ခနှင့် ကျေးရွာဖွံ့ဖြိုးရေးများကို အားတက်သရောဆောင်ရွက်သည်။ မိဘမဲ့ရင်သွေးများ၊ ဆင်းရဲနွမ်းပါးသူများကို လက်ခံကျွေးမွေး၊ ကျောင်းထားပေးသည်။ ဗုဒ္ဓဘာသာလက်ခံယုံကြည်လာသည့် ကျေးရွာများတွင် ဘုရား၊ ကျောင်း၊ ကန် စေတီများ တည်ထားသာသနာပြုသည်။

ချင်းတိုင်းရင်းသားတို့သည် သာသနာပြုဆရာတော်လေး "အရှင်တေဇောသာရ"ကို "ရွှေကိုယ်တော်လေး"ဟု ခေါ်ကြသည်။

ဆရာတော်သည် အသားအရေ ဖြူဝင်းပြီး ရုပ်သွင်လက္ခဏာသန့်ပြန့်လျက် ရွှေရောင်အဆင်းဝင်းဝါသော သင်္ကန်းများကိုသာ ဝတ်ဆင်လေ့ရှိသောကြောင့် သင်္ကန်းရောင်သည် အသားအရေနှင့် လိုက်ဖက်လွန်း၍ ချင်းတိုင်းရင်းသားများက "ရွှေကိုယ်တော်လေး" ဟု ခေါ်ဝေါ်ကြခြင်း ဖြစ်သည်ဟူ၏။



ချင်းတောင်ပေါ်တွင် ဆရာတော်သာသနာပြုဘဝအစ
ဆင်းဆင်းရဲရဲနေထိုင်သီတင်းသုံးခဲ့ရသည့် ကျောင်းကလေး

## သာသနာပြု စွမ်းဆောင်ချက်များ

ဆရာတော် အရှင်တေဇောသာရသည် ချင်းပြည်နယ်၏ မြို့တော်ဖြစ်သော ဟားခါးမြို့တွင် ၁၉၉၅ ခုနှစ်က ချင်းပြည်နယ်၏ ပထမဆုံး စာသင်တိုက်အဖြစ် "မြို့မစာသင်တိုက်"ကို ဖွင့်လှစ်ခဲ့ပါသည်။ ထိုနှစ်တွင် "ချင်းပြည်နယ် ပထမပြန်စာဖြေဌာန" ရရှိခဲ့ပြီး ဓမ္မာစရိယတန်းအထိ စာပေများ ပို့ချခဲ့သည်။

သာသနာပြုကာလ ၁၄ နှစ်အတွင်း -

ချင်းတိုင်းရင်းသား ကိုရင်/သာမဏေ ၉၉ ပါး၊ ဓမ္မာစရိယ ဘွဲ့အောင်ရ

www.burmeseclassic.com

၂ ပါး၊ သာမဏေကျော်(လက်ာရ)ဘွဲ့ရ ၂ ပါး၊ လောကီတက္ကသိုလ် ဘီအေဘွဲ့ရ ၇ ပါး၊ ဝိနယဝိဒူဘွဲ့ရ ၅ ပါး၊ ဒီဃနိကာယဝိဒူဘွဲ့ရ ၁ ပါး၊ ဂန္ထဝါစကပဏ္ဍိတ(စာချ) ဘွဲ့ရ ၂ ပါး ပေါ်ထွန်းလာခဲ့သည်အထိ သာသနာပြုနိုင်ခဲ့သည်။

၁၉၉၆ ခုနှစ်တွင် "ဘုန်းတော်ကြီးသင် ပညာရေးကျောင်း"ကို တည်ထောင်ခဲ့သည်။ ယင်းကျောင်းတွင် လေးတန်းအထိ ပညာသင်ကြားပေးပြီး ဆက်လက်၍ ဟားခါးတွဲဘက် အ・ထ・ကတွင် သင်ကြားပေးသည်။ ၁၈ နှစ်အတွင်း ဆေးတက္ကသိုလ်(ရန်ကုန်)တွင် တတိယနှစ်(ဆေး)ပညာ သင်ကြားနေသော မောင်ညီသစ် အပါအဝင် ကျောင်းသားကျောင်းသူ ၇၇၅ ဦးကို မွေးထုတ်ပေးနိုင်ခဲ့သည်။

* မိဘမဲ့ ရင်သွေးများကို ကျွေးမွေးထောက်ပံ့ပညာသင်ပေးလျက် ရှိသည်။ ယခု တပည့်သံဃာ ၅၅ ပါး၊ မိဘမဲ့ ၆၅ ဦး၊ သီလရှင် ၁၂ ပါး ရှိသည်။

* ဟားခါးမြို့တွင် အမြင့်ပေ ၈၀၀၀ ကျော်ရှိ တောင်တန်းကြီးပေါ်တွင် ဉာဏ်တော် ၂၇ တောင်ရှိသော ကကုသန်စေဆီနှင့် ဝေယျာသိဒ္ဓိရုပ်ပွားတော်ကြီးကို တည်ထားပူဇော်ခဲ့သည်။ ကျပ် ၁၅၃ သိန်း ကုန်ကျသည်။

* ပြည်လုံးချမ်းသာ စေတီတော်ကြီးကိုလည်း ၂၀၀၂ ခုနှစ်က ဟားခါးမြို့တွင် တည်ထားလှူဒါန်းခဲ့သည်။ ငွေကျပ် ၁၁၅ သိန်း ကုန်ကျသည်။

* ၂၀၀၅ ခုနှစ်တွင် သာသနာပြုဘုန်းတော်ကြီးကျောင်း ငါးကျောင်းကို ဖွင့်လှစ်ခဲ့ပြီး သာသနာပြုမည့် ရဟန်းတော်များကိုလည်း စေလွှတ်ပေးနိုင်ခဲ့သည်။

* ကြေးဆင်းတုတော် ၉၀၀ လှူဒါန်းခြင်းဖြင့် ချင်းပြည်နယ်ကိုယ်စားပြု သာသနာ့ကျောင်းတော်ကြီးကို ရန်ကုန်မြို့တွင် တည်ထောင်ခဲ့သည်။

* ၂၀၁၀ ခုနှစ်တွင် စေတဝန်တောရ စာသင်တိုက်နှင့် တရားဓမ္မရိပ်သာ ဆောက်လုပ်သာသနာပြု လုပ်ဆောင်ခဲ့သည်။

* နဂါးရုံဘုရားကို တည်ထားခဲ့သည်။ ငွေကျပ် ၁၄၅ သိန်း ကုန်ကျ၏။

* ၂၀၁၀ ခုနှစ်တွင် တောင်တန်းကြီးပေါ်ရှိ ကိုးတောင်ပြည့်စေတီလေးကို ၁၈ တောင် ဉာဏ်တော်မြှင့်၍ ခြုံငုံတည်ခဲ့ပါသည်။

## သာသနာ့စွမ်းဆောင်ရည် ဘွဲ့ထူး၊ ဂုဏ်ထူး

ဆရာတော် အရှင်တေဇောသာရ၏ သာသနာ့စွမ်းဆောင်ရည်ကြောင့် သာသနာ့တက္ကသီလ ဓမ္မာစရိယဘွဲ့၊ ဂန္ထဝါစကပဏ္ဍိတဘွဲ့၊ မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့၊ ဒေါက်တာဘွဲ့၊ ဓမ္မကထိကဗဟုဇနဟိတဓရ ဘွဲ့များ ချီးမြှင့်ခြင်းခံရသည်။

## ဂမ္ဘီရဆန်သော ထူးခြားဖြစ်စဉ်များ

## ဗောဓိတစ်ထောင် ဆရာတော်ဘုရားကြီး ကြိုတင်နိမိတ်ပေးခြင်း

ဆရာတော်သည် ဗောဓိတစ်ထောင် ဆရာတော်ဘုရားကြီးကို ဂါဝရပြုစဉ် ဆရာတော်ဘုရားကြီးက "တောင်တန်းသာသနာပြု ကိုယ်တော်လေး မကြာမီ ဘုရားတည်မည်။ ဘုရားတည်သည့်အခါ ငါစွန့်ခဲ့တဲ့ ဗောဓိညောင်ပင်မှာ စိုက်ရမည်"ဟု ကြိုတင်နိမိတ်ပေးခဲ့သည်။

ဆရာတော်ဘုရားကြီး စွန့်ခဲ့သော ဗောဓိညောင်ပင်ကို ၂၀၁၀ ခုနှစ်တွင် ဒေသ'ဗုဒ္ဓဘာသာဝင်တို့နှင့် သစ္စာအောင်မြေ ကုန်းတော်ပေါ်တွင် အမှတ်တရ စိုက်ပျိုးခဲ့သည်။ ဟားခါးမြို့သည် ရေခဲ၍ အအေးလွန်ကဲသော ဒေသဖြစ်သဖြင့် ဗောဓိပင်စိုက်ပျိုးရာ၌ ပလတ်စတစ်မိုးကာအကြည်များဖြင့် ဖုံးအုပ်၍ နှင်းခါးမထိစေရန် အထူးဂရုပြု၍ စိုက်ပျိုးရသည်။

သီတင်းကျွတ်လ ရွှေတိဂုံပုံတူ သံသရာအေးစေတီတော်၏ အရံစေတီ ရှစ်ဆူ အကြမ်းတည်ပြီး တန်ဆောင်မုန်းလ ၁၃ ရက်နေ့မှစ၍ ငှက်ပျောဖူးမှ ဝလုံးသဏ္ဍာန် ရောင်ခြည်တော်လွှတ်ပါသည်။

သစ္စာအောင်မြေ ကုန်းပေါ်တွင် ပေ ၄၀ ကျယ်ဝန်းသော ကမ္မဋ္ဌာန်းကျောင်း ဆောက်လုပ်ရန် မြေကျင်းတူးစဉ် တွင်းထဲမှ ထူးဆန်းသော ရောင်ခြည်တန်းကြီး ကောင်းကင်ပေါ်သို့ ဖြာတက်သွား[illegible]သည်။

ဓာတ်တော်မွေတော်များကို အများကြည်ညိုနိုင်ရန် အပူဇော်ခံထားရှိသော သတစ်ညတွင် ထူးဆန်းသော လိပ်ပြာကြီးများ ထောင်သောင်းချီလာပြီး ဓာတ်တော်တွကို ဖူးခဲ့ကြပါသည်။

သစ္စာအောင်မြေကုန်းပေါ်တွင် နှင်းလည့်တရားဟော၍ရသော အလှူပွဲတွင်

www.burmeseclassic.com

များဖြင့် ခုနှစ်ရက် ခုနစ်လီ အလှူလုပ်ပြီး ၃၁ ဘုံသား ဝေနေယျများနှင့် ဘဝဆက် ပဋ္ဌာန်းဆက်ဆွေမျိုးများအား ကုသိုလ် အမျှပေးဝေရာ သာဓုခေါ်သံ ဘဝင်ညံခဲ့ ပါသည်။ ကောင်းကင်တစ်ခွင်ဝယ် တိမ် ညွှန့်တိမ်လိပ်များသည် ထူးဆန်းစွာ အသွင်သဏ္ဌာန်ပြောင်းပြီး နဂါးတစ် ကောင် အမြီးထောက်ပြီး အမောက် ထောင်နေသည့် ပုံသဏ္ဌာန် ပေါ်ခဲ့သည် ကို အရပ်လေးမျက်နှာမှ တွေ့မြင်ကြရ သည်။ သက်ဆိုင်ရာ ပဋ္ဌာန်းဆက်များ လာရောက်သာဓုခေါ်ခြင်း ဖြစ်မည်ဆို သည်။

ထူးဆန်းသော မြွေကလေးများ ဘုရားကုန်းတော်ပေါ်သို့ ဘုရားလာဖူး ကြသည်။ ဘုရားရုပ်ပွားတော်၊ ဘုရား ပလ္လင်ပေါ်တွင် တွေ့မြင်ရသည်။ ဆရာ တော် တရားအားထုတ်လျှင်လည်း ကော် ဇောပေါ်တွင် ငြိမ်သက်စွာနေကြသည်ကို တွေ့ရပြီး ကိုရင်ကလေးများက လက် နှင့်တို့ထိကြည့်လျှင်လည်း အန္တရာယ် မပေးပါ။

ကူမဲမြို့တွင် ဆရာတော်တရား ဟောစဉ် ဆရာတော်က မင်းတို့မြို့မှာ ဓာတ်ပုံရိုက်မှ နဂါးပုံပေါ်တာ ချင်းတောင် မှာ အမှုဝေတာနဲ့ တိမ်ညွှန့်၊ တိမ်လိပ် တွေက အသွင်သဏ္ဌာန်ပြောင်းပြီး နဂါး ပုံပေါ်တာဟု ပိတ်ကား(Projector) ထောင်၍ ဓာတ်ပုံတွေပြသောအခါ တရားနာပရိသတ်ထဲက အစိမ်းရောင် ဝတ်ထားသော အမျိုးသမီးတစ်ဦး တလူး လူးတလိမ့်လိမ့်နှင့် မြွေလိုသွားနေသည်။ ပရိသတ်လည်း တလှုပ်လှုပ်တရွရွနှင့်။ ဆရာတော်က ဘာဖြစ်တာလဲဟု မေး လေတော့ ပရိသတ်က နဂါးဝင်တာပါ ဘုရားဟု လျှောက်သည်။

ထိုအမျိုးသမီးသည် ဆရာတော်ရှိ ရာသို့ တွန့်လိမ်၍လာပြီး လက်အုပ်ချီ နဂါးလို အမောက်ထောင်ပြီး ဝေယျာ လုပ်ပြသည်။ ဆရာတော်က ပဋ္ဌာန်းစက် ရှိလျှင် ငြိမ်ငြိမ်နေပါဟု ပြောသောအခါ ငြိမ်သွားပါသည်။



ဘုရားတည်ထားအောင်မြင်ရန် ဆရာတော်ကိုယ်တိုင်ကြီးကြပ်စစ်ဆေး

### ဆရာတော် ဒေါက်တာဘွဲ့ရရှိခြင်းနှင့် သံသရာအေးစေတီတော် ရွှေထီးတင်ပွဲ အောင်မြင်စွာပြီးမြောက်ခြင်း

၂၀၁၁/၂၀၁၂ ခုနှစ်တွင် နယ် လှည့်တရားဟော၍ ရရှိသော အလှူ ငွေများဖြင့် တောင်ပေါ်ကားလမ်းဖောက် ခြင်း၊ လမ်းတံတားခင်းခြင်း အပါအဝင် ဒေသလိုအပ်ချက် သာသနာပြုလုပ်ငန်း များကို စုစုပေါင်း ၇၇၅ သိန်းကျပ် လှူ ဒါန်းခဲ့သည်။

Indian နိုင်ငံ၊ Kolkata မြို့ Indian Institute ၌ Oriental Heritape မှ ၅.၂.၂၀၁၂ နေ့တွင် ချီးမြှင့်သည့် Certificate for Hony Doctor of Oriental Learning (Ph. D, Buddhism India) ဒေါက်တာ ဘွဲ့ကို ရရှိခဲ့သည်။ ၂၅.၄.၂၀၁၂ ရက် နေ့တွင် ဟားခါးမြို့၌ သံသရာအေး စေတီတော် ရွှေထီးတင်လှူပွဲနှင့် တည် ဆောက်ပြီး သာသနိကအဆောက်အအုံ များ ရေစက်ချပွဲ သာသနာပြုအောင်ပွဲ ကြီးကို ပြုလုပ်နိုင်ခဲ့သည်။

### ဆရာတော်၏ သာသနာ့တာဝန်များ

ဟားခါးမြို့ မြို့မသာသနာ့ပြုစာ သင်တိုက်နှင့် ဓေတဝန်တောရကျောင်း

www.burmeseclassic.com



တိုက်တို့၏ ပဓာန နာယကဆရာတော် တာဝန်။

နိုင်ငံတော် ဗဟိုသံဃဝန်ဆောင် နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော် တာဝန်။

ဘုန်းတော်ကြီးသင် ပညာရေး၊ ပညာသင်ကြားမှု ကြီးကြပ်ရေး(ဗဟို)အဖွဲ့ (ချင်းပြည်နယ်) ဥက္ကဋ္ဌဆရာတော် တာဝန်။

နယ်စပ်တောင်တန်းဒေသ ဗုဒ္ဓသာသနာပြုရဟန်းတော်များအဖွဲ့ ဗဟိုခေါင်းဆောင် ဆရာတော်တာဝန်။

ချင်းပြည်နယ် ပထမပြန်စာမေးပွဲကျင်းပရေး ဗဟိုအဖွဲ့မှ ဒုတိယဥက္ကဋ္ဌဆရာတော် တာဝန်များဖြင့် သာသနာရေးဆိုင်ရာ ကိစ္စများကို ဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ တောင်တန်းဒေသ ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားရေးအတွက် တရားတော်များ လှည့်လည်ဟောပြောပြသပြီး ရရှိလာသော ဓမ္မပူဇာ အလှူငွေများဖြင့် တောင်တန်းဒေသတွင် ဘုရားတည်၊ ကျောင်းဆောက်ခြင်း၊ သာသနာပြု သံဃာတော်များအား ပစ္စည်းလေးပါးထောက်ပံ့ပေးခြင်း မိဘမဲ့ရင်သွေးများအား ပညာရေး ကျန်းမာရေး စားဝတ်နေရေးများ ထောက်ပံ့လှူဒါန်းပေးခြင်း။ ဗုဒ္ဓအဆုံးအမ ခံယူပွဲများ ပြုလုပ်ပေးခြင်း။ ဘာသာရေးအခြေခံသင်တန်းနှင့် သင်္ကြန်တွင်း တရားစခန်းဖွင့်လှစ်ပေးခြင်းတို့ဖြင့် သာသနာပြုလျက်ရှိနေပါသည်။

## နိုင်ငံတော်သမ္မတနှင့်တကွ ကြည်ညိုကြ

ဆရာတော်(ချင်းတောင်တန်းသာသနာပြုဆရာတော် ဒေါက်တာအရှင်တေဇောသာရ)အား နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒု-ဗိုလ်ချုပ်ကြီးမြင့်စိုး၊ ဗိုလ်ချုပ်ဇော်ဝင်း၊ ဗိုလ်ချုပ်လှထွန်း၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ ချင်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဟုန်းငိုင်းနှင့် ဗိုလ်ချုပ်၊ ဗိုလ်မှူးချုပ်၊ ဗိုလ်မှူးကြီး များစွာသော ပုဂ္ဂိုလ်ကြီးများက လာရောက်ကြည်ညို ပူဇော်ကြကြောင်း သိရှိရသည်။

## သာသနာပြုသူရဲကောင်း

(၁) ဗုဒ္ဓ၏ရင်သွေး သမိုင်းပေးတာဝန်၊ ကျေပွန်စွာထမ်းရွက်၊ တောင်တန်းထက်တစ်နေရာ၊ သာသနာပြုစိတ်ဓာတ်၊ မြင့်မြတ်စွာ အခြေတည်၊ စာမရီသားမျိုး၊ ဟေ့…ငါ တန်ခိုးရှိသည်။

(၂) ပုဂံပြည်အတိတ်သမိုင်း၊ စံနှိုင်းလို့သိမြင်၊ ရှင်အရဟံမထေရ်မြတ်၊ မိန့်အပ်သည့်တရား၊ နှလုံးသားသန္ဓေတည်၊ ပေါက္ကံပြည်နေဝန်းသစ်၊ ကျော်ရောင်အနော်ရထာ၊ သာသနာတစ်ခေတ်ပြောင်း၊ နိမိတ်ကောင်းအခြေခံ၊ ဟေ့…ငါ့ကံကို ငါယုံသည်။

(၃) ငါ့အနွယ် ငါ့အမျိုး ကိုးကွယ်သည့် ငါ့ဘာသာ၊ ခိုင်မာစွာထွန်းစေဖို့၊ မင်းတို့နေရာ၊ ဟေ့…ငါလာခဲ့ပြီ။

(၄) ငါလာပြီ ငါ့အလုပ်၊ ကျောက်ရုပ်လို ငါမကျင့်၊ အားမာန်နှင့် ရှေ့သို့လှမ်း၊ ကမ္ဘာဝါဒ အစွမ်းတွေ၊ တောင်တန်းပေါ်ဖြန့်လျက်၊ ငါ့အသက်သေပါစေ၊ ငါ့မြေ(ပြည်) ငါ့မြေတစ်ဝှမ်း၊ ဟေ့…ငါ့ဘာသာ လွှမ်းရင်တော့ပြီ။

(၅) အတုမရှိ အနန္တသာ၊ သမုတိသစ္စာအရှင်၊ အမှန်ပအကျိုးမြင်၊ အနန္တ တန်ခိုးတော်အရှင်၊ ငါ့အစဉ်ဦးထိပ်ထား၊ ငါ့နှလုံးသားမှာ ဘုရားတည်၊ ငါသည်ပင် ဗုဒ္ဓသား၊ ချောက်ချားမှုမရှိ၊ ငါ့ကတိ ငါ့သစ္စာ၊ အောင်မြေမှာကြွေးကြော်၊ ဤမြေပေါ် [illegible]ဝှမ်း၊ ဟေ့…ငါ့သာသနာ လွှမ်းစေရမည်။

(ချင်းတောင်တန်းသာသနာပြု ဆရာတော် ဒေါက်တာအရှင်တေဇောသာရ၏ ၁၂.၁၂.၁၉၉၅ ရက်နေ့တွင် ခံစားရေးဖွဲ့ထားသည့် ကဗျာဖြစ်သည်။)

ကိုဝေလင်းသန့်ဆင်း



www.burmeseclassic.com


www.burmeseclassic.com

# ရောင်ပြန်မဂ္ဂဇင်း ပြက္ခဒိန်


## ၁၃၇၅ ခုနှစ်၊ တပေါင်းလ-နှောင်းတန်ခူးလ

## 2014 March


| | | |
|---|---|---|
| စနေ Saturday | 1 ၁ | |
| တနင်္ဂနွေ Sunday | 2 ၂ တောင်သူလယ်သမားနေ့ ရက်ရာဇာ ရက်ယုတ်မာ | |
| တနင်္လာ Monday | 3 ၃ အမြိတ္တာစုတ်ရက် | |
| အင်္ဂါ Tuesday | 4 ၄ | 18 ၃ |
| ဗုဒ္ဓဟူး Wednesday | 5 ၅ ရက်ရာဇာ မဟာရက်ကြမ်း | 19 ၄ ရက်ရာဇာ |
| ကြာသပတေး Thursday | 6 ၆ | 20 ၅ မဟာရက်ကြမ်း |
| သောကြာ Friday | 7 ၇ | 21 ၆ |
| စနေ Saturday | 8 ၈ | 22 ၇ |
| တနင်္ဂနွေ Sunday | 9 ၉ ရက်ရာဇာ | 23 ၈ ရက်ရာဇာ အမြိတ္တာစုတ်ရက် |
| တနင်္လာ Monday | 10 ၁၀ | 24 ၉ |
| အင်္ဂါ Tuesday | 11 ၁၁ | 25 ၁၀ |
| ဗုဒ္ဓဟူး Wednesday | 12 ၁၂ ရက်ရာဇာ | 26 ၁၁ ရက်ရာဇာ |
| ကြာသပတေး Thursday | 13 ၁၃ | 27 ၁၂ တပ်မတော်နေ့ |
| သောကြာ Friday | 14 ၁၄ | 28 ၁၃ |
| စနေ Saturday | 15 ၁၅ တပေါင်းလပြည့် | 29 ၁၄ |
| တနင်္ဂနွေ Sunday | 16 ၁ ရက်ရာဇာ | 30 ၁၅ တပေါင်းလကွယ် |
| တနင်္လာ Monday | 17 ၂ ရက်ယုတ်မာ | 31 ၁ |



၁၅. ၃. ၂၀၁၄ (တပေါင်းလပြည့်)



စန်းပြောင်းရက်စွဲ



၃၀. ၃. ၂၀၁၄ (တပေါင်းလကွယ်)

### ၂၀၁၄ ခုနှစ်၊ မတ်လအတွင်း ဂြိုဟ်ပြောင်းချိန်

တနင်္ဂနွေသည် - ၁၄. ၃. ၂၀၁၄ သောကြာနေ့ ည ၁၁ နာရီ ၄၅ မိနစ် ၉ စက္ကန့်တွင် မိန်ရာသီသို့ ပြောင်းသည်။

အင်္ဂါသည် - ၁. ၃. ၂၀၁၄ စနေနေ့တွင် တူရာသီ၌ ဝကြသွားသည်။
၂၅. ၃. ၂၀၁၄ အင်္ဂါနေ့ နံနက် ၁၁ နာရီ ၅၉ မိနစ် ၁၉ စက္ကန့်တွင် ကန်ရာသီသို့ ပြန်ဝင်သည်။

ဗုဒ္ဓဟူးသည် - ၁၂. ၃. ၂၀၁၄ ဗုဒ္ဓဟူးနေ့ နံနက် ၁၀ နာရီ ၆ မိနစ် ၁၆ စက္ကန့်တွင် ကုံရာသီသို့ ပြောင်းသည်။

ကြာသပတေးသည် - ၆. ၃. ၂၀၁၄ ကြာသပတေးနေ့မှစ၍ မေထုန်ရာသီ၌ သမပြန်သွားသည်။

သောကြာသည် - မကာရရာသီသို့ ပြောင်းသည်။

စနေသည် - ၂. ၃. ၂၀၁၄ တနင်္ဂနွေနေ့မှစ၍ တူရာသီ၌ ဝကြသွားသည်။

ရာဟုသည် - တူရာသီသို့ ပြောင်းသည်။

(၃. ၃. ၂၀၁၄)ရက်နှင့် (၂၃. ၃. ၂၀၁၄)ရက်တို့သည် အမြိတ္တာစုတ် ကျ၍ အကောင်းဆုံးရက်များ ဖြစ်သည်။

### အမြိတ္တာစုတ်ရက်မှာ လုပ်ဆောင်စရာ

*တနင်္ဂနွေသားသမီးသည်* အနောက်မြောက်အရပ်တွင် ထောက်ကြံ့ပင် စိုက်ပါ။

*တနင်္လာသားသမီးသည်* အရှေ့အရပ်တွင် ဩဇာပင် စိုက်ပါ။

*အင်္ဂါသားသမီးသည်* အနောက်တောင်အရပ်တွင် ခရေပင် စိုက်ပါ။

*ဗုဒ္ဓဟူးသားသမီးသည်* မြောက်အရပ်တွင် စိန်ပန်းပင် စိုက်ပါ။

*ကြာသပတေးသားသမီးသည်* အနောက်အရပ်တွင် လောက်သေပင် စိုက်ပါ။

*သောကြာသားသမီးသည်* တောင်အရပ်တွင် ပိတောက်ပင် စိုက်ပါ။

*စနေသားသမီးသည်* အရှေ့တောင်အရပ်တွင် သစ်အုံး သစ်အယ်ပင် စိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

# စိုက်ပျိုးရေးရာ တစ်လတာ

## ၂၀၁၄ ခုနှစ်၊ မတ်လအတွက်

❐ တောကကိုရင်

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အဓိကထားရသည့် စိုက်ပျိုးရေး နိုင်ငံတစ်နိုင်ငံ ဖြစ်လေသည်။ မိမိတို့နိုင်ငံသားများမှာလည်း မြေသားကို ချစ်ခင်သူများပီပီ မြေသားကို တွေ့လျှင်ဖြင့် တူးဆွစိုက်ပျိုးလိုကြပေသည်။ "စားပါစိုက်ပါ ...စိုက်ပါပျိုးပါ တို့များ မြေပဒေသာ"ဆိုသော စကားနှင့်အညီ အာဟာရလည်းဖြစ်၊ ဗီတာမင်ဓာတ်လည်း ကြွယ်ဝသည့် သစ်ပင်သီးနှံများကိုလည်း စိုက်ပျိုးကြကုန်၏။ ဝေဆာလှပသည့် ပန်းမာလာများကိုလည်း စိုက်ပျိုးကြကုန်၏။ ထိုအခါဝယ် စိုက်ပျိုးရေးရာအတွက် အကျိုးဖြစ်ထွန်းဖို့ရာ အလို့ငှာ လောကီရေးရာကို တင်ပြလိုက်ရပါသည်။

၁။ **သီးနှံမျိုးစေ့ကြဲဖို့ရာ**

မတ်လ (၂)၊ (၃)၊ (၅)၊ (၇)၊ (၁၀)၊ (၁၃)၊ (၁၉)၊ (၂၆) စသောရက်များသည် သီးနှံမျိုးစေ့များ ကြဲဖို့ရာအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၂။ **အပွင့်၊ အသီး၊ အနှံ၊ အရွက်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်းရွှေ့စိုက်ခြင်းတို့အတွက်**

မတ်လ (၁)၊ (၉)၊ (၁၀)၊ (၁၁)၊ (၁၉)၊ (၂၅)၊ (၂၆)၊ (၃၀)၊ (၃၁) စသောရက်များသည် အပွင့်၊ အသီးအနှံ၊ အရွက်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ပျိုးခြင်း၊ နေရာပြောင်းရွှေ့စိုက်ပျိုးခြင်းတို့အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၃။ **ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုးရန်၊ အကိုင်းအခက်များ ခုတ်ရန်အတွက်**

မတ်လ (၃)၊ (၉)၊ (၁၀)၊ (၁၂)၊ (၂၀)၊ (၂၉)၊ (၃၀) စသောရက်များသည် အမြစ်၊ အပင်များ စိုက်ပျိုးရန်နှင့် အကိုင်းအခက်များ ခုတ်ရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၄။ **ထွန်ယက်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်ချုံနွယ် မီးရှို့ခြင်း၊ သီးနှံရိတ်သိမ်းခြင်းနှင့် ဥအမြစ်များ တူးရန်အတွက်**

မတ်လ (၂)၊ (၉)၊ (၁၀)၊ (၁၃)၊ (၁၉)၊ (၂၇)၊ (၂၈) စသောရက်များသည် ထွန်ယက်စိုက်ပျိုးခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်ချုံနွယ်တို့ကို မီးရှို့ခြင်း၊ သီးနှံရိတ်သိမ်းခြင်း၊ ဥအမြစ်တူးခြင်းတို့အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

**တောကကိုရင်**



www.burmeseclassic.com

www.burmeseclassic.com

# သည်လမွေးအတွက် ကံစာတာ

## ၂၀၁၄ ခုနှစ်၊ မတ်လအတွက်

■ ဆရာမိုးဟန်ကြွယ်

အလုပ်ကိစ္စအတွက် ငွေကြေးအကူအညီများ တောင်းရလိမ့်မည်။ ဘာသာရေးကိစ္စများ ဆောင်ရွက်ရတတ်သည်။ မျက်စိတွင်သော်လည်းကောင်း၊ မျက်နှာတွင်သော်လည်းကောင်း အပူနာများ ပေါက်တတ်သည်။ စကားပြောမှား၍ ပြဿနာဖြစ်တတ်သည်။ ဖခင်နှင့်ပတ်သက်သော ပုဂ္ဂိုလ်များ၏ အကျိုးပြုခြင်းကို ခံရမည်။ အိမ်ထောင်ရေးကိစ္စများတွင် ကြားဝင်ဖျန်ဖြေရတတ်သည်။ အိမ်မြေ၊ ရတနာ ဝင်ကိန်းရှိသည်။ စက်မှုနှင့်ဆိုင်သော အလုပ်များကို လုပ်ရတတ်သည်။ ရပ်ဝေးမှချစ်သူ ရောက်လာတတ်သည်။ စီးပွားရေးအလုပ်ကိစ္စများတွင် အပြိုင်အဆိုင် လုပ်ကိုင်ရမှုများ ရှိလိမ့်မည်။ မောင်နှမသားချင်းများနှင့် အယူအဆသဘောထားများ ကွဲလွဲလိမ့်မည်။ အထက်လူကြီးများနှင့် တွေ့ဆုံရတတ်သည်။ အပူဝေဒနာများ ခံစားရတတ်ပါသည်။

အလုပ်လုပ်လျှင် စပ်တူအလုပ်များကို မလုပ်သင့်သေးပါ။ နာမည်ဂုဏ်သိက္ခာ ထိခိုက်မှုများ ဖြစ်တတ်ပါသည်။ ချစ်သူမရှိသေးပါက မမျှော်လင့်ဘဲ ချစ်သူရှိလာတတ်သည်။ ဝန်ထမ်းဖြစ်ပါက သင်တန်းတက်ရလိမ့်မည်။ စီးပွားရေး လုပ်ငန်းများတွင် ငွေကြေးအရင်းအနှီး နည်းပါးမှု ပြဿနာများ ကြုံရတတ်သည်။ အိပ်မရသော ညများ များနေလိမ့်မည်။ ငွေကြေးအဝင်အထွက်က များနေလိမ့်မည်။ တစ်ပါးသူကိစ္စများကို ကူညီရန် မသင့်သေးပါ။ မိဘများထံမှ အမွေ (သို့မဟုတ်) ငွေကြေးများ ရရှိလာတတ်သည်။ နိုင်ငံခြားခရီး ထွက်ရတတ်သည်။ အိမ်ထောင်ရေးအဆင်ပြေမည်။ ချစ်သူအတွက် စိတ်ချမ်းသာမှုရှိမည်။

ကျန်းမာရေးအားဖြင့် မူးဝေသော ဝေဒနာ ခံစားရတတ်သည်။ မြစ်ကူးချောင်းခြား ခရီးမသွားသင့်သေးပါ။ ငွေကြေးကိစ္စများအတွက် စိတ်ပင်ပန်းမှုရှိမည်။ ရပ်ဝေးမှ သားသမီးများ ရောက်လာတတ်သည်။ ချစ်သူရှိသူများ မမျှော်လင့်ဘဲ လက်ထပ်ရတတ်သည်။ လုပ်ဖော်ကိုင်ဖက်အချင်းချင်း ကလိမ်ကျမှုမျိုးနှင့် ကြုံရတတ်သည်။ ရွှေထည်ပစ္စည်း အရောင်းအဝယ်ကိစ္စတွင် အရှုံးပေါ်တတ်သည်။ ဝေးလံသော အရပ်ဒေသသို့ သွားရတတ်သည်။ ရပ်ဝေးရှိ သားသမီးများနှင့် ဆုံတွေ့ရတတ်သည်။ မင်္ဂလာရှိသော ကိစ္စများနှင့် ကြုံတွေ့ရတတ်သည်။ ချစ်သူရှိသူများ ချစ်သူထံသွားရတတ်ပါသည်။ လုပ်ငန်းအသစ်များလည်း လုပ်ကိုင်ရပါလိမ့်ဦးမည်။ စီးပွားရေးကိစ္စရပ်များတွင် အောင်မြင်မှုများ ရရှိတတ်သည်။ နှလုံးအားနည်းသော ဝေဒနာနှင့် ကြုံမည်။ အလှူဒါနပြုရတတ်သည်။ အလုပ်ကိစ္စအတွက် နိုင်ငံရပ်ခြားသို့ သွားရောက်ရတတ်သည်။ အိမ်ထောင်ဘက်၏ ကျန်းမာရေးကို ဂရုစိုက်ပေးဖို့ လိုမည်။ သားသမီးများ မွေးစားရတတ်သည်။ မိမိနှင့် အတူနေသူသည် မမျှော်လင့်ဘဲ ရပ်ဝေးသို့ ခွဲခွာရွှေ့ပြောင်းသွားတတ်သည်။ ငွေကြေးလုပ်ငန်း၊ တောထွက်တွင်းထွက်ပစ္စည်းများ၊ ဆေးဝါးလုပ်ငန်းများ အကျိုးပေးတတ်ပါသည်။ အလောင်းအစား၊ အပျော်အပါး ရှောင်ကြဉ်ပါ။ မမျှော်လင့်ဘဲ လက်ဆောင်ပစ္စည်းများ ရရှိတတ်ပါသည်။

**ဆေတြာပြုလိုပါက** . . . ကောက်ညှင်းပြုန်ပေါင်းအား ဘုရားတွင် လှူပါ။ သက်ကြီးရွယ်အို ကလေးသူငယ်များအား ဒါနပြုပါ။

■ ဆရာမိုးဟန်ကြွယ်

www.burmeseclassic.com

# သည်တစ်လမှာ ဆောင်ရွက်ပါ

## ၂၀၁၄ ခုနှစ်၊ မတ်လအတွက်

နေမျိုးထွဋ်ခေါင်

၁။ မတ်လ (၂)၊ (၄)၊ (၇)၊ (၁၂)၊ (၁၈)၊ (၂၂) စသော ရက်များသည် **'နန္ဒာတိထိ'**တွင် ကျရောက်လေရာ ထိုရက်များ၌ ဘုရားတည်ခြင်း၊ ဂူ,ကျောင်း,ဇရပ်တို့ ဆောက်လုပ်လှူဒါန်းခြင်း၊ တံတားခင်းခြင်း၊ ပျိုးကြဲခြင်း၊ ကောက်စိုက်ခြင်း၊ သစ်ပင်စိုက်ခြင်း၊ မြေတူးဆွခြင်း လုပ်ငန်းများကို လုပ်ကိုင်နိုင်ပါသည်။

၂။ မတ်လ (၃)၊ (၈)၊ (၁၃)၊ (၁၉)၊ (၂၃)၊ (၂၈) စသောရက်များသည် **'ဘဒြာတိထိ'**တွင် ကျရောက်လေရာ ထိုရက်များ၌ အမည်ပေးကင်ပွန်းတပ်ခြင်း၊ နားထွင်းမင်္ဂလာ ပြုလုပ်ခြင်း၊ ထိမ်းမြားမင်္ဂလာ ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်နိုင်ကြပါသည်။

၃။ မတ်လ (၉)၊ (၁၄)၊ (၂၄)၊ (၂၉) စသော ရက်များသည် **'ဇယာတိထိ'**တွင် ကျရောက်လေရာ ထိုရက်များ၌ စစ်ချီခြင်း၊ စစ်တက်ခြင်း၊ ကင်းလှည့်ခြင်း၊ ကင်းချခြင်း၊ သစ္စာဆိုခြင်း၊ စုံစမ်းထောက်လှမ်းခြင်း စသော အမှုကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

၄။ မတ်လ (၅)၊ (၁၀)၊ (၁၅)၊ (၂၀)၊ (၂၅)၊ (၃၀) စသောရက်များသည် **'ရိတ္တာတိထိ'**တွင် ကျရောက်လေရာ ထိုရက်များ၌ ဆေးဖော်ခြင်း၊ ဆေးထိုးခြင်း၊ လက်ဖွဲ့ထိုးခြင်း၊ သိဒ္ဓိတင်ခြင်း၊ ပစ္စည်းသိမ်းခြင်း၊ သစ်ပင်ခုတ်ခြင်း၊ လှေကားထောင်ခြင်း စသော အမှုကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

၅။ မတ်လ (၁)၊ (၁၆)၊ (၁၁)၊ (၁၆)၊ (၁၇)၊ (၂၁)၊ (၂၆) စသောရက်များသည် **'ပုဏ္ဏာတိထိ'**တွင် ကျရောက်လေရာ ထိုရက်များ၌ ရတနာပစ္စည်းများ ရောင်းဝယ်ခြင်း၊ ရှင်ပြုခြင်း၊ ပဋ္ဌာန်းခံခြင်း စသော အမှုကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

၆။ မတ်လ (၃)၊ (၂၃) စသောရက်များသည် **'အမြိတ္တစုတ်'**တွင် ကျရောက်လေရာ မည်သည့်အနှောင့်အယှက် အခက်အခဲနှင့် ကြုံတွေ့စေရကာမူ အောင်မြင်ပြီးမြောက်စွာ ဆောင်ရွက်နိုင်ကြပါသည်။

၇။ မတ်လ (၂)၊ (၅)၊ (၉)၊ (၁၆)၊ (၂၃)၊ (၂၆) စသော ရက်များသည် **'ရက်ရာဇာ'**တွင် ကျရောက်လေရာ ထိုရက်များ၌ လူမှုရေးကိစ္စများ၊ ဘာသာရေးကိစ္စများ၊ စီးပွားရေးကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

ထို့ပြင်တစ်ဝ ကောင်းသောကမ္ဘာ့မြေခံနှင့် တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ ကိတ်အစရှိသော တီထိမြေခံများတွင် အဆောက်အဦဆောက်လုပ်ခြင်း၊ မြေတူးဆွခြင်းများကို ဆောင်ရွက်နိုင်ကြပါသည်။

နေမျိုးထွဋ်ခေါင်

www.burmeseclassic.com

# သည်လအတွက် ကောင်းသောရက်

## ၂၀၁၄ ခုနှစ်၊ မတ်လအတွက်

**နွယ်သာကီအောင်**

နေရှိန်လောင်းသည့် နွေမိန်တပေါင်းသို့ ရောက်ခဲ့ပြန်ချေပြီ။

ပင်အိုပင်မြင့် အထီးကျန်ကိုင်းခြောက်ထက်မှာတော့ နွေတွေးရင် ဥသြငှက်သည် လွမ်းတေးကို ကျူးရင့်ရင်း အဖော်ပျောက်ကို ရှာဖွေနေလေသည်။ ဆောင်းခြေရာနှင်းပွင့်တို့လည်း ဟိုးဝေးဝေးမှာ ကျန်ရစ်ခဲ့လေပြီ။ နှင်းစက်နှင်းမှုန်များအစား အပူရိပ်ငွေ့ တံလှပ်အခိုးများက ခင်တန်းအနှံ့ မြိုင်ဝဋ္ဌာအနှံ့ နေရာယူကြလေပြီကော။ အပူကာလကို အလှူဒါန ပြုလျက်ရှိသည့် ကာလမှာပင် မိမိတို့ လောကီလူသားများ အနေဖြင့် အခြေခံကျသော စားဝတ်နေမှုကိစ္စများကို ရင်ဆိုင်ဖြေရှင်းနေကြရသည်။ အခြေတိုးမြင့် ကျန်ကောင်းသင့်ဖို့အတွက် လှုပ်ရှားနေကြရသည်။ ဤ၌ လောကီအကျိုး ရှိရာရှိကြောင်းဟာ…

### ၁။ နေအိမ်တိုက်တာဝယ်ဖို့ရာ

မတ်လ (၃)၊ (၁၂)၊ (၁၃)၊ (၁၄)၊ (၁၅)၊ (၂၃) စသောရက်များသည် နေအိမ်တိုက်တာများ ဝယ်ယူရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၂။ ကား/ယာဉ်စုံစွာ ဝယ်ဖို့ရာ

မတ်လ (၁၉)၊ (၂၆)၊ (၂၇) စသော ရက်များသည် မော်တော်ကားနှင့်တကွ ယာဉ်အမျိုးမျိုးကို ဝယ်ယူဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၃။ ငါး၊ ရေသတ္တဝါဖမ်းဖို့ရာ

မတ်လ (၂)၊ (၃)၊ (၁၂)၊ (၁၃)၊ (၂၁)၊ (၂၇)၊ (၂၉) (၃၀) စသောရက်များသည် ရေနေသတ္တဝါများဖြစ်ကြသည့် ငါးများ၊ ပုစွန်များ အစရှိသည်တို့ကို ဖမ်းယူဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၄။ ရွှေတွင်း/ကျောက်တွင်းများ တူးဖို့ရာ

မတ်လ (၂)၊ (၃)၊ (၇)၊ (၁၂)၊ (၁၄)၊ (၂၁)၊ (၂၆)၊ (၃၀) စသောရက်များသည် ရွှေတွင်း၊ ကျောက်တွင်းများ တူးဖော်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၅။ အမည်ပေးရာ၊ ဆိုင်းဘုတ်တင်ရာ

မတ်လ (၂)၊ (၃)၊ (၅)၊ (၇)၊ (၁၀)၊ (၁၉)၊ (၂၆)၊ (၃၀) စသောရက်များသည် အမည်ပေးရန်၊ ဆိုင်းဘုတ်တင်ရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၆။ လက်ထပ်မင်္ဂလာ ကျင်းပရာ

မတ်လ (၂) (၃)၊ (၅)၊ (၁၄)၊ (၁၆)၊ (၁၉)၊ (၂၃)၊ (၃၀) စသောရက်များသည် လောကီမင်္ဂလာဖြစ်သည့် လက်ထပ်မင်္ဂလာ ကျင်းပရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

၇။ **ခရီးဝေးနီး ထွက်ဖို့ရာ**

မတ်လ (၃)၊ (၅)၊ (၇)၊ (၁၀)၊ (၁၃)၊ (၁၉)၊ (၂၆) စသော ရက်များသည် ရပ်ဝေးရပ်နီး ခရီးများထွက်ဖို့ရာ အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၈။ **လယ်ထွန်မင်္ဂလာပြုဖို့ရာ**

မတ်လ (၂)၊ (၃)၊ (၅)၊ (၇)၊ (၁၀)၊ (၁၃)၊ (၁၉)၊ (၂၆) စသောရက်များသည် လယ်ထွန်မင်္ဂလာ ပြုလုပ်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၉။ **ယှဉ်ပြိုင်ကိစ္စ ဆောင်ရွက်ရာ**

မတ်လ (၃)၊ (၇)၊ (၁၂)၊ (၂၄) စသောရက်များသည် ယှဉ်ပြိုင်ကိစ္စများ ဆောင်ရွက်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၀။ **ကျောင်း/အိမ်ဆောက်ဖို့ရာ**

မတ်လ (၂)၊ (၃)၊ (၇)၊ (၁၂)၊ (၁၆)၊ (၁၉)၊ (၂၁)၊ (၂၃)၊ (၂၆)၊ (၂၇)၊ (၂၈) စသောရက်များသည် ကျောင်းများ၊ လူအိမ်အဆောက်အအုံများ ဆောက်လုပ်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၁။ **ရှင်ပြု၊ နားသ ကျင်းပဖို့ရာ**

မတ်လ (၅)၊ (၁၂)၊ (၁၅)၊ (၂၁)၊ (၂၃)၊ (၂၇)၊ (၃၀) စသောရက်များသည် ရှင်ပြုခြင်း၊ နားသခြင်း စသော မင်္ဂလာကိစ္စများ ဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၂။ **အိမ်ပြောင်းရွှေ့ရာ၊ အိမ်သစ်တက်ရာ**

မတ်လ (၂)၊ (၃)၊ (၇)၊ (၁၆)၊ (၂၁)၊ (၃၀) စသော ရက်များသည် အိမ်ပြောင်းရွှေ့ခြင်း၊ အိမ်သစ်တက်ခြင်း စသော ကိစ္စများ ပြုလုပ်ဆောင်ရွက်ရန် အကောင်းဆုံး ရက်များ ဖြစ်ကြပါသည်။

၁၃။ **အရောင်းအဝယ်လုပ်ဖို့ရာ**

မတ်လ (၂)၊ (၃)၊ (၅)၊ (၇)၊ (၁၀)၊ (၁၃)၊ (၁၉)၊ (၂၆) စသောရက်များသည် ကုန်ရောင်းကုန်ဝယ်ပြုလိုသည့် ကိစ္စများ ဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၄။ **သီးနှံမျိုးစေ့ကြဲဖို့ရာ**

မတ်လ (၂)၊ (၃)၊ (၅)၊ (၇)၊ (၁၀)၊ (၁၃)၊ (၁၉)၊ (၂၆) စသောရက်များသည် သီးနှံမျိုးစေ့များကြဲရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၅။ **ရေတွင်းရေကန် တူးဖို့ရာ**

မတ်လ (၂)၊ (၃)၊ (၇)၊ (၁၀)၊ (၁၂)၊ (၁၃)၊ (၁၅)၊ (၁၉)၊ (၂၁)၊ (၂၆)၊ (၂၇)၊ (၃၀) စသောရက်များသည် ရေတွင်းရေကန်များ တူးဖော်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၆။ **အတတ်ပညာ သင်ဖို့ရာ**

မတ်လ (၂)၊ (၃)၊ (၁၀)၊ (၁၉)၊ (၂၁)၊ (၂၆) စသောရက်များသည် အတတ်ပညာများ သင်ယူဖို့ရာအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၇။ **အောင်ဘာလေထီ ထိုးဖို့ရာ**

မတ်လ (၂)၊ (၇)၊ (၁၄)၊ (၁၆) စသောရက်များသည် အောင်ဘာလေထီထိုးဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၈။ **မင်္ဂလာအခါပေးဖို့ရာ**

မတ်လ (၁)၊ (၂)၊ (၃)၊ (၈)၊ (၉)၊ (၁၀)၊ (၁၁)၊ (၁၂)၊ (၁၃)၊ (၁၄)၊ (၁၅)၊ (၁၇)၊ (၁၈)၊ (၁၉)၊ (၂၃)၊ (၂၄)၊ (၂၉)၊ (၃၀)၊ (၃၁) စသောရက်များသည် မင်္ဂလာ အခါပေးရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

နွယ်သာကီအောင်

www.burmeseclassic.com

www.burmeseclassic.com

# အလုပ်အကိုင် အောင်မြင်ရန်

## ၂၀၁၄ ခုနှစ်၊ မတ်လအတွက်

■ မဟိဒ္ဓိကျော်ခေါင်

စားဝတ်နေရေး ပြေလည်စေရေး၊ လူနေမှုအဆင့်အတန်း မြင့်မားရေး၊ လူမှုကိစ္စ အဝဝကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် စီးပွားလာဘ်လာဘတွေ ပြည့်စုံဖို့ လိုပေသည်။ စီးပွားလာဘ်လာဘတွေ ပြည့်စုံရန်အတွက် လက်ရှိလုပ်ကိုင်နေသည့် အလုပ်အကိုင်များ အောင်မြင်ဖို့ လိုပေလိမ့်မည်။ အလုပ်အကိုင် အောင်မြင်ဖို့ဆိုသည်မှာ ကံ၊ ဉာဏ်၊ ဝီရိယ စွမ်းအားများ ပြည့်စုံဖို့ လိုအပ်ပြီး လောကီမင်္ဂလာအရ ရက်ကောင်းရက်မြတ်များ၌ အံဝင်ခွင်ကျ လုပ်ဆောင်တတ်ဖို့ လိုပေရာ အလုပ်အကိုင်အောင်မြင်ရန်အတွက် ဤတစ်လ၌ သင့်လျော်လျောက်ပတ်သည့် ရက်များကို ရွေးချယ်ပေးလိုက်ပါသည်။

**တနင်္ဂနွေသားသမီးများအဖို့**

(၇)၊ (၈)၊ (၉)၊ (၁၄)၊ (၁၅)၊ (၁၆)၊ (၂၂)၊ (၂၃)၊ (၂၄)၊ (၂၈)၊ (၂၉)၊ (၃၀)၊ (၃၁) စသောရက်များသည် ဝိသေသအောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**တနင်္လာသားသမီးများအဖို့**

(၁)၊ (၇)၊ (၈)၊ (၁၃)၊ (၁၄)၊ (၁၅)၊ (၂၁)၊ (၂၂)၊ (၂၅)၊ (၂၇)၊ (၂၈)၊ (၂၉)၊ (၃၁) စသောရက်များသည် ဝိသေသအောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**အင်္ဂါသားသမီးများအဖို့**

မတ်လ (၃)၊ (၇)၊ (၁၁)၊ (၁၂)၊ (၁၃)၊ (၁၄)၊ (၂၁)၊ (၂၅)၊ (၂၆)၊ (၂၈)၊ (၃၁) စသောရက်များသည် ဝိသေသအောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**ဗုဒ္ဓဟူးသားသမီးများအဖို့**

မတ်လ (၁၀)၊ (၁၁)၊ (၁၃)၊ (၁၆)၊ (၃၁) စသောရက်များသည် ဝိသေသအောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**ကြာသပတေးသားသမီးများအဖို့**

မတ်လ (၃)၊ (၁၀)၊ (၁၁)၊ (၁၂)၊ (၁၃)၊ (၁၈)၊ (၂၄)၊ (၂၅)၊ (၂၉)၊ (၃၁) စသောရက်များသည် ဝိသေသအောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**သောကြာသားသမီးများအဖို့**

မတ်လ (၃)၊ (၉)၊ (၁၀)၊ (၁၈)၊ (၂၃)၊ (၂၄)၊ (၂၅)၊ (၂၈)၊ (၃၁) စသောရက်များသည် ဝိသေသအောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**စနေသားသမီးများအဖို့**

မတ်လ (၃)၊ (၈)၊ (၉)၊ (၂၂)၊ (၂၃)၊ (၂၄)၊ (၂၈)၊ (၂၉)၊ (၃၁) စသောရက်များသည် ဝိသေသအောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**ရာဟုသားသမီးများအဖို့**

မတ်လ (၁၀)၊ (၁၁)၊ (၁၃)၊ (၁၆)၊ (၃၁) စသောရက်များသည် ဝိသေသအောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

သို့ဖြစ်၍ မတ်လအတွင်း၌ မိမိတို့မွေးနံနှင့် ကံအားလျော်ညီစွာ ရက်ကောင်းများကို ရွေးချယ်လျက် တိုးတက်ကြီးပွားအောင် ကြိုးစည်လုပ်ဆောင်သင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါတော့၏။

မဟိဒ္ဓိကျော်ခေါင် ■



www.burmeseclassic.com

www.burmeseclassic.com

# နဝင်းညီစွာ ဓာတ်ဆင်ပါ

■ တက်လူမျိုးသစ်

"နဝင်းကိုက်အောင် ဓာတ်ဆင်တဲ့နည်းကလေးရှိရင် စီစဉ်ပေးပါလား ဆရာရယ်"

ထိုသို့ အကူအညီတောင်းခံလာသူများနှင့် မကြာခဏ ဆိုသကဲ့သို့ ကျွန်ုပ်ကြုံခဲ့ဖူးပါသည်။ အမှန်တကယ် ယုံကြည်မှု အပြည့်အဝဖြင့် အကူအညီတောင်းခံလာမှုများအပေါ် ကျွန်ုပ်အနေဖြင့် ဘယ်သောအခါမှ မျက်နှာလွှဲခဲ့ပစ် မလုပ်ခဲ့ပါ။ စေတနာရှေ့ထားလျက် အကူအညီပေးတတ်စမြဲပင်။

နဝင်းကိုက်ညီအောင် ဓာတ်ဆင်ရာ၌ ကျွန်ုပ်သုံးလေ့ရှိသော ပစ္စည်းများမှာ ပုလင်း၊ ကြွေပန်းကန်၊ သစ္စာပန်း၊ သဇင်ပန်း၊ မလိုင်၊ ရှောက်ပန်း၊ လိမ္မော်၊ လင်ပန်း၊ ကျောက်စရစ်၊ ကြွေဇလုံ၊ ချင်းတက်တို့ ဖြစ်ကြပါသည်။

၎င်းတို့သည် ကိုးနဝင်းကိုက်သော ပစ္စည်းများ ဖြစ်ကြ၏။ ကြည့်ပါ။

| | | | |
|---|---|---|---|
| ပုလင်း | ၅ + ၄ | = | ၉ |
| ကြွေပန်းကန် | ၂ + ၅ + ၂ | = | ၉ |
| သစ္စာ | ၆ + ၃ | = | ၉ |
| သဇင် | ၆ + ၃ | = | ၉ |
| မလိုင် | ၅ + ၄ | = | ၉ |
| ရှောက်ပန်း | ၄ + ၅ | = | ၉ |
| လိမ္မော် | ၄ + ၅ | = | ၉ |
| လင်ပန်း | ၄ + ၅ | = | ၉ |
| ကျောက်စရစ် | ၂ + ၃ + ၄ | = | ၉ |
| ကြွေဇလုံ | ၂ + ၃ + ၄ | = | ၉ |
| ချင်းတက် | ၂ + ၇ | = | ၉ |

ထိုပစ္စည်းများအားလုံးပေါင်းလျှင်သော်မှ နဝင်းကိုက်နေပါသေး၏။

လုပ်ဆောင်ရမည့် အစီအစဉ်တို့မှာကား ချင်းတက် ၁၁ တက် ဖြစ်ရပါမည်။ ဖြစ်လျှင် ရေစင်အောင်ဆေးကြော၍ ကြွေဇလုံတွင်း ထောင်ထားရပါမည်။ ကျောက်စရစ်ကလေးများထည့်ကာ ရေလောင်းပေးရပါမည်။ ကြွေဇလုံကို လင်ပန်းပေါ် တင်ရပါမည်။ ထို့နောက် လင်ပန်းတွင်း လိမ္မော်သီး၊ ရှောက်ပန်းသီးတို့ကိုသာမက ကြွေပန်းကန်တွင် မလိုင်ထည့်ရပါမည်။ ပုလင်းထဲသို့ သစ္စာပန်း၊ သဇင်ပန်းတို့ စိုက်ထိုးကာ နံနက် ၉ နာရီတိတိ အချိန်၌ ဘုရားလှူရပါမည်။ ပြီးလျှင် ၃၁ ဘုံရှိ ဝေနေယျသတ္တဝါအပေါင်းအား မေတ္တာပို့ အမျှအတန်းဝေရပါမည်။

ရက်အနည်းငယ်ကြာလျှင် ရေထည့်ထားသော ချင်းတက်မှ အပင်ကလေးများ ပေါက်လာပါလိမ့်မည်။ အတက်ထွက်၍ ပေါက်လာသည်ဆိုသော် အလုပ်အကိုင် အကြံအစည်များ ပြေလည်လာပါလိမ့်မည်။ ကောင်းမွန်ပါလိမ့်မည်။ အောင်မြင်လာပါလိမ့်မည်။ လူမှုရေး အခက်အခဲများ အဆင်ပြေလာပါလိမ့်မည်။ ကျန်းမာရေး အထူးကောင်းမွန်လာပါလိမ့်မည်။

အထူးသတိပြုရန်ကား ဤ ၉ နဝင်းကိုက် ဓာတ်ဆင်ယတြာကို လုပ်ဆောင်နေသည့်ကာလအတွင်း ငါးပါးသီလကို လုံခြုံစွာ ထိန်းဖို့လိုအပ်ပါသည်။ အရက်သေစာသောက်စားခြင်း၊ သူတစ်ပါး အိမ်ရာကျူးလွန်ခြင်းတို့အား အထူးပင် ရှောင်ရှားရပါမည်။ သို့မဟုတ်ပါက ယတြာအစွမ်းပြလိမ့်မည် မဟုတ်ပါ။

မစွမ်းသည့်အပြင် ခိုက်တတ်ကြောင်း ဆရာ့ဆရာများက ဆုံးမခဲ့ဖူးပါသည်။

သို့ဖြစ်၍ စိတ်ဓာတ်ရင့်ကျက် ခိုင်မာသူတို့အနေဖြင့် မိမိတို့၏ စီးပွားရေးအခက်အခဲ၊ လူမှုရေးအခက်အခဲ၊ ကျန်းမာရေး အခက်အခဲများ ကျော်လွှားပြေလည်နိုင်စိမ့်သောငှာ နဝင်းညီစွာ ဓာတ်ဆင်ယတြာအား စမ်းသပ်လုပ်ဆောင်ကြည့်နိုင်ကြောင်း စေတနာကောင်းဖြင့် တင်ပြရေးသားလိုက်ရပါသတည်း။

တက်လူမျိုးသစ်



www.burmeseclassic.com

www.burmeseclassic.com



# အစ်ချ မတ်ချ

■ တင်ဝင်းညို

လောကကြီးမှာ စီရင်နည်း နိသျှရည်းတွေက စုံစီနဖာရှိနေပါတယ်။ အဲဒီ စုံစီနဖာနည်း နိသျှရည်းတွေထဲက မတ်စေ့တစ်စေ့ရဲ့ အသုံးပြုစီရင်နည်းကို ဖော်ပြမယ်။ စိတ်ဝင်စားဖို့ကောင်းပါတယ်။ ဗဟုသုတဖြစ်ဖွယ်ရာပေါ့။

(၁) မတ်စေ့သုံးနည်း နိသျှရည်း၊ ကမ္ဘည်းသံပေါက်စာ။

(၂) မတ်ဘုအရ ကြိုသက်က နဝကေပါ။

(၃) စီအရမှာ ကြိုဟ်အင်္ဂါ၊ ရှစ်ဖြာကြိုဟ်သက်ကြ။

(၄) သတ္တဗီသ နုလီမျှ၊ တည်ကြမတ်စေ့မှာ။

(၅) နှစ်ဆယ်ခုနှစ် လုံးရေစစ်၊ ကြေလစ် နက္ခတ်သာ။

(၆) ဖြူဝါနီနက် ဓာတ်အသက်၊ တစ်ချက်ပေါ်ထွက်လာ။

(၇) စမတန်ခိုး အမျိုးမျိုး၊ မညှိုးရောင်လေးဖြာ။

(၈) ကိုးဆယ့်ခြောက်တွင် ဘေးရောက်လျှင်၊ ရေတွင် စိမ်သောက်ပါ။

(၉) နေ့စဉ်မလပ် ရေစိမ်အပ်၊ မပြတ်သောက်သင့်ပါ။

(၁၀) ဝမ်းဖောဝမ်းကိုက် ရေစိမ်တိုက်၊ မှတ်လိုက်တစ်နည်းသာ။

(၁၁) လေအောင့်လေထိုး ဘေးတစ်မျိုး၊ မှတ်ရိုးကော်သာ။

(၁၂) ဝမ်းရောင်တစ်ဖြာ ဖြစ်သည်မှာ၊ မှတ်ပါ တစ်နည်းသာ။

(၁၃) ပြုတ်၍တစ်ဖန် သောက်တုံ့ပြန်၊ အမှန်ဘေးကင်းကွာ။

(၁၄) ဓာတ်လျှောခဲ့လျှင် ထိုနည်းပင်၊ အစဉ်ယွင်းမကွာ။

(၁၅) ဆီးချုပ်ခဲ့လျှင် ဓာတ်ချုပ်လျှင်၊ ဆေးတွင်တစ်နည်းသာ။

(၁၆) မတ်စေ့နှင့် ကိုးခေါက်ကျ၊ ထက်အောက်သို့ဆွဲပါ။

(၁၇) ဆွဲချလိုက်လျှင် ရောဂါစင်၊ အလျှင်ဘေးကင်းကွာ။

(၁၈) မိန်းမများမှာ ဓမ္မတာ မကွာဖြစ်တတ်ပါ။

(၁၉) မီးမဖွားနိုင်လျှင် ဖြစ်တုံ့အင်၊ မှန်ခြင်းနည်းတစ်ဖြာ။

(၂၀) ကြေးဖလားတွင် မတ်စေ့တင်၊ ရေတွင်ထည့်၍သာ။

(၂၁) ညာလက်ပေါ်တွင် ဖလားတင် ပြန့်ခြင်းအမိန့်မှာ။

(၂၂) အထက်ဆရာကြီး မိန့်တော်နည်း၊ အပြီးမှတ်လိုက်ပါ။

(၂၃) လိမ်းလည်းလိမ်းပါ ဘေးဘယာ၊ ချမ်းသာရလိမ့်မှာ။

(၂၄) ကျွဲ့နွားတိရစ္ဆာန် နာခဲ့ပြန်၊ မှတ်ရန်တစ်နည်းမှာ။

(၂၅) မတ်စေ့ကိုသာ ရေစိမ်ပါ၊ မှတ်ပါတစ်နည်းဖြာ။

www.burmeseclassic.com

(၂၆) ခေါင်းပေါ်အစ မြီးဖျားကျ၊ ကျောကလောင်းပေးပါ။

(၂၇) တိုက်လည်းတိုက်ပါ ရေကိုသာ၊ ပျောက်ကွာဘောရှင်းမှာ။

(၂၈) မျက်စိနာလျှင် ရေကိုပင်၊ ခပ်လျှင်ပျောက်လိမ့်မှာ။

(၂၉) ခေါင်းကိုက်ခဲ့ငြား ဆေးတစ်ပါး မှတ်သားနည်းတစ်ဖြာ။

(၃၀) နှမ်းဆီနှင့်သာ စိမ်၍သာ၊ လိမ်းပါဘေးကင်းကွာ။

(၃၁) နားကိုက်,နားအူ နှမ်းဆီကူ၊ ကျပ်မှုဘေးကင်းကွာ။

(၃၂) တစ္ဆေ့မြေဘုတ်၊ ဘီလူးစုပ်၊ စုန်းဖုတ်ပယောဂပါ။

(၃၃) ဖမ်းစားခဲ့လျှင် ရေကိုပင်၊ တိုက်လျှင် မျက်စဉ်းပါ။

(၃၄) ကုန်တိုက်လိုလျှင် ရေကိုပင်၊ ကုန်တွင်ဆွတ်ဖျန်းပါ။

(၃၅) နံ့သာဖြူရည် ဆွတ်ဖျန်းလေ၊ ကောင်းပေတစ်မျိုးသာ။

(၃၆) သတ္တဝါများ ပိုးထိငြား၊ မှတ်သားကုစေရာ။

(၃၇) ကိုက်သည့်နေရာ ဆားပုံကာ၊ ကိုးခါနှိပ်ဆုပ်ပါ။

(၃၈) မတ်စေ့စိမ်ကာ တိုက်လိုက်ပါ၊ မိစ္ဆာကင်းရှင်းကွာ။

(၃၉) ပြောရေးဆိုရာ မှုကိစ္စ၊ ဘယ်ကင့်လေပါ။

(၄၀) ဉာဏ်ရှိဝိုင်းပေ သုံးကြလေ၊ မသေ့ရှင်းမကွာ။

(၄၁) မတ်စေ့ဘုန်းမော် မထေရ်ကျော်၊ ပေါ်ပေါ်ရေလည်းပြ။

(၄၂) မတ်စေ့သုံးနည်း နိဿရည်း၊ အပြီးနိဋ္ဌိသာ။

ကိုးနဝင်းမတ်စေ့သုံးနည်းကို ကျွန်ုပ်၏ မှတ်စုစာအုပ်ကြီးထဲမှ ဖော်ပြတာပါ။

မတ်စေ့နဲ့ပတ်သက်လို့ နောက်တစ်နည်း (စီရင်နည်း) ကို ဖော်ပြလိုပါသေးတယ်။ အဲဒီနည်း(စီရင်နည်း)ကတော့ "အပ်ချ မတ်ချ"စီရင်နည်းလို့ အမည်ရပါတယ်။

မိတ်ဆွေကုန်သည်ပွဲစားကြီးတစ်ယောက်ဆီက သိခဲ့၊ မြင်ခဲ့တဲ့ နည်းပါပဲ။ ပြုလုပ်နည်းကတော့ ရိုးရိုးစင်းစင်းလေးပါပဲ။ အပ်တစ်ချောင်းရဲ့အပေါ် မတ်စေ့တစ်စေ့တင်၊ အဲဒီမတ်စေ့အပေါ်မှာ ဖယောင်းတိုင်တစ်တိုင် စိုက်ထောင်ထွန်းညှိထားခြင်းပါပဲ။ (တချို့က ဖယောင်းတိုင်မှာ အင်းချပြီး ပတ်ထားပါတယ်။)

"အဲဒီနည်း(စီရင်နည်း)က ဘာတွေစွမ်းသတုံး"လို့ ကျွန်ုပ်က စပ်စပ်စုစုမေးလေတော့ မိတ်ဆွေကုန်သည်ပွဲစားကြီးက -

"အဲဒီအစီအရင်ကို ပြုလုပ်ခဲ့တာ ကြာပြီ။ ဆယ်နှစ်လောက်ရှိမယ်။ အရင်တုန်းက ကျုပ်ဘဝဟာ မရှိမရှားထဲကပါပဲ။ အမွေကလေး ဘာလေး ရလာတော့ စီးပွားရေးလုပ်တယ်။ ထင်သလောက် မအောင်မြင်ဘူး။ အောင်မြင်ကြတဲ့သူတွေကိုတော့ အားကျမိတယ်။ လုပ်ကြတာချင်းအတူတူ သူတို့က ဘာကြောင့်အောင်မြင်ကြရတာလဲ။ အဲဒီအတွေးကြောင့် သူတို့ကို လေ့လာမိတယ်။ အဲဒီမှာ 'အစီအရင်တွေလုပ်ထားကြတာကို တွေ့ရတော့တာပဲ။

အစီအရင်တွေက တစ်ယောက်နဲ့တစ်ယောက် မတူကြဘူးလေ။ ကျွန်ုပ်နဲ့ အလွန်ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်ကို ချဉ်းကပ်ပြီး အစီအရင်လုပ်ထားတာရှိရင် အကြံပြုဖို့ တောင်းခံတယ်။ သူက သူ့အိမ်ခေါ်ပြီး "အပ်ချမတ်ချ"စီရင်နည်းကို ပြပါတယ်။

"အဲဒီလို စီရင်ပြီး အဓိဋ္ဌာန်ပြုတယ်လေ။ ကိုယ်ပြုလုပ်ထားတဲ့ ဆန္ဒ(လုပ်ငန်း) အောင်မြင်စေဖို့ ရည်ရွယ်ပြီး ပုတီးကိုးပတ်၊ ကိုးရက်စိပ်တယ်။ အောင်မြင်မှုတွေရတယ်ဆိုပါတော့။ ကျုပ်အောင်မြင်မှုတွေရသလို အခြားသူတွေကိုလည်း ဆန္ဒတွေပြည့်စေဖို့အတွက် အဲဒီ 'အပ်ချ မတ်ချ'စီရင်နည်းကို မျှဝေလေ့ရှိပါတယ်"

သည်လိုနဲ့ အပ်ချမတ်ချစီရင်နည်းကို ရခဲ့တာဖြစ်ကြောင်း မိတ်ဆွေကြီးက ပြောပါတယ်။


---

တင်ဝင်းညို

---

www.burmeseclassic.com

www.burmeseclassic.com



# အလုပ်ရတဲ့ အစီအရင်ကောင်းတစ်ခု

■ ဝေယံဘုန်းပြည့်

"အန်ကယ်ကြီးမှာ လစ်ပိုပုလင်း မှတ်ရှိသလား"

လူငယ်လေးတစ်ယောက်က မေးထားခြင်း ဖြစ်သည်။

"ရှိတယ်၊ ဘာလုပ်မလို့တုံး"

"အလုပ်လျှောက်မလို့"

"ဟင် . . . ဘာဆိုင်လို့လဲ"

"ဆိုင်ပါတယ် အန်ကယ်။ ကျွန်တော် ရှင်းပြပါမယ်။ ကျွန်တော့်သူငယ်ချင်းတွေက အဲဒီအစီအရင်လုပ်ကြတယ်။ သူဟို့က သူတို့ရည်ရွယ်ထားတဲ့ ကိစ္စတွေ အောင်စေဖို့ လုပ်ကြတယ်လေ။ ဆန္ဒပြည့်တယ်လို့ ပြောတာပဲ။ အဲဒါ ကျွန်တော်လည်း ပုဂ္ဂလိကဘဏ်ကြီးတစ်ဘဏ်မှာ အလုပ်လျှောက်ထားတုန်း အဲဒီအစီအရင် လုပ်ကြည့်မလို့"

"ဆိုစမ်းပါဦး။ ဘယ်လိုစီရင်မှာလဲ။ နည်းလေးဘာလေး ရှင်းလင်းပါဦးလား"

"လွယ်လွယ်လေးပါ အန်ကယ်ရာ။ လစ်ပိုပုလင်းလွတ် အပေါ်မှာ ဖယောင်းတိုင် ထွန်းညှိပြီး အိမ်မှာ ဘုရားမှာ ပူဇော်ဖို့ပါပဲ။ သူငယ်ချင်းတွေ ပြောတာကတော့ လစ်ပိုဆိုတာ ၄+၅ = ၉၊ ပုလင်းဆိုတာကလည်း ၅+၄= ၉၊ ဖယောင်းက ၅+၄ = ၉၊ နဝင်းကျေတယ်တဲ့။

အဲဒီ လစ်ပိုပုလင်းရဲ့ ဘေးမှာ လိုရာဆန္ဒကို စာရွက်နဲ့ရေးပြီး ကပ်ရမယ်တဲ့။ ကျွန်တော်ကတော့ လျှောက်ထားတဲ့ ပုဂ္ဂလိကဘဏ်ကြီးမှာ အလုပ်ရပါစေလို့ ရေးပြီး ထားမယ်လေ"

"ဒါဆို အလုပ်ရရောလား"



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်ကတော့ ရမယ်လို့ ထင်တယ်။ ရရမယ်လို့ စိတ်ထဲမှာထားတယ်။ လစ်ပိုပုလင်းပေါ် ဖယောင်းတိုင်ထွန်းညှိပြီး တနင်္လာနေ့ နံနက် ၉ နာရီမှာ ဂုဏ်တော်ကိုးပါး ပုတီးစိပ်ရမယ်"

"အေးကွာ . . . အန်ကယ်က လည်း အလုပ်ရပါစေလို့ ဆုတောင်းပေးပါတယ်"

သို့ဖြင့် ကျွန်ုပ်မကြာခဏသောက်လေ့ရှိသော လစ်ပိုပုလင်းလွတ်အားလှူငယ်လေးကို ပေးလိုက်လေ၏။

အင်း . . . အစီအရင်တွေကလည်း များပ။ လောကီပညာအစီအရင်တွေကိုလည်း အထင်သေး၍ မရစကောင်း။ အထူးသဖြင့် လုပ်ငန်းကြီးတွေလုပ်ကြသူတွေ၊ သူဌေးသူကြွယ်ကြီးတွေလည်း သူတို့နည်း သူတို့ဟန်တွေနဲ့လုပ်ကြ၊ အောင်မြင်ကြ၊ ရေ့တန်းရောက်နေကြတာတွေ မရှိမဟုတ်၊ ရှိနေကြတာပါပဲကလား။ အဆောင်ရုပ်တွေကလည်း များမှများ၊ ပေါမှပေါ။ ဆောင်သူတွေကလည်း ဆောင်ကြ။

တစ်နေ့ . . . ကျွန်ုပ်မိတ်ဆွေက လသာဘက်က ဘဏ်တစ်ဘဏ်မှာ ငွေထုတ်စရာရှိလို့ လိုက်ခဲ့ပါလို့ခေါ်တယ်။ သူက စာအုပ်တွေထုတ်ဝေဖြန့်ချိနေတဲ့သူပါ။ နယ်ကိုပို့ခဲ့တဲ့ စာပေတိုက်တွေက သူ့ကို ငွေလွှဲပို့နေကျပါ။

သူငွေထုတ်မယ့်ဘဏ်က လူတွေအတော်များတယ်။ ဒါပေမယ့် ငွေထုတ်ရတာ အမြန်သား။ ဝန်ဆောင်မှုကောင်းတာကိုး။

"အန်ကယ်ပါလား။ ဘာအကူအညီ ပေးရမလဲ"

အင်း . . . အစီအရင်
တွေကလည်း များပ။
လောကီပညာ
အစီအရင်တွေကိုလည်း
အထင်သေး၍
မရစကောင်း။
အထူးသဖြင့်
လုပ်ငန်းကြီးတွေ
လုပ်ကြသူတွေ၊
သူဌေးသူကြွယ်ကြီး
တွေလည်း သူတို့နည်း
သူတို့ဟန်တွေနဲ့
လုပ်ကြ၊ အောင်မြင်ကြ၊
ရေ့တန်းရောက်နေကြ
တာတွေ မရှိမဟုတ်၊
ရှိနေကြတာပါပဲကလား။
အဆောင်ရုပ်တွေက
လည်း များမှများ၊
ပေါမှပေါ။
ဆောင်သူတွေကလည်း
ဆောင်ကြ။

"ဟာ . . . မောင်တင်ဝင်းပါလား။ ဒီမှာလုပ်နေသလား"

"ဟုတ် . . . အလုပ်ဝင်တာ ခြောက်လပြည့်တော့မယ်"

"ငါ့မိတ်ဆွေနဲ့ အဖော်လိုက်ခဲ့တာပါ။ ငွေထုတ်ပြီးပြီလေ၊ ပြန်မယ်"

"ဟုတ် . . ."

မိတ်ဆွေနှင့် ကျွန်ုပ်သည် လသာလမ်းက ဆိုင်မှာ ထမင်းစားကြသည်။ ထမင်းစားရင်း ဆိုင်ကောင်တာတွင် အမှတ်မထင် အစိမ်းရောင်ပုလင်းတွင် နှင်းဆီပန်းအနီတစ်ပွင့် စိုက်ထောင်ထည့်ထားသည်ကို တွေ့ရသည်။ အစီအရင်တစ်ခုပေပဲလား။

တစ်ဆက်တည်းပင် ငွေထုတ်ဘဏ်(ပုဂ္ဂလိကဘဏ်)တွင် တွေ့ခဲ့ရသော မောင်တင်ဝင်းလေးကို အမှတ်ရမိလိုက်သည်။

တစ်ခါက မောင်တင်ဝင်းလေးသည် ကျွန်ုပ်ထံမှ လစ်ပိုပုလင်းလွတ်တောင်းသည်။ လစ်ပိုပုလင်းလွတ်ပေါ်တွင် ဖယောင်းတိုင်ထွန်းပြီး အလုပ်ရအောင် အစီအရင်လုပ်မည်ဟု ပြောသည်။ သူအမှန်တကယ် လုပ်လိမ့်မည်ဖြစ်သည်။ သို့ဖြင့် သူ၏ဆန္ဒပြည့်မြောက်အလုပ်ရခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

တယ်ကောင်းပြီး လွယ်လည်းလွယ်ကူတဲ့ အစီအရင်ပါပေပဲလား။ စာမေးပွဲအောင်ဖို့၊ အကြံအစည်အောင်ဖို့ စတာတွေကိုလည်း အဓိဋ္ဌာန်ပြုလုပ်လျှင် ရနိုင်စကောင်းဟု ထင်မိလေ၏။

ဝေယံဘုန်းပြည့်



www.burmeseclassic.com

www.burmeseclassic.com



# ကံထူးချင်ရင်

# ဓာတ်ဘူးအစီအရင်

**ကိုမောင်သန်းဝင်း**

ကျွန်ုပ်သည် မိတ်ဆွေသူငယ်ချင်း ငယ်ပေါင်းရောင်းရင်းတို့၏ နေအိမ်များစွာသို့ ရောက်ခဲ့ဖူးသည်။ ဆရာကန်တော့ပွဲအတွက် အလှူငွေကောက်ခံရင်းက ရောက်ခဲ့ခြင်း ဖြစ်သည်။ နေအိမ်အတော်များများတွင် လောကီအစီအရင်များ ပြုလုပ်၊ ဆောင်ထားသည်ကို မတွေ့မဖြစ် တွေ့ရသည်။

ဆိုကြပါစို့ရဲ့။ အချို့အိမ်တွေတွင် ဘိုးတော်ရုပ်တုများ၊ ဘုရားပွဲ၊ ဘိုးတော်ပွဲများ။ အချို့နေအိမ်တွင် ဆင်ရုပ်ကြီးငယ်၊ နဂါးရုပ်၊ ခုနစ်နေ့ရုပ်တုများ၊ ယင်းအပေါ်တွင် ရှင်သီဝလိ ရုပ်တော်။ အချို့နေအိမ်များတွင် စမအင်းကွက်များ၊ ဘာသာရေးဆိုင်ရာ အမှတ်သင်္ကေတများ။ အချို့နေအိမ်နှင့် ဆိုင်များတွင် ပုလင်းထဲသို့ နှင်းဆီပန်းစိုက်ခြင်း၊ လာဘ်ခေါ်ကြောင်ရုပ်၊ အန်းကုန်ဘိုးတော်ရုပ်။ အချို့အိမ်တွင် အုန်းသီးရွှေချထား၊ အချို့အိမ်တွင် အုန်းသီးတွင် အပေါက်များဖောက်ပြီး သာသနာ့အလံ၊ ထီးဖြူ ယပ်စိုက်ထားသည်။ အချို့နေအိမ်တွင်မတော့ ဓာတ်ဘူးအစီအရင် ပြုလုပ်ထားသည်။

ဓာတ်ဘူးအစီအရင်ပြုလုပ်ထားသော နေအိမ်မှ အိမ်သူအိမ်သားတို့နှင့် ကျွန်ုပ် လွန်စွာခင်သည်။ စားအိမ်သောက်အိမ်ဟု ပြောလျှင်ရမည်။ ငယ်ပေါင်းများဖြစ်သည်မို့ပင်။ သို့ဖြင့် ဓာတ်ဘူးအစီအရင်အကြောင်းကို တစ်ခုတ်တစ်ရမေးဖြစ်သည်။

သူငယ်ချင်းတို့ မိသားစုသည် လူချမ်းသာစာရင်းဝင်ဟု ပြောနိုင်သည်။ ခြံဝင်းကျယ်ကြီးအတွင်း ခမ်းနားထည်ဝါသော တိုက်နှင့် ကားသုံးလေးစီးရှိသည်။ ကုမ္ပဏီလုပ်ငန်းတွေလည်း ရှိသည်။ လေလံလုပ်ငန်းတွေလည်း လုပ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဓာတ်ဘူးအစီအရင်က လေလံပွဲတစ်ခု အောင်မြင်စေဖို့အတွက် ပြုလုပ်ထားသည်ဟု၏။ "ကံမှာတလူ ဉာဏ်မှာဇမ္ဗူတလူ မပြတ်ထူးသည့် ဓာတ်ဘူးအစီအရင်"ဟု ဆိုသည်။ သူ့အပြောအရ ဓာတ်ဘူးအစီအစဉ် ပြုလုပ်မှုမှာ အောက်ပါအတိုင်း ဖြစ်သည်။

မည်သည့်နေ့သားသမီးမဆို တနင်္ဂနွေနေ့ နံနက် ၉ နာရီ မိနစ် ၂၀ အချိန်တွင် အဝါရောင် ဓာတ်ဘူး (သို့မဟုတ်) အစိမ်းရောင်ဓာတ်ဘူး ရရာတစ်လုံးကို နေအိမ်၏ ဘုရားကျောင်းဆောင်ရှေ့တွင် ခုံမြင့်လေးတစ်လုံးအပေါ်၌ တင်ထားရမည်။ ယင်းဓာတ်ဘူး၏အဖုံးကို ဖွင့်လိုက်သည့်အချိန်တွင် "ဇမ္ဗူဒိပ် နိမိတ်ကောင်းစကား"ကို ပြောရမည်။

"ငါတို့မိသားစု အောင်မြင်တိုးတက်ပါစေ" (ပြုလုပ်နေသည့် လေလံပွဲ အောင်မြင်ရရှိပါစေ)ဟု ပြောရမည်။ (လေလံပွဲနေရာတွင် မိမိပြုလုပ်လိုသည့် အကြောင်းအရာများလည်း ပြောဆို၍ ရသည်။)

ထို့နောက် ဓာတ်ဘူးလေးထဲသို့ **ရွှေထီးတစ်လက်** စိုက်ထူရမည်။ "**ဘုမ္မိယဆိုးကျိုး ထီးအုပ်မိုး**"လို့ ဆိုပြီး ကောင်းသည့်နိမိတ်ယူလို့ စိုက်ထူရမည်။ ထီးဆိုတာက မြင့်မြတ်တဲ့နေရာမှာရှိနေခြင်း၊ ထီးလှူဘီးစိုက်ခြင်းအကျိုးကလည်း ထိပ်ဆုံးသို့ရောက်ရခြင်း အကျိုးရသည်။ ဘီးဖြူဆောင်းခွင့်၊ ရွှေထီးဆောင်းခွင့် ရသူတွေသည် နယ်နယ်ရရမဟုတ်။ ထီးစိုက်လှူပြီး ထီးဖြူ ရွှေထီးဆောင်းခွင့်ရဖို့ အရေးဆုတောင်းဆုယူပြု၍လည်း ရသည်။

ဓာတ်ဘူးတွင် ရွှေထီးစိုက်ပြီးလျှင် **သာသနာ့အလံ**လေး ထည့်ရမည်။ တစ်ဆက်တည်း "**ငါးထောင်သာသနာတည်စေသော်**"ဟု ပြောဆိုရမည်။ သာသနာ့အလံ စိုက်တယ်ဆိုတာကလည်း ကိုယ့်အကျိုးလည်းပါ၊ သာသနာ့အကျိုးလည်း ဆောင်ရွက်မည်ဆိုတဲ့ အမိဋ္ဌာန်နဲ့ လုပ်ခြင်းဖြစ်သည်။

ပြီးတော့ **တံခွန်လုံး**ကို ဓာတ်ဘူးထဲသို့ ထည့်ရမည်။ တံခွန်ဆိုတာ အလံ၊ အောင်မြင်ကျော်ကြားခြင်း၊ အပြိုင်အဆိုင်ရှိက အောင်မြင်ခြင်းနိမိတ် ဖြစ်သည်။ "**ယောက်ျားတံခွန် လူ့ရည်ချွန်**"ဟု ပြောဆိုစိုက်ထူပါက ကောင်းမွန်သည်။ အကျိုးထူးရှိလိမ့်မည်။

ပြီးရင် ဓာတ်ဘူးထဲကို ယပ်တစ်ချောင်း စိုက်ထည့်ပါ။ "**ငါတို့မိသားစု အေးချမ်းပြီ၊ အောင်မြင်ပြီ**"ဟု နိမိတ်ဖတ်ကြားပါလေ။ ယပ်ပေါ်တွင် "လေလံအောင်ပါစေ"လို့ စာကပ်ထားရမည်။ (မိမိလိုအင်ဆန္ဒအတိုင်း "ငွေရစေ"စသည်ဖြင့် ရေးနိုင်သည်။)

အားလုံး ပြီးသွားလျှင်တော့ ဘုရားရှင်တော်မြတ်အား **အောင်သပြေပန်း** လှူရမည်။ **ဖယောင်းတိုင် အသေး(၅)**တိုင် ထွန်းညှိပူဇော်ရမည်။ **ဆွမ်းတော်တစ်ပွဲ** ကပ်ရမည်။ ပြီးလျှင် ထိုဓာတ်ဘူးအား လက်နှစ်ဖက်ဖြင့် ရိုရိုသေသေကိုင်တွယ်ပြီး ယုံကြည်စိတ်ထက်သန်စွာဖြင့် အတိတ်နိမိတ်ကို ဖတ်ကြားရမည်။ ဖတ်ကြားရန်မှာ…

"**ဇမ္ဗူဒီပါ တောင်လက်ျာ ဩဘာနိမိတ်ဖြင့် တောင်ကျွန်းကျက်သရေ တက်နေလပုံကို တောင်းဆုခြွေလိုက်ပါသည်။ အမျိုးဘာသာ သာသနာတော်ကို တစ်ပေါင်းတည်း၊ တစ်စည်းတည်း၊ စည်းစည်းလုံးလုံး ညီညာဖျဖျ ကိုယ်စီကိုယ်င စောင့်ရှောက်တော်မူနိုင်ပါစေသတည်း**"ဟူ၍ ဖြစ်သည်။

အောင်ရာအတိတ် အောင်နိမိတ်နဲ့ အောင်ဘိသိက်ခံ မေတ္တာဓာတ်ဖြင့် မပြတ်ထူး ဓာတ်ဘူးအစီအရင်ဖြစ်ကြောင်း ဆိုပါသည်။

ယင်းအစီအရင်ပြုလုပ်ခြင်းအားဖြင့် မိမိတို့နေအိမ်တွင် လာဘ်ပွင့်ခြင်း၊ ငွေဝင်ခြင်း၊ ကောင်းကျိုးချမ်းသာနှင့် ပြည့်စုံခြင်း၊ ရာထူးတိုးခြင်း၊ နိုင်ငံခြားခရီးအောင်မြင်ခြင်း၊ စာမေးပွဲအောင်ခြင်း စသည့် အကျိုးများ ခံစား၊ စံစားရသည်ဟု ဆိုပါသည်။


ကျွန်ုပ်မှ ငယ်ပေါင်းမိတ်ဆွေအား "အဲဒီဓာတ်ဘူးအစီအရင်နည်း ဘယ်ကရခဲ့တာတုံး"ဟု မေးလေရာ ၎င်းမှ စမဘုန်းဘုန်းဆီက ရတာပါတဲ့ဟု ဖြေသည်။ တစ်ဆက်တည်းပင် သူက တိုက်ကြီး-ဆူးလေ ကားကြီးများ၊ တိုက်ကြီးဟိုင်းလတ်ကားများကိုစီး၊ မော်ဘီစုပေါင်းရုံးမှတ်တိုင်ဆင်း၊ စမတစ်ထောင်ကျောင်းတော် ဘယ်မှာလဲလို့ တွေ့တဲ့သူကိုမေး၊ ပြောပြလိုက်မည်ဟူသတည်း။

ကိုမောင်သန်းဝင်း



www.burmeseclassic.com

www.burmeseclassic.com



# အစွမ်းထက်တဲ့ ထန်းလျက်ယကြာ

✦ အင်္ဂဝိဇ္ဇာဆရာအောင်

"ဖွင့်ခါစတုန်းက ဟုတ်မလိုလိုနဲ့ နောက်တော့ ဘယ်ဂဏ်ဖြစ်တယ်မသိဘူး။ ဆိုင်ကို လူသိပ်မဝင်တော့ဘူးဆရာ။ လာပေးစားသူတွေလည်း လျော့လာတယ်။ ကြာရင် ကျွန်မရဲ့ 'ကောင်းထက်လျှံ' မြန်မာထမင်းဆိုင်တော့ ပြုတ်လိမ့်မယ် ထင်ပါရဲ့"

ရန်ကုန်တစ်ဖက်ကမ်းရှိ ကောင်းထက်လျှံ မြန်မာထမင်းဆိုင်ကလေးကား ကျွန်ုပ် မကြာခဏဆိုသလို အားပေးစားသောက်ရာ ဆိုင်ကလေးတစ်ဆိုင် ဖြစ်ပါ၏။ ဟင်းမျိုးစုံစွာရ၏။ ချက်ထားပြုတ်ထားသည်မှာလည်း အစပ်အဟပ်တည့်လှ၏။ အဓိကမှာယူစားသောက်သော ဟင်းအပြင် ဟင်းအရန်များကိုလည်း ပေးပါသေး၏။ တို့စရာ အသီးအနှံ့အရွက်တွေကလည်း လတ်လတ်ဆတ်ဆတ် ဖွယ်ဖွယ်ရာရာ။ ငါးပိရည်ကျိုက်လေးမှာလည်း လျော်ထောင်းငရုတ်သီးစပ်စပ်ကလေးဖြင့် မွှေးကြိုင်လှ၏။ ချက်ထားသောဆန်ကလည်း အကောင်းကာ။ ပေါ်ဆန်းရှယ်။ တစ်ခါတစ်ရံ တောင်ပြန်ဆန်။ သည်တော့လည်း စားကောင်းသောက်ကောင်းကို ခုံမင်လှသော ကျွန်ုပ်အဖို့ အဆိုပါ ကောင်းထက်လျှံမြန်မာထမင်းဆိုင်ကလေးအပေါ် စာတ်ကျသည်မှာ ဘာဆန်းမှာတဲ့နည်း။

www.burmeseclassic.com

ဤဆိုင်၏ ပိုင်ရှင်ကား အသားအရေ စိုစိုပြည်ပြည်နှင့် ခံ့ညားလှစွာသော ဒေါ်ခင်စန်းရီဆိုသူဖြစ်၏။ ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်တင်းတင်းနှင့် ရှေးခေတ်နိုင်ငံကျော် မင်းသမီးကြီး အကယ်ဒမီသီသီအလား။ ဒေါ်ခင်စန်းရီ၏ ခင်ပွန်းမှာလည်း မင်းသားကြီး မောင်ဗမာကွန်းလိုမျိုး ဘော်ဒီဝိတ်တောင့်တောင့်တင်းတင်းနှင့် လွန်စွာမှ အရွယ်တင်လှပေ၏။ ဆိုင်ရှင် ဒေါ်ခင်စန်းရီမှာ သူ့ဆိုင်သို့ လာရောက်စားသုံးကြသူအပေါင်းအား ပြေပြစ်စွာ ဆက်ဆံ၏။ စေတနာသဒ္ဓါတရား ထက်သန်၏။ ရောင်းချသော ဈေးနှုန်းကလည်း အများကြီးမဟုတ်၊ ချိုသာသောဈေးနှုန်း ဖြစ်ရကား စားပျော်၏။

သို့သော်ငြား အဆိုပါဆိုင်ကလေးသည် လူပါးလာသည်ဟု ဆိုခြင်းကြောင့် ကျွန်ုပ်လည်း အံ့အားတသင့် ဖြစ်ရပါချေ၏။ အမြဲတမ်းဖောက်သည်လိုဖြစ်နေ၍ ခင်မင်ရင်းစွဲရှိသော ယခုလိုမျိုး ဖွင့်ဟပြောဆိုလာခြင်းအတွက် ကျွန်ုပ်လည်း စိတ်မကောင်းဖြစ်ရပါ၏။

"အရောင်းအဝယ်ကောင်းအောင် ဘယ်လိုများလုပ်ရပ့်မလဲ ဆရာရယ်"

ညည်းညည်းညူညူဖြင့် ထပ်မံပြောဆိုလာတော့ ကျွန်ုပ်လည်း နေသာ၍ မဖြစ်တော့ပါချေ။ ဆိုင်အခြေအနေကို သုံးသပ်ကြည့်တော့ အပြစ်ဆိုဖွယ်ရာ မတွေ့ရ။ ဆိုင်၏ပြင်အဆင်က ခေတ်မီ၏။ သန့်ရှင်းသပ်ရပ်၏။ သို့တိုင် ဘာကြောင့်များ လူပါးရလေသနည်း။

"မနက်ဆို ဆိုင်စဖွင့်တာနဲ့ ပရိတ်ကြီး ၁၁ သုတ် တရားခွေကိုဖွင့်တယ် ဆရာ။ ဆွမ်းခံကိုယ်တော်တွေ ကြွလာရင်လည်း လှူတာပါပဲ"

ကောင်းသောကိစ္စတွေ ဖြစ်ပါ၏။ တစ်ဖန် ဆိုင်၏နံရံများ၌ မဂ်လာရှိသော ပိုစတာများကို ကျွန်ုပ်ကပ်ခိုင်း၍ ကပ်ထားသည်ကိုလည်း တွေ့ရ၏။ ထိုစဉ်မှာပင် ကျွန်ုပ်အာရုံထဲ လက်ခနဲဖြစ်သွား၏။

"ကိုင်း . . . ဘာမှမပူနဲ့တော့ ဒေါ်ခင်စန်းရီရေ၊ အံ့သြလောက်အောင် ပြောင်းလဲသွားစေမယ့် ယတြာလေးတစ်ခုပေးလိုက်မယ်။ ယုံယုံကြည်ကြည်နဲ့ လုပ်ကိုင်မယ်ဆိုရင် အကျိုးရှိမှာ အမှန်ပဲ"

"ပြောပါဆရာရယ်။ ယုံယုံကြည်ကြည်နဲ့ကို လုပ်မှာပေါ့"

"ဟုတ်ပြီ၊ လုပ်ရမယ့်ယတြာကတော့ 'အစွမ်းထက်တဲ့ ထန်းလျက်ယတြာ'ပါပဲ။ ဆိုင်မှာရှိနေတဲ့ ဘုရားကျောင်းဆောင်မှာ နေ့စဉ် ထန်းလျက်ခဲကို ဆွမ်းတော်တင်ပေးရမယ်"

"ဟုတ်ကဲ့"

"ရဟန်းသံဃာတွေကို ဆွမ်းလောင်းတဲ့အခါမှာလည်း ထန်းလျက်ခဲ ပါပါစေ"

"စိတ်ချ ဆရာ"

"ကိုယ့်ဆိုင်ကို ဧည့်သည်တွေလာတဲ့အခါ ဧည့်ခံတဲ့အထဲ ထန်းလျက်ခဲ ပါပါစေ"

"ပါရစေ့မယ် ဆရာ"

"အသက်ကြီးတဲ့ အဘိုးအဘွားဘွေကို လှူတဲ့အခါမှာလည်း ထန်းလျက်ခဲပါဖို့ မမေ့နဲ့"

"ဟုတ်ကဲ့"

"ပြီးတော့ ဆိုင်က စားပွဲတိုင်းမှာ ထန်းလျက်ခဲကို အချိုတည်းရအောင် ဖန်ပုလင်းကလေးနဲ့ အမြဲတမ်းတင်ထားပါ။ ဒါဆိုရင်ဖြင့် ခင်ဗျားရဲ့ဆိုင် ရောင်းကောင်းသွားမယ်ဆိုတာ မှတ်လိုက်ပါတော့ ဒေါ်ခင်စန်းရီရေ့။

ခရီးဝေးသွားတဲ့အခါ ရောင်းကောင်းပါတယ်ဆိုတဲ့ ဆိုင်ကြီးတွေကို လေ့လာကြည့်ပါ။ စားပွဲပေါ်မှာ ထန်းလျက်ပုလင်းချထားတာကို တွေ့ရပါလိမ့်မယ်"

"ဟုတ်ကဲ့ဆရာ၊ ကျွန်မ ဆရာပြောတဲ့အတိုင်း သည်ကနေ့ကစပြီး ထန်းလျက်ယတြာကို လုပ်ပါတော့မယ်ဆရာ"

အမှန်တကယ်လည်း ထန်းလျက်ယတြာကို ယုံကြည်စွာဖြင့် လုပ်သည်။

ယုံကြည်မှုက အကျိုးပေးလာသည်ထင့်။

နောက်ရက် နောက်ရက်များ၌ ဒေါ်ခင်စန်းရီ၏ ကောင်းထက်လျှံ မြန်မာထမင်းဆိုင်ကလေးသည် လာရောက်စားသောက်ကြသူများ၊ လပေးစားသူများ၊ ချိုင့်ဆွဲစားသူများဖြင့် စည်ကားနေလေတော့၏။ သည့်အတွက် ဒေါ်ခင်စန်းရီခမျာ ရွှင်တပြုံးပြုံး။

အင်္ဂဝိဇ္ဇာဆရာအောင်





www.burmeseclassic.com

www.burmeseclassic.com



# လွယ်တဲ့ယတြာချေကြည့်ပါ

● နေမျိုးထွဋ်ခေါင်

"ခုတလော ကျွန်တော့်ရဲ့အလုပ်အကိုင်၊ အကြံအစည်တွေ အလွဲလွဲအချော်ချော် ဖြစ်နေတယ်ဆရာ။ ကျန်းမာရေးကလည်း သိပ်မကောင်းချင်ဘူး။ ဒီတော့ အလုပ်အကိုင်၊ အကြံအစည်တွေ အောင်မြင်ချင်တယ်၊ ကျန်းမာရေးလည်း ဒေါင်ဒေါင်မြည်ချင်တယ်။ ဒီတော့ ကျွန်တော် ယတြာချေချင်တယ်။ အဲဒါ အကူအညီပေးပါလား ဆရာရယ်"

"ပေးရမှာပေါ့ ကိုချစ်ရယ်။ တစ်ယောက်နဲ့တစ်ယောက် ဘာပြောနေစရာ လိုမှာတဲ့လဲ။ ဘယ်အခါပဲဖြစ်ဖြစ် အသက်တစ်နှစ်တစ်နှစ် ပြောင်းသွားလေတိုင်း ကိုယ့်ဘာသာကိုယ် လွယ်လွယ်ကူကူချေနိုင်တဲ့ ယတြာလေးတွေကို တွက်ချက်ပြီး ချေနိုင်တဲ့ နည်းကလေးကို ပေးလိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com

"ကျေးဇူးတင်လိုက်တာ ဆရာရယ်။ ဆရာက ဟင်းစားသာမကဘူး၊ ကွန်ချက်ပါ တစ်ခါတည်းပြတာကိုး"

"ဒါကတော့ ကိုချစ်ရယ်၊ ဆရာ့ဆရာတွေက ပညာကို သေရှာယူမသွားကြေးရယ်လို့ ညွှန်ကြားမှုတွေ ရှိခဲ့ပေတာကိုး။ ကိုင်း…တစ်ခါတည်းသာ ခေါင်းထဲရိုက်သွင်းလိုက်ပေတော့"

"ကျွန်တော်က မှတ်ဉာဏ်သိပ်မကောင်းချင်ဘူး ဆရာ။ ဒီတော့ မှတ်စုစာအုပ်လေးနဲ့ မှတ်ခွင့်ပြုပါ"

"ဒါတော့ ကိုချစ်ရဲ့ သဘောပါပဲလေ"

သို့ဖြင့် ကျွန်ုပ်လည်း မိတ်ဆွေဖြစ်သူ သူရဲသမိန်ရှာသား ကိုမောင်ချစ်အား အလွယ်ချေနိုင်သော ယတြာချေနည်းကို ပေးလိုက်ပါတော့၏။ တကယ့်ကို အလွယ်ကလေးရယ်ပါ။ ယတြာချေလိုသူ၏ အသက်ကို တည်ရပါမည်။ (၇)ဖြင့် စားရပါမည်။ ထိုအခါ အကြွင်းကလေးတွေ ရလာပါလိမ့်မည်။ ထိုအကြွင်းအပေါ် မူတည်၍ ယတြာချေပေးရပါမည်။

(၁) ကြွင်းပါက ဗုဒ္ဓဟူးနံ၊ ကြာသပတေးနံ၊ ရာဟုနံ အစားအစာများကို လှူရပါမည်။

(၂) ကြွင်းပါက ကြာသပတေးနံ၊ သောကြာနံ၊ တနင်္ဂနွေနံ အစားအစာများကို လှူရပါမည်။

(၃) ကြွင်းပါက သောကြာနံ၊ စနေနံ၊ တနင်္လာနံ အစားအစာများကို လှူရပါမည်။

(၄) ကြွင်းပါက စနေနံ၊ တနင်္ဂနွေနံ၊ အင်္ဂါနံ အစားအစာများကို လှူရပါမည်။

(၅) ကြွင်းပါက တနင်္ဂနွေနံ၊ တနင်္လာနံ၊ ဗုဒ္ဓဟူးနံ အစားအစာများကို လှူရပါမည်။

(၆) ကြွင်းပါက တနင်္လာနံ၊ အင်္ဂါနံ၊ ကြာသပတေးနံ အစားအစာများကို လှူရပါမည်။

(၀) ကြွင်းပါက အင်္ဂါနံ၊ ဗုဒ္ဓဟူးနံ၊ သောကြာနံ အစားအစာများကို လှူရပါမည်။

ဤသို့ နေ့နံနှင့်ပတ်သက်သော အစားအစာများကိုလည်း မှတ်သားထားဖို့ လိုပါသည်။

တနင်္ဂနွေနံအစားအစာမှာ အုန်းသီးခြောက်ခြမ်း ဖြစ်ပါသည်။

တနင်္လာနံမှာ ခွေးကို အစာကျွေးခြင်း ဖြစ်ပါသည်။

အင်္ဂါနံမှာ စိတ်မနှံ့သူကို ငွေလှူခြင်း ဖြစ်ပါသည်။

ဗုဒ္ဓဟူးနံမှာ ဝက်ကို အစာကျွေးခြင်း ဖြစ်ပါသည်။

ကြာသပတေးနံမှာ မျက်မမြင်ကို လှူဒါန်းခြင်း ဖြစ်ပါသည်။

သောကြာနံမှာ အိမ်ကိုသန့်ရှင်းရေးလုပ်ခြင်း ဖြစ်ပါသည်။

စနေနံမှာ နွားကို အစာကျွေးခြင်း ဖြစ်ပါသည်။

ယတြာများကို မိမိကျသည့် အကြွင်းအပေါ်မူတည်၍ ချေပါက ဘေးရန်ကင်းကွာ စိတ်ချမ်းသာမှုကို ရပါလိမ့်မည်။ အလုပ်အကိုင်၊ အကြံအစည်များ ထမြောက်အောင်မြင်ပါလိမ့်မည်။ ကျန်းမာရေးကောင်းလာပါလိမ့်မည်။

"ဟန်ကျလိုက်တာ ဆရာရေ။ နေဦး၊ ကျွန်တော့်အသက် ၅၆ နှစ်ဆိုတော့ တွက်ကြည့်လိုက်ဦးမယ်။ ၅၆ ကို ၇ နဲ့စားတော့ ပြတ်တယ်ဆရာ။ အကြွင်းက (၀)ပဲ။ ဒီတော့ အင်္ဂါနံ၊ ဗုဒ္ဓဟူးနံ၊ သောကြာနံတွေနဲ့ ချေရမယ်"


"ဟုတ်ပြီ၊ ဘာတွေနဲ့ ချေရမှာလဲ။ လုပ်စမ်းပါဦး ကိုချစ်"

"ဘာတွေနဲ့ ချေရမှာလဲဆိုတော့ စိတ်မနှံ့သူကို ငွေလှူရမယ်။ ဝက်ကို အစာကျွေးရမယ်။ အိမ်ကို သန့်ရှင်းရေးလုပ်ရမယ်။ ဟုတ်ပြီလား ဆရာ"


"သိပ်ဟုတ်တာပေါ့ ကိုချစ်ရယ်။ ခင်ဗျား ဖုံးမထေးတော့ဘူး"

ဤသို့ ကိုချစ်လည်း ဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင်လုံးစွာဖြင့် လေအန်ကုန်းလက်ဖက်ရည်ဆိုင်အနီးရှိ အဝတ်အစားဆိုင်မှ အင်္ကျီဖြူတစ်ထည်ကို ဝယ်ယူကာ ကျွန်ုပ်အား တလေးတစား လက်ဆောင်ပေးသွားပါလေတော့သတည်း။

နေမျိုးထွဋ်ခေါ



www.burmeseclassic.com



# ဖူးစာကံအရေး ဆွေးနွေးမယ်

✦ ဆရာဇီဝအောင်ထွဋ်

''တစ်ဦးနှင့်တစ်ဦး မေတ္တာရှိလို့ ချစ်အဖြေပေးပြီးကာမှ ဘယ်လိုဘယ်အကြောင်းနဲ့ ဘာဖြစ်တယ်မသိဘူး။ တစ်ဦးနဲ့တစ်ဦး ရင်ဆိုင်တွေ့ကြပြီဆိုရင် မပြောချင်၊ မဆိုချင်သလိုချည်း ဖြစ်ဖြစ်နေတယ်။ မေတ္တာစာတ်တွေ ပျက်ပြီထင်ပါရဲ့''

သည်သို့ စာရေးသူထံရောက်ရှိလာပြီး ညည်းညည်းတွားတွားပြောဆိုသူကား အိမ်နီးနားချင်းဖြစ်ရုံမက ဆွေမျိုးရင်းချာသဖွယ်လည်း ဖြစ်သော တူမငယ် ခင်ချိုဆက် ဖြစ်သည်။ ခင်ချိုဆက်မှာ အသက် ၂၀ ခန့် ရှိပါပြီ။ သူ့အမျိုးသားကလေးက အသက် ၂၄ နှစ်။ ရှေ့သွားနောက်လိုက်ညီသည်ဟုပင် ကောက်ချက်ချရပေလိမ့်မည်။ ချစ်သူနှစ်ဦးစလုံးပင် ခေတ်ပညာတတ် ဘွဲ့ရ အလုပ်အကိုင်ကိုယ်စီနှင့်။ ခုနေသာ သူတို့ချစ်သူချင်း လက်ထပ်လိုက်ကြမည်ဆိုပါက နှစ်ဖက်မိဘဆွေမျိုးသားချင်းများအနေဖြင့် ကန့်ကွက်ကြလိမ့်မည် မဟုတ်။ ဝမ်းမြောက်ဝမ်းသာစွာဖြင့်ပင် ''သည်လင်သည်မယား အိုအောင်မင်းအောင် ပေါင်းကြရပါစေ'' ဆုတောင်းပေးလိုက်ကြဦးမည်သာ။



www.burmeseclassic.com

www.burmeseclassic.com

ခု မည်သို့ဖြစ်ရတာတဲ့နည်း။

ခင်ချိုဆက်ကတော့ ''မေတ္တာစာတတ်တွေ ပျက်ပြီထင်ပါရဲ့''ဟု ကောက်ချက်ချသည်။ လောကမှာ ပြင်နိုင်ရန် ခက်ခဲတာတွေ ရှိသည်။ အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမင်ရည် စုတ်ထိုးတာတွေက သာဓကဖြစ်သည်။ အိမ်ထောင်ကျပြီးသွားပါက ဘယ်သူမှ အပျိုစင်၊ လူပျိုစင်တွေ မဖြစ်နိုင်တော့ပါ။

''ဆက်အနေနဲ့ မောင်ဇော်ထိုက်အပေး မေတ္တာကုန်ချင်တဲ့သဘောလား''

''အဲသည်လိုလည်း မဟုတ်ရပါဘူး။ ဆက်ချစ်တာပေါ့။ ဆက်အနေနဲ့ အနေအထိုင်ဆင်ခြင်တာ အားလုံးအသိပါပဲ။ ကိုဇော်အထင်လွဲမယ့်၊ အမြင်စောင်းမယ့် ကိစ္စတွေမှန်သမျှ ဘာတစ်ခုမှ လုပ်ခဲ့တာမရှိဘူး''

''မောင်ဇော်ထိုက်ကကော ဆက်မကြိုက်တာတွေ လုပ်နေသလား''

''မျက်မြင်ပကတိ အခြေအနေအရ ဘာတစ်ခုမှမရှိသလောက်ပါဘဲ။ အရက်မသောက်ဘူး၊ လောင်းကစားမလုပ်ဘူး။ ဘယ်မိန်းကလေးနဲ့မှလည်း ပရောပရီလုပ်တာမျိုးမရှိဘူး။ အဲ ... တစ်ခါတလေ ခံတင်းနံ့ပျောက်အောင်ဆိုပြီး ကွမ်းယာလေး တစ်ယာစ၊ နှစ်ယာစ ဝါးတာမျိုးတော့ ရှိတာပေါ့လေ''

သည်လိုမျိုး ဟီရိုဩတ္တပ္ပတရားနှင့် ပြည့်စုံ၍ အနေအထိုင်၊ အပြောအဆို၊ အပြုအမူ ယဉ်ကျေးလိမ္မာကြကုန်သော အရွယ်ကောင်းချစ်သူနှစ်ဦးကိုဖြင့် အောင်မြင်သောဘဝတစ်ခု တည်ဆောက်ဖြစ်စေလိုပါသည်။ အဆိုပါဆန္ဒကို အတွင်းသိ၊ အစင်းသိတွေအနေနှင့်လည်း ပြည့်ဝစေချင်ကြကုန်သည်။

''သည့်အတွက်တော့ စိတ်ညည်ညျူးမနေပါနဲ့ ဆက်ရယ်။ အင်မတန် ထိရောက်အောင်လုပ်နိုင်တဲ့ လောကီအစီအရင်ကလေးတစ်ခု ရှိပါတယ်။ ပြောတဲ့အတိုင်းသာ ယုံယုံကြည်ကြည် လုပ်မယ်ဆိုရင်ဖြင့် မအောင်မြင်စရာအကြောင်း ဘာမှမရှိပါဘူး''

''ဘယ်လို လုပ်ရမှာလဲဟင်။ ပြောပြပါ။ ယုံယုံကြည်ကြည်နဲ့ လုပ်ပါ့မယ်''

''ဒါဖြင့် စွယ်တော်ရွက်တစ်ရွက် သွားခူးလာခဲ့''

''ဟုတ်ကဲ့''

စွယ်တော်ရွက်က စာရေးသူ၏ အိမ်ရှေ့မျက်နှာစာမှာ ရှိသည်။ ခင်ချိုဆက်လည်း သွက်လက်စွာဖြင့်ပင် အိမ်ပေါ်မှဆင်းကာ စွယ်တော်ရွက်သွားခူး၏။ ပြီးတော့ စာရေးသူလက်ထဲ ထည့်၏။

''စွယ်တော်ရဲ့ သဘောက နှစ်လွှာပေါင်းမှ တစ်ရွက်ဖြစ်တာ။ အဲဒီစာတတ်ကိုယူပြီး ဆက်နဲ့ မောင်ဇော်ထိုက်တို့လည်း 'နှစ်ဦးပေါင်းတော့ ဘဝတစ်ခု'ဖြစ်ရမှာပေါ့ကွယ်''

ထိုသို့ပြောရင်း စွယ်တော်ရွက် ဘယ်ဘက်အခြမ်းတွင် ခင်ချိုဆက်ဟု ဘောလ်ပင်ဖြင့် ရေးလိုက်သည်။ နောက်ညာဘက်အခြမ်းတွင် မောင်ဇော်ထိုက်ဟု ရေးလိုက်သည်။

''ကိုင်း ... ဟောဒီစွယ်တော်ရွက်ကို ယူသွား။ ကိုယ်အိပ်တဲ့ ခေါင်းအုံးအောက်မှာ ထားအိပ်။ ၁၀ ရက်ပြည့်ပြီဆိုရင် ထူးခြားလာလိမ့်မယ်''

''ဟုတ်ကဲ့''

စွယ်တော်ရွက် အစီအရင်လေးက တကယ့်ကို ထူးခြားလှပါဘိ။

စာရေးသူ စေညွှန်သည့်အတိုင်း ခင်ချိုဆက်သည် တစ်သဝေမတိမ်း လုပ်ခဲ့ပါသည်။ သို့ဖြင့် သတ်မှတ်ကာလ ၁၀ ရက်ကျော်လွန်ပြီးသည့်သမယ စာရေးသူထံ ခင်ချိုဆက် ရောက်လာခဲ့ပါသည်။ တစ်ယောက်တည်းတော့မဟုတ်။ သူမနှင့်အတူ မောင်ဇော်ထိုက်လည်း ပါလာသည်။

''ကဲ ... အပူကပ်တယ်လို့လည်း မထင်ပါနဲ့။ ဆက်နဲ့ ကိုဇော်တို့ ရုံးတက်လက်မှတ်ထိုးကြတော့မယ်''


''ဟယ် ... မြန်လှချည်လား''

''အဲဒါ မင်္ဂလာဆည်ခံပွဲလေး ကျင်းပဖို့ နေ့ကောင်းရက်သာ ရွေးပေးဦးနော်''

မငြင်းသာပါ။ ခုလိုမျိုး ပွင့်လင်းရာသီ၊ ဝါလကင်းလွတ်သည့်ခါသမယ၌ အာဝါဟ ဝိဝါဟများနှင့် ပတ်သက်၍ နေ့ကောင်းရက်သာတွေ ခဏခဏရွေးပေးနေကျ မဟုတ်ပါကလား။

ချစ်သူတိုင်း ညားကြ၍ ညားကြသူတိုင်းလည်း ချစ်နိုင်ကြပါစေ။

**ဆရာဇီဝအောင်ထွန်း**





www.burmeseclassic.com

www.burmeseclassic.com

# အံ့ဖွယ်မီးလောင်ရောဂါ

● လှမိုး(ပညာရေး)

၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့တွင် အင်္ဂလိပ်ဘာသာဖြင့် အိန္ဒိယနိုင်ငံမှ ထုတ်ဝေသော "အဖာရစ်ဆာဘဇားပက်ထိရိကာ"သတင်းစာကြီးတွင် အိန္ဒိယနိုင်ငံ၊ အာသံပြည်နယ်၊ မြို့ငယ်လေးတစ်ခုတွင် ဖြစ်ပွားခဲ့သော အံ့ဖွယ်လောင်မီးကျသည့် ရောဂါဖြစ်ပွားမှုနှင့် ဆိုင်သော သတင်းတစ်ပုဒ်ကို မျက်နှာဖုံးတွင် ဓာတ်ပုံသာကေ အထောက်အထားဝေဝေဆာဆာနှင့် ဖော်ပြထားခဲ့သည့် ဤသတင်းအား ဖတ်ရှုကြရသော သတင်းစာဖတ်ပရိသတ်မှာ တအံ့တဩဖြစ်ခဲ့ကြသည်ဟု သတင်းများက ဖော်ပြခဲ့သည်။

"အမာရစ်ဆာဘဇားပက်ထိရိကာ" သတင်းစာကြီးမှာ အိန္ဒိယနိုင်ငံတွင် သက်တမ်းအရှည်ဆုံးနှင့် စောင်ရေအများဆုံး ထုတ်ဝေရသော သတင်းစာကြီးတစ်စောင် ဖြစ်သည်သာမက ဩဇာတိက္ကမကြီးမားသော သတင်းစာကြီးတစ်စောင်ဖြစ်ရကား လူအများလေးစားရသည့် သတင်းစာကြီးဖြစ်သည်။ ကမ္ဘာ့စာနယ်ဇင်းလောကတွင် နိုင်ငံတကာမှ လေးစားရသော သတင်းစာကြီးဟု သတ်မှတ်ထားသဖြင့် ထိုဖော်ပြခဲ့သော သတင်းသည် မဟုတ်မှန်၊ လုပ်ကြံဖော်ပြသော သတင်းတစ်ပုဒ်မဖြစ်နိုင်ဟု သတင်းစာဖတ်ပရိသတ်က ယူဆထား၏။

ထိုသတင်းမှာ အာသံပြည်နယ်၊ ဒီမာပူမြို့ဆေးရုံတွင် ဆေးကုသမှုခံယူနေသော အသက်သုံးလအရွယ် "ရာဟု"ဟု ခေါ်သော သမီးငယ်တွင် ဖြစ်ပွားခဲ့သည့် မွေးရာပါ မီးလောင်ရောဂါ သို့မဟုတ် လောင်မီးကျရောဂါအကြောင်း သတင်းဖြစ်သည်။ ရာဟု၏ မိခင်ဖြစ်သူကမှ သမီးငယ်ကလေးမှာ မွေးဖွားပြီး ထိုရက်အကြာတွင် တစ်ကိုယ်လုံး အလိုအလျောက် မီးထလောင်သည်ကို မိခင်ဖြစ်သူက တွေ့ရှိခဲ့သဖြင့် အချိန်မီ မီးငြိမ်းသတ်နိုင်ခဲ့သည်ဟု ဆိုသည်။

ထိုကလေးမငယ်ကလေးသည် အလားတူ အလိုအလျောက် မီးလောင်ကျွမ်းမှု ဖြစ်ပွားသဖြင့် ဆေးရုံတွင် တက်ရောက်ကုသခဲ့ရခြင်း ဖြစ်သည်ဟု သတင်းများက ဖော်ပြခဲ့သည်။ ၎င်းအား ကုသပေးနေသော ဆေးရုံမှ တာဝန်ရှိသော ဆရာဝန်များကမူ ရာဟု၏ မွေးရာပါမီးလောင်ရောဂါနှင့် တပ်သက်၍ သဘာဝကျကျ လူအများနားလည်ရန် ရှင်းမပြနိုင်ခဲ့ကြ။

အိန္ဒိယအစိုးရ ကျန်းမာရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူကမူ ဤကဲ့သို့ မွေးရာပါ လောင်မီးကျရောဂါ ဖြစ်ပွားသူ ၂၀၀ ခန့်ရှိသည်ဟု သတင်းမီဒီယာများကို ထုတ်ဖော်ပြောဆိုခဲ့သည်။ မှတ်တမ်းများအရ ၁၉၇၃ ခုနှစ်ခန့်ကမူ အသက် ၇၀ ကျော်အရွယ် အဘိုးအိုတစ်ဦးသည် အထက်ဖော်ပြပါ မီးလောင်ရောဂါကြောင့် ဆေးရုံသို့ တက်ရောက်ကုသခဲ့ရသည်ဟု ဆိုသည်။ ထိုရောဂါအား ပျောက်ကင်းအောင် ကုသနိုင်စွမ်းသော ဆေးနှင့် ကုထုံး ရှာဖွေမတွေ့ရှိရသေးသဖြင့် ဆရာဝန်များနှင့် သူနာပြုများကမူ ထိုရောဂါဝေဒနာ သက်သာစေရန်အတွက် လူနာအား လိမ်းဆေးကိုသာ အသုံးပြုခဲ့ကြပြီး ရုတ်တရက် မီးထလောင်ကျွမ်းပါက မီးငြိမ်းသတ်ရန် စောင့်ကြည့်ကြရသည်ဟု ဆိုသည်။

ဤသတင်းအား အင်တာနက်သတင်းများတွင် ဖော်ပြခဲ့သဖြင့် နိုင်ငံတကာမှ ထုတ်ဝေသော သတင်းစာများ၊ သတင်းမဂ္ဂဇင်းများတွင်လည်း ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြ



www.burmeseclassic.com


www.burmeseclassic.com

ရာ ယင်းမွေးရာပါ မီးလောင်ရောဂါသတင်းမှာ ဟိုးဟိုးကျော် လာခဲ့သည်။ ရုပ်သံလွှင့်အစီအစဉ်များကလည်း အထောက် ထားသာဓက၊ ဓာတ်ပုံများနှင့်ပါ ဖော်ပြပေးခဲ့သည်။

ဤကဲ့သို့ လောင်မီးကျခြင်း သို့မဟုတ် လူ့ကိုယ်ခန္ဓာ မှ အလိုအလျောက် မီးထလောင်ခြင်းနှင့် ပတ်သက်၍ ဖြစ်ပွား ခဲ့သော အမှုများ အနောက်နိုင်ငံများတွင် မကြာခဏ ဖြစ်ပွား ခဲ့သည်ဟု သတင်းမှတ်တမ်းများအရ သိရသည်။ ကျွန်တော် တို့ ဖတ်ရှုခဲ့ကြရသော ဇာတ်နိပါတ်များတွင်လည်း လောင်မီး ကျသည့် ထူးခြားဖြစ်စဉ်ကို တွေ့ရှိရပြီး မြတ်ဗုဒ္ဓသည် ပရိနိဗ္ဗာန်စံတော်မူသော အချိန်၌ ကျန်ရှိသော ခန္ဓာကိုယ် ရုပ်တော်သည် အလိုလို မီးလောင်ကျွမ်းမှု ဖြစ်ပေါ်လာခဲ့ပြီး ဓာတ်တော်များသာ ကျန်ရှိခဲ့သည်ဟု ဖတ်ရှုခဲ့ရဖူး၏။ ဤကဲ့ သို့ အလိုလိုမီးလောင်ကျွမ်းမှုအကြောင်း ဝတ္ထုတွင်ရေးသား ဖော်ပြခဲ့သူမှာ ဗြိတိသျှအမျိုးသား ကမ္ဘာကျော်စာရေးဆရာ ကြီး ချား(လ်)ဒစ်ကင်း ဖြစ်သည်။ ချား(လ်)ဒစ်ကင်း၏ ဝတ္ထု များကို မြန်မာစာဖတ်ပရိသတ်တို့ ဖတ်ရှုဖူးပြီဖြစ်၍ အထူး မိတ်ဆက်ပေးရန် မလိုဟု ယူဆမိပါသည်။ [သူ့ဝတ္ထုများအား ဆရာကြီးရွှေဥဒေါင်း၊ ဆရာကြီးဒဂုန်ရွှေမျှား၊ ဆရာမိုးဝေ၊ ဆရာမောင်ထွန်းသူတို့က မြန်မာဘာသာ ပြန်ဆိုထုတ်ဝေပြီး ဖြစ်ပါသည်။ ချား(လ်)ဒစ်ကင်း၏ "မျှော်တလင့်လင့်" မူရင်း အင်္ဂလိပ်ဘာသာ စာအုပ်မှာ လွန်ခဲ့သောနှစ်ပေါင်း ၆၀ ခန့်က ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာတန်း(ပထမနှစ်)တွင်အင်္ဂလိပ်ဘာသာ ဖတ်စာအဖြစ် ပြဋ္ဌာန်းခဲ့ပါသည်။]

ချား(လ်)ဒစ်ကင်းရေးသော ဝမ်းနည်းငြီးငွေ့ဖွယ်အိမ် ကြီး "Bleak House" ဝတ္ထုကြီးတွင် အလိုအလျောက် မီးလောင်ခြင်း၊ သို့မဟုတ် လောင်မီးကျခြင်းကို ရေးသား ဖော်ပြခဲ့သည်ကိုလည်း ကျွန်တော်တို့ ဖတ်ရှုခဲ့ရ၏။

ဤသို့ မွေးရာပါ မီးလောင်ရောဂါ သို့မဟုတ် လောင် မီးကျရောဂါဝေဒနာမှာ ယခုမှပေါ်သော ရွှေကြာပင်ရောဂါ မဟုတ်ပါ။ ရေးပဝေသဏီ နှစ်ပေါင်းများစွာကပင် ယင်းရောဂါ ဝေဒနာနှင့် ပတ်သက်သော မှတ်တမ်းများရှိခဲ့၏။ အင်္ဂလန် နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့မှ ထုတ်ဝေသော ဆေးပညာဂျာနယ်များ၊ ဆေးပညာမဂ္ဂဇင်းများတွင် ဤအလို အလျောက် မီးလောင်သောရောဂါအကြောင်း အကျယ်တဝင့်




ရေးသားဖော်ပြခဲ့ကြသော်လည်း ထိုရောဂါဝေဒနာ အဘယ် ကြောင့်ဖြစ်ရသည်၊ ထိုရောဂါဝေဒနာကို မည်သို့မည်ပုံ ကုသ ရမည်ဆိုသော ကုထုံးများ၊ လမ်းညွှန်ချက်များ မတွေ့ရှိရပေ။

မှတ်တမ်းများအရ အနောက်တိုင်းသုတေသီအများက မူ ယင်းရောဂါဝေဒနာအား "...e Fire From Heaven" ကောင်းကင်ဘုံမှ လောင်မီးကျစေသော ရောဂါဝေဒနာဟု ခေါ်ကြသည်။ ဤသို့ ရောဂါဝေဒနာအား သုတေသီအများနှင့် ဆေးပညာရှင်အများကမူ "Spontaneous-Human Combustion" ကိုယ်တွင်းပါ မီးလောင်ရောဂါဟူ၍လည်းကောင်း ကင်ပွန်းတပ်ခဲ့ကြပါသည်။ ထိုရောဂါဝေဒနာကို S.H.C. ဟု ခေါ်ဝေါ်ကြပါသည်။

ဆေးပညာရှင်အချို့ကမူ ၎င်းကိုယ်တွင်းမီးလောင်

www.burmeseclassic.com

ရောဂါဝေဒနာကို "Auto Oxidation" ကိုယ်တွင်းအောက်ဆီဂျင်ဓာတ်လွန်ကဲသော ရောဂါဝေဒနာဟု ခေါ်ဝေါ်ကြပါသည်။ ထူးဆန်းသည်မှာ ယင်းမွေးရာပါ မီးလောင်ရောဂါသင့်၍ ကိုယ်ခန္ဓာလောင်ကျွမ်းခဲ့သော်လည်း ထိုရောဂါဝေဒနာခံစားရသော လူနာ၏ အိပ်ရာ၊ ခေါင်းအုံးနှင့် အခြားအသုံးအဆောင်များမှာ မီးလောင်ကျွမ်းခြင်းမရှိဟု သိရ၏။

သိပ္ပံပညာ အလွန်တိုးတက်ပါသည်၊ ဆေးပညာအံ့မခန်းတိုးတက်ပါသည်ဟူသော ယခုခေတ်တွင်ပင် ဤမွေးရာပါ လောင်မီးကျရောဂါဝေဒနာ အဘယ်ကြောင့် ဖြစ်ရသည်ကို မည်သည့်ဆေးပညာရှင်မှ သဘာဝကျကျ ရှင်းမပြနိုင်သေး။ သဘာဝတရား၏ လျှို့ဝှက်ချက်ဖြစ်သဖြင့် လောကီလွန်ဖြစ်ရပ်ဟုသာ ခေါ်ကြ၏။ သိပ္ပံပညာရှင်များအဖို့ သိပ္ပံနိယာမတရားများနှင့် ရှင်းမပြနိုင်သဖြင့် ယင်းလောင်မီးကျသောအမှုများကို "Un Sloved" ယနေ့ထိ ရှင်းမပြနိုင်သေးသောအရာများဟူ၍လည်းကောင်း၊ "Unexplained" ဟူ၍လည်းကောင်း သတ်မှတ်ထားပြီး ဤကိုယ်တွင်းမွေးရာပါ မီးလောင်မှုအကြောင်းကို တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ရှင်းပြနိုင်ကောင်းသည်ဟု ဆိုကြသည်။ သို့သော် ယနေ့ထိ လူအများ လက်ခံနိုင်သော သဘာဝကျသော အဖြေကို မပေးနိုင်ကြ။

နိုင်ငံတကာမှ မှတ်တမ်းများအရ ပထမဆုံး မွေးရာပါမီးလောင်မှုဟု ခေါ်ဆိုရမည့် အမှုမှာ ခရစ်သက္ကရာဇ် ၁၈၈၀ ပြည့်နှစ်ခန့်က အမေရိကန်ပြည်ထောင်စု၊ မက်ဆက်ကျူးဆက်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည်။ ထိုအမှုတွဲတွင် မစ္စက်အယ်ယာ ဆိုသော အမျိုးသမီး မတ်တတ်ရပ်နေစဉ် ခြေထောက်မှစ၍ တဖြည်းဖြည်းမီးထတောက်လာပြီး ခန္ဓာကိုယ်တစ်ခုလုံးမီးစွဲလောင်ခဲ့သည်။ မီးမှာ အလွန်အရှိန်ပြင်းသဖြင့် ငြိမ်းသတ်ရန် အချိန်မရ။ သူ့အနီးတွင် ထိုခေတ်က နာမည်ကျော်ကြားလူသိများသော ဆရာဝန်ကြီး ဘီအိပ်ဟက်ဆိုသူ ရှိသည်ဟု သိရ၏။

အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့တော် မီးသတ်အဖွဲ့၏ မှတ်တမ်းများတွင် အထက်ဖော်ပြပါ မွေးရာပါ မီးလောင်ရောဂါရရှိသဖြင့် ကွယ်လွန်ရသော လူများ၏ အမှုတွဲများကိုအဆောက်အထားသာမက စုံစုံလင်လင်နှင့် ဖော်ပြထားခဲ့သည်။ ယင်းအမှုတွဲအချို့တွင်မူ ကိုယ်ခန္ဓာလောင်မီးကျသောရောဂါဆန်းကြောင့် ကွယ်လွန်သူများ၏ နေအိမ်အခန်းများအတွင်းရှိ အခြားမီးလောင်လွယ်ကူစေသော ပစ္စည်းများအားမီးကူးစက်လောင်ကျွမ်းခြင်းမရှိဟု ဖော်ပြခဲ့သည်။ လန်ဒန်မြို့ဟင်နီဗာလမ်းရှိ လူနေအိမ်တစ်လုံးတွင် မီးလောင်မှုပေါင်းအကြိမ်ကြိမ်ဖြစ်ပွားခဲ့သဖြင့် မီးငြိမ်းသတ်မှုများ ပြုလုပ်ခဲ့ရသော်လည်း မီးလောင်ရခြင်း၏ အကြောင်းရင်းတစ်စုံတစ်ရာကို မတွေ့ရသဖြင့် တရားဥပဒေအရ အရေးယူနိုင်ခြင်းမရှိဟုဆိုသည်။ ၁၉ ရာစုနှောင်းပိုင်းတွင် ထုတ်ဝေသော "British Medical Journal" ဗြိတိသျှဆေးပညာဂျာနယ်များတွင်လည်း အလိုအလျောက် မီးလောင်သေဆုံးခဲ့ရသည့် ရောဂါဝေဒနာရှင်များအကြောင်း ကျယ်ကျယ်ပြန့်ပြန့် ရေးသားဖော်ပြခဲ့သည်သာမက ထိုအံ့ဖွယ်ရောဂါအကြောင်း ဆေးပညာဆောင်းပါးများ ရေးသားဖော်ပြခဲ့သည်ကို တွေ့ရသည်။ ဤဆောင်းပါးများကို ရေးသားသူ ဆေးပညာရှင်အများမှာ လန်ဒန်ဆေးတက္ကသိုလ်နှင့် အီဒင်ဗာရာဆေးတက္ကသိုလ်ကျောင်းတိုက်ကြီးများမှ လူသိများသော ဆေးပညာပါရဂူများသာ ဖြစ်သည်။

မှတ်တမ်းများအရ ဤကဲ့သို့ မီးလောင်မှုဖြစ်ပွား၍သေဆုံးရသော ရောဂါဝေဒနာရှင်အချို့မှာမူ မိမိတို့နေအိမ်အိပ်ခန်းအတွင်းမှာ မီးလောင်ကျွမ်းသေဆုံးရခြင်းမဟုတ်ဘဲကွင်းပြင်များ၊ လူသွားလမ်းများပေါ်တွင် အများပြည်သူများရှေ့တွင်၊ ရုတ်တရက် အလိုအလျောက် မီးလောင်ကျွမ်း၍သေဆုံးကြရခြင်းဖြစ်သည်ဟု ဆိုသည်။ အမေရိကန်ပြည်ထောင်စု၊ မက်ဆက်ကျူးဆက်ပြည်နယ်၊ ကျေးရွာတစ်ရွာတွင်ခရစ်နှစ် ၁၈၈၃ ခုနှစ်က ဂျွန်အဒန်ဆင် ဆိုသူမှာ ခန္ဓာကိုယ်မှ အလိုအလျောက် မီးလောင်ကျွမ်း၍ လှည်းကားရာ လမ်းမပေါ်တွင် သေဆုံးခဲ့ရသည်ဟု ဆိုသည်။ ဂျွန်အဒန်ဆင်မှာထာဝစဉ် အရက်သေစာ သောက်စားမှုရှိနေသူ ဖြစ်သည်ဟုဆိုသည်။

ဆေးမှတ်တမ်းများအရ ၁၉၂၂ ခုနှစ်၊ ဒီဇင်ဘာလတွင်အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့ ဆီဒင်မန်လမ်းမှ မစ္စက်ဟူဖီမီးယားဆိုသူမှာ နေအိမ်အိပ်ခန်းအတွင်း ညအချိန်တွင် အလိုလိုမီးထလောင်ကျွမ်းခဲ့ရာ အရိုးသာကျန်ရစ်ခဲ့တော့သည်။ သို့သော်သူ၏အဝတ်အစား၊ အိပ်ရာခင်း၊ စောင်၊ ခေါင်းအုံးနှင့် အခြားမီးလောင်လွယ်သော ပစ္စည်းများ မီးလောင်ကျွမ်းခြင်းမရှိဟု



www.burmeseclassic.com

www.burmeseclassic.com

ဆိုသည်။ မီးလောင်ကျွမ်းခြင်းခံရသူ မစ္စက်ယူဖီးမီးယားမှာ အသက် ၆၈ နှစ်အရွယ် သားသမီးမရှိသော မုဆိုးမတစ်ဦး ဖြစ်သည်။ ကွယ်လွန်သူခင်ပွန်းဖြစ်သူ အသက်အာမခံကိုယ်စားလှယ်တစ်ဦး ဘဏ်တွင်အပ်နှံထားခဲ့သော ငွေမှရရှိသော အတိုးဖြင့် အေးအေးဆေးဆေး ကြောင့်ကြမဲ့ကင်းစွာ နေထိုင်သူဖြစ်၏။ ရဲနှင့် စုံထောက်တို့၏ အစီရင်ခံစာအရ သေဆုံးသူ၏ ပစ္စည်းများ ပျောက်ဆုံးခြင်းမတွေ့ရဟု သိရ၏။

မှုခင်းဆေးပညာပါရဂူများကလည်း မစ္စစ်ယူဖီးမီးယား အဘယ်ကြောင့် မီးလောင်သေဆုံးရသည်ကို ရှင်းရှင်းလင်းလင်း ထုတ်ဖော်ပြောပြနိုင်ခြင်းမရှိဘဲ ကိုယ်ခန္ဓာတွင်းမှ အလိုအလျောက် မီးထတောက်သော ရောဂါဝေဒနာဆန်းကြောင့် သေဆုံးရသည်ဟု ဆိုကြသည်။

အင်္ဂလန်နိုင်ငံမှ ထုတ်ဝေသော သတင်းစာကြီးများ၊ သတင်းမဂ္ဂဇင်းများနှင့် ရဲအဖွဲ့နှင့် စုံထောက်အဖွဲ့တို့၏ မှတ်တမ်းများအရ ၁၉၃၀ ခုနှစ်အတွင်း အင်္ဂလန်နိုင်ငံတွင် အထက်ဖော်ပြပါ နည်းလမ်းအတိုင်း အလိုအလျောက် ခန္ဓာကိုယ်မီးလောင်ကျွမ်းမှု နှစ်မှုဖြစ်ပွားရာ ရာဇဝတ်တရားရုံးတော်သို့ ရောက်ရှိခဲ့သည်ဟု သိရ၏။ တစ်မှုမှာ အသက်တစ်ဆယ့်ကိုးနှစ်အရွယ် မေဘယ်အင်ဒရူး ဆိုသူ၏ အမှုဖြစ်သည်။ မေဘယ်သည် ချစ်သူနှင့်အတူ လန်ဒန်မြို့ ဆိုဟိုးရပ်ကွက်ရှိ လူစည်ကားသော ကပွဲရုံတွင် ကနေစဉ် သူမ၏ကျောနှင့် ရင်ဘတ်မှ ရုတ်တရက် မီးတောက်များထွက်ပေါ်လာပြီး ခန္ဓာကိုယ်တစ်ခုလုံး မီးလောင်ခဲ့သည်။ သူ့ချစ်သူနှင့် ကပွဲရုံတွင်းမှ လူများ၊ မီးသတ်အဖွဲ့ဝင်များက နည်းလမ်းအမျိုးမျိုးနှင့် မီးငြိမ်းသတ်ခဲ့သော်လည်း ကိုယ်ခန္ဓာတစ်ခုလုံး အရိုးစုအနည်းငယ်သာ ကျန်သည်အထိ မီးလောင်သွားခဲ့သည်။ အဘယ်ကြောင့် မီးလောင်ခဲ့သည်ကို မည်သူမျှ ထုတ်ဖော်နိုင်ခြင်းမရှိသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက အမှုပိတ်ခဲ့ရတော့၏။

အခြားတစ်မှုမှာ အင်္ဂလန်နိုင်ငံ၊ အက်ဆက်ပြည်နယ်၊ ချင်းစဖို့(ဒ်)မြို့တွင် ဖြစ်ပွားခဲ့သော ခန္ဓာကိုယ် အလိုအလျောက် မီးလောင်မှုဖြစ်သည်။ အထက်ဖော်ပြပါမြို့ လူစည်ကားရာ လမ်းမပေါ်ရှိ ကပွဲရုံတစ်ရုံ၏ ရှေ့တွင် အသက် ၂၂ နှစ်အရွယ် နယူးကမ်ဘီဆိုသော မိန်းမပျိုကလေး ကပွဲမှ သူ့မိတ်ဆွေများနှင့်အပြန် ကပွဲရုံရှေ့ လမ်းမပေါ်တွင် သူ့ခန္ဓာကိုယ်မှ မီးတောက်မီးလျှံများ ရုတ်တရက်ထွက်ပေါ်လာကာ သူ့ခန္ဓာကိုယ်တစ်ခုလုံး မီးလောင်ကျွမ်း၍ သေဆုံးခဲ့ရသည်။ လူအများက နည်းလမ်းအမျိုးမျိုးနှင့် ငြိမ်းသတ်ခဲ့ကြသော်လည်း အရိုးစုကျန်သည်အထိ မီးလောင်ကျွမ်းခဲ့ရသည်။ ဤအမှုမှာလည်း ရာဇဝတ်တရားရုံးသို့ ရောက်ခဲ့သော်လည်း အဘယ်ကြောင့် နယူးကမ်ဘီ မီးလောင်သေဆုံးရသည်ကို မည်သူမျှ ရှင်းရှင်းလင်းလင်း ထွက်ဆိုခြင်းမပြုနိုင်သဖြင့် အမှုပိတ်ခဲ့ရသည်။

၁၉၅၁ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့ကလည်း အမေရိကန်ပြည်ထောင်စု၊ ဖလော်ရီဒါပြည်နယ်၊ စိန့်ပီတာစဘတ်မြို့မှ အသက် ၆၇ နှစ်အရွယ် မုဆိုးမ ခမရီရီဇာ ဆိုသူမှာ သူ့နေအိမ် အိပ်ခန်းအတွင်း မီးလောင်သေဆုံးနေသည်ကို စာပို့တိုက်မှ ကြေးနန်းပေးပို့သူနှင့် အိမ်ရှင်တို့က သက်ဆိုင်ရာသို့ သတင်းပေးပို့တိုင်ကြားခဲ့၏။ အဘွားကြီး၏ ခန္ဓာကိုယ်တစ်ခုလုံးမှာ မီးလောင်ကျွမ်းနေပြီးဖြစ်သည်။ သို့သော် အိပ်ခန်းကြမ်းပြင်ရှိ ကော်ဇောမှာမူ မီးလောင်ကျွမ်းခြင်းမရှိသည်ကို အံ့ဩဖွယ်တွေ့ရသည်။ ဤအမှုမှာလည်း ရာဇဝတ်တရားရုံးသို့ရောက်ခဲ့သော်လည်း အဘယ်ကြောင့် ကိုယ်ခန္ဓာတစ်ခုလုံး မီးလောင်ကျွမ်းရသည်ကို ထုတ်ဖော်နိုင်ခြင်း မရှိသဖြင့် အမှုပိတ်ခဲ့ရသည်။

မှတ်တမ်းများအရ ဤကဲ့သို့ အံ့ဖွယ် ကိုယ်တွင်းမီးလောင်ရောဂါနှင့် ပတ်သက်သော မှုခင်းများ လက်ဆစ်ချိုး၍ ရေတွက်မရအောင် ရှိခဲ့ပါသည်။ အမှန်အားဖြင့် လူတို့၏ ခန္ဓာကိုယ်အား ပြာကျအောင် မီးရှို့ရန် အပူချိန် ၂၅၀၀ ဖာရင်ဟိုက်ရှိရမည်ဟု ဆိုသည်။ သို့သော် လူတို့၏ ခန္ဓာကိုယ် အလိုအလျောက် မီးလောင်ကျွမ်းသော အမှုများတွင် သေဆုံးသူ၏ ပတ်ဝန်းကျင်ရှိ အဝတ်အစားနှင့် အခြား မီးလောင်လွယ်သော ပစ္စည်းများကို မီးကူးစက်လောင်ကျွမ်းခြင်းမရှိဟု ဆိုကြပါကြောင်း . . .။

**လှမိုး(ပညာရေး)**

<u>ကျမ်းကိုး</u>

Fire From Heaven by M. Harrison

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# သူတော်ငတေ နှင့် ပန်းပဲဆရာ

(ယခင်လမှအဆက်)

■ ဝေယံလင်းခေါင်

## သူတော်ငတေ၏ အညာတို့ဆေး

ကျွန်ုပ်တို့ ရွာဦးဘုန်းတော်ကြီးကျောင်းတွင် အသက်ငါးဆယ်ကျော်ခန့် ဦးသူတော်တစ်ဦး ရှိသည်။ လူပြန်ထော် ဘုန်းကြီးလူထွက်ဖြစ်၏။ သူ၏လူအမည်မှာ ဦးမြအောင် ဖြစ်သည်။ သို့သော် သူ့ကို သူတော်မြအောင်ဟုခေါ်သူမျှ မခေါ်မပြောကြ။ သူ့ရှေ့တွင်တော့ ဦးသူတော်ဟု ခေါ်ကြသလို သူ့ကွယ်ရာ၌မူ သူတော်ငတေဟုသာခေါ်ကြသည်။ သူ့ရှေ့တွင် သူတော်ငတေဟု မခေါ်ဝံ့ကြခြင်းမှာလည်း သူသည် လောကီပညာတတ်၍ဟု ဆိုကြသည်။

သူ့ကို ငတေဟု ခေါ်ကြခြင်းမှာလည်း အလွန်တေပေခဲ့၍ဟု ပြောကြ၏။ မွေးကတည်းကပင် အငိုသန်သည်၊ စိတ်ကြီးသည်၊ ငိုပြီးလျှင်လည်း ဟောင်းဟောင်းနှင့် ရှိုက်နေသေးသည်။ သူ့ခေါ်သမပြေမချင်း ရှိုက်နေတတ်၏။ ထို့ကြောင့် ဒေသစကားနှင့် ငယ်စဉ်က 'ငကျိ'ဟု ခေါ်ကြ၏။ ရှစ်နှစ်၊ ကိုးနှစ်သားအရွယ်မှာ မောင်မြမောင်ကို ဘုန်းတော်ကြီးကျောင်းထားသည်။ ကျောင်းရောက်တော့ တေလွန်း ပေလွန်း၍ 'ငကျိ'က 'ငတေ' ဖြစ်လာပြန်၏။

မိဘနှစ်ပါးက ရှင်သာမဏေပြုပေး၍ ကိုရင်ဖြစ်လာသောအခါမှာလည်း ရှင်ဘွဲ့ ကြာသပတေးသားပဏ္ဍိကို မည်သူကမျှ မခေါ်ကြ။ ကိုရင်ငတေဟုသာခေါ်ကြ၏။ သူ့ဥပဇ္ဈာယ်ဆရာ ဘုန်းတော်ကြီးကပါ "ဟဲ့ ... ရှင်ငတေ"ခေါ်တော့လည်း အားလုံးက ကိုရင်ငတေဟုသာ ခေါ်ကြသည်။

နောက် အသက် ၁၉ နှစ်ကျော်လာတော့ ရဟန်းခံ··သ်၊ ထိုအခါမှာလည်း 'ဦးဇင်းပဏ္ဍိ'ဟု မည်သူမျှ မခေါ်ကြ။ ဦးဇင်းငတေ၊ ကိုယ်တော်ငတေဟုသာ ခေါ်ကြပြန်သည်။

ဤသည်ကို သူကလည်း စိတ်နာ၍လားမသိ။ ရွာကျောင်းက ထွက်သွားသည်။ စာပေပရိယတ္တိသင်ရန်ဟု အကြောင်းပြ၍ ထွက်သွား၏။ အနှစ် ၂၀ ခန့်ကြာ၍ ရွာကို ပြန်ရောက်လာသောအခါ ရဟန်းဝတ်နှင့် မဟုတ်တော့။ သူတော်ဖြစ်လာ၏။ ထိုအချိန်မှာ သူ့ဥပဇ္ဈာယ်ဆရာနှင့် မိဘနှစ်ပါးလည်း ကွယ်လွန်သွားကြပြီ။

ထို့ကြောင့် သူ့သူငယ်ချင်းတစ်ယောက်က -

"ဦးဇင်းဝတ်ကိုလဲပြီး ဘာလို့ သူတော်ဝတ်တာလဲ"

ဟု မေး၏။

"ငါက ကိုရင်ဝတ်၊ ပဉ္စင်းဝတ်ခဲ့တာ ဝါသနာပါလို့ မဟုတ်ဘူးကွ။ ငတေနာမည် ပျောက်မလားလို့ ဝတ်ခဲ့တာ။ ရှင်ဝတ်တော့ ရှင်ငတေ၊ ပဉ္စင်းဝတ်တော့လည်း ပဉ္စင်းငတေ၊ ဘုန်းကြီးဖြစ်လည်း ငတေနာမည်ပျောက်မှာမှ မဟုတ်ဘူးဆိုတော့ ခုလူထွက်ပြီး ငတေနာမည်ပျောက်မလားလို့ သူတော်ဝတ်လာတယ်။ ကဲ ..ခု ငချုပ်ကို ဘယ်လူ ငတေခေါ်ရဲလဲ။ သတ္တိရှိရင် ခေါ်ကြည့်စမ်း"

ဟု စိန်ခေါ်လိုက်၏။ ထိုအခါ သူ့သူငယ်ချင်းကလည်း ...

"တကယ်လားကွဟင် ငတေ"



www.burmeseclassic.com

www.burmeseclassic.com

ဟု ယောင်များပြီးထွက်သွား၏။

သူတော်ငတေ ''ဟိုက်''ဆိုပြီး မြေကြီးကို ဖနောင့်နှင့်ပေါက်လိုက်ရာ သူ့သူငယ်ချင်းမှာ ပါးတစ်ဖက် ရွဲ့သွားသည်ဆို၏။ ထိုအခါမှ ကြောက်လန့်ပြီး သူတော်ငတေကို ရှိခိုးကန်တော့တော့မှ သူ့ပါးတစ်ဖက် ပြန်တည့်သွားသည်ဆို၏။ ထို့ကြောင့် နောက်ပိုင်းတွင် သူ့ကို မလေးမစား မည်သူမျှ သူတော်ငတေဟု မခေါ်ရဲကြတော့။ ဦးသူတော်ဟုသာ တလေးတစား ခေါ်ပြောကြ၏။ သို့သော် သူ့ကွယ်ရာမှာတော့ သူတော်ငတေ၊ သူတော်ငတေဟုသာ ခေါ်ကြပြောကြလေသည်။

သူတော်ငတေသည် လက်ရှိဆရာတော်၏ ခြေတံရှည်ကျောင်းအောက်တွင် ကွပ်ပျစ်ရိုက်၊ အခန်းကာ၍ သူ့ဘာသာသူနေသည်။ ဘုန်းကြီး၏ ဝေယျာဝစ္စ ကပ္ပိယအလုပ်ကိုလည်း ကျိုးကျိုးနွံနွံလုပ်သည်။ ယာဝကာလိက၊ ယာမကာလိက စသည်များကိုလည်း ပဋ္ဌင်းလူထွက်မို့ ခွဲခြားသိတတ်၊ ဆောင်ရွက်ပေးတတ်ရာ ဆရာတော်ကလည်း သဘောကျ၏။

သူ့ကွယ်ရာ၌သာ သူ့ကို သူတော်ငတေဟု ခေါ်ကြသော်လည်း ရွာမှာ စုန်းပူး၊ နတ်ပူး၊ အမှောင့်ပယောဂ၊ ကလေးလန့်၊ ကလေးတက်၊ ကျွဲပျောက်၊ နွားပျောက်၊ ဥစ္စာပျောက်က အစ အရေးအကြောင်းတစ်ခုခုဆိုလျှင်တော့ သူတော်ငတေကိုသာ တရိတသေ လာပင့်၊ လာခေါ်တတ်ကြသည်။ ကလေးသူငယ်နာ၊ မကြာ၊ ရက်ခြိုက်လက်ဖွဲ့လည်း အလွန်အစွမ်းထက်သည်ဟု ပြောကြ၏။

သူတော်ငတေ၏ နေ့စဉ်အလုပ်မှာ တရားထိုင်ခြင်း၊ ဖိုထိုးခြင်းတို့ကြောင့် ညနေတိုင်း အနင်းအနှိပ်ခံတတ်သည်။ သူ့ကို နင်းနှိပ်ပေးလျှင် ထွက်ရပ်ပေါက် ပုဂ္ဂိုလ်များအကြောင်းနှင့် တစ္ဆေပုံပြင်များကိုလည်း တစ်နေ့တစ်မျိုး မရိုးအောင် ပြောပြတတ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့ ကျောင်းသားများမှာ တစ်ထောင့်တစ်ည ပုံပြင်ပမာ ညနေစာအံပြီးသည်နှင့် သူတော်ငတေနားကိုသာ ရောက်သွားတတ်ကြသည်။ သူအားလပ်၍ စိတ်လိုလက်ရရှိလျှင် ရသေ့စိတ်ဖြေ (ထိုးလားမီးဇာ)နှင့် လက်လှည့်ပညာများကိုလည်း လုပ်ပြတတ်၏။

ရသေ့စိတ်ဖြေခေါ် 'ထိုးလားမီးဇာ'မှာ သိပ္ပံအမြင်နှင့်ကြည့်လျှင် ဘယ်လိုမှ မယုံကြည်နိုင်စရာ လက်လှည့်ပညာတစ်ရပ် ဖြစ်သည်။ စာဖတ်သူများ အတော်များများ လမ်းဘေးမျက်လှည့်ပွဲ၊ ဆေးရောင်းပွဲများကို ကြည့်ဖူးကြလိမ့်မည်။ ဥတစ်လုံးမှ နှစ်လုံး၊ သုံးလုံးဖြစ်သွားတာ၊ အုပ်ထားသော ခွဲထဲက ဥပျောက်သွားတာ၊ ဘာဆက်မရှိသော သံကွင်းများ တစ်ကွင်းထဲ တစ်ကွင်းက ဝင်သွားတာ စသည်တို့မှာ ရှေးရှေးက ရသေ့စိတ်ဖြေခေါ် အပျော်လုပ်ကစားကြသော ထိုးလားမီးဇာမှ ဆင်းသက်လာသော လက်လှည့်ပညာ ဖြစ်သည်။ ထို့ကြောင့်လည်း ကျွန်ုပ်တို့မှာ သူတော်ငတေအား ချစ်လည်းချစ်၊ ကြောက်လည်း ကြောက်ကြသည်။

သည်လိုနှင့် တစ်နေ့သ၌ ကျွန်ုပ်တို့ ကျောင်းဝင်းထဲက အသီးထွား၊ အဖီးလှသော ငှက်ပျောခိုင်ကြီးတစ်ခိုင် ပျောက်သွားသည်။ ထိုငှက်ပျောခိုင်မှာ ကျောင်းခြံတပ်စည်းကို မှီပြီး သီးနေသော ငှက်ပျောခိုင်ဖြစ်၏။ အပင်ကြီး အသီးလှသလို အခိုင်ကြီးကတော့ ကျောင်းတပ်အပြင်ဘက် ထွက်နေ၏။ ထို့ကြောင့် ထိုငှက်ပျောခိုင်ကြီးကို ကျောင်းသား၊ ကိုရင်ကြီးတွေက စိတ်မချ။

အကြောင်းမှာ ထိုငှက်ပျောခိုင်နားတွင် ရွာသူရွာသားများနှင့် ကျောင်းသားများလည်း ရေကန်သို့ ရေခပ်ရန်သွားရသော လမ်းဖြစ်နေ၏။ တပေါင်း၊ တန်ခူး နွေညဆိုလျှင် ရေခပ်သွားသူ၊ ရေခပ်ပြန်သူတွေနှင့် ညည ကိုးနာရီ ဆယ်နာရီထိ အသွားအပြန် လူမစဲ။ ထို့ကြောင့် ထိုငှက်ပျောခိုင်ကို ရင့်သည်နှင့် ခုတ်ပြီးအုပ်ကြရန် ကျောင်းသားကြီးနှင့် ကိုရင်ကြီးတို့က ဦးပဋ္ဌင်းကြီးကို ငှက်ပျောခိုင်ခုတ်ရန် ပြောကြ၏။

ဦးပဋ္ဌင်းက လက်မခံ။ ဤငှက်ပျောပင်မှာ မျိုးကောင်းမျိုးသန့် အောက်ရွာက ယူလာပြီး သူစိုက်ထားသော ငှက်ပျောပင်။ အလုံးမည်မျှကြီးမည်၊ အရသာရှိမည်၊ ကောင်းမည်ကို ပင်ထက်မှည့်ထားမှ သိရမည်။ ထို့ကြောင့် လက်ရင်းဖီးမှ တစ်လုံး၊ နှစ်လုံး ဝင်းရောင်လိုက်လာမှ ခုတ်မည်ဟု ဝင်းရောင်လိုက်လာအောင်ထားသည်။

သီးမွှေးငှက်ပျောခိုင်ကြီးမှာ လမ်းဘက်ကိုင်းညွတ်နေသဖြင့် လမ်းပေါ်က လှမ်းဆွဲခုတ်လျှင်လည်း ရသည်။ လူခိုးသွားလျှင် မစားရဖြစ်မည်ဟု ကိုရင်၊ ကျောင်းသားကြီးများက ပြောသော်လည်း ဦးပဋ္ဌင်းကို ဘယ်လိုမှ ပြောမရ။ ပင်ထက်မှည့်ထားမည်ချည်း ပြောနေသည်။

သလိုနှင့် တစ်နေ့ညမှာတော့

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းသားကြီးနှင့် ကိုရင်များ စိုးရိမ်ခဲ့ကြသလို ငှက်ပျောခိုင်ကို လူခိုးခုတ်သွား၏။ ရပ်ထုံးရပ်နည်းလည်း မရှိသဖြင့် ကျောင်းက ငှက်ပျောခိုင်ကို ယခု လူခိုးခုတ်သွားသောအခါ ပူညံပူညံ ဖြစ်ကုန်ကြ၏။ ဦးပဥ္ဇင်းကြီးကို ဝိုင်းပြီး အပြစ်တင်ကြ၏။ ကုဋီသွားတိုင်း ဆရာတော်ကလည်း ဤငှက်ပျောခိုင်ကြီးကို ကြည့်ပြီး ချီးမွမ်းစကားဆိုဖူးရာ ယခု ဤငှက်ပျောခိုင်ကိုမေးလျှင် လူခိုးခုတ်သွားသည်ပြောပါက ရွာလူကြီးများကပင် ပြဿနာတက်နိုင်သည်။ သူ့ကိုစော်ကားပြီး ကျောင်းက ငှက်ပျောခိုင်ကို လာခိုးလျှင် ဘုန်းကြီးကိုစော်ကားသည်နှင့် အတူတူပင်။

ထိုသို့ ဦးပဥ္ဇင်း၊ ကိုရင်၊ ကျောင်းသားတို့ ပူညံပူညံဖြစ်နေကြသံကြား၍ သူတော်ငတေက လှမ်းမေးသည်။ ကျောင်းက ငှက်ပျောခိုင်ကို လူခိုးခုတ်သွားသည်ဆိုသောခါ သူတော်ငတေလည်း ဒေါကန်၏။

''ဘယ်မိမဆုံးမ ... ဖမဆုံးမ အကောင်ပါလိမ့်။ ကျောင်းက ငှက်ပျောခိုင်ပဲ လာခိုးရတယ်လို့''

''ဒါ ... ကာလသားတွေနေမှာထဲ ဒီကောင်တွေပဲ ညည ကြက်ခိုး၊ အသီးခိုးပြီး ကာလသားချက် ချက်စားသောက်ကြတာ''

ကျောင်းသားတစ်ယောက်က အင်ကြေးစကားဆိုသည်။

ကျောင်းတပ်စည်းရိုး၏ ဘေးကထဲမှာ ရေခပ်လမ်းဖြစ်သဖြင့် မည်သူမဆို ရေခပ်လာရင်း ခိုးချင်သူတွေက အလွယ်တကူ ခုတ်ခိုးယူသွားနိုင်သော်လည်း ဦးပဥ္ဇင်းကြီးကတော့ ကျောင်းသားကြီးတစ်ယောက်၏ စကားအတိုင်း ကာလသားများကိုသာ စွပ်စွဲတော့သည်။

''ဘုန်းကြီးကျောင်းက ပစ္စည်းမှ လာခိုးတယ်ဆိုတာ အရပ်ရပ်နေပြည်တော် ကြားလို့မှ မတော်တဲ့ ကိစ္စပဲ။ ခွေးမသားသူခိုးကို မျက်ရည်စက်လက်နဲ့ ငှက်ပျောခိုင်ထမ်းပြီး ကျောင်းကို လာပို့အောင် တပည့်တော်လုပ်ပြမယ်။ ဦးပဥ္ဇင်းတို့ ဘာမှမပူကြနဲ့။ ဒီလိုသူခိုးမျိုးကို မှတ်လောက်သားလောက်အောင် လုပ်ရမယ်။ ရွာနာတယ်ဗျာ''

''အေးဗျာ ... လုပ်စမ်းပါ။ ဒါမှနောင်ဆို ဘုန်းကြီးကျောင်းက ပစ္စည်းကို ဘယ်လူမှ လက်ဖျားနဲ့ မတို့ရဲအောင် လုပ်ပြစမ်းပါ ဦးသူတော်''

''ဦးပဥ္ဇင်းတို့ ငှက်ပျောခိုင်က ဘယ်နေရာက ပျောက်သွားတာလဲ။ တပည့်တော် လိုက်ကြည့်ပါရစေ''

သူတော်ငတေ ထလိုက်လာ၏။

ဦးပဥ္ဇင်းနှင့် ကိုရင်၊ ကျောင်းသားများ သူခိုးခိုးသွားသော ငှက်ပျောခိုင်ကို လိုက်ပြကြ၏။ မှန်သည်။ ငှက်ပျောခိုင်မှာ အညှာပဲ ငုတ်တုတ်ကျန်တော့၏။

သူတော်ငတေက ငှက်ပျောခိုင်၏ အညှာကိုကြည့်ပြီး ခေါင်းခါ၏။

''ငှက်ပျောခိုင်ကတော့ ပြန်ရမှာမဟုတ်တော့ဘူး ဦးဇင်း''

''ဟင် ... ဘာဖြစ်လို့လဲဗျ။ စောစောက ဦးသူတော်ပြောတော့ မျက်ရည်စက်လက်နဲ့ကို ငှက်ပျောခိုင်ထမ်းပြီး ပြန်လာပို့အောင်လုပ်ပြမယ်ဆို''

ဦးပဥ္ဇင်း၊ ကိုရင်၊ ကျောင်းသားကြီးတွေက ဦးသူတော်မျက်နှာကို စေ့စေ့ကြည့်ပြီး နားမလည်တော့သလို ပြန်မေးကြ၏။

''စည်း ... စည်းကြောင့်ပဲ ဦးပဥ္ဇင်း။ စောစောက ဦးပဥ္ဇင်းအမိန့်ရှိတော့ ကျောင်းဝင်းထဲ ငှက်ပျောခြံက ငှက်ပျောခိုင်ထင်လို့ တပည့်တော် ပြောမိလိုက်တာပါ။ ခုက ကျောင်းတပ်စည်းအပြင်ဘက် ရောက်နေတဲ့ ငှက်ပျောခိုင်ဆိုတော့ တပည့်တော် လျှောက်မိသလို မဖြစ်နိုင်တော့ဘူး။ စည်းအပြင်ဘက် ရောက်နေတဲ့ ငှက်ပျောခိုင်ကို ဘယ်ပြန်ရအောင် လုပ်နိုင်တော့မလဲ။ စည်းဟာ သိပ်အရေးကြီးပါတယ်။ အဲဒါကြောင့် လူ့စည်း၊ ဘီလူးစည်း၊ ရပ်စည်း၊ ရွာစည်း၊ ကျောင်းစည်း၊ တပ်စည်းဆိုတဲ့ စည်းတွေဟာ ရှေးရှေးလူကြီးတွေက အလကားထားခဲ့ကြတာ မဟုတ်ဘူး။ ဦးပဥ္ဇင်းတို့ ကြားချင်မှ ကြားဖူးမှာ။ စည်းပေါက်လို့ တပည့်တော်တို့ မြန်မာနိုင်ငံတစ်ခုလုံး ကျွန်သပေါက်ဖြစ်ခဲ့ရတာ ကြားဖူးလား''

''မကြားဖူးပါဘူး၊ ပြောပါဦး''

''ဒီလို ဦးပဥ္ဇင်းရဲ့။ တပည့်တော်တို့ အောက်မြန်မာနိုင်ငံကို ပထမဦးဆုံး အင်္ဂလိပ်တွေ လာသိမ်းတော့ တပည့်တော်တို့ မြောက်ပိုင်းမှာ ကဝိလမိုင်းဆိုတဲ့ လောကီပညာရှင် ပုဂ္ဂိုလ်တစ်ဦး ရှိတယ်။ အဲဒီကဝိလမိုင်းဆရာက အင်္ဂလိပ်တွေကို ပြန်တိုက်ဖို့အတွက် ဘယ်လိုအစီအမံတွေ လုပ်သလဲဆိုတော့ စစ်သားတွေ စုဆောင်းတယ်။ စစ်သားစုတယ်ဆိုပေမယ့် သူက လူစစ်သားတွေ စုတာမဟုတ်ဘူး။ စက္ကူစစ်သားတွေကို လောကီအစီအမံတွေနဲ့ စုဆောင်းတာ။ စက္ကူတွေကို လက်ညှိုး၊ လက်မညှပ်ပြီး သေတ္တာထဲထည့်ထားတာ။ ပြီးတော့ သူ့

www.burmeseclassic.com

သစ်မ်းရှေ့မှာ မောင်းတစ်လုံး ဆွဲချိတ်ထားတယ်။ ကဝိလမိုင်းဆရာက သူ့သစ်မ်းကိုလည်း စည်းသုံးတန် တားထားတယ်။ စည်းဆိုလို့ ခုလို ဘုန်းကြီးကျောင်းတပ်စည်း၊ ရွာစည်းလိုကာထားတာမဟုတ်ဘူး။ မြေပြင်မှာ အရာလေးပေါ်အောင် တုတ်နဲ့ ခြစ်ကြောင်းထားတာ။ သူဘယ်သွားသွား၊ ဘယ်လောက်အရေးကြီးကြီး ဒီမောင်းကို ဘယ်လူမှ မထုရဘူး၊ မတီးရဘူးလို့လည်း သူသွားခါလာခါနီး သူ့ဆီမှာ လောကီပညာ သင်နေကြတဲ့ တပည့်တွေကို နေ့စဉ် မှာသွားတယ်တဲ့။ တစ်နေ့တော့ ကဝိလမိုင်းဆရာ တောထဲ ဆေးမြစ်သွားရှာနေတဲ့အချိန်မှာ သူ့တပည့်တစ်ယောက်က ဒီမောင်းကို မထုဖို့ ဆရာက နေ့တိုင်း အရေးတကြီးမှာတယ်၊ ဒီမောင်းကိုထရင် ဘာဖြစ်မလဲလို့ စမ်းကြည့်တဲ့သဘောနဲ့ မောင်းကို ထုကြည့်တယ်တဲ့။ မောင်းသုံးချက်လည်း ထုပြီးရော စက္ကူတွေကို ညှပ်ပြီး ထည့်ထားတဲ့ သေတ္တာကြီးဟာ အလိုလိုပွင့်ထွက်သွားပြီးခါး၊ လုံကိုယ်စီနဲ့ ကုမ္ပဏီတစ်ထောင်ဟာ ရန်သူကို တိုက်မယ်ခိုက်မယ် ကြွေးကြော်ပြီး သေတ္တာထဲက ပြေးထွက်လာကြတယ်တဲ့။ သူ့အစီအမံက မပြီးသေးတော့ ကဝိလမိုင်းဆရာက မောင်းသံကြားတာနဲ့ သူ့အစီအမံကို ပညာသည်တစ်ယောက်ယောက်တော့ ဝင်ဖျက်ပြီးအထင်နဲ့ ပြေးလိုက်လာတယ်။ စီမံထားတဲ့ စက္ကူစစ်သားကုမ္ပဏီတစ်ထောင်ဟာ စည်းနှစ်တန်ကိုတောင် ကျော်လွန်လာနေကြပြီတဲ့။ ဒါနဲ့ အစီအမံက မပြီးသေးတော့ အင်္ဂလိပ်တွေကို သွားတိုက်နိုင်ရင်လည်း ကုမ္ပဏီတစ်ထောင်တွေဟာ စက္ကူစုတ်တွေပဲ ပြန်ဖြစ်သွားမှာသိလို့ ကဝိလမိုင်းဆရာဟာ စည်းထဲခုန်ဝင်လိုက်ပြီး ကုမ္ပဏီတစ်ထောင်ကို သူ့အစီအမံနဲ့ သေတ္တာထဲ မန်းမှုတ်ပြီး ပြန်သွင်းထားလိုက်ရတယ်တဲ့၊ ကုမ္ပဏီတစ်ထောင်ကို ကြောက်ပြီးထွက်ပြေးသွားကြတဲ့ သူ့တပည့်တွေဟာ သူ့ဆရာကိုလည်းကြောက်တော့ အင်္ဂလိပ်တွေဆီ ရောက်သွားကြတယ်။ အင်္ဂလိပ်တွေကို ကဝိလမိုင်းရဲ့ အစီအမံလုပ်နေတာ ပြောပြကြတော့ အင်္ဂလိပ်က ကဝိလမိုင်းဆရာကို ဖမ်းပြီးသတ်ပစ်လိုက်ကြတယ်။ သူတစ်ဦးတည်းကို မဟုတ်ဘူး။ တပည့်တော်တို့ပြည်မှာ ရှိရှိသမျှ လောကီပညာသည်တွေကို အားလုံး ပိုက်စိပ်တိုက်ရှာ သတ်ကြတယ်။ နောက်တော့ လေကီပညာသည်တွေတင်မကဘူး၊ ဆေးဆရာ၊ ဗေဒင်ဆရာတွေပါမကျန် အကုန်လိုက်သတ်ပစ်လိုက်ကြတယ်။ အဲဒီအချိန်ကစပြီး တပည့်တော်တို့ဆီမှာ လောကီပညာ၊ တိုင်းရင်းဆေးပညာတွေဟာ ကွယ်ပျောက်ကုန်ပြီး အင်္ဂလိပ်တွေလက်ထဲ ရောက်သွားတာပဲ။ အဲဒါကြောင့် စည်းဆိုတာ အလွန်အရေးကြီးတယ်။ စည်းဟာ လောကီပညာမှာ အလွန်အရေးကြီးတယ်။ အမှန်ကတော့ လောကီပညာရယ်မဟုတ်ဘူး၊ ပြည်စည်း၊ နယ်စည်း၊ မြို့စည်း၊ ရွာစည်း၊ ကျောင်းစည်းလိုပဲ လူမှာလည်း ကိုယ်စည်း၊ နှုတ်စည်းဆိုတာလည်း လူတွေအတွက် စောင့်စည်းရမယ့် စည်းပဲ။ တပည့်တော်တို့ လောကီ''

သူတော်ငတေက တစ်ခုပြောလိုက်လျှင် ဆယ်ခုလောက်က အဆစ်ပါလာပြီး ပြောမပြီးဖြစ်တတ်သည်ကို သိနေသော ဦးပဥ္စင်းက ငှက်ပျောခိုင်ပျောက်ရာက ကုမ္ပဏီတစ်ထောင်ရောက်သွားသဖြင့် စိတ်မရှည်ဖြစ်ကာ

''ဒါဆို . . ခုကျောင်းတပ်စည်းအပြင်ဘက် အခိုင်ထွက်သီးနေတဲ့ ငှက်ပျောခိုင်ပျောက်တာ ဘာမှမတတ်နိုင်တော့ဘူး ဆိုတာလား''

ငှက်ပျောခိုင်ပြန်ရရေးသာ စိတ်စောနေသော ဦးပဥ္စင်းကြီးကတော့ စောစောကတင် မိုးတစ်လုံး၊ လေတစ်လုံးပြောပြီး ယခုမှ လျှော့ချသွားသော သူတော်ငတေကို စိတ်ပေါက်ပေါက်နှင့် အော်လိုက်၏။

''နဂိုကပင် စည်းအပြင်ဘက်ထွက်သီးပြီး ပျောက်သွားတဲ့ ငှက်ပျောခိုင်ကို ပြန်ရအောင်တော့ တပည့်တော် ဘယ်လိုမှ မစွမ်းနိုင်တော့ဘူး။ ဒါပေမယ့် ကျောင်းဝင်းထဲက ခိုးသွားတဲ့ ငှက်ပျောခိုင်ကို စားလို့မရအောင်တော့ တပည့်တော်လုပ်တတ်ပါတယ်''

''အေး . . . ဒါဆိုလည်း မဆိုးပါဘူး ဦးသူတော်ရယ်။ လုပ်စမ်းပါဗျာ။ ကျောင်းက ငှက်ပျောခိုင်ကိုမှ ရွေးခိုးတဲ့သူခိုးလည်း ခိုးလာတဲ့ ငှက်ပျောသီးက စားမရဘူးဆို နောက်နောင် ကျောင်းဝင်းထဲက ဘာပစ္စည်းမှ မခိုးရဲအောင်ပေါ့ဗျာ။ လုပ်စမ်းပါ''

''မှန်ပါ့ဘုရား''

ဟု ပြောပြီး သူတော်ငတေသည် ဦးပဥ္စင်းကြီးနောက်မှ ဝိုင်းနေကြသော ကျောင်းသားကြီးများဘက် လှည့်ကြည့်ပြီး တစ်ယောက်စီ၏နာမည်ကို မေး၏။

''မင်းနာမည်''

''အောင်ကျော်ပါ ဘဘ''



www.burmeseclassic.com

www.burmeseclassic.com

“မင်းနာမည်ကော”

“ထွန်းသာအောင်ပါ’

“မင်းနာမည်ကကော”

“ဝယ်ချေးအောင်ပါ ဘဘ”

“ဟင် ... မင်းနာမည်က လည်း အဆန်းပါလား”

“မဆန်းပါဘူး ဦးသူတော်။ ဒီကောင့်အမေ၊ အဖေတွေက ကလေး အဖတ်မတင်တတ်လို့ သူ့ဘကြီး၊ သူ့ ကြီးကြီးတို့က ပထမဝယ်ပြီး မွေးစား တာ။ နောက်နည်းနည်းကြီးလာတော့ သူ့အမေ၊ အဖေတွေကို ပြန်ပြီး ချေး ငှားတဲ့သဘောနဲ့ ပြန်ပေးထားတယ်။ နောက် နေထိုင်မကောင်းဖြစ်ပြန် တော့ တစ်ခါ ထပ်ဝယ်ပြန်တယ်။ ဒါနဲ့ ဝယ်လိုက်၊ ပြန်ချေးငှားလိုက်နဲ့ လုပ် နေကြတာနဲ့ ကြာတော့ ဝယ်ချေး အောင် ဖြစ်လာတာ”

“ဟုတ်လား၊ ဒါဆို ဟုတ်ပြီ ဦးပဥ္စင်း။ ဟော့ကောင် ... ဝယ်ချေး အောင်၊ မင်းဝါးလုံးပိုင်းတစ်ပိုင်းယူပြီး ဘုန်းကြီးကုဋီ(ချေးတင်း)ကို သွားစမ်း။ ဝါးလုံးအဖျားနဲ့ ကုဋီထဲက ချေးမစင် တွေကို ထိုးမွှေပြီး ဒီကိုယူလာခဲ့။ ဦးပဥ္စင်း၊ ကိုရင်၊ ကျောင်းသားတွေ အားလုံး နောက်ဆုတ်ကြ။ ဘုန်းကြီး ချေးဟာ အင်မတန် အာနိသင်ကြီး တယ်။ စည်းချရမယ်။ စည်းထဲ ဘယ် လူမှ မဝင်ရဘူးနော်။ ဟော့ကောင် .. ဝယ်ချေးအောင်”

“ခင်ဗျာ”

“မင်း ဝါးလုံးချေးသုတ် ယူလာ တဲ့အခါ ဒီစည်းထဲ မဝင်ရဘူးနော်။ ဒို့ကို အပြင်က မင်းဝါးလုံးချေးသုတ် လှမ်းပေး။ ကဲ ...သွား ..သွား၊ မြန်မြန်သွား”

ဝယ်ချေးအောင်ဆိုသော ကျောင်း သားကြီး ဘုန်းကြီးကုဋီဘက် ထွက် သွားသည်။ သူတော်ငတေက သစ် ခက်ပိုင်းတစ်ပိုင်းကို ယူပြီး သူခိုးခိုးခုတ် သွားသော ငှက်ပျောခိုင်ရိုးတံအောက် စည်းဝိုင်းဝိုင်းသည်။ ငှက်ပျောညှာတံ ကို လှမ်းကိုင်၍ ပါးစပ်က ပွစိပွစိ မန်းမှုတ်နေ၏။

ဝယ်ချေးအောင် ပြန်လာ၍ ဝါး လုံးချေးသုတ်ကို စည်းအပြင်က လှမ်း ပေးသောအခါ သူတော်ငတေက လှမ်းယူပြီး ငှက်ပျောခိုင်ညှာတံကို ဝါး လုံးထိပ်ရှိ ချေးမစင်နှင့် သုတ်သည်။ ပြီးသည်နှင့် –

“ကိုင်း ... ကျောင်းကို အား လုံး သွားကြတော့။ ဘယ်လူမှ လှည့် မကြည့်ရဘူးနော်။ ယောင်လို့မှ လှည့် မကြည့်ကြနဲ့။ ဦးပဥ္စင်းက ထိန်းသွားပါ”

ပြောပြီး နှင်လွှတ်သည်။ သူ တော်ငတေ ဘာလုပ်နေသည်ကို လှည့်မကြည့်ရဆိုသဖြင့် မည်သူမျှ မသိကြတော့။

တစ်ရက်နှစ်ရက်ကြတော့ သူ တော်ငတေကို ဦးပဥ္စင်းကြီးကမေး၏။

“ဦးသူတော်၊ ခင်ဗျားဟာ ဘာ မှလည်း ဖြစ်မလာပါလား”

“ဦးပဥ္စင်းကို တပည့်တော်က ဘာဖြစ်လာမယ် ပြောခဲ့လို့လဲ”

“ဟောဗျာ ..ခင်ဗျားဟာက သူခိုးမဖော်ထုတ်ဘူးလား”

“ဘယ်သိဦးမလဲ”

“ဟာ ... ခင်ဗျားဟာက သူခိုး လည်း မဖော်၊ အဲဒီငှက်ပျောသီးလည်း ဘယ်လူကမှ မစားကြရဘူးဆိုတော့ ဘာအကျိုးရှိမှာလဲ။ ကုဋီထဲ ချေးသွား ယူတဲ့ကောင် ချေးနံ့ရှူရတာပဲ အဖတ် တင်တာပေါ့”

“မှန်တာပေါ့။ ဘုန်းကြီးချေး လည်း နံတာပဲမဟုတ်ဘူးလား။ တပည့်တော်က ဘုန်းကြီးချေး မွှေးပါ တယ်လို့ လျှောက်ဖူးလို့လား”

“ဒီလိုပဲ ခင်ဗျားလုပ်တာ ဘာမှ မဖြစ်လာရင် ခင်ဗျားခွဲပြောပြီ”

ဦးပဥ္စင်းက စိတ်တိုပြီး ကျောင်း ပေါ်တက်သွားသည်။ သူတော်ငတေ ကမူ သူ့ဖိုရုံထဲတွင် တဟားဟားရယ် ၍ ကျန်ခဲ့၏။

သို့သော် မကြာပါချေ။ နောက် နှစ်ရက်အကြာမှာ သူခိုးပေါ်တော့၏။ ငှက်ပျောခိုင် ခိုးခုတ်သွားသူမှာ မင်းရွာ က ဘိန်းစားငထီးဖြစ်သည်။

မင်းရွာမှာ ရွာကြီးဖြစ်ပြီး လူနေ အိမ်ခြေများသလို လူတွေကလည်း စုံ သည်။ အရက်သမား၊ ဖဲသမား၊ ဘိန်း စား၊ သူခိုး ပေါ်သလို လက်သမား၊ ပန်းပဲသမား၊ ပန်းထိမ်သမား၊ စက် ချုပ်သမား၊ ဈေးသည်၊ တံငါသည် လူစုံရှိ၏။

မင်းရွာက ဘိန်းစားမောင်ထီး သည် ကျောင်းက ငှက်ပျောခိုင်ကို ရေကန်ရေချိုးသွားရင်း အလစ်ခိုးခုတ် သွားသည်။ ထိုငှက်ပျောခိုင်မှ ငှက် ပျောဖီးများကို မင်းရွာတွင် လည် ရောင်း၏။ သူခိုးဈေးနှင့် ဝယ်ရသူများ သည် မောင်ထီးဆီက အလုံးကြီး၊ အဖီးလှတွေကို လျှော့ဈေးနှင့် ဝယ်ယူ ကြသည်။ ငှက်ပျောသီးမှည့်လာသော အခါ တစ်အိမ်လုံး ချေးစော်နံလာ၏။ အစကမူ လေတိုက်၍ အိမ်သာမှ အနံ့ လာသည်ဟု ထင်ကြ၏။ မှည့်လာ သော ငှက်ပျောသီးကို စားမည်ဟု အခွံနွှာကြသောအခါ ချေးစော်နံ၍

www.burmeseclassic.com

တစ်အိမ်လုံး အော့အန်ကုန်ကြတော့သည်။

တစ်ယောက်မဟုတ်၊ တစ်အိမ်မဟုတ်၊ ဘိန်းစားမောင်ထီးဆီက ငှက်ပျောသီးဝယ်ယူထားသူအားလုံး၏ ငှက်ပျောသီးများက တစ်လုံးမကျန် ချေးစော်နံသည်။

ထို့နောက် ဘိန်းစားမောင်ထီးကို ကျိန်ဆဲကြကာ ထိုသတင်းကြောင့် ဘိန်းစားမောင်ထီးဆီက မည်သည့်ပစ္စည်းမှ မဝယ်ကြတော့။ ဘိန်းစားမောင်ထီးလည်း ကျောင်းက ငှက်ပျောသီးကို ခိုးမိ၍ ချက်ချင်းလက်ငင်း အကုသိုလ်ကြီးသည်ဟု ကြောက်ရွံ့ကာ နောက်တော့ ဘိန်းဖြတ်ကာ လူကောင်းသူကောင်း ဖြစ်သွားလေသည်။

××× ××× ×××

## သူတော်ငတော့၏ တံပူပျံ

ကျွန်ုပ်တို့ တိုက်နယ်တွင် ရွာပေါင်း ၁၀ ရွာရှိသည်။ ကထိန်ရာသီဖြစ်သော တန်ဆောင်မုန်းလရောက်လျှင် တိုက်နယ်ရှိ ရွာပေါင်းဆယ်ရွာမှ ဘုန်းတော်ကြီးကျောင်း ဆယ်ကျောင်းကို တစ်နှစ်တစ်ကျောင်း အလှည့်ကျ ကထိန်ပွဲတော်ကြီးနှင့် ဆွမ်းတော်ကြီး လောင်းလှူပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြ၏။

အလှည့်ကျသောရွာကို ကျန်ရွာများက တန်ဆောင်မုန်းလပြည့်နေ့ နေ့ဆွမ်း တစ်အိမ်ထောင် တစ်အုပ်ကျ နှစ်စဉ်ပို့ကြရသည်။ ထို့အပြင် သင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ်မှစ၍ ငွေပဒေသာပင် တစ်ပင်ကိုလည်း ရွာတိုင်းက အကအခုန်၊ အတီးအမှုတ်တွေနှင့် သွားပို့ကြရသော ဂါမပညတ် အစဉ်အလာရှိသည်။

တိုက်နယ်အတွင်းရှိ ရွာများမှ ဆွမ်းအုပ်၊ ပဒေသာပင် လာပို့ကြသူများသည် ကထိန်ပွဲတော်ကြီး၌ မနက်တိုင်း ကာလသားများ၏ ဒိုးပတ်ပြိုင်ပွဲ၊ နေ့လယ် လက်ဝှေ့ပွဲ၊ ညဦး အငြိမ့်ပွဲပြီးမှ မိမိတို့ရွာကို ပြန်ကြတော့မည်ဖြစ်ရာ ကထိန်ပွဲတော်ကြီး၊ ဆွမ်းတော်ကြီး လောင်းလှူပူဇော်ပွဲကြီးမှာ ကြက်ပျံမကျ စည်ကားလှပေသည်။

ယခုနှစ်တွင် ကျွန်ုပ်တို့ရွာ၌ ကထိန်ပွဲတော်ကြီး အလှည့်ကျ၍ ရွာသူရွာသားတွေမှာ သီတင်းမကျွတ်မီကပင် မိမိရွာ၌ ကထိန်ပွဲတော်ကြီး အလှည့်ကျလုပ်ရမည်ကို ဂုဏ်ယူမဆုံး၊ ပြောဆိုတိုင်ပင်မဆုံး ဖြစ်နေကြ၏။ ရွာသူကြီးနှင့် အရပ်လူကြီးတွေမှာ သီတင်းကျွတ်လမရောက်မီကပင် လှုပ်လှုပ်ရှားရှား တိုင်ပင်ညှိနှိုင်း ဆွေးနွေးပွဲများကို အကြိမ်ကြိမ်အခါခါ ပြုလုပ်ပြီး တက်တက်ကြွကြွ ရှိနေကြသည်။

ရွာကြီးတွေကလည်း ရွာကြီးအလိုက်၊ ရွာငယ်ပေါကလည်း ရွာငယ်တွေအလိုက် အပြိုင်အဆိုင်များလည်း ရှိကြလေရာ ယခုနှစ် ကျွန်ုပ်တို့ရွာတွင် အလှည့်ကျသော ကထိန်ပွဲတော်ကြီးမှာ ကာလသားတို့၏ ဒိုးပတ်ဝိုင်းဆိုလျှင်လည်း တခြားရွာထက် မသာတောင် တန်းတူရည်တူ လိုက်နိုင်ရန် ကာလသားများကလည်း တော်သလင်းလလောက်ကပင် ဒိုးပတ်အတီးအမှုတ်၊ အကအခုန်များကို လေ့ကျင့်ကြရ၏။ ရွာတွင် လက်စလက်နရှိသော နပန်းသမားလူငယ်များကလည်း ရေခံမြေခံကောင်းသော မိမိတို့ရွာပွဲတွင် ရွှေမောင်း၊ ငွေမောင်းတို့ ရယူပိုင်ဆိုင်နိုင်ရန် နေ့စဉ်နေ့တိုင်း အစမ်းလေ့ကျင့်လျက် ရှိကြလေသည်။

သည်လိုနှင့် တန်ဆောင်မုန်းလပြည့် ကထိန်ပွဲတော်ကြီးကို ရောက်လာလေ၏။ တိုက်နယ်တစ်ခုလုံး ရွာ ၁၀ ရွာမှ ကျောင်းဆိုင်ဆရာတော်ကြီးများ၊ ပင့်သံဃာများမှာလည်း ကျွန်ုပ်တို့ကျောင်းကို ကြွလာကြပြီ။ ရပ်ဝေးနေ ဆရာတော်များဆိုလျှင် တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့ ညနေကပင် ကြွရောက်နေကြ၏။ တိုက်နယ်အတွင်းရှိ ရပ်နီးနား၊ ရွာနီးနား ဆရာတော်များကမူ သူတို့ရွာ ဒကာ၊ ဒကာမများနှင့်အတူ ဆွမ်းအုပ်ကိုယ်စီ၊ အကအခုန်၊ အတီးအမှုတ် ကိုယ်စီနှင့် တန်ဆောင်မုန်းလပြည့်နေ့ မနက်ကျမှ ကြွလာတတ်ကြ၏။

သည်လိုနှင့် တစ်ရွာပြီးတစ်ရွာ ကျွန်ုပ်တို့ရွာသို့ ဧည့်ပရိသတ်များ ရောက်လာကြရာ ဆွမ်းအုပ်ပို့ပြီး၊ ပဒေသာပင်လှည့်ပြီး ဧည့်ပရိသတ်များသည် ကျောင်းရှေ့ရှိ မဏ္ဍပ်ထဲ၌ ကိုယ့်ရွာအုပ်စုနှင့်ကိုယ် တစ်ရွာပြီးတစ်ရွာ နေရာယူကြသည်။ ထိုအထဲတွင် အရင်ရောက်နှင့်နေကြသော ရွာများမှ ကာလသားတို့၏ ဒိုးပတ်ဝိုင်းကလည်း ဒိုးသံတညံညံ၊ သံချပ်သံတညံညံနှင့် မဏ္ဍပ်ကြီးထဲတွင် တီးမှုတ်ကခုန်လျက် ဟန်ရေးပြ၊ ဧည့်ခံနေကြ၏။

မနက်ပိုင်း ပျော်ပွဲရွှင်ပွဲဖြစ်သော ကာလသားတို့၏ ဒိုးပတ်ဝိုင်းမှာ ကာလသမီးများ၏ အရေးအထားဆုံး၊ အလေးအပေးဆုံး ဝိုင်းဖြစ်သည်။ ဒိုးပတ်ဝိုင်း၌ မိမိတို့၏ ကြိုက်သူ၊ ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com

များ ပါလာကြသလို မချစ်မကြိုက်ရသေးသော်လည်း ဤပွဲတွင် သူတို့၏ အလှအပကိုပြကာ ချစ်သူကြိုက်သူများကိုလည်း ရွေးချယ်နိုင်ကြသည်။ ထို့ကြောင့် ကာလသမီးများ၏ မျက်လုံးအစုံမှာ လျှပ်စစ်တပြက်ပြက် လင်းတလက်လက် ဖြစ်နေကြသည်။ မိုးချုန်းသံတမျှ မြည်ဟည်းနေသော ဒိုးပတ်သံများနှင့်အတူ ကာလသမီးများ၏ လျှပ်စစ်မျက်ရိပ်များကလည်း မဏ္ဍပ်ကြီးထဲ သူ့ကိုလား၊ ငါ့ကိုလားနှင့် တဖျပ်ဖျပ် ယှက်ပြေးနေကြ၏။

ဒိုးတီးကောင်း၊ အကကောင်း၊ ကာလသားများကလည်း သူတို့၏ ချစ်သူများကို အစွမ်းပြ ကပြနေကြရာ ချစ်သူမရှိကြသေးသူများမှာလည်း တစ်ထောင့်ထောင့် တစ်နေရာရာတွင် မျက်လုံးချင်း၊ အပြုံးချင်း၊ အကြည့်ချင်း ထိမိ၊ ငြိမိ၊ တွေ့မိ၊ အကြည့်ချင်းဆုံမိမည့် ကာလသမီးများနားသွား၍ ကခုန်ပြ၊ ပြုံးပြ၊ လျှာထုတ်ပြ၊ မျက်စိမှိတ်ပြနှင့် ချစ်သူရလိုရငြား အစွမ်းကုန်ကြိုးစားနေကြသည်။

ကာလသား၊ ကာလသမီးများက ထိုသို့ ကိုယ့်ကိစ္စနှင့်ကိုယ် ဆောင်ရွက်နေကြချိန်တွင် လူကြီးများ၊ အထူးသဖြင့် သမီးရှင်၊ သားရှင်များကလည်း ဤပွဲတွင် သူ့သား၊ သူ့သမီးများ မည်သူမည်ဝါ သားသမီးများနှင့် ငြိစွန်း တွေ့မိလာကြမည်ကို နားစွင့်ကြရသည်။ ဤနှစ်တွင် မည်သည့်ရွာက မည်သူ၊ မည်သူ့သမီး အလှဆုံးသရဖူကို ဆွတ်ယူသွားကြောင်း ကာလသားတို့၏ ပါးစပ်မောင်းခတ်သံကိုလည်း နားစွင့်လျက်ရှိနေကြသည်။

သည်လိုနှင့် ဘုန်းကြီးကျောင်းဝင်းကျယ်ကြီးရှိ မဏ္ဍပ်ကြီးရှေ့တွင် ကာလသားများ ဒိုးပတ်အစွမ်းပြကြရင်း မင်းရွာကာလသား မောင်ရွှေဖံဦးနှင့် ကျွန်ုပ်တို့ရွာက ကာလသား မောင်အောင်ကျော်ထွန်း၊ မောင်အောင်ကျော်အေးတို့ ညီအစ်ကို ရန်ဖြစ်ကြရာ ဒိုးပတ်ဝိုင်းမှာ ချက်ချင်း ရှုတ်ရှုတ်သဲသဲ ဖြစ်ကုန်ကြသည်။

ဖြစ်ကြရသည့် အကြောင်းရင်းမှာ မင်းရွာကာလသား မောင်ရွှေဖံဦးသည် ဒိုးတီးကခုန်ကာ ဟန်ရေးပြပြီး ရွာခံ မောင်အောင်ကျော်ထွန်းတို့၏နှမ အောင်မေသူကို ထိကပါး ရိကပါး အကြိမ်များစွာ လှည့်ပတ်ကခုန်ပြီး စရာ၊ နောက်ရာမှ စဖြစ်ကြ၏။ ရွာခံကာလသား ဒိုးပတ်ဝိုင်းတွင် ဝါးလက်ခုပ်တီးသော အောင်ကျော်ထွန်းနှင့် လင်းကွင်းတီးသော အောင်ကျော်အေးတို့လည်း မြင်ကြသည်။ သို့သော် ရွာခံဖြစ်နေသဖြင့် သူ့နှမကို သူတို့ရွာတွင် အမှုအရာအမျိုးမျိုးနှင့် ဣန္ဒြေပျက်အောင် သွားစနေသည်ကို မြင်သော်လည်း စောစောကတော့ သည်းခံနေကြ၏။

မင်းရွာမှာ ရွာကြီးဖြစ်သဖြင့် ကာလသားအုပ်ကလည်း များသည်။ ဇာထိုး၊ ပန်းထိုး၊ အင်္ကျီချုပ်၊ ပုဆိုးချုပ်၊ ရွှေထည်ငွေထည်၊ ဓားသ၊ ဓားလုပ်အပြင် သစ်သားမီးခြစ်ကအစ၊ ဖယောင်းတိုင်၊ အပ်ချည်လုံးတို့ကိုလည်း မင်းရွာဈေးတွင် သွားဝယ်ကြရရာ မင်းရွာနှင့် မည်သူမျှ ကင်းကွာ၍ မရကြ။ နောက်ဆုံး မင်းရွာဆရာတော်ကြီးမှာလည်း ဂိုဏ်းချုပ်ဆရာတော် ဖြစ်၏။ ဆေးဆရာ၊ မှော်ဆရာ၊ နတ်ဆရာ၊ စုန်းကဝေကအစ မင်းရွာ

ရန်ဖြစ်နေကြသော
ကာလသားများကို
သူတော်ငတေပစ်လိုက်သော
တံပူတွေက ပျံသွားပြီး
ပျားပိတုန်းများ တုပ်သလို
လိုက်တုပ်၊ လိုက်ထိုးနေရာ
ရန်ဖြစ်နေကြသူ
ကာလသားများမှာ
အချင်းချင်း
ရန်ဆက်ဖြစ်နေကြရန်
သတိမရနိုင်ကြတော့ဘဲ
အမယ်လေး၊ အဘလေး
အော်ကာ မဏ္ဍပ်ထဲက
ချက်ချင်းထွက်ပြေးကြရသည်။

မှာ အစုံရှိသည်ဟု ပတ်ဝန်းကျင်အားလုံးက ယုံကြည်ထားကြ၏။ ထို့ကြောင့် ကျောင်းသားလေးများကအစ မင်းရွာသားများဆိုလျှင် ဦးစားက ဦးစားပေးကြရ၏။

အောင်မေသူ၏ မိသားစုမှာ ဆင်းဆင်းရဲရဲထဲကတော့ မဟုတ်။ လူချမ်းသာ ကြေးရတတ်စာရင်းထဲ မပါသော်လည်း လယ်ပိုင်၊ ယာပိုင်နှင့် ရွာ၌ လူလတ်တန်းစားမိသားစုဖြစ်၏။ ရွှေဖံဦး၏ မိဘများကတော့ မင်းရွာ၏ လူချမ်းသာ ကြေးရတတ်စာရင်းထဲ ပါ၏။ ပြီး သားကလည်း တစ်ဦးတည်းသောသားမို့ မိဘဘိုးဘွားများက ငယ်စဉ်ကပင် အလိုလိုက်ထားသူဖြစ်ရာ ပွဲတိုင်းလိုလိုမှာ ခုတ်



www.burmeseclassic.com

www.burmeseclassic.com

ကြထစ်ကြ၊ သတ်ကြပုတ်ကြ အဆင့် မရောက်သော်လည်း အစအန ထွက်တတ်သူ ကာလသားဖြစ်သည်။

အောင်ကျော်ထွန်းတို့ ရွာခံညီအစ်ကိုက သည်းခံနေကြသည်မှာလည်း ရပ်ဓလေ့၊ ရွာဓလေ့အရ ဤလိုပွဲမျိုးမှာ အပျိုကို လူပျိုက စပိုင်ခွင့်ရှိသလို အောင်ကျော်ထွန်း၏ ချစ်သူမှာလည်း မင်းရွာက ကာလသမီးအုပ်ထဲ ပါနေသဖြင့် မင်းရွာကို အသွားအလာမလုပ်ဘဲ နေ၍ရသူမဟုတ်။ ထို့ကြောင့် အကြောင်းကြောင်းကိုထောက်ကာ သူ့နှမအား ထိကပါး ရိကပါး စရံတင်စနေသော ရွှေဖုံဦးကို မသိလိုက် မသိဘာသာ နေနေကြသေးသည်။

သို့သော် ရွှေဖုံဦးသည် အောင်မေသူအား ပညာသားပါပါ ချစ်ကြောင်း၊ ကြိုက်ကြောင်း ပြရာမရောက်ဘဲ ရုပ်ပျက်ဆင်းပျက်၊ ဣန္ဒြေမရ အောင်မေသူအနားချည်းသွားပြီး ဒိုးတီးပျက်၊ စည်းပျက်၊ ကမ်းပျက် ဖြစ်လာသောအခါ အောင်မေသူမှာ အစ်ကိုနှစ်ယောက်ရှေ့ဖြစ်နေသဖြင့် မျက်စိပျက်၊ မျက်နှာပျက်နှင့် ထပြန်ရတော့မည့်အခြေအနေတွင် ရွှေဖုံဦးနှင့် သူ့အစ်ကိုနှစ်ယောက် ဖြစ်ကြတော့သည်။

မင်းရွာကာလသားများကလည်း ရွှေဖုံဦးဘက်က ဝင်ပါလာကြသလို ရွာခံကိုလာစော်ကားသည်ဟု အကျွန်ုပ်တို့ရွာ ကာလသားများကလည်း ဝင်ပါလာကြရာ အောင်မေသူ၏အစ်ကို အောင်ကျော်ထွန်းက ရွှေဖုံဦးကို သူ့လက်ထဲမှ ဝါးလက်ခုပ်နှင့် ရိုက်သည်။ သည်လိုနှင့် ဟိုဘက်သည်ဘက် ဆွဲကြလွဲကြ ဝင်ပါကြနှင့် ကထိန်ပွဲမဏ္ဍပ်ထဲမှာ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြသည်။ ထပြေးသူတွေက ပြေးကြသလို၊ ဖျန်ဖြေသူ၊ ဆွဲသူ၊ တားသူ၊ ပါဝင်လာသူများနှင့် အုတ်အော်သောင်းတင်း ဖြစ်ကုန်ကြတော့၏။

ထိုအခါ ကျောင်းအောက်၌နေသော သူတော်ငတေ ကမန်းကတန်း ပြေးထွက်လာ၏။ သူတော်ငတေ၏ လက်ထဲတွင် သူနေ့စဉ် သွားတိုက်၊ သွားကြားထိုး၊ လျှာခြစ်ခြစ် လုပ်ထားသော တမာသားတံပူ သွားကြားထိုးတံ သုံးလေးချောင်းပါလာသည်။ ဤတမာသား တမာခက် တံပူ သွားထိုးတံတွေမှာ 'တမာတစ်ခက်၊ သွားတစ်သက်'ဟူသော ရှေးသမားတော်ကြီးတို့၏ အဆိုအမိန့်နှင့်အညီ သူတော်ငတေ နေ့စဉ် သွားတိုက်၊ လျှာခြစ်၊ သွားကြားထိုးတံလုပ်ထားသော တံပူများ ဖြစ်သည်။ တစ်ဖက်ကို သွားတိုက်ရန်ထားသလို၊ တစ်ဖက်ကို သွားကြားထိုးရန် ချွန်ထားသည်။ အလယ်သားကိုမူ လျှာခြစ်ရန် နှစ်ဖက်ပြားထား၏။

မဏ္ဍပ်ထဲဝင်လာသော သူတော်ငတေက –

''ဘာ ... ဘာဖြစ်ကြတာလဲ''

ဟု ဟိုဟိုသည်သည် ကြည့်၍ မေး၏။

ရွာသားတစ်ဦးက လက်ရှိ ဆွဲလား၊ တားလား၊ ထိုးလား၊ ကြိတ်လား ဖြစ်နေကြသည်ကို –

''ဦးသူတော် မြင်တဲ့အတိုင်းပဲ''

ဟု ပြောလိုက်ရာ သူတော်ငတေသည် သူ့လက်ထဲ ဆုပ်ကိုင်ပါလာသော တံပူသုံးလေးချောင်းကို ရန်ဖြစ်နေကြသော ကာလသားများဆီ ပစ်ပေါက်လိုက်သည်။ ပါးစပ်ကလည်း –

''မိမဆုံးမ၊ ဖမဆုံးမတွေ။ သူများတွေက တစ်နှစ်မှာမှ တစ်လ၊ တစ်လမှာမှ တစ်ရက်၊ တစ်ရက်မှာ တစ်ကျောင်း လှူကြတန်းကြရတဲ့ပွဲမှာ ရန်လာဖြစ်ရတယ်လို့ ခွေးတိရစ္ဆာန်တွေ''

ဟု ရေရွတ်ဆဲဆိုလိုက်၏။

ထိုအချိန်မှာ ရန်ဖြစ်နေကြသော ကာလသားများကို သူတော်ငတေပစ်လိုက်သော တံပူတွေက ပျံ့သွားပြီး ပျားပိတုန်းများ တုပ်သလို လိုက်တုပ်၊ လိုက်ထိုးနေရာ ရန်ဖြစ်နေကြသူ ကာလသားများမှာ အချင်းချင်း ရန်ဆက်ဖြစ်နေကြရန် သတိမရနိုင်ကြတော့ဘဲ အမယ်လေး၊ အဘလေး အော်ကာ မဏ္ဍပ်ထဲက ချက်ချင်းထွက်ပြေးကြရသည်။

သူတော်ငတေပစ်လိုက်သော တံပူပျံများသည် ရန်ဖြစ်နေကြသော ကာလသားများကို ကျောင်းတပ်ဝမှသည် ရွာဦးအရောက် လိုက်တုပ်ထိုးကြ၏။ ထို့ကြောင့် ရွှေဖုံဦးအပါအဝင် မင်းရွာကာလသားများသည် သူတို့မင်းရွာထဲ ဝင်ပြေးမှ လွတ်သွားကြရသည် ဆို၏။

မိမိတို့ရွာက ကာလသားများမှာလည်း မဏ္ဍပ်ထဲမှ ကျောင်းဝင်း၊ ကျောင်းဝင်းမှ ကျောင်းပြင်ထွက်ပြေးပြီး ရွာထဲဝင်ပြေးကြတော့မှ သူတော်ငတေ၏ တံပူပျံများ အထိုးအတုပ်မှ လွတ်သွားကြသည်ဆို၏။

***စာကြွင်း*** ။ ထိုအမှုကိစ္စတွင် ကထိန်ပွဲပြီးသော နောက်တစ်နေ့ ညနေတွင် မင်းရွာဆရာတော်ကြီးနှင့်

www.burmeseclassic.com

မင်းရွာသူကြီးအပါအဝင် ဆရာတော်များ၊ သူကြီးများ၊ အရပ်လူကြီးများ စုံညီဆုံးဖြတ်ချက်အရ မင်းရွာကာလသား ရွှေဖုံဦးနှင့် ခေါင်းကွဲအောင် စတင် ဝါးလက်ခုပ်နှင့်ရိုက်နက်သူ အောင်ကျော်ထွန်းတို့အား ကျွန်ုပ်တို့ ရွာကျောင်းကို ရေအိုးတစ်ယောက် အလုံးငါးဆယ်ပို့စေဟု ရေဒဏ်ပေး၏။

ထိုနေ့က ကျွန်ုပ်တို့ ကျောင်းသားများမှာ မိုင်ဝက်နီးပါးဝေးသော ရေကန်ကို ရေခပ်သွားရန် သက်သာသွားကြသည့်အပြင် ကျောင်းသား၊ ကိုရင်၊ ဦးပဉ္စင်းတို့က ကျောင်း၌ပင် သူတို့နှစ်ယောက်ခပ်ပေးသောရေကို ချိုးကြရသဖြင့် မကြာမီ လာလတ္တံ့သော တပို့တွဲ ထမနဲ့ထိုးပွဲမှာလည်း ကာလသားများ ရန်ဖြစ်ကြပါစေဟု ဆုတောင်းနေကြသည်။

သို့သော် နောက်ထပ် ဘယ်ရွာ၊ ဘယ်ပွဲမှာမှ ကာလသားများကား ရန်မဖြစ်ရဲကြတော့ပေ။ ရွာလူကြီးများကလည်း ပွဲမဝင်မီ တစ်ရက်၊ နှစ်ရက် အလိုကပင် သူတော်ငတေ၏ တံပူပုံများကို သွားရောက်တောင်းယူထားပြီး ဖြစ်ကြောင်း ရွာဆော်ကြီးများကိုပင် ဆော်ဩကြေညာထားနိုင်ရလေသည်။

××× ××× ×××

## သူတော်ငတေ၏ နတ်စိမ်းချွတ်နည်း

တစ်နေ့ညနေတွင် ကျွန်ုပ်တို့ ကျောင်းသို့ အသက်လေးဆယ်ခန့် အရွယ် အာဂန္တုဧည့်သည်တစ်ယောက် ရောက်လာ၏။ သူ့တွင် ဆေးရွက်ကြီး တစ်စည်း၊ ငှက်ပျောသီးနှစ်ဖီးနှင့် ကြိသကာတစ်ထုပ် ပါလာသည်။

ထိုအာဂန္တုဧည့်သည်က သူတော်ငတေကို မေးသဖြင့် သူတော်ငတေရှိရာ ကျောင်းအောက်သို့ ဖိုရုံကို လိုက်ပို့လိုက်ကြ၏။ ဧည့်သည်က ဖိုရုံထဲ ခေါင်းပြူကြည့်သောအခါ သူတော်ငတေ၏ လက်ရင်းတပည့် ငထီးနှင့် နေဆန်းတို့က –

"ခင်ဗျား အထဲမဝင်ပါနဲ့၊ အပြင်က စောင့်ပါ"

ဆိုသဖြင့် ဧည့်သည်က ဖိုရုံရှေ့က ကွပ်ပျစ်တွင် ထိုင်၍စောင့်နေ၏။

သူ့တပည့်နှစ်ယောက်၏ အသံကို ကြားသဖြင့် ခဏအကြာမှာပင် သူတော်ငတေ ဖိုရုံထဲက ထွက်လာ၏။

"ဘာကိစ္စပါလိမ့်"

သူတော်ငတေက မတ်တတ်ပင် မေး၏။

"ဒီလိုပါ ဦးသူတော်ခင်ဗျာ။ ကျွန်တော့်အမျိုးသမီးဗျာ ‥ ခဏခဏ နတ်စိမ်းဝင်ပူးတတ်လို့။ အဲဒါ ‥"

"ခဏခဏဆိုတော့ တစ်နေ့ ဘယ်နှခါလောက် ဝင်ပူးလဲ"

"ဩော် ‥‥ ခဏခဏဆိုတာ ဒီလိုပါခင်ဗျား။ တစ်လတစ်ခါ၊ နှစ်လ တစ်ခါလောက်ကို ပြောတာပါ"

"အဲဒါ ခဏခဏမှ မဟုတ်တာကြီးပဲဗျ"

"မှန်ပါတယ်ခင်ဗျား။ စောစောက ကျွန် ‥‥ ကျွန်တော် စကားပြောလောသွားလို့ပါ။ ခွင့်လွှတ်ပါ"

"လွှတ်ပါတယ်၊ လွှတ်ပါတယ်။ ခင်ဗျားမိန်းမ နတ်စိမ်းဝင်ပူးတာပဲ ပြောစမ်းပါ။ ဘယ်လိုဖြစ်လို့ တစ်လ တစ်ခါ၊ နှစ်လတစ်ခါ ခင်ဗျားမိန်းမကို နတ်စိမ်းက ဝင်ပူးရတာတုံး"

"ဟုတ်ကဲ့ ‥ ဟုတ်ကဲ့။ ကျွန်တော်လည်း မပြောပြတတ်လောက်အောင်ပါခင်ဗျာ။ သူနတ်စိမ်းဝင်ပူးပြီဆိုရင် မသက်သာလှပါဘူး။ တစ်ပတ်လောက်ကို အိပ်ရာထဲ လဲနေတော့ အိမ်အလုပ်၊ ယာအလုပ်တွေလည်း ပျက်ပါတယ်။ ကျွန်တော်တို့မှာ ကိုယ်ခွဲကလည်းမရှိတော့ ထမင်းချက်၊ ဟင်းချက်ကအစ သူ့ဝေယျာဝစ္စ ကျွန်တော်ပဲ ကုန်းရုန်းလုပ်ရပါတယ်။ သူနတ်စိမ်းဝင်ပူးပြီး တောင်းတဲ့ပါးစပ်အစားအစာကလည်း ကျွန်တော်တို့ တောစာတွေ မဟုတ်ဘူး ဦးသူတော်"

"ဟ ‥‥ နတ်စိမ်းပါဆိုမှတော့ နတ်သုဒ္ဓါတောင်းမှာပေါ့ဗျ"

"မဟုတ်ပါဘူးခင်ဗျ။ လက်ဖက်ရည်နဲ့ မြို့က စက်လုပ်မုန့်မျိုးစုံဆိုတော့ ကျွန်တော့်မှာ သူနတ်ပူးရင် ပသကျွေးမွေးဖို့ အဆင်သင့်ဖြစ်အောင်ဆိုပြီး နို့ဆီ၊ သကြား၊ စက်လုပ်မုန့်မျိုးစုံကို မင်းရွာသွားဝယ်ပေးရတာလည်း တစ်ဒုက္ခဗျ။ ခုမင်းရွာကို လာရတဲ့ကိစ္စကလည်း မြို့မဆင်းအားတော့ နို့ဆီ၊ သကြား၊ စက်လုပ်မုန့်မျိုးစုံ ဝယ်ဖို့လာတာပါ"

"ဟင် ‥ ဘယ့်နှယ်၊ ဘယ့်နှယ် သကြား၊ နို့ဆီဝယ်ဖို့လာတဲ့လူက ကျုပ်ဆီရောက်လာရတာတုံး။ ကျုပ်က သကြား၊ နို့ဆီရောင်းတဲ့လူမှ မဟုတ်တာ"

"ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါခင်ဗျာ။ ဒါက ဒီလိုပါ။ နတ်စိမ်းမဝင်ပူးရင် လက်ဖက်ရည်ကလည်း ကျွန်တော်တို့တောက နို့စိမ်းနဲ့ဖျော်တာ မသောက်ချင်ဘူး။ မြို့က ကုလားမခြင်းဆွဲ နို့ဆီမှ သောက်မယ်ဆိုပြီး နို့



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့။ အဲဒါ စောစောက ဦးသူတော်ကိုပြောဖို့ ကျွန်တော် မေ့သွားပါတယ်။ သူ . . အဲ . . ကျွန်တော့်မိန်းမကို ဝင်ပူးတဲ့နတ်က အရင် သူမြို့မှာ နေတုန်းက သူ့မွေးစားအမေ နတ်လို့ ပြောပါတယ်"

စိမ်းနဲ့ဖျော်ပေးတာ သွန်သွန်ပစ်လို့ နို့ဆီဝယ်ဖို့ မင်းရွာလာတော့ ဆွေမျိုးတော်တဲ့ အရီးလုမြတ်သာတို့အိမ် ဝင်ပါတယ်။ အရီးလုမြတ်သာက နင့်ဒုက္ခလည်း မသေးလှပါလား။ နင့်မိန်းမ ဒီလောက်တောင် တစ်လတစ်ခါလ၊ နှစ်လတစ်ခါ နတ်စိမ်းမ ဝင်ပူးတတ်တယ်ဆိုတော့ တို့အရပ်က ဦးသူတော်နဲ့ ပြကြည့်၊ တိုင်ပင်ကြည့်ပါလား။ အစွဲအလမ်း အမှောင့်ပယောဂဆိုဆရာကြီး . . . အဲ . . . ဦးသူတော်က သိပ်စွမ်းတာ။ စုန်း၊ နတ်၊ တစ္ဆေ၊ ကဝေ၊ မှင်စာ၊ မကြွ၊ ရက္ခိုက် ချွတ်တဲ့နေရာမှာ သူမတူအောင် တစ်နယ်လုံး ကျော်ဇောကိတ္တိ ကြီးနေတာ နင်တို့မို့ မကြားမသိတာ အံ့ပါရဲ့။ ဘာဆရာ၊ ညာဆရာမှ ပင့်မနေ၊ ခေါ်မနေနဲ့။ ဦးသူတော်နဲ့သာ ပြလိုက်စမ်းပါဆိုပြီး ညွှန်လိုက်တာနဲ့ ဆရာ . . . အဲ . . ဦးသူတော်နဲ့ ပြကြည့်ချင်လို့ပါ ခင်ဗျာ"

ညွှန့်သည်ကြီး ပြောပြနေသည်ကို ပြုံးဖြီးဖြီး နားထောင်နေသော သူတော်ငတေက –

"ခင်ဗျားက ဘယ်အရပ်ကမို့လဲ"

"ကျွန်တော် အတွင်းပိုင်း ဖီးချိုင့်ရွာကပါ ခင်ဗျာ"

"ဖီးချိုင့်ဆိုတော့ မင်းရွာကို တစ်ရ ခရီးပါလား"

"မှန်ပါတယ်ခင်ဗျား။ ခရီးက လှမ်းပါတယ်။ ဦးသူတော်ကြွမယ်ဆိုမနက် . . ."

သူတော်ငတေက ထိုသူကို လက်ကာပြလိုက်သဖြင့် ညွှန့်သည်က စကားရပ်သွား၏။

"ကျုပ်က ပယောဂလိုက်ကုနေတဲ့ သူတော်မဟုတ်ဘူးဗျ"

"ဟုတ်ကဲ့ပါ။ ကျွန်တော်မသိလို့ ခွင့်လွှတ်ပါ။ ဒီကို ခေါ်လာပါ့မယ်"

"ဘာလုပ်ဖို့လဲ"

သူတော်ငတေက သူ့ထုံးစံအတိုင်း ဘုဘောက်ချည်းပြောလာသောအခါ ညွှန့်သည်ခမျာ ကြောင်အမ်းအမ်းဖြစ်သွားပြီး –

"ဘယ်လိုမှ မအောက်မေ့ပါနဲ့ ဦးသူတော်ခင်ဗျား။ ကျွန်တော် မသိလို့ပါ။ ကျွန်တော့်မိန်းမ နတ်စိမ်းအစွဲထွက်သွားအောင် ဘယ်လိုလုပ်ရမလဲဆိုတာကို သနားသဖြင့် ဦး . . . ဦးသူတော် ညွှန်ကြားပေးပါခင်ဗျား"

ညွှန့်သည်မှာ စောစောက သူ့စကားပြောမှားသွားသည်ကို အားနာသွားကာ သူတော်ငတေကို လက်ပူးပြီး ဦးတစ်ချက် ချလိုက်၏။ ပြီးတော့လည်း လက်ပူးပြီး သူတော်ငတေ ဘယ်လိုများပြောလာမည်နည်းဟူသော မျှော်လင့်ချက်နှင့် သူတော်ငတေ၏ မျက်နှာကို မဝံ့မရဲမော့ကြည့်နေရှာ၏။

"ကြာရင် ညောင်းမယ် ခင်ဗျား လက်ကြီး ချထားစမ်းပါ"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

"ခင်ဗျားအမျိုးသမီး အသက် ဘယ်လောက်ရှိပလဲ"

"လေးဆယ်ကျော်ပါခင်ဗျာ"

"လေးဆယ်ကျော်ဆိုတော့ . . ဘယ်လောက်ကျော်လဲ [illegible]ပါးလား"

"မ . . . မဟုတ်ပါဘူးခင်ဗျာ။ ဒီလောက်မကြီးသေးပါဘူး။ လေးဆယ့်သုံးနှစ်ပါ"

"ကလေးရှိလား"

"မရှိပါဘူးခင်ဗျာ။ ဒါ [illegible] နတ်ကြောင့်လို့ ပြောကြပါတယ်"

"နတ်ကြောင့် . . ."

သူတော်ငတေ ရေရွတ်[illegible]၏။

"မှန်ပါ၊ သူက [illegible]လို့ ကလေးမရတာလို့လည်း ပြော[illegible]ပါတယ်။ ကျွန်တော်တို့နှစ်ယောက် [illegible]ပုံး ကလေးလည်း [illegible]ပ်လိုချင်ကြပါ[illegible]ယ်။ အဲဒါလည်း [illegible]လေးရအောင် ဦးသူတော် . . ."

"ဟော့လူ . . ဟော့လူ၊ ကလေးရအောင်က ခင်ဗျားကိစ္စပဲ။ ဘယ့်နှယ် ဘယ့်နှယ် ကျုပ်ကိုလာပြီးတော့ . . . ဟဲ . . ဟဲ"

သူတော်ငတေက ရယ်[illegible]



www.burmeseclassic.com

www.burmeseclassic.com

လိုက်တော့ ထိုသူလည်း ပြုံးလာ၏။ ပြီးမှ သူတော်တေက ဆက်ပြီး –

"ခင်ဗျားနဲ့သူ အိမ်ထောင်ကျတာ ကြာပလား"

"ဆယ်နှစ်လောက်ရှိပါပြီ"

"ခင်ဗျားတို့ရွာသူလား"

"မဟုတ်ပါဘူးခင်ဗျာ။ သူက မြို့ကပါ"

"ဟော ... မြို့သူမလား"

"ဇာတိကတော့ မြို့သူမ မဟုတ်ပါဘူးခင်ဗျာ။ မြို့က ဈေးသည်အပျိုကြီးတစ်ယောက်က ခေါ်မွေးစားထားတဲ့ သမီးပါ"

"ခင်ဗျားနဲ့ ဘယ်လိုလုပ် တွေ့ကြလဲ"

"ကျွန်တော်လည်း ကျွန်တော်တို့ရွာမှာ ကာလသားခေါင်းဆိုတော့ ပွဲပြင်ကန္နား အလှူအတန်းရှိတိုင်း မြို့ဆင်းပြီး သူ့ဆိုင်မှာ ပစ္စည်းဝယ်ရင်း တွေ့ကြတာပါ။ သူ့မွေးစားအမေ အပျိုကြီးကတော့ ကျွန်တော်နဲ့သဘော မတူပါဘူး။ သူ့ကို ဈေးထဲက ကောင်လေးတစ်ယောက်နဲ့ ပေးစားမယ့်ဆဲဆဲမှာ ကျွန်တော့်ကို သူကပြောတာနဲ့ ကျွန်တော်ခိုးပြေးလာတာပါ"

သူတော်တေက ရယ်ဖြဲဖြဲလုပ်နေသဖြင့် ဉာဉ်သည်ကလည်း ခုမှ ခရီးဝုံ့ သူ့ဇာတ်ကြောင်းကိုပါ ပြောပြလာသည်။

"ခင်ဗျားမိန်းမ ဒီလိုနတ်ဝင်ပူးပူးနေတာကော ဘယ်နှနှစ်လောက်ရှိပြီလဲ"

"လေးငါးနှစ် ရှိပါပြီခင်ဗျာ"

"ခင်ဗျားမိန်းမကို ဝင်ပူးတဲ့နတ်က ဘယ်ကနတ်လဲ"

"ဟုတ်ကဲ့။ အဲဒါ စောစောက ဦးသူတော်ကိုပြောဖို့ ကျွန်တော်မေ့သွားပါတယ်။ သူ ..အဲ ..ကျွန်တော့်မိန်းမကို ဝင်ပူးတဲ့နတ်က အရင်သူမြို့မှာ နေတုန်းက သူ့မွေးစားအမေနတ်လို့ ပြောပါတယ်"

"ဟင် ... အဲဒီသူ့မွေးစားအမေ နတ်ဆိုတော့ ဘယ်လိုလဲ ကျုပ်နားမရှင်းပါလား"

"ဟုတ်ကဲ့ပါ။ ဦးသူတော်ရှင်းအောင် ပြောရမယ်ဆိုရင် သူ့ကို ကျွန်တော်ခိုးပြေးလာတော့ သူ့မွေးစားအမေက သဘောမတူလို့ အစက ခွဲပါသေးတယ်။ နောက်ခွဲမရတော့ ... သဘောတူလိုက်ရတယ်ဆိုပါတော့။ နောက်တစ်ကြောင်းကလည်း ကျွန်တော်က ကာလသားခေါင်း ရွာနီးစပ်ရပ်နီးစပ်တွေမှာလည်း အသိအကျွမ်းပေါတယ်၊ ခင်မင်သူတွေများပါတယ်။ ဒီတော့ ကျွန်တော်တို့နယ်မှာ ကထိန်ပွဲ၊ ဘုန်းကြီးပျံပွဲ၊ ရှင်ပြုရဟန်းခံကစပြီး လိုသမျှပစ္စည်း ကျွန်တော့်မျက်နှာနဲ့ ချည်း ဝယ်ကြတော့ ဖောက်သည်ပျက်မှာစိုးတာနဲ့ နောက်တော့မှ သူနဲ့ ကျွန်တော့်ကို သဘောတူတာ။ တစ်နှစ်ကို တစ်ခါနှစ်ခါ ကျွန်တော်တို့ဆီ လာလည်တတ်ပါတယ်။ ဖြစ်ချင်တော့ လွန်ခဲ့တဲ့ငါးနှစ်လောက်က ကျွန်တော်တို့ဆီ လာလည်ရင်းမြစ်ထဲမှာ လေပြင်းမိ လှေမှောက်ပြီး သူသေသွားတယ်။ အဲဒါ ကျွန်တော့်မိန်းမကို စိတ်မချလို့ နတ်စိမ်းဖြစ်နေတယ်တဲ့။ ကျွန်တော်တို့ကို ကလေးမရအောင်လည်း သူလုပ်ထားတယ်ဆိုတာ ကျွန်တော့်မိန်းမ နတ်ပူးရင် သူ့ပါးစပ်ကထွက်တာ။ ကျွန်တော်တို့မှာ ကလေးရှိလာရင် သူ့ကို ကျွန်တော့်မိန်းမက မချစ်တော့မှာ စိုးလို့ ဘာဘာညာညာ ကျွန်တော့်ကိုလည်း ဆဲဆိုပြောလားပြောရဲ့"

"နို့ ..နေစမ်းပါဦး။ အဲဒီမွေးစားအမေ အပျိုကြီးသေပြီး နတ်စိမ်းဖြစ်နေတာက ငါးနှစ်ပဲရှိသေးတာ။ ခင်ဗျားတို့ အိမ်ထောင်သက်က ဆယ်နှစ်ဆိုတော့ ကလေးမရတဲ့ကိစ္စ သူနဲ့မဆိုင်ပါဘူး၊ ဟုတ်တယ်လား"

"ဟုတ်ကဲ့။ ကျွန်တော်က ကျွန်တော့်မိန်းမ နတ်စိမ်းဝင်ပူးတဲ့အခါ ပြောတာကို ဦးသူတော်ကို ပြောပြတာပါ။ ဆိုင်မဆိုင်တော့ ကျွန်တော်လည်း မဝေခွဲတတ်ပါခင်ဗျာ"

"နို့ ... ကျုပ်တစ်ခုမေးပါဦးမယ်။ ခင်ဗျားမိန်းမရဲ့ မွေးစားအမေ ခင်ဗျားတို့ဆီလာရင်း လှေနစ်သေတော့ ခင်ဗျားမိန်းမ အမွေတွေဘာတွေ မရလိုက်ဘူးလား"

"မွေးစားအမေဆိုတာ သူ့ပါးစပ်ပြောသာရှိပါတယ်။ အမှန်ကတော့ တောသူမလေးကို ခိုင်းကောင်းအောင်လို့ မြှောက်ပင့်ပြောထားတာပါ"

"ကဲ ..ကဲ ... ခိုင်းတာ မခိုင်းတာထား၊ စောစောက ခင်ဗျားပြောတော့ အဲဒီဆိုင်ရှင် အပျိုကြီးသေတော့ မွေးစားသမီးဆို ခင်ဗျားမိန်းမ ရသင့်တာပေါ့။ တခြားဘယ်သူတွေ ရှိသေးလို့လဲ"

"အဲဒီအပျိုကြီး ဒေါ်အေးအေး သန်းမှာ ညီအစ်ကိုမောင်နှမ သုံးယောက်ရှိပါသေးတယ်။ အပျိုကြီးသေတော့ ညီအစ်ကိုမောင်နှမတွေပဲ ယူကြပါတယ်။ ခု သူ့အစ်ကိုကြီး သမီးတစ်ယောက်က သူ့ဆိုင်မှာ ဈေးရောင်းနေပါတယ်။ ကျွန်တော်တို့လည်း ပွဲပြင်ကန္နားရှိရင် ခုထိ အမွေ



www.burmeseclassic.com

www.burmeseclassic.com

ဆက်ခံထားတဲ့ သူ့တူမဆိုင်မှာ အရင်လိုပဲ ဝယ်ကြတုန်းပါ။ ဒေါ်သန်းသန်းအေးသေလို့ သူများတွေ အမွေရကြပေမယ့် ကျွန်တော့်မိန်းမကတော့ ခုနတ်မွေပဲရလိုက်ပြီး သူဝင်ပူးတိုင်း သူက မြို့သူမ နတ်စိမ်းဆိုတော့ လက်ဖက်ရည်ဆိုင်တောင် ကုလားမခြင်းဆွဲနဲ့ ဖျော်တာမှ သောက်ချင်တာတို့ စက်လုပ်မုန့်မှ စားချင်ရကာတို့နဲ့ ခုကျွန်တော့်မှာတော့ မိန်းမကိုလည်း မပစ်နိုင်တော့ အဲဒီနတ်စိမ်းမကြောင့် အင်မတန်ဒုက္ခရောက်ရပါတယ် ဆရာကြီး ‥အဲ ‥ဦးသူတော်ရယ်။ ကျွန်တော့်ဒုက္ခကို ကယ်ပေးပါဗျာ"

ညွှန့်သည်ခမျာ ထိုနတ်စိမ်းမကြောင့် မည်မျှ စိတ်ဒုက္ခရောက်နေသည်မသိ။ ပြောရင်းက ငိုသံပါလာ၏။ သို့သော် သူတော်ငတေ၏ မျက်နှာကား သူ့ထုံးစံအတိုင်း ပြုံးဖြဲဖြဲ။

"ကျွန်တော့်မိန်းမကို နတ်စိမ်းချွတ်ပေးပါ ဦးသူတော်ခင်ဗျာ။ ကျေးဇူးမမေ့တတ်ပါဘူး။ ဒီနတ်စိမ်းမကြောင့် လုပ်စားကိုင်စားလည်း မဖြောင့်ရပါဘူးခင်ဗျာ။ ခုဆို သူများတွေ တလင်းထွင်နေကြပြီ။ ကျွန်တော်တို့ လင်မယားမှာတော့ ဒီနတ်စိမ်းမ အပူးခံလိုက်ရတာနဲ့ ခုထိ ဘာမှ မလုပ်နိုင်ကြသေးပါဘူး"

"အိမ်း ‥အင်း ‥သိပ်လည်း စိုးရိမ်မနေပါနဲ့။ ကျုပ်လည်း ကျုပ်တတ်သလောက် ခင်ဗျားကို နတ်စိမ်းမချွတ်နည်းပေးလိုက်ပါ့မယ်။ ဟေ့ကောင်လေးတွေ ‥‥သွားကြစမ်း၊ ဘာလာဝိုင်းနေကြတာလဲ။ သွားဆို သွားကြစမ်း"

သူတော်ငတေ တစ်ခုခုလုပ်တိုင်း ထူးထူးဆန်းဆန်းတစ်ခုခုတော့ ကြုံရ၊ ကြားရ၊ တွေ့ရစမြဲမို့ အာဂန္တုညွှန့်သည်နှင့် နတ်စိမ်းမကိစ္စ ပြောကြကတည်းက ဝိုင်းနေ၊ ရောက်နေကြသော ကျွန်ုပ်တို့ ကျောင်းသားများအား သူတော်ငတေက မောင်းလွှတ်၏။ ထူးဆန်းနေသည်မှာ သူတော်ငတေသည် မည်သည့်ကိစ္စလာလာ ညွှန့်သည်ကို ဤမျှကြာကြာ လက်ခံစကားပြောတတ်သည်ကိုလည်း ကျွန်ုပ်တို့မှာ တစ်ခါမှ မကြုံဖူးကြရာ ဤတစ်ခါ ပို၍ထူးဆန်းသော အကြောင်းအရာတစ်ခုကို ကြားရတော့မည် အထင်နှင့် စောင့်နားထောင်နေကြသည်ကို သူတော်ငတေ ဘာကြောင့် မောင်းလွှတ်လိုက်သည်ကိုတော့ မည်သူမျှ မသိကြပေ။

သည်လိုနှင့် နတ်စိမ်းမ ဝင်ပူးနေသည်ဆိုသော မိန်းမလည်း ပါမလာဘဲ သူတော်ငတေ မည်သို့ နတ်စိမ်းမ ချွတ်မည်ကို သိလိုကြသဖြင့် မနီးမဝေးက ရစ်သီရစ်သီနှင့် အကဲခတ်ကြည့်နေကြ၏။ သူတော်ငတေကား ညွှန့်သည် ထိုလူကြီးကလွဲ၍ သူ၏ အန္တေဝါသိက ငထီးနှင့် နေဆန်းတို့ကိုပင် ဤတစ်ခါ သူ့အနားက နှင်လွှတ်လိုက်ပြန်၏။

သူတော်ငတေနှင့် ညွှန့်သည်တို့ တီးတိုးတီးတိုးနှင့် ဘာတွေတိုင်ပင်နေကြသည်မသိ။ ခဏသာကြာ၏။ ညွှန့်သည်က မတ်တတ်ထသည်။ ညွှန့်သည်နည်းတူ သူတော်ငတေလည်း လိုက်ထ၏။ ညွှန့်သည်ကို သူတော်ငတေက ထူးထူးဆန်းဆန်း ကျောင်းအောက်တစ်ဝက်ထိ လိုက်ပို့ပြန်၏။ ပြန်ခါနီးတွင် ညွှန့်သည်က –

"ဦးသူတော်၊ တကယ်တော့ဖြစ်ပါ့မလားနော်။ မတော်လို့ တစ်ခု ‥"

"ဟာ ‥‥ခင်ဗျားကလည်း ဖြစ်ပါတယ်။ ကျုပ်ပြောပြီးပါပကောလား။ ဘာမန္တန်၊ လက်ဖွဲ့၊ အင်းအိုင်မှ သွားယူစရာမလိုဘူး။ နတ်စိမ်းမနှင်နည်းဟာ အဲဒီနည်းအကောင်းဆုံးပါဆို။ သွား ‥‥သွား ‥‥တကယ်လို့ ဒီနေ့တောင် အချိန်မီရင် ကျုပ်ပြောတဲ့နည်းနဲ့ စီရင်ကြည့်စမ်းပါ။ ဖြစ်ကိုဖြစ်ရမယ်။ ဘယ်ဆရာ၊ ဘယ်မှော်ဆရာ၊ ဘယ်နတ်ဆရာကိုမှ သွားပင့်မနေနဲ့"

ညွှန့်သည်က ငိုမလို၊ ရယ်မလို မျက်နှာနှင့် တွန့်ဆုတ်၊ တွန့်ဆုတ် လုပ်နေသည်ကို သူတော်ငတေက မျက်နှာထိမျက်နှာထားနှင့် –

"ခင်ဗျားကို မဟုတ်ဘဲနဲ့တော့ ကျုပ်ပြောမလားဗျ။ သွားစမ်းပါ မြန်မြန်"

ဟုပြောပြီး သူတော်ငတေ သူ့ဖိုရုံထဲ ဝင်သွားလေသည်။ ညွှန့်သည်လည်း ကျောင်းဝင်းထဲက ရွာဘက် ထွက်သွား၏။

နောက်တော့ သူတော်ငတေ နတ်စိမ်းမနှင်နည်းကို သူ့လက်ရင်းတပည့်နှစ်ဦးဖြစ်ကြသော နေဆန်းနှင့် ငထီးတို့များ သိလေမလားဟု ကျွန်ုပ်တို့က မေးကြည့်ရာ "ငါတို့မေးတော့လည်း ဘဘသူတော်က မင်းတို့အမေ နတ်စိမ်းမ ဝင်ပူးနေလို့လား။ မင်းတို့အမေကို ဝင်ပူးရင် ငါပြော"ဟု လောက်သာ ပြောကြောင်း ပြန်ကြားရ၏။

သည်လိုနှင့် ခြောက်လခန့်ကြာသောအခါ ထိုညွှန့်သည် ဇီးချိုင်ရွာသားဆိုသူ ရောက်လာပြန်၏။ ဤ

www.burmeseclassic.com

တစ်ခါ ဆေးရွက်ကြီး၊ ငှက်ပျောသီး၊ ကြံသကာအပြင် သူတော်ငတေအတွက် ဝတ်စုံတစ်စုံပင် ပါလာ၏။ သို့သော် သူရောက်လာချိန်၌ သူတော်ငတေကား ကျောင်း၌မရှိ။ ဒေါင်းသိန်းနှင့် တောထဲ ဆေးမြစ်ရှာ သွားနေကြ၏။

ထိုအခါ ညွှန့်သည်က –

"ဦးသူတော်ကို ကန်တော့ဖို့ လာတာပါ မောင်တို့ရယ်။ ဒီပစ္စည်းတွေကို သူ့အခန်းထဲ သိမ်းပေးထားကြပါဦး။ ဦးသူတော်ပြန်လာရင် ပြောလိုက်ကြ။ ဦး ညနေမှ လာကန်တော့ပါ့မယ်"

ဟု ဆို၏။

ဤမျှဆိုလျှင် ကျွန်ုပ်တို့လည်း သဘောပေါက်လိုက်ကြပြီ။ သူတော်ငတေ ညွှန်ကြားလိုက်သော အစီအမံအတိုင်း လုပ်လိုက်၍ သူ့မိန်းမ နတ်စိမ်းကျွတ်သွားလေပြီ။

သူ ပထမတစ်ခေါက် လာတုန်းကပင် သူတော်ငတေ၏ နတ်စိမ်းချွတ်နည်းကို သိချင်နေကြသော ကျွန်ုပ်တို့ ကျောင်းသားတွေမှာ သူတော်ငတေကိုလည်း မမေးရဲကြသဖြင့် –

"ဦးလေး ..ဦးလေးမိန်းမကို နတ်စိမ်းမ ခဏခဏဝင်ပူးတတ်တာ အခု ကျွန်တော်တို့ဦးသူတော် အစီအမံနည်းနဲ့ နတ်စိမ်းကျွတ်သွားပြီပေါ့နော်။ အဲဒါ ဘယ်လိုနည်းလဲ ဦးလေး။ ကျွန်တော်တို့လည်း သိချင်ကြလို့ပါ ခင်ဗျာ"

ညွှန့်သည်လူကြီးကို ဝိုင်းမေးကြ၏။

တစ်ယောက်မေးစဉ်က ညွှန့်သည်လူကြီး စပ်ဖြဲဖြဲလုပ်နေ၏။ နောက်တော့ သူတော်ငတေ၏ လက်ရင်းတပည့် ငထီးကပါ –

"ဦး အရင်တစ်ခေါက်လာတုန်းက ကျွန်တော်မှတ်မိပါတယ်နော်။ ကျွန်တော်က ဦးသူတော်ရဲ့ လက်ရင်းတပည့်ကြီးပါ။ ကျွန်တော်တို့ဆရာ ဦးသူတော်ပေးလိုက်တဲ့ အစီအမံကို ကျွန်တော်တို့လည်း သိချင်လို့ပါဦး၊ ပြောပြပါ"

ညွှန့်သည်က ငထီးကို သေသေချာချာကြည့်ပြီး –

"အေး ..အေး၊ မင်းကို ဦး မှတ်မိပါတယ်။ မင်းတို့ဆရာ ဦးသူတော်ကိုပဲ မေးပါကွယ်"

ရယ်ကျဲကျဲနှင့် ဆို၏။

"ဟာ ..ဦးကလည်း ကျွန်တော်တို့က ဦးသူတော်ကို မမေးရဲလို့ပေါ့ဗျ"

ငထီးက ခပ်ဆတ်ဆတ် ပြောလိုက်၏။

"ဟဲ ..ဟဲ ..ဟီး ..ဟီး၊ မောင်တို့ရာ ..ဦးသူတော်စီမံပေးလိုက်တဲ့ နတ်စိမ်းမ ချွတ်နည်းက စွမ်းတာတော့ တကယ်ပဲ မောင်တို့ရယ်။ ဦး ဒီကပြန်သွားပြီး တစ်လတောင် မကြာပါဘူး။ ထုံးစံအတိုင်း နတ်စိမ်းမ ဝင်ပူးပါလေရော။ အဲဒီနေ့က ဦး လယ်ထဲဆင်းနေလို့ အိမ်မှာမရှိဘူး။ ညနေ လယ်ထဲကလည်း ပြန်လာရော ဦးအိမ်မှာ လူကြီး၊ လူငယ်၊ ကလေးတွေနဲ့ တစ်အုပ်ကြီးနဲ့ ဦးမိန်းမ နတ်စိမ်းဝင်ပူးနေတာကို နှာနှပ်သူနှပ်၊ ယပ်ခတ်သူခတ်။ ဦးမရှိတော့ နတ်ကတော်သွားပင့်မယ်သူတွေနဲ့ အိမ်ညွှဲခန်းထဲမှာ ရှုပ်ယှက်ကိုခတ်နေတာပဲ။ ဒါနဲ့ ဒီနတ်စိမ်းမအပျိုကြီး ဒီတစ်ခါတော့ ဦးသူတော်အစီအမံနဲ့ တွေ့ရော ဟယ်လို့ စိတ်ထဲက ကြိမ်းဝါးပြီး –

"ခင်ဗျားတို့ အားလုံးသွားကြစမ်း။ ကျုပ်ကို ဦးသူတော် နတ်စိမ်းချွတ်နည်း ပေးထားပြီးပြီ။ သွားကြ၊ သွားကြ။ တစ်ယောက်မှ အိမ်ပေါ်မနေကြနဲ့လို့ နှင်လိုက်တယ်။ လူလည်းရှင်းသွားရော ဦးက အိမ်ရှေ့တံခါး အရင်သွားပိတ်လိုက်တယ်။ ထုံးစံအတိုင်း နတ်စိမ်းမ ဝင်နေတဲ့ ကျုပ်မိန်းမက ကျုပ်ကို ဆဲဆိုတော့တာပဲ။ အဲဒီ နတ်စိမ်းမ အပျိုကြီးက ဦး သူ့ကိုခိုးပြေးရမလားလို့ လူ့ဘဝ တုန်းကပင် အငြိုးအတေးရှိထားတာကိုး။ အဲဒါနဲ့ ဦးကလည်း ငါ့မိန်းမကို တစ်လတစ်ခါ၊ နှစ်လတစ်ခါ လာလာပြီး ဒီလောက်တောင် ဒုက္ခပေးနေတဲ့ နတ်စိမ်းမ ဒီတစ်ခါတော့ တွေ့ကြပြီလို့ ကြိမ်းမောင်းပြီး ဆဲဆိုနေတဲ့ မိန်းမကို အတင်းအခန်းထဲဆွဲသွင်းပြီး အတင်းနသားပါယားလည်းလုပ်လိုက်ရော နတ်စိမ်းမအပျိုကြီး ဘယ်အချိန်က ထွက်ပြေးသွားမှန်းတောင် မသိလိုက်ပါဘူး မောင်တို့ရာ။ ဟဲ ..ဟဲ"

"ဟား ..ဟား ...ဟား"

"ဟီး ..ဟီး ..ဟင်း ..ဟင်း"

ညွှန့်သည်လူကြီးရဲ့ စကားလည်းဆုံးရော ကျွန်ုပ်တို့မှာ ရယ်လိုက်ရတာမှ အူကိုလိမ်နေတာပဲ။

*စာကြွင်း* ။ သူတော်ငတေ ဆေးမြစ်ရှာရာက ပြန်ရောက်လာပြီး ထိုညွှန့်သည် လာကန်တော့သောအခါ သူ့ဇနီးတွင် ကိုယ်ဝန်သုံးလရှိနေပြီဖြစ်ကြောင်း ပြောသွားသည်ကို နောက်မှ သိကြရလေသည်။

**ဝေယံလင်းမောင်**



www.burmeseclassic.com

www.burmeseclassic.com

# စိတ်ရှုပ်လျှင် ဒါတွေလုပ်ပါလား

မန်းသိုက်ဝင်

နာမည်ကျော် အမျိုးသမီး စတီရီယိုတေးသံရှင် မေဆွိ၏ သီချင်းလေးတစ်ပုဒ်ကို ကြားခဲ့ဖူးပါသည်။ သီးချင်းပေါ်ထွက်စအချိန်က လူငယ်ထုပရိသတ်ကြားဝယ် အတော်ကလေး ရေပန်းစားခဲ့ပါသည်။ ခုခေတ်စကားနှင့်ပြောရလျှင် 'ပေါက်'သည်ဟု ဆိုပါတော့။

သီချင်း၏ အမည်မှ 'စိတ်ညစ်ရင် ဂစ်တာတီးပါလား'တဲ့။ လမ်းမှားသို့ မပို့ဆောင်ဘဲ ထွက်ပေါက်ကောင်းလေးတစ်ခုသို့ ပို့ဆောင်နိုင်သည့် တေးကလေးဖြစ်၍ တေးပြုစာဆိုကို များစွာလေးစားရပါသည်။ ခေတ်ဟောင်းတုန်းကဆိုလျှင် "စိတ်ညစ်တော့အရက်ကိုသောက်တယ် ... အရက်သောက်တော့ စိတ်တွေညစ်တယ်" ဟူ၍ လမ်းမှားသို့ တွန်းပို့မှန်းမသိ တွန်းပို့ခဲ့လေသော သီချင်းတစ်ပုဒ် ရှိခဲ့ဖူးသောကြောင့်ပါ။

စိတ်ဟူသည် အရာရာကို ဦးဆောင်စေစားလျက်ရှိ၏။

ထို့ကြောင့်ပင် ရှင်တော်ဗုဒ္ဓမြတ်စွာက 'စိတ်သာရှင်စော'ဟူ၍ မြွက်ဟခဲ့ခြင်း ဖြစ်ပါလိမ့်မည်။ စိတ်ကောင်းလျှင် လူကောင်း၏။ စိတ်ဖြောင့်လျှင် လူဖြောင့်၏။ စိတ်ဆိုးလျှင် လူဆိုး၏။ စိတ်ကောက်လျှင် လူကောက်၏။ စိတ်ညစ်လျှင် လူညစ်၏။ စိတ်သန့်လျှင် လူသန့်၏။ စင်စစ် စိတ်နှင့်လူသည် တစ်ထပ်တည်းကျနေပါတကား။

သည်နေရာမှာတော့ စာရေးသူအနေဖြင့် စိတ်ရှုပ်ထွေး၊ စိတ်နောက်ကျိသူများ အခက်အခဲတွေ ပြေလည်စေဖို့ရာအတွက် လောကီအစီအရင်ကလေးတစ်ခု တင်ပြလိုပါသည်။ လူမှန်လျှင် မိမိတို့ လုပ်ဆောင်နေကြသော အလုပ်တို့ အခက်အခဲမရှိ ချောပြေပါမှ စိတ်အာရုံ ကြည်လင်လန်းဆတ်ပါလိမ့်မည်။ သို့မဟုတ်ပါက စိတ်အာရုံတွေ ရှုပ်ထွေးနောက်ကျိနေမည်သာ ဖြစ်ပါသည်။

ထိုသို့ စိတ်ရှုပ်နေရသူများ အဆင်ပြေသွားကြစေရန် လုပ်ဆောင်ရမည့် အစီအရင်ကလေးမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

လုပ်ဆောင်ရမည့်နေ့မှာ တနင်္လာနေ့ နံနက် ၉း၄၅ နာရီတွင် ဖြစ်ပါသည်။

ဦးစွာ လင်ပန်းတစ်ချပ်ကိုယူ၍ အဆိုပါလင်ပန်းထဲသို့ စက္ကူတစ်ရွက်ကို ခင်းရပါမည်။ ထိုအပေါ်သို့ ဘယာကြော်(၉)ခု၊ နေကြာပန်း(၉)ပွင့်နှင့် လက်ဖက်အသားချည်း (၉)ပုံ ပုံပြီး သကာလ ဘုရားကျောင်းဆောင်ပေါ်တင်ကာ ကပ်လှူရပါမည်။ ထို့နောက် အမွှေးတိုင် (၉)တိုင်၊ ဖယောင်းတိုင်(၉)တိုင်၊ ပန်း(၉)ပွင့်တို့ကို ကပ်လှူရပါမည်။

ထို့နောက် ဂုဏ်တော်(၉)ပါးကို တစ်ပါးလျှင် တစ်ပတ်နှုန်း (၉)ပတ်ဆိုပါက (၉)ပတ်စိပ်ကာ ဆုတောင်းရပါမည်။

အဆိုပါ အစီအရင်ကလေးကို ကြည့်ပါက (၉)ဂဏန်းများကို တွေ့ရပါလိမ့်မည်။ တစ်နည်းအားဖြင့် ကိုးနဝင်းခေါက်ယူထားသော အစီအရင်ကလေး ဖြစ်ပါသည်။ အဆိုပါ အစီအရင်ကလေးကို ယုံကြည်စွာ လုပ်ဆောင်ကြည့်ခြင်းအားဖြင့် ရှုပ်သောစိတ်များ ပြေရှင်းသွားပြီး အခက်အခဲများ ပြေလည်သွားစေမည်ဖြစ်ကြောင်း တင်ပြရေးသားလိုက်ရပါသည်။

မန်းသိုက်ဝင်



www.burmeseclassic.com

www.burmeseclassic.com


# မူနာကျူရတာနာအရှုပ်တော်ပုံ

အောင်သန်းချစ်

အခန်း(၁၁)

ယခင်လမှအဆက်

## ဘူတာရုံ



'Only one man obeyed — a mild-looking, grey-haired pastor from the South, wearing steel-rimmed spectacles and carrying a large suitcase in each hand.'

လူနာတင်ကားကို စောင့်ဖို့နဲ့ ရှာစရာ ရှိသူတွေ ရုပ်ရှင်ရုံမှာ ဆက်ရှာဖို့ကိုပါ ညွှန်ကြားပြီး ရာကီဒါဘူတာရုံဆီကို အရောက် ပါမောက္ခနဲ့ ပတ်ထရစ်တို့ကို အတူခေါ်ပြီး ကြီးကြပ်ရေးမှူး ထွက်ခဲ့ပါတယ်။ ပုလိပ်ဗင်ကားတစ်စီးကလည်း ရုပ်ရှင်ရုံမန်နေဂျာနဲ့တကွ ပတ်သက်တဲ့ လူတွေကိုတင်ပြီး သူတို့နောက်မှ ကပ်လိုက်ခဲ့ကြပါတယ်။

ရထားဘူတာမှာ လူတွေရုပ်တွေးပြီး ဖရိုဖရဲဖြစ်နေတာကတော့ မြင်းပွဲမှာ ထက်သာပါတယ်။ အစားအသောက်ရောင်းချသူတွေ၊ သူတောင်းစားတွေ၊ ကလေးတွေ၊ ခရီးသည်တွေ၊ အထမ်းသမားတွေနဲ့ အကြိုအပို့တွေက ခန်းမကြီးထဲမှာ ဝရုန်းသုဦးကား ပျားပန်းခတ်နေကြပါတယ်။ လက်မှတ်ရောင်းတဲ့ ကောင်တာမှာလည်း လူအုပ်ကြီးက



www.burmeseclassic.com

www.burmeseclassic.com

များသထက် များလာပါတယ်။ ငြင်းခုံသံတွေနဲ့ ဖိနပ်ရှုပ်တိုက်သံတွေကလည်း ဆူညံစပြုနေပါတယ်။ တံတားကျဉ်းလေးတစ်ခုမှာ စစ်သားတွေက ရန်သူကို ဒလကြမ်းတွန်းတိုက် ချေမှုန်းနေဘိ အလား လူတွေက တစ်ဦးနဲ့တစ်ဦး မဖယ်တမ်းတိုးနေကြပါတယ်။

ခရာမှုတ်သံတွေ၊ အော်သံတွေ၊ ချောင်းဆိုးရင်း အော်ဟစ်အမိန့်ပေးနေတဲ့ အသံတွေနဲ့ မီးခိုးမဲမဲလုံးကြီးတွေနဲ့အတူ မီးရထားတွေ။ ပက်လက်တွဲတွေက ရထားလမ်းမှာ ရှန်တိန်လုပ်ရင်း ရှေ့တိုးနောက်ငင်ဖြစ်နေကြပါတယ်။

ဘူတာကျွမ်းတဲ့ ဆရာဝန်က နဝေတိမ်တောင်ဖြစ်နေတဲ့ ပါမောက္ခနဲ့ ပက်ထရစ်တို့ကို အမှတ် (၂) ပလက်ဖောင်းကဂိတ်မှာ ထားပစ်ခဲ့ပါတယ်။ အထမ်းသမားတွေက မှတ်မိနေတာကြောင့် သူတို့ပလက်ဖောင်း လက်မှတ်တွေကို သိမ်းပေးပြီး ပလက်ဖောင်းဂိတ်ဆီ ပို့ပေးကြပါတယ်။ ရထားဘူတာ ထောင့်တိုင်းမှာ ပုလိပ်အစောင့်တွေ ချပြီးတာနဲ့ တပြိုင်နက် ကြီးကြပ်ရေးမှူးက သူတို့ဆီရောက်လာပါတယ်။

ညနေခြောက်နာရီခွဲ ရထားဆိုက်လာချိန်မှာ ရထားပေါ်တက်ကြမယ့် ခရီးသည်အားလုံးကို အဆင်းခရီးသည်တွေနဲ့ ပစ္စည်းတွေ မကုန်မချင်း ကြီးကြပ်ရေးမှူးက ရထားပေါ်တက်ခွင့်မပြုပါ။

ဒေါက်တာ ခရက်ကာလစ် က နောက်ဆုံးအသုတ်မှာ ပါလာပါတယ်။ သူက မရေမရာနဲ့ ကမ္ဘာသစ်ကြီးထဲ ရောက်လာသူလို ဖြစ်နေပါတယ်။ နှစ်ပေါင်းများစွာ ပျောက်ဆုံးနေတဲ့ ညီအကိုတော်နဲ့ တွေ့ရသလို သူက ပါမောက္ခကို နှုတ်ခွန်းဆက်နေပါတယ်။ ရတနာတွေ အခိုးခံရကြောင်း ကြားရချိန်မှာ မျက်ရည်ကျလုနီးပါးဖြစ်သွားရှာပါတယ်။ ရထားစီးဖို့စောင့်နေတဲ့ ခရီးသည်အားလုံးရဲ့ မှတ်ပုံတင်တွေကို ပုလိပ်တွေက တစ်ဦးချင်း စစ်ဆေးကြပါတယ်။ အကယ်၍ ငြင်းဆိုခဲ့ရင် သွားခွင့်မပြုပါ။ စနစ်တကျ စစ်ဆေးတာပါ။

တံတိုင်းထဲက ပရိသတ်ကြီးကတော့ သူတို့နဲ့ ပါလာတဲ့အထုပ်အပိုးတွေ၊ သေတ္တာတွေ၊ စားစရာ သောက်စရာ ပစ္စည်း လင်ပန်းတွေ၊ ထီးတွေ၊ သစ်သီးခြင်းတောင်းတွေနဲ့ ကြက်သေတ္တာတွေကို ချထားကြပြီး လမ်းအပြင်မှာတစ်ဦးနဲ့တစ်ဦးတိုးဝှေ့ အော်ဟစ်နေကြပါတယ်။

လက်မှတ်စစ်ကလည်းအော်ဟစ်ပြီး

"ကိုယ့်အလှည့်ကို စောင့်ကြပါ"

ဆူဆူညံညံအသံတွေနဲ့ အုတ်အော်သောင်းနင်း ရုတ်ရုတ်သဲသဲ ဖြစ်နေမှုကတော့ လျော့မသွားခဲ့ပါ။ လက်မှတ်စစ်ရဲ့ အမိန့်ကို လက်မှတ်ဖက်မှာ သေတ္တာကြီးတွေ ဆွဲမထားပြီး စတီးကိုင်းမျက်မှန်တပ်ထားတဲ့ ဆံပင်ဖြူဖြူနဲ့ ခရစ်ယာန်ဘုန်းတော်ကြီးတစ်ပါးကပဲ လိုက်နာပါတယ်။ သူ့နည်းတူ သူနဲ့အတူပါလာတဲ့ ဇနီးသည်ကလည်း ကလေးကိုလက်ဆွဲရင်း လက်မောင်းတွေမှာ အိတ်တွေချိတ်ထားပြီး ဘေးဖက်ဆီတိုးဝှေ့နေပါတယ်။ သူတို့နဲ့ပါလာတဲ့ ကလေးလေးယောက်လုံးမှာလည်း ပစ္စည်းတွေ အနင့်နဲ့ပါ။ တစ်ယောက်ကတော့ စူးစူးရှရှအော်ဟစ်နေတဲ့ ကြက်တွေထည့်ထားတဲ့ ခြင်းကြားကြီးကို ဆွဲထားပါတယ်။ ကျန်သုံးယောက်ကတော့ အစားအစာတွေကို အနက်မှာအနီ ရောင်ပိတ်စတွေအုပ်ထားတဲ့ခြင်းတောင်း တွေကိုစောင်တွေနဲ့ ရွက်ထားကြပါတယ်။

"ရှီး ကလေးတို့ရေ သည်းခံကြကွယ်။ မိန်းမရေ မင်းကလည်း သတ္တိရှိပါကွ။ ဘုရားသခင်က တို့ကိုချန်ထားခဲ့မှာ မဟုတ်ပါဘူး"

"ကျွန်မအတွက် ပူပင်နေတာ မဟုတ်ပါဘူး အီနာရှပ်စ်ရယ်။ အသင်းတော်အစည်းအဝေးပြီးတာနဲ့ တစ်နေ့လုံး ခရီးဆက်ခဲ့ကြရတဲ့ ကလေးတွေကို သနားလို့ပါ"

"တို့ကို ဘုရားသခင်စောင်မပါလိမ့်မယ် မိန်းမရယ်"

တကယ်လည်း ဘုရားသခင်က ကူညီခဲ့ပါတယ်။ လက်မှတ်စစ် အနီးကို ရောက်လာကြတဲ့သူတို့လူစုထဲကကလေးကို ဆွဲခေါ်ပြီး တအံ့တသြငေးကြည့်နေတဲ့ပါမောက္ခလက်ထဲမှာဒုတ်ကာန်ကျသွားခဲ့ပါတယ်။ လက်မှတ်စစ်က ကိုယ်တိုင်ပဲစာရွက်စာတမ်းတွေကို စစ်ဆေးပြီး အထမ်းသမားတွေက လက်မှတ်ကိုပြလိုက်တာနဲ့ တပြိုင်နက် လူအုပ်ကြီးက လမ်းဖယ်ပေးခဲ့ပါတယ်။

နောက်ဆုံးတော့ ဘုန်းတော်ကြီးနဲ့ မိသားစုတို့ ရထားပလက်ဖောင်းပေါ် ရောက်သွားကြပါတယ်။

ပက်ထရစ်ကတော့ ဘုန်းကြီးဇနီးရဲ့ လက်ထဲက အထုပ်အပိုးတွေကို ကူသယ်ပေးပြီး လူလွတ်နေတဲ့ ရထားတွဲ တစ်တွဲမှာ နေရာသွားဦးပေးပါတယ်။ သူက တွဲလွတ်ပေါ်တက်ပြီး ပြူတင်းပေါက်ကနေ လက်ပြခေါ်ခဲ့ပါတယ်။

ဘုန်းကြီးနဲ့ မိသားစုတို့ ပက်ထရစ် ရှိရာတွဲဆီ တိုးဝှေ့သွားနေရတာကြောင့် ဆရာဝန်က ရိုရိုသေသေနဲ့



www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားတို့ ပစ္စည်းတချို့ကို ကျွန်တော်ကူပြီး သယ်ပေးရမလားခင်ဗျာ"

ဘုန်းကြီးကြည့်ရတာ တော်တော်မောဟိုက်ပင်ပန်းနေပုံရပါတယ်။ကလေးနှစ်ယောက်က ခပ်ဖြည်းဖြည်းပဲလျှောက်နိုင်ကြပါတော့တယ်။ ကလေးငယ်ကလည်း အိပ်ချင်လို့ ငိုယိုနေပါတယ်။

"ကျေးဇူးတင်လိုက်တာ သားလေးရယ်။ ဒီသေတ္တာကိုသယ်ပေးရင်တော့ သိပ်ကိုကျေးဇူးတင်မှာပါ။ ကျုပ်အဝတ်တွေအောက်က ဓမ္မကျမ်းစာအုပ်တွေကြောင့် လေးနေတာတော့ အမှန်ပါ"

မကြာခင်အတွင်း တစ်မိသားစုလုံးတွဲလွှတ်မှာနေရာ ကျသွားကြပါတယ်။ ပစ္စည်းတွေကော ကလေးတွေပါ အေးအေးဆေးဆေး ဖြစ်သွားပါတော့တယ်။ ဆရာဝန်ကတော့ ဘုန်းတော်ကြီးနဲ့စကားကောင်းနေပါတယ်။ ဘုန်းတော်ကြီးခမျာ လစာလေးမလောက်မငနဲ့ သာသနာပြုနေရတာကို ဆရာဝန်သိခဲ့ရပါတယ်။

ရထားထွက်ဖို့ ခရာမှုတ်တော့ ဘုန်းတော်ကြီးကို လေ့ခါးသုံးထစ်ပေါ် တွန်းတင်ပေးခဲ့ပါသေးတယ်။ စုတ်စုတ်ပြတ်ပြတ်ဖြစ်နေတဲ့ ဘုန်းတော်ကြီးကိုကြည့်ပြီး ဆရာဝန်က စိတ်မကောင်းဖြစ်ခဲ့ပါတယ်။ ဘုန်းတော်ကြီးရဲ့ ဘောင်းဘီရှည်တောင် ညစ်ပတ်ပေရေနေပြီး ခြေစွပ်တွေကလည်း ပေါက်ပြဲနေပါတယ်။ ဇနီးသည်က ဘောင်းဘီရှည်က အပေါက်သုံးပေါက်ကို ဖာပေးထားခဲ့ပေမယ့် ပြန်ပြီးပြဲနေပါတယ်။

မီးရထား စရွေ့တာနဲ့ တပြိုင်နက်ဆရာဝန်က ရတ်တရက် ထူးထူးခြားခြားဖွဲ့တံခါးကိုဖွင့်ပြီး ဘုန်းတော်ကြီးနဲ့အတူ ခဲ့သေတ္တာကို ပလက်ဖောင်းပေါ်ဆီဒလကြမ်းဆွဲချပစ်ရင်း အရေးပေါ်ရထားရပ်စေတဲ့ အချက်ပေးခလုတ်ကို နှိပ်လိုက်ပါတယ်။ ပါးစပ်မှလည်း -

"မီးရထားရပ်ပစ်ပါ။ ဒီလူက လူလိမ်လူညာကွ ပက်ထရစ်ရဲ့ သူ့ခေါင်းပေါ်တက်ခွထားစမ်း။ သူဝတ်ထားတဲ့ဘောင်းဘီကို ငါမှတ်မိတယ်။အပေါက်သုံးပေါက်နဲ့ကွ။ အဲဒီအပေါက်သုံးပေါက်က အဝါရင့်ရောင်အစတွေရချင်လို့ ငါကိုယ်တိုင်ညှပ်ထားခဲ့တာပါ။ အဲဒီအစတွေကို ပူနာကူရတနာတွေနဲ့အတူ ဗီဒိုထဲမှာ ငါထည့်ထားခဲ့တယ်"

ဘုန်းတော်ကြီးက စတင်ရုန်းပါတော့တယ်။ ပက်သရစ်က ကြာရှည်ထိန်းမထားနိုင်မှာကို ရိပ်စားမိလို့ ဘုန်းတော်ကြီးခေါင်းကို သေတ္တာနဲ့ထုလိုက်ပါတယ်။ ဒါကြောင့် သေတ္တာပွင့်သွားပြီး အထဲမှာပါလာတဲ့ ပစ္စည်းတွေ ပါမောက္ခနဲ့ မိတ်ဆွေတွေရှေ့ဆီ ထွက်ကျကုန်ပါတော့တယ်။ သူတို့မျက်စိတွေကို သူတို့မယုံစရာအဖြစ်ပါ။ သူတို့ရှေ့မှာပူနာကူရတနာအချို့ ပြန့်ကြဲနေပါပြီ။ ရထားရပ်လိုက်တော့ ဘုန်းကြီးရဲ့ ဇနီးလည်း ကလေးတွေနဲ့အတူ ပလက်ဖောင်းပေါ် ခုန်ဆင်းလာခဲ့ပါတယ်။ အထုပ်အပိုးတွေလည်း တပါတည်း ပါလာခဲ့ပါတယ်။

သူမက အော်ဟစ်ပြီး -

"ပြေးကြဟေ့။ ~တစ်ခုမှ ကျမကျန်စေနဲ့"

ချက်ချင်းပဲ ကြီးကြပ်ရေးမှူးက သူတို့ကို မြန်မြန်ထက်ထက် ဖမ်းထားလိုက်ပါတယ်။ သူတို့ အထုပ်အပိုးတွေကိုလည်း စစ်ဆေးပါတော့တယ်။ အထုပ်တိုင်းမှာ ပူနာကူရတနာတွေ ထည့်ထားတာ တွေ့ကြရပါတယ်။

ကြက်မတွေရဲ့ကတော် ကတော်သံညံဆူနေတဲ့ ခြင်းကြားထဲမှာတောင် ပူနာကူရတနာ အကျိုးအပဲ့တွေကို သတင်းစာစက္ကူနဲ့ပတ်ပြီး ကောက်ရိုးထုံးတွေကြားမှာ ဝှက်ထားပါတယ်။ လွင့်စင်ပြန့်ကြဲနေတဲ့ ပူနာကူရတနာ အစအနတွေကို ညစ်ပတ်ပေကျံနေတဲ့ ပလက်ဖောင်းပေါ်မှာ ဒူးထောက်ပြီးကောက်နေတဲ့ ပါမောက္ခကိုဒေါက်တာ ခရက်ကာလစ်ကပါ ဝိုင်းကူနေပါတယ်။

"အဓိကကိုတော့ ရပါပြီပါမောက္ခ။ ဒါဟာ ကျွန်တော့်မျှော်လင့်ချက်တွေပါ။ ကျေးဇူးတင်ပါတယ်"

သူတို့မျက်နှာတွေ ဝင်းပကြည်လင်နေကြပြီး ဝန်းကျင်က ဆူဆူညံညံအသံတွေကို လုံးဝသတိမမူကြပါ။ ကြီးကြပ်ရေးမှူးက ဘုန်းကြီးကို ဆွဲခေါ်လိုက်ပါတယ်။ သူ့ ဆံပင်ဖြူတွေက သူ့မျက်နှာပေါ်ပြုတ်ကျခဲ့ပြီး သူ့ဂျာကက်လည်းလွင့်ထွက်သွားပါတယ်။ အထဲက အပြာရောင်ဝတ်စုံကို အထင်းသားမြင်နေကြရပါပြီ။ ပုလိပ်တွေက သူ့ခန္ဓာကိုယ်ကို ရှာဖွေကြတော့ သေနတ်တစ်လက်နဲ့ မောင်းချထားရယ် အိတ်ထဲမှာ အပြာရောင်လက်ကိုင်ပုဝါတစ်ထည်ကို တွေ့ခဲ့ကြပါတယ်။

ကြီးကြပ်ရေးမှူးက -

"ကျုပ်လူတွေနဲ့ ကျုပ်က ခင်ဗျားကို တွေ့ချင်နေကြတာ ကြာခဲ့ပါပြီ။ မစ္စတာဘလူးတီရယ်။ ဆင်းဆင်းရဲရဲဘုန်းကြီးတစ်ပါးအတွက် ခင်ဗျားက ငွေတွေတစ်ပုံကြီး သယ်သွားပေးမှာလား"

"ဘုန်းတော်ကြီး နီရော့ခ်ျဆိုတာ ကျုပ်နာမည်ပဲ။ ကျုပ်စာရွက်စာတမ်းအထောက်အထားတွေ ခင်ဗျားကိုယ်တိုင်စစ်ကြည့်ပြီးခဲ့ပြီပဲ။



www.burmeseclassic.com

www.burmeseclassic.com

ဒီငွေတွေကတော့ ဘုရားရှိခိုးကျောင်းအတွက် အော်ဂင်ဝယ်ဖို့ အလှူငွေတွေပါ"

"ပစ္စတိုဘကော အော်ဂင်တီးတာ မှားယွင်းခဲ့ရင် ပစ်ဖို့ယူလာတာလား။ စာရွက်စာတမ်းဆိုတာ အတုလုပ်ခဲ့လို့ရတာပဲဗျ။ အိုဒီယွမ်ရုပ်ရှင်ရုံက မန်နေဂျာက ခင်ဗျားနဲ့ ဆရာဆာနီတို့ကို စောင့်နေပါတယ်"

"မဖြစ်နိုင်တာပဲ။ သူသေခဲ့ပြီပဲ။ မစ္စတာ ဘလူးတီက သူ့အစောင့်ကို ပစ်မိန့်ပေးခဲ့တာပဲ"

"ငွေရေး ကြေးရေးအငြင်းပွားပြီး ဒီသေနတ်နဲ့ ခင်ဗျားက သူ့ကိုပစ်သတ်ခဲ့တယ်မဟုတ်လား။ ခင်ဗျားကို လူသတ်မှုခိုးပြမှုတွေနဲ့ ရုံးတင်ရမယ်။ ကလေးနှစ်ယောက်အကြောင်း ကျုပ်ကို မြန်မြန်ပြောစမ်း"

"ခင်ဗျား ဘာကို ဆိုလိုတာလဲ၊ ကျွန်တော် နားမလည်ဘူး"

"ကျုပ်ကိုကြည့်စမ်း၊ လူသတ်မှုအတွက် မင်းကိုကြိုးပေးပြီး သတ်ပစ်နိုင်တယ်။ မင်းမိန်းမကတော့ ကြံရာပါပေါ့ကွာ။ ကိမ်နဲ့ခွန်ဘာကို မင်းဘာလုပ်ခဲ့တယ်ဆိုတာ ပြောစမ်း။ မင်းတို့လင်မယားနှစ်ယောက်လုံး ရုံးတော်မှာ နစ်နစ်နာနာဖြစ်အောင် ငါစီစဉ်နိုင်တယ်၊ သိပ်နာချင်သလား"

မစ္စတာဘလူးတီ စပြီး ထိတ်ထိတ်ပျာပျာဖြစ်လာပါတယ်၊ သူ့ဇနီးကလည်း-

"ဒီလူသတ်မှုမှာ ကျွန်မ လုံးဝမပါတ်သက်ပါဘူး။ ဆရာက ခိုးအရင်သုံးလို့ဖြစ်ရတာလို့ သူကပြောပြပါတယ်"

"ဆရာကို မေးနေတာ မဟုတ်ဘူး။ ကလေးတွေ ဘယ်မှာလဲ"

ကြီးကြပ်ရေးမှူးက ဒေါသတကြီးနဲ့ မာန်မဲပါတော့တယ်။ -

"အကယ်၍ ခင်ဗျား မဖော်ရင် ခင်ဗျားကလေးတွေကို ထောင်ထဲပို့ပစ်မယ်"

"စူလီမာနူးနဲ့ ဂျုံကိုနာတို့က ရေကန်ကြီးနားက စူလီမာနူးအိမ်ဆီ ကလေးတွေကို ခေါ်သွားကြတယ်၊ ဒါဟာက ကလေးတွေ ပုလိပ်ဌာန သွားမတိုင်နိုင်တဲ့ တစ်ခုတည်းသော လမ်းပဲလို့ ကျွန်မယောကျ်ားက ပြောပြခဲ့ပါတယ်"

"မင်းတို့ ခရီးထွက်သွားကြရင် သူတို့ကိုပြန်လွှတ်မှာလား"

"အတိအကျမသိပါဘူး"

"နင် နားမလည်ချင်ယောင် ဆောင်နေတာပဲ။ ဒီကောင်မကို လက်ထိပ်ခတ်ပြီး ကလေးတွေနဲ့အတူ ဌာနက အချုပ်ခန်းထဲမှာ ချုပ်ထားလိုက်ကြ"

မစ္စတာဘလူးတီက သူ့ယောကျ်ားဖက် လှည့်ပြီး -

"ကျွန်မကို ခုလိုခြိမ်းခြောက်နေတာ ရှင့်မို့လို့ ကြည့်နေရက်တယ်။ လူသတ်သမားကြီးရယ်။ သူ့ဗိမာန်ကို ဟက်စန်ရောက်လာရင် ကလေးနှစ်ယောက်လုံးကိုသတ်ပစ်ဖို့ စူလီမာနူးကို အမိန့်ပေးခဲ့တာပြောပြလိုက်လေ။ ကျွန်မဘဝတစ်လျှောက်လုံး ရှင့်အတွက်အလုပ်အကျွေးပြုခဲ့ပြီးပြီ။ ရှင်ကတော့ ကျေးဇူးတင်ပါတယ်ဆိုတဲ့စကားလေး တစ်ခွန်းလောက်တောင် ကျွန်မကို ပြောဖော်မရခဲ့ပါဘူး"

မစ္စတာဘလူးတီကတော့ သူ့ဇနီးရဲ့ ပေါက်ကွဲသံတွေကို ဂရုမစိုက်တဲ့ပုံပါ။

"အခုတော့ ကောင်စုတ်ကလေးနှစ်ယောက်ဘယ်ရောက်နေတယ်ဆိုတာ ကျုပ်မိန်းမဖော်လိုက်လို့ ခင်ဗျားတို့သိကြရပါပြီ။ ကျုပ်အကြံပေးချင်တာကတော့ အခုချက်ချင်း ခင်ဗျားတို့ ခပ်မြန်မြန် ကလေးတွေဆီ သွားကြရင် အချိန်မီနိုင်ပါသေးတယ်။ လွန်ခဲ့တဲ့ဆယ်မိနစ်လောက်ကမှ ဟက်စန်က ကျုပ်တို့ကို ဘူတာလာပို့သွားခဲ့တာပါ။ သူမြည်းရထားက ခပ်နှေးနှေးမို့ ဗိမာန်ဆီခင်ဗျားတို့ အရင်ရောက်သွားပြီး ကလေးတွေရဲ့ အသက်ကိုကယ်နိုင်ပါလိမ့်မယ်။ တရားရုံးတော်ကျရင်သာ ကလေးတွေရဲ့ အသက်ကိုကယ်ခဲ့တဲ့အတွက် ကျုပ်ကို အပြစ်ဒဏ်လျှော့ပေါ့ပေးကြပါ"

သူကတော့ လုပ်ငန်းတစ်ခုအတွက် စာချုပ်နေဘီအလား မတုန်မလှုပ် ခပ်အေးအေးပြောသွားခဲ့တာပါ။

"မစ္စတာ ဘလူးတီနဲ့ မိသားစုကို ဌာနခေါ်သွားကြပြီး စွဲချက်တင်ဖို့ပြင်ထားကြ။ ရတနာတွေကိုတော့ ဒေါက်တာခရက်ကာလစ်က ထိန်းသိမ်းထားပါ။ ဆရာဝန်ကတော့ မျက်မြင်သက်သေအနေနဲ့ ရုံးတော်မှာထွက်ဆိုရလေအောင် ကျွန်တော်နဲ့အတူ လိုက်ခဲ့ပါ။ ဖြတ်လမ်းကနေပြီး စူလီမာနူးဗိမာန်ဆီ မြန်မြန်မောင်းပေတော့။ လမ်းကတော့ ခပ်ကြမ်းကြမ်းပဲဟေ့"

ပက်ထရစ်ကဝင်ပြီး -

"ကျွန်တော်ကော လိုက်ခဲ့လို့ ရမလား ခင်ဗျာ"

"ရပါတယ်။ ကဲ သွားကြစို့။ အချိန်မီရောက်အောင် ဘုရားသခင် ကယ်တော်မူပါ"

"အာမင်၊ အာမင်"

ပါမောက္ခက ရွတ်ဆိုနေခဲ့ပါတယ်

ရှေ့လဆက်ရန် . . .

အောင်သန်းချင်



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တွေ့အမေရိကား (၂)

# စိတ်တင်းကျပ် မိစီးခံနေရခြင်းများ

မောင်ကောင်းမြင့်

မိမိ အမေရိကန်နိုင်ငံသို့ ရောက်ပြီး သုံးလကျော် ကာလတွင် ရုပ်သံမှ တိုက်ရိုက်လွှင့်နေသော သတင်းကြီး သုံးပုဒ်ကို ကြုံခဲ့ရ၏။

"အောက်တိုဘာ ၂၉ ရက်နေ့၊ Sandy မုန်တိုင်း ကြီး N.Y.S သို့ ဝင်ရောက်ခြင်း"

"နိုဝင်ဘာ ၆ ရက် အိုဘားမားနှင့် ရွမ်နီတို့ သမ္မတယှဉ်ပြိုင်အရွေးခံသောနေ့တွင် မဲဆန္ဒပေးကြခြင်း"

"ဒီဇင်ဘာ ၁၄ ရက်၊ ကော်နက်တီကပ်၊ ဆန်စီ ဟုခ် မူလတန်းကျောင်းတွင် သေနတ်ပစ်ခတ်မှုဖြစ်ပွား ခြင်း"

စသော စိတ်လှုပ်ရှားဖွယ် သတင်းကြီးသုံးပုဒ် ဖြစ် သည်။ ယင်းတို့တွင် စန္ဒီမုန်တိုင်းမှာ ကိုယ်တိုင်(မိမိနေထိုင် သော ဒေသ၌ အနည်းအပါး လျှပ်စစ်မီးပြတ်ခြင်း၊ သစ်ပင် လဲခြင်း၊ အမိုးလန်ခြင်းမျှသာ) ကြုံတွေ့ခဲ့ရသည်။ သမ္မတရွေး ပွဲကို သတင်းနားထောင်၍ မဲပေးသောနေရာအချို့သို့ ကျောင်း များကို မဲရုံလုပ်ထားသဖြင့်) သွားရောက်ကြည့်ရှုခဲ့ဖူးသည်။ နောက်ဆုံးသတင်းဖြစ်သော ဆန်စီဟုခ်မူလတန်းကျောင်း သေနတ်ပစ်ခတ်မှုမှာ "သမ္မတ"အိုဘားမား ပြောကြားသကဲ့ သို့ ဝမ်းနည်းထိတ်လန့်ဖွယ်ကောင်းသော ဖြစ်ရပ်ကြီးတစ်ခု ဖြစ်သည်။ စတင်အချင်းဖြစ်ပွားသည်မှစ၍ ကလေးငယ်များ


www.burmeseclassic.com

www.burmeseclassic.com

၏ မိဘများ၏ ပူဆွေးမှု၊ သမ္မတက သွားရောက်အားပေးမှု၊ သေနတ်ဥပဒေ ဆွေးနွေးမှု၊ Gun Control Debate များ ပြုလုပ်နေရခြင်းနှင့် ကွယ်လွန်သူများ၏ ဈာပနအခမ်းအနားများကို တိုက်ရိုက်သတင်းထုတ်လွှင့်ပေးနေသည်ကို ကြည့်ရှုနေရသည်။

မိမိရောက်နေစဉ်အတွင်း "ကလေးထိန်း နာနီတစ်ယောက်က ကလေးငယ်နှစ်ဦးကို သတ်ဖြတ်ခြင်း။ လပိုင်းအတွင်း ရပ်ကွက်တစ်ခု၌ လူသတ်မှုများ သုံးမှုဖြစ်ပွားခြင်း။ ရထားလမ်းပေါ်သို့ တွန်းချမှုနှစ်မှု ဖြစ်ပွားခဲ့ခြင်း။ စတိုးဆိုင်အတွင်း ဝင်ရောက်ပစ်ခတ်မှု ဖြစ်ပွားခြင်း။ ဓာတ်လှေကားအတွင်း၌ လုယက်မှုဖြစ်ပွားခြင်း။ အဓမ္မမှုနှစ်မှု ဖြစ်ပွားခြင်း" စသော သတင်းတို့ကို ရုပ်သံနှင့် သတင်းစာတို့၌ ဖတ်ရှုတွေ့မြင်ခဲ့ရသည်။

အထူးသဖြင့် ရာဇဝတ်မှုတို့တွင် အကြီးမားဆုံးနှင့် နိုင်ငံတော်သမ္မတကိုယ်တိုင် နှစ်သိမ့်အားပေးခြင်း၊ အရေးယူဆောင်ရွက်ခြင်း ပြုခဲ့ရသော မူလတန်းကျောင်းကလေးငယ်များ သေနတ်ပစ်ခံရခြင်းမှာ ထိတ်လန့်တုန်လှုပ်ဖွယ် အကောင်းဆုံး ဖြစ်ရပ်ပေတည်း။

သတင်းကို သိသာရန် အကျဉ်းမျှဆိုရလျှင် ဒီဇင်ဘာ ၁၄ ရက် နံနက်တွင် ကော်နက်တီကပ်ပြည်နယ် New Town ဆန်ဒီဟုခ် မူလတန်းကျောင်းကလေးအတွင်းသို့ သေနတ်သမား အဒမ်လန်ဇာ(Adam Lanza) ၂၀ နှစ် ဝင်ရောက်လာပြီး ပို့ဒ် ၂၂၃ သေနတ်ဖြင့် ပစ်ခတ်ရာ ခြောက်နှစ်နှင့် ခုနစ်နှစ် အကြားရှိ ကျောင်းသားလေး ၈ ဦးနှင့် ကျောင်းသူကလေး ၁၂ ဦးအပါအဝင် ကျောင်းဆရာမ ၆ ဦး သေဆုံးခဲ့ရသည်။ လန်ဇာသည် သူ၏ မိခင်ကို ရှေးဦးစွာ ပစ်သတ်ခဲ့ပြီး ဖြစ်သည်။ သေနတ်ပစ်ခတ်မှု ဖြစ်ပွားပြီး သူ့ကိုယ် ပြန်လည်ပစ်ခတ်ခဲ့ရာ ထိုဖြစ်စဉ်တွင် စုစုပေါင်း ၂၈ ဦး သေဆုံးခဲ့သည်။

ထိုအခင်းဖြစ်ပွားမှုနှင့် ပတ်သက်၍ သမ္မတက ဝမ်းနည်းပူဆွေးကြောင်း မိန့်ခွန်းပြောကြားနေစဉ် သမ္မတ၏ မျက်နှာ၌ ကြေကွဲရိပ်ကို ကောင်းစွာ တွေ့မြင်နေရသည်။ အနာဂတ်ကောင်း ရှိကြသော အသက်ခြောက်နှစ်၊ ခုနစ်နှစ်အရွယ် ကလေးငယ်များ အကြောင်းမဲ့ သေဆုံးခဲ့ရပ်ပြီဟု ဆိုခဲ့ပြီး မိမိသမ္မတသက်တမ်း ၂၀၀၄ မှ ယနေ့အထိ ယခုကဲ့သို့ အမှုမျိုး လေးကြိမ်မျှ ဖြစ်ပွားခဲ့ရကြောင်းလည်း ဆိုခဲ့၏။ ထို့ကြောင့် သေနတ်ထိန်းသိမ်းရေးကို ဆွေးနွေးကြရန် ပြောကြားခဲ့သည်။ ထို့ကြောင့် ယခုသတင်းပတ်တွင် သေနတ်ထိန်းသိမ်းရေးကို အကြိတ်အနယ် ဆွေးနွေးနေကြပေပြီ။ တွန်နက်တီကပ်တွင် ဒီဇင်ဘာ ၁၆ ရက်က သေနတ်များလာရောက်အပ်နှံသူတို့ကို ဂုဏ်ပြုလက်ဆောင်များဖြင့် လဲလှယ်ပေးရာ တစ်ရက်တည်းပင် သေနတ် ၅၀၀ မျှ လက်ခံရရှိခဲ့သည်ဟု သတင်းဓာတ်ပုံများဖြင့် ထုတ်လွှင့်ပေးခဲ့သည်။

ယင်းကဲ့သို့ ရာဇဝတ်မှုများ ဖြစ်ပွားရခြင်းမှာ မိမိဖတ်ရှုဖူးသမျှသော စာများအရ ဤသူများသည် ငွေကြေးအတွက် ပြစ်မှုများကို ကျူးလွန်ခြင်းဖြစ်သည်၊ ထင်ပေါ်ကျော်ကြားလိုမှုကြောင့် ဖြစ်သည်၊ စိတ်ဖောက်ပြန်မှုကြောင့် ဖြစ်သည်၊ စိတ်မွန်းကျပ်၊ စိတ်ဖိစီးမှု Stress ကြောင့် ဖြစ်သည်…စသော အကြောင်းများကြောင့် ဖြစ်နိုင်ကြောင်း ဖော်ပြထားသည်ကို အမှတ်ရမိသည်။ ဤတွင် အထက်သုံးချက်မှာ သိသာထင်ရှားလွယ်သည်။ နောက်ဆုံးအချက်ဖြစ်သော စိတ်မွန်းကျပ်မှု၊ စိတ်ဖိစီးမှုကြောင့် ဖြစ်သည့်အချက်မှာ နောက်ခံအချက်အလက်များစွာ သိထားဖို့ လိုသည်ဟု ထင်သည်။

အမေရိကန်ပြည်ထောင်စုကို ကမ္ဘာရပ်ခြား အများစုဖြစ်သော နိုင်ငံများစွာမှ လူအများက ရောက်လိုကြသည်။ အားကျစိတ်ရှိကြသည်။ အဘယ်ကြောင့်ဆိုသော် "ဒီမိုကရေစီ" စနစ်အရ လွတ်လပ်ပွင့်လင်းသော ဥပဒေ၊ လူမှုခံစားခွင့်များ

> လူနေမှုစတိုင်အရ လွတ်လပ်သည်
> ဖြစ်သော်လည်း လူမှုအဆင်မပြေမှုများလည်း
> များကြသည်။ တစ်ယောက်နှင့်တစ်ယောက်
> ဆက်ဆံရာတွင် နွေးထွေးမှုကိုပေးနိုင်သော
> အားလပ်ချိန်နည်းပါးခြင်းနှင့် လူနေမှုစရိုက်အရ
> တွယ်တာမှုသံယောဇဉ်(အများအားဖြင့်)
> ချို့တဲ့မှုကို ခံစားကြရသည်။

www.burmeseclassic.com

www.burmeseclassic.com

ရှိသောကြောင့် ဖြစ်သည်၊ ဖွံ့ဖြိုးတိုးတက်သော စက်မှုနိုင်ငံကြီးဖြစ်နေသောကြောင့် ဖြစ်သည်၊ စိတ်ပျော်ရွှင်စရာများစွာဖြင့် ခွဲဆောင်နိုင်သောကြောင့် ဖြစ်သည်၊ စသောအချက်များကြောင့် ဖြစ်သည်။

ဤဆွဲဆောင်မှုများကြောင့် လာရောက်ဖို့ ဆိုသည်မှာ အဓိကအချက်အားဖြင့် ငွေကြေးပြည့်စုံဖို့ လိုသည်၊ ကျန်းမာရေးကောင်းဖို့ လိုသည်။ (အချို့သောနိုင်ငံများအဖို့ နိုင်ငံကူးလက်မှတ်ရဖို့ လိုသည်။) ဤအချက်နှစ်ချက် အဓိကဖြစ်၏။ အလည်အပတ်လာသူများသည် နယူးယောက်၊ ဝါရှင်တန်၊ လော့စ်အိန်ဂျယ်လိစ်၊ ဆန်ဖရန်စစ္စကိုနှင့် နိုင်ရာဂရာဖော စသော ဒေသကို့ကို သွားရောက်လည်ပတ်ကြသည်။ ပညာသင်ကြားဖို့ လာကြသူများသည် နယူးယောက်၊ ဝါရှင်တန်၊ လော့စ်အိန်ဂျလိစ် စသောမြို့ကြီးများသို့ ဦးစားပေးလာကြသည်။ ထိုသူတို့အတွက်ကား လာပြီးကတည်းက ဦးဝည်ချက်နှင့် ပြည့်စုံသော ငွေကြေးရှိနေခြင်းကြောင့် အမေရိကန်ပြည်ထောင်စု၏ ကောင်းကွက်နှင့် ကြည်နူးစရာများကိုသာ မြင်တွေ့သွားကြရမည် ဖြစ်၏။

ထိုသို့မဟုတ်ဘဲ အလုပ်အတွက် လာရောက်ကြသူများ၊ အကြောင်းအမျိုးမျိုးကြောင့် နေထိုင်ခွင့်ရကြသူများမှာ အလုပ်ရရှိရေးနှင့် နေထိုင်ရေးအတွက် ကြိုးစားအားထုတ်ရသော အရင်းအနှီးမှာ မသေးလှပေ။ ပြောမရ၊ ကြုံမှသိပေမည်။

ဤနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်နေသည်မှာ ရုပ်ဝတ္ထုပစ္စည်းများအရ ကောင်းစွာမြင်နိုင်သောကြောင့် ငြင်းဖွယ်မရှိပေ။ သို့သော် ထိုရုပ်ဝတ္ထုပစ္စည်းကို ရယူသုံးစွဲနိုင်ခွင့်နှင့် လူတန်းစေ့နေထိုင်နိုင်ရေးမှာ အလုပ်ကို ကြိုးစားပမ်းစား လုပ်ကိုင်ကြရသည်။ ဤနိုင်ငံ၏ အလုပ်သဘာဝ နာရီနှင့် လုပ်ခကို သတ်မှတ်ပြီး အပတ်စဉ်နှုန်းနှင့် တွက်ကာ လပေးစနစ် ရှင်းသောကြောင့် လုပ်နိုင်မှ ရကြသည်။ အလုပ်ခနှုန်းနှင့် လုပ်အား တန်အောင်လုပ်ကြရသောကြောင့် ပင်ပန်းကြသည်၊ ခိုကပ်၍ မရကြပေ။

လူနေမှုစတိုင်အရ လွတ်လပ်သည် ဖြစ်သော်လည်း လူမှုအဆင်မပြေမှုများလည်း များကြသည်။ တစ်ယောက်နှင့်တစ်ယောက် ဆက်ဆံရာတွင် နွေးထွေးမှုကိုပေးနိုင်သော အားလပ်ချိန်နည်းပါးခြင်းနှင့် လူနေမှုစရိုက်အရ တွယ်တာမှုသံယောဇဉ်(အများအားဖြင့်) ချို့တဲ့မှုကို ခံစားကြရသည်။ [အဘိုးအို၊ အဘွားအိုများနှင့် ကလေးငယ်များသည် ခွေး ကြောင် စသော တိရစ္ဆာန်ကလေးများကို မိသားစုသဖွယ် ပြုစုကြခြင်းမှာ ရင်းနှီးသော အဖော်အဖြစ်လိုအပ်သောကြောင့် တစ်ကြောင်းဖြစ်၏။]

ဆိုခဲ့သည့်အတိုင်း နေထိုင်မှုစနစ်၊ လုပ်ခွင်ပင်ပန်းမှုနှင့် နွေးထွေးမေတ္တာ အားနည်းမှုတို့အပြင် ပြသနေသော ရုပ်ရှင်များစွာသည် အပစ်အခတ်နှင့် ဆန္ဒကို ဖြေဖျောက်မှုအားပေးသော ရုပ်ရှင်များစွာ ပါဝင်နေရာ စိတ်အထိန်းအကွပ်ကို အားနည်းစေသည်။ [ရုပ်ရှင်ကားကောင်းများစွာ ဥပမာ- မိခင်မေတ္တာဖော်ကျူးသော၊ ကလေးငယ်များနှင့် တိရစ္ဆာန်ကလေးများ (ခွေး ကြောင်၊ လင်းပိုင်၊ မျောက်)၏ တွယ်တာမှုသံယောဇဉ်ကို ဖော်ထုတ်ပြသသော ကိုယ်ကျိုးစွန့် အနစ်နာခံမှုကို ပြသသော ရုပ်ရှင်များလည်း ရှိကြပါသည်။]

ဤနိုင်ငံတွင် သုံးစွဲသော ဖုန်း၊ ကွန်ပျူတာ၊ ဘဏ်ကတ်နှင့် အခြားသော အရေးကြီးကိစ္စရပ်တို့တွင် Password ခေါ် ပိုင်ဆိုင်သူတစ်ဦးတည်းသာ သိအပ်သည့် လျှို့ဝှက်သင်္ကေတများစွာသည် စိတ်အာရုံကို အနှောင့်အယှက်ဖြစ်စေသည့် ကိစ္စဟုလည်း ထင်ပါသည်။ ရထားဘူတာရုံကြီးများ၊ Mall ခေါ် စတိုးဆိုင်ကြီးများတွင် သွေးပေါင်ချိန်ပေးခြင်း၊ စိတ်ဖိစီးမှုအတွက် တိုင်းပေးခြင်းများကို အခမဲ့ ပြုလုပ်ပေးနေသည်ကို တွေ့ရသည်။

ထိုသို့သော အခြေအနေတွင် လွယ်ကူစွာ ဝယ်ယူရရှိနိုင်သော "သေနတ်"ကြောင့် လူများသည် လက်တည့်စမ်းနိုင်သော၊ စိတ်လွတ်လပ်ခွင့်ကို ဖော်ထုတ်နိုင်သော အခြေအနေတွင် ရှိနေပေသည်။ ဤသည်ကပင် မနည်းမနောသော အမှုများကို ဖြစ်ပေါ်စေခြင်းပင်တည်း။

စိတ်တင်းကျပ်ခြင်း၊ ဖိစီးမှုခံစားခြင်းတို့ကို သက်သာနိုင်စေရန်အတွက် စိတ်ငြိမ်းချမ်းမှုနှင့် စိတ်ပြေပျောက်မှု ရရှိရန်မှာ လူမှုရေးနှင့် ဆေးပညာသာမက ဘာသာရေးဖြင့်ပါ ထိန်းကျောင်းပါမှ ရနိုင်မည်ဟု ထင်ပေသည်။

မောင်ကောင်းမြင့်



www.burmeseclassic.com

www.burmeseclassic.com

# မယုံလျှင် ပုံပြင်သာမှတ်လိုက်ပါ

**ဒေါက်တာသက်ဆွေ(M.D.)**
(ရှေ့ဆောင်တင်ဆွေ)(မင်္ဂလဓမ္မဇောတိကဓဇ)

## တတိယပိုင်း

၁၉၆၀ ပြည့်နှစ်၊ ရန်ကုန်မြို့ ၈၇ လမ်းနှင့် မြန်မာ့ဂုဏ်ရည်လမ်း(ယခင် ကာလဘတ်လမ်း)ရှိ ပြည်ကျော်သတင်းစာတိုက်သို့ ကျွန်တော်၏ဆရာကြီး ဆရာဦးတင်အုန်း(ရွှေသွေး)နှင့် ကျွန်တော် ဆရာသက်ဆွေ(ရှေ့ဆောင်တင်ဆွေ)တို့ ရောက်ရှိခဲ့ကြပါသည်။ အိမ်က ရေးဟောင်းတိုက်ခံအိမ်၊ ပျဉ်ထောင်ပျဉ်ခင်း ဖြစ်ပြီး ကျယ်ဝန်းပါသည်။ ဘေးချင်းကပ်လျက် ပညာဝန်ဦးဖိုးကျား၏ တိုက်ခံအိမ်နှင့် အတူရှိပါသည်။ ပညာဝန်ဦးဖိုးကျား ကွယ်လွန်တော့ သူ၏သား ဦးဇော်ဝင်းကျားနှင့် ဇနီးတို့ နေပါသည်။ ပြည်ကျော်သတင်းစာတိုက် ဖွင့်ထားသော အိမ်က ယခင် ဂဠုန်ဦးစော၊ ဒေါ်သန်းခင်တို့အိမ်ဖြစ်ပြီး ညီတော်သူ ဦးဘိုးသာ (ခေါ်) ဦးဘုန်းရောင်၊ ဒေါ်ခင်ထွေးတို့နေပါသည်။ ပြည်ကျော်သတင်းစာတိုက်ပိုင်ရှင် ဦးဘုန်းရောင်က တိုက်အုပ်(ပိုင်ရှင်)၊ ဆရာရွှေသွေးက အယ်ဒီတာချုပ်၊ ဦးအောင်ထူး(နိုင်ငံခြားရေးအယ်ဒီတာ)၊ ဦးတင် (နေ့သတင်းအယ်ဒီတာ)၊ ရှေ့ဆောင်တင်ဆွေ (ညသတင်းအယ်ဒီတာ)နှင့် သတင်းထောက်(ကိုစောလွင်)တစ်ဦးတည်းသာရှိပြီး ဖြန့်ချိရေးနှင့် Bill Collector စာရေး ကိုအေးဆွေ(မိတ္ထီလာသား)တို့ရှိကြပါသည်။ စက်ရိုက်တစ်ဦး၊ နောက်ကြည့်တစ်ဦး၊ ဖိုမင်တစ်ဦး၊ စာပြင်တစ်ဦးနှင့် စာစီလုပ်သား ရှစ်ဦးသာရှိသဖြင့် သတင်းစာ အချိန်မီ နေ့စဉ်ထွက်နိုင်ရန် ကျွန်တော်တို့ ဆရာတပည့် မန္တလေးမှ ရောက်ရှိလာတော့မှ သတင်းထောက်နှစ်ဦး၊ စာစီရှစ်ဦး၊ ခေါင်းကောက်ကလေးနှစ်ဦး ထပ်၍ခန့်ပေးရပါသည်။ ကျွန်တော်တို့ မန္တလေးမှ ရောက်သောအခါ "ပြည်ကျော်သည် ပြည်တော်အတွက် ဖြစ်ရမည်" သတင်းဦးရမည်၊ ထူးရမည်၊ ရွှေမန်းသားများ ဦးဆောင်လျက် အသွင်သစ်၊ အမြင်သစ်ဖြင့် နေ့စဉ်ထုတ်ဝေလျက်ရှိပါသည်ဟု ကြော်ငြာ၍ ထုတ်ဝေလိုက်ရာ စောင်ရေများတက်ပြီး အောင်မြင်မှုရရှိပါသည်။ နိုင်ငံခြားရေးအယ်ဒီတာ ဦးအောင်ထူးနှင့် နေ့အယ်ဒီတာ ဦးတင်တို့ကတော့ နံနက် ၁၀း၀၀ နာရီလာပြီး ညနေ ၅း၀၀ နာရီ ပြန်ကြပါသည်။ ကျွန်တော်၏ ဆရာကြီး အယ်ဒီတာချုပ်နှင့် ကျွန်တော်ကတော့ နေ့ရော ညပါ တိုက်မှာနေတော့ ပင်ပန်းပါသည်။

ရန်ကုန်ရောက်ပြီး တစ်လခန့်ကြာသောအခါ မန္တလေးမြို့နေပင်လယ်ဆေးတိုက်မှ ဆရာဝန်ကြီး ဒေါက်တာမောင်မောင်က ဖ•ဆ•ပ•လ ရပ်ကွက်တွင်နေသော ၎င်း၏တူတော်သူ ဦးဘဘွားထံ မိတ်ဆက်စာရေးပေးလိုက်သဖြင့် သွားတွေ့ရာ အလွန်ဖော်ရွေစွာဖြင့် တိုက်နယ်သူကြီးနှင့် လိုက်၍မိတ်ဆက်ပေးမည်ဖြစ်ကြောင်း ပြောဆိုကာ ချက်ချင်းပင် သူကြီးအိမ်သို့ ခေါ်သွားပြီး မိတ်ဆက်ပေးပါသည်။ ထိုခေတ်က တိုက်နယ်သူကြီးများသည် ဩဇာအာဏာရှိသောခေတ်ဖြစ်ပါသည်။ ကန်တော်ကလေး (၉၁)လမ်းတွင်နေသော တိုက်နယ်သူကြီး ဦးဂျင်မီ (ခေါ်) ဦးတင်နှင့် သူကြီးကတော်



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်နန်းရွှေမြ တစ်ဦးတည်းသောသမီး မနန်းခင်ညွှန့်ဆွေတို့ သားမိသားဖ သုံးဦးစလုံး တွေ့၍ မိတ်ဆက်ပေးရာ မန္တလေး မြို့နေပင်လယ်ဆေးတိုက် ဒေါက်တာမောင်မောင်၏တူဖြစ် ကြောင်း။ (၈၇)လမ်းထိပ် ပြည်ကျော်သတင်းစာတိုက်တွင် သတင်းအယ်ဒီတာအဖြစ် ပြောင်းရွှေ့လာကြောင်း၊ လိုအပ်သော အကူအညီများ ရှိပါက ကူညီပေးပါရန် စသဖြင့် မိတ်ဆက်ပေး ပါသည်။

သူကြီးမိသားစုနှင့် အာလာပသလ္လာပ ပြောဆိုပြီး နောက် ဦးဘဘွားနှင့် ကျွန်တော်တို့ ပြန်လာကြရာ ကျွန်တော် က ၈၇ လမ်းထိပ်ရောက်သောအခါ သတင်းစာတိုက်သို့ ဝင်နေခဲ့ပြီး ဦးဘဘွားကတော့ ဖ•ဆ•ပ•လ အိမ်သို့ ပြန်သွား ပါသည်။ ထိုစဉ်က ကျွန်တော်တို့ဆရာတပည့်တွေသည် လမ်းဘေး ထမင်းဆိုင်များသို့ ဝယ်စားကြရပါသည်။ ထမင်းလခ ပေးစားလျှင် တစ်လ ၃၀ ကျပ် ကျပါသည်။ သို့သော် ကျွန်တော်တို့ကတော့ ကြုံသလိုပင် ဝယ်စားနေကြပါသည်။ သူကြီးအိမ်သို့လည်း တစ်ပတ်တစ်ခေါက်လောက် သွားလည် ရာ သူကြီးကတော်ကြီးကလည်း ရင်းနှီးခင်မင်လာတော့ ထမင်း ဘယ်လိုစားသလဲလို့မေးရာ လမ်းဘေးဆိုင်ဝယ်စားနေကြောင်း ပြောပြပါသည်။ ထိုအခါ သူကြီးကတော်ကြီးက လမ်းဘေးဝယ် စားရတာ ဒုက္ခရောက်ပါတယ်၊ အဒေါ်တို့လည်း သားအဖသုံး ယောက်တည်း စားအိုးသေးတော့ တစ်ယောက်စာထူးပြီး ပိုမချက်ရပါဘူး။ ငါ့တူလာစားရင် တစ်လ ၃၀ ကျပ်ပေးပြီး စားလှည့်ပါဟု ပြောရာ ကျွန်တော်လည်း ဝမ်းသာစွာဖြင့် လာစားပါမည်ဟု ပြောလိုက်ပါသည်။ တိုက်ရောက်တော့ ကျွန်တော့်ရဲ့ဆရာကြီးကို ပြောပြတော့ ဆရာကြီးက မင်းက ကုသိုလ်ကံထူးတာပဲ။ နေ့စဉ်သွားစားပေါ့ဟု ပြောပါသည်။

နေ့စဉ် နံနက် ၁၀း၀၀ နာရီတစ်ကြိမ်၊ ညနေ ၇း၀၀ နာရီတစ်ကြိမ် ထမင်းသွားစားရာ သူကြီးသမီးကိုယ်တိုင် ပြင် ဆင်ကျွေးပါသည်။ ဒီတော့ သူကြီးသမီးနဲ့လည်း ပိုမိုပြီး ခင်မင် လာကြတာပေါ့။ အဲဒီအချိန်မှာ ရွာမှာရှိနေတဲ့ အစ်ကိုတော် နတ်ကြီးက နတ်ထိန်းဒေါ်သိန်းမိကို ပူးပြီး ကျွန်တော်၏မိခင် ကြီးနှင့် အစ်မကြီးကို ခေါ်ပြောသည်တဲ့။ ငါ့ညီဖွားလေး အစား အသောက် ဆင်းရဲနေလို့ သူကြီးအိမ်ပို့ထားလိုက်ပြီလို့ ပြော သတဲ့။ (အဲဒါ နောင်တော်ကြီးရဲ့ ကြည့်ရှုမစမှုပါပဲ။) တစ်နေ့ သောအခါ သူကြီးကတော်ကြီးက ငါ့တူ•••ညနေ ၅း၀၀ နာရီကနေ ၇း၀၀ နာရီထိ ၅ တန်း၊ ၆ တန်း၊ ၇ တန်း ကျောင်းသားလေးတွေ တစ်ယောက် ငါးကျပ်နှုန်းနဲ့ စာသင် ပေးရင် လူစုပေးမယ်ဟု ပြောပါသည်။ ကျွန်တော်လည်း သင်ပေး ပါမည်ဟု ပြောရာ ပထမ ဆယ်ယောက်ရပါသည်။ တစ်လ ငါးဆယ်ရတော့ လခသုံးဆယ်ပေးပြီး နှစ်ဆယ်ပိုတာကို သူကြီးသမီး ညီမလေးကို တစ်ဆယ် မုန့်ဖိုးပေးလိုက်ပါသည်။ နောက်တဖြည်းဖြည်း ကျောင်းသားလေးတွေ နှစ်ဆယ်လောက် ရလာတော့ ၅ တန်းကလေးတွေကို နန်းခင်ညွှန့်ဆွေ သင်ခိုင်း ပြီး၊ ကျွန်တော်က ၆ တန်း၊ ၇ တန်းကလေးတွေကို သင်ပေး ပါတယ်။ ည ၇း၀၀ နာရီသင်တန်းပြီးချိန် ညနေစာစားပြီး သတင်းစာတိုက်ကိုပြန်ကာ ညအယ်ဒီတာလုပ်ငန်းများ ဆက် ပြီးလုပ်ရပါတယ်။ သင်တန်းကျောင်းသားလူနှစ်ဆယ်ဆိုတော့ တစ်လ ၁၀၀ ကျပ် ရပါတယ်။ နန်းခင်ညွှန့်ဆွေကို ငါးဆယ် ပေးပြီး အမေကြီးကို ထမင်းလခ သုံးဆယ်ပေးလိုက်ပါတယ်။

ဒီလိုနဲ့ သူကြီးအိမ်မှာ
ထမင်းလခပေးစားရင်း
တစ်နှစ်လောက်ကြာတော့
၁၉၆၁ ခုနှစ်မှာ သူကြီး၏သမီး
နန်းခင်ညွှန့်ဆွေနဲ့ ကျွန်တော်နဲ့
နှစ်ဖက်မိဘများ၏
သဘောတူခွင့်ပြုချက်အရ
ရဲမင်းကြီးရုံး(ပုလိပ်မင်းကြီးရုံး)မှာ
နှစ်ဦးသဘောတူ
တရားဝင်လက်ထပ်လိုက်ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

နှစ်ဆယ်ပိုတာက လက်ဖက်ရည်ဖိုးတင်မက အဝတ်ဖိုးပါ ရပါတယ်။ ဒီတော့ ကျွန်တော်သတင်းစာတိုက်ကရသော လစာများကို မန္တလေးမြို့ မိဘများဆီ လစဉ်ပို့ပေးနိုင်ပါတယ်။ ဒီလိုနဲ့ သူကြီးအိမ်မှာ ထမင်းလခပေးစားရင်း တစ်နှစ်လောက်ကြာတော့ ၁၉၆၁ ခုနှစ်မှာ သူကြီး၏သမီး နန်းခင်ညွှန့်ဆွေနဲ့ ကျွန်တော်နဲ့ နှစ်ဖက်မိဘများ၏ သဘောတူခွင့်ပြုချက်အရ ရဲမင်းကြီးရုံး (ပုလိပ်မင်းကြီးရုံး)မှာ နှစ်ဦးသဘောတူ တရားဝင် လက်ထပ်လိုက်ကြပါတယ်။ လက်ထပ်သောနေ့တွင် ရွာမှာရှိတဲ့ လူပျိုတော်နတ်ကြီးက နတ်ထိန်း ဒေါ်သိန်းမိအား ပူး၍ ဆွေမျိုးတွေခေါ်ပြီး ပြောတာကတော့ ရန်ကုန်မှာ ငါ့ရဲ့ ညီဖွားလေး သူကြီးသမီးနဲ့ လက်ထပ်လိုက်ပြီ။ အဲဒီကလေးမလေးက အတိတ်ဘဝက ညီဖွားရဲ့ အချစ်ဆုံး၊ အိမ်ရှေ့မင်းဘဝကတော်ကောက်ခဲ့တဲ့ အငယ်ဆုံးမိဖုရားလေပဲ။ သူတို့ရဲ့ ပဋ္ဌာန်းဆက်က ဒီဘဝ ပြန်ဆုံစည်းဖို့ ဖြစ်လာတာပေါ့လို့ပြောတော့ ဆွေမျိုးတွေလည်း ဝမ်းသာကြတာပေါ့။ ကျွန်တော်တို့ မင်္ဂလာဧည့်ခံပွဲကျင်းပတော့ မန္တလေးက မွေးစားမိခင်၊ ဖခင်ကြီးများလည်း လာကြတယ်။ အရပ်က ဆွေမျိုးတွေလည်း ရန်ကုန်လိုက်လာကြတယ်။ ဧည့်ခံပွဲလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပါတယ်။

ဩော်…ဒါနဲ့ ကျွန်တော် မန္တလေးကျောင်းသားဘဝက နွေရာသီကျောင်းပိတ်ရက်မှာ အရပ်အလည်ပြန်တော့ ဓားပြရန်က နှစ်ကြိမ်တိတိ နောင်တော်ကြီးတန်ခိုးနဲ့ ကယ်လိုက်တာလေး သတိရလို့ ထပ်မံတင်ပြလိုပါတယ်။ ၁၉၅၃ ခုနှစ်က ကျွန်တော် ခုနစ်တန်းတက်ပြီး မတ်လ စာမေးပွဲပြီးတော့ မွေးစားမိခင်၊ ဖခင်ကြီးများက အနောက်ခင်မကာန်ကျောင်းတိုက် သုဓမ္မကျောင်းဆရာတော်ထံ ရှင်ပြုပေးတယ်။ အရပ်က အမေရင်း၊ အဖေရင်းတွေလည်း လာကြတယ်။ ရှင်ပြုပြီး ကိုရင်ဝတ်နဲ့ ၁၀ ရက်နေပြီး လူထွက်တယ်။ မွေးစားမိခင်၊ ဖခင်တွေ ခွင့်တောင်းပြီး အမေရင်း၊ အဖေရင်းတို့နဲ့ ကျောင်းပိတ်ရက် အရပ်လိုက်လည်ဖို့ စီစဉ်တယ်။ ထိုစဉ်က လူစီးဘတ်(စ်)ကားတွေ မရှိသေးတော့ ကုန်တင်ကားကြီးတွေနဲ့ လိုက်ရတယ်။ ကုန်ပစ္စည်းတွေ အောက်ကတင်ပြီး လူတွေက အပေါ်က ဖြစ်သလိုစီးကြရတယ်။ ပါခင်ကြယ်လည်း လူ ၂၀ လောက်ပဲ တင်တယ်။ ကျွန်တော်တို့က မန္တလေးနဲ့ ရေဦးမြို့သွားတဲ့ ကားနဲ့ လိုက်ရတယ်။ ကားဂိတ်က မလွန်ဘောလုံးကွင်းနားသွားပြီး နံနက် ၄း၀၀ နာရီအရောက်သွားရတယ်။ ကားက ၅း၀၀ နာရီထွက်တယ်။ ကျွန်တော်ရယ်၊ မိခင်၊ ဖခင်ကြီးရယ်က ၃း၀၀ နာရီလောက်ထပြီး မြင်းလှည်းနဲ့ ကားဂိတ်သွားပြီး စီးရတယ်။ ၅း၀၀ နာရီထိုး ကားစထွက်ပြီး၊ ၁၀း၀၀ နာရီမှာ ဆားတောင်မငါးရွာကိုရောက်တော့ ကားနားပြီး နံနက်စာ ဝယ်စားကြတယ်။ ၁၁း၀၀ နာရီ ကားပြန်ထွက်တော့ နေ့လယ် ၁၂း၀၀ နာရီလောက် ဆားတောင်ရွာနဲ့ အုန်းတောရွာကြားမှာ ကျွန်တော်တို့ရှေ့က ကုန်ကားသုံးစီး လမ်းအောက်ဆင်းပြီး ရပ်နေတာ တွေ့တော့ ဒရိုင်ဘာက ရှေ့ကားတွေ ဓားပြတိုက်နေပြီ၊ ကျုပ်တို့လည်း နောက်လှည့်လို့မရတော့ဘူး။ ခရီးသည်တွေ သတိထားကြလို့လည်း ပြောပြီးရော ဓားပြဗိုလ်လုပ်သူက ကားကို လမ်းဘေးဆင်းရပ်ခိုင်းပြီး ပါလာတဲ့ခရီးသည်တွေ ဆင်းခိုင်းတယ်။ ကျွန်တော်က မရကန်ရွာက နောင်တော်ကြီး ညီဖွားတို့ ဓားပြတိုက်နေပြီ၊ မမြင်အောင် ကာကွယ်ပေးပါဆိုပြီး တမ်းတလိုက်တယ်။ ကျွန်တော်ရဲ့ မိခင်နဲ့ ဖခင်ကြီးကိုလည်း ကားပေါ်က မဆင်းဘဲ ကျွန်တော်ရဲ့နောက်မှာ ကွယ်ထိုင်ထားတယ်။ လူတွေဆင်းပြီး ဓားပြဗိုလ်က ကားနောက်ကတက်ပြီး လှမ်းကြည့်တယ်။ ကျွန်တော်တို့ကို မမြင်ဘူး။ အောက်ဆင်းသွားတဲ့လူတွေဆီက ပါတဲ့ ငွေနဲ့ လက်ဝတ်လက်စားတွေအားလုံး ချွတ်ပေးကြရတယ်။ နာရီဝက်လောက်ကြာတော့ အားလုံး ကားပေါ်ပြန်တက်လာကြတယ်။

ကားပေါ်ရောက်လာကြတဲ့လူတွေက ကျွန်တော်တို့ သားအဖသုံးယောက်ကို ကြည့်ပြီး အံ့သြကြတယ်။ အောက်မဆင်းဘူးလား၊ ဓားပြဗိုလ်ကိုယ်တိုင် ကားနောက်မြီးက တက်ကြည့်ပြီး လူတွေမရှိတော့ဘူးလို့ ပြောတာ ကြားလိုက်တယ်။ အဒေါ်ကြီးတစ်ဦးက ဆရာကြီးတို့၊ ဆရာမကြီးတို့ ကိုယ်ပျောက်ဂါထာများ ရွတ်ဖတ်လို့လားလို့မေးတော့ ကျွန်တော်၏မိခင်ကြီးက တတ်သရွေ့ မှတ်သရွေ့ ဘုရားဂုဏ်တော်တွေပဲ ရွတ်နေတာပါလို့ ပြောတယ်။ ကျွန်တော်က ကြွားချင်တာနဲ့ အတိတ်ဘဝက အစ်ကိုတော်ခဲ့ဖူးတဲ့ နတ်မင်းကြီးကို အကွယ်ခိုင်းထားတာပါလို့လည်း ပြောလိုက်ရော ကားပေါ်ပါလာတဲ့ လူတွေ



www.burmeseclassic.com

www.burmeseclassic.com

ကားနောက်က
မားပြန့်စ်ယောက် ရောက်လာပြီး
ကားပေါ်ကလူတွေ
အောက်ဆင်း အောက်ဆင်းဆိုပြီး
ကြိမ်လုံးနဲ့ရိုက်ချတယ်။ ဒီတော့
ကျွန်တော်လည်း ကြောက်အားလန့်အားနဲ့
ခုန်ဆင်းလိုက်တယ်။ အောက်ရောက်တော့
မားပြတွေက ဆောင့်ကြောင့်ထိုင်၊
ခေါင်းငုံ့ထား၊ မော့မကြည့်နဲ့၊
မော့ကြည့်ရင် ပစ်လိုက်မယ်ဟု
သေနတ်ကြီးနဲ့ ချိန်ထားတယ်။

အားလုံး အံ့သြသွားကြတယ်။ တကယ်ဆိုတော့ ကျွန်တော်ရဲ့ နောင်တော် နတ်ကြီးရဲ့ မစမှုပါပဲ။ နောက်နှစ် ၁၉၅၄ ခုနှစ် ရှစ်တန်းဖြေပြီး မတ်လနောက်ဆုံးပတ်မှာ ကျွန်တော် အရပ် အလည်ပြန်တယ်။ အသွားတော့ ဘယ်မားပြမှ မတွေ့တဲ့ ရေဦး မြို့ကို ရောက်သွားတယ်။ ရေဦးကနေပြီး ညနေ အရပ်က ဆန်ကြိတ်လှည်းတွေနဲ့ အိမ်ရောက်အောင် လိုက်သွားတယ်။ ဧပြီလတစ်လလုံး သင်္ကြန်တွင်း အရပ်မှာနေတယ်။ မေလ ဒုတိယပတ်မှာ ကျောင်းမဖွင့်မီ မန္တလေးကို ပြန်လာတော့ ကျွန်တော်တို့ ညီအစ်ကိုအတွက် ဆန်တစ်အိတ်နဲ့ ဆီ ၁၀ ပိဿာဝင် တစ်ပုံး လှည်းနဲ့တင်ပြီး ကျွန်တော့်ရဲ့ ယောက်ဖနှင့် အစ်မကြီးတို့က ရေဦးမြို့ ကားဂိတ် ညနေပို့ပေးတယ်။ ခွေမျိုး တွေ စုပေးလိုက်တဲ့ မုန့်ဖိုးကလည်း ၁၅၀ ကျပ်လောက်ရခဲ့ တယ်။ ဆန်အိတ်နဲ့ ဆီပုံးအတွက်က ၁၀ စီ ၂၀ နဲ့ ကျွန်တော့် အတွက် ကားခ ငါးကျပ် ပေါင်း ၂၅ ကျပ်ကို အစ်မကြီးက ကားဂိတ်ကိုပေးခဲ့ပြီး ပြန်သွားကြတယ်။ ကျွန်တော်ကတော့ ကားဂိတ်မှာ ညအိပ်ပြီးနောက်ရက် နံနက် ၅း၀၀ နာရီ ကားစ ထွက်တယ်။ ကျွန်တော်အပါအဝင် ပါစင်ကြယ်(ခရီးသည်) ၂၀ ယောက် ပါတယ်။ ကျွန်တော်တို့ကား ခင်ဦးမြို့ရောက်တော့ ၁၀း၃၀ နာရီရှိနေပြီ။ အဲဒီမှာ နံနက်စာ ထမင်းစားပြီး ကားနား ကြတယ်။ ခင်ဦးမြို့နှယ် ရွှေဘိုမြို့ကြားမှာ ကိုင်းတောကြီးတွေ ရှိတယ်။ လမ်းကလည်းမကောင်းတော့ တဖြည်းဖြည်းမောင်းရ တယ်။ ခင်ဦးကထွက်ပြီး ငါးမိုင်လောက်အရောက်မှာ ကျွန်တော် တို့ရှေ့က ကားငါးစီး လမ်းဘေးရပ်ခိုင်းပြီး မားပြတိုက်နေတယ်။ ကျွန်တော်တို့ကားလည်း ရှောင်လို့မရဘဲ လမ်းဘေးထိုးရပ် လိုက်ရတယ်။ "

ကားနောက်က မားပြန့်စ်ယောက် ရောက်လာပြီး ကား ပေါ်ကလူတွေ အောက်ဆင်း အောက်ဆင်းဆိုပြီး ကြိမ်လုံးနဲ့ ရိုက်ချတယ်။ ဒီတော့ ကျွန်တော်လည်း ကြောက်အားလန့်အား နဲ့ ခုန်ဆင်းလိုက်တယ်။ အောက်ရောက်တော့ မားပြတွေက ဆောင့်ကြောင့်ထိုင်၊ ခေါင်းငုံ့ထား၊ မော့မကြည့်နဲ့၊ မော့ကြည့် ရင် ပစ်လိုက်မယ်ဟု သေနတ်ကြီးနဲ့ ချိန်ထားတယ်။ ဆင်းထိုင် ပြီးတာနဲ့ မားပြတစ်ယောက်က ဦးထုပ်ပျော့ကြီး ပက်လက်လှန် ကိုင်ပြီး ပါလာတဲ့ငွေအကုန်ထည့်၊ လက်ဝတ်လက်စားတွေ ချွတ်ထည့်၊ ကျန်နေရင် အသေဘဲဟု ပြောရာ အားလုံးပါသမျှ ရွှေရော ငွေပါ ပေးကြရပါသည်။ ကျွန်တော်ကတော့ နောင် တော်နတ်မင်းကြီး ညီဖွားဆီကငွေတွေ မယူအောင်လုပ်ပေးပါ လို့ တမ်းတနေမိတယ်။ မကြာမီ ကျွန်တော့်ရဲ့ဘေးက အဒေါ် ကြီးဆီလည်းရောက်ရော မားပြဗိုလ်က လိုက်လာပြီး "ဟေ့ကောင် • • •အဲဒီကလေးက ကျောင်းသား။ သူ့ဆီက မယူနဲ့။ တို့ကတောင် ပေးရဦးမှာ"ဟုပြောပြီး ဦးထုပ်ထဲက ငွေ ၁၀၀ိ/- ကျော်လောက် လက်နဲ့ဆုပ်ပြီး "ရော့• • •မင်းမုန့် ဖိုး"ဆိုပြီး ပေးပါတယ်။ နောက် ပတ်ကား ရွှေရောင်ဖောင်တိန် တစ်လက် "မင်းစာရေးဖို့ ရော့• • •နာရီတစ်လုံး မင်းယူထား" ဆိုပြီး မားပြဗိုလ်က ပေးပါတယ်။ နာရီက Romer ရွှေရောင် အဝိုင်းလေး ဖြစ်ပါတယ်။ မားပြတွေလည်း ထွက်သွားရော ကားပေါ် အားလုံးပြန်တက်တော့ ကျွန်တော့်ဘေးက အဒေါ် ကြီးက ပြောတယ်။ "ဒီကလေးကတော့ ကုသိုလ်ကံအလွန်ကောင်း

www.burmeseclassic.com

တယ်။ စားပြုဗိုလ်က ငွေတွေလည်း မုန့်ဖိုးပေးခဲ့တယ်၊ ဖောင်တိန်တစ်ချောင်းနဲ့ နာရီလည်းပေးခဲ့တယ် ဆိုတော့ အားလုံး အံ့ဩသွားကြတာပေါ့။ ငွေက ရေတွက်ကြည့်တော့ တစ်ဆယ်တန်၊ ငါးကျပ်တန်၊ တစ်ကျပ်တန် စုစုပေါင်း ၁၆၅ ကျပ် ရှိပါတယ်။ ဒါဟာ နောင်တော် နတ်မင်းကြီး မစတယ်ဆိုတာ ထင်ရှားပါတယ်။

ကဲ…နန်းခင်ညွန့်ဆွေနဲ့ ကျွန်တော်တို့ရဲ့ အိမ်ထောင်ရေး ဇာတ်လမ်းလေး ဆက်ကြဦးစို့။ ၁၉၆၁ ခုနှစ် လက်ထပ်ပြီး ကျွန်တော်သတင်းစာတိုက်ကရတဲ့ လစာကို မန္တလေးမိဘများထံ အပို့ခိုင်းပြီး ကျူရှင်ပြတဲ့ လစာလေးကိုပဲ လင်မယားနှစ်ယောက် သုံးလောက်ပါတယ်။ နန်းခင်ညွန့်ဆွေကလည်း မိဘတွေကလည်းချမ်းသာ၊ ရှမ်းပြည် မှိုးကြီးဆွေကြီးတွေက ဆင်းသက်လာတာဆိုတော့ စေတနာအလွန်ကောင်းပါတယ်။ ၁၉၆၂ ခုနှစ်မှာ သားဦးလေး မောင်ဝေမင်းဆွေကို ပုဇွန်တောင်မြို့နယ်၊ (၅၂)လမ်းရှိ ဗိုလ်ချုပ်အောင်ဆန်းဇနီး သရာမကြီး ဒေါ်ခင်ကြည် ဆေးရုံမှာ မီးဖွားပါတယ်။ တစ်ပတ်ခန့်နေပြီး ဆေးရုံမှ ဆင်းတော့ မိခင်ရော ကလေးပါ ကျန်းမာကြပါတယ်။ အဲဒီ ၆၂ ခုနှစ်မှာပဲ ဥက္ကဋ္ဌကြီး ဦးနေဝင်းဦးဆောင်တဲ့ တော်လှန်ရေးကောင်စီအစိုးရ တက်လာပြီး ဦးနု(သန့်ရှင်း)အစိုးရ ပြုတ်သွားပါတယ်။ ကျွန်တော်တို့ ပြည်ကျော်သတင်းစာတိုက်လည်း ဖျက်သိမ်းလိုက်ရပါတယ်။ ဒီတော့ ကျွန်တော်လည်း မြစ်ဝကျွန်းပေါ်အေဂျင်စီမှာ မန်နေဂျာဝင်လုပ်နေပါတယ်။ ၁၉၆၃ ခုနှစ်မှာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ စတင်ဖွဲ့စည်းတော့ ကျွန်တော်လည်း ပါတီဝင်ပြီး အမှတ်(၉)နယ်မြေ (တောင်ညွန့်-တာမွေ) မှာ စည်းရုံးရေးမှူးဗိုလ်ကြီးတစ်ဦးနဲ့ တွဲပြီး ပါတီမိတ်ဆွေ၊ အရံပါတီဝင်၊ တင်းပြည့်ပါတီဝင်အဖြစ် အဆင့်ဆင့် စည်းရုံးဆောင်ရွက်ခဲ့ပါတယ်။ ၁၉၆၅ ခုနှစ် ကြေညာချက်အမှတ် (၅-၆)နဲ့ ကုန်တိုက်တွေ၊ ကုမ္ပဏီတွေ ပြည်သူပိုင်သိမ်းတော့ ကျွန်တော်က တောင်ညွန့်မြို့နယ် ပြည်သူပိုင်သိမ်းဆည်းရေးကော်မီတီ ခေါင်းဆောင်(ဥက္ကဋ္ဌ) ဖြစ်ပါတယ်။ အဖွဲ့ဝင်(၄)ဦးက အာကာထွန်းကုမ္ပဏီပိုင်ရှင်ရယ် ကြည်းတပ်ဗိုလ်ကြီးတစ်ဦး၊ ရေတပ်ဗိုလ်ကြီးတစ်ဦးနဲ့ လေတပ်ဗိုလ်ကြီးတစ်ဦးတို့ ပါပါတယ်။ ပါလာတဲ့ ဝန်ထမ်းတွေကို ပြည်သူ့ပစ္စည်းကော်ပိုရေးရှင်း (ပ•ပ•က) စားကုန်ဆိုင်၊ အထည်ဆိုင်၊ ကုန်မျိုးစုံဆိုင်တွေ ဖွင့်ပေးပြီး တာဝန်ပေးရပါတယ်။ ပ•ပ•က ဝန်ထမ်းတွေက သူခိုးတွေပဲ။ အလီဘာဘာနဲ့ ခိုးသားလေးဆယ်တို့ ဘာတို့ အမျိုးမျိုးဝေဖန်ခံရတော့ ကုန်သွယ်ရေးဆိုပြီး အမည်ပြောင်းလိုက်တယ်။ ကုန်သွယ်ရေးဦးစီးမန်နေဂျာတွေကို ဗိုလ်ကြီးဟောင်းတွေ တာဝန်ပေးတယ်။ ကျွန်တော်ကတော့ လက်ထောက်မန်နေဂျာအနေနဲ့ တာဝန်ယူခဲ့ရတယ်။ ခုနှစ်နှစ်လောက်ကြာတော့ ၁၉၇၀ ပြည့်နှစ် သမဝါယမ စီမံကိန်းအကောင်အထည်ဖော်ဖော့ ကုန်သွယ်ရေးတွေ ဖျက်သိမ်းလိုက်တယ်။ အမှတ်(၉)နယ်မြေ ရေနံ့ပြေး စမ်းသပ်မြို့နယ်သမဝါယမအသင်းဖွဲ့တော့ ကျွန်တော့်ကို တော်လှန်ရေးကောင်စီခန့်တွဲဖက်အတွင်းရေးမှူး(၁) တာဝန်ပေးလို့ နှစ်နှစ်လုပ်ခဲ့ရသေးတယ်။

ရေနံ့ပြေးစမ်းသပ် မြို့နယ်သမဝါယမက ထွက်ပြီး ဆန်းစုပေါင်းအိမ်တွင်းစက်မှုလက်မှုဆိုပြီး ဖွဲ့စည်းကာ သမဝါယမအသင်းတွေကို ပေးသွင်းရေးလုပ်ငန်းတွေ လုပ်ခဲ့တယ်။ အလုကုန်၊ အိမ်သုံးဆေးဝါး ဘးဘောက်ကုန်(ငါးသေတ္တာ) ပထမဦးဆုံး ထုတ်လုပ်ပြီး ဖြန့်ဖြူးနိုင်ခဲ့တယ်။ အဲဒီအချိန်မှာ လုပ်ငန်းတွေကလည်း အဆင်ပြေတော့ ကားလိုအပ်လာတယ်။ ဒါနဲ့ နောင်တော် နတ်မင်းကြီးကို စီးတော်ယာဉ်လေး တစ်စီးလောက် ကူညီပါလို့ အကူအညီတောင်းလိုက်တော့ တစ်ပတ်အတွင်းမှာပဲ (၈၈)လမ်းက ရဲမင်းကြီးဟောင်း ဦးသန်းရဲ့ကား (ဂ-၂၇) MORIS.8 (မောရစ်(စ်) ၈) အင်္ဂလိပ်ကားလေး ၅၀၀၀ ကျပ်နဲ့ စတင်ပြီး ဝယ်စီးဖြစ်တယ်။ ကျွန်တော် အသက် ၃၃ နှစ်မှာပါ။ ၂၃ နှစ်က မန္တလေးမှရောက်ပြီး ၁၀ နှစ်အကြာ ကိုယ်ပိုင်ကား ဝယ်စီးနိုင်ခဲ့ပါတယ်။ (ဒါလည်းပဲ နောင်တော် နတ်မင်းကြီးရဲ့ ကျေးဇူးပါ။)

ဆက်လက်ဖော်ပြပါမည်…။

ဒေါက်တာသက်ဆွေ(M.D.)
(ရွှေဆောင်တင်ဆွေ)(မင်္ဂလာမွေ့ဓာတ်ကာ‌စေ)



www.burmeseclassic.com

www.burmeseclassic.com

# ပညာရေးအကျိုးပေးဖို့

■ ခိုင်မမ(ပညာရေး)

မိဘတိုင်း ကိုယ့်သားသမီးကို ပညာရေး၌ ထူးချွန်စေချင်ကြသလို၊ မိမိတို့ ကျောင်းဆရာများမှာလည်း မိမိတို့ တပည့်အပေါင်းအား ပညာရေး၌ ပေါက်ပေါက်မြောက်မြောက် ဖြေစေချင်ကြသည်။ သည့်အတွက် ပညာရေးကို အားပေးကြသည်။ သားသမီး လိုအပ်ချက်ကို မိဘများက ဖြည့်စွက်ပေးကြသလို တပည့်များ ပညာထူးချွန်ဖို့ ဆရာများက သင်ကြားပို့ချပေးကြသည်။ သို့ဖြင့် "မိဘဆရာ ပူးပေါင်း၊ ကလေးပညာကောင်း" ဖြစ်လာခဲ့ကြသည်။

ဤ၌ ကျောင်းသူကျောင်းသားတိုင်း ပညာရင်နို့ သောက်စို့ကြသူတိုင်း ပညာရေး၌ အကျိုးပေးမှုကို ခံယူလိုတတ်ကြပါသည်။ အကျိုးပေးခံရခြင်း၌ ပင်ကိုစိတ်ဓာတ် အရင်းခံလည်း ကောင်းဖို့လိုသလို၊ လောကီအစီအရင် ကလေးကိုလည်း လုပ်ဆောင်ကြည့်စေချင်ပါသည်။ ထိုအစီအရင်ကလေး၏ ကူထောက်မှုကြောင့် ကျက်မှတ်ပြီးစာများ မေ့မသွားခြင်း၊ စာမေးပွဲဖြေခါနီးသာမက ဖြေပြီးသည့်အခါမှာပင် ကျန်းကျန်းမာမာ စိတ်ကြည်ကြည်လင်လင်ရှိခြင်းသော အကျိုးကျေးဇူးများ ရရှိသည်ကို ကြုံဖူးသည်မို့ သာမှု အပန်းမကြီးသည့် ပြုဖွယ်ကိစ္စကို တင်ပြခြင်း ဖြစ်ပါသည်။ ပြုရမည်မှာ မိမိမွေးနံ့အပေါ် မူတည်၍ အမြစ်နှင့် အညွှန့်ဆိုင်ရာ ပန်းညွှန့်များအား ဘုရားပန်းအိုးထိုး၍ ချိန်းခြင်းပင် ဖြစ်ပါသည်။

မွေးနေ့ရက်တိုင်း လုပ်ဆောင်ရပါမည်။ ထိုနေ့၌ ရေအသစ်လဲခြင်း၊ ရေထည့်ထားသော လင်ပန်း၏ ဘေးဘောင်နှစ်ဖက်၌ ဖယောင်းတိုင်နှစ်တိုင်အား မီးညှိပူဇော်ခြင်း၊ နမောတဿ ဂါထာတော်အား ရွတ်ဖတ်လျက် ပုတီးသုံးပတ်ပြည့်အောင် စိပ်ပေးခြင်း၊ အရက်,အမဲသား,ဝက်သားတို့ကို ရှောင်ကြဉ်ခြင်း စသည်တို့ကို ကျင့်စဉ်သဖွယ် မပျက်မကွက် လုပ်ဆောင်ပေးခြင်းဖြင့် အံ့သြဖွယ်ကောင်းလောက်သည့် ပညာရည်ထူးချွန်မှုကို ကြုံရမည့်အကြောင်း တင်ပြရင်း အောက်ပါ အမြစ်,အညွှန့် ထိုးရမည့် ပန်းညွှန့်များကို ဖော်ပြလိုက်ပါသည်။

| | | |
|---|---|---|
| တနင်္ဂနွေသားသမီး | – | ဒန်းညွှန့်၊ ကံ့ကော်ညွှန့် |
| တနင်္လာသားသမီး | – | အုန်းညွှန့်၊ ဆီးညွှန့် |
| အင်္ဂါသားသမီး | – | ကံ့ကော်ညွှန့်၊ ရဲယိုညွှန့် |
| ဗုဒ္ဓဟူးသားသမီး | – | ဆီးညွှန့်၊ သပြေညွှန့် |
| ကြာသပတေးသားသမီး | – | ဝါးညွှန့်၊ သီးညွှန့် |
| သောကြာသား သမီး | – | ပေါက်ညွှန့်၊ ဒန်းညွှန့် |
| စနေသားသမီး | – | သီးညွှန့်၊ အုန်းညွှန့် |

ခိုင်မမ(ပညာရေး)



www.burmeseclassic.com



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

ယခင်လမှအဆက်

ဤနယ်မြေသည် မေတ္တာနယ်မြေ၊

သုမနသည် မေတ္တာရှင်၊

မေတ္တာရှင်သည် သုမန။

တောခွေးသည်လည်းကောင်း၊ ကျီသူငယ်သည်လည်းကောင်း သူ၏အနီးအနား၌ လွတ်လပ်ပေါ့ပါး ရွှင်မြူးလန်းဆန်း လွတ်လပ်စွာ သွားလာနေကြ၏။ လောကကြီးသည် အလင်းရောင်ဖြင့် ငြိမ်းချမ်းနေလေသည်တကား။

အထက်က သုမန၏ မေတ္တာပို့နည်းမှာ ရှေးကတောနေဂူအောင်းရသေ့တို့ မေတ္တာပွားပို့နည်းဖြစ်သည်။ မိမိမေတ္တာပို့လိုသော သူတို့ထံ ထိထိရောက်ရောက် မေတ္တာဓါတ် စူးရှစေသောနည်းဖြစ်သည်။ ဤနည်းကို နမူနာယူ၍ မိမိနှင့် အမြင်မကြည်လင်သူများ၊ ရန်ဆက်များ ပြန်လည်ချစ်ခင်လာအောင် မေတ္တာပွားပို့နိုင်ပါသည်။ တစ်ပတ်အတွင်း လွန်စွာထူးခြားပါလိမ့်မည်။ စာရေးသူ

## တာစု (၄)

## အနွောမေတ္တာ

(၁)

ဤနယ်မြေ အဝန်းအဝိုင်းသည် မေတ္တာဓါတ်တို့ အခါမလပ် ပျံ့လွှမ်းခဲ့လေပြီ။

ဤနယ်မြေကို သုမန၏ စွမ်းအင်ဖြင့် မေတ္တာဒေသအဖြစ် ထိန်းချုပ်နိုင်ခဲ့လေပြီ။

မေတ္တာသည် ထာဝရ အေးမြငြိမ်းချမ်းနေရပါမည်။

ဟိုး ဝေးဝေးမှာ

ဝေးဝေးမှာဆိုသော်လည်း သိပ်မဝေးလှပါ။

ကုလားမတောင်တန်းကြီး၏ နွဲ့လျသွယ်ပြောင်းသော ကိုယ်ခန္ဓာအစိတ်အပိုင်း၊ အမို့ အခုံး အလှိုင်းအထစ်များ အရစ်အကွေ့များ။

ဤနေရာမှာ ဟိုမှာဘက် တောင်ကြော၊ ထိုတောင်ကြောမှ ကြည့်မြင်လျှင် လယ်ပဆစ်အိမ်တို့က အစီအရီရှိနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒံ့သမိမြစ်ဟု မှန်းဆရသော ငွေရောင် မြွေငန်းကြီးတစ်ကောင်ကဲ့သို့ ကောက်ကောက်ကွေ့ကွေ့ဖြင့် ဟိုမှာဘက်တွင် ကရင်ပြည်နယ်တည်ရှိနေသည်။

သံလွင်မြစ်မင်းကလည်း တသွင်သွင်စီးဆင်းလျက် အလှဆင်ထားပြန်သည်။

ထိုမြစ်မကြီးတို့မှ ရေအလျှဉ်သည် ခန်းခြောက်ခြင်း မရှိသကဲ့သို့ သုမန၏ မေတ္တာဓါတ်တို့သည်လည်း ခန်းခြောက်မှုမဲ့သော ရေအကြည်သို့ဖြစ်၏။

ဝံသေဓါတ်၊

ဓါတ်လေးပါးမှာတော့ ဝံသေဓါတ်သည် ရေဓါတ်ဖြစ်၏။

ရေဓါတ်မှာ ဖွဲ့စည်းခြင်း၊ ယိုစီးခြင်း၊ စေးကပ်ခြင်းရှိ၏။

သုမန၏ မေတ္တာဓါတ်သည်လည်း ဝံသေဓါတ်သဘော ဆောင်လေ၏။

ဆရာနှင့် တပည့်မေတ္တာ၊

မိဘနှင့် သားသမီးမေတ္တာ၊

မောင်နှမတို့၏ ချစ်ခြင်းမေတ္တာ၊

မိတ်ဆွေတို့၏ ချစ်ခြင်းမေတ္တာ၊

မေတ္တာဟူသည် သန့်စင်၏။ ဖြူစင်၏။

လောကမှာ ဖြူသောအရောင်ရှိသည်သို့ မည်းသောအရောင်လည်းရှိလေသည်။

ဆန့်ကျင်ဘက်တို့သည် ဒွန်သောတွဲဆောင်နေတတ်သော နိယာမထဲတွင် မေတ္တာတွင်လည်း ပေမနှင့်ယှဉ်သောမေတ္တာ၊ ရာဂနှင့်ယှဉ်သောမေတ္တာ၊ တဏှာနှင့်ယှဉ်သောမေတ္တာလည်းရောယှက်၏။

မိမိ၏မေတ္တာသည် ပေမနှင့်ယှဉ်သောမေတ္တာလား၊ ရာဂနှင့်ယှဉ်သောမေတ္တာလားဆိုသည်ကို သုမနသည် မိမိကိုယ်မိမိ ပြန်လည်ဆန်းစစ်မကြည့်မိခင်မှာပင်

ရာဂနှောင်တွယ် ရစ်ဖွဲ့သောမေတ္တာကို သုမန ရင်ဆိုင်ကြုံတွေ့လိုက်ရ၏။

သုမနအဖို့ ဇာချွေးများ စိုနစ်အောင်ကျခဲ့ရလေ၏။

သုမန၏ စိတ်ကိုကယောင်ချောက်ချားဖြစ်ခဲ့ရသေး၏။

အန္တောသည်အပူ၊

တနင်္ဂနွေ နေမင်း၏ အပူနှင့် မွှေနှောက်တတ်သော စနေ၏အပူ၊

ထိုအပူတို့ဖြင့် လိမ်းကျံထားသောမေတ္တာ၊

အန္တောမေတ္တာ၏ ရှို့မြိုက်မှုကို သုမန အလူးအလဲခံရရှာလေ၏။

ဂန္ဓာရီလမ်းစဉ်ကို လျှောက်လှမ်းရာ၌ ဤရာဂပူးဝင်သော အန္တောမေတ္တာ၏ ဝင်လာနှောင့်ယှက်မှုအောက်မှာ ပြားပြားမှောက်၍ ကျဆုံးတတ်လေ၏။ လိုရာခရီးစဉ်သို့ မရောက်ရှိဘဲ လမ်းတစ်ဖက်မှာပင် ပျက်စီးရလေ၏။

သီလ၊ ဂုဏ်သိက္ခာ၊ သမာဓိတို့ကို အန္တောမေတ္တာက ချွတ်ခွာချ၏။

အနစ်နစ်အလလ အပင်ပန်းခံကြိုးစားအားထုတ်ခဲ့သမျှ တစ်ခဏချင်းမှာပင် ပျက်စီးဆုံးရှုံး၍ နစ်နာလှလေ၏။

ယခုလည်း သုမနကို နောက်ဆုံးစမ်းသပ်လာလေသည်လား။

သို့ပေမယ့် သုမနသည် အန္တောမေတ္တာကို နှိမ်နင်းဖယ်ရှား၍နိုင်သွား၏။

(၂)

ညက မေမြမိုးသည် ယောကျ်ားတစ်ယောက်ကို အိပ်မက်မြင်မက်ခဲ့၏။

ထိုအိပ်မက်က မေမြမိုးကို စိုးမိုးနေသည်။

မေမြမိုး၏ အလှသည် စာဖွဲ့၍မမီသောအလှဖြစ်သည်။

နှုတ်ခမ်းက ခပ်ပါးပါးနှင့် တွဲတွဲအိအိဖူးဖူးစိုစို့ရှိသည်။ ပန်းရောင်ရဲရဲ ပြေးနေသည်။ မေမြမိုး၏ နှုတ်ခမ်းအလှမျိုးကရှားသည်။

နှုတ်ခမ်းအလှ တစ်မျိုးတည်းနှင့်ပင် မေမြမိုး၏ အလှကဝင့်ထည်နေသည်။

ကျန်သောအလှများ

ခန္ဓာအချိုးအဆစ်တို့က သွယ်နေရာနှင့်သွယ် ပိုသည် လိုသည်မရှိ။

မေမြမိုး၏အလှအတွက် ဦးထွန်းလှိုင်က ဂုဏ်ယူသည်။ အထူးသဖြင့် မေမြမိုး၏ မိခင် ဒေါ်သူဇာမိုးက ပို၍ဂုဏ်ယူသည်။

www.burmeseclassic.com

အလှတည်းဟူသော အဆင်းရူပါသည် မိန်းမသားတစ်ယောက်အဖို့ ဂုဏ်တစ်ရပ်လည်းဖြစ်သည်။ ယောကျ်ားသားတို့ကို လွှမ်းမိုးနိုင်သော အားတစ်ပါးလည်းဖြစ်လေသည်။

မေမြမိုး၏ အလှအပေါ် တွေ့မြင်ကြသော ယောကျ်ားသားတိုင်း ယစ်မူးမိကြသည်။ မေမြမိုးကို ပိုင်ဆိုင်လိုကြသည်။ မေမြမိုး၏ အလှကို တပ်မက်ယစ်မူးသူတို့က မေမြမိုးကို အမျိုးမျိုးကမ်းလှမ်းကြသည်။ သူမထံမှ မေတ္တာကို တောင်းခံရယူဖို့ ကြိုးစားကြသည်။

ဥစ္စာဓန ကြွယ်ဝကြသူတို့က မေမြမိုး၏အလှကို ဥစ္စာဓနဖြင့် ချိန်စက်ကမ်းလှမ်းတောင်းဆိုကြလေသည်။

ဦးထွန်းလှိုင်နှင့် ဒေါ်သူဇာမိုးတို့ ရှာထားသော နေ့ဥစ္စာသည် မေမြမိုးအတွက်သာဖြစ်၏။ မေမြမိုးသည် တစ်ဦးတည်းသော သမီးဖြစ်၏။ ဥစ္စာဓနဖြင့် မေမြမိုး၏မေတ္တာကို ချွေခူးလှုပ်ချနိုင်သည်မဟုတ်ပေ။

ယခုအချိန်အထိ မေမြမိုး ရင်ခုန်လှုပ်ရှားရမည့်သူ မရှိသေးပေ။ မေမြမိုးသည် ယောကျ်ားတော်တော်များများနှင့် ပြောဆိုဆက်ဆံဖူး၏။ သို့သော်လည်း မေမြမိုး၏ နှလုံးသားနှင့် တိုက်ဆိုင်သူတစ်ဦးတစ်ယောက်မျှ မပါရှိချေ။

ဘဝဟောင်း ရေစက်ပေလား မသိပါချေ။

လောက၏ လှည့်ဖျားမှုတစ်ခုပေလားဟူသည်ကို မေမြမိုး မတွေးတတ်ပါချေ။

မေမြမိုးသည် အပြင်လောကမှာ တစ်ကြိမ်တစ်ခါမျှ ဆုံတွေ့ခဲ့ဖူးခြင်း မရှိသော အမျိုးသားတစ်ယောက်ကိုမူ စွဲလမ်းနေမိ၏။ ထိုအမျိုးသားသည် အိပ်မက်ထဲမှ အမျိုးသားဖြစ်ပေ၏။ ထိုအမျိုးသားကို အိပ်မက်မြင်မက်ခဲ့ပြီးနောက် စွဲလမ်းမှုစိတ်အစဉ်ကို ဖျောက်ဖျက်၍ မရပေ။

ထိုအမျိုးသားသည် မေမြမိုး၏ အိပ်မက်ထဲ၌ ရှားစေးရောင်အဝတ်ကို ဝတ်ထား၏။ တည်ကြည်သည်။ ငြိမ်သက်သည်။ ဣန္ဒြေရသည်။ အေးချမ်းသည်။ သူနေထိုင်သော အဆောက်အအုံမှာ ဝါးတဲလေးတစ်လုံးမျှသာဖြစ်၏။ သူမှာ ဂုဏ်ပကာသနအဖြစ် တိုင်းတာဖော်ထုတ်စရာရှိမည်မထင်။ သူနေသော နေရာမှာ ရှင်းသန့်သာယာသော တောင်တစ်ခုအတွင်းမှာဖြစ်လေ၏။

သူသည် လူ့လောက၌ သက်ရှိထင်ရှားရှိသည်မရှိသည်ကိုမူ အတတ်မပြောနိုင်ချေ။

အိပ်မက်ဟူသည် သွေးလေ ချောက်ချားခြင်းကြောင့်လည်း မက်တတ်၏။

နတ်တို့ ပြုသွန်သောကြောင့်လည်း မက်တတ်၏။

ရှေ့ပြေးနိမိတ်အဖြစ်လည်း မက်တတ်၏။

အိပ်ရာမှနိုးသည်နှင့် တကယ်မဟုတ် အိပ်မက်ပါလားဟု သိရ၏။ အိပ်မက်တို့သည် မက်စဉ်မှာမှတ်မိ၏။ တစ်ရက်နှစ်ရက် ကြာလျှင် မေ့ပျောက်သွားတတ်လေ၏။ သို့သော်လည်း မေမြမိုးသည် သူမ၏အိပ်မက်ကို မေ့မသွားဘဲ စွဲလမ်းနေမိ၏။ မေ့မသွားနိုင်အောင်လည်း ညစဉ်မက်နေသည်က ထူးခြားနေ၏။

ထိုအမျိုးသားနှင့် အိပ်မက်မှာသာ ဆုံတွေ့နေရ၏။

အမြဲတမ်းတွေ့ဆုံလိုသော စွဲလမ်းစိတ်က ဖြစ်ပေါ်နေ၏။

ထိုအိပ်မက် အမြဲတမ်းမက်စေဖို့ အမြဲတမ်း အိပ်စက်နေရမည်ကဲ့သို့ ရှိ၏။

တစ်ညမှာတော့ ထိုယောကျ်ားသားကို ထပ်မက်ပြန်လေ၏။ သူ၏အမည်ကို ပြောသွားခဲ့၏။ သူ၏အမည်မှာ ဗညားဦးပါဟုဆို၏။

ဗညားဦးဆိုသော အိပ်မက်မင်းသားကြောင့် ရင်ခုန်လှုပ်ရှားနေမိ၏။

ဤသို့ ရင်ခုန်လှုပ်ရှားခြင်းသည် ရူးနှမ်းသောသူတစ်ယောက်၏ အတွေးနှင့်စိတ်ကူးယဉ်မှုသာလျှင် ဖြစ်ပေလိမ့်မည်။

ဤအကြောင်းကို အပြင်မှာ ထုတ်ဖော်ပြောဆိုမိခဲ့လျှင် သူမအား လမင်းကိုတမ်းတနေသူအဖြစ် အတွေးပေါက်ကာ သနားကရုဏာသက်သူတို့ ရှိကောင်းရှိနိုင်၏။



www.burmeseclassic.com

www.burmeseclassic.com

အိပ်မက်ကို အိပ်မက်အတိုင်း မထားရှိဘဲ လက်ရှိဘဝထဲသို့တိုင် ဆွဲကိုင်ဆုပ်ဖမ်းမိနေသော သူမအား စိတ်ရူးထသူအဖြစ် ရှုမြင်သူကသာ ပိုများပေလိမ့်မည်။

မည်သူက မည်သို့ပင် ပြောကြစေကာမူ

အိပ်မက်ထဲ၌ တွေ့မြင်နေရသော ဗညားဦးဆိုသူအား တစ်နေ့နေ့တစ်ချိန်ချိန်၌ အပြင်လောကမှာ ဆုံစည်းရလိမ့်မည်ဟု မေမြိုးတစ်ယောက် ရူးသွပ်စွာ ယုံကြည်လျက်ရှိနေလေ၏။

(၃)

နောက်ထပ်မက်လာသော အိပ်မက်၌ ဗညားဦးသည် ဇင်းကျိုက်တောင်၌ရှိနေသည်ဟု သိလာရပြန်၏။

အိပ်မက်က တကယ်ဖြစ်လာတော့မည်လော။

အိပ်မက်၏ စေညွှန်းချက် ဗညားဦးရှိရာ ဇင်းကျိုက်တောင်သို့ မေမြိုးသွားချင်နေ၏။ ဖူးစာဖက်မှန်လျှင် ဆုံတွေ့ရလိမ့်မည်ဟုထင်၏။

ဖေဖေနှင့် မေမေတို့ကို ဇင်းကျိုက်ဆံတော်ရှင်အား ဖူးခွင့်ရရန် တောင်းခံ၏။ ရေရာသေချာမှုမရှိသော အိပ်မက်များအကြောင်းကိုလည်း ယခုမှ ဖွင့်ဟပြောကြားလိုက်လေ၏။

မေမေက ထိုအကြောင်းကို ကြားရသောအခါ ရယ်မောပါလေ၏။

သို့သော်လည်း တစ်ဦးတည်းသမီးမို့ ချစ်မြတ်နိုးသောကြောင့် အလိုလိုက်၏။ ဇင်းကျိုက်ဆံတော်ရှင်မှာ အထိကရ ဘုရားတစ်ဆူဖြစ်၏။ ဘုရားဖူးလျှင် ကုသိုလ်ကောင်းမှုရနိုင်၏။ သမီးမျက်နှာ ညှိုးမည်ကို မလိုလား၍ ဇင်းကျိုက်ဆံတော်ရှင်သို့ ပို့ပေးမည်ဟု ဦးထွန်းလှိုင်ကပြောလေ၏။ မေမြိုး၏မျက်နှာမှာ ဝမ်းသာလွန်း၍ ရွှင်လန်းဝင်းလက်သွားလေ၏။

ဇင်းကျိုက် ဆံတော်ရှင်ဘုရားဖူးရန် အစီအစဉ်ဆွဲကြပြီ။

ဦးထွန်းလှိုင်နှင့် ဒေါ်သူဇာမိုးတို့က မေမြိုးအား ကျော်ဇင်လတ်ဆိုသောသူနှင့် သဘောတူထား၏။ ကျော်ဇင်လတ်ကလည်း မေမြိုးကို လက်ထပ်ခွင့်တောင်းထား၏။

မေမြိုးကမူ ကျော်ဇင်လတ်အား စိတ်ထဲမှ ကြိုက်နှစ်သက်မှု သိပ်မရှိလှသောကြောင့် ခေါင်းညိတ်လက်ခံခြင်း မပြုဘဲနေသည်။ မေမြိုးကသာ ခေါင်းညိတ်လက်ခံလိုက်မည်ဆိုပါက ကြီးမားသောမင်္ဂလာလက်ထပ်ပွဲကို ကျင်းပပြုလုပ်ပေးမည်ဖြစ်၏။

ယခု ဇင်းကျိုက်ဆံတော်ရှင်ဘုရားဖူးသွားရာ၌ ကျော်ဇင်လတ်လည်းလိုက်ပါမည်ဖြစ်၏။ ဤသို့ ဘုရားဖူးသွားလာရင်း ပို၍ရင်းနှီးကျွမ်းဝင်မှုကို ရရှိသွားကြပြီး ကျော်ဇင်လတ်အား မေမြိုးက လက်ခံလာစေရန်အတွက်ဖြစ်၏။

ကျော်ဇင်လတ်ပါမှ သွားခွင့်ရမည်ဟုဆို၍ မေမြိုး အသာငြိမ်နေလိုက်ရသည်။

ဤခရီးတွင် မေမြိုးသည် သူမ၏ဘဝကို အလောင်းအစား ပြုလုပ်ထားရလေ၏။

ဤခရီးတွင် အိပ်မက်ထဲမှ ဗညားဦးဆိုသူနှင့် မဆုံတွေ့ခဲ့လျှင် ကျော်ဇင်လတ်နှင့် လက်ထပ်ရမည်ဟုဆို၏။ သူမ နှစ်သက်သော ဗညားဦးဆိုသူနှင့် တွေ့ဆုံခဲ့လျှင်လည်း သဘောတူလက်ခံပေးမည်ဟုဆို၏။

ဦးထွန်းလှိုင်ရော၊ ဒေါ်သူဇာပါ သူတို့၏သမီး မေမြိုးသည် မဖြစ်နိုင်သည်ကို စိတ်ကူးယဉ်နေသည်ဟု ယူဆထားကြ၏။ သူမ၏စိတ်ထဲမှ သူမလိုချင်သော အမျိုးသား၏ပုံစံကို စိတ်ကူးယဉ်စွဲလမ်းရင်း အိပ်မက်နေသည်ဟု ထင်ထားကြ၏။ မည်သို့ဆိုစေ ထိုခရီးမှ ပြန်လာလျှင် ကျော်ဇင်လတ်နှင့် သေချာပေါက် လက်ထပ်ရလိမ့်မည်ဟုတွက်ဆထားကြလေ၏။

ဇင်းကျိုက်ဘုရားပွဲတော်သည် နှစ်စဉ် တန်ခူးလဆန်း ၈ ရက်မှ လပြည့်နေ့အထိ ကျင်းပမြဲဖြစ်သည်။ ယခုကားပွဲတော်ရက်ပြီးသွားလေပြီ။ ဇင်းကျိုက်ဆံတော်ရှင်၌ အဓိဋ္ဌာန်ဝင်လိုသူအချို့သာလာကြတော့သည်။

မနက်ဖြန်ဆိုလျှင် မေမြိုးသည် အိပ်မက်ထဲမှ ရွှေမင်းသား ဗညားဦး



www.burmeseclassic.com

www.burmeseclassic.com

ရာသို့ သွားရတော့မည်။ ဗညားဦး တကာယ်ရှိချင်မှရှိမည်။

ဗညားဦးကို တောတောင်ထဲမှာရှိသည်ဟုသာ အိပ်မက်ထားသည်။ ဗညားဦးရှိသောနေရာကို တိတိကျကျ သိရှိခြင်းမရှိချေ။

ဗညားဦးနှင့် ဇင်းကျိုက်တောင်မှာ ဆုံတွေ့ခွင့်ရအောင် ဆုတောင်းနေမိသော သူမ၏အဖြစ်မှာ ရေရာမှုမရှိသော ကြောင့်မျက်နှာညှိုးငယ်သွားရပြန်လေ၏။

ဗညားဦးဟာ တကာယ်မှမရှိဘဲ၊

သူက အိပ်မက်ထဲကလူပဲ၊

ဤသို့တွေးမိရပြန်သောအခါ စိတ်အားငယ်မိပြန်၏။

မည်သို့ဆိုစေ မနက်ဖြန်တော့ ဇင်းကျိုက်သို့ သွားရမည်မှာ သေချာ၏။

(၄)

သုမနသည် နံနက်ခင်းကတည်းက ဆရာသခင်ကို အထူးတမ်းတနေမိ၏။ ဤညမှာ တစ်စုံတစ်ခု ဖြစ်ပျက်လာတော့မည်ဟု ထင်နေ၏။ ထိုသို့ ထင်မိနေခြင်းသည် သုမန၏ စရဏ၊ သုမန၏သမာဓိတရားတို့မှ ရိုက်ခတ်စီးဆင်းလာသော မနောထင်မြင်ချက်များသာ ဖြစ်လေ၏။

ကမ္ဘဋ္ဌာန်းအာရုံ၌ မီးလျှံကို သုမနသည် သူ့အား လောင်ဟပ်လုနီးပါးမြင်တွေ့ရခဲ့၏။ ထိုမီးလျှံသည် သူ့အား စွဲလောင်တော့မည်ဟုပင် ထင်ရလေ၏။

စွဲလောင်လုနီး မီးလျှံအာရုံနိမိတ်ကြောင့် သုမနသည် ကမ္မဋ္ဌာန်းကို ထိတ်လန့်တကြား ရပ်နားဖြုတ်သိမ်းလိုက်ရလေ၏။ ထို့ကြောင့်လည်း ဆရာသခင်ကို သတိရ တမ်းတနေမိခြင်းဖြစ်လေ၏။

ကမ္မဋ္ဌာန်းအာရုံ၏ ပဋိဘာဂနိမိတ်မီးလျှံ၏အကြောင်း ဆရာသခင်ကို လျှောက်တင်လျှင် ထိုကိစ္စနှင့်ပတ်သက်၍ ဆရာသခင်က အကြောင်းထူးရှိမရှိ ပြောကြားနိုင်ပေလိမ့်မည်။

သူ၏ကျောင်းသင်္ခမ်းအနီးမှာ အခါတိုင်းလာရောက် မြူးတူးပျော်ပါးလေ့ရှိသော သတ္တဝါများပင် ယနေ့တစ်ကောင်မျှရောက်မလာကြချေ။ မိမာတာစမ်းဆီသို့ ရေခပ်အသွားမှာ တောကြက်နှစ်ကောင်အချင်းချင်း ခွပ်နေကြ၏။ ဤနယ်မြေအတွင်းရှိ သတ္တဝါတို့သည် ချစ်ကြည်စွာရှိလျက် ဤသို့ရန်ဘက်အသွင် တောကြက်နှစ်ကောင် ခွပ်နေကြခြင်းမှာလည်း နိမိတ်ထူးတစ်ခုပင်ဖြစ်လေ၏။

သူစတွေ့စဉ်က ထိုတောကြက်နှစ်ကောင်သည် ချုံပုတ်တစ်ခုထက်မှာ အတူယှဉ်တွဲ၍ တွန်ကျူးနေကြ၏။ ခိုက်ရန်ဖြစ်ခြင်း မတွေ့ရချေ။ သူမနအနီးရောက်လာမှ ချုံထက်မှ ပျံဆင်းလာကာ သုမန၏ရှေ့မှာ နှစ်ကောင်ခွပ်ကြလေ၏။ ခဏအကြာ မခွပ်ကြတော့ဘဲ နှစ်ကောင်စလုံး ချုံပုတ်ပေါ်သို့ ပျံတက်သွားကြခြင်းမှာ ထူးခြားချက်ဖြစ်လေ၏။

တစ်ချက် နှစ်ချက်သာ ခွပ်ပြီး အချင်းချင်း ဘာမျှမဖြစ်သည်သို့ တစ်ကောင်နှင့်တစ်ကောင် ယှဉ်တွဲ၍ နားနေကြပြန်လေ၏။

ဤတောကြက်နှစ်ကောင်မှာ ခိုက်ရန်ဖြစ်ကြခြင်း မဟုတ်တန်ရာ။ သုမနကြုံတွေ့ရမည့် အဖြစ်အပျက်အတွက် နိမိတ်ပြချက်သာဖြစ်ရမည်ဟု သုမန၏ အသိဉာဏ်ထဲမှာ ပြဋ္ဌာန်းထားလိုက်၏။

နိမိတ်ပြချက်များက ကောင်းသောဘက်သို့ ဆွဲယူကောက်ချက်ချ၍ မရသော နိမိတ်များဖြစ်ကြ၏။

မီးလျှံလောင်မြိုက်ခြင်း သည်လည်း မကောင်း။

တောကြက်နှစ်ကောင် ခွပ်ခြင်းသည်လည်းမကောင်း။ မည်သို့မျှကောင်းသောပြရုပ်များ မဟုတ်ကြပေ။ ယင်းတို့ကို ထပ်တူပြဖော်ဆောင်သော နိမိတ်ကောက်ချက်သည်လည်း ကောင်းမည်မဟုတ်ပေ။ သို့သော်လည်း သိအောင်တော့ နိမိတ်ကောက်ကြည့်ရမည်ဖြစ်လေ၏။

"သုမန

သစ်ပင်တို့လည်းရှိတယ်၊

သတ္တဝါတို့လည်းရှိတယ်၊

ရေလေမြေမီးတို့လည်းရှိတယ်၊

အသံအမျိုးမျိုး အဆင်းအမျိုးမျိုးလည်းရှိတယ်။

အပူအအေး၊ အလင်းအမှောင်တို့လည်းရှိကြတယ်။



www.burmeseclassic.com

www.burmeseclassic.com

အားလုံးဟာ နိမိတ်သဘောထဲ အကျုံးဝင်တယ်။ မြင်သမျှ ကြားသမျှ ထဲမှာ နိမိတ်ဆိုတာရှိနေတယ်။ ဂန္ဓာရီ လမ်းစဉ်လိုက်တဲ့သူတွေဟာ အဲ့ဒီနိမိတ်တွေကို ဖတ်ကြားဖော်ထုတ်တတ်တဲ့ စူးရှသော အတွေးဉာဏ်တွေရှိရတယ်။"

သုမန၏ နားစည်ထဲသို့ ဆရာသခင်၏စကားတို့က ရိုက်ခတ်လာပြန်၏။ အကြောင်းကြုံကြိုက်တိုင်း ဆရာသခင်၏ သင်ကြားထားချက်တို့က ပြန်ပေါ်လာ၏။

"တို့ရဲ့နေထိုင်ရာ ဇမ္ဗူဒီပါဟာ နိမိတ်ထွန်းတယ်။

လေကြော၊ မြေကြော ထိစပ်တဲ့ ဝန်းကျင်ဟာ နိမိတ်လည်း ထိစပ်မှုရှိနေကြတယ်။"

ဆရာသခင်နှင့် လက်ပွန်းတတီးနေခဲ့စဉ်က ဆရာသခင် အမှတ်မထင် ပြောကြားခဲ့သော စကားတိုင်းမှာ သူ့အားသင်ကြားချက်များဖြစ်ကြောင်း ယခု မိမိသဘောပေါက်လာလေ၏။

"လေကြော မြေကြော ဆက်စပ်နေတဲ့ နေရာတိုင်းမှာ အသံဆိုတာ ဖြတ်လျှောက်နိုင်သလို နိမိတ်တွေကလည်း ဖြတ်လျှောက်ပြေးလွှားနေကြတယ်။

မနောဓါတ်ကတော့ လေကြော၊ မြေကြောသာမကဘူး။ လဟာပြင်ကိုလည်း ဖြတ်သန်းနိုင်တယ်။ လိုရာအသီးသီးကိုလည်း ပို့လွှတ်နိုင်တယ်။

အဲဒီမနောကို မဖမ်းဆုပ်နိုင်သေးသမျှ၊ မနောကို မပိုင်နိုင်သေးသမျှကာလမှာ ကိုယ့်ရဲ့ အနာဂတ်ကို ကြိုတင်သိမြင် ဖော်ထုတ်နိုင်တာ နိမိတ်ပဲ သုမန"

နိမိတ်ကို ပွန်းတီးပါ သုမန၊

နိမိတ်ကို ကြံဆောင်ပါ သုမန၊

နိမိတ်ကို ဖမ်းဆုပ်ပါ သုမန၊

သုမနသည် ကျောင်းသင်္ခမ်းဆီသို့ လျှောက်လာခဲ့၏။ ရေကြည်ကိုသောက်ရေအိုးမှာ ဖြည့်လိုက်၏။ ပုံပျက်ပန်းပျက်ဖြစ်သွားသော သစ်ခေါက်ဆိုး ဝတ်ရုံကို ပြုပြင်လိုက်၏။

"နိမိတ်ရဲ့ အစီးအပွားကို ပွန်းတီးတဲ့သူဟာ ဂမ္ဘီရကို ပွန်းတီးနေတဲ့သူပဲ။ နိမိတ်ရဲ့ အလင်းအ... ဆုပ်နိုင်တဲ့သူဟာ လော... ဒသသနနဲ့ အတိတ်ဓမ္မာတွေကို သိ...သိပ်မခဲယဉ်းဘူး သုမန"

ဆရာသခင် သင်ကြားခဲ့သော စကားအချိုးအဝက်က သုမန၏ ဝိညာဉ်ခွန်အားကို နှိုးဆွနေ၏။ သိစိတ်တို့ကို တူးဖော်နေ၏။ အယူအဆတို့ကို ရိုက်ပုတ်နေ၏။

သုမနသည် သူကြုံတွေ့ခဲ့ရသော ပုဗ္ဗနိမိတ်တို့ကို ဖော်ဆောင်ရန် အားထုတ်လေပြီ။

သုမန၏ ကြံဆတွေးတောမှုများ ကွက်တိကျမှုနှင့် တိမ်းယွင်းမှုကို စစ်တမ်းထုတ်နိုင်တော့မည်။ စိတ်ကိုအတည်ငြိမ်ဆုံးထားပြီး တွေးတောဆင်ခြင်မှုနာ့စ်ကြောကို အလုပ်ပေးလိုက်လေ၏။

ဦးစွာအာရုံနိမိတ် ထင်ခဲ့သော မီးလျှံကို ခွဲစိတ်ဝေဖန်၏။

ထို့နောက် တောကြက်နှစ်ကောင် ခွပ်သောနိမိတ်နှင့် ဆက်စပ်၏။

မီးလျှံနှင့် တောကြက်တို့ကို အတွေးဓါးဖြင့် ဖြစ်စဉ်တစ်ခုချင်းစီ၊ တစ်စချင်းဆွဲထုတ်ကာ အရင်းအမြစ်ကို ရှာဖွေကြည့်မိ၏။

"မီးလျှံ"

မီးလျှံမှာ အဓိကကျသည်ကား "မီး"သာဖြစ်၏။ မီး၏ သဘောသည် ပူမှုကို ပေး၏။ လောင်မြိုက်သော သဘောဖြင့် တေဇော၏အနိုပ်အစက်ကို ခံရ၏။ မီးလျှံနိမိတ်အရ သူ့အားလောင်မြိုက်မှုအပူ တစ်ခုခု ဆိုက်ရောက်လာ...တော့မည်။ ထိုလောင်မြိုက်လာမည့် အပူသည် မည်သို့သော အပူမျိုးဖြစ်မည်နည်း။ ဆက်တွေး... ...တွေးကမရပ်။

"တောကြက်"

တောကြက်မှာ အဓိကကျသည်ကား ကြက်ဖြစ်၏။

တောကြက်နှစ်ကောင် ရန်စောင်မှု နိမိတ်သဘောအရ ထိုတောကြက်သည် သူ့အား ပူလောင်စေမည့်အရာ ဖြစ်လေ၏။

မည်မျှပင် ပူလောင်ပါစေ၊ သုမနအဖို့ စိုးရိမ်တုန်လှုပ်စရာ မရှိပါချေ။ မေတ္တာရှင်တစ်ဦးအဖြစ် ခံယူနိုင်ရေး...



www.burmeseclassic.com

www.burmeseclassic.com

သူတစ်ထူးနိုင်စက်ရုံမှူးသာမက အသက်အန္တရာယ် ထိပါးလာသည့်တိုင် ခန္တီတရား ပြည့်နေရမည်။ ဤအတွက် ကျင့်စဉ်အသွယ်သွယ်ကို လျှောက်လှမ်းကျော်ဖြတ်ခဲ့ပြီးဖြစ်လေသည်။

ဤသို့ဆိုလျှင် သုမန၏ စိတ်ကို ညှစ်ထေးပူလောင်စေမည့်အရာက မည်သည့်အရာဖြစ်မည်နည်း။ ဆက်လက်ဆင်ခြင်ကြည့်ပြန်၏။

မီးသည် ကြာသပတေးနံ မိန်းမ။

ကြက်သည် တနင်္လာနံ ခြေနှစ်ချောင်း။

မီးနှင့်ကြက်သည် ခြေနှစ်ချောင်းနှင့် မိန်းမဖြစ်ချေမည်ဟု အကြမ်းဖျင်းတွေးတော၍ရလာသည်။

မီးနှင့်ကြက်။

ကြက်နှင့် မီးသည် နှစ်ခုပေါင်းဆုံသောအခါ ဂဗ္ဘေဓါတ်ဖြစ်လာ၏။ မြေဓါတ်ဖြစ်လာ၏။ ထိုမြေဓါတ်သည် ပူလောင်မှုနှင့် ရန်စောင်မှုတို့ သက်ဝင်နေသော မြေဓါတ်ဖြစ်လေ၏။ မြေဓါတ်သည် ရာဂကို ပွားစေသော ဓါတ်လည်းဖြစ်၏။

သုမန၏ ခေါင်းထဲသို့ လက်ကနဲ အတွေးစတစ်ခု ဝင်ရောက်သွား၏။

ရာဂနှင့် သဘောထားချင်း တူသောကာမ။

ကာ သည် တနင်္လာနံ ကြက်နှင့်တူ၏။ ရန်စောင်ခိုက်ရန်သဘောရှိ၏။ မ သည် ကြာသပတေးနံ မီးနှင့်တူ၏။ ပူလောင်ခြင်းသဘောရှိ၏။

မီးနှင့် ကြက်သည် ဂဗ္ဘေ - ကာမတို့နှင့် ထပ်တူမျှသော နိမိတ်သဘောကို ဆင်ခြင်မိ၏။

မီးကြက်၏ (၅-၂)သည် ကာမ၏ (၂-၅)နှင့် ကက်ကင်းဝင်နေ၏။

ကက်ကင်း ချက်ချင်းပြီးသည်ဟု ဆရာသခင်က ပြောကြားခဲ့၏။

အလုံးစုံကို ခြုံ၍သုံးသပ်လိုက်သောအခါ သုမနအား ရန်သဘော၊ပူလောင်မှုသဘော၊ စိတ်ကိုညှစ်ထေးစေမည့်သဘောအသွင်ဆောင်မည့် မာတုဂါမတစ်ဦး သူ့ထံသို့ အသေအချာပင်ဆိုက်ရောက်လာတော့မည်ဟု သဘောပေါက်သွားလေ၏။

ဤကိစ္စကို သူ တွန်းလှန်နိုင်ပါ့မလား။

ဤစာမေးပွဲစစ်ချက်မှာ သူလဲပြိုသွားလေမလား။

အကယ်၍ လဲပြိုသွားခဲ့လျှင် သူလျှောက်ခဲ့သော လမ်းစဉ်တော်သည် ပျက်စီးသွားရလိမ့်မည်ဖြစ်၏။ ပင်ပန်းခဲယဉ်းစွာ မေတ္တာနယ်မြေကိုပင် တည်ဆောက်နိုင်ခဲ့ပြီးကာမှ ဤကိစ္စမျှနှင့် သူ့ဘဝသူ့လမ်းစဉ်ကို အဆုံးရှုံးမခံနိုင်ပါချေ။ ဤစာမေးပွဲစစ်ချက်ကို အမှတ်ပြည့်ဖြင့် အောင်မြင်အောင်ဖြေမည်ဟု သုမန ကြုံးဝါးလိုက်လေ၏။

## (၅)

ကျော်ဇင်လတ်အဖို့ မေမြမိုးနှင့်အတူ တစ်ခရီးတည်း ထွက်လာရခြင်းအတွက် ကျေနပ်ဝမ်းသာနေ၏။ ထို့အတူ မေမြမိုးကလည်း ကျေနပ်ဝမ်းသာနေသည်သာဖြစ်၏။ ကျော်ဇင်လတ်ဝမ်းသာပုံမျိုးနှင့် မေမြမိုးဝမ်းသာပုံများမှာ တစ်ဦးနှင့်တစ်ဦး တူညီခြင်းမရှိကြပေ။ မေမြမိုး ကျေနပ်ဝမ်းသာခြင်းမှာ ကျော်ဇင်လတ်နှင့်အတူ ခရီးသွားရသောကြောင့်မဟုတ်ပေ။ သူမ သွားချင်လှသောခရီးကို သွားရသောကြောင့်ဖြစ်၏။

"မင်းညီမကို မင်းပဲတာဝန်ယူရမှာပဲကျော်ကျော်၊ အန်တီတို့က ဘုရားအထိ တက်နိုင်ချင်မှ တက်နိုင်ကြမှာ။ တက်မယ်ဆိုရင်လဲ နောက်က ဖြည်းဖြည်းပဲလိုက်နိုင်လိမ့်မယ်"

ဒေါ်သူဇာမိုးက ကျော်ဇင်လတ်ကို ပြောလိုက်၏။

"ရပါတယ်အန်တီ၊ အခြားသူတွေမှ မဟုတ်ဘဲ ကျွန်တော်စောင့်ရှောက်သွားပါ့မယ်"

ကျော်ဇင်လတ်က အသားယူကာ ပြန်ပြော၏။

မေမြမိုးက မသိမသာ မျက်စောင်းပြုံ့ထိုးလိုက်၏။ ထိုမျက်စောင်းထိုးလိုက်သည်ကပင် ချစ်ချင်စရာကောင်းသည်ဟုကျော်ဇင်လတ်ထင်၏။ မပိုင်သေးလို့ဟု ကျော်ဇင်လတ် တေးထား၏။



www.burmeseclassic.com

www.burmeseclassic.com

ကားက ဇင်းကျိုက်ရွာထဲ ဝင်လာခဲ့၏။

ဇင်းကျိုက်ဆံတော်ရှင်အတက် မုခ်ဝနှင့် မနီးမဝေးရှိ ဆိုင်တစ်ဆိုင်ရှေ့မှာ ကားကို ထိုးရပ်လိုက်၏။ ထိုနေရာမှာ ကားကိုထားခဲ့ပြီး ဇင်းကျိုက်ဆံတော်ရှင်ထံသို့ တရွေ့ရွေ့ တက်လာကြလေ၏။

ဦးထွန်းလှိုင်နှင့် ဒေါ်သူဇာမိုးတို့မှာ နောက်၌ကျန်ရစ်၏။

"ကိုယ့်ကို ဘာဖြစ်လို့ လက်မခံတာလဲမိုး"

ကျော်ဇင်လတ်က အခွင့်သာခိုက် မေးလိုက်၏။

"ဘုရားလာဖူးတာ ဘာဖြစ်လို့ ဒါတွေလာမေးနေရတာလဲ"

"ကိုယ်သိချင်လို့ပါ"

"ဒါတွေကို မိုး မစဉ်းစားချင်သေးလို့ပါ"

မေမြမိုးက အထိုက်အလျောက် ဖြေလေ၏။

"စဉ်းစားတဲ့အခါ ကိုယ်ပါမှာလား"

ကျော်ဇင်လတ်က မေမြမိုးကို စိတ်ဝင်စားသူများကြောင်း သိထား၍ မေးလိုက်၏။

"ထိပ်ဆုံးကပါဖို့ များပါတယ်"

"ဒါနဲ့ ကိုယ်ကြားထားတယ်၊ မိုးမှာ ချစ်သူရှိနေတယ်ဆို၊ အဲ့ဒီချစ်သူကလည်း အိပ်မက်ထဲက ချစ်သူဆို မိုးရယ် စိတ်ကူးယဉ်လိုက်တာ"

"ဒါ ကိုကျော်နဲ့ မဆိုင်ပါဘူး"

"အခုလည်း မိုးရဲ့ချစ်သူ ဒီဇင်းကျိုက်တောင်မှာ ရှိလိမ့်မယ်ထင်ပြီး လာတာ မဟုတ်လား။ မိုးက ရှူးစရာမရှိ ရှူးနေတာပဲ"

"မိုးဘာသာ ရှူးချင်ရှူး၊ ထူးချင်ထူး၊ မိုးအကြောင်းနဲ့ မိုးပဲ"

အခု ဒီမှာ မိုးအိပ်မက်ထဲက ချစ်သူကို မတွေ့ခဲ့ရင် ဒီကပြန်တော့ ကိုကျော်နဲ့ လက်ထပ်မယ်လို့ မေမေတို့ကို ကတိပေးထားပြီပဲ၊ ရှင်ကျေနပ်တယ်မဟုတ်လား"

မေမြမိုးက စိတ်ထဲ ချဉ်လာသည် မို့ပြောလိုက်၏။ မေမြမိုးသည် တောင်ပေါ်သို့ တက်လာရင်း စိတ်ထဲ၌ ဗညားဦးနေသောနေရာနှင့် နီးလာပြီဟုထင်နေ၏။

"မိုးရဲ့မှရေရာတဲ့ အိပ်မက်ထဲက ချစ်သူကို ဒီမှာ လာရှာလို့ ဘယ်တွေ့နိုင်ပါ့မလဲ။ ဒါဆိုရင် မိုးဟာ ကိုယ့်ကို လက်ထပ်ရမှာ သေချာနေပြီ။ ကိုယ့်ရဲ့မျှော်လင့်ချက်တွေ ပြည့်ဝတော့မှာပေါ့နော်"

"ရှင်ထင်ချင်သလိုထင်၊ ဒါကတော့ မိုးရဲ့ကံပဲ၊ ဘုရားဖူးလာတာ ဒါတွေမပြောပါနဲ့ကိုကျော်"

"အေးလေ မပြောနဲ့ဆိုရင်လည်း မပြောတော့ပါဘူး။ မိုးမောနေပြီလား"

"မမောပါဘူး။ ဆက်တက်မယ်"

မေမြမိုးသည် ဇောထန်နေသောကြောင့် မောရန်ပင်မသိဘဲ ဆက်တက်နေ၏။ တစ်နေရာသို့ ရောက်သောအခါ လျှို့ထဲသို့ဆင်းချင်သောစိတ်များ ပေါက်လာခဲ့၏။ ထိုလျှို့ထဲတွင် ဗညားဦးရှိမည်ဟုထင်၏။ ထို့ကြောင့် ဘာမပြော ညာမပြောနှင့် လျှို့ထဲသို့ ကျော်ဇင်လတ်အလစ်မှာ ဆင်းသွားလိုက်လေ၏။

မေမြမိုးမှာ ကြောက်ရလန့်ရမှန်းပင်မသိတော့ချေ။ တောထဲ လမ်းများမှာကိုလည်း မစိုးရိမ်တော့ပေ။

ကျော်ဇင်လတ်သည် မေမြမိုးကို လှည့်ကြည့်သောအခါ မတွေ့ရ၍ တပိုတပါးသွားသည်ဟု ထင်သောကြောင့် ထိုင်စောင့်၏။ အတော်ကြာသည့်တိုင် မပေါ်လာသောကြောင့် ဟိုဟိုဒီဒီအော်ခေါ်ကာရှာဖွေလေ၏။

ထိုအချိန်၌ ဇင်းကျိုက်တောင်ထိပ်တွင် တိမ်မည်းညိုများ အလိပ်လိုက်တက်လာခဲ့၏။ လေကြမ်းများ စတင်တိုက်ခတ်လာ၏။ မကြာမီ မိုးသက်လေများကြမ်းရမ်းစွာ ရွာချလိုက်လေတော့၏။

(၆)

သုမနသည် လေရောမိုးပါ သောင်းကျန်းနေ၍ တဲတံခါးကို ပိတ်ကာ ကျောင်းသခ်မ်းအတွင်း၌ ဝင်နေ၏။ ဆီမီးခွက်ကို ထွန်းညှိရင်း မေတ္တာဘာဝနာပွားများနေ၏။

နေညိုခဲ့ပြီဖြစ်၏။ ညချမ်းတိုင်ခဲ့ပြီဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

ယနေ့ထင်ခဲ့သော ပုဗ္ဗနိမိတ်ပြချက် ကမပေါ်လာသေးပေ။ သုမန၏နိမိတ် ကောက်ချက်တို့ လွဲချော်ပြီထင်၏။ ဒီလို ခေါင်လွန်းလှသော တောတွင်း၊ ဒီလိုည မျိုးမှာ ဘယ်က မာတုဂါမမှ ရောက် မလာနိုင်ဟု စိတ်ကိုဒုန်းဒုန်းချလိုက် လေ၏။

စိတ်တော့ သက်သာရာ ရသွား ပေမယ့် သူ၏နိမိတ်ကောက်ချက်မမှန် သည့်အတွက် သူ့ကိုယ်သူ လိုသေး ကြောင်း တွက်ဆမိ၏။ အများကြီးကြိုး စားရဦးမည်ဖြစ်ကြောင်း တွေးနေမိ၏။ သူသည် နိမိတ်ကိုကောင်းစွာ မကျွမ်း သေးပါလားဟု သုံးသပ်မိ၏။

"တံခါးဖွင့်ပေးပါရှင်"

"ဘုရားဖူးရင်း မျက်စိလည်လမ်း မှားလာလို့ပါ"

မေမြမိုးမှာ တံခါးဖွင့်မလာသော ကြောင့် သူမ၏ အော်ပြောသော အသံ ကို မိုးသံလေသံကြောင့် တဲအတွင်းမှ ကြားဟုထင်၏။ ထို့ကြောင့် တဲကလေး ကိုတဘုတ်ဘုတ်ထုရင်း အသံမြှင့်ကာ ဆပ်အော်ပြောလိုက်လေ၏။

"ကျွန်မဟာ ဒုက္ခသည်ပါ။ မိုးရေ တွေလည်း တစ်ကိုယ်ရုံးရွဲနစ်နေပါ တယ်၊ အပြင်မှာ အေးလှပါတယ်။ ကျွန်မကို အထဲဝင်ခွင့်ပြုပါရှင်၊ တောင်း ပန်ပါတယ်"

ထိုစဉ်အခိုက် လျှပ်စီးလင်းလက် သွား၏။ မိုးခြိမ်းသံကား ကျယ်လောင်စွာ မြည်ဟိန်းလာ၏။ မေမြမိုးသည်

"အောင်မယ်လေး၊ ကျွန်မကို ကယ်တော်မူကြပါ" ဟု ရှိုက်သမျှအားအင် ဖြင့် အသံကုန်အော်ဟစ်ကာ ကြောက် ရွံ့ထိတ်လန့်သောကြောင့် မေ့မြောလဲကျ သွားလေတော့၏။

သုမနသည် မေတ္တာဘာဝနာကို ပွားရင်း ညကြီးမင်းကြီး အချိန်မတော် မာတုဂါမတစ်ယောက် သူ၏ သစ်ခက် တဲအနီးသို့ ရောက်ရှိနေပြီကိုသိလိုက်၏။ သူ၏နိမိတ်ကောက်ချက်တို့ မှန်ခဲ့လေပြီ။ ထိုမာတုဂါမက သူ့ကို အပြင်မှအော် ခေါ်နေ၏။ တံခါးကိုဖွင့်ခိုင်း၏။ သူမဖွင့်ရဲ သူကြောက်ရွံ့နေသည်။

နောက်ဆုံး မိုးခြိမ်းသံအောက်မှာ အသံကုန်အော်ဟစ်ရင်း မာတုဂါမလဲပြို သွားသောအသံကိုကြားရ၏။ နောက် ထပ်မာတုဂါမထံမှ မည်သည့်အသံမျှ ထွက်မလာတော့သောကြောင့် သူ စိုးရိမ် သွား၏။ သုမနသည် သူ့ကိုယ်သူမေတ္တာ ရှင်ဟု ခံယူထား၏။

သို့စင်လျက် ညဘက်ကြောက်ရွံ့ အားငယ်နေသော မိုးထဲလေထဲမှ မိန်းမ သားတစ်ယောက်ကို သူ ဘာကြောင့် မေတ္တာမထားနိုင်ရတာလည်း၊ သူဘာကို စိုးရိမ်နေရတာလည်း၊ နောက်ဆုံးမတတ် သာတော့ လူတစ်ယောက်အား ကူညီ ကယ်တင်ကောင်းသည်ဟု ကိုယ့်စိတ်ကို ဆုံးမကာ တံခါးကိုဖွင့်လိုက်သောအခါ လေကားရင်းမှာ ကြောက်ရွံ့မေ့မြောနေ သော မိန်းကလေးကို တွေ့ရ၏။ ကြာ

လျှင်မိုးရေဖြင့် အေးခဲပြီးသေသွားနိုင်၏။ ထို့ကြောင့် တဲပေါ်သို့ချီမတင်ခဲ့ရလေ၏။

သူချီမတင်ခဲ့ရသော မာတုဂါမမှာ ငယ်ရွယ်နုပျိုသော မိန်းကလေးတစ် ယောက်ဖြစ်နေ၏။ အသားအရည်က ဝါဝင်းနေ၏။ ကိုယ်ခန္ဓာက တင်းရင်း ပြည့်ဖြိုး၏။ ဆံနွယ်တို့က ရှည်လျား နက်မှောင်နေသည်။ ဆူးခြစ်ရာအနည်း ငယ်ကို တွေ့ရှိရသည်။

သုမန၏ရင်မှာ ဖိုလှိုက်လာ၏။ မောဟိုက်လာ၏။ နှလုံးခုန်သံတို့ မြန် လာသည်။ သွေးလှည့်ပတ်မှုတို့ ဆူပွက် လာသည်။

မေမြမိုးသည် မျက်လုံးကို အသာ အယာဖွင့်ကြည့်လိုက်၏။ သုမန၏ မျက်နှာကို မြင်တွေ့လိုက်ရသည်နှင့် နှလုံးခုန်သွားရလေ၏။ သူမ၏အိပ်မက် ထဲမှာ မြင်တွေ့ခဲ့ရသော ရွှေမင်းသား လေးဗညားဦး ဖြစ်နေသောကြောင့်ဖြစ် ၏။ သူမသည် ဗညားဦးထံသို့ ဆိုက် ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့လေပြီ။

အမှန်တော့ မေမြမိုးသည် လန့်ဖျပ် မေ့မြောနေခြင်း မဟုတ်ပါချေ။ သုမနမှ တံခါးဖွင့်ပေးရန်အတွက် နောက်ဆုံး မာယာကို သုံးလိုက်ရခြင်းဖြစ်လေ၏။

မေမြမိုးသည် အင့်ကနဲညည်းညူ ကာလူးလွန့်လိုက်၏။

ရှေ့လဆက်ရန်

ဘုန်းပွင့်တေဇာ



www.burmeseclassic.com

www.burmeseclassic.com



# ဗုဒ္ဓဘာသာလောက

## ဆန်းပြားထွေလာများ

**✶ နိုင်ခင်အင်ကြင်း**

မြန်မာပြည်မှာ ထုတ်ဝေနေသမျှ ဘာသာရေးမဂ္ဂဇင်း၊ ဂျာနယ်၊ စာအုပ်များ ဖတ်ရှုရသလောက်ထဲက အိပ်မက်အရ ပေါ်တော်မူဗုဒ္ဓရုပ်ပွားတော် ရရှိတာတွေ၊ ဘုရားရုပ်ပွားစေတီတော်များ ရောင်ခြည်တော် ကွန့်မြူးတာတွေ၊ အဓိဋ္ဌာန်ဆုတောင်းပြည့်ကြတာတွေ စသည်ဖြင့် များစွာကြုံကြိုက်ပြီး မျက်မြင်ဖြစ်ခဲ့တဲ့ အဖြစ်အပျက်များ ရှိခဲ့သလို၊ ဂျပန်ပြည်ဟာလည်း မဟာယာနဗုဒ္ဓဘာသာတိုင်းပြည်ဖြစ်လို့ ရှေးအခါကတော့ ဗုဒ္ဓဘာသာကိုးကွယ်ဆည်းကပ်သူများနဲ့ ပတ်သက်ကာ အလားတူ တကယ့်အဖြစ်အပျက်တွေ ရှိခဲ့ပါတယ်။

အဲဒီလို ဖြစ်ပျက်ခဲ့တာတွေကို ဂျပန်လူမျိုးများလည်း စုစည်းမှတ်တမ်းတင်ထားခဲ့ပြီး စာအုပ်ထုတ်ဝေထားတာကြောင့် ဗုဒ္ဓဘာသာတိုင်းပြည် အချင်းချင်းရဲ့ ဗုဒ္ဓမြတ်စွာဘုရားနဲ့ စပ်ဆိုင်လို့ အံ့ဖွယ်ဘုန်းတန်ခိုးတော် အကျိုးကျေးဇူးခံစားရပုံတွေ တူနေတာလည်းရှိတော့ အခုကာစလို့ တစ်ပုဒ်စီ တစ်ဆင့်ပြန်လည် ရေးသားဖော်ပြပေးပါ့မယ်။

ရှေးရှေးက နာရမြို့မှာ အလွန်ဆင်းရဲတဲ့ အမျိုးသမီးတစ်ယောက် ရှိခဲ့ပါတယ်။ ဆင်းရဲပေမယ့် ဘာသာတရားကို အလွန်ကိုင်းရှိုင်းသူ ဖြစ်ပါတယ်။ မြတ်စွာဘုရား ပွင့်တော်မူပြီးနောက် ဂျပန်ပြည်မှာလည်း ဗုဒ္ဓဘာသာ ရောက်ရှိထွန်းကားနေပြီဖြစ်လို့ နာရမြို့ရဲ့ "ဒိုင်းအန်ဂျိ"ကျောင်းတော်မှာ ကပ္ပိလရဲ့ အရှေ့မြောက်၊ မာဂဓတိုင်း၊ ချန်တာကီတောင်အရပ်တွင် ... ဟောကြားနေတော်မူသော ဗုဒ္ဓမြတ်စွာဘုရားနှင့် ...

www.burmeseclassic.com

အောင် မျက်နှာတော်ကအစ တစ်ပုံစံတည်းဖြစ်ပြီး ဆုတောင်းပြည့်တဲ့ ရုပ်ပွားတော်သတင်းကြားသူ ဆင်းရဲသားအမျိုးသမီးလည်း မရှိမဲ့ရှိမဲ့ ပိုက်ဆံလေးနဲ့ ဆီမီး၊ ပန်း၊ အမွှေးနံ့သာ သုံးမျိုးဝယ်ယူလို့ သွားရောက်လှူဒါန်း ဆုတောင်းပါတယ်။ ဆုတောင်းဟာ "အရှင်ဗုဒ္ဓမြတ်စွာဘုရား…တပည့်တော်မဟာ အတိတ်ဘဝက ကုသိုလ်ကောင်းမှု မပြုခဲ့လို့ အခုလို အလွန်ဆင်းရဲတဲ့ဘဝ ရောက်နေရပါတယ်ဘုရား။ တပည့်တော်မကို သနားတော်မူသောအားဖြင့် လာဘ်လာဘများ ရရှိပြီး ဆင်းရဲလုတဲ့ ဘဝက လွတ်မြောက်အောင် မစတော်မူပါဘုရား" လို့ ဆုတောင်းလေ့ ရှိပါတယ်။

တစ်နေ့မဟုတ်၊ နေ့စဉ်နေ့တိုင်း။ လစဉ်လတိုင်း အဆက်မပြတ် ဆုတောင်းနေခဲ့ပြီး တစ်နေ့တော့ ဘုရားက ပြန်လာပြီး ညမှာအိပ်ရာဝင်နေကျအတိုင်း အိပ်ပါတယ်။

နောက်တစ်နေ့ အိပ်ရာအထ အိမ်ရှေ့တံခါးက အပြင်လမ်းကူးတံတားမှာ ပိုက်ဆံအိတ်ကြီးတစ်လုံး တွေ့ပါတယ်။ ပိုက်ဆံတွေက ကြေးပြား ယွန်းကန် = ၄၀၀၀ (လေးထောင်) (အခုခေတ် ငါးယန်းကြေးပြားလို အဝိုင်းလေးနဲ့ အလယ်က လေးထောင့်အပေါက်ကလေးပါပြီး ပိုပါးလွှာတယ်) ဖြစ်နေတဲ့ အပြင် ပိုက်ဆံအိတ်ကြီးမှာ "စုတရ" (ဟို့ဂ်ျီနိုအိုနဲ) "ဆုတောင်းအမျှဝေပွဲက ပိုက်ဆံ" ဆိုပြီး စက္ကူနဲ့ ရေးကပ်ထားတာလည်း တွေ့ရတယ်။

ဆင်းရဲသူအမျိုးသမီးက "ဒီပိုက်ဆံတွေ ဘာလို့ ဒီမှာ ရောက်နေသလဲမသိဘူး" ဆိုတဲ့ အတွေးနဲ့ "ခိုင်းအန်ဂျီ" ကျောင်းတော်က ဘုန်းကြီးကျောင်းကို ယူသွားရင်း အပ်နှံတာပေါ့။

ဘုန်းကြီးက ပိုက်ဆံအိတ်ကစာကို ဖတ်ကြည့်ရလို့ ပိုက်ဆံများသိမ်းထားရာ ဂိုဒေါင်(ကျက်သရေခန်း)ကို သွားကြည့်တဲ့အခါ ဂိုဒေါင်တံခါးကို ပိတ်လျက် စက္ကူမှာ အမှတ်အသားစာများ ရေးကပ်(သော့သဘောမျိုး)ထားတာလည်း ဆက်ရာ၊ ခြေရာမပျက် တွေ့ပေမယ့် သေချာအောင် ဖွင့်စစ်ဆေးကြည့်တော့ လာအပ်တဲ့ပိုက်ဆံအိတ်က ဂိုဒေါင်ထဲမှာ သိမ်းထားတဲ့ ပိုက်ဆံတွေထဲက လျော့နေတဲ့တစ်အိတ် ဖြစ်နေပါရော။

ဘုန်းကြီးလည်း တအံ့တသြနဲ့ ပြန်လာပို့တဲ့ ပိုက်ဆံအိတ်ကို ပြန်ယူထားလိုက်ပါတယ်။ ဒုတိယအကြိမ်လည်း အတူဖြစ်နေပြန်တာကြောင့် တခြားကျောင်းက ဘုန်းကြီးခြောက်ပါးကိုပင့်ကာ စည်းဝေးတိုင်ပင်ကြရင်း သူဆင်းရဲအမျိုးသမီးကို စစ်ကြပါတော့တယ်။ "အသင် ဘာကိုကျင့်ကြံအားထုတ်နေသလဲ" ဆိုတော့ "ကျွန်မမှာ အလွန်ဆင်းရဲပြီး အားကိုးစရာလူလည်း မရှိဘဲ အသက်မွေးဝမ်းကျောင်းလုပ်ဖို့ နည်းလမ်းက မရှိလို့ ဒီဘုန်းကြီးကျောင်းက မြတ်စွာဘုရားရုပ်ပွားတော်မှာ ဆီမီး၊ အမွှေးနံ့သာ၊ ပန်း သုံးမျိုးတည်းနဲ့သာ အမြဲလှူဒါန်းဆုတောင်းနေတာ တစ်ခုပဲဖြစ်ပါတယ်" လို့ ဖြေလိုက်ပါတယ်။

ဘုန်းကြီးတွေလည်း အဖြေသိရပြီဖြစ်တာနဲ့ "ဒီပိုက်ဆံတွေကို ဒီအမျိုးသမီးပဲ ထပ်ကာရနေတယ်။ အဲဒါဟာ ဘုရားက ပေးတာ အသေအချာပဲ။ ဒီပိုက်ဆံထုတ်ကို ဂိုဒေါင်မှာ ပြန်သိမ်းဖို့ မသင့်ဘူး" လို့ ဆုံးဖြတ်ကြရာက သူဆင်းရဲအမျိုးသမီးကို ပြန်ပေးလိုက်ကြပါတော့တယ်။

အဲဒီအမျိုးသမီးလည်း ရတဲ့ပိုက်ဆံထုပ်ကို အရင်းအနှီးပြုလို့ စီးပွားရှာကာ တဖြည်းဖြည်း ချမ်းသာလာတဲ့အခါ တခြားလူတွေလည်း သူ့အကြောင်းကို ချီးမွမ်းလေးစားကြတဲ့အပြင် လူအများလည်း "ခိုင်းအန်ဂျီ" ကျောင်းတော်က ဗုဒ္ဓရုပ်ပွားတော်ရဲ့ တန်ခိုးတော်ကို အံ့သြကြရင်း ပိုမိုကြည်ညိုစွာ ကိုးကွယ်ကြတော့တာပါပဲ။

ဒါကြောင့် ဆင်းရဲပြီး အနေအထိုင် လူမှုဒုက္ခတွေနဲ့ ရင်ဆိုင်နေရရင် မြတ်စွာဘုရားကို အထူးယုံကြည်ကိုးကွယ်ဆည်းကပ်မယ်ဆိုပါက မြတ်စွာဘုရားက (ခန်နာရှု) အသေအချာ အကျိုးကျေးဇူးပြုပေးတော်မူမှာ ဖြစ်ပါကြောင်း ကြားသိမှတ်တမ်းတင်သူက မှတ်ချက်ပြုထားပါတယ်။

ဒါပေမယ့် "ခိုင်းအန်ဂျီ" ကျောင်းတော်ဟာ စစ်အတွင်း စစ်ဘေးစစ်ဒဏ်ကြောင့် မီးခလောင်ကျွမ်းသွားတဲ့အတွက် မှတ်တိုင်လောက်သာ ကျန်ရှိနေကြောင်း သိရတာ ဝမ်းနည်းစရာ ကောင်းလှတယ်။

ဆက်လက်ပြီး အတိတေကပါပဲ။ နာရမြို့ ခိုင်းပွတ်စု ရုပ်ပွားတော်မြတ်ကြီးအနီး ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းမှာ သီတင်းသုံးနေတဲ့ ဘုန်းကြီးတစ်ပါးဟာ ပန်းခူးဖို့ တောထဲကိုအသွား မျက်စိလည်လမ်းမှားကာ မပြန်တတ်ဘဲ ဖြစ်နေခဲ့ပါတယ်။ တလည်လည်ဖြစ်နေရင်း ဘုန်းကြီးကျောင်းတစ်ကျောင်းကို တွေ့လိုက်လို့ ဝင်သွားတဲ့အခါ ဘုန်းကြီးတစ်ပါး



www.burmeseclassic.com

www.burmeseclassic.com

တွေ့ရပြီး သိနေတဲ့ ဘုန်းကြီးဖြစ်တဲ့အပြင် အဲဒီဘုန်းကြီးဟာ ပျံလွန်တော်မူပြီးဖြစ်တော့ တအံ့တသြဖြစ်သွားတာပေါ့။ စိတ်ထဲက "တစ်မျိုးကြီးပဲ"လို့ ကြောက်ရွံ့နေပေမယ့် မာန်လုပ်ပြီး "တွေ့ရတာဝမ်းသာပါတယ်" ဘာညာနဲ့ အာလာပသလ္လာပ ပြောနေခဲ့တယ်။ ပျံလွန်ပြီး ဘုန်းကြီးက "ညရောက်ရင် ကောင်းကင်က ဘီလူးတွေ ဆင်းလာလိမ့်မယ်။ ဘီလူးတွေက တပည့်တော်တို့ကို ဘာတွေလုပ်သလဲ၊ အခန်းအပြင်က ချောင်းကြည့်ပါ"လို့ ဆိုတဲ့ စကားပါလာလို့ လန့်သွားရင်း ဘာမှမစဉ်းစားတတ်တော့ဘဲ ဖြစ်သွားတယ်။

ညရောက်တော့ အသိဘုန်းကြီးမှာသလို အခန်းထဲကို ချောင်းကြည့်မိတုန်းမှာ တကယ်ပဲ ကောင်းကင်က ဘီလူးတွေ အများကြီး ဆင်းလာလေရော။ ဘီလူးတွေက ဘုန်းကြီးလေး ငါးပါးကို ဝိုင်းဖမ်းချုပ်ကြပြီး ပါးစပ်ကို တအားခွဲဖြဲကာ အသင့်ကျိုထားလို့ရှိနေတဲ့ သံရည်၊ ဒန်ရည်၊ ကြေးရည်ခွက်တွေနဲ့ တစ်ပါးစီ တစ်ပါးစီ အတင်းလောင်းထည့်နေတဲ့အတွက် ဘုန်းကြီးတွေ မချိမဆံ့ ခံစားနေကြရတာ မြင်တော့ အကြောက်ကြီးကြောက်လို့ တုန်လှုပ်နေပါတော့တယ်။

ဘီလူးတွေ ပြန်ကုန်လို့ မနက်လင်းတဲ့အခါ အသိဘုန်းကြီးအနေနဲ့ ဘာမှမဖြစ်သလို အပြန်လမ်းကို လိုက်ပြပေးလို့ ပြန်နိုင်ခဲ့ပါတယ်။

အဲဒီကစပြီး ဘုန်းကြီးပေမယ့် အဲဒီလိုဘဝမျိုး ရောက်နိုင်ကြောင်း သဘောပေါက်ဆင်ခြင်မိတဲ့အတွက် တရားကျင့်ကြံ အားထုတ်လျက် ကောင်းစွာနေထိုင်သွားပါတော့တယ်။

အခုအကြောင်းလေးဟာ နိုင်ခင်အင်ကြင်းတို့ မြန်မာတွေ ကြားနာမှတ်သားဖူးရာ တရားတချို့ထဲက "နေ့စံ ညခံ" ရတတ်တဲ့ အသူရကာယ်ဘုံရောက် အသူရကာယ်ငရဲသားဘဝလို ထပ်တူပဲလို့ သတိရမိပါတယ်။

ပြီးတော့ ဒေသအားဖြင့် ဂိဖု(GIFU) နာဂိုယာမြို့အနီးနဲ့ ရှိုစုအိုကာဒေသအကြား အရပ်ပါပဲ။ အဲဒီဒေသမှာ တစ်ခါတုန်းက တရားကျင့်ကြံပွားများ အားထုတ်နေသူ ဘုန်းကြီးတစ်ပါးဟာ မြစ်ကမ်းနံဘေးမှာ လမ်းလျှောက်နေခဲ့ပါတယ်။

မြစ်ကမ်းဘေး သဲသောင်ပြင်တွေဆီက အသံကြားရတာဟာ "ငါ့ကိုတူးပါ"ဆိုတဲ့အသံ ကြားရတော့ "ဘယ်က များပါလိမ့်"လို့ စဉ်းစားနေရင်း လျှောက်ရှာနေတာပဲပေါ့နော်။

အသံက မရပ်ဘဲ ဘယ်သူ့မှလည်း မတွေ့ဘဲဖြစ်နေတယ်။ နောက်ဆုံး သဲတွေထဲက အသံလို့ သိသွားတယ်။ ဘုန်းကြီးက "သဲထဲမြှုပ်ထားတဲ့ အလောင်းတစ်လောင်း အသက်ရှင်လာပြီး အသံပေးတာ ဖြစ်မယ်ထင်တယ်"လို့ စဉ်းစားရင်း တူးတော့ သစ်သားဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ပေါ်လာတယ်။ (မြန်မာပြည်က ပေါ်တော်မူ ဗုဒ္ဓရုပ်ပွားတော်တွေနဲ့ မခြားပါဘဲနော်။) ညာဏ်တော် ရှေ့ကုရှ(ရှေးရှေးက အတိုင်းအတာ)ရှိပြီး ကြီးပါတယ်။ လက်တော်နှစ်ဖက်လုံး မရှိဖြစ်နေပါတယ်

အဲဒီကိုမြင်ရတဲ့အတွက် ဘုန်းကြီးလည်း "လက်စသတ်တော့ ဒီရုပ်ပွားတော်ရဲ့အသံပဲ"လို့ သိသွားရင်း "ဘာကြောင့် ဒီသဲအောက်မှာ သီတင်းသုံးတော်မူနေရတာပါလိမ့်။ ရေဘေးကြောင့်ဖြစ်မယ်။ ဒါပေမယ့် တပည့်တော်နဲ့ ထိုက်ပြီး ဖူးမြင်ရလို့ ကျိုးပျက်နေတဲ့ လက်တော်နှစ်ဖက်ကို ပြုပြင်ပေးပါ့မယ်"လို့ ဝမ်းနည်းစွာ ငိုယိုလျှောက်ထား ရှိခိုးခဲ့ပါတယ်။

ချက်ချင်း ဒကာ၊ ဒကာမတွေကို ခေါ်လို့ အလှူခံရသမျှ ပိုက်ဆံနဲ့ ဘုရားထုတတ်သူ ပန်းပုဆရာကို ခေါ်ယူပြုပြင်တယ်။ အဲဒီနောက် အဲဒီအနီးအနားက ရွာမှာ ကျောင်းဆောက်ကာ ရုပ်ပွားတော်ကို ထားရှိပူဇော်ပါတယ်။

မကြာမီ ဗုဒ္ဓရုပ်ပွားတော်က မယုံနိုင်လောက်အောင် ရောင်ခြည်တော်လွှတ်ခဲ့လို့ အဆိုပါဒေသတစ်ဝှမ်းလုံးမှာ နေသူအများစုက ကြည်ညိုသဒ္ဓါ ပွားသထက်ပွားရင်း လိုရာဆန္ဒကို ဆုတောင်းရင် ချက်ချင်းပြည့်တဲ့အထိပါပဲ။

ဘုန်းကြီးအဖို့ "ဘယ်လိုကြောင့် ဒီဗုဒ္ဓရုပ်ပွားတော် သဲအောက်ရောက်နေသလဲမသိနိုင်ပေမယ့် လက်တွေ့နတ်မြွက်မိန့်ကြားတော်ခဲ့တဲ့ ဘုရားဖြစ်လို့ တကယ်ဘုရားကို ယုံကြည်သူများ ဒီရုပ်ပွားတော်ကို ဆည်းကပ်ကိုးကွယ်ကြ"ဆိုပြီး ညွှန်ကြားဟောပြောနေပါတော့တယ်။

ဆက်လက်ရေးသားစရာ အကြောင်းများကို ကြိုးစားရေးသားပါဦးမယ်။

အစဉ်မွန်မြတ်သော မေတ္တာရှည်လျက်…

**နိုင်ခင်အင်ကြင်း**




www.burmeseclassic.com

www.burmeseclassic.com

၀၄၀၈ (Y) ၀၇၄၆၄




# စပွါယ်ဖူး ဆေးတိုက်မှ
# အစွမ်းထက်လိမ်းဆေးများ




၀၄၀၈ (Y) ၀၇၄၆၅

"သီတာရေ. . . ဒီနေ့ ကွန်ပျူတာကလပ်(စ်) မတက်နိုင်လို့ ခွင့်တင်ပေးစမ်းပါကွာ"

"ဘာဖြစ်လို့လဲ နီလာရဲ့"

"အိမ်မှာ မောင်လေးကလည်း ချောင်းဆိုးရင်ကြပ် သလိပ်ကပ်ဖြစ်နေလို့. . နောက် မေမေကလည်း အရိုးကျိုးပေါင်းတက်ပြီး လည်ပင်းမလှည့်နိုင်နဲ့ဆိုတော့ အိမ်ကိစ္စတွေ လုပ်ရမှာမို့ ကလပ်(စ်)မတက်နိုင်ဘူး"

"ဆေးခန်း သွားမပြဘူးလား"

"အိမ်နားက ဆေးခန်းသွားပြတာပဲ. . . ဒါပေမဲ့ မသက်သာဘူး ဖြစ်နေတယ်"

"ဩော်. . . ဒါလေးများ ကိုယ်တို့ အမြဲတမ်းပြနေတဲ့ စပွါယ်ဖူးဆေးတိုက်မှာ ပြကြည့်ပါလား"

"စပွါယ်ဖူးဆေးတိုက်က ဘာကောင်းလို့လဲ"

"စပွါယ်ဖူးဆေးတိုက်ကထုတ်တဲ့ ချွဲသလိပ်ကြေ ရင်လူးဆေးရှိတယ်၊ အဲဒီဆေးက ကလေးလူကြီး အသက်အရွယ်မရွေး သုံးစွဲနိုင်တယ်။ ချွဲသလိပ်ရင်ကျပ်၊ ကြက်ညှာ၊ ချောင်းဆိုး၊ အစာမကြေ၊ ဗိုက်အန်၊ ရင်ပြည့်ရင်ကယ်၊ အဆုတ်ပွ၊ အဆုတ်အအေးမိ၊ ဝမ်းဖောဝမ်းရောင်၊ လေထိုးလေအောင့် အကုန်ပျောက်တဲ့ အထူးလိမ်းဆေးပဲ။ အဲဒီဆေးကို လည်ပင်းမှစ ဆီးစပ်အထိ တစ်နေ့ နှစ်ကြိမ် လိမ်းပေးရင် သက်သာပျောက်ကင်းသွားရမယ်"

"ဒါထက် အရိုးကျိုးပေါင်းရောဂါအတွက်ရော ဆေးထုတ်သေးလား"

"အရိုးကျိုးပေါင်းရောဂါအတွက် အထူးစီမံဖော်စပ်ထားတဲ့ အရိုးကျိုးပေါင်းလိမ်းဆေးလည်း ထုတ်တယ်၊ လည်ပင်းကျိုးပေါင်း၊ ခါးဆစ်ကျိုးပေါင်း၊ အဆစ်အမြစ် နာကျင်ကိုက်ခဲခြင်း၊ ဇက်ကြောတက်၊ ခေါင်းကိုက်ခြင်းအပြင် လေဖြတ်ဝေဒနာရှင်များကိုပါ လိမ်းပေးရင် ရောက်ပြီး ဝေဒနာသက်သာ ပျောက်ကင်းပါတယ်။ အထူးသဖြင့် တရားမထိုင်မီနဲ့ အားကစားမလုပ်မီ ကြိုတင်လိမ်းပေးရင် အကြောများ ပြီး အလုပ်လုပ်လို့ အင်မတန်ကောင်းမွန်ပါတယ်"

"ဒီလောက်ကောင်းတဲ့ဆေးကို ဘယ်မှာ ဝယ်ယူရရှိနိုင်ပါလဲ"

**"ပင်ရင်းဌာနကတော့ အမှတ်(၆၄)၊ သရဖီလမ်း၊ (၃/တ)ရပ်ကွက်၊ မင်္ဂလာဒုံတ စပွါယ်ဖူးဆေးတိုက်မှာပါ၊ ဖုန်းနံပါတ်က ၀၁-၇၂၄၈၃၅၊ ၀၉-၅၁၃၇၅၅၈ နဲ့ ၀၉-၅၁၉၇၈၇၇** တို့ပဲ ဖြစ်ပါတယ်။ ဒါ့အပြင် ရွှေဘုံသာလမ်းက တိုင်းရင်းဆေးဆိုင်များမှာလည်း ရရှိနိုင်ပါတယ်။ အကြောင်းစုံ သိချင်ရင်တော့ အထက်ပါဖုန်းနံပါတ်နဲ့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါတယ်။ ကဲ. . . သီတာရေ. . . ရောဂါတွေ အမြစ်ပြတ်ချင်ရင်တော့ **'တကယ်ထူးတဲ့ စပွါယ်ဖူးဆေးတိုက်'** ကို အမြန်ဆုံး ဖုန်းဆက်လိုက်နော်"

**ဆေးခန်းဖွင့်ချိန်က "နံနက်(၉-၁၁)နာရီ ညနေ(၄-၈)နာရီအထိ ရှိပြီး အခမဲ့ ဆွေးနွေးနိုင်ပါတယ်"**

"ကောင်းပါပြီ သူငယ်ချင်း"

သင်. . . အမှန်တကယ် ရောဂါပျောက်ချင်ရင် **တကယ်ထူးတဲ့ စပွါယ်ဖူးဆေးခန်း** နှင့် အမြန်ဆုံး ဆက်သွယ်လိုက်ပါ။

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# နတ်ကတော် စိန်မျက်ခုံး

(အခန်းဆက်ဝတ္ထုရှည်)

ကျော်မြသန်း

**(ယခင်လမှအဆက်)**

မန္တလေးတောင်သို့ ရောက်နေသည့် မလျှာအုပ်စုခေါင်းဆောင် အမည်မှာ စိန်မျက်ခုံး တင်တင်။

မှတ်ပုံတင်အရ ယောက်ျားအမည်မှာ ကိုအောင်နိုင်။ သို့သော် ကိုအောင်နိုင်ဆိုသောအမည်ကို စိတ်ထဲမှာပင် အမှတ်မထားတော့သည်ထင်ပ။ စကားပြောလျှင် "တင်တင်ကလေ၊ တင်တင်ကလေ"ဆိုသော နာသံနှင့် ပြောရသည်ကို အာတွေ့နေဟန်ရှိသည်။ ယောက်ျားကြီးတစ်ယောက်က ကန္နဲ့ကလျှနာသံလေးတင်ပြီး "တင်တင်ကလေ . . . တင်တင်ကလေ"အပြောကို နားထောင်ရသည်မှာ နားထဲတွင် အဆင်မချော။ ခိုးလိုးခုလုကြီး ဖြစ်နေသည်။

နက်မှောင်ထူထဲသော မျက်ခုံးနှစ်ဖက်မှာ နာခေါင်းအရင်းဖျားထိပ်သို့ သွယ်ကျနေပြီး နှစ်ဖက်သော မျက်ခုံးမွေးများမှာ အကွဲအခြား မရှိဘဲ တစ်သားတည်း ဆက်နေသည်။ အသားကဖြူသမို့ သူ၏မျက်ခုံးမှာ ပြက်ပြက်ထင်ထင်ကြီး ပေါ်လွင်နေသည်။ "စိန်မျက်ခုံးတင်တင်"ဟူသော အမည်မှာ သူ၏မျက်ခုံးကြီးကို အစွဲပြု၍ ခေါ်တွင်ခြင်းဖြစ်မည်ကို အမေးပုစ္ဆာထုတ်စရာ လိုအံ့မထင်ချေ။ ရုပ်မှည့်သည်။ သို့သော် ခံ့ခံ့ထည်ထည် ချောရိုပ်မထင်။ သွယ်သွယ်နွဲ့နွဲ့ ချောရိပ်ထင်နေသည်။ သူ၏မှုဟန်ကို ဘယ်လိုပင် နွဲ့အောင် နွဲ့ထားစေကာမူ ယောက်ျားခါးတုတ်ကြီးက မသွယ်မနွဲ့နိုင်ပေ။ ကြာပစ်ရာမှာတော့ မိန်းမရှုံးသည်။ မျက်လုံးအထားပေးပုံမှာ ထူးထင်လှ၏။ အိမ်က မိန်းမကိုပင် ခေါ်ပြီး ပြလိုက်ချင်စရာ။ အဲသည်လို အထာပေးလေး သင်ယူစမ်းပါဘိ။

ကိုအောင်နိုင် (ခေါ်) စိန်မျက်ခုံးတင်တင်မှာ ခေသူမဟုတ်။ ဘီအက်(စ်)စီ ဘွဲ့ ရပြီးသား။ သူနှင့်အတူပါလာသူ မလျှာကလေးများမှာ အားလုံးလိုပင် ရုပ်သန့်သန့်လေးတွေ။ မိဘမျိုးရိုး စစ်လိုက်သည့်အခါ အထက်တန်းလွှာ မိဘနွယ်ဝင်သူက သုံးယောက်။ နှစ်ယောက်က လူလတ်တန်းစား အလွှာထဲက။ တစ်ယောက်သာ မိဘအခြေအနေမတောင့်တင်းသူ ပါ၏။ အားလုံးမှာ အထက်တန်းပညာသင်နေဆဲနှင့် သင်ဖူးသူချည်း။

သူတို့အားလုံးမှာ စိန်မျက်ခုံးတင်တင် ခေါင်းဆောင်သော နယ်လှည့်အကအဖွဲ့ဝင်တွေ။ တစ်ခုတော့ရှိသည်။ သူတို့က ပလေးဘွိုင်တို့၊ အယ်(လ်)ပီဂျေတို့လို ခေတ်ပေါ်တီးဝိုင်းများနှင့် ကသူများမဟုတ်ကြပေ။ ရိုးရိုးရှုရှု နတ်ဒိုးသံနှင့် ဒိုးဒိုးဒန့်ဒန့်ကရသော ခေတ်သစ်တောင်ပြူးဖွားတွေ။ ခုခေတ် ဇာဇာ ရတနာတို့ နယ်တွေမှာ ခေတ်စားသလို၊ သူတို့ကလည်း နယ်တွေမှာ ခေတ်စားသည်။ နတ်ကန္ဒားပွဲအများစုက သူတို့ကို ဖိတ်ခေါ်ရသည်။ သူတို့ပါသည်ဟု ကြေညာလိုက်သည်နှင့် လူတွေ ကြိတ်ကြိတ်တိုးကြသလို၊ နတ်တွေက ပျော်သည်ဟု အစွဲထင်ကြ၏။ တတ်နိုင်သည့် ကန္ဒားပွဲများက သူတို့ကို တကူးတက ဖိတ်ရသည့် အစဉ်အလာရှိပေစွ။

ပြီး . . . စိန်မျက်ခုံးတင်တင်၏ အပေါအပြော။

www.burmeseclassic.com

နယ်တွေမှာဆို ငွေကို သုံ့ယူသလို ရသည်။ မောင်နိုစီးပွားဖြစ်ထွန်းသော နယ်တွေမှာဆို ထောင်ထုပ်ပိုက်ပြီး ပြန်ရသည်။ တစ်ထောင်-နှစ်ထောင် မမှတ်နှင့်။ ငါးထောင်အထက် ထောင်ထုပ်ကို ပိုက်ပြီး ပြန်ရသည်။

စိန်မျက်ခုံးတင်တင်က ဗေဒင်တတ်သည်။ လက္ခဏာတတ်သည်။ အင်္ဂဝိဇ္ဇာတတ်သည်။ သို့သော် သည်ပညာနှင့် အပေါ်မပြ။ သည်ပညာနှင့် အပေါ်ပြလျှင် ရကြေးမှာ နှစ်ဆယ်၊ အစိတ်ထက် ပိုမများ။ ကိုယ်လေးယမ်းပြီး ပြလိုက်ပြုံးလိုက်မှဖြင့် ငါးဆယ်ဆိုလည်း ဟုတ်သည်၊ တစ်ရာ,နှစ်ရာဆိုသည် လည်း ဟုတ်သည်။ တောင်ပြုံးဆက်ကြေးဆိုတာက အနည်းဆုံးရာနှင့်ချီပေး ရသည်။ ပခန်းဆက်ကြေးဆိုတာက အနည်းဆုံး ရာနှင့်ချီပေးရသည်။

ခု · · ·နယ်လှည့်အပြန် အကြဲ အဖန်ပစ္စည်းကယ်ရီယာလုပ်သည့် အုပ်စုနှင့်အတူ မသက်ာမှုနှင့် တွဲပြီး ဖမ်းဆီးထားခြင်းဖြစ်၏။

အနည်းဆုံး ရမန်ကြီးတစ်ပတ်တော့ နေရမည်။

ထောင်မှူးလေး ကိုသန့်ဇင်မှာ အချိန်မရသဖြင့် စုစုရရ စေ့စေ့ငငမလေ့လာနိုင်။ တစေ့တစောင်း လေ့လာပြီး ပြန်ခဲ့ရသည်။ သူတို့ ထောင်ထဲမှာ ရှိနေခိုက် လေ့လာရဦးမည်ဟု အတွေးပြီးပြီး ဖူးဝကြီးသို့ ပြန်ခဲ့ရသည်။

ဒါတောင် ကိုကိုထောင်မှူးကို အလုပ်ပေးလိုက်ကြသေး၏။

မန္တလေးမြို့ပေါ် ဘယ်သူ့ဆီကို အကြောင်းကြားပေးပါဦး။ ကိုကိုထောင်မှူး ကျေးဇူးမမေ့ပါဘူး။ အချိန်မရရင် တိုင်စီတုံးသွား။ တင်တင့်နာမည်သာပြော လိုက်၊ ကျသင့်သည့်ကားခသာမဟုတ်၊ ကိုကိုထောင်မှူး တောင်းချင်သလောက် တောင်း၊ ပေးလိမ့်မည်ဟု ဆိုလာသည်။

ကိုသန့်ဇင်က သူတို့အဆိုကို အငြင်းမပွား။ လိပ်စာယူပြီး ခေါင်းတော့ ညိတ်လာခဲ့ရသည်။ လုပ်ပေးမည်ဟု ကတိတော့မပေး။ ကြုံလျှင်လုပ်ပေးမည့် စကားဖြင့် ခေါင်းညိတ်ခဲ့ခြင်းပါ။ ဖူးဝသို့ အပြန်တွင် မလျှာတွေကိစ္စ သူ့ခေါင်းထဲမှာ စွဲထင်မလာတော့။ ကိုတလုတ်ကြီး ကိစ္စသာ သူ၏ခေါင်းထဲမှာ စွဲထင်လာသည်။ မနက်ဖြန်သည် သူ၏ရက်အား ဥပဒေစာအုပ်တွေလှန်မည်။ အေးကို ရုပ်ရှင်ပို့မည်။ ရုပ်ရှင်ကအပြန် အယူခံလွှာရေးမည်။ စိန်မျက်ခုံးတင်တင်ပေးလိုက်သော လိပ်စာရှင်ဆီသွားဖို့ကိုမူ အစီအစဉ်ထဲမှ ထုတ်ပယ်ထားလိုက်သည်။ သို့စေကာမူ ကိုသန့်ဇင်က စိတ်ရင်းကောင်းသူမို့ သူကိုယ်တိုင် မသွားပေမင့် မြို့ထဲသွားမည့် ဝါဒါလေး တစ်ယောက်ကို လမ်းကြုံဝင်စေပြီး အကြောင်းကြားခိုင်းလိုက်၏။

ကိုသန့်ဇင်မှာ အလုပ်စားပွဲတွင် ထိုင်စေပြီး လုပ်စရာရှိသည်များကို လုပ်နေစဉ် ဖူးကြီးပေါ်မှ သံချောင်းခေါက်သံ သုံးချက်ထွက်လာသည်။ ရုံးထွက်သမားများ ပြန်ချိန်နီးပြီ။ ရုံးထုတ်အကြိုအပို့ကား အဆင်ပြေလျှင် ရုံးထွက်သမားများ စောစောပြန်ရောက်မည်။ သူလည်း စောစော အိမ်ပြန်ရမည်။ ကားအဆင်မပြေလို့ နောက်ကျလျှင် သူလည်း အိမ်ပြန်နောက်ကျမည်။ မကြာမီ ရုံးထုတ်အချုပ်ကား ရောက်လာသည်။ သည်နေ့တော့ အချိန်မှန်ပဲ။ အစောင့်တာဝန်ခံရဲအရာရှိပေးလာသည့် ရမန်များကို ကြည့်ရှုစစ်ဆေးပြီး ပစ္စည်းနှင့်လူများကို တလာစီဖို့ တာဝန်ကျသူများကို အမိန့်ပေးလိုက်ရ၏။

အချုပ်ပြန်သူများထဲမှ ထောင်ကျသူများ ပါမပါ။ ရမန်ကို ပြန်၍စစ်ဆေးပြီး ထောင်ကျလာသူများကို ထောင်ကျရုံးခန်းအချုပ်သမားများကို အချုပ်ရုံးခန်းသို့ ပို့ပေးရန် အစီအစဉ်များပြုလုပ်ပြီး ခါးအညောင်းဆန့်လိုက်သည့် အချိန်တွင် ထွက်ပေါ်လာသည့် သံချောင်းခေါက်သံမှာ လေးချက်။ ဖူးဝတံခါးပေါက်ကလေးမှ အိမ်အပြန် လှမ်းထွက်လိုက်သည့်အချိန်မှာ လေးနာရီနှစ်မောင်း။

အုတ်ရိုးကြီးအတွင်းဘက်မှ အပြင်ဘက်သို့ ခြေချမိသည်နှင့် တစ်ကိုယ်လုံးပေါ့ဆင်းသွားသည်။ စိတ်ကြည်လင်ရွှင်ပျသွားသည်။

အိမ်အပြန် ခြေလှမ်းမြန်၍ သွက်လိမ့်မည်ကို ပြောစရာလိုအံ့မထင်။ ခြေလှမ်းသွက်သွက်ကလေး လှမ်းလာသော ကိုကိုထောင်မှူးကို အိမ်ဥပစာပြတင်းပေါက်မှ လှမ်းမျှော်ကြိုလင့်နေသည့် အေး၏မျက်နှာပေါ်မှာ အပြုံးသဇင်ပွင့်နေမည်ကိုလည်း ပြောစရာလိုအံ့မထင်။

ချစ်တတ်သူများအတွက် စကားလုံးတစ်ရာပြောသည်ထက် အပြုံးတစ်ချက်ပွင့်သည်က ပို၍နှစ်လိုဖွယ် အတိပြီးတတ်ပါလေ၏။

အေး၏အပြုံးမှာ ခါတိုင်းထက်ပို၍ လန်းဆန်းမြူးကြွနေသည်။ ချစ်ချစ်တို့အပြုံးထူးတင်လာပြီဆိုလျှင် ပြောစရာတွေ ရှိနေပြီလို့ သိပြီးသား။

ယူနီဖောင်းများလဲပြီး ပက်လက်ကုလားထိုင်ပေါ် ထိုင်လိုက်သည်နှင့်



www.burmeseclassic.com

www.burmeseclassic.com

အေး အနားရောက်လာသည်။ စကားပြောဖို့ ပါးစပ်ဟန်ပြင်လိုက်ရာ မောင်က လက်ညှိုးလေးဖြင့် အေး၏နှုတ်ခမ်းပါးလေးကို လှမ်းပိတ်ပြီး…

"ခွင့်ရဖို့သေချာပြီ မောင်ရေ။ အေးတို့ သွားရတော့မယ်။ အေး… ဒီလိုပြောမလို့မဟုတ်လား"

"ဟင်…မောင့်ဗိုက်ထဲက ပုဏ္ဏားလေးက တယ်ဟုတ်ပါလား"

"ပုဏ္ဏားလေးကြောင့် မဟုတ်ပါဘူး။ အေးရဲ့အပြုံးကို အကဲခတ်တတ်တဲ့ ပညာတော်လို့ပါ"

"ဘယ်လို မောင်ရဲ့"

ကိုယ့်ချစ်ချစ်ရဲ့အပြုံး။ ကိုယ့်ချစ်ချစ်ရဲ့ မျက်နှာအနေအထားကိုမှ အကဲခတ်တတ်ရင် အဲဒီမောင်မောင်ဟာ လူရျော်ပဲပေါ့ အေးရဲ့"

"ဒါဖြင့် မောင်က လူတော်ကြီးပေါ့"

"ဆိုပါတော့"

"ကဲ…ရေချိုးတော့မောင်။ ဒီနေ့ မောင်ကြိုက်တာတွေ ချက်ထားတယ်"

"ဘာတွေများ ချက်ထားလို့လဲ အေးရဲ့"

"ချဉ်ပေါင်နဲ့ မျှစ်ကလေး မွှေထားတယ်။ ဝက်သားပြုတ်ကြော်လေးကို ကြက်သွန်ဥကြီးနဲ့ ခရမ်းချဉ်ဦး အုပ်ပြီး မြှုပ်ပေါင်းထားတယ်။ မောင့်အကြိုက် ငါးပိန်းမငါးပိကောင်လေးကို ရဲပြီး ကြွပ်နေအောင် ကင်ထားတယ်မောင်"

"စားကောင်းမှာ သေချာပြီ အေး ရေ။ အိုကေ…မောင် ရေချိုးလိုက်ဦး မယ်။ ထမင်းပွဲသာ အဆင်သင့်ပြင်ထား လိုက်ပေတော့"

လင်မယားနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး စကားတပြောပြောနှင့် ထမင်းစားရသည်မှာ ဗိုက်ကို လှုပ်သွင်းလိုက်သလို ပြည့်တင်းသွား၏။ ကိုသန့်ဇင်က အေးသိချင်သော မလျာတွေအကြောင်း တစေ့တစောင်း လေ့လာခဲ့သည်များကို ပြောပြခဲ့ရာ အေးမှာ ပါးစပ်ကလေး ဟပြီး အငေးသား နားထောင်ခဲ့ရ၏။ ထောင်ထဲမှာ တွေ့ကြုံခဲ့ရသမျှ ထူးထွေသည့်အံ့ရာသော်လေးများကို ပြန်လည် ဖောက်သည်ချသည့်အခါတိုင်း အေးမှာ တအံ့တသြ၊ တငေးတမော နားထောင်ခဲ့ရ၏။ ထမင်းစားရင်း စကားပြောရသူမှာ ကိုသန့်ဇင်။ ထမင်းစားပြီး စကားပြောသူမှာ အေး။ ထောင်မှူးကြီးကတော် ပြောပြသည့် အင်းတော်ကြီးဘုရားအကြောင်း တစေ့တစောင်းကို အေးက ဖောက်သည်ချခဲ့၏။

ချစ်မောင်မောင်၏ မျက်နှာပေါ်တွင် ထင်နေသည့် အပြုံးက တစ်မျိုး။

"မောင်… အေးပြောနေတာကို စိတ်ဝင်စားရဲ့လား"

"ဘာဖြစ်လို့လဲ အေးရဲ့"

"မောင်ပြုံးပုံက တစ်မျိုးကြီးလေ"

"အေးလည်း အကဲခတ်ပညာ တော်လာပြီ"

"မောင်က ဘာကိုပြုံးတာလဲ"

"စဉ်းစားမိလို့ပါ အေးရဲ့"

"ကဲ…ဒါဖြင့်ပြော"

"မောင်တို့ ယောက်ျားတွေက ပါးစပ်ကြီးတယ်၊ အသံလည်းကျယ်တယ်။ အေးတို့ မိန်းမတွေက ပါးစပ်လည်း သေးတယ်၊ အသံလည်းတိုးတယ်။ ပြောကြပြီဆိုရင်တော့ ပါးစပ်သေးသေးလေးတွေပြောတာ ပိုပြီး အောင်မြင်တယ်ဗျ။ ခုကြည့်…မောင်သာပြောရင် ခွင့်ရဖို့ မလွယ်သေးသပ။ အေးပြောလိုက်တော့ ခွင့်ရတာ လွယ်မှလွယ်။ အဲဒါ စဉ်းစားမိလို့ ပြုံးတာပါ အေးရဲ့"

"မောင်ကတော့ ပြောရော့မယ်"

"နက်ဖြန် အေး ဘာကားကြည့်မလဲ"

"မောင်ပြတဲ့ကား ကြည့်မယ်"

"ဒါဖြင့် အချုပ်ကားကြီး ပြရင်ကော"

"တော်ပါ"

"မောင့်အယူခံကိစ္စတစ်ခု ရေးစရာရှိလို့ ဥပဒေစာအုပ်ပြန်လှန်လိုက်ဦးမယ်။ အေး ပျင်းများနေမလားလို့"

"မပျင်းပါဘူး မောင်။ အေးလည်း ချုပ်စရာလေးတွေရှိတာ ချုပ်လိုက်ဦးမယ်"

အေးက မနက်ဖြန် အုန်းနို့ခေါက်ဆွဲချက်မည်။ ကိုသန့်ဇင်အားရက်တိုင်း မုန့်တစ်မျိုးမျိုး လုပ်တတ်သည်မှာ အေး၏ ဝါသနာဖြစ်၏။ မုန့်ဟင်းခါးချက်သည့်အပတ်၊ မုန့်တီလုပ်သည့်အပတ်ရှိသလို၊ အုန်းနို့ခေါက်ဆွဲချက်သည့် အပတ်၊ ခေါက်ဆွဲကို ကပြားကြော်ကြော်သည့်အပတ်၊ အသုပ်စုံလုပ်သည့်အပတ် ဟူ၍ တစ်ပတ်နှင့်တစ်ပတ် အစားမထပ်ရအောင် လုပ်ခဲ့သည်မှာ ကိုသန့်ဇင်နှင့် ရသည့်အချိန်မှစ၍ ယနေ့တိုင်အောင်ပင်။

မုန့်ကြီးလုပ်သည့်နေ့ဆိုလျှင် ထမင်းအလွတ်။ ထောင်ပိုင်ကြီးကတော်တို့၊ ထောင်မှူးကြီးကတော်တို့ စားဖို့လည်း ပို့လိုက်သေးသည်။ ခင်မင်ရာ ထောင်မှူးကတော်များကိုလည်း အိမ်ဖိတ်ကျွေးလိုက်သေးသည်။ အေး စက်ချုပ်၍ရသည့် ဝင်ငွေမှာ တစ်ပတ်တစ်ခါ မုန့်



www.burmeseclassic.com

www.burmeseclassic.com

ကြီးလုပ်ဖို့အတွက်လို ဖြစ်နေသည်။ ကိုသန့်ဇင်ကလည်း မကန့်ကွက်။ စက်မချုပ်ရန် တားမရသည့်အဆုံး သူ့ဝင်ငွေနှင့်သူ လုပ်ချင်ရာလုပ်ပေရော့ဟု လွှတ်ပေးထားလိုက်၏၊ နို့မဟုတ်ရင် အလုပ်ဝင်လုပ်မည်ဟု နားပူနားကျည် တိုက်လိမ့်မည်။ အေးက ဆယ်တန်းအောင်ပြီးသား။ သို့မို့ကြောင်က အိမ်မကွာ၊ ကြမ်းမကွာ လုပ်ပါစေတော့ဟု အလျှော့ပေးထားရသည်။

အချုပ်အလုပ်ကျတော့လည်း မျက်စိအလွတ်တတ်၏။ နိုင်ငံခြားက လာသော ဂါဝန်ပုံဆန်းကလေးများကို ကက်တလောက်ထဲကအတိုင်း ပုံထွက်လာအောင် ချုပ်တတ်သည်။ မန္တလေးထောင်ရောက်သည်မှာ တစ်နှစ်ကျော်ကျော်ပဲရှိသေးသော်လည်း ကြော်ငြာမလုပ်ရဘဲ နန်းတွင်းက ဘိုကတော်တွေအားလုံး အေးချုပ်တာမှလို့ ဖြစ်နေကြပြီ။ တစ်ခုတော့လည်း ကောင်းသည်ဟု ဆိုရမည်။ ထောင်မှူးအလုပ်ဆိုတာက အိမ်ကသားမယားနှင့် နေရသည့်အချိန်က အနည်းသား။ ထောင်ပတ်ဝန်းကျင်ဆိုတာက အပြင်ဘုတ်ထွက်၊ ထောင်ကျများနှင့် အုတ်ရိုးကလွဲ၍ ကြည့်စရာအရှားသား။ တစ်ယောက်တည်း အိမ်မှာနေရရင် အလွန်မှ ပျင်းစရာကောင်းသည်။ လိုင်းထဲက ဗိုင်းထဲရောက်ကြသည်မှာ ဒါကြောင့်လား မသိ။

အိမ်မှာ သူ့အလုပ်ကလေးနဲ့သူဆိုတော့ ဣန္ဒြေလည်းရသည်၊ ဝင်ငွေလည်း ရသည်။

ကိုသန့်ဇင်မှာ တချောက်ချောက်၊ တချက်ချက်မြည်နေသည့် စက်သံကို နားသောတဆင်ရင်း ဥပဒေစာအုပ်ကြီးနှင့် အလုပ်ရှုပ်နေ၏။ စက်သံရပ်သွားသည်ကို သူသတိမထားမိလိုက်။

"မောင်. . ."

သည်တော့မှ အေးကို လှမ်းကြည့်လိုက်မိသည်။ အေးက နာရီကို လက်ညှိုးထိုးပြလိုက်၏။

ဆယ်နာရီထိုးရန် ဆယ့်ငါးမိနစ်။

ကိုသန့်ဇင်က စာအုပ်များသိမ်းဆည်းပြီး အညောင်းဆန့်လိုက်စဉ် အနားသို့ရောက်နေသည့် အေးလက်ထဲမှာ ဖီးကြမ်းငှက်ပျောသီးတစ်လုံးနှင့် ရေတစ်ဖန်ခွက်။

ကိုကိုထောင်မှူး၏ ကျန်းမာရေးအတွက်။

* * *

ထောင်ဝန်ထမ်းများသည် တစ်ပတ်လျှင် တစ်ရက်သာ နားရသော ရက်အားရသည့်နေ့၌ ပြင်ပသို့ စိတ်လွတ်ကိုယ်လွတ် ထွက်နိုင်ကြ၏။ သည်လိုနေ့များမှာသာ မိတ်ဆွေသင်္ဂဟ အပေါင်းအသင်း ရောင်းရင်းများထံ အလည်အပတ်ထွက်နိုင်ကြရာ အုတ်ရိုးနှင့် လွတ်ကင်းရာ အပြင်လောကနှင့် ပတ်ဝန်းကျင်ကို ထိတွေ့ရသည်မှာ ထိုတစ်နေ့သာ။ ကိုသန့်ဇင်မှာ မန္တလေးတွင် မိတ်ဆွေများများစားစား မရှိသဖြင့် အားရက်များမှာ ဝင်းလိုက်ရုံသို့သာ ခြေဦးလှည့်ကြ၏။ တစ်ခါတစ်ရံတော့လည်း ရွှေနဂါးရုံဘက်သို့ လှည့်ကြသည်၊ အများအားဖြင့်တော့ ဝင်းလိုက်ရုံသို့သာ။ ဝင်းလိုက်မှာက သူတို့နှစ်ယောက်စလုံး အကြိုက်ညီသော အင်္ဂလိပ်ကားများ ပြသသောကြောင့်ပင်။

သည်နေ့လည်း ဝင်းလိုက်ကို ဦးတည်ထွက်ခဲ့ကြ၏။

လမ်းတွင် အေးက သတိတရ စကားဆိုလာသည်။

"မောင်ရေ. . .ကိုကိုထောင်မှူး အဆက်တွေ မှာလိုက်တဲ့ဆီ သွားမပြောတော့ဘူးလား။ လမ်းလည်းကြုံသားပဲဟာ"

"ဝါတာလုအေးကို ပြောခိုင်းလိုက်ပြီ အေးရဲ့"

"ခု လမ်းကြုံနေသားပဲဟာ။ သူတို့ပေးလိုက်တဲ့ လိပ်စာရှင်ဟာ ဘယ်လိုအနေအထားမျိုးလည်းဆိုတာတော့ ခရီးသွားဟန်လွှဲ အကဲခတ်ရရင် မကောင်းဘူးလား"

"စုံထောက်ဒေါ်စိုးရှားသွားရင်. . . ကိုစိမ်းမောင်လည်း လိုက်ရမှာပ"

ရပ်ရှင်ရုံသွားသည့်လမ်းနှင့် ခရီးကြုံနေသော လိပ်စာပါ နေရာကိုဖြတ်၍ တိတ်တခိုး အကဲခတ်ကြည့်လိုက်ရာ ကိုသန့်ဇင်ရော အေးပါ မျက်လုံးပြူးသွားရသည်။ နောက်ဆုံးပေါ် ပုံစံအတိုင်း ဆောက်ထားသော တိုက်ကြီးမှာ ဟည်းထနေသည်။ တိုက်ကြီးဟည်းထနေသည့်ထက် တိုက်အဝင်တံခါး ဆောတိုင်တွင် ချိတ်ဆွဲထားသော ဆိုင်းဘုတ်ကပို၍ မျက်လုံးပြူးစရာ။ မန္တလေးတွင် အရေးပါအရာရောက်သည့် မြို့မျက်နှာဖုံး ပုဂ္ဂိုလ်ကြီးတစ်ဦး၏တိုက်။ ဒေါ်စိုးရှားက မှတ်ချက်ချလိုက်သည်။

"ကေန္တ. . .ကိုကိုထောင်မှူးအဆက်က ပေးလိုက်တဲ့လိပ်စာရှင်ဟာ ဒီပုဂ္ဂိုလ်ကြီးရဲ့ ဇနီးပဲဖြစ်ရမယ်"

"ဒါဆို ရုပ်ရှင်ရုံမြန်မြန်သွားတာပဲကောင်းတယ် ဒေါ်စိုးရှားရေ။ နို့မဟုတ် ကျုပ်တို့ပါ စက်ကွင်းမလွတ်ဖြစ်နေဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com

“ဘာလို့ဖြစ်ရမှာလဲ မောင်ရဲ့။ ကျေးဇူးတော် တင်ဦးမှာ။ အရေးဟယ် အကြောင်းဟယ်ဆို ကိုယ့်ဖို့လည်း အားကိုးတစ်ခုရတာပေါ့။ မောင်ပဲ ပြောတယ် မဟုတ်လား။ ပါးစပ်သေးသေးနဲ့ အသံမကျယ်သူတွေပြောတာဟာ ပိုပြီးအောင်မြင်တယ်ဆို”

“ထားလိုက်ပါတော့ ဒေါ်စိရှားရယ်။ ဝင်းလိုက်ကိုသာ မြေကြောရှုံ့ကြပါစို့”

အစားမတော်တစ်လုတ်၊ အသွားမတော် တစ်လှမ်း၊ အဝင်မတော် တစ်ချက် ဆိုစကားရှိသားပဲဟာ။ အရေးပါသော ပုဂ္ဂိုလ်ကြီး၏ဇနီးဖြစ်သူ အဆက်မဟုတ်ဘဲ အိမ်တော်ပါထဲက တစ်ယောက်ယောက် အဆက်အသွယ်ဖြစ်နေရင် မခက်ပါလား။ စိန်မျက်ခုံးတင်တင်သာ ပုဂ္ဂိုလ်ကြီး၏ဇနီးအဆက်အသွယ်ဖြစ်ခဲ့ပါမူ အတိုင်းထက်အလွန် တံခွန်နဲ့ ကုက္ကားဆိုသလို ဖြစ်ရချိမ့်မည်သာ။

ရုပ်ရှင်ကြည့်နေရင်း ကိုသန့်ဇင် ခေါင်းထဲသို့ အတွေးတစ်ခု ဝင်လာသည်။ မနက်ဖြန်ကျရင် လုံးပြားတန်းစီး ...ဖို့ မှာထားဦးမှ။ သူတို့ကို သိပ်ပြီးတော့လည်း အကြမ်းပတမ်းမကိုင်နဲ့။ ဥပဒေနဲ့ ဆန့်ကျင်ရင် လျှော့ပေးတန်သလောက် လျှော့ပေးဖို့၊ သူတို့က အပြင်ရောက်ပြီး ...တော်တရော် တိုင်လားတောလား ...တော်သွင်းနေမှဖြင့် အခက်။ ဒါမျိုး ... ထင်ပေါ်စရာရှိ မထင်ပေါ်ပေမယ့် ...ဆိုရင် တစ်ချက်တည်း ဟက်တက် ...တတ်သည် မဟုတ်ပါလား။

“မဇ္ဈိမ ပဋိပဒါ” လို့ ရှင်တော်ဗုဒ္ဓ ... ဟောကြားခဲ့သည်။

တင်းလွန်းလျှင်ပြတ်၊ လျော့လွန်းလျှင် ပတ်တတ်သည်။

မလျော့မတင်း စောင်းကြိုးတင်းသကဲ့သို့။

ကိုသန့်ဇင်၏ အာရုံမှာ ဝိတ်ကားပေါ်မှ ထောင်အုတ်ရိုးကြီးဆီသို့ ပြန်ရောက်သွားရသည်။

အဲသည်နေ့က ရုပ်ရှင်ကြည့်ရသည်မှာ ဖီလင်မငြိမ့်။

အိမ်အပြန်လမ်းမှာ ကိုသန့်ဇင်က သူ၏အတွေးစဉ်လေးကို ပြောပြခဲ့ရာ အေးနွတ်ဖျားဆီမှ ထွက်ပေါ်လာသည့် ရယ်သံမှာ စူးစူးထင်ထင်လေး ရှိသွားရသည်။

“မောင်ရယ်···အစိုးရိမ်လွန်ရန်ကော။ မောင်နဲ့ အေးနဲ့ မူကြိုကျောင်းဖွင့်စားရင်တောင် ထမင်းတစ်လုတ်တော့ အေးအေးပါ မောင်၊ ပူမနေစမ်းပါနဲ့”

“အေးကလည်း ပြောရော့မယ်၊ မူကြိုဖွင့်ရမယ်လို့၊ ကျူရှင်ဖွင့်မှာပေါ့”

“ဟော···မောင် ခေတ်နောက်ကျသွားပြီ။ ကျူရှင်က အောင်ချက်ကောင်းမှ စားသာတာ။ မူကြိုက အောင်ချက်ကောင်းဖို့ မလိုဘူးလေ။ သူလည်း စားသာတာပဲ”

“ဟိုး···ဟိုး···ဒါကြောင့်လည်း ဒေါ်စိရှားလို့ နာမည်ကြီးပေတာကိုး”

နောက်တစ်နေ့တွင် ထင်သည်ထက် ပို၍ အံ့သြစရာအကြောင်းနှင့် ခုံဆည်းရလိမ့်မည်ကိုမူ ကိုသန့်ဇင် ကြိုတင်အကဲမဖြတ်နိုင်ခဲ့ပါလေ။

* * *

(၃)

ထိုနေ့သည် အချုပ်ထောင်ဝင်စာနေ့။

ထောင်များတွင် ထောင်ကျ ထောင်ဝင်စာနေ့နှင့် အချုပ်ထောင်ဝင်စာနေ့ကို ရက်ခွဲခြား သတ်မှတ်ထား၏။ ထောင်ကျထောင်ဝင်စာနေ့မှာ အချုပ်ထောင်ဝင်စာ မတွေ့ရသလို၊ အချုပ်ထောင်ဝင်စာနေ့တွင်လည်း ထောင်ကျထောင်ဝင်စာ မတွေ့ရပေ။ ထောင်ကျ ထောင်ဝင်စာနေ့ထက် အချုပ်ထောင်ဝင်စာနေ့ကို ပို၍ သတိထားရသည်။ အချုပ်သမားက ထောင်ကျထက် အကြံပိုများသည်။ မလည်ရှုပ် လုပ်တတ်သည်။ ထောင်ကျများလို ပုံစံအထာမကျသေးသဖြင့် စည်းကမ်းဘောင်ကို ကျော်တက်ကြသောကြောင့် ပို၍ သတိမူရခြင်းဖြစ်ပေသည်။

ပထမအသုတ် အချုပ်ထောင်ဝင်စာများ တွေ့ဆုံပြီးသွားကြပေပြီ။ ထုံးစံအတိုင်း ဗူးလုံးနားမထွင်း စကားသံများဖြင့် အချိန်စေ့ခေါင်းလောင်းသံ ထွက်ပေါ်လာပြီးနောက် ဆယ့်ငါးမိနစ် တွေ့ဆုံရန် တစ်မနက်လုံး အချိန်ယူရသော ထောင်ဝင်စာ ပြီးဆုံးသွားတော့၏။

ဒုတိယသုတ် ထောင်ဝင်စာမှာလည်း ထိုနည်းလည်းကောင်းသာပင်။

စိန်မျက်ခုံးတင်တင်ကို ထောင်မှူးလေး ကိုသန့်ဇင်ကိုယ်တိုင် သွားခေါ်လာရသည်။ လမ်းတွင် စိန်မျက်ခုံးတင်တင်က သူနှင့်လာတွေ့ဖို့လာသူမှာ ဘယ်သူဘယ်ဝါပေါ့ဟု ထုတ်ဖော်ပြောဆိုလိုက်သည့်အခါ တအံ့တသြကြီး ဖြစ်သွားရသည်။ သူ၏ရင်ထဲတွင် မြည်တမ်းလိုက်မိသည်မှာ “အို့ဟိုး···ဒါကြောင့်ကိုး” ဟူပါ၍။

တစ်နာရီနီးပါး တွေ့ဆုံပြီးမှပဲ ပြန်သွားကြသည်။ သူတို့ ဘာတွေပြောကြဆိုကြသည်ကို မသိ။ ထောင်မှူးကြီး



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တိုင် ရှောင်ပေးသွားသဖြင့် သူလည်း ခပ်ဝေးဝေးကသာ နေရသည်။ သူတို့ ဘာတွေပြောကြသည်ကို မကြားရ။ စတွေ့ကတည်းက တစ်ပြောတည်း ပြောနေသူမှာ စိန်မျက်ခုံးတင်တင်။ ခေါင်းတညိတ်ညိတ်နှင့် တလေးတစား နားထောင်နေသူမှာ ထောင်ဝင်စာလာတွေ့သူ အမျိုးသမီးကြီးဖြစ်၏။ ပေးသွားသော ပစ္စည်းများ မနည်းပါ။ စိန်မျက်ခုံးတင်တင်တစ်ယောက်တည်း မနိုင်လို့ ထောင်ကျဗာရာတစ်ယောက်က ထမ်းပိုးပြီး လိုက်ပို့လိုက်ရသည်။

ထိုနေ့က တွေ့ရသည့် တအံ့တသြဖြစ်စရာ အနေအထားကြောင့် မလျာအုပ်စုအပေါ် အထင်မကြီးသော်လည်း သူတို့အကြောင်း သိကောင်းစရာများကို စုစုရုံးရုံး လေ့လာမည်ဟု ဆုံးဖြတ်လိုက်မိ၏။

အထူးထောင်ဝင်စာကြောင့် ထမင်းစားပင် နောက်ကျသွားရသည်။ ဗာရာက ထမင်းသွားယူရမလားဟု မေးလာသည်ကို ခေါင်းခါပြလိုက်၏။ လုံးတီးထမင်းကို လျှာလည်နေပြီဖြစ်သော ကိုသန့်ဇင်မှာ တစ်နေ့လုံးတာဝန်ကျသော နေ့များ၌ မနက်စာကို အိမ်ပြန်မစားတော့ဘဲ လုံးတီးထမင်းဖိုကြီးမှ အကျန်ဟင်းနှင့် ပြီးလေ့ရှိသော်လည်း ထိုနေ့မနက်ကမူ ဒေါ်စံရှားကြီးထံ သတင်းထူးပို့ရန် ရင်ထဲမှာ လှုပ်ရှားနေသောကြောင့် ထမင်းစားပြန်ထွက်ခဲ့၏။

မနက်စာထမင်း ပြန်မစားတော့ဘူးလို့ မှာသွားပြီးမှ မောင်တော် ထမင်းစား ပြန်လာသဖြင့် အေးမှာ လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားရသည်။ မောင် ဘာများဖြစ်လာသလဲလို့ စိတ်ထဲ ထင့်ခနဲ ဖြစ်သွားရသည်။

"မောင် ထမင်းပြန်မစားတော့ဘူးဆို"

"အေးကွာ။ ပြန်မစားတော့ဘူးလို့ပဲ၊ အေးကို အကြောင်းထူးလေး ပြောချင်တာနဲ့"

"ဘာများလဲမောင်။ အေးတို့ အင်းတော်ကြီးသွားဖို့ အစီအစဉ် အဆင်မပြေလို့လား။ အလုပ်ထဲမှာ ပြဿနာပေါ်လို့လား"

"မဟုတ်ပါဘူး အေးရဲ့။ အေးအေးဆေးဆေး ပြောရမယ့်စကားပါ။ ထမင်းစားရင်း ပြောကြတာပေါ့"

"ဒါဖြင့် ခဏလေးနော်။ ထမင်းခူးလိုက်မယ်"

"အေး···အေး"

ထမင်းစားရင်း သည်နေ့မနက် အတွေ့အကြုံများကို ပြန်ပြောပြခဲ့ရာ တအံ့တသြ နားထောင်နေသူ အေးက "အေးတို့ပဲ ခေတ်မမီတာလား။ လောကကြီးကပဲ ကမောက်ကမဖြစ်နေတာလား ဆိုတာ အေးတော့ မစဉ်းစားတတ်အောင်ဘဲ မောင်ရေ"ဟု မှတ်ချက်ချလိုက်၏။

မထင်အပ်ရာသူတွေက မလျာနတ်ဝင်သည်တွေကို အလေးအမြတ်ဆည်းကပ်နေကြသည်မှာ စဉ်းစားစရာဖြစ်ခဲ့ရချေ၏။

"မောင်လွှတ်လိုက်တဲ့က ကောင်လေးက အသေအချာ သွားပြောလို့ ဖြစ်မှာပေါ့နော်"

"သွားပြောတာက လှအေး၊ နာမည်ရတော့ မောင်ဖြစ်နေပြီ အေးရဲ့"

"ယောက်ျားတွေကတော့ သိမှာမဟုတ်ပါဘူး မောင်ရယ်။ မိန်းမတွေက အကဲပါနေတာပဲ ဖြစ်မှာပါ"

"ရေမြင့်မှ ကြာတင့်တယ်ဆိုတဲ့ စကားလိုပေါ့ အေးရယ်။ ကြာတင့်အောင် ရေဖြည့်ပေးရတာ ဖြစ်လိမ့်မပေါ့"

"ခွင့်မကျသေးဘူးလား မောင်"

"မကျသေးဘူး အေးရေ။ အေးလုပ်ထားတာပဲ၊ သေချာမှာပါ။ ပြင်စရာရှိတာသာ ပြင်ထားပေါ့။ ကဲ···မောင် ထောင်ထဲပြန်ဝင်လိုက်ဦးမယ်။ တာ့တာ···ဘိုင့်ဘိုင်"

* * *

ထိုနေ့မှ စ၍ ကိုသန့်ဇင်တစ်ယောက် အချိန်အားရတိုင်း မလျာတိုက်ဘက်သို့သာ ခြေဦးလှည့်နေခဲ့၏။ အချင်းချင်း၏ နောက်ပြောင်မှုကိုပင် ခံလာရသည်အထိပင်။ သူကလည်း သူ့အကြောင်းနှင့်သူ။

မလျာတိုက်နားရောက်လျှင် သီချင်းသံများ ပျံ့လွင့်လာစမြဲ။ သူတို့ကတော့ ပျော်ပျော်ပါးပါး၊ သီချင်းတအေးအေးနှင့် ကလို့များပင် နေလိုက်သေး။ ယောက်ျားအချုပ်သားတွေလို ပူပင်သောက ခတ်မနေကြ။ သူတို့ကိုယ်သူတို့ သနေကြသည်။ မိန်းမဆောင်က မိန်းမအချုပ်သမ၊ အကျဉ်းသမများကပင် အရှုံးပေးရမည်ထင်သည်။ မိုးလင်းသည်နှင့် သူတို့ မျက်နှာပေါ်မှာ မိတ်ကပ်တင်ပြီးသား။ အလှခြယ်ပြီးသား။ အလှခြယ်သစရာပစ္စည်းပစ္စည်းများကို ခါးထဲမှာ အပါယူခဲ့ကြရာ တလာစီသူများက ဥပဒေနှင့်မဆန့်ကျင်သော ပစ္စည်းများဖြစ်သမို့ ယူခွင့်ပေးခဲ့ကြ၏။

မိန်းကလေးများသည် စကားပြော



www.burmeseclassic.com

တတ်သည့်အရွယ်မှ စ၍ အလုပြင်တတ်သည်ဟု ဆိုစကားရှိ၏။

မွေးကတည်းက အလုပြင်ဖို့ ဗီဇပါလာသော မိန်းကလေးများထက်ပင် သူတို့က ပို၍ အလုပြင်တတ်ကြသည်။ အလှအပခြယ်သရာတွင် မိန်းကလေးများ သူတို့ကို အရှုံးပေးရမည်ရှိသလို၊ သွားဟန်လာဟန် မျက်နှာပေးအမူအရာ ကန့်ကလျှနိုင်ပုံမှာလည်း မိန်းကလေးများထက်ပင် သူတို့က သာပေစွ။

အဲ . . . ထူးခြားမှုတစ်ခုတော့ရှိသည်။ သူတို့အချင်းချင်း ပြောကြ ဆိုကြ နေထိုင်ကြသောအခါတွင်မူ မိန်းမဟန်များပျောက်၍ ယောက်ျားဟန်အတိုင်း နေထိုင်ပြောဆိုကြသည်။ ကန့်ကလျှအမူအရာတွေ မလုပ်ကြတော့။ ခေါင်းတင်မောင်းတင် နေကြပြန်ရော။

စိန်မျက်ခုံးတင်တင်မှာ ရန်ကုန်မိန်းမလျာအုပ်စုထဲမှ ဂရိတ်တွေထဲက ဂရိတ်စူပါစတားတစ်ယောက် ဖြစ်၏။ သူ့မှာ ယောက်ျားရှိသည်။ သူ့ယောက်ျားကောင်လေးက သူ့ထက်ငယ်သည်။ စမတ်ကျကျဝတ်၊ စတိုင်ကျကျနေ၊ သူဌေးသုံးသုံးပြီး ဇိမ်နှင့်နေရသည်။ ဘာအလုပ်မှ မလုပ်ရ။ နေကြော့ကြော့၊ သွားကြော့ကြော့။ တစ်ခုတော့ရှိသည်။ မိန်းကလေးမြင်ရင် မရိတ်ရ၊ မချိတ်ရ။ လမ်းသွားစဉ် မိန်းကလေးချောချော လှလှမြင်လို့ မျက်စိရောက်သွားလျှင် စိန်မျက်ခုံးတင်တင်၏ တံတောင်က နံကြားကို ဒုတ်ခနဲ၊ ဒုတ်ခနဲ လာဆောင့်လိမ့်မည်။ အွန့်ခနဲ၊ အင့်ခနဲ အသံထွက် [illegible]လောက်အောင် တံတောင်ဆစ်ထိခံရမည်။ တံတောင်ဆစ် ဝင်မလာလျှင်လည်း လက်ညှိုးနှင့်လက်မ ဝင်လာတတ်သည်။ "အို . . . အမေ့"ဆိုသော အသံမျိုးထွက်အောင် မိရာနေရာကို ဆွဲလိမ်သည်ကိုလည်း ခံရတတ်၏။ မတော်ရာဟူ၍ မထား၊ မိရာနေရာကို ဆွဲလိမ်လိမ့်မည်။

သူမှ သူ့ကိုသာချစ်၊ နေသည့်၊ ထိုင်သည့်နေရာမှာတော့ သူဌေးသား အရှုံးပေးရလောက်အောင် နေရမည်။ သူ့အပြင်ဆိုရင်တော့ တစ်ထွာသာသာ ပစ္စည်းကြီးကို ပြထားလေရဲ့ ဦးကလည်း ချွန်မှချွန်။ အသွားကလည်း ထက်မှထက်။ မျှော့ကြောင်းပါသော ဓားမြှောင်တစ်ချောင်း။ "ဒါကြည့်ထား၊ နံကြားထဲ စွပ်ခနဲဝင်သွားမည်"ဟု ရာဇသံပေးထား၏။

သည်နေရာမှာတော့ မိန်းမတွေနှင့် ကွာသည်။ မိန်းမတွေက ကိုယ့်လင်သားကို ကြိမ်းရင် ပါးစပ်ပဲပါသည်။ လက်က အပါခဲသား။ သူတို့ကတော့ လက်ပါသည်။ သူတို့က မျက်ရည်ခံမထိုးတတ်။ ပြောလို့ရရင်ရ၊ မရရင် ထိထိမိမိလေး လုပ်တတ်သည်။

အတိတ်တဝက မည်သို့သော ဝဋ်တုံ့ဝဋ်လည်ကြောင့် ယောက်ျားရင့်မကြီးက မိန်းမအသွင်ပြောင်းရသည်ကို အဖြေရှာ၍မရလောက်အောင် မိန်းမလျာတွေကို ဝဋ်တုံ့ဝဋ်လည် ကြီးပါပေ့ဟု ပြောရမည်သို့ရှိသလို၊ မိန်းမလျာယောက်ျားဆိုသူများကိုလည်း ဘဝဝဋ်ကြွေး ဘယ်သို့ရှိလေသနည်းဟု ဆိုရပေမည်သာ။ ယောက်ျားရင့်မကြီးဖြစ်သည်ကို သိပါလျက် မိန်းမအသွင် အထင်ထားပြီး လင်မယားအသွင် ပေါင်းသင်းနေရသည်မှာ ခက်မှခက်လှပါဘိဟု ဆိုစရာ၊ ရှိပါစေတော့။ မလျာယောက်ျား အင်အားစုကို နည်းသည်ဟူ၍တော့ မထင်လိုက်ပါနှင့်။ အများကြီးပါ။ မလျာဦးရေနှင့်အမျှ ရှိပါသည်။ တချို့က ပင်တိုင်ထားသည်။ တချို့က ဘော်ဒါသဘောမျိုး ထားသည်။ မည်သို့ပင်ဆိုစေ မလျာတိုင်းမှာ ပင်တိုင်ယောက်ျားရှိသလို ဘော်ဒါယောက်ျားလည်း ရှိသည်။

မလျာတွေကသာ သူတို့ယောက်ျားအတွက် သဝန်တိုကြသည် မဟုတ်ပေ၊ မလျာယောက်ျားတွေကလည်း သူတို့မိန်းမတွေအတွက် သဝန်တိုကြသည်။ သူ့အပြင်ရှိသည်ကြားလျှင် တုတ်ဆွဲ၊ ဓားဆွဲအဖြစ်မျိုးပင် ဖြစ်ကြသည်များ ရှိဖူးသည်ဟု ဆိုလေသတတ်။

တစ်ခုတော့ တူညီတာရှိသည်။ မလျာတိုင်း ပင်တိုင်ယောက်ျားဖြစ်စေ၊ ဘော်ဒါယောက်ျားဖြစ်စေ သူတို့က အလုပ်မလုပ်ရ။ သူတို့က ငွေကြေးမထောက်ပံ့ရ။ မလျာတွေကသာပေးမည်။ သူတို့က ကြော့ကြော့မော့မော့ နေရုံသာ။

မလျာတွေထဲမှာ သူဌေးသားမလျာ၊ နတ်ကတော်မလျာ၊ ရုံးဝန်ထမ်းမလျာ၊ အရာရှိမလျာ၊ ဇာတ်လိုက်မလျာ၊ ဗေဒင်လက္ခဏာဆရာမလျာ၊ စာရေးဆရာမလျာ၊ ကျောင်းဆရာမလျာ၊ ပညာတတ်မလျာ၊ ရှေ့နေမလျာ၊ ဆရာဝန်မလျာ၊ ကုန်သည်ပွဲစားမလျာ မလျာပေါင်းစုံရှိလေ၏။

တချို့က အပြင်အဆင်ပါ မလျာရိုပ်ထင်အောင် နေတတ်သော်လည်း တချို့က အပြင်အဆင်အားဖြင့် မလျာရိုပ်မထင်စေကာမူ တိတ်တိတ်ပုန်း မလျာဖြစ်နေသူတွေလည်း အများကြီးရှိကြသည်။ သူတို့အကြောင်း အသေးစိတ် နောက်အခန်းများတွင် ပါလာပါလိမ့်မည်။

www.burmeseclassic.com

စိန်မျက်ခုံးတင်တင် အဆိုအရ သူက ရန်ကုန်မြို့လယ်ကောင် လမ်းကျယ်ကြီးတစ်ခုမှာ တိုက်ခန်းအကြီးကြီး နှင့်နေ၏။ ဗီးယက်ကိုယ်ပိုင်ကား စီးသည်။ အိမ်မှာ ဆိုဖာဆက်တီနဲ့ ရေခဲသေတ္တာနဲ့ တခမ်းတနား။ အခိုင်းအစေတွေကတော့ သင်ခါစ မလျှာပေါက်စလေးတွေ တစ်ပြုံတစ်မကြီးရှိသည်။ သူ၏နတ်ခန်းကို ကြည့်ပါဦး။ လူတစ်ရပ်မျှရှိသော ရွှေပိန်းချ နတ်ရုပ်ကြီးတွေ တန်းစီနေသည်။ ရွှေပိန်းချ နတ်ရုပ်ကြီးများသာမဟုတ်သေး။ နတ်ရုပ်ကြီးတွေ ပေါ်မှာ ရှိနေသည့် ဆွဲကြိုး၊ လက်ကောက် စသည့် ရတနာပစ္စည်းများ၏ တန်ဖိုးမှာ သောင်းဂဏန်းအထက်ရှိသည်။ နတ်ကနားပွဲမှာ စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်တိုင်း ပင်တိုင်ရှိသည်။ ကြားရက်များတွင်လည်း ကနားပွဲရှိသည်။ သူတို့ကနားပွဲမှာ ကပွဲအသွင် ဆင်ယင်ကျင်းပကြသည်။ နယ်က လာသူများအတွက် အထူးပွဲဆိုတာလည်း ရှိသေးသည်။

အပြင်နတ်ကနားပွဲတွေလို ဆိုင်းဗိုင်းကြီးမလို။ သူခါးစောင်းလောက် စပီကာနှစ်လုံးမှ ထွက်လာသည့် မြူးမြူးကြွကြွ နတ်ဒိုးသံနှင့် လှုးလှုးဆတ်ဆတ် ကလေး ကပေရော့။ ပတ်ဝန်းကျင်ကိုလည်း အနှောင့်အယှက်မဖြစ်။

ကကြေးက မနည်း။ ရာနှင့်ချီပေးရသည်။

တစ်ချီပြီး၍ နတ်အသစ်တစ်ပါးဝင်တိုင်း ကကြေး (ဝါ) နတ်ကြေးပေးရသည်။ သူတို့ ဆွဲလာသည့် လှလှခုံခုံ လက်ကိုင်အိတ်တွေထဲက ရာတန်တွေဆိုတာ တစ်ရွက်ပြီးတစ်ရွက် လျှောခနဲ လျှောခနဲ။ ဒါပေသည့် အမိကြီးများက မျက်နှာပျက်လိမ့်မည် မထင်နှင့်။ ရာတန်တွေ တစ်ရွက်ပြီးတစ်ရွက် ထွက်သလို သူတို့အပြုံးကလည်း ဗိုဂ်ဗိုဂ် ဝင့်မြူး တောက်ပလာကြသည်ဟု အဆိုရှိပေ၏။

ဒါက မောင်တော်တွေအတွက် လုပ်ရသည့်အလုပ်မို့ မောတယ်၊ ပန်းတယ်၊ ကုန်တယ်၊ ခန်းတယ်ဟူ၍ သဘောမမှုကြသလား မသိ။ မောင်တော်အဆင့် ပိုမြင့်လေ သူတို့က အနေပိုတင့်လေ မြင်ရမည်မဟုတ်ပါလား။

တချို့ကလည်း မောင်တော်က မျက်နှာပြောင်းမည်ကို စိုးရိမ်စိတ်လွန်ကဲပြီး "လုပ်ပါဦး မမတင်ရဲ့"ဆိုပြီး လာကြသူတွေလည်း ရှိသည်။

သတင်းတော့ ကြားသည်။ မသေချာသေး။ မောင်တော်ပါအောင် မောင်တော်ဖြစ်အောင် မင်းကလေးပင့်ပေးပါဦး။ ကိုကြီးကျော် ခေါ်ပေးပါဦး။ မယ်တော်နဲ့ ပြောပါရစေ ဆိုသူများမှာလည်း လျော့သွားသည်မရှိ။ တိုး၍တိုး၍သာ လာနေကြသည်။ မောင်တော်မရှိတုန်း နေ့လယ်ဘက် အိမ်ပင့်သူတွေကလည်း မရှား။

ပါးစပ်က လုပ်ပါဦးဆိုသည်နှင့် လက်ကငွေ တစ်ပါတည်းပါလာရသည်။

ကုန်သည်တွေ၊ အရောင်းအဝယ်သမားတွေကလည်း ဝင်လာမစဲ တသဲသဲ။ အလုပ်ဖြစ်ပြီဆိုရင် ရာတန်ကို ယပ်တောင်လုပ်ပြီး ဆက်ကြတာ။ စိန်မျက်ခုံးတင်တင်၏ နတ်နန်းကို ရောက်လာသူ အရောင်းအဝယ်သမားများမှာ ပဲပြုတ်သည်တို့၊ ကန်စွန်းရွက်သည်တို့ ဘယ်ပါမှာပါ။ သောင်းလောက်ကိုင်ပြီး အလုပ်လုပ်သူပင် အနားသို့ မသီနိုင်။ သိန်းသမားတွေမှ ကပ်နိုင်သည်။ သည်ခေတ် အရောင်းအဝယ်သမားဆိုတာ စိန်ဂျွန်းဈေးလိုနေရာက ငါးပေ၊ ဆယ်ပေ အခန်းသမားလေးများပင် သိန်းလောက်တော့ ကိုင်ကြသည်။

အုံနှင့် အင်နှင့် လုပ်သူတွေကတော့ ငါးသိန်းကိုင်တာ အနည်းဆုံး။ ငါးသိန်း၊ ဆယ်သိန်းသမားတွေကျတော့ ကတိစကားနှင့် အလုပ်လုပ်ကြသည်။ "ဟောဒါဖြစ်ရင် ဟောဒီလောက်" ဆိုတာမျိုး။

ကဲ...ရာတန်ကို ယပ်တောင်လုပ်ပြီး ဆက်ကြတာ ဘာဆန်းတာမှတ်လို့။ သူတို့အဖို့က တစ်ကျပ်တန်သည်လည်း စက္ကူ။ ရာတန်သည်လည်း စက္ကူဟု သဘောထားကြပေသကိုး။

တောင်ဆိုသည်မှာ အမြင်နီးလျှင် ကြီး၍ အမြင်ဝေးလျှင် သေး၏ ဆိုတိသို့ ရာတန်ဆိုသည်မှာလည်း မရှိသူများအဖို့ အမြင်နီးသော တောင်နှင့်တူ၏။ ရှိသူများအဖို့ အမြင်ဝေးသော တောင်နှင့် တူလေစွ။

ရာတန်ဆိုသည်မှာ ငွေကြေးပြည့်စုံသူများအတွက် စက္ကူလေးတစ်ရွက်မျှသာ ဖြစ်သော်လည်း ငွေကြေးမပြည့်စုံသူများအတွက်မူ ရောမတန်ဖိုးကြီးသော ငွေသားပြင်ကြီး ဖြစ်ပေသည်။

စိန်မျက်ခုံးတင်တင်ထံတွင် တွက်နေကြသော ရောမ ကတော်ကြီးများ အထက်တန်းလွှာ အမျိုးသမီးများမှာ အများမြင်သာသော နတ်ကနားပွဲများတွင် မကကြသော်လည်း စိန်မျက်ခုံး၏ နတ်နန်းတွင်မူ ပျော်ပျော်ပါးပါးကြီး ကကြသည်။ အောင်သပြေခက်လေး ကိုင်ပြီး ယဉ်ယဉ်နွဲ့နွဲ့ ကသည်မှာ အိုး(လ်)

www.burmeseclassic.com

ဘရန်ဒီ၊ ဂျော်နီဝါကား ပုလင်းဆွဲပြီး တော့လည်း ယိမ်းယိမ်းယိုင်ယိုင် ကကြသည်။ အသံညက်ညက်နှင့် ချွဲချွဲပျစ်ပျစ်အပြောမျိုး ပြောကြသလို၊ တစ်တောင်နီးပါး ဖက်ဖြူလိပ်ကြီးကိုင်ပြီး အဆဲအဆိုများပါသော ခပ်ကြမ်းကြမ်း စကားများလည်း ပြောတတ်ကြပေသည်။

သည်လိုနေ့မျိုးမှာ တခြားလူတွေ အဝင်အထွက် မရှိစေရ။ သီးသန့်ချိန်းပွဲကြီးမျိုး လုပ်ပေးရသည်။ ကကြေးက ဘယ်နည်းမှာပ။ ဆက်ဦးဆိုရင်း ပေးရရင်း။ သမီးတော်များအတွက်ဆိုရင် လက်လုမ်းပြီးသား။ နှစ်ချီ နှစ်လား လောက်ဆိုရင် ရာတန်သုံးလေးရွက်တော့ အသာလေးပေါ့။ သီးသန့်ပွဲဆိုတော့ ဒိုးပြင်လူတွေမှ မရှိတာ။ ဘယ်သူရမှာပ။

ပြီး. . .ရှိသေးသည်။

တချို့ ရောမကတော်ကြီးများ၊ အထက်တန်းလွှာ အမျိုးသမီးကြီးများမှာ အကြောင်းကြောင်းသော အကြောင်း အမျိုးမျိုးကြောင့် အိမ်မှာ နတ်ရုပ်ကြီးတွေထားပြီး ကိုးကွယ်လို့မဖြစ်။ သူတို့ပိုင်သော နတ်ရုပ်ကြီးများကို စိန်မျက်ခုံးတို့လို နတ်နန်းမျိုးမှာ လာထားလေ့ရှိကြရာ စိန်မျက်ခုံးတို့က သည်အပေါ်မှာ ဆက်ကြေးလည်း ရသေးသည်။ ထိန်းသိမ်းခလည်း ရသေးသည်။ ဘာဆက်ပါဦးလို့ အမိန့်ချသွားသည်ဟု ပြောလိုက်ရုံသာ။

သည်ကိစ္စမျိုးမှာ သူတို့က အမေးအမြန်း ထူလိမ့်မည်မဟုတ်။ အမိန့်ချသွားသည်ဆိုလျှင် မျက်နှာမှာ အပြုံးပန်းပွင့်သွားကြသည်။ "ရော့. . .အင့်"ပဲ။

အမြတ်တော်ကြေးမပေးရသော စိန်မျက်ခုံးတင်တင်၏ လစဉ်ဝင်ငွေမှာ နှစ်ထောင်-သုံးထောင်ကြားမှာ ရှိလေ၏ဟု အဆိုရှိပေသည်။

ပိုပိုကဲကဲ၊ သာသာထိုးထိုး ပြောကြသည်လား ဆိုသည်ကိုတော့ ကိုကိုထောင်မှူးလည်း မသိ။ ထောင်ဝင်စာမှာ တွေ့ကြုံခဲ့ရသည့် မျက်မြင်အတွေ့အကြုံအရ သူတို့ပြောသည်များကို မယုံနိုင်ပါဘူးဟု ဆုံးဖြတ်ချက် မချသာခဲ့ပေ။ ကိုသန့်ဇင်မှာ ဆယ်ရက်တာ ကာလအတွင်း စိန်မျက်ခုံးတင်တင်တို့၏ ဇာတ်လမ်းအစုံစုံ၊ အံ့ဖွယ်ရာအဖုံဖုံကို နှံ့နှံ့စပ်စပ် ထဲထဲဝင်ဝင် သိခဲ့ရသလို တရင်းတနှီး ခင်မင်မှုကိုလည်း ရခဲ့၏။

သူတို့ပြောတာတွေကို နားထောင်ရသည်မှာ စိတ်ဝင်စားစရာတွေ ပြည့်နက်နေသလို ဟုတ်မှဟုတ်ပါ့မလား။ ဖြစ်မှ ဖြစ်နိုင်ပါ့မလားဟု သံသယပွားစရာများလည်း တစ်ပုံတစ်ပင်ကြီး ပါဝင်ခဲ့ပေသည်။

ရန်ကုန်ရောက်ရင် သူ့ဆီဝင်ခဲ့ဖို့ စိန်မျက်ခုံးက တတန်တရ ဖိတ်မန္တကပြုခဲ့ရုံမက ကိုကိုထောင်မှူး ရာထူးတက်ဖို့နှင့် ပြောင်းချင်သောထောင်ကို ပြောင်းရဖို့ လုပ်ပေးမည်ဟု အာမခံစကား ရဲရဲကြီးဆိုခဲ့၏။

ဝန်ထမ်းတစ်ယောက်အတွက် အသည်းခိုက်စရာ ကြိုက်လုံးသာပ။

ကိုကိုထောင်မှူးကလည်း သူတို့အတွက် အကူအညီတွေ အများကြီး ပေးခဲ့ရသပေါ့။ ထောင်ထဲဝင်သည်နှင့် သူတို့ဆီ သွားရသလို၊ ထောင်ကထွက်သည်နှင့် မြို့ထဲရောက်နေရသည်။ ဟိုလူ့ဆီသွားရ၊ သည်လူ့ဆီပြေးရနှင့် ဗျာများနေခဲ့ရာ ချစ်ချစ်ဒေါ်စိုးရှားကြီးသို့ပင် အစီရင်ခံစာ အပြည့်အစုံမတင်နိုင်ခဲ့ပေ။

ပါးစပ်သေးသေးလေး အစွမ်းကြောင့် ခွင့်မိန့် ကျလာပြီ။

စိန်မျက်ခုံးတို့ ရုံးထွက်ရက်မှာ လေးရက်ခန့် လိုသေးသည်။ ရုံးထွက်လျှင် လွတ်ဖို့ သေချာနေသည်။ ယခုတစ်ပတ် ရုံးထွက်တွင် မလွတ်သေးသည့်တိုင် အာမခံရဖို့က ပြေးမလွတ်။ အာမခံရသည်ဖြစ်စေ၊ လွတ်သည်ဖြစ်စေ စိန်မျက်ခုံးတင်တင်က ရန်ကုန်ကို မပြန်သေး။ မန္တလေးမှာ တစ်လခန့်နေဦးမည်မို့ ဘုရားဖူးခရီးထွက်အပြန်တွင် တွေ့ကြရဦးမည်။

သူတို့ ဘုရားဖူးထွက်မည့် လမ်းခရီးမြို့များတွင်ရှိသော စိန်မျက်ခုံး၏ အဆက်အသွယ်များဆီသို့ သူတို့အား အကူအညီပေးရန် ပါးလိုက်သော စာချွန်လွှာလေးများလည်း ပါလာ၏။

အားလုံး အဆင်ပြေချောမွေ့မည့် အရိပ်ထင်နေသော ဘုရားဖူး အလည်အပတ်ခရီးအတွက် မန္တလေးဘူတာကြီးသို့ ဆင်းခဲ့သည့်ညနေက ကိုသန့်ဇင်တို့ဇနီးမောင်နှံ၏ မျက်နှာပေါ်မှာ အပြုံးရိပ်များ ယှက်သန်းလျက်သာ. . .။

(ရှေ့လဆက်ရန်)

**ကျော်မြသန်း**



www.burmeseclassic.com

www.burmeseclassic.com

# ကျောင်းတော်ရာ

## မကြွယ်ကြွယ်

မကြာမီက မြန်မာ့အသံက အသံလွှင့်တဲ့သီချင်းတစ်ပုဒ်ကို ကျွန်မ ဂရုစိုက်ပြီး နားထောင်မိပါတယ်။ သီချင်းအမည်က "ကျောင်းတော်ရာ"ပါတဲ့။ သီဆိုတဲ့သူက ဦးအလီ ဖြစ်ပါတယ်။ ရေးသူတော့ မသိပါ။

ကျောင်းတော်ရာဆိုတော့ လက်ကိုင်းကျောင်းတော်ရာ ဘုရားအကြောင်းပဲလို့ မှတ်လိုက်မိပါတယ်။ သီချင်းကို သေသေချာချာ နားထောင်တော့မှ ဇေတဝန်ကျောင်းတော်ရာ အကြောင်းကို ဖွဲ့နွဲ့ဆိုထားတဲ့ သီချင်းမှန်း သိရပါတော့တယ်။ ရှေးက စာဆိုတော်ကြီးတွေ ဗဟုသုတကြွယ်လိုက်ကြတာ၊ ကြည်ညိုဖွယ်ဖြစ်အောင် ရေးတတ်လိုက်ကြတာလို့ တွေးပြီး အကြိမ်ကြိမ် ကျေးဇူးကြီးလှပါပေတယ်လို့ စိတ်ထဲက ကျေးဇူးတင်စကား ပြောမိနေပါတော့တယ်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ ကပ္ပိလဝတ်ပြည်ကို ကြွခဲ့ပြီး ဆွေတော်မျိုးတော်တို့ကို တရားဟောပါတယ်။ သားတော်ရာဟုလာကို သာသနာ့ဘောင်သို့ သွတ်သွင်းပေးပါတယ်။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကို အနာဂါမ်အဖြစ် တရားထူးရရန် ဟောကြားတော်မူခဲ့ပါတယ်။ ပြီးတော့မှ ရာဇဂြိုဟ်ပြည်ကို ကြွတော်မူခဲ့ပါတယ်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ ရာဇဂြိုဟ်ပြည်မှာ သီတင်းသုံးနေဆဲ ကာလမှာပဲ နောင်အခါမှာ ဇေတဝန်ကျောင်း ဒါယကာကြီးဖြစ်လာမယ့် အနာထပိဏ်သူဌေးဟာလည်း ကုန်ကူးသန်းရောင်းဝယ်ဖို့ ရာဇဂြိုဟ်ပြည်ကို ရောက်လာပါတယ်။ တည်းခိုနေကျ သူငယ်ချင်းသူဌေးအိမ်မှာ တည်းပါတယ်။

အရင်တစ်ခေါက်တွေတုန်းကတော့ ရာဇဂြိုဟ်သူဌေးဟာ အနာထပိဏ်ကို သိပ်ဂရုစိုက်ပါတယ်။ အစစ လိုလေသေး မရှိရအောင် သူကိုယ်တိုင်ပင် အိမ်အမှုလုပ်တွေကို ကြီးကြပ် ခိုင်းစေ ညွှန်ကြားလေ့ရှိပါတယ်။ ဒီတစ်ခေါက်တော့ အရင် အခေါက်နဲ့ မတူပါလားလို့ တွေးမိနေပါတယ်။ ညနေပိုင်း လုပ်ငန်းပြီးပြတ်မှ ရာဇဂြိုဟ်သူဌေးက အနာထပိဏ်သူဌေးကို ဂေါတမဘုရားရှင် ရောက်နေတယ် ဆိုတဲ့သတင်းကို ပေး တယ်။ အနာထပိဏ်သူဌေးကြီးဟာ သူ့နားကိုတောင် သူမယုံ ဘူး။ ဘာပြောတယ်လို့ ထပ်မေးရတယ်။ ရာဇဂြိုဟ်သူဌေးက ဘုရားရှင်ရောက်နေတယ်လို့ နှစ်ခါတောင် ထပ်ပြောရပါတယ်။ အနာထပိဏ်သူဌေးဟာ "ဒါဖြင့် လိုက်ပို့ပါ။ ခုသွားမယ်"လို့ ပြောပါတယ်။ ရာဇဂြိုဟ်သူဌေးက "ခု မိုးချုပ်ပါပြီ။ မနက်မှ သွားကြမယ်"လို့ ပြောပါတယ်။

အားနာလို့ ငွတ်မပြောပေမယ့် အနာထပိဏ်သူဌေး ကြီးဟာ အိပ်နေပေမယ့် မိုးလင်းပြီလားရယ်လို့ မကြာမကြာ ထနေမိပါတယ်။ တစ်ခါတော့ သူ့ရဲ့ ဘုရားရှင်ပေါ်မှာ ကြည်ညို တဲ့စိတ်၊ သူ့ရဲ့ ကြည်လင်တဲ့စိတ်တွေကြောင့် ပတ်ဝန်းကျင် အလင်းရောင်ကို တွေ့နေရပါတယ်။ ဒါနဲ့ သူဌေးကြီးဟာ မိုး ပြီထင်ပြီး ဘုရားရှင်ရှိမယ့်အရပ်ကို မှန်းပြီးထွက်ခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဘုရားရှင်အွက် ကျောင်းဒါယကာဖြစ်မယ့် သူဌေးကြီးအတွက် နတ်တွေကလည်း မြို့တံခါးကို ဖွင့်ထားကြပါတယ်။

သူဌေးကြီး မြို့ပြင်ရောက်မှ မှောင်နေဆဲပဲဆိုတာကို သိရတော့တယ်။ နောက်ကို ပြန်ဆုတ်ဖို့ စိတ်ကူးပါတယ်။ ဘုရားရှင်ကိုယ်တော်မြတ်က သူဌေးကြီးကို စောင့်နေတာပါ။ ပြန်ဆုတ်ဖို့ စိတ်ကူးတဲ့သူဌေးကြီးကို သုဒတ္တ လာလော့လို့ ခေါ်လိုက်ပါတယ်။ အနာထပိဏ်သူဌေးကြီးရဲ့ ငယ်နာမည်ဟာ ပျောက်သလောက်ဖြစ်နေပါပြီ။ ထမင်း စသော စားဖွယ်ကို ပေးလှူနေတဲ့ သူဌေးကြီး၊ သူဆင်းရဲတို့ရဲ့ အားထားရာ သူဌေးကြီးမို့ အနာထပိဏ်လို့ပဲ အမည်တွင်နေတာပါ။ သူ့ရဲ့ မူရင်းနာမည်ကို ခေါ်မယ့်သူ မရှိသလောက် ဖြစ်နေတာပါ။ ဘုရားရှင်က သုဒတ္တလို့ ခေါ်သံကြားလိုက်တော့ သူဌေးကြီး လည်း ဝမ်းသာသွားပါတယ်။ ဘုရားကို ရှိခိုးကန်တော့၊ တရား တော်ကိုနာတော့ သောတာပန်ဖြစ်သွားပါတယ်။ သူဌေးကြီး ရာဇဂြိုဟ်မှာရှိနေဆဲမှာ ဘုရားရှင်နှင့်တကွ နောက်ပါသံဃာ တော်တွေကို ဆွမ်းကပ်လှူပြီး သာဝတ္ထိကို ပြန်ပါတယ်။ မပြန်မီ မှာ ဘုရားရှင်ကို သာဝတ္ထိကို ကြွဖို့ပင့်ပါတယ်။ ဘုရားရှင်က လည်း ဝန်ခံလိုက်ပါတယ်။

သာဝတ္ထိနဲ့ ရာဇဂြိုဟ် ၄၅ ယူဇနာ ဝေးပါတယ်။ အနာထပိဏ်သူဌေးကြီးဟာ ဘုရားရှင် သာဝတ္ထိကို ချမ်းသာ စွာကြွဖို့အတွက် မြို့နှစ်မြို့အကြား လမ်းကို ပြင်ဖို့၊ လမ်းမှာ အလှအပ အတင့်အတယ်ဖြစ်ဖို့အတွက် သစ်ပင်၊ ပန်းပင် သည်တို့အပြင် တစ်ယူဇနာမှာ ကျောင်းတစ်ဆောင် ဆောက် ဖို့ ငွေတစ်သိန်းစီ ပေးခဲ့ပါတယ်။ သာဝတ္ထိကိုရောက်တဲ့အခါ ဘုရားရှင်မိန့်တော်မူတဲ့အတိုင်း မြို့နဲ့လည်း မနီးလွန်း၊ မဝေး လွန်း။ သွားလာ၍လွယ်ကူသော အရပ်ကို ဘုရားရှင်တို့ ကျောင်းဆောက်ရန် သင့်သည်ဟူသော စကားအတိုင်း နေရာ ရှာတော့ ဇေတမင်းသားရဲ့ ဥယျာဉ်နေရာကို တွေ့ပါတယ်။ ဒီနေရာကို ရောင်းဖို့ပြောတော့ ဇေတမင်းသားက ဒီမြေနဲ့ အပြည့် ရွှေဒင်္ဂါးတွေ ခင်းပေးတောင် မရောင်းဘူးလို့ ပြော လိုက်ပါတယ်။

အနာထပိဏ်သူဌေးကြီးကတော့ အဲဒီစကားတွေ ကြားပြီး သူ့ရဲ့ရွှေတိုက်ကို ဖွင့်ပါတယ်။ ရွှေဒင်္ဂါးတွေယူပြီး ဇေတ မင်းသားရဲ့ ဥယျာဉ်နေရာမှာ ရွှေဒင်္ဂါးတစ်ပြားနဲ့တစ်ပြား ထိစပ် နေအောင် ခင်းပါတယ်။ မင်းသားက လာတားတော့ သူက လည်း ဖယ်မပေးဘဲ ဆက်ခင်းနေတာနဲ့ တရားစွဲပါတော့တယ်။ တရားရုံးက ဇေတမင်းသားတောင်းတဲ့ဈေးဟာ မရနိုင်မှန်းသိ လို့ တောင်းတာပဲ။ ဒါပေမယ့် ပေးတဲ့သူက ပေးနိုင်တာမို့ မင်းသား ဟာ ရောင်းမယ်လို့ပြောတဲ့စကားမျိုး ဖြစ်တယ်။ ဒါကြောင့် အနာထပိဏ်သူဌေးကြီးကို အမှုအနိုင်ပေးလိုက်ပါတယ်။

ဒီလို ရွှေဒင်္ဂါးတွေခင်းတာ ၁၈ ကုဋေတောင် ကုန်ပါ တယ်တဲ့။

သူဌေးကြီးဟာ ဒီမြေတွေကို သန့်ရှင်းပြီး ကျောင်းတိုက် တွေ ဆောက်တာပါ။ ဘုရားရှင်ကိုယ်တော်မြတ်ကြီး သီတင်း သုံးဖို့ သံဃာတော်တွေသီတင်းသုံးဖို့၊ တရားဟော,တရားနာဖို့၊ ရေချိုးဖို့ ကျောင်းဆောင်၊ စင်္ကြံ၊ နေ့သန့်ရာ၊ ညသန့်ရာ၊ ရေကန် စသည်ဖြင့် လိုတာမရှိ အားလုံးစုံစေအောင် ဆောက်လုပ်၏။ ရွှေဒင်္ဂါးတစ်ဆယ့်ရှစ်ကုဋေဖိုး ကုန်၏။

ဇေတမင်းသားသည် သည်လောက်များစွာသော ရွှေဒင်္ဂါးတွေ အကုန်ခံဆောက်ခြင်းကား သာမန်ပုဂ္ဂိုလ်အတွက် ဟုတ်ဟန်မတူဟု တွေးမိပြီး အနာထပိဏ်သူဌေးကြီးအား "ကျောင်းတိုက်အဝင် မုခ်ဦးကိုတော့ ဆောက်ပါရစေ" ဟူ၍ ခွင့်ပန်သဖြင့် ထိုနေရာမြေကွက်သာလျှင် ဇေတမင်းသား၏ဒါန ပါဝင်ခဲ့ပါသည်။ ကျောင်းတိုက်တစ်ဝန်းလုံး၏ မြေအကျယ်ကား ရှစ်မင်းပယ်စာရှိကြောင်း မဟာဗုဒ္ဓဝင်တွင် ရေးသားဖော်ပြထား ပါတယ်။

အကယ်စင်စစ်ကား ဂေါတမဘုရားရှင်အတွက် အနာထပိဏ်သူဌေးကြီးသည် ဇေတဝန်ကျောင်းတော်ရာကို ဝယ်ယူဆောက်လုပ်သည်မျှမဟုတ်။ ဤမြေကား မြေထူးမြေ မြတ် ဖြစ်ပေသည်။ ဂေါတမဘုရားရှင်မတိုင်မီကပင် ရှေးဘုရား ... ခြောက်ဆူတို့သည်လည်း ဤနေရာတွင် ကျောင်းတော် ဆောက်လှူသူ ဒါယကာတို့၏ ကောင်းမှုဖြင့် သီတင်းသုံးခဲ့ကြ ဖူးပေသည်။

၁။ ဝိပဿီဘုရားရှင်သည် ဤနေရာတွင်ပင် သုမိတ္တာအမည်ရှိသော သူဌေးက ရွှေအုတ်များ ခင်းပြီး မြေကိုဝယ်၍ တစ်ယူဇနာလောက် ကျောင်းတိုက်များကို ဆောက်လုပ်လှူဒါန်းခဲ့ ဖူးသည်။

www.burmeseclassic.com

၂။ သိခီဘုရားအား သီရိဝနေမည်သော သူဌေးက ဤနေရာကိုပင် ရွှေပန်းများ အပြည့်ခင်း ဝယ်ယူပြီး သုံးဂါဝုတ်ရှိသော ကျောင်းတော်ကို ဆောက်လုပ်လှူဒါန်းခဲ့သည်။

၃။ ဝေဿဘူဘုရားရှင် လက်ထက်တော်တွင် သောတ္တိယသူဌေးသည် ဆင်ခြေထောက်သဏ္ဍာန် ရွှေချောင်းများခင်းပြီး ဤဇေတဝန်ကျောင်းတော်ရာ နေရာမှာပင် ယူဇနာခွဲ ပမာဏရှိသောကျောင်းတော်များကို ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။

၄။ ကကုသန်ဘုရားရှင် လက်ထက်တော်တွင် ဤဇေတဝန်ကျောင်းတော်နေရာကိုပင်လျှင် အစ္စုတသူဌေးက ရွှေအုတ်များခင်းပြီး တစ်ဂါဝုတ်ပမာဏရှိသော ကျောင်းတော်များကို ဆောက်လုပ်လှူဒါန်းခဲ့ဖူးပါသည်။

၅။ ကောဏာဂုံဘုရားရှင် လက်ထက်တော်၌လည်း ဤနေရာကိုပင် ဥဂ္ဂသူဌေးက ရွှေလိပ်ရုပ်များကိုခင်းပြီး ရှစ်ဂါဝုတ်ရှိသော ကျောင်းတော်ကို ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။

၆။ ကဿပဘုရားရှင် လက်ထက်တော်တွင်လည်း သုမင်္ဂလသူဌေးသည် ရွှေသားလုံးတုံးများကို မြေပြင်ပြည့်ခင်းပြီး တစ်ဆယ့်ခြောက်မင်းပယ်စာ ကျောင်းဆောင်များကို ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။

၇။ ဂေါတမဘုရားရှင်လက်ထက်တွင် အနာထပိဏ်သူဌေးက ရွှေဒင်္ဂါးများ မြေပြင်ပြည့်ခင်းပြီး ရှစ်မင်းပယ်စာမြေတွင် ကျောင်းဆောင်များ ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။

ဇေတဝန်ကျောင်းတော်ရာနေရာကား ဤသို့လျှင် ဘုရားရှင် ခုနစ်ဆူတို့ သီတင်းသုံးရာနေရာ ဖြစ်ခဲ့ပါသည်။

အနာထပိဏ်သူဌေးကြီးသည် မြေဖိုး ၁၈ ကုဋေ၊ ကျောင်းဆောက်၍ ၁၈ ကုဋေ၊ ကျောင်းလှူတ်ပူဇော်ပွဲအတွက် ၁၈ ကုဋေ အကုန်အကျခံလှူဒါန်းခဲ့၏။ ကျောင်းလှူတ်ပူဇော်ပွဲတော်ကြီးသည်လည်း ကိုးလတိုင်တိုင် ကြာခဲ့၏။

ဇေတဝန်ကျောင်းတော်ကြီး ပြီးသောအခါ ဘုရားရှင်ထံ သတင်းပို့၏။ ဘုရားရှင်ကြွလာသောအခါ အနာထပိဏ်သူဌေးကြီးက ရှေးဦးစွာ သူ၏သားနှင့် သူငယ် ၅၀၀ တို့အား အဝတ်သစ်တွေဆင်ပြီး ထိုင်းရာသော သူငယ်တို့က တံခွန် ၅၀၀ ကိုင်ပြီး ဘုရားရှင်ကို ဦးစွာကြိုဆိုစေ၏။ နောက်တွင် သမီးမဟာသုဘဒ္ဒါ၊ စူဠသုဘဒ္ဒါတို့အား သူဌေးသမီး ၅၀၀ အခြံအရံနှင့် ဝတ်သစ်၊ ရတနာတွေဆင်မြန်းပြီး ရေပြည့်အိုးကိုယ်စီရွက်၍ သူဌေးကတော်ကြီး ပုညလက္ခဏာဒေဝီကလည်း လက်ဝတ်ရတနာစုံလင်စွာ ဝတ်စားဆင်ယင်ပြီး သူကဲ့သို့ ဆင်ယင်ထားသော သူဌေးကတော် ၅၀၀ တို့နှင့်အတူ ရေပြည့်ဖလား ၅၀၀ ကို ရွက်၍၊ နောက်တွင် သူဌေးကြီးအနာထပိဏ်ကလည်း ဝတ်စားတန်ဆာ သစ်လွင်စွာ ဆင်ယင်ပြီး သူဌေး ၅၀၀ ခြံရံပြီး ဘုရားရှင်ထံ အကြိုရောက်ခဲ့၏။

ဘုရားရှင်သည် ကြိုသူတို့ကိုရှေ့တွင်ထားပြီး နောက်မှ သံဃာတော်များစွာနှင့်တကွ တင့်တယ်သော ဘုရားရှင် အသရေတော်ဖြင့် ဇေတဝန်ကျောင်းတော်သို့ ဝင်တော်မူလေသည်။

ဣမံ ဇေတဝနဝိဟာရံ၊ အာဂတာ နာဂတာသ၊ စာတုဒိသဿ ဗုဒ္ဓပမုခဿ ဘိက္ခုသံဃဿ ဒမ္မိ။

"ဘုန်းတော်ကြီးသော အရှင်မြတ်စွာဘုရား · · · ဤဇေတဝန်ကျောင်းတော်ကို ဘုရားအမှူးရှိသော အရပ်လေးမျက်နှာ၌ တည်သော၊ ရောက်ဆဲ၊ ရောက်လတ္တံ့သော ရဟန်းသံဃာအား လှူပါ၏ ဘုရား" ဟူ၍ ရွှေကရားကိုယူ၍ ဘုရားရှင် လက်တော်တွင် ရေစင်သွန်းလောင်း၏။

ကျွန်မတို့သည် အထက်တွင်ရေးခဲ့သော အကြောင်းအရာတို့ကို စာအုပ်တွေတွင် ရှာဖွေဖတ်ခဲ့ရပါသည်။ ပြည့်စုံချင်မှလည်း ပြည့်စုံပါလိမ့်မည်။ ရှေးခေတ်ဝေးပြုစာဆိုတို့က ကျောင်းတော်ရာဟူ၍ တေးသီချင်းဖွဲ့နွဲ့ သီကုံးခဲ့၏။ ဆိုသူကလည်း ဆိုခဲ့ပေရာ ကြားရရုံနှင့် ကြည်နူး၊ မှတ်ဖွယ်တွေပါ၍ ရေးဖွဲ့သူ စာဆိုတော်တို့အား ကျေးဇူးတင်၍နေမိပါသတည်း။

မကြွယ်ကြွယ်



www.burmeseclassic.com

www.burmeseclassic.com



# သစ္စာဖြင့် မိမိဆန္ဒပြည့်ဝစေနည်း

ကိုကိုမောင်ကြီး

ကျွန်တော်တို့ ငယ်ရွယ်စဉ် ဘုန်းကြီးကျောင်းတွင် နေခဲ့စဉ်က ဆရာတော်ဘုရား ဆုံးမြြဲဝါဒပေးခဲ့သည့် သစ္စာစကားနှင့် ပတ်သက်၍ လင်္ကာတစ်ပုဒ်ကို မှတ်သားခဲ့ရပါသည်။ အခြားတော့ မဟုတ်ပါ။ ဗုဒ္ဓဘာသာဝင်တိုင်း ကြားဖူးနားဝရှိသော လင်္ကာဖြစ်ပါသည်။

*"ကာတိသစ္စာ တည်သောခါဝယ်၊ ညြစာလေးနက်၊ ပေါ်ဆီတက်၍၊ နှယ်မြက်သစ်ဝင် ဆေးဖက်ဝင်ဝင်"* ဟူသော လင်္ကာဖြစ်ပါသည်။

ဤလင်္ကာအကြောင်းပြု၍ လိုက်နာကျင့်သုံးသူများသည် မိမိတို့၏ ဆန္ဒအနည်းနှင့်အများ ပြည့်ဝကြသည်ကို မြင်ဖူး၊ ကြားဖူးကြပါသည်။ လောကီဝိဇ္ဇာအတတ်ပညာများကို ကျင့်ကြံအားထုတ်ကြသော သိဒ္ဓိရှင်များသည်လည်း ဤလင်္ကာပါအတိုင်း ကျင့်သုံးနိုင်သောကြောင့် အထမြောက်အောင်မြင်ခဲ့ကြသည်မှာ တေန်အမှန်ပင် ဖြစ်ပါသည်။ ထို့ကြောင့် မိမိတို့ဆန္ဒအသီးသီး ပြည့်ဝစေလိုပါက သစ္စာစကားကို တိုင်တည်သောအားဖြင့် အနည်းနှင့်



www.burmeseclassic.com

www.burmeseclassic.com

အများ ရရှိနိုင်ကြမည် ဖြစ်ပါသည်။

'သစ္စာ'ဟူသော အမှန်တရားကို ကျင့်ကြံလိုက်နာခြင်း၊ အမှန်စကားကို ပြောဆိုခြင်း၊ အမှန်အတိုင်း မိမိပြုလုပ်ခဲ့သော 'ကံအမှု'ကို အမှန်အတိုင်းပြောဆိုတိုင်တည်ခြင်း အစရှိသည်တို့သည် သစ္စာတရားကို ဆောင်ရွက်နေခြင်း ဖြစ်ပေသည်။

သစ္စာတရားကို မည်သို့အသုံးပြုရမည်ဆိုသော အကြောင်းအရာကို မတင်ပြသေးမီ သစ္စာတရားသည် သဘာဝတရားကြီး၏ တည်ရှိနေပုံ၊ တည်ရှိနေနည်း၏ အင်္ဂါရပ်ကြီး ဖြစ်နေသည်ကို ခံယူနိုင်ကြဖို့လိုသည်။ သဘာဝတရားကြီးသည် အလုံးစုံပါဝင်သော၊ ခြွင်းချက်မရှိ အကြွင်းမဲ့ ထာဝရမှန်ကန်နေသော၊ အပိုင်းခြားမရှိ မှန်ကန်သော ဓမ္မတရားကြီး ဖြစ်သည်။ သဘာဝတရားကြီးကိုယ်၌က အပိုင်းအခြားမရှိသော၊ အကြွင်းမဲ့ မှန်ကန်နေသော သစ္စာတရားကြီးဖြစ်ပေသည်။ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်များ ခံယူထားကြသော ဗုဒ္ဓ၊ ဓမ္မ၊ သံဃတည်းဟူသော ရတနာမြတ်သုံးပါးနှင့် သက်ဆိုင်သော တရားဓမ္မအားလုံးသည် သဘာဝတရားကြီး ဖြစ်ပေသည်။ သဘာဝတရားကြီးသည် ယင်းသစ္စာတရားကြီးကို အချိန်မှန်မှန် ပွင့်ထွန်းတော်မူကြသော သမ္မာသမ္ဗုဒ္ဓဘုရားရှင် အဆူဆူတို့မှတစ်ဆင့် အနန္တစကြဝဠာ အစုအဝေးများ၌ ကာလအပိုင်းအခြားအလိုက် ပျံ့နှံ့စေခဲ့သည်။ ထို့ကြောင့် ဗုဒ္ဓဘုရားရှင်တော်များ ဟောကြားတော်မူကြသော တရားစကားတော် အသီးသီးတို့သည် အမှန်တရားချည်း ဖြစ်ကြသည်။

ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်များသည် အနည်းဆုံးအားဖြင့် ငါးပါးသီလကို ခံယူဆောက်တည်နေကြရပါမည်။ ငါးပါးသီလတွင် ပါဝင်သော မုသာဝါဒါဝေရမဏီသိက္ခာပဒံ သမာဒိယာမိဟူသော သိက္ခာပုဒ်သည် ပါရှိပါသည်။ ယင်းသီလအရ လိမ်လည်ပြောဆိုခြင်း၊ မမှန်မကန်ပြောဆိုခြင်း၊ ကောက်ကျစ်စဉ်းလဲစွာ ပြောဆိုခြင်း၊ သွယ်ဝိုက်သောအားဖြင့် တလွဲတမည် ပြောဆိုခြင်း စသည်တို့သည် မုသာဝါဒကံကို ကျူးလွန်ခြင်း ဖြစ်ပေသည်။

*လူသတ္တဝါတို့ နေထိုင်သော မည်သည့်နေရာဝန်းကျင်နှင့် မည်သည့်ရာသီဥတုဝန်းကျင်တွင်မဆို အကုသိုလ်စိတ်များသော လူအများရှိနေပါက ထိုဝန်းကျင်တွင် ရာသီဥတုများ ဖောက်ပြန်လေ့ရှိတတ်ပါသည်။*

အမှန်စကားကို ပြောဆိုခြင်းသည် မုသာဝါဒနှင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်သော သစ္စာဝါဒဖြစ်ပေသည်။ မုသာဝါဒစကားကို ပြောဆိုတိုင်း၊ ပြောဆိုတိုင်း အကုသိုလ်ကံဖြစ်ပွား၍ နေပေသည်။ သစ္စာစကားကို ပြောဆိုတိုင်း၊ ပြောဆိုတိုင်း ကုသိုလ်ကံတရားများ ဖြစ်ပွား၍နေသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် မုသာဝါဒကို ရှောင်ကြဉ်နိုင်သမျှ ရှောင်ကြဉ်နေပြီး သစ္စာဝါဒကို ဆောင်ယူနိုင်သမျှ ဆောင်ယူနေရမည် ဖြစ်ပါသည်။

သစ္စာစကားဆိုခြင်းသည် အမှန်စကားဆိုခြင်းဖြစ်ပေသည်။ မိမိပြုလုပ်ခဲ့သော ကာယကံအလုပ်၊ ဝစီကံအလုပ်၊ မနောကံအလုပ်ဟူသော ကံအလုပ်သုံးပါး ပြုလုပ်ခဲ့ခြင်းကို ပြုလုပ်ခဲ့သည့်အတိုင်း အမှန်ကို အမှန်အတိုင်းပြောဆိုခြင်းသည် သစ္စာစကားကိုဆိုခြင်း ဖြစ်ပေသည်။ ယင်းသို့ဆိုခြင်းသည် ကောင်းသောအလုပ် ဖြစ်သောကြောင့် အကုသိုလ်မဖြစ်၊ ကုသိုလ်သာ ဖြစ်သည်။

ဤနေရာ၌ စောဒကတက်စရာ အချက်တစ်ချက် ရှိပေသည်။ အကြင်လူ တစ်ဦးတစ်ယောက်သည် မကောင်းမှုကို လုပ်၏။ ထိုလူတစ်ယောက်သည် မိမိလုပ်ခဲ့သော မကောင်းမှုကို ဝန်ခံပြီး ထိုမကောင်းမှုလုပ်သည်မှာ မှန်သည်ဟူ၍ သစ္စာဆို၍ တိုင်တည်လျှင် ထိုမကောင်းမှုသည် ပျက်ပြယ်သွားမည်လောဟူ၍ မေးခွန်းထုတ်နိုင်ပေသည်။ ဤပြဿနာသည် သိမ်မွေ့သော ပြဿနာဖြစ်သည်။

www.burmeseclassic.com

မကောင်းမှုကို ပြုလုပ်ခဲ့သော အလုပ်သည် အကုသိုလ်ဖြစ်သည်။ ထို အကုသိုလ်၏ အကျိုးဆက်သည် ပျောက်ကွယ်သွားမည် မဟုတ်ချေ။ သို့သော် အမှန်အတိုင်း ဝန်ခံပြောဆိုခြင်း အတွက် ကုသိုလ်ဖြစ်သည်။ ထိုကုသိုလ်ကြောင့် ထိုသူပြုခဲ့သော အကုသိုလ် အင်အားသည် အနည်းငယ် လျော့ပါးသွားနိုင်စရာ အကြောင်းရှိသည်။ ဤနေရာ၌ မကောင်းမှုကို ပြုလုပ်ခြင်းက တစ်ကိစ္စ၊ အမှန်အတိုင်းပြောဆိုခြင်းက တစ်ကိစ္စ။ ထိုနှစ်ခုသည် တစ်ခုနှင့်တစ်ခု ရောယှက်သွားခြင်းမရှိချေ။ သူ့အကြောင်းနှင့် သူ့အကျိုးဆက်သာ ဖြစ်သည်။

မည်သို့ဖြစ်စေ၊ အမှန်ကို အမှန်အတိုင်း ပြောဆိုခြင်းသည် ကုသိုလ် အကျိုးစီးပွားကိုသာ ရရှိနေမည်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကောင်းရာကောင်းကြောင်းကိုသာ ပြုလုပ်နေရမည် ဖြစ်ပြီး၊ ယင်းသို့ပြုလုပ်ကြောင်းကို အမှန်အတိုင်း သစ္စာစကားဆိုကာ ယင်းသို့ဆိုသော သစ္စာစကားကို အကြောင်းပြု၍ မိမိအလိုရှိသော ဆန္ဒဆုကို တောင်းယူပါက အနေးနှင့်အမြန်ဆိုသလို ရယူနိုင်လိမ့်မည်။ အဘယ်ကြောင့်ဆိုသော် အမှန်တရားသည် သဘာဝတရားကြီး၏ အလိုတော်အတိုင်း ဖြစ်သောကြောင့်ပင် ဖြစ်ပေသည်။

သစ္စာဆိုပြီး တိုင်တည်ဆုတောင်းသောသူသည် မိမိဆုတောင်းသည့်အတိုင်း ပြည့်ဝလိုပါက အနည်းဆုံးအားဖြင့် ငါးပါးသီလကို ခံယူဆောက်တည်နိုင်ရမည်။ သီလရှိသောသူမှသာလျှင် သစ္စာစကားကို ဆိုနိုင်အားရှိသည်။ သီလမရှိသောသူသည် ဆိုနိုင်အား ရှိလိမ့်မည် မဟုတ်ချေ။

ဖြစ်နိုင်မည်ဆိုလျှင် ငါးပါးသီလ စလုံး မပျောက်မပျက်ရအောင်၊ လုံခြုံအောင် စောင့်ထိန်းနေရမည် ဖြစ်သည်။ ကျွန်ုပ်တို့ ကိုးကွယ်သော ဗုဒ္ဓဂေါတမမြတ်စွာဘုရားရှင်တော်မြတ်က "ရဟန်းတို့၊ သီလရှိသူသည် စင်ကြယ်နေသူဖြစ်သောကြောင့် စိတ်တောင့်တတိုင်း ပြီးစီး၏။ အလိုပြည့်သော တန်ခိုးရှိ၏"ဟု သေချာစွာ ဟောတော်မူခဲ့သည်။ သီလရှိသောကြောင့် စိတ်စေတသိက်တို့ စင်ကြယ်နေကြ၏။ စိတ်၏ စင်ကြယ်ခြင်းကြောင့် သဘာဝတရားကြီးက ပေးကမ်းနေသော ကောင်းကျိုးပြုသည့် စွမ်းအင်တို့ကို သူ့အကြောင်းနှင့် သူ့အလိုက် ရရှိနေမည်မှာ ဧကန်အမှန် ဖြစ်ပေသည်။

သစ္စာစကားကို ပြောဆိုတိုင်တည်ခြင်းအားဖြင့် ကြုံတွေ့ရသော အခက်အခဲမှ လွတ်မြောက်ခြင်း၊ အထူးအာရုံပြု၍ တောင်းယူသောဆုကို ရရှိခြင်း၊ မိမိ၏ စေတနာကံနှင့်လျော်ညီသော လိုအင်ဆန္ဒကို ရရှိခြင်း၊ အကျဉ်းအကျပ်မှ လွတ်မြောက်ခြင်း၊ ဘေးရန်အန္တရာယ်များမှ လွတ်ကင်းခြင်း အစရှိသော များစွာသော ဥပမာနမူနာများကို သုတ္တန်ဒေသနာတော်တွင် တွေ့ရှိနိုင်ကြပါသည်။ ဤဆောင်းပါးတွင် ထိုနမူနာများကို အကျယ်တဝင့် ရေးမပြတော့ပါ။

ဆက်လက်၍ တင်ပြချင်သော အချက်တစ်ခုမှာ ကောင်းမှုကုသိုလ်ကံ၏ အကျိုးတရားနှင့် မကောင်းမှုအကုသိုလ်ကံ၏ အကျိုးတရားနှစ်ပါးတို့ကို သက်မဲ့ရုပ်ဝတ္ထုများဟူ၍ သတ်မှတ်ခြင်းခံရသော ရေ၊ မြေ၊ လေ၊ မီးဟူသော ဓာတ်ကြီးလေးပါးတို့က ခံယူထိန်းသိမ်းထားသည်ဟူသော အခက်ဖြစ်ပါသည်။ လူသတ္တဝါတို့နေထိုင်သော မည်သည့်နေရာဝန်းကျင်နှင့် မည်သည့်ရာသီဥတုဝန်းကျင်တွင်မဆို အကုသိုလ်ဓာတ်များသော လူအများရှိနေပါက ထိုဝန်းကျင်တွင် ရာသီဥတုများ ဖောက်ပြန်လေ့ရှိတတ်ပါသည်။ ကုသိုလ်ဓာတ်ပွားများသူများ အများစုဖြစ်လာသောအခါ ရာသီဥတု ကောင်းမွန်ညီညွတ်လေ့ရှိတတ်ပါသည်။ ထိုသို့သော အတွေ့အကြုံအများကို ကမ္ဘာ့သမိုင်းတစ်လျှောက်လုံးတွင် အကြိမ်ကြိမ် တွေ့ရှိခဲ့ကြပြီး ဖြစ်ပါသည်။ လွန်လေပြီးသော ရှေးရှေးအခါများက သီလဆောက်ကြသော လူသားများသည် မိမိတို့ ကြုံတွေ့လာရသော အခက်အခဲပြဿနာများကို မိမိတို့၏ ကောင်းမှုသစ္စာတရားကို တိုင်တည်ပြီး ကျော်လွှန်ဖြေရှင်းနိုင်ခဲ့ကြပါသည်။

သို့ဖြစ်ရကား သီလစွမ်းအင်နှင့် သစ္စာစွမ်းအင်တို့ကို ယုံကြည်စွာ ခံယူနိုင်ကြပါစေ။ ယုံကြည်အားကိုးစွာ အသုံးပြုနိုင်ကြပါစေဟူ၍ ဆော်ဩတင်ပြရပေသတည်း။

ကိုကိုဆောင်ကြီး



www.burmeseclassic.com

www.burmeseclassic.com

# မူလနက္ခတ်ဖွားများအတွက် ဟောကိန်း

ကာလီဒါ့ချ်(မြန်မာပြုသည်)

## မူလနက္ခတ်

မြန်မာ့နက္ခတ် ၂၇ လုံးတွင် တစ်လုံးအပါအဝင်ဖြစ်ပြီး ပထဝီဓာတ်ကိုစိုးမိုးထားသော နက္ခတ်ဖြစ်လေ၏။ အချို့သော နက္ခတ်ကျမ်းများ၌မူ အာပေါဓာတ်ကို စိုးမိုးထားသည်ဟု ဖော်ပြကြသည်။ မူလနက္ခတ်သည် ကောင်းကျိုးရော၊ မကောင်းကျိုးပါ တည်စေတတ်သော နက္ခတ်အဖြစ် အဘိဓာန်ဋီကာကျမ်းကဆိုပြီး၊ လယုသင်္ဂဟကျမ်းတွင် ၁၁ လုံး ခြင်္သေ့အမြီးသဏ္ဌာန်၊ အာကာသသျှတ္တကျမ်း၌မူ ၄ လုံး ကျောက်သွားသဏ္ဌာန်၊ ရာဇမတ္တဏ်ကျမ်းတွင် လုံးရေမည်မျှဟူ၍ မပြ၊ ကြာရိုးသဏ္ဌာန်ဟူ၍ ပြဆိုထားကြကုန်၏။ မြန်မာတို့က နဂါးအမြီးကြယ်ဟု သိကြပြီး လင်္ကာအဆိုအရ "လေးလုံးမှန်လှ ကြယ်မူလ နဂါးမြီးဖျားလို"ဟူ၍ ဖြစ်သည်။ မူလနက္ခတ်သည် ဗြိစ္ဆာရာသီ ကင်းမြီးကောက်ရုပ်၏ အမြီးစွန်းနားတွင် လင်းထိန်နေသော ကြယ်ဖြစ်ပြီး ဒုတိယမြောက်ကြယ်ကို ဆိုလိုခြင်းဖြစ်သည်။ နက္ခတ်အမှတ်စဉ် ၁၉ ဖြစ်ပြီး ဓနုရာသီကို ပိုင်ဆိုင်၍ ဘီလူးနက္ခတ်ဖြစ်လေသည်။ နိုဝင်ဘာလ ၂၆ ရက်မှ ဒီဇင်ဘာလ ၇ ရက်အတွင်း ကျရောက်သော အာကာသနက္ခတ်နယ်နိမိတ်ကို မူလနက္ခတ် ပိုင်စိုးထားသောကြောင့် ထိုနက္ခတ်နယ်နိမိတ်အပိုင်းအခြားပေါ်ကို စန်းခေါ် တနင်္လာဂြိုဟ်မင်းဖြတ်သန်းသွားနေစဉ် တိုက်ဆိုင်မွေးဖွားကြသူများကို မူလစန်းယှဉ်နက္ခတ်ဖွား (သို့) နက္ခတ် ၁၉ လုံး၌ ဖွားမြင်လာသူများဟု ခေါ်ကြသည်။ နက္ခတ် ၁၉ လုံး မူလစန်းယှဉ်နက္ခတ်၌ မွေးဖွားလာကြသူများသည် ဥစ္စာပစ္စည်း ပြည့်စုံချမ်းသာပြီး၊ မာနရှိကြအံ့။ စည်းကမ်းကလနား ကြီးတတ်ကြကာ ဆွေမျိုးသားချင်းများနှင့် အိမ်ထောင်ခွဲ၍ နေထိုင်ရမည်။ အနည်းငယ် ကြွားဝါပြောဆိုတတ်သည့်ပြင် မရည်ရွယ်ဘဲ သူတစ်ပါး၏ သားမယားကို ငြိစွန်းတတ်မည်။ မူလနက္ခတ်သည် အနုပညာနက္ခတ်ဖြစ်ပြီး ဤနက္ခတ်နှင့်ယှဉ်၍ ဖွားမြင်လာကြသူများ၏ ဘဝခရီးပန်းရထား အတက်အကျ၊ အနိမ့်အမြင့်သည် အောက်ပါအတိုင်း ဖြစ်လာရပါလိမ့်မည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## စိတ်ကူးအတွင်းသဏ္ဍာန်

ဤနက္ခတ်ရှင်များသည် စိတ်ထဲတွင် အမှန်တကယ် ဖြစ်ပေါ်နေသော ခံစားချက်များကို ဖုံးကွယ်ထားတတ်ကြပြီး မကြိုက်သော်လည်း ကြိုက်ဟန်ဆောင်၍ တကယ်ချစ်မြတ်နိုးနေသော်လည်း မုန်းဟန်ဆောင်တတ်သူများ ဖြစ်သည်မို့ အတွင်းစိတ်သဏ္ဍာန်ကို ရှင်းရှင်းလင်းလင်းသိနိုင်ရန် ခက်ခဲလိမ့်မည်။ လူမှုဆက်ဆံရေး၌ မိမိတို့က သဘောကျလျှင် အောက်ခြေကလိုက်လျော ပေါင်းသင်းတတ်ပြီး မနှစ်မြို့လျှင် အလိုလို အပြစ်မရှိ အပြစ်ရှာ၍ လမ်းခွဲကျောခိုင်းသွားတတ်ကြသူများ ဖြစ်သောကြောင့် ဤနက္ခတ်ရှင်များနှင့် ထာဝရ အဖော်မွန်ကောင်းအဖြစ် ကြာကြာပေါင်းသင်းဆက်ဆံသွားနိုင်ရန် ခက်ခဲလိမ့်မည်။ လက်တွေ့ဘဝနှင့် စိတ်ကူးယဉ်ပိုင်း၌ စိတ်ကူးယဉ်ပိုင်းက အလေးသာတတ်ပြီး လေထဲတိုက်အိမ်ဆောက်နေတတ်သူများဖြစ်သဖြင့် မုန်းသလောက် ခရီးမရောက်၊ အကျိုးမခံစားရဘဲ အောင်မြင်မှု နှောင့်နှေးတတ်မည်။ အကယ်၍သာ စိတ်ကူးထက် လက်တွေ့ပိုင်းကို ရှေ့တန်းတင် ဦးစားပေးလုပ်ဆောင်သွားမည်ဆိုပါက မလွဲမသွေ ထိပ်ဆုံးကပုဂ္ဂိုလ်ထူးများအဖြစ် မော်ကြွားနိုင်သူများ ဖြစ်ကြပါလိမ့်မည်။ ဝီယဝါစာ စကားအပြောအဆိုဘက်၌ လိမ္မာပါးနပ်တတ်ကြပြီး စိတ်ထဲ၌ ပါသည်ဖြစ်စေ၊ မပါသည် ဖြစ်စေ အများအကျိုးကို ဖွဲ့နွဲ့ရှေ့တန်းတင်၍ အပြောအဟော ပြောင်မြောက်ကြသူများ ဖြစ်သောကြောင့် စာပြောကွက်စိပ်နှင့် နိုင်ငံရေးလောကတို့၌ ထင်ပေါ်ကျော်ကြားတတ်သည်။ ပြဇာတ်၊ ရုပ်ရှင်၊ စာပေ၊ ဂီတ၊ အနုပညာလောကတွင် နာမည်ဂုဏ်သတင်းကြီး၍ လျှမ်းလျှမ်းတောက်အောင်မြင်ပေါက်မြောက်တတ်မည်။ တိုးတက်မှု၊ ကြီးပွားမှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မိမိတို့ ဝါသနာပါ ရွေးချယ်ထားသော အလုပ်အကိုင်မျိုးကို လုပ်ဆောင်နေရလျှင် စိတ်အေးချမ်းပျော်ပိုက်နေကြသူများ ဖြစ်ကြသည်။

* * *

## အလုပ်နှင့် ကြီးပွားရေး

မူလနက္ခတ်ရှင်များသည် စိတ်ပါသောအလုပ်ဖြစ်လျှင် မိမိတို့အတွက် အကျိုးများသည်ဖြစ်စေ၊ နည်းသည်ဖြစ်စေ လုပ်ဆောင်တတ်ကြပြီး တစ်ခါတစ်ရံ သူတစ်ပါး မလုပ်နိုင်သော အလုပ်နှင့် အများက လက်မြှောက်အရှုံးပေးထားရသော အလုပ်မျိုးကိုပင် အိတ်ကစိုက်ပြီး လုပ်ချင်လုပ်နေတတ်သူများ ဖြစ်သည်။ အလုပ်တွင် အနည်းငယ် တစ်ယူသန် တဇွတ်ထိုးဆန်ပြီး ဘယ်သူတွေ ကြိုက်ကြိုက်၊ မကြိုက်ကြိုက် မိမိတို့ကြိုက်လျှင်ပြီးရောဟူသော စိတ်ဓာတ်မျိုးကြောင့် လုပ်ငန်းအဆင်ပြေချောမွေ့နေလျှင် တိုးတက်ကြီးပွားလွယ်ပြီး အဆင်မပြေလမ်းချော်နေပါက အောင်မြင်မှုပန်းတိုင်နှင့် ဝေးနေတတ်မည်။ ဤနက္ခတ်ရှင်များသည် အနုပညာဇာတာစန်းကောင်းသူများ ဖြစ်ကြသောကြောင့် အတီး၊ အမှုတ်၊ အက၊ အခုန်၊ အဆိုတော်၊ သရုပ်ဆောင်တို့၌ ဝါသနာကြီးလိမ့်မည်။ ထိထိရောက်ရောက် လိုက်စားလျှင် အောင်မြင်ပေါက်ရောက်နိုင်သည်။ မူလနက္ခတ်ရှင်များသည် အနုပညာလောက၌ ထင်ရှားပေါက်မြောက်သူ ဦးရေများကြသည်။ စာပေ၊ ကဗျာ၊ လက်ရာတို့၌ အလွန်လက်ရာမြောက်ပြီး ပါရမီရှိသူများဖြစ်သောကြောင့် စိတ်ပါလက်ပါ ကြိုးစားအားထုတ်လျှင် ကဗျာဆရာ၊ စာရေးဆရာကောင်းများအဖြစ် ထင်ရှားကျော်ကြားနိုင်သူများ ဖြစ်သည်။ ဤနက္ခတ်ရှင်များသည် မိဘမိရိုးဖလာအလုပ်နှင့် လွတ်လပ်၍ ဘောင်ခတ်မထားသောအလုပ်မျိုးကို ရွေးချယ်လုပ်ကိုင်လျှင် အောင်မြင်ဖြစ်ထွန်းလိမ့်မည်။ ပထမအလုပ်ဖြင့် မအောင်မြင်လျှင် ဒုတိယအလုပ်နှင့် မုချအောင်မြင်ပြည့်စုံကြပြီး ဘဝတွင် ရွှေမရှား၊ ငွေမရှား နေထိုင်သွားရသူများ ဖြစ်ရမည်။

* * *

## အချစ်နှင့် အိမ်ထောင်ရေး

မူလနက္ခတ်ရှင်များ၏ အချစ်လမ်းခရီးသည် နှစ်စုံ၊ နှစ်မျိုး၊ နှစ်ယောက်နှင့် ကြုံတွေ့ရတတ်ပြီး အရွေးရခက်



www.burmeseclassic.com

www.burmeseclassic.com

သော ဒွါရအချစ်ခရီးလမ်းမျိုး ဖြစ်တတ်သည်။ ချစ်သူနှစ်ယောက်ကြား ဗျာများနေရတတ်ပြီး အိမ်ထောင်သည်ဘဝ၌လည်း မျှော်လင့်မထားသော ချစ်သူမျိုးနှင့် ဆုံစည်းရတတ်သည်မို့ စိတ်ကိုအလိုလိုက်မိလျှင် အိမ်ထောင်နှစ်ဆက်ဖြစ်ကိန်း ကြုံမည်။ ဤနက္ခတ်ရှင်များသည် ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်ပြုသွားရသူ ဦးရေများပြီး အရွယ်လွန်မှ အိမ်ထောင်ရေးကံပေါ်၍ စန်းပွင့်ကြသူများလည်း ရှိကြသည်။ အိမ်ထောင်ပြုပြီးမှ စီးပွားရေး၊ လူမှုရေး ဘဝကံကောင်းပြီး ဘဝရဲ့ရည်မှန်းချက်ပန်းတိုင်များ ပြည့်စုံအောင်မြင်လိမ့်မည်။ အပျိုကြီး၊ လူပျိုကြီးဖြစ်ကိန်း အလွန်နည်းပြီး သားသမီးများ တတ်မည်။ သားသမီးများကို ပညာအမွေ၊ ပစ္စည်းအမွေပေးနိုင်ပြီး သားသမီးအကျိုး ပြည့်ပြည့်ဝဝ ခံစားနိုင်လိမ့်မည်။ မူလနက္ခတ်သည် ဘီလူးနက္ခတ်ဖြစ်သောကြောင့် ဘီလူးနက္ခတ်တူချင်း ထိမ်းမြားလက်ထပ်နိုင်လျှင် အတိုင်းထက်အလွန် တံခွန်နှင့်ကုက္ကား ဖြစ်ရမည်။ အကယ်၍ နက္ခတ်တူချင်း မဆုံစည်းနိုင်ပါက နတ်နက္ခတ်ကို ရွေးချယ်သင့်သည်။ ဘီလူးသည် လူကိုစားတတ်သောကြောင့် လူနက္ခတ်ကို ရှောင်ရပါမည်။

* * *

<u>ပညာရေး</u>

ဤနက္ခတ်ရှင်များသည် ဉာဏ်ကောင်းသလောက် ဝီရိယစိုက်ထုတ်မှုအပိုင်း၌ အားနည်းကြသဖြင့် မျှော်မှန်းထားသောအဆင့်နှင့် လွဲတတ်မည်။ အတန်းပညာ၌ စိတ်ပါသည့်အခါ ဖိကြိုးစားတတ်ပြီး စိတ်ဝင်စားမှုနည်းသည့်အခါ ပေါ့ပျက်ပျက် ပျင်းတိပျင်းတွဲ လုပ်တတ်သောကြောင့် ပထမမှန်းလျှင် ဒုတိယ (တတိယ) အဆင့်မျိုးနှင့်သာ ကျေနပ်နှစ်သိမ့်နေရတတ်သည်။ ပညာကို တကယ်စိတ်ဝင်စားကြိုးစားသင်ယူမည်ဆိုပါလျှင် သင်ယူနိုင်သလောက် တတ်မြောက်ထူးချွန်နိုင်မည့် ဇာတာမျိုးဖြစ်သည်။

* * *

<u>ကျန်းမာရေး</u>

အစာအိမ်နှင့် ကျောက်ကပ်ရောဂါများ ကပ်ငြိတတ်သော်လည်း သမားကောင်းနှင့်တွေ့၍ ကုသပျောက်ကင်းနိုင်မည်။ အအေးမိ၊ နှာစေး မကြာခဏ ဖြစ်တတ်သောကြောင့် အအေးဒဏ်ကို ရှောင်ရှားသင့်သည်။ ရောဂါကြီးကြီးမားမား စွဲကပ်စရာ အကြောင်းမရှိပါ။ သက်တမ်းပြည့် နေထိုင်နိုင်ပါလိမ့်မည်။

* * *

<u>ရှောင်ရန်၊ ဆောင်ရန်များ</u>

မူးယစ်ဆေးဝါး သုံးစွဲခြင်းမှ လုံးဝရှောင်ကြဉ်ရမည်။ တဇွတ်ထိုး စိတ်မျိုးကို ချင့်ချိန်သင့်သည်။ စိန် (သို့) အဖြူရောင်ကျောက်မျက်သည် ထာဝရဆောင်ထားရမည့် ဆောင်ပန်းရတနာဖြစ်ပြီး လာဘ်ပွင့် ကံကောင်းစေမည့် အရောင်သည် အဖြူရောင်နှင့် နှံ့သာရောင်ဖြစ်သည်။ ကျန်းမာရေးကြီးပွားရေးမကောင်းလျှင် အလုပ်အကိုင် အကြံအစည်ညံ့လျှင် သတ္တဝါကိုးကောင် ဘေးမဲ့လွှတ်၍ ဆုတောင်းပါ။ မကောင်းဟူသမျှ ကင်းဝေးစေ၍ ကောင်းကျိုးချမ်းသာ ဝေဖြာစေလိမ့်မည်။ မူလနက္ခတ်ရှင်များသည် တရားသဖြင့် သမ္မာအာဇီဝ လုပ်ကိုင်စားသောက်ကြခြင်းဖြင့် ကြယ်စင်ခသော လမင်းပမာ တင့်တယ်ထွန်းပနိုင်သူများ ဖြစ်ရပါမည်။

နိဝါတဖြင့် . . .

ကာလီဒါ့ချ်(မြန်မာပြည်)





www.burmeseclassic.com

www.burmeseclassic.com

# နှစ်ပေါင်း (၃၀)ကျော် အောင်မြင်နေတဲ့
# ကချင်ဆေးဆရာမကြီး ဒေါ်နန်းတူ



♦ သွေးတိုး၊ အကြောတက်ခြင်း၊ နောက်ကြောတက်၊ မျက်နှာ လေဖြတ်၊ ပါးတစ်ခြမ်းရွဲ့ခြင်း၊ လူကြီးလူငယ်မရွေး ဖြစ်တတ်သော အကြောရောဂါ၊ လေငန်း၊ လေဖြတ် ရောဂါများကို အထူးသက်သာစေတဲ့ အကြောအားဆေးဝိဇ္ဇာ။

♦ သွေးအားနည်း၊ နှလုံးတုန်၊ စိတ်ခြောက်ခြား အိပ်မပျော်၊ ဓမ္မတာမပေါ်/ကျန် ကိုက်ခဲခြင်း၊ အဖြူဆင်း၊ အားကုန်၊ အသားဖြူရော်၊ သွေးသားခြောက်ခမ်းခြင်းများအတွက် ကချင်သွေးအားတိုး အားဆေးကြီး။

♦ ခန္ဓာကိုယ် ထုံကျင်လေးလံခြင်း၊ ခါးကြောတစ်လျှောက် အမြောင်းထခြင်း၊ အဆစ်လွဲခြင်း၊ အကြောလွဲ၊ အကြောကပ် ခြင်းများ ရောဂါမျိုးစုံတို့အတွက် အဆိပ်ပြေ ရောဂါချမြစ် ဖြတ်စေတဲ့ ကချင်မရှောစားဆေးကြီး ရရှိနိုင်ပါသည်။

♦ **လေဖြတ်လေငန်း ဝေဒနာရှင်များအတွက် ဆရာမကြီးနှင့် ဆွေးနွေးတိုင်ပင် ကုသနိုင်ပါတယ်။**

အိမ်အမှတ်(၃၁၆)၊ သခင်ဖိုးလှကြီးလမ်း၊ စီမံကိန်း(၁)၊ တောင်ဥက္ကလာပ။
နေ့စဉ် နံနက် (၇:၀၀) မှ (၁၁:၀၀) နာရီထိ။
ဖုန်း - ၀၉-၄၂၅၀၁၁၈၇၅၊ ၀၉-၄၂၅၃၀၇၃၈၈၊

မြစန္ဒာဆေးတိုက် - ဆေးခန်းအမှတ်(၃၁၄)၊ ရွှေဘုံသာအလယ်လမ်း KBZ ဘေး
နေ့လယ် (၁၂:၀၀) မှ ညနေ (၄:၀၀) နာရီထိ။ ဖုန်း - ၀၁-၃၈၇၀၉၇
(တနင်္ဂနွေနေ့ ပိတ်သည်)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ထူးခြားလှတဲ့ ဒဿန

မနုဿကျော်ဝင်း(အမျိုးသားစာပေဆုရ)

"စာရေးနိုင်ဖို့အတွက် ကုန်ကြမ်း ဘယ်လိုရှာရမလဲ ဆရာ"

မြန်မာနိုင်ငံ စာရေးဆရာအသင်းမှ ကြီးမှူးဖွင့်လှစ်သော ဆောင်းပါး၊ ဝတ္ထု၊ ကဗျာ စာရေးနည်းအခြေခံ လမ်းညွှန်သင်တန်း အမှတ်စဉ်တစ်ခုတွင် ဖြစ်၏။ ကျွန်တော်သည် ယင်းသင်တန်း၌ ဆောင်းပါးရေးသားနည်း ဘာသာရပ်ကို ပို့ချရလေရာ တစ်ရက်သဥ္စ သင်တန်းသားတစ်ဦးက အထက်ပါအတိုင်း မေးခွန်းထုတ်လိုက်ခြင်း ဖြစ်၏။ ဤမေးခွန်းကို ဖြေဆိုရန် ဘာမျှမခက်ခဲပါ။

"ခင်ဗျား စာရေးဆရာကြီးမင်းသိန်ခ ရဲ့ ပုဏ္ဏားဘကွန်းစာအုပ်ကို ဖတ်ဖူးသလား"

"ဖတ်ဖူးပါတယ် ဆရာ။ ဒါပေမယ့် အချိန်အတော်ကြာသွားပြီဆိုတော့ အသေးစိတ်မမှတ်မိဘူး"

"စာဖတ်တဲ့အခါ သုတစာပေပဲဖြစ်ဖြစ်၊ ရသစာပေကိုပဲဖြစ်ဖြစ် အသိဉာဏ်နဲ့ ယှဉ်ပြီး ဖတ်သင့်တယ်။ ကိုယ်ဖတ်တဲ့ စာအုပ်ထဲမှာ မှတ်သားစရာတွေပါမယ်ဆိုရင် လက်မနေးရဘူး။ မှတ်စုဗလာစာအုပ်တစ်အုပ်ကို ဆောင်ထားပြီး မှတ်သားစရာအချက်တွေကို အဲဒီဗလာစာအုပ်ထဲမှာ ချက်ချင်းကူးယူထားလိုက်ရတယ်။ ဒါမှသာ အဲဒီအချက်တွေကို မေ့မသွားတော့ဘူး။ လိုအပ်တဲ့အခါ အဲဒီအချက်အလက်တွေကို ပြန်ဖတ်ကြည့်ပြီး သင့်သလို ကိုးကားနိုင်မယ်၊ အသုံးပြုနိုင်မယ်"

"ပုဏ္ဏားဘကွန်း ဝတ္ထုစာအုပ်တွေ ခင်ဗျားလက်ထဲမှာ ရှိသေးရင် ပထမတွဲစာအုပ်ကိုယူပြီး စာမျက်နှာ ၄၈ဝ ကနေ ၅ဝ၉ အထိ ပြန်ဖတ်ကြည့်ပါ။ အဲဒီဝတ္ထုရဲ့ အဓိကဇာတ်ကောင် သူဌေးကြီးပုဏ္ဏားဘကွန်းက ပတ္တရောင်ဆာသင် ပုလိပ်ကလေးကို စာရေးနည်းအတတ်ပညာဆိုင်ရာ လမ်းညွှန်သင်ကြားချက်တွေကို တွေ့ရလိမ့်မယ်။ အဲဒီ ပတ္တရောင်ဆာသင် ပုလိပ်ကလေးက စာရေးဆရာ သိပ်ဖြစ်ချင်တဲ့လူဆိုတော့ သူနဲ့ ရင်းနှီးခင်မင်ခဲ့တဲ့ သူဌေးကြီး ပုဏ္ဏားဘကွန်းကို တင်ပြအကြံဉာဏ်တောင်းခံခဲ့လို့ အခုလို ပြောပြတာပါပဲ။ အဲဒီပြောပြချက် ဒိုင်ယာလော့(ခ်) (Dialogue) တွေဟာ သိပ်ပြီး အနှစ်သာရပြည့်ဝတဲ့ လမ်းညွှန်ချက်တွေ ဖြစ်တယ်။ စာရေးဆရာကောင်းတစ်ယောက် ဖြစ်လာနိုင်ဖို့အတွက် အကြံဉာဏ်ကောင်းတွေ ဖြစ်တယ်။ ဇာတ်ကောင် သူဌေးကြီး ပုဏ္ဏားဘကွန်းက ပြောပြတဲ့ လမ်းညွှန်ချက်တွေဆိုတာလည်း တကယ်တော့ အဲဒီဝတ္ထုကို ဖန်တီးသူ စာရေးဆရာကြီး မင်းသိန်ခရဲ့ အာဘော်တွေပါပဲ။ ကျွန်တော်ပြောခဲ့တဲ့ အဲဒီစာမျက်နှာတွေကို ပြန်ဖတ်ကြည့်လိုက်ရင် စာဘယ်လိုရေးရမလဲဆိုတာ ချက်ချင်းသဘောပေါက်သွားပါလိမ့်မယ်။

"အဲ…ခင်ဗျားမေးထားတဲ့ စာရေးဖို့ ကုန်ကြမ်းဘယ်လိုရှာရမလဲ ဆိုတာကို ဆက်ပြီး ပြောပြပါ့မယ်။ အဲဒီအတွက် လမ်းညွှန်ချက်ကိုတော့ ပုဏ္ဏားဘကွန်းလုံးချင်းဝတ္ထု ဒုတိယတွဲစာအုပ်ရဲ့ စာမျက်နှာ ၅၅၉ ကို လှန်ကြည့်လိုက်ပါ။ တကယ့်ချမ်းသာခြင်းသည်

www.burmeseclassic.com

အစစ်အမှန်ကို ရှာဖွေဖို့အတွက် သူ့ရဲ့ ပိုင်ဆိုင်သမျှ ပစ္စည်းဥစ္စာ စည်းစိမ်တွေ အားလုံးကို စွန့်လွှတ်ပြီး ထွက်လာခဲ့တဲ့ သူဌေးကြီး ပုဏ္ဏားဘကွန်းဟာ လမ်းမှာ သူ့ရဲ့ ခမ္မမိတ်ဆွေ ကြေးကူးဆစ် ဆိုသူနဲ့ တွေ့တယ်။ ကြေးကူးဆစ်က သူ့ကို တမင်လာစောင့်နေတာပါ။ သူတို့နှစ်ယောက်ဟာ နံနက် ၂ နာရီ-၃ နာရီ အချိန်လောက် မြို့လယ်ဘက်ကို လျှောက်လာခဲ့ကြတယ်။ မိုးလင်းခါနီး အချိန်လောက် ရောက်လာပေမယ့် တချို့ဆိုင်တွေက မဖွင့်ကြသေးဘူး။ နှစ်ယောက်စလုံး ဝမ်းဟာပြီး ဗိုက်ဆာနေကြပေမယ့် ဝယ်စားစရာ ပိုက်ဆံ တစ်ပြားတစ်ချပ်မှ မရှိကြတော့ အခက်တွေ့နေတယ်။ ကြေးကူးဆစ်ရဲ့ အကြံပြုချက်အတိုင်း သူတို့ဟာ ဘိန်းမုန့်ဆိုင်မှာ သွားတောင်းစားကြတယ်။ ဘိန်းမုန့်ရောင်းသူ အဒေါ်ကြီးက သူတို့စားဖို့ ဘိန်းမုန့်အပျက်နှစ်ချပ်ကို လှူလိုက်တယ်။ အဲဒီဘိန်းမုန့်ကို စား၊ လက်ဖက်ရည်ဆိုင်က တောင်းလာတဲ့ ရေနွေးကြမ်းကို သောက်ပြီးချိန်မှာ ပုဏ္ဏားဘကွန်းဟာ အဆာပြေပြီး နေသာထိုင်သာ ရှိသွားတယ်။ အဲဒီအချိန်မှာ ကြေးကူးဆစ်က ပုဏ္ဏားဘကွန်းကို ဘယ်လိုပြောသလဲဆိုတော့ ဘကွန်းရေ . . . သူတောင်းစားအဖြစ်ကို ပြောင်ပြောင်တင်းတင်း ခံယူလိုက်တာနဲ့တစ်ပြိုင်နက် လောကမှာရှိတဲ့ ထမင်းအိုးတွေဟာ ကိုယ့်ထမင်းအိုးတွေချည်း ဖြစ်ကုန်တော့တာပဲကွ။ အဲဒါ စဉ်းစားကြည့်စမ်း။ ဘယ်လောက်ဆန်းသလဲလို့။ သူတောင်းစားမှာ ဘာမှမရှိဘူး။ ဒါပေမယ့် ဘယ်တော့မှလည်း မငတ်နိုင်ဘူး။ ဘာမှလည်း မရှိဘူး။ ငတ်လည်းမငတ်နိုင်ဘူး ဆိုတဲ့ ဆန့်ကျင်ဘက်သဘောတရား နှစ်ခုဟာ တစ်နေရာတည်းမှာ လာပြီး ဆုံတွေ့နေကြတယ် မဟုတ်လား။ အဲဒါ သူတောင်းစားဖြစ်ရခြင်းရဲ့ လေးနက်သော အဓိပ္ပာယ်ပါပဲ ဘကွန်း . . ကဲ့"

ကျွန်တော် ပြောပြနေသည်များကို လေးလေးစားစား နားထောင်နေရာမှ သူက -

"နေပါဦး ဆရာ။ အဲဒီသူတောင်းစားဘဝ ခံယူတာနဲ့ စာရေးဖို့ ကုန်ကြမ်းရှာဖွေတာဟာ ဘယ်လိုများ ပတ်သက်နိုင်လို့လဲ"ဟု ကြားဖြတ်မေးခွန်း ထုတ်လိုက်၏။

"ဆရာမင်းသိခ်ရဲ့ ဝတ္ထုထဲမှာပါတဲ့ ဒီဒဿနကို တိုက်ရိုက်စဉ်းစားရင်တော့ စာရေးဖို့ ကုန်ကြမ်းရှာတဲ့ကိစ္စနဲ့ ဘယ်လိုမှ ဆက်စပ်မိမှာ မဟုတ်ဘူး။ အဲ . . . ကျွန်တော်ကတော့ သွယ်ဝိုက်တဲ့နည်းနဲ့ ဆက်စပ်စဉ်းစားကြည့်လိုက်တယ်။ ဘယ်လိုလဲဆိုတော့ စာရေးဆရာအဖြစ် ပြောင်ပြောင်တင်းတင်း ခံယူလိုက်တာနဲ့ မြင်မြင်သမျှ၊ ကြားကြားသမျှတွေအားလုံးဟာ ကိုယ့်အတွက် စာရေးစရာ ကုန်ကြမ်းတွေ ဖြစ်သွားကြပြီ။ လိုအပ်တာတွေကတော့ မျက်စိကိုဖွင့်၊ နားကို စွင့်ထားဖို့ပါပဲ"

"စာရေးဖို့အတွက် ကုန်ကြမ်းကို ကိုယ့်ခန္ဓာကိုယ်မှာ ကိုယ်ပြန်ရှာရင်တောင် ရနိုင်တယ်။ သာဓကအနေနဲ့ ပြရရင် ကျွန်တော်ဟာ ငယ်ငယ်တုန်းက ကျွန်တော့်ရဲ့ ညာဘက်လက်ဖျံပေါ်မှာ ငှက်ကလေးတစ်ကောင် ပျံနေတဲ့ ရုပ်ပုံကလေးကို တက်တူး(ဆေးမင်ကြောင်)ထိုးခဲ့ဖူးတယ်။ အမေပေးတဲ့ မုန့်ဖိုးကို မုန့်ဝယ်မစားဘဲ ဈေးထဲမှာ တက်တူးထိုးသမားကို အဲဒီပိုက်ဆံပေးပြီး ထိုးခိုင်းခဲ့တာ ဖြစ်တယ်"

"အိမ်ပြန်ရောက်လို့ အဲဒီငှက်ရုပ်ကို အမေမြင်သွားတဲ့အခါ ပွဲကြမ်းတော့တာပါပဲ။ ကျွန်တော့်ကို ကြိမ်လုံးစာ တဝကြီး ကျွေးတယ်။ ဟဲ့ . . . လူမိုက်ကလေး။ နင်က စိတ်ရှုးထပြီး ဒီငှက်ရုပ်ကို ပိုက်ဆံအကုန်ခံ၊ အသားအနာခံပြီး ထိုးခဲ့တယ်။ အခု အဲဒီငှက်ရုပ်ကို နင် ဘာနဲ့မှ ပြန်ဖျက်လို့မရတော့ဘူး။ နင့်လက်ကို ဖြတ်ပစ်မှပဲ ရတော့မယ်။ တစ်သက်လုံး သေရာပါ အမှတ်အသား ဖြစ်သွားပြီလို့ အပြစ်တင်တယ်"

"အခု ကျွန်တော် တတိယအရွယ်ရောက်တော့မှ လက်ဖျံပေါ်က အဲဒီငှက်ရုပ်ကလေးကို ပြန်ကြည့်မိရင်း စဉ်းစားစရာ အချက်အလက်တွေ ပေါ်လာခဲ့တယ်။ စာရေးဖို့အတွက် ကိုယ့်ရဲ့ ခန္ဓာကိုယ်မှာ ကုန်ကြမ်းရှာမိသလို ဖြစ်သွားရတယ်။ ကျွန်တော့်လက်ဖျံပေါ်က ငှက်ရုပ်ကလေးကို ဘာနဲ့မှ ဖျက်လို့မရတော့သလို မြန်မာ့သမိုင်းမှာလည်း ရှင်ဘုရင်တချို့ ကျူးလွန်ခဲ့တဲ့ အမှားတွေကြောင့် စွန်းထင်းခဲ့ရတဲ့ အမည်းကွက်တွေ၊ သွေးကွက်တွေကို ဘာနဲ့မှ ပြန်ဖျက်လို့မရတော့ဘူး။ ဥပမာ-အနော်ရထာမင်းကြီးဟာ ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သူ ဖြစ်တယ်။ တိုင်းကျိုးပြည်ပြုလုပ်ငန်းတွေလည်း အများကြီး လုပ်ဆောင်ခဲ့တဲ့ ဘုရင်ဘုန်းပါး ဖြစ်တယ်။ ဒါပေမယ့် မင်းလောင်း



www.burmeseclassic.com

www.burmeseclassic.com

ပေါ်တော့မယ်ဆိုတဲ့ ပုဏ္ဏားတွေရဲ့ ဟောချက်ကိုကြားရတော့ မင်းစည်းစိမ်အာဏာကို လက်လွှတ်ရမှာစိုးရိမ်ပြီး အဲဒီမင်းလောင်းကို အပြတ်ရှင်းဖို့ ကြိုးစားတော့တာပဲ။ ကိုယ်ဝန်ဆောင်တွေ၊ နို့စို့ကလေးတွေ၊ နွားကျောင်းသားတွေကို သတ်ဖြတ်စေခဲ့တယ်။ ဒါပေမယ့် အဲဒီမင်းလောင်းဟာ လုံးဝပျောက်မသွားဘဲ ရဟန်းဘဝအထိ ရောက်လာခဲ့ရတယ်။ ရဟန်းတော်တွေထဲမှာ မင်းလောင်းကိုရှာပြီး ရှင်းပစ်ဖို့ ရဟန်းတွေကို ဆွမ်းစားဖိတ်ခဲ့တယ်။ မင်းလောင်းရဟန်းကိုတွေ့သွားတော့ ရှင်းပစ်မယ်အလုပ်မှာ ပုဏ္ဏားတော်တွေက သူဟာ မင်းလောင်းမှန်ပေမယ့် အရှင်မင်းကြီးလွန်ပြီး နောက်မင်းတစ်ဆက် လွန်တော့မှ ရှင်ဘုရင်ဖြစ်မှာလို့ လျှောက်ထားခဲ့ကြတဲ့အတွက် အဲဒီမင်းလောင်းဟာ အသက်ရှင်ခွင့်ရသွားတယ်။ နန်းတော်မှာ အမှုထမ်းခွင့်ရသွားခဲ့တယ်။ အဲဒီမင်းလောင်းဟာ စောလူးမင်းလွန်ပြီးတဲ့နောက် ထီးလိုင်ရှင် (ဝါ) ကျန်စစ်သားအဖြစ် ပုဂံထီးနန်းကို စိုးစံသွားခဲ့သူဖြစ်တယ်ဆိုတာ ခင်ဗျားသိပြီးသားပါ"

"ပုဂံခေတ် နရသူမင်းဆိုရင်လည်း မိုက်ချက်က ကမ်းကုန်တဲ့ မင်းဆိုးမင်းညစ်တစ်ပါးပါပဲ။ ခမည်းတော်အလောင်းစည်သူမင်းကြီး မကျန်းမမာ ဖြစ်နေတာကို ရွှေဂူကြီးဘုရားပို့ထားပြီး အဲဒီဘုရားဝင်းထဲမှာပဲ နရသူက ခေါင်းအုံးနဲ့ ပိသတ်ခဲ့တယ်။ နယ်နှင်ခံထားရပြီး ခမည်းတော်နတ်ရွာစံမှ နေပြည်တော်ကို ပြန်လာရတဲ့ သူ့ရဲ့နောင်တော် မင်းရှင်စောကိုလည်း အဆိပ်ခတ်သတ်ခဲ့တယ်။ သူ့ရဲ့ ကောင်းမှုတော် ဓမ္မရံကြီးဘုရားကို တည်တော့ စိတ်တိုင်းမကျလို့ ပန်းရံတွေရဲ့ လက်တွေကို ဖြတ်ခဲ့တာလည်း မနည်းဘူး"

"အဲ···နောက်ထပ် မင်းဆိုးမင်းညစ်တစ်ပါးကတော့ အင်းဝခေတ်က သီဟန်ဘွားဘုရင်ပါပဲ။ ဗုဒ္ဓဘာသာဝင်မဟုတ်ဘဲ နတ်ကိုးကွယ်သူ ဖြစ်တယ်။ စေတီပုထိုးတွေကို ဖျက်ဆီးတယ်၊ ဗြာပနာတိုက်တွေကို ဖောက်ပြီး ပစ္စည်းတွေယူတယ်။ ရဟန်းတော်တွေဟာ အလုပ်မလုပ်ဘဲ ထမင်းအချောင်စားနေသူတွေဖြစ်တယ်၊ မိန်းမ မယူဘဲ လူသူစုဆောင်းနေသူတွေဖြစ်တယ်၊ အင်အားများလာရင် သူ့ပုန်ထနိုင်တယ်ဆိုပြီး နန်းတော်ထဲကို ဆွမ်းစားဖို့ လိမ်ညာခေါ်ယူပြီး သတ်ဖြတ်ခဲ့တာ မနည်းပါဘူး။ နောက်ဆုံး ပြည်သူတွေက မခံမရပ်နိုင်ဖြစ်ပြီး မင်းကြီးရန်နောင်ကို ဝိုင်းဝန်းမေတ္တာရပ်ခံ အကူအညီတောင်းကြတယ်။ မင်းကြီးရန်နောင်က ဥပါယ်တံမျဉ်နဲ့ သူ့ကိုခေါ်ယူပြီး လုပ်ကြံလိုက်တော့မှ သီဟန်ဘွားဇာတ်သိမ်းသွားခဲ့ရတယ်လေ"

"ညောင်ရမ်းခေတ်က ပင်းတလဲမင်းဆိုရင်လည်း မင်းညံ့မင်းဆိုး တစ်ပါးပါပဲ။ သူ့လက်ထက်မှာ တရုတ်ပြည်က သူ့ပုန်စစ်တပ်ကြီးတစ်တပ်ဟာ မြန်မာပြည်ထဲ ကျူးကျော်ဝင်ရောက်လာတယ်။ စစ်ကိုင်းနဲ့ အင်းဝဘက်မှာ လှည့်လည်ပြီး တောင်သူလယ်သမားတွေဆီက စပါးတွေ၊ ဆန်တွေလုတယ်၊ ပင်းတလဲမင်းဟာ အဲဒီရန်သူတွေကို မနှိမ်နင်းဘဲ သူ့နန်းတော်ထဲမှာ ဆန်မပြတ်အောင် အနီးဝန်းကျင်က ဆန်စပါးတွေအားလုံးကို သိမ်းယူ သိုလှောင်ထားလိုက်တယ်။ လယ်သမားတွေစားဖို့အတွက် နန်းတော်ကပဲ ဆန်စပါး ပြန်ရောင်းချပေးတယ်။ လယ်သမားတွေ၊ ပြည်သူတွေဟာ ဆန်စပါးတွေ လုံလောက်အောင် ဝယ်ယူစားသုံးခွင့် မရတော့ဘူး။ နန်းတော်မှာ ဆန်စပါးရောင်းချပေးတဲ့ မောင်းမမိဿံတွေက ပြည်သူတွေကို မိုက်မိုက်ရိုင်းရိုင်း ဆက်ဆံကြတယ်။ အလေးတင်းတောင်းလည်း မမှန်ကြဘူး။ တစ်ခါတလေ လုံးဝမရောင်းချပေးတာမျိုးတွေလည်း ရှိတယ်။ နောက်ဆုံးမှာ မခံမရပ်နိုင်တော့ဘဲ ပြည်သူတွေက ပင်းတလဲမင်းကို ဖမ်းဆီးပြီး ရေချကွပ်မျက်ခဲ့ကြတယ်လေ"

"ကုန်းဘောင်ခေတ်ရဲ့ ဘုရင်တစ်ပါးဖြစ်တဲ့ ဘိုးတော်ဘုရား (ခေါ်) ဗဒုံမင်းဟာ တိုင်းကျိုးပြည်ပြု ဘုရင်တစ်ပါးပါပဲ။ ဒါပေမယ့် မိတ္ထီလာကန်ကို ဆည်တော့ သမိုင်းမှာ ဖျက်လို့မရနိုင်တဲ့ အမှားတစ်ခုကို ကျူးလွန်မိခဲ့တယ်။ ဗဒုံမင်းဟာ မိတ္ထီလာသူကြီး ကျေးရဲ့သမီးကို စုံမက်ပြီး တော်ကောက်ဖို့ ကမ်းလှမ်းခဲ့တယ်။ ဒါပေမယ့် သူကြီးကျေးက မပေးစားလိုတာကြောင့် သူ့သမီးရဲ့ ခန္ဓာကိုယ်မှာ ကုဋ္ဌနူနာ စွဲကပ်နေတယ်လို့ လိမ်ခဲ့တယ်။ အဲဒီလိမ်လည်မှုကို နောက်ပိုင်းမှာ ဗဒုံမင်းက သိသွားခဲ့ပြီး ရာဇမာန်ရှခဲ့တယ်။ ကျေးပင်ခုတ် ကျေးငုတ်တောင် မကျန်စေနဲ့ဆိုတဲ့ အမိန့်နဲ့ ကျေးတို့တစ်မျိုးလုံးတစ်ဆွေလုံးကို ကွပ်မျက်စေခဲ့တယ်။ ဘယ်လောက်ဆိုးတဲ့ လုပ်ရပ်လဲဆိုတာ ခင်ဗျားပဲ စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ပါတော့"

"မြန်မာ့သမိုင်းမှာ မင်းဆိုးမင်းညစ် တချို့ရဲ့ ကျူးလွန်ခဲ့တဲ့ အမှားတွေဟာ ဘာနဲ့မှ ဖျက်လို့မရတော့တဲ့ အစွန်းအထင်းတွေပါပဲ။ ဒီတော့ ဒီအစွန်းအထင်းတွေကို ထိန်ချန်ထားဖို့၊ ဖုံးကွယ်ထားဖို့ ကြိုးစားကြမယ့်အစား မျက်မှောက်ခေတ်မှာ ပြန်လည်သုံးသပ်ပြီး ဒီလိုအမှားမျိုးတွေကို ထပ်မကျူးလွန်မိဖို့ ဆင်ခြင်ကြမယ်၊ ရှောင်ကြဉ်ကြမယ် ဆိုရင် ကောင်းမွန်တဲ့ အနာဂတ်ကို ဖန်တီးနိုင်ကြမှာဖြစ်ပါတယ်။ ကျွန်တော်ဟာ ကိုယ့်ရဲ့ညာလက်ဖျံပေါ်မှာ တက်တူး(ဆေးမင်ကြောင်)ထိုးထားတဲ့ ငှက်ရုပ်ကလေးကို ကြည့်ရင်း အခုပြောခဲ့တဲ့ အကြောင်းအချက်တွေကို စဉ်းစားဆင်ခြင်မိတာကြောင့် 'ဘာနဲ့မှ ဖျက်၍မရ' ဆိုတဲ့ ခေါင်းစဉ်နဲ့ ဂျာနယ်ကြီးတစ်စောင်မှာ ဆောင်းပါးတစ်ပုဒ် ရေးသားဖြစ်ခဲ့တယ်လေ"

"ဆိုချင်တဲ့သဘောက စာရေးဖို့အတွက် ကုန်ကြမ်းကို မိမိရဲ့ခန္ဓာကိုယ်ပေါ်မှာ ရှာဖွေနိုင်သလို ကျန်းမာရေးအတွက် လမ်းလျှောက်ရင်း၊ ဘတ်(စ်)ကားစီးရင်း၊ ဈေးဝယ်ရင်း၊ အိမ်မှာ သတင်းစာဖတ်နေရင်း၊ အသုဘသွားပို့ရင်းနဲ့လည်း ရနိုင်တယ်ဆိုတာ နားလည်သဘောပေါက်ထားဖို့ပါ"

"အခုဆိုရင် ရန်ကုန်မြို့ထဲမှာ ဟိုဟိုဒီဒီ ကားနဲ့သွားတဲ့အခါ ယာဉ်ကြောတွေ ကျပ်လွန်းလို့ သိပ်ပြီးခရီးဖင့်တယ်၊ အချိန်ကုန်တယ်၊ ကားစီးရင်း ဒေါမနဿ ပွားရတယ်၊ စိတ်ညစ်ရတယ်။ ကျွန်တော်ကတော့ အဲဒီလို ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ မဖြစ်ရအောင် မော်တော်ကားစီးနေရင်း စာရေးဖို့ ကုန်ကြမ်းရှာတယ်။ ဘယ်လိုရှာသလဲဆိုတာ ပြောပြမယ်။ ကားပေါ်မှာထိုင်နေရင်း ရှေ့နောက်ဝဲယာမှာရှိတဲ့ ကားနံပါတ်တွေကိုကြည့်ပြီး သမိုင်းဆိုင်ရာသက္ကရာဇ်နဲ့ တိုက်ဆိုင်ကြည့်တယ်။ ဥပမာ ၁၀၄၄ ဆိုရင် ဒါဟာ အနော်ရထာမင်း နန်းတက်တဲ့နှစ်ပဲ။ ၁၀၇၇ ဆိုရင် ဒါဟာ အနော်ရထာမင်းနတ်ရွာစံတဲ့နှစ်၊ ၁၈၂၄ ဆိုရင် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲဖြစ်တဲ့နှစ်၊ စစ်သူကြီးမဟာဗန္ဓုလ ကျဆုံးရတဲ့နှစ်၊ ၁၇၅၂ ဆိုရင် အလောင်းဘုရားက တတိယမြန်မာနိုင်ငံတော်ကို တည်ထောင်တဲ့နှစ်ဆိုတဲ့ တိုက်ဆိုင်စစ်ဆေးမှုမျိုးပေါ့ဗျာ။ ဒီတော့ ကားနံပါတ်တွေကိုကြည့်ရင်း သမိုင်းဆိုင်ရာ သက္ကရာဇ်တွေကိုလည်း ပြန်ပြီးကျက်မှတ်မိသလို ဖြစ်စေတယ်။ အဲဒီ ခုနှစ်တွေမှာ ဖြစ်ပျက်ခဲ့တဲ့ သမိုင်းဖြစ်ရပ်တွေကို ပြန်တွေးမိပြီး ဆောင်းပါးတို၊ ဝတ္ထုတို့ ရေးဖို့ စိတ်ထဲမှာ စာစီမိတယ်ပေါ့ဗျာ"

"မြန်မာ့သမိုင်းအတွက်သာ မကပါဘူး။ ကားနံပါတ်တွေကိုကြည့်ရင်း ကမ္ဘာ့သမိုင်းကိုပါ ပြန်ပြီးသတိရနိုင်တယ်။ ဥပမာ - ၁၉၁၄ ဆိုတဲ့ ကားနံပါတ်မျိုးကို မြင်တွေ့လိုက်ရတာနဲ့ ဒါ ရုရှားနဲ့ ဂျပန် စစ်ပွဲဖြစ်ခဲ့ရတဲ့ နှစ်ဆိုတာ သတိပြန်ရတယ်။ သူ့နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် အချိန်မီ ကြိုးစားပျိုးထောင်လိုက်တဲ့ ဂျပန်ဟာ အဲဒီစစ်ပွဲမှာ ရုရှားလိုနိုင်ငံကြီးကို စစ်နိုင်လိုက်တယ်။ အဲဒီလို စစ်ပွဲအောင်နိုင်တဲ့ သတင်းကြောင့် အာရှတိုက်သားတွေ အမျိုးသားရေးစိတ်ဓာတ် နိုးကြားတက်ကြွလာခဲ့ရတယ်။ အဲဒီအချိန်ကာလတုန်းက အာရှနိုင်ငံတော်တော်များများဟာ ဗြိတိသျှ၊ ပြင်သစ်၊ စပိန်၊ ဒတ်ချ် စတဲ့ နိုင်ငံတွေရဲ့ ကိုလိုနီလက်အောက်ခံဘဝကို ကျရောက်နေခဲ့ရကိုး။ ဂျပန်လို အာရှရဲ့ တိုင်းပြည်သေးသေးလေးက ရုရှားလို ဥရောပနိုင်ငံကြီးတစ်ခုကို စစ်နိုင်လိုက်တဲ့အတွက် အာရှတိုက်သားတွေဟာ ဇာတိသွေးဇာတိမာန် ကြွလာပြီး "အာရှတိုက်ဟာ အာရှတိုက်သားတွေအတွက်ပဲ ဖြစ်ရမယ်" (Asia for Asians) ဆိုတဲ့ ကြွေးကြော်သံမျိုးတွေ ထွက်လာခဲ့ရတယ်။ မြန်မာပြည်မှာလည်း အာရှလူငယ်အသင်းကို ဖွဲ့စည်းပြီး လွတ်လပ်ရေးအတွက် စတင်ကြိုးပမ်း လှုပ်ရှားလာခဲ့ကြတယ်။ ၁၉၁၄ ဆိုတဲ့ ကားနံပါတ်ကို ကြည့်မိရင်း သမိုင်းဖြစ်ရပ်တွေကို အခုလို တသီတတန်းကြီး သတိရမိသွားတယ်။ စာရေးဖို့အတွက် ကုန်ကြမ်းတွေကို စဉ်းစားမိသွားတယ်။ ကိုင်း . . . စာရေးဖို့ ကုန်ကြမ်း ဘယ်လိုရှာနိုင်တယ်ဆိုတာ သဘောပေါက်သွားပြီ မဟုတ်လား။ ကျွန်တော်ဟာ ဆရာမင်းသိခ်ရဲ့ ပုဏ္ဏား ဘကွန်းလုံးချင်းဝတ္ထုထဲက ဒဿနတစ်ခုကို အကြောင်းပြုပြီးတော့ စာရေးဖို့ အခုလို ကုန်ကြမ်းရှာတတ်သွားခဲ့ရတာပဲ ခင်ဗျာ"

မနဿကျော်ဝင်း
(အမျိုးသားစာပေဆုရ)



www.burmeseclassic.com

www.burmeseclassic.com

# ခွေးချစ်သူတို့ သတိပြုဖို့

ချစ်မမသက်

ခွေးဆိုသော သတ္တဝါသည် လူနှင့် အနေနီးစပ်ပြီး သခင့်အပေါ်၌ သစ္စာစောင့်သိတတ်သော သတ္တဝါဖြစ်၏။ သို့ဖြစ်၍လည်း ကမ္ဘာတစ်ဝှမ်းလုံး၌ ခွေးချစ်သူပေါင်းများစွာ ရှိကြပါသည်။ ခွေးဆိုရာ၌လည်း အမျိုးမျိုးအစားစား ရှိကြသည်။ တချို့ ခွေးဆိုလျှင် တန်ဖိုးလွန်စွာကြီးကုန်၏။ အချို့သော ခွေးများက ခြံလုံအောင် စောင့်ပေးခြင်း၊ အမဲလိုက်ပေးခြင်း၊ ရန်သူကို အန့်ခံဖမ်းပေးခြင်းဖြင့် အကျိုးပြုကြကုန်၏။ သို့ရာတွင် အကောင်းနှင့် ဆန့်ကျင်ဘက် သတိထားဆင်ခြင်စရာတွေ ရှိကြချေ၏။

ဘယ်လို ခွေးမျိုး မွေးသင့်သနည်း။

- တစ်ကိုယ်လုံး ဖြူပြီး ခြေသည်း၊ လက်သည်း မည်းနေခြင်း။
- တစ်ကိုယ်လုံး နီပြီး ခြေလေးဘက်၊ အမြီး၊ နှာတံ ဖြူကာ ခြေသည်း၊ လက်သည်း စုစုပေါင်း အရေအတွက်အားဖြင့် ၂၀ ရှိခြင်း။
- နားရွက်ရှည်ပြီး ပုတ်သင်မြီးကဲ့သို့ အမြီးရှိခြင်း၊ မျက်စိမှာ ကြက်မောက်ပွင့်ကဲ့သို့ နီရဲနေခြင်း၊ တစ်ကိုယ်လုံး ကြောင်ကြောင်ကျားကျားရှိခြင်း။

အစရှိသော ခွေးကို မွေးပါက ခွေးရှင်အဖို့ စီးပွားလာဘ်လာဘများ ပွင့်လန်းမည်ဖြစ်ကြောင်း မှတ်သားရပါသည်။

၁။ ပစ္စည်းပစ္စယများ ထားရှိသောနေရာ၊ စပါးကျီအောက်၊ စားသောက်ဖွယ်ရာပစ္စည်းများ ထားသည့်အောက်၌ ခွေးကလေးများ မွေးလာပါက ခွေးရှင်အဖို့ စီးပွားဥစ္စာများ တိုးတက်လာပါလိမ့်မည်။

၂။ အိမ်ရှေ့ လှေကားအောက်၌ မွေးပါက စီးပွားလာဘ်လာဘများ ပွင့်လန်းလာပါလိမ့်မည်။

၃။ နေအိမ်အောက်၌ မွေးပါက ငွေများ ဝင်လာလိမ့်မည်။ (သို့သော် ကာလ ကြာမရှည်ပါ။)

၄။ မီးဖိုချောင်၌ မွေးပါက သားမယား၊ ရွှေငွေရတနာများ တိုးပွားလာပါလိမ့်မည်။ (ထို့အတူ မီးဘေးအန္တရာယ်နှင့်လည်း တွေ့ကြုံရတတ်ပါသည်။)

၅။ အိမ်ဦးခန်း၌ မွေးပါက အိမ်ရှင် ကျန်းမာရေး ထိခိုက်တတ်ပါသည်။

၆။ အိမ်မကြီး၏အလယ်၊ အနောက်ဘက်၌ မွေးပါက အိမ်ရှင်မ ထိခိုက်ပျက်စီးတတ်ပါသည်။

၇။ အိပ်ရာပေါ်တက်၍ မွေးပါက ခွေးရှင် ပျက်စီးတတ်ပါသည်။

၈။ အိမ်ခြေရင်း၌ မွေးပါက သားသမီးများ ပျက်စီးတတ်ပါသည်။

၉။ ဥရုတိုင်မှာ မွေးပါက ခွေးရှင် ထိခိုက်ပျက်စီးတတ်ပါသည်။

၁၀။ ကြမ်းပြင်၌ မွေးပါက လင်မယားချင်း စိတ်ဝမ်းကွဲတတ်ပါသည်။

၁၁။ အခါမဲ့ မိတ်လိုက်ပြီး မွေးလာသော ခွေးသည် ကောင်းကျိုးမပေးပါ။ ခိုက်တတ်ပါသည်။

၁၂။ အထီးတစ်ကောင်၊ အမလေးကောင် မွေးပါက အိမ်ရှိလူများ အခိုက်ရန် ကြုံတတ်ပါသည်။

၁၃။ အခါမဲ့ မိတ်လိုက်ပြီး တစ်နှစ်တည်း သုံးကြိမ်မွေးပါက အိမ်ရှင်အဖို့ အကြီးအကျယ် ထိခိုက်ပျက်စီးတတ်ပါကြောင်း ခွေးချစ်သူတို့ သတိပြု ဆင်ခြင်နိုင်ကြစေရန် တင်ပြလိုက်ပါသည်။

ချစ်မမသက်



www.burmeseclassic.com

www.burmeseclassic.com



# နေမင်းပေါ်

## ဆည်ကျိုးတဲ့စုန်ရေ

www.burmeseclassic.com

www.burmeseclassic.com

# ခင်ကျိုးတဲ့ ခုနှစ်ရေ

နေမင်းလတ်

"တီ ... တီ ... တီ"

ဟူသော နှိုးစက်သံကြားမှ ဦးသန်းလှ လန့်နိုးသွားသည်။ အိပ်ချင်မူးတူးဖြင့် နာရီနှိုးစက်ကို ပိတ်ရင်း လူးလဲထလိုက်သည်။ နံနက်ရှစ်နာရီဆိုသည့် အချိန်က (၃၁)ရပ်ကွက်တစ်ခုလုံး ငြိမ်သက်စွာ လဲလျောင်းနေသည့်အချိန်ပင်။ လူတကာတို့ အိပ်စက်နေကြချိန်မှာ ဦးသန်းလှ မအိပ်စက်နိုင်တော့ပါ။ မိသားစုစားဝတ်နေရေးအတွက် သူရုန်းကန်ရတော့မည်။

"ကိုသန်းလှ ... ရှင်ဈေးရောင်းသွားတော့မလို့လား"

"အေး"

ဇနီးသည် ဒေါ်လှသန်း၏ အမေးကို ခေါင်းညိတ်ပြရင်း မျက်နှာသစ်ရန် ဆင်းလာလိုက်သည်။ ဦးသန်းလှတို့လင်မယားနှစ်ယောက်၏ နာမည်မှာ ပြောင်းပြန်အချိုးကျသည်။ ဦးသန်းလှနှင့် ဒေါ်လှသန်းပင်။ ခင်မင်ရင်းနှီးသူများက ချဲထီထိုးလျှင် သုံးသည့် (R)ဆိုသည့်စကားလုံးဖြင့် "ဦးသန်းလှ(R)"ဟု စနောက်ကြသည်။

"မိန်းမ ... ငါဈေးရောင်းသွားတော့မယ်"

"ရှင့်ရဲ့လွယ်အိတ်ပါပြီလား"

"ပါပြီ။ သွားပြီနော် ..."

ဇနီးဖြစ်သူအား နှုတ်ဆက်ပြီး ဦးသန်းလှထွက်လာခဲ့သည်။ မှောင်မိုက်လွန်းသည့် လမ်းတစ်လျှောက် ခွေးဟောင်သံ တစီစီနှင့် ဓာတ်မီးလေးဖွင့်၍ လျှောက်လာခဲ့သည်။ ယုဇနဥယျာဉ်မြို့တော်၏ ရဲစခန်းနားအရောက် ဈေးကြီးထွက်လာသည့် (၃၂)ကားတစ်စီးကို မြင်လိုက်ရ၍ ဓာတ်မီးဖြင့် အချက်လှမ်းပြရင်း ပြေးလိုက်သွားရသည်။

"အဘ ... နောက်ကျလှချည်လား"

"အေးကွာ ...ညက အိပ်တာနောက်ကျသွားလို့ တော်တော်နဲ့ မနိုး



www.burmeseclassic.com

www.burmeseclassic.com

"ဘာဖြစ်လို့လဲ အဘရဲ့"

"ဘာမှမဟုတ်ပါဘူးကွာ"

ဟု ပြောလိုက်ရင်း မိသားစု၏ အခြေအနေကို ပြန်ပြောင်းတွေးတောလိုက်မိသည်။ သားနှစ်ယောက်၊ သမီးငါးယောက်ရှိသည့်အနက် အကြီးဆုံးအကြီးမကလွဲလျှင် ကျန်သည့်သားသမီးခြောက်ယောက်စလုံးက အဆင်မပြေကြပေ။ တစ်နေ့လုပ် တစ်နေ့စားသမားများမို့ အလုပ်မရှိသောရက်များတွင် အကြွေးယူကြရင်း အတိုးသံသရာထဲမှာ နစ်မြုပ်နေကြသည်။ မိဘမေတ္တာဖြင့် ပေးကမ်းထောက်ပံ့နေရသည့်တိုင် လူကများလွန်းတော့ အပြည့်အဝအကူညီနိုင်။

သားသမီးခုနစ်ယောက်အတွက် ယခုအချိန်ထိ ရတက်မအေးနိုင်သေးပေ။ သားအကြီးဖြစ်သည့် သီဟအောင်က ကားသမားဖြစ်ပြီး၊ ကားပျက်သည့်ရက်က များနေ၍ စားဝတ်နေရေးက မပြေလည်။ ထို့အတူ သားအငယ် ကိုချမ်းကလည်း အလုပ်လက်မဲ့ ဖြစ်သည့်အပြင် ၎င်း၏မိန်းမကလည်း ကိုယ်ဝန်အရင့်အမာကြီးနှင့် မွေးဖွားခါပင် နီးနေပြီဖြစ်သည်။ ထို့ကြောင့် မိဘကပဲ ထောက်ပံ့ကျွေးမွေးနေရသည်။ ပိုဆိုးသည်က ဒုတိယနှင့် တတိယသမီးနှစ်ယောက်ပင်။ ၎င်းတို့၏ ခင်ပွန်းများမှာ ပန်းရန်ဆရာများဖြစ်ကြပြီး အခြားအလုပ်ကို မလုပ်တတ်။ ပန်းရန်အလုပ်မရှိသည့်အခါများတွင် ငုတ်တုတ်ထိုင်ပြီး ငတ်နေကြသူများပင်။ ထို့ကြောင့် လင်မယားချင်း မကြာခဏဆိုသလို စကားများကြ၊ ရန်ဖြစ်ကြသည်။

အငယ်ဆုံးမလေး၏ ခင်ပွန်းမှာ ကုမ္ပဏီတစ်ခုတွင် မန်နေဂျာဖြစ်၍ နည်းနည်းတော်သေးသည်ဟု ဆိုရမည်။ စတုတ္ထသမီး၏ ခင်ပွန်းကျပြန်တော့လည်း ကုမ္ပဏီတစ်ခုတွင် ကားမောင်းသဖြင့် မဆိုးလှပါ။ အမှတ်(၁)စက်မှုဝန်ကြီးဌာန အကြီးတန်းစာရေးဖြစ်သူ အကြီးဆုံးသမီးကြီးကတော့ ပြေလည်သည်။ သူမ၏ခင်ပွန်းဖြစ်သူကလည်း တက္ကစီကားမောင်းပြီး ငွေရှာကောင်းသူဖြစ်သဖြင့် မိဘနှင့် ညီအစ်ကိုမောင်နှမများအား လိုရင်လိုသလို ကူညီထောက်ပံ့ပေးနေသူလည်း ဖြစ်သည်။

"ဗားကရာပါလား၊ ဗားကရာ"

"ပါတယ်ဟေ့ . . . ပါတယ်"

စပယ်ယာလေး၏အသံကြားမှ သတိဝင်လာပြီး ဦးသန်းလှ ကားပေါ်မှ ဆင်းရန် ပြင်လိုက်မိသည်။ ကားပေါ်မှဆင်းပြီး အိတ်ထဲမှ ကွမ်းတစ်ယာထုတ်ဝါးရင်း ကြည့်မြင်တိုင်ဘူတာသို့ ဆက်လျှောက်လာခဲ့သည်။ ကွမ်းတစ်ယာညက်ခန့်ကြာတော့ ဘူတာသို့ရောက်သည်။ ဘူတာရှေ့မှ လက်ဖက်ရည်ဆိုင်သို့ ခဏဝင်ထိုင်ရင်း ရထားထွက်ချိန်ကို စောင့်နေလိုက်သည်။

"လက်ဖက်ရည်တစ်ခွက်ဟေ့"

စားပွဲထိုးလေး လာချပေးသည့် လက်ဖက်ရည်ကို တစ်ငုံသောက်၍ ပြန်ချထားလိုက်ပြီး ဈေးရောင်းဖို့အတွက် ပြင်ဆင်နေမိသည်။ ပြည်(စာပို့)ရထားပေါ်တွင် ဈေးရောင်းနေသည့် ဦးသန်းလှအဖို့ နေ့စဉ်နှင့်အမျှဆိုသလို စောစောထ၍ ရထားထွက်မည့်အချိန်ကို စောင့်စားနေရသည်မှာ မဆန်းတော့ပါ။

"ရှင်းမယ်ဟေ့ . . ."

လက်ဖက်ရည်ဖိုး ကျသင့်ငွေကို ရှင်းပြီး လက်မှတ်ဝယ်ရန်အတွက် ဦးသန်းလှ ထွက်လာခဲ့တော့သည်။

☆ ☆ ☆

"အဖေ"

"ဘာတုန်းဟ"

"သားကားလိုက်ရတာ အဆင်မပြေဘူး အဖေ"

သားကြီး၏ စိတ်ပျက်လက်ပျက် ပြောလာသည့် စကားတစ်ခွန်းက ဦးသန်းလှ၏ ရင်ကိုနာကျင်စေသည်။ ကရုဏာသက်စွာဖြင့် သားဖြစ်သူကိုကြည့်ရင်း–

"ဒါဆိုရင် သားက ဘာအလုပ်လုပ်ချင်လို့လဲ"

"သားဈေးရောင်းချင်တယ် အဖေ"

"ဘာရောင်းမှာလဲ"

"အခု နွေရောက်ပြီဆိုတော့ အအေးရောင်းချင်တယ်။ အဲဒါ အရင်းအနှီးလိုလို့"

"ဘယ်လောက်လိုလို့လဲကွ"

"တစ်သိန်းတည်းပါ အဖေရယ်။ သားပြန်ဆပ်မှာပါ"

"ဟေ . . ."

ဦးသန်းလှတစ်ယောက် မျက်လုံးပြူးသွားသည်။ 'တစ်သိန်း'တည်းပါတဲ့။ တစ်သိန်းဆိုသည့် ပမာဏက သူ့အဖို့များလွန်းလှပေသည်။ သို့ပေမဲ့လည်း –

"ရပါတယ်ကွာ။ နောက်နှစ်ရက်ကြာရင် လာယူလှည့် ကြားလား"

"တကယ်လား အဖေ။ ဝမ်းသာလိုက်တာဗျာ"

ဝမ်းသာအားရဖြစ်သွားသည့် သားဖြစ်သူကိုကြည့်၍ သူ့ရင်ထဲ ပီတိဖြစ်ရသည်။ သူတို့လေးတွေ အဆင်ပြေဖို့အတွက် ရွှေတောင်ကြီးမဟုတ်ခဲ့တောင်မှ မြင်းမိုရ်တောင်လောက်တော့ ဖြစ်ချင်ခဲ့သူပါ။ သားဖြစ်သူ ပြန်သွားတော့မှ ဇနီးဖြစ်သူက ဝင်ပြောသည်။

"ရှင့်သားတောင်းတာ များလှချည်လား"

"တောင်းစမ်းပါစေကွာ။ ငါတို့က မိဘပဲ။ ခင်းတို့လေးတွေရဲ့ လိုအပ်ချက်မှန်သမျှကို ဖြည့်ဆည်းပေးရမှာက ငါတို့တာဝန်လေ။ ငါ့ပခုံးတွေ ကောင်းပါသေးတယ်ကွ"

"ရှင်လည်း အသက်ကြီးပါပြီ



www.burmeseclassic.com

ဦးသန်းလှရယ်။ ကျွန်မကလည်း သူတို့တွေကို ဝမ်းနဲ့လွယ်မွေးခဲ့ရတဲ့ အမေပါရှင်၊ ဒါပေမဲ့ ...''

''မပြောပါနဲ့တော့ကွာ။ ငါရှာနိုင်ပါသေးတယ်''

''ငွေတစ်သိန်းကို ရှင်ဘယ်လိုရှာမလဲ''

ဇနီးဖြစ်သူ၏ စကားကြောင့် ဦးသန်းလှတွေဝေသွားသည်။ မှန်ပေ၏။ 'တစ်သိန်း'ဆိုသည့် ငွေပမာဏကို သူမရှာနိုင်။ သို့သော် သားဖြစ်သူ စိတ်ချမ်းသာဖို့အရေး မဖြစ်မနေရှာဖွေရတော့မည်။

''ရှင်ဘာတွေစဉ်းစားနေတာလဲ ကိုသန်းလှ''

''ဘာရယ်မဟုတ်ပါဘူးကွာ။ ငွေရှာဖို့ စဉ်းစားနေတာပါ''

''ဟိုမှာ ... သီဟက အိမ်တောင်ပြန်မရောက်သေးဘူး။ ရှင့်သမီးနှစ်ယောက်က ရောက်လာပြန်ပြီ။ ဒီကိစ္စကို မပြောနဲ့တော့''

ခြံတံခါးဖွင့်၍ ဝင်လာသည့် သမီးနှစ်ယောက်ကို မြင်လိုက်ရ၍ စကားဝိုင်းကို သိမ်းလိုက်ကြရသည်။ မျက်နှာညှိုးငယ်စွာဖြင့် ဝင်လာသည့် သမီးနှစ်ယောက်ကြောင့် လင်မယားနှစ်ယောက်လုံး စိုးရိမ်သွားရပြန်သည်။

''ဘာဖြစ်လာကြတာလဲ အလတ်မနဲ့ အငယ်မ။ ပြောစမ်း ...''

''ဘာဖြစ်ရမှာလဲ အမေရယ်။ ထုံးစံအတိုင်းပေါ့''

''မြန်မြန်ပြောစမ်းပါဟဲ့''

''အမေ့သမက်တွေက ပန်းရန်အလုပ်မရှိရင်၊ မလုပ်ရရင် ထမင်းငတ်မယ့်သူတွေမှန်း အမေလည်း သိသားနဲ့။ အခုလည်း အလုပ်မရှိကြဘူး။ မရှိတုန်းက ယူထားတဲ့ အကြွေးတွေကိုလည်း ဆပ်နိုင်ဘူး။ အကြွေးတောင်းတဲ့သူ လာတော့လည်း မကြိုက်ကြဘူးတဲ့လေ။ အဲဒါ

"မဖြစ်နိုင်တော့ပါဘူးကွယ်။ ဒီနေရာနဲ့ အဖေတို့က နေသားကျနေပါပြီ။ အဖေတို့ရဲ့ဘဝတွေလည်း အေးချမ်းနေပါပြီကွယ်။ အိမ်ရောင်းလို့ရတဲ့ ငွေတွေကို ဘဏ်မှာ အပ်ထားခဲ့တယ်။ သားတို့အားလုံး ခွဲဝေယူကြပါတော့"

နဲ့ပဲ သမီးနဲ့ အငယ်မတို့ စိတ်ညစ်ပြီး ဆင်းလာခဲ့တာပဲ''

"မဟုတ်တာဘဲ သမီးတို့ရယ်။ သမီးတို့မှာလည်း ကလေးတွေ တစ်ပြုံကြီးနဲ့ မဖြစ်ပါဘူးကွယ်။ သမီးတို့ပြန်ကြနော်''

"မပြန်ချင်ပါဘူး အမေရာ။ အိမ်မှာ အကြွေးရှင်တွေက တန်းစီနေတာ။ မဆပ်နိုင်ရင် နှင်ပဲငဆဲ အပြောခံရမှာ အမေရဲ့''

သမီးနှစ်ယောက်၏ ဒုက္ခပင်လယ်ဝေနေသည့် အဖြစ်ကြောင့် ဦးသန်းလှတို့လင်မယားအဖို့ စိတ်မကောင်းဖြစ်သွားသည်။ နောက်ဆုံးတော့လည်း မိဘတို့ဝတ္တရားရှိသည့်အတိုင်း ဖြေရှင်းပေးရတော့မည် မဟုတ်ပါလား။

"ကဲပါကွယ်။ သမီးတို့ ဘာမှ စိတ်ညစ်မနေကြနဲ့။ နောက်နှစ်ရက်ကြာရင် အဖေတို့ဆီမှာ ငွေလာယူပြီး အကြွေးတွေဆပ်။ အခုတော့ ပြန်ကြဦး။ ဟုတ်ပြီလား''

"ဟုတ် ... ဟုတ်ကဲ့''

ထိုအချိန်တွင် အကြီးဆုံးသမီးကြီးက အထုပ်အပိုးတွေ မနိုင်မနင်းဖြင့် တက်လာ၏။ သမီးကြီးအား ဦးသန်းလှက လှမ်းခေါ်လိုက်လေသည်။ အထုပ်အပိုးတွေချရင်း အငယ်မ ခပ်လာသောရေကို သောက်ပြီးမှ အမောပြေသွားပုံရသည်။

''အလတ်မတို့ ဘယ်တုန်းက ရောက်နေကြတာလဲ''

ဟု သူ့ညီမတွေကို နှုတ်ဆက်ရင်း အမေနှင့် အမေနှင့် အဖေနားသို့ တိုး၍ ထိုင်လိုက်သည်။

"ခုနကမှ ရောက်တာ။ မမကြီးက ရော လာလည်တာလား''

"အဖေနဲ့ အမေ့ကို လာကန်တော့တာလေ။ ကိုကျော်မိုးက သူ့ကလေးနှစ်ယောက်ကို ကျောင်းမှာဝင်ကြိုနေလို့ နောက်ကလိုက်လာလိမ့်မယ်''

www.burmeseclassic.com

"ဒုက္ခရှာလို့ သမီးရယ်။ အဖေတို့က ဒါတွေမလိုပါဘူးကွယ်။ သမီးတို့ သားတို့ အဆင်ပြေရင်ပဲ ဝမ်းသာလှပါပြီ"

"အပန်းမကြီးပါဘူး အဖေရယ်။ သမီးတို့က ကိုယ့်မိဘကို ချစ်လို့ ရှိသေလို့ ကန်တော့တာပါ"

သိတတ်လွန်းသည့် သမီးကြီးကြောင့် လင်မယားနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိသည်။ သားသမီးခုနစ်ယောက်အနက် အကြီးဆုံးနှင့် အလိမ္မာဆုံးဖြစ်သည့် သမီးကြီးကြောင့် စိတ်ဆင်းရဲရခြင်း အလျဉ်းမရှိခဲ့။ "မွေးရကျိုးနပ်သည့်သမီး"ဟုသာ အကြိမ်ကြိမ်ရေရွတ်နေမိတော့သည်။

☆ ☆ ☆

"ရော့ ... ဒီမှာ သားတို့ သမီးတို့ လိုတဲ့ငွေ။ သားကတစ်သိန်း။ သမီးတို့နှစ်ယောက်က သုံးသိန်း"

"ကျေးဇူးပါပဲ အမေ"

"မလိုပါဘူးကွာ။ ငါရှိတုန်းတော့ မင်းတို့တစ်တွေကို ငါပေးနိုင်တယ်။ ငါမရှိတော့ရင် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ဖို့ ကြိုးစားကြစမ်းပါကွာ"

"ဟုတ်ကဲ့ပါ အဖေ"

"သမီးထွေးလေးရဲ့ ယောက်ျားကလည်း အလုပ်ပြုတ်သွားလို့ဆို။ ဘယ်လိုဖြစ်ရတာတုန်း"

"ဒီလိုပါ အဖေ၊ ကုမ္ပဏီက သူ့ကို နယ်မှာလုပ်ဖို့ခိုင်းတာ မသွားချင်လို့ပါ"

"ကောင်းရောကွာ။ နောက်တစ်ယောက်ကရော ဘာလို့ကားမမောင်းတာလဲ"

"သမီးယောက်ျားက သူ့ကို ကားမောင်းရုံတင်မဟုတ်ဘူး။ ဈေးပါရောင်းခိုင်းလို့ ထွက်လိုက်တာပါ အဖေ"

စတုတ္ထမြောက်သမီး၏ စကားကြောင့် ဦးသန်းလှအံ့သြသွားမိ၏။ တတ်လည်းတတ်နိုင်ကြပေသည်။

"အခု ဘာလုပ်မယ် စိတ်ကူးထားလဲ"

"သူက မမကြီးရဲ့ ယောက်ျားနဲ့အတူ တက္ကစီမောင်းချင်လို့တဲ့။ အဲဒါ စပေါ်တင်ဖို့ငွေက မရှိဘူး။ ဒါကြောင့်"

"အဖေသိပါပြီကွယ်။ မနက်ဖြန်လာခဲ့၊ အဖေရှာပေးမယ်၊ ဟုတ်ပြီလား။ ဘယ်လောက်လိုသလဲပြော"

"သုံးသိန်းခွဲပါ အဖေ"

"ရစေရမယ်၊ ဟုတ်ပြီလား"

သားသမီးတွေရဲ့ ပြဿနာပေါင်းစုံကို ဖြေရှင်းပေးရန် ဆုံးဖြတ်ပြီးသည့်နောက်ပိုင်း သူတို့လင်မယားနှစ်ယောက် အရာရာကို ရင်ဆိုင်ရန် အသင့်ပင်။ ဦးသန်းလှနှင့် ဒေါ်လှသန်းတို့၏ မိဘမေတ္တာကား တုနှိုင်းဖွယ်ရာမရှိ။ ကြီးမားလှပေသည်။

"အမေရေ ... ကယ်ပါဦး"

"ဟဲ့ ... ဟဲ့ ... ဘာဖြစ်တာတုံး"

အငယ်ကောင်၏ မိန်းမဖြစ်သူက ငိုယို၍ အိမ်ပေါ်တက်လာတော့သည်။

"အမေ့သား ကိုချမ်းလေ၊ မူးပြီး သောင်းကျန်းလို့ အချုပ်ထဲရောက်နေပြီ အမေရဲ့။ ကယ်ပါဦး"

"အမယ်လေး မြတ်စွာဘုရား။ ခက်တော့ကုန်ပြီ ..."

"ကဲပါ မလှသန်းရယ်။ အခုမှတော့ မထူးတော့ပါဘူး။ ရဲစခန်းကို လိုက်သွားရုံပဲ ရှိတော့တယ်။ လာ ... သွားကြရအောင်"

ပြောပြောဆိုဆိုနှင့်ပင် ဦးသန်းလှ ရဲစခန်းသို့ အပြေးတစ်ပိုင်းလှမ်းသွားပါတော့သည်။ တစ်ပူပြီးလို့မှ မဆုံးသေး။ နောက်တစ်ပူက ဆင့်လာပြန်သည်။ အချုပ်ထဲမှ သားငယ်ကို တွေ့မြင်လိုက်ရသောအခါ ရင်ထဲ၌ ဆို့တက်သွားသည်။ ထို့နောက်တော့ သားငယ်အတွက် အာမခံရအောင် လုပ်ရတော့သည်။

လွယ်လှသည်တော့ မဟုတ်ပါ။ တာဝန်ကျအရာရှိများကို အကူအညီတောင်းရသည်။ ပါးစပ်ချည်းပဲကလည်း တောင်းလို့ မကောင်း။ မုန့်ဖိုး ကော်ဖီဖိုးဖြင့် ညှိခံရသေး၏။ ဟိုပေး၊ ဒီပေးဖြင့် ငွေနှစ်ထောင်လောက်တော့ ကုန်သွားသည်။ ငွေက အဓိကမဟုတ်။ သားငယ် လွတ်မြောက်ရေးက အဓိကပင်။ 'မူးယစ်ရမ်းကား'ဟုဆိုသည့် အမှုဖြစ်၍ တော်သေး၏။ သားငယ်လွတ်မြောက်လာမှပင် ဦးသန်းလှတစ်ယောက် ပြုံးနိုင်ရယ်နိုင်လေတော့သည်။

သားသမီးတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခဲ့၍ ဦးသန်းလှတို့ လင်မယားနှစ်ယောက်မှာ ပီတိဖြစ်ရသည်။ သားသမီးတွေကတော့ သူတို့လိုတာရ၍ ပျော်နေကြသည်။ အိုကြီးအိုမဖြစ်သော မိခင်နှင့် ဖခင်တို့က ငွေတွေကို ဘယ်က ရ၍ သူတို့ကို ပေးသလဲဟု မမေးကြ။ စိတ်လည်း မဝင်စားကြပုံပင်။ ဦးသန်းလှနှင့် ဒေါ်လှသန်းတို့ လင်မယားနှစ်ယောက်မှာသာ ...။

☆ ☆ ☆

"ဗျာ ... ဘယ်လို"

"ဟုတ်တယ်။ နင်တို့ရဲ့ အသုံးမကျမှု၊ မသိတတ်မှုတွေကြောင့် အဖေနဲ့ အမေ မရှိတော့ဘူး"

အစ်မကြီး၏စကားကြောင့် မောင်ငယ်၊ ညီမငယ် ခြောက်ယောက်စလုံး ထိတ်လန့်သွားကြသည်။ မှန်ပေသည်။ မိဘနှစ်ပါး မရှိတော့လျှင် ၎င်းတို့ဘဝ မတွေးရဲစရာပင်။ သောင်ပြင်မှာလွှတ်သည့် ခွေးလို မျက်နှာငယ်ရတော့မည်။

"ဘယ်လိုဖြစ်ရတာလဲ မမကြီးရယ်"

"ဘယ်လိုဖြစ်ရတာလဲ [illegible]လား



www.burmeseclassic.com

www.burmeseclassic.com

နင်ကို ဈေးရောင်းဖို့က တစ်သိန်း၊ အကြွေးဆပ်ဖို့က သုံးသိန်း၊ ကားစပေါ် တင်ဖို့က သုံးသိန်းခွဲ၊ အချုပ်ထဲကကောင် ထွက်ဖို့က နှစ်သောင်း၊ အဲဒီငွေတွေ ဘယ်ကရလဲ နင်တို့သိလား။ မေးရော ကြည့်ခဲ့ဖူးလား''

အစ်မကြီး၏ စကားလုံးတို့က မြား ထက်ပြင်း၏။ မီးထက်ပူ၏။ မှန်ပါသည်။ ထိုမျှသော ငွေရှစ်သိန်းခန့်ကို အမေတို့ ဘယ်ကရသလဲဟု မမေးမိခဲ့ကြပါ။

''ပြောကြလေ။ နင်တို့ မေးရော ကြည့်ခဲ့ဖူးလား။ သိရော သိကြရဲ့လား''

''မ . . . မသိပါဘူး''

''အေး . . . မသိရင်မှတ်ထားကြ။ နင်တို့လိုတဲ့ငွေတွေရဖို့ အဖေနဲ့အမေက သူတို့နေတဲ့အိမ်လေးကို ရောင်းပြီးပေးခဲ့ တာပဲ''

BURMESE CLASSIC .com

''ဗျာ . . .''

''ရှင် . . .''

''ဟုတ်တယ်။ ငါလည်း သိသိချင်း ဒေါသဖြစ်ပြီး နင်တို့အားလုံးကို ဖုန်းဆက် ပြီး ခေါ်လိုက်တာ''

''အမေတို့က ဘယ်ကိုသွားကြတာ လဲဟင်''

''ငါလည်းမသိဘူး။ ငါ့ကိုရေးပေး လိုက်တဲ့ စာအရဆိုရင်တော့ အေးချမ်း တိတ်ဆိတ်တဲ့ရိပ်သာတစ်ခုမှာ ရှိမယ်လို့ တော့ ငါထင်တယ်''

''ညီမတစ်ခုစဉ်းစားမိတယ် မမ ကြီး''

ဟု အလတ်မက တစ်စုံတစ်ရာကို သတိရဟန်ဖြင့် ဝင်ပြောသည်။

''ဘာများလဲ . . .''

''တစ်ခါတုန်းက အမေရယ် ညီမ ကိုပြောဖူးတယ်။ စစ်ကိုင်းတောင်ရိုးမှာ အပြီးအပိုင် တရားစခန်းဝင်ချင်လို့တဲ့''

အလတ်မ၏ စကားက အားလုံး ၏ မျှော်လင့်ချက်တွေကို ရှင်သန်လာစေ သည်။ သေရေးရှင်ရေးတမျှ အရေးကြီး သဖြင့် အားလုံး၏ရင်ထဲ၌ မုန်တိုင်းထန် နေလေပြီ။

''ဖြစ်နိုင်တယ် မမကြီး။ ကျွန်တော် တို့ အမြန်လိုက်သွားရအောင်''

အကြီးကောင်၏ စကားအဆုံးတွင် အားလုံးလိုက်သွားကြရန် ပြင်ဆင်လိုက် ကြသည်။ မမကြီးက ဦးဆောင်ပြီး ကား တစ်စီးအမြန်စီစဉ်သည်။ ကားမှာ သေး နေ၍ လူကမဆံ့။ သို့ပေမဲ့ အားလုံးက မိဘနှစ်ပါးကို တွေ့ချင်နေကြသူချည်းမို့ အောင့်အည်းပြီး စီး၍ လိုက်ကြရသည်။ စစ်ကိုင်းရောက်သည်နှင့် တစ်ပြိုင်နက် တည်း တောင်ပေါ်သို့ တန်း၍တက်ကြ သည်။ ဆရာတော်ဘုရား၏ လမ်းညွှန်မှု ကြောင့် အဖေနဲ့အမေကို တွေ့ရပါသော် လည်း –

''အမေတို့ မလိုက်တော့ပါဘူး ကွယ်။ သံသရာတစ်လျှောက် လောင်မီး ကျမယ့် သံယောဇဉ်ကြိုးတွေကို မရစ် ပတ်ချင်တော့ပါဘူး''

''သားတို့ တောင်းပန်ပါတယ် အဖေနဲ့ အမေရယ်။ သားတို့ ကောင်း ကောင်းမွန်မွန်နေပါတော့မယ်။ သားတို့နဲ့ ပြန်လိုက်ခဲ့ပါနော်''

သားငယ်၏စကားကို ဖြည်းညင်း စွာ ခေါင်းခါရင်း ဦးသန်းလှက ဝင်ပြော သည်။

''မဖြစ်နိုင်တော့ပါဘူးကွယ်။ ဒီနေ ရာနဲ့ အဖေတို့က နေသားကျနေပါပြီ။ အဖေတို့ရဲ့ဘဝတွေလည်း အေးချမ်းနေ ပါပြီကွယ်။ အိမ်ရောင်းလို့ရတဲ့ငွေတွေကို ဘဏ်မှာအပ်ထားခဲ့တယ်။ သားတို့အား လုံး ခွဲဝေယူကြပါတော့''

''မဟုတ်တာ အဖေရယ်။ သမီးတို့ နဲ့ ပြန်လိုက်ခဲ့ပါ''

''သမီးတို့၊ သားတို့အတွက် အဖေ တို့ ပေးနိုင်တာ အကုန်ပေးခဲ့ပြီးပါပြီ။ အဖေတို့လိုတာလေးကိုလည်း ပြန်ပေးဦး မှပေါ့''

''သမီးတို့ကို ငဲ့ကြည့်ပါဦးအမေ ရယ်။ အမေတို့ရဲ့ မွေးကျေးဖူးတွေကို ဆပ်ပါရစေဦး''

''အမေတို့ရဲ့ ကျေးဇူးကို ဆပ်ချင် တယ်ဆိုရင် အမေတို့ကို မတားပါနဲ့တော့။ ဒီသံသရာဝဋ်ဆင်းရဲက လွတ်မြောက်ဖို့ အမေတို့ တရားရှာရဦးမယ်။ သားတို့၊ သမီးတို့က အဖေနဲ့ အမေ့ကို ချစ်တယ်ဆို ရင် ပြန်ကြပါတော့ကွယ်။ နောက်ကို လည်း မလာကြပါနဲ့တော့''

''ကဲ . . . သွားကြရအောင် မလှ သန်းရေ။ သံယောဇဉ်တွေ ဖြတ်ကြပါစို့''

ပြတ်သားစွာဖြင့် သံယောဇဉ်ဖြတ် ကာ လင်မယားနှစ်ယောက်စလုံး ထွက် ခွာသွားကြတော့သည်။ တရွေ့ရွေ့ထွက် ခွာသွားသည့် မိဘနှစ်ပါးအား ကြည့်၍ အားလုံးကိုယ်စီ လက်အုပ်ချီ၍ ကန်တော့ လိုက်ကြသည်။ သူတို့မျက်ရည်တွေက ပါးနှစ်ဖက်မှာ ချောင်းဖြစ်ခဲ့ပေမဲ့ မိဘနှစ် ပါးကတော့ သူတို့အားလုံးကို ကျောခိုင်း စွန့်ခွာသွားခဲ့ပြီ။ သံယောဇဉ်ဖြတ်သွားနိုင် ကြပြီ။

ဆည်ကြီးတစ်ခုလို ရှေ့ဆုံးက ကာ ကွယ်တားဆီးပေးခဲ့သည့် မိဘနှစ်ပါး၏ မေတ္တာကို မသိတတ်ခဲ့ခြင်းက အကြီးမား ဆုံး အမှားတစ်ခုပင်။ နောင်တဆိုသည်မှာ ဆုံးရှုံးကြပြီးမှ ရစမြဲ။ သူတို့တွေ ဘယ် လိုပင် ငိုကြွေးတမ်းတနေပါစေဦးတော့ သူတို့ရဲ့မိဘနှစ်ပါးကတော့ ပြန်လှည့် မကြည့်တော့ပါ။ ဣန္ဒြေသိက္ခာကြီးစွာဖြင့် အေးချမ်းတိတ်ဆိတ်သော တရားအရိပ် ဆီသို့ တစ်လှမ်းချင်း လျှောက်လှမ်းသွား နေပါတော့သည်။

---

**နေမင်းလေး**

---

www.burmeseclassic.com

www.burmeseclassic.com

# တာရုတ်နက္ခတ္တဗေဒင်ပညာ

**၂၀၁၄ ခုနှစ်၊ မတ်လ**

## တရုတ်နှစ်မွေးသူများအတွက်

## ဆောင်ရန်ရှောင်ရန်နှင့်သတိပြုရန်အချက်များ

ကေတီ–အောင်သိန်း(ရန်ကုန်တက္ကသိုလ်)

BURMESE CLASSIC .com

### မြင်းနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ယခုလ သင်၏ကံကြမ္မာ ပုံမှန်ရှိနေပေ၏။ မိမိ၏ ရှိရင်းစွဲလုပ်ငန်း မပျက်စီးအောင် ပုံမှန်လုပ်ပါ။ ပုံမှန်လုပ်နိုင်၏။ ဘေးရန်အခက်အခဲ၊ အနှောင့်အယှက်များကို ကျော်လွှားနိုင်ပေလိမ့်မည်။ မိတ်ဆွေ၊ သူတော်ကောင်း၏ မစကူညီမှုကို လက်ခံပါ။ ခေါင်းအေးအေးထား ဆုံးဖြတ်လုပ်ကိုင်ပါ။ အောင်မြင်ပါလိမ့်မည်။

### ရှောင်ကြဉ်ရန်အချက်များ

အလုပ်ဖိစီးမှုကို ရှောင်ရှားပါ။ ပင်ပန်းသလောက် အကျိုးရရှိမှု နည်းပါးလိမ့်မည်။ မည်သည့်အရာမဆို ခေါင်းအေးအေးထားပြီးလုပ်လျှင် ပျက်စီးထိခိုက်မှု နည်းပါးလိမ့်မည်။ ကောလာဟလ၊ မဟုတ်မမှန်၊ မဟုတ်မဟတ်သတင်းကို နားမယောင်လေနှင့်။ အကျိုးယုတ်တတ်လေ၏။

### ဆိတ်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ယခုလတွင် ကံကြမ္မာ အကောင်းနှင့်အဆိုး ဒွန်တွဲနေတတ်၏။ လုပ်ငန်း အခက်အခဲ၊ အနှောင့်အယှက်များ အနည်းငယ်ရှိနိုင်ပါသော်လည်း အရဲစွန့်ကြိုးစားလုပ်ကိုင်လျှင် ကျော်လွှားနိုင်ပေလိမ့်မည်။ အောင်စိတ်ကိုမွေးပါ။ ဆောင်ပါ။ ဖွဲလုံ့လမလျှော့ရ။ အောင်မြင်ပါလိမ့်မည်။ မဟုတ်မခံစိတ်ကိုလည်း မွေးပါ။

### ရှောင်ကြဉ်ရန်အချက်များ

စိုက်ပျိုးရေးလုပ်ငန်း၊ ခြံစိုက်လုပ်ငန်းများကို ရှောင်ပါ။ အကျိုးပေးမည်မဟုတ်ပါ။ လုပ်ငန်းအဟောင်းကို အမြန်စွန့်ပါ။ အကျိုးယုတ်တတ်လေသည်။ လက်ထပ်ခြင်းကို ခဏခေတ္တရွှေ့ဆိုင်းသင့်၏။



www.burmeseclassic.com

www.burmeseclassic.com

### မွောက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

စေ့စပ်နိုင်၏။ လက်ထပ်နိုင်၏။ ဈေးဆိုင်သစ် တည်နိုင်၊ ဖွင့်နိုင်၏။ ကံကုသိုလ် ပံ့မှန်ရှိနေပေမည်။ အထည်ချုပ်လုပ်ငန်းလုပ်ပါ။ အကျိုးရှိမည်။ ခရီးထွက်နိုင်၏။

### ရှောင်ကြဉ်ရန်အချက်များ

ရေကြောင်းခရီးကို ရှောင်ပါ။ လေ့၊ သင်္ဘောမစီးရ။ လဆန်းရက်တွင် စေ့စပ်ခြင်း၊ လက်ထပ်ခြင်းကို ရှောင်ပါ။ ပြည်ပကုန်သွယ်မှုမလုပ်ရ။ အရှုံးပေါ်တတ်၏။ သတိထားပါ။

### ကြွက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ယခုလ သင်၏ကံကြမ္မာ ပြန်လည်ထိုးကျ၊ နိမ့်ကျနေပြန်၏။ မိမိရှိရင်းစွဲ စီးပွားရေးလုပ်ငန်း မပျောက်ပျက်ရလေအောင် ထိန်းသိမ်းထားပါ။ ပြဿနာအရှုပ်အထွေးများ တက်တတ်သဖြင့် အစစအရာရာ သတိနှင့်ဆင်ခြင်ပါ။ စီးပွားရေးပြိုင်ဘက်အား လျှော့မတွက်ပါနှင့်။ စေ့စပ်နိုင်၏။

### ရှောင်ကြဉ်ရန်အချက်များ

တောကောင်(အမဲ) မလိုက်သင့်သေးပါ။ ဘေးအန္တရာယ်များ၏။ ဈေးဆိုင်သစ် မတည်နိုင်၊ မဖွင့်နိုင်သေးပါ။ ညအခါ ကားမမောင်းနှင့်။ မတော်တဆထိခိုက်မှု ဖြစ်တတ်သည်။ နေထိုင်မှု အထူးဆင်ခြင်ပါ။ စေ့စပ်နိုင်ပါသော်လည်း ချက်ချင်းလက်မထပ်သင့်သေး။ ခဏစောင့်ဆိုင်းပါဦးလေ။

### နွားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

သင့်ကံကြမ္မာ ပြန်လည်ပြောင်းလဲလာ၏။ စီးပွားရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်နိုင်ပါသည်။ အထည်ချုပ်လုပ်ငန်း၊ စက်မှုလုပ်ငန်းလုပ်လျှင် အကျိုးပေးမည်။ ထိုမြင် ကုန်သွယ်မှုလုပ်ငန်းလည်း လုပ်နိုင်ပါသည်။ သင့်၏။

### ရှောင်ကြဉ်ရန်အချက်များ

စိုက်ပျိုးရေးလုပ်ငန်း၊ မြေစိုက်လုပ်ငန်းနှင့် မကိုက်ပါ။ မီးဖို၊ မီးဖိုခန်း ပြင်ဆင်ဆောက်လုပ်ခြင်း မပြုသင့်သေးပါ။ ခိုက်တတ်ပါသည်။ ရေကြောင်းခရီးရှောင်ပါ။ မစေ့စပ်သင့်သေး။

### ဝက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ယခုလ သင်၏ ကံကုသိုလ် ပြန်လည်စန်းပွင့်လာ၏။ စီးပွားရေးလုပ်ငန်း တည်ထောင်နိုင်ပါသည်။ သင့်ပေ၏။ များများလုပ်၊ များများရမည်။ ဝင်ငွေကိန်းရှိသည်။ သစ်လုပ်ငန်းလုပ်ပါ။ အကျိုးပေးမည်။ သစ်ခုတ်၊ သစ်ဖောင်မျှောခြင်း၊ သစ်အရောင်းအဝယ်လုပ်ငန်းနှင့် ကိုက်မည်။

### ရှောင်ကြဉ်ရန်အချက်များ

အများနှင့် ပြောဆိုဆက်ဆံရာတွင် အထူးဆင်ခြင်ပါ။ အချင်းများတတ်၏။ ဆိတ်ဆိတ်နေ ထောင်တန်ပေ၏။ စကားနည်းနည်းပြော၊ အလုပ်များများလုပ်သင့်ပါသည်။ အပျိုများ လူပျိုအလှည့်ခံရတတ်၏။ သတိနှင့် ဆင်ခြင်ပါ။

### ကြွက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကံကုသိုလ် အထူးစန်းပွင့် ထွန်းလင်းတောက်ပနေ၏။ တောအမဲလိုက်နိုင်၏။ သားကောင်များ ရလိမ့်မည်။ စီးပွားရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်နိုင်၏။ ငွေချေးလုပ်ငန်းလုပ်ပါ။ အကျိုးပေးမည်။

### ရှောင်ကြဉ်ရန်အချက်များ

သမီးပျိုများအဖို့ ချစ်သူပိုင်းဝိုင်းလည်နေမည်။ အထူးသတိနှင့် ဆင်ခြင်ပြီး ချစ်သူ(မောင်)တစ်ယောက် ကောင်းကောင်း ရွေးချယ်လိုက်ပါ။ အရွေးမများပါစေနှင့်။ လက်လွတ်ဆုံးရှုံးတတ်၏။ အချစ်သုံးပွင့်ဆိုင် ကြုံတတ်၏။ ငွေမည်းလက်မခံသင့်ပါ။

### နွားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ယခုလ သင်၏ကံကြမ္မာ ပြန်လည်လျှော့ကျနေပြန်၏။ စီးပွားရေးတိုးချဲ့လုပ်ကိုင်မှု ခဏခေတ္တရပ်နားထားပြီး ဘာသာရေးလုပ်ငန်း၊ ကုသိုလ်ကောင်းမှုများ များများလုပ်ပေးပါ။ မကြာမီ ကံကောင်း၊ ကံမြင့်လာပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

### ရှောင်ကြဉ်ရန်အချက်များ

ငွေကုန်ကြေးကျ များတတ်၏။ ငွေကြေးသုံးဖြုန်းမှု အထူးဆင်ခြင်ပါ။ ဈေးဆိုင်သစ် တည်လို၊ ဖွင့်လိုပါက အပြန်အလှန် စဉ်းစားဆင်ခြင်ပါ။ အကြိမ်ကြိမ်အဖန်ဖန် ဝေဖန်သုံးသပ်ပါ။ ပျက်စီးဆုံးရှုံးတတ်၏။ စားသောက်နေထိုင်မှုလည်း ဆင်ခြင်ပါ။ လည်ချောင်းရောဂါရတတ်၏။

### ကျားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

လဆန်းရက်များတွင် စီးပွားရေးလုပ်ငန်း မတည်ထောင်သင့်။ ဈေးဆိုင်သစ် မတည်သင့်၊ မဖွင့်သင့်။ လကုန်ရက်များတွင် လုပ်သင့်၊ တည်ထောင်သင့်၏။ လကုန်ရက်တွင် ကံစမ်းနိုင်ပါသည်။ ထီထိုးသင့်သည်။ ရင်းနှီးမြှုပ်နှံနိုင်၏။

### ရှောင်ကြဉ်ရန်အချက်များ

ငွေမည်းကို လုံးဝ လက်မခံသင့်။ ပြဿနာတက်တတ်မည်။ လသာတုန်း ဗိုင်းငင်၊ ငွေရတုန်း စုဆောင်းထားပေးပါ။ ငွေကြေးပြတ်လပ်မှုကို ကြိုတင်ကာကွယ်ထားရမည်။ အပျိုကြီး၊ လူပျိုကြီး အိမ်ထောင်ကျကိန်းရှိ၏။

### ယုန်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ယခုလ သင်၏ကံကြမ္မာ ညှိုးနေသေး၏။ စီးပွားရေးလုပ်ငန်း အတားအဆီး၊ အနှောင့်အယှက်ရှိနေသော်လည်း ဖွဲ့မလျှော့ဘဲ ဆက်လက်ကြိုးစားလုပ်ကိုင်ပါ။ အခက်အခဲများကို ထိုးဖောက်ကျော်လွှားနိုင်ပါလိမ့်မည်။

### ရှောင်ကြဉ်ရန်အချက်များ

အလုပ်အကိုင်ပြောင်းရွှေ့လုပ်ကိုင်ရန် မသင့်သေးပါ။ လောင်းကစားမှု လုံးဝရှောင်ပါ။ ပျက်စီးဆုံးရှုံးတတ်၏။ အပျို အိမ်ထောင်ဘက် အရွေးမမှားပါနှင့်။ အချစ်သုံးပွင့်ဆိုင်ကိန်း ကြုံရတတ်၏။ အရက်သေရည် သောက်စားမှုရှောင်ပါ။ အလုပ်နားနားနေနေ နေပေးပါ။ အသည်းရောဂါရတတ်သည်။

### နဂါးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ယခုလ သင်၏ကံကြမ္မာ မကောင်းသေးသဖြင့် စီးပွားရေးလုပ်ငန်း တိုးချဲ့မှု ခဏခေတ္တရပ်နားထားပါ။ မူလရှိရင်းစွဲလုပ်ငန်းကိုသာ ကောင်းစွာထိန်းသိမ်းလုပ်ကိုင်သင့်၏။

### ရှောင်ကြဉ်ရန်အချက်များ

ခရီးဝေးမထွက်သင့်။ ကူးသန်းရောင်းဝယ်မှု ခဏနားထားပါ။ အရှုံးပေါ်တတ်၏။ ချစ်သူဟောင်း သစ္စာမဲ့နေ၍ အဟောင်းစွန့်ပြီး အသစ်ရှာသင့်လှ၏။ အဟောင်းကို တန်းတန်းမစွဲနေသင့်ပါ။

### မြွေနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ယခုလ သင်၏ကံကြမ္မာ တက်နေ၏။ ဈေးဆိုင်သစ် တည်နိုင်၊ ဖွင့်နိုင်၏။ စီးပွားရေးလုပ်ငန်းသစ်၊ ကုမ္ပဏီသစ် ထူထောင်နိုင်ပါသည်။ အထည်ချုပ်လုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်း လုပ်လျှင် အကျိုးပေးမည်။ စေ့စပ်နိုင်၏၊ ခရီးထွက်နိုင်၏။

### ရှောင်ကြဉ်ရန်အချက်များ

စေ့စပ်နိုင်ပါသော်လည်း ချက်ချင်းလက်ငင်း လက်မထပ်သင့်သေးပါ။ ရေကြောင်းခရီးရှောင်ပါ။ ဘေးအန္တရာယ်များလှ၏။ ရေတွင်း၊ ရေကန်၊ ရေမြောင်း တူးဖော်ဖောက်လုပ်ခြင်း မပြုရ။ ခိုက်တတ်ပါသည်။ သတိထားပါ။

**ဗေဒင်-ဒေါက်တာ ရန်ကုန်တက္ကသိုလ်**

**Ref:-**

တရုတ်နက္ခတ္တဗေဒင်ပညာ
စင်ကာပူမြို့၊ စင်ကာပူနိုင်ငံ၊
၂၀၁၄ ခုနှစ်။



www.burmeseclassic.com

www.burmeseclassic.com

# တောပြင်လမ်းဆီက

# မြွက်သက်နှင်းတစ်စုံ

## မောင်တင်သိန်း၈၉၇၄

လွန်ခဲ့သော နှစ် (၂၀)နီးပါးခန့်က ရန်ကုန်မြို့မှ မိသားစုဘုရားဖူးတစ်စုသည် မုံရွာမြို့နယ်အတွင်း၌ရှိသော အလောင်းတော် ကဿပဘုရားနှင့် ဂူတော်ရှိ မထေရ်မြတ်ရုပ်ပွားတော်မြတ်ဆီသို့ ဘုရားဖူးထွက်ခဲ့ကြလေသည်။ ဘုရားပွဲတော် အပြီးဖြစ်သည့် ကဆုန်လလယ်ခန့်ဖြစ်၍ ထိုမိသားစု ဘုရားဖူးအဖွဲ့အနေနှင့် အလောင်းတော်ကဿပမထေရ်မြတ် တောင်တော်ဂူကျောင်းလိုဏ်ဂူတော်တစ်ဝိုက်ဆီသို့ ရောက်ရှိချိန်၌ အခြားဘုရားဖူးနှင့် ဈေးသည်များကင်းရှင်းပြတ်လပ်ကာ ထိုဘုရားဖူးမိသားစုတစ်စုမှလွဲ၍ အခြာမည်သည့်ဘုရားဖူးလူသူ၊ ဈေးသည်နှင့် ဘုရားဖူးအဖွဲ့မှ ယာဉ်ကားဟူ၍ တစ်ဦးတစ်လေမျှ တစ်စီးတစ်လေမျှ မရှိလေကြ။ တောင်တော်မြတ်စောင့် ဥပသိကာများသာ ရှိလေသည်။ ထိုမိသားစု ဘုရားဖူးအဖွဲ့သည် တောင်တော်မြတ် အောက်ခြေရှိ တည်းခိုနားနေရာ တည်းခိုဆောင်ဇရပ်တို့၌ စခန်းချနေရာယူ တည်းခိုကြလေသည်။ မိမိကိုဘုရားဖူး မိသားစုအုပ်စုချည်းသာရှိ၍ ဖြစ်၍ ထို့အတူ ဘုရားဖူးမိသားစုသည် လွတ်လပ်အေးချမ်းလှစွာနှင့် ဝတ်ပြုကြ၊ နားနေကြလေသည်။ သုံးရက်ခန့်မျှအကြာခန့်တွင် ထိုဘုရားဖူးမိသားစုမှ ခေါင်းဆောင်ဖြစ်သူနှင့် သူ၏ ဇနီးဖြစ်သူတို့ နှစ်ဦးတို့သည် နံနက်ပိုင်းဆီခန့်၌ မည်သူ့ကိုမျှခေါ်ငင် အသိမပေးဘဲ အထက်ရှိအလောင်းတော် ကဿပမြတ်စွာဘုရားရုပ်ပွားတော်မြတ်ကျောင်းတော်မြတ်ဆီသို့ သွားရောက်ကြကာ ပန်း၊ ဆီမီး၊ ဆွမ်း၊ ရေ၊ အမွှေးနံ့သာများကပ်လှူကြလျက် ဆုမွန်များတောင်းကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ ဆွမ်းတော်များ ကပ်ပြီးသော်လည်း ထိုမောင်နှံနှစ်ဦးတို့သည် ချက်ချင်းဆိုသလို တည်းခိုရာအဲောက်ခြေဆီသို့ ပြန်မဆင်းသက်ကြလေဘဲ ကျောင်းတော်မြတ်၏ ရှေ့အပေါက်ဝဘေးနားရှိ သစ်သားခုံကလေးပေါ်တွင် ထိုင်၍သာယာလွန်းလှသည့် သဘာဝသစ်ပင် ပန်းမာလာ၊ တောတောင်ရေမြေ ရှုကွင်း ရှုကွက်များ၊ မြင်ကွင်း အနံ့အသက်များကို ကြည့်ရှုခံစားရင်း အေးအေးလူလူနှင့် ထိုင်နေမိကြလေသည်။ ထိုသို့ ထိုင်နေကြစဉ်သူတို့၏ ရှေ့ဆီဖက် မနီးမဝေးတောစပ်နေရာမှ ဇေတာလမ်းကြောင်းကလေးအတိုင်း လျှောက်လှမ်းလာကြသည့် လူရိပ်သဏ္ဌာန်ကို အမှတ်မထင်သတိပြုတွေ့လိုက်ကြရလေသည်။ ထိုလူရိပ်သဏ္ဌာန်မှာ ထင်းခွေသူ၊ ပန်းနှင့် သစ်မြစ်၊ သစ်ဖုခူးဆွတ်သူ၊ ဈေးရောင်းသူ၊ အမဲလိုက်သူ၊ ဘုရားဖူးသူတို့အနက်မှ တစ်ဦးဦးသာ ဖြစ်လိမ့်မည်ဟူသော အသိထင်မြင်ချက်နှင့် ထိုဇနီးမောင်နှံနှစ်ဦးသည် ထိုလူရိပ်ကို အထူးတလည်သတိချပ်၊ အာရုံညွှတ်ခြင်း မရှိမိကြချေ။ ထိုစဉ် ထိုလူရိပ်သဏ္ဌာန်နှင့် သူတို့ရှေ့နားဆီသို့ လျှောက် လှမ်းရောက်ရှိလာ၍ ကြည့်ရှုလိုက်ရာ အသက်အရွယ် (၅၀)နီးပါးခန့်မျှရှိ အသားဖြူဖြူ ထောင်ထောင်မောင်းမောင်း၊ ရုပ်ရည်ချောမော၊ အရပ်ရှည်ရှည်နှင့် ထူးကဲခံ့ညားလှသော ပုံအသွင်ရှိသည့် သက်ကြီးအရွယ်ရှိ အဖိုးအိုနှင့် အဖွားအိုနှစ်ဦး ဖြစ်နေကြသည်ကို တွေ့မြင်ကြရလေသည်။ လက်ဖဲတွင်လည်း အထုပ် အပိုးကိုယ်စီ ရှိကြလေသည်။ ဘုရားဖူး ဇနီးမောင်နှံနှစ်ဦးက သူတို့ရှေ့ရှိအဖိုးအို နှင့် အဖွားအိုနှစ်ဦးကို ငေးမောကြည့်ရှုနေစဉ်တွင် ထိုထူးဆန်းသော အဖိုးအို၊ အဖွားအိုနှစ်ဦးစလုံးက နူးညံ့ချိုသာလှစွာနှင့် "ကလေးရေ . . ရဟန်းတက်ချင်လို့ ပါကွယ်"ဟု ဘုရားဖူးဇနီးမောင်နှံတို့ကို ပြောဆိုလာလေသည်။ ထို့အတူ သူတို့ လက်ဝယ်ရှိ အထုပ်တွေကို ဖွင့်လှစ်ပြီး ဘုရားဖူးဇနီးမောင်နှံအနက်မှ ခင်ပွန်းသည်ဖြစ်သူ၏ လက်ထဲသို့ အသစ်ကျပ်ချွတ်၊ အသစ်စက်စက်ဖြစ်သော သင်္ကန်းများကို လှမ်း၍ ပေးအပ်လေသည်။ ဘုရားဖူးခင်ပွန်းသည်ဖြစ်သူသည် အံ့သြ ခြင်းကြီးစွာ ဖြစ်သွားပြီး "ဟုတ်ကဲ့၊ ဘယ်သူ့ကို လှူပေးရ၊ ရဟန်းတက်စေရမှာလဲ" ဟု ပြန်လည်၍ မေးလေသည်။ ထိုအခါ သင်္ကန်းပိုင်ရှင် ယင်းအဖိုးနှင့် အဖွားနှစ်ဦးက "ကလေးပဲ ရဟန်းခံပေးပါကွယ်"ဟု မေတ္တာရပ်ခံသည့်မျက်နှာထား အသွင်အပြင်များနှင့် တောင်းဆိုလာ ပြန်လေသည်။ ဤတွင် ဘုရားဖူးခင်ပွန်းသည် ဖြစ်သူသည် "ဟုတ်ကဲ့၊ ကျွန်တော်ပဲ ခံပေး၊ တက်ပေးပါ့မယ်"ဟု အလွယ်တကူနှင့် မဆိုင်းမတွပင် စဉ်းစားခြင်းပင် မပြုတော့ဘဲ အလိုအလျောက် အမြန်အဆန်နှင့် ကတိပေးဖြေလိုက်မိလေသည်။ သင်္ကန်းပိုင်ရှင် အဖိုးနှင့်အဖွားတို့သည် ဝမ်းသာနှစ်သိမ့် ကျေးဇူးတင်လှသည့် မျက်နှာထားအပြောအဆိုများနှင့် နှုတ်ဆက်၍ ကျောင်းတော်ထဲသို့ ပူဇော်ကန်တော့ရန် ဝင်သွားကြလေသည်။ ဘုရားဖူးဇနီးသည် ဖြစ်သူက မသင်္ကာ၍ ထိုအဖိုးနှင့်အဖွား နှစ်ဦးနောက်သို့ မိနစ်မျှပင်မခြား ထက်ကြပ်မကွာ အမြန်အဆန် နောက်ဆီက လိုက်ပါ၍ ကျောင်းတော်မြတ်အတွင်းဆီသို့ ဝင်ရောက်ကြည့်ရှုလေရာ ထိုအဖိုးနှင့် အဖွားနှစ်ဦးတို့မှာ အထူးသဖြင့် သိုက်နန်းရှင်နွယ်ဝင်ပုဂ္ဂိုလ်များသာလျှင် ဖြစ်နိုင်ဖွယ်ရာ ရှိကြောင်းကိုမူ အနီးစပ်ဆုံးအနေနှင့် ကောက်ယူမှတ်ချက်ချမိကြလေသည်။

နှစ်တွေများစွာကြာညောင်းခဲ့ပြီဖြစ်သော်လည်း သက်ဆိုင်ရာဘုရားဖူးခင်ပွန်းနှင့် ဇနီးသည်တို့က ရဟန်းတက်ခဲ့ရာ ဇကသိ၊ သင်းပိုင်များကို လှူဒါန်းခဲ့ပြီး နှစ်ထပ်သင်္ကန်း(ဒုကုတ်)ကို နေအိမ်၌ သိမ်းဆည်းထားဆဲပင်ရှိပါသည်။ သင်္ကန်းလှူသွားကြသည့်ပုဂ္ဂိုလ်ဆန်းများ ဖြစ်သော အဖိုးနှင့်အဖွားအိုနှစ်ဦးကိုလည်း မြင်ယောင်အမှတ်ရဆဲပင် ဖြစ်ပါသည်။ ဆန်းကြယ်ဖြစ်ရပ်ဆန်းတစ်ရပ်ဖြစ်၍ တင်ပြရခြင်း ဖြစ်ပါသည်။ အထူးသဖြင့် ထိုပုဂ္ဂိုလ်ဆန်းဖြစ်သော အဖိုးအို၊ အဖွားအိုတို့က အလောင်းတော်ကဿပ မြတ်စွာဘုရားကို ရည်စူး၍ သင်္ကန်းတော်ကို ရဟန်းခံစေ၊ လှူဒါန်းကြသည်ဟု တွေးဆထင်မြင်ရပါတော့သည်။

ဝန်ခံချက်

သက်ဆိုင်ရာ ကာယကံရှင် ပြန်လည်ပြောပြချက်တို့ကို တစ်ဆင့်ပြန်လည် တင်ပြခြင်း ဖြစ်ပါသည်။

## မော်တင်သိန်းဇော်

စာကြွင်း

ရဟန်းခံပေးလိုက်သော ဘုရားဖူးခင်ပွန်းဖြစ်သူသည် နောက်ပိုင်းကာလများ၌ သာသနာပြုလုပ်ငန်းကိစ္စများကို အထူးတလည် ပိုမို၍လုပ်ဆောင်နိုင်ခဲ့ပါသည်။ လူမှုဘဝနှင့် စီးပွားရေးများတွင်လည်း ထူးကဲစွာပင် ထူးခြားတိုးတက်ပွင့်လန်းခဲ့ကြောင်း သိရှိရပါသည်။

(စာရေးသူ)



www.burmeseclassic.com

www.burmeseclassic.com

# ကျိုက်ထီးရိုးစေတီတော်အား

## ခေတ်အဆက်ဆက်


# ထီးတော်တင်ပြုပြင်မွမ်းမံခဲ့ပုံ

■ တင်နိုင်တိုး ■

ကျိုက်ထီးရိုးစေတီတော်၏ ဘွဲ့မည်ကို ဦးကုလားမဟာရာဇဝင်ကြီးနှင့် မှန်နန်းရာဇဝင်တို့တွင် 'ကူသယိုးစေတီ'ဘွဲ့မည်ဖြင့် စတင်တွေ့ရှိရပါသည်။ ရှေးက 'ကျိုက်ကူသီယို'ဟု ခေါ်ဆိုကြပြီး 'ရသေ့ဦးခေါင်းဖြင့် ရွက်သောဘုရား'ဟူ၍ အဓိပ္ပာယ်ရပါသည်။ အစဉ်အလာ မှတ်သားချက်များအရ ကျိုက်ထီးရိုးစေတီတော်ကို မဟာသက္ကရာဇ် ၁၁၈ ခု (ဘီစီ ၅၇၅)တွင် တည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်သည်။ ဗုဒ္ဓမြတ်စွာ၏ ဆံတော်မြတ်သုံးဆူကို ဌာပနာပြုလျက် တည်ထားကိုးကွယ်ခဲ့ကြောင်း အဆိုရှိပါသည်။

ရသေ့ကြီးဟူသည် တိဿရသေ့ကို ဆိုလိုပါသည်။ ဗုဒ္ဓမြတ်စွာပွင့်တော်မမူမီ နှစ်ပေါင်း ၅၀ ခန့်က ဘရဏ္ဍတိုင်း၊ သုဘိန္ဒနာဂရ(သထုံ၏ရှေးအမည်ဟုဆို) မြို့တော်ကြီးတွင် နန်းစိုးစံတော်မူသော တိဿဓမ္မရာဇာမင်းနှင့် သီရိကပ္ပာဒေဝီမိဖုရားတို့က ဖွားမြင်သူဖြစ်ပါသည်။ သားတော်နှစ်ပါးအနက် အကြီးဆုံး တိဿကုမ္မာဖြစ်ပြီး အငယ်က သီဟကုမ္မာဖြစ်သည်။ မင်းစည်းစိမ်ကို ခံစားလိုသဖြင့် တိဿကုမ္မာသည် တောထွက်ကာ ရသေ့ရဟန်းပြုခဲ့သည်။ ရသေ့ကြီး သက်တော် ၈၀ အရွယ်တွင် ဆံတော်မြတ်သုံးဆူကို ဌာပနာပြုကာ စေတီတော်တည်ခဲ့ခြင်း ဖြစ်သည်။

စေတီတော်ကို ပင်လယ်ရေပြင်အထက် ၃၆၁၅ပေ အမြင့်ရှိ တန် ၆၀၀ ခန့်လေးသော ကျောက်တုံးကြီးအတွင်း ဌာပနာပြုတည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်ရာ အမှန်ပင် အံ့မခန်းဖြစ်ပါသည်။ ကုန်းဘောင်ခေတ် ဦးကာလ ဘိုးတော်ဘုရားလက်ထက် ၁၇၈၄ ခုနှစ်




ရှေးခေတ် ကျိုက်ထီးရိုးစေတီတော်



www.burmeseclassic.com

www.burmeseclassic.com

ပြန်တမ်းတွင် 'ကျိုက်ထီးရိုး'အမည်ဖြင့် စတင်တွေ့ရှိနေရပြီဖြစ်ပါသည်။ ယင်းကျိုက်ထီးရိုးခေါ် ကျိုက်ကလိသိယိုဘုရားသို့ ရှေးခေတ်မြန်မာမင်းများ လက်ထက်ကပင် သွားရောက်ဖူးမြော်မှုများ ရှိခဲ့ကြသည်။

ထိုစဉ်က လမ်းပန်းဆက်သွယ်ရေးမှာ အလွန်ခက်ခဲလှသည့်အလျောက် ဆင်များ၊ မြင်းများဖြင့် ရင်ပြင်ပေါ်သို့ တက်ရောက်ကြရခြင်း ဖြစ်ပါသည်။ ထူးထူးခြားခြား ကျိုက်ထီးရိုးစေတီရင်ပြင်တော်သို့ ရောက်ရှိခဲ့သူက ဘုရင့်နောင်မင်းတရားကြီး ဖြစ်ပါသည်။ ဘုရင့်နောင်မင်းသည် စစ်တောင်းလမ်းအတိုင်း ဆင်တော်ဖြင့် ကျိုက်ထီးရိုးသို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ ဘုရင်မင်းမြတ်သည် စစ်အင်္ဂါအခင်းအကျင်းနှင့်တကွ ချီခဲ့ခြင်းဖြစ်ပါသည်။

ဘုရင်မင်းမြတ် စေတီတော်ရင်ပြင်ထက်သို့ ရောက်ရှိပြီးနောက် ၃ မတ်၊ ၁၅၅၆ တွင် ကျိုက်ထီးရိုးစေတီတော်အား ထီးတော်သစ်တင်လှူခဲ့သည်။ ဘုရင့်နောင်မင်းတရား၏ ကျိုက်ထီးရိုးစေတီတော် ထီးတော်တင်မှတ်တမ်းက အစောပိုင်းကာလ အခိုင်အမာတွေ့ရှိရသော မှတ်တမ်းတစ်ခု ဖြစ်ပါသည်။ ဦးကုလား၏ မဟာရာဇဝင်ကြီးတွင် –

"သက္ကရာဇ် (၉၁၇) ကိုးရာ့တစ်ဆယ့်ခုနစ်ခု၊ တပေါင်းလပြည့်ကျော် ၈ ရက်၊ ၃ဂ်ါနေ့ ကျာသိယိုဘုရား ထီးတော်တင်သည်ကို ဆင်တော်မူသော ပတ္တမြားဥဗောင်းတော်ကို ဖျက်၍ ရွှေချိန် ၇၅ ကို ထီးရွှေစလောင်း လုပ်တော်မူပြီးလျှင် နဝရတ်ကိုးပါး ခြယ်လှယ်စီမံ၍ ဘဝရှင်မင်းတရားကြီး ဘုရားတင်အင်္ဂါလေးပါးနှင့် ကြွတော်မူသည်။ သဘင်ကြီးစွာလည်း ခံတော်မူသည်။"ဟူ၍ ဖော်ပြထားပါသည်။

ရှေးမြန်မာဘုရင်များသည် သာသနာ့ဒါယကာ မင်းကောင်းမင်းမြတ်များ ဖြစ်ကြသည့်အလျောက် အလွန်ဝေးကွာသည့် လမ်းပန်းဆက်သွယ်ရေးခက်ခဲလှသော ကျိုက်ထီးရိုးစေတီတော်သို့ပင် အရောက်သွားရောက်ဖူးမြော်ခဲ့ကြသည်။ ဗုဒ္ဓဘာသာအပေါ် အလွန်လည်းကြည်ညိုကိုင်းရှိုင်းကြသည်ကို တွေ့ရှိရ၏။ ဘုရင့်နောင်မင်းနည်းတူ ရှေးခေတ်အခါကပင် မြန်မာမင်းများ ပြုပြင်မွမ်းမံကုသိုလ်ပြုခဲ့ကြပါသည်။ ဦးကုလား၏ ရာဇဝင်ကျမ်းများတွင် စေတီတော်ပြုပြင်မှုမှတ်တမ်းများကို စတင်တွေ့ရှိရ၏။

ညောင်ရမ်းခေတ် မင်းရဲကျော်ထင် (၁၆၇၃–၁၆၉၈)လက်ထက် ၁၅ ဖေဖော်ဝါရီ ၁၆၉၇ တွင် မြေငလျင်ပြင်းထန်စွာလှုပ်ခဲ့သည်။ မြန်မာပြည်အနှံ့ရှိ ကျောင်းကန်ဘုရားများ ပြိုပျက်ခဲ့ကြသည်။ ကျိုက်ထီးရိုးစေတီတော်မှာလည်း ပြိုပျက်ခဲ့ရာ စေတီတော်ကို ဘုရင်မင်းမြတ်က ပြုပြင်ပြီး ထီးတော်သစ်တင်လှူခဲ့ရ၏။ သို့သော် မင်းရဲကျော်ထင်မှာ နတ်ရွာစံလုနီးဖြစ်သဖြင့် စနေမင်းလက်ထက် ၅ မတ်၊ ၁၇၀၁ တွင်မှ အပြီးသတ်လုပ်ဆောင်နိုင်ခဲ့သည်။

ရှေးခေတ်အခါက ကင်ပွန်းစခန်းမှ ခြေလျင်တက်ရောက်ကြရခြင်းဖြစ်သည်။ မမောမပန်း သွားရောက်ဖူးမြော်ကြပုံမှာ ပျော်ရွှင်ဖွယ်ရာလည်း ကောင်းလှပါသည်။ ကုန်းဘောင်ခေတ်တွင် ကျိုက်ထီးရိုးစေတီတော်က စစ်တောင်းမြို့ဝန်အုပ်ချုပ်ရာ စီရင်စုနယ်မြေအတွင်း တည်ရှိခဲ့၏။ သို့ဖြစ်၍ စစ်တောင်းမြို့ဝန်အဆက်ဆက်သည် ကျိုက်ထီးရိုးစေတီတော်သို့ သွားရောက်ဖူးမြော်ခြင်း၊ အလှူဒါနပြုခြင်းများကို လုပ်ဆောင်ခဲ့ကြသည်။

ကုန်းဘောင်ခေတ် ကျိုက်ထီးရိုးစေတီတော်ကို ထီးတော်သစ်တင်လှူခဲ့ကြသူများထဲတွင် စစ်တောင်းမြို့ဝန်ဖနီးမောင်နှံလည်း ပါဝင်ပါသည်။ ကျိုက်ထီးရိုးစေတီရင်ပြင်တော် နတ်တောင်အခြေ၌ စစ်တောင်းမြို့ဝန်ဖနီးမောင်နှံက ထီးတော်သစ် တင်လှူခဲ့ပုံကို ကမ္ပည်းကျောက်စာရေးထိုးထားရှိခဲ့သည်။ ကျောက်စာမှတ်တမ်းအရ စစ်တောင်းမြို့ဝန် မင်းလှသိခ်သူမောင်နှံသည် ၅ ဇန်နဝါရီ၊ ၁၈၂၄ တွင် စေတီတော်ကို ပြုပြင်မွမ်းမံခဲ့ကြပြီး ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ထီးတော်သစ်ကို တင်လှူခဲ့ကြခြင်း ဖြစ်ပါသည်။ ထိုစဉ်က စစ်ကိုင်းမင်း(ဘကြီးတော်) ထီးနန်းစိုးစံနေချိန် ဖြစ်ပါသည်။

အင်္ဂလိပ်မြန်မာ ဒုတိယစစ်ပွဲအပြီး ၁၈၅၂ ခုနှစ်ကုန်ပိုင်းတွင် မြန်မာနိုင်ငံအောက်ပိုင်းဒေသတစ်ခုလုံး ဗြိတိသျှလက်အောက်သို့ ကျရောက်သွားရာ ကျိုက်ထီးရိုးစေတီတော်မှာလည်း မြန်မာမင်းများ၏ ပြုပြင်မွမ်းမံမှုမှ ဝေး၍သွားတော့၏။ သို့သော် စေတနာရှင်များ၊ အလှူရှင်များက ကျိုက်ထီးရိုးစေတီတော်သို့ မပြတ်သွားရောက် ဖူးမြော်ကြကာ စေတီတော်အား မွမ်းမံပြုပြင်မှုများ ပြုလုပ်ခဲ့ကြပါသည်။

ယခုအခါ ကျိုက်ထီးရိုးစေတီတော်သို့ အလွယ်တကူသွားရောက်ဖူးမြော်နိုင်ကြပြီဖြစ်ရာ အလွန်ပင် ဝမ်းမြောက်ပီတိဖြစ်ရပါသည်။ သက်ကြီးရွယ်အိုများအနေဖြင့် တောင်တက်မော်တော်ကားများဖြင့် စေတီတော်ရင်ပြင်အနီးသို့တိုင် တက်ရောက်ဖူးမြော်နိုင်ကြပြီ ဖြစ်ပါသည်။

တင်နိုင်တိုး

<u>ကျမ်းကိုး</u>

၁။ ကျိုက်ထီးရိုးစေတီတော်သမိုင်း (ဂေါပကအဖွဲ့)

၂။ မဟာရာဇဝင်ကြီး(ဒုတိယအုပ်) (ဦးကုလား)



www.burmeseclassic.com

www.burmeseclassic.com



# အလှူသဘော
# တူသောအကျိုးပေးဇော်

◎ မောင်ပုတ်စည်

အလှူရေစက် လက်နဲ့မကွာ၊ အလှူဒါန ပြုကြသူငါ၊ အလှူပေး သူဌေးဖြစ် ဆိုတဲ့ မြန်မာစကားတွေ ရှိပါတယ်။ အလှူဒါနပြုလုပ်ရာမှာလည်း ပုပ္ပ၊ မုဉ္စ၊ ပရ ဆိုတဲ့ စေတနာသုံးတန်နဲ့လှူမှ အပြည့်အဝ အကျိုးရှိတဲ့အကြောင်းလည်း လူတိုင်းကြား ဖူးကြပြီးသားတွေပါ။

သို့သော်လည်း တကယ်လှူတဲ့၊ တန်းတဲ့အခါမှာ သည်အင်္ဂါရပ်တွေနဲ့ ညီညွတ်မှ အကျိုးကျေးဇူး အပြည့်အဝရရှိတယ်ဆိုတာကိုတော့ အမှတ်မဲ့ဖြစ်နေတတ်ကြပါတယ်။ များသောအားဖြင့် သတိမထားရင် ထင်ပေါ်လို့မှု၊ ကြွားဝါလို့မှု ဂုဏ်ပကာသနသဘောတွေ ဖြစ်သွားတတ်ပါတယ်။ သတိထားစရာတွေပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

သိန်းလေးထောင်တန်ကျောင်းကြီး ဆောက်လှူတဲ့ ကျောင်းဒကာမကြီးဆိုပြီး ဂုဏ်ယူတယ်။ ဇရပ်တွေ၊ သိမ်တွေ၊ တန်ဆောင်းတွေ လှူတယ်ဆိုပြီး ဂုဏ်ယူမိတတ်ပါတယ်။ အဲလိုဆိုရင်တေ ့ ာ့ကုန်သလောက်အကျိုးမများဘဲ နမြောစရာ ကောင်းတာပေ့ါ။ အလှူလုပ်ရင်လည်း ဒီအတိုင်းပဲ ချမ်းသာတဲ့လူကျတော့တစ်မျိုး။ ဆင်းရဲတဲ့လူကိုတစ်မျိုး ခွဲခြားဆက်ဆံတတ်ကြပါတယ်။

တချို့ရှိသေးတယ်။ ကိုယ့်ရဲ့အဝတ်အစား၊ အသုံးအဆောင် အဟောင်းအနွမ်းတွေကို ဆင်းရဲနွမ်းပါးသူတွေအတွက် ပေးကမ်းကြတယ်။ ကိုယ်မသုံးလိုတော့တဲ့ အဟောင်း၊ အကောင်းတွေကို ပေးကမ်းတယ်။ ဒါလည်းပဲ လှူတာတစ်မျိုးမို့ ကောင်းပါတယ်။

ဒါပေမယ့် အလှူသဘောကို သေသေချာချာ တိတိကျကျ လှူတတ်အောင် သိပြီးမှလှူရင်တော့ ပိုကောင်းတာပေ့ါ။ မြတ်ဗုဒ္ဓဟောကြားခဲ့မတဲ့ အဆုံးအမကတော့ အင်မတန်ရှင်းပါတယ်။ အကြောင်းရှိလို့ အကျိုးဖြစ်ကြတာတဲ့။

အချိုပင်စိုက်ရင် အချိုသီးစားရတယ်။ အချဉ်ပင်စိုက်ရင် အချဉ်သီးပဲ စားရတယ်တဲ့။ "တူသောအကျိုးပေးမယ်"လို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အတိအကျ ဆုံးမထားတာပဲ။

ဒါကြောင့် အဟောင်းအနွမ်းကို စွန့်ကြဲရင် အဟောင်းအနွမ်းပဲ ပြန်ရမယ်။ တစ်ပတ်နွမ်းဆိုရင်လည်း တစ်ပတ်နွမ်းပဲပေ့ါ။ ရှင်းနေတာပဲ။ ဒီတော့ လှူတယ်တန်းတယ် ဆိုတာကို လွယ်လွယ်လေး သဘောမထားဖို့ ဂုဏ်ပကာသနမပါဖို့ အရေးမကြီးဘူးလား။ လှူ ႆ လှူနည်း မမှန်ကန်လို့ အကျိုးမဲ့ရတဲ့ ရှေးကဝတ္ထုနိပါတ် ဇာတကတွေ အများကြီးရှိပါတယ်။

ဥပမာ - ကိုယ့်မှာ ပန်းသီးနှစ်လုံးရှိတယ်၊ တစ်လုံးက ခေါင်သီး အလုံးကြီးကြီး။ တစ်လုံးက ခပ်ရှုယ်ရှုယ်။ ဒါကို ကိုယ့်သူငယ်ချင်းကို တစ်လုံးပေးမယ်ဆိုပါစို့။ ကြီးတာကို ချန်ထားပြီး သေးတာကို မပေးပါနဲ့။

မပေးချင်ရင်လည်း မပေးနဲ့ ဘာမှမဖြစ်ဘူး။ ကိုယ်မှ မပေးချင်ဘဲကိုး။ ဒါပေမယ့် ပေးမယ်ဆိုရင်တော့ အရေးကြီးသွားပြီ။ အကောင်းဆုံး၊ အကြီးဆုံးအလုံးကို စေတနာအပြည့်နဲ့ မွန်မွန်မြတ်မြတ် ပေးရကျိုးနပ်အောင် ရက်ရက်ရောရော ပေးပါ။ ဒါမှ တူသောအကျိုးပေးတဲ့ ဗုဒ္ဓအဆုံးအနဲ့အညီ တူသောအကျိုးပေးကို ခံစားရမှာပေ့ါ။

ဒီလိုမှမဟုတ်ဘဲ စိတ်မပါ့တပါ ဝတ်ကျေတန်းကျေ သူငယ်ချင်းကို လက်ဆောင်ပေးတယ်ဆိုတဲ့ ဟန်လုပ်ချင်တဲ့ သဘောမျိုး ပေးမိရင်တော့ ပေးရကျိုးနပ်မှာ မဟုတ်ဘူး။ ဟုတ်သလိုလိုနဲ့ အလကားဖြစ်သွားတာ နာဖို့ကောင်းတာပေ့ါ။ ဒါ··ဥပမာတစ်ခုကို အလွယ်ဆုံးတင်ပြတာပါ။ အလှူအားလုံးအတွက် ဒီသဘောမျိုး ပြောချင်တာပါ။

အလှူခံပုဂ္ဂိုလ်ဟာ စင်ကြယ်မြင့်မြတ်ရမယ်။ လှူဖွယ်ပစ္စည်းကလည်း သမ္မာအာဇီဝရှာဖွေရရှိပြီး သန့်စင်ဖြူစင်ရမယ်။ လှူတဲ့ပုဂ္ဂိုလ်ကလည်း စေတနာသုံးတန်နဲ့ ညီညွတ်ရမယ်ဆိုပြီး ဘုရားဟောတွေ၊ စာတွေပေတွေ၊ ဆရာတော်တွေ ရေးသားညွှန်ပြထားတာ အတိအကျရှိပါတယ်။

ဒါဟာ ဗုဒ္ဓဘာသာတစ်ယောက်ဖြစ်တယ်။ ဗုဒ္ဓဘာသာအကြောင်း သိပြီးသား။ လှူတယ်တန်းတယ်ဆိုတာလည်း အလွန်မွန်မြတ်တဲ့ အလုပ်ဖြစ်တယ်။

သို့သော် ငါလှူတတ်ရဲ့လား။ အလှူသဘောကိုတိတိကျကျ သိပြီလားဆိုတာ ကိုယ့်ကိုယ်ကို အသေအချာ ပြန်ပြီးဆန်းစစ်ဖို့ လိုပါလိမ့်မယ်။ မသိရင် သိအောင်လေ့လာသင့်ပါတယ်။

သို့မှသာ လှူသလောက် အပြည့်အဝ မခံစားရတာမျိုးမဖြစ်ဘဲ လှူသမျှ အပြည့်အဝခံစားရရှိနိုင်ခြင်း၊ အလှူသဘောတူသောအကျိုး ပေးတတ်ခြင်းတို့ကို သတိပြုဆောင်ရွက်နိုင်စေခြင်းအကျိုးငှာ တင်ပြလိုက်ရပါကြောင်း။

မောင်ပုဏ်ဏစည်



www.burmeseclassic.com

# အိမ်တိုင်းဆောင် အောင်တံ့ဆေး







ပင်ရင်း - အောင်နန်းရပ်၊ မိုးကုတ်မြို့။ ဝ၉-၆၅၃၈၄၀၅

ခရီးလွန်နေ၍ သည်ကနေ့မှပဲ အိမ်သို့ ပြန်ဖြစ်တော့သည်။

အိမ်ရောက်ရောက်ချင်း ကြားရသည့်စကားက နား၀မှာ မသက်သာ။ ခြေရင်းအိမ်က ဖိုးကဲလေး တစ်ယောက် မနေ့က ပျားတုပ်ခံရသည်ဆိုပဲ။ ရင်ထဲမှာ အတော်ကလေး ထိတ်သွားရသည်။ ပျားတို့၊ ပိတုန်းတို့ ဆိုသည်မှာ အဆိပ်ရှိသော သတ္တဝါများ မဟုတ်ပါလား။ သည့်အတွက် စိုးရိမ်တကြီးဖြင့် ခြေရင်းအိမ်သို့ကူးခဲ့သည်။

"ဟင်…ဖိုးကဲလေး…"

ကြားရသည့်သတင်းနှင့် မြင်တွေ့ရသည့် မြင်ကွင်းက မကိုက်ညီ။

ဘာကြောင့်ဆို ပျားဆိပ်ကြောင့် အိပ်ရာထဲ လဲနေရမည့် ကလေးငယ်သည် ယခုမူ ပြုံးပြုံးရယ်ရယ်ဖြင့် ဆော့ကစားမပျက်။ ပျားတုပ်ခံရတာကော ဟုတ်များမှ ဟုတ်ပါ့မလားဟု သံသယဝင်ချင်စရာ။ သည်တုန်းမှာပင် ဖိုးကဲလေး၏မိခင်က စကားဆိုလေသည်။

"အံ့သြနေသလား အစ်ကို၊ ညီမလေးတို့လည်း ဖြစ်ဖြစ်ချင်း ပူထူသွားတာတော့ အမှန်ပဲ။ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဘဲ ဆေးခန်းသွားမလို့လုပ်တုန်း အိမ်ရှေ့အိမ်က ဘကြီးဖြိုး ရောက်လာပြီး ဆေးခဲလေးတစ်ခဲကို ကျောက်ပျဉ်ပေါ်ကိုသွေးပြီး လိမ်းပေးလိုက်တယ်။ ဖိုးကဲလေးကလည်း အငိုတိတ်သွားတော့တာပဲ။ နောက်တစ်ကြိမ်လည်းလိမ်းလိုက်ရော ဘာမှမဖြစ်တော့သလို ပျောက်သွားတော့တာပဲ အစ်ကိုရဲ့"

"ဟဲ့…တော်တော်လည်းစွမ်းပါလား။ ဘာဆေးများလဲ ညီမရဲ့…"

"ဒေါ်စိန်ရင်ရဲ့ မရှေ့တံဆိပ် မန်းဆေးခဲ တဲ့ အစ်ကိုရဲ့ ပျား ပိတုန်း စတဲ့ အဆိပ်ရှိသတ္တဝါတွေ ကိုက်ခဲတာကို နိုင်တဲ့အပြင် ခြင်ကိုက်ခံရတာ၊ ဖိုးကောင်ကိုက်ခံရတာ၊ လူငယ်တွေ၊ ဝက်ခြံ၊ မိတ်ဖု၊ သွေးယား ဆီပူ၊ ရေနွေးပူလောင်၊ ဆီးချိုကြောင့် အနာပေါက်တာ မန်းအနာပေါက်တာတွေလည်း နိုင်တယ်ဆိုပဲ"

"ဟာ…ဇယ်ဟုတ်တဲ့ ဆေးပါပဲလား"

"ဒါတင်မကသေးဘူး။ အဖြေကျော်ဆေး ဆိုတာလည်း ရှိသေးတယ်။ သွေးတိုး ဆီးချို အစားမှား ဆေးမှား မူးမော်၊ ပျို့အန် အစာအိမ် လေထိုးလေအောင့်၊ အဆိပ်အတောက်ရှိတဲ့ အစာတွေအပြင် သတ္တဝါတွေရဲ့ ကိုက်ခဲမှုကြောင့်ဖြစ်တဲ့အနာတွေကိုတောင် သက်သာပျောက်ကင်းတယ်တဲ့။ ထိခိုက်ရှနာများကတော့ ပျင်းတောင် ပျင်းသေးတယ် အစ်ကိုရဲ့"

"တယ်လည်းကောင်းတဲ့ ဆေးပါပဲလား။ ဘယ်မှာများ ဝယ်လို့ရနိုင်မလဲဟင်၊ လူတိုင်း ဆောင်ထားနိုင်လို့ပါ"

"ညီမလေး မှတ်ထားတာကတော့ ပင်ရင်းဌာနဟာ မိုးကုတ်မြို့ အောင်နန်းရပ်မှာ။ (ဖုန်း-၀၈၆-၂၁၁၁၀)ဖြစ်ပြီး တိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် TMR 012013(0516 ) နဲ့ ထုတ်လုပ်ထားတာ အစ်ကိုရဲ့…"

"ဟုတ်ပြီဗျာ၊ အစ်ကိုတော့ အများအကျိုးဆောင် ကိုယ့်အကျိုးအောင်ဆိုသလို နီးစပ်ရာကို သတင်းကောင်းလေး ဖြန့်ပေးရဦးမယ်ဟေ့"

"ကောင်းတာပေါ့ အစ်ကိုရယ်"

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# လူထဲကဘဝ ဘဝထဲကလူ

## ၆၈

## လင်းရောင်တင်

**သက်ရှည်ကျန်းမာ နှစ် ၁၆၀ ရှည်သည့်ဆေး**

ကျွန်ုပ်တို့တိုက်ခန်းတွင် သားသမီးများ တပ်ဆင်ပေးထားသဖြင့် စကိုင်းနက်ဟုခေါ်သော တီဗွီလိုင်းများကို ဖမ်းယူကြည့်ရှုနိုင်ခဲ့ပါ၏။ ကျွန်ုပ်သည် အသက်အရွယ်ရလာပြီဖြစ်ရကား မနက်ခင်း ဘုရားဝတ်ပြု၊ ပရိတ်ရွတ်၊ ပဋ္ဌာန်းရွတ် စသည့် နိစ္စသတ်များ ပြုလုပ်ကုသိုလ်ယူပြီးသောအခါ စကိုင်းနက်လိုင်းကို ဖွင့်တတ်၏။ စကိုင်းနက်တီဗွီဌာနက 'ဗုဒ္ဓ'ဟုခေါ်သော ဘုရား၊ တရားလိုင်းတစ်ခုကို နှစ်ဆယ့်လေးနာရီ လွှင့်ပေးထား၏။

ကျွန်ုပ်သည် နံနက်ခင်း မင်္ဂလာရှိစေရန် ကိုယ်လုပ်ရောရှိသည့် ရွတ်ဖတ်သရဇ္ဈာယ်သည့်အလုပ်ကို လုပ်ပြီးသည်နှင့် 'ဗုဒ္ဓ'ချယ်နယ်လိုင်းကို ဖွင့်တတ်၏။ ထိုအချိန်တွင် သံဃာ့နာယကဥက္ကဋ္ဌ ကိုယ်တော်မြတ်ကြီးဖြစ်သော ဗန်းမော်ဆရာတော်ဘုရားကြီး အရှင်ကုမာရာဘိဝံသ၏ သီလပေးတရားတော်၊ ပဋ္ဌာန်းတရားတော် စသည့် တရားတော်များကို နာယူရလေ၏။

ဗန်းမော်ဆရာတော်ဘုရားကြီး၏ တရားပေးသံ၊ တရားဟောသံများသည် ကျွန်ုပ်၏ ရင်တွင်းနှလုံးသားကို စမ်းရေစီးသံများသဖွယ် ဖြတ်သန်းစီးဆင်းလေ့ရှိ၏။ စိတ်နှလုံးငြိမ်းချမ်းသွား၏။ ပီတိသောမနဿများ ဖြစ်၏။ ရတနာသုံးပါးအပေါ် ပိုမို၍ ကြည်ညိုအားထားစိတ်တွေ များပြားလာ၏။ ကျွန်ုပ်နှင့်တကွ ကျွန်ုပ်၏သားသမီးမိသားစုပေါ်သို့ မေတ္တာအားကြီးသည့် ဗန်းမော်ဆရာတော်ဘုရားကြီး၏ အသံတော်၊ တရားတော်များ ခြုံလွှမ်းလိုက်သောအခါ မိသားစုတစ်ခုလုံး အန္တရာယ်များ ကင်းဝေးပြီး ကျန်းမာချမ်းသာခြင်းများနှင့် ပြည့်စုံကုန်ကြသည်ဟု ထင်မြင်မိ၏။ ယုံကြည်မိ၏။

ဗန်းမော်ဆရာတော်ဘုရားကြီး၏ အသံတော်သည် ယခုခေတ် အချို့သော တရားဟောဓမ္မကထိကများ၏ အသံတော်နှင့် လုံးဝမတူဘဲ မေတ္တာ၊ ကရုဏာ လွန်စွာပြည့်ဝပြီး အေးချမ်းတည်ငြိမ်နေ၏။ တစ်ယောက်တည်းသော သားကို မိခင်၏ ချစ်ခြင်းမေတ္တာမျိုးဖြင့် တရားနာပရိသတ်များကို အစဉ်အမြဲဟောကြားလေ့ရှိသည်ဟု ယုံကြည်လာအောင် ဆရာတော်ဘုရားကြီး၏ အသံတော်သည် ချိုအေးနေ၏။ တရားနာပရိသတ်အတွက် ကောင်းမှုရရှိသွားစေလိုသည့် ဆန္ဒဖြင့် စိတ်ပါလက်ပါ အစဉ်ဟောကြား၏။

ဗန်းမော်ဆရာတော်ဘုရားကြီး၏ တရားများကို နာကြားရသောအခါ ကျွန်ုပ်၏ စိတ်တွင်း၌ . . .

"ကြော် . . . ခုကာလ လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်တွေ ဖြစ်ချင်သလို ဖြစ်ကြ၊ ဟောချင်သလို ဟောကြတဲ့ ခေတ်ကာလကြီးမှာ ဗန်းမော်ဆရာတော်ဘုရားကြီးတို့လို မေတ္တာစေတနာအပြည့်အဝထားပြီး ကိုယ့်သားကိုယ့်သမီးလို သဘောထားဟောကြားတဲ့ သံဃာတော်တွေ ရှိနေကြပါသေးလား"

ဟု ဆို၍ ကျွန်ုပ်ရင်မှာ အတိုင်းအတာတစ်ခုအထိ ဖြေသာခဲ့၏။ ဗန်းမော်ဆရာတော်ဘုရားကြီးဟောကြားသည့် ပဋ္ဌာန်းတရားတော်ထဲ၌ အထောက်အပံ့ပစ္စည်းအကြောင်း ဟောရာ၌ အာဟာရပစ္စယော အခန်းတွင် အစားအစာအာဟာရပစ္စည်းတို့သည် လူတို့အား ထောက်ပံ့

www.burmeseclassic.com

မှုကြီးကျယ်ကြောင်း ဟော၍ တရားနာပရိသတ်တို့အား အသက်ရှည်ဆေးနည်းတစ်နည်း ပေးလေ၏။

ဆေးနည်းမှာ 'မြင်းခွာဆေးနည်း' ဟူ၏။

''ဆေးမြင်းခွာဆိုတာ သိကြသလား''

ဟု ဆရာတော်ဘုရားကြီးက ပရိသတ်ကို မေးလေရာ ပရိသတ်ထဲမှ နှုတ်သက်လျှာသွက် အမျိုးသမီးကြီးတစ်ယောက်က ...

''သိပါတယ် ဘုရား။ ဆေးမြင်းခွာဆိုတာ အရွက်သေးသေးလေးတွေပါ ဘုရား''

ဟူ၍ ပြန်ဖြေလေ၏။ ထိုအခါ ဆရာတော်ဘုရားကြီးက အနည်းငယ်ရယ်လျက် ...

''မဟုတ်ဘူးကွယ့်။ ဆေးမြင်းခွာဆိုတာ အပင်ကြီးမျိုး၊ မြေမှာဥတဲ့ဥပဲ။ သူ့ဥက မြင်းခွာပုံသဏ္ဍာန်ရှိလို့ ဆေးမြင်းခွာလို့ ခေါ်ကြတာ။ အဲဒီ ဆေးမြင်းခွာက တစ်ဆယ်သား၊ ပျားရည်က ဆယ့်ငါးကျပ်သား၊ ဧရုတ်ကောင်းမှုန့်က တစ်မတ်သား၊ အဲဒါကိုရောပြီး ဆေးဖော်ရတာ။ ပြီးရင် လက်ဖက်စားဇွန်းလေးနဲ့ တစ်နေ့တစ်ဇွန်း စားရတာ''ဟု ပြန်ဖြေပေးခဲ့၏။

ဆေးမြင်းခွာဆေး၏ အာနိသင်မှာ ဖြူဖွေးနေသော ဆံပင်များပင် မည်းနက်သွားစေနိုင်သည် ဆို၏။ ထိုဆေးမြင်းခွာဆေးကို နေ့စဉ် စွဲပြီးစားသုံးသွားပါက အသက်တစ်ရာ့ခြောက်ဆယ်အထိ အသက်ရှည်နိုင်သည်ဟူ၍လည်း မိန့်၏။ ကျွန်ုပ်သည် ထိုဆေးနည်းအား စိတ်ဝင်စားသွားခဲ့၏။ အလျဉ်းသင့်လျှင် ဖော်၍စားမည်ဟုလည်း စိတ်၌ တေးထား၏။ မှတ်စုစာအုပ်ထဲ၌လည်း အထက်ပါ ဆေးမြင်းခွာသက်ရှည်ဆေးအား ရေးမှတ်ထားလိုက်၏။ သို့သော် တော်တော်နှင့် ဖော်၍မစားဖြစ်။ ဆေးမြင်းခွာ ဘယ်မှာရှာရမှန်း မသိ။

ဆရာတော်ဘုရားကြီး၏ ဟောတရားခွေထဲ၌မူ ဆေးမြင်းခွာကို ကျိုက်ထီးရိုးဘုရား၌ ဘယဆေးများနှင့်အတူ ရောင်းချကြသည်ဟု ဆို၏။ သို့ဖြစ်၍ ဆေးမြင်းခွာကို ရယူလိုသဖြင့် ကျိုက်ထီးရိုးဘုရားသို့ သွားရဦးမလိုဖြစ်နေခဲ့၏။ ယခင်နှစ်များက ကျိုက်ထီးရိုးဘုရားသို့ နှစ်စဉ်ဆက်တိုက် ဆယ်ခေါက်မက ရောက်ဖူးခဲ့၏။ ဘယ်နှကြိမ်ရောက်ဖူးသည်ဟုပင် မမှတ်မိတော့နိုင်အောင် ရောက်ခဲ့ဖူးခဲ့ရ၏။

''ကျိုက်ထီးရိုးဘုရားကို သုံးခေါက်ရောက်ဖူးရင် ထောင်ကဲဖြစ်တယ်''

ဟု ဆိုသော ဆိုရိုးစကား ရှိ၏။ ကျွန်ုပ်နှင့် ရှမ်းဆရာကြီးဦးနေဝင်း(ရဲဘော်ဟောင်း)တို့ သူငယ်ချင်းနှစ်ဦးမှာ ကျိုက်ထီးရိုးဘုရားသို့ အတူသွားကြသည်မှာ ဆယ်ကြိမ်မကတော့သဖြင့် 'ထောင်ကဲ'သုံးလေးကြိမ်မက (သို့မဟုတ် ထောင်ကဲရောမကြီးတွေ) ဖြစ်ပေလိမ့်မည်။ 'ထောင်ကဲ' ဟူသည်မှာ တရုတ်လူမျိုးအခေါ် 'သူဌေး'ဟူ၍ အဓိပ္ပာယ်ရဟန်ရှိ၏။ ကျွန်ုပ်တို့ သူငယ်ချင်းနှစ်ဦးက ထောင်၌ မကဲဘဲ 'အပြင်ကဲ'သူများအဖြစ် ကျိုက်ထီးရိုးဘုရားကို အိမ်ဦးနှင့် ကြမ်းပြင် သွားဖူးခဲ့ကြသူများ ဖြစ်ပါ၏။

ယခု အသက်ခြောက်ဆယ်ဝန်းကျင်ရောက်မှပင် နှစ်စဉ်မရောက်ဖြစ်ကြတော့ဘဲ တခြားကောင်းနိုးရာရာ သာသနာ့နယ်မြေများသို့ သွားရောက်ကာ ဘုရားအလုပ်၊ တရားအလုပ်တွေ လုပ်ဖြစ်ခဲ့ကြ၏။ ဆေးမြင်းခွာလိုချင်ရုံဖြင့် ကျိုက်ထီးရိုးဘုရားသို့ မရောက်ဖြစ်ခဲ့ကြတော့။ ဆေးကိုဖော်ချင်သော်လည်း ဆေးမြင်းခွာကို ဘယ်ရှာရမှန်းမသိသောကြောင့် ကာလအတန်ကြာသည်အထိ ဆေးမြင်းခွာသက်ရှည်ဆေးကို မဖော်စားနိုင်ခဲ့ချေ။

တစ်နေ့သ၌ ကျွန်ုပ်သည် တောင်ဥက္ကလာပရှိ ဘုန်းတော်ကြီးကျောင်းများတည်ရှိရာ ပိုင်း(၃)သို့ ရောက်၍သွားခဲ့လေ၏။ ပိုင်း(၃)တွင် သိမ်တောင်တိုက်သစ်ဟု ခေါ်သော ကျောင်းတစ်ကျောင်းလည်း ရှိ၏။ ထိုကျောင်းကို ယခုအခါ 'ဓာတ်တော်ပြတိုက်'ဟူ၍ လူသိများလာကြ၏။ ထိုဓာတ်တော်ပြတိုက်ကျောင်းတွင် ဆရာတော် ဦးကိတ္တိဝရ ဘွဲ့တော်ရသော ဆရာတော်အုပ်ချုပ်၏။

ထိုဆရာတော် ဦးကိတ္တိဝရသည် မိတ္ထီလာမြို့ဝမ်းတွင်းဓာတ်တော်တိုက်ဆရာတော် ဦးသူရိယ(ယခုပျံလွန်တော်မူပြီး)၏ တူတော်အရင်းဖြစ်၏။ ငယ်စဉ်ကပင် ဆရာတော် ဦးသူရိယ၏ နည်းနိဿယကို ခံယူပြီး ဓာတ်တော်များရှာဖွေစုဆောင်းသည့်အလုပ်ကို ဝါသနာပါခဲ့၏။ မိတ္ထီလာ ခရိုင်၊ ခင်လယ်တောင်ကြော တောတွင်းဂူများ၌ ရှိနေကြသော ရဟန္တာဓာတ်တော်များကို လိုက်လံရှာဖွေစုဆောင်းရာမှ ရန်ကုန်၊ တောင်ဥက္ကလာပတွင်လည်း ဓာတ်တော်တိုက်ကြီးတစ်တိုက် ဖြစ်မြောက်အောင် ဆရာတော်ဦးကိတ္တိဝရက ကြိုးပမ်းခဲ့ခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုဓာတ်တော်တိုက်သို့ ကျွန်ုပ်သည် မကြာခဏ ဝင်ထွက်သွားလာကာ ဆရာတော်နှင့် ဆရာရင်း၊ တကာရင်း ဖြစ်ခဲ့ကြ၏။ ဓာတ်တော်တိုက်သို့ရောက်သွားရာမှ စကားစပ်မိပြီး ဆေးမြင်းခွာအကြောင်း ရောက်သွား၏။

"ငါလည်း ဗန်းမော်ဆရာတော်ဘုရားကြီးရဲ့ ပဋ္ဌာန်းတရားနာရာက ဆေးမြင်းခွာ သက်ရှည်ဆေးအကြောင်း စိတ်ဝင်စားပြီး အခုဖော်စားနေတယ် စာရေးဆရာရဲ့"

"ဆေးမြင်းခွာ ဘယ်ကရသလဲဘုရား"

"ဒီလိုပဲ ရှာရတာပေါ့ စာရေးဆရာရယ်။ မင်းလိုချင်ရင်တောင် ပေးလို့ရတယ်။ ပိုပိုမိုမို ရှာထားတယ်"

ဤသို့ဖြင့် ကျွန်ုပ်သည် ဓာတ်တော်တိုက်ဆရာတော်ထံမှ ဆေးမြင်းခွာမှုန့်များ ရလာခဲ့၏။ ပျားရည်စစ်စစ်ကိုမူ အညာသူ မသီတာ လာလှူထားသဖြင့် အလွယ်တကူ သုံးနိုင်၏။ ရေတ်ကောင်းမှုန့်မှာကား မခဲယဉ်းလှချေ။ ဤသို့ဖြင့် ဆေးမြင်းခွာသက်ရှည်ဆေးကို ဖော်စားလာခဲ့ရာ သုံးလေးလာကြာသောအခါ ယခင်က ရင်ကျပ်ရောဂါ ပျောက်သွား၏။ အမောလည်း လုံလာ၏။ ဆံပင်လည်း သိပ်ဖြူမလာချေ။

ယခုအခါ၌ကား ကုန်စျေးဆန်း(သိမ်ကြီးဈေး)လမ်းထဲရှိ စန္ဒီပရဆေးဆိုင်တွင် မြင်းခွာဆေးမှုန့်များ လိုသလောက် ဝယ်ယူနိုင်ပြီဖြစ်၏။ ဗန်းမော်ဆရာတော်ဘုရားကြီးအား ကြည်ညိုရင်းစွဲရှိသည့် ကျွန်ုပ်သည် ဆရာတော်ကြီးလက်ဆင့်ကမ်းလာသော ကျန်းမာသက်ရှည်ဆေးတစ်ဖုံကို အသက်ခြောက်ဆယ်ကျော်တွင် ပုံမှန်မှီဝဲလာနိုင်သည့်အတွက် နည်းပေးလမ်းပြဖြစ်သော ဆရာတော်ကြီးအား ကျေးဇူးတင် ဂါရဝပြုမိပါ၏။

(မှတ်ချက် ။ ဤနေရာတွင် မြင်းခွာဆေးမှုန့်ရနိုင်သည့် စန္ဒီပရဆေးဆိုင်အား ကြော်ငြာညွှန်ပြပေးသည့်အတွက် ကျွန်ုပ်ကြော်ငြာခ လုံးဝမရပါခင်ဗျား။) အသက်အရွယ်ရလာသောအခါ သမထ၊ ဝိပဿနာ ကျင့်စဉ်များကို ကြောင့်ကြတန်းစွာ ကျင့်နိုင်ရန်အတွက် ကျန်းမာဖို့လို၏။ ကျန်းမာမှ အားထုတ်နိုင်မည်ဖြစ်၏။ သို့ဖြစ်၍ အာယုဝဍ္ဎနဆေး သက်ရှည်ကျန်းမာဆေးကောင်းတစ်ဖုံသည် မြန်မာအမျိုးကောင်းသား၊ အမျိုးကောင်းသမီးများအတွက် လိုအပ်ပေ၏။

*****

## ရသေ့ကြီးဦးခန္တီ၏ ဓနုသိဒ္ဓိပေါက်ဂါထာတော်

သံဃာ့နာယက ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီး၏ ပဋ္ဌာန်းတရားတော်ထဲတွင် နောက်တစ်မျိုး ကျွန်ုပ်စိတ်ဝင်စားခဲ့သည်မှာ 'ဓနုသိဒ္ဓိ'ဂါထာတော်ပင် ဖြစ်ပါ၏။ လူဟူ၍ ဖြစ်လာလျှင် သက်ရှည်ကျန်းမာဖို့ လိုအပ်သကဲ့သို့ ငွေကြေးဓနဥစ္စာလည်း ပြည့်စုံဖို့ လိုပါသေး၏။ သက်ရှည်ကျန်းမာနေသော်လည်း အနေဆင်းရဲ၊ အစားဆင်းရဲဖြစ်၍နေက လူ့ဘဝ၏ အဓိပ္ပာယ်ရှိမည် မဟုတ်ချေ။

သို့ဖြစ်၍ ဥစ္စာဓန ပြည့်စုံကြွယ်ဝဖို့လည်း လိုသည်မှာ ကေန်မုချဖြစ်၏။ မြန်မာပြည်တွင် အလွန်ထင်ရှားကျော်ကြားသော သာသနာပြုပုဂ္ဂိုလ်ကြီးတစ်ပါး ပေါ်ပေါက်ထွန်းကားခဲ့ဖူးပါ၏။ မြန်မာပြည်သူပြည်သား အတော်များများ သိကျွမ်းကြသည့် ရသေ့ကြီးဦးခန္တီ၏ သာသနာ့အဆောက်အဦကြီးများသည် မြန်မာပြည်တစ်နံတစ်လျား လက်ညှိုးထိုးမလွဲ တည်ရှိနေခဲ့ပါ၏။ (ကျိုက်ထီးရိုးစေတီတော် အနီးဝန်းကျင် တောင်ကြောတစ်ပိုက်တွင် ရသေ့ကြီးဦးခန္တီ လှူဒါန်းထားခဲ့သော ရှေးဟောင်းမီးစက်ကြီးမှာ ယခုထက်ထိ တွေ့နိုင်ဆဲဖြစ်၏။)

ရသေ့ကြီးဦးခန္တီ၏ သာသနာပြုခဲ့ပုံ၊ သာသနာ့အဆောက်အအုံများဖြစ်သည့် ဘုရားကျောင်း၊ တန်ဆောင်း၊ ကန်များကို တည်ဆောက်မွမ်းမံပြုလုပ်ခဲ့သည်မှာ မရေမတွက်နိုင်အောင် အမြောက်အမြားရှိခဲ့၏။ မန္တလေးတောင်တော်တွင် ရသေ့ကြီးဦးခန္တီဆောက်လုပ်ထားခဲ့သော တန်ဆောင်းကြီးများလည်း တွေ့နိုင်၏။ အင်္ဂလိပ်ခေတ်က အစိုးရမင်းများသည် ရသေ့ကြီးဦးခန္တီ ရွှေလုပ်နေသည်ဟူသော သတင်းစကားများ ကြားရ၍ သံသယရှိခဲ့ဖူး၏။

ထိုခေတ်က ရွှေလုပ်သည်ဆိုက အပြစ်ကြီး၏။ သည့်အတွက် အင်္ဂလိပ်အစိုးရက မဖမ်းဆီးမီ ရသေ့ကြီးဦးခန္တီက ...

"ရွှေလုပ်တာမဟုတ်၊ ရွှေဖြစ်တာပါ"

ဟု ပြောဆိုလျက် လူပုံအလယ်တွင် အဝတ်ခင်းပြီး အလှူခံပြလိုက်၏။ ထိုအခါ လှူဒါန်းမည့်သူများသည် ရသေ့ကြီးဦးခန္တီ၏ရှေ့သို့ ရောက်လာမစဲ တသဲသဲဖြစ်ပြီး နောက် ငွေတွေ၊ ရွှေတွေ လှူကြ၏။ တချို့သော အမျိုး

www.burmeseclassic.com

သမီးများသည် သဒ္ဓါပေါက်ကြလျက် နားတွင်ပန်ထားသော ရွှေနားတောင်းများပင် ချွတ်၍လှူသွားကြ၏။ လက်စွပ်၊ လက်ကောက်၊ ဆွဲကြိုးများကိုလည်း ချွတ်လှူကြ၏။ ယုတ်စွအဆုံး ခြေကျင်းများကိုပင် လှူဒါန်းခဲ့ကြ၏။

နာရီအနည်းငယ်အတွင်း ငွေပုံ၊ ရွှေပုံကြီးများ ဖြစ်သည်အထိ ရရှိလေသောအခါ ...

"ရသေ့ကြီးဦးခန္တီ ရွှေလုပ်တာမဟုတ်၊ ရွှေဖြစ်နေတာ"

ဟု ပြောစမှတ်ပြုကြကာ ရသေ့ကြီးအပေါ် သံသယ ရှင်းသွားခဲ့ကြလေ၏။ ရာဇဝတ်မှုမှလည်း ကင်းလွတ်သွားခဲ့လေတော့၏။ ရသေ့ကြီးဦးခန္တီ မန္တလေးမြို့တွင် သာသနာ့အဆောက်အအုံများ ဆောက်လုပ်လှူဒါန်းတော့မည်ဆိုသောအခါ သီတင်းသုံးနေထိုင်စရာ ကျောင်းသင်္ခမ်းလိုအပ်လာခဲ့၏။ ထိုအခါက သာသနာပိုင်ဆရာတော်အား ကျောင်းဆောက်ရန် နေရာတစ်နေရာ တောင်းခံခဲ့ဖူး၏။

ထိုအခါ သာသနာပိုင်ဆရာတော်ဘုရားကြီးက –

"ရသေ့ကြီးဦးခန္တီ သာသနာပြုမယ်ဆိုတာ အစွမ်းအစ ဘယ်လောက်များရှိလို့တုံး"

ဟု မေးခွန်းထုတ် မိန့်တော်မူခဲ့၏။ ရသေ့ကြီးကလည်း ရဲရဲတင်းတင်းပင် ...

"အစွမ်းအစရှိပါတယ်ဘုရား"

ဟု ပြန်ဖြေခဲ့၏။

"အစွမ်းအစ တကယ်ရှိရင် မနက်ဖြန် သံဃာတော်အပါးငါးရာကို ဆွမ်းကပ်ချင်တယ်ဗျာ။ အဲဒါ ရသေ့ကြီး ဆောင်ရွက်ပေးနိုင်မလား"

ဟူ၍ ထပ်မံမေးမြန်းသောအခါ ရသေ့ကြီးက ...

"မှန်ပါဘုရား။ မနက်ဖြန် သံဃာတော်အပါး ငါးရာကို ဆွမ်းကပ်ဖို့ တပည့်တော်တာဝန်ယူနိုင်ပါတယ်ဘုရား"

ဟူ၍ ပြန်လည်လျှောက်ထားခဲ့၏။

နေ့ချင်းညချင်း သံဃာတော်အပါးငါးရာကို ဆွမ်းလုပ်ကျွေးရမည့် ကိစ္စမှာ လွယ်ကူလှသည်မဟုတ်သောကြောင့် သာသနာပိုင်ဆရာတော်ဘုရားကြီးမှာ ယုံကြည်တော်မမူခဲ့ချေ။

"ကြည့်ရသေးတာပေါ့လေ"

ဟု ဆိုကာ ရသေ့ကြီးကို စောင့်ကြည့်၏။ ရသေ့ကြီးဦးခန္တီသည် ထိုအခါမှစ၍ ပုတီးကိုတွင်တွင်ကြီးစိပ်၍ နေလေတော့၏။ ထိုနေ့တစ်နေ့လုံး မည်သူမျှ ရောက်မလာသော်လည်း နောက်နေ့မနက် ဆွမ်းကပ်ချိန်နီးသောအခါတွင် ဆွမ်းအုပ်ကြီးတွေ အလျှိုအလျှိုဖြင့် လူတွေရောက်လာပြီး ဆွမ်းလုပ်ကျွေးကြလေ၏။ သံဃာအပါးငါးရာကျော်ကို လောက်ငရုံမက ပိုလျှံစွာပင် ဆွမ်းကျွေးနိုင်ခဲ့ကြ၏။ အပါးတစ်ထောင်ကျွေးမည်ဆိုက ကျွေးနိုင်လောက်အောင်ပင် လုံလောက်ပိုလျှံခဲ့လေ၏။ ရသေ့ကြီးဦးခန္တီ၏ အစွမ်းသတ္တိကို တွေ့မြင်ရသောအခါ သာသနာပိုင်ဆရာတော်ဘုရားကြီးသည် လွန်စွာနှစ်ထောင်းအားရသွားခဲ့ပြီး ရသေ့ကြီး ကျောင်းဆောက်လုပ်နိုင်ရန် မြေတစ်နေရာပေးတော်မူခဲ့လေ၏။

ရသေ့ကြီး၏ အစွမ်းသတ္တိကို စမ်းသပ်သည့် နောက်ထပ်ပုဂ္ဂိုလ်ကြီးတစ်ဦးမှာ ဝါးချက်မင်းကျောင်းဆရာတော်ဘုရားကြီး ဖြစ်ပါ၏။ မန္တလေးခရိုင်အတွင်း၌ရှိသော 'ဝါးချက်ရွာ'ဆိုသည်မှာ အမှန်စင်စစ် 'ဝတ်ချက်'ရွာ ဖြစ်ပါ၏။ ဘုရင်မင်းမြတ်က ကိုးကွယ်သော ဆရာတော်ဘုရားကြီးကို ဆွမ်းဝတ်ချက်၍ ကပ်ခိုင်းသောရွာဖြစ်သောကြောင့် 'ဝတ်ချက်ရွာ'ဟု ခေါ်ခဲ့ကြခြင်းဖြစ်၏။

နောင် ကာလရွေ့လျောလာသောအခါ ဝတ်ချက်ရွာမှ ဝါးချက်ရွာဟု ခေါ်လာကြခြင်းဖြစ်၏။ ဝါးချက်ရွာတွင် သီတင်းသုံးနေထိုင်သော ဆရာတော်ကြီးမှာလည်း အလှူဒါနရက်ရောသည်၊ အမြောက်အမြား လှူဒါန်းနိုင်သည်ဟူ၍ သတင်းကြီးနေသူဖြစ်၏။ တစ်နေ့သောအခါ ဝါးချက်ဆရာတော်ဘုရားကြီးနှင့် ရသေ့ကြီးဦးခန္တီတို့ နှစ်ပါးဆုံတွေ့ကြသောအခါ ...

"ရသေ့ကြီးဦးခန္တီ အလွန်လှူနိုင်တယ်၊ ဓနသိဒ္ဓိပေါက်တယ်လို့ ကြားနေရတာတော့ ကြာပြီ။ ရသေ့ကြီးရဲ့ အစွမ်းသတ္တိကို ကြည့်ချင်တယ်"

ဟူ၍ မိန့်လေ၏။ ရသေ့ကြီးဦးခန္တီကလည်း ...

"မှန်ပါ့ဘုရား။ တပည့်တော်ကို အချိန်တစ်နာရီလောက်ပေးရင် အစွမ်းသတ္တိကို ပြနိုင်ပါတယ်ဘုရား"

ဟူ၍ ပြန်လည်လျှောက်ထားခဲ့၏။ ဤသို့ဖြင့် ဝါးချက်ဆရာတော်ဘုရားကြီးကလည်း သဘောတူခဲ့လေ၏။ ထို့နောက် ရသေ့ကြီးဦးခန္တီသည် အခန်းထဲသို့ ဝင်သွားလိုက်ပြီးနောက် ပုတီးစိပ်လေတော့၏။ အချိန်တစ်နာရီမပြည့်ခင် လေးဆယ့်ငါးမိနစ်လောက်မှာပင် အခန်းထဲမှ ပြန်ထွက်လာပြီးနောက် ...



www.burmeseclassic.com

www.burmeseclassic.com

“မကြာခင် တန်ခိုးပြပါလိမ့်မယ်ဘုရား”

ဟု လျှောက်၏။ ဆရာတော်ကြီးက ...

“ခုချိန်ထိ မထူးခြားသေးပါလား ရသေ့ကြီးရဲ့”

ဟု မိန့်သောအခါ ...

“မှန်ပါ့ဘုရား။ တစ်နာရီပြည့်သွားရင် အရှင်ဘုရား သိရမှာပါဘုရား”

ဟု ပြန်၍လျှောက်ထားခဲ့၏။ အမှန်တကယ်လည်း တစ်နာရီပြည့်သောအခါ ကျောင်းပေါ်သို့ အထုပ်ကြီးပိုက်လာသည့် လူတစ်ယောက်ရောက်လာပြီး ရသေ့ကြီးဦးခန္တီအား ထိုအထုပ်ကြီးကို လှူဒါန်းသွားခဲ့၏။ လှူဒါန်းသူ ပြန်သွားသောအခါ ထိုအထုပ်ကြီးအတွင်းမှ ပစ္စည်းများအား ထုတ်ကြည့်လေရာ ရွှေဒင်္ဂါးတစ်ရာ့ရှစ်ပြားတိတိ ရှိသည်ကို တွေ့ကြရလေ၏။

ဝါးချက်မင်းကျောင်းဆရာတော်ဘုရားကြီးကလည်း ရသေ့ကြီးဦးခန္တီအား တော်ပါပေသည်ဟု ချီးကျူး၏။

“ရသေ့ကြီး ဘယ်ပုတီးစိပ်ကိုများ စိပ်သလဲ”

ဟုလည်း မေး၏။ ထိုအခါ ရသေ့ကြီးဦးခန္တီက ...

“မှန်ပါဘုရား။ တပည့်တော် ဓနသိဒ္ဓိဂါထာတော်ကို စိပ်ပါတယ်ဘုရား”

ဟူ၍ ပြန်လည်လျှောက်ထား၏။ ထိုအခါ ဆရာတော်က ...

“ဒါဆိုရင်တော့ ရသေ့ကြီးနဲ့ ကျုပ်နဲ့ အကိုင်ချင်းတူနေပြီ။ ကျုပ်လည်း ဓနသိဒ္ဓိဂါထာတော်ကိုပဲ ပုတီးစိပ်ပြီး လှူနိုင်ခဲ့တာ ရသေ့ကြီးရဲ့”

ဟူ၍ ဝမ်းသာအားရ မိန့်ကြားတော်မူခဲ့၏။ တစ်ရာ့ရှစ်လုံးပုတီးနှင့် တစ်ပတ်(တစ်ရာ့ရှစ်ခေါက်) စိပ်ရုံနှင့် ရွှေဒင်္ဂါးတစ်ရာ့ရှစ်ပြား ရောက်လာလှူဒါန်းသည့်ကိစ္စမှာ လွန်စွာအောင်မြင်ပေါက်ရောက်သည့် ကိစ္စဖြစ်ပါ၏။ သိန်းပေါင်းများစွာခန့်ကို (ယနေ့ခေတ်တန်ဖိုးအရ) တစ်ထိုင်တည်းရကြိုက်ခြင်းဖြစ်ပါ၏။ ထိုဓနသိဒ္ဓိပေါက်ဂါထာတော်အကြောင်းကို မိန့်ကြားပေးခဲ့သည့် ဇန်းမော်ဆရာတော်ဘုရားကြီးကမူ ...

“ရွှေဒင်္ဂါးတစ်ရာ့ရှစ်ပြားကို လာလှူတယ်ဆိုတာကတော့ အတော်ထူးခြားတယ်။ လူမဟုတ်ဘဲ နတ်တွေဖြစ်နိုင်တယ်”

ဟု ထင်မြင်ချက်ပေးထား၏။ အမှန်တကယ်လည်း ဓနသိဒ္ဓိဂါထာတော်၏ အစွမ်းမှာ ထူးခြားလှ၏။ ကျွန်ုပ်အနေနှင့် ဂါထာတော်ကို စိတ်ဝင်စားပြီး အဓိဋ္ဌာန်ပုတီးစိပ်ကြည့်ခဲ့လေရာ ကိုးရက်အတွင်း ငွေကိုးသိန်းဝင်လာခဲ့ဖူးပါ၏။ ထိုအကြောင်းအရာကို မနောမယ ဂမ္ဘီရဂျာနယ်တွင် ရေးသားလိုက်လေရာ တစ်နိုင်ငံလုံး ဓနသိဒ္ဓိဂါထာတော်ကို လိုက်၍စိပ်ကြလေတော့၏။

အချို့လည်း ဂါထာတော်၏ အကျိုးကို ထင်ထင်ရှားရှား ရကြလေ၏။ များစွာအဆင်ပြေကြောင်း ကျွန်ုပ်ထံသို့ ဖုန်းများဖြင့် ဆက်လာ၏။ တချို့ကလည်း ဓနသိဒ္ဓိဂါထာတော်၏ အသံနေအသံထား ရွတ်ဖတ်ပုံကို လှမ်း၍မေးမြန်း ရွတ်ပြခိုင်း၏။ ကျွန်ုပ်ကလည်း စိတ်ရှည်လက်ရှည် ရွတ်ပြခဲ့၏၊ နေ့စဉ် လူအတော်များများကို ရွတ်ဆိုပြခဲ့ရ၏။

ရသေ့ကြီးဦးခန္တီသည် မြန်မာနိုင်ငံ သာသနာပြုသမိုင်းတွင် ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်ထူးကြီးတစ်ဦးဖြစ်ပါ၏။ ရသေ့ကြီးဦးခန္တီ၏ ဇာတိမှာ ရမည်းသင်းမြို့နယ်၊ ရွာသာရွာဖြစ်ကြောင်း မှတ်သားဖူးပါ၏။ ငယ်မည်မှာ မောင်ဖိုးမောင်ဖြစ်၏။ မိဘများမှာ ဦးရွှေလှနှင့် ဒေါ်ခိုဥတို့ဖြစ်ကြ၏။ ၁၂၂၉ ခု၊ ဝါခေါင်လပြည့်ကျော် ၅ ရက်၊ တနင်္လာနေ့ ညနှစ်ချက်တီးကျော်တွင် မွေးဖွားသည်။ ၁၂၆၁ ခုနှစ်တွင် ရဟန်းဘဝမှ ရသေ့ဘဝသို့ ရွှေ့ပြောင်းရောက်ရှိခဲ့၏။ ဝိနည်းကိုရိုသေသော ရသေ့ကြီးဦးခန္တီသည် သာသနာပြုသည့်လမ်းကို လျှောက်လှမ်းရာတွင် ဘုရားတည်၊ ကျောင်းဆောက်လုပ်ငန်းရပ်များ၌ ဝတ္ထု(ငွေကြေး)များကို ရဟန်းဘဝဖြင့် ကိုင်တွယ်ရန်မအပ်စပ်သောကြောင့် ရသေ့ဘဝသို့ နိမ့်ချရောက်ရှိခဲ့ခြင်း ဖြစ်၏။

ရသေ့ကြီးဦးခန္တီကဲ့သို့ ဝိနည်းကိုရိုသေသည့် ရဟန်းတော်များ ယနေ့ခေတ်တွင် ရှားပါးသွားပြီဖြစ်၏။ ရဟန်းတန်မဲ့ ငွေကြေးဥစ္စာ များစွာချမ်းသာသော ပုဂ္ဂိုလ်ကြီးများ၊ ငွေကြေးကို အားပါးတရ ကိုင်တွယ်သုံးစွဲကြသည့် ဘုရားသားတော်အတုများ များပြားနေသည့် ခေတ်ကာလကြီးဖြစ်ပါ၏။ အရပ်ထဲ၊ ဈေးထဲ ဘွင် ပိုက်ဆံလိုက်အလှူခံနေသည့် ရဟန်းတော်များကို နေရာအနှံ့ တွေ့လာရ၏။

၁၂၆၁ ခုနှစ်မှ ၁၃၁၄ ခုနှစ်အထိ ရသေ့ကြီးဦးခန္တီသည် သာသနိကအဆောက်အအုံများကို မရပ်မနား တည်ဆောက်သာသနာပြုခဲ့ပြီးနောက် ၁၃၁၄၊ ပြာသိုလပြည့်ကျော် ၁၄ ရက်နေ့တွင် ပျံလွန်တော်မူခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

၁၃၁၄ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်နေ့မှစ၍ ရှစ်ရက်တိုင်တိုင် မီးပူဇော်ပြီးမှ မီးသဂြိုဟ်ခဲ့သည်။ မန္တလေးတောင် ရသေ့ကြီးဦးခန္တီဟူ၍ ကျော်ကြားသည်။

မန္တလေးတောင်၊ စစ်ကိုင်းတောင်၊ ကျိုက်ထီးရိုး၊ ပြည် စသည်တို့တွင် ဘုရားကျောင်း၊ ဇာန်ဆောင်းများ ပြုပြင်ခဲ့သည်။ ရသေ့ကြီးဦးခန္တီ၏မန်နေဂျာ ဦးကျော်လှ၏ ပြောပြချက်အရ မင်းဘူး၊ ရွှေစက်တော်၊ ကျိုက်ထီးရိုး စသည့် အဝေးဘုရားများသို့ ဦးခန္တီပြုပြင်တည်ဆောက်ရန် သွားရောက်လျှင် မည်သည့်အခါမျှ သင်္ဘောများ၊ ရထားများ မစီးဘဲ ချိန်းသည့်နေ့တွင် သူက အလျင်ရောက်နှင့် နေကြောင်း တွေ့ရှိကြရသည်ဆို၏။

အလှူခံပုံးများထဲတွင်လည်း ရွှေဟောင်းရွှေငွေ ပစ္စည်းများ အလှူရှင်အမည်မပေါ်ဘဲ လှူထားသည်ကို မကြာခဏတွေ့ဖူးကြောင်း သိရသည်။ ရသေ့ကြီးဦးခန္တီမှာ ကေန်စင်စစ် သူတော်စင်ဂမ္ဘီရပုဂ္ဂိုလ်ထူးကြီး ဖြစ်ပါ၏။ ပရိယတ္တိ၊ ပရိပတ္တိ နှစ်မျိုးစလုံး ကုံလုံကြွယ်ဝသူဖြစ်၏။ မြတ်စွာဘုရား၏ သာသနာတော်အတွင်း စွမ်းစွမ်းတမံ ရွတ်ရွတ်ချွံချွံ ဖွဲလုံ့လဝီရိယကို အခြေခံကာ သာသနာတော် ထွန်းကားပြန့်ပွား ရှင်သန်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့သော သာသနာ့အာဇာနည် ပုဂ္ဂိုလ်မြတ်ကြီးလည်း ဖြစ်ပါ၏။

ရသေ့ကြီးဦးခန္တီ အဓိဋ္ဌာန်ပြုစိပ်ခဲ့သော ဓနသိဒ္ဓိ ဂါထာတော်ကို သံဃာ့နာယကအဖွဲ့ချုပ် ဥက္ကဋ္ဌကြီး ဗန်းမော် ဆရာတော်ဘုရားကြီး ဒေါက်တာအရှင်ကုမာရာဘိဝံသ (D.Litt) အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက (အကျိုးဆောင်ချုပ်၊ နိုင်ငံတော်သံဃာမဟာနာယကအဖွဲ့)သည်လည်း ရွတ်ပွားပုတီးစိပ်ခဲ့ကြောင်း သိရ ပါ၏။

ဆရာတော်ဘုရားကြီး၏ အဆိုအမိန့်အရ ဘုန်းကြီး လိုက ထိုဂါထာကို ပုတီးတစ်ပတ်စိပ်၊ ဘုန်းတိုးလိုက နှစ် ပတ်စိပ်၊ နှစ်ပတ်စိပ်နေရင်း အလုပ်တွေ မတရားများ ဝင်ငွေတွေကောင်းလာပြီဆိုပါက ဘုန်းလျှော့သည့်အနေ ဖြင့် ပုတီးတစ်ပတ်သာ ပြန်စိပ်ဟု မိန့်ဖူးပါသည်။ ပုံမှန် ပုတီးတစ်ပတ်စိပ်လျှင် အကောင်းဆုံးဖြစ်ပါ၏။

## ရသေ့ကြီးဦးခန္တီ၏
## ဓနသိဒ္ဓိပေါက်ဂါထာတော်

အရဟံ ဗဟိ အန္တ ဇယံ သုဂတံ၊
အမိတံ ဝိရဂံ လ,လိတံ အ,တုလံ၊
စရဏံ တိ ဘဝူပ သမံ ယမကံ၊
သုခဒံ သရဏံ ပဏမာမိ ဇိနံ။

ဤဂါထာတော်၏ အစွမ်းသိဒ္ဓိကို ကျွန်ုပ်အသိဆုံး ဖြစ်ပါ၏။ နေ့စဉ် ပုတီးတစ်ပတ်စိပ်နိုင်က လွန်စွာအကျိုးထူး ၏။ မည်ကဲ့သို့ အကျိုးထူးသနည်းဟူမူ ကိုယ်တိုင် ယုံကြည် စွာ ဆောင်ရွက်ကြည့်ပါလေ။

*ဇေယျတုသဗ္ဗမင်္ဂလံ*

လင်းရောင်တင်

ဆရာကြီးလင်းရောင်တင်
နေလက္ခဏာသဃ လိုတရဟောခန်းမှ
ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး စသည့်
အရေးကိစ္စများကို ကူညီဆောင်ရွက်ပေးနေပြီ။
နေ့စဉ်-နံနက်(၉)နာရီမှ (၁၂)နာရီအတွင်း။ ဥပုသ်နေ့တစ်ရက် နားသည်။
အခန်း(၃၀၆)၊ တိုက်အမှတ်(၁၀၁/B)၊ (၄)လွှာ၊ လမ်းသစ်လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ – 09 420014614

www.burmeseclassic.com

www.burmeseclassic.com

# ယတြာကြီးမှိုင်



## ဆရာကြီးမင်းသိင်္ခက ဦးမောင်မောင်မြင့်အားကို ပေးသော ပညာရပ်များ

ယခင်အပတ်မှအဆက်

**သိဒ္ဓိကျော်ရှက်**

"ဒီနေ့တော့ ဝက်သားကို ပဲဆီနဲ့နှပ်ပြီး ရေပ်သီးပွကြီးတွေနဲ့ ကြက်သွန်အလုံးလိုက်ကို နူးအိနေအောင်ထည့်ထားတယ်၊ ဆရာကြီးရဲ့ ပုဂံသား မောင်ဘမော်စာအုပ်ထဲကလို့ပဲ အပိုကြီးချက်တဲ့ ဝက်သားနှပ်လိုပေါ့။ ကျွန်တော့်မိန်းမကတော့ မနက်မှချက်တော့ ဘမော်လို ကြက်သွန်ကို ညထဲက မထည့်ရဘူး။ ပင်းကတော့ ကန်စွန်းရွက်ကို ငါးရံ့ နဲ့ချဉ်ရည်၊ တို့စရာ၊ ဒညင်းဝက်တွေကြော်ပြီးထည့် ပေးလိုက်တယ်"

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က ပြောလိုက်ပြီး ထမင်းချိုင့်ကိုချကာ ဆရာကြီးကို ကန်တော့လိုက်သည်။ ဆရာကြီးက ရယ်ပြီး…

"အေးကွာ မင်းပြောတဲ့ ဝက်သားချက်နည်းကို ငါ့ကို လာလာမေးကြတယ်။ အမှန်ကတော့ ငါလည်း စိတ်ကူးထဲရှိတာရေးတာပေါ့ကွာ" ဟုပြောလိုက်၏။

ကျွန်တော်က…

"ကျွန်တော့်မိန်းမကတော့ ညနေမှလာမယ်၊ ဆရာကြီးစားဖို့ အချိန်မီအောင်လာရတာ၊ လာရတာမလွယ်ဖူး၊ အဆင့်ဆင့်လာရတာ မော်တော်ကားလေး ဘာလေးနဲ့ဆိုရင်တော့ အဆင်ပြေမှာပါပဲ"

ဟု ပြောလိုက်ရာ ဆရာကြီးက

"ပြေမှာပါကွာ၊ ငါ့တပည့်တွေ တစ်နေ့ကျ တိုက်တွေကားတွေနဲ့ ဖြစ်ကုန်ကြမှာပါ၊ ဒီလိုကွာ မောင်မြင့်အေးရ မင်းလည်း လွယ်အိတ်တစ်လုံးနဲ့ ဒီစာပေလောကထဲရောက်လာတာ ဒီလိုဖြစ်လာပြီ၊ အိမ်လေးဘာလေးနဲ့၊ ငါလည်း ဒီလိုပဲလေကွာ၊ လွယ်အိတ်တစ်လုံးနဲ့ အိမ်တကာသွားနေရတာနဲ့ ဒီလိုဖြစ်လာပြီ၊ သိပ်မကြာခင်မှာဖြစ်တော့မှာပါ"

ဟု ပြောပြီး စီးကရက်ကိုဖွာ၍ အနားရှိသော ရေနွေးကြမ်းကို မော့သောက်လိုက်၏။

ကျွန်တော်က…

"အလုပ်အကိုင်တွေ အဆင်ပြေမယ်၊ အတိုက်အခိုက်တွေ အောင်မြင်မယ် ပြောတိုင်းအောင်မယ်၊ ပီယကောင်းမယ်၊ မျက်နှာပွင့်မယ်၊ ငွေဝင်မယ်၊ အဲဒီလို အဆောင်တစ်ခုလောက်တော့ စီရင်ပေးဦး ဆရာကြီး၊ တစ်ခုတော့ရှိတယ်၊ စစ်ကိုင်းက ဇောင်းချမ်းသားကို ဇော်ဂျီထုတာမျိုးတော့ မလုပ်နဲ့နော်၊ ဘယ်အချိန်မှာ ဘယ်လိုသွားပြီး သက်သတ်လွတ်တွေစား၊ ဥပုသ်တွေလဲ မစောင့်နိုင်းနဲ့ ဒါမျိုးက လွယ်လွယ်နဲ့ လုပ်လို့မရဘူး၊ အဲဒါမျိုးတော့ ကျွန်တော့ မခိုင်းနဲ့ လွယ်လွယ်လေးနဲ့ရတဲ့ အဆောင်ပေး"

ဟု ကျွန်တော်က ပြောလိုက်ရာ ဆရာကြီးက…

"လွယ်လွယ်နဲ့တော့ ဘယ်ရမလဲကွာ။ အနည်းဆုံး မေတ္တာသုတ်လေးတော့ ရွတ်ရမှာပေါ့"

ဟု ပြောလိုက်ရာ ကျွန်တော်က…

"ဒီလောက်တော့ ဖြစ်တယ်၊ မေတ္တာသုတ်က နေ့တိုင်းရွတ်နေတာ" ဟု ပြောလိုက်ရာ ဆရာကြီးက…

"လောကီပညာစီရင်ရာမှာ ဆရာပြသနည်းနာကျမှ မုချသိဒ္ဓိတန်ခိုးရှိ၏တဲ့ အမှန်ကတော့ အဲဒီလို အဆောင်တွေ ဘာတွေစီရင်ရာမှာ ငါလို ဆရာက ပြလိုက်တော့မှ လွယ်လိုက်တာလို့ ပြောကြတယ်၊ မင်းက နေ့တိုင်း မေတ္တာသုတ်ရွတ်နေတာပဲ အဲဒီမှာ အဆောင်ပစ္စည်း တစ်ခုကိုထားပြီး ရွတ်လိုက်ရင် သိဒ္ဓိတွေရှိသွားတာပေါ့ကွာ" ဟု စီးကရက်ကိုဖွာပြီး လေးလေးနက်နက်ပြောလိုက်လေ၏။

ကျွန်တော်က…

"အဲဒါဆိုလည်း နည်းနာလေးတော့ ပေးပေါ့ ဆရာကြီးရယ်" ဟုပြောလိုက်ရာ ဆရာကြီးက…

"ဒီလိုရှိတယ် မောင်မြင့်အေးရ၊ လောကီပစ္စည်းတွေ စီရင်တဲ့အခါမှာ ပစ္စည်းရယ်၊ အချိန်ရယ်၊ အခါရယ်၊ နေရာရယ် မှန်ဖို့ကတော့ လိုတာပေါ့ကွာ၊ စက္ကူပေါ်မှာ အရုပ်ရေးပြီး ရော့ ယူသွားဆိုလို့တော့ ဘယ်ရမလဲ၊ ဘယ်စွမ်းမလဲ"

နောင်တစ်ချိန်မှာ မင်းတို့ဟာ ဒီလိုစီရင်ခွင့်ရှိ လာတဲ့သူတွေဖြစ်လာရင် ဒါမျိုးတွေကို လွယ်လွယ်တော့ လုပ်မပေးလေနဲ့၊ ကြာရင် မင်းတို့အလကား ဆရာတွေဖြစ်သွားလိမ့်မယ်၊ အဲဒီလိုဖြစ်ဖို့ ပစ္စည်းတွေ အဆောင်တွေစွမ်းဖို့ဆိုတာ ပစ္စည်းထက် ပေးတဲ့ သူကအရေးကြီးတယ်၊ မင်းကြည့်ကွာ၊ ဆရာတော်ကြီးတွေ ရေမန်းကို သောက် လိုက်လို့ ရောဂါပျောက်တာတို့၊ ထူးခြားတဲ့ ပုဂ္ဂိုလ်တွေက ကျောကိုလက်နဲ့ ပုတ်လို့ ချမ်းသာသွားတာတို့ဆိုတာ မင်းတို့တွေ မမြင်ဘူးပေမယ့်၊ ကြားဖူးကြမယ်၊ အဲဒီပုဂ္ဂိုလ်တွေရဲ့ ကျင့်ကြံအားထုတ်မှုကိုတော့ မင်းတို့မမြင်ကြဘူး၊ တချို့ဆို ဒီဘဝမှာတင် မဟုတ်ဖူး၊ သံသရာအဆက်ဆက်က ကျင့်ကြံလာကြတာ။

အဲဒါကို ပါရမီရှိတယ်လို့ ပြောကြတယ်၊ သူတို့လို သိဒ္ဓိတွေပြီးတဲ့ သူတွေကတော့ ရေးပေးလဲ စွမ်းတာပဲ၊ စက္ကူပေါ် အရုပ်ရေးပေးလဲ စွမ်းတာပဲ၊ အဲဒါကို အားကျပြီး မင်းတို့တစ်ချိန်ကျ ဆရာလုပ်မယ်ဆိုပြီး အင်းချက်ကို ဗိုတိုစတက်နဲ့တော့ မပေးလေနဲ့ မစွမ်းပေဘူးမောင်ရင်ရေ၊ အဲဒီတော့ ပေးတဲ့သူကော၊ ယူတဲ့သူတွေပါ ကျင့်ကြံအားထုတ်မှုပေါ်မှာ မူတည်တယ်၊ မင်းက မေတ္တာသုတ်အမြဲရွတ်တယ်ဆိုတော့ ဒီဂိုလုပ်ကွာ"

ဟု စကားကို ဖြတ်ပြီး စီးကရက်ကိုဖွာနေပြန်၏။ ကျွန်တော် ကလည်း ထုံးစံအတိုင်းဆရာကြီးအနီးရှိ စားပွဲပုလေးပေါ်မှ ဘောပင်နှင့် စာရွက်ကိုကိုင်ပြီးဖြစ်နေ၏။

"မင်းတို့နားမှာ ညောင်ပင်ရှိလား၊ ညောင်ပင် ရှိရင်လည်းကြီးပြီး ရက္ခစိုးရှိတဲ့ ညောင်ပင်က တောင်ဘက်ကိုင်းက ညောင်ရွက်လုလု တစ်ရွက်ကိုခူးကွာ" ဟု ပြောလိုက်၏။

ကျွန်တော်က…

"ရက္ခစိုးရှိတဲ့ ညောင်ပင်မှန်း ဘယ်လိုသိမလဲ"

ဟုမေးလိုက်ရာ ဆရာကြီးက …

"အကိုင်း ၈ ကိုင်းရှိရင် ရက္ခစိုးရှိတယ်လို့မှတ်၊ အဲဒီညောင်ပင်က ညောင်ရွက်ကိုခူးပြီး သန့်ရှင်းအောင် ရေဆေး၊ အနာအဆာကင်းတဲ့ ညောင်ရွက်ပေါ့ကွာ၊ အဲဒီညောင်ရွက်ကို ရွှေရောင်ဖြစ်အောင်လုပ်"

ကျွန်တော်က-

"ရွှေချရမှာလား၊ ရွှေဆေးသုတ်ရမှာလား" ဟု မေးရာ…

"အမှန်ကတော့ တတ်နိုင်ရင် ရွှေချရင်ကောင်းတာပေါ့ကွာ၊ ဒါပေမယ့် ရွှေညောင်ရွက် တစ်ရွက် ရွှေချဖို့တော့



www.burmeseclassic.com

www.burmeseclassic.com

မလွယ်ဖူး။ ရွှေဆိုင်းတွေ အများကြီး ကုန်မယ်၊ အဲဒီတော့ ရွှေမင်သုတ်ကွာ၊ အဲဒီလို ရွှေမင်သုတ်ပြီးရင် မင်းရဲ့ဘုရားခန်းမှာ ညောင်ရွက်ကို ညာလက်အုပ်ထား ဘုရားရှိခိုး သီလယူ၊ ဘုရား ကိုပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်(၃)တိုင်ပူဇော်၊ ပြီးရင် မေတ္တာသုတ်ကို တစ်ရက်ကို ၃၇-ခေါက် ရွတ်"

ဟုပြောလိုက်ရာ ကျွန်တော်က・・・

"အဲဒါ ဘယ်နှစ်ရက် ရွတ်ရမလဲ၊ ဘယ်အချိန် တွေမှာရွတ်ရမလဲ၊ အဲဒါတွေလဲ ပြောဦးလေ" ဟု ပြောလိုက်ရာ ဆရာကြီးက・・・

"မလောနဲ့ မောင်မြင့်အေးရေ ・・・ တစ်ဆင့်ချင်း ပြောပါ့မယ်ကွာ ရော့ လက်ဖက်ရည်လေး သောက်လိုက်ပါဦး"

ဟုပြောပြောဆိုနှင့် အနီးတွင်ချထားသော လက်ဖက်ရည်ခွက်ကလေးကို ကျွန်တော့်ကိုပေးလိုက်၏။ ကျွန်တော်လည်း လက်ဖက်ရည်ကို အရသာခံမသောက်ဘဲ၊ ဂွတ်ခနဲ သောက်လိုက်၏။

ဆရာကြီးက တစ်ဖက်က စီးကရက်ကိုင်၍ ကျန်လက်တစ်ဖက်က ရင်ဘက်ပေါ် ပိုက်ပြီးစဉ်းစားနေ၏။

ထို့နောက်・・・

"မင်းတစ်ရက်ကို ၃၇ - ခေါက်ရွတ် ရမယ် ဆိုတာတော့သိပြီနော်၊ အေး・・အဲဒါကို ၄၅-ရက် ဆက်တိုက်မပြတ်ရဘူး။ ဘယ်နေ့တွေ ဘယ်လိုရွတ်ရမယ်ဆိုတာ ဒီမှာကြည့်"

ဟု ပြောပြီး အနီးရှိ ထမင်းစားခုံအနက်ပေါ်တွင် မြေဖြူဖြင့်ရေးပြရာ ကျွန်တော်လည်း အလျင်အမြန် ကူးလိုက်ရ၏။

| | | | |
|---|---|---|---|
| တနင်္ဂနွေသား | စနေနေ့ | နံနက် | ၉း၄၅ နာရီ |
| တနင်္လာသား | ကြာသပတေးနေ့ | နံနက် | ၆း၄၅ နာရီ |
| အင်္ဂါသား | ဗုဒ္ဓဟူးနေ့ | ညနေ | ၅း၄၀ နာရီ |
| ဗုဒ္ဓဟူးသား | သောကြာနေ့ | နံနက် | ၆း၀၀ နာရီ |
| ကြာသပတေးသား | တနင်္လာနေ့ | နံနက် | ၆း၄၅ နာရီ |
| သောကြာသား | ဗုဒ္ဓဟူးနေ့ | နံနက် | ၅း၄၀ နာရီ |
| စနေသား | တနင်္ဂနွေနေ့ | နံနက် | ၉း၄၅ နာရီ |

"ကျွန်တော်က ကူးလိုက်ပြီးနောက် ဆရာကြီးသည် ရေးပြီးသား စာများကို အဝတ်ဖြင့် ဖျက်လိုက်၏။

ကျွန်တော်က・・・

"ဆရာကြီးပြောတော့ ၄၅-ရက် ရွတ်ရမယ်ပြောတယ်။ ဒီမှာက တစ်ရက်ချင်းပဲပါတယ်။ အဲဒါ လဲရှင်းဦးလေ"

ဟု ပြောလိုက်ရာ ဆရာကြီးက・・・

"မင်းကလဲကွာ ဗေဒင် ဆရာမ ယောက်ျားလုပ်နေပြီးတော့ ထူရသလား။ အဲဒါ စရွတ်ရမယ့်နေ့၊ တနင်္ဂနွေသား စနေနေ့ မနက် ၉း၄၅ ကစရွတ်၊ နောက်ရက်တွေ ၉း၄၅ မှာ ဆက်ရွယ်၊ အဲဒါ ၄၅ ရက် အထိကွာ" ဟု ပြောလိုက်ရာ ကျွန်တော်က・・・

"သဘောတော့ပေါက်ပြီ အဲဒီ ညောင်ရွက်ကို အိမ်မှာထားရမှာလား၊ ကိုယ်နဲ့ မကွာဆောင်ရမှာလား"

ဟု မေးပြန်ရာ ဆရာကြီးက・・・

"အလုပ်ခန်းမှာထားရင် အလုပ်တွေ ကောင်းမယ်" အောင်မြင်မယ်၊ ရန်ပယ်မယ်၊

ကိုယ်နဲ့မကွာ ဆောင်ရင် ဝီယကောင်းမယ်၊ မျက်နှာမြင် ချစ်ခင်၊ အသံကြား သနားမယ်ပေါ့ကွာ၊ မျက်နှာပွင့်မယ်၊ ဈေးရောင်းတဲ့လူက ငွေသေတ္တာ၊ မီးခံသေတ္တာ ထဲထည့် ငွေတွေပွားမယ်၊ ဆောင်ကြည့်ရင်သိမှာပါ"

ဟု ပြောလိုက်ရာ ကျွန်တော်က・・・

"အဲဒီညောင်ရွက် ကြာကြာထားလို့ ရအောင် ပလတ်စတစ်လောင်းလို့ကောရလား" ဟုမေးလိုက်ရာ ဆရာကြီးက

"ပလတ်စတစ်ပဲ လောင်းလောင်း သံရည်ပဲ လောင်းလောင်း သိဒ္ဓိရှိပြီးရင်တော့ စွမ်းနေတာပေါ့ကွာ" ဟု ပြောလိုက် လေတော့သတည်း။

***ဆက်လက်ဖော်ပြပါမည်・・・***

www.burmeseclassic.com

www.burmeseclassic.com

## အဘဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်နှင့်

# ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးများ၏

## စောင့်မညွှန်ပြမှုကိုရရှိပုံ

### ကျွန်ုပ်၏အတွေ့အကြုံများ(၄)

ဖိုးသန်းကျော်(ရေကြည်သား)

Australia နိုင်ငံ၊ Queensland ပြည်နယ်ရှိ ကျွန်ုပ် လေ့လာသင်ယူခဲ့သော Royal Brisbane Hospital ရှိ ဓာတ်ရောင်ခြည်ဆေးကုဌာန၏ ကုသမှုလုပ်ငန်းအတွက် ဖွဲ့စည်းပုံမှာ အလွန်ကောင်းလှပါသည်။ Director Dr. Mowatt ၏ လက်အောက်တွင် အကြီးအကဲလေးဦးမှာ စတု ရန်းပုံ ခန်းမတစ်ခု၏ လေးဘက်၊ တစ်ဖက်စီ၌ သီးသန့် တစ်ခန်းစီဖြင့် ရုံးခန်းထားရှိသည်။

၁။ ကင်ဆာရောဂါအထူးကုဆရာဝန်ကြီး Deputy Director Dr. B. Kyneston ၊

၂။ ဓာတ်ရောင်ခြည် တိုင်းတာတွက်ချက်မှုအတွက် Senior Physicist, MR. Taylor ၊

၃။ ဓာတ်ရောင်ခြည်ကျွမ်းကျင်သူချုပ် Chief Therapeutic Radiographer, M.O'Shea ၊

၄။ သူနာပြုဆရာမအုပ် မေထရင်တစ်ဦးတို့၏ အခန်း များ ဖြစ်ကြ၏။

ကင်ဆာရောဂါကု ဆရာဝန် ၁၂ ယောက်ခန့်၊ ရူပ ဗေဒအရာရှိ ရှစ်ယောက်ခန့် ဓာတ်ရောင်ခြည်ကျွမ်းကျင်သူချုပ် အပါအဝင် Therapeutic Raidographer ၄၀ ကျော် ရှိပါ သည်။ သူနာပြုများလည်း များစွာရှိနေသည့်အပြင် သင်တန်း အသီးသီးမှ လက်တွေ့လေ့လာလုပ်ကိုင်ရသော သင်တန်းသား များလည်း ရှိသေးသည်။

ကျွန်ုပ်ရောက်ရှိသော ပထမနေ့တွင် လေ့လာရေးကိစ္စ များအတွက် ဆိုင်ရာဌာနများနှင့် စီစဉ်ပေးပြီး ရုံးဆင်းသော အခါ Chief, M.O'Shea က သူမကိုယ်တိုင် ကျွန်ုပ်နှင့် လိုက်ပါပြီး Hotel သို့ City Bus ဖြင့် နောက်နေ့လာတတ် အောင် လိုက်ပြပေး၏။ Cambera Hotel အရောက်မသွား သေးဘဲ Main Gate ရုံးခန်းတွင် လပေးလက်မှတ်ဝယ်နိုင် ကြောင်းလိုက်ပြပေးကာ ဆေးရုံသို့ ဟိုတယ်မှ နောက်နေ့အလာ တွင် စီးရမည့် မှတ်တိုင်ကိုပါ ပြပေး၏။ ဟိုတယ်မှာ ခြောက် ထပ်လောက်ရှိသော ဟိုတယ်ကြီးဖြစ်ပြီး ကားဂိတ်နှင့်နီး၏။



www.burmeseclassic.com

www.burmeseclassic.com

ဒုတိယနေ့တွင် သူမ ပြသေးသော မှတ်တိုင်မှ City Bus ကို စောင့်ပြီးစီးရာတွင် ယာဉ်မောင်းကို မိတ်ဆက်စကား ပြောပြီး ပညာသင်လာသူဖြစ်၍ Royal Brisbane Hospital အနီးက မှတ်တိုင်မှာ ရပ်ပေးရန် မှာထားရာ O.K ဆို၍ ယာဉ်မောင်းဘက် မျက်နှာမူ၍ ကား၏ခေါင်းခန်း ဘယ်ဘက် ခြမ်းမှ ထိုင်၍ လိုက်ပါခဲ့သည်။ ယာဉ်မောင်းမှာ ညာမောင်း ဖြစ်၍ ညာဘက်ခြမ်းမှာရှိ၏။ အချိန်ကြာလာသော်လည်း ဆေးရုံကြီးကို မတွေ့သေး၍ ယာဉ်မောင်းကို ဆေးရုံနှင့် နီးပြီ လားဟု မေးသောအခါတွင်မှ သူလည်း သတိမေ့သွား၍ ဆေးရုံကို ကျော်လာပြီဟု ပြောသဖြင့် ကားရပ်ပေးရန်နှင့် Taxi ကားဖြင့် သွားမည်ဟု ပြောလိုက်၏။ သူက မြို့စွန်ဘက် ရောက်လာပြီဖြစ်၍ Taxi မရှိကြောင်း၊ ကားဂိတ်ဆုံးနှင့်နီးနေ၍ ထိုင်မြဲထိုင်ပြီး လိုက်ခဲ့ရန်ပြောသဖြင့် ပြန်ထွက်မည့်ကားနှင့် လိုက်ဖို့ကြံပြီး လိုက်သွား၏။ ရောက်သောအခါ ကားပေါ် မှာထိုင်နိုင်းထားပြီး ယာဉ်မောင်းသည် ဂိတ်ထွက်မည့်ကား၏ ယာဉ်မောင်းကို စကားပြောပြီး ပြန်လာကာ သူ၏ကားကို ဂိတ်ပြန်ထွက်ဖို့ ဂိတ်ထိုး၍ ခဏအကြာတွင် ဂိတ်ထွက်လိုက် ပို့ပေး၏။

အသွားခရီးတွင် ဆေးရုံကြီးကို ကျောပေးထိုင်စီးလျက် သားဖြစ်၍ မမြင်ရသောလည်း အပြန်တွင် မျက်နှာချင်းဆိုင် ဖြစ်၍ အဝေးမှပင် လှမ်း၍မြင်ရလေသည်။ တောင်ကုန်းပေါ် မှာရှိပြီး Ground Floor မှ A, B, C, D... စသည်ဖြင့် M. Floor အထိ အထပ်များစွာရှိသော အလွန်ကြီးမားခံ့ထည်စွာ ထီးထီးကြီးဖြစ်၏။ ဆေးရုံအနီးဂိတ်တွင် ရပ်ပေးသောအခါ ကျေးဇူးတင်ကြောင်းပြော၍ ဆင်းကာ ဆေးရုံသို့ သွားခဲ့လေ သည်။ အချိန်မီလည်း ရောက်ရှိပါ၏။ ယာဉ်မောင်း၏ ကူညီမှု မှာ နမူနာကောင်းတစ်ခု ဖြစ်ပါသည်။

ကျွန်ုပ်၏ မူလအစီအစဉ်မှာ English Speaking သင်တန်းကို Sydney မြို့တွင် သင်ပြီးမှ Radiotherapy Training ယူမည်ဖြစ်၍ Training အစီအစဉ်ကို M. O'Shea က မစီစဉ်ရသေးဘဲ ရှိ၏။ ပထမတစ်ပတ်တွင် ကျွန်ုပ်ဆန္ဒရှိရာကို မေးသဖြင့် Radiology နှင့် Radioisotope ဌာနများတွင် လုပ်ငန်းခွင်လေ့လာလိုကြောင်း ပြော လိုက်၍ ဆိုင်ရာဌာနများသို့ လိုက်ပို့ပေးပြီး လေ့လာခွင့်ရ အောင် စီစဉ်ပေးပါသည်။ ပထမနေ့တွင် Social Service ဝန်ထမ်းများကို အကူအညီတောင်းထား၍ ဒုတိယနေ့တွင် အမျိုးသားပြတိုက်အနီးမှ Mornington Hotel တွင် အခန်း လွတ်ရှိကြောင်း သိရ၍ ဆေးရုံမှအပြန် ဝင်ရောက်လေ့လာ ရာ လုံခြုံစိတ်ချရပြီး ကောင်းမွန်သဖြင့် အခန်းနံပါတ် ၁၀ အောက်ထပ်ကို သီတင်းတစ်ပတ်စာအတွက် Audsidollar ၆၁ ဒေါ်လာဖြင့် ပေးကာနေထိုင်ရန် စီစဉ်ခဲ့ပါသည်။ ဆေးရုံ သို့ ၅ မိနစ်လောက် လမ်းလျှောက်သွားရုံဖြင့် ရောက်၏။ Combera Hotel သို့ ပြန်ပြီး ဟိုတယ်ကျသင့်ငွေပေးချေ၍ Taxi ကားဖြင့် ပြောင်းရွှေ့လာခဲ့ပါသည်။ Cambera Hotel မှာ ဆေးရုံနှင့် အလှမ်းဝေးပြီး တစ်နေ့ကို Ausidollar ၂၅ ဒေါ်လာ ပေးရပြီး Breakfast သာ ရသည်။ ယခုဟိုတယ်မှာ ၆၁ ဒေါ်လာဖြင့် တစ်ပတ်စာကို Breakfast နှင့် Lightmeal at night ညစာပါ ရရှိလေသည်။ များစွာ သက်သာ၏။ ဆေးရုံနှင့်နီး၍ ကားခလည်းမကုန်။ အချိန်ကုန်လည်း သက် သာ၏။ နေ့လယ်စာကို ဆေးရုံ M. Floor ရှိ စားသောက်ဆိုင် မှာ ဝယ်စားနိုင်ပါသည်။

Dr. B. Kyneston က ညွှန်ကြားထား၍ Chief M. O'Shea က Assistant Chief P. Botha ကို ကျွန်ုပ် အတွက် သီးသန့်ခန်းတစ်ခန်းတွင် စားပွဲကုလားထိုင်၊ စာရေး ကိရိယာများ၊ ရောင်စုံ Ballpen များ၊ ခဲတံ၊ ခဲဖျက်၊ Soft Pen များ၊ Viewbox တစ်ခုအပါအဝင်နှင့်အတူ လိုအပ်မှု အပြည့်အစုံနှင့် စီမံပေးထားပါသည်။

Radiotherapy Training သုံးနှစ်သင်တန်း M.I.R Diploma တွင် သင်ပြသော Lecture notes များကိုပါ copy ကူး၍ ပေးထားပါသည်။ အကယ်၍ မှီငြမ်းပြုစရာ စာအုပ်ဖတ်လိုပါက ဖတ်ရှုနိုင်ရန် ဆေးရုံစာကြည့်တိုက်သို့ သွား၍လည်း စာကြည့်တိုက်မှူးနှင့်ပါ မိတ်ဆက်ပေးထားပါ သည်။ Duty Coat နှင့် ဝန်ထမ်းကတ်များကိုလည်း ဓာတ်ပုံ ရိုက်၍ လုပ်ပေးထား၏။ ကျွန်ုပ်၏အခန်းမှာ Assistant Chief P. Botha ၏ အခန်းနှင့် တစ်ခန်းကျော်ဖြစ်၏။ Simalator One နှင့် မျက်စောင်းထိုးရှိသည်။ Planning Room (1) နှင့်လည်း နီး၏။ Simulator Room Two နှင့် နည်းနည်း ဝေး၍ Planning Room (2) နှင့် ခပ်နီးနီးဖြစ်၏။ ထိုအခန်း နောက်ဘက်ကျကျတွင် ရိုးရိုးဓာတ်မှန်ရိုက်စက်တစ်ခုရှိသေး၏။

ဓာတ်ရောင်ခြည်ဆေးကုစက်များမှာ Linear Ac-



www.burmeseclassic.com

www.burmeseclassic.com

celerator (L.A) စက်လေးလုံး၊ Deep X-ray စက်နှစ်ခု၊ Caesium Unit စက် တစ်ခုရှိ၏။ Wax Mould Room တစ်ခု၊ Shell Preparation စက်တစ်ခုမှာ အပေါ်ထပ်တွင် သီးသန့်ထားရှိ၏။ ၁၉၈၄ ခုနှစ်ကာလဖြစ်၍ After Loading Technique မသုံးနိုင်သေး။ မှာထားဆဲဟု ပြောပါသည်။ သားအိမ်ကင်ဆာလူနာများအတွက် Radiu Insertion ကုသပုံမှာ ရန်ကုန်ဆေးရုံကြီး ဓာတ်ရောင်ခြည်ဌာနကဲ့သို့ပင် ကုသနေဆဲဖြစ်၏။ သို့သော် အင်္ဂလန် Manchester Technique အတိုင်း Ovoid ကိုသုံး၏။ ကျွန်ုပ်တို့က Canada နိုင်ငံ ဆရာဝန်များနှင့် စတင်ခဲ့၍ Utrinetube နှင့် Colpostat တွဲသုံးကြ၏။ Position တည်ငြိမ်မှု ပိုကောင်းသည် ထင်ပါသည်။

Royal Brisbane Hospital မှာ မြို့၏မြောက်ဘက်တွင် ရှိနေ၏။ မြို့၏ တောင်ဘက်ခန့်တွင်ရှိသော Mater Hospital တွင် ဆေးကုဌာနခွဲ Subcentre တစ်ခု ထားရှိ၍ Dr Bourne က တာဝန်ခံကုသပေး၏။ ကနေဒါနိုင်ငံလုပ် Theratron 80 Co စက်တစ်ခု၊ Simulator X-ray စက်တစ်ခုနှင့် Superficial X-ray စက်တစ်ခု ရှိပါသည်။ Treatment Planning Room လည်း ရှိ၏။ ကျွန်ုပ်ပြန်လာပြီး နှစ်နှစ်ခန့်တွင် Co စက်အစား L.A. စက်နှစ်လုံး အစားထိုးကုနေကောင်း Dr. Bourne ၏ စာအရ သိရပါသည်။

ထိုစဉ်ကာလမှာ Computer ကို စတင်အသုံးပြုစဖြစ်၍ Main Centre, Q.R.I မှာသာ Planning အတွက် ကွန်ပျူတာစက်တစ်ခု ရှိ၏။ Treatment Plan ကို လူနာတိုင်းအတွက် လက်ဖြင့်ရေးဆွဲပြီး လိုအပ်ပါက အချက်အလက်များ ကွန်ပျူတာတွင် ထည့်သွင်း၍ dege distribution ကို ပုံဖော်ကြည့်လျက် လက်ဖြင့်ဆွဲသောပုံကို နှိုင်းယှဉ်ကြည့်နိုင်၏။ လိုအပ်ပါက ပြုပြင်ကြရ၏။ အများအားဖြင့် ကိုက်ညီသည်ကများ၏။ Radiotherapy, Radiology နှင့် Radioisotope ဘာသာရပ်များကို Queeenstand Institute of Technology မှာ Theory များကို သင်ယူကြရသည်။ လက်တွေ့ပိုင်းနှင့် နည်းပညာပိုင်းဆိုင်ရာကို Main Centre (Q.R.I) မှာရှိသေ နည်းပြချုပ်၊ လက်ထောက်နည်းပြနှင့် incharge များက လုပ်ငန်းခွင်မှာ သင်ပြပေးကြလေသည်။ လိုအပ်ပါက Coplaner. Hillery Heindrof ဆရာမကြီးကသင်ပေး၍ နည်းပြချုပ်က တတ် မတတ်ကို စစ်ဆေး၏။

၂။ ကျွန်ုပ်သည် Mornington Hotel သို့ ပြောင်းရွှေ့နေထိုင်ပြီး နောက်တစ်နေ့ ညနေပိုင်းတွင် အနီးအနားသိပ်မဝေးသော Fortitude Valley တွင် Cole Market နှင့် Mayor Market ဈေးကြီးနှစ်ခုသို့ လမ်းလျှောက်သွား၍ လေ့လာရင်း ဈေးမှ ရေဖန်ခွက်ငါးလုံးနှင့် ပန်းသီးငါးလုံး ဝယ်ခဲ့ပြီး ခုတင်ခေါင်းရင်းဘက်ဘေးရှိ ရေခဲသေတ္တာငယ်လေးပေါ်တွင် ရေတစ်ခွက် ပန်းသီးတစ်လုံးဖြင့် အနန္တော အနန္တငါးပါး ရည်မှန်း၍ လှူဒါန်းထားပါသည်။ ယခင်ကာလက ရေကြည်မြို့အနီး ရေးဟောင်းဘုရားစေတီတစ်ခုကို ပြုပြင်ထီးတင်လှူပေးသော ဘဆရာကြီးက စီမံပြုလုပ်ထားသော ဉာဏ်တော်တစ်လက်မကျော်ခန့် ဓာတ်သားတင်ပျဉ်ခွေတစ်ဆူကို မိဘများကိုပေးရင်း ကျွန်ုပ်အတွက် ပေးတာရရှိလို့ ယူသွားတာ ဆူးလေစေတီပုံ နောက်ခံထား၍ ရေခဲသေတ္တာပေါ်မှာ ပူဇော်ထား၏။

ဆရာဦးအေးသောင်းနှင့် ဖိုထိုးစဉ်က အမဲသားကို ကတိပြုရှောင်ခဲ့ပြီး ဆရာကြီးဦးအေးနှင့် ဆုံတွေ့စဉ်မှ ဝက်သားကို ကတိပြုရှောင်ကြဉ်ခဲ့ပါသည်။ တခြားနိုင်ငံဟိုတယ်မှာ နေရ၍ ထိုအသားများပါသော် စားရမည်ကို ခွင့်လွှတ်ပါ တောင်းပန်ပြီး စားဖို့ပြု၏။ တစ်ရက်-နှစ်ရက် အကြာတွင် အိပ်မက်မက်၏။ မင်းကတိပြုထားတာပဲကွာ၊ တခြားအသား အစားစားလည်း ရသားပဲမို့လားဟု ညွှန်ပြသံကြားရ၏။ ထို့ကြောင့် ရှောင်မြဲရှောင်၍ ဆာပါက စားသုံးနိုင်ရန် ပေါင်မုန့် Chease၊ ပျားရည်များ ဝယ်ထားပြီး စားဖြစ်၏။ တစ်ခါတစ်ရံ Microwave ဖြင့် ကြော်ထားသော ကြက်ကင်ဝယ်ထား၍ စားဖြစ်၏။ မနက်ပိုင်း Breakfast တွင် စားမြဲမုန့်များ နွားနို့၊ သကြား၊ ကော်ဖီ၊ လက်ဖက်ရည်ကို နှစ်သက်သလို စားနိုင်အောင် ထမင်းစားခန်းမှာ စီမံပေးထား၏။ နွားနို့ထဲမှာ Conrflake, Rice Balble ကို ထည့်လည်း သောက်စားစရာပါ၏။

ပထမပတ်တစ်ညတွင် ဘဘုန်းဦးဇယန္တ၊ အဘ တော်အောင်မင်းခေါင် ထင်၏။ ပါပြီး လေးငါးဦး ခုတင်ခေါင်းရင်းဘက်မှာ ရပ်၍ ဆရာဝီတာနှင့် နောက်တစ်ယောက်အမည် ပါ တစ်ယောက်၊ နှစ်ယောက်ကို နာမည်ပါပြော၍ မိတ်ဆက်ပြီး ကျွန်ုပ်လိုအပ်တာရှိက ကူညီရန် စောင့်ရှောက်ဖို့ မှာ



www.burmeseclassic.com

www.burmeseclassic.com

ကို အိပ်မက်ကိုထူးဆန်းစွာ မက်ခဲ့၏။ သမထအားကောင်းသူများ ဘာသာတိုင်းမှာရှိ၏။ အချင်းချင်းကူညီပေးစေလိုက ကူညီနိုင်သဖြင့် ကျွန်ုပ်ကို မေတ္တာထားသော အဘတို့က ကူညီပေးရန်မှာခဲ့ခြင်းကို အိပ်မက်ဖြင့် သိရ၏။

ယခင်က ဆရာပီတာကြီးတို့ နှစ်ယောက်စလုံး နာမည်ကိုပါ ဖော်ပြ၍ မေတ္တာပို့ အမျှပေးဝေခဲ့၏။ ထိုဆရာကြီးများ၏ ထင်ရှားသော ကူညီမှုကို ကျွန်ုပ်တကယ်အမှန် ရခဲ့ပါသည်။ August လ အခန်းရှာသောအခါ ထင်ရှားပုံ သိရပါသည်။

၃။ ကျွန်ုပ်ရောက်ရှိပြီး နောက်တစ်ပတ် တနင်္လာနေ့မနက်တွင် ဒေါက်တာဦးစံထွန်းအောင်နှင့် ဦးအောင်သောင်း၊ ဒေါ်မြစီတို့သုံးယောက် ရောက်ရှိလာပြီး MRs. Zitarhargreave က လိုက်ပို့၍ ဆေးရုံကို မနက်စောစောရောက်ပြီး ကျွန်ုပ်ရောက်စနည်းတူ Dr. B. Kynerton စသော ဆိုင်ရာပုဂ္ဂိုလ်များထံ လိုက်ပို့၍ Director Dr. Mowatt နှင့် တွေ့ပြီး ဆိုင်ရာဌာနမှ တာဝန်ခံများထံ ပို့ပေးလေ၏။ ကျွန်ုပ်အခန်းကိုလည်း ရောက်လာကြ၏။ ညနေပိုင်း ရုံးဆင်းသောအခါ ကျွန်ုပ်အခန်းမှာ ဆုံကြရန်ပြောထား၍ ကျွန်ုပ်နှင့်အတူ Mornington Hotel မှ အခန်းများကို လိုက်ကြည့်ကြလေသည်။ အခန်းများကို သဘောကျ၍ ဆရာစံနှင့် ဦးအောင်သောင်းက နှစ်ယောက်ခန်း၊ ဒေါ်မြစီက တစ်ယောက်ခန်းတစ်ခန်းကို နေရန် ဟိုတယ်ခပေး၍ ပြန်သွားကြ၏။ နောက်တစ်နေ့မနက်စောစောပင် Taxi ကားဖြင့် ပြောင်းရွှေ့လာကြပါသည်။ သူတို့သုံးဦးနှင့် ကျွန်ုပ်ပါ လေးဦးဖြစ်သွားပြီး နေရေး စားရေးလည်း အဆင်ပြေသဖြင့် ဝမ်းသာကြရပါသည်။

သူတို့သုံးဦးရောက်လာသော သီတင်းပတ်၏ ရုံးပိတ်ရက် စနေနေ့တွင် Fortitude Valley ရှိ Cole နှင့် Mayor Market ဈေးကြီးများကို ကျွန်ုပ်က လိုက်ပြရန် စီစဉ်၏။ ထိုအချိန်ကာလတွင် ဗီယက်နမ်လှေစီးလာသူများကို Australia အစိုးရက လက်ခံ၍ ပြည်သူတွေက မကြိုက်၊ သဘောမတူဖြစ်နေချိန်နှင့် တိုက်ဆိုင်နေ၏။ ဆရာစံက ဗီယက်နမ်ထင်မည်စိုး၍ မလိုက်ဘဲနေခဲ့၏။ ကျွန်ုပ်က ရခိုင်လုံချည်နီညိုရောင်အကွက်၊ တက်ထရက်တိုက်ပုံ၊ လည်ကတုံးအင်္ကျီအဖြူရုပ်နှင့် မြန်မာဝတ်စုံကို ဝတ်ထားသည်။ ဒေါ်မြစီက အမျိုးသမီး ချိတ်လုံချည်နှင့် ဝတ်ထားသည်။ ဦးအောင်သောင်းကသာ ဂျင်းဘောင်းဘီနှင့် လိုက်ခဲ့၏။ ဈေးဆိုင်များမှ လိုရာဝယ်ပြီး ကောင်တာတွင် ငွေရှင်းနေစဉ် ဂါဝန်ရှည်ကြီးဝတ်ထားသော ကရင်လိုလို တရုတ်လိုလို အဘွားကြီးတစ်ယောက်က ဒေါ်မြစီကို ဘယ်နိုင်ငံက လာကြသလဲလို့ အင်္ဂလိပ်လို လာမေးတယ်။ ဒေါ်မြစီက မြန်မာပြည်၊ ရန်ကုန်ကလာကြောင်း၊ ပညာသင်လာကြကြောင်း ပြောသောအခါ အမျိုးသမီးကြီးက သူလည်း သူ့အမျိုးသားနဲ့အတူ မြန်မာပြည်က လာရောက်အခြေချနေထိုင်ကြောင်း၊ မြန်မာများနှင့် တွေ့၍ ဝမ်းသာကြောင်း မြန်မာလိုပြောပြီး သူ့အိမ်သို့လာလည်ရန် ဖိတ်ခေါ်ပြီး ဖုန်းနံပါတ်၊ အိမ်လိပ်စာများပါ ပေးခဲ့ပါသည်။ မြန်မာအမည် ဒေါ်သန်းခင်၊ Ausi အမည် MRs. Rossa Phipps Ellis ဖြစ်၍ Crima အရပ်မှာနေသူ ဖြစ်၏။

ဆရာစံတို့ ရောက်ရှိပြီး နောက်အပတ်တွင် Medicare ပြုလုပ်ရန်အတွက် တစ်ညနေတွင် MRs. Zitarhargreave က ကားဖြင့်ခေါ်၍ လိုက်ပါပြီး ကျန်းမာရေးအာမခံ ပြုလုပ်ကြရ၏။ ကျွန်ုပ်အတွက် ပညာသင်ကာလ လေးလလုပ်ပေးရမည်ကို မူလအစီအစဉ်အတိုင်း Training သုံးလသာ အာမခံမှာပါနေ၍ အစီအစဉ် လွဲနေကြောင်း MRs. Zitarhargreave ကို ပြောပြရာ သူမလည်း မတတ်နိုင်သောကိစ္စဟုဆို၍ သုံးလအတွက်သာ အာမခံလုပ်ဖြစ်ခဲ့၏။ လေးလသင်တန်းမတက်ရမည်ကို စိုးရိမ်ခဲ့ရလေသည်။

တနင်္လာနေ့မနက် ရုံးတက်လာသောအခါ ကျွန်ုပ်သည် Dr. B. Kynerton ၏ အခန်းကို သွား၍ ထိုကိစ္စကို ပြောပြလိုက်၏။ အင်္ဂလိပ်စာ၊ စကား ပြောတတ်ရမည့် တစ်လအတွက်ပါ သင်တန်းတက်ခွင့် လေးလရရှိကြောင်း ပြောပြ၏။ စကားပြောကိစ္စမလို၍ သူစီစဉ်တာဖြစ်လို့ လေးလပင် သင်တန်းတက်ရမှာဖြစ်ကြောင်း၊ W.H.O. ကလည်း ကျွန်ုပ်အတွက် လေးလစာ ငွေပေးထားပြီးဖြစ်၍ စိတ်မပူရန်နှင့် သူတို့၏ ကျန်းမာရေးဝန်ကြီးဌာနကို သူစာရေးပြီး လေးလအတည်ပြုချက် ပြုလုပ်ပေးမည်ဆိုသဖြင့် စိတ်သက်သာမှုဖြစ်ခဲ့ရပါသည်။ နောက်တစ်နေ့ အင်္ဂါနေ့တွင် ဆေးရုံမှပေးထားသော Taxibook ကို အသုံးပြု၍ Taxi ကားဖြင့် Subcentre ရှိရာ Mater Hospital မှာ လေ့လာသင်ယူနေပါသည်။ နေ့လယ်တွင် Dr. B. Kynerton က သူရေးသော ကျန်းမာရေးဌာနသို့ပေးသည့် စာ၏ မိတ္တူကို သူ၏ PA ကို



www.burmeseclassic.com

www.burmeseclassic.com

ကားဖြင့်လွှတ်၍ ကျွန်ုပ်ကို လာပေးစေပါသည်။ စာထဲတွင် ကျွန်ုပ်၏ English Speaking Level မှာ သင်တန်းတက်ဖို့ မလိုအပ်၍ သူက Radiotherapy Training ကို စတင်သင်ယူစေတာဖြစ်ကြောင်း။ ထိုကာလအတွက်ပါ လေးလစလုံး Radiotherapy Training သင်ယူခွင့်ပြုပါက ကျွန်ုပ်အတွက်နှင့် မြန်မာနိုင်ငံကျန်းမာရေးဌာနအတွက်ပါ ပိုမိုအကျိုးရှိမည်ဖြစ်၍ Training လေးလသင်ယူခွင့်ကို အတည်ပြုပေးပါရန် ဖော်ပြပါရှိပါသည်။

နောက်နှစ်ရက်ခန့်အကြာတွင် လေးလစလုံး Radiotherapy Training သင်ယူခွင့်ပြုကြောင်း ကျန်းမာရေးဌာန၏ ပြန်စာရောက်လာခဲ့ပြီး မိတ္တူကို လာပေးသဖြင့် ဝမ်းသာခဲ့ရပြန်ပါသည်။

၄။ ဆရာစံတို့ရောက်ရှိပြီး ဒုတိယပတ်ရုံးပိတ်ရက် စနေနေ့တွင် Site View များကို ကြည့်ရှုနိုင်ရန် Dr. Bouine က ကားနှင့် လာခေါ်ပြီး ရန်ကုန်မှ ပဲခူးလောက်ဝေးသော သူ၏နေရပ်ရှိရာ Towooba မြို့ကလေးသို့ လိုက်ပို့ပေး၏။ နိုင်ငံက အကျယ်ကြီး။ Highway လမ်းမကြီးများ ခြောက်လမ်းသွား ညီညာသော နိုင်လွန်လမ်းများ ဖြစ်၏။ ကီလိုမီတာ 80, 100, 120 စသည်ဖြင့် အနည်းဆုံးမောင်းရမည်ကို လမ်းညွှန်ဆိုင်းဘုတ်ဖြင့် ဖော်ပြထား၏။ လမ်းဘေးဝဲယာတွင် သီးနှံစိုက်ခင်းများကို စိုက်ပျိုးထားပြီး ရေပိုက်များ သွယ်တန်း၍ မြက်ဖျန်းကိရိယာလေးများသုံး၍ ရေဖျန်းပေးနေပုံ တွေ့ရ၏။ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ ဒီဇင်ဘာလ ရာသီဥတုမျိုးဖြစ်၏။ အပြန်တွင် Cunninghan Bridge ကို လိုက်ပို့ပေးပြီး ထိုမှ လွန်သော် သစ်တောအုပ်ကို ဖြတ်ဖောက်ထားသော လမ်းအတိုင်းလာရင်း အပန်းဖြေစခန်းတစ်ခု၏ စားသောက်ဆိုင်တွင် နေ့လယ်စာများ ဝယ်ကျွေးပြီး သစ်တောကို လေ့လာခဲ့ကြ၏။

နောက်တစ်ပတ်ခြားတွင် ရုံးပိတ်ရက်လာခေါ်ပြီး သားပိုက်ကောင် Kangaroo များရှိသော တိရစ္ဆာန်ဥယျာဉ်ကို လိုက်ပို့ပြီး၊ Queenslard University ကို လိုက်ပို့ပေး၏။ အပြန်တွင် သူ့အိမ်သို့ ခေါ်သွားပြီး နေ့လယ်စာကျွေးရင်း သူ့မိသားစုအားလုံးနှင့် မိတ်ဆက်ပေးပြီး ဧည့်ခံ၏။ ညနေမှ ဟိုတယ်သို့ လိုက်ပို့ပေးလေသည်။

Dr. Bourne နည်းတူ Physicist MR Tayler ကြီးကလည်း သီတင်းတစ်ပတ်ခြား နှစ်ရက်လိုက်ပို့ပေးလေသည်။ ရုံးပိတ်ရက်တစ်ရက်မှာ North Wast ကမ်းခြေကို လိုက်ပို့ပေးပြီး ကြည့်ရှုလေ့လာစေကာ စားသောက်ဆိုင်မှာ နေ့လယ်စာကျွေး၏။ အပြန်တွင် Mount Kertha တောင်ပေါ်မှ Krisbane မြို့၏ မြင်ကွင်းကို ကြည့်ရှုစေရန် ပို့ပေး၏။ တစ်ပတ်ခြား ရုံးပိတ်ရက်တွင် Gold Coast ကို လိုက်ပို့ပေး၏။ မြို့၏တောင်ဘက် New Southway ပြည်နယ်စပ်မှာ ရှိသော ကမ်းခြေမှာလေ့လာကြပြီး ရှုခင်းများကိုကြည့်ကာ သူ့အိမ်သို့ ခေါ်သွား၏။ မိသားစုနှင့် မိတ်ဆက်ပေး၏။ သူ့အိမ်မှာ ခြံဝင်းကျယ်ကြီးဖြစ်ပြီး လက်သမားအသုံးအဆောင်များ ဆောက် တန်ဆာပလာအစုံရှိ၏။ အပျင်းပြေ ပရိဘောဂ လုပ်၏။ သူကပြောပြ၏။ မြန်မာပြည်က ကျွန်းသစ်မှာ ကောင်းလည်းကောင်း၏၊ ဈေးလည်းကြီးလှသည်တဲ့။ သူ၏အိမ်မှ ညနေပိုင်း အပြန်တွင် အိမ်လိပ်စာပေးထားသော အန်တီကြီး အိမ်ကို လိုက်ပို့ပေးရန် ပြောရာ Crina မှာရှိသော အိမ်သို့ လိုက်ပို့ပေး၏။ ဖုန်းကြိုတင်ဆက်ထား၍ အန်တီကြီးက သူမ၏ မိတ်ဆွေ မြန်မာတိုင်းရင်းသား Daw Bella နှင့်အတူ စောင့်ကြိုနေခဲ့၏။ Daw Bella မှာ Queenslard University မှ ကထိက John Robert နှင့် အိမ်ထောင်ကျ၍ ရောက်နေ၏။ သူမ၏အဖေမှာ မြန်မာဆရာဝန်တစ်ဦးဖြစ်၍ ဆရာစံနှင့် တွေ့ဆုံပြီး သူမအဖေကို သိမသိ မေးလို၍ဖြစ်၏။ အန်တီကြီး အိမ်မှာ ခြံဝန်းကျယ်နဲ့ နှစ်ထပ်အိမ်ကြီးဖြစ်၏။ အပေါ်ထပ်တွင် ဧည့်သည်များအတွက် အိပ်ခန်းများ သီးသန့်ရှိ၏။ သူမ၏ အမျိုးသားမှာ Australia မြောက်ပိုင်း Thursday Island တွင် ဆက်သွယ်ရေးဝန်ထမ်းအဖြစ် ရောက်ရှိနေ၏။ သူမသမီး ပုပုခင်နှင့် သမက် MR. Denis တို့၏အိမ်နှင့်လည်း နှစ်အိမ် ကျော်လောက်သာ ခြား၏။

ရုံးပိတ်ရက်တစ်နေ့တွင် အန်တီကြီးနှင့်အတူ Daw Bella တို့ ဇနီးမောင်နှံက ကားဖြင့်လာခေါ်၍ သူတို့နေထိုင်သော နေအိမ်ရှိရာ CABARLAN မြို့လေးသို့ ရောက်ရှိခဲ့သည်။ တစ်ညအိပ်နေထိုင်စေပြီး ဧည့်ခံကျွေးမွေး၏။ ပတ်ဝန်းကျင်ရှိ ပန်းစိုက်ခင်းများကို လိုက်ပြပေး၏။ သူတို့မှတစ်ဆင့် ရန်ကုန်ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးတစ်ဦးဖြစ်သူ ဒေါက်တာ ဘဖေ၏ညီ Stanlay Ba Pe နှင့် ဇနီး ဒေါ်လှကြည်တို့နှင့် တွေ့ရပြန်ပြီ။ ရုံးပိတ်ရက်တစ်ရက်မှာ ဖိတ်ခေါ်ပြီး နေ့လယ်

www.burmeseclassic.com

www.burmeseclassic.com

စာ မြန်မာထမင်းဟင်း သူတို့အိမ်မှာ ချက်ကျွေးကြ၏။ သူတို့၏ သမီးလေးသည် ဥရောပနိုင်ငံများသို့ အလည်အပတ် သွားရောက်ခဲ့ပြီး အပြန်တွင် ထိုင်းနိုင်ငံမှ ဒူးရင်းသီးများ ဝယ်လာခဲ့ပြီး လေဆိပ်အရောက်တွင် ဖွင့်စစ်သောအခါ အနံ့ပြင်း၍ ထုတ်ယူခွင့်မရ စွန့်ပစ်ပစ္စည်းထဲ ထည့်လိုက်၍ မရမက အရယူပြီး သူမ၏ဆိုင်အရောက်တွင် အဝစားပစ်လိုက်ကြောင်း ပြောပြသည်ကို မှတ်မိနေ၏။ ထိုသို့အားဖြင့် မြန်မာများအချင်းချင်း သတင်းပေး၍ မြန်မာမိသားစု ဆယ်အိမ်ကျော်လောက်နှင့် တွေ့ဆုံခဲ့ရလေသည်။

အထူးအားဖြင့် အန်တီကြီး၏ ညီမအိမ်မှ ထမင်းဖိတ်ကျွေးသောအခါ သူတို့၏မိတ်ဆွေ Uncle U Shan Boe မိသားစုနှင့် ဆုံတွေ့ပြီး ခင်မင်သွားကြ၏။ သူ့အိမ်ကိုလည်း လေးယောက်စလုံးကို ဖိတ်ခေါ်၍ ရုံးပိတ်ရက်မှာ အိပ်စေ၊ စားစေ၏။ မြန်မာမုန့်ဟင်းခါး ချက်ကျွေး၏။ သားချည်း ငါးယောက် ရှိ၏။ အငယ်လေး ကောလိပ်ကျောင်းသားမှ တစ်ပါး အလုပ်လုပ်နေကြပြီး အလုပ်ရှိရာမှာ နေထိုင်နေကြ၏။ ရုံးပိတ်ရက်တစ်ရက်တွင်သာ ငါးယောက်စလုံးကို သူ့အိမ်လာစေ၍ သူတို့၏ ဇနီး၊ သို့မဟုတ် Girlfriends များပါခေါ်လာစေရန် မိတ်ဆက်ပေးပြီး ညစာခံကျွေးမွေး၏။

Gold Coast ရှိ လောင်းကစားစက် Poker Machine များရှိရာ လိုက်ပြပေး၏။ စက်များတွင် ဆယ်ဆင့်၊ ဆင့်နှစ်ဆယ် အကြွေများထည့်၍ စက်ကို လှည့်လိုက်ရ၏။ ဂိမ်းအောင်ပါက ခလုတ်နှိပ်သော ငွေအကြွေများ ထွက်ကျလာသည်ကို ရယူနိုင်၏။ ပတ်ဝန်းကျင်တွင် လေယာဉ်ကွင်းများရှိ၏။ လယ်သမားများပိုင်သော လေယာဉ်များဖြစ်၏။ အပန်းဖြေလာကြခြင်းဖြစ်၏။ စက်မှုလယ်ယာစနစ်ဖြင့် ဂျုံများကို အများဆုံးစိုက်ပျိုး၍ စီးပွားဖြစ်နေသော လယ်သမားများဖြစ်ပါသည်။ နိုင်ငံကျယ်ကျယ်၊ ကွင်းကျယ်ကျယ်မှာ စက်မှုလယ်ယာဖြင့် ချမ်းသာနေသူများ ဖြစ်ပါ၏။

၁၉၈၄ ခုနှစ် ကမ္ဘာ့အိုလံပစ်ပွဲတော်ကို သူ့အိမ်မှာ အလည်ရောက်ရင်း ကြည့်ရှုခဲ့ကြ၏။ ကျွန်ုပ်၏ အလွန်ကျေးဇူးကြီးမားသော အန်ကယ်ကြီးဖြစ်ပါသည်။ ဆရာစံတို့ စင်ကာပူသို့ ခရီးဆက်သောအခါ ရုံးပိတ်ရက်တိုင်း လာခေါ်၏။ စနေနေ့ ညနေအိပ်ပြီး တနင်္ဂနွေညနေ ဟိုတယ်သို့ ပြန်လိုက်ပို့၏။ သူတို့အနီးအနားမှ ဈေးများကိုလည်း လိုက်ပြပေး၏။ သူ၏ဇနီး ဒေါ်ခင်ခင်မှာလည်း အန်ကယ်ကြီးနည်းတူ ကျေးဇူးကြီးလှပါသည်။

Mornington Hotel တွင် နေထိုင်စဉ်ကပင် August လဆန်းတွင် ဟိုတယ်မှ ပြောင်းပေးရန် သဘောတူထား၏။ Brisbane ပွဲတော် ထိုလတွင် နှစ်စဉ်ကျင်းပ၍ နယ်ရပ်ဝေးမှ လူများက ကြိုတင်ပြီး အခန်းကို Booking လုပ်ထားပြီးသား ဖြစ်နေ၍ ဖြစ်ပါသည်။ ထိုသို့ အခန်းပြောင်းရန် July လကုန်ခါနီး အခန်းရှာရာတွင် ဟိုတယ်များ၏ သတင်းစာပါ ကြော်ငြာကိုဖတ်ပြီး ဆေးရုံနှစ်ခုနှင့်နီးသော အရပ်ရှိ ဟိုတယ်ငယ်များကို အန်ကယ် U Shan Boe က ဖုန်းဆက်၍ စုံစမ်းပေးပြီး ကျွန်ုပ်နှင့်အတူ အခန်းလိုက်ကြည့်ကြ၏။ ထိုစဉ်အချိန်က မြန်မာပြည် လမ်းသရဲလူငယ်များလို ဆံပင်ရှည်ထားပြီး သျှောင်ထုံးမထုံးသဖြင့် သူ၏ဆံပင်များ ဖွာလန်ကြဲနှင့်ဖြစ်ရာ ဟိုတယ်ပိုင်ရှင်များက အခန်းဗုံးလိုဟန် မရှိပုံကို စုံစမ်းသောနေရာတိုင်းမှာ တွေ့ရ၏။ လုံခြုံရေးစိတ်ချရမှု မကြိုက်၍လည်း မငှားဖြစ်ဘဲ ပြန်ကြသည်သာ ဖြစ်၏။ မိမိဘာသာ လိုက်ရှာရန်စဉ်းစားမိပြီး သူ့ကို လိုက်မပို့စေဘဲ သူ၏အိမ်မှအပြန်တွင် City Bus 144 ကိုစီး၍ ပြန်ခဲ့၏။

Spring Hill အရပ်မှာ သူနှင့်ရောက်ဖူးထား၍ ထိုအရပ်ရှိ တခြားနေရာကို ရှာကြည့်ရန် စိတ်ကူးရှိ၏။ Fortitude Valley ၏အနီး မြို့ထဲရောက်ခါနီးတွင် Spring Hill နှင့် နီးသော မှတ်တိုင်တွင်ဆင်း၍ Spring Hill ဘက်သို့ လျှောက်လာခဲ့၏။ လျှိုတစ်ခုကို ဖြတ်ကျော်၍ ကုန်းပေါ်အတက်တွင် Thornburry Street ကို ရောက်သွား၏။ ထိုလမ်းမှာ တောင်မှမြောက်ဘက်သို့ ဦးတည်နေ၍ ကျွန်ုပ်က လမ်း၏ညာဘက် ပလက်ဖောင်းအတိုင်း မြောက်ဘက်သို့ လျှောက်လာ၏။ အခန်းရှာမရသော် Dr. B. Kynerton ကို အကူအညီတောင်းပြီး ဆေးရုံမှာနေရန် ကြံစည်ထား၏။ လမ်းတစ်ဖက်တစ်ချက်တွင် အိမ်ဆယ်လုံးကျော်မည် ထင်၏။ လမ်း၏ ဘယ်ဘက်ရှိ ၄-၅ အိမ်လောက်မှ လူကြီးတစ်ယောက်သည် ကျွန်ုပ်ရှိရာသို့ ဦးတည်၍ လမ်းကိုဖြတ်ကူးလာပြီး ကျွန်ုပ်ကို Good Afternoon ဟု နှုတ်ဆက်စကားဖြင့် နှုတ်ဆက်ပြီး နောက်ပြန်လှည့်ကာ ကျွန်ုပ်ရှေ့ကနေပြီး ညာ ပလက်ဖောင်းအတိုင်း လျှောက်သွားနေ၏။ သူစတင်ထွက်လာသော တစ်ဖက်လမ်း တည့်တည့်ရောက်သော်လည်း မရပ်ဘဲ

www.burmeseclassic.com

ဆက်သွားနေရာ နောက်ထပ်အိမ်သုံးလေးလုံး ကျော်ပြီးမှ ညာဘက်ရှိ အိမ်တစ်အိမ်ထဲ ဝင်သွား၏။ ကျွန်ုပ်သည် သူဝင်သွားသော အိမ်ဘက်သို့ လှမ်းကြည့်သောအခါ အခန်းလွတ်ရှိကြောင်း ကြော်ငြာထားသော ဟိုတယ်ငယ်လေးဖြစ်နေကြောင်း တွေ့ရ၏။ ကျွန်ုပ်လည်း ဝင်လိုက်သွား၍ သူ့ရုံးခန်းထဲရောက်သွား၏။ သူ့ကို အခန်းလိုချင်၍ ရှာနေကြောင်း၊ Royal Brisbane Hospital မှာ ပညာသင်နေကြောင်း၊ မြန်မာပြည်က ဖြစ်ကြောင်း၊ Mornington Hotel မှာ နေထိုင်နေကြောင်း၊ Brisbane ပွဲတော်မှာ ကြိုတင် Booking လုပ်ထားတာရှိ၍ အခန်းပြောင်းပေးရမှာမို့ဖြစ်ကြောင်း ပြောပြလိုက်၏။

ထိုအခါ သူက ကောင်းစွာ လက်ခံပြောဆိုပြီး ပညာသင်လာသူဖြစ်၍ ပိုမိုကောင်းမွန်သော ပြင်ဆင်ဆဲအိမ်မှာနေရန် အကြံပေး၏။ တစ်ပတ်စောင့်ရမည်။ တစ်နေ့ကို ဆယ်ဒေါ်လာကျမည်၊ ရေချိုးခန်း၊ အိမ်သာ၊ မီးဖိုမှစ၍ သီးသန့်ဖြစ်ကြောင်း၊ ယခုရောက်နေသော အခန်းများမှာ ထိုသို့ သီးသန့်မဟုတ်ကြောင်း၊ အခန်းသာသီးသန့်ဖြစ်၍ ရေချိုးခန်း၊ အိမ်သာ၊ မီးဖိုတို့မှာ အများသုံးဖြစ်သည်ဟု ပြောပြ၏။ တစ်နေ့ကို ငါးဒေါ်လာကျမည်။ ကျွန်ုပ်စောင့်ဆိုင်းချိန်မရကြောင်း၊ နှစ်ပတ်ကြာပြီး ပြန်တော့မှာဖြစ်၍ အခန်းလိုက်ကြည့်လိုကြောင်း ပြောပြ၍ အခန်းလိုက်ပြ၏။ သူ၏ ရုံးခန်းနှင့် တစ်ခန်းကျော် ခေါင်းရင်းခန်းကို လိုက်ပြ၍ ပြတင်းတံခါးဖွင့်လိုက်သောအခါ စိမ်းစိုသော ရှုခင်းများနှင့် Fortitude Valley ရှိ ဈေးများအပြင် Royal Brisbane Hospital ကိုပါ လှမ်းမြင်နေရ၏။ အခန်းမှာ လုံခြုံစိတ်ချရပြီး အိပ်ရာခုတင်၊ စားပွဲ၊ ကုလားထိုင်၊ အဝတ်ဗီရို စသဖြင့် သန့်ရှင်းကောင်းမွန်၍ စိတ်ကြိုက်ဖြစ်ပြီး နှစ်ပတ်စာ ဒေါ်လာ ၇၀ ပေးကာ ငှားဖြစ်ခဲ့၏။ အခန်းရပြီဖြစ်ကောင်း၊ အန်ကယ်ဦးရှမ်းဘိုထံ ဖုန်းဆက်ပြောပြလိုက်၏။ သူတို့ဇနီးမောင်နှံနှစ်ယောက်သည် ထမင်းဟင်းချက်စရာ အိုးခွက်ပန်းကန်များ။ ဟင်းခတ်စရာ အမွှေးအကြိုင်များ အစုံအလင်ယူလာပြီး သူ၏ကားဖြင့် ကျွန်ုပ်ပြောင်းရွှေ့နေထိုင်မှုကို ကူညီခဲ့ကြပါသည်။

ထိုဖြစ်စဉ်ကိုကြည့်လျှင် ပိုင်ရှင်ကိုယ်တိုင် ကျွန်ုပ်ကို လာရောက်နှုတ်ဆက်ပြီး အခန်းကောင်းရရန် ပြပေးသလိုဖြစ်ပြီး စိတ်ချမ်းသာစွာနေထိုင်စေရန် အဘတို့ မေတ္တာကြောင့် ဆရာပီတာကြီးတို့နှစ်ဦးမှ ကူညီပေးသည်ဟု ယုံကြည်ပါသည်။

အခက်အခဲမရှိ ဖြစ်ရပါသည်။

ညနေ ဆေးရုံမှအပြန်တွင် Cole နှင့် Mayor Market တွင် ဈေးဝယ်ခဲ့၏။ ကြက်သားကို ရင်ပုံသား။ ပေါင်သား။ တောင်ပံသားပါ ရောစပ်ထည့်ထားသော ကြက်သား 1 Kg ခန့် တစ်ထုပ်ကို ဆင့် ၉၀ ကျော်။ ခရမ်းချဉ်သီး။ မုန်လာဥနီ၊ ပန်းဂေါ်ဖီ၊ ကြက်သွန်နီ/ဖြူ၊ ချင်းပါမကျန် ဆန်၊ ဆီ၊ ဆား၊ ပျားရည်၊ Cheese၊ နွားနို့ သကြား အစုံအလင်ဝယ်ခဲ့၏။ ပထမနေ့တွင် ထမင်းဟင်း လုံးဝမချက်တတ်၍ ထမင်းပေါင်းချက်ရာ ရေများသွား၍ ထမင်းခဲမဖြစ်။ ထမင်းပြဲဖြစ်သွား၏။ ဒုတိယနေ့တွင် ရေကိုလျှော့ထည့်ပြီးချက်ရန် စိတ်ကူးပြီး ရေပူရေအေး နှစ်မျိုးပေးထား၍ ဟင်းချက်စရာများ လုပ်ကိုင်နေစဉ် ဆန်ကို ရေနွေးဖြင့် စိမ်ထားလိုက်၏။ ဟင်းချက်စရာများ အသင့်ပြင်ဆင်ပြီးမှ ရေကို သင့်ရုံထည့်ပြီး ရေခန်းတစ်အိုး ချက်၏။ ဟင်းချက်ရန် ငရုတ်၊ ကြက်သွန်ဖြူ/နီ၊ ချင်းများ ရောထောင်း၍ ဆီသတ်ရန်ထည့်၊ ဆီသတ်ပြီးမှ ကြက်သားကိုထည့်ပြီး မွှေကာ ရေထည့်၏။ ထမင်းအိုးနှင့် ဟင်းအိုးတစ်လုံးစီအတွက် တစ်ဖိုစီတွင် တင်ပြီး ခလုတ်ဖွင့်၍ တည်ထား၏။ နှစ်ဖိုစာအတွက် အကြွေကိုးဆင့်ထည့်ပြီး ခလုတ်ဖွင့်၍ မီးတို့ပေးကာ တည်ထားလေသည်။

ကျွန်ုပ်က အချိုကြိုက်သဖြင့် ဟင်းထဲတွင် Cheese၊ ပျားရည်၊ သကြား၊ ဆား၊ ဟင်းခတ်အမွှေးအကြိုင်လည်း ထည့်၏။ အပေါ့အငန် ဆားကို မျှတစွာထည့်၍ စိတ်ကြိုက် O.K ဖြစ်မှ ရပ်၏။ ထမင်းဟင်း တစ်ပြိုင်တည်း ကျက်၏။ gas မီးဖိုဖြစ်၍ ငါးဆင့်ဖိုးနှင့် လုံလောက်သည့်အပြင် ပိုနေသေး၏။ ထမင်းဟင်းကို ညနေနှင့် မနက်စောစောအတွက်ပါ နှစ်နပ်စားဖြစ်၏။

နောက်နေ့မနက်စောစောတွင် ဟင်းများနွှေးခြင်း၊ ပေါင်မုန့်မီးကင် လုပ်ခြင်း၊ Cheese နှင့် ပျားရည်သုတ်ပြီး ထည့်ညှပ်ကာ ပေါင်မုန့်ညှပ်လုပ်၍ နေ့လယ်စာအဖြစ် ဆေးရုံယူသွားပြီး စား၏။ ဆေးရုံတွင် Tea Time တွင် နားနေခန်း Common Room မှာ ရေခဲသေတ္တာဖြင့် နွားနို့များ၊ ကော်ဖီ၊ လက်ဖက်ရည်ထုပ်များ၊ သကြား စသည်များကို ရေနွေးအိုး၊ ပန်းကန် စုံလင်စွာ ထားပေး၏။ နှစ်ပတ်တစ်ကြိမ် လခထုတ်ကြ၍ နှစ်ပတ်စာကို နှစ်ဒေါ်လာ ထည့်ဝင်ကြရ၏။ တစ်နေ့ နှစ်ကြိမ် Tea Time ရှိ၏။ ငွေမထည့်ဖြစ်သူများ တစ်ကြိမ်



www.burmeseclassic.com

www.burmeseclassic.com

ကို ကြိုက်ရာသုံးဆောင်ရန် ဆယ်ဆင့်ထည့်၍ သုံးဆောင်ကြရ၏။ ထွေရာလေးပါး ပြောဆို၍ ခင်မင်စွာ အနားယူကြရ၏။ နေ့လယ် ထမင်းစားလိုပါက M. Floor တွင်ရှိသော စားသောက်ဆိုင်တွင် အဆင်ပြေစွာ ဝယ်ယူစားသောက်နိုင်ကြပါသည်။

ဘွဲ့ရပြီး အလုပ်ရှာနေသေး Ausi လူငယ်များ၊ အလုပ်မှ အနားယူထားသော လူကြီးများလည်း ဟိုတယ်ငယ်လေးများမှာ နေကြ၏။ အစိုးရက Public Pension တစ်ပတ်ကို ဒေါ်လာတစ်ရာဖြင့် နှစ်ပတ်လည်စာ တစ်ခါထုတ်ပေး၏။ ကျွန်ုပ်ကဲ့သို့ ချက်ပြုတ်စားသောက်လျှင် တစ်ပတ်စာကို ၂၅ ဒေါ်လာဖြင့် လုံလောက်၏။ အခန်းခ ၃၄ ဒေါ်လာဖြင့် ဒေါ်လာ ၆၀ ကုန်သော် တစ်ပတ်မှာ အထွေထွေသုံးရန် ဒေါ်လာ ၄၀ ပိုသေး၏။ ပင်ရှင်ကို မိမိနေထိုင်ရာအိမ်စာတိုက်ပုံးထဲ အရောက် ချက်လက်မှတ်ပို့ပေးထား၏။ တစ်နေ့တွင် လူချင်းတွေ့စဉ် နှုတ်ဆက်ခင်မင်နေသော Ausi လူငယ်တစ်ယောက်က Kyaw ခင်ဗျားဟင်းအနံ့ တယ်မွှေးပါလားပြော၍ စားမလားမေးရာ စားမယ်ဆို၍ ကျွေးလိုက်၍ သိပ်ကောင်းတယ်၊ အရသာရှိလှတယ်ပြော၏။ နှစ်ခါသုံးခါ ကျွေးဖြစ်၏။ ကျွေးတိုင်းလည်း စား၏။

ပိုင်ရှင်လူကြီးမှာ သတင်းရှစ်ပတ်နေခဲ့ရာ တစ်ပတ်တစ်ခါ သူ၏အခန်းသို့ ဖိတ်ခေါ်၍ စကားပြောရင်း ဖာလူဒါကဲ့သို့ သစ်သီးစုံစွာဖြင့် နွားနို့ဖြင့် အဖျော်ဖျော်၍ မုန့်မျိုးစုံနှင့် ဧည့်ခံကျွေးမွေး၍ ရေးပေါင်းနှောင်းဖြစ် ပြောပြ၏။ သူက ဒုတိယကမ္ဘာစစ်မှ စစ်ပြန်ကြီးဖြစ်ပြီး နော်ဝေးနိုင်ငံသားဟုဆို၏။ ဇနီးနှင့် သားတစ်ယောက်ရှိ၏။ သူ့သားမှာ Queensland University မှာ တက်ရောက်ပညာသင်နေ၏။ သူ့ဇနီးက တစ်နေ့ ဆယ်ဒေါ်လာ ပြုပြင်ဆဲအိမ်မှာနေ၏။ မြန်မာပြည်ကို ဒုတိယကမ္ဘာစစ်အတွင်း ရောက်ဖူးပြီး သဘောကျကြောင်း ပြော၏။ လိုအပ်တာရှိပါက ကူညီရန်ပြောသေး၏။

ထိုသို့ နေစဉ် ၄-၈-၈၄ နေ့ မနက် ၃ နာရီနှင့် ၄ နာရီကြားကာလတွင် ထူးဆန်းသောအိပ်မက် မက်ခဲ့၏။ အသက် ၃၀ ကျော် ၄၀ ခန့် အမျိုးသမီးတစ်ယောက်သည် ကျွန်ုပ်၏လက်ကို ကိုင်ဆွဲ၍ ပြော၏။ ယခု အသက် ၄၇ နှစ်ရှိပြီ။ နောင် ၁၅ နှစ်ကြာလျှင် "မင်းဖြစ်မည်"ဟု ဆို၏။ ကျွန်ုပ်က ဟုတ်လို့လားဟု သူမ၏လက်ကို ပြန်ဆွဲပြီး မေးမိ၏။ ခဏစဉ်းစားနေပြီးမှ လက္ခဏာတွေအားလုံး ကောင်းနေတယ်။ ဟုတ်ပါတယ်ဟု ပြော၍ သူ့လက်ကို လွှတ်ပေးလိုက်၏။ အိပ်ရာမှ လန့်နိုးသွား၍ အိပ်မက်ပုံကို စဉ်းစားပြီး အိပ်ရာမှထကာ နေ့စွဲနှင့် ဖော်ပြချက်ကို မှတ်ထားလိုက်၏။

ကျွန်ုပ် ...က်ပြည့်ပင်ရှင်မယူခင်ကပင် တပ်မတော်ဆေးတက္ကသိုလ် မင်္ဂလာဒုံတွင် ကထိကရာထူးပေးလိုက်၍ အမှတ်-၂ တပ်မတော်ဆေးရုံနှင့် တပ်မတော်ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ ကမ်းလှမ်းခဲ့၍ လျှောက်လွှာတင်ဖြစ်၏။ သို့သော် ကျန်းမာရေးဝန်ကြီးဌာန ဒုဝန်ကြီးသည် ရန်ကုန်ဆေးရုံကြီးတွင် ကျွန်ုပ်ကို လိုအပ်နေ၍ဟူသော အကြောင်းပြချက်ဖြင့် လျှောက်လွှာကို ခွင့်မပြုဘဲထား၏။ သို့သော် ကျွန်ုပ်ပင်ရှင်ယူခါနီးတွင် အကြံပေးပုဂ္ဂိုလ်(Advisor) အဖြစ် ကူညီလုပ်ကိုင်ပေးရန် ကမ်းလှမ်းပြန်၍ လက်ခံပြီး လျှောက်ထားခဲ့ရပြန်သည်။ အမှတ်-၂ တပ်မတော်ဆေးရုံကြီး(ခုတင်-၅၀၀) ဦးဝိစာရလမ်း၊ ရန်ကုန်ရှိ ဓာတ်ရောင်ခြည်ကုသမှုလုပ်ငန်းအတွက် ဓာတ်ကျွမ်းသူပညာရှင် (Advisor) အကြံပေးပုဂ္ဂိုလ်အဖြစ် ခန့်ထားပေးရန် ကိစ္စကို တပ်မှူးကြီး ဗိုလ်မှူးကြီးမင်းနိုင် Ontologist၊ ဗိုလ်မှူးကြီးအေးဖေနှင့် ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်မြသိန်းဟန်တို့၏ ထောက်ခံအကြံပြုချက်ဖြင့် တပ်မတော်စစ်ရာထူးခန့်ချုပ်ရုံးမှ ခန့်အပ်သော အကြံပေးပုဂ္ဂိုလ်အဖြစ် ခန့်အပ်စာကို ၁၉၉၇ ခုနှစ်၊ ဇွန်လမှာ ရရှိ၍ ရှစ်နှစ်ကြာ လုပ်ကိုင်ပေးခဲ့ပါသည်။ ထိုခန့်စာရသောအချိန်သည် ၄-၈-၈၄ နေ့မှ ရေတွက်ပါလျှင် ၁၅ နှစ်ခန့်ပြည့်ခါနီးပင် ဖြစ်၏။ လစာနှုန်းမှာ ညွှန်ချုပ်များရသော လစာနှုန်းဖြစ်၍ အိပ်မက်မက်စဉ်က "မင်းဖြစ်မည်"ဟု ဟောပြခြင်းဖြစ်မည် ထင်ပါသည်။ အိပ်မက်လည်း မှန်ကန်ခဲ့ပါသည်။ နောက်မှစဉ်းစားကြည့်သောအခါ မယ်တော်သူရဿတီလည်း စောင့်ရှောက်ဟောပြပုံရှိ၏။ အမျိုးသမီးအသံဖြင့် ကောင်းမြတ်သော အကြံအစည်များ ၄၁၅ ကြိမ် ညွှန်ကြားမှုရခဲ့ဖူး၍ ဖြစ်ပါသည်။

မေတ္တာ သစ္စာ သည်းခံ···

ပိုးသန်းကျော်(ရေကြည်သား)



www.burmeseclassic.com

www.burmeseclassic.com

# မြေဆီလွှာအောက်က ယဉ်ကျေးမှု သုတေသန

● ညွှန့်ဟံ(ကြူတော)

သမိုင်းနှင့် ဒဏ္ဍာရီ မတူညီကွဲပြား ကဏ္ဍချင်းခြားသော်လည်း တန်ဆာဆင် ပြောဆိုဆုံးမ လမ်းပြအသိပေးမှုက ရှေးမဆွကတည်းက ရှိခဲ့၏။ ဘိုးဘွားဘီဘင် ကျေးဇူးရှင်များသည် ဒဏ္ဍာရီသမိုင်းပုံပြင်များကို တန်ဆာဆင် နှစ်သိမ့်အသိပေး၊ လိမ္မာရေးခြားရှိအောင်၊ ယဉ်ကျေးအောင် ဆုံးမခြင်းသဘောလည်း သက်ဝင်ပေသည်။ အချို့က ယုတ္တိတန်ကြ၏ သဘာဝယုတ္တိ၊ အာဂမယုတ္တိနှင့် ကင်းသည်လည်းပါ၏။ သို့ရာတွင် နားထောင်ကောင်း၏။ စိတ်အား ပြောင်းလဲနိုင်၏။ အတွေးမှန်ဖြစ်စေမှုကို ရည်စူးခြင်းသဘောလည်း ပါဝင်၏။ သို့ရာတွင် အရှည်အကြာ ဖြစ်လာသည့်အခါတွင် ခိုင်မာသယောင်ရှိပြီး တကယ့်လက်တွေ့နှင့် ကွဲပြားသည်ကို တွေ့ရပေသည်။ သို့ဖြစ်၍ သမိုင်း History နှင့် ဒဏ္ဍာရီ Legand တို့ ကွဲပြားစွာ ရှုတတ်၊ မြင်တတ်ရန် အကြောင်းရှိပေသည်။

အသေအချာပြောနိုင်သည်မှာ သမိုင်းယဉ်ကျေးမှု ဆက်စပ်လျက်ရှိခြင်း ဖြစ်လေသည်။ သမိုင်းမပါသော ယဉ်ကျေးမှုသည် အမြစ်မပါသော သစ်ပင်နှင့်တူပြီး ယဉ်ကျေးမှုမတူသော သမိုင်းသည် အကိုင်းအရွက် ဝေစည်ခြင်းမရှိသော သစ်ပင်နှင့်တူသည်ဟု ပညာရှင်တို့ ဆိုမိန့်ကြပေသည်။ သို့ဖြစ်၍ ယဉ်ကျေးမှုနှင့်သမိုင်း မရိုင်းကြောင်းပြဆိုရန် မြေပေါ်အထောက်အထားများရော မြေအောက်အထောက်အထားများကိုပါ ရှာဖွေသုတေသနပြုကြမဆုံးအောင် [illegible]ကြသည်က နိုင်ငံတိုင်းလိုလို ဖြစ်ရပေသည်။ ရည်ရွယ်ချက်ရှိရှိ တူးဖော်သုတေသနပြုမှုနှင့် မမျှော်လင့်သော တွေ့ရှိမှုတို့လည်း အကျုံးဝင်၏။ မမျှော်မှန်းနိုင်လောက်သော ယဉ်ကျေးမှုအမွေအနှစ်အစစ်အမှန် ဖော်ထုတ်နိုင်သဖြင့် တန်ဖိုးကြီးမား ဝင့်ကြွားဂုဏ်ယူကြရပေသည်။ မြေဆီလွှာအောက်က ယဉ်ကျေးမှုအ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ရတနာများဟု ဆိုချင်ပေသည်။

မြန်မာနိုင်ငံတွင် ပုဂံရာဇဝင်ကို တုတ်ထမ်း ဓားထမ်း ပြောကြသည်ဟု မှတ်သားခဲ့ရ ကြားဖူးခဲ့ရသည်။ သမိုင်းနှင့် ဒဏ္ဍာရီ မသဲကွဲ၊ ရှုပ်ရှုပ်ထွေးထွေးရှိကြသဖြင့် အငြင်းပွားကာ တုတ်တစ်ပြက်၊ ဓားတစ်ပြက် ရိုက်မောင်းပုတ်မောင်း ရန်ဖြစ်ရန်စ ဖြစ်ရတတ်ကြောင်း တင်စားခြင်းဖြစ်၏။ သို့ဖြစ်၍ ဆရာကြီးဦးဖေမောင်တင်က "ပုဂံရာဇဝင်ကို တုတ်ထမ်း ဓားထမ်း မပြောကြပါနှင့်။ တူးရှင်းကိုင်ပြီးပြောကြပါ" ဟု ဆိုမိန့်ခဲ့ဖူး၏။ ဆိုလိုသည်မှာ သမိုင်းနှင့် ယဉ်ကျေးမှုအမှန် အမှန် အဟုတ် သရုပ်သကန်အတွက် မြေအောက်တွင်းတူး ရှာဖွေဖော်ထုတ် သုတေသနပညာသန်းစစ်ကာဖြင့် ရယူကြဖို့ တိုက်တွန်းပေ၏။ သဘာဝလည်းကျ၊ ယုတ္တိလည်းတန်၊ ကေန်တရားဖြစ်၏။

မကြာမီက ဖတ်မိသော နိုင်ငံရပ်ခြားသတင်းစာများတွင် မြေကမ္ဘာအောက်က ယဉ်ကျေးမှုရှေးဟောင်းအကြောင်း ဖော်ထုတ် အဟုတ်အမှန် တည်ခဲ့ဟန် ရုပ်ဝတ္ထုအစုစုအကြောင်း ဖတ်ရှုခဲ့ရသည့် သတင်းတစ်ပုဒ်မှာ အာဂျင်တီးနားနိုင်ငံတွင် ရှေးဟောင်းသုတေသနပညာရှင်များက လွန်ခဲ့သည့် နှစ်သန်းချီကာ ဒဏ္ဍာရီဆန်ဆန် ပြောဆိုကြသည့် နိုင်နိုဆောသတ္တဝါ ရုပ်ကြွင်းများတွေ့ရခြင်းဖြစ်၏။ ပီရူးနိုင်ငံတွင်လည်း မာလာယဉ်ကျေးမှုခေတ် မြေအောက်အထောက်အထားများတွေ့ရသည်။ အီဂျစ်နိုင်ငံတွင် ရှေးဟောင်း မံမီရုပ်ကြွင်းအလောင်းများ တွေ့ရှိမဆုံးကြ။ သုတေသနပြု ယဉ်ကျေးမှုအမွေ ဂုဏ်တင့်ဝင့်ကြွား ကမ္ဘာကသိအောင် ထုတ်ဖော်ကြသည်။

နက်ရှိုင်းသောမြေထု၊ မြန်မာတို့၏ အတိုင်းအတာ ယုဂနာသိန်းဂဏန်းရှိသော မြေဆီလွှာအောက်တွင် ယဉ်ကျေးမှုပစ္စည်းအမွေ မည်မျှရှိသည်ကို မသိနိုင်၊ မခန့်မှန်းနိုင်။ သဘာဝနှင့် ဥတုရာသီ ပြောင်းလဲမှု၊ မြေကမ္ဘာ၏ လှုပ်ရှားမှု အကြောင်းအရာအဖြာဖြာကို တည်မှီရွေ့လျားခြင်းဖြစ်၏။ နစ်မြုပ်ခြင်း၊ မျှော်လင့်မထားခြင်း အခြေအနေမှ တွေ့ရှိချက်များသည် ခေတ်တစ်လျှောက် ကြုံကြိုက်ခဲ့၊ ကြုံကြိုက်ဆဲ၊ ကြုံရဦးမည်သာ ဖြစ်လေသည်။ အထူးသဖြင့် မမျှော်လင့်ဘဲ အားလျော်စွာ မြေအောက်ကမ္ဘာမှ ယဉ်ကျေးမှုလက်ရာပစ္စည်း တွေ့ရှိမှုသည် အလွန်ပင် တန်ဖိုးရှိသည်ဟု ယူဆမိ၏။

ယခုတလော အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့အရှေ့တောင်ဘက်တွင် ကီလိုမီတာ ၁၁၈ အရှည်ရှိ ရထားလမ်းဖောက်လျက်ရှိသည့် နာမည်ကျော် သိမ်းမြစ်အနီးတွင် ဖြစ်၏။ ခရစ်နှစ် ၂၀၁၈ တွင် ပြီးစီးရန် ပေါင်စတာလင် ၁၄.၈ ဘီလီယံ အကုန်အကျခံကာ ဖောက်လုပ်ခြင်းဖြစ်သည်။ ထိုသို့ ဖောက်လုပ်ရာတွင် မြေအောက်ယဉ်ကျေးမှုပစ္စည်းများစွာ တွေ့ခဲ့ကြပေရာ မြေအောက်ပြတိုက်ဟုပင် တင်စားကြသည်။ ရာစုနှစ်ပေါင်းများစွာက လူတို့၏ ဦးခေါင်းခွံများ၊ မြင်းစီးဖိနပ်များ တွေ့ပေရာ ရှေးဟောင်းသုတေသနပညာရှင်များ ရှုံးစမ်းကြဆဲ ဖြစ်သည်။ ထို့ပြင် ၁၆ ရာစုလောက်က ရွှေဒင်္ဂါးများ တွေ့ရသကဲ့သို့ ရောမခေတ်နှင့် ခေတ်ပြိုင် အထောက်အထားများ ပါဝင်ပေသည်။ နှစ်နှစ်ထောင်ကျော်လောက်က မြင်းစီးဖိနပ်များဟု ယူဆကြပေရာ တစ်ခေတ်က လန်ဒန်မြို့သားများ၏ အခြေအနေကို ညွှန်းဆိုလျက်ရှိသည်ဟု ဆိုပါသည်။ ထို့ပြင် နှစ်ခြောက်သောင်းခန့်က ပျောက်ကွယ်သွားပြီဖြစ်သော အမွေးရှည် ဆင်ရိုင်းအရိုးများ၊ အိမ်ရာမြေယာပိုင်းများကိုပါ တွေ့ရခြင်းဖြစ်၏။ တစ်ချိန်တည်းတွင် နှစ်ရှစ်ရာခန့်က သင်္ဘောပျက်အပိုင်းအစများ၊ သင်္ဘောကျင်းများကိုပါ ခြေရာကောက်နိုင်ခဲ့၏။ မီးခေတ်ကျောက်များ၊ ပါးလွှာသည့် ရော်ရွက်များ၊ နှစ်ကိုးထောင်ခန့်က စက်ရုံအထောက်အထားများပါ တွေ့ရသည်။ သို့ဖြစ်ရာ လန်ဒန်မြေအောက်ယဉ်ကျေးမှုများဟု ဆိုရပေမည်။

မြေပေါ်မြေအောက် သယံဇာတနှင့် ယဉ်ကျေးမှုကြွယ်ဝသော မြန်မာနိုင်ငံတွင် မကြာခဏဆိုသလို မြေဆီလွှာအောက်မှ ရတနာအစစ်အနစ် ယဉ်ကျေးမှုများ တွေ့ရသည်။ လူတူပရိုင်းမိတ်က သက်သေပြ၏။ အလေ့အထအသိများပေသော ပေါ်တော်မူဘုရားဟု ဆိုရသည့် ဆင်းတု၊ ရုပ်တုများ မကြာခဏတွေ့ရသည်။ သဘာဝနှင့် လူတို့ပယောဂကြောင့် ဖြစ်နိုင်ပြီး တစ်ချိန်က အသုံးအဆောင်များသည် မြစ်ဘေး၊ ချောင်းဖျားနေရာများ၌ တွေ့ရတတ်၏။ များစွာဆန်းကြယ်သည်ဟု မဆိုနိုင်။ သို့သော် လွန်ခဲ့သည့် လေးငါးနှစ်လောက်က ပဲခူးမြို့ ဘုန်းကြီးကျောင်းဝင်းအတွင်း ရောက်ခဲ့၏။ ပေါ်တော်မူဘုရားဟု ဆို၏။ အလွန်ဆန်းကြယ်သော

www.burmeseclassic.com

ယဉ်ကျေးမှုအမွေ ဘာသာရေးလက်ရာဖြစ်၏။ မြေပေါ်ဘုရား စေတီမဟုတ်။ မြေအောက်အတန်နက်သောနေရာမှ တူးဖော်ခဲ့ခြင်းဖြစ်၏။ ဉာဏ်တော် အတော်ပင် မြင့်မားသော စေတီတော်ဖြစ်ပြီး အုတ်များမှာ ပုဂံခေတ်နှင့် ခေတ်ပြိုင်ခန့်ဟု ယူဆရ၏။ ထိုစဉ်က နိုင်ငံရပ်ခြားဖြင့် သုတေသနပြုအဲ ဖြစ်၏။ အပိုင်းအစ ရုပ်ဝတ္ထုလက်ရာများမဟုတ်။ ထုထည် ကြီးမားသည့် ဘာသာရေး သာသနိကစေတီတော်ဖြစ်၏။ စနစ်တကျတူးဖော်ကာ မြေအောက်၌ စံပယ်လျက်ရှိ၏။ အလွန်ကြည်ညိုဖွယ် ထူးခြားဆန်းကြယ်ဖွယ် ဖြစ်ရပေသည်။

ပြီးခဲ့သည့် နွေရာသီက ဖြစ်၏။ ကန့်ဘလူမြို့နယ် မြို့မှ ဝေးလံခေါင်းပါး ရေရှားပါးသော ရွာကလေးတွင် ရေရရှိဖို့ နည်းမျိုးစုံ ကြိုးပမ်းကြသည်။ ဘုန်းတော်ကြီး အိပ်မက်အရ သက်ဆိုင်ရာတို့ကို အုန်းပွဲ၊ ငှက်ပျောပွဲဖြင့် မြေနေရာ ရေအရှာထွက်သည်။ တစ်နေရာတွင် အုန်းပွဲ၊ ငှက်ပျောပွဲကို မ,ယူ၍ မရ။ သို့ဖြင့် တူးဖော်ကြ၏။ မည်သည့်အချိန်ကမျှ ရေတူး၍ မရသော ထိုဒေသတွင် အဆိုပါနေရာကို တူးဖော်ကြရာ ပေငါးဆယ်အောက်၌ ကြည်လင်သောရေကို တွေ့၏။ အံ့ဩဖို့ကောင်းသည်မှာ ရေ့ဟောင်းရေတွင်းပုံစံ သစ်သားအကာအရံများ တွေ့ရခြင်းဖြစ်၏။ အကာအရံ သစ်သားများက ကောင်းမွန်ဆဲဖြစ်၏။ မသိနားသူတို့က ထင်းဆိုက်ကြသည်။ ရေထွက်သဖြင့် ရွာသားများ ဝမ်းသာကြ၏။ ပို၍ အံ့ဩစရာ တွေ့ရ၏။ ထိုမြေအောက်၌ ရေတာကောင်းများ ၁၇ လုံးခန့် အကောင်းပကတိ တွေ့ရမှုဖြစ်သည်။ ကျွန်တော့်ကို ပြောပြသဖြင့် အိုးနမူနာနှင့် ယဉ်ကျေးမှုစဉ်ပညာရှင်နှင့် ဆုံစည်းဆွေးနွေးခဲ့ရာ ပျူခေတ်လောက်ကဟုသာ ခန့်မှန်းရသည်။ တစ်ချိန်က သမိုင်းဝင်နေရာ ဖြစ်နိုင်၏။ ရှာဖွေဖော်ထုတ် သုတေသနလုပ်ပါက ယဉ်ကျေးမှုအစုဝင်နေရာ သေချာပေသည်။ ယခုတော့ ထိုသတင်းမျှလောက်ဖြင့် ယဉ်ကျေးမှုအမွေ အနှစ်အကြောင်း ပျောက်ခဲ့ရလေပြီ။ သုတေသနနှင့် သမိုင်းဖွေရှာသင့်သည်ထင်၏။

ကျွန်တော်တို့ရွာ ဝန်းကျင်သည် သမိုင်းဝင် သုတေသနနယ်မြေတော့ မဟုတ်။ သို့သော် ကြုံကြိုက်မှုတွေ ရှိ၏။ လွန်ခဲ့သည့် နှစ်နှစ်ဆယ်ခန့်က ဖြစ်၏။ လမ်းဖောက်ရန် မြေအတိုင်းအတာဖြင့် ပေါက်တူးကိုယ်စီကိုင်ကြရသည်။ ကျွန်တော်၏ ဆွေမျိုးမကင်းသော လူငယ်သည် မြေကိုပေါက် ရင်း အိုးငယ်ကို တွေ့၏။ ရွှေအိုးရပြီဆိုကာ ဟစ်ကြွေး အထဲတွင် ဘာမျှမပါ။ သုံးရက်မျှ ထိုအတိုင်း အိုးငယ်များရ အော်ဟစ်၏။ ဘာမျှမဖြစ်။ ထိုညတွင် အိပ်မက်မက် သည်တစ်ခါ အိုးရလျှင် မည်သူ့ကိုမျှ မပြောနှင့်ဟု တစ်ဝ တစ်ဦးက တားမြစ်၏။ သို့ဖြင့် နောက်တစ်ရက်တွင် လမ်း ဖောက်မြေတူးရ၏။ ပေါက်တူးဖြင့် လေးချက်မျှသာ ပေါက် ၏။ အိုးနှုတ်ခမ်းကို တွေ့ရသဖြင့် တစ်ဦးတည်း ကျိတ်၍တူး ၏။ ကြီးမားလှသော အိုးဖြစ်ရာ မနိုင်တော့။ ထို့ကြော လမ်းဖောက်သမားတွေကို အကူအညီတောင်းရ၏။ ထိုအခ လူအများက ကြိုးစားကြရင်း အလွန်ပင်ကြီးမားသော အိုးကြ ကို ပြာတွေအပြည့်ဖြင့် တွေ့ရ၏။ အိုး၏ နားရွက်ကပ လက်တစ်ဝါးမျှ ရှိ၏။ စာရေးသူ မြင်တွေ့ရ၏။ ယခုခေတ်အ မဟုတ်။ မွန်ဘုရင်များခေတ်ကဟု ခန့်မှန်းရသည်။ မည်သူ့ မျှ မပြောတော့။ သည်မျှနှင့် ဇာတ်လမ်းဆုံးသွားသည် စဉ်ယဉ်ကျေးမှု အမွေဖြစ်သော်လည်း အလုပ်ရှုပ်မည်စိုးသဖြ ပြီးပြတ်ရ၏။ နှမြောစရာကောင်းလှ၏။

လယ်ထွန်ရင်းတွေ့ရသော ခင်စာကုန်းရွှေပေလွှ ကြောင့် ပျူစာ၊ ပျူအက္ခရာအကြောင်း သိရပေပြီ။ အိမ်သ တူးရင်း၊ မြေကျင်းတူးရင်း ရတနာ့ဘယက်၊ လက်ကောက် တန်ဆာများကို မှုလတန်ဖိုးနှင့် ရှေးဟောင်းပစ္စည်းတန်ဖိုး ပေါင်းစပ်ချီးမြှင့်လျက်ရှိသည်။ မြန်မာ့မြေဆီလွှာအောက် ယဉ်ကျေးမှုအထောက်အထား အကြောင်းအားလျော်စွာ တွေ့ နိုင်ပါသည်။ တွေ့လျှင်ပြောကြပါဟု ခေတ်သီချင်းစာသား အသိပေးချင်ပါ၏။ သို့သော် အသိပေးပြောဆိုသည့်အ တာဝန်ရှိသူတို့ကလည်း အလုပ်ရှုပ်သည်ဟု မယူဆ ယဉ်ကျေးမှုအစစ် လူ့အနှစ်အတွက် အသိအမှတ်ပြု ထုတ်ပေးပါဟု တောင်းပန်ခြင်း၊ တောင်းဆိုခြင်း ပြုလိုပါသ

ညွှန့်ဟံ(ကြူတော



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ပဒေသာပင် ပြဿနာ

မဟာထွန်း

ယခုအခါသည် ပွင့်လင်းရာသီသို့ ရောက်လာပြီဖြစ်၏။ ဗုဒ္ဓဘာသာတို့၏ သီတင်းကျွတ်မီးထွန်းပွဲ၊ အဘိဓမ္မာ အခါတော်နေ့၊ ကထိန်ပွဲ၊ ဆွမ်းသိမ်းပွဲ စသော ဘာသာရေးပွဲတော်ကြီးများကို ကျင်းပကြသည်မှာလည်း ဤပွင့်လင်းရာသီမှပင် စတင်လာခဲ့ခြင်း ဖြစ်သည်။

ဘာသာတိုင်းမှာပင် ဘာသာရေးပွဲတော်များ ရှိကြသည်။ ဘာသာအယူအဆအလျောက် မိမိတို့နှစ်သက်ရာအတိုင်း လွတ်လွတ်လပ်လပ်ကြီး ကျင်းပကြသည်။ ဘာသာရေးပွဲတော်အားလုံးမှာပင် လိုအပ်သော ငွေကျေးအဖွာကို သက်ဆိုင်ရာ ဘာသာဝင်များက စေတနာသဒ္ဓါ ထက်သန်ဖြူစင်စွာဖြင့် ထည့်ဝင်လှူဒါန်းကြသည်။ ထို့နောက် ဝမ်းသာပျော်ရွှင်စွာဖြင့် ဆင်နွှဲကြသည်။

သို့သော် တစ်ဘာသာနှင့် တစ်ဘာသာ ပွဲတော်ဆင်နွှဲကြခြင်းသည်လည်း မတူခြားနားပြီး ကွဲပြားမှုများ ရှိကြသည်။ မိမိတို့၏ ကိုးကွယ်ပုံ အယူအဆနှင့် ကြည်ညိုသဒ္ဓါချင်း အပေါ်တွင် မူတည်ပြီး ခြားနားသွားခြင်းပင် ဖြစ်လေသည်။

တချို့သော ဘာသာဝင်များမှာ နွား၊ ဆိတ်၊ သိုးစသော အကောင်ဗလောင်ပေါင်း မြောက်မြားစွာတို့ကို သတ်ဖြတ်ကြသည်။ ထိုအကောင်ဗလောင်တို့၏ လည်ချောင်းသွေးများဖြင့်လည်း ပူဇော်ကြသည်။ ဘာသာကိုးကွယ်မှုများသလောက် ကြည်ညိုသဒ္ဓါနှင့် ပသပူဇော်ပုံများသည်လည်း ကွဲပြားသွားလေသည်။

သူ့ဘာသာအလျောက် သဒ္ဓါကြည်ညိုပုံများ ခြားနားလျက် ရှိသည်ကိုမူ တစ်စုံတစ်ရာအားဖြင့် မဝေဖန်တတ်ပေ။ ဤစာရေးသူမှာ ဗုဒ္ဓဘာသာဖြစ်သောကြောင့် ဗုဒ္ဓဘာသာဝင်တို့၏ ပွဲတော်များအကြောင်းကိုသာ သိနားလည်သည်။

ဗုဒ္ဓဘာသာဝင်တို့သည် ဘာသာရေးပွဲတော်များ ကျင်းပကြတိုင်း ဦးစွာ သီလယူခြင်း၊ ဒါနပြုခြင်း၊ မေတ္တာ စသော ဘာဝနာများကို ပွါးများခြင်းဖြင့်ပင် ဘာသာရေးပွဲတော်များကို ဆင်နွှဲကြသည်။ ငယ်ရွယ်သူ မောင်မယ်များက ပျော်ရွှင်မြူးထူးစွာဖြင့် သီဆိုကခုန်ကြသည်လည်း ရှိသည်။

သို့သော် ယခုနောက်ပိုင်းတွင် အဆင်မပြေမှုများ ရှိလာနေသည်ကို တွေ့ရ၏။ ဆွမ်းလောင်းပွဲများတွင် ဆွမ်းချိုင့်ပျောက်ဆုံးခြင်း၊ ကထိန်ပွဲများတွင် ‘ပဒေသာပင် ပြဿနာပေါ်ခြင်း စသည်များ ဖြစ်၏။ ကုသိုလ်ဒါန ပြုကြရာ၌ အကုသိုလ်စွက်ဖက်လာခြင်းမျိုး ဟူ၍ပင် ဆိုရပေတော့မည်။

ဘာသာရေးကို ခုတုံးလုပ်ပြီး စီးပွားရှာနေကြသော မသမာသူတို့၏



www.burmeseclassic.com

www.burmeseclassic.com

စနက်ကြောင့်ဟူ၍လည်း ဆိုနိုင်လေသည်။ ဤစာရေးသူသည်လည်း ကျောင်းတည်ထောင်စက မသမာသူတို့၏လက်ချက်ကို ထိထိမိမိကြီး ခံစားလိုက်ရ၏။ ယခုတိုင်အောင်လည်း အဆစ်ပါလျက် နှောင့်ယှက်ခြင်းကို ခံနေရဆဲဖြစ်၏။

ရဟန်းတော်များမှာ ဝိနည်းသိက္ခာနှင့်သာ နေထိုင်ရသောကြောင့် မသမာသူတို့၏ လက်တွင်းသို့ သက်ဆင်းဖို့ရာ တစ်ဝက်မျှ သေချာနေ၏။ ထို့နောက် ရဟန်းတော်များမှာ သာသနာပြုရန်အတွက် ကျောင်းတိုက် စတင်တည်ထောင်ကြရာ၌ မည်သည့်ဒကာရင်း၊ ဆွေမျိုးရင်းမျှ ပါလာကြသည်ဟူ၍ မရှိဘဲ ဒေသခံများနှင့်သာ ကျောင်းတိုက်ဖြစ်မြောက်ရေးကို လုပ်ကိုင်ကြရလေသည်။

ဝါးကျောင်းကလေး စတင်ပေါ်ပေါက်လာသည်နှင့် ဒေသခံများထဲမှ လူဆိုးရော၊ လူကောင်းပါ အမြောက်များပင် ရောက်လာတတ်ကြ၏။ ထိုအခါ မသမာသူ လူဆိုးတို့သည်လည်း ခေါင်းလျှိုတိုးဝင်ပြီး အောက်ခြေသိမ်းမှစကာ ကပ္ပိယကာရကတာဝန်ကို ရယူလျက် မသမာသောနည်းများကို စတင်လာလေသည်။

ကပ္ပိယဟူသည်မှာ ကျောင်းတိုင်ဘုန်းကြီး၏ အတွင်းလူ၊ အမှုလုပ်ဟု အဓိပ္ပာယ်ရသောကြောင့် အလှူရှင်တို့၏ ကျောင်း၊ သိမ်၊ ဆွမ်း၊ ကွမ်း ဖြစ်မြောက်ရေးအတွက် နဝကမ္မဝတ္ထုငွေများကို ထိုမသမာသူယုတ်တို့ကသာ စတင်ကိုင်တွယ်၍ သုံးစွဲခွင့်ကိုသာ ရရှိသွားလေသည်။ သို့ဖြစ်၍ ကျောင်းထိုင်ဘုန်းကြီးမှာ ဒေသခံတို့အကြောင်းကို မသိသေးသောကြောင့် ပုဏ္ဏားအား ဓားအပ်ဘိသကဲ့သို့ပင် ဖြစ်သွားရလေသည်။

ဤစာရေးသူမှာလည်း မသမာသော သူယုတ်တို့၏ သတ်ကွင်းထဲသို့ ချင်းနင်းဝင်ရောက်မိသည်မှ တဖြည်းဖြည်း ဝါးမျိုခံရလေရာ နောက်ဆုံးတွင် အလုံးစုံနီးပါး အပိုင်စီးခြင်းကို ခံလာရ၏။ သည်အဖြစ်ကြောင့် လူကောင်း သူကောင်း အလှူရှင်များသည်လည်း တစ်ယောက်ပြီးတစ်ယောက် နောက်ဆုတ်သွားကြလေသည်။ မိမိပေါင်းသင်းဆက်ဆံနေမိသည်မှာ သူယုတ်မာမှန်းကို လင်းလင်းကြီး သိရှိနေပြီဖြစ်သော်လည်း ချက်ချင်း မောင်းထုတ်ရန် ခက်လှ၏။

မည်သည့်လုပ်ငန်းမျိုးတွင် ဖြစ်စေ လစာပေး၍ အလုပ်ခန့်ခြင်းသည်ကား လွယ်၏။ လစာဖြုတ်၍ အလုပ်ထုတ်ခြင်းသည်ကား ခက်၏။ သည်အဖြစ်မျိုးကို အများနှင့်ဆက်ဆံပြီး လုပ်ငန်းကြီး လုပ်ကိုင်ဖူးသူတိုင်း နားလည်ကြမည်သာ ဖြစ်၏။

ယခု ဤစာရေးသူမှာလည်း သာသနဝန်ထမ်း ဖြစ်နေသည့်တိုင်အောင် လူမှုရေးနှင့် မကင်းသော လက်ရှိကျောင်း ဖြစ်မြောက်ရေးကိစ္စကြီးက ပိလေးနေသောကြောင့် သူယုတ်တို့၏ သတ်ကွင်းကို ဝင်ရောက်နေသည်ဖြစ်ရာ ထိုသူယုတ်တို့အား ပထုတ်ရန် များစွာအကျပ်ရိုက်နေလေသည်။ သူယုတ်သည်လည်း ဤသည်ကို အခွင့်ကောင်းယူပြီး မြိန်မြိန်ကြီး စားလေ၏။ နောက်ဆုံးတွင် ကထိန်ဝတ္ထုများသည်ပင် ကျောင်းပေါ်သို့ ရောက်ခွင့်မပေးတော့။

စာရေးသူမှာ ဤသည်ကိစ္စမှ သည် အလုံးစုံ ပေါင်းခြုံပြီး အလှူရှင်ဒကာ၊ ဒကာမတို့၏ အပြစ်တင်ခြင်းကို နေ့စဉ်နှင့်အမျှ ခံနေရ၏။ ထို့ကြောင့် ၎င်းသူယုတ်၏ အဓိကသော့ချက်တစ်ခုဖြစ်သော စာရင်းမဲ့ အင်းမဲ့ လုပ်ချင်တိုင်းလုပ်ပြီး ထင်ရာကြနေသည့်အဖြစ်ကို အတတ်နိုင်ဆုံး ဖြေလျှော့ပြီးပင် ပြောဆိုရလေသည်။

"ဒကာ ...မင်း စာရင်းမနိုင်ဘူး။ ဒါကြောင့် ငွေကိုင်ပြီး အလုပ် မလုပ်နဲ့"ဟု ပြောလိုက်ရာ ရှူးရှူးရှဲရှဲဖြင့် ဒေါသထွက်လေ၏။ သို့သော်လည်း ကောင်းမှန်းသိထားသော သူယုတ်သည် ထိုမျှဖြင့် ထွက်၍မသွားသေးဘဲ အခြားတစ်ဖက်မှ ဖြတ်ဝင်ကာ ဆွမ်းကွမ်းကိစ္စကို တာဝန်ယူမည်ဟုပြောပြီး တစ်မြို့လုံး လှည့်ပတ်၍ အလှူခံပြန်လေသည်။

ဤသည်မှာ သာ၍ပင် အဆင်မပြေတော့ပေ။ ဆွမ်းရေးကိစ္စအတွက် ရပ်ကွက်၏ ဆယ်ပုံနှစ်ပုံခန့် အလှူလျှင်ပင် လုံလောက်သည်ကို ဈေးကြီးများနှင့် မြို့အနှံ့ထိတိုင်အောင် မ... အပ်ပေ။ စာရင်းဇယားကိုလည်း မည်သည့်အခါမျှ ပြသည်ဟူ၍ မရှိတော့... ကျောင်းကိုအရောင်းပြ ခုတုံးလုပ်ပြီး စီးပွားရှာနေသည့် ကိစ္စကို ဟိုမှသည်မှ ပြောဆိုဝေဖန်လာကြပြန်၍ မတတ်... သာသည့်အဆုံး ကျောင်းနှင့် မပတ်... သက်ရန်ကိုပင် ပြောဆိုလိုက်ရလေ... သည်။

ထိုအခါ သူယုတ်သည် ကျောင်း... ကို များစွာတိုက်ခိုက်လေ၏။ ရပ်ကွက်... လူဆိုးများ၊ အရေခြုံများနှင့် ပေါင်း... လည်း ကျောင်းအသုံးအဆော...



www.burmeseclassic.com

www.burmeseclassic.com

ပစ္စည်းများမှစ၍ သယ်ချလေ၏။ သူနှင့် တစ်သင်းတည်း ဖြစ်စေရေးအတွက်လည်း လူဆိုးများကို ကော်ပီပွားလေ၏။ ကျောင်းပစ္စည်းများကို မတရားခိုးထုတ်နေခြင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာလူကြီးအား တားမြစ်ပေးရန် ပြောလိုက်ခါမှ ကျောင်းရှေ့မှ သံကုန်ဟစ်၍ သုံးနာရီနီးပါး ဆဲဆိုတိုင်းထွာခြင်းကိုပင် ခံရလေသည်။ ထို့နောက် ယနေ့တိုင်အောင်လည်း မျက်နှာချင်းဆိုင်မိတိုင်း စောင်းမြောင်းဆဲဆိုခြင်း၊ မျက်ကွယ်၌ စွပ်စွဲခြင်းများ ရှိနေဆဲဖြစ်၏။

*သူတော်မဟုတ်၊ သူယုတ်တို့နှင့်၊ တစ်ဆိတ်ကမျှ၊ ပေါင်းသင်းမိက၊ စိန်နှင့် သံပရာ၊ အံဆိပ်စာသို့၊ မိစ္ဆာတိမ်းပါး၊ ယှူဖောက်ပြား၍၊ တရားမချော်၊ မှားချွတ်ချော်၏။*

*(မဃဒေဝ)*

## ဆွမ်းသိမ်းပွဲ

တစ်နေ့သောအခါတွင် ဆူဆူညံညံအသံကြား၍ ထွက်ကြည့်လိုက်ရာ ဆွမ်းသိမ်းပွဲ အထိမ်းအမှတ် ဆန်နှစ်အိတ်လှူဒါန်းရန်အတွက် လာနေကြသော လူတစ်စုကို တွေ့လိုက်ရ၏။ သူယုတ်သည်ကား လူစုနှင့်အတူ ပါမလာပေ။ ကျောင်းရှေ့ မုခ်ဦးနားမှာသာ ကျန်နေခဲ့၏။ တပည့်ဖြစ်သူများ ကျောင်းပေါ်သို့ရောက်လာကြသည်နှင့် အရက်နံ့များလှိုင်နေ၏။

"ငွေတစ်သောင်း ပေးရမယ်" ဟုလည်း တောင်းဆိုကြလေ၏။ ထို့ကြောင့် စိတ်ထဲတွင် အတော်လေးပင် မကောင်းဖြစ်သွားမိသည်။ နှစ်ဖွဲ့ခွဲပြီး အလှူခံနေကြစဉ်ကပင် ခေါင်းဆောင်ဖြစ်သော သူယုတ်သည် စေတနာရှင်များ လာလှူကြသော ငွေကြေးများကို စာရင်းမဲ့ ဖြုတ်ချင်တိုင်း ဖြုတ်ယူနေသည့်အပြင် တော်ကြာ ရှယ်ဆန်အိတ်ကြီးဟစ်အိတ် ဆိုင်ကယ်ပေါ် တင်သွားပြန်ပြီ။ တော်ကြာ တစ်အိတ်၊ တော်ကြာတစ်အိတ် ...၊ တော်ကြာ ဟင်းချိုမှုန့် ပေါင်ထုပ်ကြီး စသည်ဖြင့် ...

ခဏခဏ ဖုန်းဆက်နေကြရာ "ငါနဲ့မဆိုင်ဘူး ငါ့ကို အပ်ထားတဲ့ အလှူလည်း မဟုတ်ဘူး။ ဒါကြောင့် ငါဘာမှ ပြောလို့မရတဲ့အတွက် မင်းတို့ ငါ့ကို မတိုင်ကြပါနဲ့"ဟု ပြောလိုက်မှ ဖုန်းသံများ ရပ်စဲသွား၏။ ယခုလည်း သူယုတ်၏ တပည့်များက အလှူခံထားသော ဆန်အိတ်များ လိုက်ပို့ကြရာတွင် ငွေတစ်သောင်း တောင်းနေကြပြန်လေသည်။ အဖွဲ့ကိုလည်း နှစ်ဖွဲ့ခွဲထား၍ နှစ်သောင်းပေးရမည့် သဘောရှိသည်။ သူတို့လိုက်လိုက်နေကြသော ကျောင်းပေါင်းလည်း မနည်းပေ။ ဤသို့ဆိုလျှင် ထိုကျောင်းတိုက်များမှ သူတို့ ပြန်တောင်းယူသွားကြမည့် ငွေပေါင်းသည်လည်း နည်းမည် မဟုတ်တော့။

ယခုပင်လျှင် အရက်နံ့များ နံ့စော်နေလေရာ ကျောင်းစဉ်လိုက်၍ ဆန်အိတ်ပို့ပြီးဖြစ်သည့် ဤညနေတွင် သံဃာတော်များထံမှ တောင်းယူသွားကြမည့် နဝကမ္မဝတ္ထုငွေများဖြင့် မည်မျှအထိပင် သောက်စားမူးယစ်နေကြလေမည်ကို နားလည်နိုင်၏။

ခေါင်းဆောင်ဖြစ်သော သူယုတ်သည်ကား ဤရပ်ကွက်၌ ဘာသာရေးလုပ်ငန်းများ စတင်ပေါ်ပေါက်လာသည့်မှ ဝင်လုံးသောခဲ့ရာ ယခုအခါ အတော်လေးပင် စီးပွားရေးဖြစ်ပြီး အခြေအနေကောင်းလျက် ရွှေတွဲလဲ ငွေတွဲလဲပင် ဖြစ်နေချေပြီ။

ဤစာရေးသူနှင့် မကင်းမလွတ် ရှိနေစဉ်က အကုသိုလ်အလုပ်များကို ရှောင်ရှားရန် ဆုံးမပြောဆိုခဲ့ဖူး၏။ ထိုအခါ ၎င်းသူယုတ် ပြန်ပြောသည်က

"အကုသိုလ်အကြောင်း ငါ့လာမပြောနဲ့။ ကုသိုလ်အကြောင်းလည်း ငါလက်မခံဘူး။ ဒါကြောင့် အကုသိုလ်နဲ့လည်း မခြောက်နဲ့။ ကုသိုလ်အကြောင်းနဲ့လည်း မမြှောက်ကြနဲ့။ ငါ ဘာမှစိတ်မဝင်စားဘူး။ သေပြီးမှ ဘာဖြစ်မယ်ညာဖြစ်မယ် ဆိုတာမျိုး ငါ့ဦးနှောက်မှာ ဘာမှမရှိဘူး"

အကုသိုလ်နှင့် ကုသိုလ် နှစ်ခုလုံးကို လက်မခံသူတို့အား နိယတမိစ္ဆာဒိဋ္ဌိဟုဆိုရ၏။ ဒေသနာတော်အရ ကြည့်လျှင် သေဆုံးပြီးနောက် အဝီစိငရဲကိုသာ တန်းကျရ၏။ ကမ္ဘာကို မီးလောင်၍ပင် လွတ်ခွင့်မရှိဘဲ ရှည်လျားသော အဝီစိငရဲသက် ကုန်သည်အထိ အခြားကမ္ဘာသို့သာ ပြောင်းခံကြရကြောင်း ဟောတော်မူ၏။

ဤသူယုတ်သည် အလွန်အမင်း အပြောကောင်း၏။ ဆွဲဆောင်အားလည်း ပြည့်၏။ တက်တက်ကြွကြွလည်း ရှိ၏။ ထို့ကြောင့် ကောင်းရောင်းကောင်းဝယ် လုပ်စားလျှင်ပင် စီးပွားဖြစ်နိုင်သည်။ သို့သော် သူ၏ဗီဇသည်ကား တင်ပြခဲ့သည့်အတိုင်း ကြောက်စရာအတိသာ ဖြစ်၏။ ထို့ကြောင့်လည်း ပြုပြင်၍မရ၊ သည်းခံ၍လည်းမပြီးနိုင်သည့်အဆုံး ဥပေက္ခာ



www.burmeseclassic.com

www.burmeseclassic.com

ပြုလိုက်ရခြင်း ဖြစ်၏။ သို့သော်လည်း သူယုတ်သည်ကား ပန်းပန်လျက်သာ ဖြစ်၏။ အငယ်အနှောင်း အမြှောင်များဖြင့် အတော်လေးပင် ဝေဝေဆာဆာ ဖြစ်ကာ ပြည့်ပြည့်စုံစုံလည်းရှိနေလေ၏။

ဤနည်းတူ အခြားအကြောင်းများသည်လည်း ရှိလေသေး၏။ ယဉ်ကျေးသောဘာသာရေးနှင့် အတော်လေးပင် ဆန့်ကျင်နေသောကြောင့် အနည်းငယ်မျှ တင်ပြဦးမည်။

* * *

## ရပ်ကွက်အမှု ဘုန်းကြီးကိုပတ်ခြင်း

ဘာသာရေးပွဲတော် များစွာရှိကြသည့်အထဲမှ ကထိန်ပွဲတော်နှင့် သင်္ကြန်ပွဲတော်များသည် အစည်ကားဆုံး ဖြစ်၏။ သို့သော် သင်္ကြန်ပွဲတော်မှာ ကုသိုလ်လုပ်ကြသည်ထက် အရက်သေစာ သောက်စားမူးယစ်ပြီး ကားဖြင့် မြို့ကိုလှည့်ပတ်၍ ရေပက်ခံထွက်ကြသည်က များ၏။ စာဖတ်သူများက သည်အကြောင်းကို တစ်ဆင့်လည်းကောင်း၊ ကိုယ်တိုင်လည်းကောင်း၊ မဂ္ဂဇင်း၊ စာစောင်များကို ဖတ်ရှု၍လည်းကောင်း သိပြီးကြမည်ဖြစ်၍ အကျယ်မချဲ့လိုတော့ပေ။ ထို့ကြောင့် အဆင်မပြေလွန်းသော ဘာသာရေးနှင့်လည်း များစွာဆန့်ကျင်လျက်ရှိသည့် ကထိန်ပွဲအကြောင်းကိုသာ ရေးတော့မည်။

ကထိန်ပြီးပြီးနောက် မြို့နယ်သံဃာဥက္ကဋ္ဌဆရာတော်ကြီးအား ဖူးမြော်ကန်တော့ရန်သွား၏။ ထိုအခါ ဆရာတော်ကြီး၏ကျောင်းမှာ လူဆယ့်ကိုးယောက် ရောက်ရှိနေကြသည်ကို တွေ့ရ၏။ ဆရာတော်ကြီးအား မေးမြန်းလျှောက်ထားကြည့်ရာ ကထိန်ပဒေသာပင်ပြဿနာဟု သိရ၏။

ဤ၌ ဤမျှဖြင့်သာ လွယ်လွယ်ရေးပြလိုက်သော်လည်း စင်စစ်တွင် စာရေးသူသည် ကထိန်ပြီးနောက် တန်ဆောင်မုန်းလဆုတ်မှ ပြာသိုလကုန်ထိ ဆရာတော်ကြီး၏ကျောင်းကို သုံးကြိမ်တိုင်တိုင် ရောက်ဖြစ်၏။ ထိုသုံးကြိမ်လုံးပင် တိုက်တိုက်ဆိုင်ဆိုင် ကထိန်ပဒေသာပင်ပြဿနာအကြောင်း ပြောဆိုဖြေရှင်းနေရသည်ကို တွေ့ရ၏။ တစ်မြို့နယ်လုံး ကိစ္စကြီးဖြစ်နေ၍ ပြဿနာက အတော်လေးပင် များပြား၏။ ထို့ကြောင့် ဆရာတော်ကြီးအား လျှောက်ထားကြည့်လိုက်၏။

"ဆရာတော့် ပဒေသာပင်ကိစ္စ အခုထိ မပြီးသေးဘူးလား"

ဆရာတော်ကြီးက အသံထွက်အောင် တစ်ချက်ရယ်လိုက်ပြီး ...

"အခု ပြာသိုလ ရှိသေးတယ်ကွ။ ငါ့ရှေ့(ဆရာတော်ကြီး ဥက္ကဋ္ဌတာဝန်ကို မယူရမီ)ကဆိုရင် တပေါင်းလထိတောင် ပဒေသာပင် ပြဿနာတွေ မြို့နယ်ဓမ္မာရုံမှာ ရှိနေသေးတာပဲ"ဟု မိန့်တော်မူသည်။

ထို့ကြောင့် ဤအကြောင်းအရာများသည် ကျယ်ပြန့်လွန်း၍ အဆင်ပြေသလို အကျဉ်းရုံးပြီး တင်ပြမှ သင့်ပေလိမ့်မည်။

မြို့နယ်လုံးဆိုင်ရာ ရပ်ကွက်များက ပဒေသာပင်များကို သက်ဆိုင်ရာ ဘုန်းကြီးကျောင်းများသို့ ပို့လှူကြရာ၌ တချို့ပဒေသာပင်များမှာ ငွေသား ငါးသောင်း တစ်သိန်း၊ သင်္ကန်းစသော ကျောင်းသုံးပစ္စည်းများက မည်၍မည်မျှဟု စာရင်းများ ရေးထိုးထားသော်လည်း အမှန်တကယ်လက်ခံရရှိသည်မှာ စာရင်း၏ လေးပုံတစ်ပုံ၊ သုံးပုံတစ်ပုံ၊ ထက်ဝက် စသည်ဖြင့် ကွာဟမှုများစွာ ရှိနေလေ၏။ ဤသည်ကိုပင် ပဒေသာပင်ကို အလှူခံတော်မူရသော ကျောင်းထိုင်ဆရာတော်က အပြည့်ရရှိပါကြောင်းကို (လိမ်လည်ပြီး) လက်မှတ်ထိုးပေးစေခိုင်းကြ၏။

ထိုအခါ ကျောင်းထိုင်ဆရာတော်က အာပတ်နှင့် မလွတ်ကင်းသော လက်မှတ်ကို မထိုးလို၍ ပဒေသာပင်ကို လက်မခံသောကြောင့်ပင် ထိုပဒေသာပင်များအားလုံး မြို့ဦးဘုရား ဓမ္မာရုံတော်သို့ ရောက်သွားကြရခြင်း ဖြစ်၏။

ထို့ကြောင့် ထိုပြဿနာကို ဖြေရှင်းရန် မလွယ်သည့်အဆုံး ရပ်ကွက် ပဒေသာပင်အားလုံးကို တစ်ရက်ကြိုပြီး မြို့ဦးဘုရား ရင်ပြင်တော်ကို ဝတ္ထုတန်ဖိုး၊ ပစ္စည်းတန်ဖိုး အပြည့်အစုံရေးကာ ပို့ပေးထားရမည်။ နောက်နေ့မှ စာရင်းတိတိကျကျနှင့် မဲပေါက်သော ဘုန်းကြီးကျောင်းများကို အလှူရှင်များကိုယ်တိုင် လိုက်ပို့ပြီး ရေစက်ချလှူရမည်။ ဘုရားရင်ပြင်တော် ကြိုပို့ထားသော ပဒေသာပင်များကိုလည်း သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့က ကြီးကြပ်ပြီး စောင့်ရှောက်ထားရမည်ဟု ဆရာတော်များနှင့် မြို့နယ်အာဏာပိုင်အဖွဲ့တို့က စည်းကမ်းထုတ်ရလေ၏။

ထိုအခါ သာ၍ပင် ပြဿနာတက်လေ၏။ မိုးလင်း၍ ပဒေသာပင်များကို နံပါတ်စဉ်အတိုင်း ထုတ်ယူပြီး စာရင်းပြန်စစ်ကြသောအခါ ပစ္စည်းရော ငွေ



www.burmeseclassic.com

www.burmeseclassic.com

သားများပါ ပဒေသာပင်တိုင်းလိုလိုပင် အတော်များများ ပျောက်ဆုံးနေပြန်လေသည်။

ထို့ကြောင့် မူလစုပေါင်းအလှူရှင်များထံမှ ပျောက်ဆုံးခြင်း၊ လုံခြုံရေးများထံမှာ ပျောက်ဆုံးခြင်း စသောကိစ္စရပ်များသည်လည်း တစ်မျိုးပြီးတစ်မျိုး တိုး၍လာနေလေ၏။ ထိုမျှဖြင့် မပြီးသေး။ အခြားအကြောင်းအရာများသည်လည်း တစ်မျိုးပြီးတစ်မျိုး ပေါ်ပေါက်လျက် ရှိနေ၏။

## အခြားလိမ်နည်းများ

တချို့ မသမာသူများက ကျူရှင် စတိုးဆိုင်စသော မိသားစုပဒေသာပင်များရှိရာကို ကြိုသွားပြီး ...

"ကျွန်တော်တို့ကို မြို့နယ်ဂေါပကအဖွဲ့က ပဒေသာပင် အကြိုလွှတ်လိုက်တာပါ။ ခင်ဗျားတို့ အလှူရှင်တွေက တန်ဆောင်မုန်းလပြည့် ရေစက်ချမယ့်နေ့ကို လိုက်လာခဲ့ကြပါ"ဟု ပြောပြီး ပဒေသာပင်ကို သယ်ယူသွားကြ၏။

မသမာ သူယုတ်တို့၏အကြောင်းကို မသိရှာကြသော အလှူရှင်များက ပဒေသာပင်ကို ရေစက်ချပြီး ကပ်လှူမည့် တန်ဆောင်မုန်းလပြည့်နေ့မှာ ဝတ်စားဆင်ယင်ပြီး မိသားစုများနှင့်အတူ တပျော်တပါးကြီး လိုက်သွားကြရာ သူတို့၏ ပဒေသာပင်ကိုရော၊ လာကြိုယူသွားကြသည့် လူများကိုပါ ရှာမတွေ့ ဖြစ်ကြရလေသည်။

## နောက်တစ်နည်း

တချို့ ပြဿနာများမှာ ထိုသို့ မဟုတ်ပေ။ သူယုတ်တို့သည်လည်း တစ်မျိုးပြီးတစ်မျိုး မရိုးရအောင် လိမ်နည်းချဲ့ထွင်ကြလေ၏။ ပဒေသာပင်ပို့ရန် နှစ်ရက်မျှအလိုတွင် အဆင်ပြေမည့် ဘုန်းကြီးကျောင်းကိုသွားပြီး ..

"ကျွန်တော်တို့က ဘယ်စက်ရုံ၊ ဘယ်ကုမ္ပဏီကပါ။ ဒီကျောင်းကိုပဲ ပဒေသာပင် လှူချင်ပါတယ်။ ငွေသားနဲ့ ပစ္စည်းလည်း အတော်လေးများပါတယ်။ ဒါကြောင့် မေတ္တာတုံ့ပြန်တဲ့အနေနဲ့ ဒီကျောင်းက အကျွေးအမွေးလေးအတွက် တာဝန်ယူစေချင်ပါတယ်"

သူယုတ်တို့ လိမ်ညာပြောဆိုသော ငွေသားနှင့် ပစ္စည်းပေါင်း အားလုံးတန်ဖိုးက သိန်း ၂၀ နီးပါး ရှိနေလေရာ ကျောင်းတိုက်၏ ကပ္ပိယကာရကပ်အဖွဲ့က ကျွေးမွေးဧည့်ခံစရိတ် ငွေနှစ်သိန်းကို ချောခနဲ ပေးလိုက်ကြ၏။

သို့သော် ထိုအလှူရှင်ဆိုသူတို့သည်ကား တစ်ခါမျှ ပေါ်မလာကြတော့ပေ။ ကထိန်၏ နောက်ဆုံးနေ့ဖြစ်သော တန်ဆောင်မုန်းလပြည့်နေ့တိုင်အောင် စောင့်ကြည့်ကြသော်လည်း တစ်ယောက်မျှ ပေါ်မလာတော့။ ထို့ကြောင့် မနေသာသည့်အဆုံး သူတို့လိပ်စာပေးထားခဲ့ကြသော စက်ရုံ၊ ကုမ္ပဏီကိုသွားပြီး စုံစမ်းမေးမြန်းကြရလေ၏။

"ကျွန်တော်တို့ ကထိန်ကပ်လှူတာ မှန်ပါတယ်။ ဒီမှာ အမှတ်တရ ဓာတ်ပုံတွေတောင်မှ ရှိပါတယ်"ဟု ဆိုကာ ကျောင်းတိုက်မှန်ဦးနှင့်တကွ ကျောင်းထိုင်ဆရာတော်နှင့် သံဃာတော်များ၊ အလှူရှင် ဒကာ၊ ဒကာမများ အမှတ်တရရိုက်ယူထားကြသည့် ရုပ်ရှင်/ရုပ်သေပုံများကို ထုတ်ပြလိုက်ရာ လူလိမ်ကို တစ်ယောက်မျှ မတွေ့ကြရသဖြင့် ဟာခနဲပင် ဖြစ်သွားကြရလေ၏။

ဘာမျှလည်း မတတ်နိုင်တော့။ အစရှာ၍လည်း မရတော့။ ဆက်လက်ပြီး စုံစမ်းကြည့်ကြရာ ဒီတစ်ကျောင်းတည်းမဟုတ်ဘဲ သည်နည်းသည်ပုံ အလိမ်ခံလိုက်ကြရသည်မှာ ကျောင်းပေါင်းများစွာ ရှိနေသည်ကိုပင် သိရှိကြရလေသည်။

## နောက်တစ်နည်း

တစ်နည်းရိုးသွားလျှင် နောက်တစ်နည်းတိုး၍ လာပြန်လေ၏။ တစ်ကြိမ်လိမ်ပြီးသောနည်းကို နောက်တစ်ကြိမ် မည်သည့်အခါမျှ ပြန်သုံးလေ့ မရှိကြပေ။ ထို့ကြောင့် လိမ်နည်းအသစ်အဆန်းများကို ကြိုတင်လေ့လာထားကြဟန်တူ၏။ လိမ်၍အဆင်ပြေမည်ဟုထင်ရသော ဘုန်းကြီးကျောင်းများကိုသွားပြီး ကပ္ပိယကာရကပ်များခေါ်လာကာ ပြောလည်းပြော ပြလည်းပြ၏။

"ဒါပါပဲ ...ငွေသားက (--) လောက်၊ ပစ္စည်းတန်ဖိုးက (--)ရှိပါတယ်"ဟုဆိုရာ မှန်ပေ၏။ ကိုယ်တိုင်လည်းမြင်ရတွေ့ရ၏။ ဝတ္ထုငွေသားရော ပစ္စည်းတန်ဖိုးပါ သိန်း(--)ရှိ၏။ ထို့ကြောင့် ကျောင်းတိုက်၏ ကပ္ပိယကာရကပ်ကြီးများက ဝမ်းမြောက်ဝမ်းသာနှင့်ပင် အလှူရှင်ဆိုသူများ (စားသောက်ရန်အတွက်)မေတ္တာရပ်ခံသော ငွေကြေးများကို ချောခနဲ ထုတ်ပေးလိုက်ကြပြန်၏။



www.burmeseclassic.com

www.burmeseclassic.com

ဤတွင်လည်း ရှေးနည်းအတိုင်း ပင် ကထိန်ရက်ကုန်ဆုံးသည်အထိ ပဒေသာပင်ကြီးရောက်မလာ၍ လိုက်သွားပြီး မေးမြန်းစုံစမ်းကြရာ ပဒေသာပင်ကြီးကိုလာပြုပြီး ပျော်ပွဲစားရန် ငွေတောင်းသွားသော သူယုတ်တို့ကို တစ်ယောက်မျှမသိကြကြောင်း၊ သူတို့နှင့်လည်း သက်ဆိုင်ခြင်း မရှိကြောင်း၊ သူတို့အလုပ်ရုံ၏ အောက်ခြေဝန်ထမ်းများမှ အထက်မန်နေဂျာတိုင်အောင်၊ တန်းစီပြလိုက်သဖြင့် ကျောင်းတိုက်ကြီး၏ ကပ္ပိယကာရကပ်အဖွဲ့များမှာ မိမိတို့ဘာသာ အရှက်ရပြီး တောင်းပန်ကာ ပြန်လာကြရလေ၏။ ဆက်လက်ပြီး စုံစမ်းကြည့်ကြရာတွင်လည်း မိမိတို့နည်းတူ အလိမ်ခံလိုက်ကြရသော ကပ္ပိယကာရကပ်ပေါင်းများစွာ ရှိကြောင်းကိုပါ သိရှိကြရသည်။

## နောက်တစ်နည်း

ဤနည်းသည်ကား သူယုတ်များအတွက် သိပ်ပြီးအကျိုးမများဟု ဆိုက ဆိုနိုင်၏။ အကျိုးမများသည့်တိုင်အောင် လိမ်ညာလှည့်ပတ်စားတတ်သော သူယုတ်တို့သည် သမ္မာအာဇီဝဖြင့် ရှာဖွေစားသောက်ရသည်ထက် လိမ်ညာပြီးစားသောက်ရသည်ကိုသာ ပိုမိုနှစ်သက်ကြဟန် ရှိသည်။ လိမ်နည်းကိုလည်း တစ်မျိုးပြီးတစ်မျိုး မရိုးရအောင် ကြံဆနိုင်ကြ၏။

ကထိန်ပဒေသာပင် ပို့ရန်နီးသော ရက်များတွင် ကျောင်းတိုက်ကြီးများကို လှည့်ပတ်ရောက်လာကြပြီး အဟုတ်အမှန် စေတနာသဒ္ဓါတရားသန်သန်ဖြင့် ပဒေသာပင်လာပို့ကြမည့် အလှူရှင်တို့အတွက် ချက်ပြုတ်ကျွေးမွေးထားကြသော စားကောင်းသောက်ဖွယ်များကိုကြည့်ပြီး ခပ်တည်တည်ဖြင့် ပြော၏။

"ဦးကြီး၊ ဦးလေးတို့ ... ကျွန်တော်တို့အဖွဲ့တွေက နောက်ကျမယ်ဗျ။ ကျွန်တော်တို့မှာက အခြားကျောင်းတိုက်တွေကိုလည်း ပဒေသာပင်တွေလိုက်ပို့လှူဒါန်းနေကြရမှာဆိုတော့ ဦးကြီး၊ ဦးလေးတို့ရဲ့ ကျောင်းတိုက်ကို နေ့လယ်သာသာလောက်မှ ရောက်လာကြမှာဖြစ်လို့ ဖြစ်နိုင်ရင် ကျွန်တော် ဒီစားသောက်စရာတွေကို သယ်သွားချင်ပါတယ်။ ဒါကြောင့် ... ဦးကြီး၊ ဦးလေးတို့ကသာ ခွင့်ပြုမယ်ဆိုရင် ကျွန်တော်သယ်သွားပါရစေ"

ဤကဲ့သို့ လာပြောနေသည်ကို မပေးနိုင်ဟု ပြန်ပြောရန် ခက်၏။ တကယ့်ပဒေသာပင် အလှူရှင်များ၏ ကိုယ်စားလှယ်ထဲက တစ်ယောက်ဟု မှားယွင်းစွာဖြင့် ထင်မှတ်နေကြသောကြောင့်ပင်။ ၎င်းတို့၏ သဒ္ဓါတရားများ ညှိုးနွမ်းသွားမည်ကိုလည်း မလိုလားကြပေ။ ထို့ကြောင့် ကျွေးမွေးချက်ပြုတ်ထားကြသော စားကောင်းသောက်ဖွယ်အားလုံးကိုပင် သယ်ယူခွင့် ပြုလိုက်ကြ၏။ လိမ်ညာယူသွားသည်ကို မသိကြ၍လည်း ဝမ်းမြောက်ဝမ်းသာနှင့်ပင် စတီးချိုင့်ကြီးများ၊ အိုးသစ်ကြီးများဖြင့် ထည့်ပြီး ပေးလိုက်ကြခြင်း ဖြစ်၏။

ထို့ကြောင့်လည်း တကယ့်အလှူရှင်များ ပဒေသာပင်ကြီးကို ကားပေါ်တင်ကာ တီးမှုတ်ကခုန်ပြီး ရောက်လာကြသောအခါ ဘာမျှ မကျွေးနိုင်တော့ပေ။ အလှူရှင်များကိုယ်တိုင်မေတ္တာရပ်ခံပြီး ချက်ပြုတ်ခိုင်းထားသော အကျွေးအမွေး စားကောင်းသောက်ဖွယ်များအားလုံး သူယုတ်၊ လူလိမ်တို့နောက်ကို ပါသွားလေပြီ။ အိုးများကိုပင် ဆေးကြောပြီး၍ ပြောင်စင်နေပြီ။ ကျောင်းမှာရှိသော စတီးချိုင့်ကြီးအားလုံး၊ အိုးသစ်ကြီးများအားလုံး ထည့်ပေးလိုက်ရ၍ ပါသွားလေပြီ။ ထို့ကြောင့် တကယ် ပဒေသာပင်လာပို့ကြသော အလှူရှင်များကို အားနာနာဖြင့်ပင် တောင်းပန်လိုက်ရသည် ဟူ၏။

* * *

"ဒီကိစ္စတွေက တစ်မျိုးပြီးတစ်မျိုး မရိုးနိုင်အောင် ပေါ်ပေါက်လာနေတော့ ဘယ်လိုဖြေရှင်းရမှန်းတောင် မသိတော့ဘူး"ဟု ဆရာတော်က စိတ်မကောင်းစွာဖြင့် ညည်းရှာ၏။

"မင်းလည်းပဲ ဒီလိုကိစ္စမျိုးကို အတော်လေး ခံလိုက်ရတယ်ဆို .. မဟုတ်လား"ဟု ဤစာရေးသူဘက်ကို လှည့်ကြည့်ပြီးလည်း ပြော၏။

"မှန်ပါတယ် ဘုရား။ တပည့်တော်မှာ အခုချိန်ထိ အဲဒီအဆစ်တွေဟာ အဆိပ်သဖွယ် ရှိနေတုန်းပါပဲ။ အမျိုးမျိုးအဖုံဖုံလည်း နှောင့်ယှက်နေဆဲပါပဲ"

"အေးကွယ်။ သူယုတ်မာတွေဆိုတာကလည်း တို့များလို သည်းခံကြတဲ့ သူတော်ကောင်းတွေကိုသာ ရွေးပြီး နှိပ်စက်တတ်လေတော့ အခံရခက်သကွယ့်"

**မဟာထွန်း**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687
လိုင်စင် ၇/၂၀၀၈၊ တဆထလ (တိုး)-၁၃၁၂




အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ်တဆဝက(စာနယ်ဇင်း)၁၃၀/၀၀၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပ့ါဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့ဒကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို သုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။

**ပင်ရင်း - မုံရွာ-ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း**


အမှတ်-ရ၂/၁၅၆၊ ပေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၁၇၊ ၀၉-၅၁-[illegible]

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်း၃ (၁၀၀)၊ ၆၉၀၀၇၆ လိုင်း၃ (၁၀၀)

www.burmeseclassic.com

www.burmeseclassic.com

# အစိတ်တန် အကုသိုလ်



www.burmeseclassic.com

www.burmeseclassic.com



ပြာသိုလ၏ အရုဏ်ဦးကား ချမ်းအေးလှပါဘိတော့။

လွန်စွာ ချမ်းချမ်းစီးစီးရှိနေသော အချိန်ဖြစ်သော်လည်း ကော့ကပ်တာဆုံတွင်ကား ခရီးသည်၊ ဈေးသည်၊ ဈေးဝယ်များနှင့် စည်ကားသိုက်မြိုက်နေသည်။ "ဖော်လင်းမောင်" မော်တော်ကားမှ ခရီးသည်ခေါ်သည့် ဟွန်းရှည်က ငါးမိနစ်ခြားတစ်ကြိမ် မှန်မှန်ထွက်ပေါ်နေသည်။

"ဇလွန်ကို . . ဇလွန်ကို"

ကားအုံနာ ဒေါ်မြရွှေ၏ ကျယ်လောင်လှသောအသံက ကားဘောနပ်ပေါ်မှ ထွက်ပေါ်လျက်။ ကော့ကပ်တာဆုံကား ဈေးလည်းဖြစ်၏၊ ကားဂိတ်လည်း ဖြစ်၏။ ကော့ကပ်သည် တိုက်နယ်အဆင့်ကျေးရွာဖြစ်သည့်အားလျော်စွာ လူဦးရေ၊ အိမ်ခြေများပြားလှ၏။ ထို့ကြောင့် ရွာနီးချုပ်စပ်ရွာများမှ ဈေးသည်အပေါင်းအတွက်တော့ ကော့ကပ်တာဆုံသည် အားထားမှီခိုရာ နေရာပင်။

နံနက်အရုဏ်တက်မှ စတင်စည်ကားသည့် တာဆုံဈေးတန်းသည် နံနက် ၇ နာရီခန့်တွင် ဈေးကွဲစပြုသည်။ ကော့ကပ်မှ ဇလွန်သို့ နေ့စဉ် နံနက် ၅ နာရီ ကားတစ်စီး၊ ၆ နာရီ ကားတစ်စီးထွက်သည်။ ဒေါ်မြရွှေ၏ "ဖော်လင်းမောင်" နှင့် ဦးခန့်ကြီး၏ကား "ဇမ္ဗူ ထွန်း"တို့တစ်လှည့်စီ၊ တစ်စီးက ယနေ့ခေါင်ကားဆိုလျှင် နောက်နေ့ဘိတ်ကားထွက်ရ၏။

"ပွမ် . . ပွမ် . . ပွမ် . . ပွမ် . ."

www.burmeseclassic.com

www.burmeseclassic.com

ရှည်လျားလှသော ကားဟွန်းသံကမမိသန့်တစ်ယောက်အား အိပ်ယာမှ နိုးထစေသည်။ ခင်ပွန်းဖြစ်သူ ကိုအုန်းခင်မှာမူ တခေါခေါဟောက်လျက် အိပ်ပျော်နေဆဲ။ မမိသန့် ကပျာကယာ ကိုယ်လက်သန့်စင်လိုက်သည်။ ဘီရိုပေါ်တင်ထားသော စားပွဲတင်နာရီကို လှမ်းကြည့်လိုက်တော့ နံနက် ၅း၁၅ နာရီ။ အချိန်ကောင်းလေးပင်။ ယခုအချိန် တာဆုံတွင် ဈေးသည် စုံသည့်အချိန်ဖြစ်၏။ ရွာနီးချုပ်စပ်မှ ခရီးသည်အပေါင်း ရောက်သည့်အချိန်ဖြစ်သဖြင့် လိုချင်တာမှန်သမျှ စုံစုံလင်လင်ရနိုင်သည်။

အုတ်ရှစ်ကွင်းမှ ဝက်သားသည်၊ အိုင်ဆယ်မှ အမဲသားသည်တို့လည်း ရောက်လောက်ပြီ။ မမိသန့်သည် ခေါင်းအုံးစွပ်အတွင်း ထည့်ထားသော ပိုက်ဆံကို နှိုက်လိုက်သည်။ ခါတိုင်းနေ့ထက် ပိုပိုလျှံလျှံ ယူလိုက်သည်။

နံနက်ဖြန် သီတာရုံကျောင်း၏ အရုဏ်ဆွမ်းအတွက် ဆွမ်းလှည့်တာဝန်က ရှိနေသည် မဟုတ်ပါလား။

တာဈေးကလေးကား မှိတ်တုတ်မှိတ်တုတ်မီးခွက်ကလေးများ၏ အလင်းရောင်အောက်တွင် စည်ကားနေသည်။ ဈေးသည်ဈေးဝယ်အားလုံး ခေါင်းပေါင်း၊ စောင်ခြုံလျှက် ပြာသိုလ၏ ချမ်းအေးမှုကို ကာကွယ်နေ အံတုနေရသည်။ အမေစိမ်း၏ မုန့်ဟင်းခါးဆိုင်တွင် ထိုင်စရာမရှိအောင် စားသုံးနေသူများနှင့် ပြည့်နေ၏။ မမိသန့်သည် ဈေးမဝယ်မီ ဟာနေသော ဝမ်းအား မုန့်ဟင်းခါး တစ်ဆယ်သားဖြင့် ဖြည့်တင်းလိုက်သည်။ (မုန့်ဟင်းခါးကို အချိန်ဖြင့် ရောင်းသည်မှာ ကော့ကပ်ရွာ၏ စနစ်တစ်ခုပင် ဖြစ်၏။) ဗိုက်ပြည့်သွားသည်နှင့် ဈေးဝယ်သည့်အလုပ်ကို စတင်သည်။ ဈေးတန်းတစ်လျှောက် အရှေ့မှအနောက် တစ်ခေါက်လျှောက်ကြည့်သည်။ ငါးသည်တွေကများသည်။ ကော့ကပ်အပါအဝင် အခြားရွာများမှလည်း ချောင်းရိုးနံဘေး တည်ရှိသည့်အတွက် ငါးပေါသည်။

ကော့ကပ်ဆိုသည်ကား မြန်မာစကားမဟုတ်၊ မွန်စကားဖြစ်သည်။ 'ကော့'ဆိုသည်မှာ 'ငါး'၊ 'ကပ်'ဆိုသည်မှာ 'ကျွန်း' ဟူ... အဓိပ္ပာယ်ရသည်။ နှစ်လုံးပေါင်းလျှင် "ငါးပေါသောကျွန်း"ဖြစ်၏။ ရှေးမြန်မာဘုရင်များလက်ထက်ကတော့ ကော့ကပ်သည် မွန်လူမျိုးတို့နေထိုင်ရာဒေသတစ်ခုဖြစ်သည်။

မမိသန့်သည် ငါးသည်တစ်ဦးထံတွင် လက်သုံးလုံးခန့် ငါးနုသန်းကြီးများကို လတ်လတ်ဆတ်ဆတ်တွေ့ရသဖြင့် ဝယ်ချင်စိတ်ဖြစ်ပေါ်မိ၏။ ကြော်နှပ်ပြီး ဆွမ်းပို့ရလျှင် ကောင်းမည်လား။ သို့သော် နံဘေးဆိုင်မှ ဝက်သားပေါင်သားများကလည်း သူ၏ စိတ်ကို ဒွိဟဖြစ်စေသည်။ အိမ်ကအိမ်ဦးနတ် ကိုအုန်းခင်ကလည်း ဝက်သားဆိုလျှင် အင်မတန်ကြိုက်သူ ဖြစ်၏။ နောက်ဆုံး မမိသန့် ဆုံးဖြတ်လိုက်၏။

"ယောက်မ . . ဝက်သား ဘယ်ဈေးလဲ"

"၂၅ဝိ/ဈေး"

ဝက်သားသည် အမျိုးသမီးက ပြန်ဖြေသည်။ မမိသန့် ဝက်သားသည်ကို ကြည့်လိုက်သည်။ မျက်နှာသိထဲက မဟုတ်။ မည်သည့်ရွာကလည်း ဆိုသည်ကိုလည်း မမှန်းဆနိုင်။

ထို့ကြောင့် ဈေးဆစ်ရန် ... စားတော့။

"ငါးဆယ်သား ချိန်... ပေါင်သားချိန်နော်"

ဝက်သားသည်က ... သား ငါးဆယ်သားခန့်မှ... လှီးသည်။ ချိန်ခွင်ထဲတွင် ... ၍ ချိန်သည်။ ချိန်ခွင်လျှာ... ဇောက်ထိုးကျလာသည်။

"ရော့. . အစ်မ၊ တစ်... အစိတ်ဖိုး"

မမိသန့် ချိန်ခွင်အတွင်... အလေးကို လှမ်းကြည့်လို... သည်။ ငါးဆယ်သားအလေ... မှာ ကျားအလေးမှန်သေ... လည်း မူရင်းကျားအလေ... မဟုတ်။ ကျားအလေးအ... ဖြစ်နေသည်။ ကိုအုန်းခင်... မရမီက ရွာစဉ်လှည့် ငါးပိ၊ ... ခြောက်ကို ချိန်ခွင်တစ်လ... နှင့် လည်ရောင်းခဲ့သော ... သန့်အဖို့ ယခု ချိန်ခွင်အတွင်... ဝက်သားသည် မည်သို့မှ ... ဆယ်သား မပြည့်မှန်းသိ... သည်။

"အေး . . ၁၂၅ ဖိုးယူ... ပါ။ ဒါပေမယ့် မှန်အောင်ချိ... ပါ ယောက်မရယ်"

မမိသန့်ပြောလိုက်သည်...

ဝက်သားသည်ကလည်း...



www.burmeseclassic.com

www.burmeseclassic.com

ဆတ်ဆတ်ထိမခံ။ အချိအချ ဖြစ်ကုန်၏။

"ဒီမှာ ဇောက်ထိုးကြီး မတွေ့ဘူးလား"

"အဲဒီဇောက်ထိုးကြီးကို ပြောနေတာပဲ။ခု ညည်း အလေး က ဟုတ်မှမဟုတ်ဘဲ"

"ဒီမှာ . . ရှင် စေ့စေ့ စီးစီးမဟုတ်တမ်းတရား မပြော နဲ့။ ဒီမှာ ကျွားအလေးအစစ်နဲ့ ချိန်ပေးတာ မတွေ့ဘူးလား"

ပွဲက ကြမ်းလာပြီဖြစ်၏။

"ညည်းရဲ့ ကျွားအလေး က အပါးကြီးပဲ။ ညည်းဒီဘက် က ငါးသည်ဆီက အလေးနဲ့ ရောင်းမလား။ ငါ ရွာစဉ်လှည့် ဈေးရောင်းခဲ့တဲ့ မိန်းမပါ။ ဒီလို မလုပ်ပါနဲ့"

မမိသန့်က ရွာခံငါးသည် မပုလေးဘက် မေးငေါ့ပြ ပြော ရင်း မပုလေးထံမှ ငါးဆယ် သား အလေးကို လှမ်းတောင်း လိုက်သည်။

"ရော့ . . ချိန်၊ ချိန်ခွင် ဇောက်ထိုးဖြစ်စရာမလိုဘူး။ ခုန်နေရင်ပြီးရော"

မမိသန့်က ဝက်သား သည်ကို ငါးဆယ်သားအလေး ကို လှမ်းပေးသည်။ ဝက်သား သည်က မယူ။

"ကျုပ်ရောင်းတာ ကျုပ် အလေးနဲ့ပဲ ချိန်မယ်။ ရှင် ကျုပ် ကို ဈေးဦးကျိုးအောင်မလုပ်နဲ့ နော်"

ဝက်သားသည်က ပြော ပြောဆိုဆို ဝက်သားခုတ်သည့် ဓားမကြီးကိုင်ရင်း ထိုင်ရာမှ ထ လိုက်သည်။ မမိသန့်ကလည်း လက်ထဲမှ ငါးဆယ်သား အလေးကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း အသင့်ပြင်လိုက် သည်။

"ဘာလဲ . . ညည်းက ကျုပ်ကို ခုတ်မလို့လား။ လာ လေ . . ခုတ်ကြည့်လိုက်၊ညည်း က လူပါးဝလို့၊ မမိသန့်တို့က တော့ ကော့ကပ်မှာ ထဘီ အလံထူထားတဲ့ မိန်းမ၊ လာ စမ်းပါ"

သူတို့နှစ်ဦးသည် စကား အချေတင်မှုရန်ပွဲသို့ ကူးပြောင်း ရန် နှစ်ယောက်စလုံးတာစူနေ ကြပြီဖြစ်၏။ တာဈေးတန်းတွင် ကုန်ခြောက်ရောင်းနေသော မမိသန့်၏ ညီမ ဥသြစိန်က လည်း ဝါးလုံးတစ်ပိုင်းကို ကိုင် ကာ အစ်မဖြစ်သူနား ရောက် လာသည်။ ငါးသည်မပုလေး မနေသာတော့၊ နှစ်ဖက်ကြား ဝင်ရပ် ဖြန်ဖြေသော်လည်း၊ နှစ်ဖက်စလုံးမှ အယုတ္တအနတ္တ စကားလုံးများ ကြမ်းတမ်းစွာ ထွက်လာသည်။ တာဈေးတန်း လေးမှာ ရုတ်ရုတ်သဲသဲ။ အမေ စိမ်း၏ မုန့်ဟင်းခါးဆိုင်တွင် မုန့်စားနေသော ရွာလူကြီး ဦးမြ မောင် မနေသာတော့၊ ဝင် ရောက်ရှင်းရတော့၏။

"ဟဲ့- မိသန့်တို့ညီအစ်မ ဘော်ကြစမ်း၊ စေ့စေ့စီးစီး မင်္ဂလာမရှိ၊ တိတ်ကြစမ်း"

ခပ်ငေါက်ငေါက်ပြော လိုက်သော ဦးမြမောင်၏ အသံကြောင့် မမိသန့်တို့ ညီ အစ်မ ငြိမ်သွားသည်။ ဝက် သားသည်ကိုလည်း ကိုယ့်ရွာ ကိုယ်ပြန်ရောင်းခိုင်းသည်။ ဝက်သားသည်သည် ဝက်သား တွဲများကို ခံတောင်းတွင် ထည့် ရင်း မမိသန့်တို့ ညီအစ်မအား မျက်ထောက်နီနှင့် ကြည့်ကာ -

"ညည်းတို့ ထမင်းဝ အောင်စားထား"

ဝက်သားသည်၏ စကား ကြောင့် မမိသန့် ရှူးရှူးရှားရှား နှင့် ရှေ့တက်လာသည်။ ဦးမြ မောင်က လက်လှမ်းဆွဲကာ-

"ဟဲ့-မိသန့် ငါပြောနေ တာ မရဘူးလား"

မမိသန့် တန့်သွားသည်။ ဝက်သားသည်ကား ဝက်သား တောင်းရွက်ကာ ဘောက်ဆွ ဘောက်ဆွနှင့် တာဈေးတန်းမှ ထွက်သွားသည်။

ဤဖြစ်စဉ်ကား ကော့ ကပ်တာဆုံဈေးတန်း၏ မဆန်း လှသောဖြစ်စဉ်တစ်ခုပင်။ မကြာခဏ ယင်းပြဿနာမျိုး ပေါ်သည်။ ရွာခံအချင်းချင်း လည်း ဖြစ်သည်။ ဧည့်သည်နှင့် လည်းဖြစ်သည်။ တာဈေးတန်း တွင် ကျေးရွာလူကြီး တစ်ဦး မဟုတ်တစ်ဦး ရှိနေ၍သာ အကျယ်အကျယ် မငြိမ်းဖွယ် ကိစ္စများ မဖြစ်အောင် တားဆီး နိုင်သည်။

ထိုနေ့က မမိသန့်တစ် ယောက် ငါးနုသန်း တစ်ပိဿာ ကြော်နှပ်ကလေးချက်ကာ အိမ် လည်းစား၊ ကျောင်းသို့လည်း ပို့ လှူနိုင်ခဲ့သည်။

၆၆၆

မှတ်မှတ်ရရ ထိုနေ့က ၁၃၃၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်၊ နေ့စဉ် ဒိုင်ယာရီရေး သော အကျင့်ကြောင့် တိတိ ကျကျ မှတ်မိနေခြင်း ဖြစ် သည်၊ နံနက်ဝေလီဝေလင်း တွင် အိမ်ရှေ့ရှိ နေရချမ်းသာ



www.burmeseclassic.com

www.burmeseclassic.com

အား ကျွန်တော်ရေဖြည့်နေသည်။ ထိုစဉ် အိမ်ရှေ့သို့ ဆိုက်ကားတစ်စီး ကလင် . . ကလင် ဘဲလ်သံပေး၍ ဆိုက်ရောက်လာသည်။ ဆိုက်ကားခုံရှေ့တွင် ထိုင်လိုက်လာသူကား ကျွန်တော့် အဒေါ် အရင်း (အမေ့အစ်မ)ဒေါ်နှင်းရီနောက်တွင် ထိုင်လိုက်လာသူက ဦးခေါင်းနှင့်မျက်နှာတစ်ခုလုံးကို တဘက်နှင့်ပတ်ထားသဖြင့် မည်သူမှန်းခွဲခြား၍ မသိရသေး။ ဆိုက်ကားပေါ်မှ ဆင်းလာပြီး ကျွန်တော့်အား နှုတ်ဆက်တော့မှ အသံကြား၍မှတ်မိသွား၏။ ကျွန်တော်၏အဒေါ်ဝမ်းကွဲဒေါ်မိသန့်ဖြစ်နေသည်။ မျက်နှာကြည့်လျှင် ဘယ်သို့မှ မှတ်မိနိုင်မည်မဟုတ်သော အခြေအနေပင် ဖြစ်သည်။ မျက်နှာတစ်ခြမ်းမှာ လေထိုးထားသော ဘောလုံးသဖွယ် ဖောင်းကားနေ၏။ တစ်ခြမ်းက သာမန်မျှသာ။ မျက်နှာတစ်ခြမ်းတည်း ယောင်ကိုင်းနေသည်။

"ကိုငွေး၊ နင့်အမေနေကောင်းရဲ့လား"

အဒေါ်ကြီးက မေး သည်။

"ဘုရားရှိခိုးနေတယ်။ ပြီးတော့မှာပါ"

ကျွန်တော်က ပြန်ဖြေရင်း ဒေါ်လေးမမိသန့်ကို -

"ဒေါ်လေး မမိသန့် မျက်နှာက ဘယ်လိုဖြစ်တာလဲ"

ဟု မေးမိ၏။

"ပင့်ကူရှပ်သလား. . ၊ အခြားအကောင်တစ်ကောင်ကောင် ကိုက်သလားမသိပါဘူး ကိုငွေးရယ်။ ညဘက်အိပ်တုန်းက အကောင်း၊ မနက်ထမယ်လို့လုပ်တော့ မျက်နှာကြီးလေးနေတာရယ်၊ ခေါင်းမူးနေတာရယ် ဖြစ်တာ။ ပထမတော့ ဒေါ်လေးက သွေးတိုးတာပဲလို့ အောက်မေ့မိတယ်။ ခေါင်းဖြီးပြီး မှန်ကြည့်လိုက်တော့မှ ဒီမျက်နှာကို မြင်ရတာ ရွာက ကျန်းမာရေးမှူးနဲ့ ဆေးထိုးဆေးစားလုပ်နေတာကိုက တစ်ပတ်လောက်ရှိပြီ။ မသက်သာလို့ ရန်ကုန်ဆေးရုံပြဖို့ တက်လာတာပဲ"

ကျွန်တော်တို့အားလုံး အိမ်ပေါ်တက်ကြသည်။ ဘုရားရှိခိုးပြီးဖြစ်နေသော အမေက လှေကားရင်းမှ ဆီးကြိုရင်းမေးသည်။

"ဟဲ့-မိသန့်၊ ညည်းမျက်နှာက ဘယ်လိုဖြစ်ရတာတုံး"

ဒေါ်လေးမိသန့်က ဖြစ်စဉ်ကို ပြောပြသည်။ အမေက

"ဒါဆိုလည်း ဆေးရုံကြီးမှာ မပြနဲ့ကြာတယ်။ မြရတနာဆေးခန်းမှာပြ၊ ဆေးရုံက ဆရာဝန်ကြီးတွေအားလုံး အဲဒီမှာ ထိုင်တယ်။ မြန်တယ်။ ညည်းတတ်နိုင်တာပဲအေ"

ဟု ပြောပြသောအခါ ဒေါ်လေးမိသန့်က. .

"မမ ကောင်းသလိုသာ လုပ်"

ဟု ပြန်ဖြေသည်။ (မှတ်ချက်။ ။ ထိုစဉ်ကာလက ရန်ကုန်မြို့တွင် အထူးကုဆေးခန်းဆိုလျှင် မြရတနာဆေးခန်းသာ ရှိသည်။)ထိုနေ့က တစ်နေ့တာ အချိန်များစွာကို ဒေါ်လေးမိသန့်အတွက် ကျွန်တော်ပေးလိုက်ရသည်။ မြရတနာဆေးခန်းသို့ ကျွန်တော်လိုက်ပြပေးရသည်။ အထူးကုဆရာဝန်ကြီးများနှင့် ပြသည်။ ဆီးဝမ်းသွေးအကုန်စစ်ရသည်။ ဦးခေါင်းပိုင်း ဓာတ်မှတ်ရိုက်ရသည်။ လောလောဆယ်သောက်ရန် လိမ်းရန် ဆေးပေးသည်။ ဆေးစစ်ချက်အဖြေများ နောက်တစ်နေ့မှရမည်။ ထိုအချိန်ရောက်ါ တိတိကျကျသိပြီးမှ တိုက်ရိုက်ဆေးဝါးများပေးမည်ဟု ဆရာဝန်ကြီး ပြောသည်။

ဿဿဿ

ကျွန်တော်တို့အိမ်၏ အကျင့်ကလည်း တစ်မျိုးပင်ဖြစ်သည်။ ဧည့်သည်ပြတ်နေပြီဆိုလျှင် လုံးဝမရှိ။ ဧည့်သည်တစ်ဦးတစ်ယောက်သာရောက်လာကြည့်၊ နောက်ထပ် ဧည့်သည်က အဆက်မပြတ်ထပ်လာသည်။

ထိုနေ့က ညနေစောင်းမှာ အဘမြိုင်ရောက်လာပြန်သည်။ သထုံ နေမိန္ဒရတောင်တွင် ၄၅ ရက် အဓိဋ္ဌာန်ဝင်ရာပြီးမြောက်အောင်မြင်၍ ပြန်လာခြင်းပင်။ ဗိုလ်တထောင်ဘုရားတွင် ၉ ရက် အဓိဋ္ဌာန်ဝင်ပြီး ပုပ္ပါးသို့ သွားရမည်ဟုဆိုသည်။

အဘမြိုင်နှင့် ကျွန်တော်သည် သွေးသားတော်စပ်ခြင်းမရှိ။ သို့သော် ရှေးယခင်ဘဝများက မည်ကဲ့သို့ တော်စပ်ခဲ့သည်ကိုတော့ မသိ။ ပဋ္ဌာန်းဆက်ကြီးကြီးမားမားရှိပုံတော့ရသည်။ အဘမြိုင်နှင့် ကျွန်တော် စတင်ဆုံဆည်းသည်ကာ



www.burmeseclassic.com

www.burmeseclassic.com

ရွှေတိဂုံစေတီတော်၏ ရှင်စောပုဘုရားအနီးရှိ တန်ဆောင်းအတွင်းပင် ဖြစ်သည်။ ထိုအချိန်က ကျွန်တော်၏ အိမ်ထောင်ရေးပြိုကွဲပြီးကာစအချိန်။ နိစ္စဓူဝ လူမှန်းသူမှန်း မသိအောင် မူးယစ်သောက်စားနေချိန်လည်း ဖြစ်၏။ သေရည်ကိုသာ အာရုံထားနေ၍စီးပွားရေးပိုင်းတွင် လစ်ဟာမှုကလည်းရှိလာသည်။

ထိုနေ့ကျမှ ရွှေတိဂုံစေတီတော်ကြီးကို သွားရောက်ဖူးမြော်လိုသည့် ဆန္ဒက ထိန်းချုပ်မရအောင် ဖြစ်ပေါ်လာ၍ ဘုရားပေါ်ရောက်ရှိသွားခြင်းဖြစ်သည်။ ရောက်ရှိသွားသည့်အချိန်ကမနက်ဝေလီဝေလင်း။ (ညလုံးပေါက်ဖွင့်သည့် ဆိုင်တွင် အရက်သောက်ပြီးမှ သွားရောက်ခြင်းပင်။)

ဘုရားရိပ်၊ တရားရိပ်သည်ကား လွန်စွာအေးမြလှသည်။ ဘုရားရင်ပြင်ပေါ်သို့ ရောက်သည်နှင့် ရင်ထဲက သောကတစ်ဝက်ခန့် လျော့ပါးသွားသည်။ လေအဝှေ့တွင် ရှိတ်ခတ်မြည်ဟီးလာသော ဆည်းလည်းသံလေးများက နှလုံးသားကို အေးမြစေသည်။ စနေ့ထောင့်မှနေ၍ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ညွှတ်နူးစွာ အာရုံယူ၍ ဖူးမြော်သည်။ ပြီးမှ ရှင်စောပုစေတီသို့ သွားရောက်ဖူးမြော်ကာ ဝဋ်ကြွေးရှိသမျှ ပြေပျောက်ပါစေရန် ဆုတောင်းပြီး အနီးရှိ တန်ဆောင်းအတွင်း ထိုင်ဖြစ်သည်။ ကလေးတစ်ယောက်နှင့် ယိုယွင်းနေသော စီးပွားရေးကြောင့် ရှေ့ရေးကို တွေးတောကာ ရင်လေးနေမိ၏။

ထိုစဉ်မှာပင် တဒေါက်ဒေါက် တောင်ဝှေးထောက်သံနှင့်အတူ အဖိုးအိုတစ်ဦး ကျွန်တော်၏ အနီးသို့ ရောက်လာ၏။ အဖိုးအို၏ တောင်ဝှေးသဏ္ဌာန်ကလည်း ထူးဆန်းပါဘိ။ အဆစ်ပိတ်ဝါးတောင်ဝှေးပင်ဖြစ်သော်လည်း လက်ကိုင်ပေါ်တွင် နဂါးသုံးကောင် ပါးပျဉ်းထောင်၍ ခေါင်းချင်းဆိုင်နေသည့်ပုံဖြစ်သည်။ ကျွန်တော့်အနီးထိုင်လိုက်ရင်း . .

"တောင်တွေး မြောက်တွေး၊ စိတ်မလေးနဲ့၊ တောင်ကြံ မြောက်ကြံ၊ မပူပန်နဲ့ လူကလေး၊ လောကသံသရာမှာ ဝဋ်ကြွေးဆိုတာ လူတိုင်းရှိကြစမြဲပါ။ ကိုယ်တစ်ယောက်တည်းပဲရှိတယ်လို့ မထင်နဲ့၊ သောကကို အရက်နဲ့ ဖြေဖျောက်လို့မရနိုင်ဘူး။ အရက်ဟာ အမှန်တရားဘယ်တော့မှ မပေးဘူး။ ဆိုးကျိုးနဲ့ မိုက်မြစ်တွေသာ ဖြစ်နိုင်တယ်။ တရားဓမ္မကသာ သောကကို အေးမြစေနိုင်တယ်ဆိုတာ လူကလေး မြဲမြဲမှတ်ထား"

အောင်မြင်သောအသံနှင့် ကျွန်တော့်အား ပြောကြားလေ၏။

"အဘ ကျွန်တော့်မှာ သောကတွေ ကြီးမားနေတယ်ဆိုတာ ဘယ်လိုသိပါသလဲ"

ဟု ကျွန်တော်မေးမိ၏။ ကြည်လင်ဝင်းပနေသော အဘ၏ မျက်နှာသည် ပြုံးတုံ့တုံ့ဖြစ်သွားသည်။

"လူတစ်ယောက်ရဲ့ ရင်ထဲက အဖြစ်အသွင်သဏ္ဌာန်အားလုံး မျက်နှာမှာ ပေါ်လေ့ရှိတယ် လူကလေး။ ဘယ်လောက်ပဲ ဟန်ဆောင် ဟန်ဆောင် ဖုံးဖိလို့မရဘူး။ အဘတို့အဖို့ကတော့ တခြားသိနိုင်တဲ့ နည်းလမ်းတွေ ရှိသပေါ့၊ နောင်တော့ လူကလေး နားလည်လာမှာပါ။ အခု အဘပြောမယ်၊ လူကလေး အခုအချိန်ကစပြီးအရက်မသောက်နဲ့တော့၊ သောက်ချင်တဲ့စိတ်ကြီးမားလာရင် ဗုဒ္ဓဂုဏ်တော်မရပ်မနားပွားများနေပါ။ အဘဒီဘုရားပေါ်မှာ နောက်ထပ် ၁၀ ရက် အဓိဋ္ဌာန်ကျန်သေးတယ်။ ဂေါပကခွင့်ပြုချက်နဲ့ ရှင်အဇ္ဇဂေါဏတန်ဆောင်းမှာ နေတယ်။ တွေ့ချင်ရင်လာခဲ့၊ ကဲ . . အဘအဓိဋ္ဌာန်ဝင်ချိန်ရောက်တော့မှာမို့ သွားတော့မယ်"

ဟု ပြောကာ ကျွန်တော့်အနီးမှ ထွက်ခွာသွားတော့၏။

ထိုနေ့က တစ်နေ့လုံး ကျွန်တော် နေလို့ထိုင်လို့မရ၊ ဂဏာမငြိမ်ဖြစ်နေသည်။ ကတုန်ကယင်ဖြစ်သည်။ စိပ်ပုတီးနှင့် ဗုဒ္ဓဂုဏ်တော်ကို မရပ်မနားပွားများသည်။ အမေက တအံ့တဩကြည့်နေသည်၊ ထိုနေ့ညက တစ်ညလုံး သမီးဖြစ်သူအား ယပ်ခပ်ပေးရင်း ပုတီးစိပ်သည်။ အိပ်စက်ရန် ကြိုးစားသော်လည်း မရ။

မနက်အရုဏ်တတ်ချိန်တွင် ကျွန်တော်ရွှေတိဂုံဘုရား ရှင်အဇ္ဇဂေါဏတန်ဆောင်းအတွင်း အဘရှေ့သို့ရောက်နေပြီဖြစ်၏၊ အဘတို့ အကျိုး



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းပြောပြတော့ အဘက သူ၏ ကြီးမားသော လွယ်အိတ်အတွင်းမှ ပုလင်းတစ်ပုလင်း ထုတ်ကာ အထဲမှ ဖြူဝါဝါအမှုန့် နှီးတစ်ဖျားခန့်ကို ဘုရားသောက်တော်ရေတစ်ခွက် စွန့်ပြီးတိုက်သည်။ ဂုဏ်တော်ကိုးပါးကို ပုတီး ၉ ရက် စိပ်ခိုင်းသည်။ ညတစ်ညလုံး အိပ်မရသော်လည်း အဘ၏ ဆေးသောက်ပြီးချိန်မှစ၍ ဦးခေါင်းကြည်လင်လာသည်။ တခြားခံစားနေရသောဝေဒနာအားလုံးလျော့ပါးသွားသည်။ ထိုနေ့မှစ၍ အဘမြိုင်နေထိုင်ရာ ရှင်အဇ္ဇဂေါဏတန်ဆောင်းသည် ကျွန်တော်၏ ကွန်းခိုရာနေရာ ဖြစ်လာသည်။ အဘ၏ အဆုံးအမကို ခံယူသည့် လမ်းညွှန်မှုကို လိုက်နာသည်။

အဘက . .

"လူကလေး . . မင်းစိတ်တွေ အေးချမ်းလာပေမယ့် တည်ငြိမ်မှုကို အများကြီးလိုသေးတယ်။ ခု ရွှေတိဂုံမှာ အဓိဋ္ဌာန်ပြီးရင် အဘ ပြည်ရွှေဆံတော်မှာ အဓိဋ္ဌာန် ၉ ရက် ဝင်ရမယ်။ အဲဒါ လူကလေး လိုက်ခဲ့ရမယ်"

ဟု ပြောသဖြင့် ကျွန်တော်လည်း ပြည် ရွှေဆံတော်သို့ လိုက်ပါ အဓိဋ္ဌာန်ဝင်ဖြစ်သည်။

ပြည်မှ အပြန်တွင် ကျွန်တော်၏ စိတ်များ ကြည်လင်အေးချမ်းမှုကို အပြည့်အဝရရှိလာတော့၏။ အဘ၏ လမ်းညွှန်မှုအတိုင်း ဆောင်ရွက်သဖြင့် စီးပွားရေးအနေအထားမှာလည်း ပြန်လည်ကောင်းမွန်လာသည်။ သည့်နောက်ပိုင်းတွင်မူ ကျွန်တော်၏အိမ်သည် အဘမြိုင်၏ ဂန္ဓာရီခရီးစဉ်များအတွက် ယာယီစခန်းထောက် ဖြစ်ခဲ့သည်။ အမြဲတမ်း နှစ်ရက်၊ သုံးရက် ဝင်နားလေ့ရှိသည်။ အဘသည် ဆေးဝါးနားလည်၏။ နက္ခတ်ကျွမ်းကျင်၏။ အင်္ဂရိတ် ကျွမ်းကျင်၏။ စရဏအားကောင်း၏။

နောက်တစ်ရက်တွင် ဒေါ်လေး မမိသန့်၏ ဆေးစစ်မှုအဖြေလွှာများရရှိသည်။ ဆီး၊ ဝမ်း၊ သွေး အဖြေများ ဘာမှ ချို့ယွင်းချက်မရှိ။ ဦးခေါင်းပိုင်း ရိုက်ထားသည့် ဓာတ်မှန်ကို ဦးနှောက်နှင့်အာရုံကြောအထူးကုဆရာဝန်ကြီးကိုယ်တိုင်စစ်သည်။ ဘာအပြစ်မှမတွေ့ရ။ ဆရာဝန်ကြီးများ ခေါင်းချင်းရိုက်ကုန်သည်။ ညှိနှိုင်းဆောင်ရွက်ကြသည်။ အဖြေရှာကြသည်။ အဖြေမရသည့်အဆုံး သောက်လက်စဆေးနှင့် လိမ်းဆေးကို တစ်ပတ်ဆက်သောက်၊ ဆက်လိမ်းရန် ညွှန်းသည်။ ဆရာကြီး၏ စကားကြောင့် ဒေါ်မိသန့် ငိုင်သွားသည်။ သူ၏ ဝေဒနာကား သက်သာခြင်းအလျဉ်းမရှိသေးပေ။

မြရတနာဆေးခန်းမှ အိမ်သို့ ပြန်ရောက်တော့ အဘမြိုင်ဘုရားခန်းရှေ့တွင် အဖန်ရည်တစ်အိုးနှင့် အခန့်သားထိုင်နေသည်ကို တွေ့ရသည်။ မနက်စောစောပိုင်းကတည်းက အဘ အိမ်မှာမရှိ။ ဘုရားဝတ်ပြုအပြီး သူ၏ ပင်စင်လစာကို ရွှေတိဂုံဘုရားကြီး ဘက်စုံပြုပြင်ရေးသို့ သွားရောက်လှူဒါန်းနေ၍ဖြစ်သည်။ ဒေါ်ကြီးဒေါ်နှင်းရီနှင့် ဒေါ်လေးမမိသန့်တို့ကတော့ သူတို့အတွက် ပေးထားသော အခန်းတွင်းသို့ အဝတ်အစားလဲရန် ဝင်သွားသည်။ ကျွန်တော်ကမူ အဘမြိုင်ရှေ့သွားရောက်ထိုင်ရင်း ဒေါ်လေးဖြစ်သူ၏ ဆေးကုသမှုဖြစ်စဉ်များအား ပြောပြမိ၏။

"အေး . . အေး . . လူလေးရဲ့ အဒေါ်ကို အဘ ထမင်းစားပြီးရင် ကြည့်ပါဦးမယ်။ အဘ ကယ်မ,လို့ရရင်လည်း ကယ်မ,ရတာပေါ့"

ဟု အဘက ပြော၏။ ထမင်းစားချိန်တန်ပြီဖြစ်၍ ပထမဦးစွာ အဘအား သက်သတ်လွတ်ထမင်း၊ ဟင်းဖြင့် အရင်ကျွေးမွေးပြီး နောက်ပိုင်းတွင် အမေ၊ဒေါ်ကြီး၊ ဒေါ်လေး မမိသန့်၊ ကျွန်တော်နှင့် သမီးဖြစ်သူတို့ စားကြသည်။

ထမင်းစားအပြီးတွင် အဘက ဒေါ်လေးမိသန့်အား စစ်ဆေးသည်။ ဒေါ်လေးမိသန့်၏ လက်ကောက်ဝတ်သွေးကြောနေရာသို့ သွေးစမ်းရင်း မျက်စိမှိတ် အာရုံပြုနေသည်။ ၃/၄ မိနစ်ခန့်အကြာတွင် မျက်စိမှိတ်ထားသော အဘမျက်နှာသည် ပြုံးယောင်သန်းလာသည်။ သွေးစမ်းအပြီးတွင် အဘက . .

"တူမကြီး ဝေဒနာကို အဘပျောက်ကင်းအောင် ကူညီနိုင်ပါတယ်။ ဒါပေမယ့် အဘ ကုချင်တိုင်း ကုလို့မရပါဘူး။ တူမကြီးကိုယ်တိုင် ကုသဖို့ လက်ခံပြီး ကုသဖို့အ[illegible]သာ



www.burmeseclassic.com

www.burmeseclassic.com

အဘကုလို့ရပါမယ်။ ဒီတော့ တူမကြီးရဲ့ အစ်မများနဲ့တိုင်ပင်ပါဦး။ သဘောတူရင် ခုည အဘကုပေးမယ် ဟုတ်ပြီလား။ ခုတော့ အဘ ဗိုလ်တထောင်ဘုရားဂေါပကအဖွဲ့နဲ့ အမိဋ္ဌာန်ဝင်ဖို့ကိစ္စသွားရောက်ပြီး ခွင့်ပြုချက်ယူလိုက်ဦးမယ်။ လူလေးလည်း လိုက်ခဲ့ဦးနော်"

ဒေါ်လေးမိသန့် အဘရှေ့မှ ထွက်၍ သူတို့အခန်းအတွင်းသို့ ဝင်သွားသည်။ ကျွန်တော်လည်း အဘနှင့်လိုက်ရန်အတွက် အဝတ်အစားလဲဖို့ မိမိအခန်းသို့သွားသည်။ ဒေါ်မိသန့်တို့အခန်းဖြတ်အသွား . .

"တကယ့်ပဂေး ဆရာဝန်ကြီးတွေ၊ ရောဂါရှာဖွေရေးဓာတ်ခွဲခန်းကြီးတွေတောင် ရောဂါရှာမတွေ့တာ၊ ညည်းတို့အဘကက ပျောက်အောင်ကုပေးမယ်ဆိုတာ ဖြစ်နိုင်ပါ့မလားအေ။ ဦးနှောက်ကလေးအာလေးသုံးပြီး စဉ်းစားစမ်းပါဦး"

ဟု ပြောလိုက်သော ဒေါ်ကြီး၏စကားသံကို ကြားလိုက်ရ၏။ အဘနှင့် ဗိုလ်တထောင်ဘုရားလိုက်သွားရာလမ်းတွင် အဘက ဒေါ်လေးမိသန့်၏ ဝေဒနာနှင့်ပတ်သက်၍ ရှင်းပြ၏။

"လောကမှာ မင်းတို့ သိပ္ပံပညာရပ်တွေ လိုက်မမီတဲ့ ဝိဇ္ဇာပညာရပ်တွေ အများကြီးပဲဆိုတာ မင်းမြဲမြဲမှတ်ထားလူလေး"

ညစာ စားအပြီးတွင် ဒေါ်လေးမိသန့်က အဘအား သူ၏ ဝေဒနာကို ကုသပေးရန် အပ်နှံသည်။ သူတို့ ညီအစ်မများ မည်သို့ ညှိနှိုင်းလိုက်သည်မသိ။ ကျွန်တော်တို့ ဘုရားသွားစဉ် ညှိနှိုင်းပုံရသည်။ အမေ၏ တိုက်တွန်းချက်ကြောင့်ပင် ဖြစ်မည်။ အမေသည် အဘ၏ အကျင့်၊ သီလ၊ စရဏ၊ ပညာများကို ကြိမ်ဖန်များစွာ ကြုံခဲ့ဖူးလေပြီ။ ဒေါ်ကြီးကား ယုံကြည်ပုံမရ။ အဘသည် ဝေဒနာရှင်က ကုသပေးပါရန် အပ်နှံသောအခါ ဆေးကုသရန် ပြင်ဆင်တော့၏။ သူ၏ ကြီးမားလှသော လွယ်အိတ်အတွင်းမှ ကတ္တီပါအိတ်နီနှင့်စွပ်ထားသော တစ်တောင်သာသာခန့်ရှိသော ဆေးတောင်ဝှေးလေးကို ထုတ်လိုက်သည်။ တောင်ဝှေးလက်ကိုင်ထိပ်တွင် ဇော်ဂျီတောင်ဝှေးထမ်းနေပုံ ရုပ်တုကလေး စွပ်ထားသည်။ တောင်ဝှေးမှာ မည်သည့်အမျိုးအစားမှန်းမသိ။ ဝါးလုံးတစ်လျှောက် အကွင်းလိုက် အဝိုင်းများအပေါ်အောက် တန်းစီနေသည်။ စမများဟု ထင်ရသည်။ လွယ်အိတ်ထဲမှ ဖြူဖြူပုလင်းလေးအတွင်းမှ မဟူရာကဲ့သို့ မည်းနက်နေသော ဓာတ်လုံးတစ်လုံးအား ထုတ်ယူ၍ဘုရားသောက်တော်ရေခွက်အတွင်းသို့ ထည့်သည်။ ကိစ္စအဝဝစီမံပြီးနောက် အဘ ဘုရားဝတ်ပြုတော့၏။ ၁၅ မိနစ်ခန့်ကြာမည်ထင်၏။ ပြီးနောက် ကျွန်တော်မကြားဘူးသော မန္တာန်တစ်ပုဒ်အား ဌာန်နှင့်မာန်နှင့် ရွတ်သည်။ ပြီးသောအခါမှ . . . .

"တဲ . . တူမကြီး၊ ဘုရားရှင်ကို ညွတ်ညွတ်နူးနူး ကန်တော့ ရှိခိုးပြီးရင် ငါးပါးသီလခံယူပါ"

ဟု ပြောရင်း ဘုရားကျောင်းဆောင်ရှေ့တွင် တင်ပလ္လင်ခွေ၍ ထိုင်လိုက်တော့၏။ ဒေါ်မိသန့်သည် ဘုရားရှိခိုး ငါးပါးသီလခံယူပြီးသောအခါ အဘက သူ၏ ရှေ့သို့ လက်တစ်ကမ်းအကွာသို့ တိုးစေပြီး လက်ဝါးနှစ်ဖက်ပက်လက်လှန်၍ အနည်းငယ်မြှောက်ခိုင်းသည်။ အဘဝါးစပ်မှ တတွတ်တွတ်ရွတ်ဆိုနေ၏။ လက်မှလည်း ဆေးတောင်ဝှေးဖျားကို ကြမ်းပြင်နှင့် တစ်တောက်တောက်ခေါက်နေသည်။ နှစ်မိနစ်၊ သုံးမိနစ်ခန့်သာ ကြာမည်ထင်၏။ ဒေါ်မိသန့်၏ လက်ချောင်းလေးများ တစ်ချောင်းနှင့်တစ်ချောင်း ပူးလိုက် ခွာလိုက် ဖြစ်လာသည်။ အဘထံမှ အသံထွက်လာသည်။

"ကာယကံရှင် ဝေဒနာရှင်ထံသို့ ဝင်လာပါ။ ဆရာအမိန့်ပေးနေတယ်။ မေတ္တာရပ်ခံနေတယ်"

ဒေါ်မိသန့်၏ ပူးတုံ့ခွာတုံ့ဖြစ်နေသော လက်ချောင်းများမှာ ငြိမ်ကျသွားပြီး မျက်လုံးများပွင့်လာသည်။ ဒေါ်မိသန့်၏ မျက်နှာအမူအရာ အပြောင်းကြီး ပြောင်းသွားသည်။ မာကျောခက်ထန်သောဒေါသမျက်နှာ ဖြစ်လာသည်။ မျက်နှာတွင် မထီတရီ အပြုံးနှင့် ထိမထင်သည့် ပုံသဏ္ဌာန်ဖြစ်နေသည်။

အဘနှုတ်ဖျားမှ အသံထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

"နင့်ကို ဆရာမေတ္တာနဲ့ ပြောဆိုပါတယ်။ သူတစ်ပါးကို ဝေဒနာခံစားရအောင်လုပ်တာ အင်မတန်မှ အကုသိုလ်ကြီးပါတယ်။ သေရင် အပါယ်လားရမှာ မကြောက်ဘူးလား။ ဆရာမေတ္တာရပ်ခံပါတယ်။ ကိုယ်လုပ်တဲ့ဝေဒနာ ကိုယ်ပြန်ထုတ်ပါ။ မေတ္တာနဲ့ပဲ ပြောနေပါတယ်"

သရော်တော်တော်အသံတစ်ချက် ဒေါ်မိသန့်ထံမှ ထွက်လာ၏။

"ဟား . . ဟား . . ဟား . . မတောက်တခေါက်ပညာလေးနဲ့များ ဟာ . . ဟ"

သို့သော် အဘကား မျက်နှာမပျက်၊ ပြုံးယောင်ပင် သန်းသွားသေး၏။

"မေတ္တာတရားကို နားမလည်ဘဲကိုး။ ဒါကြောင့်လည်း ဒီဘဝမျိုးရောက်ရတာပဲလေ။ ဆရာမကြမ်းချင်ပေမယ့်လည်း ကျောင်းမှန်းကန်မှန်းလေးသိအောင် နည်းနည်းတော့ပြရတာပေါ့"

ဟု အဘက ပြောသည်။ ပြီးနောက် ပါးစပ်မှ တတွတ်တွတ်ရွတ်ရင်း လက်ဝါးနှစ်ဖက်ကို ဒေါ်မိသန့်ဘက်ထောင်ပြလိုက်သည်။ ကျွန်တော်တို့ ဘေးပရိသတ်အဖို့ လက်ဝါးနှစ်ဖက်သာ မြင်သော်လည်း ဒေါ်မိသန့်အဖို့ ဘာကိုမြင်သည် မသိ။ ထိတ်လန့်သော အသွင်ပေါ်လာသည်။ ထို့နောက် ဘယ်ဘက်သို့လည်းကောင်း၊ ညာဘက်သို့လည်းကောင်း ရှောင်တိမ်းနေသည့် ဟန် ဖြစ်နေသည်။ အဘသည် ဒေါ်မိသန့်ကိုကြည့်ရင်း . .

"အော် . . အဆင့်တော်တော် မြင့်နေပြီကိုး။ ဒါကြောင့်လည်း မာန်တက်နေတာပေါ့ ဟုတ်လား။ ကဲ . . ဒီမှာကြည့်ဦး"

ဟု ပြောကာ ဆေးတောင်ဝှေးကို ဒေါ်မိသန့် မျက်နှာတည့်တည့် တစ်တောင်အကွာခန့်ကို ဆန့်တန်းလိုက်သည်။

ဆေးတောင်ဝှေးကား ဒေါ်မိသန့်ကို လုံးဝမထိသော်လည်း ဒေါ်မိသန့်ကို ကြည့်ရသည်မှာ လူ ၃/၄ယောက် ဝိုင်းဝန်းထိုးကြိတ်နေသည်ကို တစ်ယောက်တည်းသမားက လှိမ့်ခံနေရသည့် ပုံသဏ္ဌာန် ဖြစ်နေသည်။

"နင့်ဝေဒနာ နင်ပြန်နှုတ်မလား၊ မနှုတ်ဘူးလား ပြော"

"အောင်မလေး . . နာလှပါပြီ၊ နှုတ်ပါ့မယ်၊ ခု နှုတ်ပါ့မယ်"

"အေး . . ရက်ဆွဲတာကို မလိုချင်ဘူး။ ခုည အပြီးနှုတ်တာပဲ လိုချင်တယ်။ ကဲ . . ငါ ပြန်ရုတ်လိုက်မယ်။ ခုထုတ်ပါ"

အဘက ပြောရင်း ဆန့်တန်းထားသော တောင်ဝှေးကို ပြန်ရုတ်လိုက်သည်။

ဒေါ်မိသန့် ကျုံ့ကျုံ့ထိုင်ကာ

"နောက်ထပ် ဒဏ်မခတ်ပါနဲ့တော့ဆရာကြီးရယ် . . . ရောဂါတွေ ခုထုတ်ပါ့မယ်"

"အေး . . ထုတ်တော့။ ချန်ထားဖို့တော့ မစဉ်းစားနဲ့နော်။ ချန်ထားရင် ခုနထက် ပိုနာမယ်"

အဘစကားအဆုံးတွင် ဒေါ်မိသန့်သည် သူမ၏ ယောင်ကိုင်းဖောင်းကားနေသော မျက်နှာဖက်ခြမ်းအား လက်ဝါးဖြင့် သပ်ယူကာ သပ်ယူကာ အနောက်ဘက်သို့ ပစ်နေသည်။ သူမနောက်ဘက်တွင် မည်သူမှမရှိ။ အဘမြိုင်က ဆေးမကုသမီကတည်းက သူမ၏ နောက်တွင် မည်သူမှ မထိုင်ရန် တားမြစ်ထားသည်။ ကာယကံရှင်ဝေဒနာထုတ်နေစဉ် ကျွန်တော် စကားစလိုက်သည်။

"အစ်မကြီး၊ ခုလို သူတစ်ပါးကို ရောဂါဝေဒနာရအောင် လုပ်တာ ရန်ငြိုးရန်စ ရှိလို့လား"

"ကြုံကြီးစီရာတော်၊ သူ့ကို မြင်ဖူးတာ တစ်လတောင် မပြည့်သေးဘူး"

ဒေါ်မိသန့်၏(ကာယကံရှင်)က ဖြေ၏။

"ဒါဖြင့် ဘာဖြစ်လို့ လုပ်တာတုံး"

"သူများ ငှားလုပ်ခိုင်းလို့"

"ဘယ်သူက ငှားခိုင်းတာလဲ"

"ငှားတာက ကော့စိန်ထ ဝက်သားသည်မ၊ ကော့ကစ် တာဈေးမှာ သူနဲ့ ရန်ဖြစ်ခဲ့လို့ ငါ့ကို ငှားလုပ်ခိုင်းတာ"

မျက်နှာကို တရစပ်ပွတ် ချရင်း ဖြေသည်။

"ဘယ်လောက်ရလို့ လုပ်တာတုံး"

ဟု မေးတော့ . .

"အစိတ်"



www.burmeseclassic.com

www.burmeseclassic.com

ဟု ဖြေသည်။ (ထိုစဉ်ကာလက လက်ဖက်ရည်တစ်ခွက် တန်ဖိုးမှာ ပြား ၅၀ ခန့်သာ ရှိသည်။)

"အဲဒီလောက်အဝေးကြီးက ဒီကိုဘာနဲ့လာတာလဲ။ သင်္ဘောစီးပြီးလာတာလား"

ဟု ကျွန်တော်က မခံချင်အောင် စမေးသောအခါ ဒေါ်မိသန့် မျက်နှာသည် တင်းမာခက်ထန်စွာဖြင့် ကျွန်တော့်အား ကြည့်ကာ လက်နှစ်ဖက်အား ကွေးပြီးတောင်ပံခတ်သည့် သဏ္ဌာန်လုပ်ပြသည်။ ပညာသည်၏ အဆင့်အတန်းကား ထဘီခြုံလျှင် လင်းတဖြစ်သည့် အဆင့်။

အဘက ကျွန်တော့်အား ဆက်မမေးရန် အမူအရာပြရင်း . . .

"ကိုယ့်ဝေဒနာကုန်စင်အောင် ထုတ်နော်။ ချန်ထားဖို့ မကြိုးစားနဲ့။ ပြန်စစ်လို့တွေ့ရင် ခုနထက် ပိုနာမယ်"

ဟု ပြောလိုက်သည်။

ဒေါ်မိသန့်(ကာယကံရှင်)အား မျက်နှာတစ်ခွင်တစ်ပြင်အား ၁၀ မိနစ်ခန့်ဆက်လက်ပွတ်သတ်ပစ်ပြီးနောက် ရောဂါစင်ပြီဖြစ်ကြောင်း ပြောကြားသည်၊ အဘသည် ဒေါ်မိသန့်၏ မျက်နှာကို စေ့စေ့ကြည့်ကာ ပြီးမှ နားရွက်နောက်ဘက်ကြားသို့ လက်ညှိုးညွှန်လိုက်သည်။ အသားချင်း လုံးဝမထိစေကာမူ ဒေါ်မိသန့် တုန်တုန်ယင်ယင်နှင့် မျက်လုံးအပြူးသား။

"မလုပ်ပါနဲ့တော့၊ ထုတ်ပါမယ်၊ ခုတစ်ခါ တကယ်ကုန်အောင် ထုတ်ပါမယ်၊ အောင်မလေး နားရွက်ကြားမှာ ဝှက်ပြီးချန်ထားတာတောင် မရပါလားနော်"

အဘ လက်ညှိုးကို ပြန်ရုတ်လိုက်၏။ ဒေါ်မိသန့် နားရွက်နောက်ကြားကို အတန်ကြာအောင် ပွတ်သတ်ထုတ်ပစ်ပြန်၏။ ပြီးမှ . .

"ကုန်စင်ပါပြီ ဆရာကြီး၊ ပြန်ပါရစေတော့"

စကားအဆုံးတွင် အဘသည် ဒေါ်မိသန့်မျက်နှာပြင်မှ စ၍ ခြေဆုံးခေါင်းဖျားစစ်ဆေးပြီး ကျေနပ်ဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်သည်။ ပြီးမှ-

"အေး . . စင်သွားပြီ၊ ဒါပေမယ့် နင့်ကို ဒီအတိုင်း ပြန်ခွင့်မပြုနိုင်ဘူး၊ နို့မို့ဆို နောင်လည်း ပိုက်ဆံရတိုင်း လူတွေကို ဒုက္ခပေးနေမှာ"

အဘသည် ပြောပြောဆိုဆို ဓာတ်လုံးစိမ်ထားသော သောက်တော်ရေခွက်ကို စွန့်ကာ ယူလိုက်သည်။

"ဒါလေးတော့ ခွင့်လွှတ်တော်မူပါ၊ အစဉ်အဆက် ပညာရပ်မို့ပါ ဆရာကြီးရဲ့"

"ဘာအစဉ်အဆက်ပညာရပ်လဲ၊ ငရဲသွားမယ့် ပညာတွေလား။ မလိုချင်ဘူး၊ သောက်ရမယ်၊ သောက်မလား မသောက်ဘူးလားပြော"

အဘသည် ဆေးတောင်ဝှေးကို ဒုန်းကနဲထုရင်း ပြောလိုက်သည်။

"မလုပ်လိုက်ပါနဲ့ ဆရာကြီး၊ ကြောက်လွန်းလို့ပါ။ သောက်ပါတော့မယ်၊ သောက်ပါတော့မယ်"

အဘသည် ဓာတ်လုံးစိမ်ထားသော သောက်တော်ရေနှင့် ဆေးပုလင်းတွင်းမှ (ပြာဟု ယူဆရသော) ဖြုဖြုအမှုန့်အနည်းငယ်ကို တိုက်ကျွေးလိုက်သည်။ ဒေါ်မိသန့်(ကာယကံရှင်)ကား ရှိုက်ကြီးတငင်ငိုကြွေးရင်း ကုန်စင်အောင် သောက်ရတော့၏။

သောက်ပြီးသောအခါ အဘက ဘုရားတန်တော့ခိုင်း၏။ ထိုညတ ဆေးကုသမှုပြီးဆုံးတော့ ည ၁၁ နာရီ၊ မနက်အရုဏ်တက်တွင် အဘမြိုင်အဓိဋ္ဌာန်ဝင်ရန် ထွက်ခွာရာ ဗိုလ်တထောင် ဘုရားသို့ ရောက်သည်အထိ ကျွန်တော်လိုက်ပို့ဖြစ်သည်။

ကျွန်တော် အိမ်ပြန်ရောက်တော့ မျက်နှာသစ်နေသော ဒေါ်လေး ဒေါ်မိသန့်ကို တွေ့ရ၏။ ပီတိပကတိ မျက်နှာသွင်ပြင်ကို အံ့သြစရာကောင်းလောက်အောင် တွေ့ရသည်။

အဘ အဓိဋ္ဌာန်ပြည့်သောနေ့ ညနေပိုင်းတွင် ဗိုလ်တထောင်ဘုရားသို့ အဘကို တွေ့ရန် ရောက်သွားသော်လည်း အဘမရှိတော့။ အဘကား ထွက်ခွာသွားလေပြီ။ ဂေါပကအဖွဲ့၏ ပြောပြချက်အရ အဘ၏ ခရီးစဉ်ကား ပုပ္ပါးမှသည် မြိုင်မဟာ ခရီးစဉ်သို့။

ထိုနေ့မှစ၍ ယနေ့ထက်တိုင် အဘနှင့် ကျွန်တော် ပြန်မဆုံတော့။ ကျွန်တော်၏ အိပ်မက်များ၌သာ အဘ၏ လမ်းညွှန်မှုများသည် ရုံဖန်ရံခါ။

နေလည



www.burmeseclassic.com

www.burmeseclassic.com

# ရွှေဖူးစာအကြောင်းဆက်

# ပေါင်းဖက်နိုင်ကြစေဖို့

**သံသာညွှန်းသွဲ့(တွံတေး)**

သစ်ပင်ပန်းမန်တို့မည်သည် အချိန်ကာလအလိုက် သီးချိန်တန်သီးကြသလို၊ ပွင့်ချိန်တန်ပွင့်တော့လည်း ပွင့်ကြရသည်မှာ လောကဓမ္မတာ ဖြစ်ချေ၏။ ထို့အတူပင် လူသားတို့ဆိုသည်မှာလည်း အချိန်တန်အရွယ်ရောက်ပြီဆိုမှဖြင့် နှလုံးသားတွေ လှုပ်ရှားလာကြပြီး တစ်ဦးနှင့်တစ်ဦး ဖူးစာအကြောင်းဆက် ပေါင်းဖက်ကြရသည်မှာလည်း ဓမ္မတာတရားပင် ဖြစ်ပေသည်။

ဤ၌ တစ်ဦးအပေါ်တစ်ဦး မျက်လုံးချင်းစကားပြောလာသည့် သမယ၊ ချစ်ခရီးလမ်းကို လျှောက်လှမ်းဖို့ရာ အတါက် အဆင်ချောမောသည်လည်း ရှိသလို၊ ကြမ်းတမ်းခက်ခဲသည်လည်း ရှိပါ၏။ သည့်အတွက် အခက်အခဲရှိကြကုန်သော ချစ်သူများအဖို့ တစ်ဦးနှင့်တစ်ဦး ရွှေဖူးစာအကြောင်းဆက် ပေါင်းဖက်နိုင်ကြစေရန်အတွက် လောကီအစီအရင် ယတြာလေးတစ်ခုကို တင်ပြလိုပါသည်။

လုပ်ဆောင်ရန်အတွက် စွယ်တော်ရွက်တစ်ရွက် လိုပါသည်။ စွယ်တော်ရွက်မှာ ချစ်ခြင်း၏သင်္ကေတဖြစ်ပြီး နှစ်လွှာပေါင်းမှ တစ်ရွက်မည်ပါပေ၏။

စွယ်တော်ရွက်ရလာပြီဆိုပါက ထိုစွယ်တော်ရွက်၏ ဘယ်ဘက်အခြမ်း၌ မိမိချစ်မက်နှစ်သက်ရသော ချစ်သူ၏ အမည်နာမကို ရေးရပါမည်။ ၎င်းစွယ်တော်ရွက်၏ ညာဘက်အခြမ်း၌ ကာယကံရှင် မိမိအမည်ကို ရေးရပါမည်။ ညအိပ်ရာဝင်ခါနီးအချိန်၌ ခုံတစ်လုံးပေါ်တွင် အဆိုပါ စွယ်တော်ရွက်ကို တင်ပါ။ စွယ်တော်ရွက်အပေါ်၌ ဖယောင်းတိုင်တစ်တိုင်တင်၍ မီးထွန်းညှိပြီး ''ချစ်ရသူနှင့် အတူတကွ မကြာမတင်သော ကာလ၌ ဖူးစာဆက်ရပါစေသား''ဟူ၍ လေးလေးနက်နက် အာရုံပြုဆုတောင်းပေးပါ။

ငွေကုန်ကြေးကျမများဘဲ အစွမ်းထက်ထိရောက်မှုရှိသည့် လောကီအစီအရင်ကလေး ဖြစ်ပေရာ ချစ်သူနှင့် ဖူးစာဆုံလိုသော ချစ်သောချစ်သူများအတွက် အကူအထောက်အဖြစ် တင်ပြလိုက်ရပါသတည်း။

***ချစ်သူတိုင်း ဖူးစာဆုံကြပါစေ ...။***

သံသာညွှန်းသွဲ့(တွံတေး)



www.burmeseclassic.com

www.burmeseclassic.com

# သမ္ဗုဒ္ဓေအစွမ်း အံ့မခန်း

## သမ္ဗုဒ္ဓေဂါထာကြောင့် ရောဂါပျောက်

❒ မောင်အေးချမ်း(တင့်တူ)

လွန်ခဲ့သော အနှစ် ၂၀ ဝန်းကျင်က အဖြစ်အပျက်လေးတစ်ခု ဖြစ်ပါသည်။ စာရေးသူသည် သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် သာသနတက္ကသီလ ဓမ္မာစရိယ စတုတ္ထနှစ် အောင်မြင်ပြီး၍ တောင်တန်းဒေသသို့ သာသနာပြုရန်အတွက် ကယားပြည်နယ်၊ ဘောလခဲမြို့နယ်ရှိ ရွာတစ်ရွာသို့ တာဝန်ယူ ကြွရောက်ခဲ့ရပါသည်။ စာရေးသူတို့အဖို့ တောင်တန်းဒေသကို သွားရောက်ခြင်းသည် အထူးအဆန်းတော့ မဟုတ်ပါ။ စာရေးသူတို့ကိုယ်တိုင် တောသူတောင်သားဘဝမှ ရှင်ရဟန်းဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။ ဤသို့ဖြင့် စိတ်ပေါ့ပေါ့ပါးပါးဖြင့် ကျရာတာဝန်ကို မဖြစ်မနေ ထမ်းဆောင်မည်ဟု စိတ်ကိုဆုံးဖြတ်ထားပါသည်။ စာရေးသူတို့ တက္ကသိုလ်တက်ရောက်စဉ် ဝင်ခွင့်ဖြေဆိုစဉ်ကပင် တောင်တန်းဒေသသို့ သာသနာပြု စေလွှတ်ခဲ့လျှင် သွားရောက်တာဝန်ထမ်းဆောင်ပါမည်ဟု ကတိခံယူထားသောကြောင့်ပင် ဖြစ်ပါသည်။

သို့သော်လည်း စာရေးသူတို့အဖို့ ကိုယ်တာဝန်ကျသည့်နေရာနှင့် မြို့သည် ခြေလျင်ခရီးကို ၁၂ မိုင်တိတိ သွားရောက်ရပါသည်။ ဘောလခဲမြို့ ဗဟိုကျောင်းဆရာတော်မှ ကျသည့်နေရာကို မသွားခင် မြို့ပေါ်မှ ဆေးဝါးမျိုးစုံကို ဝယ်ယူသွားရန် မှာကြားလိုက်ပါသည်။ စာရေးသူလည်း ရန်ကုန်မှ ဆေးဝါးများကို အပြည့်အစုံ ဝယ်ယူခဲ့ပြီးဖြစ်ကြောင်း လျှောက်ထားခဲ့ပါသည်။ အထူးသဖြင့် ငှက်ဖျားဆေးများကို ဝယ်ယူသွားရန် မှာကြားပါသည်။ စာရေးသူတို့အနေဖြင့် ငှက်ဖျားရောဂါပျောက်ဆေးများလည်း ပါဝင်ကြောင်း လျှောက်ထားလိုက်ပါသည်။ ဗဟိုဆရာတော်မှ စာရေးသူအား တာဝန်ကျသည့်နေရာသည် ငှက်ဖျားအလွန်ကြမ်းတမ်းကြောင်း၊ နယ်မြေခံ ဓာတ်ခံများမဟုတ်ဘဲ လူစိမ်းသူစိမ်းများ ဖျားနာလျှင် ငှက်ဖျားပိုးဝင်ပြီး သေလုနီးပါး ဝေဒနာခံစားရကြောင်း၊ မသေလျှင်တောင်မှ ရူးသွားနိုင်ကြောင်း စသဖြင့် သတိပေးမှာကြားလိုက်ပါသည်။

စာရေးသူတို့ ဇာတိဒေသသည်လည်း ငှက်ဖျားပေါများသော ဒေသဖြစ်ပါသည်။ ငှက်ဖျားရောဂါလည်း ဖြစ်ဖူးပါသည်။ ဆေးသောက်လျှင် ပျောက်သွားသည်က များပါသည်။ တစ်ရက်နှစ်ရက်သာ ဖျားပြီး ဆေးသောက်လျှင် ပျောက်သွားတတ်သောကြောင့် ထိုကယားပြည်နယ်၊ ဘောလခဲနယ်မှ ငှက်ဖျားသည် ဆေးသောက်လျှင် ပျောက်မှာပဲဟုသာ စိတ်ထဲတွင် ယုံကြည်ထားပါသည်။ ထို့ကြောင့် မြန်မာဆေးမျိုးစုံကို စုဆောင်း၍ ဝယ်ယူဆောင်ထားခဲ့ပါသည်။

မှတ်မှတ်ရရ ထိုနေ့ကား တန်ဆောင်မုန်းလဆန်း ၁၄ ရက်၊ အဖိတ်နေ့။ ဒေါ်ညင်ခူကျေးရွာ ကထိန်ပွဲသို့ သူငယ်ချင်းမှ ကထိန်ပွဲပင့်၍ ကထိန်ပွဲ ကံဆောင်ရန်အတွက် ဘောလခဲမှ ဒေါ်ညင်ခူရွာသို့ လမ်းပြ ကယားကျောင်းသားကလေးဖြင့် ခြေလျင်ခရီး ထွက်ခဲ့ပါသည်။ ဗဟိုကျောင်းဆရာတော်မှ ခရီးဝေးသဖြင့် ရေသန့်ဘူးများ ယူသွားရန်၊ လမ်းခရီးမှ စမ်းရေများ(ရေစိမ်းများ)ကို မသောက်ရန် စေတနာဖြင့် မှာကြားပါသည်။ စာရေးသူလည်း ရေသန့်ဘူး တစ်ပုလင်း လွယ်အိတ်ထဲထည့်၍ ယူသွားပါသည်။ လမ်းခရီးမှာ တောင်တက်တောင်ဆင်းများဖြစ်၍ မကြာခဏ ရေငတ်သဖြင့် ရေသန့်ဘူးထဲမှ ရေများမှာ ခရီးတစ်ဝက်မှာပင် နှစ်ယောက်သားသောက်၍ ကုန်ခန်းသွားပါသည်။ ရွာသို့ရောက်ရန် တောင်ကုန်းတစ်ခု ကျော်ဖြတ်ရဦးမည်ဟု ကယားကျောင်းသားမှ ပြောပါသည်။ ဤသို့ဖြင့် ရှေ့ဆက်၍ ခရီးဆက်ခဲ့ပါသည်။ လမ်းခရီးတွင်



www.burmeseclassic.com

www.burmeseclassic.com

လျှောက် တောင်တက်၊ တောင်ဆင်းများဖြင့် သက်နှ်း အံ့သကိုင့်တို့မှ ရေများစိုသကဲ့သို့ ချွေးများဖြင့် ရွှဲနေပါတော့သည်။ ချွေးများ အလွန်ထွက်သဖြင့် ရေမကြာခဏ ဆာနေပါသည်။ မောလည်း မောနေပါတော့သည်။ ပင်ပန်းသဖြင့် အာခေါင်မှာ ခြောက်ကပ်နေပါသည်။ ရေသောက်ချင်စိတ် တဖွားဖွားဖြစ်ပေါ်လာပါတော့သည်။ ဤခရီးလမ်းတွင် ရေရရှိနိုင်မည့် နေရာရှိမရှိ ကယားကျောင်းသားလေးအား မေးမြန်းကြည့်ရာ ရှေ့သို့ နည်းနည်းသွားပါလျှင် စမ်းချောင်းတစ်ခုရှိကြောင်းနှင့် ၎င်းစမ်းချောင်းတွင် သောက်စရာရေများ ရရှိနိုင်ကြောင်း ပြောပါသည်။ ရေဆာရေငတ်သဖြင့် ရေကြည်လင်သန့်ရှင်းလျှင်ပြီးရော၊ ငှက်ဖျားတော့ မဖြစ်နိုင်ကောင်းတန်ရာ ရေသောက်မည်ဟု ဆုံးဖြတ်ပြီး သွားကြပါသည်။ ထင်သည့်အတိုင်းပင် ကြည်လင်သော စမ်းချောင်းရေများကို တဝသောက်သုံးလိုက်ပါသည်။ ရှေ့ဆက်ရမည့် လမ်းခရီးတွင် သောက်သုံးရန်လည်း ရေသန့်ဘူးထဲ ရေအပြည့်ထည့်ခဲ့ပါသည်။ ရှေ့သို့ဆက်ရန် ခရီးထွက်ခဲ့ကြပါသည်။

တစ်နေရာသို့အရောက် "ဟေ့…ရပ်"ဟူသော စကားသံကို ကြားလိုက်ရပါသည်။ စာရေးသူလည်း "ဟေ့…ရပ်" ဟူသော စကားသံနှင့်အတူ ရပ်တန့်လိုက်ပါသည်။ လူလေးငါးယောက် လက်နက်ကိုယ်စီဖြင့် မြင်ရပါသည်။ စာရေးသူက တပ်မတော်မှ စစ်ကြောင်းထင်၍ ဝမ်းသာအားရ ဖြစ်သွားပါသည်။ သို့သော် တပ်မတော်မှ စစ်ကြောင်းမဟုတ်ဘဲ တောတွင်းလက်နက်ကိုင်တစ်စု ဖြစ်ပါသည်။ ထိုလက်နက်ကိုင်တစ်စုမှာ စာရေးသူအား မေးခွန်းပေါင်းများစွာ မေးပါသည်။ အမိန့်ရှိသွားသော စကားများကို နှစ်ပေါင်း ၂၀ ကျော်သော်လည်း ယနေ့တိုင်အောင် အမှတ်တရ ရှိနေပါသည်။ ထိုစကားများမှာ "ဘုန်းကြီးက ဘုန်းကြီးအလုပ်လုပ်ရန်၊ ထောက်လှမ်းရေးမလုပ်ရန် (ထိုခေတ်က သာသနာပြုရဟန်းတော်များဆိုလျှင် စစ်တပ်ထောက်လှမ်းရေးဟု ထင်ကြသည်ဟု စာရေးသူ၏သူငယ်ချင်း နောက်မှပြောပြ၍ သိရသည်။ ထောက်လှမ်းရေးနှင့် သာသနာပြုရဟန်းတော်မှာ တခြားစီပင်။ သူတို့ဒေသမှ ကယားအမျိုးသမီးငယ်၊ အမျိုးသားငယ်များကို မြို့ကြီးပြကြီးများ ခေါ်မသွားရန်၊ မိန်းမ မရှုပ်ရန်တို့ကိုလည်း ဩဝါဒပေးသွားပါသည်။ သူတို့ပြောသောစကားများကို မလိုက်နာပါက "(ကျောပိ)ကို ကျည်ဆန်နဲ့ မပစ်သတ်ဘူး။ ဝါးကြောနဲ့ လည်ပင်းကို ဓားနဲ့လှီးသလို လှီးပစ်မယ်"ဟု ဖြစ်ပါသည်။ (ကျောပိ)ဆိုသည်မှာ ကယားလို ဖြစ်ပါသည်။ မြန်မာလို (ဘုန်းကြီး၊ ရဟန်း)ဟု အဓိပ္ပာယ်ရပါသည်။ ထိုအချိန်က ကယားပြည်နယ်သည် အမည်းရောင်နယ်မြေ ဖြစ်ပါသည်။

စာရေးသူတို့လည်း လက်နက်ကိုင်တစ်စု၏ စကားများကို နားထောင်ပြီး ရှေ့သို့ ခရီးဆက်ခဲ့ကြပါသည်။ ရေငတ်နေသည်မှာလည်း အလိုလို ပြေပျောက်သွားပါတော့သည်။ သွားလိုသော ရွာကလေးသို့လည်း ရောက်တော့မည်ဖြစ်ပါသည်။ ရွာကိုလည်း အဝေးမှ လှမ်းမြင်နေရပြီ ဖြစ်ပါသည်။ ဤသို့ဖြင့် ညနေစောင်းအချိန်တွင် ရွာရှိဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိကြပါသည်။ ရောက်ရောက်ချင်း ဘုရားရှိခိုး ဦးချ၍ ခေတ္တခဏအနားယူပြီး သူငယ်ချင်းနှင့် လမ်းတွင်တွေ့ခဲ့ရသော အဖြစ်အပျက်များကို ပြောပြခဲ့ပါသည်။ ကျေးရွာရှိ ဒါယကာ၊ ဒါယိကာမများမှာလည်း မနက်ဖြန်အတွက် သူတို့နည်း သူတို့ဟန်ဖြင့် ဟင်းလျာများ ချက်ပြုတ်နေကြပါသည်။

နောက်တစ်နေ့မနက်တွင် ကထိန်အလှူမင်္ဂလာပွဲကျင်းပပါသည်။ ကယားရိုးရာဖြစ်သည့် မျှစ်ဟင်းလျာများ အများဆုံးတွေ့ရပါသည်။ အကောင်းဆုံးဟင်းလျာမှာ မျှစ်ချဉ်နှင့် ဝက်သားဟင်း ဖြစ်ပါသည်။ စားကောင်းပါသည်။ စားကောင်းသဖြင့် အားရပါးရ ဘုဉ်းပေးသုံးဆောင်မိပါသည်။ သူငယ်ချင်းမှ မျှစ်ချဉ်နှင့် ဝက်သားကို များများမစားရန် သတိပေးပါသည်။ ငှက်ဖျားဖျားမည် စိုးသောကြောင့်ဟု ထင်ပါသည်။ စာရေးသူကတော့ စားသင့်သလောက် စားခဲ့ပါသည်။ မျှစ်ချဉ်ဟင်းကြောင့်လားတော့ မသိ။ ထိုနေ့ တစ်နေ့ခင်းလုံး ကထိန်ပွဲအပြီး ကျိန်းစက်၍ အလွန်ကောင်းပါသည်။ သူငယ်ချင်းမှ ကြာကြာ မအိပ်နိုင်းပါ။ မက်ကလောင်ထတတ်သည်ဟု ဆိုပါသည်။ သို့သော်လည်း နေ့ခင်း ကထိန်ပြီးကတည်းက ကျိန်းစက်၍ ကောင်းနေပါသည်။ တစ်ညနေလုံး ထချင်စိတ်မရှိပါ။ ည ၇ နာရီခွဲလောက်တွင် စာရေးသူ ကိုယ်ခန္ဓာတစ်ခုလုံး ကိုက်ခဲပြီး ချမ်းစိမ့်စိမ့်ဖြစ်လာပါတော့သည်။ ချမ်းစိမ့်စိမ့်နေသည်မှာ တဖြည်းဖြည်း ပို၍ ပို၍ ဆိုးလာပါသည်။ သူငယ်ချင်းမှ ကျောင်းရှိ စောင်များ ထပ်၍ထပ်၍ ခြုံပေးသော်လည်း ချမ်းစိမ့်နေသည်မှာ နွေးမလာပေ။ ဤသို့ဖြင့် ငှက်ဖျားထလာပါတော့သည်။ တစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပြီး ချမ်းစိမ့်နေပါသည်။ ပါလာသောဆေးများ သောက်သော်လည်း



www.burmeseclassic.com

ငှက်ဖျားရောဂါမှာ မသက်သာသေးပေ။ စာရေးသူသည် ငှက်ဖျားရောဂါအရှိန်ကြောင့် ကယောင်ကတမ်းများ ပြောနေသည်ဟု သူငယ်ချင်း နောက်မှပြောပြ၍ သိရပါသည်။ နောက်ဆုံးတွင် စာရေးသူသည် သူငယ်ချင်းက ခေါင်းရင်းမှနေ၍ ရွတ်ဖတ်ပေးသည့် ဗောဇ္ဈင်သုတ်တရားတော်ကို ကြားနာရင်းဖြင့် သတိမေ့မြောသွားပါတော့သည်။ နောက်တစ်နေ့လုံးလုံး ကျွန်ုပ်အား သတိမရသေးပေ။

စာရေးသူ သတိမေ့မြောနေချိန်အတွင်း ရောက်ရှိသွားသောနေရာမှာကား စာရေးသူငယ်စဉ် ကိုရင်ဘဝ နောင်တော်အစ်ကိုဦးဇင်းများနှင့် ဘုရားဖူးသွားလာခဲ့သော မုံရွာ သမ္ဗုဒ္ဓေဘုရား လိုဏ်ဂူအတွင်း ဘုရားများ လိုက်ဖူးမြော်နေခြင်း ဖြစ်ပါသည်။ စာရေးသူသည် ငယ်စဉ်ဘဝမှစ၍ ယခုတိုင်အောင် သမ္ဗုဒ္ဓေဂါထာတော်ကို နေ့စဉ်အမြဲ အသက်စေ့ ရွတ်ဖတ်ပူဇော်မြဲ ပူဇော်လျက်ရှိပါသည်။ ထိုနေ့ညကား ငှက်ဖျားအဖျားကြီးသော်လည်း သမ္ဗုဒ္ဓေဂါထာတော်ကို စိတ်ထဲတွင် ရွတ်ဖတ်ပူဇော်နေမိပါသည်။ သို့သော် ငှက်ဖျား၏ အရှိန်ကြောင့် ရွတ်ဖတ်ပူဇော်မှုမှာ အာရုံမရခဲ့ပါ။ အသက်စေ့ ရွတ်ဖတ်ရမည်ဖြစ်သောကြောင့် ဝတ်ပျက်တော့မည်ကို စိုးရိမ်စိတ်ဖြင့် သတိလစ်သွားခဲ့ခြင်း ဖြစ်ပါသည်။ ထိုအာရုံကြောင့်ပင် တင်ပါသည်။ စိတ်ဝိညာဉ်တစ်ခုလုံး မုံရွာ သမ္ဗုဒ္ဓေဘုရား လိုဏ်ဂူအတွင်းသို့ ရောက်ရှိနေပါတော့သည်။ လိုဏ်ဂူအတွင်း ဘုရားပူဇော်နေစဉ် အသံတစ်သံကို ကြားလိုက်ရပါသည်။ "အရှင်ဘုရား...အရှင်ဘုရား နေရပ်ကို ပြန်ကြွတော်မူပါ ဘုရား"ဟူသော အသံဖြစ်ပါသည်။ စာရေးသူလည်း "ဘုရားဖူးကြွလာတာဖြစ်ပါတယ်။ ဘယ်ကိုပြန်ကြွရမှာလဲ"ဟု ပြန်မေးရာ ထိုအသံရှင်က "အရှင်ဘုရား ဝိညာဉ်ရောက်လာတာပါဘုရား။ ခန္ဓာကိုယ်က တခြားတစ်နေရာမှာပါဘုရား"ဟု လျှောက်မှ စာရေးသူလည်း ကိုယ့်ကိုယ်ကို ပြန်ကြည့်မိပါသည်။ မှန်ပါသည်။ ဘုရားသို့ စိတ်သာရောက်နေပါသည်။ ခန္ဓာကိုယ်ကို မတွေ့ရပါ။ ထို့အတွက်ကြောင့်ပင် ထိုအသံရှင်အား "ပြန်ပါမည်၊ ကူညီပါ"ဟု တောင်းပန်သောအခါ "ကူညီပါမည်၊ အမြန်သွားပါ။ ဟိုမှာ စောင့်မျှော်နေကြပါသည်"ဟု ပြောပါသည်။ ဤသို့ဖြင့် စာရေးသူလည်း သမ္ဗုဒ္ဓေဘုရားကို တဝကြီး အားရပါးရ ဖူးမြော်ပြီး ပြန်ပါတော့သည်။

ကျွန်ုပ်ဝိညာဉ်နှင့် ပြန်ကြွတော့ မုံရွာသမ္ဗုဒ္ဓေဘုရားနှင့် ကယားပြည်နယ်သည် အဝေးကြီးဖြစ်ပါသည်။ သို့သော် ခဏချင်း ရောက်သွားပါသည်။ ရောက်ရောက်ချင်း ထထိုင်၍ ကျောင်းမှဘုရားကို ဦးသုံးကြိမ်ချ၍ ရေတောင်းသောက်ပါသည်။ သူငယ်ချင်းပြောပြ၍ အကုန်သိရသည်မှာ သတိလစ်မေ့မြောနေသည်မှာ နှစ်ရက်နီးပါးရှိပြီဖြစ်ကြောင်း။ နောက်ရက်မှ သတိမရလျှင် ဘောလခဲမြို့ကို လူများထမ်းခိုင်း၍ ဆေးရုံတင်မည့် အစီအစဉ်များလုပ်ထားကြောင်း။ လက်နက်ကိုင်လူတစ်စုသတ်၍ မသေဘဲ ငှက်ဖျားသတ်၍ သေမည်ကို စိုးရိမ်မိကြောင်းကို ပြန်လည်ရှင်းပြပါသည်။ စာရေးသူမှလည်း သတိလစ်မေ့မြောနေစဉ်အတွင်း မုံရွာ သမ္ဗုဒ္ဓေဘုရားသို့ ရောက်ရှိခဲ့ကြောင်းနဲ့ အသံရှင်မှ ပြန်လွှတ်၍ ဤနေရာသို့ ပြန်လာခဲ့ခြင်းဖြစ်ကြောင်းနဲ့ သမ္ဗုဒ္ဓေဂါထာတော်၏ တန်ခိုးတော်ကြောင့် အသက်ဘေးမှ ကင်းလွတ်သွားခဲ့ခြင်းဖြစ်ကြောင်းကို သူငယ်ချင်းများနဲ့တကွ ရွာသူရွာသားအပေါင်းအား ရှင်းပြ၍ သမ္ဗုဒ္ဓေဂါထာတော်ကို နေ့စဉ်ရွတ်ဖတ်ပူဇော်ကြရန် မှာကြားခဲ့ပါသည်။ ဤသို့ဖြင့် နောက်တစ်ပတ်လောက်နားပြီး မိမိတာဝန်ကျရာ ရွာကလေးသို့ ပြန်လည်ကြွရောက်ခဲ့ပါသည်။ နောက်တစ်ခါတော့ ရေစိမ်းကို ယခုအချိန်ထိ မသောက်ရဲတော့ပါ။ ယနေ့အချိန်အထိ သမ္ဗုဒ္ဓေဂါထာတော်ကိုသာလျှင် ဘယ်သွားသွား ဘယ်ရောက်ရောက် သောက်လည်းသောက်၊ ချိုးလည်းချိုး၊ အားလည်းကိုးနေရပါတော့သည်။

လူတိုင်းလူတိုင်း သမ္ဗုဒ္ဓေဂါထာတော်ကို ရွတ်ဖတ်ပူဇော်ကြ၍ သောက်လည်းသောက် ချိုးလည်းချိုးနိုင်ကြပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

## သမ္ဗုဒ္ဓေဂါထာ

သမ္ဗုဒ္ဓေဂါထာ၊ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ၊
ပဉ္စသတ သဟဿာနိ၊ နမာမိ သိရသာမဟံ။
အပ္ပကာ ဝါဠုကာ ဂင်္ဂါ အနန္တာ နိဗ္ဗုတာ ဇိနာ၊
တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။
နမက္ကာရာ နုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ၊
အနေကာ အန္တရာယာပိ ဝိနဿန္တု အသေသတော။

မောင်အေးချမ်း(တင့်ကျော်)

www.burmeseclassic.com

# လူတစ်ယောက်ရဲ့
# နဖူးပြင်

**အင်္ဂဝိဇ္ဇာဆရာအောင်**

လူတစ်ယောက်၏ သဘောသဘာဝ၊ စိတ်နေစိတ်ထား၊ ရင်တွင်းအဖွဲ့တွကိုသိလိုပါက အင်္ဂဝိဇ္ဇာပညာနည်းအရ ထိုသူ၏ နဖူးပြင်အနေအထားကို လေ့လာကြည့်ရှု၍ အကဲခတ်နိုင်ပါသည်။ လူတစ်ယောက်၏ နဖူးပြင်သည် ထိုသူ'ဘယ်လိုလူစားလဲ' ဆိုသည်ကို လှစ်ဟပြလျက်ရှိပါသည်။ သို့ဖြစ်ရကား . . . နဖူးပြင်နှင့် စပ်လျဉ်းသည့် ကောက်ချက်ချစရာအချက်များကို တင်ပြလိုက်ပါသည်။

**၁။ ထိုသူ၏နဖူးပြင်သည် ပြောင်ရှင်းနေပါက**

လိမ္မာရေးခြားရှိသူ၊ မှတ်ဉာဏ်ကောင်းသူ၊ ဉာဏ်အမြော်အမြင်ရှိသူ ဖြစ်၏။

**၂။ ထိုသူ၏နဖူးပြင်သည် ပြောင်ပြီးကျယ်နေပါက**

ပညာရပ်ပိုင်းဆိုင်ရာများကို လေးစားတန်ဖိုးထားတတ်သူ၊ ဒဿနပိုင်းဆိုင်ရာ အတွေးအခေါ်ရှိသူ ဖြစ်၏။

**၃။ ထိုသူ၏နဖူးပြင်သည် ပြောင်ပြီးကျဉ်းနေပါက**

ပကတိအခြေအနေအရပ်ရပ်ကို အကဲခတ်၊ ဝေဖန်၊ ပိုင်းခြားသုံးသပ်တတ်သူ ဖြစ်၏။

**၄။ ထိုသူ၏နဖူးပြင်သည် နိမ့်နေပါက**

လက်တွေ့ဆန်သည့် ညွှန်ကြားချက်ကို ပေးနိုင်စွမ်းရှိ ဖြစ်၏။

**၅။ ထိုသူ၏နဖူးပြင်သည် မောက်နေပါက**

အရာရာကို လေ့လာဆည်းပူးတတ်သူ၊ အရာရာ ခေါင့်ထိန်းနိုင်သူ ဖြစ်၏။

**၆။ ထိုသူ၏နဖူးပြင်သည် ပြားနေပါက**

အရာရာကို ဆင်ခြင်နိုင်သူ ဖြစ်၏။ တစ်စုံတစ်ခု စူးစူးစိုက်စိုက် အာရုံပြုနိုင်သူ ဖြစ်၏။

**၇။ ထိုသူ၏နဖူးပြင်သည် ခွက်နေပါက**


ခေါင်းဆောင်၏အမိန့်ကို နာခံတတ်သူ၊ သတိရှိ ဆင်ခြင်တုံတရားကို လက်ကိုင်ထားရှိသူ ဖြစ်၏။

● အင်္ဂဝိဇ္ဇာဆရာအော



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ပဏ္ဍိတဆရာဖြိမ့် နှင့် ရသာယနဇာတ်ပြော

■ နန်းကြွေးသျှင်

မိုးလေကင်းစင်၍ ရာသီဥတု သာယာသော နေ့တစ်နေ့ဖြစ်သည်။

လူအများ သွားလာနေသော လမ်းမကြီးပေါ်တွင် နွေးထွေးသော နေရောင်ခြည်မျှင် ပါးပါးလေးသည် ဖြာကျယှက်သန်းလျက် ရှိသည်။ ဗဟန်းကြားတောရလမ်းထိပ်တွင် ကျူရီယိုဆိုင်ဟုခေါ်သော ရှေးဟောင်းပစ္စည်းများရောင်းချသည့် ဆိုင်လေးသည် လျှို့ဝှက်ချက်များကို စုဆောင်းထားသည့် ဂမ္ဘီရဆိုင်လေးဖြစ်သည်။ အပြင်ဘက်မှကြည့်လိုက်လျှင် ဝင်ရောက်ကြည့်ရှုသူ မရှိ။ ထူးခြားတိတ်ဆိတ် ငြိမ်ချက်သားကောင်းလှသည်ဟု ပြောရမည်ဖြစ်သည်။

ဆိုင်ပိုင်ရှင်ဖြစ်သူမှာ ပဏ္ဍိတဆရာဖြိမ့်ဟုခေါ်သော ထူးဆန်းသည့် အဘိုးကြီးတစ်ယောက် ဖြစ်သည်။ သွင်ပြင်ပုံသဏ္ဌာန်ကအစ အများနှင့် မတူဘဲ တစ်မူထူးခြားနေသည်ဟု ပြောရပေမည်။ လောကီပညာရပ်များနှင့် မဟာဂန္ဓာရီလမ်းကို လေ့လာလိုက်စားနေသော လူတစ်ယောက်ဖြစ်သည်။ အသက်အရွယ်အားဖြင့် ၆၀ ကျော်ပြီဖြစ်သော်လည်း သန်မာဖျတ်လတ်ပြီး ကျန်းမာရေးကောင်းမွန်ပုံရသည်။

သို့သော် မီးဖိုဘေးတွင် အင်္ဂရတ်ဖိုထိုးလေ့ရှိသောကြောင့် အသားအရေမှာ မီးပူဟပ်ပြီး မျက်နှာပြင်သည် အမဲခြောက်ဖုတ်၊ ငါးကျည်းခြောက်လို မွဲခြောက်ခြောက်ဖြစ်နေပေသည်။ အရပ်ရှည်ရှည် ခါးကိုင်းကိုင်းနှင့် မျက်ခုံးမွေး၊ မုတ်ဆိတ်မွေးများက ကြာဇံကဲ့သို့ ဖြူဖွေးလျက်ရှိသည်။ ပါးစပ်ပေါက်အား မမြင်ရဘဲ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများ ဖုံးအုပ်ထားသလို ရှည်လျားသော မုတ်ဆိတ်ဖြူများက ထူးခြားစွာ ရင်ညွန့်လောက်အထိ ရှည်ကျနေပေသည်။

မုတ်ဆိတ်ဖြူ ပဏ္ဍိတဆရာဖြိမ့်ဟု ဂမ္ဘီရလောကတွင် နာမည်ကြီးသူ တစ်ယောက် ဖြစ်သည်။

ဆရာဖြိမ့် ရှာဖွေစုဆောင်းထားသော ရှေးဟောင်းပစ္စည်းများမှာလည်း သူ့နည်းသူ့ဟန်နှင့် အဖိုးတန်ရှားပါးသော ပစ္စည်းဟောင်းများ ဖြစ်ကြသည်။ ရှေးဟောင်းပစ္စည်း စုဆောင်းသူများအတွက် လိုချင်တပ်မက်ဖွယ် တန်ဖိုးကြီးရှားပါးသော ပစ္စည်းဟောင်းများသာ ဖြစ်ကြသည်။

ပဏ္ဍိတဆရာဖြိမ့် အနေနှင့် ကျူရီယိုဆိုင်လေးအဖြစ် ခင်းကျင်းထားသော်လည်း အရောင်းအဝယ်ကိစ္စများအပေါ် စိတ်ဝင်စားမှု သိပ်မရှိလှပေ။ သူကိုယ်တိုင် ရှေးဟောင်းပစ္စည်းများကို ရှာဖွေစုဆောင်းရာ၌ ဝါသနာကြီးမားသူတစ်ဦးဖြစ်ရာ သူ့ခေါင်းထဲတွင် မရောင်းရလေ ကောင်းလေဟုသာ သဘောထားလျက်ရှိသည်။

ရှေးဟောင်းပစ္စည်း ဆိုသည်မှာလည်း သူ့သမိုင်းကြောင်းနှင့်သူ ထူးဆန်းလျှို့ဝှက်သော အကြောင်းတရားများ နောက်ခံသမိုင်းများက စိတ်ဝင်စားဖွယ် ရှိနေတတ်သည်။ ရှေးကျလေလေ တန်ဖိုးမြင့်လေရှိသည်။ မြန်မာနိုင်ငံတွင် သီပေါမင်း ပါတော်မူပြီးနောက် နှစ်ပေါင်း ၇၀ အထိ ပစ္စည်းများကို ရှေးဟောင်းပစ္စည်းအဖြစ် သတ်မှတ်ထားကြသည်။

မုတ်ဆိတ်ဖြူ ပဏ္ဍိတဆရာဖြိမ့် အနေနှင့် လောကီဂမ္ဘီရပညာဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com

ခက်ခဲနက်နဲသည့် အင်္ဂလိပ်ပညာရပ်ကို လေ့လာလိုက်စားရင်း ပစ္စည်းမှန်၊ ဓာတ်ပစ္စည်းကောင်းရရန် ကြိုးပမ်းနေသူတစ်ဦး ဖြစ်သည်။ သူ့အနေနှင့် စားဝတ်နေရေးအတွက် ပူပင်သောက ရောက်စရာ မရှိပေ။ တချို့က ဆရာခြိမ့်သည် ရှေးဟောင်းပစ္စည်းများကို မြန်မာနိုင်ငံ အရပ်ရပ်ဒေသအသီးသီးတွင် ရှာဖွေရင်း ရွှေအိုးငွေအိုးများ တူးဖော်ရကာ ချမ်းသာကြွယ်ဝနေသူတစ်ဦးအဖြစ် ထင်မှတ်ထားကြသည်။

အနေအထိုင် ပိရိသေသပ်သော လူပျို့ဝှက်ချက်များနှင့် နေထိုင်သည့် ဆရာခြိမ့်ဖြစ်သည်။ တိတ်ဆိတ်ငြိမ်သက်လျက် ဖုန်များ၊ ပင့်ကူမျှင်များ တွယ်ငြိကပ်နေသော ရှေးဟောင်းပစ္စည်းများ စုပုံထားသည့်နေရာသို့ အရိပ်တစ်ခု ထိုးကျလာသည်။ လျင်မြန်စွာ ဆရာခြိမ့်က မော့ကြည့်လိုက်သည်။ အရိပ်၏လွှမ်းမိုးမှုက အေးစက်စက် အငွေ့အသက်ကို ရလိုက်ရ၍ တစ်စုံတစ်ရာ ထူးခြားမှုရှိပြီဟု ဆရာခြိမ့်တွေးမိလိုက်သည်။

သူထိုင်နေသော ဘေးနားတွင် ထူးဆန်းသော ဘုန်းတော်ကြီးတစ်ပါး ရပ်နေသည်ကို မြင်တွေ့လိုက်ရသည်။ ဘယ်အချိန်ကနေ ဘယ်လိုရောက်လာမှန်း မသိ။ ခြေသံ အတော်လုံပုံရသည်။ ရိပ်ခနဲ ရုတ်တရက် ရောက်လာသလိုမျိုး ဘွားခနဲ တွေ့မြင်လိုက်ရခြင်း ဖြစ်သည်။ သူ့ဆိုင်ထဲ၌ ခင်းကျင်းထားသော ရှေးဟောင်းပစ္စည်းများကို ဝင်ရောက်ကြည့်ရှုပြီး ဝယ်ယူလိုသည်ဟု ထင်မှတ်ထားသော်လည်း မဟုတ်ပေ။

သင်္ကန်းနီညိုရောင်ကို ဝတ်ထားသောကြောင့် ဘုန်းတော်ကြီးဟု ပြောရမည်ဆိုသော်လည်း သွင်ပြင်အနေအထားအရ စိတ်ဝေဒနာရှင်တစ်ဦးလို ဖြစ်နေပုံရသည်။ သို့သော် အထက်လမ်းဆိုင်ရာ ဝိဇ္ဇာဓိုရ်တစ်ဦးဦးက ရှုးသွပ်ဟန်ဆောင်၍ ဝင်ရောက်လာခြင်း ဖြစ်မည်လား။ စဉ်းစားရခက်လှသည်။ ဂမ္ဘီရလမ်းလိုက်စားသူများ အနေနှင့် မထင်မှတ်ဖွယ်ကိစ္စများ၊ မမျှော်လင့်သော ဖြစ်ရပ်များ၊ အံ့သြဖွယ်ရာ တွေ့ကြုံမှုများသည် ပြောမယုံကြုံဖူးမှသိဆိုသည့် စကားအတိုင်း ဖြစ်တတ်ပေသည်။

မှတ်ဆိတ်ဖြူ ပဏ္ဍိတဆရာခြိမ့်သည် သူ့အနီးတွင် ရပ်နေသော ဘုန်းတော်ကြီးအား သေချာစွာ လေ့လာအကဲခတ်ကြည့်မိလိုက်သည်။ ခြေထောက်တွင် ခြေအိတ်အဖြူနှင့် အဝတ်ဖိနပ်ကိုစီးထားသည်။ အကောင်းစား သက္ကလတ်စကို ချုပ်ထားသော နောက်ပိတ်ရှေ့ပိတ် ဘွတ်ဖိနပ်ဖြစ်သည်။ လက်များပေါ်တွင်လည်း ပြောင်ပြောင်လက်လက် အရောင်ထွက် ရွှေလက်ပတ်နာရီ၊ ရွှေလက်စွပ်များ လက်ဖွဲ့အစီအရင်များ၊ ဓာတ်လုံးလက်စွပ်များကို ဝတ်ဆင်ထားသည်။ ဘုန်းတော်ကြီးလက်ချောင်းမှာ ရွှေရောင်ငွေရောင်များ တဝင်းဝင်း တောက်ပလျက်ရှိသည်။

ရွှေထည်များကို ဆရာခြိမ့် ဂရုမစိုက်သော်လည်း ထူးဆန်းသည့် ဘုန်းကြီး၏ လက်သူကြွယ်တွင် ဝတ်ဆင်ထားသော ဓာတ်လုံးလက်စွပ်ကိုတော့ အင်္ဂလိပ်သမားပီပီ စိတ်ဝင်စားသွားသည်။ ဓာတ်လုံးမှာ ပြောင်လက်တောက်ပပြီး လူ့မျက်လုံးကဲ့သို့ အနက်စက် မျက်စိလုံးလေးများက လှည့်ပတ်ပြေးနေသကဲ့သို့ မြင်တွေ့ရသည်။ တစ်စုံတစ်ရာ ထူးခြားသိဒ္ဓိရှိသော ဓာတ်လုံးဖြစ်ပေမည်။ အင်္ဂလိပ်ထိုးဓာတ်ကစားနေသော ဆရာခြိမ့်သည် ဓာတ်လုံးကို မြင်လိုက်ရသည်နှင့် အစွမ်းသိဒ္ဓိရှိမည်ဟု ခန့်မှန်းမိလိုက်သည်။ ရှုးသွပ်နေသော ဘုန်းတော်ကြီးတစ်ပါးဟု မထင်ဝံ့တော့ဘဲ ရိုသေလေးစားစွာ ဝပ်တွားဦးချလိုက်သည်။

ထူးဆန်းသော ဘုန်းတော်ကြီး၏လည်ပင်းတွင် ပုတီးဆွဲရမည့် [illegible] အမျိုးသမီးများ ဝတ်ဆင်တတ်သည့် ရွှေဆွဲကြိုးပြားပြားကြီး ခန့်မှန်းချေ သုံးကျပ်သားလောက်ကို ဆွဲထားသည်။ ဘုန်းကြီးနှင့် ရွှေဆွဲကြိုး ဘယ်လိုမှ မတင့်တယ်သော်လည်း ဆရာခြိမ့်အမြင်တွင် ယိုက်ဖယ်လှသည်ဟု ထင်နေမိသည်။ အသားအရေမှာ ဖြူဝင်းလျက်၊ ပါးပြင်မို့မို့က နှင်းဆီရောင် ပြေးနေသည်။ မျက်လုံးပေါက်မှေးမှေး၊ မျက်ခုံးမွေးပါးပါး၊ နှာခေါင်းပွပွနှင့် နှုတ်ခမ်းမွေး ရေးရေးပေါက်နေသည့် တောင်ပေါ်တိုင်းရင်းသားမျိုးနွယ်စုထဲက ဖြစ်လောက်သည်။

"အရှင်ဘုရား ... ဘယ်လိုရှေးဟောင်းပစ္စည်းမျိုးကို အလိုရှိပါသလဲ ဘုရား"

မှတ်ဆိတ်ဖြူ ပဏ္ဍိတဆရာခြိမ့်က လက်အုပ်လေးချီပြီး အကဲခတ်စူးစမ်းလေ့လာရင်း လျှောက်ထားလိုက်သည်။ ဘုန်းတော်ကြီးမှာ မြန်မာစကား တတ်ပုံမရသော်လည်း ဆရာခြိမ့် လျှောက်ထားသည်ကို နားလည်သည်။ ခေါင်းကိုအသာရမ်းလိုက်ပြီး ရှမ်းဘာသာဖြင့် ပြန်လည်မိန့်ကြား



www.burmeseclassic.com

www.burmeseclassic.com

လိုက်သည်။

တော်ပေသေးသည်။ ဆရာခြိမ့်ကိုယ်တိုင် ရှမ်းပြည်နယ်တွင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့သူတစ်ဦးဖြစ်၍ ရှမ်းဘာသာကို ကောင်းစွာ ရေးတတ်၊ ပြောဆိုတတ်သူတစ်ဦး ဖြစ်သည်။ ထူးဆန်းသော ဘုန်းတော်ကြီး ပြောဆိုသမျှ ကောင်းစွာ နားလည်သဘောပေါက်သည်။

''ဒကာကြီးဆီမှာ ရှေးဟောင်းပစ္စည်းဝယ်ဖို့ လာတာမဟုတ်ပါဘူး။ ဒကာကြီးခေတ်ကစားတဲ့ နေရာမှာ အရေးတကြီးလိုအပ်နေတဲ့ ရသာယနခေတ်ပြာ လျှို့ဝှက်အညွှန်းရှိတဲ့ နေရာကို လာရောက်လမ်းညွှန်ပေးတာပဲ''

ဆရာခြိမ့် လွန်စွာမှ တုန်လှုပ်အံ့ဩသွားမိသည်။ သူအလိုရှိနေသော ရသာယနခေတ်ပြာ ... ထူးဆန်းသောဘုန်းကြီးက ဘယ်လိုလုပ်ပြီး သိရှိနေသည်မသိ။ ဘဝသံသရာ၊ အထုံပါရမီ၊ ဖူးစာဖက် ဂမ္ဘီရသဘောများကို နားလည်ထားသော ဆရာခြိမ့်သည် လွန်စွာမှ စိတ်ဝင်စားသွားသည်။ ထူးဆန်းသော ဘုန်းတော်ကြီးက ဆက်ပြီးမိန့်သည်။

''ဘာသာတရားနဲ့ ပတ်သက်လို့ အနုငါးရာ၊ ရင့်မာတစ်ကျိပ်ဆိုတဲ့ ဘုရားရှင်ရဲ့ နိပါတ်တော်တွေ ဂမ္ဘီရသညာနဲ့ အင်္ဂုရတ်ခေတ်ကစားတဲ့။ ဒကာကြီးလည်း လေ့လာဖတ်ရှုခဲ့ဖူးတာပဲ မဟုတ်လား။ ဘုရားအလောင်းတော်မြတ် နစဉ်ကာလက စံမြန်းနေထိုင်ခဲ့ဖူးတဲ့ နေရာတွေက ပျောက်ပျက်သွားတာမှ မဟုတ်ဘဲ။ မြန်မာနိုင်ငံ နေရာအနှံ့အပြားမှာ ယခုထက်ထိ ရှိနေတာပဲလေ။ ရှေးဟောင်းဘုရားစေတီတွေရဲ့ နောက်ကြောင်းဘုရားသမိုင်းတွေမှာ အထင်အရှားရှိခဲ့တယ်''

''ဘယ်လိုနေရာတွေမှာပါလဲ ဘုရား''

''ဂမ္ဘီရဆရာကြီးကလည်း သိရက်သားနဲ့ မေးနေပြန်ပါပြီ''

''တပည့်တော် အတိအကျ သိချင်တာပါ ဘုရား''

''အင်း ... ဥပမာထား ပြောရရင်တော့ ဘုန်းတော်ကြီးတို့ တောင်တန်းတွေမှာရှိတဲ့ နောင်ချိုမြို့နယ် ရွှေမုဋ္ဌောကျေးရွာနားက ခါမင်းတောင်ဆိုတာ ရှိတယ်။ အဲဒါ ဘုရားအလောင်း ခါမင်းဖြစ်ခဲ့စဉ်တုန်းက နေခဲ့တဲ့ နေရာပေါ့။ အခုမှ လူတွေသိပြီး ကျော်ကြားထင်ရှားလာတဲ့ ရှမ်းပြည်နယ်တောင်ပိုင်း ဘန်းယန်မြို့နယ်ထဲမှာရှိတဲ့ ကတ္တူဘုရားတွေဆိုတာကလည်း ဟိုတုန်းက ဝက်ဖြူမင်းဖြစ်ခဲ့တဲ့ နေရာဟောင်းပဲ။ သံလွင်မြစ်အရှေ့ဘက်ကမ်းမှာ ဟိုလင်းစေတီရှိတယ်။ အဲဒါကလည်း မျောက်ဖြူမင်းဖြစ်ခဲ့တဲ့ နေရာဟောင်းပဲ ဒီလိုပဲ အနုငါးရာထဲက မဟုတ်တဲ့ ရင့်မာတစ်ကျိပ်ထဲက အလောင်းတော် သုဝဏ္ဏသာမတို့စံမြန်းတဲ့ တောတောင်ပမ္မတပြန်တဲ့ သုဝဏ္ဏလျှံတောင်ဆိုတာ ရှိတယ်''

''တပည့်တော် စိတ်ဝင်စားပါတယ်ဘုရား။ အရှင်ဘုရားပြောတဲ့ သုဝဏ္ဏလျှံတောင်ဆိုတာက အခုဘယ်နေရာမှာ တည်ရှိနေပါသလဲ ဘုရား''

''ကျိုင်းတုံကိုဖြတ်ကျော်တဲ့ ကားလမ်းပေါ်က တောင်နှစ်လုံးကြားကနေသွားရတဲ့နေရာတစ်ခုရှိတယ်။ တောင်ဘက်က သုဝဏ္ဏလျှံတောင်၊ မြောက်ဘက်က မုဆိုးတောင်လို့ ခေါ်တယ်။ မုဆိုးတောင်ဆိုတာက ဗာရာဏသီပြည့်ရှင် ပီဠိယက္ခမင်းကြီးက ဘုရားအလောင်း သုဝဏ္ဏသာမကို မြားနဲ့ပစ်ခဲ့တဲ့တောင်ပဲ။ မုဆိုးတောင်နဲ့ သုဝဏ္ဏလျှံတောင်တန်းအဆုံးမှာ သံလွင်မြစ်ရှိတယ်''

''အဲဒီမြစ်က ဟိုးရှေးရှေးတုန်းက သုဝဏ္ဏသာမ ရေခပ်ဆင်းခဲ့တဲ့ မိဂ္ဂသမ္မတာမြစ်ပဲ။ သိကြားမင်းဖန်ဆင်းထားတဲ့ ချောင်းက မုဆိုးတောင်မြောက်ကနေ သံလွင်မြစ်ထဲကို စီးဝင်သွားတယ်။ နောက်တစ်ခါ နမ့်လွယ်မြစ်နဲ့ နမ့်ပိန်မြစ်ဆုံမှာ မိုင်းခတ်မြို့ရှိတယ်။ မိုင်းခတ်ကနေ နမ့်ပင်မြစ်ဖျားကိုတက်သွားရင် မိုင်းယန်းကို ရောက်သွားမယ်။ ဒီအထိ သွားစရာမလိုပါဘူး။ ဒကာကြီးလိုချင်တဲ့ ရသာယနခေတ်ပြာ လျှို့ဝှက်အညွှန်းဟာ ဗဟုသုန္ဒရီ သစ္စာဆိုတဲ့နေရာမှာ ရှာပေတော့''

''တပည့်တော် ဖတ်ဖူးတာက မိဂ္ဂသမ္မတာမြစ်ဟာ ဟိမဝန္တာတောင်ကစီးဆင်းပြီး ဂင်္ဂါမြစ်ထဲ ပေါင်းဝင်သွားပါတယ်။ ဒုကုလ၊ ပါရိကာတို့ကလည်း ဗာရာဏသီမြို့အနီးမှာရှိတဲ့ မြစ်ဟိုဘက်ကမ်း ဒီဘက်ကမ်း တံငါရွာတွေကပါ ဘုရား။ ရှမ်းပြည်နယ်ထဲမှာရှိတယ်ဆိုတာ ဟုတ်ပါ့မလား ဘုရား''

''ဒကာကြီးကလည်း အသိခေါက်ခေါက် အဝင်နက်ပေသကိုး။ ရှေးတုန်းက စာတွေထဲမှာ တိုင်းပြည်မသိတော့ ဗာရာဏသီ၊ မင်းမသိတော့ ဗြဟ္မဒတ်ဆိုတာ ကြားဖူးတယ် မဟုတ်လား။ ဒကာကြီး မယုံကြည်ရင် ဒီ



www.burmeseclassic.com

www.burmeseclassic.com

ကို ရောက်အောင်သွားပြီး ကိုယ်တိုင် ကိုယ်ကျ လေ့လာကြည့်ပေတော့။ ဒကာကြီးတောင့်တတဲ့ ရသာယန ဓာတ်ပြာ လျို့ဝှက်လမ်းညွှန်လည်း ရပါလိမ့်မယ်''

''ကျေးဇူးပါပဲ ဘုရား။ အရှင်ဘုရား လက်ယာဘက်မှာ ဝတ်ဆင်ထားတဲ့ ဓာတ်လုံးက ဘာဓာတ်လုံးပါလဲ ဘုရား''

''ငါ့ဒကာကြီးကတော့ တယ်လည်း မျက်စိလျင်တာကိုး။ ပဏ္ဍိတဆိုတဲ့နာမည်နဲ့လည်း လိုက်ပါတယ်။ မဟာအဆိပ်ကိုနိုင်စေတဲ့ စိတ်ဓာတ်လုံးပါပဲ''

ဆရာခြိမ့်သည် စိတ်ဓာတ်လုံးအား သေချာစွာ စူးစိုက်ကြည့်နေရင်းမှပင် ထူးဆန်းစွာ ခံစားလိုက်ရသည်။ ဓာတ်လုံးထဲမှ မီးခိုးငွေ့တန်းများ ထွက်လာသလို မှုန်မှုန်ဝါးဝါး ဖြစ်သွားသည်။ ဘာမှ သဲသဲကွဲကွဲ မမြင်ရတော့ပေ။ သူ့အခန်းတစ်ခုလုံး မှောင်ကျသွားသလို ခံစားလိုက်ရသည်။ အတန်ကြာမှ သတိရပြီး မျက်လုံးများ ပြန်ဖွင့်ကြည့်လိုက်သောအခါ ဘုန်းတော်ကြီးမှာ မရှိ။ လမ်းမဘက်ဆီသို့ လှမ်းကြည့်လိုက်မိသည်။ ရှုပ်ထွေးစွာ သွားလာနေသော လူအုပ်များကြားတွင် အရိပ်အယောင်မျှပင် မမြင်တွေ့ရတော့ပေ။

ထူးဆန်းစွာ ရောက်ရှိလာပြီး လျှပ်တစ်ပြက် ပျောက်ကွယ်သွားသော ထူးခြားဆန်းကြယ်သည့် ဘုန်းတော်ကြီးတစ်ပါးပင် ဖြစ်ပေတော့သည်။

*

ဓားငမိုးနှင့် သံတုတ်မြမောင်တို့မှာ ဆရာကျော်ကြီး၏ လက်ရင်းတပည့်များ ဖြစ်ကြသည်။ ကန်တော်ကြီးတစ်ဝိုက်တွင် ခိုးဆိုးလုယက်တတ်သော ဒုစရိုက်သမားများ ဖြစ်ကြသည်။ ထိုနေ့က ဗဟန်းကြား တောရလမ်းထဲမှ ထွက်လာသော အမှတ်မထင်တွေ့မြင်မိလိုက်ကြရာမှ စိတ်ဝင်စားသွားကြသည်။ ဘုန်းတော်ကြီးမှာလည်း သူတို့မြင်တွေ့နေကျ ဆရာတော် သံဃာတော်များ မဟုတ်။

တစ်ကိုယ်လုံးတွင် ရွှေထည်ပစ္စည်းများ ညွတ်နေအောင် ဝတ်ဆင်ထားသဖြင့် ဒုစရိုက်သမားများအတွက် အကွက်ဝင် မျက်စိကျသွားခြင်း ဖြစ်သည်။ ဘုန်းတော်ကြီး သွားရာနောက်သို့ နောက်ယောင်ခံပြီး မသိမသာလိုက်လာကြသည်။ ရှေးဟောင်းပစ္စည်းများရောင်းသော ကျူရီယိုဆိုင်လေးထဲမှ ထွက်လာသည်ကို သတိထားမိကြသည်။

နေ့လယ်ပိုင်း အပူရှိန်ပြင်းသောကြောင့် လမ်းပေါ်တွင် လူသွားလူလာ သိပ်မရှိလှပေ။ လူရိပ်သူရိပ် ကင်းမဲ့သော ကျွန်းဆွယ်လေးနားအနီးတွင် ဘုန်းတော်ကြီးမှာ တုံ့ခနဲရပ်လိုက်ပြီး လှည့်ကြည့်လိုက်ရာ ဓားငမိုးနှင့် သံတုတ်မြမောင်တို့ နှစ်ဦးစလုံး ခြေလှမ်းများ တုံ့ဆိုင်းသွားကြသည်။ ဘုန်းတော်ကြီးသည် မသိမသာ တစ်ချက်ပြုံးလိုက်ရင်း ရှေ့သို့ ဆက်ကြွသွားသည်။

ဒီနှစ်ကောင်၏ ပုံပန်းသဏ္ဍာန်နှင့် အပြုအမူကို တစ်ချက်ကြည့်လိုက်ရုံနှင့် ဘုန်းတော်ကြီး၏စိတ်ထဲတွင် လူဆိုးလား၊ လူကောင်းလား ဆိုသည်ကို ကောင်းစွာခန့်မှန်းရိပ်မိသည်။ ဓားငမိုးက သံတုတ်မြမောင်အား မျက်ခုံးပင့်၍ မေးငေါ့ကာ ...

''မြမောင် ... ဘုန်းကြီး ရိပ်မိသွားပုံရတယ်''

''ဘာထူးတော့မှာလဲကွာ။ ထုံးစံအတိုင်း ဖြတ်လုရုံပေါ့''

စကားတိုးတိုးပြောရင်း ခြေလှမ်းများကို ခပ်သွက်သွက် လှမ်းလိုက်ကြသည်။

''ဘုန်းတော်ကြီးသော ဘာသော လုပ်မနေနဲ့ ငမိုး။ ရှေ့ကနေပန်းတက်ပြီး မင်းဓားနဲ့ထောက်ထား။ နောက်ကနေ ငါ့လက်ဆွဲတော် သံ

**''ကဲ ... ဘုန်းကြီး၊ လည်ပင်းက ခပ်တုတ်တုတ်ကြီးကြီးနဲ့ တစ်ကိုယ်လုံးမှာ ဝတ်ထားတာတွေကို အသာတကြည်နဲ့ ချွတ်ပေးဖို့ အလှူခံပါတယ်။ ကျုပ်တို့ပြောတဲ့အတိုင်း မလုပ်ရင်တော့ ဒီမယ်တွေ့တယ် မဟုတ်လား။ အူပွင့်ပြီး ချက်ချင်း ပျံလွန်တော်မူသွားမယ်''**



www.burmeseclassic.com

www.burmeseclassic.com

တုတ်နဲ့ ရွယ်ထားမယ်။ အလွယ်တကူ ချွတ်မပေးရင်တော့ အပြတ်သာရှင်းကြတာပေါ့''

နှစ်ယောက်စလုံး သွက်လက်စွာ လှုပ်ရှားလိုက်ကြသည်။ ခေါင်မိုး (?) က လျင်မြန်စွာ ပြေးထွက်လိုက်ပြီး ဘုန်းတော်ကြီးရှေ့တွင် ငုတ်ရပ်လိုက်ကြသည်။ သူ့လက်ထဲတွင် လက်ခနဲဖြစ်သွားသော ဓားမြှောင်တစ်ချောင်းကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။

''ကဲ ... ဘုန်းကြီး၊ လည်ပင်းက ခပ်တုတ်တုတ်ကြီးကြီးနဲ့ တစ်ကိုယ်လုံးမှာ ဝတ်ထားတာတွေကို အသာတကြည်နဲ့ ချွတ်ပေးဖို့ အလှူခံပါတယ်။ ကျုပ်တို့ပြောတဲ့အတိုင်း မလုပ်ရင်တော့ ဒီမယ်တွေ့တယ်မဟုတ်လား။ အူပွင့်ပြီး ချက်ချင်း ပျံလွန်တော်မူသွားမယ်''

''ကြာတယ် မြန်မြန်ချွတ် ချွတ်လေ''

မြမောင်ကလည်း ဘုန်းတော်ကြီး၏ ဦးပြည်းအား သံတုတ်နှင့် ရွယ်မိုးထားရင်း ပြောလိုက်သည်။ နှစ်ယောက်စလုံးမှာ အရုပ်အမောင်းကောင်းလှသလို ကမ်းကုန်အောင် ရက်စက်မည့် မိုက်ကန်းကန်း ပေပေတေတေများ ဖြစ်ကြသည်။

ဘုန်းတော်ကြီးကလည်း သူတို့နှစ်ဦးအား သတိကြီးစွာနှင့် ရပ်ကြည့်နေသည်။ ဆရာတော်၏ မျက်လုံးများမှာ စူးရှတောက်ပြောင်လွန်းလှသည်။ အသာတကြည်တောင်း၍ ရမည်မဟုတ်မှန်းကို သိလိုက်သော ခေါင်မိုး (?) သည် ဓားမြှောင်ဖြင့် ရင်ဝဆီသို့ အပြေးဝင်လာသည်။ ခေါင်မိုး (?) လှုပ်ရှားလိုက်သည်နှင့် သံတုတ်မြမောင်၏ သံတုတ်သည် လေထဲတွင် ဝှီးခနဲ မြောက်တက်လာကာ အားပါသော ရိုက်ချက်များနှင့် ကျလာသည်။

အချိန်ကာလအားဖြင့် ၅ မိနစ်ခန့်ပင် ကြာမည်မထင်လိုက်ရ။ လေမုန်တိုင်းတစ်ခုကဲ့သို့ နီညိုရောင် အရိပ်တစ်ခုသည် စက်ဝိုင်းတစ်ခုလို လှုပ်ရှားမြန်ဆန်စွာ သူတို့နှစ်ဦးအပေါ်သို့ လွှမ်းဖုံးသွားသည်။ လက်သံပြောင်လှသော ခေါင်မိုး (?) နှင့် သံတုတ်မြမောင်တို့မှာ ဒီတစ်ချီတွင် လှလှပပကြီး ခံစားလိုက်ရသည်။ ဆရာတော်သည် သူတို့နှစ်ဦးအား မည်သို့မည်ပုံ တိုက်ခိုက်လိုက်သည်မသိ။ သတ္တသခါရနှင့် ဩကာသလောကကြီးမှ ကင်းလွတ်သွားကြသည်။

မြင်မကောင်း ရှုမကောင်းစွာ မြေပေါ်တွင် တုံးလုံးမှောက်ခုန် ဖြစ်သွားကြသည်။ ထူးဆန်းသော ဘုန်းတော်ကြီးမှာလည်း ကန်တော်ကြီးစောင်းမှ ပျောက်ကွယ်သွားလေသည်။

မျက်နှာများတွင် ဖူးယောင်ပြီး တစ်ကိုယ်လုံးတွင် ဒဏ်ရာဒဏ်ချက်များနှင့် တကျွတ်ကျွတ် ညည်းညူကာ ခြေထောက်များ ထော့နဲ့ထော့နဲ့နှင့် အခန်းထဲသို့ဝင်လာသော တပည့်ကျော် နှစ်ယောက်အား ဆရာကျော်ကြီးက မသက်မသာ ကြည့်လိုက်သည်။ ငါ့ကောင်တွေကို ဘယ်သူကများ နှိပ်ကွပ်လိုက်ကြပါလိမ့်။ အထိုးအခုတ် အသတ်အပုတ်တွင် လက်စလက်နကောင်းသော တပည့်ကျော်များအား ဆော်ထည့်လိုက်သူမှာ နှယ်နှယ်ရရတော့ ဟုတ်မည် မဟုတ်ပေ။

''ဘယ်လိုများ ဖြစ်လာကြတာလဲကွာ။ မင်းတို့နှစ်ကောင်ကို သမသွားတာ ဘယ်ကကောင်လဲ''

''ကျွန်တော်တို့လည်း ဒီလောက်ခံရမယ်လို့ မထင်မိပါဘူး ဆရာကျော်ကြီးရယ်။ အဲဒီဘုန်းကြီးက ဘယ်လိုသိုင်းကွက်တွေ တတ်ထားတယ် မသိဘူး။ ထူးတော့လည်းထူးတယ်။ ဘုန်းကြီးပေမယ့်လည်း ရွှေတွေကို ညွှတ်နေအောင် ဝတ်ထားတယ်''

''ဒါနဲ့ဗျား မင်းတို့နှစ်ယောက် ရအောင် မယူခဲ့နိုင်ဘူးလား''

''ဟာ ... အတော်ထက်တယ်။ ဘယ်လိုမှ ယူလို့မရဘူး''

''ဘယ်က ဘုန်းကြီးလဲ''

''အဲဒါတော့ ကျွန်တော်တို့လည်း မသိဘူး။ ကန်တော်ကြီးစောင်းမှာတွေ့တာနဲ့ ဝင်လုတာမရဘူး။ နောက်ဆုံးတော့ ကျွန်တော်တို့နှစ်ယောက် မရှုမလှခံလိုက်ရတာပဲ''

''မင်းတို့ သေချာစုံစမ်းမကြည့်ဘူးလား''

''သူထွက်လာတာကတော့ ဗဟန်းကြား တောရလမ်းထဲကပဲ။ အဲဒီမှာ ကျူရီယို ရှေးဟောင်းပစ္စည်းတွေရောင်းတဲ့ ဆိုင်လေးထဲက ထွက်လာတာပဲ။ ရှေးဟောင်းပစ္စည်းတွေ အရောင်းအဝယ်လုပ်သလားတော့ မသိဘူး။ ပုံစံကြည့်ရတာတော့ တော်တော်ချမ်းသာပုံရတယ်''

''ကျူရီယိုဆိုင်က လူကရော''

''မုတ်ဆိတ်ဖြူ ပဏ္ဍိတဆရာခြိမ့်လို့ ပြောတယ်။ အင်္ဂရိတ်ထိုးတယ်။ အဲဒီ အဘိုးကြီးကလည်း အနေအထိုင်ပိရိတယ်။ အရပ်ထဲက လူတွေပြောတာကတော့ ရှေးဟောင်းပစ္စည်းတွေ ရှာရင်း ရွှေအိုးတွေရထားတယ်လို့



www.burmeseclassic.com

www.burmeseclassic.com

ပြောတယ်''

''ကျွန်တော်တို့အတွက်တော့ ရတနာသိုက်တစ်ခုတွေ့တာပဲ ဆရာ''

''အေး . . . မင်းတို့ဒကာရာတွေ အမြန်ဆုံးသက်သာအောင်လုပ်။ ပဏ္ဍိတဆရာခြိမ့်ရဲ့ ကျူရီယိုဆိုင်လေးကို ဝင်စီးကြတာပေါ့ကွာ။ ဒီကြားထဲ အချိန်ယူပြီး ဆရာခြိမ့်အိမ်ကို စောင့်ကြည့်လေ့လာ အကဲခတ်ထား''

''ဟုတ်ကဲ့ပါ ဆရာကျော်ကြီး''

✷

ပြတင်းပေါက်မှ မှိန်ပျော့ပျော့ အလင်းရောင်များ ထိုးကျလျက်ရှိသည်။

ရှေးခေတ်သုံး ကြေးထည်ပစ္စည်းများ၊ မှန်အိမ်များ၊ ရှေးဟောင်းနာရီများ၊ ရုပ်တုမျိုးစုံ၊ ကျောက်စာအကျိုးအပဲ့များနှင့် ရှုပ်ထွေးလျက်ရှိသော ကျူရီယိုဆိုင်လေးထဲသို့ ရဲသူကျော်ခေါင် ဝင်ရောက်လာသည်။ ဒီဆိုင်သို့ မကြာခဏဆိုသလို ရောက်လာတတ်သည်။ ဆိုင်ပိုင်ရှင်ဖြစ်သူ မှတ်ဆိတ်ဖြူဆရာခြိမ့်နှင့် ဝါသနာချင်းတူသလို ခင်မင်ရင်းနှီးခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံအနှံ့အပြားသို့ အတူတကွ ခရီးထွက်ခဲ့ကြပြီး သူလေးစားရသော ဆရာကြီးတစ်ယောက်ဖြစ်သည်။

ရဲသူကျော်ခေါင်သည် ဆိုင်အတွင်းဘက်သို့ ဝင်လာခဲ့သည်။

''မင်း ရောက်လာတာနဲ့အတော်ပဲ။ ငါတို့ ရှမ်းပြည်နယ်ဘက် ခရီးထွက်ရမယ်ထင်တယ်''

''ဘာတွေထူးခြားလို့လဲ ဆရာခြိမ့်''

''ဟိုတလောက ငါ့ဆိုင်ကို ရှမ်းပြည်နယ်ထဲက ထူးဆန်းတဲ့ဘုန်းကြီးတစ်ပါး ရောက်လာတယ်။ ငါရှာနေတဲ့ ရသာယနဓါတ်ပြာ အညွှန်းကို ဘယ်မှာရနိုင်တဲ့အကြောင်း ပြောသွားတယ်။ တစ်ကိုယ်လုံးမှာလည်း ရွှေတုံးရွှေခဲတွေ ညွတ်နေအောင် ဆင်ထားတယ်။ ရွှေလက်စွပ် ရွှေလက်ပတ်နာရီ၊ ရွှေဆွဲကြိုးနဲ့ ဝင်းဝင်းတောက်နေတာပဲ။ အမယ် . . . ထူးတာက ဓာတ်လုံးလက်စွပ်တစ်ကွင်းလည်း ဝတ်ထားတယ်။ ဘာလက်စွပ်လို့ မင်းထင်လဲ''

''ကျွန်တော်က ဘယ်လိုလုပ်သိမလဲ ဆရာခြိမ့်ရ''

''ငါလည်း စိတ်ဝင်စားလို့ မေးကြည့်တော့ မဟာအဆိပ်ကိုနိုင်တဲ့ စိတ်ဓာတ်လုံးလို့ ပြောတယ်။ ထူးဆန်းတာကတော့ တကယ့်ကိုထူးတယ်။ ဓာတ်လုံးကို ငါစိုက်ကြည့်နေတုန်းမှာပဲ ဓာတ်လုံးထဲက မီးခိုးငွေ့တွေလို ထွက်လာပြီး မှောင်အတိကျသွားတယ်လို့ ထင်ရတယ်။ အဲဒီမှာ ဘုန်းတော်ကြီးလည်း ပျောက်သွားတာပဲ . . .''

''အင်း . . . ကျွန်တော့်အထင်တော့ ပုဂံခေတ်တုန်းက အနော်ရထာမင်းလက်ထက်မှာ အရည်းကြီးတွေကို ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံခရိုင်ဘက်ကို နှင်ထုတ်လိုက်တယ်လို့ ရာဇဝင်ထဲမှာ ဖော်ပြထားတာ တွေ့ဖူးတယ်။ ကေန္တ ဆရာခြိမ့်ဆီ အခုရောက်လာတဲ့ ရွှေဘုန်းကြီးဟာ အနော်ရထာမင်းလက်ထက်က နှင်ထုတ်ခံလိုက်ရတဲ့ အရည်းကြီးအဆက်အနွယ်တွေထဲက ဖြစ်ချင်ဖြစ်ရမှာ''

''ငါတို့နှစ်ယောက် ကျိုင်းတုံဘက် ခရီးထွက်မယ်။ မင်းလိုက်နိုင် မလား''

''သိပ်လိုက်တာပေါ့ဗျာ။ ဆရာခြိမ့်ကလည်း သိရက်သားနဲ့ ကျွန်တော်လည်း အထူးအဆန်းတွေ တွေ့ရမယ်ဆိုရင် အရမ်းစိတ်ဝင်စားတယ်။ ခုနက ဆရာခြိမ့်ပြောတဲ့ ရသာယနဓာတ်ပြာက ဘာတွေစွမ်းလဲ''

''အစွမ်းသတ္တိထူးတွေ ရှိတာပေါ့ ရဲသူကျော်ရာ။ ရေဓာတ်လုံး ကျွေးလို့ရတယ်။ ခန္ဓာကိုယ်အတွက် ဓာတ်အသစ်တွေရနိုင်တယ်။ အသက်ရှည်နိုင်တဲ့ ရသာယနဓါတ်ပြာက ဗဟုသုန္ဒရီနတ်သမီး သစ္စာဆိုတဲ့နေရာ မှာ ရှာရမှာ''

''ဗဟုသုန္ဒရီနတ်သမီး။ ဒါ သုဝဏ္ဏသာမရဲ့ မယ်တော်ပဲ။ ဂန္ဓမာဒနတောင်မှာ နေတယ်။ သုဝဏ္ဏသာမ မြားမှန်တာ ဟိမဝန္တာတောထဲမှာ။ ဗဟုသုန္ဒရီနတ်သမီး သစ္စာဆိုတဲ့ ဟိမဝန္တာကို ကျွန်တော်တို့ ဘယ် သွားပြီး ဘယ်လိုရှာရမှာလဲ ဆရာခြိမ့်''

''မဟုတ်သေးဘူးကွ။ ရွှေဘုန်းကြီးပြောသွားတာက ကျိုင်းတုံနယ် မှာ သုဝဏ္ဏလျှိုတောင်ဆိုတာ ရှိတယ် တဲ့။ ဟုတ်မဟုတ် သေချာအောင် ငါ တို့နှစ်ယောက် ခရီးထွက်ပြီး သွား ကြည့်ကြတာပေါ့ကွာ။ အရင် ငါ ဖူးတဲ့ ကွန်ပဲဟိန်းကို အရင်သွားရမယ်''

*ဆက်လက်ဖော်ပြပါမည်။*

နှိုးဆော်သံ

www.burmeseclassic.com



# မမေ့နိုင်သော ထိုတစ်နေ့

■ တက္ကသိုလ်သန်

"မသာတစ်ခေါက် ကျောင်းဆယ်ခေါက်"ဟူသော စကားကို မြန်မာလူမျိုးတိုင်း သိကြ၏။ သို့တစ်စေ ကျွန်တော် အပါအဝင် လူအတော်များများ မလုပ်နိုင်ကြသည်ကား အမှန်ပင် ဖြစ်ပါ၏။

ဆရာသမား၊ မိတ်ဆွေအပေါင်းအသင်းတို့ အသုဘပို့ရန် အခါအခွင့်ကြုံခဲ့သော်လည်း ကျွန်တော်မသွားဖြစ်ခဲ့ပါ။ အကြောင်းမှု အလုပ်မအား၍ဟုပင် ဆင်ခြေပေးရပေမည်။ ကျွန်တော့်အဖြစ်က မနှစ်ကနှင့်မတူပါဟူသော စကားကဲ့သို့ပင် ဖြစ်ပါ၏။

ကျွန်တော် အစိုးရဝန်ထမ်းဘဝမှ အငြိမ်းစားယူပြီးနောက် လူမှုရေးအဖွဲ့အစည်းတစ်ခုတွင် စေတနာ့ဝန်ထမ်းဝင်လုပ်၏။ ယင်းအလုပ်မှာ စေတနာ့ဝန်ထမ်းအလုပ်ဟုသာ ဆိုသည်၊ နေ့စဉ် ရုံးတက်အလုပ်လုပ်ရ၏။ ဝန်ထမ်းများကို အုပ်ချုပ်ရ၏။ အလုပ်အမှုဆောင်အဖွဲ့ကို တာဝန်ခံရ၏။ ကျွန်တော် လေးနှစ်တာ တာဝန်ထမ်းဆောင်ခဲ့ရာတွင် ၂၀၀၈ ခုနှစ် နာဂစ်လေမုန်တိုင်း တိုက်ခတ်ခံရသည့် နေ့တစ်နေ့သာ လျှင် ရုံးတက်ရန် ပျက်ကွက်ခဲ့သည်။ စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ ကျန်ရက်များတွင် အနားမယူဘဲ



www.burmeseclassic.com

www.burmeseclassic.com

အလုပ်ဆင်းခဲ့သည်။

လူမှုရေးအဖွဲ့အစည်းမှ အနားယူလိုက်ပြီး သာမန်ဗဟိုအမှုဆောင်ကော်မတီဝင် ဖြစ်လာသော်လည်း ဂျာနယ်တိုက်တစ်တိုက်တွင် အချိန်ပြည့်အလုပ်ရသဖြင့် အိမ်နှင့်အလုပ်တိုက် မအားလပ်အောင် ရှိခဲ့၏။ တစ်ပတ်တွင် တနင်္ဂနွေနေ့ တစ်ရက်သာ အနားရပြီး ကျန်ခြောက်ရက်စလုံး အလုပ်ဆင်းရ၏။

တာဝန်နှင့် ဝတ္တရားကို လေးစားသောအားဖြင့် ကျွန်တော် ခွင့်ယူခဲ့သည်။ တော်ရုံတန်ရုံ နာဖျားလျှင်ပင် အလုပ်ဆင်းသည်။ ခက်သည်က ကျွန်တော့်မှာ ဝန်ထမ်းများကို အုပ်ချုပ်ရသည့်အပြင် ငွေကြေးအသုံးစရိတ်ကိုလည်း တာဝန်ခံရသဖြင့် အလုပ်ပျက်၍မရအောင် ရှိသည်။

မြန်မာနိုင်ငံ စာရေးဆရာအသင်း ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် တစ်ဦးဖြစ်သဖြင့်လည်း တစ်လတစ်ကြိမ် ကျင်းပသည့် ဗဟိုအမှုဆောင်ကော်မတီ အစည်းအဝေးသို့ ကြိုးစား၍ တက်ရ၏။ တစ်ခါတစ်ရံ ဂျာနယ်တိုက်တွင် အလုပ်များသည့်အခါမျိုးနှင့် တိုက်ဆိုင်နေလျှင် အစည်းအဝေးကို ခွင့်ပန်ရ၏။ ထို့အပြင် စာပေဗဟိုတွင် ပြုလုပ်သည့် အခမ်းအနားများကိုလည်း တက်ရန်ပျက်ကွက်တတ်သည်။

"သူ့ဆန်စား ရဲရမည်"ဟူသော စကားကဲ့သို့ပင် ဂျာနယ်တိုက်အလုပ်သည် လခစားအလုပ် ဖြစ်သဖြင့် ဦးစားပေးအဆင့်တွင် ထားရ၏။ စေတနာ့ဝန်ထမ်း အလုပ်ဖြစ်သော လူမှုရေးအဖွဲ့အစည်းတာဝန်ကို ဒုတိယအဆင့်တွင် ထားသည်။ ဤအတွက် မြန်မာနိုင်ငံ စာရေးဆရာအသင်းမှ လူကြီးများကို ကြိုတင်ရှင်းပြပြီး ခွင့်လွှတ်ရန် တင်ပြထားသဖြင့် ကျွန်တော့်အပေါ် နားလည်မှုရှိကြသည်။

ထို့အပြင် ကျွန်တော်သည် လေးနှစ်လေးမိုး အခကြေးငွေမယူဘဲ အနစ်နာခံလုပ်ကိုင်ခဲ့ဖူးပြီဖြစ်၍ မြန်မာနိုင်ငံစာရေးဆရာအသင်းမှ လူကြီးများ ကျွန်တော့်အပေါ် နားလည်ခွင့်လွှတ်နိုင်လိမ့်မည်ဟုလည်း ယုံကြည်ထားသည်။

မည်သို့သော အခြေအနေရှိစေကာမူ ယခုတစ်ကြိမ်တွင် **ဆရာခင်မောင်ထွန်း(လမ်းမတော်)**၏ အသုဘပို့ရန် အတွက် ကျွန်တော်စဉ်းစားရတော့၏။ ပထမတော့ မြန်မာနိုင်ငံစာရေးဆရာအသင်းက မော်တော်ယာဉ်အစီအစဉ်မရှိသဖြင့် ကိုယ့်အစီအစဉ်နှင့်ကိုယ် သွားရန် ဖုန်းဆက်လာသည်။ နေ့လယ်ပိုင်းကျတော့ မော်တော်ယာဉ်စီစဉ်ပေးမည်ဟု ပြေ လာသည်။

ယင်းမတိုင်မီ ရောင်ပြန်မဂ္ဂဇင်း အယ်ဒီတာချု ဦးမောင်မောင်မြင့်အေးက "ဆရာဦးခင်မောင်ထွန်း အသု ပို့လိုလျှင် သူ့ကားဖြင့် ကျွန်တော့်အား ဝင်ခေါ်မည်"ဟု ဖု ဆက်ထားသည့်အတွက် ဆရာနှင့်အတူ အသုဘပို့လိုက်မ သဘောတူခဲ့သည်။

အသုဘက နှစ်နာရီချမည်ဖြစ်၍ ကျွန်တော့်အလု တိုက်၌ ကျွန်တော့်အား နေ့လယ် ၁၂ နာရီတွင် ဝင်ခေါ်ရ ပြောသဖြင့် ကျွန်တော်အဆင်သင့်လုပ်ထားမည်ဟု ဆ အား ပြောခဲ့သည်။

ထိုနေ့က ကျွန်တော်အလုပ်တိုက်တွင် လုပ်ရန်ရှိသ များကို မနက်ပိုင်းတွင် ပြီးအောင်လုပ်ထားသည်။ နေ့လ ၁၂ နာရီထိုးသည်နှင့် ဆရာဦးမောင်မောင်မြင့်အေးထံမှ ဖု လာသည်။ သူ့အောက်တွင်ရောက်နေပြီဖြစ်၍ ဆင်းလာခ ဟု ဆိုသည်။

ဤသို့ဖြင့် ကျွန်တော်သည် ဆရာ့ကားသစ်လေး ရေဝေးသုသာန်သို့ ရောက်သွားသည်။ အမှန်မှာ အသု မည့်အချိန်မှာ နေ့လယ် ၂ နာရီဖြစ်သော်လည်း ကား မည်စိုးသဖြင့် ခပ်စောစော ကြို၍ထွက်ခဲ့ခြင်းဖြစ်၏။ သို့ရာ ကားမောင်းသည့် ကားဆရာလေး၏ လမ်းကျွမ်းကျင်မှုကြေ ရေဝေးသုသာန်သို့ တစ်နာရီမထိုးခင် ရောက်ခဲ့၏။

စောသည်ဟု ဆိုနိုင်သော်လည်း ကျွန်တော်တို့ရော ရှိချိန်တွင် ဆရာဦးခင်မောင်ထွန်း အသုဘပို့လာကြ ပရိသတ်အတော်များများကို တွေ့ရ၏။ သုသာန်ရောက်မှ သည်မှာအသုဘချချိန်ကို ၂ နာရီအစား ၃ နာရီပြင်ထာ ဟု သိလိုက်ရ၏။ ကျွန်တော်တို့ သုသာန်သို့ရောက်သည့် က ၁၂ နာရီခွဲ၊ အသုဘချမှာက ညနေ ၃ နာရီဆို အချိန်နှစ်နာရီလောက် စောင့်ရပေဦးမည်။

ဆရာဦးခင်မောင်ထွန်းက အဖွဲ့အတော်များမျာ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ စသည်ဖြင့် ဆောင်ရွက်နေသ အသုဘပို့လာကြသည့် အသင်းအပင်းအဖွဲ့အစ လူပုဂ္ဂိုလ်များက များပြားလှပါ၏။ တိုးမပေါက်အောင် မျ



www.burmeseclassic.com

www.burmeseclassic.com

၏။ ဆရာဦးခင်မောင်ထွန်းက စာရေးဆရာတစ်ဦးဖြစ်သည့်အတွက်လည်း ဆရာ၏ စာပေရောင်းရင်း မိတ်ဆွေများ စုံလင်လှသည်။ ဆရာ၏နောက်ဆုံးခရီးမို့ လာရောက်နှုတ်ဆက်ဂါရဝပြုကြသည်ဟု ထင်ပါ၏။

ဆရာက ဆက်ဆံရေးကောင်းသူ၊ အများနှင့် သင့်မြတ်အောင် နေတတ်သူမို့ ဆရာ့ကို ခင်မင်ကြသူများကြ၏။ (သာကေအနေဖြင့် ဆရာကွယ်လွန်ပြီးနောက် အစိုးရသတင်းစာတွင် ဝမ်းနည်းကြောင်းသတင်း ကြော်ငြာထည့်သူများ လက်မလည်အောင် ရှိတော့၏။)

ဆရာ့အသုဘ ပို့ဆောင်သူ မည်မျှများသနည်းဆိုလျှင် အသုဘအခမ်းအနား ပြင်ဆင်ထားသည့် ခန်းမဆောင်အတွင်း၌ အသုဘလာပရိသတ်များ ပြည့်လျှံ၍နေသည်။ ခန်းမဆောင်ထဲတွင် နေရာမဆံ့တော့သဖြင့် ခန်းမအပြင်ဘက်တွင် ရပ်နေသူများ၊ အချို့ ခုံတန်းရှည်ပေါ်တွင် ထိုင်နေသူများဖြင့် ပြည့်နေသည်။ မတွေ့သည်မှာ ကြာပြီဖြစ်သဖြင့် ပြောမဆုံးအောင် တောသုံးတောင် ဖြစ်နေကြသည်။ မိတ်ဟောင်းဆွေဟောင်းများနှင့် ပြန်လည်ဆုံတွေ့ပြီး သာကြောင်းမာကြောင်း ပြောဆိုခွင့်ရခြင်းသည်ပင်လျှင် အသုဘပို့လာရသည့် အကျိုးကျေးဇူးတစ်ခုဖြစ်သည်ဟု ထင်ပါ၏။

ဆရာဦးခင်မောင်ထွန်း အသုဘမချမီ မီးသင်္ဂြိုဟ်ရန် သင်္ဂြိုဟ်စက်သို့ သယ်ဆောင်သွားသော အသုဘအခေါင်းများကို ကျွန်တော် ထိုင်ကြည့်နေမိသည်။ အချို့က အသက် ၄၉ နှစ်၊ အချို့က ၅၈ နှစ်၊ အချို့က ၆၂ နှစ်၊ အချို့က ၈၀ ကျော် စသည်ဖြင့် တွေ့ရ၏။ **သေခြင်းတရားဆိုသည်မှာ ကြီးငယ်မဟူ ကြုံတွေ့ကြရမည့် လောကဓမ္မတာဖြစ်သည်ကို နားလည်သဘောပေါက်ရပါ၏။ မိမိသည်လည်း တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ဤခရီးသို့ရောက်ရမည်မှာ မလွဲပါဟု ဆင်ခြင်မိပါ၏**" "အို၊ နာ၊ သေဘေး ပြေးမလွတ်" ဆိုသော စကားသည် သွေးထွက်အောင် မှန်လှသည်။ ဘုရားသော်မှ ရှောင်လွှဲ၍မရသော ကိစ္စဖြစ်သည်ဟု အောက်မေ့ဆင်ခြင်မိပါ၏။

ကျွန်တော့်ရှေ့မှ သယ်ဆောင်သွားသော အသုဘများကို သတိသံဝေဂတရားဖြင့် ရှုမှတ်နေချိန်တွင် ကျွန်တော်တို့ သုသာန်သို့ရောက်စဉ်က ခြစ်ခြစ်တောက်ပူပြင်းလွန်းသော နေရောင်သည် ရုတ်ခြည်းကွယ်ပျောက်ကာ ကောင်းကင်တစ်ခုလုံး မည်းမှောင်၍လာသည်။ မိုးခြိမ်းသံများ ကျယ်လောင်စွာကြားရပြီး မိုးသည်းထန်စွာ ရွာတော့သည်။ မိုးကြိုးပင် ပစ်လိုက်သေးသည်။ ထီးမပါ လက်ဗလာ လာကြသူများက "ဒုက္ခရောက်ပြီ"ဟု ညည်းညူကြ၏။ အချို့ကမူ "**အံ့သြပါရဲ့၊ နွေခေါင်ခေါင် မိုးရွာလိုက်တာမှ တကယ့် မိုးတွင်းကြီးကျနေတာပဲ**"ဟု ဆိုသည်။

တစ်ခု ထူးဆန်းသည်က ညနေ ၃ နာရီ၌ ဆရာဦးခင်မောင်ထွန်း အသုဘမီးသင်္ဂြိုဟ်ပြီးနောက်တွင် "မိုး"မှာ သူ့အလိုလို စဲသွားလေသည်။

ဆရာဦးမောင်မောင်မြင့်အေးက ကျွန်တော့်အား အလုပ်တိုက်သို့ ကားဖြင့်လိုက်ပို့ပေးသည်။ ကားဖြင့်လာစဉ် ဘေးဘီကို ကြည့်မိရာ မိုးရွာထားသည်ကို လုံးဝမတွေ့ရဘဲ ခြောက်သွေ့နေသည်ကိုသာ တွေ့ရသဖြင့် "**ထူးဆန်းလိုက်တာ**"ဟု ကျွန်တော့်ဘာသာ စိတ်ထဲမှ မှတ်ချက်ချမိပါ၏။

ကျွန်တော်တို့ ခင်မင်ရင်းနှီးရပါသော ဆရာဦးခင်မောင်ထွန်း(မင်းကြီး)က အေးငြိမ်းသောနေရာသို့ ကောင်းကောင်းမွန်မွန် ရောက်ရှိသွားလေပြီ။

ထိုနေ့က ဆရာ့အသုဘ ပို့ဆောင်ခဲ့သဖြင့် ကျွန်တော် ရရှိခံစားလိုက်ရသော သံဝေဂတရား၊ ဖြစ်ခြင်းပျက်ခြင်းတရားတို့ကား "**မသာတစ်ခေါက် ကျောင်းဆယ်ခေါက်**"ဟူသော စကားနှင့်အညီ တစ်စုံတစ်ရာ အကျိုးဖြစ်ခဲ့ပါသည်ဟုသာ ဆိုပါရစေလား။

---

တက္ကသိုလ်သခ်

---



www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံရပ်ခြား ဟာသများ

● တံမြင့်(ရေဒါ)

"ရယ်သောသူသည် အသက်ရှည်၏"ဟူသော စကားရှိသည်။ ပျော်ပျော်နေ အသက်ရှည်ဟု ဆိုထားပြန်သည်။ ရယ်ရွှင်ဖွယ်ရာသည် အကောင်းဆုံးသော ဆေးတစ်ပါးဖြစ်သည်ဟု လစဥ်ထုတ် နိုင်ငံခြားစာစောင်တစ်ခုတွင် ဖော်ပြထားသည်။ ရယ်ရွှင်ဖယ်ရာသည် လူမျိုးတိုင်းတွင်ရှိ၏။ လူတိုင်းလည်း ကြိုက်နှစ်သက်စွာ ဖတ်လေ့ရှိကြ၏။ သို့ဖြစ်ရာ နိုင်ငံရပ်ခြားဟာသများအား စာဖတ်သူများ လေ့လာဖတ်ရှုနိုင်ရန် ဖော်ပြလိုက်ရပါသည်။

## မုဆိုးတစ်ပိုင်း အကြံထိုင်း

အမဲလိုက်မုဆိုးနှစ်ယောက်သည် လေယာဥ်ငယ်တစ်စင်းအား ငှားရမ်းကာ သမင်သားကောင်များ ပစ်ခတ်ရန်အတွက် တောနက်တစ်ခုအတွင်းသို့ လေယာဥ်မှူးအား မောင်းနှင်စေခဲ့သည်။ တောနက်အတွင်း တစ်နေရာတွင် ဆင်းသက်ခဲ့ပြီး အမဲလိုက်ခဲ့ရာ သမင်အထီးကြီး ခြောက်ကောင် ပစ်ခတ်ရရှိခဲ့သည်။ အမဲခြောက်ကောင်အား လေယာဥ်ငယ်ပေါ်သို့ ပစ်တင်လိုက်သည်။

ဤတွင် လေယာဥ်မှူးက "ခဏနေကြပါဦးဗျာ။ ကျွန်တော့်လေယာဥ်က အမဲကောင် လေးကောင်လောက်ပဲ တင်နိုင်မှာပါ။ အကုန်လုံးမတင်နိုင်ပါဘူး"ဟု ကန့်ကွက်ပြောဆိုသည်။ မုဆိုးနှစ်ယောက်က အပြင်းအထန် ကန့်ကွက်လိုက်ပြီး "လွန်ခဲ့တဲ့ နှစ်တုန်းကလည်း ဒီလိုပဲ၊ တို့အမဲခြောက်ကောင် ရတာပဲ။ လေယာဥ်မှူးကတင်ဖို့ သဘောတူခဲ့တယ်။ သူ့လေယာဥ်ကလည်း အခု အရွယ်အစားအတိုင်းပဲလေ"ဟု ဆင်ခြေတက်ကြသည်။

လေယာဥ်မှူးသည် စိတ်မပါလှသော်လည်း လိုက်လျောခဲ့ပြီး သမင်အထီး ခြောက်ကောင်လုံး တင်ခွင့်ပေးခဲ့သည်။ သို့သော် လေယာဥ်ငယ်သည် လေထဲသို့ ရောက်သွားပြီး ခဏအကြာတွင် တင်ထားသော အလေးချိန်အား မရုန်းနိုင်တော့ဘဲ တောတွင်းတစ်နေရာအတွင်း ထိုးကျသွားတော့သည်။ ကံကောင်းချင်တော့ မုဆိုးနှစ်ယောက်ကား အသက်မသေခဲ့။

မုဆိုးတစ်ယောက် လေယာဥ်ပျက်အတွင်းမှ ကုန်းကုန်းကွကွဖြင့် အပြင်သို့ထွက်လာသည်။ လေယာဥ်အတွင်း ကျန်ခဲ့သူက "တို့ ဘယ်နေရာများ ရောက်နေမလဲဆိုတာ





www.burmeseclassic.com

www.burmeseclassic.com

စဉ်းစားလို့ရမလား"ဟု မေးလိုက်သည်။

"သေချာတာပေါ့ကွာ…"အပြင်ရောက်နေသူ မုဆိုးက ပြန်ဖြေလိုက်သည်မှာ "ငါ့အထင်တော့ တို့မနှစ်က ပျက်ကျတဲ့နေရာနဲ့ မလှမ်းမကမ်းလောက်မှာပဲ ဖြစ်နေလိမ့်မယ်" ဟုသတည်း။

❒

## အသက်ရှည်လိုရခြင်းအကြောင်း


သက်ကြီးရွယ်အိုတစ်ဦးသည် ဆရာဝန်တစ်ဦးပြီး တစ်ဦးပြောင်းကာ သူ၏ကျန်းမာရေးကို စစ်ဆေးလေ့ရှိ၏။ နောက်ဆုံးဆရာဝန်တစ်ဦးထံ သွားရောက်ပြသခဲ့ပြီးနောက် ဆရာဝန်က သူ၏ စစ်ဆေးတွေ့ရှိချက်များ၊ ဓာတ်ခွဲခန်းမှ ရရှိထားသော စစ်ဆေးချက်အဖြေများကို ကြည့်ကာ သူ့အား ယခုလက်ရှိ အသက်အရွယ် ၇၀ နှင့် မမျှအောင် ကျန်းမာလျက်ရှိနေပါကြောင်း ပြောကြားလိုက်သည်။ ဆရာဝန်၏ ပြောကြားချက်အပေါ် အားတက်မိကာ "သူ့အနေဖြင့် အသက် ၈၅ နှစ်အထိ နေနိုင်ပါ့မလား"ဟု မေးလိုက်သည်။

ဤတွင် ဆရာဝန်က "အဲ…ကောင်းပြီလေ"ဟု စတင်ကာ "လူကြီးမင်းအနေနဲ့ ဆေးလိပ်၊ အရက် သောက်တတ်သလား။ အဝလွန်စေတဲ့ အသားချောင်း၊ အသားပြားတွေ စားတတ်သလား။ နေပူထဲမှာ လှုပ်ရှားရတဲ့ အားကစားများဖြစ်တဲ့ ဂေါက်သီးရိုက်ခြင်း၊ တောင်တက်ခြင်း၊ စက်ဘီးစီးခြင်း စတာတွေကို အချိန်ကြာမြင့်စွာ လုပ်လေ့ရှိပါသလား" ဟု မေးလိုက်၏။

"ကျွန်တော် ဆေးလိပ်၊ အရက်နဲ့ အသားများများ စားခြင်း၊ ပြင်းထန်တဲ့ အားကစားမျိုးတို့ကို လုပ်လေ့လုပ်ထ မရှိပါဘူး"ဟု ဖြေလိုက်သည်။

ဤတွင် ဆရာဝန်က "အဲဒါနဲ့များဗျာ၊ လူကြီးမင်း အနေနဲ့ ဘာကြောင့်များ အသက် ၈၅ နှစ်အထိ နေသွားချင်ရတာလဲ"ဟု ပြောလိုက်ပါတော့သည်။

❒






www.burmeseclassic.com

www.burmeseclassic.com

## တပ်သား၏ အတွေး



ကြည်းတပ်သားတစ်ဦးသည် မိမိ၏ ပေါ့လျော့မှုကြောင့် ယင်းကိုင်ဆောင်သော ရိုင်ဖယ်သေနတ် ပျောက်ဆုံးသွားသည်။ တပ်မှ အမှုလုပ်ပြီး ပျောက်ဆုံးခဲ့သော သေနတ်အတွက် ၈၅ ဒေါ်လာ ပေးလျော်စေရန် အမိန့်ချလိုက်သည်။

ကျသင့်ငွေအား သက်ဆိုင်ရာသို့ ပေးလျော်ခဲ့ပြီး ယင်းတပ်သားက ပြောကြားခဲ့သည်မှာ "အဲဒါကြောင့် ထင်တယ်၊ ရေတပ်မှာဆိုရင် သင်္ဘောတစ်စင်းနစ်မြုပ်ခဲ့ပြီဆိုတာနဲ့ သင်္ဘောမာလိန်မှူး(ကပ္ပတိန်)ကပါ သင်္ဘောနဲ့အတူ ရေထဲကို လိုက်ပြီး အဆုံးစီရင်သွားတာကိုး" ဟူ၍ ဖြစ်လေသည်။

❑

## ကလေးဒဿန

(က) လေးနှစ်အရွယ်ကလေးမတစ်ဦးက သူ့အမေကို မေးခွန်းထုတ်လိုက်သည်။ "အမေ . . . ဘယ်တော့လောက် (အသက်)သေမလဲဟင်" ဟု ဖြစ်သည်။

မိခင်ဖြစ်သူသည် မမျှော်လင့်သော မေးခွန်းကြောင့် စိတ်လှုပ်ရှားသွားပြီး ဘာကြောင့် ဒီလိုမေးရတာလဲဟု သမီးအား ပြန်မေးလိုက်သည်။

သမီးဖြစ်သူ၏အဖြေက "ဒီလိုပါ အမေရယ်၊ အမေ အခုသေသွားခဲ့ရင် ကျွန်မ နောက်ထပ် မိထွေးတစ်ယောက် ရလာမယ် မဟုတ်လား။ အဲဒီနောက်တော့ သမီးအနေနဲ့ မင်းသားချောလေး(Prince Charming)နဲ့ တွေ့ရတော့မှာ မဟုတ်လား အမေရဲ့"ဟူ၏။ (မှတ်ချက် ။ ကလေးက စင်ဒရဲလားပုံပြင်ထဲမှ အဖြစ်အပျက်ကို ရည်ညွှန်းခဲ့ခြင်း ဖြစ်သည်။)

(ခ) ရှစ်နှစ်အရွယ် သမီးဖြစ်သူက ယင်း၏ မိခင်အား ကိုယ်ဝန်ရှိနေတယ်ဆိုတာ ဘယ်လိုလုပ်ပြီး သိခဲ့သလဲဟု မေးခွန်းထုတ်နေသည်။ မိခင်က ကိုယ်ဝန်ရှိ/မရှိ သွားပြီး စစ်ဆေးကြည့်တာပေါ့ဟု ဖြေလိုက်သည်။ ဤတွင် သမီးဖြစ်သူက "စစ်ဆေးတဲ့အထဲမှာ ဘယ်လိုမေးခွန်းတွေများ မေးထားသလဲ . . . ဟင်" ဟု ဆန်းစစ်လိုက်လေတော့သည်။



*(R.D. August 2013* မှ ဆီလျော်အောင် ပြန်ဆို*ပါသည်။)*

ကံမြင့်(ဒနေ)

www.burmeseclassic.com

www.burmeseclassic.com

# ဘဝအမောစင်မယ့် လှုတောတစ်ခွင် ဟာသများ

ဦးကောင်းထူး

## နိုင်းမှနိုင်းရက်ပလေ

ကလေးချစ်တတ်သော လှုတောသားကြီးတစ်ယောက် မြို့ကပြန်လာ၏။ ဤတွင် မြို့ပြန်လက်ဆောင်ပါလာသည့် အိတ်ကြီးတစ်လုံးအပြည့် သကြားလုံးများကို အိမ်နီးချင်းကလေးများအား ဝေပေးနေခဲ့သည်။

ကလေးများက ထိုသတင်းကြားသည်နှင့် လာတောင်းကြလေ၏။ ထိုအခါ အိတ်ကြီး ဘဖြည်းဖြည်းပိန်လာတာကို မြင်သဖြင့် ညီမလုပ်သူက –

"အစ်ကို့အိတ်ကြီးကလည်း ပိန်ချပ်လာလိုက်တာ၊ တစ်တိတစ်တိနဲ့ စေတိယမင်း မြေမျိုသလိုပါပဲလား"

(စေတိယမင်းဆိုသည်က မုသားတစ်ကြိမ်ပြောတိုင်း တစ်ထစ်တစ်ထစ် မြေမျိုခံရသောမင်း ဖြစ်ချေ၏။)

***

## မင်းသားဂျက်လီ ဓားရေးပြနေသလို

ကလေးကပဲ ဆိုးသလား၊ မိခင်ကပဲ အရိုက်ကြမ်းသလားတော့ မသိ။ လှုတောသားကြီးသည် ကလေးကို သိမ်းရိုက်နေသည့် အိမ်နီးချင်းမအား လှမ်း၍ ဟန့်တားလိုက်၏။

"ဟဲ့ . . . ဟဲ့ . . . ကလေးမ။ ကိုယ်မွေးတဲ့ကလေးပေမယ့် ဒီလောက် မရိုက်ပါနဲ့ကွယ်။ မသိသူတွေက မိထွေးလို့ ထင်ကြလိမ့်မယ်"

"ဆိုးလွန်းလို့ပါ ဦးလေးရယ်။ ပါးစပ်ကို စေ့မနေရဘူး"

"ကလေးပဲဟဲ့။ မျောက်လောက်တော့ ဆော့မှာပဲ။ ကမ္ဘာနဲ့သမားလိုတော့ ငြိမ်မနေဘူး။ နင်ရိုက်ပုံက တရုတ်သိုင်းကားထဲက မင်းသားဂျက်လီ ဓားရေးပြနေသလား မှတ်ရ"

***

## ခွေးက ပိုများနေပါလား

တစ်နေ့သ၌ လှုတောသားတစ်ယောက်သည် စာအုပ်အဟောင်းတန်းသို့သွား၍ စာအုပ်များကို လှန်လှောကြည့်ရှုလေ၏။ ဤတွင် ထောင်ထားသည့် စာအုပ်အနှောင့်များရှိ နာမည်များကိုကြည့်ရင်း ကျယ်လောင်စွာ အော်ဖတ်လေ၏။

"ကမ္ဘာကိုကိုင်လှုပ်သော ထိုဆယ်ရက်၊ စာရေးချင်သော သူများသို့ မှာတော်ပုံ၊ သိလိုသူ၊ မောင်ခွေးဖို့၊ ခွေးဟောင်တိုင်း ထမကြည့်နဲ့၊ ယုန်တောင်ပြေး ခွေးမြောက်



www.burmeseclassic.com

www.burmeseclassic.com

လိုက်၊ ခွေးဂဏ္ဍိ၊ ခွေးဋီကာ"

လှတောသားသည် ဆက်မဖတ်တော့ဘဲ ညည်းတွားလိုက်လေ၏။

"အလိုလေးဟဲ့ . . ခွေးက လူထက်တောင် တန်ဖိုးထွားနေပါပေါ့လား။ လူ့အကြောင်းက တစ်အုပ်တည်းရှိပြီး ခွေးအကြောင်းက ငါးအုပ်တောင် ရှိနေပါကလား"

* * *

## ကိုင်းမပါတဲ့ မျက်မှန်

လှတောသား တစ်စုတို့သည် ၎င်းတို့ အမြင်မကြည်သော လူတစ်ယောက်အကြောင်းကို ပြောနေကြ၏။

ထိုလူ့တွင် အကောင်းတစ်ခုမှ မရှိတော့သကဲ့သို့ မျက်နှာကြောတင်းပုံ၊ စိတ်ထားညံ့ပုံ၊ ဆက်ဆံရေးကျဲပုံ၊ လေလုံးကြီးပုံတွေ စုံတကာစေ့၍ နေ၏။

ထိုကြားထဲ သူ့အရည်အချင်းကို တစ်ယောက်က ယနေ့ကဲ့သို့ ဖော်ကျူးလိုက်ပြန်ပါသေး၏။

"အဲသည်ငတိက ကြီးကျယ်မယ့်သာ ကြီးကျယ်နေတာပါကွာ။ စာဆိုလို့ တစ်လုံးမှ တတ်တာမဟုတ်ဘူး။ ထဆင်ထူး ရေးပြရင်တောင် ကိုင်းမပါတဲ့မျက်မှန်ပါလို့ လျှာထွက်အောင် ငြင်းဦးမှာ"

* * *

## လုံနဲ့အပ်

ကားဂိတ်ရှိ ထမင်းဆိုင်တစ်ဆိုင်တွင် ထမင်းစားနေသည့် လှတောသားနှင့် ထမင်းရောင်းသော လှတောသူတို့ ဆူဆူညံညံ စကားများနေကြ၏။

"ဒီမှာ . . ဒီမှာ၊ တော်ကို ထမင်းတစ်ပွဲ တစ်ထောင်ပေးတောင် ရောင်းဖို့မကောင်းဘူး။ ဘယ့်နှယ် . . . ထမင်းစားဖို့ လာတာမှ မဟုတ်ဘဲ။ အပြစ်ပြောဖို့ လာတာကျနေပြီ'

ဆိုင်ရှင်လှတောသူက စူစူအောင့်အောင့်နှင့် ပြောလေ၏။ ထိုအခါ ထမင်းစားနေသူ လှတောသားက ပလုတ်ပလောင်းကြီး ကြားကပဲ . . .

"ပြောရပါသကော အမိရယ်။ ကြည့်စမ်းပါဦး . . . ငါးတဲ့၊ မန်ကျည်းရွက်လောက်ပဲ ရှိမယ်။ မျက်လိုက်တဲ့ အရိုး၊ ကျန်စစ်သားရဲ့ လှံနဲ့ထိုးသလားမှတ်ရးစူးလိုက်တဲ့အရိုးများ ကျုပ်လည်ပင်းဖြင့် တရှုတ်အပ်စိုက်ကုနေတဲ့ အတိုင်းပဲ"

* * *

## သည်နည်းပဲ ရှိတော့တယ်

မိုးမြစ်ရေ ပြည့်လာ၍ဆိုလျှင် လှတောလယ်သမားများ အပြေးအလွှား ရေသွင်းကာ ထွန်ယက်စိုက်ပျိုးကြလေ၏။

လယ်သမားကြီးတစ်ယောက်သည် ကန်သင်းပေါ်တက်ချပ်ကာ သူ့လယ်ကွက် သူပြန်ရှုကြည့်ရင်း . . .

"ခုပုံနဲ့တော့ စိုက်ရက်ဝေးပါသေးတယ်။ စပါးစိုက်တာက မြေပုပ်တွေ၊ နောက်ချေးတွေနဲ့ မူးရေသမပြီးစမရေအိုးပွက်သလို ပွက်ထနေမှ စိုက်လို့ကောင်းတာကွ"

ထိုအခါ ကန်သင်းပေါ်ရောက်နှင့်နေသူက မှတ်ချက်ချလေ၏။

"ဒီအချိန်ဟာ ပင်ထောင်လာကြည့်နေကျ အချိန်ပဲဗျ"

"ဒီနှစ်တော့ ခုအချိန်မှာ ပင်ထောင်ကြည့်ဖို့ ဆင်လာရင်ဖြင့် ဟောဒါ ပင်ထောင်ပါပဲဆိုပြီး လယ်စပ်ထ ထန်းပင်တွေကို လက်ညှိုးထိုးပြရုံပဲ ရှိတယ်ဟေ့"

* * *

## ဘာမြန်သလဲ မမေးနဲ့

ကောက်စိုက်သမတစ်စုသည် ကောက်စိုက်နေရင်းမှ စပ်မိစပ်ရာ စကားများကို ပြောနေကြလေ၏။

ဤတွင် တစ်ယောက်က . . .

"မောင်းနွားတွေထဲမတော့ ငါတွေ့ဖူးတဲ့ နွားမျိုးကြားတောင်မကြားဖူးဘူး။ လယ်ကိုင်းကနေ ကျော . . . တော်ရာကို လှည်းမောင်းသွားတာ ဘုရားရော . . . လှည်းစီးသူ မပါမှန်းသိပြီး ဒုန်းစိုင်းပြေးလာသတဲ့။ . . .



www.burmeseclassic.com

www.burmeseclassic.com

ပေါ်ကကျကျန်ခဲ့တဲ့လူက မြေကြီးပေါ်မရောက်ခင် လှည်းက ပြန်ရောက်လာတာပဲ"

ထိုအခါ နောက်တစ်ယောက်က အနိုင်မခံစိတ်နှင့်

"အဲဒီနွားတွေက နွားမဟော့ ထင်ပါရဲ့ဟယ်။ တို့အိမ်မှာရှိတဲ့ မောင်းနွားနှာကောင်မှ တကယ်ကောင်းတာ။ ညည်းပြောသလိုပဲ လှည်းပေါ်ကလူ ကျကျန်ခဲ့လို့ ပြန်ရှာတာ မတွေ့ပြန်ဘူး။ ဒါနဲ့ သွားလမ်းအတိုင်း ပြေးပြီးကြည့်တော့လည်း မတွေ့ပြန်ဘူး။ နောက်တစ်ခေါက်ပြန်လာတော့မှ မြေကြီးပေါ်မရောက်ခင် တွေ့လို့ လှည်းထိုးရပ်ပေးလိုက်ရသဟော့"

* * *

## နာမည်ကျော်တံဆိပ်

ရွာ၌ မင်းသားကဲ့သို့ ကြော့နေအောင် ဝတ်စားတတ်သည့် လူငယ်တစ်ယောက် ကားဂိတ်သို့ ရှိုးပြထွက်လာခဲ့၏။

ထိုအချိန်ဝယ် နေက တာပေါ်ကို မေးတင်နေ၏။ ထိုလူငယ်လည်း ကားကားကြီးရပ်လျက် စတိုင်ထုတ်နေ၏။

ကာယကံရှင်က သူ့အဖြစ်သူ မသိသော်ငြား လက်ဖက်ရည်ဆိုင်ထဲရှိ လူတွေကမူ အထင်းသား အကွင်းသား မြင်နေရ၏။

"ဟလိုလေး . . . လုံချည်ရယ်၊ ပါးလိုက်လေခြင်း။ ပင့်ကူမျှင်နဲ့များ ရက်ထားသလား မသိဘူး"

"ဘယ်ဟုတ်ရမလဲ။ တိမ်မျှင်နဲ့ထိုးပြီး မီးခိုးနဲ့ ဖောက်ထားတာ"

"ဒါကြောင့် ခလောက်တံဆိပ်၊ အမြောက်တံဆိပ် ရယ်လို့ နာမည်ကျော်နေသကိုး"

* * *

## ဂုန်နီအိတ်ကိုတဲ့ ဆေးရောင်ခြယ်

အသက်ငါးဆယ်ကျော် အမျိုးသမီးတစ်ယောက်သည် ယောကျ်ားဝတ် လုံချည်ကွင်းတစ်ထည်ကို တမြောက်မြောက်နှင့် အိမ်ပြန်ရင်း ဒေါ်ပြောလေချေ၏။ ဤတွင် ခင်ပွန်းဖြစ်သူက –

"အဘွားကြီး ဘာဖြစ်တာလဲ"

ဟု မေးလိုက်သကဲ့သို့ သမီးများကလည်း . .

"အမေ ဘာတွေအော်လာတာလဲ"

ဟု မေးပြန်၏။

အမျိုးသမီးသည် အမေးတွေကို ပြန်ဖြေရမည့်အစား အော်လက်စ ဆက်အော်လိုက်ပုံမှာ –

"အလိုလေးတော် ရှစ်ဆယ်တန်ပုဆိုးတဲ့၊ ဂုန်နီအိတ်ကို ဆေးရောင်ခြယ်ထားသလား မှတ်ရတယ်တော့"

* * *

## စပါးအုံးနဲ့ နင်လား ငါလား

ချောင်ဖြူခွန် နှစ်စေ့စားဟု ခေါ်ကြသည့် ခွက်ကြီးကိုင် သူဖုန်းစားတစ်ယောက်အား လှတောသားတစ်ယောက်က စပ်စပ်စုစု ဗျူးနေပုံမှာ မှတ်သားလောက်ပေ၏။

"ဘယ့်နှယ်လဲဗျာ၊ ဒီနေ့ အဆင်ပြေရဲ့လား။ တောင်းရမ်းလို့ တော်တော်လေး ရခဲ့ရဲ့လား"

"မရပါဘူးဗျာ"

"မရဘူးသာဆိုတယ် ခင်ဗျားဆိုင်းထမ်းက အိတ်နှစ်လုံးစလုံး ဖောင်းကားနေတာ။ ဟလိုလေး . . . သမဝါယမဆိုင် ဂိုထောင်မျိုထားတဲ့ စပါးအုံးမြွေကြီးတွေလား မှတ်ရဗျာ"

ခွက်ကြီးကိုင် တစ်ချိုးတည်း လစ်ပါလေရော။

* * *

## မျောက်ဖင်နဲ့ ဝက်မြီး

ထမင်းဆိုင်ရှင် အမျိုးသမီးကြီးတစ်ယောက်သည် အလုပ်ရှုပ်နေသည့်ကြား ဆိုင်ဘေးတွင် ကစားရင်း ငြင်းခုန်ဆူညံနေကြသည့် ကလေးများကြောင့် ဖုန်ထလေရာ ဒေါပွနေလေ၏။

ကလေးများသည် အော်လိုက်ငေါက်လိုက်တုန်း

www.burmeseclassic.com

www.burmeseclassic.com

ခဏသာလျှင် ပြေးရှောင်သွားသော်ငြား မကြာခင်မှာပင် ရောက်လာကြ၏။ ၎င်းတို့အထဲ ဘောင်းဘီတို၊ ကိုယ်ဗလာနှင့် ဆံပျှင်ပြောင်ပြ၊ ရေနံ့ပက်လျှင် ဘိုင်းကွက်နင်းပြီး ရှောင်ပြ လူကြီးများ မခံချင်အောင် ဆွတတ်သူဖြစ်၏။

ထမင်းဆိုင်ရှင်လည်း စိတ်ဆိုးလာသည့်အဆုံး . .

"ဟေ့ကောင်လေး . . . ဒီထဲမှာ နင့်မျက်နှာပြောင်ဆုံးပဲ။ နင့်မျက်နှာပြောင်လွန်းလို့ လမ်းဘေးရပ်ထားတဲ့ ကားသစ်လေးတောင် အရောင်မှိန်သွားပြီ၊ တကတဲ ကျောက်ကျောကို ဝက်ဆီသုတ်ထားသလား မှတ်ရတဲ့ကလေး၊ မျောက်ဖင် ဝက်မြီးတပ်ထားသလား အောက်မေ့ရ . . ."

* * *

## ဘယ်သူမှ ဖျက်လို့မရဘူး

လင်မယားသည် ကျိတ်ပြီး စကားများနေကြ၏။

အိမ်နီးချင်းများအနေနှင့် ဘာပြဿနာမှန်း ရေရေလည်လည် မသိကြပေ။

မယားက လင်ကို တဂျီဂျီနှင့် နားချနေသည်ကိုမူ ကြားလိုက်၊ မကြားလိုက် ဖြစ်နေသည်။

"ရှင် ဒီလောက်ခေါင်းမာနေရအောင် ဘယ်ဆွေမျိုးအားကိုးရှိလို့လဲ"

"အားကိုးရှိမှ လုပ်ရဲတာ လူညံ့ဟေ့"

"ဟင်း . . . ဘဝင်မြင့်ပုံများ အမှတ်-၂၀ ဖြတ်ဘူးဘုံတက်ပြီး ၁၈ ထပ်တိုက် ထိပ်ဆုံးရောက်နေသလားမှတ်ရ၊ မြင့်ပါ ကြပ်ကြပ်မြင့်"

"ဟုတ်တယ်၊ မြင့်တယ်။ မင်းသာ ဘဝင်နိမ့်။ မင်းဘဝကို အဝီစိရောက်နေတဲ့ ဒေဝဒတ်ဆီ ဆွေပြမျိုးပြ လွှတ်ထား"

မည်သို့မည်ပုံပြောပြော မရသည့်အခါ မယားလည်း တစ်ဖက်လှည့်နှင့် နားချပြန်ရလေ၏။

"သည်အတိုင်းဆို ရှင်တော့ နာမည်ပျက်တော့မှာပဲ။ ရေပေါ်ရေးတဲ့ အရုပ်ကမှ ရှင့်နာမည်ထက်စာရင် ခံသာဦးမယ်"

ထိုအခါ လင်လုပ်သူက -

"ဟလိုလေး . . . နာမည်ပျက်မှာများ မပူလိုက်လေကွယ်။ ငါ့နာမည်ကို စကြဝဠာတံတိုင်းမှာ ဖောင်းကြွရွှေစာလုံးနဲ့ ကမ္ပည်းထိုးထားတာကွ။ ဘယ်သူမှ ဖျက်လို့မပျက်ဘူး။ နားလည်လား"

ဟူ၍ ပြောလိုက်လေသတည်း။

* * *

## ရာဟုထောင့်က ခွေးဝဲစား

လှတောသားများသည် သူစိမ်းကို မပြောမဆိုရ လည်း မိမိတို့အချင်းချင်း ဂျပန်ဖယောင်းချက်လုပ်ပြီး လှည့်ခွေတတ်ကြ၏။

သို့ဖြင့် လှတောသားတစ်ဦး၏ လက်ဖက်ရည်ဆိုင်ထဲသို့ လှတောသားတစ်စု ဝင်ရောက်အားပေးရင်း -

"ရေကို ရောင်းစားနေတဲ့လူတွေများ အပေါ်စက် အောက်စက် အကောင်းစား သုံးနိုင်တယ်ဗျ"

ဟူ၍ တစ်ယောက်က စပြီး ကလိလိုက်၏။

နောက်တစ်ယောက်ကလည်း မနေနိုင်၊

"အိုဗျာ . . . ရေကို အပူပေးပြီး စားပွဲကုလားထိုင်နဲ့ ရောင်းတော့လည်း သောက်ကြတာပဲ"

မှာထားသော လက်ဖက်ရည် ရောက်လာသည့်အခါ တတိယလူက မြည်းကြည့်လိုက်ပြီး -

"ဒါလားကွ . . . လက်ဖက်ရည်၊ လက်ဖက်ခြောက်နဲ့တောင် မရဘူး။ မြေနီရေကို သကြားခတ်ထားသလား မှတ်ရ"

ထိုအခါ ဆိုင်ရှင် လှတောသားက သွားအကျဲသား လေးနှင့် ပြုံးရင်း -


"အချင်းချင်းမို့ ဝေဖန်ခံရတာကွနော၊ သူစိမ်းသာ ဆိုရင် မင်းတို့ ကမ္ဘာပတ်ပြီး ကျွမ်းပစ်သွားပြီး ရာဟု ထောင့်မှာ ခွေးဝဲစား လမ်းကြိတ်စက်ကြိတ်သလို ပြား မယ် . . . ဟင်း . . . ဟင်း"

ဦးကောင်းထူး



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်မျိုးအောင်

# တမလွန်သို့ အလည်တစ်ခေါက်ရောက်ခဲ့သူ

ကျွန်တော် အထက်တန်းကျောင်းသားဘဝကပင်
ကျွန်တော့်မိဘများ ကွယ်လွန်သွားကြသည်။
ကျွန်တော် လက်ထပ်ပြီး၍ ဇနီးသည်မိဘနှစ်ပါးကို
ကျွန်တော့်မိဘများသဖွယ် လေးစားရိုသေချစ်ခင်ခဲ့သည်။
ဇနီးသည်နှင့်လက်ထပ်ပြီး သုံးနှစ်နီးပါးခန့်ထိ သားသမီးမထွန်းကားသေးပါ။
ယောက္ခမများက မြေးချီချင်သည်ဟု တဖွဖွပြောကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က အသား ညိုသော်လည်း ကျွန်တော့်ဇနီး က အသားဖြူသည်။ ကျွန်တော့် ယောက္ခမများမှာလည်း အသားအရေ ဖြူဖြူသန့်သန့် ပင် ဖြစ်ကြသည်။ သူ့အဖေဆို လျှင် အရပ်ထောင်ထောင် မောင်းမောင်းနှင့် စီးကရက်ကို လက်ဖျားကမချစတမ်းသောက် လေ့ရှိသည်။ စီးကရက်ဘူး လိုက်ဝယ်၍ သောက်သည်။ တစ်လိပ်ကုန်လျှင် နောက် တစ်လိပ်ကူးပြောင်းမီးညှိပြီးသောက် သည်။ မီးခြစ်ဆောင်ထားရန် မလိုသည်အထိ စီးကရက် သောက်သည်။ စီးကရက်ဆက် တိုက်သောက်သဖြင့် လက်ညှိုး နှင့် လက်ခလယ်ကြားတွင် စီး ကရက်ညှပ်ထားသည့်အရာထင် နေသည်။ စီးကရက်သောက် လွန်းသဖြင့် လက်ညှိုးနှင့် လက် ခလယ် အလယ်ဆစ်အထိ ဝါ ထိန်နေခဲ့သည်။

သူ့အမေဆိုလျှင်လည်း ကွမ်းယာ အလွန်ကြိုက်သည်။ ကွမ်းယာအဆက်မပြတ်စား လေ့ရှိသည်။ ခရီးသွားလျှင်ပင် ကွမ်းယာထုပ် ယူသွားလေ့ရှိ သည်။ သွားများအားလုံး ကွမ်း ချေးများဖြင့် နီရဲနေသည်။ သွား များမှ မူလအဖြူရောင်ပင် မပေါ်တော့ပါ။

ယောက်ျားက "မင်းကွမ်း စားတာ လျှော့ပါဦး"ဟု ပြော လျှင် မိန်းမဖြစ်သူက အားကျ မခံ "ရှင်လည်း ဆေးလိပ် သောက်တာ လျှော့လို့လား၊ မီးခိုးမတိတ်တမ်း သောက်နေ တာပဲ"ဟု ပြန်ပြောကာ မကြာ ခဏ စကားများလေ့ရှိသည်။ မိန်းမက ဆေးလိပ်မီးခိုးနံ့ မခံ နိုင်သလို ယောက်ျားဖြစ်သူက လည်း ကွမ်းတံတွေးတပျစ်ပျစ် ထွေးသည်ကို မကြိုက်ပါ။ တစ် ယောက်အပြစ် တစ်ယောက် ပြောလေ့ရှိကြသည်။ သို့သော် ကျွန်တော့် ယောက္ခမများ ဆေး လိပ်အသောက် မပျက်၊ ကွမ်း အစားမပျက်ခဲ့ကြပါ။

ကျွန်တော်တို့ လင်မယား ကံဆိုးသည်ဟု ဆိုရမည်ထင် သည်။ ကျွန်တော်တို့ အိမ် ထောင်ကျပြီး သုံးနှစ်ကျော် ကျော်တွင်ကျွန်တော့်ယောက္ခမ နှစ်ဦးစလုံး ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားကြသည်။သူတို့ ချိုပိုးချင်လှသည့် မြေးလည်း ချီ ပိုးခွင့်ရမသွားကြပါ။ "မြေးရှိရင် သိပ်ကောင်းမှာကွဲ့၊ မောင် သက်အောင်နဲ့တူရင် အသား ညိုမယ်၊ တို့နဲ့တူရင်တော့ အသားဖြူမယ်"ဟု မကြာခဏ ပြောလေ့ရှိသည်။

ယခု ယောက္ခမများ ကွယ်လွန်သွားကြရှာသည်။ ယောက္ခမများ ကွယ်လွန်သွား ပြီး နောက်တစ်နှစ်ကျော်မှ ကျွန်တော့်ဇနီး သားယောက်ျား လေးတစ်ဦး ဖွားမြင်ခဲ့သည်။ သားငယ်လေးမှာအသားအရေ ဖြူဖြူဝင်းဝင်းနှင့် မျက်ခုံးမျက် လုံး၊ နှာတံကျပုံမှာ သူ့ဘွားအေ နှင့် တူပြီး ခြေတံလက်တံရှည် ရှည်နှင့် ထွားကျိုင်းပုံမှာ သူ့ ဘိုးအေနှင့်တူနေသည်။ အဘိုး အဘွားများရှိလျှင် မည်မျှ အချစ်ပိုမည်ကို တွေးမိပြီး စိတ် မကောင်းဖြစ်ခဲ့မိသေးသည်။

သားငယ်နှစ်နှစ်ကျော်ကျော် အရွယ်တွင် အလုပ်တာဝန်ဖြင့် နယ်ဘက်သို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရသည်။ ထားဝယ်ခရိုင်အတွင်းရှိ ကန် ပေါက် သတ္တုမိုင်းများရှိရာသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင် ရသည်။ ဇနီးနှင့်သားပါ တစ်ပါ တည်း ခေါ်သွားခဲ့သည်။ သား ငယ်မှာ ထွားထွားကျိုင်းကျိုင်း သန်သန်မာမာနှင့် လွန်စွာ အဆော့သန်သည့် ကလေးဖြစ် သည်။ နောက်ဆုံး အဆော့ သန်လွန်း၍ မြေပေါ်လဲကျကာ ဝဲဘက်လက်ကျိုးရသည်အထိ ဖြစ်ခဲ့သည်။ ဆေးရုံနှစ်ပတ်ခန့် တက်လိုက်ရသည်။

ထားဝယ်ဒေသသည် သားငယ်အတွက် ကံမကောင်း သည့် ဒေသဖြစ်နေသည်။ လက်ကျိုးပြီးနောက် ခြောက်လ ခန့်တွင် ငှက်ဖျားရောဂါ ခံစား ခဲ့ရပြန်သည်။ သားငယ်တ အဆော့မက်ပြီး အနေအထိုင် မဆင်ခြင်မှုများကြောင့် ခြင် ကိုက်ခံရကာ ငှက်ဖျားရောဂါ ရရှိခဲ့ခြင်း ဖြစ်သည်။ တစ်ခါ တစ်ရံ ဆော့ကစားရင်း မော ပန်းကာ အိပ်ပျော်သွားလေ့ရှိ သည်။ နေ့ခင်းဘက် အိပ်ပျော် နေသဖြင့် ခြင်ထောင်မရှိဖြစ် ကာ ခြင်ကိုက်ခံရခြင်း ဖြစ် သည်။ ထားဝယ်ဘက်တွင် လေးနှစ်ကျော်ခန့် တာဝန်ထမ်း ဆောင်ပြီး ရန်ကုန်မြို့သို့ ပြန် လည်ပြောင်းရွှေ့တာဝန်ထမ်း ဆောင်ခဲ့ရသည်။ ထားဝယ် တွင် တာဝန်ထမ်းဆောင်စဉ် သားလေးဝဲဘက်လက်ကျိုးခဲ့ သည်၊ လက်ကျိုးသည့် ဒဏ်ရာ မှာ ပကတိအတိုင်း ကု ကောင်းမွန်ခဲ့သော်လည်း



www.burmeseclassic.com

ဖျားရောဂါမှာ ရန်ကုန်အထိပါ လာသည်။ အသက် ငါးနှစ် ကျော်၍ ကျောင်းထားရမည့် အရွယ်ရောက်ခဲ့သော်လည်း ကျောင်းမထားရသေးပါ။ ငှက်ဖျားရောဂါကို ကုသနေရသည်။ အပြင်းဖျားပြီး သတိလစ်သည် အထိ ပြင်းထန်ခဲ့သောကြောင့် ကလေးဆေးရုံကြီးသို့ တင်ပို့ခဲ့ရသည်။

ငှက်ဖျားရောဂါပိုး ဦးနှောက်အတွင်းသို့ရောက်ရှိသွားပြီဟုလည်း စိတ်မကောင်းစွာ သိလိုက်ရသည်။ ကျွန်တော့်ဇနီးတစ်လှည့်၊ ကျွန်တော်တစ်လှည့် သားငယ်ကို ညအိပ်စောင့်ခဲ့ကြသည်။ သားငယ်မှာ လုံးဝ သတိမရတော့ဘဲ အောက်ဆီဂျင်ပေးထားရသည် အထိ ဖြစ်ခဲ့သည်။ ဂလူးကို့စ်၊ နွားနို့များ ပိုက်ဖြင့်သွင်းရသည်။ သားတစ်ကိုယ်လုံး ပိုက်များဖြင့် ရှုပ်ယှက်ခတ်နေပါတော့သည်။ မြင်ရက်စရာပင် မရှိတော့ပါ။ နောက်ဆုံး အဖျားကြီးလွန်းသဖြင့် အအေးခန်းတွင် ရေခဲခြင်ထောင်ဖြင့် ထားရသည် အထိ ဖြစ်ခဲ့သည်။ ဆေးရုံတွင် နှစ်ပတ်ကျော်ခဲ့ပြီ ဖြစ်သော်လည်း သားငယ်မှာ လုံးဝသတိ

"သား . .
ဘိုးဘိုး၊ ဘွားဘွားတို့နဲ့တွေ့ခဲ့တယ်။
သူတို့ပြန်လွှတ်လိုက်လို့
သားဒီကို ပြန်လာတာ"

မရသေးပါ။ အောက်ဆီဂျင်၊ ဆေးရည်၊ နွားနို့များ သွင်းထားရဆဲ ဖြစ်သည်။

ကျွန်တော်တို့က သားငယ် သေနိုင်သည်ဟုပင် ယူဆထားခဲ့ပြီ။ ကျွန်တော့်ဇနီးက ဗေဒင်မေးခြင်း၊ ယတြာချေခြင်းများလည်း အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီးလည်း ဖြစ်သည်။ အချို့သူများက ဖုတ်ဝင်နေသည်ဟုပင် ဆိုကြသည်။ ကျွန်တော်တို့ လင်မယားလည်း သားလေးကို မျှော်လင့်ချက်မရှိတော့ဟု သတ်မှတ်ထားသည်။ အတတ်နိုင်ဆုံး စိတ်ကိုဖြေသိမ့်ထားကြရသည်။ ကျွန်တော် သားငယ်ကို စောင့်သည့် ည ရှစ်နာရီခန့်တွင် မမျှော်လင့်သော အဖြစ်အပျက်များ ဖြစ်ခဲ့သည်။ သားငယ်မှာ သတိလစ်မေ့မြောနေရာမှ မျက်လုံးပွင့် သတိရလာပြီး အသံကျယ်ကျယ်ဖြင့် ထအော်ပါသည်။

"ဖေဖေ . . သား ဘိုးဘိုး ဘွားဘွားတို့နဲ့တွေ့ခဲ့တယ်"

ထိုသို့ အော်ဟစ်ရင်း သူ့ကိုယ်ပေါ်မှ ပိုက်များ ဖြုတ်ပစ်လိုက်ပါတော့သည်။ ပြီးနောက် ခုတင်ပေါ်မှဆင်းပြီး ဟိုခုန်ဒီခုန်လုပ်နေသည်။ ရုတ်တရက် မှင်တက်မိကာ ကျွန်တော် အံ့သြနေစဉ်မှာပင် . .

"သား ဘိုးဘိုး၊ ဘွားဘွားတို့နဲ့တွေ့ခဲ့တယ်။ သူတို့ ပြန်လွှတ်လိုက်လို့ သား ဒီကို ပြန်လာတာ"

သားငယ်အဖြစ်မှာ မယုံနိုင်စရာ ဖြစ်နေပါသည်။ သားငယ် အော်ဟစ်ခုန်ပေါက်နေသည့် အသံကြောင့် တာဝန်ကျဆရာဝန်နှင့် သူနာပြုများ ရောက်လာသည်။ သားငယ်ကို ဝိုင်းဝန်းထိန်းချုပ်လိုက်ကြသည်။ ချက်ချင်းပင် ဆေး[illegible]ဖူးသည်ကို တွေ့ရသည်။

"ကလေးသတိရလာတာ သိပ်ကံကောင်းတယ်။ သူ့စိတ်က ပုံမှန်အနေအထား ပြန်မရောက်သေးဘူး။ တယောင်ကတမ်းနဲ့ ပြောချင်ရာပြောလိမ့်မယ်။သတိထားပြီး စောင့်ကြည့်ပါ"

သားငယ်မှာ မကြာမီ ပြန်လည်အိပ်ပျော်သွားပါသည်။ နောက်ထပ်တစ်နာရီကျော်ကျော်အကြာတွင် ပြန်လည် နိုးလာသည်။ သတိရရချင်းပင် သူ့အမေကို မေးပါတော့သည်။ စိတ်ထားပုံမှန်မရသေးဟုဆိုသော်လည်း သားငယ်က သူ့အမေကို မေးသဖြင့် ကျွန်တော် ဝမ်းသာသွားမိပါသည်။

"မေမေ . . မနက်ဖြန်စောစော လာခဲ့ဦးမယ်။ ဘာပြောချင်လဲ"

"သား. . ဘိုးဘိုး၊ ဘွားဘွားတို့နဲ့ တွေ့ခဲ့တယ်"

"ဟဲ့-သား ဘာတွေပြောနေတာလဲ။ ဘိုးဘိုး၊ ဘွားဘွားတို့နဲ့ ဘယ်မှာတွေ့ခဲ့တာလဲ"

"နေရာတော့ မသိဘူး။ ဘိုးဘိုးတို့ အိမ်က အကြီးကြီးပဲ။ သားကို သူတို့နဲ့အတူတူနေဖို့ ခေါ်ကြတယ်"

"သား သတိထားပါဦး"

သားငယ်မှာ သတိရရချင်းပင် သူ့အဘိုးအဘွားတွေနှင့်တွေ့ခဲ့သည့်အကြောင်း

www.burmeseclassic.com

ထပ်တလဲလဲသာ . . ပြောနေသည်။

သားငယ် သတိပြန်ရလာ၍ ဝမ်းသာခဲ့ရသည်မှာ တဒင်္ဂသာ ဖြစ်ခဲ့ရသည်။ သားငယ်ကို ကြေကွဲစွာကြည့်နေမိသည်။ သားငယ်မှာ စိတ်မမှန်တော့ဘဲ ကယောင်ကတမ်းတွေ ပြောနေသည်ဟု ထင်နေသည်။

"သား ဘိုးဘိုးတို့နဲ့အကြာကြီး မနေခဲ့ပေမယ့် သားပျော်ပါတယ်။ သူတို့နဲ့အတူတူနေဖို့ သားကိုခေါ်ကြတယ်။ သားမနေချင်လို့ ပြန်လာတာ"

"သားတွေ့ခဲ့တဲ့ ဘိုးဘိုး ဘွားဘွားတို့ရဲ့ ရုပ်ရည်တွေက ဘယ်လိုလဲ၊ ဖြူလား၊ မည်းလား။ ပိန်ပိန်လား ဝနေလား"

"အဘိုးရော၊ အဘွားရော အသားဖြူတယ်၊ အရပ်လည်းမြင့်တယ်"

သားငယ်စကားကြောင့် ကျွန်တော့်စိတ်ထဲ ထူးဆန်းသလို ခံစားလိုက်ရသည်။ သူမေ့မြောနေစဉ် တွေ့ခဲ့သည်ဆိုသော အဘိုး၊ အဘွားများက သူ့အဘိုး၊ အဘွားများနှင့် ရုပ်ရည်တူနေသဖြင့် ကျွန်တော် အံ့ဩရခြင်း ဖြစ်သည်။

"သားတွေ့ခဲ့တဲ့ အဘိုးအဘွားတွေကသားကိုချစ်ရဲ့လား"

"ချစ်ကြပါတယ်။ သားက အဘွားအနားကို သိပ်မကပ်ဘူး။ ဘိုးဘိုးအနားမှာပဲ နေတာများတယ်"

"ဘာဖြစ်လို့ ဘွားဘွားအနားမှာမနေတာလဲ"

"ဘွားဘွားရယ်လိုက်ရင် သားကြောက်တယ်။ ဘွားဘွားရဲ့ သွားတွေက ဖြူမနေဘဲ ကွမ်းစားထားသလို နီရဲနေတော့ သားကြောက်မိတယ်"

သားစကားကြောင့် ကျွန်တော် အထိတ်တလန့် ဖြစ်သွားမိသည်။ သားငယ်သည် သူ့အဘိုးအဘွားများကို တွေ့မြင်ဖူးသူ မဟုတ်ပါ။ သူမမွေးဖွားမီပင် သူ့အဘိုးအဘွားများ ကွယ်လွန်ခဲ့သည်။ သူမမြင်ဘူးသော သူ့အဘွား ကွမ်းစား၍ သွားများ နီရဲနေပုံကိုပြောသဖြင့် ပို၍ ထိတ်လန့်ခဲ့မိသည်။

"ပြီးတော့ ဘွားဘွားက သားကိုမေးသေးတယ်။ သားလက်ကျိုးသွားတာ ကောင်းသွားပြီလားတဲ့"

"သား ဘာပြောလိုက်တယ်။ သားလက်ကျိုးခဲ့တာကို သားရဲ့ဘွားဘွားက မေးတယ်ဟုတ်လား"

"ဟုတ်ပါတယ်ဖေဖေ၊ လက်ကျိုးတာ ကောင်းသွားပါပြီဆိုပြီး သားရဲ့ ဘယ်ဘက်လက်ကို ထောင်ပြလိုက်သေးတယ်"

လွန်စွာထူးဆန်းလှန်းသော အဖြစ်အပျက်များပင် ဖြစ်နေသည်။ သားငယ် သတိမရဘဲ မေ့မြောနေစဉ်ကာလတွင် သူ့အဘိုးအဘွားများထံသို့ သူ့ဝိညာဉ်ရောက်သွားခဲ့သည်ဟု ကျွန်တော် တွေးထင်လိုက်သည်။ မယုံနိုင်စရာပင် ဖြစ်နေသည်။ မကြာမီ သူနာပြုဆရာမများနှင့် ဆရာဝန်ရောက်လာပြီး ကြည့်ရှုစစ်ဆေးကာ ဆေးတစ်လုံး ထိုးပေးကြပြန်သည်။ ယခင်တစ်ခါကလို ပြင်းပြင်းထန်ထန်ရှန်းကန်မှုမျိုး မရှိတော့ပါ။ ဆေးထိုးပေးပြီး မကြာမီ သားငယ် အိပ်ပျော်သွားပါသည်။

သားငယ်အိပ်ပျော်သွားသော်လည်း ကျွန်တော့်အတွေးများက အလျဉ်မပြတ်နိုင်ခဲ့ပါ။ တမလွန်ရောက် သူ့အဘိုးအဘွားများနှင့်တွေ့ဆုံခဲ့ရသည့် ထူးဆန်းသည့် အဖြစ်အပျက်များကို ဆက်လက်တွေးနေမိသည်။ သားငယ်မှာ သူတွေ့မြင်ဖူးခြင်းမရှိသည့် အဘိုးအဘွားများ၏အဖြစ်ကို အမှန်အတိုင်း ပြောပြနိုင်ခဲ့သည်။ ပြီးနောက် သူလက်ကျိုးခဲ့ရသည့် အဖြစ်ကိုလည်း သူ့အဘွားက သိနေပြန်ပါသည်။ ထိုညက ကျွန်တော် အိပ်မပျော်ခဲ့ပါ။

နောက်တစ်နေ့နံနက်စောစောတွင် ကျွန်တော့်ဇနီးဆေးရုံသို့ ရောက်လာသည်။ သားငယ် သတိရလာကြောင်းကိုလည်း ယမန်နေ့ကတည်းက အသိမပေးခဲ့၍ဆိုပြီး ကျွန်တော့်ကို မကျေမနပ်ဖြစ်နေသည်။

သားငယ် အိပ်ပျော်နေဆဲမို့ ကျွန်တော့်ဇနီးကို ဝရန်တာဘက်သို့ ခေါ်သွားကာ ညက သားငယ်ပြောသည့် သူ့

---

"ကလေးသတိရလာတာသိပ်ကောင်းတယ်။ သူ့စိတ်က ပုံမှန်ဖြစ်နေတာ ပြန်မရောက်သေးဘူး။ ကယောင်ကတမ်းနဲ့ ပြောချင်ရာပြောလိမ့်မယ်။ သတိထားပြီးစောင့်ကြည့်ပါ"

---

www.burmeseclassic.com

အဘိုးအဘွားအကြောင်း ပြည့်ပြည့်စုံစုံပြောပြလိုက်သည်။

"သတိမေ့နေတုန်း သူ့အဘိုးအဘွားတွေနဲ့ တွေ့ခဲ့တယ် ဟုတ်လား၊ ကျွန်မတော့ ဘယ်လိုမှ မယုံနိုင်အောင်ဖြစ်နေတယ်။ သားက နောက်ထပ် ဘာတွေပြောသေးလဲ၊ ကျွန်မတို့မိသားစုအကြောင်းတွေပေါ့"

"သူ့အဘိုးအဘွားတွေနဲ့ တွေ့ခဲ့တဲ့အကြောင်းတွေကလွဲပြီး တခြားဘာအကြောင်းမှ မပြောဘူး"

"အစ်ကိုပြောပုံအရဆိုရင်တော့ တော်တော်ထူးဆန်းနေတယ်၊ သားနိုးလာမှ ကျွန်မ မေးကြည့်ဦးမယ်"

သူ့အမေရောက်လာပြီး မကြာမီ သားငယ် အိပ်ရာမှ နိုးလာသည်။ ကျွန်တော်တို့ လင်မယားကို မမှတ်မိသလို ကြည့်နေသည်။

"သား မေမေရောက်လာပြီလေ။ မေမေ့ကို မှတ်မိတယ် မဟုတ်လား၊ သားမေမေ့ကို မေးသေးတယ်ဆို၊ ပြီးတော့ သားရဲ့ဘိုးဘိုးဘွားဘွားတွေနဲ့ တွေ့ခဲ့တယ်ဆို၊ မေမေ့ကို ပြောပြပါဦး"

ကျွန်တော့်ဇနီးက သားအပြောကို မစောင့်နိုင်ဘဲ အလောတကြီးမေးလိုက်သည်။

"ဟုတ်တယ်၊ ဘိုးဘိုး ဘွားဘွားတို့နဲ့ တွေ့ခဲ့တယ်"

"ဘွားဘွားရဲ့ ကွမ်းစားထားလို့ သွားတွေနီရဲနေတယ်ဆို ထားပါတော့၊ ဘိုးဘိုးအနားမှာနေတော့ ဘာတွေထူးခြားတာတွေ့ခဲ့လဲ၊ မှတ်မိတာပြောပါဦး"

"ဘိုးဘိုးက သားကို ဖက်ထားတာ၊ ဘိုးဘိုးရဲ့ လက်ညှိုးနဲ့ လက်ခလယ်နေရာမှာ ဆေးလိပ်ညှပ်ထားတဲ့ အစင်းရာတောင်တွေ့ခဲ့တယ်။ ပြီးတော့ လက်က ဝါထိန်နေတယ်"

"ဘုရားရေ . . သား . . သားလေး"

ကျွန်တော့်ဇနီးက ဘုရားတရင်း တအံ့တဩဖြစ်နေသည်။ ကျွန်တော်တို့ လင်မယားနှစ်ယောက် မယုံကြည်မှုများနှင့်အတူ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိလျက်သား ဖြစ်သွားပါတော့သည်။

ထိုစဉ် ဆရာဝန်ကြီး လှည့်လည်စစ်ဆေးရင်း သားရှိရာ ရောက်လာသည်။

"ကလေးအခြေအနေ - တော်တော်တည်ငြိမ်လာပါပြီ။ သူ့စိတ်က ပုံမှန်ပြန်မရောက်သေးဘူး။ စိတ်ရှည်ရမှာပေါ့။ ဂရုစိုက်ပါ။ ဆေးရုံက ဆင်းခွင့်ပြုလိုက်ပြီ။ ထူးခြားတာ ထပ်ဖြစ်ရင်တော့ ဆေးရုံကို အမြန်ဆုံးပြန်လာပါ။ ကလေးကို ကျောင်းထားလို့ မဖြစ်သေးဘူးနော်"

ဆေးရုံက ဆင်းခဲ့ပြီး အိမ်ပြန်ရောက်ခဲ့သော်လည်း သားငယ်မှာမူ သူ့ကစားဖော်များကိုပင် ကောင်းကောင်းမမှတ်မိတော့ပါ။ တစ်ဦးတည်း တွေဝေငေးမောနေတတ်သည်။ ကျွန်တော်တို့ သားငယ်သည် အမှန်ပင် အဘိုးအဘွားများရှိရာ တမလွန်ဘဝရောက်ခဲ့ပါသလား၊ သူမမြင်ဘူးသောအဖြစ်အပျက်အကြောင်းအရာများကို တိကျစွာ ပြောနိုင်ခဲ့သည်။ အဘိုးအဘွားများနှင့် အတူမနေချင်၍ ပြန်လာခဲ့သည်ဟု ဆိုပါသည်။ သားငယ် တမလွန်ဘဝသို့ အလည်တစ်ခေါက်ရောက်ခဲ့သည်မှာအမှန်ပင်ဖြစ်ကြောင်း ယုံကြည်နေမိပါတော့သည်။


မောင်မောင်မိုးအောင်

ကျွန်တော်တို့ သားငယ်သည် အမှန်ပင်အဘိုးအဘွားများရှိရာ တမလွန်ဘဝရောက်ခဲ့ပါသလား၊ သူမမြင်ဘူးသောအဖြစ်အပျက် အကြောင်းအရာများကို တိကျစွာပြောနိုင်ခဲ့သည်။ အဘိုးအဘွားများနှင့် အတူမနေချင်၍ ပြန်လာခဲ့သည်ဟုဆိုပါသည်။ သားငယ် တမလွန်ဘဝသို့ အလည်တစ်ခေါက် ရောက်ခဲ့သည်မှာ အမှန်ပင်ဖြစ်ကြောင်း ယုံကြည်နေမိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အံ့ဖွယ်ထူးဆန်း ဆေးစွမ်းကောင်းများ (၅)

မျိုးသန်းထွန်းကို(ရေစကြို)

သမားတော်ကြီး ဦးစံမတူတစ်ယောက် ယခင်ပုံစံနှင့်မတူ၊ တစ်မူထူးခြား ဆန်းပြားသည့် လုပ်ရပ်ဆန်းများကြောင့် သူကြီးကတော် ဒေါ်မင်ဆောင်နှင့် သမားတော်ကြီးကတော် ဒေါ်စိန်တို့ ထိုသို့ ပြောဆိုနေကြပါ၏။

"သွေးသောက်ကြီးကတော်ရယ်၊ ကိုစံမတူတစ်ယောက်ကတော့ ယခင်နဲ့မတူ တစ်မူထူးခြားနေပါပြီတော်။ ကျွန်မမှာ အံ့ဩယူရတယ်"

"ဒေါ်စိန်ရယ် . . . ကျွန်မတော့ ဦးစံမတူ ကုပေးလို့ ရောဂါပျောက်ခဲ့ရတယ်။ ကျေးဇူးလည်းရှိပါတယ်။ ဆေးဖိုးလည်းမယူဘူး၊ ပြောပြပါဦး"

"မနက်ည အချိန်မှန် ဘုရားရှိခိုး၊ တရားထိုင်း၊ ပုတီးစိပ်၊ အရပ်ရှစ်မျက်နှာ မေတ္တာပို့၊ အမျှဝေတယ်။ ကျွန်မတို့အိမ်က တရားသံတွေ၊ ကြေးစည်သံတွေနဲ့ ကျက်သရေရှိလှပါတယ်။ ရောဂါရှင်တွေကိုလည်း ပေးသလောက်ယူတယ်။ မတတ်နိုင်တဲ့သူဆိုရင် အခမဲ့ကုသတယ်။ ကုသိုလ်လည်းရ၊ ကြည်နူးမှုလည်းရပေါ့"

"သာဓုခေါ်ပါတယ် ဒေါ်စိန်ရယ်"

မကြာမီ ဦးထွန်းလှနှင့် သူကြီးများ ရောက်လာကြပါ၏။

"သမားတော်ကြီး ဘယ်သွားလဲဟေ့"

"ရှိပါတယ် သွေးသောက်ကြီး ဘုရားကန်တော့နေလို့ပါ"

"အပြောင်းလဲကြီး ပြောင်းလဲသွားပြီနော်။ ဘာသာတစ်ခုကို



www.burmeseclassic.com

www.burmeseclassic.com

တိုင်ထားပြီး သတ္တဝါတွေကယ်နေတယ်။ မွန်မြတ်တဲ့အလုပ်ပါ။ သာဓုခေါ်ပါတယ်"

ထိုအချိန်တွင် ဦးစံမတူ အိမ်ပေါ်မှ ဆင်းလာခဲ့ပါ၏။

"သွေးသောက်ကြီး ချီးကျူးလှချည်လား၊ ဘာအကြောင်း ထူးလို့လဲ"

"ထူးဆို လွတ်လပ်ရေးရတော့မယ်တဲ့"

"ဝမ်းသာစရာပေါ့။ ဒါပေမယ့် တိုင်းပြည်က နုသေးတယ်။ ခေါင်းဆောင်ကောင်းလည်း မရှိသေးဘူး။ အုပ်ချုပ်ရေးယန္တရား မနိုင်နင်းရင်တော့ သူခိုး၊ ဓားပြတွေ ပေါ်လာဦးမှာပဲ"

"တို့သူကြီးတွေမှာ နှစ်လုံးပြူးတွေရှိပါတယ်၊ ပူစရာမလိုပါဘူး"

"ပြောရခက်ပါကလား။ တစ်ထွာလောက်ပဲ မြင်နေတယ်၊ တစ်လံမမြင်ပါလား"

နှစ်လုံးပြူးတစ်လက်တည်းနဲ့ တိုင်းပြည်ကာကွယ်လို့ မရဘူး၊ ရဲတပ်နဲ့ အင်အားတောင့်တင်းမှ ရမယ်၊ အဲဒီအချိန်ကျမှ စံမတူကို အကူအညီတောင်းနဲ့နော်"

ဦးထွန်းလှမှ -

"ဒါတွေထားပါကွာ၊ မင်းရဲ့ဆေးဝါးအစွမ်းတွေကတော့ ရေစကြိုတစ်မြို့နယ်လုံး နာမည်ကျော်နေပြီ၊ ကုသမှုလည်း ပျောက်ကင်းတယ်တဲ့၊ တို့ထင်တာထက်ကိုအောင်မြင်နေပါလား"

"စံမတူဘာလုပ်လုပ် သူများထက် သာပြီးသားပါ။ ညက်ကူရင် စံမတူကို ယှဉ်လို့မရဘူးဗျ၊ အကြံတူရင်တောင် စံမတူသာပြီးသားပါ"

"မင်းရဲ့ စံမတူ ဆေးကျမ်းကြီး ပြီးပြီလား"

"အပြီးသတ်နေပါပြီ၊ လိုအပ်တာတွေ ထပ်ဖြည့်ရင်း ဖြည့်ရင်းနဲ့ ကြာနေတာပါ"

"ဗဟုသုတရမယ့် ဆေးစွမ်းကောင်း၊ ဗဟုသုတလေး လုပ်ပါဦး"

"အရင်ပေးထားတဲ့ ဆရာခဲ ဆေးစွမ်းလည်း အရင်ပြောပါဦး"

ဒေါ်မင်းဆောင်မှ -

"စွမ်းပါ့တော်၊ ရှိရင်လည်း ထပ်ပေးပါဦး"

"ဝါး . . ဟား . . ဟား"

သွေးသောက်ကြီးလည်း ရှက်ပြီး မျက်နှာကြီးနီသွားပါ၏။

"ဒီလိုသိရတော့ ဆေးဖော်ရတဲ့ သမားတော် စိတ်အားထက်သန်တာပေါ့ . . ဟဲ . . . ဟဲ . . . ၊

တကယ်တော့ ရာသီအလိုက် ဖူးပွင့်ကြတဲ့ အသီးအရွက်၊ အသီးအနှံတွေမှာ စားတတ်ရင် အစွမ်းထက်တဲ့ ဆေးတွေပဲဗျ၊ ဒီလိုသာစားတတ်ရင် ရောဂါဆိုတာ မရှိသလောက်နည်းသွားမယ်၊ တကယ်ဆန်းစစ်ကြည့်ရင် တိရစ္ဆာန်တွေရဲ့ သဘာဝကို ပထမ လေ့လာရမယ်၊ တိရစ္ဆာန်တွေမှာ အသားစားသတ္တဝါတွေကို ဘေးဖယ်ပြီး ကျန်တဲ့ တိရစ္ဆာန်တွေဟာ သစ်ရွက်၊ သစ်ပင်တို့ပဲ စားသုံးကြတယ်။ သစ်စေ့သစ်ရွက်တွေကနေ အင်အားဆိုတဲ့ ခွန်အားကိုရတယ်။ ရောဂါဘယကင်းဝေးစေတဲ့ ဆေးဝါးတွေရတယ်၊ ကြွက်တွေဆိုရင် ဆန်စပါးကို စားတယ်၊ ရောဂါရှိတဲ့ကြွက်ဆိုရင် သစ်ရွက်တွေ လိုက်စားကြတယ်၊ ပြီးတော့ ပျောက်ကင်းကြတာပဲ၊ ဘာအရွက်ကို စားရမယ်ဆိုတာ သူတို့သိကြတယ်။ သဘာဝကြီးက သင်ပေးထားတာပဲ။ အသီးအရွက်စားတဲ့ တိရစ္ဆာန်အသားတွေကို လူတွေကစားကြတယ်၊ အရင်းစစ်တော့ အမြစ်ကမြေ ဆိုသလိုပဲ အခြေခံအင်အားကို သစ်ပင်တွေကပဲရကြတယ်မဟုတ်လား။

ကျွန်တော်တို့ လူသားတွေဟာ အသားငါးတွေအစား အသားဓာတ်များတဲ့ အသီးအရွက်နဲ့ ပဲမျိုးစုံကို ပိုစားပြီး အသားတွေကို လျှော့စားကြမယ်ဆိုရင် သတ္တဝါတွေလည်း သေဆုံးမှုနည်းလာကြမယ်၊ လူတွေရတဲ့ ရောဂါတော်တော်များများက အသားငါးတွေ စားကြလို့ပဲ၊ အသားငါးတွေရဲ့ စိတ်သဘာဝတွေဟာ လူ့ရဲ့ ခန္ဓာကိုယ်ထဲမှာ ရောဂါတွေစွဲငြိတတ်တယ်၊ လူတွေဟာ တိရစ္ဆာန်တွေထက် ရောဂါပိုထူတာဟာ အသားငါးစားသုံးမှု များလို့ပဲ၊

မြို့နေ လူတန်းစားနဲ့ ကျေးလက်နေ လူတန်းစားတွေရဲ့ သက်တမ်းကို လေ့လာကြည့်ရင် ကျေးလက်နေလူတန်းစားက အသက်ပိုရှည်တာ တွေ့ရတယ်၊ ကျေးလက်မှာ လူနေထူထပ်မှုနည်းတယ်၊ လေကောင်းလေသန့် ရတယ်၊ လတ်ဆတ်တဲ့ အသီးအရွက်တွေကို စားကြ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ အသားငါးစားမှု နည်းတယ်။ များသောအားဖြင့် အသားငါးတွေကို အခြောက်လှန်းပြီး အခြောက်ကို စားသုံးတာများကယ်။ သားစိမ်းငါးစိမ်းက နေ့တိုင်းမရဘူးလေ။ သတိထားရမှာ သောက်သုံးရေသန့်ဖို့လိုတယ်။ ဒါပေမယ့် ကျေးရွာတွေမှာက ရေနွေးကြမ်းပိုင်းက ရေသန့်သောက်သုံးမှုကို လေ့ကျင့်ပေးတာပဲ။ အထူးသဖြင့် ငါးသေတ္တာတွေကို မစားသင့်ဘူး။ သတ္တုဘူးရဲ့ ဓာတ်သတ္တု၊ ရက်ကြာတဲ့ ငါးတွေရဲ့ ဓာတ်သတ္တုတွေဟာ ကျန်းမာရေးကို ထိခိုက်စေတာပဲ"

ဦးထွန်းလှမှ -

"တို့တောသူတောင်သားတွေက ဆင်းရဲကြတော့ သားငါးလည်း နေ့စဉ် မစားနိုင်၊ မင်းပြောတဲ့ ငါးသေတ္တာဆိုတာက ဧည့်သည်လာမှပဲ အရေးပေါ် ချက်စားကြရတာပါ။ ဒီလို အားနည်းချက်တွေက ကျန်းမာရေးအတွက် အားသာချက်တွေပဲပေါ့။

ဆန်ကိုစားရာမှာ ဆန်ကောင်းကို မစားသင့်ဘူး။ အဆီအဆိမ့်ပါတော့ လူကို ဝစေတယ်။ ဆန်ကြမ်းကိုပဲ စားရမယ်။ ဆန်ကြမ်းက ခွန်အားဖြစ်စေတယ်။ အဆီအဆိမ့်ဟာ ကျန်းမာရေးကို ထိခိုက်စေတယ်။ ဂျပန်ပြည်မှာဆိုရင် လူးတို့၊ ဆပ်တို့ကို ပြုတ်သောက်ကြတယ်။ ကျန်းမာရေးအတွက် အကောင်းဆုံး အစားအစာပဲ။ တရုတ်တွေက ဆန်ပြုတ်ကို အရသာရှိအောင် ပြုတ်ပြီးသောက်ကြတယ်။ ကျွန်တော်တို့ ဗမာလူမျိုးတွေက ဆန်ကို ထမင်းချက်ရင် ထမင်းရည် ငှဲ့ကြတယ်။ အဲဒီထမင်းရည်ကို ခွေးကျွေးကြတယ်။ အမှန်က ထမင်းရည်ကို အာဟာရအဖြစ် သောက်ရမယ်။ ထမင်းရည်ထဲမှာ ဆန်ရဲ့ ကယ်လိုရီ အာဟာရဓာတ်တွေ ပါသွားတယ်။ အသက်ကြီးလာရင် ထမင်းရည် သောက်သင့်တယ်။ ကျန်းမာရေးနဲ့ ညီညွတ်စေပါတယ်။

ထမင်းစားရင် အချဉ်တစ်မျိုးမျိုး ပါအောင် စားပါ။ သရက်ချဉ်၊ သံပရာချဉ်၊ ဆီးဖြူသီးချဉ် စသဖြင့် ရာသီအလိုက်ပေါ်တဲ့ အသီးတွေကို ချဉ်သိပ်ပြီး စားပါ။ အချဉ်ဟာ အဆီတွေကို ချေဖျက်ပေးတဲ့အပြင် သွေးလမ်းကြောင်းတွေကို အဆိပ်ဖြစ်ခြင်းကို ကာကွယ်စေပါတယ်။ ခန္ဓာကိုယ်တွင်းက အချို့သော ရောဂါပိုးတွေကို အချဉ်ဓာတ်က တိုက်ဖျက်ပေးပါတယ်။ ရာသီအလိုက်ပေါ်တဲ့ ကင်ပွန်းချဉ်ရွက်၊ ဆူးပုပ်၊ ကင်းပုံသီး၊ ထနောင်းရွက်၊ မန်ကျည်းရွက်၊ ညောင်ရွက်၊ ညသွှစ်ရွက်၊ ကန်စွန်းရွက်၊ ပဲပင်ပေါက်၊ ဖျဉ်းတော်သိမ်ရွက်၊ ပြည်ပန်းညိုရွက်၊ တမာရွက်၊ ခွေးတောက်ရွက်၊ ကြက်ဟင်းခါးရွက်တွေဟာ အစာလည်း ဆေး၊ ဆေးလည်းအစာတွေပဲ။

ကျွန်တော်တို့လူမျိုးက ငရုတ်သီး အစားများတယ်။ ငရုတ်သီးက ထမင်းစားကောင်းရုံလောက်ပဲ စားသင့်တယ်။ ကျန်းမာရေးကို ထိခိုက်စေပါတယ်။ နောက် အစွမ်းထက်ဆုံး အပွင့်တစ်ပွင့်ရှိတယ်"

"မင်းပြောလို့ ကုလားအော်ငရုတ်သီးတောင် မစားရဲလောက်အောင်ပါပဲလား"

တစ်ချိန်လုံး ငြိမ်နေတဲ့ ဦးထွန်းလှ တစ်ခေန်းထလာပြန်ပါ၏။

"တန်ဆေး လွန်ဘေးလေ။ ကျွန်တော်ပြောခဲ့တာ မှတ်မိလား။ တစ်နေ့ နည်းနည်းစားပါလို့"

"အစွမ်းထက်ဆုံး အပွင့်တစ်မျိုးဆိုတာ ပြောပါဦး"

"အညာမှာ ပွင့်လေ့ရှိတဲ့ လက်ပံပွင့်ပဲ။ လက်ပံခါးပင်က ပွင့်တဲ့ အပွင့်ဆိုရင် ပိုကောင်းတာပေါ့။ နွေရာသီဆိုရင် အပွင့်တွေကြွေပြီး၊ အခြောက်လှန်း၊ ဓာတ်မပျက်အောင် မြေအိုးထဲမှာထည့်၊ လေလုံအောင်ပိတ်၊ ရာသီသုံးပါးစားသုံးပါ။ ဝမ်းထဲက ရောဂါပိုးတော်တော်များများကို သေစေပါတယ်။ ကျွန်တော်တို့ လူမျိုးက လက်ပံပွင့်ခြောက်ကို ဝက်သား၊ ပုန်းရည်ကြီး၊ ပဲပင်ပေါက်တွေနဲ့ ချဉ်ပေါင်ချက်စားကြတယ်။ ဝက်သားရဲ့အဆီဓာတ်က လက်ပံပွင့်ရဲ့ အာနိသင်ကို ပျက်ပြယ်စေတယ်။ ဝက်သားမထည့်ဘဲ ပုန်းရည်ကြီး၊ ပဲပင်ပေါက်နဲ့ပဲ ချက်စားပါ။ သူတစ်မျိုးတည်း စားနိုင်ရင် ပိုကောင်းတယ်။ ဝမ်းတွင်းမှာရှိတဲ့ ရောဂါပိုးတွေကို သေစေပါတယ်။ ထူးဆန်းတဲ့ အစွမ်းထက်တဲ့၊ လူသိနည်းတဲ့ ဆေးစွမ်းကောင်းတစ်လက်ပဲ။ ရောဂါပိုးတွေရှိရင် ဝမ်းမည်းတွေသွားမယ်။ ဝမ်းမည်းတွေရပ်ရင် ခန္ဓာကိုယ်ထဲ ရောဂါကင်းပဲ။



www.burmeseclassic.com

www.burmeseclassic.com

အသားထဲမှာ ရှောင်ရမှာက အမဲသားပဲ။ ကိုယ့်ရဲ့ထမင်းရှင်၊ ကျေးဇူးရှင်ဖြစ်သလို အမဲသားဟာ ခန္ဓာကိုယ်တွင်းက ရောဂါရစေမယ့် ပိုးမွှားတွေကို အားပေးတယ်၊ ကြီးထွားစေတယ်။ ကင်ဆာရောဂါဆိုတဲ့ ထူးဆန်းတဲ့ ရောဂါတစ်မျိုး ပေါ်နေပြီ။ ဒီခေတ်နာရှင်တွေဆိုရင် အမဲသားမစားရဘူး။ သွားနာသွားကိုက် ဖြစ်စေတယ်"

"စံမတူရ . . မျက်စိနဲ့ ပတ်သက်တာလည်း ပြောပါဦး"

"နံနက်စောစော အိပ်ရာထရင် ရေဝအောင်သောက်၊ မျက်နှာသစ်ရင် မျက်စိထဲ ရေဝင်ပါစေ။ အပူထွက်အောင်ပဲ။ ညအိပ်ရင် မျက်စိပေါ်မှာ ကွမ်းရွက်တင်ပြီးအိပ်၊ ကွမ်းရွက်က အပူစုပ်ယူတယ်။ ခန္ဓာကိုယ်ထဲမှာ အပူရှိရင် ကွမ်းရွက်ကပ်ပါ။ ခဏကြာရင် ကွမ်းရွက်တွေ ခြောက်သွားမယ်။ အပူလည်း လျော့သွားတာတွေ့ရမယ်၊ မြင်းခွာရွက်ကို အမြဲစားရမယ်။ ရေနွေးကြိုသောက်၊ တို့စား၊ သုပ်စား နည်းမျိုးစုံနဲ့စားပါ။

မြင်းခွာရွက်က မျက်စိအားဆေး၊ ဆီးကောင်းတဲ့ဆေးပဲ။ အရေးကြီးဆုံး ကျန်းမာရေးအတွက် လိုက်နာရမယ့် အချက်တစ်ခုရှိတယ်။ အပူအပုပ် ရှင်းထုတ်တတ်ဖို့ပဲ၊ ဆီးဝမ်း မှန်ရမယ်၊ ဝမ်းထဲမှာ အညစ်အကြေးမရှိအောင် ဆောင်ရွက်ပါ။ ဆီးသွားရင် ဝါနေရင် အပူရှိလို့ပဲ။ အဖြူရောင်အမြဲဖြစ်ပါစေ၊ ဝမ်းကတော့ တစ်နေ့သုံးကြိမ် ပုံမှန်သွားပါစေ။ ညစာကို စောစောစားပါ။ ဒါမှ အစာကြေညက်မယ်။ အိပ်ရာဝင်ခါနီးမှာ ဝမ်းသွားရင် ပိုကောင်းတာပေါ့။ ခန္ဓာကိုယ်တွင်းမှာ အပူအပုပ် မကျန်တော့ဘူး။ ညဘက် သုံးကြိမ်ခန့် ဆီးသွားပါစေ၊ ညဘက် အိပ်ရေးပျက်မှာစိုးရိမ်ပြီး ဆီးမသွားတာ မကောင်းဘူး။ ဆီးဝမ်းသွေးလေ ဤလေးထွေ ဓာတ်တွေမှန်မှ ကျန်းမာရတဲ့။ အမျိုးသမီးတွေဆိုရင် မမှတာ မှန်ရမယ်။

လူရဲ့ ဒွါရပေါက် ကိုးပေါက်မှ အညစ်အကြေးတွေ ပုံမှန်ထွက်နေပါစေ။ ချွေးထွက်ပေါက်တွေကိုလည်း ချေးညှော်များ မပိတ်စေပါနဲ့။ ပြီးတော့ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းတွေ ပုံမှန်လုပ်ရမယ်။ ကျွန်တော့်ရွာမှာ ကြည့်ပါ။ အလုပ်ပုံမှန်လုပ်နေကြတဲ့၊ အမြဲသွားလာနေကြတဲ့ အဘိုးကြီး၊ အဘွားကြီးတွေ ကျန်းမာအသက်ရှည်နေကြတယ်။ ဇိမ်ခံ စည်းစိမ်ယစ်မူး၊ အဆီအဆိမ့်တွေ စားနေကြတဲ့ မြို့က ငွေရှိတဲ့လူတွေဟာ ရောဂါစုံကြတယ်၊ အသက်တိုကြတယ်။

ကျွန်တော်တို့ရဲ့ ဂေါတမမြတ်စွာဘုရားဟာ အစွန်းနှစ်ဖက်ကို ကျင့်ကြံပြတယ်လေ။ ဒါဟာ တရားပဲ။ အစွန်းနှစ်ဖက်ကိုရှောင်ပြီး မဇ္ဈိမပဋိပဒါလမ်းကို လျှောက်ဖို့ ညွှန်ပြဟောကြားတော်မူခဲ့တယ်။ အစွန်းတစ်ဖက်ကိုရောက်ရင် အသက်တိုကြတယ်။ ဒါကို ဗုဒ္ဓဘာသာဝင် သူတော်စင်များဖြစ်တဲ့ ကျွန်တော်တို့လူမျိုးတွေ ပိုပြီး သိသင့်တာပေါ့။ ဒါကြောင့် တရားဆိုတာ စာပေမှာမရှိဘူး။ မိမိအနီးအနားမှာပဲ ရှိတာ။ အသက်ရှူသွင်းခြင်း၊ ထုတ်ခြင်း အပါအဝင် လှုပ်ရှားသွားလာမှု မြင်တွေ့အာရုံခံစားချက်တွေ အားလုံးကို မှတ်တတ်ရင် တရားရတာပဲ။ အလုပ်လုပ်နေရင်လည်း တရားမှတ်လို့ရတယ်၊ နောက်တစ်ခုက တရားလက်မလွှတ်စေနဲ့၊ သတိလက်မလွှတ်ဖို့ အရေးကြီးတယ်။ သတိတရားနဲ့ ကျန်းမာရေးဟာ ဆက်နွယ်နေပါတယ်။

အသက်ဉာဏ်စောင့်ဆိုတာက ကျန်းမာရေးနဲ့ အသိတရား၊ သတိတရားတွေကို ပြောတာဖြစ်ပါတယ်။ သိမယ်၊ မြင်မယ်၊ လိုက်နာကျင့်ကြံ လုပ်ဆောင်မယ်ဆိုရင် သက်ရှည်ကျန်းမာမယ်။ အာရောဂျံ ပရမံလာဘံ ဆိုတာ ကျန်းမာခြင်းသည် လာဘ်တစ်ပါးတဲ့"

ဒေါ်မင်းဆောင်မှ -

"သမားတော်ကြီး . . သွေးတိုးရောဂါနဲ့ ပတ်သက်ပြီးတော့ ဆောင်ရန်ရှောင်ရန်လည်း ပြောပါဦး"

"သွေးတိုးဆိုတာက သွေးလည်ပတ်နေတဲ့ အပေါက်တွေက ကျဉ်းလို့ပဲ။ တချို့က အဆီများပြီး သွေးလည်ပတ်ပေါက်တွေ ပိတ်ဆို့ခြင်း၊ ကျဉ်းစေခြင်းကို ဖြစ်တာပဲ။ သွေးဆောင့်တိုးတဲ့အခါ သွေးကြောပေါက်တတ်တယ်။ သွေးကြောစိမ့်ကျတယ်။ ဦးနှောက်ထဲမှာရှိတဲ့ သွေးကြောထဲက အဓိက သွေးကြောပေါက်ရင် သေကြတယ်။ သာမန်သွေးကြောတွေ ပေါက်ရင်၊



www.burmeseclassic.com

www.burmeseclassic.com

စိမ့်ရင် ပါးစပ်ရွဲ့ခြင်း၊ စကားသံ မသဲကွဲခြင်း၊ ကိုယ်တစ်ခြမ်းသေခြင်း၊ လက်မလှုပ်နိုင်၊ ခြေမလှုပ်နိုင်၊ စိတ်ကျရောဂါမျိုး ဖြစ်တတ်တယ်။ အရှင်လတ်လတ် ဝဋ်ခံရတဲ့ ဒုက္ခတစ်မျိုးပဲ။

သွေးတိုးသမားတွေက ဝက်သားနဲ့ သွေးတိုးစေမယ့် သားငါးမျိုးစုံရှောင်ရမယ်။ အသီးအရွက်ထဲက သွေးတိုးစေမယ့် အသီးအရွက်ရှောင်၊ အပူအပေးသတိထားပါ။ ပျောက်ကင်းစေမယ့် ဆေးဝါးတစ်လက်ရှိတယ်၊ လနဲ့ချီပြီး စွဲသောက်ရမယ်၊ မြန်မာတိုင်းရင်းဆေးဝါးတို့မည်သည် အင်္ဂလိပ်ဆေးနဲ့တော့ မတူဘူး၊ အင်္ဂလိပ်ဆေးက ချက်ချင်းသက်သာတယ်၊ အမြစ်မပြတ်ဘူး၊ မြန်မာဆေးကတော့ ကြာရှည်စွဲသောက်ရတယ်၊ အမြစ်ပြတ်တယ်၊ ရောဂါတစ်ခုဆိုတာ အချိန်ပေးရတာပဲ။

ဆေးနည်းက ဒန့်သလွန်စေ့ရယ်၊ ဟောဒီအရွက်တစ်မျိုးရယ်၊ သံပရာရည်၊ ပျားရည်ရယ် ပေါင်းစပ်၊ အလုံးလေးတွေလုံးရတယ်၊ တစ်နေ့ကို သုံးလုံးစား၊ ခြောက်လဆိုရင် သွေးလည်ပတ်တဲ့အပေါက်တွေက ကျယ်လာရမယ်၊ ဘာစားစား သွေးမတိုးစေရဘူး"

(အဆိုပါ ဆေးဖော်စပ်နည်း စာရေးသူထံတွင် ရှိပါ၏၊ အခက်အခဲရှိက ဆက်သွယ်ပါ။)

"အရွက်ဆိုတာ ဘာရွက်လဲဗျ"

"ဒီအရွက်ရဲ့ အမည်ကိုတော့ ပြောပြလို့မရသေးဘူး၊ ဆင်တူယိုးမှား လည်းရှိတတ်လို့ပါ။ ရောဂါပျောက်ရင် ပြီးတာပဲလေ၊ အချိုးအများဆုံးက ဒန့်သလွန်စေ့ပါပဲ၊

အစားအသောက်တွေချက်ရင် ဒန့်ဖိုးတွေနဲ့ မချက်ပါနဲ့၊ သတ္တုဓာတ်တွေက ကျန်းမာရေးကို ထိခိုက်တယ်၊ ထမင်းဟင်း၊ ရေနွေးတို့ကို မြေအိုးနဲ့ ချက်ပြုတ်ပါ၊ ချက်ပြုတ်ပြီးတဲ့ အစားအသောက်တွေကို ယွန်းခွက်တွေနဲ့ ထည့်စားပါ၊ ရေနွေးဆိုရင် စဥ့်အိုး၊ စဥ့်ခွက်နဲ့ ထည့်သောက်ပါ၊ မိုးရေဆိုရင် စဥ့်အိုးနဲ့လှောင်၊ ရေနွေးကျိုသောက်၊ အကောင်းဆုံးနဲ့ အန္တရာယ်အကင်းဆုံးပဲ"

ဦးထွန်းလှမှ -

"မူးတတ်၊ မော်တတ်၊ မေ့လဲသွားရင်ရော . . ."

"ဩဇာရွက်ကို ရှုခိုင်းပါ၊ သတိလည်လာလိမ့်မယ်၊ နှလုံးရဲ့ သွေးခုန်နှုန်းရပ်ရင်တော့ လူတနေ နှလုံးကို တွန်းအားပေးတတ်ရမယ်၊ သာမန်မူးလဲတာကတော့ ဩဇာရွက်က အကောင်းဆုံးပဲ၊ ဩဇာရွက်၊ ဩဇာမြစ်ကလည်း ဆေးဓာတ်ဝင်တဲ့ သစ်ပင်တစ်မျိုးပါ"

"သွားတွေနိုင်ခံ့စေဖို့ ပိုးစားဖို့ ဆေးဝါးပြောပါဦးတော့"

"စစ်အမှန်ပါလေ၊ စင်းမမှန်လို့ အပူတွေက ဟည်ချောင်းမှတစ်ဆင့် ပါးစပ်ကိုတွက်ရင် သွားတွေ၊ သွားဖုံးတွေ ထိခိုက်တာပဲ၊ တမာပင်က တမာနိုးကိုကြိုက်. ရတဲ့အမှုန့်နဲ့ သွားတိုက်ပါ၊ သွားမရောဂါဖြစ်တဲ့ ပိုးတွေ မသေစေပါတယ်၊ ကွမ်းစားရင် ပျားစေအောင်စားပါ၊ သွားရောဂါကင်းရှင်းတယ်၊ နံနက်၊ ညအိပ်ရာဝင် သွားတိုက်ပါ၊ ကျွန်တော်တို့လူမျိုးက ဆားနဲ့တိုက်ကြတယ်၊ သွားတိုက်ဆေးမသုံးနိုင်ကြဘူး၊ တမာရိုးအမှုန့်ရယ်၊ ဆားရယ်ရောပြီး သွားတိုက်ပါ၊ မီးသွေးခဲနဲ့ မတိုက်ရဘူး၊ ဖြစ်နိုင်ရင်တော့ သွားတိုက်ဆေးနဲ့ သွားတိုက်တံ သုံးရမယ်၊ အစာစားပြီးတိုင်း ဆားရေနွေးနဲ့ ပလုတ်ကျင်းပါ"

"သမားတော်ကြီးရော အာ ဆေးတွေ နေ့စဥ်ပုံမှန်သောက်လဲ"

"ပျားရည်ရယ်၊ သံပရာရည်ရယ်ကို ရေနွေးနဲ့ ပြုတ်ထားတဲ့ မြင်းခွာရွက် ပြုတ်ရည်ထဲထည့်ပြီး နံနက်စောစော အစာမစားမီ ဆေးတစ်ခွက်သောက်တယ်၊ သက်ရှည်ကျန်းမာ အာယုဒီဃ ဆေးတစ်ဆက်ပဲ၊

ကျေးဇူးလည်းတင်တယ်၊ ဗဟုသုတတွေလည်း ရတယ်၊ ကိုယ့်ရပ်ရွာက လူတွေကိုလည်း နေ့စဥ် ကျန်းမာရေး ရေနွေးကြမ်းဝိုင်းလုပ်ပြီး ဗဟုသုတ လက်ဆင့်ကမ်းကြပါ"

"ဟုတ်တဲ့ပါ သွေးသောက်ကြီး"

ထိုသို့ ပြောကြားပြီး သူကြီးများ မြင်းကိုယ်စီမြင့် ထွက်ခွာသွားတော့၏၊ သူကြီးတစ်တော် ခေါ်မင်းဆောင် ကတော့ လျှည်းယာဉ်ကြောင့် ထွက်ခွာသွားပါတော့၏။

မျိုးသန်းထွန်းအောင် (ရေစကြို)

www.burmeseclassic.com



# လူမပါဘဲ ထဘီသာ အချုပ်ခံရတယ်

လှမိုးနိုင်

ပွဲမင်းလည်း ငွေမှား၊ ဆေးသမားလည်း သားသေ၊ ဗေဒင်သမားလည်း နွားပျောက်၊ ဆောက်သမားလည်း အတွင်းမကောင်း၊ စောင်းသမားလည်း တေးမပီ၊ ဝန်းချီသမားလည်း ဟန်မရ ဆိုကြသည့် စကားရပ်မှာ တွေ့တတ်ကြသည့် "ဓမ္မတာ"ပင် ဖြစ်တော့သည် ဆိုသကဲ့သို့ ကျည်းကန်ရှင်ကြီး မေတ္တာစာထဲကလို သူမ၏ အဖြစ်အပျက်များသည် မိမိကို ထူးခြားဆန်းကြယ် အံ့သြမိလေတယ်။

ဖြစ်ရပ်မှန် တကယ့်အဖြစ်အပျက်တို့သည် ဒဏ္ဍာရီပုံပြင်တို့ထက် ဆန်းကြယ်ကုန်၏၊ ဤစကားကို မိမိ အကြိမ်ကြိမ်အခါခါ ကြားဖူးခဲ့ပါတယ်၊ ကြားဖူးသော်လည်း ဆန်းကြယ်သော ဖြစ်ရပ်မှန်ကို မိမိနှင့် အနီးကပ် မကြုံဖူးသော် စကားနှင့် အဖြစ်အပျက် မစပ်ဟပ်မိဘဲ စကားရဲ့ မှန်ကန်တိကျလေးနက်ပုံကိုမသိရဘဲ ဖြစ်နေခဲ့ပါတယ်၊ ယခုတော့ ဒဏ္ဍာရီပုံပြင်တို့သည် တကယ့် အဖြစ်အပျက်ကို မှီငြမ်း၍ စိတ်ကူးယဉ်ခြင်းမျှသာ ဖြစ်၍

www.burmeseclassic.com

တကယ့်အဖြစ်အပျက်ကို မမီနိုင်ပါ။ ယခု မိမိတွေ့ကြုံခဲ့ရသော အဖြစ်ကား မိမိသူငယ်ချင်း အပျိုကြီး သူနာပြုဆရာမတစ်ယောက်၏ တွေ့ကြုံခံစားရသော သောကဝေဒနာကို တွေးမိတိုင်း အံ့ဩမိလေတယ်။

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလဆန်း တစ်နေ့သော နေ့လယ်ပိုင်းအချိန်တွင် အင်းစိန်ဈေးကြီးအနီး ဆိုက်ကားဂိတ်နား ပလက်ဖောင်းပေါ်မှာ စာအုပ်အဟောင်းရောင်းနေသော ရခိုင်ကိုကျော်မြင့်၊ စာဘဏ္ဍာ ကိုမြဝင်း၊ ကိုဌေးလွင်တို့ လမ်းဘေးစာအုပ်တန်းမှာ လေ့လာဝယ်ယူဖို့ ကြည့်ရှုနေတုန်း သူနာပြုဆရာမ အပျိုကြီးသက်သက်ခိုင်နှင့် အမှတ်မထင် တွေ့ဆုံမိတယ်။ "စိုးနိုင်ရာ နင့်ကိုတွေ့ချင်နေတာ ကြာပြီ။ အခုမှပဲ တွေ့ရတော့မယ်။ စကားတွေအများကြီး ပြောချင်တယ်။ နင့်ဖုန်းနံပါတ်လည်း ငါမသိတော့ ဆက်သွယ်လို့ မရဘူး။ နင်စာအုပ် 'ပုဂ္ဂိုလ်၊ ပုဂ္ဂိုလ်ကြီးနှင့် ခွဲခြားဝေဖန်တတ်ပါစေ' စာနယ်ဇင်း မိတ်ဆက်ပွဲသတင်းကိုလည်း ဂျာနယ်အသီးသီးမှာ ဖတ်ရတယ်။ ငါဝမ်းသာတယ် သူငယ်ချင်း။ နင်အခု အချိန်ရလား"ဟု တဖွဖွ ပြောနေပေတော့တယ်။ မိမိလည်း ကားလမ်းပေါ်မှာဖြစ်နေ၍ အနီးအနားရှိ တင်အောင်ကဖီးမှာ ထိုင်ပြီး စကားပြောရအောင် "နင်လိုက်မှာလား"ဟု ပြောသောအခါ မိမိကို ခေါင်းညိတ်ပြပြီး ပြုံးပြလေတယ်။ အင်းစိန်မီးရထား ဆေးရုံရှေ့ထောင့်နားက . . .

တင်အောင်ကဖီး၏ ဝါးရုံပင်အောက်နား စားပွဲခုံ အလွတ်တစ်ခုမှာ ထိုင်ကြပြီး "ပြောသူငယ်ချင်း"ဟု မိမိက ပြောလိုက်လေတယ်။ "နင်နဲ့ငါ မတွေ့တာ တစ်နှစ်လောက်ရှိပြီ။ နင့်အမျိုးသမီးဆုံးတုန်းက ဓမ္မဒါနဝေငှတဲ့ 'ကောင်းကျိုးလိုတာ ပြည့်စေမည်' ပြုစုသူ လှမိုးနိုင်ဆိုတဲ့ ဘုရားစာအုပ်လေးထဲက 'အတွင်းစည်းချ သိရသွိဂါထာတော်ကြောင့် နင့်ကိုအရမ်းပဲ ကျေးဇူးတင်တယ် သူငယ်ချင်း"ဟု ပြောလေ၏။ စားပွဲထိုးကောင်လေးက "ဆရာ ဘာသောက်မလဲ"ဟု လာမေးသောအခါ မိမိက ရှယ်ပုံမှန် နှစ်ခွက်ဟု ပြောလိုက်မိတယ်။ မိမိက သူမကို ကြည့်လိုက်မိတယ်။ မိမိ၏ သူငယ်ချင်း သူနာပြုဆရာမသည် အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ ကိုယ်လုံးကိုယ်ထည် ခပ်တောင့်တောင့်။ ဘာကြောင့်မှန်း အပျိုကြီး ဖြစ်နေရတာလဲဟု မိမိစိတ်ထဲမှာ တွေးလိုက်မိတယ်။ ထိုစဉ် . . .

"လူမပါဘဲ ထဘီသာ အချုပ်ခံရတယ်ဆိုတာ ဖြစ်နိုင်ပါသလား"သူငယ်ချင်းရာ။ မိမိက သူမအကြောင်း တွေးနေစဉ် ရုတ်တရက် သူမပြောလိုက်သော စကားကြောင့် နင် ဘာပြောလိုက်တာလဲဟု ပြန်လည်၍ မေးမိလေတယ်။ "လူမပါဘဲနှင့် ထဘီသာ အချုပ်ခံရတယ်ဆိုတာ"နင်ယုံသလားတဲ့။ မိမိမှာ ဘာပြောလို့ ဘာပြောရမှန်း မသိတော့၊ တွေဝေသွားမိပါတယ်။ မိမိ၏သူငယ်ချင်း လှပချောမွေ့သော အပျိုကြီး သူနာပြုဆရာမ သက်သက်ခိုင်သည် ဘာသာရေး အလွန်လေးစားယုံကြည်သူ ခေတ်ပညာတတ် ဘွဲ့ရတစ်ယောက် ဖြစ်ပါတယ်။ ယဉ်ကျေးသိမ်မွေ့၍ သိက္ခာသမာဓိနဲ့ ပြည့်စုံပါတယ်။ သိက္ခာသမာဓိကြောင့် အပျိုကြီး ဖြစ်နေရပါတယ် မဟုတ်လား။ မိမိသည် သူမ၏အမေးကို အဘယ်သို့ဖြေရမည် ရုတ်တရက် မသိဖြစ်နေ၍ ဘဲဥအစရှာမရပမာ ဖြစ်နေပါတော့တယ်။ အခုမှ စာရေးဆရာ အခက်တွေ့နေမိတယ်။ ပြန်မေးသောနည်းဖြင့် အဖြေရှာမှ ဖြစ်တော့မည်ဟု အကြံရပြီး မိမိက ပြန်မေးမိလိုက်တယ်။

နင်က ဘယ်မှာတွေ့ဖူးလို့ မေးတာလဲ။ ဂျာနယ်ထဲမှာလား၊ နိုင်ငံခြားမှာလား၊ အင်တာနက်ထဲမှာလား။ အကျိုးသင့် အကြောင်းသင့် အကျိုးအကြောင်း ဖြစ်နိုင်တဲ့ အခြေအနေအကြောင်းစုံလျှင် ဖြစ်နိုင်တာပေါ့။ မဟုတ်ဘူးလားဟု မိမိက သူငယ်ချင်း သူနာပြုဆရာမ သက်သက်ခိုင်ကို ပြောလိုက်သောအခါ သူမက . . .

"ငါ့ရဲ့ ကိုယ်တွေ့အဖြစ်အပျက်ပေါ့ စိုးနိုင်ရာ"

"ကဲ . . . ဒါဖြင့် နင့်ရဲ့ကိုယ်တွေ့ခံစားရတဲ့ အဖြစ်အပျက်ကို ပြောစမ်းပါဦး"

"သူငယ်ချင်းရာ လွန်ခဲ့တဲ့ ခြောက်လလောက်က ခရီးကြုံလမ်းကြုံတာနဲ့ တို့အင်းစိန်က ဗေဒင်ဆရာ တစ်ယောက်ထံမှာ ဗေဒင်ကြည့်ခဲ့ပါတယ်။ မေးမြန်းခဲ့

www.burmeseclassic.com

www.burmeseclassic.com

တယ်။ ငါ့ရဲ့ကံဇာတာမှာ ချမ်းသာမလား၊ ရာထူးတိုးမလား၊ ယောကျ်ားရမလားလို့ စိတ်ကူးလိပ်ပြာနဲ့ အတွေးနယ်ချဲ့ပြီး အပျော်သဘောမျိုးနဲ့ ဗေဒင်ဝင်မေးခဲ့တယ်။ အဲဒီမှာ ငါ့ရဲ့စိတ်ကူးတွေ ပျက်စီးကုန်တော့တာပဲ။ ဗေဒင်ဆရာမက ဘာပြောလိုက်တယ်မှတ်လဲ သူငယ်ချင်း။ ရှင်သတိထားနေပါ။ ဒီတစ်လနှစ်လထဲမှာ အဖမ်းအဆီးအချုပ်အနှောင်သော်လည်းကောင်း ဒါမှမဟုတ် အသက်အန္တရာယ်သော်လည်းကောင်း ခံရတတ်မယ်လို့ ဟောလိုက်တယ် သူငယ်ချင်း။ အဲဒီလိုပြောလိုက်တော့ ငါလေအတော်ကြောက်သွားတယ် သူငယ်ချင်း။ အဖမ်းအဆီးအချုပ်အနှောင်ခံရအောင် ရန်သူမျိုးငါးပါးထဲမှာပါတဲ့ မင်းနှင့်စိုးနှင့်ပတ်သက်တဲ့ ကိစ္စလည်း ပတ်သက်ခြင်းမရှိ။ တင်းကင်းရှင်းရှင်း နေနိုင်ခြင်းဖြစ်တဲ့ ငါ့လိုလူက အနေသာကြီး။ ဒါမှမဟုတ် တခြားသူတွေမှာလည်း ငွေလည်းချေးငှား ပေါင်နှံခြင်း မရှိ။ နှစ်လုံးသုံးလုံးဆိုတဲ့ ကိစ္စကဝါသနာမပါ။ ဒါနဲ့များ ဘာဖြစ်လို့ အဖမ်းအဆီး အချုပ်အနှောင်ခံရမှာလဲလို့တွေးပြီး အကြောင်းရှာသော်လည်းရှာမရဖြစ်နေတယ်။ ဗေဒင်ဆရာမက ယတြာပြုလုပ်ရအောင် ငါ့ကို ခြောက်နေတာလားဟု အတွေးပေါင်းစုံနဲ့ငါ့မှာလေ စိတ်ညစ်လိုက်တာ။ အများကြီးပဲ သူငယ်ချင်း”

မခံချိ မခံသာ အခံရခက်နေတာပေါ့ဟု ပြောနေသော သူနာပြုဆရာမသူငယ်ချင်းကို မိမိက ရေနွေးကြမ်းသောက်ပြီး ဆက်ပြောလေဟု ပြောလိုက်သောအခါ သူမက . . .

“စိုးနိုင်ရာ . . . ငါ့မှာ ဘုရား၊ တရား၊ သံဃာ အစရှိတဲ့ ရတနာသုံးပါးမှတစ်ပါး တခြား အားကိုးစရာ မရှိဘူးဆိုပြီး ရှေးကထက်ပိုပြီး ဘုရားတရားအလုပ်တွေကို ကြိုးစား လုပ်ဆောင်တယ်။ နောက်ပြီး နင်ရေးတဲ့စာအုပ်ထဲက ‘သိရသို့ မေ ဗုဒ္ဓသေဋ္ဌော၊ သာရိပုတ္တောစ ဒက္ခိဏော။ ဒါမအံ့သေ မောဂ္ဂလ္လာနော ပုရတော ပိဋ္ဌကတ္တယံ’ စတဲ့ အတ္တင်းစည်းချ သိရသို့ ဂါထာတော်ကို အမြဲသတိရတိုင်း ရွတ်ဆိုတယ်။ ကိုယ့်ကိုကိုယ် ဗုဒ္ဓမြတ်စွာဘုရား၊ အရှင်သာရိပုတ္တရာမထေရ်မြတ်၊ အရှင်မောဂ္ဂလ္လာန် မထေရ်မြတ်၊ အရှင်အာနန္ဒာ မထေရ်မြတ်တို့သည် ငါ့ခန္ဓာတည်ရာ၊ အရပ်လေးမျက်နှာတို့၌ ရပ်တည်နေကြပါစေသား။ ဗြဟ္မာအပေါင်း၊ နတ်သိကြားအပေါင်း၊ လောကစောင့်ကြပ် လောကပါလနတ်အပေါင်း ဘေးဥပဒ်အန္တရာယ်အပေါင်းမှ ကင်းလွတ်ရာမှန် စောင့်ရှောက်၍ ပိန်းကြာဖက်တွင် ရေမတင်သို့ ကင်းစင်လွင့်ပျောက်ကြပါစေကုန်သတည်းဟု နံနက်အိပ်ရာထ၊ ညအိပ်ယာဝင် နေ့စဉ်နေ့ဆက် ရွတ်ဆိုခဲ့တယ် သူငယ်ချင်း။ အဲဒီလိုနေလာလိုက်တာ တစ်လအကြာမှာပဲ ဗေဒင်ဆရာမ ဟောသလို ဖြစ်လာခဲ့တယ် သူငယ်ချင်း’

သူမက မိမိကို စိတ်ရှည်လက်ရှည် ပြောပြနေပါတယ်။ မိမိကတော့ ဒူးယားစီးကရက် တစ်လိပ်ကိုယူပြီး သောက်လိုက်မိ တယ်။ ထိုအခါ သူမက

‘နင်က ငယ်ငယ်ကအတိုင်းပဲ စီးကရက် သိပ်သောက်တာပဲ။ ဒါပေမယ့် တော်သေးတာပေ့ါ။ နင်က အရက်လုံးဝမသောက်လို့ ပြောပြန်ပါတယ်။ မိမိကလည်း မကောင်းတာဆိုလို့ ဒီတစ်ခုပဲ ရှိတာ။ ငါဖြတ်လို့ မရသေးလို့”ဟု ပြန်ပြောလိုက်လေတယ်။ ထိုအခါ သူမက . . .

“တစ်နေ့ ငါ့ဆီကို အထက်တန်းကျောင်းတုန်းက သူငယ်ချင်း မိန်းကလေးတစ်ယောက်လာပြီး ဆေးကုပါတယ် သူငယ်ချင်း။ နင် သူ့ကိုသိပါတယ် စိုးနိုင်ရာ။

*ဆယ်တန်းတုန်းက ဒေါ်နုနုအခန်းက*
*ဆံပင်အရှည်ထားတဲ့ အသုံးလုံးလို့ခေါ်တဲ့*
*အေးအေးအောင်လေ။*
*နင်သိတယ်မဟုတ်လား။ သူ့မှာလည်း*
*ဒဏ်ရာဒဏ်ချက်တွေနဲ့ သွေးသံရဲရဲနှင့်*
*ညကြီးမင်းကြီးမှာ ထဘီလည်း ရှုံ့တွေပေလို့*
*ဖြစ်နေပါတယ် သူငယ်ချင်းရာ . . .*

www.burmeseclassic.com

ဆယ်တန်းတုန်းက ဒေါ်နုနုအခန်းက ဆံပင်အရှည်ထား တဲ့ အသုံးလုံးလို့ခေါ်တဲ့ အေးအေးအောင်လေ၊ နင် သိတယ်မဟုတ်လား၊ သူ့မှာလည်း ဒဏ်ရာဒဏ်ချက် တွေနဲ့ သွေးသံရဲရဲနှင့် ညကြီးမင်းကြီးမှာ ထဘီလည်း နွံ့တွေပေလို့ ဖြစ်နေပါတယ် သူငယ်ချင်းရာ”

မိမိလည်း သူမပြောသော အသုံးလုံးခေါ်တဲ့ အေးအေးအောင်ကို ပြန်စဉ်းစားမိတယ်၊ စဉ်းစားလို့ မရ။

“ဒါနဲ့ ငါက သူ့ထဘီကိုချွတ်စေပြီး ငါ့ရဲ့ ပါတိတ် ထဘီကိုဝတ်စေပြီး အရေးပေါ် ဆေးကုပေးလိုက်တယ်။ သူမကို ရဲအမှုအခင်းပတ်သက်၍ အင်းစိန်ဆေးရုံကို သွားပြီး ပြသရင်ကောင်းမယ်လို့ အကြံဉာဏ်ပေးလိုက် တယ်၊ ငါလည်း ရင်တွေပန်းတွေတုန်လို့ပေါ့၊ နောက်နေ့ ညနေပိုင်းရောက်တော့ သတင်းကြားပါတယ်၊ ညက သူ့ကိုရိုက်တဲ့ သူ့ပထမယောကျ်ားကပဲ အမှုဆင်ပြီး တိုင်ချက်ဖွင့်လို့ အဲဒီသူငယ်ချင်း အေးအေးအောင်က ငါ့ရဲ့ထဘီနှင့် အချုပ်ခံနေရပါတယ်၊ သူ့ထဘီက ငါ့ရဲ့ အိမ်မှာ ကျန်နေတော့ ခုအထိရှိနေသေးတယ် သူငယ် ချင်းရာ”

မိမိလည်း သူမပြောပြနေတာကို နားထောင်ပြီး ကြောင် . . သူငယ်ချင်း သက်သက်ခိုင်အမေးက “လူမပါ ဘဲ ထဘီသာအချုပ်ခံရတယ်ဆိုတာ ဖြစ်နိုင်ပါသလား” ဆိုတော့ ဇဲ . . ဖြစ်နိုင်တယ်လို့ ဖြေပြီးသား ဖြစ်သွားပြီ လေဟု မိမိက ပြန်ပြောလိုက်မိတယ်၊ အဖြစ်က ဆန်း ကြယ်လွန်းတော့ ဖြစ်နိုင်လို့ ဖြစ်ခဲ့တာတော့ ဟုတ်ပါပြီ၊ လူမပါဘဲ အာကြောင့် ထဘီသာ အချုပ်ခံရပါသလဲဟု သူမက မိမိကို မေးနေပြန်ပါတယ်၊ ထိုအခါ မိမိက သူ ငယ်ချင်းက ရတနာသုံးပါးနဲ့ ပတ်သက်ပြီး ကုသိုလ်ကံ တွေက အယောင်းအသစ် အလွန်တောင်းနေပါတယ်၊ အဲဒီလို ကုသိုလ်ကံ အလွန်ကောင်းနေတဲ့ သူတွေမှာ အဲဒီလိုအဖြစ်ဆိုး ကြုံရောက်ရှိလာခဲ့ရင် ကိုယ့်မှာ မကြုံဘဲ ပတ်ဝန်းကျင်မှာသာ ကြုံရပါတယ်၊ အဲဒီအကြောင်းကို မန်လည်ဆ ရာတော်ဘုရားကြီးရဲ့ မဃဒေဝလင်္ကာ သစ်မှာ . . .

“ရှေးကပြုသား ကောင်းမှုဟုဆို
ကုသိုလ်အဖို့ ပြည့်စုံမြို့၍၊
မချို့ဘုန်းကံ အခံပုညာ၊
ရှိကြသူမှာ ဇာတာမူလ၊
ဇနမရှိ ပါပဩဟ၊
စီးနင်းကြလည်း ကိုယ်မှတစ်ပါး၊
ခြွေရံများနှင့် ကျွဲနွားမျှသာ၊
ပျက်စီးရာ၏။
ကိုယ်မှာချမ်းမြေ့ ဘေးမတွေ့ဘူး၊
မဟော့ကုသိုလ် လူထိုထိုကား၊
ကိုယ်နှင့်တကွ ပျက်တတ်စွတည်း”လို့ စပ်ဆိုခဲ့ပါ တယ်၊

အဲဒီလင်္ကာအရ ကြည့်မိခဲ့ရာ သူငယ်ချင်း သူနာပြုဆရာမ သက်သက်ခိုင် အဖြစ်အပျက်ဟာ မှန် မနေဘူးလား။ ကုသိုလ်ရှိသူမှာ ကိုယ်မှာ ဘေးမတွေ့ဘဲ အခြွေအရံ ပတ်ဝန်းကျင်မှာသာ အန္တရာယ်ဘေးတွေပြ ကျေသွားတယ်၊ ယတြာကျေသွားတယ် မဟုတ်လား၊ အခု သက်သက်ခိုင်တော့ ထဘီသာဘေးတွေ့ပြီး လူမှာ အန္တရာယ်တစ်စုံတစ်ရာ မကျရောက်ခဲ့ပါ၊ ကုသိုလ်ရှိ သူမှာ ဘယ်လောက်ပဲ မကောင်းတဲ့ဂြိုဟ်တွေ စီးနင်း စီးနင်း ကိုယ်မှာဘေးမတွေ့ဘူးဆိုတာ ကျမ်းဂန်မှာလည်း ရှိတယ်၊ ယခု သူငယ်ချင်း လက်တွေ့ပဲ၊ ပြီးပြီ ကျေသွား ပြီ၊ ဘာမှမပူနဲ့တော့ဟု မိမိက ပြန်ပြောလိုက်လေတယ်၊

ထိုအခါ မိမိနှင့် သူငယ်ချင်း သူနာပြုဆရာမ သက်သက်ခိုင်တို့ နှစ်ဦးကတော့ ဟစ်ဦးကိုတစ်ဦး ‌ေ ကြည့်ရင်း မချိပြုံးကို ပြုံးမိကြလေသတည်း၊

*ကျန်းမာ၍ ချမ်းသာကြပါစေ၊*

**လှမိုးနိုင်**

<u>မှီငြမ်း</u>

(ဓမ္မဒူတ အရှင်ပညာဇာတ၏ ဗုဒ္ဓဓမ္မဘာသာ ရေး ပြဿနာများနှင့် ဓမ္မရံသီ ဓမ္မမဂ္ဂဇင်းမှ ဆောင်းပါ များ)

www.burmeseclassic.com



# တရုတ်ဂမ္ဘီရဆရာကြီး ကြူကုံး ၏ အိပ်မက်အဖွင့်ကျမ်း

**တက္ကသိုလ်မောင်တံခွန်**

### (၁) နုပျိုသည်ကို မြင်မက်ခြင်း

(က) မိမိကိုယ်ကိုမိမိက နုပျိုလာသည်ဟု မြင်မက်လျှင် အနာရောဂါရတတ်၏။ သို့မဟုတ် ဝမ်းနည်းကြေကွဲမှု ပြဿနာကို ကြုံတွေ့ရမည်။

(ခ) ကိုယ်ဝန်ဆောင်အမျိုးသမီးက မိမိကိုယ်မိမိ နုပျိုလာသည်ကို မြင်မက်လျှင် မကြာမီ သားလျှော၊ သားပျက်လိမ့်မည်။

(ဂ) သက်ကြီးရွယ်အိုသည် မိမိကိုယ်မိမိ ပြန်လည်နုပျိုလာသည်ကို မြင်မက်လျှင် မကြာမီ ဘဝတစ်ပါးသို့ ပြောင်းရွှေ့ထွက်ခွာရပါလိမ့်မည်။

(ဃ) လူနာက ရုပ်အို၊ အရွယ်ကျလာသည်ကို မြင်မက်လျှင် မိမိ၏ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာပါလိမ့်မည်။

(င) နုပျိုသူ လူငယ်လူရွယ်က ရုပ်အိုရင့်ရော်လာသည်ကို မြင်မက်ရပါလျှင် မိမိ၏ကျန်းမာရေး ပိုမိုကောင်းမွန်လာပြီး သန်စွမ်းကာ ခွန်အားဗလ ကြီးလာပါလိမ့်မည်။ နေထိုင်မှုဘဝ အဆင့်အတန်းလည်း မြင့်မားလာပါလိမ့်မည်။

(စ) မိမိ၏ဇနီး(မယား) ရုပ်အို၊ အရွယ်ကျလာသည်ကို မြင်မက်လျှင် အတိတ်နိမိတ်ကောင်းရာ၏။ အိမ်ထောင်ရေး သာယာပျော်ရွှင်မှုရှိပြီး သုခချမ်းသာဖြင့် ပြည့်စုံစွာနေရပါလိမ့်မည်။

### (၂) မြင်းကျားကို မြင်မက်ခြင်း

(က) မြင်းကျားကို မြင်မက်လျှင် စီးပွားတက်မည်။ ငွေကြေးလိုမ့်၍ ဝင်လာပါလိမ့်မည်။ လာဘ်ရွှင်မည်။

(ခ) အိမ်ထောင်ရှင်မက မြင်းကျားကို မြင်မက်လျှင် လက်ဆောင်ပစ္စည်း အများကြီးရရှိပါလိမ့်မည်။

(ဂ) မိမိက မြင်းကျားစီးနေသည်ကို မြင်မက်လျှင် နိုင်ငံခြားခရီး ထွက်ရပါလိမ့်မည်။

(ဃ) ကုန်သည်က မြင်းကျားစီးနေသည်ကို မြင်မက်ပါလျှင် နိုင်ငံခြား ပင်လယ်ရပ်ခြားသို့ ကုန်သွယ်မှု၊ ကူးသန်း



www.burmeseclassic.com

www.burmeseclassic.com

ရောင်းဝယ်မှု ပြုလုပ်ရမည်ဖြစ်ပြီး အကျိုးဖြစ်ထွန်းမှု ရှိပါလိမ့်မည်၊ ထူးခြားမည်။

(င) တရားခံ၊ အကျဉ်းသားက မြင်းကျားစီးနေရသည်ကို မြင်မက်လျှင် မကြာမီ လျှော့ရက်ရရှိပြီး ထောင်မှ လွတ်မြောက်လာရပါလိမ့်မည်။

(စ) စစ်သည်တော်က မြင်းကျားစီးနေရသည်ကို မြင်မက်လျှင် စစ်အောင်ပွဲခံရကာ စစ်ရာထူးတိုးမြှင့်ခြင်း ခံရပါမည်။ လစာတိုးမည်။

## (၃) သွပ်သတ္တုကို မြင်မက်ခြင်း

(က) သွပ်သတ္တုကို မြင်မက်လျှင် မိမိ၏ကျန်းမာရေးအခြေအနေ ဆိုးဝါးမှု ရှိနေပါလိမ့်မည်။

(ခ) အိမ်ထောင်ရှင်မက သွပ်သတ္တုကို မြင်မက်ရပါလျှင် မိမိ၏ မိသားစုနှင့် အချင်းများရပါလိမ့်မည်။

(ဂ) လူနာက သွပ်သတ္တုကို မြင်မက်ရပါလျှင် အချိန်ရက်တိုတိုဖြင့် ပြန်ကျန်းမာလာမည် မဟုတ်ပါ။ ရက်ကြာရှည်ဦးမည် ဖြစ်၏။

(ဃ) သွပ်သတ္တုဝယ်ခြမ်းနေသည်ကို မြင်မက်ရပါလျှင် အတိတ်နိမိတ်ကောင်းမည်၊ ဝင်ငွေတိုးမည်။

(င) တရားခံ၊ အကျဉ်းသားက သွပ်သတ္တုဝယ်နေသည်ကို မြင်မက်လျှင် လိမ်လည်မှုဖြင့် အဖမ်းခံရမည်ဖြစ်၏။

## (၄) ရပ်ဝန်းဒေသ၊ အရပ်ဒေသတစ်ခုခုကို မြင်မက်ခြင်း

(က) အိမ်ထောင်ရှင် အမျိုးသားက ကွင်းပြောင်ရပ်ဝန်းဒေသကို မြင်မက်ရပါလျှင် ကျန်းမာရေးအခြေအနေ ကျဆင်းမှုရှိလိမ့်မည်။

(ခ) အိမ်ထောင်ရှင်မက သစ်သီး၊ သီးပင်များ မပေါက်ရောက်သော အရပ်ဒေသကို မြင်မက်ရပါလျှင် မကြာမီ သားဖွားရပါလိမ့်မည်။

(ဂ) လူနာက ကွင်းပြင်ပြောင် အရပ်ဒေသကို မြင်မက်ရပါလျှင် အိပ်ရာမှ ရက်ရှည်လကြာ မထနိုင်ဘဲ ကျန်းမာရေးအခြေအနေ ဆိုးဆိုးဝါးဝါး ဖြစ်လိမ့်မည်။

(ဃ) သူတစ်ပါး၏ ကျယ်ဝန်းလှသော ရပ်ဝန်းဒေသကို မြင်မက်ရပါလျှင် လုပ်ငန်းအကြံအစည် ထမြောက်အောင်မြင်လိမ့်မည်။

(င) ကုန်သည်က ကွင်းပြောင်ရပ်ဝန်းဒေသကို မြင်မက်ရ လျှင် စျေးရောင်းအရှုံးပေါ်လိမ့်မည်။

(စ) တရားခံ၊ အကျဉ်းသားက ကွင်းပြောင်ရပ်ဝန်းဒေသကို မြင်မက်ရပါလျှင် ထောင်ကျရက်ရှည်ပါလိမ့်မည်။

(ဆ) ဇနီး(မယား)က သီးပင်၊ သစ်ပင် ပေါက်ရောက်နေ လျက်ရှိသော ရပ်ဝန်းဒေသကို မြင်မက်လျှင် လင် မယားမေတ္တာမျှကာ အိမ်ထောင်ရေးသာယာပျော်ရွှင် မှု ရရှိပါလိမ့်မည်။

## (၅) အမဲ၊ သားကောင်လိုက်ခွင်ကို မြင်မက်ခြင်း

(က) အမဲ၊ သားကောင်လိုက်ခွင်ကို မြင်မက်လျှင် ရာထူး တိုးမြှင့်ခြင်း ခံရပါလိမ့်မည်။

(ခ) အိမ်ထောင်ရှင်မက အမဲ၊ သားကောင်လိုက်ခွင်နေရာ သို့ ရောက်ရှိကြောင်း မြင်မက်လျှင် အပျော်ခရီးထွက် ရပါလိမ့်မည်။

(ဂ) လူနာက အမဲ၊ သားကောင်လိုက်ခွင်နေရာသို့ သွား ရောက်၊ ရောက်ရှိကြောင်း မြင်မက်ရပါလျှင် ကျန်းမာ ရေး ကောင်းမွန်လာပါလိမ့်မည်။

(ဃ) ကုန်သည်က အမဲ၊ သားကောင်လိုက်ခွင်နေရာသို့ ရောက်ရှိကြောင်း မြင်မက်ရပါလျှင် နိုင်ငံခြားသို့ သွား ရောက်ပြီး ကူးသန်းရောင်းဝယ်မှု ပြုရပါလိမ့်မည်၊ ဝင်ငွေတိုးပွားမည် ဖြစ်၏။

(င) တရားခံ၊ အကျဉ်းသားက တောအမဲလိုက်ခွင်နေရာ သို့ ရောက်ရှိကြောင်း မြင်မက်ရပါလျှင် မကြာမီ အကျဉ်းထောင်မှ လျှော့ရက်များရရှိပြီး လွတ်မြောက် လာပါလိမ့်မည်။

(စ) မိမိကိုယ်တိုင်က အမဲ၊ သားကောင်လိုက်ခွင်(ဇုန်) တာဝန်ခံ(တာဝန်မှူး)အဖြစ် ခန့်အပ်တာဝန်ယူရမည် ဆိုပါလျှင် မပေါင်းအပ်သော မိတ်ဆွေတု၊ အသုံးမဝင် သော မိတ်ဆွေနှင့် ပေါင်းဖော်ရမည်။ အကျိုးလုံး မရှိပါချေ။

တက္ကသိုလ်မောင်တံခွန်

Ref:- တရုတ်ဂမ္ဘီရပညာရှင်ကြီးကုံး၏ အိပ်မက်အဖွင့် ကျမ်း။ ဟိုင်နန်မြို့၊ တရုတ်ပြည်။ (၁၉၉၃ ခုနှစ် ဩဂုတ်လ)




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# အကြားအမြင်ဗဟုသုတ ဦးဘာဆန်း (နှင့်) ရွှေရောင်ပုလဲ

## အောင်ဘုန်းမြင့် (ကချင်မြေ)

**အမှောင်ဆုံးည**

လူခြေတိတ်သောည၊ ကြွက်တွီကာ သုန်နေ ကွတ်ထွန်းသောည ဖြစ်လေ၏။ အအေးဓါတ် လွှမ်းခြုံထားပြီး လောက တစ်ခုလုံး တိတ်ဆိတ်နေ၏။ လရောင် ကွယ်သွားသောအခါ အမှောင်ထုသည် ပို၍ နက်ရှိုင်းသွားလေတော့သည်။

အမှောင်ကို အားထား၍ အမှောင် ထဲလှုပ်ရှားနေသူများအတွက် အမှောင် ထုသည် မဟာဆုလာဘ်ဖြစ်လေ၏။ တစ်ခုသော ဘုရားပျက်ကြီးအောက်တွင် ဝီသမသားငါးယောက် တာဝန်ကိုယ်စီ နှင့် လှုပ်ရှားနေကြ၏။ သက်ကြီးစကား အရ ဘုရားပျက်ကြီးအောက် ဌာပနာ တိုက်ထဲ၌ အဖိုးတန်ဌာပနာပစ္စည်း အမြောက်အများရှိသည်ဟူသော ပါးစပ် သိုက်သမိုင်းကိုအခြေခံ၍ လှုပ်ရှားနေကြ ခြင်းဖြစ်၏။ ခေါင်းစားဖွင့်၍ သိုက်ပစ္စည်း ရှာနေကြသည်မှာ ရက်အတန်ကြာခဲ့ပြီး ဖြစ်သည်။

ဝီသမ လောဘသားများသည် အမှောင်ကြီးစိုးသော ညကာလတွင် စိတ်တိုင်းကျလှုပ်ရှားကြပြီး နေ့အခါ၌ အခြေမပျက် ကိုယ်ယောင်ဖျောက်ထား ကြသဖြင့် "လိုဏ်သံကြားတယ် သတိ ထားကြ ဌာပနာသိုက်ရောက်ပြီထင် တယ်" အချက်ပေးပြောလိုက်သဖြင့် ဝီသမသားငါးယောက် အာဏာကုန် လုံ့လစိုက်၍ ကြိုးစားတူးဆွကြ၏။ မကြာမီ ဌာပနာသိုက်ကြီး ပွင့်သွား၏။ သုံးထောင့်ထိုးဓါတ်မီးနှင့် ထိုးကြည့်သော အခါ ရှေးဟောင်းရတနာအမျိုးမျိုးကို ပုံစံအမျိုးမျိုးနှင့် တွေ့ရသည်။

အများစုသည် ရွှေထည်နှင့်ငွေ ထည်ပစ္စည်းများဖြစ်ပြီး ကျောက်မျက် ရတနာအနည်းငယ်ထဲတွင် ထူးထူးခြား ခြားအလွန်လှပ၍ အရောင်ယှက်ဖြာနေ သော ရွှေရောင်ပုလဲ တစ်ပွင့်ကို ထင်ထင်ရှားရှားတွေ့မြင်ရ၏။ ဝီသမ လောဘသားများသည် မြေသားကို လက်ရာမပျက် ပြုပြင်ဖုံးဖိထားခဲ့ပြီး ဘုရားပျက်ကြီးမှ ထွက်ခွာသွားကြသည်။

**ရွှေရောင်ပုလဲ**

ဘုရားဌာပနာ ရွှေရောင်ပစ္စည်းများ သည် ဝီသမလောဘသား ငါးယောက်မှ တဆင့် အမြို့မြို့သို့ ပုံစံအမျိုးမျိုးနှင့် ရောက်ရှိသွား၏။ ထိုမှတဆင့် ရန်ကုန် ရွှေဘုံသာလမ်းရှိ ရွှေကုန်သည်ကျောက် ကုန်သည်များ၏ လက်ထဲသို့ နိဂုံးချုပ် သွားလေ၏။ ရွှေများသည် အထည် ပစ္စည်းများအဖြစ် ပျောက်ကွယ်သွား သော်လည်း ရွှေရောင်ပုလဲကြီးမှာ အကောင်အထည်နှင့်ရှိနေသေးသည်။

ရွှေရောင်ပုလဲကြီးသည် ပုလဲ တကာ့ပုလဲလုံးများထဲတွင် အလှပဆုံး ပုလဲတစ်ပွင့်ဖြစ်ပြီး သူဌေးတစ်လက်ပြီး တစ်လက် လက်ပြောင်း၍ နည်းမျိုးစုံနှင့် ပြိုင်ဆိုင်မှုနေတော့၏။ ရွှေရောင်ပုလဲကို ဝယ်မိသူတိုင်းသည် တစ်မျိုးမဟုတ်တစ် မျိုး ပြဿနာဖြစ်ခဲ့နေကြရသည်ကို သတိ



www.burmeseclassic.com

www.burmeseclassic.com

မထားမိကြ၊ ရတနာချစ်သူတိုင်းက ကြိုက် မွေသည်ဟု မထင်ရသော ရွှေရောင်ပုလဲကို တစ်ကြိမ်တစ်ခါ မြင်ရရုံမျှနှင့် ရယူပိုင်ဆိုင်လိုသော စိတ်မျိုးဖြစ်စေတတ်၏။ မသိ၍ဝယ်ကြသူများဖြစ်သော်လည်း အနိဌာရုံနှင့် မလွတ်ကင်းကြပါ။

ကံဂြိုဟ်နိမ့်သူများ ဖြစ်ပါက အသက်ဆုံးရှုံးသည်ထိ သက်ရောက်စေတတ်ပြီး ကံမြင့်သူများဖြစ်က အထိုက်အလျောက် ဆိုးဖြစ်ကြုံစေတတ်၏။ မည်သို့ဆိုစေကာမူ ရွှေရောင်ပုလဲကို မြတ်နိုးသော ပရိသတ်ကားတိုးပွားလျက်ပင်ရှိကြလေ၏။

<u>ဘီလူးနက္ခတ်</u>

ရွှေရောင်ပုလဲကို မြတ်နိုးကြသူများထဲတွင် ရတနာကုန်ကြီး ဦးဝေလွင်၏ သမီး သက်နှင်းဝေလွင်သည်လည်း တစ်ဦးအပါအဝင်ဖြစ်၏။ ရတနာပစ္စည်းနှင့်ပတ်သက်၍ နားပူနားဆာမလုပ်တတ်သော သက်နှင်းဝေလွင်သည် ရွှေရောင်ပုလဲကိုမူ အထွေအထူးလုပ်ပြီး ဝတ်ချင်သည်ဟု မရမကတောင်းဆိုလာတော့၏။ အကြိုက်ထူးသည်ဟုဆိုရမည်ဖြစ်သည်။

သူဌေးကြီးဦးဝေလွင်သည် ရွှေရောင်ပုလဲကြီးကို အပြိုင်အဆိုင်ကြားက အမြင့်ဆုံးဈေးနှင့်ဝယ်ယူပြီး သက်နှင်းဝေလွင်ကို စိန်ကိုးလုံးရံစီခြယ်၍ အလွန်ပန်သင့်သော ပုလဲဆွဲသီးပြုလုပ်ပေးလိုက်၏။ သက်နှင်းဝေလွင် ရွှေရောင်ပုလဲဆွဲသီးကို ဝတ်ဆင်ပြီးနောက်ပိုင်း အကြောင်းမဟုတ် ပုံမှန်ဖြစ်၏။ ကြတ္တိကာဘီလူးနက္ခတ်နှင့် ယှဉ်လာသော ရွှေရောင်ပုလဲက မာယာဘီလူးနက္ခတ်နှင့် ယှဉ်မွေးလာခဲ့သည့် သက်နှင်းဝေလွင်ကို ဒုက္ခမပေး။ မိတ်နက္ခတ်ချင်း ဆုံ၍ဖြစ်လေသည်။

ဒါပေတီ မိဂသီလူနက္ခတ်နှင့်ယှဉ်၍ မွေးဖွားလာသော ဘွားအေကြီးဒေါ်ကြည်ဆွေကို ရွေး၍ စကိုင်ပါတော့သည်။ ဦးဝေလွင်၏မိခင် ဒေါ်ကြည်ဆွေသည် သီလမြဲ၍ ဘုရား သိမ် ကျောင်း ဒါယိကာမကြီးဖြစ်သောကြောင့် အသက်ဘေးအန္တရာယ်မကြုံရ၊ မကြာခဏ အမည်မဖော်ပြနိုင်သော ဝေဒနာအမျိုးမျိုး နှိပ်စက်ခံရသဖြင့် ဆေးရုံနှင့်အိမ် လွန်းပျံသွားနေရ၏။

ထို့နောက် အသဝနီနတ်နက္ခတ်နှင့် ဖွားသော ဦးဝေလွင်ကို ဆက်ထိပါးလာတော့၏။ နတ်နက္ခတ်ကို ဘီလူးနက္ခတ်ကအပေါ်စီးရတတ်ပြီး လူနက္ခတ်ကိုမူ နှိပ်စက်ကလူပြုတတ်၏။ ရွှေဝါရောင်ပုလဲ၏ ဘီလူးနက္ခတ်နှင့် ဦးဝေလွင်ယှဉ်ဖွားသော နတ်နက္ခတ်သည် သူမသာကိုယ်မသာ နက္ခတ်အမည်ကွဲသော်လည်း မျိုးမဝေးသော နက္ခတ်ဖြစ်သောကြောင့် ပွန်းခြင်း ပဲ့ခြင်း တည့်လွဲလွဲခြင်း အဆင်မပြေ အလုပ်မဖြစ်ခြင်းမျိုး အခါခါကြုံရတတ်ပြီး ရန်နှင့်ယှဉ်၍ လှုပ်ရှားနေရသည့် သဘောမျိုးဖြစ်နေရ၏။ စီးပွားရေးလုပ်ငန်းများမှာလည်း တစ်နေ့တစ်ခြား ကတောက်ကတက်ဖြစ်ပြီး အရောင်းအဝယ်ပျက်တတ်၏။ စီးပွားရေးအကျဘက် ဦးတည်နေသဖြင့် ငွေအဝင်ထက် အထွက်များလာသောကြောင့် ငွေကြေးကျပ်တည်းလာ။

ဦးဝေလွင်၏ အိမ်တွင်းမိသားစုတို့၌ စိတ်သဘောထား အလီလီကွဲကြ၍ နွေးနွေးထွေးထွေး မရှိကြတော့ဘဲ။ တစ်နေ့ထက်တစ်နေ့ စိမ်းလာကြသည်မှာကြာပြီဖြစ်၏။ ပို၍ဆိုးဝါးလာသည်မှာ မိသားစုထဲတွင် ယခင်က မဖြစ်ခဲ့ဘူးသောရောဂါအမျိုးမျိုး ကပ်ညှိခံရခြင်း၊ မိသားစုအချင်းချင်း အမြင်မတူ အယူကွဲပြားလာခြင်း၊ အလုပ်စီးပွား အကျအဆုတ်များလာခြင်းများ တိုးပွားလာနေသောကြောင့် ဗေဒင်မယုံသော ဦးဝေလွင်သည်ပင် နာမည်ကြီး ဗေဒင်တတ်ကျွမ်းသော ပုဏ္ဏားဗေဒင်ဆရာများထံ ဇာတာအစန်းအငုပ်စစ်ဆေးကြည့်သည့်အခါ မိမိတို့အိမ်ထဲ၌ မသန့်သောဘုရားပစ္စည်းတစ်ခု ရောက်နေသည်ဟူ၍ ဖြစ်၏။ မည်သည့်ပစ္စည်းဖြစ်သည်ကို ရှင်းရှင်းလင်းလင်း မသိခဲ့ရပါ။

သို့ဖြစ်၍ ဘဝင်မကျသဖြင့် ခေတ်ဗေဒင်ဆရာတစ်ဦးထံ ချဉ်းကပ်မေးမြန်းကြည့်ရာ အဖြေကား DEVIL ဟူသော မိစ္ဆာကဒ်ပြား ထွက်လာခြင်းဖြစ်၏။ အဓိပ္ပါယ်သည် ယခုအချိန်တွင် အိမ်တွင်း၌ မသန့်သောပစ္စည်း ရှိနေသည်၊ မိသားစုအချင်းချင်း အတွင်းရန်မွှေလိမ့်မည်၊ လူမှုရေး အရှုပ်အရှင်းပေါ်တတ်သည်။ သားပျို သမီးပျိုများ လမ်းမှားလျှောက်မိမည်။ လုပ်ငန်းအကြံအနှောင့်အယှက် ပေါ်လာနိုင်သည်။ နတ်ဘီလူးကွပ်ခံကိန်း ကြုံတတ်သည်။ အိမ်တွင်းရှိ မသန့်သောပစ္စည်း ရှင်းလင်းပစ်ပါဟူ၍ဖြစ်သည်။

ဦးဝေလွင် အကြံကုန် အကျပ်ရိုက်နေရ၏။ အိမ်တွင်းရှိ ပစ္စည်းများအနက် မည်သည့်ပစ္စည်းသည် မသန့်သောပစ္စည်းဖြစ်ပြီး မည်သည့်ပစ္စည်းသည်



www.burmeseclassic.com

www.burmeseclassic.com

ဘုရားပစ္စည်းဖြစ်သည်ကို ဦးဝေလွင် ဆေခွဲမရ ဖြစ်နေရတော့သည်။

**ကျိန်စာသင့်ခံရသူများ**

ဘုရားဌာပနာသိုက် ဖောက်ထွင်း ခိုးယူခဲ့ကြသော ဝိသမလောဘသားငါး ယောက်သည် ဘုရားပျက်ကြီးနှင့် မနီး မဝေးရွာကြီးတစ်ရွာမှ ဖြစ်ကြ၏။ ရွာမက မြို့မကျ စည်ကားသောရွာကြီး ဖြစ်သောကြောင့် မြို့ပြကြီးများနှင့် အဆက်အသွယ် လွယ်ကူလှ၏။ ဝိသမ သမားများသည် ဌာပနာပစ္စည်းများကို အညီအမျှ ခွဲဝေယူလိုက်ကြပြီးလျှင် ရွာနှင့်ဝေးသော မြို့များ၌စုဆောင်းထား သော ပစ္စည်းအသွင်ဆောင်လျှက် နိမ့် သောလျော့စျေးနှင့် ရောင်းချငွေဖော် လိုက်ကြ၏။ နေ့ချင်းညချင်း ချမ်းသာ လာကြကာ အိမ်ကောင်းရာကျောင်းနှင့် ဖြစ်လာကြပါတော့သည်။

ရပ်ထဲရွာထဲ မည်သည့် ရာဇဝတ် ကိစ္စမှ ပေါ်ပေါက်ခဲ့ခြင်းမရှိသဖြင့် ဌာပနာသိုက်ဖောက်၍ ချမ်းသာလာ သည်ကို မသိကြ၊ ငွေကိုများများစားစား ထုတ်မသုံးဘဲ၊ ချွေ၍သုံးကြ၏။ မည်သည့် မသင်္ကာစရာ သံသယကိစ္စမျှ မပေါ် ပေါက်နိုင်ခဲ့ဘဲ၊ ကိစ္စအေးသွား၏။ ဝိသမ သားငါးယောက်သည် ငွေကြေးပြည့်စုံ လာသည်နှင့်အမျှ နေရာတိုင်း၌ ခေါင်း ပေါင်းစ တလူလူနှင့် ဘုရားဒကာ ကျောင်းဒကာ အမည်ခံယူ၍ ရပ်ရွာထဲ မျက်နှာရ အလေးပေးခံနေကြရသဖြင့် ဟန်ကျနေကြ၏။

သို့သော် ထိုရွာကြီးတွင် မကြုံစဘူး ထူးခြားသော ကျိန်စာတိုက်မှုကြီး ဆက် တိုက်ပေါ်ပေါက်ခဲ့သည်မှာလည်း ထူးခြား လှ၏။ ရွာ့မျက်နှာဖုံး သူဌေးအသစ်စက် စက်ငါးဦးသည် တစ်နှစ်တစ်ဦး ငါးနှစ် ငါးဦးစလုံး ငါးနှစ်အတွင်း ကျန်းကျန်း မာမာနှင့် ရောဂါအဖြေမပေါ်ဘဲ ကွယ် လွန်သွားကြခြင်းဖြစ်၏။ ကွယ်လွန်သော နေ့ရက်များသည်လည်း တိုက်ဆိုင်လွန်း လှ၏။ နှစ်စဉ် ကြတ္တိကာဘီလူးနက္ခတ် ထွန်းသော တန်ဆောင်မုန်းလပြည့်ည တွင် ကွယ်လွန်သွားကြခြင်းဖြစ်သည်။

**ထူးခြားသောဧည့်သည်**

တစ်နေ့သ၌ ဦးဘဆန်း၏ ကျော်က် မြောင်း အောင်မင်္ဂလာလမ်း နေအိမ်သို့ TOYOTA CALDINA စလွန်းကားနှင့် ဦးဝေလွင် ဇနီးဒေါ်သီတာ၊ သမီး သက်နှင်းဝေလွင်တို့ ရောက်လာကြ သည်။

ဦးဝေလွင်က ယဉ်ကျေးစွာဖြင့် "ကျွန်တော့်နာမည် ဦးဝေလွင်လို့ခေါ်ပါ တယ်၊ မိတ်ဆွေတစ်ဦးက လမ်းညွှန်ပေး လိုက်လို့ ဆရာကြီးနဲ့ လာတွေ့တာပါ" အစချီ၍ မိမိ၏တွေ့ကြုံနေရသော အခက်အခဲများကို တင်ပြအကူအညီ တောင်းဖြစ်သည်။ ဦးဘဆန်းသည် ဧည့် သည်များကို မိမိ၏အထူးဘုရားခန်းသို့ ခေါ်ဆောင်သွားပြီး ဘုရားရှိခိုးအာရုံပြု သည်။ ထို့နောက် ဒိုးဒိုးဒေါက်ဒေါက် ဟောပြောခြင်းမျိုးမဟုတ်ဘဲ တစ်ခုချင်း ဟောပြော၏။

ပထမအဟော "ဦးဝေလွင်ရဲ့ အမေ မကြာခဏ နေထိုင်မကောင်းဖြစ် လိမ့်မယ်" ဒုတိယအဟော "စီးပွားရေး ကျနေပြီး အိမ်တွင်းသဘောထား မညီ ညွတ်ကြဘဲ တစ်ယောက်တစ်ပေါက်ဖြစ် နေတယ်" တတိယအဟော "ဦးဝေလွင် ရဲ့သမီးမှာ ဘုရားဌာပနာပစ္စည်းဖြစ်တဲ့ ရွှေရောင်ပုလဲရှိနေတယ်၊ အမြန်ဆုံး ဘုရားတည်နေတဲ့နေရာမှာ လှူဒါန်း ဌာပနာသွင်းလိုက်ပါ၊ ဦးဝေလွင် ခုကြုံ အခက်အခဲအားလုံးကနေ အရှင်းလွတ် မြောက်သွားရပါလိမ့်မယ်"

**ဘုရားတည်ခြင်း**

ဦးဝေလွင်မိသားစုတို့သည် အခြား တရားချစ်ခင်သော ရတနာကုန်သည် မိတ်ဆွေများနှင့်အတူ မိခင်ကြီးဒေါ်ကြည် ဆွေ ကိုးကွယ်သော ဆရာတော်ကြီးကို ဦးဆောင်စေ၍ မိခင်ကြီးဒေါ်ကြည်ဆွေ ၏ မွေးရပ်မြေ မုတ္တမမြို့အနီး သံလွင် မြစ်ကမ်းနဖူးတွင် လှူဒါန်းရရှိထားသော ရတနာအစုစုနှင့် ရွှေရောင်ပုလဲကို ဌာပနာ၍ ရတနာအောင်သိဒ္ဓိဘုရား တစ်ဆူ တည်ထားကိုးကွယ်ကြသည်။ ထိုအချိန်မှစ၍ ဦးဝေလွင်မိသားစုနှင့် ဘုရားဒါယကာ ဒါယိကာမများအားလုံး တို့သည် ဘေးကင်းရန်ကွာကြ၍ သုတိ ချမ်းသာ ကောင်းခြင်းမင်္ဂလာအဖြာဖြာ တို့နှင့် ပြည့်စုံကြပါတော့သည်။

ဘုရားအလှူ ရေစက်ချ၍ မုတ္တမ မြို့မှ ရန်ကုန်သို့ ဦးဘဆန်းနှင့်အတူ ပြန်လာကြသော ဦးဝေလွင်၏ မိသားစု တို့သည် သထုံမြို့ အရောက်တွင် မြသပိတ်ရေးဟောင်းသမိုင်းဝင် ဘုရား ကြီးထံ ဖြိုင်တူကြည်ညိုစိတ်ရောက်သွား ကြပြီးလျှင် ကိုယ်စီအသံတိတ် ဆုထူး ပန်ကြ၏။ ရေစက်ဆုံ၍ အလိုဆန္ဒ ပြည့်ဝကြစေသတည်းဟူ၍ . . .

*ဟန်းလို စမ်းလို လမင်းလို သာသာချမ်းမြေ့ ကြပါစေ ...*

**အောင်ဘုန်းမြင့်(တချင်မြေ)**



www.burmeseclassic.com

www.burmeseclassic.com



# ပြည်တွင်းပြည်ပ

# ဝိညာဉ်လောက ယုံကြည်ချက်များ

လှတိုး(စိတ်ပညာ)

■ **စိတ်က ရုပ်ကိုစေစားခြင်း (သို့မဟုတ်) ပုဏ္ဏာကတိုက်ခြင်းဖြစ်ရပ်မှန်များ**

ပြုလုပ်သူ အထင်အရှားမရှိဘဲ ရုပ်ဝတ္ထုများ အလိုအလျောက် လှုပ်ရှားဖြစ်ပျက်မှုမှာ ကမ္ဘာအရပ်ရပ်၌ အချို့သောသူများနှင့် တစ်ခါတစ်ရံ စိတ်ဝိညာဉ်သုတေသီဆရာများ မျက်ဝါးထင်ထင် တွေ့မြင်ကြရသော ဒိဋ္ဌမေ့ ဖြစ်၏။ ထိုဒိဋ္ဌမေ့မှာ "ပုဏ္ဏာကတိုက်သည်"(Pottergeist Phenomena)ဟု မြန်မာတို့ခေါ်ဝေါ်သော ဖြစ်ပျက်မှုမျိုးဖြစ်၏။ ပုဏ္ဏာကတိုက်ခြင်းသည် ရှေးပဝေသဏီက စ၍ ယနေ့အထိ ကမ္ဘာအရပ်ရပ်၌ ဖြစ်ပွားမှု၍ တစ်ခါတစ်ရံ အနောက်တိုင်းဂျာနယ်၊ သတင်းစာများ၌ ရေးသားဖော်ပြကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ပုဏ္ဏကတိုက်ခြင်းကို စိတ်ပညာရှင်များက စိတ်တန်ခိုးဟု ဆိုကြ၏။ စိတ်လှုပ်ရှားမှုများကြောင့်ဟု ယူဆကြသည်။ အရှေ့တိုင်းပညာရှင်များနှင့် ရိုးရာအစွဲအလမ်းကို လက်ခံသူများက စိတ်ကြောင့်ဟု မမြင်၊ မမြင်နိုင်သော ဝိညာဉ်လောက၏ နှောင့်ယှက်မှုကြောင့် ဖြစ်ပေါ်လာသည်ဟု ဆိုသည်။

အနောက်တိုင်းမှ စိတ်ပညာရှင် "ဆာဝီလျံဘာရက်" သည် ပုဏ္ဏကတိုက်မှုကို သေချာစူးစမ်းလေ့လာခဲ့သော စိတ်ပညာရှင်တစ်ဦး ဖြစ်သည်။ သူ၏ မှေးသားချက်အရဆိုသော် အရာဝတ္ထုများသည် ဓမ္မတာအတိုင်းမဟုတ်ဘဲ လေထဲသို့ပျံတက်ပြီး တဖြည်းဖြည်းကွေ့ကောက် ရွေ့လျားနေတတ်၏။ အောက်သို့ကျသောအခါ ကြည့်နေသူများကို မထိခိုက်စေဘဲ ညင်သာစွာ ကျလာတတ်၏။ တစ်ခါတစ်ရံ ပန်းကန်ခွက်ယောက်များ တစ်စုံတစ်ယောက်က လွှင့်ပေါက်လိုက်သလို ပြန့်ကြဲ၍ ကွဲအက်ပျက်စီးသွား၏။ အိပ်ရာပေါ်၌ အိပ်နေသူများကို ညင်သာစွာ မ,ယူဆွဲချပြီး အိပ်ရာခင်း၊ ခေါင်းအုံးစသည်များကို ဆွဲယူသွားတတ်၏။ ပုဏ္ဏကတိုက်ခြင်းသည် ညအခါမှာသာမဟုတ်၊ နေ့ခင်းကြောင်တောင်၌လည်း ဖြစ်ပွားတတ်၏။

ဤပုဏ္ဏကတိုက်မှုမျိုးမှာ သရဲ၊ တစ္ဆေတို့၏ ပယောဂကြောင့်ဖြစ်သည်ဟု မြန်မာတို့အယူရှိသော်လည်း သုတေသီဆရာတို့ကမူ မူလက ထိုသို့မယူဆကြချေ။ နောက်ပိုင်းမှသာ အနောက်တိုင်းဆရာများသည် အယူအဆပြောင်းလွဲလာ၏။ ပုဏ္ဏကတိုက်ခြင်းသည် စိတ်ကြောင့်၊ တစ်နည်း စိတ်လှုပ်ရှားမှုကြောင့် ဖြစ်ပျက်သည်မဟုတ်။ ဝိညာဉ်လောက၏ နှောင့်ယှက်မှုကြောင့်ဟု ယူဆလာ၏။ သုတေသနပြုသူများ၏ လေ့လာစမ်းစစ်ချက်အရ ပုဏ္ဏကတိုက်ခြင်းသည် ကမ္ဘာ့တိုင်းပြည်များအနှံ့ ဘာသာမရွေး၊ လူမျိုးမရွေး၊ နေရာမရွေး ဖြစ်ပျက်ခဲ့သည်။ သုတေသနစာတမ်းတစ်စောင်တွင် ဂျာမနီနိုင်ငံ၌ လွန်ခဲ့သောနှစ်ပေါင်း ၁၂၀၀ ကျော်ကပင် ပုဏ္ဏကတိုက်ခြင်းနှင့် အလားတူသော အဖြစ်များရှိခဲ့ကြောင်း တွေ့ရှိရသည်။

အဖြေရှာခက်သည့် ရွေ့လျားနေသော အိမ်ထောင်ဆိုင်ရာပစ္စည်းများ၊ ရုပ်ဝတ္ထုများကို အံ့ဖွယ်သရဲ သွားလာလှုပ်ရှားအောင် ပြုလုပ်ဖန်တီး (ဝါ) သိပ္ပံဆရာတို့ ရှင်းမပြနိုင်သောနည်းဖြင့် စိတ်က ရုပ်ကို စေစားခြင်းတို့ကို ဝိညာဉ်လောက၏ နှောင့်ယှက်ခြင်း၊ တစ်နည်း ပုဏ္ဏကတိုက်ခြင်း Poltergeist ဟု ဖော်ပြခဲ့သည်။

အိုက်စလန်နိုင်ငံမှ ဂတ်မန်ဒါအီနာဆင် ဆိုသူသည် ဇနီး၊ သမီးတို့နှင့် အတူနေထိုင်လျက်ရှိစဉ် အလားတူ ထူးဆန်းသော အဖြစ်အပျက်တစ်ရပ်နှင့် ကြုံခဲ့ရသည်။ ဖြစ်ရသည့် အကြောင်းရင်းအမှန်ကို ယခုတိုင် အဖြေရှာမတွေ့သေး။ ပြောပြလျှင်လည်း လက်တွေ့မကြုံရသူအဖို့ ယုံရခက်လှသည်။ ကျွမ်းကျင်သူပညာရှင်များကိုယ်တိုင် လာရောက်လေ့လာစူးစမ်းခဲ့ကြသော်လည်း အဖြစ်မှန်ကို မပြောနိုင်ကြ။ အခက်ကြုံခဲ့ကြရသည်။

ဂတ်မန်ဒါအီနာဆင် တွေ့ကြုံခဲ့ရသည့် အဖြစ်ဆန်းကား နေအိမ်အတွင်းမှ စားပွဲခုံ၊ ကြောင်အိမ်ဗီရိုများ၊ သက်ရှိသတ္တဝါများကဲ့သို့ ခုန်ပျံရွေ့လျား လှုပ်ရှားနေကြခြင်းပင် ဖြစ်သည်။

၁၉၆၄ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့တွင် ဖြစ်သည်။ ဂတ်မန်ဒါအီနာဆင်သည် သူ့အိပ်ရာထဲတွင် အိပ်ပျော်နေသည်။ ထိုစဉ် ဆူဆူညံညံအသံကြားရသဖြင့် အိပ်ရာမှ လန့်နိုးလာသည်။ နာရီကိုကြည့်လိုက်တော့ နံနက် ၁ နာရီ မိနစ် ၄၀ အချိန်သာ ရှိသေးသည်။

အီနာဆင်သည် သူ့ဇနီးအိပ်ရာပေါ်မှ ကျော်ပြီးလှမ်းကြည့်လိုက်ရာ သူ့မျက်စိကို သူမယုံနိုင်လောက်အောင် ဖြစ်သွားသည်။ အခန်းတစ်ခန်းထဲရှိ စားပွဲခုံကြီးသည် သူ့အလိုအလျောက် ရွေ့လျားသွားပြီး ပြတင်းပေါက်ကို ကျော်တက်သွားသည်။ ထို့နောက် အခြားအခန်းအတွင်း တစ်နေရာတွင် ရောက်ရှိရပ်နားသွားသည်။

"ဘာဖြစ်တာပါလိမ့်"ဟူသော အံ့သြအတွေးဖြင့် အီနာဆင်သည် အချိန်အတန်ကြာမျှ အတွေးရခက်နေသည်။ "လျှောင်လှုပ်သွားဟန်တူတယ်"ဟုသာ သဘောထားပြီး ပြန်အိပ်လိုက်သည်။ နံနက် မိုးလင်းလျှင် အိမ်၏အတွင်းအပြင် နေရာအနှံ့ လိုက်ပြီးလေ့လာကြည့်သည်။ လျှောင်လှုပ်သည့် အရိပ်အရောင် မတွေ့ရ။ အခြားပစ္စည်းများ ဘာမှမဖြစ်။ ဘာမျှ မထူးခြား။ ထူးခြားသည်မှာ ၄၄ ပေါင်ခန့်လေးသည့် စားပွဲကြီးတစ်လုံးသာ နေရာရွေ့သွားခြင်း ဖြစ်သည်။

www.burmeseclassic.com

ထိုနေ့ မွန်းလွဲပိုင်းတွင် အီနာခင်၏ ဇနီးနှင့် သူ့သမီးတို့သည် အိမ်၏အပြင်ဘက် အလုပ်လုပ်နေကြသည်။ ထိုစဉ် အိမ်ထဲမှ "ဝုန်း" "ဒိုင်း"အသံများ ထွက်လာပြီး ဆူညံသွားသည်။ ထို့ကြောင့် သူတို့သုံးဦးစလုံး တံခါးပေါက်အနားပြေးပြီး အိမ်ထဲသို့ကြည့်လိုက်ကြသည်။

မီးဖိုခန်းထဲရှိ စားပွဲတစ်လုံးကို နံရံအနီးကပ်ထားသော်လည်း ယင်းစားပွဲမှာ အခန်းအလယ်သို့ ရောက်နေသည်။ စားပွဲပေါ်တင်ထားသည့် အရာအားလုံး ကြမ်းပြင်ပေါ် လွင့်စဉ်ကျကုန်ပြီး အချို့ပစ္စည်းများမှာ ကွဲကြေကုန်သည်။

နောက်တစ်နေ့ မတ်လ ၁၉ ရက်နေ့တွင် သူတို့အိမ်သို့ သတင်းထောက်တစ်ဦးရောက်လာသည်။ ဧည့်ခန်းထဲတွင် အီနာခင်တို့မိသားစုသည် သတင်းထောက်နှင့် တွေ့ဆုံပြီး အကျိုးအကြောင်း ရှင်းလင်းပြောပြနေကြသည်။ ထို့နောက် အီနာခင်တို့ မိသားစုက သတင်းထောက်ကို မီးဖိုခန်းထဲသို့ ခေါ်ဆောင်သွားကြသည်။ သူတို့နောက်မှ သတင်းထောက်၏ မော်တော်ကား ယာဉ်မောင်းက လိုက်လာသည်။

မည်သူမျှ မရှိတော့သည့် ဧည့်ခန်းထဲမှ ဆူဆူညံညံ အသံကြားလိုက်ရာ အားလုံး ပြန်လှည့်ပြီး ဧည့်ခန်းအတွင်းသို့ ကြည့်လိုက်ကြသည်။ စားပွဲတစ်လုံးမှာ ကြမ်းပြင်ပေါ်တွင် တရွေ့ရွေ့ သွားနေသည်ကို အံ့သြဖွယ်ရာ တွေ့မြင်လိုက်ကြရသည်။

မတ်လ ၂၀ ရက်တွင် မီးဖိုခန်းထဲ၌ အီနာခင်၏ သမီးပျိုတစ်ယောက်တည်းရှိနေသည်။ ထိုစဉ် ကြောင်အိမ်ကြီး တဖြည်းဖြည်းရွေ့လာသဖြင့် ကြောင်အိမ်ပေါ်ရှိ ရေဒီယိုကို အောက်သို့ပြုတ်မကျရန် ဆွဲမထားလိုက်ရသည်။

တစ်ခါတွင်လည်း မီးဖိုခန်းထဲ၌ လူတစ်ယောက်မျှ မရှိစဉ် ယင်းအခန်းထဲရှိ ကြောင်အိမ်ကြီးမှာ သူ့အလိုလို လဲကျသွားခဲ့သည်။

အဆိုးဆုံး၊ အငြိမ်နိုင်ဆုံးအရာကား ဧည့်ခန်းထဲမှ စားပွဲခုံပင် ဖြစ်သည်။ သူ့အလိုလို ရွေ့လျားဖန်များလှသဖြင့် ထိန်းမရ ရွှေမနိုင်အောင် ဖြစ်ရသည်။ နောက်ဆုံးတွင် အီနာခင်သည် ယင်းစားပွဲခုံကို နံရံတွင်ကပ်ပြီး ကြိုးဖြင့်ချည်ထုတ်ထားလိုက်ရတော့သည်။

အလားတူပင် အိမ်အတွင်းရှိ အခြားပစ္စည်းများလည်း အငြိမ်မနေကြ။ နံရံတွင် ချိတ်ထားသည့် ဓာတ်ပုံများ၊ ရုပ်ပုံကားချပ်များ သူ့အလိုလိုပြုတ်ကျတတ်သည်။ အိုးခွက်ပန်းကန်များလည်း သိမ်းဆည်းထားရာနေရာမှ လွင့်စဉ်ထွက်သွားတတ်သည်။ အချို့ပန်းကန်များ၊ ခွက်များမှာ ကွဲကြေကုန်သည်။

ထို့နောက် ဧပြီလ ၃ ရက်နေ့တွင် အီနာခင်၏ဇနီး မကျန်းမမာဖြစ်တော့သည်။ အခြေအနေမကောင်းသဖြင့် ဆေးရုံတင်လိုက်ရသည်။ ဆေးရုံတွင် ရှစ်ရက်ကြာသည်။ အီနာခင်၏ဇနီး ဆေးရုံတက်နေစဉ် ကာလအတွင်းမှာမူ အခြေအနေသိပ်မဆိုးဝါး။ အနည်းငယ် သက်သာသွားသည်ဟု ဆိုသေးသည်။

အီနာခင်၏ဇနီး ဆေးရုံမှ ပြန်ဆင်းလာပြီး နှစ်ရက်အကြာတွင်မူ အခြေအနေမှာ ပြန်ဆိုးလာခဲ့သည်။ ထိုသို့ဖြစ်နေရာမှ နေ့စဉ်ဆက်တိုက်မဟုတ်တော့ဘဲ မကြာမကြာ ဖြစ်လေ့ဖြစ်ထရှိလာသည်ဟု ဆိုသည်။

ထိုသို့ဖြင့် နောက်ဆုံးတွင် အိမ်တွင်း၌ ဘာမှမဖြစ်တော့ဘဲ သူ့အလိုအလျောက် ငြိမ်းသွားခဲ့သည်။

အီနာခင်၏ဖြစ်ရပ်ကို ဘူမိဗေဒပညာရှင်များ၊ လျှပ်စစ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ အခြားသုတေသနပညာရှင်များအပါအဝင် ပညာရှင်အများအပြားတို့က လာရောက်လေ့လာစူးစမ်းခဲ့ကြသည်။ သို့ရာတွင် အကြောင်းရင်းမှန်ကို မဖော်ပြနိုင်ခဲ့ကြချေ။

ပြောလျှင် ယုံနိုင်ဖွယ်မရှိ။ သို့ရာတွင် ကြုံဖူးလျှင်ကား အံ့မခန်းဖြစ်ကြရမည်သာ ဖြစ်သည်။ အီနာခင်၏အိမ်တွင် ဖြစ်ခဲ့သည့် ဖြစ်ရပ်များကား သူတို့အဖို့ အံ့မခန်း၊ ပြောမခန်း အဖြေရှာ၍ မခန်းနိုင်အောင်ပင်တည်း။

---

လှတိုး(စိတ်ပညာ)

---



www.burmeseclassic.com

www.burmeseclassic.com

# ဓာတ်ရိုက်ယတြာရွေးပညာ

## ၂၀

■ ဆူန်းမွင့်ထွန်း

"မောင်သန်းဇော် ... ခရီးက ပြန်လာတာ ပူပူနွေးနွေးရှိသေးတော့ ခရီးသွားဓာတ်ယတြာလေးကို ဆွေးနွေးကြရင် မကောင်းဘူးလား"

"ကောင်းပါတယ်။ နောက်လည်း ခရီးက သွားရဦးမှာပဲ။ လူတိုင်းလည်း အကြောင်းအမျိုးမျိုးနဲ့ ခရီးသွားနေကြရတာပဲ မဟုတ်လား။ အဲဒါနဲ့ ပတ်သက်ပြီး သိထားသင့်ကြတယ်လို့လည်း ထင်ပါတယ်"

"အခု ဆွေးနွေးမယ့်အပိုင်းမှာ ဗေဒင်ဟောတဲ့အခါ အများဆုံး အသုံးပြုကြတဲ့ 'အခါ'ဆိုတာ ပါလာလိမ့်မယ်။ အချိန်အခါကိုကြည့်ပြီး အချိန်ကောင်း၊ အခါကောင်း ရွေးချယ်ရတယ်။ ဒါကို အခါပေးတယ်လို့ခေါ်တယ်။ ဒီလို အခါကောင်း ရွေးချယ်ဖို့အတွက် အခါတိုင်ထူနည်းကို အရင်ဆုံး လေ့လာရမယ်။ အခါတိုင်ကို မွေးနံတိုင်လို့ ခေါ်ရင်ရသလို၊ မူလတိုင်လို့ ခေါ်ရင်လည်း ရတယ်။

ပြီးတော့ တစ်နေ့မှာ အခါရှစ်ပိုင်း ပိုင်းခြားပုံကိုလည်း သိဖို့လိုတယ်။ အဲဒီတော့မှ ဘယ်အခါမှာ ဘယ်နေ့သားအတွက် ကောင်းတဲ့အလုပ်တွေ စတင်လုပ်ရမလဲ၊ ခရီးစတင်သွားရမလဲဆိုတာတွေကို ရွေးချယ်လို့ရမယ်။ ဦးဆုံးတော့ အခါတိုင်းခေါ်တဲ့ မွေးနံမူလတိုင်ကို ဘယ်လိုထူရမလဲဆိုတာ လေ့လာကြရအောင်"

"ဟုတ်ကဲ့ အစ်ကို"

### အင်္ဂဝိဇ္ဇာအခါတိုင်ထူပုံ

"အင်္ဂဝိဇ္ဇာအခါတိုင်ထူဖို့ အလွတ်ကျက်မှတ်ထားရမယ့် လင်္ကာကတော့ 'အောင်လံထူ စစ်သူကြီးပွဲ'ဆိုတဲ့ လင်္ကာပဲ။ အဲဒီလင်္ကာဟာ တနင်္ဂနွေ အစရှိတဲ့ အခါတိုင်တွေကိုလည်း ထူလို့ရပါပြီ။ အဲဒီတော့ နေ့အလိုက် တိုင်ထူဖို့ လင်္ကာကို ခုနစ်နေ့၊ ခုနစ်ခါ အတွက် ပြန်စီစဉ်မှတ်ထားလိုက်ရအောင်။

တနင်္ဂနွေ = အောင်လံထူစစ်သူကြီးပွဲ၊

တနင်္လာ = ကြီးပွဲအောင်လံထူစစ်သူ၊

အင်္ဂါ = စစ်သူကြီးပွဲ အောင်လံထူ၊

ဗုဒ္ဓဟူး = လံထူစစ်သူကြီးပွဲအောင်၊

ကြာသပတေး = ပွဲအောင်လံထူစစ်သူကြီး၊

သောကြာ = သူကြီးပွဲအောင်လံထူစစ်၊

စနေ = ထူစစ်သူကြီးပွဲအောင်လံ

အဲဒီလို နေ့အလိုက် အခါတိုင်ထူဖို့ လင်္ကာလေးတွေ ရလာလိမ့်မည်။ အဓိကကတော့ အောင်လံထူစစ်သူကြီးပွဲဆိုတာကို ရထားရင် ပြီးတာပါပဲ။ မှတ်ရတာ လွယ်ပါတယ်"

မောင်သန်းဇော်မှာ မှတ်စရာရှိလျှင်မှတ်ပြီး၊ မေးစရာရှိလျှင် မေးပြီး ဆွေးနွေးပညာယူလေ၏။

"ဒီလင်္ကာနဲ့ အင်္ဂဝိဇ္ဇာအခါတိုင် ဘယ်လိုထူရမလဲအစ်ကို"

"ထူပုံကတော့ တနင်္ဂနွေဆိုရင် အောင်ကစပြီး အောက်ကို အောင်လံထူစစ်ဆိုပြီး လေးလုံးအစီအစဉ်အတိုင်းချမယ်"

ဆက်လက်ပြီး ကျန်တဲ့ သူကြီးပွဲဆိုတဲ့ သုံးလုံးကိုတော့ အောင်နေရာရဲ့ အပေါ်ကနေ သုံးလုံးအထက်ကို အစီအစဉ်တကျ ချသွားရုံပါပဲ။

| | | |
|---|---|---|
| ၅ | ပွဲ | |
| ၂ | ကြီး | |
| ၆ | သူ | |
| ၁ | အောင် | တနင်္ဂနွေတိုင် |
| ၄ | လံ | |
| ၀ | ထူ | |
| ၃ | စစ် | |



www.burmeseclassic.com

www.burmeseclassic.com

အဲဒီအတိုင်း တနင်္လာတိုင် အတွက် 'ကြီး'ကစပြီး ကြီးပွဲအောင်လံ ထူစစ်သူ လက်ာကို ရွတ်ပြီး တိုင်ထူနိုင်တယ်။

| | | |
|---|---|---|
| ၆ | သူ | |
| ၃ | စစ် | |
| ၀ | ထူ | |
| ၂ | ကြီး | တနင်္လာတိုင် |
| ၅ | ပွဲ | |
| ၁ | အောင် | |
| ၄ | လံ | |

"အဲဒီနည်းအရ မောင်သန်းဇော် အနေနဲ့ အခါတိုင် (၇)တိုင်လုံးကို ချလို့ရပြီပဲ။ ချကြည့်ပါဦး"

"ဟုတ်ကဲ့ အစ်ကို"

နွေ = တနင်္ဂနွေ၊ လာ = တနင်္လာ၊ ဂါ = အင်္ဂါ၊ ဟူး – ဗုဒ္ဓဟူး၊ တေး = ကြာသပတေး၊ ကြာ = သောကြာ၊ နေ = စနေ ဟု အတိုကောက်မှတ်ပါ။ နောင်ဆက်လက် ဆွေးနွေးမည့် သင်ခန်းစာများတွင်လည်း ထိုနေ့အတိုကောက်ကိုသာ သုံးစွဲပါမည်။

"တိုင်(၇)တိုင်လုံး ချတတ်ပြီးသွားပြီဆိုရင် တိုင်ရဲ့သဘောတွေကို သတ်မှတ်ရအောင်။ ဘယ်တိုင်ကိုပဲ ကြည့်ကြည့် သက်ဆိုင်ရာ နေ့နံမူလတွေရဲ့ ဘြိုရန်နဲ့ စတုရန်းဂြိုဟ်တွေဟာ တိုင်ရဲ့ အောက်မှာရှိနေတာကို တွေ့ကြရမယ်။

ဂမ္ဘီရစောင်းလျားအရ တနင်္ဂနွေမှာ စောင်းလျားဖြစ်နေတဲ့ အင်္ဂါနဲ့ ဗုဒ္ဓဟူးဟာ တနင်္ဂနွေ မူလတိုင်ရဲ့ အောက်မှာ ရှိနေကြတာ တွေ့ရမယ်။ အဲဒီလိုပဲ ဂမ္ဘီရစောင်းလျား၊ ကျားကား လက်ပံ၊ ခြင်္သေ့နံဘက်သန်း၊ ဆင်မှု[illegible] သတီ၊ အညီတစ်ချက်၊ ကြွက်ကား[illegible] ထအောင်း၊ မှတ်ကြောင်းတထူး [illegible] ကားအင်ကြင်း၊ မယွင်းအမှန်၊ ခွေး[illegible] စနေ၊ ဆောင်ကြလေဆိုတဲ့ လင်္ကာ အရ စစ်ဆေးကြည့်ရင် သက်ဆိုင်ရာ မွေးနံမူလတိုင်ရဲ့ အောက်မှာသာ ထို မွေးနံရဲ့ ဘြိုရန်းဂြိုဟ်နဲ့ စတုရန်းဂြိုဟ်တွေ ရှိနေကြတာကို တွေ့ရပါမယ်။

| | | | | | | |
|---|---|---|---|---|---|---|
| ၅ | ၆ | ၀ | ၁ | ၂ | ၃ | ၄ |
| ၂ | ၃ | ၄ | ၅ | ၆ | ၀ | ၁ |
| ၆ | ၀ | ၁ | ၂ | ၃ | ၄ | ၅ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၀ |
| ၄ | ၅ | ၆ | ၀ | ၁ | ၂ | ၃ |
| ၀ | ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၃ | ၄ | ၅ | ၆ | ၀ | ၁ | ၂ |
| (နွေ) တိုင် | (လာ) တိုင် | (ဂါ) တိုင် | (ဟူး) တိုင် | (တေး) တိုင် | (ကြာ) တိုင် | (နေ) တိုင် |

| | | | | | | |
|---|---|---|---|---|---|---|
| ၅ | ၆ | ၀ | ၁ | ၂ | ၃ | ၄ |
| ၂ | ၃ | ၄ | ၅ | ၆ | ၀ | ၁ |
| ၆ | ၀ | ၁ | ၂ | ၃ | ၄ | ၅ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၀ |
| ၄ (လျား) | ၅ (ပံ) | ၆ (သန်း) | ၀ (တီ) | ၁ (အောင်း) | ၂ (ကြင်း) | ၃ (စံ) |
| ၀ | ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၃ (စောင်း) | ၄ (လက်) | ၅ (ဖက်) | ၆ (သေ) | ၀ (ထ) | ၁ (အင်) | ၂ ([illegible]) |

## နေ့အလိုက်
## အခါရှစ်ပါး အချိန်ပိုင်းပုံ

"နေ့အလိုက် တစ်နေ့မှာ အခါ ရှစ်ပိုင်းရှိတယ်။ အခါတစ်ပိုင်းမှာ ၁ နာရီခွဲစီ ပိုင်းခြားထားတယ်။ အဲဒီ အခါ ရှစ်ပိုင်းဟာ နံနက် ၆း၀၀ နာရီက စတင်ပြီး ညနေ ၆း၀၁ နာရီမှာ ပြီးဆုံးတယ်။ ဒီတော့ အခါရှစ်ပါးဟာ နေ့ တစ်နေ့မှာ ဘယ်အချိန်ကစပြီး ဘယ် အချိန်မှာ ဆုံးသလဲဆိုတာ ခွဲဝေပိုင်းခြားကြည့်ရအောင်။

ပထမအခါ = ၆း၀၀ နာရီမှ ၇း၀၀ နာရီထိ။

ဒုတိယအခါ = ၇း၃၀ နာရီမှ ၉း၀၀ နာရီထိ။

တတိယအခါ = ၉း၀၀ နာရီမှ ၁၀း၃၀ နာရီထိ။

www.burmeseclassic.com

စတုတ္ထအခါ = ၁၀း၃၀ နာရီမှ ၁၂း၀၀ နာရီထိ။

ပဉ္စမအခါ = နေ့လယ် ၁၂း၀၀ နာရီမှ မွန်းလွဲ ၁း၃၀ နာရီထိ။

ဆဋ္ဌမအခါ = မွန်းလွဲ ၁း၃၀ နာရီမှ ၃း၀၀ နာရီထိ။

သတ္တမအခါ = မွန်းလွဲ ၃း၀၀ ၄း၃၀ နာရီထိ။

အဋ္ဌမအခါ = မွန်းလွဲ ၄း၃၀ နာရီမှ ၆း၀၀ နာရီထိ''

## နေ့အလိုက် အခါရှစ်ပါး တည်ရှိပုံ

''နေ့အလိုက် အခါရှစ်ပါးကိုသိဖို့ လက်ာတစ်ခု ကျက်မှတ်ထားဖို့ လိုတယ်။ လင်္ကာရထားတော့ လွယ်ကူစွာ သိနိုင်တာပေါ့။ လင်္ကာကတော့

သူရဇ္ဇ၊ သောကြ၊ ဗုဒ္ဓ၊ စန္ဒြာ၊ သောရီ၊ ဂုရု၊ ဘောမ၊ သူရဇ္ဇ . . . တဲ့။

ဒါက တနင်္ဂနွေအတွက် အခါရှစ်ပါး တည်ပုံပဲ။

သူရဇ္ဇ = တနင်္ဂနွေ၊ ၁ = ပထမအခါ။

သောကြ = သောကြာ = ၆ = ဒုတိယအခါ။

ဗုဒ္ဓ = ဗုဒ္ဓဟူး = ၄ = တတိယအခါ။

စန္ဒြာ = တနင်္လာ = ၂ = စတုတ္ထအခါ။

သောရီ = စနေ = ၀ = ပဉ္စမအခါ။

ဂုရု = ကြာသပတေး = ၅ = ဆဋ္ဌမအခါ။

ဘောမ = အင်္ဂါ = ၃ = သတ္တမအခါ။

သူရဇ္ဇ = တနင်္ဂနွေ = ၁ = အဋ္ဌမအခါ။

ဒီလိုပဲ တနင်္လာနေ့ရဲ့ အခါရှစ်ပိုင်းကို ချမယ်ဆိုရင် လင်္ကာမှာ တနင်္လာဖြစ်တဲ့ စန္ဒြာကနေစပြီး -

စန္ဒြာ၊ သောရီ၊ ဂုရု၊ ဘောမ၊ သူရဇ္ဇ၊ သောကြ၊ ဗုဒ္ဓ၊ စန္ဒြာ . . . လို့ အခါရှစ်ပိုင်းကို ပိုင်းခြားပေးရမယ်။ အဲဒီလို ပိုင်းခြားပေးလိုက်ခြင်းအားဖြင့် နေ့ ခုနစ်နေ့လုံးရဲ့ နေ့အလိုက် ဘယ်အချိန်မှာ ဘယ်အခါလဲဆိုတာကို အလွယ်တကူနဲ့ သိရှိနိုင်တယ်။ ကဲ . . မောင်သန်းဇော်၊ ရက်သတ္တပတ်မှာရှိတဲ့ နေ့ခုနစ်နေ့မှာ အခါရှစ်ပိုင်း အချိန်တွေကို ဇယားတစ်ခု ပြုစုကြည့်ပါဦး''

''ဟုတ်ကဲ့ အစ်ကို''

## နေ့အလိုက် အခါနှင့် အချိန်ဇယား

| နေ့များ | (ပ) အခါ | (ဒု) အခါ | (တ) အခါ | (စ) အခါ | (ပဉ္စ) အခါ | (ဆဋ္ဌ) အခါ | (သတ္တ) အခါ | (အဋ္ဌ) အခါ |
|---|---|---|---|---|---|---|---|---|
| တနင်္ဂနွေ | ၁ | ၆ | ၄ | ၂ | ၀ | ၅ | ၃ | ၁ |
| တနင်္လာ | ၂ | ၀ | ၅ | ၃ | ၁ | ၆ | ၄ | ၂ |
| အင်္ဂါ | ၃ | ၁ | ၆ | ၄ | ၂ | ၀ | ၅ | ၃ |
| ဗုဒ္ဓဟူး | ၄ | ၂ | ၀ | ၅ | ၃ | ၁ | ၆ | ၄ |
| ကြာသပတေး | ၅ | ၃ | ၁ | ၆ | ၄ | ၂ | ၀ | ၅ |
| သောကြာ | ၆ | ၄ | ၂ | ၀ | ၅ | ၃ | ၁ | ၆ |
| စနေ | ၇ | ၅ | ၃ | ၁ | ၆ | ၄ | ၂ | ၀ |
| အချိန်များ | ၆း၀၀ မှ ၇း၃၀ ထိ | ၇း၃၀ မှ ၉း၀၀ ထိ | ၉း၀၀ မှ ၁၀း၃၀ ထိ | ၁၀း၃၀ မှ ၁၂း၀၀ ထိ | ၁၂း၀၀ မှ ၁း၃၀ ထိ | ၁း၃၀ မှ ၃း၀၀ ထိ | ၃း၀၀ မှ ၄း၃၀ ထိ | ၄း၃၀ မှ ၆း၀၀ ထိ |



www.burmeseclassic.com

www.burmeseclassic.com

"မောင်သန်းဇော်ကို နားလည်ရအောင် အစ်ကို တစ်ပိုင်းချင်း အသေးစိတ် ရှင်းပြနေတာနော်။ ဆက်လက်ပြီး နေ့သားတစ်ဦးရဲ့ တြိရန်းအခါနဲ့ စတုရန်းအခါတွေမှာ အဲဒီနေ့သားတွေဟာ မူလတိုင်ရဲ့ ဘယ်မှာ ရှိနေတယ်ဆိုတာကို လေ့လာကြရမယ်။ မောင်သန်းဇော် တနင်္ဂနွေနေ့သားရဲ့ မူလမွေးနံ့တိုင်ကို ဂဠုန်စောင်းလျားအရ တနင်္ဂနွေရဲ့ တြိရန်းအင်္ဂါတိုင်ရယ်၊ တနင်္ဂနွေရဲ့ စတုရန်းဖြစ်တဲ့ ဗုဒ္ဓဟူးတိုင်ရယ်၊ တိုင်သုံးတိုင်ကို ယှဉ်ပြီးချကြည့်လိုက်ပါ"

| | | |
|---|---|---|
| ၅ | ၀ | (၁) မွေးနံ့(နဝင်း) |
| ၂ | ၄ | ၅ |
| ၆ | (၁) မွေးနံ့(စုတ်) | ၂ |
| ၁ | ၃ | ၄ |
| (၄) လျား (စတု) | ၆ | ၀ |
| ၀ | ၂ | ၃ |
| (၃) ဂစောင်း(တြိ) | ၅ | ၆ |
| တနင်္ဂနွေ မူလတိုင် | | |

တနင်္ဂနွေနေ့သားအတွက် တြိရန်းအင်္ဂါတိုင်မှာ မွေးနံ့တနင်္ဂနွေဟာ အထက်သုံးလုံးက စုတ်လာဘ်နေရာမှာ ရှိနေတယ်။ စတုရန်း ဗုဒ္ဓဟူးတိုင်မှာကျတော့ မွေးနံ့ တနင်္ဂနွေဟာ အထက်သုံးလုံး တိုင်ထိပ် နဝင်း (အောင်မြင်)နေရာမှာ ရှိနေတယ်။

ဒါကြောင့်မို့ ဘယ်နေ့သားမဆို မိမိရဲ့ တြိရန်းအခါနဲ့ စတုရန်းအခါ အချိန်အတောအတွင်းမှာ စတင်ပြီး ခရီးထွက်ရင် အဆင်ပြေ အောင်မြင်မှု ရရှိစေတယ်။ ဘယ်နေ့မွေးသား သမီးမဆို နေ့စဉ်နေ့တိုင်းမှာ မိမိတို့ မွေးနံ့ရဲ့ တြိရန်းအခါနဲ့ စတုရန်းအခါဆိုတာ ရှိနေတယ်။ ခရီးသွားတော့မယ်ဆိုရင် အဲဒီ တြိရန်းအခါနဲ့ စတုရန်းအခါကို ရွေးချယ်သွားလာပြီး လုပ်ကိုင်ကြဲစည်နိုင်တယ်။ အရင်ဆွေးနွေးခဲ့တဲ့ အပိုင်းတွေမှာ နင်းကြမ်းအကြောင်း ပါခဲ့ပြီးပြီ။ နင်းကြမ်းအစီအရင်နဲ့တွဲဖက်ပြီး တြိ စတု အစီအရင်ကို ခရီးသွားမယ့်သူ ပြုလုပ်သွားရမယ်။

နင်းကြမ်းဆိုတာကတော့ ခရီးသွားလိုသူရဲ့ မွေးနံ့ရဲ့ တြိရန်း၊ စတုရန်း ဓာတ်နံ့တွဲသစ်ရွက်ကို ချနင်းပြီးမှ ခရီးသွားရတဲ့ အစီအရင်ပါပဲ။

ဒီတော့ ဆွေးနွေးတာကို ပြန်ချုပ်လိုက်ကြရအောင်"

## ခရီးသွားလက်ဆောင် တြိစတုကို ဆောင်လည်းဆောင်၊ နင်းလည်းနင်း

ဥပဒေသထုတ်မယ်ဆိုရင် ခရီးသွားလိုတဲ့သူဟာ မိမိမွေးနံ့ရဲ့ တြိရန်း စတုရန်း ဓာတ်နံ့တွဲသစ်ရွက်ကို ချနင်းပြီး တြိရန်းအခါနဲ့ စတုရန်းအခါမှာ သွားပါက ဘေးအန္တရာယ်ကင်းပြီး အလုပ်ကိစ္စပြီးစီးအောင်မြင်မှုကို ရစေတယ်။

ဥပမာ ...

တနင်္ဂနွေသားအတွက် ကြည့်ရအောင်။

တနင်္ဂနွေသားသမီး ခရီးသွားတော့မယ်ဆိုရင် တနင်္ဂနွေနေ့သားသမီးရဲ့ တြိရန်းအခါ၊ စတုရန်းဗုဒ္ဓဟူး ဓာတ်နံ့တွဲ သစ်ရွက်ဖြစ်တဲ့ စောင်းလျား၊ ဇလပ်၊ ဇီဇဝါ၊ သစ်ရွက်တစ်မျိုးမျိုးကို ချနင်းပြီး နင်းကြမ်းပြုရမယ်။ ပြီးရင် တြိရန်းအခါဖြစ်တဲ့ အင်္ဂါအခါနဲ့ စတုရန်းအခါ ဖြစ်တဲ့ ဗုဒ္ဓဟူးအခါတို့မှာ ခရီးသွားရင် ဘေးကင်းအောင်မြင်မယ်။

ကျန်တဲ့ နေ့သားသမီးတွေအတွက်လည်း ကြံဆလို့ရပြီပေါ့"

"ဟုတ်ကဲ့၊ ကြံဆလို့ရပါပြီ။ နေ့အလိုက် တြိရန်း၊ စတုရန်း ဓာတ်နံ့တွဲ သစ်ရွက်တွေကို အစ်ကိုဆွေးနွေးပေးထားတာပဲ။ ပြီးတော့ နေ့စဉ် အခါရှစ်ပိုင်းရဲ့ သဘောတရားတွေလည်း ရှင်းပြထားပြီးပြီဆိုတော့ နေ့စဉ်အခါ ရှစ်ပိုင်းရဲ့ သဘောတရားတွေလည်း ရှင်းပြထားပြီးပြီဆိုတော့ ဒီနှစ်ခု ယှဉ်တွဲပြီး ခရီးသွားလိုတဲ့သူဟာ တနင်္ဂနွေသားပြုလုပ်ပုံ နမူနာကိုကြည့်ပြီး အလွယ်တကူ သဘောပေါက်လုပ်ဆောင်နိုင်ပါတယ်"

"ဒီနေ့ ဆွေးနွေးတာလေးရပ်လိုက်ကြဦးစို့ရဲ့"

ဘုန်းပွင့်ထွန်း



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်ုပ်နှင့် ၁၁၁

# ငါးမြှောင်ကြယ်ကလေး

(ဝသုန်ဟိန်းထက်)

နက္ခတ်ဗေဒင်ပညာကိုမှ စိတ်ဝင်စားပြီး ထိုပညာဖြင့်ပင် ရပ်တည်နေသော နက္ခတ်ဗေဒင်ဆရာ ကိုအာကာကျော်၏ အိမ်သို့ ကျွန်တော်ရောက်သွားခဲ့သည်။ သူနှင့်ကျွန်တော်မှာ ပညာဆွေးနွေးဖော်၊ ဆွေးနွေးဘက်များလည်း ဖြစ်၏။

"ဟာ ··· ကိုညီ၊ လာဗျာ ··· ဘယ်ကဘယ်လို မျက်စိလည်လာတာလဲ"

"အေးဗျာ ···ပျင်းပျင်းရှိတာနဲ့ ထွက်လာခဲ့တာ"

ကျွန်တော်က သူခင်းပေးထားသော ဖျာပေါ်တွင်ထိုင်ရင်း အသင့်ရှိနေသော ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့သောက်လိုက်၏။

"ရော့ — မြေပဲယိုနဲ့ဆီးထန်းလျက်"

"ဒါနဲ့ ခင်ဗျားအခု ဘာတွေလုပ်နေတာလဲ ကိုအာကာ၊ ဗေဒင်မေးမယ့်သူတွေကော မလာကြဘူးလား"

"အေးဗျာ — အခုထိတော့ တစ်ယောက်မှ မလာသေးဘူး၊ ဒါပေမဲ့ သိပ်ကြာခင်မှာတော့ တစ်ယောက်ယောက်ရောက်လာမယ်လို့ ထင်နေတယ်။ ထူးထူးခြားခြားလူတစ်ယောက်ပေါ့၊ တစ်နည်းပြောရရင် အရောင်တွေနဲ့ ပဋိပက္ခဖြစ်နေသူတစ်ယောက်ပေါ့"

ဆရာအာကာကျော်၏ စကားလုံး အသုံးအနှုန်းကြောင့် ကျွန်တော်ပြုံးလိုက်မိသည်။

"ဘာလဲ — ခင်ဗျားရဲ့နက္ခတ်ပညာနဲ့ ဟောကိန်းထုတ်ထားတာလား"

"မဟုတ်ဘူး — အယူတော် မင်္ဂလာအခါတော်စဉ်အရ ဟောတာပါ။ ကျွန်တော်တို့ရဲ့ ဇမ္ဗူဒီပါတောင်ကျွန်းဟာ နိမိတ်ထွန်းတဲ့ကျွန်းမဟုတ်လား"

"ဟုတ်ပ — ကိုအာကာရေ၊ ဘုရားစင်စစ် ကေန်ပွင့်တာလည်း ဒီတောင်ကျွန်းကပဲပွင့်တာ၊ တခြားဘယ်ကျွန်းကမှ ပွင့်ရိုး မရှိပေဘူး။ ဒါတင်ဘယ်ကမလဲ၊ ဇမ္ဗူဒီပါလကျာ်တောင်ကျွန်းရဲ့ ထူးခြားတဲ့အသရေငါးပါးလည်း ရှိသေးတယ်ဗျ"

ကျွန်တော့်စကားကို သူစိတ်ဝင်စားသွားပုံပေါ်သည်။

"လုပ်ပါဦး စာရေးဆရာရဲ့ ဘယ်လိုထူးခြားချက်ငါးချက်လဲ"

"ဒီလိုဗျာ — ဒီတောင်ကျွန်းဟာ တခြားကျွန်းသုံးကျွန်းထက် ထူးခြားသာလွန်တာတွေကတော့ ဘုရားမြတ်စွာနှင့် ပစ္စေကဗုဒ္ဓ၊ ရဟန္တာအရှင်မြတ်တို့ ပွင့်ထွန်းတော်မူခြင်း၊ မဟာဗောဓိပင်နဲ့ အပ္ပရာဇိတပလ္လင်ပေါ်ထွန်းခြင်း၊ စကြာမန္တာတ်မင်းတို့ ပေါ်ထွန်းခြင်း၊ နိဗ္ဗာန်တူရှု ဤကျွန်းကမှ ထူးမြောက်ရောက်ရှိနိုင်ခြင်း၊ ယူဇနာတစ်သောင်းကျယ်ဝန်း၍ ကျွန်းတကာတို့ထက် ကျယ်ပြန့်ကြီးမားခြင်း စတဲ့အချက်ငါးချက်နဲ့ ပြည့်စုံသာလွန်တယ် ကိုအာကာ"



www.burmeseclassic.com

www.burmeseclassic.com

"မှတ်သားစရာတွေပါပဲ ကိုညီ"

"ဒါပေါ့ဗျာ --- ဒါကြောင့်လည်း ဂေါတမအလောင်းအလျာဟာ တုသိတာနတ်ပြည်ကနေ ကြည့်ခြင်းငါးပါးနဲ့ ကြည့်ပြီးမှ စုတေတယ်၊ စုတေပြီး အလောင်းအလျာအဖြစ် လူ့ပြည်မှာ သက်ဆင်းမွေးဖွားခဲ့တာ ခင်ဗျားတို့အသိပဲ၊ ဒီနေရာမှာ ကြည့်ခြင်းငါးပါးဆိုတဲ့ ကာလလို့ခေါ်တဲ့ ဘုရားဖြစ်အံ့သော အချိန်ကာလကိုက်ညီမှုရှိမရှိကြည့်ခြင်း၊ ဒေသဆိုတဲ့ ပွင့်တော်မူမည့် ဌာနေအရပ်ဒေသကို ကြည့်ခြင်း၊ ဒီပဆိုတဲ့ပွင့်တော်မူရာကျွန်းကို ကြည့်ခြင်း၊ ကုလဆိုတဲ့ မျိုးနွယ်ဇာတ်ကို ကြည့်ခြင်း၊ မာတုအာယု ပရိစ္ဆေဒဆိုတဲ့ မယ်တော်၏ အသက်ပိုင်းခြားကို ကြည့်ခြင်းဆိုတဲ့ ကြည့်ခြင်းငါးပါးကို ကြည့်ရှုသုံးသပ်ပြီးမှ ဒီပဆိုတဲ့ ဟောဒီ ဇမ္ဗူဒီပါတောင်ကျွန်းကိုသာ အောင်မြေအမှန် ဘူမိနက်သန်အဖြစ် ရွေးချယ်ခဲ့တယ်လေ"

"လေ့လာဆည်းပူး မှတ်သားထိုက်ပါလေရဲ့ဗျာ"

ဤသို့ဆွေးနွေးနေခိုက် လူတစ်ယောက်ဝင်လာသောအသံကို ကြားလိုက်၍ ထွက်ကြည့်လိုက်ကြ၏။ အသက်အားဖြင့် လေးဆယ်မျှရှိ၍ လွန်စွာအရုပ်ဆိုး အကျည်းတန်သူတစ်ယောက်ကို တွေ့လိုက်ရ၏။ ဖွာလန်ကြဲဆံပင်များနှင့် နေလောင်သော အသားအရေတို့ကြောင့်လည်းကောင်း၊ မျက်နှာတွင်ပါ ကန့်လန့်ဖြတ် ဓားခုတ်ရာကြီးကြောင့်လည်းကောင်း ထိုသူ၏ ရုပ်သွင်မှာ ကြမ်းတမ်းခက်ထန်နေလေ၏။

"ဗေဒင်ဆရာ ကိုအာကာကျော် ဆိုတာရှိပါသလား"

"ရှိပါတယ် --- ရှိပါတယ်၊ ကျွန်တော်ပါပဲ၊ မိတ်ဆွေက ဘာကိစ္စပါလဲ"

"ရော် --- ဗေဒင်ဆရာဆီလာမှတော့ ဗေဒင်ကြည့်မလို့ပေါ့ဗျာ --- ဘာလဲ ကျုပ်ကို ကြည့်ပြီး ဉာဏ်ပူဇော်ခ မပေးနိုင်ဘူးထင်လို့လား၊ မပူပါနဲ့ ကျုပ်မှာအလုံအလောက်ပါ,ပါတယ်ဗျာ"

ထိုသူစကားကြောင့် ကိုအာကာကျော်က ကျွန်တော့်မျက်နှာကို လှမ်းကြည့်၏။ ထို့နောက်မှ

"ကဲ --- အပေါ်သို့ကြွပါ --- မိတ်ဆွေ"

ဟုဖိတ်ခေါ်လိုက်၏။ ထိုသူသည် ရဲရဲတင်းတင်း အိမ်ထဲသို့ဝင်၍ စားပွဲပုလေးအရှေ့တွင်ထိုင်ကာ ရေနွေးကြမ်းတစ်ခွက်ကို ငုံ့သောက်လိုက်၏။

"ကျုပ်နာမည် ထွင့်ခေါင်ပါ။ နေတာက လှည်းကူးမှာပါ"

ဟု ထိုသူက သူ့ကိုယ်သူ မိတ်ဆက်၍ ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်လိုက်၍ အကင်းပါးသော ကိုအာကာကျော်ကပင် ---

"သြော် --- ဒါက ကျွန်တော်နဲ့ ပညာဆွေးနွေးဖက် သူငယ်ချင်းပါ၊ မိတ်ဆွေ ပြောချင်တာကို လွတ်လွတ်လပ်လပ်ပြောဆိုတိုင်ပင်နိုင်ပါတယ်"

ဟု ရေစီးကောင်းအောင် မြောင်းထွင်းပေးလိုက်၏။ ထိုအခါမှ ကိုထွင့်ခေါင်ဆိုသော လူကြမ်းကြီးသည် ကျွန်တော့်ကို ကြည့်၍ ခေါင်းညိတ်ပြလေသည်။ ကျွန်တော်ကလည်း

"ဟုတ်ပါတယ် ကိုထွင့်ခေါင်၊ ပွင့်လင်းစွာပြောဆိုဆက်ဆံနိုင်ပါတယ်။ ကိုထွင့်ခေါင် ကြုံတွေ့နေရတဲ့ အခက်အခဲတွေ၊ ဆိုးရွားတဲ့ အတိတ်ဇာတ်ကြောင်းတွေကိုလည်း ရင်ဖွင့်ပြနိုင်ပါတယ်။ ဗေဒင်ပညာကို မယုံဘဲရောက်လာတဲ့ မိတ်ဆွေရဲ့ခံစားချက်ကို ကျွန်တော်နားလည်နိုင်ပါတယ်ဗျာ"

ဟု ပြောလိုက်ရာ ထိုသူမှာ မျက်လုံးပြူး၍ ကျွန်တော့်အားစိုက်ကြည့်နေပါတော့သည်။ ထို့နောက်တွင်မှ

"ဒါနဲ့ --- ဒီကမိတ်ဆွေလည်း ဗေဒင်ဆရာပဲလားဗျာ"

ဟု အံ့ဩစွာ မေးတော့၏။ ထိုအခါ ကိုအာကာကျော်က မနေသာတော့ဘဲ ဝင်ရှင်းပြရတော့သည်။

"ဒီလိုပါ --- ဒီက ကိုညီညီက ဗေဒင်ဆရာတော့မဟုတ်ပါဘူး။ ဒါပေမယ့် သူဟောချင်ရင်တော့ ဟောတာပဲ၊ ယတြာလည်း မဟုတ်ဘူး။ ဒါပေမယ့် အခုလက်ရှိကတော့ "ဝသုန်ဟိန်းထက်" ဆိုတဲ့ ကလောင်အမည်နဲ့ ဂမ္ဘီရဝတ္ထုတွေ ရေးနေတယ်၊ ပွင့်ပွင့်လင်းလင်း ပြောရရင် "ကျီးဖြူကျီးမည်းတစ်ကောင်တည်း"ဆိုတာ သူပေါ့ဗျာ။ အင်မတန်မှယည်း စိတ်ကောင်းရှိသလို အလွန်တရားမှလည်း ခက်ထန်တယ်၊ သူ့ဝါသနာက ထူးခြားတဲ့ ပညာရပ်တွေ၊ လျှို့ဝှက်ချက်တွေနောက်ကို သဲသဲမဲမဲလိုက်နေသူ၊ ကျင့်ကြံအားထုတ်နေသူဆိုပါတော့ဗျာ"

ကိုအာကာကျော်က ကျွန်တော်အကြောင်းကို အထက်ပါအတိုင်း ခပ်ရှည်ရှည်ရှင်းပြနေရာ သူ့စကားက ကျွန်တော့်ကို ချီးမွမ်းနေတာလား၊ ကဲ့ရဲ့နေတာလားပင် မဝေခွဲတတ်တော့ပါ။ သို့သော် ကိုထွင့်ခေါင်ဆိုသော လူကြမ်းကြီးကား များစွာသဘောကျသွားဟန်တူသည်။ "တဟားဟား"နှင့်အားရပါးရရယ်မောလိုက်ပြီးမှ

"ကြိုက်တယ်ဗျာ --- ဒါမျိုးမှကြိုက်တယ်၊ ကျုပ်ကလည်း လူ့ခွစာပဲ။ အခုမှ လူ့ခွစာအချင်းချင်း တွေ့တာပေါ့ဗျာ"

ဟု အသံဝါဝါကြီးနှင့် ရယ်မောပြောဆိုပါတော့သည်။

"ဒါနဲ့ --- မိတ်ဆွေရဲ့ လာရင်း ကိစ္စကို ပြောပါအုံး၊ ကျွန်တော်တို့ ဘာကူညီရမလဲလို့"

"သြော် --- ဟုတ်ပါပြီ၊ ဒီလိုပါ --- အမှန်ပြောရရင် ဗေဒင်ကို သိပ်မယုံဘူးဗျာ --- ။ တကယ်လို့ အတပ်မှန်အောင် ဟောနိုင်တယ်ပဲထားဦး။ ကျုပ်အတွက်တော့ အကောင်းတစ်ခုမှ ပါမှာမဟုတ်ဘူး။ ကျုပ်က အလွန်ကြမ်းတမ်းခဲ့ရတယ်။ အတော်ရုန်းကန်ခဲ့တယ်၊ ဒါကို အရှည်ကြီး ပြောမနေချင်တော့ဘူး။ အဲ --- သိသင့်တာ လောက်ပြောရရင်တော့ ငယ်ငယ်ကတည်းက မိဘတွေဆုံးလို့ သူများဆီမှာ ကပ်နေခဲ့ရတယ်။ အနှိမ်ခံဘဝနဲ့ အလုပ်မျိုးစုံ၊ ဘဝမျိုးစုံမှာ ကျင်လည်ခဲ့ရတယ်၊ ငှက်ဖျားကြမ်းတဲ့ တောထဲမှာလည်း အကြာကြီးခဲ့ရတယ်။ ဒါပမယ့် ကျန်းမာရေးတော့ ခေါင်ခေါင်မြည်ပဲ။ ဒါပေမယ့် ကျုပ်ဘဝမှာ အလွယ်ဆိုတာ ဘာမှမရှိခဲ့ဘူး။

www.burmeseclassic.com

သူများတွေ အလွယ်တကူဖြစ်သွားတဲ့ ကိစ္စတွေကို ကျုပ်အလှည့်ကျရင် အခက်အခဲ အဖုအထစ်က ကြုံရတော့တာပဲ၊ ဂျပန်ခေတ်က လေယာဉ်ပျက်တစ်စီးကို ခြေရာခံမိရာကစပြီး စွန့်စားခန်းက စတော့တာပဲ။ အချင်းချင်း သစ္စာဖောက်လုပ်ကြံမှုတွေကြောင့် ကျုပ်ကိုပဲကြည့် တစ်ကိုယ်လုံး ဒဏ်ရာ ဗရပွနဲ့၊ ဒါပေမယ့် ကျုပ်သေတော့ မသေဘူး။ သေတွင်းထဲ ခဏခဏကျတယ်။ ဒါပေမယ့် မသေဘူး။ ဒီတစ်ခုပဲ ကောင်းသလား၊ ဆိုးသလားတော့ မပြောနိုင်ဘူး။ ဒါနဲ့ မိတ်ဆွေတစ်ယောက်က ညွှန်လို့ ဆရာ့ဆီရောက်လာတာပဲ ---"

သူ့စကားဆုံးတော့ ကျွန်တော်တို့ နှစ်ဦးစလုံးက သူ့ကိုယ်စား သက်ပြင်းချလိုက်မိကြသည်။ ဆရာကိုအာကာကျော်ကတော့ သူ့တာဝန်အတိုင်း နက္ခတ်သင်္ချာများ တောင်း၍ စတင်တွက်ချက်ပါတော့သည်။ မိနစ်နှစ်ဆယ်ခန့်ကြာမှ ခေါင်းမော့လာသည်။ သို့သော် သူ့ကိုကြည့်ရသည်မှာလည်း တစ်ခုခုကို ရှုပ်ထွေးနေဟန်ပေါ်၏။

"အင်း --- နက္ခတ်သင်္ချာအရ ပြောရရင် ခင်ဗျားဟာ သေကိန်းနဲ့ ငါးကြိမ်တိတိကြုံခဲ့ရပြီ၊ ဒါပေမယ့် ခင်ဗျားပြောသလိုပဲ မသေခဲ့ဘူး။ ဒါပေမယ့် ကျုပ်တွက်ကိန်းအရဆိုရင် ခင်ဗျားဟာ လူ့လောကမှာ မရှိတော့ဘူးလို့ ပြနေတာပဲ။ ဒါပေမဲ့ ဘာလို့အခုအချိန်ထိ အကောင်းပကတိနဲ့ ကျွန်တော့်ရှေ့မှာ ထိုင်နေတာလည်းဆိုတော့ တွေးလို့တောင်မရဘူး။ လူစင်စစ်မှ ဟုတ်ရဲ့လားလို့ ---"

ထိုစကားကြောင့် ကိုထွန်းခေါင်မှာ သဘောကျစွာ ရယ်ပြန်သည်။

"ဟား ဟား ဟား။ ကြိုက်တယ်ဗျား။ ကျုပ်ကို အခုလိုပြောကြတာ သုံးယောက်ရှိပြီ သုံးယောက်စလုံးက ကျုပ်က သေနေရမယ်လို့ ပြောတယ်၊ ကျုပ်ကမသေလို့ ခင်ဗျားတို့ရှေ့ရောက်နေတာပေါ့"

ကိုအာကာကျော်က သူ့ကို စူးစူး ရဲရဲ ကြည့်၍ သူ၏ဟောကိန်းကို ထပ်ပြောပြန်သည်။

"ခင်ဗျားရဲ့ဘဝဟာ ဘယ်လောက် ကြမ်းခဲ့သလဲဆိုရင် ခင်ဗျားကိုမွေးခဲ့တာကလည်း ရေထဲမှာ ဖြစ်ရမယ်။ မွေးပြီးချိန်မှာပဲ ခင်ဗျားအမေဟာ မရဏာကိန်းဆိုက်တယ်။ ဒါတင်မကဘူး ခင်ဗျားဟာ တစ်နယ်တစ်ကျေးမှာ ရှင်သန်ကြီးပြင်းခဲ့ရမယ်"

ကိုအာကာကျော်က ယုံကြည်ပိုင်နိုင်စွာဖြင့် တဒေါက်ဒေါက် ဟောပါလေတော့သည်။ သူကလည်း ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေ၏။ ကျွန်တော်လည်း အခြေအနေကို အသာစောင့်ကြည့်နေခဲ့သည်။

"ဟုတ်တယ် --- မှန်တယ်၊ ရွာကို သူပုန်ဝင်စီးလို့ ထွက်ပြေးရင်း လှေကလေးတစ်စီးပေါ်မှာ ကျုပ်ကိုမွေးတယ်။ မွေးပြီးပြီးချင်း ဆုံးတယ်။ အဖေက နောက်မိန်းမယူတယ်။ ကျုပ်လည်း တောင်စဉ်ရေမရဘဝနဲ့ ကြီးပြင်းခဲ့တာပေါ့။ လူတစ်ယောက်နဲ့ ရင်းနှီးရာကစပြီး ဒေါနတောင်တန်းက ဂျပန်လေယာဉ်ပျက်ကို စိတ်ဝင်စားလာတယ်၊ အဲဒီနောက်ကို ကျုပ်တို့တစ်တွေ လိုက်ကြတယ်။ အခုထိ ဘာမှမရသေးဘူး။ သစ္စာဖောက်မှုတွေက အရင်ကြုံရတယ်။ ကျုပ်ကိုလည်း အကြိမ်ကြိမ်လုပ်ကြံကြတယ်။ အခု ကျုပ်သိချင်တာက ဒီလေယာဉ်မှာ ပါတယ်လို့ လိုက်နေကြတဲ့ ရတနာသေတ္တာကို ကျုပ်ပိုင်ဆိုင်ခွင့်ရှိ၊မရှိ သိချင်တယ်။ တကယ်သေချာမှ ဟောပါ။ မသေချာရင် မဟောပါနဲ့"

ကိုအာကာကျော်ကလည်း မခံချင်စိတ်ဖြင့်တွက်ပြန်သည်။ ကျေနပ်လောက်အောင် အပြန်ပြန်အလှန်လှန် ဆန်းစစ်တွက်ချက်ပြီးမှ

"ခင်ဗျားသိပ်လိုချင်နေတဲ့ ရတနာသေတ္တာကို ခင်ဗျားရှာတွေ့မှာပဲ။ ဒါပေမယ့် လုံးဝပိုင်ဆိုင်ခွင့်ရမှာ မဟုတ်ဘူးလို့ အတိအကျပြောတယ်ဗျား။ မှားသွားရင် ကျုပ်ရဲ့ဆိုင်းဘုတ်ကို ခင်ဗျားကိုယ်တိုင် လာဖြုတ်ပေတော့"

ဟု ရဲရဲကြီး ပြောလိုက်ပါတော့သည်။

**"ခင်ဗျားဟာ ဒီရက်ပိုင်းအတွင်းမှာ ဆိုးရွားပက်စက်တဲ့ အမှုတစ်ခုကို ကျူးလွန်မို့ ကြံစည်နေတယ်။ လူ့အသိုင်းအဝိုင်းက လက်မခံတဲ့ အမှုမျိုးပေါ့။ ဒီမှာတင် ခင်ဗျားဟာ လေးဖက်ကာ သံတိုင်အခန်းထဲရောက်မယ်။ ဆယ်နှစ်လောက်အထိ ခင်ဗျားဘဝဟာ သံတိုင်ကြားမှာ ကုန်ဆုံးရတော့မှာ အမှန်ပဲ"**

ကိုထွန်းခေါင်မှာ ယခုတစ်ကြိမ်တွင်တော့ နှုတ်ဆိတ်ကာ ငေးငိုင်သွားလေ၏။ မျက်မှောင်ကြုတ်၍ အလေးအနက် စဉ်းစားနေဟန်လည်းပေါ်၏။ ကျွန်တော်၏ လက်ချောင်းလေးများသည် တဆတ်ဆတ် တုန်ခါလာတာကို ကျွန်တော်သတိထားလိုက်မိသည်။ တစ်ချက်တစ်ချက်တွင် ခန္ဓာကိုယ်က ဆတ်ခနဲဆတ်ခနဲတုန်ခါသွား၏။

ကျွန်တော်သိလိုက်ပြီ။ ကိုယ့်အထာကို ကိုယ်အသိဆုံး။ ချက်ချင်းပင် မျက်လုံးမှိတ်လိုက်သည်။ သမာဓိငြိမ်ရန် ကြိုးစားလိုက်သည်။ စိတ်အာရုံတို့ကို ဝင်သက်၊ ထွက်သက်၌ တည်ထားလိုက်၏။ သိပ်မလုပ်လိုက်ရ၊ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ် --- ငါးကြိမ်လောက်မှာပင် သိလာခဲ့သည်။

ကျွန်တော်သည် မျက်စိကိုပြန်ဖွင့်၍ ကိုထွန်းခေါင်ကို စိုက်ကြည့်ကာ အောက်ပါအတိုင်း ပြောချလိုက်တော့သည်။

"ဒီမှာကိုထွန်းခေါင် --- ကမ္ဘာကြီး အကျယ်ကြီးဆိုပေမယ့် ခင်ဗျားရဲ့ကမ္ဘာကတော့ ကျဉ်းကျဉ်းလေးပါ။ အမိုက်မှောင်တိုက်ကြီး တစ်ခုဟာ ခင်ဗျားဆီရွေ့လာပြီး ခင်ဗျားတစ်ကိုယ်လုံးကို လွှမ်းခြုံသွားပြီ။ ခင်ဗျားဟာ ဒီရက်ပိုင်းအတွင်းမှာ ဆိုးရွားပက်စက်တဲ့ အမှုတစ်ခုကိုကျူးလွန်မို့ ကြံစည်

www.burmeseclassic.com

နေတယ်။ လူ့အသိုင်းအဝိုင်းက လက်မခံတဲ့ အမှုမျိုးပေါ့။ ဒီမှာတင် ခင်ဗျားဟာ လေးဖက်ကာ သံတိုင်အခန်းထဲရောက်မယ်။ ဆယ်နှစ်လောက်အထိ ခင်ဗျားဘဝဟာ သံတိုင်ကြားမှာ ကုန်ဆုံးရတော့မှာ အမှန်ပဲ"

ဟု ပြောချလိုက်ရာ ကိုထွင့်ခေါင်မှာ ကျွန်တော့်အား သရဲသဘက်တစ်ကောင်ကို တွေ့သည့်အလား မျက်လုံးပြူး မျက်ဆန်ပြူးကြည့်ရင်း ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့၏။

ကျွန်တော့်သူငယ်ချင်း ကိုအာကာပင်လျှင် ကျွန်တော့်အား ငေးကြောင်ကာ ကြည့်နေပါတော့သည်။ အတန်ကြာတော့မှ ကိုထွင့်ခေါင်မှာ "ဟင်း" ခနဲ သက်ပြင်းကြီးကိုချ၍ ဝန်ခံပါတော့၏။

"အံ့ဩစရာပဲ --- ဒီလောက်ပိုင်ပိုင်နိုင်နိုင်ဟောနိုင်တာ မကြုံဖူးဘူး။ လေးစားပါတယ်ဗျာ။ ဟုတ်ပါတယ်။ ခင်ဗျားဟောတာ မှန်ပါတယ်။ ကျုပ်ဟာ မကောင်းမှုတစ်ခုကို ကျူးလွန်ဖို့ ကြံစည်နေပါတယ်။ ခင်ဗျားဟောသလို ဆယ်နှစ်လောက် သံတိုင်နောက်ကို သွားရမယ်ဆိုတော့ ထိတ်လန့်စရာပဲ။ ဒီလိုဖြစ်လို့ မဖြစ်ဘူး။ ဒီအတွက် ဘယ်လိုယတြာတွေ လုပ်ရမလဲ — အမိန့်ရှိပါဗျ ---"

သူ့အသံက အသနားခံသော အသံ၊ အားကိုးသောအသံ။ ကျွန်တော်က ခေါင်းကိုသာ ခါယမ်းပြ၍ ---

"ဘာယတြာ --- အစီအရင်မှ မရှိဘူး။ အင်း — အကောင်းဆုံးယတြာကို ပြောပါဆိုတော့ ကြံနေတဲ့မကောင်းမှုကို မကျူးလွန်ဘဲရပ်လိုက်ဖို့ပဲ။ ဒါအကောင်းဆုံး အစီအရင်ပဲ။ ငှက်တွေဟာ ပျံရင်းနဲ့သေ၊ လူတွေဟာ ကြံရင်းနဲ့သေဆိုတဲ့ စကားပုံမှာ ကြံကယ်ဆိုတဲ့နေရာမှာလည်း ကောင်းသောအကြံဖြစ်ဖို့ လိုတယ်ဗျာ ---"

ဟု ပြောလိုက်ရာ ကိုထွင့်ခေါင်ဆိုသော လူကြမ်းကြီးမှာ ခေါင်းငိုက်စိုက်ကျသွားပါတော့သည်။

ထိုနောက် ခပ်ယဲ့ယဲ့ပြုံးရင်းက-

"ကျုပ်ဟာသေဘေးက အကြိမ်ကြိမ်လွတ်ခဲ့တာ ဘာကြောင့်လဲဗျာ"


ဟု မေးလာ၏။

ထိုမေးခွန်းကိုတော့ ကိုအာကာကျော်မှာ မဖြေနိုင်ဘဲ အတန်ကြာအောင် တွေဝေစဉ်းစားလျက်ရှိ၏။ ထို့ကြောင့် ကျွန်ုပ်ကပင် ဝင်ရှင်းပြရလေတော့သည်။

"ဒီလိုရှိတယ်ဗျ — ကံကြမ္မာဆိုတာ အကောင်းအဆိုး ခွန်တွဲတတ်စမြဲပင်။ ကိုထွင့်ခေါင်ရဲ့ ဘဝမှာ အန္တရာယ်ကြီးတွေ၊ ကံဆိုးမိုးမှောင်မှုတွေ ကြုံခဲ့ရပေမယ့် သေဘေးနဲ့ ပက်သက်လာရင်တော့ အတိတ်ကံတစ်ခုက ကယ်မ,နေလို့ သေဘေးမကြုံတာ ဖြစ်နိုင်တယ်။ ရှင်းရှင်းပြောရရင် ခင်ဗျားဘဝမျက်နှာစာမှာ ပြဌာန်းထားတဲ့ သေရက်သေနေ့ဟာ ရောက်မလာသေးလို့ပဲ။ နောက်တစ်ခုက ခင်ဗျားဆီမှာ အင်းကောင်း၊ ဆေးကောင်း၊ လက်ဖွဲ့အဆောင်ကောင်း တစ်ခုခုရှိလို့လည်းပါတယ်"

ဟုပြောလိုက်ရာ ကိုထွင့်ခေါင်က သူ၏ စုတ်ပြတ်နေသော သားရေပိုက်ဆံအိတ်လေးထဲမှ တစ်စုံတစ်ခုကို ထုတ်ပြပါတော့သည်။

ထိုအရာမှာ သတ္တုတစ်မျိုးဖြင့် ထုလုပ်ပုံဖော်ထားသော ငါးမြှောင့်ကြယ်လေးတစ်ခု ဖြစ်နေ၏။ ကျွန်တော်တို့နှစ်ယောက်စလုံးမှာ ထိုကြယ်လေးကို စိတ်ဝင်စားကြည့်ရှုမိကြသည်။ ထိုကြယ်ပုံလေးမှာ အောက်ပါအတိုင်းဖြစ်၏။



ကျွန်တော်သည် ဤကြယ်ပုံလေးကို ကြည့်၍ ကောင်းစွာသဘောပေါက်သွားပါတော့သည်။ ထိုပုံမှာ ရှေးခေတ်ဂရိတို့၏ ဂန္ဓရီကျမ်းစာတွင် ဖော်ပြထားသော ပုံများထဲမှ တစ်ခုဖြစ်၏။

"Pentele" ခေါ် ငါးမြှောင့်ကြယ်ကို ဆောင်ထားသူသည် အနာရောဂါတို့ အလွယ်တကူမကျရောက်နိုင်၊ မကောင်းဆိုးဝါးတို့ နှောင့်ယှက်ခြောက်လှန့်မှုလည်း ကင်း၏။ အထူးသဖြင့် "အသက်ဓာတ်" ကို ကောင်းစွာ စောင့်ရှောက်၏။ အသက်တည်မြဲမှုကို အထောက်အပံ့ပေး၏။ ထို့ကြောင့်ပင်လျှင် ကိုထွင့်ခေါင်သည် သဘာဝဆိုးရန်များ၊ မတော်တဆမှုများ၊ ကံဆိုးမိုးမှောင်ကျများကို ပွတ်ကာသီကာ လွတ်မြောက်ခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

"တောထဲက ရသေ့ကြီးတစ်ပါးက ချီးမြှင့်ခဲ့တာပါ။ အသက်ဘေးရန်ကို ကာကွယ်ပေးလိမ့်မယ်လို့လည်း ပြောပါတယ်။ သိပ်မယုံကြည်ပေမယ့် အခုလို ဆောင်ထားမိတာတော့ အမှန်ပဲ"

ဟု ကိုထွင့်ခေါင်က ရှင်းပြပါသည်။ ကျွန်တော်လည်း ၎င်းငါးမြှောင့်ကြယ်ကလေး၏ အကျိုးသွားကို ၎င်းတို့နှစ်ဦးအား ရှင်းပြလိုက်ရပါတော့သည်။

ထိုနောက်တွင်တော့ ဘဝကြမ်း၊ လူကြမ်းသမားကြီး ကိုထွင့်ခေါင်မှာ ဉာဏ်ပူဇော်ခပေးပြီးနောက် ကျွန်တော်တို့နှစ်ဦးအား နှုတ်ဆက်ကာ ပြန်သွားပါလေတော့သည်။ သိပ်မကြာလိုက် တစ်ပတ်အကြာ တွင်ပင် ၎င်း၏အကြောင်းကို ထပ်ကြားလိုက်ရပြန်သည်။ ကောင်းသတင်းတော့ မဟုတ်။

အသက်ဆယ့်ရှစ်နှစ်အရွယ် မိန်းကလေးကို ဗလက္ကာရပြုစော်ကား၍ အသွားဖြစ်သူကို သတ်ကာ လက်ဝတ်လက်စားများ ယူငင်ရှောင်တိမ်းသွားသော ကိုထွင့်ခေါင်ဆိုသည့် လူအား ရဲတပ်ဖွဲ့မှ ဖမ်းဆီးမိခြင်း ဟူသောသတင်းပင်ဖြစ်ပါတော့သည်။

"သေနေ့မစေ့၍ မသေသေးမယ့် ထောင်နဲ့တန်တဲ့ ကိုထွင့်ခေါင်ဆို လူကြမ်းကြီးရေ။ ခင်ဗျားအတွက် အကောင်းဆုံးယတြာကို ခင်ဗျားကိုယ်တိုင် မ ပ်နိုင်ခဲ့တာကိုက ခင်ဗျားရဲ့အမှားပေပဲ" ကျွန်တော်ရေရွတ်နေမိပါတော့၏သ ည်။

လှည့်ပတ်နန်းထက်

www.burmeseclassic.com

www.burmeseclassic.com

# သာသနာ့မြေ ဗိမာန်အဆောက်အအုံ ဖောင်ဒေးရှင်း

ရှယ်လီသိန်းမောင်(စိန်မိုက်ကယ်)

ယခုအခါတွင် မြန်မာနိုင်ငံအရပ်ရပ်၌ နာရေးကူညီမှုအသင်း၊ အခမဲ့ဆေးဝါးကုသရေးဆေးခန်းများ၊ ပညာရေးနှင့် သက်ဆိုင်သော ပရဟိတလုပ်ငန်းများ၊ လူမှုရေးနှင့် ပတ်သက်သော ပရဟိတလုပ်ငန်းများ အစရှိသော ပရဟိတလုပ်ငန်းများ ပိုမိုအောင်မြင်စွာ လုပ်ကိုင်ဆောင်ရွက်လာကြပြီဖြစ်ပါ၍ "လဲနေသူ ထူပေးပါ၊ အားငယ်သူအားပေးပါ"ဟူသော ဆောင်ပုဒ်နှင့် ကိုက်ညီလှပါသဖြင့် အထူးပင် ဝမ်းမြောက်ဂုဏ်ယူဖွယ် ကောင်းလှပါပေသည်။

သို့သော် စာရေးသူအနေဖြင့် တင်ပြလိုသည်မှာ မြန်မာနိုင်ငံတွင် သာသနာရေးနှင့် ပတ်သက်သော "သာသနာ့မြေ ဗိမာန်အဆောက်အအုံ" ဖောင်ဒေးရှင်းတစ်ခု ဖွဲ့စည်းတည်ထောင်ရန် လိုအပ်သည်ဟု ထင်မြင်ယူဆမိပါသည်။

စာရေးသူဝန်ထမ်းဘဝက မြို့ဦးစေတီများ တည်စဉ်က ဝန်ထမ်းများ စုပေါင်းပြီး မြေညှိခြင်း၊ မြေဖို့ခြင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ သန့်ရှင်းရေးပြုလုပ်ပေးခြင်း စသော ကုသိုလ်များ ပြုလုပ်ကြသည့်အပြင် လစဉ် လခထုတ်လျှင် မည်ရွေ့မည်မျှ သတ်မှတ်လျက် ဝန်ထမ်းအားလုံးလှူကြရန် ကော်ပိုရေးရှင်းလုပ်ငန်းများ အမည်တပ်လျက် စေတီတော်တည်ဆောက်ရေးအတွက် ပါဝင်လှူဒါန်းကြပါသည်။

ဆိုလိုချင်သည်မှာ ယနေ့ သတင်းစာများ၊ မဂ္ဂဇင်းများတွင် ကြော်ငြာထားသော ဗုဒ္ဓဂယာမြေသည် ဗုဒ္ဓဘာသာဝင်များအတွက် အမြင့်မြတ်ဆုံးသောနေရာ ဖြစ်သည့်အတွက် အဆောက်အအုံများ တည်ဆောက်ရန် ဗုဒ္ဓဂယာမြေမဟာ၌ စတုရန်းပေ ၃၂၄၀၀ ရှိ မြေကြီးပေါ်တွင် ပထမဦးဆုံး



www.burmeseclassic.com

www.burmeseclassic.com

ဓာတ်ရုပ်မှုလ ငါးထပ်ကျောင်းဆောင်ကြီး ဆောက်လုပ်ရန် စုစုပေါင်း ၃၁၅၀၀ စတုရန်းပေရှိ၍ စတုရန်းတစ်ပေလျှင် မြန်မာငွေ ၂၂၀၀၀ ကျပ်ဖြစ်သည့်အတွက် ပါဝင်လှူဒါန်းကြပါရန် နှိုးဆော်ခြင်း။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး၊ ထောက်ကြန့်မြို့ ကွင်းအမှတ်(၂၀)၊ သဒ္ဒါသလဘောင်ကွင်း ဦးပိုင် ၅/၁ စတုရန်းကုဗပေ ၁၇၅၅၀ ဧရိယာမြေပေါ်တွင် ခင်ပွန်းကြီး ဆယ်ပါး ကမ္မဋ္ဌာန်းရိပ်သာခွဲ ဆောက်လုပ်လှူဒါန်းရန် မြေကွက်၊ ပစ္စည်းများ ကုန်ကျငွေမှာ ကျပ်ရှစ်သောင်းမှ သိန်းနှစ်ဆယ်ထိဖြစ်ပါ၍ ပါဝင်လှူဒါန်းလိုသူများအတွက် ဆက်သွယ်ရန် အမည်၊ လိပ်စာ၊ ဖုန်းနံပါတ်များ ဖော်ပြကြော်ငြာထားသည်ကို တွေ့ရှိရပါသည်။

၎င်းအဆောက်အအုံ မြေနေရာများကို ချမ်းသာကြွယ်ဝသော လူတန်းစားများသာလျှင် ပါဝင်လှူဒါန်းနိုင်ကြပါသည်။ အောက်ခြေလူတန်းစား၊ လူလတ်တန်းစားများ လှူရန် မတွေးဝံ့ပါ။ "မရှိလို့မလှူ၊ မလှူလို့မရှိ" ဖြစ်နေကြပါသည်။

တခြားဘာသာများ မိမိတို့ သာသနာ့ဗိမာန် ဆောက်လုပ်ရန်အတွက် ခိုးဝှက်ပြီး ဆောက်လုပ်နေကြသည်မှာ အတုယူစရာပင် ဖြစ်ပါသည်။ မြန်မာ့မြေပေါ်တွင် နေထိုင်သော ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ မိမိတို့ ဘာသာ၊ သာသနာအတွက် လွတ်လပ်စွာ သာသနာ့အဆောက်အအုံများ လှူဒါန်းဆောက်လုပ်ခွင့် ရစေချင်ပါသည်။

"မရှိလို့မလှူ၊ မလှူလို့မရှိ" မဖြစ်ရလေအောင် ရပ်ကွက်အလိုက်၊ ရုံးအလိုက်၊ ဈေးအလိုက် သာသနာ့ဗိမာန် အဆောက်အအုံ ဖောင်ဒေးရှင်းတစ်ခု တည်ထောင်ဖွဲ့စည်းပြီး သာသနာ့အကျိုး စွမ်းစွမ်းတမံ ဆောင်ရွက်သူများ ဦးဆောင်လျက် လစဉ်ရရှိငွေများကို ဘောက်ချာများ၊ မှတ်တမ်းမှတ်ရာများ ထားရှိ၍ ရရှိငွေများအား Bank Account တစ်ခု ဖွင့်ထားလျက် တစ်နှစ်ပြည့်သောအချိန်တွင် ရပ်ကွက်အလိုက်၊ မြို့နယ်အလိုက်၊ ကျောင်းအလိုက်၊ ရုံးအလိုက်၊ ဈေးအလိုက် အမည်နာမများတပ်လျက် လှူဒါန်းနိုင်ကြမည် ဖြစ်ပါသည်။

လူတစ်ဦး တစ်လလျှင် ၁၀၀ဝိ/- စုပါက တစ်နှစ်လျှင် ၁၂၀၀ဝိ/- ရရှိပြီး၊ လူ ၁၀၀၀ ဆိုပါက တစ်နှစ်လျှင် ၁၂,၀၀၀,၀၀ဝိ/- ကျပ် ရမည် ဖြစ်ပါသည်။

သေးငယ်သော ရေစက်ရေပေါက်တို့သည် အချိန်ကာလတစ်ခု၌ ရေအိုးကို ပြည့်လျှံစေသကဲ့သို့ စုပေါင်းဆောင်ရွက်ခြင်းဖြင့် သာသနာ့အဆောက်အအုံများကို ပိုင်ပိုင်နိုင်နိုင်ကြီး ဆောက်လုပ်လှူဒါန်းနိုင်မည် ဖြစ်ပါသည်။

ထို့ကြောင့် မြန်မာ့မြေပေါ်တွင်ရှိသော ဗုဒ္ဓဘာသာကိုးကွယ်ကြသည့် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး စုပေါင်းလျက် သာသနာ့မြေ ဗိမာန်အဆောက်အအုံများ နိုင်ငံအဝှမ်းလွှမ်းမိုးပြီး ရွှေရောင်ဝင်းလက်သော သာသနာတော်ကြီး အစွန့်ရှည်စေရန် ဝိုင်းဝန်းကူညီဆောင်ရွက်သင့်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်ကိုး၍ ရေးသားတင်ပြ အကြံပြုလိုက်ပါသည်။

**အဆောက်အအုံလှူဒါန်းရခြင်း အကျိုးကား**

၁။ နတ်နှင့်လူတွင် သန္ဓေတည်၍၊
၂။ လိုဖွယ်မတာ ဆောက်အုံရ၏။
၃။ မထကြွက်သီး ကိုယ်လည်းမလှုပ်၊ ကြောက်ရုပ်မထင် ထိတ်လန့်စင်၏။
၄။ ခြင်္သေ့နှင့်ကင်းက အသင်းဖောက်ပြန်၊ ကျွတ်ရာကို၍ နတ်မိုက်ရန်ပေါင်း၊ ဘေးလွတ်ရှောင်၏။
၅။ မကောင်းအိပ်မက်၊ မမြင်မက်ရန်။
၆။ ထင်လျက်သတိ နိုင်မြဲဘိရန်၊ ဗိပရိထား၊ ဖောက်ပြန်စိတ်ရင်း၊ ရှုသွပ်ခြင်းမှ၊ ကင်းရှင်းလွတ်ရှောင်၊ ကျိုးဆက်ကောင်း၏။
၇။ နောက်နောင်ဘဝ၊ မဇ္ဈိမဝယ်၊ ကရုဏာကဲပို၊ အရဟတ္တဖိုလ်၊ ထိုထိုကျေးဇူး လွန်ပြန့်ပြူးသည် အဆောက်အအုံအကျိုး ခုနစ်မျိုးတည်း။

သာသနာတော် အစွန့်ရှည်လျက် သာသနာ့အရောင် ထွန်းပြောင်ပါစေ···။

ရွှယ်လီသိန်းမောင်(စိန့်မိုက်ကယ်)



www.burmeseclassic.com

www.burmeseclassic.com

# ဒါနနှင့်ယှဉ်သော ကုသိုလ်

● မောင်မိုးဦး

"တဏှာဒါသော သတ္တဝါဆိုတာ တဏှာရဲ့ကျေးကျွန်ပဲလို့ ဘုရားဟော တယ်။ ဟုတ်တယ် ... လူအများစုဟာ တဏှာစေရာခံနေရတဲ့ ဘဝပဲ။ တဏှာ စေရာမနေသော ဖွေရှာဆက်ရမည်ဆိုတဲ့ အတိုင်း မနက်မိုးလင်းက မိုးချုပ် သွား လာလုပ်ကိုင်ရတယ်။ အဲဒါ တဏှာက ခိုင်းထားလို့ပဲ"

"လူမှာ ခိုင်းတာနှစ်မျိုးရှိတယ်။ တဏှာက တစ်မျိုး၊ သဒ္ဓါက တစ်မျိုး။ တဏှာက သဒ္ဓါထက် ပိုအားသာတယ်။ ဒါကြောင့် သဒ္ဓါခိုင်းလို့ လုပ်တာနည်းနည်း တဏှာခိုင်းလို့ လုပ်တာများတယ်။ တဏှာခိုင်းတာလုပ်ရင် အကုသိုလ်ရမယ်။ သဒ္ဓါခိုင်းတာလုပ်ရင် ကုသိုလ်ရမယ်"

"သဒ္ဓါက လှူတဲ့တန်းတဲ့ အလုပ် ခိုင်းမယ်။ ဥပုသ်စောင့်ဟဲ့၊ တရားနာဟဲ့လို့ ခိုင်းမယ်။ တဏှာကတော့ ဒီလိုမဟုတ် ဘူး။ ရှာဖွေ၊ စားသောက်၊ ပျော်ပါး၊ ခံစား စိမ်ခံဟဲ့လို့ ခိုင်းမယ်။ ကံကုန်မိုးချုပ်လို့ ဘဝတစ်ပါး ကူးပြောင်းတဲ့အခါ ယူသွား နိုင်တာက ကုသိုလ်နဲ့ အကုသိုလ်၊ ကုသိုလ် ယူသွားချင်သလား၊ အကုသိုလ် ယူသွား ချင်သလား၊ ကုသိုလ်ယူသွားချင်ရင် သဒ္ဓါ ခိုင်းတာ များများလုပ်။ အကုသိုလ် ယူ သွားချင်ရင် တဏှာခိုင်းတာ များများလုပ်။ ရှင်းနေတာပဲ"

(မဟူဝိယ ဆရာတော်)

□ □ □

လူတွေမှာ နှစ်မျိုးရှိသည်။ တစ်မျိုး က စွန့်လွှတ်သူဖြစ်ပြီး တစ်မျိုးက ပိုင်ဆိုင် လိုသူ ဖြစ်သည်။ စွန့်လွှတ်နိုင်သူက ရောင့်ရဲနိုင်သူဖြစ်ပြီး ပိုင်ဆိုင်လိုသူက တပ်မက်သူ ဖြစ်သည်။ စွန့်လွှတ်ခြင်းကို 'ဒါန'ဟု ခေါ်သည်။ ထို့ပြင် ဒါနသည် 'လောဘ'ကို ဖျက်စီးပစ်သော လက်နက် လည်း ဖြစ်သည်။ ထို့အတူ ပိုင်ဆိုင်လို သူက အလိုဆန္ဒကိုလိုက်ရင်း ရောင့်ရဲခြင်း နှင့် ဝေးကွာကာ တပ်မက်မှုတွေသာ တူ ထဲလာခဲ့သည်။ ဒါနက ကုသိုလ်ကောင်း မှုဖြစ်ပြီး တပ်မက်မှုက အကုသိုလ်ဖြစ် သည်။ ထို့ကြောင့် တမလွန်သို့ ယူသွား နိုင်သည်က ကုသိုလ်နှင့် အကုသိုလ်ဖြစ် ၏။ ကုသိုလ်ယူသွားလိုလျှင် ကောင်းတာ လုပ်ရသည်။ အကုသိုလ် ယူသွားလိုလျှင် မကောင်းတာ လုပ်ရသည်။ ကျွန်တော် တို့ မည်သည့်အရာကို ယူသွားမည်နည်း။ အလေးအနက် စဉ်းစားဖို့ လိုသည်။

ကျွန်ုပ်က မဂ္ဂဇင်းနှင့် ဂျာနယ်တချို့ တွင် ဆောင်းပါးနှင့် ဝတ္ထုလေးများ ရေး သည်။ ဆောင်းပါးက စာပေကို အခြေခံ သော အကြောင်းအရာများ ဖြစ်သလို ဘာသာရေးဆိုလျှင်လည်း ထေရဝါဒနှင့် ပတ်သက်သော ဆောင်းပါးများသာ ဖြစ် သည်။ သရဲတစ္ဆေနှင့် ဗိညာဉ်ဇာတ်လမ်း များရေးလျှင် ကိန်းကဏန်းအရ အဆင် ပြေနိုင်သော်လည်း ရေးချင်စိတ်မရှိခြင်း နှင့် မရေးတတ်ခြင်းက စစ်မှန်သော ဘာသာတရား၏ အဆုံးအမပင် ဖြစ် သည်။

ထိုအခါ ဗုဒ္ဓဘာသာ ကိုးကွယ် သော မိသားစုဖြစ်သဖြင့် ဗုဒ္ဓ၏ လမ်းညွှန် မှုအတိုင်း နေဖြစ်ခဲ့သလို မိသားစုကို လည်း စစ်မှန်သော ဘာသာတရား၏ လမ်းကြောင်းအတိုင်း နေစေခဲ့လေသည်။ ထို့ကြောင့် ကျွန်တော် သိသလောက်၊ ဖတ်ထားမှတ်ထားသလောက် သားလေး ကို သင်ရသည်။ အိမ်မှာ၊ လမ်းမှာ၊ ကား ပေါ်မှာ၊ လက်ဖက်ရည်ဆိုင်ထဲမှာ အစရှိ သဖြင့် ဗုဒ္ဓ၏ အဆုံးအမနှင့် လွဲနေလျှင် လက်ညှိုးညွှန် ဥပမာပေးပြီး တည့်မတ် ပေးရသည်။

ကျွန်တော်တို့ မြန်မာစကားတွင် "ထစ်ကနဲဆို လက်ကပါပြီ"ဆိုသော



www.burmeseclassic.com

www.burmeseclassic.com

စကားရှိသည်။ ထိုစကားမှာ မကြာခဏ ရန်ဖြစ်ပြီး လက်သွက်သောလူမျိုးကို ဆိုသည်။ ထိုအကျင့်က မကောင်းပေ။ ကျွန်တော့်ကိုလည်း ထိုစကားနှင့် ခိုင်းနှိုင်းလို့ရသည်။ သို့သော် လက်ပါတာချင်း တူသော်လည်း ကျွန်တော့်လက်၏ လှုပ်ရှားမှုက တစ်စုံတစ်ယောက်ကို အနာတရဖြစ်အောင် တိုက်ခိုက်မှု မဟုတ်ပေ။ လူကြီးမိဘ ဆရာသမားတို့၏ စကားကို လိုက်နာပြီး လက်နှင့် ကောင်းသောဝါကျလေးများကိုသာ ရေးခြင်းဖြစ်သည်။

ထို့ကြောင့်လည်း ဘာသာရေးမဂ္ဂဇင်းတချို့တွင် ကောင်းသောစာများကို ရေးဖြစ်သည်။ ပြန်ဖတ်မိတိုင်းလည်း ကျေနပ်သည်။ ကျွန်တော် အသက်ကြီးလာသည့်တိုင် ထိုဆောင်းပါးများကို ကျွန်ုပ်ရေးခဲ့တာဟု ဂုဏ်ယူစွာ ပြောနိုင်သည်။ (မှုခင်းသတင်းနှင့် မင်းသား၊ မင်းသမီး၊ မော်ဒယ်လ်တို့၏ သတင်းများကိုင်မိခဲ့လျှင် ကျွန်တော်ရေးတာဟု မပြောရဲမှာ သေချာသည်။) ထို့ကြောင့် ကျွန်တော်ရေးခဲ့သော ဘာသာတရား ဆောင်းပါးလေးများကို ဂမ္ဘီရမဂ္ဂဇင်းမှာ ဖတ်ရသော သူငယ်ချင်းတချို့က ကျွန်တော့်ကို ကျေးဇူးတင်ကြောင်း၊ သူတို့၏ ကလေးများကို ပြောပြခြင်း၊ ဖတ်စေခြင်းဖြင့် ဘာသာရေးအသိများ တိုးလာကြောင်း၊ ကျေးဇူးတင်ကြောင်းတို့ကို သိရသောအခါ ကျွန်တော် ကျေနပ်မိသည်။ "ဘာသာရေးအသိလေးကိုပေးခြင်းသည် တရားအလှူပင် ဖြစ်သည်"ဆိုသော 'ဆရာကြီးဦးသုခ'၏ စကားကိုလည်း အမှတ်ရမိသည်။

□ □ □

တစ်ရက် ကျွန်ုပ်တို့ သားအဖနှစ်ယောက် အဒေါ်တစ်ယောက်အိမ်မှအပြန်တွင် လမ်းကြုံသဖြင့် သူငယ်ချင်းတစ်ယောက်အိမ်သို့ ဝင်လိုက်၏။ တိုက်တိုက်ဆိုင်ဆိုင်ပင် ကျွန်တော်တို့ ရောက်သွားသောအချိန်တွင် သူတို့လင်မယားနှစ်ယောက် မသင့်မတင့်ဖြစ်နေသော အခြေအနေနှင့် သွားတိုးနေလေသည်။ ထို့ကြောင့် သူငယ်ချင်းက ချက်ချင်းပင် ကျွန်ုပ်တော်တို့နှစ်ယောက်ကိုခေါ်ကာ မနီးမဝေးရှိ လက်ဖက်ရည်ဆိုင်လေးသို့ ထွက်လာခဲ့လေသည်။

"အေးကွာ ... မင်းတို့သားအဖ တစ်ခါတလေလာလည်မှပဲ အိမ်ကမိန်းမ နားလည်မှုမရှိတာနဲ့ ကြုံနေတယ်"

"ကိစ္စမရှိပါဘူးကွာ။ ငါနားလည်နိုင်ပါတယ်။ ဒီလိုပဲ အလျှော့အတင်းတော့ လုပ်ပေးရတာပေါ့"

"အခုဟာက ... စီးပွားရေးကိစ္စ မဟုတ်ဘူး။ ဘာသာရေးနဲ့ဆိုင်တဲ့ကိစ္စကွ"

ကျွန်တော် နားမလည်နိုင်အောင် ဖြစ်သွားမိသည်။ သူတို့လင်မယားနှစ်ယောက်မှာ ကျွန်တော်၏ သူငယ်ချင်းများဖြစ်သဖြင့် သူ့မိန်းမကိုလည်း ရင်းနှီးသည်။ နှစ်ယောက်စလုံး ဗုဒ္ဓဘာသာကိုးကွယ်သူများ ဖြစ်သဖြင့် ဘာသာရေးနှင့် ပတ်သက်ပြီး သဘောထား ကွဲလွဲစရာမရှိဟု ကျွန်တော်ထင်သည်။ သို့သော် ဘာသာရေးနှင့် ပတ်သက်ပြီး စကားများရသည်ဆိုသောအခါ ကျွန်တော် အံ့ဩမိသည်။

"မင်းက ငယ်သူငယ်ချင်းဆိုတော့ ဇာတ်စုံရှင်းပြမှ ဖြစ်မယ်။ နောက်ပြီး မင်းက စာရေးဆရာဆိုတော့ ရေးချင်ရေးပေါ့ ဟုတ်ဘူးလား"

ကျွန်တော် ခေါင်းညိတ်ပြလိုက်၏။ ထို့အတူ သားကလည်း လက်ဖက်ရည်သောက်ရင်း ကျွန်တော်တို့၏ စကားကို စိတ်ဝင်စားနေပုံရသည်။

"ဒီလိုကွာ ... တို့မှာ မင်းတို့လိုပဲ သားအမိ သားအဖ သုံးယောက်ရှိတယ်။ တို့လင်မယားက တစ်ခြင်ထောင်၊ ကိုယ့်ခြင်ထောင်နဲ့ကိုယ်ပေါ့ကွာ။ ဒါပေမယ့် ခြင်ထောင်အပိုတစ်လုံးလည်းရှိတယ်။ အသစ်တော့ မဟုတ်ဘူးပေါ့ကွာ။ ဒီတော့ ပိုနေတဲ့ ခြင်ထောင်တစ်လုံးကို ငါက နွမ်းပါးပြီး ခြင်ထောင်မရှိတဲ့ သူငယ်ချင်းတစ်ယောက်ကို ပေးချင်တယ်။ အဲဒါကို ငါ့အမျိုးသမီးကသဘောမတူဘူး။ ပြဿနာက အဲဒါပဲ"

ကျွန်တော် ချက်ချင်းသဘောပေါက်လိုက်သည်။ ဗုဒ္ဓဘာသာကိုးကွယ်တာချင်းအတူတူ စွန့်လွှတ်ပေးကမ်းမှုတွင် မိန်းမက တွေဝေနေတတ်ပြီး ယောကျ်ားက ပြတ်သားနိုင်ခြင်းပင် ဖြစ်သည်။ သို့သော် မိန်းမတိုင်းမဟုတ်သလို ယောကျ်ားတိုင်းလည်း မဟုတ်ပေ။ တချို့မိန်းမတွေက ဒါနအတွက် စွန့်လွှတ်နိုင်သလို တချို့ယောကျ်ားတွေကလည်း နှောင့်နှေးနေတတ်သည်။

"ဒါမျိုးက မိသားစုတိုင်းမှာ ဖြစ်တတ်ပါတယ်ကွာ။ နောက်ရက်တွေမှာ ဒါနရဲ့အကျိုးကို အေးအေးဆေးဆေး ပြောပြပေါ့။ သူ သဘောပေါက်လာမှာပါ"

ထို့နောက် ကျွန်ုပ်တို့ သားအဖနှစ်ယောက် သူငယ်ချင်းနှင့်ခွဲပြီး အိမ်ပြန်လာခဲ့ကြသည်။ အိမ်ရောက်ရောက်ချင်းပင် သားက မေးလိုက်၏။

"ဟို ဦးဦးရဲ့ မိန်းမက သူတို့မှာ ခြင်ထောင်အပိုရှိလျက်နဲ့ ဘာဖြစ်လို့ မပေးချင်တာလဲ ဖေကြီး"

"အဲဒီခြင်ထောင်ကို တပ်မက်နေလို့ပေါ့ သားရယ်။ တကယ်တော့ ကိုယ့်မှာပိုနေတဲ့ ပစ္စည်းလေးတစ်ခုကို တကယ်လိုအပ်နေတဲ့လူကို ပေးလိုက်ခြင်းဟာ ကာလဒါနလို့ခေါ်တဲ့ အချိန်ကိုက်အလှူလို့ အရှင်ဆန္ဒာဓိကက ပြောဖူးတယ်။ ကဲ ... သားမှာပိုနေရင်ကော ပေးမှာလား"



www.burmeseclassic.com

www.burmeseclassic.com

"ပေးမှာပေါ့ ဖေကြီးရဲ့"

"အေး ... လှူတယ်ပေးတယ်ဆိုတာ ကောင်းတဲ့အလုပ်။ မလှူမပေးတာက မကောင်းတဲ့အလုပ်။ အဲဒီအကြောင်းအရာနဲ့ ပတ်သက်ပြီး ဖေကြီးအားတဲ့တစ်ရက်မှာ သားကို ပြောပြရဦးမယ်"

□ □ □

တစ်ခါက 'နန္ဒိယ'ဆိုသော အမျိုးသား ကောင်လေးတစ်ယောက် ရှိသည်။ သူသည် အိမ်ရှေ့တွင် ဆွမ်းစားဇရပ်ဆောက်ပြီး ရဟန်းသံဃာများကို ဆွမ်းကပ်ခြင်း၊ မရှိဆင်းရဲသားများကို နေ့စဉ်ထမင်းဟင်း လှူခြင်း စသည့် ဒါနများကိုပြုသဖြင့် စီးပွားရေးလည်း အဆင်ပြေလာခဲ့၏။ ထို့ကြောင့် နန္ဒိယသည် သူ၏အလှူကို တိုး၍ တိုး၍သာ ပြုလုပ်ခဲ့လေသည်။

ထိုနန္ဒိယ၏ အိမ်ရှေ့တွင် 'ရေဝတီ' ဆိုသော အမျိုးသမီးလေးတစ်ဦးရှိပြီး နန္ဒိယနှင့် မောင်နှမဝမ်းကွဲတော်သည်။ ထို့ကြောင့် နန္ဒိယအမေက နန္ဒိယကို ရေဝတီနှင့် နေရာချပေးချင်သည်။ သို့သော် နန္ဒိယက လက်မခံပေ။ အဘယ်ကြောင့်မူ ရေဝတီသည် ဘာသာရေးကိစ္စများကို စိတ်မဝင်စားသောကြောင့် ဖြစ်သည်။ ထိုအခါ နန္ဒိယ၏အမေက သူ့တူမ ရေဝတီထံသွားပြီး နားချရသည်။ နန္ဒိယ အလှူဒါနပြုသည့်အခါ လာရောက်အကူအညီပေးဖို့၊ ရဟန်းများ ကြွလာသည့်အခါ သပိတ်ကိုလှမ်းယူဖို့၊ ဆွမ်းစားပြီးသည့်အခါ သပိတ်ကိုဆေးဖို့ စသည့်ကိစ္စများကို ကူညီရန် ပြောကြားခဲ့လေသည်။

ရေဝတီသည် နန္ဒိယအမေ ပြောသည့်အတိုင်း နန္ဒိယ ဆွမ်းလောင်းသည့်အချိန်တိုင်း လာရောက်ကူညီသည်။ နောက်ဆုံးတွင် နန္ဒိယနှင့် ရေဝတီတို့နှစ်ယောက် အကြင်လင်မယား ဖြစ်သွားခဲ့ကြလေသည်။ သို့သော် ညားခါစကလောက်သာ နန္ဒိယ၏အလှူဒါနကိစ္စများကို ဝင်ရောက်လုပ်ကိုင်ပေးခဲ့သော်လည်း ရေဝတီမှာ တကယ်တမ်း စိတ်ပါသူမဟုတ်ပေ။ ဟန်ဆောင်လုပ်ပေးနေခြင်းသာ ဖြစ်သည်။ ထို့ပြင် နန္ဒိယသည် ဣသိပတန ကျောင်းတိုက်ကြီးထဲတွင် ကျောင်းဆောင်ကြီးတစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းပြန်သည်။ ရိုးရိုးရေစက်ချ လှူဒါန်းခြင်း မဟုတ်ပေ။ မြတ်စွာဘုရားရှင်၏လက်တော်ကို ရေလောင်းပြီး ရေစက်ချလှူဒါန်းခြင်း ဖြစ်သည်။ ထို့အတူ ဘုရားရှင်ကလည်း နန္ဒိယ၏အပြုမူကို ကျေကျေနပ်နပ်နှင့် ခွင့်ပြုသည်။

ထိုအခါ နန္ဒိယ၏ သဒ္ဓါတရားထက်သန်မှုကြောင့် တာဝတိံသာနတ်ပြည်တွင် ကြို၍ ဗိမာန်ပေါက်နေလေတော့သည်။ ပြုစုမည့် နတ်သမီးများကလည်း အဆင်သင့် ဖြစ်နေ၏။ သို့သော် နန္ဒိယ၏ဇနီးရေဝတီကတော့ သူ့ယောကျ်ား၏အလှူကို သဘောမကျပေ။ သူ့စိတ်ထဲတွင် လှူလျှင်ကုန်သည်ဟု သတ်မှတ်ထားသောကြောင့် ဖြစ်သည်။

သည်လိုနှင့် တစ်နေ့တွင် နန္ဒိယကုန်ရောင်းကုန်ဝယ်နှင့် ခရီးထွက်ရန် ကြုံလာခဲ့၏။ ထို့ကြောင့် သူမရှိတုန်း ရဟန်းသံဃာများကို ဆွမ်း၊ ကွမ်း ဂရုစိုက်လောင်းရန် မှာကြားခဲ့သော်လည်း နန္ဒိယခရီးထွက်သွားသည်နှင့် ရဟန်းသံဃာများကို ဆန်ကွဲထမင်းနှင့် ပုန်းရည်ဟင်းကိုသာ လောင်းတော့သည်။ မရှိဆင်းရဲသားများကိုတော့ လုံးဝမပေးလှူတော့ပေ။ ထိုအကြောင်းကို နန္ဒိယကုန်ရောင်းကုန်ဝယ်မှ ပြန်လာပြီး သိသွားသောအခါ သူ့ဇနီးရေဝတီကို အိမ်ပေါ်မှ ဆင်းခိုင်းလေတော့သည်။ ရေဝတီကလည်း ဆင်းသွား၏။ သို့သော် ကျောင်းဒကာဖြစ်သောသူကဇနီးကို အိမ်ပေါ်က ဆင်းခိုင်းသည်မှာမသင့်တော်ဟု မိတ်ဆွေများက ဝိုင်းပြောကြသောကြောင့် နောက်ဆုံးတွင် ရေဝတီကို အိမ်သို့ပြန်ခေါ်လိုက်လေသည်။

ရေဝတီအိမ်ပေါ်ရောက်ပြီးနောက် မကြာခင်မှာပင် နန္ဒိယလည်း ကွယ်လွန်သွားခဲ့၏။ ထို့အတူ သူ့အတွက်ကြိုပေါက်နေသော တာဝတိံသာနတ်ဗိမာန်တွင် နတ်သားဖြစ်သွားလေတော့သည်။ ထိုအခါ ရေဝတီသည် ရဟန်းသံဃာများကို နေ့စဉ်ဆွမ်းလောင်းသည့်အလုပ်နှင့် မရှိဆင်းရဲသားများကို ပေးလှူသောအလုပ်များကို လုံးဝ မလုပ်တော့ပေ။ ထို့ပြင် ရဟန်းသံဃာတွေ ဆွမ်းလာခံသည့်အခါ "ဒီကိုယ်တော်တွေကြောင့် ငါရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ ဆုံးရှုံးတာ"ဟု ဆိုကာ ရဟန်းသံဃာများကို ရေရွတ်ဆဲရေးလေသည်။ ထို့ပြင် အသေးစား အကုသိုလ်တွေလည်း များပြားလွန်းသောကြောင့် နောက်ဆုံး အရှင်လတ်လတ် ငရဲကျသွားလေတော့သည်။

□ □ □

အထက်ပါ အဖြစ်အပျက်လေးမှာ ဒါနပြုသူနှင့် ဒါနမဲ့သူတို့၏ တမလွန်ရောက် အကောင်းနှင့်အဆိုးပင် ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့အားလုံးသည် ဇေတဝန်ကျောင်း ဒါယကာ အနာထပိဏ် သူဌေးကြီးနှင့် ပုဗ္ဗာရုံကျောင်းအမကြီး ဝိသာခါတို့ကဲ့သို့ ဧတဒဂ်အရာ၌ အထားခံခဲ့ရသော ဒါယကာ၊ ဒါယိကာမများ အဖြစ်သို့ မရောက်နိုင်စေကာမူ ဒါယကာကျင့်ဝတ် ငါးမျိုးနှင့် ပြည့်စုံသော ဒါယကာ၊ ဒါယိကာမအဖြစ်သို့ ရောက်နိုင်ရန်၊ အလှူဒါန ပြုကြဖို့သာ ကြိုးစားကြရမည် ဖြစ်၏။

**မောင်မိုးဦး**

ကိုးကား

ရေဝတီ (ရဝေန္ဒယ၊ အင်းမ)



www.burmeseclassic.com

www.burmeseclassic.com



# ပုညန္တရာယ်

**✶ သူတော်စင်မင်းအောင် ✶**

ပုညန္တရာယ်ဆိုသည်မှာ ပုညအန္တရာယ်ဟု ဆိုပါသည်။ ပုညအန္တရာယ်ဆိုတာ ကောင်းမှုကုသိုလ်ကို တားမြစ်ခြင်း၊ ယုတ်လျော့စေအောင်ပြုမူခြင်း၊ ပျက်ပြားအောင် လုပ်ခြင်းတို့ကို ဆိုလိုပါသည်။ ဥပမာအားဖြင့် ပုဂ္ဂိုလ်တစ်ဦးက သူ့စေတနာအလျောက် လှူဒါန်းလိုသည့် ကိစ္စတစ်ခုတွင် သူ့မိတ်ဆွေတစ်ယောက်က ဒါလောက်လှူဖို့ မလိုအပ်ပါဘူး။ ဒီလောက်ဆို တော်လောက်ရောပေါ့ဟု အလှူဒါနကို ယုတ်လျော့သွားအောင် ပြောဆိုခြင်း၊ အကြံပြုခြင်းသည် ပုညန္တရာယ်၊ ပုညအန္တရာယ်၊ ကောင်းမှုကုသိုလ်ကို ယုတ်လျော့အောင်ပြုမူခြင်းသည် အလွန်ကြောက်မက်ဖွယ်ကောင်းကြောင်းကို သိသူ အလွန်နည်းပါးပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကဿပဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူသည့်အခါက ဓာတ်တော်များကို ဌာပနာပြီး အတောင် ၂၀၀ အမြင့်ဆောင်သော စေတီတော်ကြီးတစ်ဆူ တည်ရန် ဆောင်ရွက်နေသည့်အချိန်မှာ ထိုစဉ်က အများကြည်ညိုလေးစားရသော မထေရ်ကြီးတစ်ပါးက "အတောင် ၂၀၀ ဆိုတာ အလွန်မြင့်လွန်းပါတယ်။ အတောင် ၁၀၀ လောက်ဆို တော်လောက်ရောပေါ့" ဟု ဝင်ရောက်မိန့်ဆိုသဖြင့် စေတီတော်ကြီးတည်ဆောက်ရန် စီစဉ်နေသော ဘုရင်ကြီးနှင့်အဖွဲ့က ထိုမထေရ်မြတ်ကြီး၏ စကားကို မပယ်ရှားဝံ့ကြသဖြင့် အတောင် ၁၀၀ စေတီကိုသာ တည်ထားကိုးကွယ်ခဲ့ကြရပါသတဲ့။ ဂေါတမမြတ်စွာဘုရား ပွင့်တော်မူလာသောအခါမှာ ထိုမထေရ်ကြီးက ဂေါတမမြတ်စွာဘုရား သာသနာမှာ ထင်ရှားသော သံဃာမထေရ်မြတ်ကြီး တစ်ပါး ဖြစ်လာပါသည်။ ကဿပဘုရားသာသနာတုန်းက အတောင် ၂၀၀ စေတီတော်ကြီး တည်ထားကိုးကွယ်ရမှာ မြင့်လွန်းပါတယ်၊ အတောင် ၁၀၀ ဆို တော်လောက်ရောပေါ့ ဟု ပြောခဲ့မိတဲ့ ပညတ္တိရာယ် အကုသိုလ်ကြောင့် ဂေါတမမြတ်စွာဘုရားသာသနာမှာ ထင်ရှားသည့် မထေရ်တစ်ပါးဖြစ်သော်လည်း "အရပ်အလွန်ပုသည့်" ပုဂ္ဂိုလ်ဖြစ်လာပါသည်။ လူအများပြောစမှတ်ဖြစ်လောက်အောင်ကို "အရပ်ပု"ပါသတဲ့။

တစ်ခါတုန်းက သူဌေးကြီးတစ်ဦးက သီလ၊ သိက္ခာ၊ သမာဓိနှင့် ပြည့်စုံတော်မူတဲ့ ရဟန်းတစ်ပါးကို ကျောင်းဆောက်ပေးပြီး နေ့စဉ် သူ့အိမ်မှာ ဆွမ်းကပ်ပူဇော်ထားပါသည်။ တစ်နေ့မှာ ရှာန်အဘိညာဉ်နှင့် ပြည့်စုံတော်မူသော ရဟန္တာတစ်ပါးသည် ထိုသူဌေးကြီးနေတဲ့ အရပ်ကို ရောက်လာသောအခါမှာ ထိုသူဌေးကြီးဆောက်ထားတဲ့ ကျောင်းမှာ တစ်ညတာ တည်းခိုခွင့်တောင်းသတဲ့။ သူဌေးကြီးကလည်း ထိုရဟန္တာမထေရ်မြတ်ကြီးရဲ့ ဣန္ဒြေတည်ငြိမ်မှု၊ မျက်နှာတော်ကြည်လင်ခြင်းတို့ကို ကြည်ညိုမြတ်နိုးသဖြင့် တည်းခိုခွင့်ပေးလိုက်ပါတယ်။ ကျောင်းနေရဟန်းတော်ကိုလည်း နံနက်ဆွမ်းစားကြွတဲ့အခါမှာ အာဂန္တု(ဧည့်သည်)ရဟန်းကိုပါ ပင့်ခဲ့ပါဘုရားဟု လျှောက်ထားပါသတဲ့။

ဒီအခါမှာ ကျောင်းနေ(ကျောင်းထိုင်)သံဃာက ဒီလိုတွေးစားပါသတဲ့။ "ငါ့ရဟန်းဒါယကာ သူဌေးကြီးဟာ စေတနာသဒ္ဓါတရား အလွန်သက်သန့်သူ ဖြစ်တယ်။ နေ့စဉ် ငါ့ကိုကပ်သလို ဆွမ်း၊ ဆွမ်းဟင်းကောင်းတွေကိုသာ ဒီအာဂန္တုရဟန်းကြီး နေ့စဉ်ဘုဉ်းပေးနေရရင် ဒီကျောင်းက ခွာမှာမဟုတ်တော့ဘူး။ ငါ့ရဲ့ လာဘ်လာဘတွေ သူက ခွဲယူနေတော့မှာပါကလား"ဟု တွေးမိပါသတဲ့။ နံနက်အရုဏ်ဆွမ်းဘုဉ်းပေးဖို့ သူဌေးကြီးအိမ်ကို ကြွခါနီးမှာ သံဃာတို့၏ ကျောင်းထုံးစံအတိုင်း ကျောင်းက ခေါင်းလောင်းကို မြည်အောင်ထိုးရပါတယ်။ အဲဒီကျောင်းထိုင်ကိုယ်တော် လုပ်လိုက်ပုံက ခေါင်းလောင်းကို ထိုးရမည့် သစ်သားကျည်ပွေ့နဲ့ မထိုးဘဲ သက်ငယ်ချောင်းဖြင့်သာ ထိုးပြီး သူဌေးအိမ်ကို သူတစ်ပါးတည်း ကြွသွားပါသတဲ့။ သူဌေးကြီးက "အာဂန္တုကိုယ်တော် မပါဘူးလားဘုရား"ဟု မေးသောအခါ "ခေါင်းလောင်းထိုးတာတောင် မနိုးအောင် အိပ်နေလို့ ထားခဲ့ရတယ်"လို့ ပြောပါသတဲ့။ သူဌေးကြီးကလည်း သူကပ်နေကျဆွမ်းအတိုင်း သူ့ရဟန်းကို ကပ်လှူပြီးတဲ့အခါမှာ သပိတ်တစ်လုံးနဲ့ ဆွမ်း၊ ဆွမ်းဟင်း အပြည့်ထည့်ပြီး "ဒီဆွမ်းသပိတ်ကို အာဂန္တုရဟန်းအား ကပ်လှူလိုက်ပါဘုရား"ဟု လျှောက်ထားပြီး သူ့ရဟန်းကို ဆွမ်းသပိတ်ပေးလှူလိုက်ပါတယ်။ လမ်းရောက်တော့ ကျောင်းထိုင်ရဟန်းက ဒီလို ဆွမ်း၊ ဆွမ်းဟင်းကောင်းတွေသာ စားနေရလို့ကတော့ ငါ့ကျောင်းက ခွာမယ်မဟုတ်ဟု တွေးထားသည့်အတိုင်း လမ်းဘေးအမှိုက်ပုံမှာ ဆွမ်းနဲ့ ဆွမ်းဟင်းတွေကို သွန်ပစ်ခဲ့ပါသတဲ့။ ကြီးစွာသော ပညတ္တိရာယ်ကြီးကို ကျူးလွန်လိုက်ပါတယ်။ အာဂန္တုရဟန်းကြီးက ငါသာ ဒီမှာဆက်နေရင် ကျောင်းထိုင်ကိုယ်တော်မှာ အကုသိုလ်သာပွားပြီး ငရဲကျတော့မှာပဲဟု တွေးသိတော်မူပြီးနောက် ရှာန်ဖြင့် အရပ်တစ်ပါးသို့ ကြွသွားတော်မူသဖြင့် ကျောင်းပြန်ရောက်တဲ့အခါ အာဂန္တုကိုယ်တော်ကြီးကို မတွေ့ရတော့ပါ။ ကျောင်းထိုင်ကိုယ်တော်ဟာ ဒီအကြောင်းကို တွေးမိတိုင်း ကြီးစွာ စိတ်ဆင်းရဲမှုသောကဝေဒနာကြီးကို ပျံလွန်တော်မူသည့်အချိန်ထိ ခံစားသွားရသည့်အပြင် ငရဲမှာ ခံစားရပါသတဲ့။ ငရဲကလွတ်လို့ လူပြန်ဖြစ်လာတော့လည်း ဖြစ်လေရာဘဝတိုင်းမှာ ငတ်မွတ်သူဖြစ်ရပါသတဲ့။

နောက်ဆုံးဘဝ လူလာဖြစ်တော့ တံငါရွာကြီးတစ်ရွာမှာ သူပဋိသန္ဓေနေတဲ့အချိန်ကစပြီး တစ်ရွာလုံး ငါးရှာလို့မရတော့ဘူးတဲ့။ အဲဒါနဲ့ ရွာလူကြီးက ရွာကို အရေးအနောက်

www.burmeseclassic.com

နှစ်ပိုင်းပိုင်းလိုက်တဲ့အခါမှာ အဲဒီကလေးမိဘများပါတဲ့ အနောက်ပိုင်းက ငါးရှာလို့မရတော့ဘူးတဲ့။ ဒီလိုနဲ့ နောက်ထပ် စိတ်တဲ့အပိုင်းမှာလည်း ဒီကလေးပါတဲ့အစိတ်က ငါးရှာမရဘူးတဲ့။ ဒီလိုနဲ့ စိတ်လိုက်ပိုင်းလိုက်တာ နောက်ဆုံးမှာ အဲဒီကလေးမိဘတွေ တစ်အိမ်တည်းကျန်တဲ့အထိ ဖြစ်သွားပါသတဲ့။ အဲဒီမိသားစုကို ရွာသားတွေက ရှာရတဲ့ ငါးဝေငှပေးပြီး စားကြရပါသတဲ့။ အဲဒီကလေးမွေးပြီးနောက် သိတတ်တဲ့အရွယ် ငါးနှစ်သားလောက်မှာ ခွက်ကလေးတစ်ခုပေးပြီး မင်းဟာမင်း တောင်းစားပေတော့သားရေဆိုပြီးတော့ သူ့မိဘတွေက ပစ်ထားလိုက်တဲ့အထိ ဖြစ်သွားပါသတဲ့။

တစ်နေ့မှာ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး ဆွမ်းခံကြွရင်း လမ်းဘေးမှာ ခွက်လေးရွေ့ချပြီး တောင်းစားနေတဲ့ ဒီသူငယ်လေးကို တွေ့တဲ့အခါ အလွန်သနားသွားသဖြင့် ကျောင်းတော်ကိုခေါ်လာပြီး ကိုရင်ဝတ်ပေးလိုက်ပါတယ်။ နောက်တစ်နေ့မှာ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက သူ့ဆွမ်းခံကြွတဲ့ဆီ ခေါ်သွားတဲ့အခါ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးကို ဆွမ်းလောင်းနေကျသူများကတောင် ဆွမ်းမလောင်းကြတော့ပါ။ ထိုအခါမှ ကိုယ်တော်မြတ်ကြီးက ကိုရင်လေးကို ကျောင်းမှာ ပြန်ထားခဲ့ပြီး ဆွမ်းခံတော့မှ ဆွမ်းများရပါသတဲ့။ ကိုယ်တော်မြတ်ကြီးက ကျောင်းပြန်ရောက်မှ ကိုရင်ကလေးကို ကိုယ်တော်မြတ်ကြီးရလာတဲ့ ဆွမ်းကို ခွဲဝေပြီး ကျွေးပါသတဲ့။ ဒါတောင် ကိုရင်လေး သပိတ်ထဲ ထည့်ပေးတဲ့ ဆွမ်းက ပျောက်ပျောက်သွားလို့ ဆွမ်းဝအောင် မစားရပါဘူးတဲ့။ အရွယ်ရောက်လာတဲ့အခါမှာ ရဟန်းခံပေးလိုက်ပြီး ရဟန်းဘဝနဲ့ တရားအားထုတ်သဖြင့် အာသဝေါကုန်ခန်းပြီး ရဟန္တာမထေရ် ဖြစ်သွားပါတယ်။

ရဟန္တာဖြစ်ပြီး သူဟာသူ ဆွမ်းခံကြွတော့လည်း ဒါယကာ၊ ဒါယိကာမတို့ လောင်းလှူသည့် ဆွမ်းနှင့် ဆွမ်းဟင်းများသည် ထိုကိုယ်တော်၏ သပိတ်ထဲရောက်သွားလျှင် ဆွမ်းနှင့် ဆွမ်းဟင်းများ ပျောက်ပျောက်သွားလို့ တစ်နေ့မှ ဆွမ်းဝအောင် မစားရပါဘူးတဲ့။

သူပြုခဲ့တဲ့က ပုညန္တရာယ် အကုသိုလ်ကြီးက မည်မျှ ကြောက်မက်ဖွယ်ကောင်းသလဲဆိုတာ ကြီးစွာသော သံဝေ ရစရာ ကောင်းလှပါတယ်။

ကိုယ်တိုင်လည်း မလှူ၊ သူတစ်ပါးလှူတာကိုလည်း တားမြစ်ပိတ်ပင်တဲ့သူများ သေတဲ့အခါမှာ ပြိတ္တာဖြစ်ပြီး အမြဲတမ်း ဆာလောင်မွတ်သိပ်နေတဲ့အတွက် ပြိတ္တာအချင်း ချင်း တစ်ဦးကတစ်ဦးကို ရိုက်ပုတ်ကုတ်ဖဲ့ပြီး ရတဲ့အသား ပံ့ထွက်တဲ့ သွေးတွေ၊ အသားတွေကို စားသောက်နေကြရ သတဲ့။

အဲဒီ ပုညန္တရာယ်ပြုခဲ့တဲ့ ရဟန္တာကိုယ်တော်၏ နောက် ဆုံးနေ့မှာ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက ဆွမ ဘုဉ်းပေးပြီးမှ သူ့ကိုတွေ့သဖြင့် "ငါ့ရှင် ဆွမ်းကိစ္စပြီးပြီလား" လို့မေးတော့ "တပည့်တော် မပြီးသေးပါ(မစားသေးပါ)ဘုရား" ဟု လျှောက်ထားပါသတဲ့။ ဆွမ်းခံချိန်လည်း လွန်နေပြီ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးကိုယ်တိုင် နန်းတော် ထဲကို သပိတ်ပိုက်ပြီး ကြွသွားပါတယ်။ ဘုရင်ကြီးက "အရှ ဘုရား ဘာအလိုရှိလို့ ကြွလာပါသလဲဘုရား" ဟု မေးလျှောက် သောအခါ "တကာတော်မင်းကြီး၊ သံဃာတစ်ပါး ဆွမ်းမဘုဉ် ပေးရသေးလို့ စတုမဓုဆွမ်း အလှူခံကြွလာတာပါ" ဟု မိန ကြားသဖြင့် ဘုရင်မင်းကြီးက စတုမဓုဆွမ်း သပိတ်အပြည လောင်းလိုက်ပါသတဲ့။ အဲဒီ စတုမဓုဆွမ်းကို အရှင်သာ ပုတ္တရာ မထေရ်မြတ်ကြီးက ထိုရဟန္တာအား "ကဲ···ငါ့ရှ အလိုရှိသလောက် ဘုဉ်းပေးပေတော့" ဟု မိန့်ပြီး သပိတ် ကိုယ်တော်မြတ်ကြီးရဲ့ လက်တော်နဲ့ ကိုင်ထားပေးတဲ့အတွ စတုမဓုဆွမ်းများ ပျောက်မသွားတော့ဘဲ ဒီနေ့တစ်နေ့တည သာလျှင် ထိုကိုယ်တော် ဆွမ်းဝအောင်ဘုဉ်းရပြီး ပရိနိဗ္ဗာ စံလွန်တော်မူသွားပါလေသတည်း။

သတ္တဝါတွေ ချမ်းသာကြပါစေ···။

သူတော်စင်မင်းအောင်



www.burmeseclassic.com


# ဆရာမကြီး ဒေါ်ခင်မာဝေ

## (ဆန်းပညာနှင့် ဂေဟပီရှေ့ဆောင်နက္ခတ်ပညာရှင်)

## လောကီဆိုင်ရာ အကြံပေးပုဂ္ဂိုလ်

လောကီကိစ္စအဖြာဖြာနဲ့ ပတ်သက်ပြီး ကြုံတွေ့ရတဲ့ အခက်အခဲတွေကို ဖြေရှင်းဖို့ လာရောက်နိုင်ပါတယ်။ ဗေဒင်မေးတယ်ဆိုတာထက် အခက်အခဲတွေကို တိုင်ပင်ဆွေးနွေးနိုင်တဲ့ လောကီဆိုင်ရာ အကြံပေးပုဂ္ဂိုလ်လို့ဆိုရင် ပိုမှန်ပါတယ်။ ဘာသာရေးနဲ့မဆိုင်တဲ့ လောကီကိစ္စတွေမှာ လူမျိုးမရွေး၊ ဘာသာမရွေး လူမှန်သမျှ ကြုံရတာပါပဲ။ ဘယ်လိုဖြေရှင်းရင် အဆင်ပြေနိုင်မလဲဆိုတာ ဆရာမနဲ့ တိုင်ပင်ကြည့်ရင် ပိုကောင်းပါတယ်။ ယတြာချေတယ်ဆိုတာထက် ဖြေရှင်းနိုင်မယ့် နည်းလမ်းတွေကို အကြံပေးခြင်းလို့ပြောရင် ပိုမှန်ပါတယ်။

လူ့လောကမှာ လူတိုင်းမကင်းနိုင်တဲ့ ပြဿနာတွေရှိပါတယ်။ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးတွေဟာ လူ့လောကရဲ့ နေ့စဉ်ကြုံရတဲ့ အဖြစ်အပျက်တွေပါပဲ။ ခလုတ်ထိမှ အမိတနေမယ့်အစား ဘာမှမဖြစ်ခင်မှာ ကံတွေကို ကြိုတင်စစ်ပြီး၊ ကြုံတွေ့နိုင်တဲ့ အခက်အခဲတွေအတွက် ကြိုတင်ပြင်ဆင်ထားတာ အကောင်းဆုံးပါပဲ။

ဆရာဟာ အမြဲတမ်း ကိုယ့်အနားမှာ မရှိနိုင်ပါဘူး။ ကိုယ့်အနားမှာ ကိုယ်သာအမြဲရှိတာပါ။ ဒါကြောင့် ဆရာကိုအားကိုးမယ့်အစား ကိုယ်တိုင်ပညာတတ်ထားရင် ပိုကောင်းတာပေါ့။ လူတိုင်းသိထားရင် ရှောင်စရာကို ရှောင်နိုင်မယ်။ ဆောင်စရာကို ဆောင်နိုင်မယ်။ ဒါဆို လောကမှာနေရတာ အဆင်ပြေလာမှာ အသေအချာပါပဲ။ ပညာသင်ဖို့ စိတ်ဝင်စားရင် လာခဲ့ပါ။ လုံးဝတတ်မြောက်သည့်တိုင် သင်ကြားပေးနိုင်ပါတယ်။

အခန်း(၄)၊ အမှတ်(၄၉/၅၀)၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၂)ရပ်ကွက်၊
ဒဂုံမြောက်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉၇၃၁၂၇၈၅၆


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# လဲယူမည့်စိတ်

နှင်းနှင်း

## "ငါဘယ်လိုလုပ်ရင် အကောင်းဆုံးဖြစ်မလဲ"

ဂျပန်ရှေ့တန်း ဆေးတပ်မှူးကြီး ဗိုလ်မှူး တကာနကျော့စံသည် သမပိုင်းရာသီဥတုဖြစ်သော မြန်မာပြည်၏ ဒီဇင်ဘာလလေးတွင် မေးဖျား၊ လက်ဖျားများ အေးစက်ပြီး တစ်ကိုယ်လုံး တောင့်တင်းနေသည်။ ဦးနှောက်များမှာ ဆီပိတ်နေသော ပိုက်လိုင်းတစ်ခုပမာ ရှေ့မတိုးနိုင်၊ ဆုံးဖြတ်ချက်မချနိုင် ဖြစ်နေသည်။

ယခုရောက်နေသော ကရင်ပြည်နယ်မှ မိမိသည် ထွက်ခွာရမည့်အချိန်နီးကပ်လာခဲ့ပြီ။ မိမိတာဝန်မှာ သံဖြူဇရပ် မီးရထားလမ်းမကြီး ဖောက်လုပ်နေသော လူသားများကို ဆေးအသစ်တစ်မျိုး စမ်းသပ်ထိုးပေးရန် ဖြစ်သည်။ စမ်းသပ်ကာလ ၂ နှစ်ပြည့်လျှင် ဂျပန်နိုင်ငံရှိ ဆေးသုတေသန ဓာတ်စမ်းခန်းနဲ့ ဆေးထုတ်လုပ်သော စက်ရုံကြီးထဲသို့ အပြန်ဆုံး ပြန်၍ အကောင်အထည်ဖော်စရာကို ပြုလုပ်ရန်ကိစ္စများ ရှိနေသေးသည်။

ဂျပန်ပြည်မှာ ရှိစဉ်ကတည်းက ကိစ္စရပ်များ၊ သုတေသနပြုရန်အတွက် မြန်မာစကားကို သင်ယူလေ့ကျင့်ခဲ့ရသည်။ ကောင်းစွာပြောဆိုနိုင်မှ မိမိစမ်းသပ်သော ဆေးအဖြေကို လူနာနဲ့ ရင်ဆိုင်ဆွေးနွေးနိုင်မည်။ သို့ဖြစ်၍ ဆေးဝါးပါမောက္ခများက ကျွမ်းကျင်စွာ ပြောနိုင်အောင် သင်တန်းတက်စေခြင်းဖြစ်သည်။ အသက်အငယ်ဆုံး ဗိုလ်မှူး တနကကျော့စံသည်ပင် ယခု အသက်လေးဆယ်ဖြစ်သဖြင့် ဤတာဝန်၊ ထိုတာဝန်အားလုံးကို ယုံကြည်စွာ ပေးအပ်ခဲ့ကြသည်။

မြန်မာ့မြေသို့ရောက်ပြီး တစ်လခန့်တွင် ...

"ဗိုလ်မှူး ... ဒီနေရာကို အစားအသောက်သွင်းနေတဲ့လူဟာ မြွေကိုက်ခံရပါတယ်။ သူ့ရဲ့ တစ်ဦးတည်းသော သမီးက လူနာကိုလာပြနေတယ်။ အရပ်သားဖြစ်နေလို့ ဒီကဆေးနဲ့ ကုလို့က .."

"အို .. အသက်ရှိတဲ့လူပဲ၊ ကုရမှာပဲ။ လာ .. ငါကိုယ်တိုင်သွားကြည့်မယ်"

"ကောင်းပါပြီ"

မြွေဆိပ်ဆိုးကြောင့် သတိလစ်လုလု ဖြစ်နေသော ဖခင်အား စိုးရိမ်စွာ ပွေ့ပိုက်ထားသည်။ ပူပန်စိတ်များနေသော ကရင်မလေး၏ မျက်လုံးများသည် စကားလုံးပေါင်း သောင်းခြောက်ထောင်မက တောင်းဆိုပြောကြားခဲ့ပေပြီ။

"မှန်း ... အို ... မြန်မြန်"

"ဗိုလ်မှူး"

"ကိစ္စမရှိဘူး။ ခွဲမယ်"

"ကောင်းပါပြီ"

မိမိအမိန့်ကြောင့် မြန်မြန်အဆိပ်များ လူ့ခန္ဓာကိုယ်မှ ထွက်ခွာခဲ့ရပြီ။ ကရင်အဘိုးကြီးတစ်ဦး သေတွင်းမှ ထွက်ခွာနိုင်ခဲ့ပြီ။

"ကျေးဇူးကြီးပါတယ် ဆေးမှူးကြီး"

"ကောင်းပြီ။ ဆေးထည့်ဖို့ လာလာပြလှည့်"

"ဟုတ်ကဲ့ပါ"

ဗုဒ္ဓဘာသာ ပိုးကရင်သားအဖ နှိုးဦးချသည်ကို ငုံ့ကြည့်ရင်း သံယောဇဉ် နွယ်ချပေးမိသည်။ ဤသည်မှအစ ဒဏ်ရာကိစ္စနဲ့ ပိုတွေ့ဖြစ်ခဲ့ကြသည်။

## "ကျေးဇူးရှင်ကြီး"

ထိုစကားလုံးကို သားအဖနှစ်ဦး စလုံး မည်သို့တားတားမရရှိဘဲ ခေါ်နေခဲ့ကြသည်။ စစ်တပ်မှ အရေးကြီးသော ဆေးဝါးသည် ထိုအချိန်အခါတွင်းဝယ် မိမိကဲ့သို့ အမိန့်ချပေးနိုင်စွမ်းရှိသူမှသာ သုံးစွဲရသည်။ စစ်တွင်းကာလမို့ ရှားပါးသော ဆေးကား အရပ်သားများအတွက် မပါဝင်သည်ကို ဂျပန်စကား သိရှိနားလည်သော ကရင်သားအဖ ကောင်းစွာသိရှိနေကြသည်။ အသက်ကို ကယ်တင်ပေး

www.burmeseclassic.com

သူမှန်း ရိုးသားသော လူမျိုးမို့ ပို၍လေးစားနေကြသည်။ အသက်ကိုကယ်တင်ပေးခဲ့သူအား အချစ်ကိုပေးအပ်နှင်းခဲ့မိသည်။ တစ်နှစ်အတွင်းပင် ကရင်ရိုးရာ လက်ထပ်ယူခဲ့မိပြီ …။

လွယ်လှသည်ဟု မထင်ရက်ပေ။ စစ်အတွင်းမှာ စစ်သားများကလည်း လွန်စွာ အချိန်လုနေခဲ့ကြသည်။ ကရင်မလေးကလည်း အကာအကွယ်ကို အလိုရှိနေခဲ့သော ကာလပျက်တစ်ခုတွင် မိမိရိုးရာယဉ်ကျေးမှုအတိုင်း လက်ထပ်ခဲ့သည်ကို ကျေနပ်ပါပြီ။ ထိုသူ၏ ကျန်ရစ်ခဲ့သော ဘဝ၊ နောင်ကာလဖြစ်မည့်ကိစ္စ သူ့ဘာမှ မစွက်ဖက်ချင်ပါ။ လင်ယောကျ်ားဟု တရားဝင်ရှိခဲ့သည်။ ဤအချိန်တွင်းမှာ ခက်ခဲသော ဝမ်းရေးကိစ္စကို သားအဖ ငြိမ်းချမ်းခဲ့ကြသည်။ နွားတစ်ရှဉ်းနဲ့ လယ်မြေကျယ်ကြီးကို မင်္ဂလာလက်ဖွဲ့အဖြစ် ဝယ်ပေးစဉ်က ငြင်းဖူးခဲ့သည်။ အားလုံးဝိုင်း၍ တိုက်တွန်းသဖြင့် လက်ခံထားသည်။ လုပ်စားမယ်ဆို တစ်သက်လုံးစာဟု ရိုးသားစွာ ဝန်ခံမိသည်။ ကရင်သားအဖ လောဘက ထိုမျှသာ။

စစ်မတိုက်ရဘဲ ဆေးကုသောလူကိုယူပြီး ငါးလအကြာ ကိုယ်ဝန်စွဲကပ်ခဲ့ပြီ။ မပူ။ သူပြန်သွားလည်းသွားစမ်းပါစေ။ သူ့ကိုယ်ပွားနဲ့ ငါနေရစ်မည်ဟုသာ အချစ်နဲ့ အပြစ်ဖြစ်လာမည့် ကိစ္စအားလုံး အရာရာမှ [illegible]လျှ ဖုံးလွှမ်းပစ်လိုက်သည်။

## "ယခုအရေးကြီးပြီ"

ကြေးနန်းစာကို ဗိုလ်မှူးရရှိခဲ့ပြီး မိမိချယ်ရီပန်းများပွင့်လန်းရာ ဂျပန်ပြည်သို့ ပြန်ရတော့မည်။

စစ်သားပေ[illegible] စာနာနှလုံးသားရှိသည်။

ဆေးကုသမားမို့ ကိုယ်ဝန်သည်ကို [illegible]သည်။

လူမျိုးခြားပေမဲ့ ဖခင်တာဝန်ကျေပွန်ချင်သည်။ ဗိုလ်မှူးတနကာကျော့စ်သည် မိမိ၏ရင်သွေးကို မိမိပြန်လည်၍ ခိုးယူသွားရန် ကြံစည်စိတ်ကူးနေမိပြီ။ တစ်ဦးတည်းနဲ့က စိတ်ကူးကို ကာယကံမြောက်အောင် မကြံဆောင်နိုင်သဖြင့် သူခိုးသေဖော်ညှိရန် မိမိ၏လူယုံကို ရှာဖွေနေမိပြီ။ အမြွာမွေးမည်ကိုလည်း ဆေးမှူးကသိသည်။

လစေ့ပြီး မွေးဖွားရက်နီးနေသဖြင့် ကရင်အရက်ပြင်းနဲ့ ဆေးကို ရောစပ်သောက်ပြီး အိပ်ပျော်နေသော ကရင်မလေးမှာ အပြစ်ကင်းလှ၏။

တောရပ် တောခေလေ့ မွေးဖွားရှင်သန်လာခဲ့ခြင်း၊ စစ်အတွင်းမို့ ပညာပြည့်စုံအောင် မသင်ယူလာခဲ့ခြင်း၊ အိမ်ဦးသခင် လင်ယောကျ်ားကို ဆိုပါလျှင် အသက်ပါပုံအပ် စွဲလမ်းတတ်သော မိန်းမသားဖြစ်ခဲ့ခြင်းကလည်းကောင်း၊ အဓိကတရားခံ ကံဝဋ်ကြွေးပါလာခဲ့သဖြင့်လည်းကောင်း ကရင်မလေးမှာ မိမိ၏ရင်သွေးတစ်ဦးအား မျက်နှာမှ မြင်ခွင့်သိခွင့်ကို မရရှိခဲ့ဘဲ ဖခင်အရင်းက ခိုးယူသွားခြင်းခံခဲ့ရသည်။ ထားရစ်ခဲ့သည့် နီတာရဲသားယောကျ်ားလေးတစ်ယောက်နဲ့ ဂျပန်ငွေစက္ကူအများအပြားကိုကြည့်ပြီး ဖြေသိမ့်နေရစ်သည်။ သူချစ်မိသည်က စစ်သား၊ နိုင်ငံရပ်တစ်ပါးမှလာသည်။ အမိန့်တစ်ခုကြောင့် ဖွင့်မပြောသာခဲ့၍ ထွက်သွားခဲ့ပြီ။ လက်ဖွဲ့ဝယ်ပေးခဲ့သော လယ်ယာချောင်းမြောင်းပေါ်မှာ ရှင်သန်သွားရင်း မျှော်လင့်မိသည်သာ။

## ဒုတိယကမ္ဘာစစ်ပြီး၍ နှစ်လေးဆယ်ရှိခဲ့ပြီ

"ဖိုးမူ"

"အမိုး … ဘာပြောချင်လဲ"

"ငါ အသက်ကြီးပြီ။ နင်အိမ်ထောင်ယူပါဆို"

"အမိုး၊ ငါဘုန်းကြီးဝတ်မှာပါဆို"

"ခက်တဲ့ကောင်လေး"

"မပူပါနဲ့။ ဒီလယ်၊ ဒီမြေမှာ ငါသေတဲ့အထိ မလုပ်စားဘူး။ အမိုးမရှိရင် ငါ ဘုန်းကြီးဝတ်သွားမှာ"

ကျိုက်ထီးရိုး အထမ်းသမားလုပ်ဖူးရာမှ အစွဲတစ်ခု စွဲလမ်းခဲ့သော စောဖိုးသာကို အိမ်ထောင်ချ၍ မရတော့ပေ။

ကရင်သင်တိုင်းတစ်ခုကို ဝတ်၍ မေးနိုင်မှ စကားကို ဟဟပြောသော ကရင်လေးတစ်ယောက်၏ နှလုံးသားတွင် ထူးခြားလေးနက်သော တရားဓမ္မများ ခိုအောင်းသွားခြင်းဖြစ်သည်။ ပတ်ဝန်းကျင်လှုံ့ဆော်မှုတစ်ခုလား၊ မျိုးရိုးဗီဇတစ်ခု၏ စွမ်းအားလားမသိပေ။

"ရွေ့နှစ်လောက်ဆို ကားလမ်းပေါက်ပြီထင်တယ်"

"မင်းမထမ်းရင် ဘာမှမဖြစ်ဘူးသားရဲ့"

"ငွေကြည့်ပြောတာမဟုတ်ဘူး။ နေ့စဉ် ကျိုက်ထီးရိုးဘုရားကြီး ရှိမခိုးရမှာပူတာ အမိုးရဲ့"

"ဖြစ်ရမယ် သားရယ်"

ဓာတ်ပုံတွေ၊ ပန်းချီကားတွေထဲမှ ကိုယ်စားရှိခိုးနေခြင်းကို သူမကြိုက်။ သူ့မျက်ဝန်းရှေ့မှာ ကြီးမားကျယ်ပြန့်သော တောင်ထွတ်မှ တန်ခိုးရှင်ကိုသာ ကျိုက်ထီးရိုးဘုရားကြီးဟု စွဲမှတ်ကာ အမောဖြေနေသော အထမ်းသယ် ကရင်ငယ်တစ်ဦးသာတည်း။ စာမှာ ရှစ်တန်းရောက်သည်အထိ သင်ခဲ့သည်။ ရှစ်တန်းမှာ ကျောင်းထွက်ခဲ့သည်။

ရွာမှာ အမေကို တစ်ဦးတည်း မထားချင်၍ ဖြစ်သည်။ ထိုကရင်လေးက မေးသောအခါ ကရင်မကြီးက နင့်အဖေ စစ်တွင်းမှာ သေဆုံးခဲ့ပြီဟုသာ ပြောသည်။ ဂျပန်သွေးပါဝင်နေသည်ကို မသိရှိ။ မိမိ၏

www.burmeseclassic.com

မူလဗီဇကို ဘာတစ်ခုမှမသိ။ တံငါနားနီး တံငါ ရွာမှာရှိနေသည့် ကရင်များသာ မိမိ၏လူမျိုး မွေးဖွားကြီးပြင်းသော ကရင်ရွာသည်သာ မိမိကမ္ဘာဟု သိရှိနေခဲ့သည်။ လူ့အရင်းအမြစ် မိမိသွေးအစစ်ကို မသိရှိသဖြင့် အိပ်မက်ထဲပင် ဂျပန်ရာဇဝင်ကို မမြင်။

မမြင်ရလျှင် ကီလေသာ သူ့ဘာသာငြိမ်းနေသည်ဆိုသည့်အတိုင်းပင် မိတ်အင်ဂျပန်ပစ္စည်းများကိုလည်း သူနှင့်မသက်ဆိုင်သကဲ့သို့ လိုချင်လောဘ မရှိ။ မိမိ၏ တစ်ဦးတည်းသောဆွေမျိုး မွေးသမိခင် ကွယ်လွန်လျှင် သူ့ကို ဘုန်းကြီးဝတ်ပေးနိုင်သူ ပေါ်ပေါက်ပါစေဟုသာ ဆန္ဒရှိသည်။

သူလောကီလူ့ဘောင်ကိုရှောင်၍ သာသနာရောင်အောက်မှာ လူဖြစ်ချင်ခဲ့တာက ကျိုက်ထီးရိုးဘုရားဖူး အဖွဲ့တစ်ဖွဲ့မှ ဓာတ်လမ်းပေးရစ်ခဲ့သည်ကို သူ့ဘဝအတွက် ရွေးချယ်မှုလမ်းကြောင်း ချပေးသူအဖြစ် ရှာဖွေနေရသည်။ တစ်ခါမှ ပြန်မဆုံ၍ သူပိုအားမရ ဖြစ်နေသည်။

ရိုးသားကြိုးစားသော ကရင်လူမျိုး အထမ်းသမားတစ်ဦး၏ ဘာသာရေး သက်ဝင်ယုံကြည်လာရခြင်းမှာလည်း စိတ်ဝင်စားဖွယ်မို့ သီးသန့်တင်ဆက်ရေးသားပြပါမည်။ ဘဝတစ်ခုတွင် အစပြု၍ အထုံပါရမီတစ်စက်ချဖြစ်ခဲ့ပါလျှင် တစ်သံသရာလုံး နိဗ္ဗာန်မရမီအထိ အနောက်ကလိုက်၍ အခွင့်စောင့်နေတတ်သည်။ ကုသိုလ်၊ အကုသိုလ်၏ စိတ်တစ်ချက်၊ ဇောတစ်ချက်အကြောင်း ရေးသားပါဦးမည်။

## ဂျပန်နိုင်ငံ
## စစ်ရေးလေ့ကျင့်ကွင်းတစ်ခု

"ဗိုလ်ကြီး ... အားယားကိုစံလေးကို သိပ်ပြင်းထန်တာ လျှော့ပါ"

"အဲ .. အဲဒါကလေ အားယားကိုစံဟာ သူကိုယ်တိုင်က လေ့ကျင့်တာပါ"

"စစ်ရေးပြမှာ သူကျရှုံးရစ်မှာ စိုးပုံရတယ်။ အရမ်းကြိုးစားတဲ့ကလေးမ။ ခက်တာက မူလဗီဇက နူးနူးညံ့ညံ့ သိမ်မွေ့စွာ မွေးဖွားလာခဲ့ပြီးမှ ..."

"အေးလေ ... ဒီနေရာကိုမှ ရွေးချယ်လာခဲ့ရသတဲ့လား"

"ဗိုလ်ကြီးရှိနေတာကိုး။ သူ့ဗိုလ်ကြီးနောက်က အရိပ်လိုပဲ"

"အဲဒါ ကျွန်မကိုယ်တိုင် နားမလည်တဲ့ ပုစ္ဆာပါပဲ"

စစ်ရေးလေ့ကျင့်ကွင်းရှိ လေ့ကျင့်ရေးသင်တန်းမှူးများအားလုံး ငြိမ်၍ စဉ်းစားနေကြတော့သည်။ ဤစစ်ရေးလေ့ကျင့်ကွင်းတွင် အထူးလေ့ကျင့်ခဲ့၍ အောင်မြင်သူကို ဂျပန်နိုင်ငံ၏ စပိုင်လုပ်ငန်းတွင် လျှို့ဝှက်လုပ်ကိုင်မှု ရှိကြသဖြင့် မည်သို့မျှ အပြင်ကို သတင်းမထွက်ပေ။ လေ့ကျင့်မှုများကလည်း အလွန်ဝန်လေးသောကိစ္စများကို ကိုင်တွယ်လေ့ကျင့်ရသည်။ ဒုတိယကမ္ဘာစစ်တွင် ရှုံးနိမ့်ခဲ့ရသဖြင့်လည်းကောင်း၊ အမေရိကန်စစ်သားများ ဂျပန်ပြည်တွင်းမှာ များပြားလာမှုကို စိုးရိမ်ရသဖြင့်လည်းကောင်း၊ ကျွန်းနိုင်ငံဂျပန်မှ လူတော်များလည်း ရှိကြောင်း ပြချင်၍လည်းကောင်း ဤသင်တန်းကျောင်းမှာ လူ့နောက်ကွယ် ကန့်လန့်ကာ ဖုံးလွှမ်းထားကြသည်။ မလွဲမကင်းသာ သိသူများက သတင်းထောက်လှမ်းသူများဟုသာ သိရှိသည်။ ဤသင်တန်း၏ အထူးရွေးချယ်ထားသော လေ့ကျင့်သင်တန်းသားများသည် မိဘနှစ်ပါးစလုံး ဂျပန်တွင်နေ၍ ဂျပန်တွင်သေဆုံးသူဖြစ်ရမည်။ စစ်သက်တမ်း ထမ်းဆောင်ခဲ့ဖူးသော မိဘမျိုးရိုးမှန်ကန်ရမည်။ မည်သည့်အရပ်ဒေသကိုမဆို အားလုံးကိုစွန့်လွှတ်ထားပြီး ချက်ချင်းသွားနိုင်သူလည်း ဖြစ်ရမည်။ မိမိကိုယ်တိုင်မှလွဲ၍ စုံထောက်လုပ်နေသည်ကို မည်သူ့ကိုမှ ဖွင့်မပြောပြရပေ။ ကျား-မ မခွဲဘဲ ကိုယ်ခံပညာရပ်များ အသေအလဲ လေ့ကျင့်ခဲ့ရသည်။

နအိုကီတနကက -

"သူ့မိန်းကလေးပါပဲ"

မိုရိကဝစံက -

"ဘာလဲ၊ မိန်းမအဖြစ် ခွဲစိတ်လာသူ ထင်လို့လား"

ယိုတကုစံက -

"သူ့လုပ်ပုံက စဉ်းစားစရာကိုး"

တိုးမိုကိုစံက -

"ကျွန်မ သူ့ကို ဘယ်လိုနေရာမှာ ဆွဲဆောင်နိုင်ခဲ့တယ်လို့ ရှင်တို့ ထင်မြင်သလဲ"

စကီအိုရှိုစံက -

"နှစ်ယောက်စလုံး ရုပ်လှတယ်"

"နှစ်ယောက်စလုံး မိန်းမပီသခဲ့တယ်"

"နှစ်ယောက်စလုံး ဗိုလ်မှူးမျိုးနွယ်ဖြစ်ခဲ့တယ်"

"နှစ်ယောက်စလုံး အတ္တကင်းကြတယ်။ အဲဒီထဲမှာ တိုးမိုကိုစံက အသက်သုံးဆယ်၊ အားယားကိုစံက အခုမှ နှစ်ဆယ်ဆိုတော့ ဆယ်နှစ်တိတိကွာတယ်။ အမျိုးအဆွေစပ်ဖို့ ညီအစ်ကိုသားချင်းလည်း ပေးဆပ်စရာမရှိဘူး။ စေးဆစ်တော့လည်း သွေးထဲမှာ ဘာမှရောဂါမရှိနေကြဘူး။ ဟော်မုန်းဓာတ်လည်း ပုံမှန်ရှိနေကြတယ်။ ခက်တာပဲ။ ဘယ်နေရာမှာ မှားယွင်းနေခဲ့သလဲ"

"ကျွန်မ သူ့ကို ငယ်ငယ်က မမြင်ဖူးခဲ့ပါဘူး။ ဗိုလ်ကြီးဖြစ်ပြီး သင်တန်းသားအသစ်တွေကို လူတွေ့စစ်ဆေးမှ စတင်မြင်ဖူးခဲ့တာပါ။ သူက ကျွန်မကို ရင်းနှီးသိရှိနေပြီးသား ဖြစ်နေတယ်။ မေးတဲ့အခါ ဘာမှပြန်မပြောဘူး။ နှုတ်လုံတယ်။ သူက ကျွန်မရဲ့နောက်က ဘာကြောင့်

www.burmeseclassic.com

ကောက်လိုက်ပြီး ကျွန်မ ဘာလိုအပ်နေသလဲ၊ ကူညီဖို့အသင့်ရောက်လာတတ်တဲ့အတွက် ထူးဆန်းနေတယ်။ ကျွန်မဆီမှာ သူ့ဘာများလိုအပ်လို့လဲဆိုတာ သိချင်လှပြီ။ ဘာအခွင့်အရေးမှ မတောင်းဆိုဖူးတဲ့ ကလေးမပဲ။ ကျွန်မပြဿနာက သုံးနှစ်ပြည့်တော့မှာ။ ဝိုင်းပြီးစဉ်းစားကြပါဦး"

"အေးလေ ... ငါတို့အားလုံးအသိပဲ"

"သူသာ ယောက်ျားလေးဆိုရင်လည်း လက်ထပ်ခွင့်တောင်းဖို့ကိစ္စ ထည့်စဉ်းစားရမယ်။ လူမျိုးခြားလည်း မဟုတ်တော့ သကင်းနှိုက်ယူသူ မဖြစ်နိုင်ဘူး။ ငွေကြေးလည်း သုံးစွဲနိုင်သူဖြစ်နေတော့ အကြွေးရှင်လည်း မဟုတ်။ ဒီကလေးမ အားယားကိုစံက ဦးနှောက်ချောက်ချားနေရပြီ။ သူ့ကြည့်ရတာ သနားကမားပုံနဲ့"

"အထူးသဖြင့် ဗိုလ်ကြီးရဲ့ ကာယလေ့ကျင့်ခန်း သင်တန်းမှာ သူ့ခမျာ ချွေးရဲရဲထွက်ပြီး မျက်နှာရအောင် ကြိုးစားနေလိုက်ပုံများ သနားလွန်းလို့ အခုလို သိပ်ပြီးမတင်းကျပ်လွန်းဖို့ ပြောနေရတာပေါ့။ သူတို့လည်း ကျောင်းဆင်းရတော့မယ်။ သူတော်တာက ကွန်ပျူတာ အထူးပြုမှုတွေ သိပ်တော်တာပဲနော်"

"ကဲ .. ငါတို့ အနားယူချိန်တောင်ကုန်တော့မယ်။ သင်တန်းခန်းမထဲ ဝင်စို့။ ဒီအဆောင်လေးလည်း ငါတို့ ဆယ်နှစ်ဆယ်မိုး ခိုအောင်းထားပြီးမှ ခွဲခွာရတော့မယ့် အချိန်နီးလာပြီ။ လုပ်သက်ဆယ်နှစ်မှာ ခရီးစထွက်ရမယ်နော်။ လွမ်းရတော့မယ်"

"မခွဲမီထဲက လွမ်းလို့နေပြီနော်။ ရာသီဥတုကြောင့်ထင်ပါရဲ့"

"ဝေးမြေကနေ တိုင်းပြည်ကို အလုပ်အကျွေးပြုကြမယ်လေ"

"ခါတိုင်း နှစ်သစ်ကူးပိတ်ရက်ရောက်ရင် အားရပါးရ နားရလို့ သိပ်မျှော်လင့်နေခဲ့တာ။ ဒါပေမဲ့ ယခုလာမယ့် နှစ်သစ်ကူးရက်ပြီးရင် ငါတို့ခွဲရဖို့ သေချာနေပြီမို့ ပိတ်ရက်ကို မပျော်ချင်ဘူး။ စိတ်မောရတယ်။ ပုထုဇဉ်စိတ်တွေနော်"

"သမီးရည်းစားဖြစ်နေတဲ့လူတွေ လက်ထပ်ခွင့်မြန်မြန်တင်ပြီး ယူကြ"

လူ့ဘဝ၏ ရှေ့ရေးကို တွေးပြောကြကာ ငိုင်သွားကြသည်။ နွေစဉ် တစ်မိုးတစ်ကာအောက်ထဲတွင် ခက်ခဲပင်ပန်းသော စာပေများ သင်ကြ၊ ကာယလေ့ကျင့်ကြ၊ သေနတ်အပစ်ကျင့်ကြ၊ ထမင်းစားဆောင်တွင် အတူတူစားနေကြမို့ သွေးမတော်သော်လည်း စိတ်များ သံယောဇဉ်နှယ်ကြသည်။ သံမဏိလေ့ကျင့်ခန်းများလုပ်ဆောင်နေရင်း အသည်းနှလုံး မမာကျောနိုင်ဘဲ ဖြစ်နေကြသည်။

## အီကဲဘုကုရို့ခရိုင် ခါနဲမဲချိုးရပ်ကွက်

"မမလေး ... ခြံတံခါးဝမှာ တွေ့ခွင့်တောင်းနေပါတယ်"

"ဟယ် ... နှင်းမုန်တိုင်းကြီးထဲမှာ ဘယ်သူတဲ့လဲ"

"အားယားကိုစံ ဖြစ်ပါတယ်"

"ဟယ် ... ဝင်ခွင့်ပေးလိုက်"

ဒီဇင်ဘာနောက်ဆုံးပတ်တွင် ခါတိုင်းနှစ်များကဲ့သို့ ဂျပန်တွင် ဖြူလွလွနှင်းပွင့်များ မိုးကဲ့သို့ ရွာချခံနေရသည်။

တိုးမိုးကိုသည် တံခါးဝကို ထွက်ခဲ့၏။

"အားယားကိုစံ၊ ဒီလောက်ချမ်းနေရဲ့နဲ့ ဘာဖြစ်လာတာလဲ"

"အားနာပါတယ်။ ဝင်တွေ့ခွင့်ပြုတာကျေးဇူးတင်ရှိပါတယ်။ အရေးတကြီးတောင်းဆိုစရာရှိလို့ပါ"

"အထဲဝင်။ အပူစက်ဖွင့်ထားတယ်။ ထိုင် ..."

တခိုက်ခိုက်တုန်နေသော သင်တန်းဝတ်စုံနဲ့ မိန်းကလေးကို ကြည့်ရင်း ရွေးချယ်ရေးဌာနမှ ပြေးလာသူမှန်း အလိုလိုသိသွားသည်။

"အို ... ဘာလို့ ဒူးထောက်သလဲ။ ထ .. ထ"

"တောင်းဆိုပါတယ်။ မမရွေးချယ်ထားတဲ့ တရုတ်ပြည်မှနေ၍ မြန်မာပြည်ကို ပြန်ပြင်လျှောက်ပါ။ အခု အချိန်မီသေးတယ်"

"ဘာကြောင့်လဲ၊ ဘာအတွက်လဲ"

"သိချိန်ရောက်ရင် ပြောပြမှာပါ။ အခုက လက်ခံမှာမဟုတ်လို့ ဒီအတိုင်းပဲ လုပ်ဆောင်ပေးပါ။ မမှားစေရပါဘူး"

"ကိုယ်ရေးကိုယ်တာ ဝင်စွက်ဖက်မှုက ..."

"ဒီလိုမတွေးပါနဲ့။ အားလုံး မမရဲ့ဘဝရေးပါ။ ပြောဖို့အမိန့်မရသေးလို့ သည်းခံပေးပါ။ သိပ်မကြာတော့ဘူး။ ပြောပြမယ် ..."

"ဘယ်တော့လဲ"

"ကျွန်မ အသက်နှစ်ဆယ်ပြည့်တဲ့နေ့။ နောက်သုံးလမှာပါ"

"ငါ အဲဒီကိစ္စရွေးတာက သင့်တော်လို့ပဲ။ ငါတတ်တဲ့ သိုက်ကျိုသိုင်းဟာ တရုတ်ပြည်မှ လာလို့ပဲ။ မြန်မာပြည်ကို ငါက ဘယ်လိုကိစ္စနဲ့ ရွေးရမှာလဲ။ အကျိုးက ဘယ်သူ့အတွက်လဲ ..."

"ကွန်ပျူတာမှ စစ်ဆေးခဲ့ပြီးပါပြီ။ နိုင်ငံခြားဘာသာသင်တန်းကို ဆရာမအဖြစ်နဲ့ သွားပါ။ အေးချမ်းတဲ့နိုင်ငံမို့ ဘာလှုပ်ရှားမှုမှမလုပ်ရဘဲ လုပ်သက် နှစ်နှစ်ပြည့်ရင် ပြန်ခဲ့ပါ။ လက်တွေ့လုပ်သက်ရရုံပါပဲ"

"တော်တော် ဆရာကြီးလုပ်"

"အားလုံး မမရဲ့ဘဝ ကောင်းဖို့ဖြစ်လာမှာပါ"

"သိချင်လှပြီ"



www.burmeseclassic.com

www.burmeseclassic.com

"မမ သင်တန်းကာလနဲ့ ဗိုလ်ကြီး သင်တန်းမှူးအဖြစ် ဆယ်နှစ်လုံးလုံး သည်းခံနိုင်ခြင်းကို ကျေညက်ခဲ့ပြီးသူပါ။ အသက်သေလုနီးပါး နှိပ်စက်တဲ့ ရန်သူ့ လက်တွင်း ရောက်နေတောင် မိမိထံမှ အရေးကြီးသတင်းကို လုံးဝ မပေါက်ကြား အောင် သည်းခံနိုင်မှုရှိတဲ့ လေ့ကျင့်ခန်း တွေ အောင်မြင်ပြီးစီးခဲ့သူပါ။ ယခုကိစ္စက မမသည်းခံနိုင်စွမ်းရည် ထပ်ဖြည့်ရုံပါပဲ မမရဲ့"

"အသိရခက်တဲ့ ကိစ္စပဲ"

"မမ လုပ်နိုင်ပါတယ်။ စွမ်းရည် သတ္တိကို သိရှိယုံကြည်ပါတယ်။ အခု လာ ရောက်တောင်းဆိုခြင်းဟာ နောင်တမရှိ စေရဘူး။ အကျိုးမဲ့လုပ်လေ့လုပ်ထ မရှိခဲ့ တဲ့ နိုင်ငံအဖွဲ့နဲ့ချည်ပြီး သစ္စာဆိုဝံ့ပါ တယ်။ တောင်းဆိုမှုကို လိုက်လျောပေးပါ မမရယ် ..."

## မြန်မာပြည်သို့ရောက်ခဲ့ပြီး တစ်နှစ်ခန့်အကြာ

"ဆရာမ ... လာမယ့်တနင်္ဂနွေ ပိတ်ရက်မှာ ဆွမ်းစားကြွပါ"

"အေး .. လေ့လာရေးနဲ့ မြန်မာ စားစရာ အတွေ့အကြုံပေါ့"

"ဒီမှာ ဖိတ်စာ။ လိပ်စာက ကား မောင်းသူ သိပါတယ်"

"ကောင်းပြီ။ ဆက်ဆက်လာခဲ့ မယ်။ စောင့်နေ"

တပည့်တစ်ဦး၏ ဖိတ်ကြားမှုအရ ဆွမ်းစားသောင်မှုနေ၍ ယောဂီအားထုတ် နေမှုကို လှည့်လည်ကြည့်နေစဉ် ...

"ဟင် ..."

အမှတ်တမဲ့ မိမိမျက်နှာနဲ့ အတော် ဆင်တူသော မြန်မာဘုန်းကြီးတစ်ပါး ဆွမ်းဘုဉ်းပေးနေသည်ကို တွေ့ရသည်။ သူက ယောက်ျား။ ဘုန်းကြီးဝတ်နဲ့ မြန်မာ ပြည်သားဖြစ်နေတာကလွဲပြီး မိမိနဲ့ ရုပ်ပုံ သဏ္ဌာန် အတော်တူသဖြင့် ထိုင်၍ကြည့် ညိုနေမိသည်။ သွေးများသည်လည်း သွေးချင်းတွေ့၍ ဆူလာ၏။ ဘာမှန်းမသိ သော်လည်း နှလုံးခုန်နေမှုသည် တစ်ဦးနဲ့ တစ်ဦး ထပ်တူညီမျှကျနေခြင်းကို သိရှိ နေကြသည်။ အေးမြသော ၅၂၈ သွယ် မေတ္တာဓာတ်များ စီးဆင်းရင်း စကားပြော ခွင့်၊ ရင်းနှီးခွင့်ရခဲ့သည်။

သွေးက စကားပြောပေပြီ။

မိမိမေးသမျှကို ပြန်လည်ဖြေကြား ရင်း ထွက်ခွာသွားသော ရဟန်းတစ်ပါးကို မိုင်ပေါင်းများစွာ ဝေးကွာသော အရပ်မှ မိမိလာခဲ့ခြင်းကိစ္စသည် တစ်နည်းနည်း တော့ ဆက်သွယ်နေခဲ့ပြီဟု အထပ်ထပ် သတိပေးနေမိသည်။ စုံထောက်လုပ်ငန်း ၏ ဝါသနာနဲ့ လေ့ကျင့်မှုများကြောင့်လား ဟုလည်း ဆန်းစစ်နေမိသေးသည်။ အလှူ ဖိတ်ထားသူများနဲ့ အတူစားနေခဲ့သော် လည်း ဂျပန်သို့ပြန်သွားချင်လှပြီ။

"ထိုထိုရှေးကံ၊ ပြုစီမံ၍ လူ့ထံနတ် ဆီ၊ ဖြစ်ရပြီလည်း။ ကဗျည်းကာရ၊ အာဟာ ရမှ၊ ကာလအရှည်၊ သက်ဆုံးတည်၏" ဆိုသကဲ့သို့ ဤခန္ဓာ တည်တံ့ဖို့အတွက် မှာ အစာစားရမှုလည်း ဖြစ်မည်မို့ ကြိုး စားကာ မြန်မာထမင်းဟင်းအား စားခဲ့ရ သည်။ ဦးနှောက်တစ်ခုလုံးတွင် အစီအစဉ် များနဲ့ ပြည့်သိပ်နေခဲ့ပြီ။

အမြန်ဆုံး ချယ်ရီပွင့်ရာ ဂျပန်မြေ ကို ပြန်ရမည်။

ဂျပန်ရောက်ရောက်ချင်း ဘာမှန်း မသိတဲ့ပြဿနာကို ဖြေရှင်းရမည်။ ပြဿ နာများကို နှငယ်ပျိုမျှစ်သည့် အားယားကို စံ အခြေခံသိရှိလိမ့်မည်။ သူ့သိပြီး မိမိ မသိခဲ့ခြင်း၊ မိမိထံ၌ ကာယကံရှင်မကျူး လွန်ဘဲ အပြစ်တစ်ခုခုရှိနေနိုင်ခြင်းသည် မိမိအား မြန်မာ့မြေမှ ထပြေးခိုင်းသော ဝီစီမှုတ်အချက်ပေးသံ ဖြစ်နေသည်။ မိမိ ရုပ်လွှာနဲ့ တစ်ထပ်တည်းတူနေပါသော လူသားမျိုးနွယ်တစ်ဦးအတွက် မိမိရှေ့ လောကြီးနေ၍ မဖြစ်သေး။

"ဆရာမ ... မြန်မာစားစရာ ဝေ ဖန်ညွှန်ကြားပါဦး"

"ကောင်းတယ်။ စားတဲ့အခါ ဆီ နည်းနည်းများတယ်လို့ ခံစားမိတယ်။ ဒါနဲ့ ခုနက သံဃာတော် ဆံရိတ်ထားတဲ့ ဆံပင်ကို တောင်းပေးပါလား။ အခက်အခဲ မရှိနိုင်ဘူးမဟုတ်လား"

"ရရမှာပေါ့ ဆရာမရယ်"

ထိုသံဃာတော် ဆံချထားသော ဆံပင်ကို မိမိတို့ ဓာတ်ခွဲခန်းတွင် စစ် ဆေးရမည်။ မိမိမေးစဉ်က မိမိယခု အသက်နဲ့ မွေးနေ့များ။ ရုပ်ပုံလွှာများတူ နေခြင်းကို မိမိသာသိပြီး မျက်လွှာချထား သောရဟန်း ဘာမှသိမှု မရှိနိုင်။ အရာ အားလုံးကို သိရှိခြယ်လှယ်ခဲ့သောသူက ကံကြမ္မာဓာတ်ဆရာ။ ဤအရာအားလုံး ကို ဖုံးထားခြင်းငှာ မစွမ်းသာအောင် အစ ဆွဲမိလျှင် ဆုံးအောင် လုပ်ကြည့်တတ် သည့် စုံထောက်ပညာကို သင်ယူအောင် စီမံခဲ့သူပါလား။ အတော်ကြောက်ဖို့ ကောင်းတဲ့ လူသားများ၏ဆရာ၊ ကံ ကြမ္မာ ...။

## ဂျပန်ပြည်လေဆိပ်

မိမိနိုင်ငံတော်ကို ပြန်ရောက်သည် နှင့် လျှို့ဝှက်ကတ်ပြားကို ထုတ်ပြပြီး မည် သူ့အစစ်အဆေးမှ မခံယူဘဲ လေယာဉ် ကြီး ဘီးချသည်နဲ့ ကွင်းထဲဆင်းပြေးပြီ။

EXIT အိတ်ဇက် အပေါက်ဝတွင် ကြိုလင့်နေသော အားယားကိုစံသည် အပြေးဆီးကြိုစောင့်နေသည်။

"ဖြည်းဖြည်း ... မမ။ ဒီကိစ္စ လူ သိဖို့မလိုဘူး"

"နင်ပဲသိထားရမှာလား"

"အခု မမသိရတော့မယ်။ လာ လာ"

www.burmeseclassic.com

ကြိုစီစဉ်ထားသော လူနာတင်မော်တော်ကားနဲ့ ပုံစံဆင်သည့် စစ်ရုံးမှ ကားတစ်စင်းပေါ် ရောက်လာသည်။

"ဟဲ့ ... ဒီကားကို"

"အို ... လေယာဉ်ပေါ်က မမလာမ်းအကြောင်းကြားတော့ ကျွန်မ လက်နက်တပ်ဆင်တဲ့ လေ့ကျင့်ကွင်းထဲမှာ။ ဒီကားဘော်ဒီထဲ နောက်ဆုံးပေါ် လက်နက်တွေကို တစ်စစီ တပ်ဆင်ကြည့်နေရချိန်ကြီးလေ။ ဘာမှ ကြိုမစီစဉ်နိုင်တော့ ဒီစစ်ကားကြီး ဆွဲချလာခဲ့ရတာပေါ့"

"ကောင်းတော့ကောင်းတယ်၊ အခု ဒီအခန်းထဲမှာ နင်က ရှင်းပြမယ့် ပြဿနာကို စပြောတော့။ သိချင်လှပြီ"

"ဟုတ်မှာပေါ့။ ချက်ချင်းထပြေးနေတဲ့ပုံကို ကြည့်တာနဲ့သိပါတယ်။ မမရဲ့ အဖေနဲ့ ကျွန်မရဲ့အဖေကလေ။ ဒီလို ... ကျွန်မအမေက ကူညီခြင်း၊ အမိန့်နာခံခြင်း သက်သက်နဲ့ ဒီလိုလို ... တဲ့၊ ဘယ်သူ့အပြစ်တင်မလဲ။ မှာတယ်လို့ ဆုံးဖြတ်မလား"

"နင် ဘယ်တုန်းက စသိခဲ့သလဲ"

"ဖေဖေမဆုံးမီ ... ကျန်းမာရေးမကောင်းချင်တော့ အားလုံးဖွင့်ဟပြောပြတယ်။ မေမေလည်းသိပြီး ကျွန်မက မမကို ကူညီခွင့်ရအောင် သူပါလိုက်လျောပေးခဲ့တယ်။ မေမေသဘောတူတဲ့ အိမ်ထောင်ယူရမယ့် ကျွန်မကို ဒီကိစ္စပြီးတဲ့အထိ ခွင့်ပေးခဲ့တယ်။ မေမေတို့ဩဇာက ဗိုလ်မှူးဟောင်းကတော်ဆိုတာထက် ရှေးတုန်းကနင်ဂျာမျိုးရိုးရှိခဲ့တော့ မမမသိပေမဲ့ မမရဲ့အရိပ်လို ကျွန်မလိုက်နေနိုင်အောင် ပံ့ပိုးကူညီခဲ့တာက မေမေပါပဲ။ ကြည့် ... ဒီကားကို လေဆိပ်အထိ ဆွဲလာနိုင်ခဲ့တာကြည့်။ မမရဲ့အဖေ သူ့ကလေးကို သူခိုးတဲ့အချိန်တုန်းက လေယာဉ်ပျံတစ်စီးလုံးမောင်းလာခဲ့တာ ကျွန်မဖေဖေပေါ့။ ကလေးနှစ်ဦး အမြွှာမောင်နှမဖွားမြင်မှန်းမသိအောင် ခြေရာလက်ရာဖျောက်ဖျက်ခဲ့တာလည်း ဖေဖေပဲ၊ အရမ်းတာဝန်ကြီးတဲ့ကိစ္စနဲ့ မမရဲ့အဖေ ပြည်တော်ပြန်ဖို့ လျှို့ဝှက်စွာ လာခေါ်တာ။ စစ်အတွင်း ကလေးနှစ်ဦးနဲ့ ဒုက္ခမရောက်စေဖို့လည်း သနားတာပါတယ်။ အမေက သားကိုယူရစ်ပြီး ဂျပန်အရောက် မမကို ခိုးယူနိုင်အောင် စီမံကြတယ်လေ"

"ဟဲ့ ... အခု အသက်ကြီးနေပြီဖြစ်တဲ့ ငါ့ဂျပန်အမေက ငါဟာ သူ့သမီးမဟုတ်တာ သိသလား။ အေးလေ .. သူ့ဗိုက်ထဲကမှ မမွေးခဲ့တာ။ နေပါဦး ... ဒါဆို ဂျပန်ရောက်မှ ဖေဖေအိမ်ထောင်ပြုပြီး သားသမီးမယူခဲ့တာ ဒီကိစ္စရှိနေလို့လား။ ငါတို့မှာ ရှိသမျှစည်းစိမ်ဥစ္စာက ငါတစ်ဦးတည်းမှ အမွေခံထိုက်ရဲ့လား။ မြန်မာဘုန်းကြီး ငါ့အမျိုးက သူခံစားရမှာ မဟုတ်လား။ တို့နှစ်ယောက် ဘယ်သူအကြီးတဲ့လဲ"

"ဗိုက်ခွဲပြီး တစ်ယောက်စီ ကလေးဆွဲထုတ်ယူခဲ့တော့ ကြီးတာ၊ ငယ်တာ ဘယ်ရှိမလဲ။ အတူတူမွေးတာပဲပေါ့"

"ဘုန်းကြီးနဲ့ သူ့အမေ မသိခဲ့ဘူးပေါ့"

"မမတောင်မှ ခုမှသိတာကို"

"အသိပေးရမယ့်တာဝန် ... ရှိသလား"

"ဒီအတိုင်းထားပါး"

"ဘာ ..."

"သူငြိမ်းချမ်းစွာ နေပါစေ"

"ငါ့မှာ အမေရှိသေးသလား"

"ပြန်သွားမေး"

"နင် ငါ့နောက် အရိပ်လိုလိုက်နေခဲ့တာက"

"ဒီကိစ္စ ရှင်းပြမလို့"

"ဒီကိစ္စသိတာ ဘယ်နှယောက်လဲ"

"မမရဲ့အဖေ၊ ကျွန်မရဲ့ အဖေနဲ့ အမေ၊ ကျွန်မ၊ မ၀ ..."

"ငါးယောက်ပဲလား"

"ဂျပန်က မ၀ရဲ့ အမေက အားလုံးမသိဘူး။ ကလေး၈စ်ဦး ဗိုလ်မှူးဆေးပညာရှင်မှာပါလာတယ်။ သိစေချင်လျှင်ဖွင့်ပြောမယ်၊ မသိစေချင်တော့ သူ့မာနရဲ့ ခွင့်ပြုချက်နဲ့ ဒီ၈တိုင်းနေတယ်"

"မှန်တယ်။ ဒီလိုမှ နီဟွန်းသွေး"

ကားရပ်သွားသဖြင့် အပြင်ကို မေ့နေရာမှ ကြည့်မိသည်။

"ဟဲ့ ... နင်တို့ခြံထဲရောက်နေပြီ"

"မှန်တယ်။ မမ အနားရမယ်။ စဉ်းစားရဦးမယ်။ ဆုံးဖြတ်ချက်ချရမယ်။ မေမေနဲ့ ဆွေးနွေးနိုင်အောင်ပါ"

"တော်တယ်။ နင်သိပ်တော်တယ်"

"ဖေဖေ့သမီးလေ"

## ဂျပန် ကပ်ကျိုးယန်း ကြယ်သုံးပွင့်ဟိုတယ်

ရိုးရာ ဂျပန်ဝတ်စုံများ ဝတ်ဆင်ထားသော ငွေကြေးပြည့်စုံပုံရသည့် လူအယောက်ငါးဆယ်မျှ စုဝေးရောက်ရှိလာကြသည်။ ထိုခန်းမတစ်ခုထဲသို့ ဝင်ရောက်ခါနီးသောအခါ တံခါးပေါက်အပြင်ဘက်တွင် မီးထွန်းညှိထားသော လူတစ်ရပ်နီးပါး စာလုံးကြီးအား လာသမျှလူအားလုံးက အရှိအသေပြုသကြသည်။ တချို့က ကိုင်ထားသော ယပ်တောင်ကို လျှပ်တစ်ပြက်ပုံသဏ္ဌာန်တစ်ခု အဖွင့်အပိတ်လုပ်ပြသည်။ တချို့က ခါးကို ညွှတ်ပြီး ကီမိုနိုကို ဆွဲဆန့်ပြသသည်။ တချို့က ဦးထုပ်မလိုက်ပြီး စီးခဲ့သော ဂျပန်ခုံဖိနပ်ကို မသိမသာ ဆောင့်နင်းချပြသည်။

၎င်းကား နင်ဂျာအဖွဲ့သားများ တည်း။

ဂျပန်ပြည်တွင် မြန်မာပြည်ကဲ့သို့

www.burmeseclassic.com

ရှေးတုန်းက သွေးသောက်သစ္စာဆိုအဖွဲ့များ ရှိခဲ့ကြသည်။ နင်ဂျာများ၊ ယာကူဇာများ ကတိသစ္စာကို တန်ဖိုးထားခဲ့သူများ၏ တော်လှန်ရေးတံဆိပ်များတည်း။

လူစုံသောအခါ အလှူအသီးသီးတွေ၊ ပုံစံအမျိုးမျိုးနဲ့ ဘဝကို ရှင်သန်ကျင်လည်နေသောအဖွဲ့ကြီးအား အလှည့်ကျ တာဝန်ရှိသူက –

"မိတ်ဆွေတို့ ..."

"မိတ်ဆွေတို့ ..."

ဟု အပြန်အလှန်နှုတ်ဆက်ကြသည်။ ထို့နောက် –

"မဆုံရတာ အတော်ကြာခဲ့ပြီ။ အသက်ကြီးလာခဲ့ကြလို့ တချို့လည်း ကျန်းမာမှုမရှိကြတာသိရတာ အတော်ဝမ်းနည်းစရာပဲ။ အခု အရေးတော်ပေါ်လာလို့ ပြန်ဆုံဖို့ စီစဉ်ခဲ့ရတယ်။

သိပ်ရှည်ပြီး ရှင်းမနေတော့ဘူး။ ကျွန်မတို့ရဲ့ ခေါင်းဆောင်ကြီးရဲ့ သွေးသားအရင်းတစ်ဦးဟာ မြန်မာ့မြေမှာ ရှင်သန်နေပါတယ်။ သူ့ကို ကူညီဖို့ရယ်၊ ကျွန်မတို့က တိတ်တဆိတ် အသိအမှတ်ပြုဖို့ရယ် လိုအပ်ပါတယ်။ သူဘာမှသိဖို့မလိုဘူး။ သူက သူ့ရဲ့ထုံးစံအတိုင်း ကမ္ဘာကြီးငြိမ်းချမ်းဖို့ ဆုကောင်းရင်းနဲ့ ဘဝထွက်ပေါက်ကို လျှောက်သွားပါလိမ့်မယ်။ ကျွန်မတို့ကသာ ဟောဒီက သူ့ရဲ့ အမြွာအကူအညီတောင်းခံလာလို့ လုပ်စရာရှိတာ လုပ်ကြရမယ်။

သူက သူ့ရဲ့မိဘတွေ ဆုံးပါးသွားကုန်ပြီ။ ဆွေမျိုးများအားလုံးဟာလည်းပဲ စစ်အတွင်းမှာ ရှားပါးပျောက်ကွယ်ကုန်ပြီဆိုပြီး ဝတ်ကြောင်ကိုစွန့်ခွာသွားခဲ့ပြီးပြီ။

ကျွန်မတို့အားလုံးက ခေါင်းဆောင်ကြီးရဲ့ သွေးသားကို ရပ်ဝေးနေငြား ကျွန်မတို့သွေးသားအဖြစ် တံဆိပ်ခတ်နှိပ်ထားကြမယ်။ သေဆုံးသွားတဲ့ခေါင်းဆောင်ကြီးကိုယ်စား သူ့ကို အရိုအသေလေးစားကြမယ်။ သူ့စကားကို ခေါင်းဆောင်ကြီးကိုယ်စား နားထောင်ပေးသွားကြမယ်။ သူမသိခဲ့တဲ့ သူ့သွေးသောက်ရဲဘော်များ သူ့နောက်ကွယ်မှာ သူ့ကို အရိပ်မိုးပေးကြမယ်။ လျှို့ဝှက်ချက်ဆိုတာ ကြမ္မာစီစဉ်လိုက်တဲ့အတွက် သူကတော့ မသိရှာဘူးပေါ့။ သိပ်သနားစရာပဲ။ သူ အားငယ်နေမလား၊ အထီးကျန်နေမလား။ သူကိုယ်တိုင် ဘယ်ကဆင်းလာခဲ့မှန်းတောင် မသိရှာပေဘူး"

စကားသံမှာ ငိုသံပါလာခဲ့သည်။ အားလုံးမျက်ရည်ဝဲကြသည်။ သူတို့ထံ ရောက်နေခဲ့ပြီးဖြစ်သော ဖိတ်စာတွင် ဤကိစ္စကို အကြောင်းကြားထားပြီးသားမို့ ဓာတ်လမ်းအားလုံး သိရှိနေကြသည်။

"ဘယ်လိုစီစဉ်ထားသလဲ"

"သွေးသားရင်း မှန်ကန်တယ်နော်"

"သနားစရာကို ထပ်မပစ်ထားနဲ့။ သွားဆွဲခဲ့ ..."

"ဓာတ်ပုံရှိသလား"

"ကဲ ... ငြိမ်ကြ။ သွေးသားမှန်ကန်ကြောင်း ဆေးစစ်နဲ့ သူ့ဓာတ်ပုံကို ဝေငှမယ်။ ကြည့်ကြ။ သွားခေါ်ခဲ့လို့က မဖြစ်တော့ဘူး။ သူရှင်သန်ကြီးပြင်းခဲ့တဲ့ ဘဝတစ်သက်ရဲ့ အရင်းအမြစ်က သူ့ကို လူ့အသက်တစ်ချောင်းတည်းနဲ့ နေထိုင်မှုဘဝပုံစံ ပြောင်းခဲ့ပြီလေ။ သူဝတ်ထားတဲ့ ထေရဝါဒ ဗုဒ္ဓသားတော်ဟာ တို့ဆီမှာနေဖို့ သိပ်အဆင်မပြေပါဘူး။ သူ့ စာကျက်၊ စာတက်၊ ကမ္မဋ္ဌာန်းထိုင်တဲ့ ဘဝလှုပ်ရှားမှုက သူ့ပတ်ဝန်းကျင်နဲ့ အံကိုက်တဲ့ ထေရဝါဒပြည်မှာ ပိုအသက်ဝင်ပါလိမ့်မယ်။ ကဲ .. မကြာမီ သူ့ကိုအားပေးဖို့ အားလုံး မြန်မာပြည်ကြီးကို အလည်သွားကြပါစို့"

"ဘယ်လိုပုံသဏ္ဍာန်နဲ့လဲ"

"သူ့ကို ကျောင်းတစ်ဆောင်သောက်လှူမလို့။ မြေကို အားယားကိုစ်နဲ့ တိုမိုကိုစ်တို့ ဝယ်ခဲ့ပြီးပြီ။ ထီးတင်ပွဲနဲ့ ရေစက်ချကျောင်းလွှတ်ပူဇော်ပွဲကို ချီးမြှင့်ကြမယ်"

"သူ့ကျောင်းက ဘယ်လိုနေရာမှာလဲ"

"ရန်ကုန်တိုင်းရဲ့ လှည်းကူးမြို့အဝင် တည့်တည့်မှာပဲ"

"သူဘာတွေသိသလဲ"

"ဘာမှ မသိဘူး။ ကျောင်းလှူတယ်ပဲ သိတယ်"

"ခေါင်းဆောင်ကြီး ဝမ်းသာနိုင်ပါစေ"

ဂျပန်များ၏ စိတ်ဓာတ်နဲ့ ယုံကြည်မှုကလည်း ဆန်းပေ၏။

မြန်မာ့စေတီတစ်ဆူအား နိုင်ငံခြားသားများ လေယာဉ်နှစ်စင်းဖြင့် လာခဲ့ကြသည်။ သာသနာကို ထောက်ပံ့လှူဒါန်းခဲ့ကြသည်။

ပြင်ပ လူသားအားလုံးက သာသနာကို ကြည်ညို၍ လာပါသည်ဟု ထင်မြင်ကြသည်။

အမှန်က သွေးကစကားပြောသဖြင့်သာ သွေးရှိရာ သွေးချင်းစီးဝင်လာသည်။

ရှေးရိုးရာကို လက်ခံခဲ့သော လူမျိုးနွယ်တစ်စု၏ လှုပ်ရှားမှုမှာ အမြင်မှာလှ၍ ရာဇဝင်မှာ စာတင်ရပါသည်။

လှည်းကူးမြို့အဝင်မှာ သူတို့ကျောင်းကြီးက ဟီးထအောင် ကောင်းပါသည်။ ထီးတင်ပွဲတွင် သံဃာတစ်ထောင်တိတိ ပင့်၍ ဆွမ်းကပ်သည်။ သင်္ကန်းဒွိစုံ ကပ်လှူသည်။

ဂျပန်ပြည်တွင် မလာဖြစ်သူများအား ပြနိုင်စေဖို့ ထီးတင်ပွဲနေ့တွင် ဂျပန်ရိုးရာဝတ်စုံ ကီမိုနိုကာလာစုံနဲ့ ဆွမ်းဆန်စိမ်းကို လောင်းကြသည်။ ကရင်ရွာသားများနဲ့ နီးစပ်ရာမြို့သားအားလုံးကို သက်

www.burmeseclassic.com

သတ်လွတ် ထမင်းဟင်းကျွေးသည်။ လိုက်ပွဲများ ပိုလျှံနေအောင်ထည့်သည်။

## ပြည်တော်ပြန်ကြမည့်နေ့

ဦးဆောင်လာသူက စိစဉ်ထားသဖြင့် တရားပွဲလုပ်သည်။

ဤတရားပြီးဆုံးလျှင် ဆွေမျိုးများတို့သည် ဂျပန်ပြန်သွားကြရတော့မည်။ နောင်ဘယ်တော့ပြန်ဆုံမလဲ၊ မသိနိုင်ကြ။

တိုမိုကိုစံနဲ့ အားယားကိုစံတို့သည် တစ်ဦးနဲ့တစ်ဦး ဖေးမလျက် မျက်ရည်ကျနေသည်။ သူတို့နှစ်ယောက်သည် သံမဏိစိတ်ဓာတ်ကို ရိုက်သွင်းခံခဲ့ရသော ခေတ်သစ် စုံထောက်မယ်နှစ်ဦး ဖြစ်ကြသည်။ ဆယ်နှစ်ဆယ်မိုး သင်ယူလေ့ကျင့်ထားခဲ့သော သံတွေခဲ၏ အသည်းမယ်များ။ လူအများရှေ့မှာ မိမိရင်တွင်းမှ ခံစားချက်ကို မထိန်းသိမ်းနိုင်လောက်အောင် ဝမ်းနည်းနေမှုရှိလျှင် အဖြစ်အပျက်သည် အဘယ်မျှ ကြေကွဲဖွယ်ဖြစ်သည်ကို သိနိုင်စွမ်းရှိသည်မဟုတ်။ သို့သော် နှင်ဂျာကြီးများ ရိပ်မိထားကြသည်။

တစ်ဖက်လူကို ဖွင့်မပြောသာဘဲ မြေခြားရေခြားတွင် တစ်ပါးတည်း ထားရစ်ခဲ့ရတော့မည်။ ကာယကံရှင်တစ်ဦးက ဘာမှမသိ။ တကယ့်ဖြူစင်အောင် ဘဝကို ကြိုးစားနေရစ်သည်။ ရွှေငွေရာထူး ဂုဏ်သိက္ခာ သူဘာမှ မလိုအပ်ပါ။ သူ့တွင် အမှန်တကယ် မိဘအမွေအဖြစ် ဂျပန်ပြည်တွင် ရှိနေနှင့်သော စည်းစိမ်ဥစ္စာရှိမှန်းလည်း သူမသိရှိပါ။ မသိခြင်းကလည်း သူ့စိတ်ကို အနှောင့်အယှက် ကင်းစင်စေခဲ့ပြီ။

တရားပွဲစပြီ။ နားထဲ ဘာမှမဝင်။

တရားပွဲသိမ်းပြီ။ တရားရရန် ဘာမှမကျန်။

အားလုံး အပူမီးများကြောင့် မျက်နှာညှိုးရော်နေကြသည်။ နှင်ဂျာအဖွဲ့မှူးတစ်ဦးက –

"ဒိုး ..."

"ဘယ့်နှယ်လဲ"

အားယားကိုစံ၏ အမေက –

"ချောတို" "ခဏလေး"

အားယားကိုစံ၏ အမေသည် ဤဇာတ်လမ်းကို ရှေးရက်ပေါင်းများစွာက ကြိုသိခဲ့ခြင်းကြောင့် လုပ်သင့်သည်ကို ဘာမဆို ကြို၍ ကြို၍ အမြဲစီစဉ်နေလေ့ရှိသည်။

ယခုလည်း ပြည်တော်ပြန်ကြမည့် ဂျပန်များတို့သည် မိမိတို့ တန်ဖိုးရှိလှသော အချိန်နာရီများ၊ ငွေကြေးများ ရင်းနှီးကုန်ဆုံးခံလျက် ဤနေရာ ဤဌာနကို လာခဲ့သည်။

အဓိက ပုဂ္ဂိုလ်ထံမှ အသိအမှတ်ပြုခံလိုသည်။ ဂျပန်များ၏ စိတ်၊ စရိုက်၊ ဝါသနာ အရာရာကို သိသူက ဘုန်းကြီးနဲ့ ဆွေးနွေးသည်။

ထို့နောက် လက်တော့ပ်ကွန်ပျူတာပေါ်တွင် စာလုံးရိုက်စီသည်။ ထွက်လာသည်က –

"တမလွန်သို့ယူဆောင်သွား၍မရသော လောကစည်းစိမ်ကြီးကို သေလျှင် ငရဲသို့ပါသွားမည့် အကုသိုလ်စိတ်ထားဖြင့် မလဲပါနှင့်။"

တစ်ယောက်ကို တစ်ရွက် ဝေပေးလိုက်သည်။ အိမ်အပြန် လက်ဆောင်တဲ့။ တစ်သက်တာမှတ်သားစရာတဲ့။ မြန်မာ့မြေ၏ အဖိုးတန်ရတနာတဲ့။ ဝေပေးသူက ဤသို့ ပြောပြ၍ ပေးအပ်လာသောအခါ ရရှိခဲ့ကြသော ဂျပန်များသည် လေးစားစွာ လက်ခံရယူကြသည်။ ဖတ်၍စဉ်းစားကြသည်။ မေးကြမြန်းကြသည်။ ဤအမှတ်တရနဲ့ လေယာဉ်ကွင်း ထွက်လာခဲ့ကြသည်။

လေယာဉ်ပေါ်တွင် ...

"စီးလုံးငှား လေယာဉ်ဆိုတော့ ငါတို့ချည်းပဲပေါ့နော်။ ကဲ .. မေးစရာရှိလူစုမကွဲခင် မေးရဦးမယ်။

ဒီမှာကြည့်။ အကုသိုလ်စိတ်တဲ့။ အဲဒါ ဘယ်နှခုရှိလဲမေးတော့ ၁၂ ပါးတဲ့။ အကုသိုလ်စိတ် ၁၂ ပါးရှိတာ သိကြသလား"

"မသိဘူး"

"ငါလည်း မသိဘူး"

လေယာဉ်ပေါ်တွင် ရယ်သံထွက်လာသည်။

"မေးဖို့ အချိန်လည်းမရဘူး။ ဘယ့်နှယ်လုပ်ကြမလဲ"

"မသိတာ သိအောင်လုပ်ရမှာပေါ့။ မသိဘဲနဲ့ တစ်သံသရာလုံးနဲ့ မနေနိုင်ဘူး။ ဒါကြောင့် သိအောင်လုပ်ကြရမယ်"

"ဒါဖြင့် လဲရမယ့်စိတ် ဘာလဲသိရမယ်ပေါ့"

"ဒါပေါ့။ ဘာစိတ်နဲ့လဲကြမလဲ။ ရှိရမှာပေါ့"

"အကုသိုလ်စိတ်နဲ့မလဲတာ အရင်သိထားရပြီနော်"

"လဲတဲ့စိတ်ကို ရှာပေးပါ"

"လဲတဲ့စိတ်ကို ဘယ်လိုသိမလဲ"

"သင်ယူရင် သိမှာပေါ့"

"ဒါဆို"

"ငါတို့ စိတ်တွေကို သင်ယူကြစို့"

သစ္စာတရားကြီးမားခဲ့ပြီး ဗုဒ္ဓတရားတော်နဲ့ ရေစက်ဆုံကြမည့် တိုက်ပွဲဝင်မှုသော အဖွဲ့တစ်ဖွဲ့သည် မကြာမီ စိတ်များအကြောင်း လေ့လာရန်၊ ဗုဒ္ဓတရားသင်ယူရန် ထေရဝါဒနိုင်ငံသို့ ခြေချကြပေဦးမည်။ စာဖတ်သူများလည်း စိတ်များအကြောင်း သိအောင်လုပ်ထားကြပါ။

**နှင်းနှင်း**



www.burmeseclassic.com

www.burmeseclassic.com



## မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏

# အနုတ္တရံပုညက္ခေတ္တံ ဂုဏ်တော်ပုတီးစိပ်နည်း

**ဒေါက်တာသန်းမှိုင်းလင်း**

သံဃာတော်၏ စတုတ္ထအကျိုးဂုဏ်ကို အာရုံပြု၍ ပုတီးစိပ်သောအခါ ဆရာတော်ကြီးသည် ပဥ္စမအကျိုးဂုဏ် ဖြစ်သော အနုတ္တရံပုညက္ခေတ္တံဂုဏ်တော်ကို အာရုံပြု၍···

"သေ ဘဝဂတော သာဝကသံဃော အနုတ္တရံ ပုညက္ခေတ္တံ လောကဿ"ဟု စိတ်က ရွတ်ဆိုကာ ပုတီးတစ်လုံး စိပ်တော်မူပြန်ပါသည်။

"သေ ဘဝဂတော သာပကသံဃော အနုတ္တရံ ပုညက္ခေတ္တံ လောကဿ" ဟူသည်···

ဘဝဂတော - မြတ်စွာဘုရား၏၊ သေသာဝက သံဃော - ဤတပည့်သား သံဃာတော်သည်၊ လောကဿ - တစ်လောကလုံး၏၊ အနုတ္တရံ - အတုမရှိ လွန်မြတ်သော - ပုညက္ခေတ္တံ - ကုသိုလ်မျိုးစေ့စိုက်ပျိုးရာ လယ်မြေကောင်း သဖွယ် ဖြစ်တော်မူပါပေ၏ဟု အဓိပ္ပာယ်ရရှိပါသည်။

မျိုးစေ့များကို ကြဲချစိုက်ပျိုးရာဖြစ်သောကြောင့် လယ်ယာမြေကို "ခေတ္တ"ဟု ခေါ်ပါသည်။ ထို့အတူ အရိယာသံဃာတော်ကို ကောင်းမှုမျိုးစေ့အား စိုက်ပျိုးကြဲချရာဖြစ်သော ကြောင့် "ပုညက္ခေတ္တံ"ဟု ခေါ်ပါသည်။ လယ်ယာမြေသည် မျိုးစေ့တို့၏ စိုက်ပျိုးကြဲချရာဖြစ်သည့်ပြင် ကြဲချသော မျိုးစေ့များကို အသီးပြန့်ပွား ကြီးထွားများပြားလာအောင် စောင့်ရှောက်ပါသည်။

မိမိ၏ သီလ၊ သမာဓိ၊ ပညာ၊ မေတ္တာတို့ဖြင့် ထိုသို့ အကျိုးတရားတည်းဟူသော အသီးများ ကြီးထွားပြန့်ပွား များပြားအောင် ကျေးဇူးပြုလေသည်။ ထို့ကြောင့် အရိယာ သံဃာတော်တို့ကို "ပုညက္ခေတ္တံ"ကောင်းမှုမျိုးစေ့ကို စိုက်ပျိုး ကြဲချရာ၌ ကြီးထွားပြန့်ပွားများပြားအောင် စောင့်ရှောက်တတ်၍ ကျေးဇူးပြုတတ်သော လယ်မြေဟု ခေါ်ဆိုရလေသည်။

www.burmeseclassic.com

ပြည့်ရှင်မင်းကြီး၏ မျိုးစေ့များကို စိုက်ပျိုးကြဲချရာ လယ်ယာမြေကို "မင်းကြီး၏ လယ်ယာမြေ"ဟု ခေါ်သကဲ့သို့ အရိယာသံဃာတော်ကိုလည်း အလုံးစုံသော လောက၏ ကောင်းမှုမျိုးစေ့ကို စိုက်ပျိုးကြဲချရာ ဖြစ်သောကြောင့်လည်းကောင်း၊ အတုမရှိ လွန်မြတ်သောကြောင့်လည်းကောင်း၊ "အနုတ္တရံ ပုညက္ခေတ္တံ လောကဿ"အလုံးစုံသော လောက၏ အတုမရှိသော ကောင်းမှုမျိုးစေ့ စိုက်ပျိုးကြဲချရာ လယ်ယာမြေဟု ခေါ်ဆိုရပေသည်။ ထို့ကြောင့်ပင် အရိယာသံဃာတော်သည် "အနုတ္တရံ ပုညက္ခေတ္တံ လောကဿ" ဂုဏ်တော်နှင့် ပြည့်စုံတော်မူပါသည်။

မျိုးစေ့သည် မည်မျှပင် ကောင်းနေစေကာမူ မြေက ညံ့ဖျင်းနေပါက သီးနှံအထွက် ညံ့သကဲ့သို့ သီလရှိသူကို လှူဒါန်းခြင်းမဟုတ်ပါက အလှူအကျိုး မဖွံ့ဖြိုးနိုင်ပါပေ။ ထို့ကြောင့် သာသနာပအခါ၌ ထမင်းရည်ချောင်းစီး ဖောင်းတီးပြီးလှူသည့် အလှူသည် သာသနာတွင်းအခါ သီလရှိသော သံဃာအား တစ်ဇွန်း၊ တစ်ယောက်မျှ လှူရသော အလှူက အလှူအကျိုးကြီးမားခြင်း ဖြစ်ပါသည်။

မည်သည့်သူကို လှူရသည့်အလှူသည် အကျိုးကြီးပါသနည်း။ ထိုပုစ္ဆာကို ကောသလဘုရင်ကြီးက မြတ်စွာဘုရားရှင်ကို လျှောက်ထားမေးမြန်းပါသည်။ မြတ်စွာဘုရားသခင်က "သီလရှိသူအား လှူဒါန်းခြင်းသည် အကျိုးကြီး၏၊ သီလမရှိသူအား လှူခြင်းသည် အကျိုးမကြီး"ဟု ဖြေကြားတော်မူခဲ့ပါသည်။

စစ်တိုက်သောအခါ စစ်ပညာလည်းမတတ်၊ သူရဲဘောလည်းကြောင်၊ စစ်နှင့်ရင်ဆိုင်တွေ့ရသောအခါ ထွက်ပြေးသွားသောသူကို ကျွေးမွေးစောင့်ရှောက်ခြင်းဖြင့် အကျိုးမရှိပုံ၊ စစ်ပညာလည်းတတ်၊ ရဲရင့်သတ္တိရှိသောသူ၊ စစ်နှင့်ရင်ဆိုင်တွေ့သော် မကြောက်မရွံ့ ရဲရဲရင့်ရင့်ရှိသောသူကို မွေးမြူစောင့်ရှောက်မှ အကျိုးရှိပုံ ဥပမာပေးပြီး ဟောကြားတော်မူခဲ့ပါသည်။

ရဟန်းပြုလာသူတစ်ဦးသည် အလိုဆိုး = ကာမစ္ဆန္ဒ၊ အမျက်ဒေါသ = ဗျာပါဒ၊ ထိုင်းမှိုင်းငိုက်မျဉ်းမှု = ထိနမိဒ္ဓ၊ ပျံ့လွင့်ခြင်း = ဥဒ္ဓစ္စကုက္ကုစ္စ၊ ယုံမှားခြင်း = ဝိစိကိစ္ဆာ ဤနီဝရဏ ငါးပါးကိုပယ်၏။ သီလ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိ (အရဟတ္တဖိုလ်နိဗ္ဗာန်)၊ ဝိမုတ္တိဉာဏဒဿန (အရဟတ္တဖိုလ် နိဗ္ဗာန်ကို သိမြင်သောဉာဏ်) ဤငါးပါးနှင့် ပြည့်စုံ၏။ ဤသို့သော ပုဂ္ဂိုလ်အား လှူရခြင်းသည် အကျိုးကြီး၏ဟု ထပ်ဆင့် ဟောကြားတော်မူခဲ့ပါသည်။

ယနေ့ခေတ် မျက်မှောက်သံဃာတော်သည်လည်း အရိယာသံဃာ သူတော်စင်များဖြစ်၍ ဘုရားအမှူးရှိသော အရိယာသံဃာတော်အား အာရုံပြုပြီး လှူဒါန်းပါက ဒုသီလပုဂ္ဂိုလ်မှန်းသိလျက် လှူဒါန်းရစေကာမူ အလှူအကျိုးကြီးသည်သာ ဖြစ်ပါသည်။

သံဃာဂုဏ်နှင့် စပ်လျဉ်း၍ ယခုခေတ် သီလရှင်ဆရာကြီး၊ ဆရာလေးတို့ကို မည်သို့သဘောထား၍ လှူဒါန်းရပါမည်နည်း။ ဘိက္ခုနီသာသနာခေတ် ကုန်သွားပြီဖြစ်ရကား ယောက်ျားများကဲ့သို့ ရဟန်းဘဝမရနိုင်ကြသော သီလရှင်ဆရာကြီး၊ ဆရာလေးတို့ကို မဟာပဇာပတိဂေါတမီထေရီမကြီးက စတင်ခဲ့သော ဘိက္ခုနီသံဃာကို အာရုံပြု၍ လှူဒါန်းပါကလည်း အလှူအကျိုးကြီးမားစွာ ရရှိမည် ဖြစ်ပေသည်။

လူတို့ထက်မြတ်သော သီလနှင့်ပြည့်စုံသော မြတ်စွာဘုရား၏ ပရိယတ္တိ၊ ပဋိပတ္တိသာသနာကို ဒအားသွန်ကြိုးပမ်း ထမ်းဆောင်နေကြသော မျက်မှောက်ခေတ် သံဃာတော်သည်လည်း ဘုရားအမှူးရှိသော အရိယာသံဃာတော်အလား ကောင်းမှုကိုစိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်တော်မူပါသည်။

ဤသို့လျှင် ကောင်းမှုမျိုးစေ့စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ်ဖြစ်သော သံဃာတော်၏ "အနုတ္တရံ ပုညက္ခေတ္တံ" ဂုဏ်တော်ကို အာရုံပြု၍ မင်းကွန်းဆရာတော်ကြီးသည် -

"သေ ဘဝဂတော သာဝကသံဃော အနုတ္တရံ ပုညက္ခေတ္တံ လောကဿ"ဟု စိတ်ကရွတ်ဆိုကာ ပုတီးတစ်လုံး စိပ်တော်မူပါသည်။

သတ္တဝါဟူသရွေ့ တရားတွေ့ ချမ်းမြေ့သာယာရှိကြပါစေ...။

ဒေါက်တာသန်းမှိုင်းလင်း

<u>*စာကိုး*</u>

ကျော်လှိုင်၊ ဝိဇ္ဇာ(ဂုဏ်ထူး)၊ မဟာဝိဇ္ဇာ(သချင်္ချာ)၏ မင်းကွန်းတိပိဋကရေဆရာတော်ဘုရားကြီး၏ ပုတီးစိပ်နည်း။



www.burmeseclassic.com

www.burmeseclassic.com

# ရိက္ခာ

လွန်ကဲထူးမြတ်သော ဆုကြီးပန် ဘုရားအလောင်းတော်တို့၏ ဆုတောင်း ပြည့်ကြောင်းဖြစ်သည့်အလုပ်ကို "ပါရမီ" ဟု ခေါ်ဆိုကြပါသည်။

ယင်း ပါရမီ ၁၀ ပါးကို ပညာဓိက ဘုရားအလောင်းတော်တို့သည် လေး သင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ သဒ္ဓါဓိက ဘုရားအလောင်းတော်တို့သည် ရှစ် သင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ ဝီရိယဓိက ဘုရားအလောင်းတော်တို့သည် တစ် ဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ဖြည့်ကျင့်တော်မူခဲ့ကြ ပါသည်။

ဘုရားအလောင်းတော်တို့ ဖြည့် ကျင့်ဆည်းပူးတော်မူအပ်ခဲ့သော ပါရမီ တော် ၁၀ ပါးအနက် စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း (ဝါ) စွန့်လွှတ်ခြင်းတည်းဟူ သော ဒါနပါရမီသည်ကား ဘုရားရှင် အဆက်ဆက်တို့ ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူခဲ့ကြသည့် အဦးအစ ပထမ ပါရမီပင် ဖြစ်ပါသည်။

မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင် အပေါင်းတို့သည် ဒါန(ဝါ) ဒါနပါရမီကို ပထမဦးဆုံး ကျင့်ကြံကြိုးကုတ် အား

လင်းဖြိုး(ဥပဒေ)

ထုတ်ကြရစမြဲဖြစ်ပြီး အဆိုပါ ဒါန(ဝါ) ဒါနပါရမီပြီးလျှင် ကိုယ်ကျင့်သိက္ခာ ကောင်းအောင် စောင့်ထိန်းရသည့်သီလ (ဝါ) သီလပါရမီကို ဆက်လက် အား ထုတ်ကြရမည်သာ ဖြစ်ပါသည်။ အဆိုပါ ဒါနနှင့် သီလပြီးလျှင် ဘာဝနာကို ဆက် လက်၍ အားထုတ်ကြရမည်သာ ဖြစ် ပါသည်။

ထို့ကြောင့်ပင်လျှင် "ဖိနပ်နှင့် ရေ ဘူးမပါလျှင် နွေခါမှ သိလိမ့်မည်"ဟူ၍ လည်းကောင်း၊ "ဒါနနှင့် သီလမပါရင် သေခါမှသိလိမ့်မည်"ဟူ၍လည်းကောင်း မြန်မာတို့၏ဆိုရိုးစကား ရှိခဲ့ပါသည်။

လူ့ဘောင်လူ့လောကတွင် "စား ရေရိက္ခာ"ဆိုသည့် "ရိက္ခာ"သည် စား ဝတ်နေရေးပင်ဖြစ်၍ လူသားတို့အဖို့ အလွန်တရာ အရေးပါလှသည်။ သာမန် လူသားများအဖို့ နိစ္စဓူဝ ရိက္ခာလိုအပ် သကဲ့သို့ အလားတူ ရိုးရိုးဝန်ထမ်းများ အဖို့လည်း ရိက္ခာစုံ၊ ရိက္ခာခြောက် လို အပ်လှပါသည်။ ထိုနည်းတူ ယူနီဖောင်း ဝတ် ဝန်ထမ်းဌာနများတွင်လည်း ရိက္ခာ အဖွဲ့၊ သောက်ဖို့အဖွဲ့၊ ထောက်ပံ့ရေး အဖွဲ့၊ ရာရှင်အဖွဲ့ဟူ၍လည်းရှိကြပါသည်။

ထို့တူ ခရီးဝေးသွားကြမည့်သူ များအတွက် မိမိသွားမည့် ခရီးလမ်း အလိုက် ရိက္ခာကို ကြိုတင်ကာ ရိက္ခာစုံ၊ ရိက္ခာခြောက်အဖြစ် စုဆောင်းထားကြရ ပါသည်။ ယင်းကဲ့သို့ ကြိုတင်၍စုဆောင်း ထားမှသာ မိမိသွားရမည့် ခရီးလမ်းပန်း တွင် အခက်အခဲမရှိဘဲ လိုရာခရီးကို ချောချောမွေ့မွေ့ သွားရောက်နိုင်ကြမည် ဖြစ်ပါသည်။

"ပွဲစားကြီး"ဟူသော စကားသည် အလွန်တွင်ကျယ်ခဲ့ပါသည်။ ထိုခေတ် ထိုအခါက "ပွဲစားကြီး"ဆိုသူမှာ မြို့ရွာ မျက်နှာဖုံးများ ဖြစ်ခဲ့ကြပါသည်။ ကျောင်း ကန်ဘုရား၊ စေတီ၊ ဇရပ်၊ ရေတွင်း၊ ရေကန်များ လှူဒါန်းကြရာတွင် ပွဲစား ကြီးဦးဘယ်သူ၊ ပွဲကတော်ကြီးဒေါ်ဘယ် သူ စသည်ဖြင့် ဂုဏ်ဝင့်ထည်စွာ ကမ္ပည်း စာတမ်းထိုး၍ လှူဒါန်းခဲ့ကြရာ ရပ်ကွက် တွင် ဂုဏ်သရေတင့်တယ်ခဲ့ကြပါသည်။

ထို့အတူ ဝန်ထမ်းလောကတွင် ယနေ့ခေတ် ပင်စင်စားကြီးများမှာ ယခင်ရေးကာလက "ရိက္ခာတော်ရမင်း" ဦးဘယ်သူ၊ မင်းကတော်ကြီး ဒေါ်ဘယ် သူ စသဖြင့် ဘုရား၊ စေတီ၊ ကျောင်း၊ ကန်၊ ဇရပ်၊ ရေတွင်း၊ ရေကန်တို့တွင် ကျက်သရေရှိစွာ ကမ္ပည်းထိုး လှူဒါန်း ခဲ့ကြပြီး ရပ်ကွက်တွင် ဂုဏ်ရှိစွာ ရပ် တည်ခဲ့ကြပါသည်။

လူ့ဘောင်လောကတွင် ရိက္ခာနှင့် ပတ်သက်ပြီး အကောင်းဘက်ကရော၊



www.burmeseclassic.com

www.burmeseclassic.com

အဆိုးဘက်ကပါ ပြောဆိုကြပါသည်။ ကောင်းသောဘက်ကကြည့်လျှင် "ဘာပဲပြောပြော သိက္ခာနဲ့ရိက္ခာ မလဲနိုင်ဘူးဟေ့"ဟု ကြုံးဝါးပြောဆိုကြသူများ ရှိကြပါသည်။ မကောင်းသောဘက်ကကြည့်လျှင် "ဒီလူကြီးကတော့ အသက်ကြီးပြီး အချိန်မစီးဘူး။ သေခါနီးမှ ရိက္ခာယူနေတာပဲ"ဟု ပြောဆိုတတ်ကြပါသည်။

အလားတူ "ဟေ့ ··· ဘာပဲပြောပြော သိက္ခာက စားလို့မရဘူး။ ရိက္ခာဆိုတဲ့ အသပြာငွေကြေးကမှ စားလို့ရတာ။ ဒါကြောင့်မို့ ကိုယ့်မှာ သိက္ခာရှိဖို့ထက် ရိက္ခာရှိဖို့က ပိုအရေးကြီးတယ်"ဟု ပြောလေ့ပြောထ ရှိကြပါသည်။

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့ အဖို့လူတစ်ယောက် ကွယ်လွန်သည့်အခါ၌ နောက်ဘဝဆိုသည်ကို ယုံကြည်ထားတတ်ကြ၍ နောက်ဘဝကူးရာတွင် စားရေးရိက္ခာနှင့် ငွေကြေးရရှိနိုင်ရန် အလောင်းစင်တွင် ရိက္ခာစားမြိန်ထုပ်များ တင်ထားလေ့ရှိကြပါသည်။ အလားတူ အလောင်း၏ပါးစပ်ထဲတွင် ပိုက်ဆံတစ်မတ်ကိုလည်း ထည့်ပေးတတ်ကြပါသည်။

ထို့အတူ ပျူရှေးဟောင်းမြို့တော်များဖြစ်ကြသော သရေခေတ္တရာမြို့ဟောင်း၊ ဗိဿနိုးမြို့ဟောင်း၊ ဟန်လင်းမြို့ဟောင်းတို့မှာ ရှိနေကြသော နန်းတော်ရာ အဆောက်အဦးများအား ပြန်လည်တူးဖော်ကြရာတွင် အဆောက်အဦများ၊ ဂူသင်္ချိုင်းများအတွင်းမှ အရိုးအိုးများနှင့်အတူ လူ့အသုံးဆောင်များကိုပါ အထောက်အထားအဖြစ် ရှာဖွေတွေ့ရှိခဲ့ပါသည်။

ယင်းအထောက်အထားများ အရလည်း ထိုခေတ်ထိုအခါက လူတို့၏ တမလွန်ဘဝ ယုံကြည်မှုကို ဖော်ညွှန်းနေပါသည်။ ယင်းမှာ ကွယ်လွန်သူအတွက် တမလွန်ဘဝ၌ စားရေးရိက္ခာ၊ အသုံးအဆောင်များ ဆက်လက်ရရှိခံစားရန် ဆောင်ရွက်ထားမှုပင်ဖြစ်ပါသည်။

အလားတူ ကမ္ဘာပေါ်ရှိ အခြားဘာသာဝင်၊ အခြားလူမျိုးများတို့သည်လည်း တမလွန်ဘဝနှင့်ပတ်သက်၍ ယုံကြည်မှု ဓလေ့ထုံးစံများ အသီးသီး ရှိကြပါသည်။ ယင်းတို့အနက် အထူးဆန်းဆုံးမှာ ရှေးဟောင်းအီဂျစ်တို့၏ ဝိညာဉ်ဆိုင်ရာ ယုံကြည်မှု ဓလေ့ထုံးစံပင် ဖြစ်ပါသည်။

ထိုခေတ်ထိုအခါက ဘုရင်တစ်ပါး နတ်ရွာစံမြန်းလျှင် ဝိညာဉ်မှာ မြေအောက်ကမ္ဘာသို့ ရောက်ရှိသွားမည်ဟု စီရင်ခဲ့ကြခြင်းပင် ဖြစ်ပါသည်။ ထိုဘုရင်၏ သက်မဲ့ရုပ်ကြီး မပျက်မယွင်းဘဲ ရှိနေမှ မြေအောက်ကမ္ဘာသို့သွားရာတွင် ဝိညာဉ်များ ကြံ့ကြံ့ခိုင်ခိုင်ရှိမည်ဟု ယုံကြည်ချက်ပင် ဖြစ်ပါသည်။ ဘုရင်၏ရုပ်အလောင်းနှင့်အတူ အဖိုးတန် ကျောက်သံပတ္တမြား၊ အမွှေးအကြိုင်၊ ဝတ်စုံ၊ အသုံးအဆောင်၊ ပရိဘောဂ၊ တူရိယာ၊ ရွှေရထား၊ ရွှေပလ္လင်နှင့် မြေအောက်ကမ္ဘာ၌ ခရီးသွားရန် လှော်တက်ပါလှေကို သည့်သွင်းထားခြင်းသည်လည်း တမလွန်ဘဝ၌ စားရေးရိက္ခာ အသုံးအဆောင်များ ဆက်လက်ရရှိခံစားရန်ပင် ဖြစ်ပါသည်။

ဒါနပြုမှု သံသရာခရီးတစ်လျှောက်တွင် စားဝတ်နေရေး ပြည့်ပြည့်စုံစုံဖြင့် မပင်မပန်းဘဲ သွားလမ်းသာသည်။ သံသရာမှလွတ်မြောက်ရေးအတွက်လည်း အထောက်အကူ ရရှိနိုင်ပါသည်။

ကိုယ်ကျင့်တရား ကောင်းမွန်၍ သီလစင်ကြယ်လျှင် ရုပ်ဆင်းအင်္ဂါ ချောမောလှပခြင်း၊ ရဟန်းရှင်လူတို့၏ ကြည်ညိုချစ်ခင်မှုကို ခံယူရခြင်း၊ လာဘ်လာဘပေါ်များခြင်း၊ ကြည်ညိုလှူဒါန်း ပူဇော်သူများ အကျိုးကြီးမားခြင်း၊ စည်းစိမ်ဥစ္စာပေါ်များခြင်း၊ ကောင်းသတင်းထွက်နာမည်တက်ခြင်း၊ ပရိသတ်အလယ် မရှက်မရွံ့ရဲဝင့်စွာ သွားလာနိုင်ခြင်း၊ သတိရှိလျက် မတွေမဝေသေရခြင်း၊ သုဂတိဘဝသို့ လားရောက်ရပါသည်။

သမထ၊ သမာဓိ၊ ဝိပဿနာတို့မှာ မြတ်သောအကျင့်များ ဖြစ်ကြပြီး မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ထင်ထင် သိမြင်ရေးအတွက် ဖြစ်တိုင်းဖြစ်တိုင်းသော ရုပ်နာမ်တို့ကို ဖြစ်ဆဲ ဖြစ်ဆဲခိုက်၌ သတိဖြင့် ရှုစိုက်ရှုခြင်းသည်ကား ဝိပဿနာအကျင့်ပင် ဖြစ်ပါသည်။

နောင်ဘဝရှိသည်ဟု ယုံကြည်ကြသည့် ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်များအဖို့ နောက်ဘဝအတွက် ဒါနရိက္ခာ ဘယ်လောက်ပါပြီလဲ၊ သီလရိက္ခာ ဘယ်လောက်ပါပြီလဲ၊ ဘာဝနာရိက္ခာ ဘယ်လောက်ပါပြီလဲ၊ အသင်တို့ကော ဒါနရိက္ခာ ဘယ်လောက်ပါပြီလဲ၊ သီလရိက္ခာ ဘယ်လောက်ပါပြီလဲ၊ ဘာဝနာရိက္ခာ ဘယ်လောက်ပါပြီလဲ···။

လင်းမြင့်(ဥပဒေ)



www.burmeseclassic.com

www.burmeseclassic.com



# အမြတ်ဆုံးကုသိုလ်

ကျိုက်တော် - မြင့်မြတ်ကျော်(ဘီအေ)

လောကတွင် အမြတ်ဆုံးရတနာ သုံးပါး ရှိပါသည်။ ၎င်းတို့မှာ (၁) ဘုရားရတနာ၊ (၂) တရားရတနာ၊ (၃) သံဃာရတနာဟူ၍ ဖြစ်ပါသည်။

ဘုရားရတနာတွင် စေတီလေးမျိုး ခွဲပြထားပါသည်။ ၎င်းတို့မှာ -

(၁) ဥဒ္ဒိဿစေတီ (ရုပ်ပွားတော် ပူဇော်ထားသည့် စေတီ)။

(၂) ဓာတုစေတီ (ဘုရား၊ ရဟန္တာများ၏ ဓာတ်တော်များ ဌာပနာပြု၍ တည်ထားသည့်စေတီ)။

(၃) ပရိဘောဂစေတီ (ဘုရား၊ ရဟန္တာများ၏ အသုံးအဆောင်ဖြစ်သော ရေသနုတ်၊ သင်္ကန်း၊ တောင်ဝှေး၊ သိပိတ် စသည်တို့ကို ဌာပနာပြု၍ တည်ထားသည့် စေတီ)။

(၄) ဓမ္မစေတီ (ပိဋကတ်သုံးပုံဖြစ်သော စာပေပရိယတ္တိကျမ်းများ ဌာပနာပြု၍ တည်ထားသည့် စေတီ)။

ထိုစေတီလေးမျိုးသည် ပြင်ပတွင် လူတို့တည်ထားကိုးကွယ်ကြခြင်း ဖြစ်ပါသည်။ ပြင်ပစေတီလေးမျိုးသည် ရာသီဥတုနှင့် ရန်သူမျိုးငါးပါးကြောင့် ပျက်စီးလွယ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

> လူအများသည် အတွင်းစေတီမျိုးကို မတည်ဆောက်ကြဘဲ ငွေကုန်ကြေးကျမှုများသည့် ပြင်ပစေတီမျိုးကိုသာ ကြိုးစား၍တည်ဆောက်ကြသည်။ ပြင်ပစေတီတည်ဆောက်ကြသည့်အခါ ငွေကြေးကိစ္စ၊ လူမှုရေးကိစ္စများ ရောယှက်နေသဖြင့် တစ်ခါတစ်ရံ ကုသိုလ်မဖြစ်ဘဲ အကုသိုလ်အဖြစ်များလေ့ရှိပါသည်။

လူနှင့် ရာသီဥတုမဖျက်ဆီးနိုင်သော အတွင်းစေတီ နှစ်မျိုးရှိပါသည်။

(၁) အတွင်းဥဒ္ဒိဿစေတီတစ်မျိုးကား မိမိစိတ်ဖြင့် ဘယာ၊ လာဘ၊ ကုလကြဉ်ရှောင်၊ ဂုဏ်တော်အပေါင်းကို အောက်မေ့ကြည်ညိုနေခြင်း။

(၂) အတွင်းဓမ္မစေတီတစ်မျိုးကား မိမိအသိဉာဏ်ဖြင့် ရုပ်၊ နာမ်၊ သင်္ခါရ (အနိစ္စသညာကုသိုလ်ပြုလိုစိတ်အစဉ်ဖြင့် မိမိကာယကံ၊ ဝစီကံ၊ မနောကံတို့ကို စောင့်ရှောက်တည်ဆောက်ထားသည့် ဓမ္မအတွင်းစေတီပင် ဖြစ်ပါသည်။) မိမိ၏ ပြောဆိုဆုံးမ သင်ပြမှုကြောင့် အများမှအမှန်၊ အကုသိုလ်မှ ကုသိုလ်၊ ပညတ်မှ ပရမတ်တရားတို့ကို သုတမဉာဏ်အားဖြင့်ဖြစ်စေ အရိပ်မျှ သိစေနိုင်သည်ပင်။ ဓမ္မစေတီတည်လိုက်ခြင်းဖြစ်ပါသည်။ ထိုဓမ္မစေတီသည် ငွေကုန်ကြေးကျ လုံးဝမများဘဲ တန်ဖိုးကြီးလှသော ကုသိုလ်အကျိုးကို အထောက်အပံ့ ဖြစ်စေပါသည်။

လူအများသည် အတွင်းစေတီမျိုးကို မတည်ဆောက်ကြဘဲ ငွေကုန်ကြေးကျများသည့် ပြင်ပစေတီမျိုးကိုသာ ကြိုးစား၍ တည်ဆောက်ကြသည်။ ပြင်ပစေတီတည်ဆောက်ကြသည့်အခါ ငွေကြေးကိစ္စ၊ လူမှုရေးကိစ္စများ ရောယှက်နေသဖြင့် တစ်ခါတစ်ရံ ကုသိုလ်မဖြစ်ဘဲ အကုသိုလ်အဖြစ်များလေ့ရှိပါသည်။

ယခုတင်ပြသော ဓမ္မစေတီမျိုးဖြစ်သည့် (အတွင်းစေတီ)မျိုးသည် လုံးဝအပြစ်မဖြစ်နိုင်ဘဲ ကုသိုလ်အကျိုးအလွန်ကြီးမားလှပါသည်။

ဓမ္မစေတီနှင့် ပတ်သက်၍ တရားတစ်ပုဒ်က ဖွင့်ဆိုထားသည်မှာ -

၁။ ယနေ့မှစ၍ အသက်ထက်ဆုံး ဘုရား၊ တရား၊ သံဃာရတနာမြတ်သုံးပါးအား မိမိအသက်နှင့်ခန္ဓာကိုယ်ကို အပ်နှင်းကိုးကွယ်ပါ၏။ (ပထမတန်းစား)။

၂။ ယနေ့မှစ၍ အသက်ထက်ဆုံး ဘုရား၊ တရား၊ သံဃာအားသာလျှင် ကိုးကွယ်ပါမည်။ အခြားတွင် ကိုးကွယ်ရာမပြုတော့ပါ။ (ဒုတိယတန်းစား)

၃။ ယနေ့မှစ၍ အသက်ထက်ဆုံး ဘုရား၊ တရား၊ သံဃာ၏ တပည့်အဖြစ်ခံယူပါမည်။ အခြားတွင် ကိုးကွယ်ရာမပြုတော့ပါ။ (တတိယတန်းစား)

၄။ ယနေ့မှစ၍ အသက်ထက်ဆုံး ဘုရား၊ တရား၊ သံဃာအားသာလျှင် ရှိခိုးခြင်း၊ လက်အုပ်ချီမိုး အရိုအသေပေးခြင်း၊ ခရီးဦးကြိုနေရာပေးခြင်းကို ပြုပါတော့မည်။ ဘာမှန်းမသိရသော ဓာတ်၊ ဘိုးတော်၊ နတ်ကတော်၊ ရက္ခဦးနောင်၊ ကျွဲနတ်၊ မြင်းနတ်၊ အမေကြီးနတ် စသည်တို့အား မရှိခိုးတော့ပါ။ နေရာထူး မပေးတော့ပါ။ (စတုတ္ထကိုးကွယ်ခြင်း)

ရတနာမြတ်သုံးပါးကို ကိုးကွယ်ဆည်းကပ်ပါက -

(၁) ဆင်းရဲခြင်းအားလုံးကို ပယ်ပျောက်စေခြင်း၊ (၂) ဘေးအားလုံးကို ပပျောက်စေခြင်း၊ (၃) ပတ်ဝန်းကျင်ဆိုးအနှောင့်အယှက်များကို ပပျောက်စေခြင်း၊ (၄) အပူသောကများကို ပယ်ပျောက်စေခြင်း၊ (၅) သေလျှင် မကောင်းသောဘဝ၊ အပါယ်လေးပါး တိရစ္ဆာန် ပြိတ္တာဘဝမျိုးမှ လွတ်မြောက်စေခြင်း စသည့် အကျိုးထူးများ အမှန်ရရှိစေနိုင်ပါသည်။

ဤသည်ပင် "စေတီယယရ မိဂါ ပူဇာရဟံ ယောတိ"ဟု ဖွင့်ဆိုထားချက်အရ မိမိခန္ဓာကိုယ်ကို စေတီအိမ်အဖြစ် သဘောထား၍ သရဏဂုံသုံးပါးကို ဌာပနာဆောက်တည်ထားခြင်းသည် ဓမ္မစေတီဖြစ်သွားရခြင်း ဖြစ်ပါသည်။

နှုတ်က ပြွက်ဆိုခြင်းထက် စိတ်ကပါ ဖြူစင်စွာထား၍ ကိုးကွယ်မှုပြုလုပ်ပါက ပို၍အကျိုးများဖွယ်ရာ ဖြစ်ပါသည်။

**မှီငြမ်း**

လူ့ပြည်မှအပြန် သင်ဘာတွေ ကြုံနေသနည်းစာအုပ်ကို မှီငြမ်းပြုရပါသည်။

---

ကျိုက်တော်-မြင့်မြတ်ကျော်(ဘီအေ)

---

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ပြော၍မကုန်နိုင်သော အမေ့အကြောင်း ဖြစ်ပါသည်။ ချမ်းသာသော အမေ၊ ဆင်းရဲသော အမေ၊ အနိမ့်အမြင့်သာ ကွာသော်လည်း သားသမီးအပေါ်ထားသော အမေတိုင်း၏ မေတ္တာသည် တစ်ပုံစံတည်း၊ တစ်မျိုးတစ်စားတည်းသာ ဖြစ်ပါသည်။ ကိုလွင်မောင်၏အမေသည်အသားဖြူဖြူ မဝိမဝ ကြည့်၍ကောင်းသည်။ ရုပ်ရည်သင့်သည်ဟု ဆိုရပါမည်။ ဒုတိယကမ္ဘာစစ်အတွင်း အမေသည် ကိုလွင်မောင်တို့ ညီအစ်ကို မောင်နှမတစ်စုကို မဖိတ်မစင်အောင် စောင့်ရှောက်ခဲ့ရပါသည်။

"နင်တို့တစ်တွေ သိပ်ကံကောင်းတယ်။ ငါ့မှာ ဗုံးတွေကြဲ၊ စက်သေနတ်တွေ ပစ်နေတဲ့ကြားထဲက သေပြေးရှင်ပြေး မွေးခဲ့ရတာ"

တစ်ခါတစ်ခါ အမေကပြော၏။ ထိုစဉ်က အမေပြောသည်ကို လွင်မောင်တို့ညီအစ်ကိုတွေ ခပ်ပေါ့ပေါ့ပင် နားဆင်ခဲ့၏။ အရွယ်ရလာသောအခါ စစ်ကားများကြည့်ရမှ စစ်ဘေးစစ်ဒဏ်အကြောင်းကို ကြောက်မက်ဖွယ် သိခဲ့၏။

အမေသည် ပညာရေးတွင် ရေးတတ်ဖတ်တတ်ရုံသာ၊ ဘယ်ပစ္စည်း ဘယ်အရာကိုမှ အလဟဿမဖြစ်စေရ၊ အဝတ်စုတ်ကအစ တို့ပတ်တန် တို့ပတ်၊

www.burmeseclassic.com

လက်နီးတန်လက်နီး၊ သင့်တော်သလို သုံး၏။ လွင်မောင်တို့ညီအစ်ကို ခြောက်ယောက်ကို သူ့အရွယ်နှင့်သူ တာဝန်ပေး၏။ အမေကိုယ်တိုင်လည်း ဘယ်တော့မှ အားသည်မရှိ။ တစ်ခုခုတော့ လုပ်နေတတ်၏။ စက်ချုပ်၊ ဆန်ရွေး၊ အဝတ်လျှော်၊ ဈေးဝယ် စသည့် အိမ်မှုကိစ္စများကို ခေါင်းအေးအေးဖြင့် လုပ်တတ်၏။

အမေ ဈေးသွားပြီဆိုပါလျှင် လွင်မောင်တို့ ညီအစ်ကိုတွေက ငရုတ်သီးထောင်းသူထောင်း၊ ထမင်းချက်သူချက်၊ အမေပြန်လာချိန်အမီ ချက်ပြုတ်ရန် လိုအပ်သည်များကို လုပ်ထားကြရ၏။ အမေနှင့် အစ်မကြီးဈေးမှ ပြန်လာသောအခါမှ သူတို့တစ်တွေ မီးဖိုချောင်မှ ထွက်ရ၏။ အိမ်တွင် ဆန်၊ ဆီ၊ ငရုတ်သီး၊ ကြက်သွန်၊ အာလူး စသည်တို့ မပြတ်စေရ။

ထိုပစ္စည်းများကို ထားသိုပုံကလည်း စနစ်တကျရှိ၏။ ကြက်သွန်၊ အာလူးများကို ထပ်ခိုးပေါ်တွင် သူ့အကန့်နှင့်သူ ဖြန့်ခင်းထား၏။ ဆန်ကို ထင်းရှူးသေတ္တာပုံးများတွင် ထည့်ထား၏။ ဆန်ထားသိုပုံကို ကြည့်ပါ။ ပထမ ထင်းရှူးသေတ္တာပုံးထဲသို့ သတင်းစာစက္ကူ မီးရှို့၍ ပိုးကောင်မွှားကောင်များ မတက်စေရန် အပူပေး၏။ ပြီးလျှင် ထင်းရှူးသေတ္တာထဲတွင် စက္ကူသန့်သန့်ခင်း၍ ဆန်ကိုထည့်၏။ ထင်းရှူးသေတ္တာထဲ ဆန်သုံးပုံတစ်ပုံခန့် ထည့်ပြီးသောအခါ ကြက်သွန်များ ဆန်ပေါ်တွင် ဖြန့်ခင်းလိုက်၏။ ပြီးမှ ဆန်ဆက်ထည့်၏။ ထင်းရှူးသေတ္တာ တစ်ဝက်ခန့်ရောက်သောအခါ ဆန်ပေါ်တွင် ကြက်သွန်နီ ဖြန့်ခင်းပြန်၏။ ထို့နောက် ဆန်ဆက်ထည့်ပြန်၏။

ထင်းရှူးသေတ္တာပုံးထဲ ဆန်ပြည့်သွားသောအခါ အပေါ်မှ ကြက်သွန်နီ ထပ်ခင်းပြန်၏။ ကြက်သွန်နီ သုံးထပ်ဖြစ်သွားလေ၏။ အမေ ဤသို့လုပ်သည်ကို ပထမ လွင်မောင်သဘောမပေါက်ပါ။ နောက်မှ တဖြည်းဖြည်းသဘောပေါက်တော့၏။ အမေ့ဆန်ထားပုံသည် ဘယ်လောက်ကြာကြာ ဆန်ပိုးမထိုးပေ။ သေချာလိုက်သည့် အမေ။ ကိုလွင်မောင် သည်အကြောင်း သူ့ဇနီးကို ပြောပြ၏။ သူ့ဇနီးက အမေ့သေချာပုံကို အံ့သြ၏။

ဈေးဝယ်တော့ကော အမေသည် တစ်လတစ်ကြိမ် လစာဝယ်၏။ သိမ်ကြီးဈေးသို့သွား၏။ တစ်ခါတစ်ရံ လွင်မောင်လိုက်ရလေ၏။ အမေသည် ဘာလုပ်လုပ်သေချာသလို ငွေကိုလည်း ချွေတာ၏။ သိမ်ကြီးဈေးသို့ ရောက်သောအခါ မုန့်ဟင်းခါးဆိုင်တွင် ဝင်ထိုင်တတ်၏။ ထိုစဉ်က မုန့်ဟင်းခါးသည်များသည် အထမ်းသည်များ ဖြစ်၏။ တစ်ပွဲမှ အကြော်မပါ ဆယ့်ငါးပြား၊ အကြော်ပါ တစ်မတ်။ အမေသည် လွင်မောင်ပါသော်လည်း မုန့်ဟင်းခါးကို မည်သည့်အခါမှ နှစ်ပွဲမမှာ။ တစ်ပွဲသာမှာ၏။ အကြော်မပါ တစ်ပွဲသာ။

စားတော့ အမေကတစ်ငွှန်း၊ လွင်မောင်က တစ်ငွှန်း။ ထိုစဉ်က လွင်မောင်သည် အသက် ဆယ်နှစ်ခန့်ရှိသည်ဖြစ်၍ ထိုသို့ အမေခွဲကျွေးသည်ကို ရှက်ရှက်နှင့် စားရသော်လည်း အမေ့ကို နှစ်ပွဲမှာရန် မပြောရဲပေ။ တစ်ပွဲနှစ်ယောက်စား၍ ကုန်သောအခါ အမေက ဟင်းရည်ထပ်တောင်းပြီး မုန့်ဖတ်အနည်းငယ်နိုက်၍ ပန်းကန်ထဲထည့်လိုက်သေး၏။ ဈေးသွားတိုင်း ဘယ်တော့မှ နှစ်ပွဲမှာ၍ မစားပါချေ။

ထိုအကြောင်းကို ကိုလွင်မောင်က သူ့ဇနီးသားသမီးများအား ပြောပြကာ ပြုံးမိသေး၏။ နောက် အမေသည် ထမင်းကျန်တိုင်း ဘယ်သောအခါမှ လွှင့်မပစ်။ ကျန်သောထမင်းကို ထမင်းခြောက်လှန်း၍ နို့မှုန့်ဘူးကြီးထဲတွင် ထည့်ထားပါသည်။ ထိုထမင်းခြောက်ကို ထမင်းအိုးဆူတိုင်း တစ်ဆုပ်ထည့်၏။ ပိုသောထမင်းသည် အလဟဿ မဖြစ်စေရ။ ထိုအချိန်က ရေနံဆီပုံးလိုက်ဝယ်၍သုံးကြ၏။ ရေနံဆီသည်သည် သုံးလေးကြိမ်အထိပို့ပေးပါသည်။ အမေသည် လစဉ်ဝယ်သော ရေနံဆီကို တုတ်ချောင်းဖြင့် မှတ်သားထား၏။

ရေနံဆီ လာပို့တိုင်း ရေနံဆီ ပုံမှန်ပါသလား၊ လျော့နေသလား သိရန် ထိုတုတ်ဖြင့် တိုင်းကြည့်၏။ လျော့နေက မယူ။ နောက်တစ်ပုံးယူလာရန် ပြော၏။ ရေနံဆီ ပို့သူသည် အမေ့ထံသို့ လျော့သော ရေနံဆီပုံးကို ယူမလာရဲချေ။ သတင်းစာစက္ကူ ရောင်းတော့လည်း အမေက မလွယ်ရေးချမလွယ်။ သတင်းစာရောင်းသောသူကို လေးထပ်သို့ခေါ်၏။ မိမိတွင်ရှိသော အလေး၊ ချိန်ခွင်တို့ဖြင့် ချိန်ခိုင်း၏။ မကျေနပ်က မရောင်း။ ထိုအချိန်က သတင်းစာ တစ်ပိဿာသည် ၃၅ စောင်၊ သို့မဟုတ် ၃၆ စောင်ရှိ၏။ ထိုစောင်ရေအတိုင်း ရောင်း၏။ ထယ်



www.burmeseclassic.com

www.burmeseclassic.com

သူချိန်ခွင်၏ အလေးကို လုံးဝမသုံးပါ။

တစ်ခါတလေ အိမ်မှအလေးနှင့် ချိန်ခွင်ပျောက်နေပါက ထိုစောင်ရေ အတိုင်း ရောင်းလေ၏။ ကြိုက်ကဝယ်။ မကြိုက်လျှင် မဝယ်နှင့်။ ယခုခေတ် သည် ပုံစံဆိုလျှင်···။

သိမ်ကြီးဈေးတွင် ဈေးဝယ်ပုံကို ဆက်ရသော် အမေသည် ဆန်၊ ဆီ၊ ကြက်သွန်၊ ဟင်းသီးဟင်းရွက် စသည် များကို ဈေးထဲတွင် လှည့်ပတ်၍ ဈေး ဆစ်၏။ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် ဈေးမေး၏။ ဆိုင် အတော်များများ စုံစမ်း ပြီးမှ ဈေးအသက်သာဆုံး ဆိုင်သို့ဝင်၏။ ထပ်ဆစ်၏။ ထိုခေတ် ထိုကာလဈေး ရောင်းသူများကား စိတ်ရှည်သည်းခံကြ ၏။ ဈေးဝယ်သူကို တတ်နိုင်သလောက် လိုက်လျော၏။ ရောင်းနိုင်က ရောင်း၏။ မရောင်းနိုင်ကလည်း မရောင်းနိုင် ကြောင်း အကျိုးအကြောင်းပြော၍ ဝယ်သူကို ရှင်းပြ၏။ ထိုအချိန်က သိမ် ကြီးဈေးကား အလွန်စည်ကားလှ၏။ အာလူးအပုံတိုက်ကြီးတွေ၊ ဘဲဥပုံကြီး တွေ၊ ဟင်းသီးဟင်းရွက် ပုံလိုက်ကြီးတွေ ဆိုင်ဆိုင်းလိုလို တွေ့ရ၏။

အမေဈေးဝယ်သည်ကား သုံး လေးနာရီ ကြာတတ်သဖြင့် လွင်မောင် တစ်ယောက် စိတ်မရှည်။ လတိုင်း အမေဈေးဝယ်တော့မည်ဆိုလျှင် လွင် မောင်တစ်ယောက် တတ်နိုင်သလောက် ပုန်းလျှိုးကွယ်လျှိုး နေ၏။ လစ်ပြေး၏။ မရှောင်နိုင်သည့်အခုံးမှ ဈေးသို့လိုက်၏။ သူအိမ်ထောင်ကျပြီး ကလေးများ တော် တော်ကြီးမှ အမေဈေးဝယ်ပုံကို သဘော ပေါက်ရပြန်ပါသည်။ အမေကား ဖြုတ် ထိုးညှပ်လည်း ကောင်း၏။ တစ်ခါ သကြံန်ကျစဉ် အလှကားကြီး တစ်စီးမှ ပတ္တမြား အဖြုန်း (အညံ့စားများ)ကို ကြဲချ၏။ လူအများကတော့ လက်ခုပ်နှင့် ဖမ်းသူဖမ်း။ လမ်းပေါ်ကျမှ လှကောက် သူ ကောက်ကြ၏။

အမေကတော့ သည်လိုမဟုတ်။ ပတ္တမြားများ ကြဲချသည်ကို မြင်သည်နှင့် အိမ်မှ ထီးယူကာ ထီးကိုဖွင့်၍ ကြဲချ လိုက်သော ပတ္တမြားများကို ထီးပက် လက်လှန်ကာ ဖမ်းလိုက်သောအခါ ပတ္တမြားအဖြုန်းများ သူတကာထက် အများကြီးရ၏။ ၁၉၅၉ ခုနှစ်လောက် ဖြစ်မည်ထင်ပါသည်။

နောက်တစ်ခုက အမေ ဆေးကု ပုံ ဖြစ်၏။ ပေါင်အကျိတ်၊ ဘာအကျိတ်၊ ညာအကျိတ် လူတစ်ကိုယ်တွင် ပေါက် ချင်သည့် အကျိတ်ပေါက်။ ပေါက်သည့် အကြိတ်ကို အမေက ဓားကိုမန်း၍ အသာကလေး ခုတ်ပေးက ပျောက်၏။ အံ့ဖွယ်ပင် ကောင်း၏။ အိမ်မှလူများ မည်သူပင် အကျိတ်ပေါက်ပေါက် အမေ မန်း၍ ဓားနှင့်ခုတ်ပေးက ပျောက်ကို ပျောက်လေ၏။ အိမ်နီးပါးချင်းများကို လည်း မန်းပေး၏။ ထိုအမေ မန်းသော ဂါထာကို ကိုလွင်မောင် အမှတ်တမဲ့ နေခဲ့မိသဖြင့် ယနေ့ထိ မမှတ်မိပေ။ နောင်တရမိ၏။ အကျိတ်ပေါက်ပါက အမေကိုပို၍ သတိရရှိလှ၏။ တန်ဖိုးရှိ လိုက်သည့် အမေ့ဂါထာ။

အမေကတော့ တကယ့်အမေပါ ပေ။ အသုံးအစွဲ၊ အချက်အပြုတ် အား လုံး စေ့စပ်သေချာ၏။ မည်သည့်နေရာ တွင်မှ အပို အလဟဿမဖြစ်စေရ။ သူနေရာနှင့်သူ အသုံးချတတ်၏။ လွင် မောင်တို့နေသော ၃၆ လမ်းသည် ကတ္တရာခင်းတိုက်တန်းလျားများ ဖြစ်၏။ မြေကြီးဆို ရှာမှရှား။ ရန်ကုန်မြို့လယ် ကောင် တိုက်ခန်းများတွင် မြေကြီးဟူ၍ မရှိ။ သည်လိုမရှိသည်ကို အမေက ဈေး ဝယ်ရင်း၊ ခရီးသွားရင်း အိတ်ကလေး များဖြင့် ခက်ခက်ခဲခဲ မြေကြီးများကို ထည့်၍ ယူခဲ့၏။ တံမြက်စည်းလှည်းပြီး ဖုန်များကို ပန်းအိုးထဲထည့်ထား၏။ ဖုန် များလာတော့ မြေကြီးကလေးများ ဖြစ် လာ၏။ သည်မြေကြီးကို အမေက အပြင်မှယူလာသော မြေကြီးများဖြင့် ပေါင်း၏။

တစ်ခါတလေ လွင်မောင်တို့ ညီ အစ်ကိုသုံးယောက်အား ရန်ကုန်ဘူတာ ကြီးအနီးမှ မြေကြီးများ သယ်ခိုင်း၍ ပန်းအိုးတွင်းထည့်ကာ ရေတပ်ပင်များ၊ လေးနာရီပန်းလေးများနှင့် ဂေါ်သဇင်ပန်း ပင်များကို လေးထပ်ဝရန်တာတွင် စိုက် လေ၏။ ဂေါ်သဇင်ပန်းပင်မှ တက်လာ သော အခက်များကို တုတ်များဖြင့် ထောင်ကာ အမြင့်သို့ တက်စေ၏။ ထို တုတ်များမှ အခက်ကလေးများသည် လူတစ်ရပ်ကျော်မြင့်သော အမေလုပ် ထားသည့် ကြေးနန်းကြိုးခွေ ဗန်းစင်ပေါ် သို့ ရောက်၏။ ထိုကြေးနန်းကြိုးခွေ စင်ပေါ်တွင် ဂေါ်သဇင်ပန်းခက်လေးများ သည် ပြွတ်သိပ်၍ ရှင်သန် ပွင့်လန်းကြ ပါသည်။

ဤသို့ဖြင့် အမေ၏ ဝရန်တာ ပန်းခြံကလေးသည် ဂမုန်းပင်၊ ပန်းပင်၊ ကြက်သွန်မြိတ်ပင်တို့ဖြင့် ရာသီအလိုက် ဝေဝေဆာဆာရှိလှပေ၏။ လေးနာရီပန်း



www.burmeseclassic.com

www.burmeseclassic.com

နှင့် ဂေါ်သဇင်ပန်းကလေးများကို အမေသည် အမြုတ်တနီးဘုရားတင်၍ပင် ပူဇော်၏။ အမေ၏ ဝရန်တာပန်းခြံကား အစဉ်အေးမြစိမ်းစိုလျက်ရှိလေ၏။ နောက်ပိုင်းတွင် စပိုက်ဒါပန်းပင်ကိုပင် အပွင့်များ ဝေနေအောင် စိုက်ပျိုးနိုင်လေသည်။ အမေစိုက်သော ကြက်သွန်မြိတ်နှင့် ငရုတ်သီးတို့မှာ မီးဖိုချောင်အတွက် တစ်နည်းတစ်လမ်း အလုပ်ဖြစ်ပါသည်။

ပညာမတတ်သော်လည်း အမေသည် လူမှုရေးပညာ ပြည့်၏။ ဗဟုသုတပြည့်စုံပါသည်။ လွင်မောင်တို့ ညီအစ်ကိုတွေကို ဇာတ်နိပါတ်တော်များ အားသည့်အချိန်တွင် ပြောပြတတ်ပါသည်။ ဘာသာရေးနှင့် ပတ်သက်၍ အမေသည် ရပ်ရေးရွာရေး ဆွမ်းလောင်းပွဲကလေးများမှအစ တက်တက်ကြွကြွ စိတ်ဝင်တစားပါတတ်၏။ နိုင်ငံတော်မှ ကျင်းပခဲ့သော ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးတွင် အမေသည် အမျိုးသမီး အဖွဲ့ဝင်များနှင့်အတူ ပါဝင်ကုသိုလ်ပြုခဲ့၏။ ထိုဆောင်ရွက်မှုကြောင့် နိုင်ငံတော်မှ ဂုဏ်ပြုဆုတံဆိပ်များ ချီးမြှင့်ခြင်း ခံခဲ့ရပါသည်။

သားသမီးများအတွက်လည်း ဘာသာရေး နားလည်သဘောပေါက်စေရန် နွေရာသီကျောင်းပိတ်တိုင်း လွင်မောင်တို့ ညီအစ်ကိုသုံးယောက်ကို ဘုန်းကြီးကျောင်းသို့ ပို့ထား၏။ ထိုကျောင်းမှ ဆရာတော်သည် အဖေ၊ အမေတို့၏ ကိုးကွယ်ရာ ဆရာတော်ဖြစ်၏။ ကျောင်းတွင် ဝေယျာဝစ္စများ လုပ်ရခြင်း ဘုရားရှိခိုးနှင့် ဗုဒ္ဓဝင်စာပေးများ သင်ကြားစေရန်အတွက် ဖြစ်ပါသည်။ ကိုရင်လည်း ဝတ်ပေး၏။

လွင်မောင်တို့ ညီအစ်ကိုများ အရွယ်ရောက်၍ အိမ်ထောင်ကျပြီးသည်အထိ အမေသည် တောင်ဥက္ကလာပရှိ စွန်းလွန်းဂူကျောင်းသို့ ဝိပဿနာတရား အားထုတ်ပုံ သိရှိစေရန် ခေါ်သွားပြီး တရားပြဆရာတော်ထံ အပ်လေ၏။ ဆရာတော်က လူသစ်ဖြစ်သော လွင်မောင်ကို တရားထိုင်ပုံကို အနီးကပ်ကြပ်မတ်ပါသည်။ တင်ပျဉ်ခွေထိုင်ပုံမှ အစ လက်ထားသိုပုံ၊ အသက်ရှူပုံ၊ မှတ်ပုံကို တရားထိုင်ချိန် တစ်နာရီအတွင်း အနီးကပ်သင်ပြသဖြင့် လွင်မောင်ခမျာ ခို၍မရ။ အချိန်တိုင်း ဝင်လေထွက်လေကို အသက်ပြင်းပြင်း ရှူနိုင်းသဖြင့် အလွန်ပင် ပင်ပန်းလှသော်လည်း မခိုမကပ်ဘဲ ဆရာတော်၏ ဆန္ဒအတိုင်း ဝေဒနာမလိုက်မီအထိ ရှူရလေ၏။

ဝေဒနာလိုက်သောအခါတွင် တစ်ကိုယ်လုံး ကိုက်ခဲနာကျင်နေသော်လည်း ဆရာတော်အနီးတွင် ရှိနေသဖြင့် ဝေဒနာကိုမှတ်ကာ ကြိတ်မှိတ်ခံနေရလေ၏။ ချွေးများကလည်း ရွှဲရွှဲစိုနေ၏။ ကျင်ထုံကိုက်ခဲနေသည်မှာလည်း မခံရပ်နိုင်အောင်ပင်။

"တစ်နာရီနီးပါး ဤမျှခံစားရလျှင် နေ့စဉ် တရားထိုင်နေသော ဆရာတော်များ၊ လူပုဂ္ဂိုလ်များ၊ သီလရှင်များဆိုလျှင် ဘယ်လောက် ခံစားရမည်လဲ"ဟု လွင်မောင် စဉ်းစားမိလေ၏။ တရားမှတ်ချိန်ပြီးဆုံးသောအခါ လွင်မောင်သည် မတ်တတ်ပင် မရပ်နိုင်တော့ဘဲ ဖျာပေါ်တွင် လှဲချလိုက်တော့၏။

မလှုပ်မကပ်တွင် တရားထိုင်ပြီးထလာသော အမေက...

"အမယ်လေး..လေး၊ ဒါလောက်လေးနဲ့ လဲသွားပြီလား"

ပြုံး၍ မေးလေ၏။ ဆရာတော်ကလည်း.

"ဒကာကြီးက မဆိုးပါဘူး။ ဒကာမကြီးရဲ့၊ လူသစ်ဆိုတော့ ဒီလောက်တော့ရှိမပေါ့။ နောက် ကျင့်သားရသွားရင် အဆင်ပြေသွားမှာပါ"

လွင်မောင်ကတော့ ကျိတ်ပြုံးပြုံးရင်း

"တင်ပါ့ဘုရား"

ဟုဆိုကာ ခြေလက်များကို နှိပ်နယ်နေရ၏။ သူ၏ စိတ်ထဲတွင်မတော့ တရားထိုင်ခြင်းကို အတော်ပင် ဖြုံသွားလေ၏။ စွန်းလွန်းကျောင်းတွင် တရားထိုင်ပြီး မှေလောက်သောအချိန်တွင် အမေသည် လွင်မောင်အား "မဟာစည် သာသနာ့ရိပ်သာ"သို့ ခေါ်သွားပြန်၏။ ထိုနေ့သည် နေ့ကြီးရက်ကြီး ဖြစ်သဖြင့် တရားပါနာကြရလေသည်၊ ဆရာတော်ဟောသော တရားသည်

"ဘဝနေပူပူတွင် ထီးမပါလျှင် ကြီးစွာဒုက္ခကြုံရမည်။ တဏှာ၊ မာန၊ ဒိဋ္ဌိ မိုးများနှင့် ကြုံမည်။ ထိုမိုးများကို ကာကွယ်ဖို့ရန် ကာယာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဝေဒနာနုပဿနာ၊ ဓမ္မာနုပဿနာဆိုသည့် ထီးလေးလက်နှင့် ထိုမိုးတွေကို ကာထားရမည်။ ကာကွယ်သည့်နေရာမှာ ပူရင် ပူတယ်။ အေးရင် အေးတယ်။ စတဲ့ ထိတွေ့မှုတွေကို ဘာဝနာထီးနဲ့ ကာကွယ်ဖို့လိုတယ်။ အဲဒီ ဘာဝနာထီးဆိုသည်မှာ သူများဆီမှာ မရှိ။ ဘယ်မှာမှ ရှာနေစရာမလို။ မိမိ



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ထဲမှာသာ ရှိပါသည်။ ဆိုခဲ့တဲ့ သတိပဋ္ဌာန် ထီးကလေးကို မိမိကိုယ်မှာ ရှာကြရမည်။ ဘယ်လိုရှာရမလဲဆိုတော့ ခန္ဓာကိုယ်မှာ ဘယ်လှမ်းတယ်။ ညာလှမ်းတယ်။ ဖောင်းတယ်။ ပိန်တယ်။ စတဲ့ ထီးဖွင့်နည်းများကို သုံးပြီး ကိုယ်တိုင် ဖွင့်ဆောင်းတတ်ရမည်။

နောက်ဆုံး သံသရာတွင် ခရီးသွားရင်း မိုးချုပ်လာလိမ့်မည်။ မိုးချုပ်လာရင် နားဖို့နေရာကို ရှာရတော့မည်။ နားတဲ့နေရာမှာလည်း မိမိနဲ့ထိုက်သင့်တဲ့နေရာမှာ နားရမည်။

- ဒုက္ခဆင်းရဲကြီးပြီး ကုသိုလ်မပါတဲ့သူတွေဟာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ်လေးဘုံမှာ နားကြရမည်။

- ကုသိုလ်အနည်းငယ် ရှိသူတွေကတော့ လူ့ချမ်းသာ၊ နတ်ချမ်းသာဆိုတဲ့နေရာမျိုးမှာ နားရလိမ့်မည်။

- ကုသိုလ်ပြည့်တဲ့ သူတွေကျတော့ နိဗ္ဗာန်မှာ နားကြရပါလိမ့်မည်။

သံသရာခရီး ဆုံးခါနီးလို့ ရောမောင်ရိပ် တက်လာတာနဲ့ မိမိကိုယ်မိမိ သတိပြုပြီး ဘာဝနာပွားရလိမ့်မည်။ ထို့ကြောင့်...

သံသရာမှာ ခရီးသွားနေတဲ့ ကျုပ်တို့တစ်တွေဟာ သေလွန်ပြီးတဲ့နောက် အပါယ်လေးဘုံမှာ ဘယ်လိုနားကြရမှာလည်း ဆိုတာကို ကိုယ့်ရိက္ခာထုပ် ကိုယ်ဖြေကြည့်ပြီး ဝေဖန်ပါ။ သုံးသပ်ပါ။ အားထုတ်ကြရန် ဟောကြားပါသည်။

ထို "မိုးချုပ်လာပြီ။ ခရီးသည် ဘယ်မှာနားရမည်"ဟူသည့် တရားကို နာပြီးနောက် အမေသည် တရားထိုင်သည့် ကျောင်းဆောင်ဆီသို့ ခေါ်သွားပြီး "အလုပ်ပေးတရား"၏ မိန့်ကြားချက်အတိုင်း တရားထိုင်ကြပါသည်။ အချို့သူများထိုင်၍ တရားမှတ်ကြပြီး၊ အချို့သူများ မတ်တတ်ရပ်၍ မှတ်ကြပါသည်။ တရားမှတ်သည့်အခါ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်၊ ဟု နှာသီးဖျားမှ ဝင်လေထွက်လေကို ရှူရှိုက်ရင်း မှတ်ရပါသည်။ ဝေဒနာပေါ်လာသောအခါ နာလျှင်နာတယ်၊ ကျင်လျှင်ကျင်တယ်၊ ကိုက်လျှင်ကိုက်တယ် စသဖြင့် မှတ်ရပြီး စိတ်များ လွင့်ပါးသွားသည့်အခါ စိတ်ကူးတယ်။ ကြံစည်တယ် စသဖြင့် မှတ်ရပါသည်။ မြင်သောကြားသောအခါတွင် မြင်တယ်၊ ကြားတယ် စသည်ဖြင့် တစ်နာရီ တရားထိုင်ပြီး တရားအားထုတ်သည့်ခန်းမကြီးအပြင်သို့ ထွက်ခါ စင်္ကြံလျှောက်ရပါသည်။

စင်္ကြံလျှောက်သည့်အခါတွင် ဘယ်ခြေလှမ်းက ဘယ်လှမ်းတယ်။ ညာခြေလှမ်းက ညာလှမ်းတယ်။ ခြေကြွက ကြွတယ်။ ခြေချက ချတယ်။ ကြွတယ်။ လှမ်းတယ်။ ချတယ် စသည်ဖြင့် စိတ်မှ မှတ်ကာ စင်္ကြံလျှောက်ရပါသည်။

မဟာစည် သာသနာ့ရိပ်သာမှ တရားဝင်ပြီး အပြန်တွင် အမေက...

"ဗုဒ္ဓသာသနာတော်မှာ အမြင့်ဆုံးကုသိုလ်ဟာ...

(၁) ဝိပဿနာ၊ (၂) မေတ္တာ၊ (၃) ငါးပါးသီလနဲ့ (၄) သရဏဂုံ သုံးပါးပဲ။ ဒါကြောင့် မင်းတို့ကို ဝိပဿနာရဲ့ သဘောတရားကို နားလည်အောင် အစပျိုးပေးတာ။ နောင်မင်းတို့ အသက်တွေရလာတဲ့အခါ နိဗ္ဗာန်ရောက်ကြောင်းတရားကို ကိုယ်တိုင်ကိုယ်ကျ လုပ်နိုင်အောင် အဆင်သင့်ပြင်ထားနိုင်အောင် စွန်းလွန်းမှာပဲ ဖြစ်ဖြစ်၊ မဟာစည်မှာပဲ ဖြစ်ဖြစ် သင့်တော်ရာ ကြိုက်ရာထိုင်နည်းတွေကို သုံးနိုင်တယ်။ အခြားတရားထိုင်တဲ့ နည်းလမ်းတွေလည်း ရှိသေးတယ်။ ဘယ်တရားပဲနာနာ၊ ဘယ်နည်းပဲ သုံးသုံး။ အားလုံးဟာ မှန်မြတ်တဲ့ နည်းလမ်းတွေပဲ။ အဓိကကတော့ စိတ်ထားမှန်ကန်ပြီး နိဗ္ဗာန်ရောက်ကြောင်း တရားတွေကို အားထုတ်ဖို့ပါပဲ"

မပြောမဖြစ်သော အမေ့အကြောင်းတွင် "မီး"အကြောင်း ဖြစ်ပါသည်။ လွင်မောင် သုံးနှစ်သားလောက်က အမေနှင့် အဖေသည် ဒိုက်ဦးသို့ မီးရထားဖြင့် သွားကြပါသည်။ ထိုခေတ်က မီးရထားများသည် ကျောက်မီးသွေးဖြင့်မောင်းသော မီးရထားများ ဖြစ်ပါသည်။ တစ်တွဲနှင့် တစ်တွဲလည်း ယခုကဲ့သို့ ကူးသန်းနိုင်ရန် အပေါက်များ မရှိပါ။ တစ်တွဲစီ သီးခြား ဖြစ်ပါသည်။ နွေရာသီဖြစ်သဖြင့် ခရီးသွားများသော အချိန်ဖြစ်ပါသည်။ အမေနှင့်အဖေသည် ရထားစီးရင်း ငိုက်မြည်း၍ လိုက်ပါလာကြသကဲ့သို့ တွဲပေါ်ရှိ ခရီးသည် အတော်များများမှာလည်း အိပ်ငိုက်၍ လိုက်ပါလာကြပါသည်။

အမေသည် ကလေးနို့တိုက်ရင်း ငိုက်နေသော်လည်း ညှော်နံ့တစ်ခုကြောင့် လန့်နိုးလာကာ ရထားတွဲတွင်းသို့ ဟိုဟိုဒီဒီကြည့်မိလေသည်။ အမေရသော ညှော်နံ့မှာ ရထားကြမ်းပြင်မှ ဖြစ်ကြောင်း တွေ့ရလေသည်။ ရထား၏ ကြမ်းပြင်မှာ သစ်သားဖြစ်၍ စီးကရက်ကြောင့်ပဲလား။ ရထားခေါင်းတွဲမှ

www.burmeseclassic.com

ကျောက်မီးသွေးလွင့်စင်၍ပဲလား မသိ။ ကြမ်းပြင်တွင် မီးစွဲကာ လေအရှိန်ကြောင့် မီးတောက်မှာ ပို၍ပို၍ ကြီးလာပါသည်။ အခြားခရီးသည်များကတော့ အိပ်ငိုက်မြဲ အိပ်ငိုက်နေကြပါသည်။

"မီး…ရှင်…မီး…မီး။လုပ်ကြပါဦး၊ ရထားကြမ်းပြင်မှာ မီးလောင်နေပြီ…လုပ်ကြပါဦး"

အမေ့အော်သံကြောင့် ရထားတွဲပေါ်ရှိ လူများမှာလည်း နိုးလာကြကာ ဟိုသည် ပြေးသူပြေး၊ အော်သူအော်ဖြစ်ကာ တစ်တွဲလုံး ဆူညံနေပါတော့သည်။ မထင်မှတ်သည့် ကိစ္စဖြစ်သဖြင့် ခရီးသည်များမှာ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိဘဲ ငိုသူငို၊ အပေါက်ဝမှ ခုန်ချရန်ပြင်သူပြင် လုပ်ကြပါတော့သည်။ ရထားပေါ်တွင် ယခုခေတ်ကဲ့သို့ အချက်ပေးခလုတ်လည်း မရှိသဖြင့် ရထားရပ်ရန်မလွယ်ပေ။ ထိုအခါ အမေက…

"စိတ်ငြိမ်ငြိမ်ထားကြပါရှင်။ လောလောဆယ် မီးသေအောင် အမျိုးသားတွေက ရှူးနဲ့ ဝိုင်းပေါက်ရင် ဖြစ်နိုင်ပါတယ်။ အမြန်လုပ်ကြပါ။ ကျွန်မတို့ မိန်းမတွေ တစ်ဖက်လှည့်နေကြပါမယ်။ ဒီလိုမှမလုပ်ရင် အားလုံး ဒုက္ခရောက်ကုန်ကြပါလိမ့်မယ်။ မြန်မြန်လုပ်ပါရှင်"

အမေက ထိုကဲ့သို့ပြောလိုက်သောအခါ ပထမတွင် အားလုံး အံ့အားသင့်သွားကြပြီး ခဏအကြာတွင် အမျိုးသားကြီးတစ်ဦးက အရှက်ကိုပမာနမထားဘဲ မီးတောက်နေသော နေရာကို သူ၏လုံချည်ကို မကာထိုင်၍ ရှူးဖြင့် ပန်းလိုက်ပါတော့သည်။ ထိုအမျိုးသားကြီးကို ကြည့်၍ အခြားအမျိုးသားများကလည်း ဝိုင်း၍ ရှူးဖြင့် ပန်းလိုက်ကြရာ ရထားကြမ်းပြင်ပေါ်မှ မီးတောက်မှာ ငြိမ်းသွားပါတော့သည်။ ထိုအချိန်ကျမှ ရထားတွဲပေါ်ပါလာသူအားလုံး သက်ပြင်းချနိုင်ပါတော့သည်။ အချိန်အတန်ကြာမှင်တက်မိနေသော ခရီးသည်များသည် မီးငြိမ်းသွားသောအခါ ရှူးနှင့်ပန်းသော အမျိုးသားများကိုကြည့်ကာ ငိုအားထက်ရယ်အားသန်ကြပါတော့သည်။

"ဟောဒီ ဦးလေးတွေ၊ အစ်ကိုတွေကြောင့် ကျွန်မတို့ အသက်ဆက်ခွင့်ရသွားတာ အများကြီးကျေးဇူးကြီးပါတယ်ရှင်"

အမေက ရှုရှူးဆရာကြီးများကို ရယ်ကာမောကာ ကျေးဇူးတင်စကားပြောလိုက်သောအခါ ပထမဦးဆုံး ရှုရှူးဦးကြီးက…

""ဘယ်ဟုတ်ပါ့မလဲ အစ်မကြီးရာ။ ခရီးသည်တွေအားလုံး ဘာလုပ်ရမှန်းမသိ ဖြစ်နေတဲ့အချိန်မှာ အစ်မကြီးရဲ့အကြံပေးမှုကြောင့်ပေါ့ဗျာ။ တကယ်လို့များ အစ်မကြီးပေးတဲ့အကြံကို ကျွန်တော်တို့တစ်တွေ အရှက်နဲ့သာ မလဲဘူးဆိုရင် ခရီးသည်တွေအားလုံး အသက်ပျောက်ကုန်မှာပါပဲ။ ကံကြီးပေလို့ပေါ့ဗျာ"

ဦးကြီးက ပြောသောအခါ ခရီးသည်များကလည်း အမေ၏ ဖြတ်ထိုးဉာဏ်ကောင်းမှုကို ဝိုင်းဝန်းချီးကျူးကြပါတော့သည်။

ဤကား အမေ၏ ပထမအကြိမ် ဖြတ်ထိုးဉာဏ်ကောင်းမှု ဖြစ်ပါသည်။ ဒုတိယအကြိမ်သည်ကား…

လွင်မောင်သို့ မိသားစု ဥဩလမ်းသို့ ရောက်ရှိပြီးချိန် ဖြစ်ပါသည်။ ဥဩလမ်း တိုက်ခန်းများသည် ဧည့်ခန်း အိပ်ခန်း၊ မီးဖိုခန်း၊ ရေချိုးခန်းတို့သည် ကျယ်ဝန်းသော အခန်းများ ဖြစ်ပါသည်။ ယခုခေတ် ကန်ထရိုက်တိုက်ခန်းများလို ကျဉ်းကျဉ်းကျုတ်ကျုတ် မဟုတ်ပေ။ ပေမီဒေါက်မီ တိုက်များဖြစ်ပါသည်။ တစ်နေ့ အစ်ကိုကြီးသည် ဈေးမှ လေမီးဖိုအသစ်တစ်ခု ဝယ်လာပါသည်။ ထိုလေမီးဖိုကို အစ်ကိုကြီးက စမ်းသပ်၍မွှေးပါသည်။ ထိုသို့ မွှေးနေသည်ကို အဖေ၊ အစ်ကိုလတ်နှင့် လွင်မောင်တို့က ဘေးမှ ဝိုင်းကြည့်နေကြပါသည်။ မီးမွှေးသောအခန်းမှာ အလယ်ခန်း (အိပ်ခန်း ခုတင်တစ်လုံး အပေါ်တွင် ထပ်ခိုးတင်ထားပါသည်။ စာကြည့်စားပွဲလည်း ရှိပါသည်။)

အခန်းက ကျယ်ဝန်းသဖြင့် လွတ်နေသော အလယ်နေရာတွင် လေမီးဖိုစမ်းနေခြင်း ဖြစ်ပါသည်။ မီးဖိုကို မီးမွှေးပြီး မီးအားတက်လာစေရန် အစ်ကိုကြီးက လေပြင်းပြင်းထိုးလိုက်ရာ လက်ချော်ကာ မီးဖိုမှောက်သွားပါတော့သည်။ မီးဖိုမှောက်သွားသည်နှင့် အဖုံးပွင့်ပြီး ရေနံဆီများ ဘေးသို့ လွင့်စင်ဖိတ်ကျကုန်သဖြင့် ဟုန်းကနဲ မီးစွဲကာ မီးတောက်ကြီး ထလာပါတော့သည်။ မီးမွှေးနေသော အစ်ကိုကြီးလည်း မီးထလောင်သဖြင့် ဘေးသို့ရှောင်ကာ ဘာလုပ်ရမှန်းမသိဘဲ မီးဖိုဘေးတွင် ကြောင်ကြည့်နေပါသည်။ ထိုနည်းတူ အစ်ကိုလတ်၊ အဖေနှင့် လွင်မောင်တို့သည်လည်း မီးဖိုဘေးတွင် ဟိုခုန်ဒီခုန်နှင့် ဟိုဒီပြေးကာ ဘာလုပ်ရမှန်း မသိကြပါ။ ထိုစဉ် အမေသည် အိမ်ရှေ့ခန်းမှ ပြေးလာပြီး…

www.burmeseclassic.com

www.burmeseclassic.com

"ဘာကြောင်နေတာလဲ။ ကုန်တော့မှာပဲ"

ဟုဆိုကာ ခုတင်ပေါ်မှ ဂွမ်းစောင်ကို ဆွဲယူကာ ရေချိုးခန်းအတွင်းသို့ပြေးပြီး ရေတိုင်ကီထဲသို့ စောင်ကိုနှစ်ကာ ရေဆွတ်လိုက်ပြီး လောင်နေသော မီးဖိုကို အုပ်ချလိုက်ပါတော့သည်။ ရေရိုနေသော စောင်အုပ်လိုက်သည်နှင့် မီးတောက်လည်း ငြိမ်းသွားပါတော့သည်။

"ဘုရား…ဘုရား ကံကောင်းလို့ နင်တို့လိုသာ ဆက်ကြည့်နေကြရင် ထပ်ခိုးမီးစွဲပြီး အားသုံးသေကုန်တော့မှာ"

သည်တော့မှ အဖေ၊ အစ်ကိုကြီး၊ အစ်ကိုလတ်နှင့် လွင်မောင်တို့သည် ပျာပျာသလဲ ငြိမ်းသွားသော မီးဖိုနှင့်စောင်ကိုဖယ်ကာ သန့်ရှင်းရေး လုပ်ကြပါတော့သည်။ မည်သည့်အခန်းကမှ မသိသဖြင့် တော်သေး၏။ တဲအိမ်၊ သစ်အိမ်များဆိုပါက တစ်အိမ်လုံး ကုန်သွားနိုင်လေသည်။ ထို့ပြင် တရားလည်း စွဲခံရပေလိမ့်ဦးမည်။ အမေ ကယ်ပေလို့…။

ထိုသို့ ထိုသို့ ပညာပေးခဲ့သော အမေသည် အသက်ငါးဆယ်ကျော်လောက်မှစ၍ သွေးတိုးရောဂါခံစားရလေ၏။ ထိုအချိန်က သွေးတိုးမှ ဆေးထိုးရ၏။ ဆေးစားရ၏။ ယခုခေတ် ဆေးကုထုံးနည်းမျိုး မဟုတ်ပေ။ အစားအသောက်လည်း အလွန်ရှောင်ရ၏။ သွေးတိုးရောဂါကြောင့်ပင် အခြားရောဂါများပါ ဖြစ်လာပါသည်။ နောက်ဆုံး အမေ သွေးတိုးရောဂါနှင့်ပင် ကွယ်လွန်ခဲ့ပါသည်။

အသက်အရွယ် ရလာသည်နှင့် လွင်မောင်သည် အမေ၏ပုံရိပ်များကို အထူးသတိတရ ရှိလှ၏။ အမေရှိစဉ်က အမေ၏တန်ဖိုးကို မသိ။ အမေမရှိတော့မှ အမေ့စေတနာ၊ အမေ့မေတ္တာများကို တဖြည်းဖြည်း သိလာရ၏။ မည်သို့ပင် သတိတရရှိစေကာမူ အမေကဖြင့် အစားထိုး၍ မရနိုင်တော့ပါ။ မည်သို့ပင်ဖြစ်စေ အမေသည် မာကျောသူကို ပျော့ပျောင်းစေသူ၊ ပူလောင်နေသူကို အေးမြစေသူ၊ ဝေးကွာမေ့လျော့နေသူကို အနီးကပ် သတိရစေသူပင် ဖြစ်ပါတော့သည်။

ဤသည်မှာ ကိုလွင်မောင်၏ ပထမအမေ ဖြစ်ပါသည်။

ကိုလွင်မောင်၏ ဒုတိယအမေသည် သူ၏ ယောက္ခမဖြစ်ပါသည်။ ကိုလွင်မောင် အိမ်ထောင်ကျတော့ ဒုတိယအမေသည် အသက်ငါးဆယ်ကျော်လေပြီ။ ပိန်ပိန်ပါးပါး အသားညိုညို၊ ကိုယ်လုံးသေးသေးသွယ်သွယ်၊ ဆေးပေါ့လိပ်ကို ကိုက်ကာ တလှုပ်လှုပ်နှင့် အလုပ်လုပ်နေတတ်ပါသည်။

များသောအားဖြင့် အိမ်ထောင်ရေး နယ်ပယ်တွင် အိမ်ထောင်သည် အတော်များများသည် ယောက်ျားဖြစ်စေ၊ မိန်းမဖြစ်စေ၊ ယောက္ခမဖြစ်သူနှင့် မတည့်တတ်ကြ။ ဝတ္ထုများ၊ ရုပ်ရှင်များစသည့် မြန်မာမှုအိမ်ထောင်ရေး နယ်ပယ်တွင် ယောက္ခမနှင့်သမက်၊ ယောက္ခမနှင့် ချွေးမ၊ မတည့်သည့်အကြောင်းများသာများ၏။ မတည့်သည့်အကြောင်းများပင် ထပ်ခါတလဲလဲပြ၏။ ရေးကြ၏။ များသောအားဖြင့်လည်း သားနှင့် ပတ်သက်လာသော ချွေးမ၊ သမီးနှင့် ပတ်သက်လာသော သမက်ကို ယောက္ခမတော်တော်များများကလည်း လိုလိုချင်ချင် လက်မခံချင်ကြ။ အကြောင်းကြောင်းကြောင့် မတည့်ရေးချ မတည့်သည်ကသာ များ၏။

ကိုလွင်မောင်ကျတော့ ဤသို့မဟုတ်ပါ။ ယောက္ခမနှစ်ဦးစလုံးက ကြည်ကြည်ဖြူဖြူ လက်ခံကြပါသည်။ ရိုးသားသူများ ဖြစ်၍လည်း လက်ခံကြသည်ဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် ကိုလွင်မောင်ကလည်း မိရင်းဖရင်းပမာ လေးစားရပါသည်။ ကောင်းသည်ဆိုးသည်၊ ချိုသည် ခါးသည် ကန့်သတ်ချက်၊ သတ်မှတ်ချက် ဘာမှမထား။ နှစ်ဦးနှစ်ဖက် သူတူညီမျှ အလိုက်အထိုက် နေကြပါသည်။ ထို့ကြောင့် မည်သည့် ပြဿနာမှ မရှိပါ။ ကိုလွင်မောင်၏ ဒုတိယအမေသည် သူ့မြေးများမှလွဲ၍ သိပ်စကားများများ မပြောပါ။ ဈေးဝယ်ချက်ပြုတ်၊ လျှော်ဖွပ်၊ တစ်နေကုန် တကုပ်ကုပ်၊ တလှုပ်လှုပ်လုပ် နေတတ်ပါသည်။

နံနက်မိုးလင်းသည်မှ တလှုပ်လှုပ်နှင့် လုပ်လိုက်သည်မှာ ညအိပ်ရာဝင်ခါနီးမှပင် သူ့ခမျာ နားရရှာပါသည်။ သားကြီးကလည်း သူ့ဇနီးနှင့်သူ၊ သမီးငယ်ကလည်း သူ့အိမ်ထောင်နှင့်သူ။ ကိုလွင်မောင်နှင့် ဇနီးကလည်း အိမ်ခွဲနေသဖြင့် ဒုတိယအမေသည် ကူမည့်သူမရှိ၊ သူနှင့်သူ၏မြေး သူခင်ပွန်းသည်နှင့် သူ၏ချွေးများအတွက် သူကိုယ်တိုင်ပင် လုပ်ရပါလေသည်။

အထူးသဖြင့် ဒုတိယအမေသည် ချွေးများကို သနားတတ်သဖြင့် လူများ၏ ဝေယျာဝစ္စအပြင် သူချစ်သော ချွေးများ

www.burmeseclassic.com

အတွက်ပါ တာဝန်ယူရပါတော့သည်။ လူများအတွက် ချက်ပြုတ်ပြီးက ခွေးစာ ပြုတ်ရပါသည်။ ခွေးတွေကလည်း တစ်ကောင်နှစ်ကောင်မဟုတ်။ လေးငါးဆယ်ကောင်ကျော်လျှင် ကျော်ပါလိမ့်မည်။ ထိုသို့သော ကိစ္စများကြောင့် နံနက်စာကို နေ့လည် တစ်နာရီခွဲ နှစ်နာရီမှ စားရ၏။

"ငါ ထမင်း ဒီနေ့စားရပါတော့မလားဟေ့"

ဒုတိယအမေ၏ ခင်ပွန်းက တစ်ခါတစ်ခါ ညည်းရှာ၏။ ဒုတိယအမေခမျာလည်း တတ်နိုင်သလောက် လုပ်ရှာပါသော်လည်း အသက်က စကားပြောသဖြင့် အချိန်မီ မကျက်နိုင်ပါ။ နေ့စဉ်လိုလို မွန်းလွဲမှ စားကြရ၏။ ကိုလွင်မောင်တို့ ဇနီးမောင်နှံ ရုံးအားရက်ဆိုလျှင်တော့ နှစ်ဦးသား ဝင်ရောက်ချက်ပြုတ်ပေးမှ အမေတို့မိသားစု စောစော ထမင်းစားကြရပါသည်။ ပုံမှန်ကတော့ မွန်းလွဲချည်းပါပေ။ အဖေကြီးကလည်း သည်းခံနိုင်သလောက် သည်းခံပါသည်။

ဒုတိယအမေ ချက်သည်ပြုတ်သည်မှာ ကြာသော်လည်း သူချက်သည့်ဟင်းများမှာ အရသာရှိလှပါသည်။ ဟင်းကို အစပ်အဟပ်တည့်အောင် ချက်တတ်ပြုတ်တတ်ခြင်းကြောင့် ဖြစ်ပါသည်။ ကိုလွင်မောင်တို့ဇနီးမောင်နှံ ချက်ပြုတ်သည်မှာ မြန်သော်လည်း ဒုတိယအမေ၏ လက်ရာကိုတော့ မမီပါ။ ဒုတိယအမေသည် နံနက်မိုးလင်းသည်နှင့် ဆွမ်းလောင်းရန် ပြင်ဆင်ပါတော့သည်။

ရပ်ဆွမ်းက ငါးကျောင်း၊ ထိုင်ဆွမ်းက ငါးပါးခန့် နေ့စဉ်မပျက်မကွက်စေရ။ ဒုတိယအမေသည် မမြန်ဆန် မသွက်လက်သော်လည်း နေးနေးနှင့်မှန်မှန် တစ်နေ့တာလုပ်ငန်းများကို တလှုပ်လှုပ် လုပ်ရှာ၏။ ထိုင်ဆွမ်းအတွက် ဆွမ်းဟင်းအပြင် အချိုပွဲ၊ ရေနွေးကြမ်းကိုလည်း မပျက်ကွက်စေရ။ ထိုဆွမ်းကိစ္စ ဆောင်ရွက်ရင်း အိမ်အတွက် အချက်အပြုတ်လုပ်ငန်းကလည်း လုပ်လျက်၊ နားနားနေနေ အမောပြေထိုင်၍ မနားနိုင်ရှာပါ။

သူ့ခမျာ သူ့နှစ်သက်သည့် ဆေးလိပ်တိုကလေးဖွာလျက် အလုပ်များ လုပ်ရှာ၏။ အချက်အပြုတ်ပြီးက အလျှော်အဖွပ် အလုပ်ဘက် လှည့်ပြန်၏။ မြေးဆိုသည့်ကလေးက ဆယ်နှစ်ခန့်ရှိပြီဖြစ်သော်လည်း ဘာမျှမကူညီ။ စားလိုက်၊ သွားစကားလိုက်။ တစ်ခါတလေ ဒုတိယအမေကိုပင် ဟောက်လိုက်သေး၏။ အိမ်က အဝအပြဲ စားသည့်အပြင် မုန့်ဖိုးမရပါက အော်လိုက် ဟစ်လိုက်သေး၏။ ဒုတိယအမေက ပြုံးပြုံးပင် မြေးလိုအပ်သည်ကို ဖြည့်ဆည်းရှာ၏။

ဒုတိယအမေသည် ရုပ်ရှင်ဝါသနာမပါ။ ဇာတ်အငြိမ့်ဝါသနာမပါ။ သူ၏ဝါသနာကား ခွေးများကို ကျွေးမွေးပြုစုခြင်းတည်း။ အမေ့တွင် အိမ်၌ တရားဝင် ခွေးလေးငါးကောင်ခန့် ရှိသော်လည်း တရားမဝင်ကျွေးမွေးထားသော ခွေးများကား ပေါလှ၏။ အဖေကြီးက ခွေးမွေးခြင်းကို ဆူပွက်ထား၍သာ။ မဟုတ်ပါက တစ်မြို့လုံးက ခွေးများ အိမ်တွင် စုပုံနေပါလိမ့်မည်။ ယခုလည်း တစ်ရပ်ကွက်လုံးက ခွေးများကို အဖေကြီးလစ်လျှင် လစ်သလို ကျွေးမွေး၏။ ဒုတိယအမေ ဈေးသွားလျှင်သော်လည်းကောင်း၊ အိမ်နီးပါးသွားလျှင်သော်လည်းကောင်း၊ အမေ၏ နောက်မှခွေးများ စုပြုံလိုက်လာကြတော့၏။

ထိုသို့ စုပြုံလိုက်ကြသဖြင့် အခြားခွေးများနှင့် ဒုတိယခွေးများ တိုက်ပွဲကြီး ဖြစ်ကြလေ၏။ တစ်လမ်းလုံး ဆူညံကျ၏။ ဒုတိယအမေကို ခွေးမမွေးရန် ဘယ်သားသမီး၊ ဘယ်မိတ်ဆွေ၊ ခင်ပွန်းယောက်ျားက ပြောပြော အင်းအင်းသာ ဆို၏။ ကျွေးမြဲ၊ မွေးမြဲမွေး၏။ ကိုလွင်မောင်က ခွေးများမွေးခြင်းဖြင့် ခွေးရူးရောဂါ ဖြစ်နိုင်ကြောင်း၊ ခွေးသည် တကယ်တမ်း စဉ်းစားကြည့်လျှင် ကျား ထက်ပင် ကြောက်စရာကောင်းကြောင်း ဒုတိယအမေကို ရှင်းပြ၊ နားချသော်လည်း ခေါင်းညိတ်ကာ အလစ်တွင် ကျွေးမြဲ မွေးမြဲ။

ကြာတော့ ကိုလွင်မောင် လျှော့ တော့၏။ အဖေကြီးပင် ပြောမရတာ သူဆိုတော့ ပို၍ပင် ဝေလာဝေး၏။ အိမ် နီးဝန်းကျင်တွင် ခွေးကြီး၊ ခွေးလေး ခွေး လတ် စုံလှ၏။ ကံကောင်းသည်မှာ အမေမွေးသော ခွေးများသည် ရူးသည် မရှိ။ သို့သော် အခြားသူများကိုတော့ ကိုက်တတ်၏။ ထိုအခါ ဒုတိယအမေက ကိုက်ခံရသူကို ကျေနပ်အောင် ချော့ မော့၏။ အစားပေး၏။ ငွေပေး၏။ ဒါက ဘယ်သူမှ မသိ။ ဒုတိယအမေ ကြိတ်၍ လုပ်၏။ အိမ်နီးပါးချင်းများနှင့် ခွေး ကြောင့် ရန်ဖြစ်ရသည်မှာလည်း မနည်း တော့ပြီ။ ကောင်စီရုံးသို့လည်း မကြာ ခဏ ရောက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

အားလုံးက ဝိုင်း၍ အမေ့အား ဆူကြပြောကြသော်လည်း ခဏသာ။ ခဏ ငြိမ်နေပြီး မေ့လောက်က ပြန်ပြီး ကျွေးမွေးပြန်၏။ အမေနေမကောင်း၍ မထနိုင်သော်လည်း ပါးစပ်မှ "ဟဲ့… အောင်နက်ကို ထမင်းကျွေးလိုက်ပါဦး" "မိကျားကို မရိုက်ပါနဲ့"စသည်ဖြင့် ယောင်ယမ်း၍ အော်တတ်သေး၏။ ခွေးများအပေါ် သံယောဇဉ်ကြီးလှသည့် အမေ။ ဒုတိယအမေသည် တိရစ္ဆာန်များပေါ်တွင်သာ စေတနာထားသည် မဟုတ်။ သူ၏ သားသမီး မြေးများပေါ်တွင်လည်း မေတ္တာစေတနာ အပြည့်ထား၏။

ကိုလွင်မောင်၏ဇနီးက ပြောဖူး၏။ သူတို့ငယ်ငယ်တုန်းကဆိုလျှင် နံနက်မိုးလင်းသည်နှင့် အမေသည် သူတို့မောင်နှမသုံးယောက်ကို ဘာစားချင်လဲ၊ ဘာဝယ်ခဲ့ရမည်လည်း တစ်ဦးချင်း အမြဲစိတ်ရှည်စွာမေး၏။ မောင်နှမသုံးယောက် အကြိုက်နှင့် ခင်ပွန်း၏အကြိုက်ကို လိုက်၍ ချက်ပြုတ်ရ၏။ ဈေးသို့လည်း ကိုယ်တိုင်၊ သမဆိုင်သို့လည်း ကိုယ်တိုင်၊ ဆွမ်းလောင်းတော့လည်း ကိုယ်တိုင်၊ ဘယ်သူ ဘာလုပ်ပါ၊ ညာလုပ်ပါ ဘယ်တော့မှ မပြောပါ။ မခိုင်းပါ။ တတ်လည်း တတ်နိုင်သည့် ဒုတိယအမေရယ်ပါ။

ဒုတိယအမေသည် အိပ်ချိန်မှလွဲ၍ နံနက်မှ မိုးချုပ်သည်ထိ မအားပါ။ အချိန်ပြည့် မအားသောအမေသည် ဥပုသ်ဆိုလျှင် ကျောင်းသို့ အသွားမပျက်ချေ။ ဥပုသ်နေ့ဆိုလျှင် အိမ်အလုပ်များကို တတ်နိုင်သလောက် အပြီးသတ်၏။ ဘုန်းကြီးကျောင်းအတွက် ဆွမ်းချိုင့်အမီထည့်ကာ အဖေကြီးအိမ်မှ ကျောင်းသို့ထွက်သည်နှင့် အတူလိုက်လေ၏။

ကျောင်းရောက်၍ သီလယူပြီးသည်နှင့် အဖေကြီးတို့လူစုသည် ဇရပ်တစ်ခုတွင် စုဝေးကာ အဘိဓမ္မာတရားများ။ ဝိပဿနာတရား အကြောင်းများကို ဆွေးနွေးကြ၏။ ဒုတိယအမေသည် အဖေကြီးတို့နှင့် ဝင်ရောက်၍ မဆွေးနွေးနိုင်သော်လည်း တတ်နိုင်သမျှ မှတ်သား၏။ မှတ်မိဖန်များသောအခါ ဒုတိယအမေသည် ကိုလွင်မောင်တို့ ဇနီးမောင်နှံနှင့် အခြားမိသားစုများအား ပြောပြ၏။

ဒုတိယအမေ အထူးတလည် နှစ်သက်သော အကြောင်းအရာမှာ မေတ္တာအကြောင်း ဖြစ်၏။ မည်သူ့ကိုမဆို မေတ္တာထားသော ဒုတိယအမေသည် ကိုလွင်မောင်တို့အား မေတ္တာအကြောင်း ပြောပြတတ်၏။

"မေတ္တာဆိုတာ မင်းတို့အသိစိတ်ထဲမှ ချစ်တယ်ဆိုတဲ့သဘောပဲ သိကြမှာ။ တကယ်တမ်း မေတ္တာအကြောင်းကို လေ့လာလိုက်ရင် ချစ်တယ်ဆိုတာလောက်နဲ့ မလုံလောက်တော့ဘူး။ တကယ်တော့ မေတ္တာဆိုတာ သူ့အကျိုးကို လိုလားခြင်းဆိုရင် ပိုမှန်လိမ့်မယ်။ တစ်နည်းပြောရရင် မေတ္တာဆိုတာ "အကျိုးလိုလားတဲ့ စိတ်ဓာတ်၊ အကျိုးလိုလားတဲ့ အပြော၊ အကျိုးလိုလားတဲ့ လုပ်ရပ်"ဆိုပြီး သိထားရင် ပိုမှန်ကန်တာပေါ့။ မေတ္တာဆိုတဲ့ စကားကို ပိဋကတ်စာပေ အဆိုအမိန့်အတိုင်း ပြောရရင်…

"မေတ္တာ ဟိတာကာရပဝတ္တိလက္ခဏာ"

မေတ္တာသည် သူတစ်ပါးအကျိုးစီးပွားကိုလိုလားသော အခြင်းအရာဖြစ်ခြင်း လက္ခဏာရှိ၏တဲ့။ နောက်တစ်ခါ

"မေတ္တာ ဟိတူပသံဟာရရသာ"

မေတ္တာသည် သူတစ်ပါးအကျိုးစီးပွားကို ဆောင်ရွက်ခြင်းကိစ္စရှိ၏တဲ့။ နောက် မေတ္တာအကြောင်းပြောရရင် သိပ်ရှည်မယ်ပေါ့ကွာ။ တိုတိုလိုရင်း ပြောရရင်တော့ မေတ္တာသုံးမျိုးရှိတယ်…။ ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာတွေပဲ။ ကျင့်သုံးနိုင်ဖို့က နေ့တိုင်းနေ့တိုင်း ကြုံတွေ့နေရတဲ့ လူနေမှုဘဝထဲမှာပဲ ရနိုင်တယ်။ လူမှုပတ်ဝန်းကျင်ထဲမှာ ပြောစရာတွေ၊ လုပ်စရာတွေ၊ အကြံပြုစရာတွေ၊ ကြုံလာတဲ့အခါမှာ အဲဒီပုဂ္ဂိုလ်ရဲ့…

- အကျိုးစီးပွားဖြစ်စေမယ့် အပြောအဆိုမျိုးကို ပြောတာ ဝစီကံမေတ္တာ။

- အကျိုးစီးပွားဖြစ်စေနိုင်တဲ့ အလုပ်မျိုးကို လုပ်ပေးလိုက်တာဟာ ကာယကံ မေတ္တာ။

- အကျိုးစီးပွား ဖြစ်စေနိုင်မယ့် အကြံမျိုးပေးလိုက်တာဟာ မနောကံ မေတ္တာတွေပါပဲ။

အဲဒီလို ကျင့်သုံးနိုင်မယ်ဆိုရင် တို့တစ်တွေရဲ့ ဘဝတွေထဲမှာ မေတ္တာတရားတွေ ပျံ့နှံ့ရောက်ရှိသွားမယ်။ ဒါမှလည်း မေတ္တာနဲ့ သာယာလှပတဲ့ ပတ်ဝန်းကျင်တစ်ခုကို တည်ဆောက်နိုင်မယ်။ ပိဋကတ်တော်လာ…

"မေတ္တာသတ္တာနံ မနာပဘာဝဒဿနပဒဋ္ဌာန"

သတ္တဝါတို့၏ အပြစ်ကို မရှု ချင်ခင်မြတ်နိုးစရာကို ရှာဖွေနိုင်ခြင်းသည်

www.burmeseclassic.com

www.burmeseclassic.com

မေတ္တာဖြစ်ကြောင်း။

ဆိုတာကို ငါ့သားတွေ သမီးတွေ မှတ်ထားဖို့ပါပဲကွယ်"

ရောဂါကြောင့် လှုပ်လှုပ်ရှားရှား မလုပ်နိုင်တော့ပါ။ တစ်ဖန် အသက်ရလာသည်နှင့် အမျိုးမျိုးသောရောဂါများလည်း စွဲကပ်လာပါတော့သည်။ ဘယ်ရောဂါတွေ ဘယ်လောက်ပဲဖြစ်ဖြစ် ဒုတိယအမေသည် သူ၏မေတ္တာကြောင့်လား မသိ အသက်ရှည်ပါသည်။ အသက် ၉၀ ကျော် ဖင်ရွှေ့သွားသည်အထိ ဘယ်ရောဂါမှ ဒုတိယအမေ၏ အသက်ကို မထိခိုက်နိုင်ပါ။ အမေ့ဘဝ နောက်ဆုံးအချိန်အထိ မည်သည့်ရောဂါဒဏ်ကြောင့်မှမဟုတ်ဘဲ အသက် ၁၀၀ ပြည့်ရန် သုံးရက်အလိုတွင် အမေကွယ်လွန်ပါသည်။

ဒုတိယအမေကား မေတ္တာသင်္ကေတတို့ဖြင့် လျှောက်လှမ်းခဲ့သူ ဖြစ်၏။ အမေပြောခဲ့သော "မေတ္တာဟူသည် သူတစ်ပါး အကျိုးစီးပွားကို ဆောင်ရွက်ခြင်း ကိစ္စရှိ၏"ဟူသော စကားကို ကိုလွင်မောင်တို့ မိသားစုဘယ်တော့မှ မေ့သည် မဟုတ်ချေ။

ကိုလွင်မောင်၏ တတိယအမေသည် မိထွေးဖြစ်ပါသည်။ မိထွေးသည် ကိုလွင်မောင်တို့ မိသားစုကို ကူညီခြင်း၊ ထောက်ပံ့ခြင်း၊ ကျွေးမွေးခြင်း လုံးဝမရှိဘဲ အဖေ၏ ဒုတိယဇနီး ဖြစ်လာသဖြင့် မိထွေးသည် အလိုအလျောက် မိခင်စာရင်း ဝင်သွားပါသည်။

ကိုလွင်မောင်တို့ ညီအစ်ကိုမောင်နှမတစ်တွေ အားလုံး အိမ်ထောင်ကျပြီး သားသမီးများ လူပျိုပေါက်တွေ ဖြစ်နေချိန်တွင် မမျှော်လင့်ဘဲ၊ မထင်မှတ်ဘဲ မိထွေးရရှိခြင်း ဖြစ်ပါသည်။ သို့အတွက် ငယ်ငယ်ရွယ်ရွယ် သေးသေးမွှားမွှား လူလားမမြောက်သေးသည့် အရွယ်များ မဟုတ်သဖြင့် မိထွေးက အနိုင်ကျင့်၍ မရ။ ဆရာလုပ်၍ မရ။ သို့သော် သားသမီးများက အဖေဟူသော အရှိန်ကြောင့် မြန်မာလူမျိုးပီပီ ရိုသေမှုတော့ ပြုကြသည့် ထုံးစံအရ ကိုလွင်မောင်တို့ ညီအစ်ကို မောင်နှမမိသားစုဝင်များက တတိယအမေကို မချစ်သော်လည်း အောင့်ကာနမ်းဆိုသကဲ့သို့ တရိုတသေပင် ဆက်ဆံကြပါသည်။

အမေ(ပထမ)ဆုံးပြီး အဖေ့အတွက် ဆေးပေးမီးယူ ကူဖော်လောင်ဖက်အဖြစ် အဖေ၏ဆန္ဒအရ သားသမီးများက သဘောတူလက်ခံကြခြင်း ဖြစ်ပါသည်။ အချို့သော ညီအစ်ကို မောင်နှမများက လက်မခံချင်ကြသော်လည်း အဖေ့ကို မလွန်ဆန်နိုင်၍ လက်ခံကြခြင်း ဖြစ်ပါသည်။

အဖေဇနီးရပုံကား အဖေ၏ မိတ်ဆွေထဲတွင် ချမ်းသာသော တရုတ်သူဌေးတစ်ဦး ရှိပါသည်။ ထိုသူဌေးသည် ပျော်ပျော်နေသေခဲ့သူ ဖြစ်၏။ သူ၏ ဝါသနာသည် ဟိုလူပျိုကြီးနှင့် ဒီအပျိုကြီး၊ ဟိုတစ်ခုလပ်နှင့် ဒီတစ်လင်ကွာ ဟိုအဘိုးကြီးနှင့် ဒီအဘွားကြီး စသည့် ခင်မင်သူ မိတ်ဆွေများကို ပွဲစားများမှ တစ်ဆင့် ဂဟေဆက်ပေးတတ်၏။ ပွဲခကို သူကပေး၏။ မပြေလည်သည်များကို ပြေလည်အောင် ညှိပေး၏။ ကုန်ကုန်ပြောရလျှင် ပွဲအစမှအဆုံး သူက တပြုံးပြုံးနှင့် မြားနတ်မောင် လုပ်သူ ဖြစ်ပါသည်။ ထိုထိုသော အကြောင်းတို့ကြောင့် အဖေသည် အသက် ၇၄ နှစ်တွင် ဒုတိယအိမ်ထောင်ပြု၏။ မိထွေးလောင်းက အသက် ၅၄ နှစ်။

ဖြူဖြူဝဝ၊ တစ်ခုလပ်၊ သားသမီးမရှိ၊ ယခင်အိမ်ထောင်ကလည်း အသက်ကြီးသူ အဘိုးကြီးပင် ဖြစ်၏။ ဖြူချောဟု ဆိုရပေမည်။ အဖေကြိုက်မည်ဆိုကလည်း ချစ်ချင်ကြိုက်ချင်စဖွယ် ဖြစ်ပါသည်။ တရုတ်သူဌေးဦးစီး၍ သက်ဆိုင်ရာ တရားသူကြီးထံတွင် လက်ထပ်စာချုပ် ချုပ်ကြပြီး မင်္ဂလာညစာစားပွဲကို တရုတ်တန်းရှိ "ကွမ်လောင်"စားသောက်ဆိုင်တွင် စားပွဲဝိုင်းကြီးဖြင့် ညစာခံ၏။ ထိုစဉ်က တစ်စားပွဲ၏တန်ဖိုးသည် ကျပ်ငွေ ငါးရာသာ။

ဟင်းမျိုးစုံ တစ်မျိုးပြီးတစ်မျိုး ယမကာပွဲ၊ အချိုပွဲ စုံလှ၏။ ကိုလွင်မောင်တို့မိသားစု အပါအဝင် လမ်းလူကြီးများ၊ အဖေ၏ မိတ်ဆွေသင်္ဂဟများ နည်းနည်းနှင့် ကျဲကျဲ ဝိုင်းပါပေ။ ညစာခံပြီးသောအခါ လမ်းထဲတွင် အဖေ၏ မင်္ဂလာပွဲကို အတင်းပြောကြလေ၏။ ခြသော်…စားတုန်းက တဝတပြဲ စားကြ သောက်ကြပြီး ပွဲပြီးသောအခါ အတင်း ပြောလိုက်ကြလေ၏။ ဟားလိုက်ကြ သေး၏။ တတ်လည်း တတ်နိုင်ကြ များပါပေ။

သည်လိုနှင့်ပင် ပထမအမေ တာခြိုးခြံစွာ စုဆောင်းထားသော အတွင်းပစ္စည်း၊ အပြင်ပစ္စည်းများ မိထွေးက သိမ်းပိုက်သွားလေသည်။ ဆိုသည်မှာ မျှော်လင့်၍ မရ၊ မမျှော် ဘဲလည်း ရတတ်၏။ ရောရာသ



www.burmeseclassic.com

www.burmeseclassic.com

တံတရားအတိုင်းသာ ဖြစ်၏။ ကိုလွင်မောင်တို့ သဘောထားကား မိမိတို့တွင် အလုပ်ရှိသည်။ အိမ်ရှိသည်။ ထို့ကြောင့် ဘာအမွေမှ မလို။ ပေးလိုကပေး။ မပေးလိုကလည်းနေ။ အဖေ စိတ်ချမ်းသာမှုသည်သာ ပဓာန ဖြစ်ပါသည်။

အချို့ခင်မင်သူ မိတ်ဆွေများက အဖေ့ထံတွင် တရားဝင် အမွေတောင်းရန် အကြံပေးကြ၏။ ပထမအမေ၏ အမွေကိုတောင်းရန် အကြံပြုကြခြင်း ဖြစ်ပါသည်။ ကိုလွင်မောင်တို့သဘောထားကတော့ အဖေသက်ရှိထင်ရှားရှိနေသဖြင့် အဖေ့သဘောသာ ဖြစ်ပါသည်။ မည်သည့်ပြဿနာမျိုးမှ အဖေ့ကို မပေးလိုပါ။ အထက်က ဆိုခဲ့သလို အဖေစိတ်ချမ်းသာမှုသည်သာ အဓိက။

မိထွေးဖြစ်သူ (ဒုတိယအမေ) သည် အဖေ့အိမ်တွင် ကြော့ကြော့ကလေးနေကာ လာသည့်၊ ကြုံသည့် သားသမီးများကို နှုတ်ချိုလျှိုတစ်ပါးဖြင့် ဆက်ဆံ၏။ လေထိုးလေလျှော်လုပ်၏။ ဘယ်သူ့ကိုမှ ကန်နကောစမပြော။ ခေတ်သစ်မိထွေး ပီသပါပေသည်။ ဒုတိယအမေအနေဖြင့် လင်ပါ မည်သည့်သားသမီးများကိုမှ ပေးရန်ကျွေးရန် မလိုပေ။ အားလုံးသည် အလုပ်နှင့် အကိုင်နှင့်။ အိုးနှင့် အိမ်နှင့်။ အိမ်လာသည်လာပါက အလိုက်အထိုက် ဧည့်ခံလိုက်လျှင် ပြီး၏။ ကသိုလ်ထူးသော ဒုတိယအမေပေ။

သူပေးသော ကျွေးသောသူများကား သူ၏ တူ၊ တူမများဖြစ်၏။ အဖေနှင့်ရပြီး သူ့တွင် မွေးစားသမီး၊ သားရှိကြောင်း ပြော၏။ တဖြည်းဖြည်း သိမ်းသွင်း၏။ စည်းရုံး၏။ အဖေကလည်း ဒုတိယအမေ၏ဆန္ဒ ပြည့်ဝစေ၏။ ဒုတိယအမေသည် အဖေနှင့်ရပြီး ခြောက်လခန့်အကြာတွင် နယ်မှ တူ၊ တူမများ အလည်ခေါ်၏။ ရန်ကုန်ရောက်သောအခါ ဖိနပ်မှအစ အဝတ်အစား အဆုံးအားလုံး တောက်တောက်ပြောင်ပြောင် ဖြစ်စေ၏။

စားသောက်ဆိုင်၊ လေဟာပြင်ဈေးတို့တွင် အစားအသောက်ကောင်းများနှင့် ဧည့်ခံ၏။ နယ်ပြန်တော့လည်း သက်ဆောင်တွေ တနင့်တပိုးကြီး ပေးလိုက်သေး၏။ တူ/တူမများကို အလည်ခေါ်ပြီး ဘာမှမကြာ ညီမနှင့်မတ်တွေ အလည် လာကြပြန်၏။ သို့နှင့် သူ၏ လက်ရင်းဆွေမျိုးများသည် အဖေ့အိမ်တွင် တစ်ယောက်တစ်မျိုး မရိုးရအောင် ဝင်ထွက်စားသောက်ကြလေ၏။

အဖေ့တက်တွင် ကိုလွင်မောင်နှင့် ဇနီးတို့သာ အဝင်အထွက် ရှိ၏။ ကိုလွင်မောင်တို့ဇနီးမောင်နှံက ဝင်ထွက်ဆို အဖေ့အိမ်နှင့် တစ်လမ်းခြားတွင် နေသောကြောင့် ဖြစ်ပါသည်။ အခြားသော သားသမီးများက အဝင်အထွက် သိပ်မရှိကြ။ ဒုတိယအမေကလည်း ယောကျ်ား၏သားသမီးများ မဝင်မထွက်သည်မှာ သူ့အတွက် အရေးမဟုတ်ပေ။ အရေးပါသည်က သူ့ဘက်မှ မိသားစုများ ဝင်ထွက်ရေးသာ အရေးပါပါသည်။ သည်လိုနှင့် သူ၏မွေးစားသမီးဆိုသူ သူ၏တူမသည် အိမ်ထောင်စုစာရင်းဝင် ဖြစ်သွားလေသည်။

ဒုတိယအမေသည် အဖေ့အား ပညာပါပါ တစ်ရစ်ပြီးတစ်ရစ် စည်းရုံးကာ အဖေ၏ ပိုင်ဆိုင်မှုများကို သိမ်းသွင်းပါသည်။ ဒုတိယအမေနှင့် အဖေသည် ငါးနှစ်ခန့်ပေါင်းဖက်ပြီး အဖေ ကွယ်လွန်ပါသည်။ အဖေကွယ်လွန်ပြီး တစ်နှစ်ပင် မပြည့်မီ ဒုတိယအမေသည် နောက်အိမ်ထောင် ပြုပါသည်။ နောက်ပြုသည့် အိမ်ထောင်သည်လည်း အဘိုးကြီးတစ်ဦးပင် ဖြစ်ပါသည်။ အဘိုးကြီးများနှင့် အကျိုးပေးလှသည့် ဒုတိယအမေ။ အဘိုးကြီးများနှင့် ဖူးစာပါသလို အဘိုးကြီးများထံမှ တန်ဖိုးကြီးကြီးရလိုက်၏။ ထူးလည်းထူးသည့် ဒုတိယအမေရယ်ပါ။ နောက်ယူသည့် အဘိုးကြီးကလည်း စိန်ရွှေ တစ်ကိုယ်ဆင်စာ အပြင် တိုက်တစ်လုံးပါသေး၏။

နှိုင်းဆိုရသော် အဖေဆုံးပြီး ကိုလွင်မောင်တို့ အမွေကိစ္စသည် ဘယ်လိုဘယ်လိုမှ မလဲပါ။ ထူးခြားမှု မရှိပါ။ အဖေမဆုံးခင်က ဘာမှုမပြောခဲ့ပါ။ ဆုံးတော့လည်း ဘာစာဘာမှတ်တမ်းမှ မရေးခဲ့ပါ။ သည်တော့ ဒါသည် ဒုတိယအမေ၏ ပညာသည်သာ။ ကိုလွင်မောင်တို့ ညီအစ်ကို မောင်နှမတစ်စုကလည်း အဖေဆုံးပြီး ဒုတိယအမေနှင့် အဆက်ဖြတ်လိုက်ကြပါသည်။

ဤဒုတိယအမေကား မာကျော သူ့ကို ကွဲအက်စေသူ၊ ပူလောင်နေသူကို ပြာကျစေသူ၊ ဝေးကွာနေသူကို ပို၍ပို၍ လွင့်ပါးစေသူပင် မဟုတ်ပါလား။

မောင်တော်ထိန်

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ပထမံ ဖိုးထိန်

မုဒ့်-သုမွန်

(၁)

"အား"

တိတ်ဆိတ်နေသော ညဦးယံကို ထိုးဖောက်ကာ ဖိုးထိန်၏ အသံနက်ကြီးက ပေါ်ပေါက်လာတော့၏။ စင်စစ် ဖိုးထိန်သည် ချောက်ချားပြီး ကြောက်မက်ဖွယ်ကောင်းသော အိပ်မက်ကို မြင်မက်နေရာမှ အတင်းအကြပ် လူးလွန့် ရုန်းကန်ကာ နိုးထလာခြင်းဖြစ်သည်။ ထိုသို့ရုန်းကန်ကာ နိုးထလာသောကြောင့်ထင်ပါသည်။ သူတစ်ကိုယ်လုံးသည် ချွေးဖြင့် ရွှဲရွှဲစိုနေပါတော့သည်။ နဖူးပြင်နှင့်တကွ မျက်နှာပြင်တစ်ဝိုက်တွင်လည်း ချွေးစေးတို့ဖြင့် သီးနေ၏။

သူသည် မီးခြစ်အကူအညီဖြင့် ဖယောင်းတိုင်ကို မီးထွန်းလိုက်လေတော့သည်။ သူအိပ်နေသော နေရာတစ်ဝိုက်ကတော့ အတော်အသင့်လင်းထိန်သွားပါတော့သည်။

ထိုအလင်းရောင်ကြောင့် သူဘေးနားတွင်ရှိနေသော ရုပ်တုကလေးကို ကောင်းစွာမြင်တွေ့နေရပါ၏။ ထိုအရုပ်ကလေးက သူမအိပ်မီက ထားရှိခဲ့သော ပုံစံအနေအထားအတိုင်းပင် ရှိနေသေး၏။

သို့သော် ထိုအရုပ်ကလေး၏ မျက်နှာပုံသဏ္ဍာန်က ပိုပြီးတောက်ပြောင် မည်းနက်လာကာ ပိုပြီးမျက်နှာကျောတင်းမာသလို လည်းရှိနေပါ၏။ ပြီးတော့ပါးစပ်မှ အစွယ်သွားကလည်း ပိုပြီးရှည်လျားလာသလို ထင်ရပါ၏။ ထိုအစွယ်သွားနေရာမှ စေးထန်းသော အရည် တစ်မျိုးစိမ့်ထွက်လာသည်ဟု ထင်ရပြန်သေး ၏။ ထိုစေးထန်းသော အရည်မှာ သတ္တဝါတစ်ကောင်၏ သွေးဖြစ်ပါလိမ့်မယ်။

ထိုရုပ်ကလေးကို သူတာရှည်သဖြင့် ကြည့်နိုင်စွမ်းမရှိတော့ပါ။ ထို့ကြောင့် သူသည် အရုပ်ကလေးကို သူ၏ ထန်းခေါက်ဖာထဲသို့ ထည့်သွင်းလိုက်သည်။ ပြီးတော့ မီးမှုတ်ကာ ပြန်အိပ်လိုက်သည်။ အိပ်၍ မပျော်ပါ။ အဘယ်ကြောင့်ဆိုသော် ထိုအိပ်မက်ဆိုးများပင် သူ့ဦးခေါင်းထဲတွင် ဝဲလည်လှည့်ကာ မြင်တွေ့နေရခြင်းကြောင့်ဖြစ်ပါသည်။

ခပ်ဝေးဝေး မီးကင်းထဲဆီမှ သံချောင်းခေါက်သံနှစ်ချက်ကို ဆင့်ကာဆင့်ကာ ကြားလိုက်ရသည်။ သည်ပုံနှင့်ဆိုသူ မိုးလင်းသည်အထိ အိပ်ပျော်မည်မဟုတ်ပါ။ အိပ်မက်အကြောင်းကိုသာ တရေးရေး မြင်နေသေး၏။

အိပ်မက်ထဲတွင် ရုပ်ထုပုံသဏ္ဍာန်အတိုင်း ရောမလူထွားကြီးသည် သူ့အနားသို့ တစ်ရွေ့ရွေ့ချဉ်းကပ်လာသည်။ အရွယ်အစားသာ အရုပ်ကလေးနှင့် ကွာခြားနေသည် အသွင်သဏ္ဍာန်



www.burmeseclassic.com

www.burmeseclassic.com

လက်ွှတ်တောင်ခြေ တစ်ပိုက်သည် ပကတိ အေးချမ်းလှပါသည်။ သူတော်စင် သူတော်ကောင်းများ မွေ့လျော်ရာ ဒေသတစ်ခုဖြစ်ပါသည်။ အထူးသဖြင့် ဇော်ဂျီဝိဇ္ဇာ တို့နှင့်တကွ သက်တမ်း ထောင်ချီရှိကြသော ထွက်ရပ်ပေါက် ပုဂ္ဂိုလ်များ နေထိုင်စမွယ်ရာ ဒေသဆိုက မမှားနိုင်ပါ။

ထိုနေရာတွင် အလားတူ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်များကဲ့သို့ ထွက်ရပ်ပေါက်ရန် လာရောက်ကျင့်ကြံ အားထုတ်ကြသော ပုဂ္ဂိုလ်များလည်း အများကြီးရှိနေ၏။

ကတော့ချွတ်စွပ် တထေရာတည်းဖြစ်ပါ၏။ အသားမည်းတာရော တူ၏။ ဦးခေါင်းပြောင်တာချင်းလည်း တူ၏။ ပြီးပါးစပ် မှ အစွယ်ထွက်နေတာလည်း တူနေပါ၏။ ကြိုးတစ်ချောင်းကို ကိုင်ထားသေး၏။ သူကလည်း ဆိုပါသေးသည်။

“မင်း ငါ့ကို နေရာပေါင်းပြန်ပို့ပေးပါ မပို့ပေးရင် ဟောဒီကြိုးနဲ့ ညှစ်သတ်ပစ်မယ်။ ပြီးတော့မင်းလက်ထဲ ငါရောက်ကတည်းက ဘာမှမစားရသေးဘူး။ ဒီတော့ ငါ့ဖာသာငါရှာစားနေရတယ်။ ငါမဝသေးတဲ့အတွက် မင်းကို သတ်ရဦးမယ်”

ထိုလူထွားကြီးက စကားအဆုံးမှာတော့ သူ့အား ဖမ်းချုပ်ကာ မနီလာကြိုးဖြင့် လည်တိုင်ကိုချည်ရန် ကြိုးစားပါတော့သည်။ ဖိုးထိန်က အကြောက်အကန်ရုန်းသည်။ သူက အကျပ်ကိုင်ကာ ချုပ်ကိုင်သည်။ ရုန်းရင်းကန်ရင်းမှ ဖိုးထိန်သတိရလာတော့သည်။ ထိုအရာမှာ အော်ဟစ်ရန်မှတစ်ပါး သူ့တွင် ဘာမှ လုပ်စရာအကြောင်း မရှိတော့ပါ။

ထို့ကြောင့် ရှိရှိသမျှ ခွန်အားကိုသုံးကာ အော်လိုက်ရ၏။ ဒါတောင်မှ “အား” ဆိုသော စကားတစ်ခွန်းသာ ထွက်ပေါ် လာရ၏။ ထို့နောက်သူလည်း လန့်နိုး လာပါတော့သည်။

ထို့နောက်သူသည် ဘယ်လူးညာလိမ့်ဖြင့် အိပ်၍မပျော်တိုင်း လူးလွန့်နေပါတော့၏။ တစ်ကြိမ်မှာတော့ သူ့ခြေရင်းနားမှ ခပ်ပျော့ပျော့ အရာတစ်ခုကို အမှတ်မထင် ဘိတွေ့လိုက်ရခြင်းကြောင့် သူဖယောင်းတိုင်မီး ထွန်းညှိရပြန်တော့၏။ ဤအခါ ကြွက်သေကလေးတစ်ကောင်အား တွေ့ရှိလိုက်ရ၏။ တစ်ကောင် တစ်လေသောကြောင်ကများ ကိုက်ချီလာသလားဟု ထင်မိပါသေး၏။ စဉ်းစားကြည့်တော့ ဤပတ်ဝန်းကျင်တွင် ကြောင်များရှိသည် ဟု သူမတွေ့ဘူးပါ။ ရှိလျှင်လည်း သူ့လိုစားကြွင်း စားကျန်မရှိသော တစ်ကိုယ်ရေ တစ်ကာယ သမားအိမ်သို့ လာမည်မဟုတ်ပါ။

သို့ဆိုလျှင် ဤကြွက်သေကလေး ဘယ်သို့သောနည်းဖြင့် သူ့အိပ်ရာနံဘေးသို့ ရောက်နေပါလိမ့်။

ကြွက်သေကလေးကို ကြည့်လိုက်တော့ ၎င်းခန္ဓာကိုယ်မှ သွေးစိုနေသော အရာနစ်ခုကို တွေ့ရှိရပါသည်။ ထိုဒဏ်ရာကြောင့် ကြွက်ကလေး ဇီဝိန်ကြွေနေရပါသည်။

ထိုမှတစ်ဆင့် အရပ်ကလေး၏ အစွယ်နစ်ဘက်တွင် စေးထန်းထန်း သွေးစီးကြောင်းများကို သတိထားမိပြန်၏။

ဤအခါ ချွေးစေးများ ပြန်လာသည်အထိ တုန်လှုပ်နေပြီး ထိုအိပ်မက်ထဲမှ လူထွားကြီး၏ စကားတစ်ခွန်းတစ်စကိုလည်း ကြားယောင်လာ၏။

“မင်းလက်ထဲ ငါရောက်လာကတည်းက ဘာမှ မစားရသေးဘူး ဒီတော့ ငါ့ဘာဖာသာ ငါရှာစားနေရတယ်”



www.burmeseclassic.com

www.burmeseclassic.com

(၂)

ဖိုးထိန် တစ်ကျော့ပြန် အနေနှင့် လက္ခတောင်ခြေသို့ ရောက်ခဲ့ပြန်ပြီ ယခုတစ်ကြိမ် ရောက်ရှိလာခြင်းသည် ဒုတိယအကြိမ်မြောက် ရောက်ရှိလာခြင်းဖြစ်သည်။ ယခင်နှစ်ပတ်လောက် တုန်းက ဤလက္ခတ်တောင်ခြေသို့ သူအနီးဆုံးတစ်ကြိမ်အနေနှင့် ရောက်ရှိခဲ့ပါ သည်။

ထိုစဉ်ကသူသည် တစ်ဖက်ကမ်း၌ ကြုံရာကျပန်း လုပ်ကိုင်စားသောနေ သော တစ်ကိုယ်ရေ တစ်ကာယသမား တစ်ဦးဖြစ်သည်။ တစ်ဖက်ကမ်းဆိုရာ၌ ကရင်ပြည်နယ်နှင့် ပိုနီးသည်။ ဖလူး ဝင်း၊ စန်ခပူရီသည် သူကျက်စားရာ နယ် မြေဖြစ်သည်။ ကရင်ပြည်နယ်မှာ ဆိုလျှင် ဘုရားငုတ်တိုကြာအင်းလေး တို့မှာ သူ၏ ကွန်းထောက်နားနေ စရာဖြစ်သည်။

သူ့အလုပ်မှာတော့ မည်မည်ရရ မရှိပါ။ ကြုံလျှင် ပစ္စည်းကယ်ရီ ထမ်းပိုး သည်။ မိုးတွင်း အသွားအလာခက်ခဲ သောကာလမှာ သူသည် ဇမိမြစ် တစ် လျှောက် ပဲ့ချိတ်မောင်းကာ ခရီးသည် များကို နယ်စပ်အထိပို့ပေးသည်။ ဤ အခါသူသည် ဘုရားသုံးဆူဘက်ကို ရောက်ဖြစ်ပြန်သည်။

တစ်ကြိမ်တွင်မူ သူသည် အသက် ကို ဖက်နှင့်ထုပ်ကာ ထွက်ပြေးလွတ် မြောက်လာခဲ့သည်။ အကြောင်းမှာ ဖလူးမှာဖြစ်ပါသည်။ သူတို့လေ့သမား အချင်းချင်း စားသောက်ဆိုင်တစ်ခုတွင် ညနေပိုင်းအချိန် စားသောက်နေ တုန်း ဖြစ်သည်။ ထိုအခါရွာလူကြီးနှင့် အဖွဲ့က သူတို့ကိုဖမ်းဆီးရန် ရောက်ရှိလာလေ တော့သည်။

အဘယ်ကြောင့်ဆိုသော် ဤနေရာ ဒေသတွင် လွန်ခဲ့သော အပတ်က လူသတ်မှု တစ်ခုဖြစ်ပွားခဲ့သည်။ သူတို့ အဖွဲ့က မသိမဟုတ်ပါ။ သိပါသည်။ သို့သော် သူတို့အဖွဲ့နှင့်မဆိုင်မပတ်သက် လေခြင်းကြောင့် သံသယ ကင်းကင်းနှင့် သွားလာလှုပ်ရှားနေခြင်းဖြစ်၏။ ဖြစ်ပုံက ထိုသေဆုံးသူမှာ အရေးကြီးပုဂ္ဂိုလ် တစ်ဦး၏ အဆက်အသွယ် ဖြစ်နေခြင်း ကြောင့် တရားခံကို အမြန်ဖမ်းပေး ရမည်ဖြစ်၏။ ခက်တာက ဘယ်သူ ဘယ်ဝါ သတ်ဖြတ်သွားသည်ကို မသိ ရှိရခြင်းကြောင့်တရားခံအား ဖော်ထုတ် ရန် အခက်ကြုံနေ၏။ နောက်ဆုံး အထက်ကလည်း တရားခံကို ဘယ်နေ့ နောက်ဆုံးထားပြီး ဖမ်းဆီးရမည်ဟု ရာဇသံပေးလာခြင်းကြောင့် ထင်သည်။ ဤရပ်ကွက်သားမဟုတ်သော သူတွေကို သိမ်းကြုံးကာ အဖမ်းပြုလေ တော့၏။

သူတို့ကို ဝင်ဖမ်းမည်လုပ်ရော ဖိုးထိန်တို့ လူစုသည် သောက်စားနေ သော စားပွဲဝိုင်းကို တွန်းထိုးမှောက်လှန် လိုက်ကြလေတော့သည်။ စားပွဲနှင့်တကွ ပုလင်းတွေ ဖန်ခွက်တွေ 'အမြည်း ပန်းကန်တွေ ဆေးလိပ်ပြာခွက်တွေ ဝင် ဖမ်းသော သူများဆီသို့ ရောက်ရှိသွား တော့၏။ ထို့ကြောင့် ဝင်ဖမ်းသော သူများအခိုက်အတန့်အားဖြင့်ကြက်သေ သေသွားကာ အခြေအနေကလည်း ဖရိုဖရဲဖြစ်သွားလေတော့သည်။

ထိုအခြေအနေကို အခွင့်ကောင်း ယူကာ ဖိုးထိန်တို့ လူတစ်ဦးက ထိုနေရာ မှ ထိုးဖောက် ထွက်လာသည်။ မထိုး ဖောက်၍မဖြစ်ပါ။ အကောင်းဆုံးနည်း လမ်းကို သုံးလိုက်ခြင်းဖြစ်သည်။ သူတို့ လက်ထဲရောက်သွားပါက မှန်သည် ဖြစ်စေ မှားသည်ဖြစ်စေ မရှုမလှခံရ ကြောင်း သက်သေအထောက်အထား တွေနှင့် ရှိနေခဲ့သည်။

ထို့ကြောင့် သူတို့ထိုးဖောက်ထွက် လာခြင်းအတူ ခုံတွေ စားပွဲတွေကို တွန်းတွန်း တိုက်တိုက်လုပ်ခဲ့မိ၏။ ထိုသို့ တွန်းတိုက်ခြင်း ကြောင့် လူတွေအများ အပြားခုံတို့ စားပွဲတို့နှင့် တွန်းမိခိုက်မိ လေတော့၏။ ဖိုးထိန် ကိုယ်တိုင်ပင် စားပွဲတစ်လုံးချင်းပေါ်မှာ ပြေးလွှားကာ ထိုအဆောက်အဦမှ ထွက်ခဲ့၏။

သူတို့နောက်ကွယ်မှာတော့ တဒိန်း ဒိန်း တဒိုင်းဒိုင်း သေနတ်သံတွေ ထွက် ပေါ်လာ၏။မိုးပေါ်ထောင်ကာ ပစ်ဖောက် သောသေနတ်သံများဖြစ်ပါ၏။ ပြီးတော့ ညာသံပေးကာ လိုက်ကြတော့၏။

ဖိုးထိန်တို့ လူစုကား စက်တပ် သမ္ဗာန်လှေ ပေါ်သို့ရောက်အောင် ပြေးကြပြီး ထွက်ခွာလာကြရာ ခပ်လှမ်း လှမ်းနေရာသို့ရောက်မှ ထိုလူစုသည် ကမ်းစပ်သို့ ရောက်လာခဲ့သည်။ ဤ အခြေအနေရောက်မှတော့ ဖိုးထိန်တို့ အုပ်စု စိတ်ချလက်ချ နေနိုင်ပါတော့၏။ များမကြာမီမှုပင် သူတို့သည် ကရင်

www.burmeseclassic.com

ပြည်နယ်အတွင်းမှာရှိသော ဘုရားဝှတ်တိုသို့ ရောက်ရှိလာတော့ မည်ဖြစ်၏။

ထိုနေရာ ထိုဒေသသို့ နောက်တစ်ခါ ခြေချရန်မှာ အန္တရာယ်များလှခြင်းကြောင့် ဘယ်လိုမှ ပြန်လာခွင့်ရှိတော့ မည်မဟုတ်တော့ပါ။ သူတို့တစ်တွေကိုလည်း ထိုအဖွဲ့က အသည်းထဲမှာ ကမ္ပည်းတင်ထားမည်ဖြစ်သည်။

ထို့ကြောင့် ဖိုးထိန်တို့လူစုသည် အုပ်စုဖွဲ့ကာ မိမိတို့ မွေးရာဇာတိသို့ အသီးသီးပြန်လာခဲ့သည်။ ဖိုးထိန် တစ်ယောက်တည်းသာ တစ်ကောင်ကြွက် သမားပီပီ မွေးရာဇာတိဆီ မပြန်သေးဘဲ ပြန်လျှင်လည်း အကြောင်းမထူးဟုဆိုကာ ဤလက္ခတ်တောင်သို့ ခြေဦးလှည့်မိ၏။

လက္ခတ်တောင်ခြေ တစ်ဝိုက်သည် ပကတိ အေးချမ်းလှပါသည်။ သူတော်စင် သူတော်ကောင်းများ မွေ့လျော်ရာဒေသတစ်ခုဖြစ် ပါသည်။ အထူးသဖြင့် ဇော်ဂျီဝိဇ္ဇာတို့နှင့်တကွ သက်တမ်းထောင်ချီရှိကြသော ထွက်ရပ်ပေါက် ပုဂ္ဂိုလ်များ နေထိုင်စမွယ်ရာ ဒေသဆိုကမများနိုင်ပါ။ ထိုနေရာတွင် အလားတူ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်များကဲ့သို့ ထွက်ရပ်ပေါက်ရန် လာရောက်ကျင့်ကြံအားထုတ်ကြသော ပုဂ္ဂိုလ်များလည်း အများကြီးရှိနေ၏။

ထိုပုဂ္ဂိုလ်များထဲမှ ဦးတိက္ခဆိုသော ဘိုးတော်လောင်းလျာ တစ်ဦးဆီသို့ သူရောက်ရှိ သွားပါတော့သည်။ ဦးတိက္ခသည် တစ်ကိုယ်လုံး အဖြူထည် အဝတ်ပုဆိုးများကိုသာ ဝတ်ဆင်ထား၏။ အဝတ်အစားနည်းတူ ဆံပင်မုတ်ဆိတ်မျက်ခုံးများလည်း အဖြူချည်းဖြစ်၏။

ဦးတိက္ခ ဓာတ်နန်းထဲတွင် မြန်မာပြည်တစ်နံတစ်လျားအတွင်းရှိ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီးများ နေရာဒေသများ၏ ရုပ်ပုံကားချပ်များဖြင့် ပြည့်နေပါ၏။ အုန်းဌက်ပျောပွဲများ ဘုရားပွဲများလည်း ဟီးထအောင် ကြီးကျယ်ကာ အများပြားရှိပါ၏။ ထိုအထဲတွင်မှ ခြောက်လက်မသာသာလောက် ရှိမည်ဖြစ်သော ရုပ်တုတစ်ခုက မထင်မရှားနေရာယူထားပါ၏။

ထိုရုပ်တုကိုတွေ့မြင်ခါကစ ကနဦးမှာတော့ ထိတ်ခနဲလန့်သွားမိ၏။ သူ့ကိုကြည့်ရသည်မှာ စိတ်ဝင်စားဖို့ကောင်းသည့်ထက် ရွံ့ တွန့်တွန့်ဖြစ်နေခြင်းပင်ဖြစ်၏။ ထူးခြားတာက သူ့ကိုတစ်ခါမြင်မလျှင် နောက်တစ်ခါ လှည့်ကြည့်ချင်သည့်စိတ် ပေါက်ပေါက်နေခြင်းပင်ဖြစ်၏။ နောက်တစ်ခါ လှည့်ကြည့်ချင်စိတ် ပေါက်နေရသည်မှာ လှပလို့လားဟု မေးခွန်းထုတ်စရာရှိ၏။ ထိုသို့လည်း မဟုတ်ပါ။

စင်စစ် ထိုရုပ်တုကလေးသည် မည်းနက် တောက်ပြောင်သောအဆင်းရှိ၏။ ဦးခေါင်းကလည်း ပြောင်နေသေး၏။ မျက်လုံးကလည်း ပြူးကာထွက်နေပါ၏။ ပါးနှစ်ဖက်ကလည်း ပါးရိုးနှင့်ကပ်နေသလားဟုထင်ရပါ၏။ ပါးစပ်အနေအထားက မပြုံးမရယ်ဘဲ တည်တံ့တံ့နေတာထက် တစ်စုံတစ်ခုကို မကျေနပ်၍ အလိုမပြည့်ဝ၍ ခံစားနေရသော ပုံကိုဖော်နေပါ၏။ ထိုပါးစပ်အနေအထားကို သည်ထက်အရုပ်ဆိုးအကျည်းတန်စေတာက ပါးစပ်မှငေါ်ထွက်ကျနေသော အစွယ်နှစ်ချောင်းပင်ဖြစ်ပါ၏။ လက်ထဲတွင် ကြိုးတစ်ချောင်းကိုင်ထားသေး၏။

ဘာပဲပြောပြော ဦးတိက္ခ ဓာတ်နန်းထဲရှိ ပုံတော်ကားချပ်နှင့် မည်သည့်အဆောင်အယောင် ပစ္စည်းကမှ ထိုအရုပ်ကလေးလောက် ဆွဲဆောင်မှုမရှိဟု ဖိုးထိန်ထင်ပါသည်။ ဖိုးထိန်သည် ဦးတိက္ခထံတွင် နှစ်ပတ်လောက်ကြာတော့ ဖိုးထိန် ထိုဓာတ်နန်းမှ ထွက်ခွာလာခဲ့သည်။ တိတ်တဆိတ်ရှောင်ခွာလာခဲ့သည်။ တိတ်တဆိတ် ရှောင်တိမ်းထွက်ခွာလာခြင်း ဖြစ်သည်။ သူ့လက်ထဲမှာတော့ ထိုအရုပ်က လေးပါလာပါ၏။

ခုတော့ ထိုအရုပ်ကလေးကိုပင် ပိုက်ကာ လက္ခတ်တောင်ခြေသို့ တစ်ဖန်ပြန်ရောက်လာ၏။ ပြန်ရောက်လာရခြင်းအကြောင်းကား အထက်ဖော်ပြပါ အိပ်မက်ဆိုးများကြောင့်ဖြစ်ပါသည်။ ထိုအရုပ်ကလေးကို မူလနေရာတွင် ပြန်ထားရန်အတွက်ဖြစ်ပါသည်။

ဦးတိက္ခ ဓာတ်နန်းကိုမလှမ်းမကမ်းမြင်နေလိုက်ရတော့ ဖိုးထိန်ခြေလှမ်းများတုံ့ ဆိုင်းသွားရတော့သည်။ လူတွေလည်း သူ့ ဓာတ်နန်းကို ဝင်ထွက်နေကြကာ သွားလာ လှုပ်ရှားနေကြတော့သည်။ အထူးသဖြင့် နံနက်မှ

www.burmeseclassic.com

www.burmeseclassic.com

ကားတစ်စီး ရပ်ထားခြင်းဖြစ်သည်။ ယခင်ကာလကလို စာတ်နန်းဆိုင်ရာ ကိစ္စတော့မဖြစ်တန်ကောင်းဟု ဖိုးထိန် ထင်မိပါသည်။

ထို့ကြောင့် အနီးအနားတွင်ရှိသော စားသောက်ဆိုင်တစ်ခုတွင် ဝင်ရောက်နားနေရင်း စနည်းနာနေတော့၏။

"ဦးတိက္ခ သေပြီတဲ့"

"ဟင် ဒါဖြင့် ရဲကားက ဘာလုပ်တာလဲ"

"လူသတ်မှုဖြစ်လို့လာတာပါ"

"ဘယ်သူက သတ်တာလဲ"

"သူ့ကိုယ်သူ သတ်သေတာ မသေခင်တောင် သူ့စာတ်နန်းဖိုထဲက စကားသံတွေ ကြားနေရတာ။ အထက်ပုဂ္ဂိုလ်တွေ ကြွလာလို့ ထင်ပါရဲ့။ ပြန်ရှာပေးမယ်။ ပြန်ရှာပေးမယ်လို့ သူ့စကားသံကို ကြားရသေးတယ်။ ပြီးတော့ အခုသွားလို့ မဖြစ်သေးဘူး။ မိုးလင်းမှ သွားမယ်လို့လည်း ပြောသေးတယ်။ မနက်လင်းတော့ ဦးတိက္ခတစ်ယောက် သေနေတော့သည်။

မနီလာကြိုးဆိုသော အသံကိုကြားသည်နှင့် ဖိုးထိန် လည်ပင်းအလိုလို ယားလာပါတော့၏။ ထိုနေရာမှ တစ်ချိုးတည်းလစ်ကာ ဖိုးထိန်ထွက်လာခဲ့တော့သည်။

(၃)

ညသည် တိတ်ဆိတ်ကာ မှောင်မိုက်နေပါသည်။ ဂူအတွင်းမှာတော့ ဖိုးထိန်တစ်ယောက်တည်း မလှုပ်မယှက်။ ထိုင်နေသည်မှာ နာရီပေါင်း အတော်ကြာပါပြီ။ ဖိုးထိန်သည် သမာဓိရရန် အာရုံကို စုစည်းထားသည်။ အာရုံသည် တစ်ပိုတပါးသို့ လွင့်မသွားစေရန် အထူးဝါယမစိုက်ကာ ဖိုးထိန် စောင့်ထိန်းနေပါ၏။

ကနဦးမှာတော့ ညဥ့်နက်လာသည်နှင့်အမျှ သူ့နားထဲတွင် ကျားဟိန်းသံလိုလို သုသာန်ထဲမှ ငိုကြွေးသံလိုလို၊ ငှက်ဆိုးထိုး သံလိုလို၊ နက်ကျောသောအသံကြီးဖြင့် အော်ဟစ်လိုက်သော မကောင်းဆိုဝါးအသံတွေလိုလို ကိုကြားရ၏။ ပြီးတော့

"ငါ့ကို ပြန်ပို့ပေး။ မင်းကို သတ်မယ်" ဆိုသောအရုပ်ကလေး၏ အသံကိုလည်း ကြားရသေး၏။ မျက်စိထဲမှာတော့ ရောမလူကြီးသည် မနီလာကြိုး တစ်ချောင်းကိုကိုင်ပြီး သူ့ထံသို့ ပြေးလာသည်ဟု မြင်နေသေး၏။ သို့သော် ဆရာကြီးဦးမေတ္တာ၏ စကားကို အဖန်ဖန်ကြားယောင်မိရင်း ကြားတာတွေမြင်တာတွေကို သမာဓိအားနှင့် တိုက်ဖျက်နေပါ၏။

"လူလေး ဘာမှမကြောက်နဲ့ မြင်တာတွေကြားတာတွေကို ဥပက္ခာပြုလိုက်။ ခန္တီ တရားကို လက်ကိုင်ပြုပြီး သမာဓိရအောင်ယူ။ သမာဓိရလာပြီဆိုရင်ပူတာလဲ မသိတော့ဘူး။ အေးတာလည်းမသိတော့ဘူး။ ဘာဆိုဘာမှ မကြားရတော့ဘူး။ ထို့အတူ ဘာဆိုဘာမှမမြင်ရတော့ဘူး။ အရေးကြီးဆုံးက ကိုယ့်မှာ ကျောက်ဆိုင်ကျောက်သားလို ခိုင်မာတဲ့ စိတ်ပဲ။

တကယ်ဆိုတော့ ဖိုးထိန် တစ်ယောက် ဤကဲ့သို့ သမာဓိတရားရစေရန် ပြင်းပြင်းထန်ထန်ကြိုးစား နေသည်မှာ တစ်ပတ်ဆယ်ရက် နီးပါးရှိပါပြီ။ ခုတော့သမာဓိနှင့်ပတ်သတ်၍ သူသည် အစိမ်းအရိုင်း မဟုတ်တော့ပါ။ တ[illegible] အတော်တက်လာပြီဟု ထင်ပါသ[illegible] သူ့စိတ်တွေသည် ယခင်ကလို နွားရိုင်း တစ်ကောင်လို ကဆုန်ပေါက်ပြေး[illegible] မနေတော့ပါ။ မုန်တိုင်းထန်သော ပင်လယ်လိုမကြမ်း တော့ပါ။

ဖိုးထိန်အကြောင်း နောက်ကြောင်းပြန်ရသော် ဖိုးထိန်သည် ထိုလက်ဖွဲ့[illegible] တောင်ခြေမှ ဒုတိယအကြိမ်မြောက် ပြန်ထွက်လာတော့ ထို အရုပ်ကလေး က ပြန်ပါလာသည်။ ထိုအရုပ်ကလေးသည် သူ့အဖို့ ပြဿနာဦးခေါင်းလိုဖြစ် နေပါ၏။ ဘယ်နေရာမှ ထားခဲ့၍မဖြစ် ပါ။ သူနှင့်တစ်ပါတည်း ယူဆောင်လာရမည်ဖြစ်သည်။ သူ၏မူလနေရာတွင် ပြန်မထားဘဲ တစ်နေရာရာတွင် ထား[illegible] လိုက်ပါက ဦးတိက္ခကဲ့သို့ သေဆုံးရ[illegible] ဦးမယ်။

ဤတစ်ခါလည်း ဖိုးထိန်သည် ခြေဦးတည်ရာ ထွက်ခွာလာရာ ကျိုက်ထီးရိုးတောင်၏ အစွန်ဆုံးများစွာ တော[illegible] ခြေသို့ ရောက်ရှိလာခဲ့သည်။ ဤနေ[illegible] တွင် သမာဓိတရားလက်ကိုင်ထားသော ဆရာကြီးဦးမေတ္တာနှင့် ဆုံတွေ့ရတော[illegible]၏။ သူ့အဖြစ်အပျက်ကို ပြောပြတော[illegible]

"အင်း ဒီအရုပ် လောကထဲ[illegible] နေဦးမယ်ဆိုရင်လူသားတွေကို ဆ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဒုက္ခပေး နေဦးမှာပဲ။ ဒီတော့ ဒီအရုပ်ကလေး ပျက်စီးသွားမှ ဒုက္ခတွေ မပေးတော့မှာ ဒီတော့ လူကလေးနဲ့ ဒီအရုပ်ရင်ဆိုင်ရတော့မှာပဲ လူကလေးသေရင်လည်း လူကလေးရဲ့ အသက်တစ်ချောင်းပဲ။ ဒီအရုပ်ပျက်စီးသွားရင်လည်း လူ့အသက်အများကြီးကယ်နိုင်မယ်ဆိုတော့။ လူကလေး သတ္တိရှိတယ်မဟုတ်လား"

"ဗျာ ဘယ်လို"

"ဟုတ်တယ်လေဒီကိစ္စ လူကလေးအပေါ်လုံးဝကျရောက်လာပြီ။ ကဲ . . . ရင်ဆိုင်ဘို့ ပြင်ပေတော့ တခြားမဟုတ်ပါဘူး။ လူကလေး။ ကနေ့မှစပြီး ရှစ်ပါးသီလခံယူပြီး သမာဓိရအောင် ကြိုးစားပေတော့"

သို့နှင့် သူသည်ဂူတစ်ဂူထဲတွင်ကေစာ တရားကျင့်နေခဲ့သည်။ ယခုလိုတစ်ပတ်ခွယ် ရက်လောက်ကြာတော့တရားသား အတော်တက်လာကာဦးမေတ္တာတို့ ရောက်လာပြန် တော့၏။ ထိုအခါမှ ဖိုးထိန်၏ သမာဓိအားကိုယုံကြည်ကာ မားတစ်လက်[illegible] ထိုအရုပ်လေးကို ပိုင်းဖြတ် ဖျက်ဆီးစေလိုက်သည်။

ပိုင်းဖြတ်ပြီးသောအခါ တရှုံရှုံနှင့်ဖိုသိုးနေသော ဦးမေတ္တာဆီ ရောက်လာပြန်သည်။ ထို အခါသူက ထိုပိုင်းဖြတ်နေသော အရုပ်အပိုင်းအစကို ဖိုထဲသို့[illegible]ထည့်လိုက်၏။ ဦးမေတ္တာ ကား[illegible]ည့်လည်းမကြည့် သူ့ဖိုကိုသာ အာရုံ[illegible]ကာ တစ်စိုက်မတ်မတ်ဆွဲနေ၏။

မီးအရှိန်ကြောင့် အရုပ်ကလေး တစစ လောင်ကျွမ်းလာပါတော့၏။ ပထမဦးစွာ မီးခိုးတွေမည်းမှောင်ကာ ထကြွလာပါတော့၏။ နောက်တော့ မီးကျည်းခဲအသွင်သို့ ပြောင်းကာ တဖြည်းဖြည်း နီရဲလာပါ၏။ နောက်တော့မှ မီးခိုးအဖြူရောင်ဖြစ်သို့ ပျောက်ကွယ်သွားပါ တော့၏။

"မင်းကောင် ခွေးပြေး ဝက်ပြေး ပြေးပြီကွ"

ဦးမေတ္တာက ဖိုဆွဲတာကိုရပ်လိုက်ပြီး စကားစတင် ပြောလိုက်ပါတော့၏။ ဘယ်သူ ပြေးတာလဲဟု ဖိုးထိန်ကမေးတော့

"ဘယ်သူရှိမှာလဲ မောင်မဲကြီးပေါ့ကွ"

"မောင်မဲကြီးဆိုတာ ဘယ်သူလဲ ဆရာကြီး"

"အောက်လမ်း ကဝေဆရာပေါ့။ သူက လူကလေးရဲ့ သမာဓိအားကို မယှဉ်နိုင်တော့ ဘူးမို့ ပြေးတာပေါ့။ ကဲကဲ အနားယူတော့"

နောက်တစ်နေ့ ရောက်တော့ ဖိုးထိန်သည် ဦးမေတ္တာအား သူ့ညက အိပ်မက်မက်ကြောင်း။ ထိုအိပ်မက်ထဲတွင် အောက်လမ်းကဝေဆရာ မောင်မဲကြီးအကြောင်းပါကြောင်း။

"အဲဒီ မောင်မဲကြီးကလေ သူဒုက္ခရောက်နေပြီး သူ့မှာနေစရာ မရှိတော့ဘူး သူလည်း ကျွတ်ချင်ပါပြီ။ သူ့ကို အမျှဝေပေးပါလို့ တောင်းပန်နေရှာတယ်။

တပည့်ကြီးဘယ်လိုလုပ် ကူညီရမှာလဲ ဆရာကြီး"

"အိုကွာ သံဃာတော်တွေဆီမှာ ဆွမ်းကပ်ပြီး အမျှဝေလိုက်ပေါ့ ခမျာကျွတ်ချိန် တန်ပြီပေါ့"

"ဘယ်လိုဖြစ်ရတာလဲ ဆရာကြီး"

"ဖြစ်ပုံက ဒီအောက်လမ်း ကဝေဆရာက သူသေခါနီးမှာ မသေချင်သေးတာမို့ အရုပ်ကလေးတစ်ခုကို ထုလိုက်တယ်။ အောက်လမ်း ဆရာဆိုတော့ တစ္ဆေသရဲပုံပဲ ထွက်မှာပေါ့ကွာ။ အဲဒီအရုပ်ထဲမှာ သူ့ဝိညာဉ်ကို သွင်းလိုက်တာပဲ။ သူ့ကိုသားစိမ်း ငါးစိမ်းဆက်မှ ကျေနပ်တာမို့ မဟုတ်ရင် သူ့ကို လက်ခွဲထားတဲ့ သူကတော့ သေဆိုးနဲ့ သေရတာချည်းပဲ"

ခုတော့ လူလေးလည်း သူ့ရန်ကဝေးသွားပြီး သူကလည်း မကောင်းတဲ့ မိစ္ဆာဘဝက ကျွတ်သွားပြီ"


ဖိုးထိန်သည် သမာဓိတရား၏ စွမ်းပကား ကို မျက်ဝါးထင်ထင် တွေ့ရှိလိုက်ရပြီး ယုံယုံကြည်ကြည်နှင့် ဆက်ပြီး ကျင့်ကြံလိုက်ရာ အကြာ အမြင့်ပေါက်ကာ ပထမဖိုးထိန်ဟု ဆရာကြီးတစ်ဆူ ဖြစ်လာပါတော့၏။

မုဒုံ-သုမွန်



www.burmeseclassic.com

www.burmeseclassic.com



# အနိစ္စဒေသနာတော်

## (၁)

### မဟာထွန်း

ပရမတ်တရား၊ ဓာတ်တရား၊ အနတ္တတရား စသော တရားတော်များကို ခန္ဓာငါးပါးနှင့် ယှဉ်၍ ရေးသားလာခဲ့သည်မှာ ကြာခဲ့ပြီ။ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလမှ စ၍ ရေတွက်လျှင် လေးနှစ်ပင် ရှိလာခဲ့ပြီ ဖြစ်၏။

အကြောင်းအမျိုးမျိုးကြောင့် ဓမ္မဆောင်းပါးနံပါတ်စဉ်များ အစဉ်အတိုင်း မဟုတ်မူ၍ လွဲမှားခြင်းများရှိနေသော်လည်း မှတ်တမ်းကို ပြန်ကြည့်သောအခါတွင် ဆိုခဲ့သည့်အတိုင်း ဓမ္မခရီးစဉ်သည် လေးနှစ်ပင် ရှိနေလေ၏။

ခန္ဓာ၊ ဓာတ်၊ ပရမတ်၊ အနတ္တတရားတော်ကြီးကို လေးနှစ်တိုင်တိုင် ရေးလာခဲ့သော်လည်း ဤစာရေးသူအနေဖြင့် နှစ်သိမ့်ကျေနပ်ခြင်း၊ အားရတင်းတိမ်ခြင်းကား မရှိပေ။ အသက်ရှင်နေသမျှ ကာလပတ်လုံး ဤတရားတော်ချည်း သက်သက်ကိုသာ ရေးသားချင်ပေ၏။

ခန္ဓာငါးပါးကို ဤဓာတ်၊ ပရမတ်၊ အနတ္တတရားတော်သုံးမျိုးဖြင့်သာ ဓမ္မယောဂီအပေါင်းတို့အားလည်း အသက်ရှည်သမျှ ကာလပတ်လုံး ရှုမှတ်ပွားများစေလို၏။ တရားအသိလွယ်ကူသောကြောင့်လည်း ဖြစ်၏။ ဤစာရေးသူသည်လည်း ဤလမ်းစဉ်ကြီးမှပင် လျှောက်လာခဲ့သောကြောင့်လည်း ဖြစ်၏။

မိမိသွားလာထားဖူးသော လမ်းကြောင်းကြီးကို ညွှန်ပေးလျှင် ထိုလမ်းကိုလျှောက်လိုသော ခရီးသွားများသည်လည်း သက်သာလွယ်ကူစွာဖြင့်ပင် လိုရာခရီး ရောက်နိုင်ကြမည်သာ ဖြစ်၏။ ဇမ်းတဝါးဝါးဖြင့် လျှောက်လှမ်းရသည်ထက် များစွာ သာလွန်ကြမည်လည်း ဖြစ်၏။

မြတ်စွာဘုရားရှင်သည်လည်း တရားဦးဓမ္မစကြာအနတ္တဒေသနာတော်ကြီးဖြင့်သာ သိမ်းတော်မူသည်ကို ဓမ္မယောဂီတိုင်းလည်း သိထားနားလည်ကြမည်သာ ဖြစ်၏။ ထို့ကြောင့် ဓာတ်၊ ပရမတ်၊ အနတ္တတရားတော်ကြီးသည် မြတ်စွာဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်ကြီးနှင့် ဖွားဘက်တော်ကြီးပင် ဖြစ်ကြောင်းကိုလည်း ဆိုခဲ့ဖူးပြီ။

ဤဓမ္မဆောင်းပါးရှည်ကြီးကို လေးနှစ်တာကာလပတ်လုံး ရေးသားခွင့် ရရှိခဲ့သည့်အတွက် ရောင်ပြန်မဂ္ဂဇင်းကြီးကို အထူးပင်ကျေးဇူးတင်ရ၏။ တရားတော် အားလုံးတို့တွင်



www.burmeseclassic.com

www.burmeseclassic.com

ဝိပဿနာတရားတော်သည် တရားခြောက်ကြီးသာ ဖြစ်၏။ တချို့ဆရာတော်ကြီးများက တရားအိပ်ကြီးဟုလည်း မိန့်တော်မူကြ၏။ ခက်ခဲ နက်ခဲလွန်း၍ အပြောအဟောနည်းသော ကြောင့် (အိပ်ပျော်နေသော)တရားတော်ကြီးဟုပင် ဆိုလို၏။ ထို့ကြောင့် လူကြိုက်လည်း နည်းတတ်၏။

ထိုမျှအထိ လူကြိုက်နည်းသော ဆောင်းပါးရှည်ကြီး ကိုပင် လေးနှစ်တာကာလပတ်လုံး စိတ်ရှည်သည်းခံပြီး လစဉ် မှန်မှန်ထည့်ပေးနေသော မဂ္ဂဇင်းကြီးကို ကျေးဇူးမတင်၍ မရနိုင်တော့ပေ။ ဘုန်းကံနည်းသော ဤစာရေးသူအဖို့ တရား ရိပ်သာ ကျောင်းတိုက်ကြီးတစ်တိုက် မန်တီးပြီးလည်း တရား ပြသနိုင်စွမ်းလည်းမရှိသဖြင့် ဤတရားတော်ကြီးကို ဓမ္မ ပရိသတ်တို့အား ဖြန့်ပေးဝေရန်မှာ ဤနည်းတစ်မျိုးသာ ရှိ၏။ ထို့ကြောင့် ရှောင်ပြန်မဂ္ဂဇင်းကြီးအား အထူးတလည်ပင် ကျေးဇူး တင်ရပေ၏။

* * *

ယခုတစ်ဖန် ရေးသားတင်ပြမည့် အနိစ္စဒေသနာတော် ကြီးကိုမူ နှစ်ရှည်လများ ရေးသားရန်တော့ စိတ်ကူးမရှိပေ။ အထိုက်အလျောက် ရေးသားပြီးနောက် တရားတော်နှင့် အဓိကကျသော ဉာဏ်စဉ်တရားတော် တစ်ပါးပါးကိုဖြစ်စေ ဆက်ရေးပြီး ဝိပ္ပလ္လာသတရားတော်ကို သွားရန်သာ စိတ်ကူး ဖြင့် စီစဉ်ထား၏။

ထိုကဲ့သို့ ဓမ္မစဉ်အတိုင်းသွားလျှင် ဟောကြားတော်ကို လိုလား၍ ဤဓမ္မစဉ်ကြီးကို ဖတ်ရှုပွားများလာကြသော ဓမ္မ ယောဂီပရိသတ်များအဖို့ အကျိုးကျေးဇူး ကြီးကြလိမ့်မည်ဟု လည်း ရှုမြင်မိ၏။ ဤစာရေးသူအနေဖြင့်လည်း ဓမ္မပရိသတ် များ တရားရရှိရေးကိုသာ ရေးရှုကြောင်းကို ရေးသားခဲ့သည့် ဆောင်းပါးများမှာ အကြိမ်ကြိမ်ဆိုခဲ့ပြီ။

ဤစာရေးသူ ဓမ္မဆောင်းပါးများ ရေးသားရာ၌ အခြေခံတရားတော်များ အတန်အသင့် ပြည့်စုံပြီးနောက် ခန္ဓာငါးပါးကိုသာလျှင် အဓိကထားကြောင်း စာဖတ်သူ ဓမ္မ ယောဂီများ မှတ်မိကြမည်သာ ဖြစ်၏။ ခန္ဓာငါးပါးကို ဂဏာ ပျက်အောင်၊ ပုံစံသဏ္ဌာန်ကင်းအောင် ဖတ်ရှု(ပွားများ) မှ သဘောဆိုက်ပြီးမှ ဝိပဿနာတရားတော်ကို ဆက်လက် ၍ ရှုမှတ်ပွားများရကြောင်းကိုလည်း ဆိုခဲ့ပြီ။

မဂ္ဂဇင်းစာမျက်နှာမှာ ဓမ္မဆောင်းပါးတို တစ်ပုဒ်ချင်းစီ သာ သွားရသောကြောင့် အချိန်ပိုပေးရလေသည်။ ကျမ်းအုပ် ကြီးတစ်အုပ်သာ ဖြစ်ခဲ့ပါမူ လိုရင်းဓမ္မစုကို တစ်ကြိမ်၊ ဒွိတည်း မဟုတ် တစ်ခန်းတစ်ကဏ္ဍ ရေးသားပြသလိုက်ရုံဖြင့်ပင် ပြီး နိုင်သည်။ ဓမ္မယောဂီများ အလိုရှိတိုင်းလည်း ထိုအခန်းကဏ္ဍ ကို ပြန်ကြည့်ရုံဖြင့်ပင် လုံလောက်နိုင်သည်။ ထို့နောက် တရား၏သဘောကို ဓမ္မယောဂီများ နားလည်သဘောပေါက် ၍ ဉာဏ်၌ပိုင်ပိုင် ရရှိသည်အထိ ဆက်သွားရုံသာ ရှိတော့ သည်။

ထို့ကြောင့် ယခု ဤအနိစ္စဓမ္မစဉ်၌ အကျဉ်းမျှသော် လည်း ခန္ဓာငါးပါးကိုသွားရပေဦးမည်။ ခန္ဓာငါးပါးကို နားမလည် ဘဲ ရှိကောင်း ရှိနေကြမည့် ယောဂီသစ်များကိုသာ ရည်ရွယ် သောကြောင့် ယောဂီဟောင်းများအနေဖြင့်လည်း သည်းခံ ပေးကြရန်ကို ကြိုတင်၍ အစီရင်ခံလိုက်ရသည်။

ဆိုပြီးသော အကြောင်းကို ထပ်ဆိုလျှင် ဒွေါသသင့် ကြောင်းကို ဟောတော်မူ၏။ သို့သော်လည်း ဤ၌ ယောဂီ သစ်များကိုသာ ရည်ရွယ်ခြင်းဖြစ်သောကြောင့် ဒေါသမှ လွတ် ၏။ ထို့ကြောင့် ခန္ဓာငါးပါးအကြောင်းကို အာရုံပြုကြပါဦး။

ရှေ့ဆောင်းပါးများတွင် ဥပမာပြခဲ့သည့် ပန်းသီး အကြောင်းကိုပင် ဤ၌လည်း ထပ်၍ဆိုဦးမည်။ ဥပမာကို တစ်ခုတည်း ပြခြင်းဖြင့် သာ၍ပင် မှတ်မိလွယ်သည်။ ဝိပဿနာဉာဏ်ကို ရလာသောခါ အခြားသော ဥပမာများကို သွားရန်လည်း မခက်တော့ပေ။

ပန်းသီးကို ခန္ဓာဖွဲ့မည်ဆိုရာ၌ ပန်းသီးသည် ပညတ် ရုပ်ထဲတွင် ပါဝင်နေ၍ ထိုပညတ်ရုပ်ကိုပယ်ပြီး ပရမတ်ရုပ်ကို သာ ခန္ဓာဖွဲ့ရသည်ကို အထူးသတိထားရ၏။ ပညတ်၊ ပရမတ် ခွဲပြီးမှ ပရမတ်ရုပ်ကို ခန္ဓာဖွဲ့ရ၏။ ထို့ကြောင့် ပန်းသီးကို ပညတ်၊ ပရမတ် ခွဲကြစို့။

ခန္ဓာဖွဲ့လျှင် ရူပါရုံ(ရုပ်-ရူပက္ခန္ဓာ)မှသာ စရမည်ဖြစ်၏။

မျက်စိဖြင့် ပန်းသီးကို ကြည့်၍မြင်ခြင်းမှာ အရောင် ရုပ်-ရူပါရုံ ဖြစ်၏။ ဤ၌ ပရမတ်ရုပ် ဉာဏ်မှာ ပြတ်ပြတ် သားသား ထင်မြင်လာစေရန်အတွက် အရောင်ကိုသာလျှင် အထူးတလည် ဂရုစိုက်ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ပန်းသီးကိုသာ ကိုင်၍ရမည်၊ အရောင်ကို ကိုင်၍မရ၊ ယူ၍ ငင်၍ တို့ထိ၍လည်း မရ၊ အရောင်သည် ရှိရုံသက်သက် သဘောမျှသာ ရှိ၏ဟု သိရ၏။ ဤသို့သိလျှင် ပရမတ်သိဖြစ်၏။ မသိလျှင် သိအောင်လုပ်ရ၏။

ပန်းသီးကိုဖြစ်စေ၊ အခြားအရာဝတ္ထုတစ်ခုခုကိုဖြစ်စေ အနားမှာချထားပြီး တို့ကြည့်၊ ထိကြည့်၊ ကိုင်ကြည့်။ ပန်းသီးကိုသာလျှင် ကိုင်၊ယူ၊တို့၊ထိ၍ ရမည်၊ အရောင်ကိုမူ မည်သည့်အခါမျှ ကိုင်၊ယူ၊တို့၊ထိ၍ ရမည်မဟုတ်ပေ။ ဤသည်ကို ဉာဏ်မှာပြတ်သားအောင် အထပ်ထပ်လေ့ကျင့်ပွားများရလေ၏။ ကြိုးစားကြလေ သူတော်ကောင်းတွေတို့။

ထို့နောက် မြင်ခြင်းကိစ္စ ပြီးသည်အထိ မျက်စိ၊ ပန်းသီးမှာရှိသော အရောင်၊ မြင်စိတ်ဟု သုံးမျိုးပြားသည်ကို တိတိကျကျ မှတ်သားရ၏။ ထို့နောက် မျက်စိသည်လည်း ပညတ်၊ ပန်းသီးသည်လည်း ပညတ်၊ ပန်းသီးမှာရှိသော အရောင်သည်သာ **ပရမတ်** ဟု ထပ်၍ မှတ်ရ၏။

အရောင်သည် ပရမတ်ဖြစ်သည့်အကြောင်းကို ရှေ့ဆောင်းပါးများတွင် အကြိမ်ကြိမ် ရှင်းပြခဲ့ဖူးပြီ။ ထိုပရမတ်တရားကိုသာ ခန္ဓာဖွဲ့ရ၏။

၁။ အရောင်သည် ရုပ်ဖြစ်သောကြောင့် ခန္ဓာဖွဲ့လျှင် ရူပက္ခန္ဓာရ၏။

၂။ ထိုအရောင်ကို ကြိုက်မကြိုက် ခံစားခြင်းမှာ ဝေဒနာဖြစ်၍ ထိုဝေဒနာကို ခန္ဓာဖွဲ့လျှင် ဝေဒနက္ခန္ဓာရ၏။

၃။ ထိုအရောင်ကို မှတ်သားခြင်းမှာ သညာဖြစ်၍ သညာကို ခန္ဓာဖွဲ့လျှင် သညက္ခန္ဓာရ၏။

၄။ အရောင်ကို ကြည့်ခြင်းမှာ သင်္ခါရဖြစ်၏။ သင်္ခါရကို ခန္ဓာဖွဲ့လျှင် သင်္ခါရက္ခန္ဓာရ၏။

၅။ ထိုအရောင်ကို သိခြင်းမှာ ဝိညာဉ်ဖြစ်၍ ဝိညာဉ်ကို ခန္ဓာဖွဲ့လျှင် ဝိညာနက္ခန္ဓာရ၏။

ဓမ္မယောဂီများသည် ဤပရမတ်ခန္ဓာငါးပါးအကြောင်းကို ညက်ညက်သွက်သွက်ရအောင် ရှုမှတ်ပြီး ဉာဏ်၌ သိမ်းဆည်းထားရ၏။ ဝေဝါးမေ့ပျောက်၍မသွားအောင်လည်း ရှုမှတ်ထားရ၏။ မည်သည့်တရားစဉ်ကို ရှုမှတ်ပွားများသည်ဖြစ်စေ ဤပရမတ် ခန္ဓာငါးပါးကိုသာ အဓိက အခြေခံပြီး ထားရ၏။

* * *

အနိစ္စဒေသနာတော်ကြီးအတွက် သည်အခန်းတွင် ဝိထိချသင့်သည်။ သို့သော်လည်း ဤစာရေးသူကား ကွန်ပျူတာကိုင်နေသည့်တိုင်အောင် ဝိထိမချတတ်သေးပေ။ သင်ရိုးအခြေခံစာတစ်အုပ်မှာပင် တစ်ဝက်မျှသာ ကုန်သေးသည်။ ကုန်ခဲ့သော စာအုပ်တစ်ဝက်မှာလည်း ဆောင်းပါးရေးရုံမျှသာ တတ်ပြီး အခြားအကြောင်းအရာများကိုမူ သိပ်ပြီးမှတ်မိနိုင်ခြင်း မရှိပေ။

ထို့ကြောင့် ဝိထိစဉ်ကို ယခင် သူများဆီမှာ ရိုက်နှိပ်ထားသည့်အတိုင်း နောက်ခန်းမှာသာ သီးသန့်ထည့်ပေးတော့မည်။ ထို့ကြောင့် သည်အခန်းကိုရောက်လျှင် နောက်ခန်းက ဝိထိအခန်းကို ပြန်ကြည့်ပါ။ ဖြစ်နိုင်လျှင် ဝိထိစဉ်ကို အာဂုံဆောင်၍သော်လည်းကောင်း၊ ရေးမှတ်၍သော်လည်းကောင်း သိမ်းဆည်းထားပါ။ (နောက်လတွင် ဝိထိကို မရေးတော့ပေ။)

ဤဝိထိအကျဉ်းမျှကို နားလည်လျှင်ပင် အနိစ္စဒေသနာတော်ကြီးသည်လည်း ရုပ်လုံးကြွလာပေလိမ့်မည်။ ဝိထိတစ်လုံးစီချင်းကို ရှင်းပြထားသောကြောင့် နားမလည်ဘဲ ရှိလိမ့်မည်လည်း မဟုတ်ပေ။ ထို့ကြောင့် အနိစ္စဒေသနာတော်ကြီးကို ဟောကြား/နာယူရာ၌ ဝိထိသည် အဓိကအကျဆုံး ဖြစ်၏။

ပရမတ်ခန္ဓာပေါ်ကို ဝိထိတင်ရှုလိုက်သည်နှင့် ခန္ဓာငါးပါးသည် အနိစ္စတရားကြီးပါတကားဟု အလိုလိုသိမြင်လာမည်သာ ဖြစ်၏။ ရုပ်ပျက်၊ နာမ်ပျက်၊ ခန္ဓာပျက်တရားကြီးကိုလည်း လင်းရှင်းပြတ်သားစွာဖြင့်ပင် ဉာဏ်မျက်စိ၌ ထင်မြင်လာပေလိမ့်မည်။

ထို့ကြောင့် ဝိထိကို အထူးဂရုစိုက်ပြီး လေ့လာထားကြပါဟု ကြိုတင်မှာကြားလိုက်ရသည်။ သည်လအတွက် တရားကိုယ် တရားသားကိုလည်း ရောက်နိုင်ဖွယ်မရှိပေ။ နိဒါန်းကထာမျှဖြင့်ပင် ပြီးဆုံးဖွယ်ရှိနေသည်။

* * *

၁။ အနိစ္စာတိ ခန္ဓပဉ္စကံ၊

၂။ ယဒနိစ္စံ တံ ဒုက္ခံတိ ဝစနတော။

၃။ ယံ ဒုက္ခံ တဒနတ္တာဒိ ဝစနတော။

၁။ ခန္ဓာငါးပါးဟူသည် မမြဲသော အနိစ္စတရားကြီးဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

၂။ ထိုအနိစ္စတရားသည်ပင် ဒုက္ခတရားကြီးဖြစ်၏။

၃။ ထိုဒုက္ခတရားကိုပင် အနတ္တတရားကြီးဖြစ်သည်ဟု မြတ်စွာဘုရားရှင် ဟောတော်မူ၏။

ဤပါဠိတော်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တတည်းဟူသော လက္ခဏာရေးသုံးပါးကို ခြုံငုံမိ၏။ အလွန်မှ တန်ဖိုးကြီး၏။ သတ္တဝါမှန်လျှင် အနိစ္စ၊ ဒုက္ခ၊ အနတ္တတည်းဟူသော လမ်းစဉ်ကြီးအတိုင်းသာ လျှောက်နေကြရ၏။ သုံးဆယ့်တစ်ဘုံကို ခြုံကြည့်လျှင်လည်း ဤတရားသုံးပါးသာ ရှိ၏။ ဝိထိကိုမြင်လျှင် ဤတရားကိုလည်း မြင်ပြီးဖြစ်၏။ ဆိုခဲ့သည့်အတိုင်း ဝိထိကို မြင်မှုလည်း သည်တရားကို ရှုမှတ်၍ရ၏။

အနိစ္စသညာ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ
မဟာဖလာ မဟာနိသံသာ အမတောဂဓာ အမတ
ပရိယောသာနံ။

ဘိက္ခဝေ = ချစ်သားတို့၊ အနိစ္စသညာ = ခန္ဓာငါးပါးကို၊ အနိစ္စဟူ၍ (ဝါ) အနိစ္စဟူသော အမှတ်သညာဖြင့်၊ ဘာဝိတာ = ပွားများသည်ရှိသော်၊ ဗဟုလီဂတာ = ကြိမ်ဖန်များစွာ ပွားများသည်ရှိသော်၊ မဟာဖလာ = များသော အကျိုးရှိသည်၊ ဟောတိ = ဖြစ်၏။ မဟာနိသံသာ = များသော အာနိသင်ရှိသည်၊ ဟောတိ = ဖြစ်၏။ အမတောဂဓာ = နိဗ္ဗာန်သို့တိုင်အောင် ရောက်နိုင်၏။ အမတပရိယောသာနံ = နိဗ္ဗာန်၌ အဆုံးရှိ၏။

အနိစ္စတရားကြီးကို ပွားများခြင်းဖြင့် အကျိုးကြီးကြောင်း၊ နိဗ္ဗာန်သို့ရောက်နိုင်ကြောင်းကို ဟောဖော်ညွှန်ကြားပြီး ထောက်ခံချက်ပေးထား၏။ ဓမ္မယောဂီများအဖို့ အလွန်အမင်း အားတက်ဖွယ် ကောင်းလည်းကောင်း၏။

ဤစာရေးသူ၏ ဓမ္မလမ်းစဉ်တွင် အခြေခံတရားအဖြစ် ဦးစွာ ပညတ်၊ ပရမတ် တရားတော်ကို ဟောကြားပြသ၏။ ထို့နောက် ဆက်လက်၍ ဓာတ်တရား၊ အနတ္တတရားတော်များကို ဟောကြားပြသ၏။ ဤတရားတော် သုံးပါးသည် အခြေခံကျပြီး ကျယ်လည်းကျယ်၊ နက်လည်းနက်၏။ နားလည်လွယ်သော တရားတော်များလည်း ဖြစ်၏။

တရားတော် ဓမ္မစဉ်၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု တည်ရှိသော်လည်း ယခုခေတ် (အနိယျတ)ဟု ဆိုရမည့် စာရေးသူနှင့်တကွ ဓမ္မယောဂီအပေါင်းတို့မှာ ပါရမီနှင့်ဉာဏ် ထုံထိုင်းကြသည်ဖြစ်၍ အခြေခံတရားတော်များကို ဓာတ်၊ ပရမတ်မှ စခြင်းသည်သာ မူလအရင်းကျကြောင်းကို နားလည်သိမ်းပိုက်ထား၏။

ထို့ကြောင့်လည်း ဓာတ်၊ ပရမတ်၊ အနတ္တ တရားတော်များတွင် လေးနှစ်တာကာလပတ်လုံး အချိန်ပေး၍ ဖြည်းဖြည်းချင်း သွားနေခဲ့ရခြင်း ဖြစ်၏။ ထို့ကြောင့် တချို့သော ယောဂီပုဂ္ဂိုလ်များ အတော်လေးပင် သဘောပေါက်နားလည်သွားကြကြောင်း ကြားသိရ၍ ဤစာရေးသူနှင့်တကွ ရောင်ပြန်မဂ္ဂဇင်းကြီးတို့မှာ အလွန်အမင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရ၏။

ဆိုခဲ့ဖူးသည့်အတိုင်း မဂ္ဂဇင်း၌ တရားတော်ကို ကြိုက်သောပရိသတ်သည် အလွန်အမင်း နည်း၏။ တစ်ဆယ်ရာခိုင်နှုန်းရှိရန်ပင် ခဲယဉ်း၏။ ဤသည်ကို သိကြသော်လည်း ဤစာရေးသူနှင့် ရောင်ပြန်မဂ္ဂဇင်းကြီးတို့မှာ ရာခိုင်နှုန်းမျှ တရားရှိသည့်အတွက်ပင် ဝမ်းသာ၍မဆုံးဖြစ်ရပြီး အထူးကြိုးစားပြီးပင် ဓမ္မဆောင်းပါးများကို လစဉ်မပြတ် ရေးထည့်နေကြ၏။

မဂ္ဂဇင်းမှာပါသော ဓမ္မဆောင်းပါးများကို သဘောမပေါက်သဖြင့် မေးမြန်းလျှောက်လာကြ၍ ပြန်လည်ရှင်းလင်းဟောကြားပေးလိုက်သောကြောင့် သဘောပေါက် နားလည်သွားသည်ဟုဆိုလျှင်ဖြစ်စေ၊ ဓမ္မဆောင်းပါးများကို ဖတ်ရှု၍ နားလည်သဘောပေါက်သည်ဟု ပြန်ပြောလျှင်ဖြစ်စေ ဤစာရေးသူနှင့် ရောင်ပြန်မဂ္ဂဇင်းကြီးတို့မှာ ဝမ်းသာကြည်နူး၍ မဆုံးအောင်ပင် ပီတိသောမနဿ ဖြစ်ကြရ၏။ ထို့ကြောင့် ဤတရားတော်များကိုလည်း ဆက်လက်ကြိုးစားပြီး ရေးသားဖော်ပြနေကြဦးမည် ဖြစ်၏။

သို့သော်လည်း ဤလအတွက်ကား ဤမျှနှင့်ပင် နိဂုံးအုပ်လိုက်ပါ၏။ နောက်နောက်သော လများတွင်မူ တရားကိုယ်၊ တရားသားနှင့်တကွ ငါတို့၏ ခန္ဓာငါးပါးသည် အနိစ္စအစစ်ကြီးပါတကားဟူသည်ကို နားလည်သဘောပေါက်၍ လက်ဝယ်ပိုင်ပိုင် ရရှိနိုင်သည်အထိ ဆက်လက်ဖတ်ရှုကြပါရန်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## သံသရာ့ရေစီးစဉ် ဝီထိစဉ်

. . . . . . . ဘဝင်။ ဘဝင်။ ဘဝင်။ အတီတဘဝင်။ ဘဝင်္ဂစလန။ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း။ စက္ခုဝိညာဏ်။ သမ္ပဋိစ္ဆိုင်း။ သန္တီရဏ၊ ဝုဋ္ဌော။ ဇော။ ဇော။ ဇော။ ဇော။ ဇော။ ဇော။ ဇော။ တဒါရုံ။ တဒါရုံ။ ဘဝင်။ ဘဝင်။ ဘဝင်။ . . . . . .

အထက်ပါ ဝီထိစဉ်ကို အောက်၌ အတိုကောက်နည်းနှင့် ရေးပြထားသည်။

တစ်ဝီထိလျှင် ဝီထိစိတ်လုံးရေပေါင်း (၁၇)လုံးရှိပုံ

| ဘ | ဘ | ဘ | တီ | န | ဒ | ပ | စ | သံ | သန် | ဝု | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ရုံ | ရုံ | ဘ | ဘ | ဘ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ∘∘∘ | ∘∘∘ | ∘∘∘ | ∘∘∘ | ∘∘∘ | ∘∘∘ | ∘∘∘ | ∘∘∘ | ∘∘∘ | ∘∘∘ | ∘∘∘ | ∘∘∘ | ∘∘∘ | ∘∘∘ | ∘∘∘ | ∘∘∘ | ∘∘∘ | ∘∘∘ | ∘∘∘ | ∘∘∘ | ∘∘∘ | ∘∘∘ | ∘∘∘ |

ရုပ်သက် ခဏငယ်(၅၁)ချက်ရှိပုံ

အထက်ပါ ဝီထိဇယားပုံစံ၌ အတီတဘဝင်မှစ၍ရေသော် ဒုတိယ တဒါရုံအထိ ဝီထိစိတ် ၁၇ လုံး ရှိ၏။ ၎င်း ၁၇ လုံးသော ဝီထိစိတ်တို့ကို တစ်ဝီထိ၌ဖြစ်သော ဝီထိစိတ်တို့ဟူ၍ မှတ်ရာ၏။ ထိုဝီထိစိတ် တစ်လုံးတစ်လုံး၏ အောက်၌ ပြထားသော အနက်စက်သုံးခုမှာ ဥပါဒ်-ဌီ-ဘင် ဟု ဆိုအပ်သော ခဏငယ်သုံးချက်ဖြစ်သည်။ ဥပါဒ် ဖြစ်သည်။ ဌီ တည်သည်။ ဘင်ပျက်သည်ဟူသော အဓိပ္ပာယ်ပင် ဖြစ်သည်။ ထိုဝီထိစိတ် ၁၇ လုံးကို တစ်ဝီထိဟူ၍ ခေါ်သည်။ ထို့ကြောင့် တစ်ဝီထိလျှင် စိတ္တခဏ ၁၇ ချက် ရှိသည်။ ဝီထိစိတ်တစ်လုံး တစ်လုံးလျှင် ခဏငယ်သုံးချက်စီ ရှိသောကြောင့် ဝီထိစိတ် ၁၇ လုံးမှာ ခဏငယ်ပေါင်း ၅၁ ချက်ရှိသည်။ အထက်ပါပုံစံကို ပြန်ကြည့်ပါ။ အတီတဘဝင်စိတ်၏ အောက်၌ဖော်ပြထားသော ဥပါဒ်ခဏမှ စ၍ဖြစ်လာသော ရုပ်သက်သည် ဒုတိယတဒါရုံစိတ်၏ အောက်၌ပြထားသော ဘင်ခဏ၌ ချုပ်ပျက်သည်။ ထို့ကြောင့် ရုပ်သက်သည် စိတ္တက္ခဏအားဖြင့် ၁၇ ချက်ရှိ၏။ ခဏငယ်အားဖြင့် ၅၁ ချက်ရှိ၏။ နာမ်သက်သည် ခဏငယ်သုံးချက်ရှိ၏။ ဥပါဒ် ခဏမှစ၍ ဖြစ်ပြီးလျှင် ဘင်ခဏမှာ ချုပ်ပျက်လေသောကြောင့် ဥပါဒ်-ဌီ-ဘင် ဟူသော ခဏငယ်သုံးချက်သာ အသက်ရှည်သဖြင့် အလွန်လျှင် အပျက်မြန်သည်။ ဤကား ရုပ်သက်နှင့် နာမ်သက်ကို တွက်ပြခြင်းတည်း။

* * *

### အထက်ပါ ဝီထိစဉ်၏ ပါဠိမြန်မာအဓိပ္ပာယ်

**အတီတဘဝင်** = လွန်သောဘဝင်စိတ်၊ **ဘဝင်္ဂစလန** = လှုပ်သောဘဝင်စိတ်၊ **ဘဝင်္ဂုပစ္ဆေဒ** = ပြတ်သောဘဝင်စိတ်၊ **ပဉ္စဒွါရာဝဇ္ဇန်း** = ငါးဒွါရကို ဆင်ခြင်သောစိတ်(**စက္ခုဝိညာဏ်** = မြင်သောစိတ်)၊ **သမ္ပဋိစ္ဆိုင်း** = အာရုံကို ခံလင့်သောစိတ်၊ **သန္တီရဏ** = အာရုံကို စုံစမ်းသောစိတ်၊ **ဝုဋ္ဌော** = အာရုံကို မှတ်သောစိတ်(**ဇော**) - အာရုံကို ကြိုက်မကြိုက်သောစိတ်၊ **တဒရုံ** = ထိုကြိုက်မကြိုက်သော အာရုံ· · ·

အထက်ပါ ဝီထိပုံစံကား မြင်သော ဝီထိဖြစ်၍ စက္ခုဝိညာဏ်ကို ထည့်ထားသည်။ ကြားသော ဝီထိဖြစ်လျှင် ၎င်း စက္ခုဝိညာဏ်နေရာမှာ သောတဝိညာဏ်ကို ထည့်ပါ။ နံသော ဝီထိဖြစ်လျှင် ဃာနဝိညာဏ်ကို ထည့်ပါ။ စားသော ဝီထိဖြစ်လျှင် ဇိဝှါဝိညာဏ်ကို ထည့်ပါ။ ထိသော ဝီထိဖြစ်လျှင် ကာယဝိညာဏ်ကို ထည့်ပါ။ ဤကား စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ ငါးဒွါရဝီထိတို့ကို ပြခြင်း ဖြစ်သည်။

(ဓမ္မဒါနအလှူရှင် ကွယ်လွန်သူ ဒေါ်အေးချို)

မဟာထွန်း



www.burmeseclassic.com

www.burmeseclassic.com

# အောင်မြင်မှုတွေဝေစည်ဖြိုးဖြင့် သရဏဂုံဖယောင်းတိုင်

ဘုန်းလက်ကျော်အောင်



သရဏဂုံဟူသည် ... ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို အထူးအောက်မေ့သတိရကာ ဆည်းကပ်ကိုးကွယ်ခြင်းပင် ဖြစ်ပါသည်။ သရဏဂုံသုံးပါးကို စွဲမြဲယုံကြည်စွာ ဆောက်တည်ပြီးသူ တစ်ယောက်အဖို့ လားရာဂတိ မှန်သမျှမှာ အထက်ဘဝဂ်ပင် ဖြစ်ပါ၏။ ထို့ကြောင့်လည်း ဗုဒ္ဓဘာသာနွယ်ဝင် ကလျာဏသူတော်စင်များအဖို့ သရဏဂုံသုံးပါးကို ယုံကြည်စွာ ဆောက်တည်ကြလေသည်။

အထွတ်အမြတ်ဖြစ်သော ဘာသာတရားကို လေးစားယုံကြည်ကိုင်းရှိုင်းခြင်းအားဖြင့် လောကုတ္တရာအကျိုးသက်သက်သာမက၊ လောကီကောင်းကျိုးကိုပါ ခံစားရရှိနိုင်ပါသည်။

ဤ၌ မိမိဖြစ်စေချင်သော၊ အောင်မြင်ပြီးမြောက်စေချင်သော စိတ်ဆန္ဒ၊ အဓိဋ္ဌာန်၊ အလုပ်အကိုင်၊ အကြံအစည်များ ပြည့်ဝဖို့အတွက် ကုသိုလ်ရေးနှင့် ဆက်နွယ်သော ယတြာလေးတစ်ခုကို တင်ပြချင်ပါသည်။ ထိုယတြာမှာ သရဏဂုံဖယောင်းတိုင်ထွန်းညှိခြင်းယတြာပင် ဖြစ်ပါသည်။ အဓိဋ္ဌာန်ပြုလုပ်တော့မည် ဆိုပါက ဖယောင်းတိုင်အဖြူ သုံးတိုင်ကိုယူပြီး ဖယောင်းသားပေါ်၌ မီးစမှ အောက်ခြေသို့ တစ်တိုင်ကျစီ "ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ နောက်ဒုတိယတိုင်၌ ဓမ္မံသရဏံ ဂစ္ဆာမိ၊ နောက်ဆုံး တတိယတိုင်၌ သံဃံသရဏံ ဂစ္ဆာမိ" ဟူ၍ ကညစ်သံချွန်ဖြင့် ရေးပါ။

မွေးနေ့နံနက် နေထွက်ချိန်၌ ရေမိုးချိုးသန့်စင်ကာ အဝတ်အစားသစ်များ ဝတ်ဆင်ပြီး သရဏဂုံဖယောင်းတိုင် သုံးတိုင်အား ဘုရားကျောင်းဆောင်၌ စီ၍ထွန်းညှိပါ။ ထို့နောက် ဂုဏ်တော်ကိုးပါး ပုတီးကိုစိပ်ပါ။ မီးလုံးဝ ငြိမ်းသွားပြီဆိုပါက မိမိအာရုံထဲ၌ အတောင့်တဆုံး၊ အဖြစ်စေချင်ဆုံးသော ဆုတစ်ဆုကို လှိုက်လှိုက်လှဲလှဲ ဆုတောင်းပါ။ အဆိုပါ အဓိဋ္ဌာန်(၉)ရက်တိတိ မပျက်မကွက် လုပ်ဆောင်ပါ။ ထူးခြားလာပါလိမ့်မည်။ ထူးခြားမှုမရှိပါက စရဏအားများ လိုနေ၍ ဖြစ်ပါမည်။ သည်အတွက် ၁၈ရက်၊ မထူးခြားပါက ၂ ရက်တိတိ လုပ်ဆောင်ပါ။ နဝင်းအ အရင်များနှင့် နွယ်နေသဖြင့် အံ့ဖွယ်ကောင်းလောက်အောင် ထူးခြား များနှင့် ကြုံတွေ့လာရပါလိမ့်မည်။

ဘုန်းလက်ကျော်အောင်



www.burmeseclassic.com

www.burmeseclassic.com

# လျှို့ဝှက်ဆန်းကြယ်

# စကားလုံးနှင့် အခါတိုင်ဗေဒင်ဟောကိန်း

▢▢▢▢▢▢▢▢▢▢ ညွန့်လှိုင်(စက်မှုတက္ကသိုလ်)

ဗေဒင်ဟောနည်းများစွာရှိသည့်အထဲတွင် အင်မတန်ရှားပါးသော ဗေဒင်အမျိုးအစားတစ်ခုမှာ စကားလုံးဗေဒင်ဖြစ်ပါသည်။ နေရာမရွေး၊ အချိန်မရွေး မြန်းခနဲ မေးလာလျှင် မြန်းခနဲဖြေ၍ လျှပ်တစ်ပြက်ဟောပြောနိုင်သည့် ဗေဒင်ဟောနည်းစနစ် ဖြစ်သောကြောင့် တန်ဖိုးရှိလှပါသည်။

"ကျွန်တော် ဆယ်တန်းဖြေထားတယ်၊ အောင်မလား"

"ကျွန်တော် ဒီနှစ် နိုင်ငံခြားသွားရမလား"

"အိုးပိုင်အိမ်ပိုင်နဲ့ နေရတော့မှာလား"

"ဒီနှစ်ထဲမှာ အိမ်ထောင်ပြုရင် ကျွန်မအဆင်ပြေနိုင်မလား"

***ဗေဒင်မေးသူ၏ မေးသည့်မေးခွန်းတွင်ပါသော စကားလုံးအရေအတွက်ကို အတိအကျ ရေတွက်ပါ။ ထိုစကားလုံးအရေအတွက်ကို (၇)နှင့် စားရပါမည်။ ရသောအကြွင်းကို မှတ်၍ ဟောပြောရပါသည်။***

ဥပမာ - "ကျွန်တော် ဆယ်တန်းဖြေထားတယ်၊ အောင်မလား" မေးခွန်းတွင် စကားလုံး ၁၀ လုံးပါ၍ ၇ နှင့် စားလျှင် ၃ ကြွင်းမည်။ ၃ ကြွင်းဟောကိန်းမှ ဆိုင်ရာအဖြေကို ဟောပြောရပါမည်။

**✷ လျှို့ဝှက်ဆန်းကြယ် ဗေဒင်ဟောကိန်းများ ✷**

**(၁)ကြွင်း ဗေဒင်ဟောကိန်း**

**ရုပ်ပုံအားဖြင့် မြတ်စွာဘုရား တေဇောဓာတ်လောင်ကျွမ်းတော်မူနေသော ရုပ်ပုံဖြစ်ပါသည်။**

မင်္ဂလာအခမ်းအနားကိစ္စ၊ လက်ထပ်မင်္ဂလာ၊ ကျောင်းကန်ဇရပ်၊ အိမ်ရာတည်ဆောက်မှု ကိစ္စအားလုံး ခဏရပ်ထားပါ။ လုပ်ခဲ့မိလျှင် ရန်ရှိသည်။ ကိစ္စက တစ်ပိုင်းတစ်စ ဖြစ်သည်။ လူကြီးမိဘအတွက် စိတ်ညစ်ရမည်။ လူကြီးများ၏ ကျန်းမာရေး မကောင်းပါ။

အဂ်ါနံပစ္စည်း အရောင်းအဝယ်မလုပ်သင့်ပါ။ မရောင်းသင့်၊ ကုန်မသွယ်သင့်ပါ၊ ရှုံးလိမ့်မည်၊ စကားများမည်။ အရှေ့တောင်အရပ်က လူတစ်ယောက်နှင့် စကားများရမည်။ အင်္ဂါနံ စိန်၊ လက်စွပ်၊ စက် ပျောက်လျှင် ပြန်မရတတ်ပါ။ နားကပ်၊ ပုတီး၊ ကျောက်နီ၊ နွားနီ၊ နွားနက် ပျောက်လျှင် သတင်းရပြီး ပြန်မရတတ်ပါ။ ရွှေပျောက်လျှင် ပြန်မရပါ။

ခရီးသွားနေသောသူသည် တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ စနေ၊ အင်္ဂါ သားသမီးဖြစ်လျှင် ရောက်နေသောအရပ်မှာ ရန်ရှိသည်။ ပြန်မရောက်သေးပါ။ နှေးလျှင် တစ်လ၊ မြန်လျှင် ၁၅ ရက်



www.burmeseclassic.com

www.burmeseclassic.com

အတွင်း ပြန်ရောက်မည်။

မေးသည့် လူမမာသည် အင်္ဂါ၊ ဗုဒ္ဓဟူး၊ စနေ သားသမီးဖြစ်လျှင် ရောဂါနာတာရှည်မည်။ ချက်ချင်းမကောင်း သေးပါ။ အင်္ဂါသားသမီး၏ ရောဂါမှာ သွေးရိုးသားရိုးမဟုတ်ပါ။ အရှေ့တောင်နှင့် အနောက်တောင်အရပ်က မုဆိုးမနှင့် စကား ပြောမပြေလည်း၍ မကျေမနပ်ဖြစ်ပြီး ပြုလုပ်ခံထားရတာ ဖြစ်သည်။ ရောဂါတခြား ဆေးတခြား ဖြစ်နေပါသည်။ တနင်္ဂနွေ သားသမီး ချူချာလျှင် ရောဂါများနေသည်။ ချက်ချင်းမသက်သာပါ။ ဆိတ်သား၊ အမဲသား ဝက်သား စားမိ၍ ရောဂါဖြစ်ရသည်။ နာတာရှည်လိမ့်မည်၊ သတိပြုပါ။

ဗုဒ္ဓဟူးနံသင့်ပစ္စည်း အရောင်းအဝယ်လုပ်လျှင် ဇာတ်လမ်းက မပြတ်မသားဖြစ်နေမည်။ ဗုဒ္ဓဟူးနံလူကို လက်မခံရပါ။ အကြွေးတောင်းစရာရှိလျှင် သွားတောင်းပါ ရပါမည်။ ကြွံ၊ ကြောင်၊ ခွေးပျောက်လျှင် ပြန်ရလိမ့်မည်။ နှစ်ရက်၊ သို့မဟုတ် ငါးရက်အတွင်း ပြန်ရမည်။ ကြာသပတေးနံပျောက်လျှင် မကြာခင် ပြန်ရမည်ပေါပါ။ တနင်္လာ၊ ကြာသပတေးနှင့် သောကြာနံ ပစ္စည်းများ ရောင်းရန် ဝယ်ချင်ဝယ်ပါ၊ မြတ်မည်။

ခရီးသွားချင်လျှင် ကောင်းသည်။ ခရီးသွားလို့ရသည်။ အိမ်ပြောင်းချင်လျှင် ကောင်းသည်။ ပြောင်းလို့ရသည်။ လူကြီး သူမ၏ အကူအညီရမည်။ စောင့်ရှောက်မည်။ မိန်းမဆိုလျှင် အိမ်ထောင်ကျနိုင်သည်၊ ယောကျာ်းဆိုလျှင် စန်းပွင့်နိုင်သည်၊ သတိပြုပါ။

xxxxx xxxxx

## (၂)ကြွင်း ဗေဒင်ဟောကိန်း

**ရုပ်ပုံအားဖြင့် သိဒ္ဓတ္ထမင်းသား တောထွက်သည့် ရုပ်ပုံဖြစ်ပါသည်။**

ခရီးလည်းများမည်။ မိသားစုနှင့် ခွဲခွာနေရမည်။ စိတ်ထဲတွင် မတင်မကျဖြစ်နေမည်။ မင်္ဂလာကိစ္စနှင့် ပတ်သက်၍ ဆွေမျိုးများက မိမိအတွက် စိတ်ပူပင်နေရလိမ့်မည်။ အိမ်ထောင်ရေးပြဿနာ ဝင်လိမ့်မည်။

သားသမီးအတွက်ဖြစ်စေ၊ ကိုယ်အထင်ကြီးသော လူကြီးမိဘအတွက်ဖြစ်စေ စိတ်ဆင်းရဲနေရမည်။ ပူပန်နေရမည်။ မိတ်ဆွေများက ဒုက္ခပေးလိမ့်မည်။ အကြွေးမတောင်းပါနှင့်ဦး။ စကားများရန်ဖြစ်၍ မရသဲပြန်လာရမည်။

ကြွံ၊ နွား၊ ဝက်၊ ရွှေ ကျောက်၊ မြေ စသည်တို့နှင့် ပတ်သက်၍ အမှုအခင်းကြုံနိုင်သည်။ စကားပြောရလိမ့်မည်။ အမှုအခင်း ဖြေရှင်းရမည်ဆိုလျှင် ဗေဒင်မေးသူသည် တနင်္ဂနွေ ဗုဒ္ဓဟူး ကြာသပတေး သားသမီးဖြစ်ပါက ရှုံးမည်။ ကျန်နေသည့် သားသမီးဆိုလျှင် နိုင်မည်ဟု ဟောရပါမည်။

အင်္ဂါနံပစ္စည်း ပျောက်လျှင် ၉ ရက်အတွင်း ပြန်တွေ့ ပါလိမ့်မည်။ အဝယ်ပါနှင့်။ စနေနံနှင့် သောကြာနံ ပျောက်လျှင် တစ်ပတ်အတွင်း ပြန်ရပါမည်။ ဗုဒ္ဓဟူးနှင့် ကြာသပတေးနံ ပျောက်လျှင် အမြန်ဆုံး လေးရက်၊ အကြာဆုံး ၁၀ ရက်အတွင်း ပြန်ရလိမ့်မည်။

ဗုဒ္ဓဟူးနံ၊ တနင်္ဂနွေနံ၊ ကြာသပတေးနံ ပစ္စည်းများဝယ်လျှင်ဖြစ်စေ၊ ရမည်ဆိုလျှင်ဖြစ်စေ တနင်္လာ၊ အင်္ဂါ၊ သောကြာ၊ စနေသားသမီးဖြစ်လျှင် ကောင်းသည်။ ဝယ်ပါ။ ခရီးသွားချင်လျှင် သွားလို့ရသည်။ အသားဖြူဖြူချောချော မိန်းကလေးက ကူညီမစလိမ့်မည်။ ကိုယ်နှင့်လည်း နီးစပ်သွားနိုင်သည်။ သတိပြုပါ။

မိန်းမယူလျှင် ယူလို့ရပါသည်။ မိန်းမက ထက်မြက်မည်၊ စကားတတ်မည်၊ အသားဖြူမည်၊ လင်ကိုနိုင်မည်၊ ဩဇာပေးမည်၊ ထိုမိန်းမနှင့် ပတ်သက်ပြီး သားဦးမိန်းကလေးသည် အင်္ဂလနှင့် သောကြာသမီးတစ်ယောက် ဖြစ်လိမ့်မည်။

လူနာအတွက် မေးလာလျှင် လူနာသည် ပယောဂ မဟုတ်ပါ။ သွေးရိုးသားရိုးဖြစ်သည်။ မသေပါ။ တနင်္ဂနွေ ဗုဒ္ဓဟူး ကြာသပတေး သားသမီးဖြစ်လျှင် တစ်လကျော်လျှင် ကောင်းသွားမည်။ ကျန်နေ့သားသမီးဆိုလျှင် တစ်ပတ်အတွင်း ကောင်းသွားပါလိမ့်မည်။

xxxxx xxxxx

## (၃)ကြွင်း ဗေဒင်ဟောကိန်း

**ရုပ်ပုံအားဖြင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည့် ရုပ်ပုံဖြစ်ပါသည်။**

ဆရာသမား၊ လူကြီးမိဘ၊ အစ်ကိုကြီး၊ အစ်မကြီး ကြီးဒေါ်၊ ဘကြီးတွေအတွက် စိတ်ပူပန်ရလိမ့်မည်။ ဆေးကုပေးရ ရလိမ့်မည်။ သူတို့ ကိုယ်ရေးကိုယ်တာအတွက် ကိုယ်ပိုက်ဝင်ပြီး

www.burmeseclassic.com

www.burmeseclassic.com

ဖြေရှင်းပေးရမည်။ အိုးအိမ်ခွဲနေရမည်။ လူကြီးများနှင့် မိမိ စိတ်အခန့်မသင့် ဖြစ်နေမည်။ လူကြီးမိဘတွေအတွက် သောက များပြီး မျက်ရည်ကျရလိမ့်မည်။

အပေါင်းအသင်းများနှင့် စကားများရမည်။ မိမိရင်ထဲတွင် လျှို့ဝှက်ထားသော စကားကြောင့် အထင်မှားခံရမည်။

ကြာသပတေးနံသင့်ပစ္စည်း အရောင်းအဝယ်များမည်။ အမှုအခင်းကြုံမည်။ စကားတွေအများကြီး ပြောရမည်။ အရှေ့အရပ်နှင့် အနောက်အရပ်က ဆွေမျိုးတွေနှင့် ကြာသပတေးနံ တနင်္လာနံ တစ်ခုခုကြောင့် အမှုအခင်းကြုံမည်။ ငြင်းခုံ ပြောဆိုရမည်။ အမှုအခင်းဖြစ်လျှင် အချိန်တွေအများကြီးကုန်မှ နိုင်မည်။

ပစ္စည်းပျောက်လျှင် မိတ်ဆွေဝေ့ထဲက အတွင်းလူ ယူထားတာ ဖြစ်သည်။ ပြန်မရတော့ပါ။ အနောက်အရပ်က လူကို သတိပြုပါ။ မယုံရပါ။

xxxxx xxxxx

## (၄)ကြွင်း ဗေဒင်ဟောကိန်း

**ရုပ်ပုံအားဖြင့် မြတ်စွာဘုရား စင်စစ်ဖြစ်တော်မူသည့် ရုပ်ပုံဖြစ်သည်။**

အမှုအခင်းဖြစ်လျှင် မိမိက နိုင်မည်။ ကံကောင်းနေသည်။ ဩဇာရှိသည်။ စာမေးပွဲအောင်မြင်မည်။ ရည်မှန်းချက်များ အောင်မြင်မည်။ မိမိကို ငြိုငြင်နေသည့် အထက်လူကြီးများ အမြင်မှန်လိမ့်မည်။ လက်အောက်ငယ်သားများကလည်း မိမိကို တောင်းပန်ရလိမ့်မည်။ ရာထူးတိုးမည်။ အခွင့်အရေးရမည်။ သိက္ခာရှိမည်။ အများလေးစားမည်။

မယားကြောင့်ဖြစ်စေ၊ မိန်းမတစ်ဦးကြောင့်ဖြစ်စေ စိတ်ဆင်းရဲရမည်။ ပြဿနာရှင်းရမည်။ ခရီးဝေးသွားချင်လျှင် သွားလို့ရပါသည်။ သိပ်တော့ မအောင်မြင်သေးပါ။ လက်အောက်ငယ်သားများကို မယုံပါနှင့်။ ဆွေမျိုးတွေက မိမိကို ဒုက္ခပေးမည်။

ပစ္စည်းပျောက်လျှင် ပျောက်တဲ့ပစ္စည်းက အချင်းချင်း နောက်ထားတာ ဖြစ်သည်။ လေးငါးရက်ကျော်လျှင် ပြန်ရလိမ့်မည်။ အင်္ဂါနံပစ္စည်း ပျောက်ခဲ့လျှင် ဗုဒ္ဓဟူးသားသမီး၊ သောကြာသားသမီး ယူထားတာဖြစ်သည်။ သူတို့သည် အလွန်စွာသည်။ အင်မတန် လိုက်မှသာ ပြန်ရလိမ့်မည်။ သို့ရာတွင် ဆုံးရှုံးဖို့များသည်။ သတိပြုပါ။

အင်္ဂါနံ၊ သောကြာ၊ စနေနံ ပစ္စည်းများ ရောင်းဝယ်လျှင် ရှုံးမည်။ ပျောက်လျှင် ဆုံးမည်။ ဗုဒ္ဓဟူးနံ လုံးဝမလုပ်ပါနဲ့။ ဝယ်မိလျှင် စကားများပြီး ငွေကုန်၍ ကိစ္စကြီးသွားမည်။ အကြွေးတောင်းစရာရှိလျှင် သွားတောင်းပါ။ ရမည်။

စနေနံနှင့် ကြာသပတေးနံပစ္စည်း အရောင်းအဝယ်လုပ်ပါ။ လေးငါးလအတွင်း အထူးဖြစ်ထွန်းမည်။ မိမိရည်ရွယ်ကြံစည်သော မိန်းမရှိလျှင် ရမည်။ ယူလိုက ယူ၍ရသည်။ အရည်အချင်းရှိမည်၊ အသားဖြူမည်။ နှာခေါင်းကောက်မည်၊ စကားပြောလျှင် အင်မတန်နှုတ်ချိုမည်၊ သားဦးယောက်ျားလေး မွေးလိမ့်မည်။

xxxxx xxxxx

## (၅)ကြွင်း ဗေဒင်ဟောကိန်း

**ဘုရားလောင်း မိခင်ဝမ်းကြာတိုက်တွင် သန္ဓေယူတော်မူသည့် ရုပ်ပုံအဟောဖြစ်သည်။**

ရာထူးတက်မည်၊ ငွေဝင်မည်၊ ချမ်းသာမည်၊ လာဘ်ရမည်၊ ထီပေါက်မည်၊ ငွေအပုံလိုက်ရမည်၊ ကံကောင်းနေပြီ။ လုပ်စရာရှိသည်တို့ကို ကြံစည်လုပ်ကိုင်ပါ။ အောင်မြင်ပါလိမ့်မည်။ ကူညီမစမည့်သူကလည်း အဆင်သင့်ဖြစ်သည်။ ကံကောင်းလာပြီဖြစ်၍ ကံနှင့်စပ်လျဉ်းသည့် အလုပ်များကို လုပ်ပါ။ ထီထိုးပါ။

ဗေဒင်မေးသူသည် ဗုဒ္ဓဟူးနေ့ မနက် ၁၀ နာရီတွင် လာမေးသည် ဆိုပါစို့။ ဇယားတွင် ဗုဒ္ဓဟူးနေ့ကို ရှာကြည့်ပါ။ မနက် ၉ နာရီမှ ၁၀း၃၀ နာရီအကွက်တွင် (၀)ကို တွေ့ပါလိမ့်မည်။ ထို့ကြောင့် (၀)ကြွင်း ဗေဒင်ဟောကိန်းကို ဟောရပါမည်။



www.burmeseclassic.com

www.burmeseclassic.com

စနေနံပစ္စည်းများကြောင့်ဖြစ်စေ၊ ခွေမျိုးတွေကြောင့် ဖြစ်စေ စိတ်ဆင်းရဲစရာ စကားပြောရမည်။ ဗုဒ္ဓဟူးနံလုပ်ငန်း အားလုံး သင့်ဂိထားပါ။ လုပ်သည့်အခါ ကန့်လန့်ဖြစ်မည်၊ စိတ်ညစ်ရလိမ့်မည်။ တနင်္ဂနွေနှင့် ကြာသပတေး လူကြီးတွေ က ကိုယ့်ကို ကူညီလိမ့်မည်၊ ထောက်ပံ့လိမ့်မည်။ ဗုဒ္ဓဟူးနှင့် စနေသားသမီးများကို လက်မခံရပါ။ ခြေနှစ်ချောင်း အဝင် မတော်ပါ။

အိမ်ထောင်ကျနိုင်သည်။ မိဘက မပေးစားလျှင် ဇွတ် ပြေးလိမ့်မည်။ အရှေ့တောင်နှင့် အရှေ့မြောက်အရပ်က ပုပြတ်ပြတ်လူနှင့် ခိုးရာလိုက်ပြေးလိမ့်မည်။ သတိထားပြီး ထိန်းပါ။ အချစ်သစ်တွေ့မည်၊ သတိထားပါ။

တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ စနေနံပစ္စည်းများ ရောင်းဝယ်လျှင် ရှုံးမည်။ အခြားနံသင့်ပစ္စည်းများ ရောင်းဝယ်လျှင် မြတ်မည်။

ပစ္စည်းပျောက်က စနေနံ၊ ဗုဒ္ဓဟူးနံပျောက်လျှင် ပြန်မရတော့ပါ။ တနင်္လာနံ၊ သောကြာနံ ပျောက်လျှင် ၆ ရက် အတွင်း ပြန်ရမည်။ အင်္ဂါနံပျောက်လျှင် အချင်းချင်းယူထား မည်။ ငါးရက်ကျော်လျှင် သူကပြန်ပေးလိမ့်မည်။ ကြာသပတေးနံ ပစ္စည်း ပျောက်လျှင် ငါးရက်ကျော်လျှင် ရနိုင်ပါသေးသည်။

ကျန်းမာရေးကိစ္စမေးလာလျှင် လူနာသည် ကြာသ ပတေးသားသမီးဖြစ်ပါက မသေပါ၊ မပူပါနှင့်။ ခဏဖြစ်တာမို့ အရမ်းဆေးကုမနေပါနှင့်။ တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ စနေသား ဖြစ်လျှင် တော့ ချက်ချင်းမကောင်းတတ်ပါ။ နည်းနည်းဆေးကုရလိမ့် မည်။ အဆင်မသင့်လျှင် အသက်ဘေးအထိ သတိပြုရမည်။ တနင်္လာ၊ အင်္ဂါ၊ သောကြာသားသမီးဖြစ်လျှင် တစ်ပတ်အတွင်း နေကောင်းသွားလိမ့်မည်။ စိတ်မပူပါနှင့်။ တနင်္လာသားသမီးဖြစ် လျှင် အရှေ့အရပ်က အနှောင့်အယှက် အတိုက်အခိုက်ရှိ သည်။ သတိထားပါ။

×××××  ×××××

## (၆)ကြွင်း ဗေဒင်ဟောကိန်း

မြတ်စွာဘုရား ဖွားမြင်တော်မူသည့် ရုပ်ပုံအဟော ဖြစ်ပါသည်။

ကံကောင်းနေပါသည်။ လူကြီးသူမ၊ ဆရာသမားတွေ က ကူညီစောင့်ရှောက်ကြပါလိမ့်မည်။ ဒါခွင့်အရေးများ ရမည်၊ ရာထူးတိုးမည်၊ ကံပွင့်လာပြီဖြစ်သည်။ ရန်သူတွေက မိမိကို အရှုံးပေးလာလိမ့်မည်။ ဩဇာရှိပါမည်။ ဂုဏ်သိက္ခာကြီးမား လာမည်။

ဆန့်ကျင်ဘက်လိင်ကြောင့် စိတ်ညစ်မည်။ မိန်းမ အတွက် စိတ်ညစ်ရမည်။ မိန်းမကြောင့် ငွေကြေး၊ မြေ၊ ကျွဲ ကိစ္စ စကားများမည်။ တရားတပေါင် ရင်ဆိုင်ရမည်။ ဒါပေမယ့် နိုင်မည်။ ပူစရာမရှိပါ။ လူကြီးသူမကိစ္စနှင့် ခရီးဝေးသွားရမည်။ သွားပြီးလုပ်ပေးရသည့်ကိစ္စအားလုံး အောင်မြင်လိမ့်မည်။

ရည်းစားဟောင်းနှင့် ပြန်တွေ့မည်။ ကိုယ်ကလည်း စိတ်ဝင်စားမည်။ သူကလည်း ကိုယ့်ကို ပြန်ပြီးကြိုက်လိမ့် မည်။ အိမ်ထောင်ကျသွားနိုင်သည်။

အင်္ဂါနံ၊ စနေနံ၊ ဗုဒ္ဓဟူးနံပစ္စည်းများ အရောင်းအဝယ် လုပ်လျှင် အမြတ်ရှိမည်၊ အမြန်လုပ်ပါ။ အကျိုးလည်း ရှိမည်။ အင်္ဂါနံပစ္စည်းပျောက်၍ လာမေးလျှင် အိမ်တွင်းလူက ယူတာ ဖြစ်သည်။ အသားဖြူဖြူပါးပါး၊ အရပ်ပုပုနှင့်လူ ယူထားတာဖြစ် မည်။ သုံးရက်ကြာလျှင် သတင်းရမည်။ ပစ္စည်းလည်း ရမည်။ စိတ်ချနေပါလို့ ဟောပါ။ စနေနံပျောက်လျှင်တော့ ပြန်မရနိုင်ပါ။ ဗုဒ္ဓဟူးနံပစ္စည်း ပျောက်လျှင် ကိုယ့်သားသမီးထဲက ယူထားတာ ဖြစ်မည်။ ပစ္စည်းမဆုံးနိုင်ပါ။ သေသေချာချာ စစ်ဆေးကြည့်ပါ။ ပြန်ရနိုင်သည်။

အင်္ဂါ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စနေ သားသမီးတို့ နေထိုင် မကောင်းလျှင် သွေးရိုးသားရိုးဖြစ်သည်။ တစ်ပတ်အတွင်း ပြန်ကောင်းမည်ဟောပါ။ တနင်္ဂနွေ၊ တနင်္လာ၊ ကြာသပတေး သားသမီးဆိုလျှင် ရောဂါထူမည်။ ထင်သည်ထက် ပိုပြီး ဆေးကု ရမည်။ အနှောင့်အယှက်ရှိနေသည်။ တတ်သိပညာရှင်များနှင့် ပြသသင့်ပါသည်။

×××××  ×××××

## (၀)ကြွင်း ဗေဒင်ဟောကိန်း

ပဉ္စဝဂ္ဂီငါးဦးကို ဓမ္မစကြာတရားဦးဟောသည့် ရုပ်ပုံအဟောဖြစ်သည်။

ကံဇာတာ တက်လာပြီဖြစ်သည်။ လူကြီးတွေက ကူညီ စောင့်ရှောက်လိမ့်မည်။ အခွင့်အရေးရမည်၊ စိတ်ချမ်းသာစရာ သတင်းစကားကြားမည်။ ရာထူးတိုးမည်။ ရည်မှန်းချက်များ

www.burmeseclassic.com

ကြိုးစားမှုများ အောင်မြင်မည်။

အချစ်ရေးကိစ္စ မေးမြန်းလျှင် တနင်္ဂနွေ ဗုဒ္ဓဟူးသား သမီးဆိုလျှင် အချစ်ရေးအဆင်ပြေနေပြီဟု ဟောရပါမည်။ မကြာမီ ခိုးရာလိုက်၊ ခိုးပြေးလိမ့်မည်။ အချစ်ရေးမှာ စန်းပွင့်၍ နေပါသည်။

မိဘအတွက် စိတ်ပူရမည်။ မိန်းမတွေနှင့် စကားများရမည်။ အမှုအခင်းကြုံလာလိမ့်မည်။ ခရီးသွားဖြစ်လိမ့်မည်။ ဗုဒ္ဓဟူးနံ့ ဝင်လာလိမ့်မည်။ အမှုအခင်းဖြစ်လျှင် ကိုယ်ကနိုင်မည်။ ဗုဒ္ဓဟူးနှ၊ တနင်္ဂနွေနံ့ပစ္စည်းပျောက်လျှင် ပြန်ရလိမ့်မည်။ ကြာသပတေးနံ့ပျောက်လျှင် ငွေကုန်ပြီးမှ ပြန်ရမည်။ စနေနံ့ ပျောက်လျှင် ပြန်မရတာတ်ပါ။ တနင်္လာနံ့ပျောက်လျှင်တော့ လုံးဝဆုံးပြီ မှတ်ပါ။ ပြန်မရတာတ်ပါ။

တနင်္လာ၊ အင်္ဂါ၊ သောကြာသားသမီးတို့ အကြံအစည်အတွက် လာမေးလျှင် ခက်ခဲမည်လို့ ဟောပြောရပါမည်။ နေထိုင်မကောင်း၍ မေးလျှင် တနင်္လာ၊ အင်္ဂါ၊ သောကြာသားသမီးများ တစ်ပတ်အတွင်း နေထိုင်ကောင်းလိမ့်မည်။ ဥပဒ်အန္တရာယ်ကြီး မရှိပါ။ ကျန်နေ့သားသမီးဆိုလျှင် နေထိုင်မကောင်းပါက နာတာရှည်လိမ့်မည်လို့ ဟောပါ။

*(မေးသောမေးခွန်း၏ စကားလုံးကို ရေတွက်ပြီး (၇)နှင့်စားကာ အကြွင်းကို အခြေပြု၍ ဟောပြောနိုင်သလို ဗေဒင်လာမေးသူ ဗေဒင်မေးသည့်အချိန်တွင် အခါတိုင်ကို မှုတည်ပြီးလည်း ဟောပြောနိုင်ပါသည်။ နည်းနှစ်မျိုးစလုံး သုံး၍လည်း ဟောနိုင်ပါသည်။ ဟောကိန်းများမှာ အတူတူပင် ဖြစ်ပါသည်။)*

အထက်ပါ အချိန်ဇယားကိုကြည့်၍ ဗေဒင်မေးသည့်နေ့ အချိန်နာရီတို့ကို ဇယားတွင်ကြည့်ပြီး အကြွင်းကို သိနိုင်ပါသည်။ ဆိုင်ရာအကြွင်း၏ ဟောကိန်းကို အသုံးပြုဟောပြောနိုင်ပါသည်။

ဥပမာ ။ ။ ဗေဒင်မေးသူသည် ဗုဒ္ဓဟူးနေ့ မနက် ၁၀ နာရီတွင် လာမေးသည် ဆိုပါစို့။ ဇယားတွင် ဗုဒ္ဓဟူးနေ့ကို ရှာကြည့်ပါ။ မနက် ၉ နာရီမှ ၁၀း၃၀ နာရီအကွက်တွင် (၀) ကို တွေ့ပါလိမ့်မည်။ ထို့ကြောင့် (၀)ကြွင်း ဗေဒင်ဟောကိန်းကို ဟောရပါမည်။

**အသင့်တွက်ပြီး အခါတိုင်ဇယားကို ဖော်ပြအပ်ပါသည်။**

| အချိန်နာရီ / ဗေဒင်မေးသည့်နေ့ | မနက် ၆း၀၀ မှ ၇း၃၀ | မနက် ၇း၃၀ မှ ၉း၀၀ | မနက် ၉း၀၀ မှ ၁၀း၃၀ | မနက် ၁၀း၃၀ မှ ၁၂း၀၀ | မနက် ၁၂း၀၀ မှ ၁း၃၀ | မနက် ၁း၃၀ မှ ၃း၀၀ | မနက် ၃း၀၀ မှ ၄း၃၀ | မနက် ၄း၃၀ မှ ၆း၀၀ |
|---|---|---|---|---|---|---|---|---|
| တနင်္ဂနွေနေ့ | ၁ | ၆ | ၄ | ၂ | ၀ | ၅ | ၃ | ၁ |
| တနင်္လာနေ့ | ၂ | ၀ | ၅ | ၃ | ၁ | ၆ | ၄ | ၂ |
| အင်္ဂါနေ့ | ၃ | ၁ | ၆ | ၄ | ၂ | ၀ | ၅ | ၃ |
| ဗုဒ္ဓဟူးနေ့ | ၄ | ၂ | ၀ | ၅ | ၃ | ၁ | ၆ | ၄ |
| ကြာသပတေးနေ့ | ၅ | ၃ | ၁ | ၆ | ၄ | ၂ | ၀ | ၅ |
| သောကြာနေ့ | ၆ | ၄ | ၂ | ၀ | ၅ | ၃ | ၁ | ၆ |
| စနေနေ့ | ၀ | ၅ | ၃ | ၁ | ၆ | ၄ | ၂ | ၀ |

ညွန့်လွင်(စက်မှုတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

# ပစ္စည်းလေးပါး နှင့် ပရိက္ခရာရှစ်ပါး

## လှူဒါန်းခြင်းအကျိုးတရားများ

စာရေးသူ စာပေလောက(၅)တိုက်သို့ ဘုန်းရောင်ဂျာနယ်သွားရောက် မေတ္တာလက်ဆောင်ပေးစဉ် ဒေါ်နှင်းမြတ်သွယ်မှ ဓမ္မဒါန စာအုပ်တစ်အုပ် လက်ဆောင်ပေးလိုက်ပါသည်။ စာပေလောက(၅) မိသားစု၏ ဓမ္မဒါန၊ အရှင်ကုဝေသာရ (သာသနတက္ကသိုလဓမ္မစရိယ) B.A (Buddhism) ပြုစုသော စာအုပ်ကလေးဖြစ်ပါသည်။ စာအုပ်အမည်မှာ ကံထပ်၊ ရဟန်းခံ၊ ရှင်ပြုအလှူတော်မင်္ဂလာ၏ ဝေါဟာရရှင်းတမ်းနှင့် ပစ္စည်းလေးပါးလှူဒါန်းခြင်း၊ ပရိက္ခရာရှစ်ပါး လှူဒါန်းခြင်းတို့၏ အကျိုးတရားများ ဖြစ်ပါသည်။

ယခင်လက ကံထပ်၊ ရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာအကြောင်း ရေးသားဖော်ပြခဲ့ပါသည်။ ကျန်ရှိနေသောအပိုင်းကို ယခု ဆက်လက်ရေးသားဖော်ပြပေးပါမည်။ ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သောအချက်ဟု ယူဆ၍ ပြန်လည်ကောက်နုတ် တင်ပြပေးခြင်း ဖြစ်ပါသည်။

မြန်မာတိုင်းရင်းသား ဗုဒ္ဓဘာသာတို့သည် ရဟန်းသံဃာများကို အထူးကြည်ညိုလေးစားကြသည်။ အလှူဒါနပြုရာတွင် ဘုရား၊ ရဟန္တာ၊ ရဟန်းသံဃာကို ပေးကမ်းလှူဒါန်းခြင်း၊ ကုသိုလ်ပြုခြင်းသည် ပို၍မွန်မြတ်သည်ဟု ခံယူထားကြပါသည်။

ဆရာတော်မှ ရဟန်း၏ အဓိကလုပ်ငန်းနှစ်ရပ်ကို ဖော်ပြပေးထားသည်။

ရဟန်းများမှာ (၁) ဂန္ထဓုရ - ဘုရားဟောပိဋကတ်ကျမ်းဂန်တို့ကို သင်အံ၊ ပို့ချ၊ ကြည့်ရှု၊ မှတ်သား၊ ဟောပြော၊ ရေးသား၊ ဖြန့်ဖြူးဆောင်ရွက်ခြင်း၊ (၂) ဝိပဿနာဓုရ - သမထဘာဝနာ၊ ဝိပဿနာဘာဝနာကို အားထုတ်ကြိုးစားပွားများခြင်းဟူ၍ အမြဲမပြတ် လုပ်အပ်သော လုပ်ငန်းနှစ်မျိုးသာရှိသည်။ ထိုနှစ်မျိုးသော လုပ်ငန်းမှ အလွတ်ဖြစ်သောလုပ်ငန်းများကား ရဟန်းများနှင့် မသက်ဆိုင်၊ သာသနာပြင်ပဗာဟိရလုပ်ငန်းများသာ ဖြစ်သည်။

ကမ္ဘာလောကကြီးတစ်ခုလုံး၌ အရောင်အဝါကို ပေးတတ်သော နေ၊ လတို့သည် (၁) မိုးတိမ်၊ (၂) ဆီးနှင်း၊ (၃) မီးခိုးနှင့် မြူ၊ (၄) ရာဟု (နေကြတ်ခြင်း၊ လငပုပ်ဖမ်းခြင်း၊ လကြတ်ခြင်း) ဤအညစ်အကြေး အန္တရာယ်လေးပါးတို့နှင့် တွေ့ကြုံရသောအခါ အရောင်အဝါ မထွန်းလင်းနိုင်ကုန်၊ မတောက်ပနိုင်ကုန်၊ မတင့်တယ်နိုင်ကုန်သကဲ့သို့ ထို့အတူ ရဟန်း၊ ပုဏ္ဏားတို့သည်လည်း (၁) အရက်သောက်ခြင်း၊ (၂) မေထုန်မှီဝဲခြင်း၊ (၃) ရွှေငွေကို သာယာခြင်း၊ (၄) မှားယွင်းစွာ အသက်မွေးခြင်း၊ ဤအညစ်အကြေး အန္တရာယ်လေးပါးတို့နှင့် တွေ့ကြုံသောအခါ သီလအရောင်၊ သမာဓိအရောင်၊ ပညာအရောင်တည်းဟူသော အရောင်အဝါတို့သည် မထွန်းလင်းနိုင်ကုန်၊ မတောက်ပနိုင်ကုန်၊ မတင့်တယ်နိုင်ကုန်။ ထို့ကြောင့် ရဟန်းပုဏ္ဏားတို့သည် ယင်းအညစ်အကြေးလေး

**ဂမ္ဘီရဆရာလှမျိုး(B.Sc)**



www.burmeseclassic.com

www.burmeseclassic.com

တို့နှင့် ကင်းလွတ်အောင် စောင့်ရှောက်နေထိုင်ကြရသည်။

ရဟန်းဒါယကာ၊ ဒါယိကာမများသည် မိမိတို့၏ ရဟန်းတော်ကို အကြောင်းပြု၍ ကောင်းမှုအမျိုးမျိုးကို ပြုလုပ်ကြရ၏။ ကောင်းမှုအမျိုးမျိုးကို ပြုလုပ်ခဲ့သည့်စေတနာကြောင့် အကျိုးပေးပြန်တော့လည်း တူးထူးခြားခြား အကျိုးများကို ပေး၏။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဆိုတဲ့ ပစ္စည်းလေးပါး အလှူတော်၊ ပရိက္ခရာရှစ်ပါး အလှူတော်တို့သည် သာသနာတော်ခေတ်၏ အထက်တန်းအကျဆုံးသော ကောင်းမှုတော် အလှူတော်များ ဖြစ်ကြ၏။ ပစ္စည်းလေးပါးနှင့် ပရိက္ခရာရှစ်ပါး တို့၏ ကောင်းကျိုးကို့ကို တစ်ခုချင်း ထုတ်ပြရသော် -

## ပစ္စည်းလေးပါးအလှူအကျိုးများ

### (၁) ဆွမ်းအလှူအကျိုး ၁၀ မျိုး

၁။ အသက်ရှည်ခြင်း ၂။ အဆင်းလှခြင်း ၃။ ခွန်အားဗလကြီးမားခြင်း ၄။ ပစ္စည်းဥစ္စာ ချမ်းသာခြင်း ၅။ ဉာဏ်ပညာကြီးမားခြင်း ၆။ ဖြူစင်သန့်ရှင်းခြင်း ၇။ ထမင်းအဖျော်များ ပွဇော်လာရခြင်း ၈။ လုံ့လဝီရိယရှိခြင်း ၉။ အခြွေအရံပေါ်များခြင်း ၁၀။ ဣန္ဒြေများ ပြည့်စုံတင့်တယ်ခြင်း

ဒီဃာယုက၊ သုဝဏ္ဏနှင့်၊ ဗလကြီးမား ချမ်းသာများလျက်၊ လျှင်လျားပညာ၊ ဖြူစွာသန့်ရှင်း၊ ထမင်းအဖျော်၊ ပွဇော်များလှ၊ လုံ့လရံခြွေ၊ ဣန္ဒြေပြည့်ဖြိုး ဤဆယ်ပါးသည် မှတ်သားဆွမ်းလှူအကျိုးတည်း။

### (၂) သင်္ကန်းအလှူအကျိုး ရှစ်မျိုး

၁။ ရွှေအဆင်းကဲ့သို့ လှပခြင်း ၂။ အညစ်အကြေးကင်းစင်ခြင်း ၃။ ပြိုးပြိုးပြက်ပြက် အရောင်အဝါထွက်ခြင်း ၄။ တန်ခိုးအာနုဘော်ကြီးခြင်း ၅။ ကိုယ်လက်အင်္ဂါ ချောမောလှပခြင်း ၆။ အဆင်းအရောင် အလှပဆုံးသော အဝတ်အထည်တို့ကိုသာ ဆင်မြန်းရခြင်း ၇။ အကောင်းဆုံး ပိုးဖဲကတ္တီပါ အဝတ်အထည်တို့ကိုသာ ဆင်မြန်းရခြင်း ၈။ တိုင်းကြီးပြည်ကြီးတို့မှ ဖြစ်သော မွန်မြတ်နူးညံ့သည့် အဝတ်အထည်တို့ကိုသာ ရနိုင်၍ ဆင်ယင်သုံးဆောင်ရခြင်း။

### (၃) ကျောင်းအလှူအကျိုး ခုနစ်မျိုး

၁။ လူ့ဘဝ၊ နတ်ဘဝတို့၌ အမြဲမြင့်များခြင်း ၂။ လိုအပ်လို့ စိတ်ထဲက တောင့်တလိုက်လျှင် နေထိုင်စရာ အဆောက်အဦ တိုက်တာအိမ်များ အလွယ်တကူ ဖြစ်လာခြင်း ၃။ ထိတ်လန့်စရာ အာရုံတို့နှင့် ကြုံသော်လည်း မထိတ်လန့် မတုန်လှုပ် စိတ်ဓာတ်ခိုင်မာတည်ကြည်ခြင်း ၄။ သားရဲ တိရစ္ဆာန်တို့၏ဘေး၊ အဆိပ်ဘေး၊ မိစ္ဆာနာနာဘာဝဘေး အပေါင်းတို့မှ လွတ်မြောက်ရခြင်း၊ ၅။ မကောင်းသော အိပ်မက်တို့ မမြင်မက်ခြင်း ၆။ သတိခိုင်မြဲ၍ စိတ်ဖောက်ပြန်ရူးသွပ်ခြင်းဘဝသို့ မည်သည့်ဘဝမှ မရောက်နိုင်ခြင်း၊ ၇။ နောက်ဆုံးဘဝ အရဟတ္တဖိုလ်ရ၍ ရဟန္တာဖြစ်ရခြင်း။

ဝိဟာရကျောင်း၊ တန်ဆောင်းအလှူ၊ ဆောက်လုပ်သူတို့၊ ကြီးထူးကဲရန်၊ ကျိုးရဟန်းကို၊ ကျမ်းဂန်ထောက်ချင့်၊ နိဒါန်းဖွင့်သော်၊ နတ်နှင့်လူ့ဝယ်၊ သန္ဒေတွယ်၍ စိတ်ဝယ် တောင့်တ၊ ဆောက်ဦးရ၏ . . . စသည်ဖြင့် အကျိုးတရား ခုနစ်ပါးကို လင်္ကာဖွဲ့ရေးသားထားပါသည်။

### (၄) ဆေးအလှူအကျိုး ၁၀ မျိုး

၁။ ရုပ်ရည်အဆင်းလှပခြင်း။ ၂။ အသက်ရှည်ခြင်း။ ၃။ ချမ်းသာမှုရရှိခြင်း ၄။ ခွန်အားဗလကြီးမားသန်စွမ်းရခြင်း ၅။ ဉာဏ်ပညာကြွယ်ဝရခြင်း ၆။ လုံ့လဝီရိယကြီးမားရခြင်း ၇။ သူတစ်ပါးတို့ ရိုသေလေးစားမှု ခံရခြင်း ၈။ ချစ်သူနှင့် မကွဲမကွာခြင်း ၉။ ဘေးရန်ကင်းရှင်းရခြင်း ၁၀။ အခြွေအရံ ပေါ်များရခြင်း။

### (၅) ပရိက္ခရာရှစ်ပါး လှူရခြင်း

၁။ ခါးဝတ်သင်းပိုင်သင်္ကန်း၊ ၂။ အပေါ်ရုံ ကေသီ သင်္ကန်းနှင့် ၃။ ဒုကုဋ်နှစ်ထပ်ချုပ်သင်္ကန်းကြီး အကျိုးတရား တို့ကို ပစ္စည်းလေးပါးအလှူအကျိုးတို့၌ ပြခဲ့ပြီ။

### (၆) သပိတ်အလှူအကျိုး ၁၀ မျိုး

၁။ ရွှေခွက်တို့ကိုရခြင်း၊ ၂။ ငွေခွက်တို့ကိုရခြင်း ၃။ ပတ္တမြားခွက်တို့ကိုရခြင်း ၄။ ဘေးဘယာကင်းရှင်းရခြင်း ၅။ သူများရိုသေမှုခံရခြင်း၊ ၆။ လာဘ်လာဘပေါများခြင်း။



www.burmeseclassic.com

www.burmeseclassic.com

၇။ စည်းစိမ်ဘောဂ မပျက်စီးခြင်း။ ၈။ စိတ်လက်တည်ကြည် ချမ်းသာရခြင်း။ ၉။ တရားကို လိုလားနှစ်သက်ခြင်း။ ၁၀။ ကိလေသာတို့ကို ခေါင်းပါးဖယ်ရှားနိုင်ခြင်း။

**(၇) ပဲခွပ် (သို့မဟုတ်) သင်တုန်းဓားအလှူအကျိုး ရှစ်မျိုး**

၁။ ရဲရင့်သော သတ္တိရှိခြင်း။ ၂။ တွန့်တိုကြောက်လန့်မှု မရှိခြင်း။ ၃။ အလွန့်အလွန် ရဲရင့်သော သူရသတ္တိရှိခြင်း။ ၄။ တည်ကြည်သော သမာဓိရှိခြင်း။ ၅။ မပျက်သော လုံ့လဝီရိယရှိခြင်း။ ၆။ ချီးမြှောက်တက်ကြွသော စိတ်ရှိခြင်း။ ၇။ ကျယ်ပြန့်သော ဉာဏ်ပညာရှိခြင်း။ ၈။ နက်နဲစူးရှသော ဉာဏ်ပညာရှိခြင်း။

**(၈) အပ်အလှူအကျိုး ငါးမျိုး**

၁။ ထက်မြက်သော ဉာဏ်ပညာရှိခြင်း။ ၂။ ရုပ်ဆင်းအင်္ဂါ လှပတင့်တယ်ခြင်း။ ၃။ ဥစ္စာပစ္စည်းပေါ်များကြွယ်ဝချမ်းသာခြင်း။ ၄။ ယုံမှားသံသယမရှိခြင်း။ ၅။ ယုံမှားခြင်းကို ဖြတ်တောက်နိုင်ခြင်း။

**(၉) ခါးပန်းကြိုးအလှူအကျိုး ခြောက်မျိုး**

၁။ မတုန်မလှုပ်သော သမာဓိရှိခြင်း။ ၂။ ဈာန်သမာပတ်တို့၌ အလေ့အလာများခြင်း။ ၃။ အခြွေအရံ စုံစေ့ပေါ်များခြင်း။ ၄။ ခိုင်မာတည်မြဲသော စကားရှိခြင်း။ ၅။ ပေါ်လွင်ထင်ရှားသော သတိရှိခြင်း။ ၆။ မမေ့ပျောက်သော သတိရှိခြင်း။

**(၁၀) ရေစစ်-ဓမကာရိုဏ်အလှူအကျိုး ငါးမျိုး**

၁။ သူများထက် အသက်ရှည်ခြင်း။ ၂။ ရန်သူများ မဖျက်ဆီးနိုင်ခြင်း။ ၃။ လက်နက်များ မထိမရှနိုင်ခြင်း။ ၄။ အဆိပ်ဘေးမှ ကင်းလွတ်ရခြင်း။ ၅။ အများလက်ချက်ဖြင့် မသေနိုင်ခြင်း။

အထက်ဖော်ပြပါ ပစ္စည်းလေးပါးအလှူနှင့် အကျိုးတရား၊ ပရိက္ခရာရှစ်ပါးအလှူနှင့် အကျိုးတရားတို့သည် ရဟန်းဒါယကာ၊ ဒါယိကာများအဖြစ် ခံယူထားသောသူတို့မှာ လှူသော အလှူနှင့် ရသောအကျိုးတရားတို့ ပြည့်စုံကြ၏။

ဘဝကောင်းများနှင့် ရသောဘဝတို့မှာ ချို့တဲ့မှုမရှိ ပြည့်စုံနေရခြင်း၊ ကျန်းမာရေးကောင်းခြင်း၊ အသက်အပိုင်းအခြားအလိုက် အသက်ပြည့်နေရခြင်း• • •စသည့်အကျိုးတရားတို့သည် လိုအပ်သော ဘဝအချက်အလက်များ ဖြစ်ပါ၏။ နောက်ဆုံး ပါရမီပြည့်သည့်ဘဝ ရောက်သော် အရဟတ္တဖိုလ်ဉာဏ်ကိုရ၍ ရဟန္တာဖြစ်ကာ နိဗ္ဗာန်ဝင်ကြရပေမည်။ ပေါ်ဘိက္ခုရဟန်းမျိုး ဖြစ်ကြရ၏။

သာသနာတော်နှင့် ကြုံခိုက်၊ လူ့ဘဝကိုလည်း ရလာခိုက်၊ မိမိကိုအကြောင်းပြု၍ သာသနာတော်မှာ ရှင်တစ်ပါး ရဟန်းတစ်ပါး ပေါ်ပေါက်လာရပေ၏။ ရဟန်းကို အကြောင်းပြု၍ ထိုသူများကိုလည်း သာသနာတော်မှ ပြန်လည်ပြီး "ရဟန်း၏ ဒါယကာ (ရဟန်းဒါယကာ)၊ ရဟန်း၏မယ်တော် (ရဟန်းအမ)ဟု ဂုဏ်ပြုမှတ်တမ်းတင်ရစ်လေ၏။ ရဟန်းခမည်းတော်၊ ရဟန်းမယ်တော်၊ ရဟန်းဒကာ၊ ရဟန်းအမဟူသော အမည်ကို မည်သည့်ပုဂ္ဂိုလ်ကမှ ပေးလို့မရ၊ လုပ်ယူလို့မရ၊ မိမိတို့ ရဟန်းပြုပေးသော ရဟန်းကပင် ပြန်လည်၍ အပ်နှင်းပါသည်။ သာသနာတော်မှ ရဟန်းဒကာ၊ ရဟန်းအမလို့ ဂုဏ်ထူးဆောင်ဘွဲ့ အပ်နှင်း၏။

ရဟန်းဒကာ၊ ရဟန်းအမများအဖြစ် ခံယူနိုင်ကြပါစေ "ပရိက္ခရာရှစ်ပါးကို အစုံလိုက် တစ်ဘဝမှာ တစ်ခါလောက်တော့ လှူထားသင့်၏"လို့ ရှေးဆရာများ ဆိုမှု၏။

ဘုရားကို ကြည်ညိုသူများ ဘုရားဂုဏ်တော်ကိုးပါးအာရုံပြု ကြည်ညိုဖူးမြော်ကန်တော့၊ ပုံတော်မှာ ဂုဏ်တော်သွင်း ရှိခိုးကြရသည်။ ထို့အတူ တရားဂုဏ်တော်ခြောက်ပါး သံဃာ့ဂုဏ်တော်ကိုးပါးတို့၏ အနက်အဓိပ္ပာယ်ကို လေ့လာ၍ သံဃာတော်ကို ကြည်ညိုပြီး ကုသိုလ်ကောင်းမှုပြုသင့်ပါသည်။ သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံသော ရဟန်းသံဃာများ ချဉ်းကပ်ကိုးကွယ်ပူဇော်၍ ကုသိုလ်ကောင်းမှုများ ပြုနိုင်ကြ စေသတည်း။

ဂမ္ဘီရဆရာလှမျိုး (B.S



www.burmeseclassic.com

www.burmeseclassic.com

# ရင်ဘတ်ပေါ်မှတစ်ဆင့်

စန်းရှိန်သစ်

လောကတွင် မမျှော်လင့်ဘဲဖြစ်တတ်သည်သာများလေရာ ကျွန်တော်တို့ မမျှော်လင့်သည့်အတိုင်းဖြစ်လာမှ "ဒီတစ်ခါ ငါမျှော်လင့်သည့်အတိုင်း ဖြစ်လာလေသည်တကား" ဟု အံ့သြရမည်ကဲ့သို့ ရှိနေသည်။

ဆရာကြီးရွှေဥဒေါင်းက သူ့ဝတ္ထုတစ်ပုဒ်ရဲ့ နိဒါန်းအစမှာ အထက်ပါအတိုင်းဖော်ပြပြီး ဝတ္ထုကိုစဖွင့်ထားတယ်။

ဆရာကြီးရဲ့ဝတ္ထုကို ကျွန်တော်မှတ်မှတ်သားသားဖတ်နေရင်း "လောကတွင် မမျှော်လင့်ဘဲ ဖြစ်တတ်သည်သာများလေရာ ကျွန်တော်တို့ မမျှော်လင့်ဘဲဖြစ်လာလျှင် အံ့သြစရာမဟုတ်တော့ဘဲ" ဆိုတဲ့ နေရာအရောက်မှာ ကျွန်တော်ဆက်မဖတ်နိုင်တော့ဘဲ ရပ်ပစ်လိုက်မိပါတယ်…။

တကယ်တော့ ကျွန်တော့်ဘဝတစ်လျှောက်မှာ ဟို့အရင်နှနယ်ပျို မြစ်စ၊ ရွှေရင်သိမ်သစ်အရွယ်ကတည်းကစလို့ မမျှော်လင့်ဘဲ ဖြစ်လာတာပဲဖြစ်ဖြစ်၊ မျှော်လင့်ပြီးဖြစ်မလာတာဘဲဖြစ်ဖြစ်၊ ကျွန်တော့်အတွက် "အံ့သြစရာအဖြစ်ရယ်ပါ" လို့ ဆိုရလောက်အောင် ကျွန်တော်မခံစားခဲ့ရဖူးပါ။ ဒါကလည်း ကျွန်တော်ရဲ့စာပေအတွေ့အကြုံ၊ ဘဝအတွေ့အကြုံတွေကြောင့်ပဲလို့ ကျွန်တော်ထင်မိတာ။ သူနဲ့တွေ့ကာမှ ကျွန်တော့်မှာ သူ့ရဲ့သင်ကြားမှုတစ်ခုကို သင်ယူလိုက်ရပါတော့တယ်…။

ကျွန်တော်ဆိုတာက 'ဘဝတစ်ခုကို တစ်ယက်ကန်ကန်နဲ့ ရုန်းကန်ရှင်သန်နေရရှာလေသူ တစ်ဦး' လို့ပဲ ဆိုကြလေမလား "ရယူထားတဲ့ဘဝတစ်ခုကို ရဲရဲဝံ့ဝံ့စွန့်စွန့်စားစား တာဝန်ကျေကျေထမ်းဆောင်နေလေသူ တစ်ဦးလို့ပဲ ဆိုလေမလား…။

မြို့လယ်ခေါင်တစ်နေရာက နိုင်ငံတော်အစိုးရ အထက်တန်းကျောင်းတစ်ကျောင်းမှာ အလယ်တန်းပြဆရာတာဝန်ကို ထမ်းဆောင်နေတဲ့ အစိုးရဝန်ထမ်းတစ်ယောက်ပါ။ တာဝန်ချိန်ပြီးဆုံးလို့ ညနေပိုင်းကျောင်းဆင်းအပြီးမှာတော့ မော်တော်ကားလမ်းဘေး လူသွားလမ်းပလက်ဖောင်းပေါ်မှာ စာအုပ်ဟောင်းအမျိုးမျိုးတွေကို ဖြန့်ခင်းပြီးရောင်းတဲ့ ပလက်ဖောင်းဈေးသည်အလုပ်ကိုလည်း လုပ်လိုက်ပါသေးတယ်။ ပြီးတော့ အဲဒီလိုအစိုးရဝန်ထမ်းတစ်ပိုင်း၊ ပလက်ဖောင်းဈေးသည်တစ်ပိုင်းနဲ့ ဘဝ ဘဝတွေအကြားမှာ ထိရှခံစားရမိသမျှတွေကို ကဗျာကလေးတွေအဖြစ်နဲ့ လစဉ်ထုတ်မဂ္ဂဇင်းကြီးတွေမှာ ဖော်ပြနိုင်အောင်လည်း ကြိုးစားလိုက်သေးတယ်။ မဂ္ဂဇင်းအယ်ဒီတာတွေရဲ့ စားပွဲမှာ မှောက်လျက်လည်း လဲခဲ့ရပါရဲ့…။ ပက်လက်လည်း လန်ခဲ့ရပါရဲ့…။

"ကျွန်တော်တို့ မဂ္ဂဇင်းမှာက စာမူ တွေညံ့ရင်လည်းပယ်ရပါတယ်…။ ကောင်းလွန်းပြန်ရင်လည်း ပယ်ရပြန် ပါသတဲ့"

ကျွန်တော်စာမူတစ်ပုဒ်နဲ့ ပတ်သက်ပြီး မဂ္ဂဇင်းအယ်ဒီတာချုပ်တစ်ဦးဖြစ်တဲ့ ဆရာအောင်ပြည့်(ဦး)က အယ်ဒီတာပီပီ တိုတိုနဲ့အရှည်ကြီး ပြောသွားပေးတာပါ။

တစ်ခါ "ကျွန်တော်တို့က စာဖတ်သူတွေပါ" ဆိုပြီး ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ်ထဲက 'ဆည်းဆာ' ဘဝတစ်ပိုင်းစာတစ်ဝိုင်းမှာ အခုလိုကျကျဆိမ့်ဆိမ့်ကလေး ပြောသွားပါသေးတယ်…။

"ကျွန်တော်တို့လည်း ကဗျာတွေကို ချစ်ပါတယ်။ မဂ္ဂဇင်းတစ်အုပ်တွေ့ရင် ကဗျာတွေကို အရင်လိုက်ဖတ်တာပါ။ ကဗျာပါတဲ့

www.burmeseclassic.com

မဂ္ဂဇင်းဆိုရင် မဂ္ဂဇင်းစာရင်းထဲကို သွင်းမထားပါဘူး။ သူတို့ဘာသာ သူတို့ မဂ္ဂဇင်းနေကြတာ”

အယ်ဒီတာတစ်ဦးက အယ်ဒီတာစားပွဲမှာ အယ်ဒီတာစကား ပြောသွားသလို စာ ဖတ်သူတစ်ဦးက လည်း စာဖတ်ဝိုင်းမှာ စာဖတ်သူပီပီ စာဖတ်သူစကား ပြောလောနေတာကို ကျွန်တော်ကလည်း ဆရာကြီး ဒေးကာနက်ဂျီရဲ့ သင်တန်းသားတစ်ဦးလို တစ်ဘက်သားပြောလာတဲ့ စကားကို စိတ်ဝင်တစားနဲ့ စိတ်ရှည်ရှည်လေး နားထောင်ပေးလိုက်ပါတယ်…။

“တစ်ချို့ကဗျာတွေကို ဖတ်ရတာ အားရကျေနပ်ရပေမယ့် တစ်ချို့ကဗျာတွေကို ဖတ်လိုက်တဲ့အခါ မေးခွန်းတွေ စုပြုံပြီးအလုအယက်တိုးခွေ့လာကြတယ်’၊ ‘ဒါတွေက ကဗျာတွေလား’၊ ‘ဘယ်သူတွေဖတ်ဖို့ ရေးကြတာလဲ’၊ ‘ဘာအတွက်ရေးကြတာလဲ’၊ ‘ဘယ်လိုလူတွေက အချိန်ကုန်ခံ ဖတ်နေကြတာလဲ’၊ ‘ကဗျာပါဝါ ဆရာပါဝါပြိုင်နေကြတာလား’၊ ‘ပါဝါပြိုင်ပွဲ ကျင်းပနေတာလား’၊ ‘မဂ္ဂဇင်းတွေထဲက သူတို့ကဗျာတွေကို ဖတ်တဲ့သူ၊ စာရွက်ကျော်သွားတဲ့သူ ဘယ်နှစ်ယောက်ရှိမလဲ’ဆိုတဲ့ မေးခွန်းတွေပေါ့ဗျာ။ ကွန်ပလိန်း (Complain)ထူလှတယ်ဘဲပြောပြော စာဖတ်အားနည်းလှတယ်လို့ဆိုဆို ကျွန်တော်တော့ သူတို့ပြောတဲ့ ကဗျာဆိုတာတွေ ဖတ်ထားရတာ ကြောက်တော် … ။ ဘုရားပွဲတစ်ပွဲမှာ ဝင် … မှုခင်းကျင်းထားတာကို ဝင်သွားမိသလို ဝင်ပေါက်ရှာရခက်နဲ့စိတ်မော လူမော မောနေသလိုဘဲ မတ်တပ်လည်းမေ့သွားနိုင်သည်။ ငုတ်တုတ်လည်းမေ့သွားနိုင်တယ်။ ဆရာကြီးဇော်ဂျီ(ဦး)ပြောသွားတာက “ဖန်ပြာခွက်ကလေးနဲ့ ကျောက်စက်ရေကို သောက်ရတဲ့အခါ မောဟိုက်နေတာလေးတွေ ပြယ်ပျက်သွားသလို ကဗျာတွေဖတ်ရတော့ ဘဝအမောတွေပြယ်ပျောက်သွားတယ်…တဲ့”။ ကျွန်တော်တို့ ဆရာဦးဘဂျမ်းပြောခဲ့တာက “ကဗျာဆိုတာ တစ်ခါတစ်ခါပန်းတဲ…တစ်ခါ တစ်ခါမှာ မြွားတဲ့ ခုတော့ ကျွန်တော်တို့မှာ ကဗျာဝက်ဘာကြီးထဲ ဝင်သွားမိတာ ဝင်ပေါက်ရှာရခက် ထွက်ပေါက်ရှာခက်ဖြစ်နေပါသတဲ့…။”

ကျွန်တော့်မှာ ကျောင်းဆရာတစ်ပိုင်း ပလက်ဖောင်းဈေးသည် တစ်ပိုင်းဆိုပေမယ့်လည်း ခေါင်းမစားခဲ့ရပါဘူး။ အခုကဗျာတစ်ပိုင်း စာတစ်ပိုင်းထဲရောက်ကာမှ ခေါင်းတစ်ပိုင်းတောင် ကျန်နိုင်ပါဦးတော့မလားဘဲ။

ကြည့်ပါဦး သူဆိုတာကလည်း ပထမ သူ-ဘယ်သူ ဘယ်ဝါ ဘယ်နေရာမှာ ဘာဆိုတာ ကျွန်တော်အသိခဲ့ပါဘူး။ ဒါပေမယ့် ကဗျာတစ်ပိုင်း စာတစ်ပိုင်းထဲမှာ သူ့ကို ကျွန်တော် သိနေတာပါ။ သူကလည်း ကျွန်တော့်ကို သိနေတာပါပဲ…။

သူစာပေလုပ်သား မဂ္ဂဇင်းကြီးမှာ အယ်ဒီတာလုပ်နေစဉ်က ကျွန်တော့်ရောင်းရင်း သူငယ်ချင်းနောင်ဝင်းထွန်းနဲ့အတူ ကျွန်တော်တို့စာပေလုပ်သားမဂ္ဂဇင်းတိုက်မှာ ဆုံမိကြတယ်။ နောင်ဝင်းထွန်းက မိတ်ဆက်ပေးတယ်။

‘သူက(လက်ဆွဲလျှက်) မောင်မောင်မြင့်အေးပါ၊ ခင်ဗျားတို့ လသာ(၁)လို့ခေါ်နေတဲ့ စင်ထရယ်ကျောင်းထွက်ပဲ၊ ဒီမှာသူက သံလျင်မောင်မောင်ဦး ခင်ဗျားနဲ့ ကျွန်တော်မှတ်မှတ်ရရသွားကြည့်တဲ့ ‘ကြွေပုဂံပေါ်ကျတဲ့ မျက်ရည်’ရုပ်ရှင်ကားရဲ့ ဝတ္ထုရေးသူ သန်လျင်မောင်မောင်ဦးဆိုတာ သူပဲ’

နောင်ဝင်းထွန်း မိတ်ဆက်စကားပြောနေတာကို ဆုံးအောင်ပဲ ကျွန်တော်တို့ နားထောင်လိုက်ပါတယ်။ ကျွန်တော်တို့က သိနှင့်နေပြီးသားပါ။ ကျွန်တော်စာမူပို့ရင်း စာမူခထုတ်ရင်း မြင်နေသိနေတာပါ။ စာပေလုပ်သားမဂ္ဂဇင်းက ကျွန်တော့်အတွက် မှတ်မှတ်ရရပါ။ ကျွန်တော်လာပေးတဲ့ စာမူနှစ်ပုဒ်ဟာ နှစ်ပုဒ်စလုံးနှစ်လဆက်တိုက်ဖော်ပြသွားတယ်။ စာမူခလည်း တစ်ပုဒ်တစ်ရာရလိုက်တယ်။ ကျွန်တော် တစ်ခြားမဂ္ဂဇင်းတစ်ခုမှာ ရဖူးတာက ဆယ့်ငါးကျပ်ရယ် အခုတစ်ရာကျပ်လည်းရတယ်။ နှစ်လဆက်တိုက်လည်း ဖော်ပြလိုက်ရတယ်ဆိုတော့ …ပေ

www.burmeseclassic.com

လုပ်သားမဂ္ဂဇင်းနဲ့ အယ်ဒီတာတွေကို ကျွန်တော်အလေးအနက်ထားပြီး သိနေတာပါ။ အရင်ကလည်း သံချောင်းဝတ္ထုနဲ့ လူသိများနေတဲ့ သန်လျင်မောင်မောင်ဦးဆိုတာကို ကျွန်တော်သိနေတာပါ။ ဒါပေမယ့် အခုနောင်ဝင်းထွန်းမိတ်ဆက်ကာမှပဲ လူနဲ့နာမည်နဲ့တွဲပြီး သိရတယ်။ နောက်ပိုင်းမှာတော့ နောင်ဝင်းထွန်းရဲ့ ဆာဆာလောင်လောင်ရှိမှုနဲ့ ကျွန်တော်တို့ တစ်ရင်းတစ်နှီး ချစ်ခင်ပေါင်းသင်းလာကြတယ်။

ကျွန်တော်တို့တစ်တွေရဲ့ တစ်ရင်းတစ်နှီး ချစ်ခင်ပေါင်းသင်းမှုတွေကြားမှာ ငွေကြေးမပါဘူး။ ရာထူး၊ အာဏာပါဝင် ဘာညာ ပါဘူး။ ကျေးဇူးတရားမပါဘူး။ မျှော်လင့်မှုမပါဘူး။ မဆန်းပြားဘူး။ ရိုးရိုးသားသား စာပေသမား စစ်စစ်ရယ်လို့ ချစ်ခဲ့ကြ ပေါင်းသင်းဆက်ဆံလာခဲ့ကြတာလေ..။

အဲဒီလို စာပေသမားအစစ်နဲ့ ချစ်ခင်ရင်းနှီးမိခဲ့ကြလို့ပဲ သူရေးလိုက်တဲ့ ဝတ္ထုလေးတစ်ပုဒ်နဲ့ ပတ်သက်ပြီးသူနဲ့ကျွန်တော် မမျှော်လင့်ဘဲ ဖြစ်နိုင်စရာအကြောင်းမဟုတ်ဘဲ ပြဿနာဖြစ်ခဲ့ရတယ်။ ဆိုပါတော့ ရုပ်ရှင်အောင်လံမဂ္ဂဇင်းမှာ ဖော်ပြသွားတဲ့ သူ့ဝတ္ထုတိုလေးတစ်ပုဒ်ကို ကျွန်တော် အရမ်းအားရကျေနပ်မိရာက စတာပေါ့...။

သူ့ဝတ္ထုလေးက ရိုးရိုးလေးပါ။ မဂ္ဂဇင်းတိုက်တစ်ခုကို သူစာမူတစ်ခုသွားပို့တယ်။ တိုက်မှာအယ်ဒီတာနဲ့တွေ့တော့ "ဆရာတို့မဂ္ဂဇင်းမှာ ကြော်ငြာထည့်ရင် ဘယ်လောက်ကျမလဲ" လို့ မေးတယ်။ အယ်ဒီတာက စာမျက်နှာအလိုက် အရောင်အနေအထား ရုပ်ပုံ၊ စုံစုံလင်လင်ပဲ ကျသင့်တဲ့နှုန်းထားတွေကို ရှင်းပြတယ်။ ဒီတော့ သူက သူ့မှာပါလာတဲ့ လွယ်အိတ်ထဲက စာမူကို ထုတ်တယ်။ ကြော်ငြာခနဲ့အတူ အယ်ဒီတာကိုပေးပြီး ထွက်လာခဲ့တယ်။ အယ်ဒီတာက သူ့စာမူကို လှန်ကြည့်ပြီး "ဆရာ့စာမူက ကြော်ငြာမှမဟုတ်ဘဲ၊ ဝတ္ထုကြီးပဲ" လို့ လှမ်းပြောလိုက်တယ်။ သူက "ဟုတ်တယ်လေ၊ အဲဒါကို ကြော်ငြာအဖြစ်နဲ့ပဲ ထည့်ပေးပါ" ဆိုပြီး ခပ်သုပ်သုပ်ထွက်လာခဲ့တယ်လို့ နိဂုံးချုပ်အဆုံးသတ်ထားတယ်။ ဝတ္ထုအမည်က 'ကြော်ငြာ' တဲ့...။

အဲဒီဝတ္ထုကလေးကို ကျွန်တော် အရမ်းအားကျ ကျေနပ်ပစ်လိုက်တာ။ ဖတ်မိတဲ့သူတိုင်းလည်း သဘောကျကြမှာပါ...။ ဘယ်နေရာမှ ထိပ်ဆုံးမှာမရှိခဲ့တဲ့ ကျွန်တော်ဟာ သူ့ကြော်ငြာဝတ္ထုကလေးကို ကြိုက်မိတဲ့ သူတွေထဲမှာ ကျွန်တော်က ထိပ်ဆုံး။

တစ်နေ့ပေါ့..။

အဲဒီနေ့က စနေနေ့ပါ။ ကျွန်တော် ကောင်းကောင်းမှတ်မိနေတယ်။ အချိန်က အကြည့်တန်သူတွေလှတဲ့ အချိန်လို့ဆိုကြတယ်။ ဟုတ်မဟုတ်တော့ ကျွန်တော်အသေအချာ မပြောနိုင်ဘူး။

အဲ..ကျွန်တော်တို့ ပလက်ဖောင်းဈေးသည်တွေလှတဲ့ အချိန်လို့တော့ ကျွန်တော်အသေအချာပြောလိုက်မယ်။ ဒီအချိန်မှာ ဈေးရောင်းရတာ၊ ဘေးမသီရန်မခဘူး၊ လူသွားလူလာများတယ်။ ခရီးသည်တွေ ရထားဘူတာက ဆင်းသက်လာတယ်။ ရထားဘူတာဆီသွားကြတယ်။ ရုပ်ရှင်ကြည့်ပြီး ပြန်လာတယ်။ ရုပ်ရှင်ကြည့်ဖို့ သွားကြတယ်။ သွားရင်းလာရင်း သူတို့အသုံးလိုတာလေးတွေ ဝယ်လာကြတယ်။ အရောင်းအဝယ်ဖြစ်ကြတာပေါ့။

ကျွန်တော့်စာအုပ်ဟောင်းဆိုင်မှာတော့ "ဟိုလျှောက်လှန် ဒီလျှောက်ကြည့်" (စာအုပ်တစ်အုပ်ပြီး လှန်ကြည့်နေသူများ)တွေနဲ့ ကျွန်တော် အလုပ်ရှုပ်နေတာ "စာအုပ်တစ်အုပ်တွေ့လို့ဝယ်ပြီဆိုရင် နောက်ထပ်တစ်အုပ်ဝယ်မိသွားအောင် သူဝယ်မယ့်စာအုပ်နဲ့ နွှယ်နေတဲ့ စာအုပ်အကြောင်း ပြောရတယ် ညွှန်းရတယ်ဗျာ" ဆိုပြီး "အသိုင်းအဝိုင်းစာပေထုတ်ဝေခွင့်ပိုင်ရှင်လည်းဖြစ်" "ပလက်ဖောင်း စာအုပ်အဟောင်းများသည်ကြီးလည်းဖြစ်" ဟဲ့ ကိုမြသန်းသင်ကြားထားတဲ့ အတိုင်း သတိတရလိုက်နာနေပါသေးတယ်။

အဲဒီအချိန်မှာပဲ သူလျှောက်လာတာကို မြင်လိုက်မိလို့ ကျွန်တော် သူ့ဆီအာရုံရောက်သွားပါတယ်။ ကျွန်တော်ရောင်းနေတဲ့ နေရာနားကိုလည်း သူရောက်လာရော..။

www.burmeseclassic.com

"ဟော့ ကိုမောင်ဦး ခင်ဗျားရဲ့ ကြော်ငြာဝတ္ထုလေးကိုတော့ ကြိုက်သွားပြီ" ကျွန်တော်က အားရဝမ်းသာလှမ်းပြောလိုက်ပါတယ်။ ကျွန်တော့်အသံကြားလို့ တစ်ချက်လှည့်ကြည့်ပြီး သူမဟုတ်သလို ကျွန်တော်မဟုတ်သလိုနဲ့ ခပ်တည်တည်နဲ့ပဲ ဆက်လျှောက်သွားပါတယ်။ ပိုပြီး မြန်မြန်လေးတောင်လျှောက်လိုက်သေးတယ်။ သူ့ဆီက တုန့်ပြန်လာမှာလေးကို ငံ့လင့်နေတဲ့ ကျွန်တော့်မှာ သူ့ပုံရိပ်ကိုမြင်ယောင်ကျန်ရစ်ခဲ့တာပဲ ပြောတတ်တော့တယ်။ နာကျင်တာလား၊ ကြေကွဲတာလား၊ ဒေါသဖြစ်တာလား၊ ဝမ်းနည်းတာလား၊ မကျေနပ်တာလား၊ ဘာတွေဖြစ်ကုန်ပြီလဲ။ ကျွန်တော်မသိတတ်တော့ပါ။ ဘယ်ကဘယ်လို လွင့်ပျံ့နေမှန်းမသိရတဲ့ "လန့်ထွက်နေတာပဲ"ဆိုတဲ့ အသံတွေသာ ကျွန်တော့်ရင်ဘတ်ပေါ် ပြုတ်ကျလာပြီး အဆက်မပြတ် တလစပ် ခုန်ပေါက်နေပါတော့တယ်။

ကျွန်တော် ဈေးဆက်မရောင်းချင်တော့ပါ။ ကျွန်တော့်အိမ်စရိတ်အတွက် မဖြစ်မနေဆက်ပြီး ဈေးရောင်းရဦးမှာဖြစ်ပေမယ့် ကျွန်တော့်မှာ ဈေးဆက်ရောင်းနိုင်စွမ်း မရှိတော့ပါ။ အိမ်စရိတ်အတွက် စာအုပ်တစ်ချို့ကို ရွေးခပ်လှမ်းလှမ်းမှာ ရောင်းနေတဲ့ ကိုမြသန်းကြီးကိုပဲ တောင်းတောင်းပန်ပန်သွင်းရောင်းရောင်းခဲ့ပါတော့တယ်။

× × ×

မနေ့က ကျွန်တော်မျှော်လင့်ချက်တစ်ခုကို ရိုက်ခွဲသွားတာလို့ပဲ ပြောတော့မယ်။ ကိုမောင်မောင်ဦး ရိုက်ခွဲသွားတဲ့ဒဏ်ရာ ဒဏ်ချက်ကြောင့် ဒီနေ့ ကျွန်တော် အတော်ပင်ပန်းနေပါတယ်။ ခါတိုင်း တစ်နေကုန် ကျောင်းမှာ စာသင်တယ်။ ညနေပလက်ဖောင်းမှာ စာအုပ်ရောင်းတယ်။ ပြေးရ လွှားရ ရှောင်ရ တိမ်းရတယ်။ စာအုပ်ဝယ်သူကို ထပ်ဝယ်ချင်အောင် စကားပြောရတယ်။ ရောင်းကောင်းတဲ့အခါလည်းရှိ ရောင်း မကောင်းတဲ့အခါလည်းရှိရဲ့ ပင်ပန်းနွမ်းနယ်တယ်လို့ မရှိခဲ့··။

ဒီနေ့မှာတော့ စိတ်ရောကိုယ်ပါ ပင်ပန်းနွမ်းနယ်နေပါတော့တယ်။ ကျွန်တော်ဖြန့်ခင်းထားတဲ့ စာအုပ်တွေလည်း ကိုင်ဖော် တွယ်ဖော် မရှိ၊ လှန်ပေါ် ဖတ်ဖော်မရှိ အဖော်မဲ့နေကြပါတယ်။ "ဟိုလျှောက်လှန် ဒီလျှောက်ကြည့်"တွေကတောင် ရှောင်ဖယ် ရှောင်ဖယ်လုပ်နေကြပြီထင်ပါရဲ့။ ကျွန်တော့်မျက်စိထဲမှာတော့ မနေ့က ပုံရိပ်တွေ တရိပ်ရိပ်။ ကျွန်တော်အသေအချာ ကြည့်လိုက်တော့ ပုံရိပ်မဟုတ်တော့ ကိုမောင်မောင်ဦး။ တကယ့်ကို ကိုမောင်မောင်ဦး၊ ကိုမောင်မောင်ဦးမှ ကိုမောင်မောင်ဦး မျက်နှာကငို၍ (ရီ) ၍ မရတဲ့မျက်နှာမျိုး။

"ခင်ဗျား တော်တော်ဆိုးတဲ့သူ ခင်ဗျားပြောလိုက်တဲ့ အဲဒီကြော်ငြာဝတ္ထုပါလာတာကို ကျွန်တော့်မိန်းမ မသိဘူးဗျာ့။ ကျွန်တော်ကလည်း မပြောဘူး။ စာမူခကို ကျွန်တော်သုံးပစ်လိုက်တယ်။ အဲဒါခင်ဗျားက သူ့ရှေ့မှာ ဖော်ကောင်လုပ်လိုက်တော့ အိမ်ကျ ကျွန်တော့်ကို မိန်းမက ပြဿနာရှာတော့တာပေါ့ဗျာ" ···တဲ့ ပြောပြောဆိုဆိုပဲ လျှောက်သွားပါတော့တယ်···။

မနေ့တုန်းကတော့ သူမဟုတ်သလို ကိုယ်မဟုတ်သလိုနဲ့ "အသံတိတ်နှိပ်စက်သွားတာကို နှိပ်စက်သွားမှန်းမသိတဲ့ ကိုမောင်မောင်ဦး ကနေ့တော့ ငို၍ရီ၍ မရတဲ့မျက်နှာနဲ့ အသံထွက်နှိပ်စက်သွားခဲ့ပြန်ပြီ"ဆိုတာရော သိကောသိနိုင်ကောင်းပါဦးတော့မလား··။

ကျွန်တော့်ရင်ဘတ်ပေါ် ပြုတ်ကျလာပြီး အဆက်မပြတ်တရစပ် ခုန်ပေါက်နေတဲ့ အသံတွေလန့်ထွက်နေတာပဲဆိုတဲ့ အသံတွေ ကနေ့မှာတော့ ကျွန်တော့်ရင်ဘတ်ပေါ်မှာ ကျွံကျကုန်ကြပြီ အစုလိုက် အပြုံလိုက် ကျွံကျကုန်ကြပြီ၊ အသည်းနှလုံးကို ဒုတ်ဒုတ်ထိအောင် ကျွံကျကုန်ကြပြီ ···။

ဩော်··ကိုမောင်မောင်ဦး··ကိုမောင်မောင်ဦး··သန်လျင်က ကိုမောင်မောင်ဦး"ကြော်ငြာ"ဝတ္ထုကို ရေးလိုက်တဲ့ သန်လျင်က ကိုမောင်မောင်ဦးရယ်···။

စမ်းမြုံ့သင်



www.burmeseclassic.com

www.burmeseclassic.com

# ထူးထူးခြားခြား ပုံပြင်များ

## ဆန်းကြယ်သော မြွေပြိတ္တာ

မြတ်စွာဘုရားသခင် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေစဉ်က ဖြစ်၏။

ရှင်မဟာမောဂ္ဂလာန်နှင့် ရှင်လက္ခဏာမထေရ်သည် ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံကြွရန် ဂိဇ္ဈကုဋ်တောင်မှ ဆင်းလာသောအခါ အရှင်မဟာမောဂ္ဂလာန်မှာ ခေတ္တခဏ ရပ်လိုက်ပြီး ပြုံးတော်မူလိုက်၏။ အရှင်လက္ခဏာမထေရ်က -

"အရှင် . . မည်သည့်ကိစ္စကိုအကြောင်းပြု၍ ပြုံးတော်မူပါသနည်း"

ဟု ဆိုလျှင် ရှင်မောဂ္ဂလာန်က . .

"ငါ့ရှင် . . ဤပြဿနာအား ဘုရားရှင်ထံ၌ ငါ့အား မေးလော့"

ဟု ဆိုကာ ဆွမ်းခံကြွပြီး ဘုရားရှင်ထံရောက်သောအခါ ရှင်လက္ခဏာက မေးသဖြင့် ရှင်မဟာမောဂ္ဂလာန်က . . .

"ငါ့ရှင် လက္ခဏ၊ ငါသည် မြွေပြိတ္တာတစ်ကောင်ကို မြင်၍ ပြုံးရယ်ခြင်း ဖြစ်ပါ၏။ ထိုမြွေမှာ အခြားမြွေများကဲ့သို့ မဟုတ်ဘဲ မြွေပြိတ္တာတစ်ကောင်ဖြစ်၍ ငါပြုံးရယ်ခြင်း ဖြစ်၏။ ၎င်းမြွေပြိတ္တာ၏ဦးခေါင်းသည် လူဦးခေါင်းနှင့်တူပြီး ကျန်ကိုယ်ကား မြွေနှင့်တူလေ၏။ နှစ်ဆယ့်ငါးယူဇနာလည်း ရှည်၏။ ထိုပြိတ္တာဦးခေါင်းမှထသော မီးလျှံတို့သည် အမြီးဖျားတိုင်အောင် တောက်လောင်သွားပြီး တစ်ဖန် အမြီးဖျားမှထသော မီးလျှံတို့သည် ဦးခေါင်းတိုင်အောင် တောက်လောင်၍ သွားကုန်၏"

ဟု ဆိုသောအခါ ရှင်လက္ခဏာက အံ့ဩထိတ်လန့်သွားမိ၏။

မြွေပြိတ္တာ၏ အတိတ်ဖြစ်ရပ်က လွန်စွာဆိုးဝါးပေ၏။

ရှေးအခါက လယ်သမားတစ်ဦးဖြစ်သော ဒေါနမှ ၎င်းလယ်အား အထွက်တိုးကောင်းစေရန် လယ်ယာမြေကို အား သွန်ခွန်စိုက် စိုက်ပျိုးလေ၏။ ၎င်းစိုက်ပျိုးသော စပါးပင်များမှာ အသီးမသီးမီ အလွန်သန်မာသောကြောင့် ပီတိ ဖြစ်နေလေ၏။

တစ်နေ့ဝယ် စပါးပင်များကျိုးကြေပျက်စီးသည်ကိုတွေ့သောအခါ ဒေါနမှာ လွန်စွာ ဒေါသထွက်သွားပြီး -

"တောက် . . ငါ့စပါးပင်တွေ ကျိုးကြေအောင်လုပ်တဲ့သူတွေမိရင်တော့ အသေပဲ"



www.burmeseclassic.com

www.burmeseclassic.com

ဟု ဆိုကာ ချောင်းမြောင်းနေခိုက် လူအုပ်ကြီးကို တွေ့လိုက်ရပေ၏။ ထိုလူအုပ်ကြီးက စပါးပင်များကို ဖြတ်ကျော်နင်းလျှောက်၍သာ ယခုကဲ့သို့ ကျိုးကြေရခြင်း ဖြစ်၏။ ဒေါ်နက -

"အဆွေတို့ . . သင်တို့အားလုံးဟာ လမ်းပေါင်းများစွာရှိပါလျက် ကျွန်ုပ်လယ်ကွင်းထဲမှ ဘာကြောင့် ဖြတ်သန်းရပါသနည်း။ သင်တို့ကြောင့် ကျုပ်စပါးပင်များကျိုးကြေရပြီ"

ဟု ဆိုသောအခါ လူအုပ်ကြီးထဲမှ -

"စိတ်မရှိပါနဲ့ . . သင့်စပါးများ နင်းချေပျက်စီးသွားရ၍ တန်ရာတန်ဖိုး ပေးလျော်ပါမည်။ သင့်လယ်နှင့် မနီးမဝေးရှိ တောအုပ်ထဲ၌ မထေရ်တစ်ပါး သီတင်းသုံးနေ၍ ပူဇော်ရန် သွားရခြင်း ဖြစ်ပါ၏။ ဒီလမ်းမှသွားမှသာ ခရီးပေါက်နိုင်၍ သွားရခြင်း ဖြစ်ပါ၏"

ဟု ဆိုသောအခါ ဒေါ်နမှာ လူအုပ်ကြီး ဖြတ်ကျော်သွားသည်ကို ဘာမှမပြောဘဲ နေခဲ့ရလေ၏။ နောက်တစ်နေ့ နံနက်ဝယ် ထုံးစံအတိုင်း စပါးပင်များ ကျိုးကြေပျက်စီးကုန်တာ မြင်ရပြန်၏။ ထိုအခါ ဒေါ်နက -

"ငါ၏ လယ်သည် ဤအတိုင်းဆိုလျှင် ဆုံးရှုံးပျက်စီးရ၍ ဘာမှ အလုပ်ဖြစ်မည် မဟုတ်"

ဟု ဆိုကာ သူ၏ လယ်မှ မဖြတ်ရန် လူအများအား တားသော်လည်း မထေရ်ကို ကြည်ညို စိတ်ဖြင့် လူအများမှာ ဖြတ်မြဲ ဖြတ်နေလေ၏။

လယ်သမား ဒေါ်နမှာ လွန်စွာမှ ကျော်ကြားပြီး ဂုဏ်သတင်းမွှေးလှသော ရဟန်းမထေရ်ရှိရာ တောအုပ်ထဲရှိ တောကျောင်းလေးရှိရာသို့ တိတ်တဆိတ် ချောင်းမြောင်းကြည့်ရှုသောအခါ လွန်စွာမှ ကြည်ညိုဖွယ်ကောင်းသော မထေရ်ကို တွေ့ရလေ၏။

"အင်း . . လူအများ ကြည်ညိုစွာ ပူဇော်မယ်ဆိုလည်း ပူဇော်ထိုက်သောရဟန်း ဖြစ်ပါ၏"

ဟု ဆိုကာ သဒ္ဓါကြည်နူးစိတ်ရှိနေသော်လည်း မကောင်းသော စိတ်အမှောင်က ၎င်းအား နှိုးဆော်လျက်ရှိပြန်လေ၏။

"ဒီမထေရ်ကြောင့်သာ ငါ့စပါးများ ဆုံးရှုံးရ၏။ ငါပိုင်ဆိုင်သော လယ်မြေသည် နေ့စဉ် ထိုသို့ ကြုံတွေ့ရပါက ငါ၌ ဆုံးရှုံးမှု များစွာဖြစ်ရပေ၏"

ဟု ဆိုကာ အိမ်ပြန်ရောက်သောအခါ နဖူးပေါ် လက်တင်၍ စဉ်းစားလေ၏။ မည်မျှ စဉ်းစားသည်မသိ၊ လယ်သမားဒေါ်နမှာ ညအိပ်၍ပင် မရတော့။

ညသန်းခေါင်ယံအချိန်သို့ ရောက်သောအခါ လယ်သမား ဒေါ်နမှာ ထိုသို့ စဉ်းစားမိလေ၏။

"အင်း . . လူများစွာက ကြည်ညို၍ ငါ၏လယ်ကွက်မှ ဖြတ်သန်းသွားလာခြင်းအား ပျောက်ကွယ်ရန် ထိုမထေရ်၏ ကျောင်းသင်္ခမ်းကိုလည်း ပျောက်ကွယ်မှသာ ဖြစ်ပေမည်"

ဟု ဆိုကာ ဒေါ်နမှာ ရဟန်းမထေရ် တရားကျင့်ကြံသည့်အချိန်ကို မှတ်သားထား၍ မထေရ်မှာ ညအချိန်၌ တောထဲ တောင်ထဲလှည့်လည်၍ တရားကျင့်ကြံသည်ကို သိသောလယ်သမားဒေါ်နမှ . .

"ဟုတ်ပြီ . . မထေရ်မရှိခိုက် သူ့ကျောင်းအား မီးရှို့လိုက်၍ ပြာဖြစ်သွားပါက ကိစ္စပြတ်ပြီ"

ဟု တွေးကာ ညအချိန်၌ မထေရ်မရှိချိန်ဝယ် တောအုပ်ထဲရှိ ၎င်းကျောင်းအား ပြာပုံဖြစ်စေရန် မီးတင်ရှို့လိုက်လေ၏။ ရဟန်းမထေရ်မှာ အမှန်စင်စစ် ပစ္စေကဗုဒ္ဓါပင်ဖြစ်၏။

နောက်တစ်နေ့၌ ဆွမ်းခံကြွရန် ကျောင်းသို့ ပြန်သောအခါ ပစ္စေကဗုဒ္ဓါမထေရ်မှာ ပြာပုံကိုကြည့်ပြီး -

"ငါသည် . . ဤအရပ်၌ နေထိုင်ရန် မသင့်လျော်၊ ထို့ကြောင့် ပြောင်းရွှေ့ရတော့မည်"

ဟု ဆိုကာ ပြာပုံအတိကျန်ခဲ့သော တောအုပ်ထဲရှိ ကျောင်းကို စွန့်ခွာခဲ့လေ၏။

လူအများမှာ . . ထုံးစံအတိုင်း ပစ္စေကဗုဒ္ဓါမထေရ်အား သွားရောက်ဖူးမြော်ရန် သွားခိုက် ပစ္စေကဗုဒ္ဓါမထေရ်အား မတွေ့ဘဲ ပြာပုံအတိနှင့် ကျောင်းကိုတွေ့သောအခါ ဝမ်းနည်းပူဆွေးကြ၏။ ထို့နောက် ကျောင်းကို မီးရှို့သူအား ဒေါသဖြစ်ကြလေ၏။

နောက်ဆုံးတွင် မီးရှို့သူမှာ ဒေါ်နမှန်းသိသောအခါ လူအုပ်ကြီးက . .

"သင်သည် သူတော်ကောင်း၏ ကျင့်ကြံအားထုတ်မှုကို ဖျက်ဆီးသူဖြစ်သလို လူအများ၏ ကြည်ညိုမှုကို နှောင့်ယှက်သူ ဖြစ်၏။ လူအဖြစ်နှင့် မထိုက်တန်၊ အသေရိုက်သတ်မှ တော်ကာကြမည်"

ဟု ဆိုကာ ဝိုင်း၍ ရိုက်သတ်လိုက်ကြလေ၏။ လယ်သမားဒေါ်နမှာ ထိုနေရာ၌ပင် ပွဲချင်းပြီး သေဆုံးပြီး အဝီစိငရဲသို့ကျကာ မြွေပြိတ္တာအဖြစ် ရောက်ရှိခဲ့ရလေတော့သတည်း။

ဆောင်ပုဒ်

တရားသူအား မဖျက်ဆီးနှင့်။

---

စိုးဝင်းထွန်း(တာမွေ)

www.burmeseclassic.com

www.burmeseclassic.com

# သံယောဇဉ်ဖြတ်မှ နိဗ္ဗာန်ရ

မင်းဖေမြင့်(မှုံ့)

သံယောဇဉ်ဆိုတာ ချည်တတ်၊ တုပ်တတ်၊ ဖွဲ့တတ်လို့ သံယောဇဉ်လို့ ခေါ်ပါတယ်။ ပုထုဇဉ်သတ္တဝါတွေကို သံသရာထဲမှ လွတ်ထွက်မသွားနိုင်အောင် သံယောဇဉ်တရားတွေနဲ့ ချည်နှောင်တုပ်ဖွဲ့ထားပါတယ်။

ရုပ်၊ နာမ်သင်္ခါရတွေဟာ ဆင်းရဲခြင်းတရားတွေပဲ။ ဘဝတစ်ခုလုံးကို ခြုံပြီးကြည့်လိုက်မယ်ဆိုရင် ပဋိသန္ဓေနေလိုက်၊ အိုလိုက်၊ နာလိုက်၊ သေလိုက်၊ စိုးရိမ်ပူဆွေးငိုကြွေးလိုက်နဲ့ မပြတ်ဖြစ်ပျက်လည်ပတ်နေတာဟာ သံသရာဝဋ်ဆင်းရဲပဲ ဖြစ်ပါတယ်။ သံသရာဝဋ်ဆင်းရဲထဲမှ လွတ်ထွက်မသွားနိုင်အောင် ချည်နှောင်တုပ်ဖွဲ့ထားတာဟာ သံယောဇဉ်တရားတွေပဲ ဖြစ်တယ်။

သတ္တဝါတွေကို ချည်နှောင်တုပ်ဖွဲ့ထားတဲ့ သံယောဇဉ်တွေကို ဖြတ်နိုင်ပါမှ နိဗ္ဗာန်ကိုရောက်မယ်။ သံယောဇဉ်ကို ဖြတ်ဖို့ရာက ဒီအတိုင်းဖြတ်လို့တော့ မရဘူး။ တရားအားထုတ်ပြီးတော့မှ ဖြတ်လို့ရပါတယ်။ အဲဒီတော့မှ သံသရာဝဋ်ဆင်းရဲမှ လွတ်မယ်။ ဒါမှမဟုတ်ရင် လွတ်နိုင်မှာမဟုတ်ဘူး။ နိဗ္ဗာန်ချမ်းသာကိုလည်း ရနိုင်မှာမဟုတ်ဘူး။ သံယောဇဉ်တွေက ၁၀ မျိုးရှိပါတယ်။ ၎င်းတို့ကတော့ . . .

(၁) မျက်စိနဲ့ ရူပါရုံဆုံခိုက်မှာ မြင်တယ်လို့ မရှုမှတ်မိလို့ သတိလွတ်ကာ အမှန်ကိုမသိတာက "**အဝိဇ္ဇာသံယောဇဉ်**" ဖြစ်တယ်။

(၂) မမြဲတာကို မြဲတယ်၊ ဆင်းရဲတာကို ချမ်းသာတယ်။ ငါကောင်၊ အတ္တကောင်မဟုတ်တာကို ငါကောင်၊ အတ္တကောင် ဟုတ်တယ်။ မတင့်တယ်တာ၊ စက်ဆုပ်ဖွယ်ရာကို တင့်တယ်သာယာဖွယ်လို့ ထင်မှားစွဲလမ်းတာက "**ဒိဋ္ဌိသံယောဇဉ်**" ဖြစ်တယ်။

(၃) ဒိဋ္ဌိက အမှားစွဲလမ်းမိတော့ တဏှာက သာယာနှစ်သက် စွဲလမ်းစုံမက်တယ်။ အဲဒီမှာ အာရုံငါးပါးကို စွဲလမ်းနှစ်သက်တော့ "**ကာမရာဂသံယောဇဉ်**" ဖြစ်တယ်။

(၄) ဘုံဘဝတွေကို သာယာနှစ်သက်တာက "**ဘဝသံယောဇဉ်**" ဖြစ်တယ်။

(၅) ကိုယ်မြင်ချင်တာကို မမြင်ရလို့၊ ကိုယ်မမြင်ချင်တာကို မြင်ရလို့ စိတ်ဆိုး၊ စိတ်ပျက်တာက "**ပဋိဃသံယောဇဉ်**" ဖြစ်တယ်။

(၆) ငါမို့လို့ ဒါမျိုးမြင်ရတာပဲ၊ ငါက သိပ်အမြင်ကောင်းတာပဲ စသည်ဖြင့် ထောင်လွှားတာက "**မာနသံယောဇဉ်**" ဖြစ်တယ်။

(၇) ရတနာသုံးပါး၊ ကံ-ကံ၏အကျိုးကို ယုံမှားသံသယဖြစ်တာက "**ဝိစိကိစ္ဆာသံယောဇဉ်**" ဖြစ်တယ်။

(၈) သစ္စာလည်းမမြင်၊ မဂ္ဂင်လည်းမပါဘဲ ထင်ရာအကျင့်တစ်ခုခုကို ကျင့်ရုံမျှနဲ့ ချမ်းသာမြဲရယ်လို့ စွဲမှတ်မှားနေတာက "**သီလဗ္ဗတပရာ မာသသံယောဇဉ်**" ဖြစ်တယ်။

(၉) ကိုယ့်ထက်သာသည်ကို မနာလိုတာက "**ဣဿာသံယောဇဉ်**" ဖြစ်တယ်။

(၁၀) ကိုယ့်လို သူများကောင်းစား၊ ချမ်းသာမည်ကို ဝန်တိုတာက "**မစ္ဆရိယသံယောဇဉ်**" ဖြစ်တယ်။

အထက်ပါသံယောဇဉ်များပြတ်အောင် ဦးစွာပထမ လုပ်ရမှာကတော့ သံယောဇဉ်ဖြစ်ရာဌာနကို သိထားရမယ်။ ပြီးတော့ သံယောဇဉ်ဖြစ်လာတဲ့အကြောင်းကိုလည်း သိထားရမယ်။ ပြီးတဲ့နောက်မှာ သံယောဇဉ်ပယ်ကြောင်းကိုလည်း သိရမယ်။ ထို့နောက် သံယောဇဉ်ငြိမ်းကြောင်း၊ အပြီးပယ်သတ်နိုင်ကြောင်းကိုလည်း သိရှိထားဖို့ လိုပါတယ်။

သံယောဇဉ်ဖြစ်ရာဌာနကိုမှ မသိထားရင် ဖြတ်ဖို့မလွယ်ကူပါဘူး။ ဥပမာအားဖြင့် အနာပေါက်တယ်ဆိုရင် ဘာအနာလဲ၊ ဘယ်နေရာမှာပေါက်နေသလဲ သိမြင်ထားဖို့လိုတယ်။ မသိမမြင်ဘဲနဲ့ အနာတခြား၊ ဆေးတခြားနဲ့ နေရာကိုလည်း မှန်းရမ်းပြီးတော့ ဆေးထည့်နေမယ်ဆိုရင် အနာမပျောက်ဘဲ ဖြစ်နေပေလိမ့်မယ်။

www.burmeseclassic.com

နောက်ပြီးတော့ ပိုမိုပြီးဆိုး ရွားလာနိုင်စရာအကြောင်းလည်း ဖြစ်ပေါ်လာနိုင်မှာ ဖြစ်တယ်။

သံယောဇဉ်ဖြစ်ရာ ဌာနတွေကတော့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ ဒွါရခြောက်ပါးတို့ပဲ ဖြစ်ပါတယ်။ သံယောဇဉ်ဆိုတာ ဒွါရနှင့် အာရုံ ဆုံတဲ့အခါ ဒွါရခြောက်ပါး အသီးသီးမှာဖြစ်ပေါ်တယ်လို့ သိသာထင်ရှားပါတယ်။

လူတွေဟာ ဘာကြောင့် သံယောဇဉ်တွေ ဖြစ်ရသလဲ ဆိုရင် လမ်းမှန်အတိုင်း စိတ်ထဲမှာမထားလို့ဘဲ သံယောဇဉ် ဖြစ်ရပါတယ်။ တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် နှလုံးသွင်းမှု မှားနေလို့ သံယောဇဉ်ဖြစ်ရတယ်။ တရားအားထုတ်တဲ့အခါမှာ အမှတ်လွတ်၊ သတိလွတ်လို့ သံယောဇဉ်ဖြစ်ရတယ်။ ဒွါရနဲ့ အာရုံ ဆုံမိတိုင်းမှာ ဖြစ်ပေါ် ဖြစ်ပေါ်နေတဲ့ ဖြစ်ပျက်မှုအစုစုတို့ကို ပျောက်ပျက်နေတဲ့ မြင်မှု၊ ကြားမှု၊ နံမှု၊ စားမှု၊ ထိမှု၊ သိမှုလို့ဆိုတဲ့ ရုပ်၊ နာမ်သင်္ခါရတရားတွေကို သတိ အမှတ်မပြုမိလို့ သံယောဇဉ်တွေ ဖြစ်ပေါ်လာရပါတယ်။

ဥပမာ မီးမထွန်းရင် မလင်းဘူး၊ မီးထွန်းမှ လင်းတယ် ဖြစ်သကဲ့သို့ သတိမပြုရင် သိမှုကလည်း မပေါ်ဘူး။ သတိပြုမှ သိမှုက ပေါ်လာတယ်။ မီးမထွန်းလို့ မီးအလင်းရောင်တွေ မပေါ်လာရင် အမှောင်တွေဖုံးလွှမ်းနေသလို သတိမပြုမိလို့ အလင်းရောင်သိမှု မပေါ်ရင် အမှောင်မသိမှုတွေဟာ ဖုံးလွှမ်းနေမြဲ ဖြစ်ပါတယ်။

ဘာမသိမှုတွေလဲဆိုတော့ သစ္စာလေးပါးတရားတွေကို မသိမှုတွေပဲ ဖြစ်တယ်။ သစ္စာတရားလေးပါးဆိုတာကတော့ ဆင်းရဲအမှန်ဖြစ်တဲ့ ဒုက္ခသစ္စာ၊ ဆင်းရဲကြောင်းဖြစ်တဲ့ သမုဒယသစ္စာ၊ ဆင်းရဲချုပ်ငြိမ်းရာ အမှန်ဖြစ်တဲ့ နိရောဓ သစ္စာ၊ ဆင်းရဲချုပ်ငြိမ်းရာသို့ရောက်ကြောင်း လမ်းကောင်း အကျင့်မှန်ဖြစ်တဲ့ မဂ္ဂသစ္စာတွေ ဖြစ်ပါတယ်။ အဲဒီသစ္စာတရားလေးပါးတွင် ဒုက္ခသစ္စာကို ပိုင်းခြားပြီး သိရမယ်။ သမုဒယသစ္စာကို ပယ်ရမယ်။ နိရောဓသစ္စာကို ဆိုက်ရောက်အောင် မျက်မှောက်ပြုရမယ်။ မဂ္ဂသစ္စာကို ကျင့်ပွားရမယ်။ ဒုက္ခသစ္စာကို ရှေးဦးစွာ ပိုင်းခြားပြီးသိမြင်သွားရင်တော့ ကျန်တဲ့သစ္စာသုံးပါးတွေကို အလိုလိုပြီး မြောက်သွားနိုင်ပါတယ်။

အဲဒီတရားတွေဟာ ဒွါရနဲ့ ဆုံမိတိုင်း ဖြစ်ပေါ်ပျောက်ပျက်နေတဲ့ တရားတွေပါပဲ။ ဘာတွေလဲဆိုရင် မြင်မှု၊ ကြားမှု၊ နံမှု၊ ခံစားမှု၊ ထိမှု၊ သိမှုတွေပါပဲ။ ဒီတရားတွေဟာ ဖြစ်ပေါ်ပျောက်ပျက်လျက် အဆက်မပြတ် နှိပ်စက်နေလို့ ဆင်းရဲမှု အမှန်တရားတွေပါပဲ။ အဲဒီ ဆင်းရဲမှုအမှန်တရား ဒုက္ခသစ္စာတရားတွေကို ဖြစ်ပေါ်ခိုက်မှာ "မြင်တယ်၊ ကြားတယ်" စသည်ဖြင့် မရှုမှတ်မိတော့ ဖြစ်ပြီးပျက်လျက် မပြတ်နှိပ်စက်နေတဲ့ တရားပဲ၊ ဆင်းရဲတယ်လို့ မသိတူ။ အဲဒီလိုဖြစ်ခိုက် ဒုက္ခ သစ္စာကို မရှုမှတ်မိလို့ မသိတာဟာ "မောဟ" ဝင်လာတာပါပဲ။ "မောဟ" ဆိုတာ အဝိဇ္ဇာပဲ ဖြစ်တယ်။ ဒါကြောင့် အဝိဇ္ဇာသံယောဇဉ်လို့ ခေါ်တယ်။ အဲဒီ အဝိဇ္ဇာသံယောဇဉ် ဝင်လာရင်တော့ ကျန်တဲ့ သံယောဇဉ်ကိုးပါးလုံးလည်း သင့်သလို လုံးထွေးပြီး ချည်နှောင်လာကြတော့တာပါပဲ။ သံယောဇဉ် ၁၀ ပါး လုံးထွေးဖြစ်လာရင်တော့ ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်း တည်းဟူသော ဆင်းရဲမှုတွေဟာ ဘဝပင်လယ်ဝေပြီး ဘဝပေါင်း မြောက်မြားစွာတွင် ဖန်ခါတလဲလဲနဲ့ သံသရာလည်နေရဦးမှာ ဖြစ်တယ်။

ဒွါရနဲ့ အာရုံ ဆုံတဲ့အခါ ဖြစ်ပေါ်ခိုက်မှာ မရှုမိ၊ မမှတ်မိ သတိမပြုမိမှုပဲ။ အမှတ်သတိလွတ်နေရင်တော့ အသိဉာဏ်ဝိဇ္ဇာ အလင်းရောင် ပျောက်ပြီး၊ မသိမှုအဝိဇ္ဇာ သံယောဇဉ်တွေ ဖြစ်ပေါ်လာမှာ ဖြစ်တယ်။ စက္ခုဒွါရခေါ်တဲ့ မျက်စိနဲ့ ရူပါရုံခေါ်တဲ့ အဆင်းတို့ ဆုံမိတဲ့အခါ ဥပါဒါနက္ခန္ဓာထိုက်တဲ့ ဒုက္ခသစ္စာတရားတွေ ထင်ရှားဖြစ်လာကြပါတယ်။ အဲဒါတွေကို ချက်ချင်းရှုမှတ်ရင် ဝိပဿနာဉာဏ် ဖြစ်တယ်။ ဆင်းရဲကို ဆင်းရဲမှန်းသိတယ်။ သိရင် ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်း ဖြစ်ပေါ်ပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေရရင် ဆိုင်ရာမဂ်ဉာဏ်များက သံယောဇဉ်များကို အပြီးသတ်ပယ်ဖြတ်မယ်။ ပယ်ဖြတ်ရင် သံယောဇဉ်ပြတ်သလို သံသရာဒုက္ခတွေကလည်း ကင်းပြတ်သွားနိုင်ပါတယ်။ ဒါကြောင့် သံသရာလည် ပတ်ခြင်းလမ်းမှ ကင်းလွတ်သွားရင် နိဗ္ဗာန်လမ်းကို ဖြောင့် တန်းစွာဖြင့် တက်လှမ်းရောက်ရှိသွားနိုင်မှာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

**မင်းဇေမြင့်(မုံနို)**

**ရည်ညွှန်းတရားတော်**

"သံယောဇဉ်ပြတ်လျှင် နိဗ္ဗာန်ဝင်"

ညောင်ကန်အေးဆရာတော်၏ မဟာသတိပဋ္ဌာန် ဝိပဿနာတရားတော်။



www.burmeseclassic.com

www.burmeseclassic.com

# သီသာစေကြောင်း
# မင်္ဂလာနိမိတ်ကောင်း

ဒေါက်တာမင်းသိမ်၏နည်းစနစ်အတိုင်းဟောသည်

## ဒေါက်တာစောယုနွယ်



ဘဝကယ်ဆိုတော့ ....

မိမိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို မိမိဘာသာ မိမိအသိဆုံးပါ။ ဒါပေမယ့် ပွဲမစခင် ပြည်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ မွတာပါပဲ။ ပြည်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါတစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါတစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည်ဖုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြသလိုက်ရတာကြောင့် ဒီစာမျက်နှာများမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝအပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့် ....

■ အမှတ်(၂၀၅/က)
ပိတောက်(၅)လမ်း၊
မြို့သစ်(ဂ)၊
ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၄၃၀၃၀

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ မဟာလအတွက် ဟောစာတမ်း

## တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် အတတ်ပညာတစ်ခုသင်ကြားရခြင်း၊ သင်တန်းတစ်ခု တက်ရတတ်တယ်။ အဖွဲ့အစည်းတစ်ခုသို့လည်း ဝင်ရောက်ရတတ်တယ်။ အလုပ်များပြီး နားချိန်မရလောက်အောင် ပင်ပန်းနေရတတ်တယ်။ လုပ်တဲ့အလုပ်မှာ မပျော်ဘဲ ဖြစ်နေတတ်တယ်။ ပြောင်းဖို့ စိတ်မကူးပါနဲ့။ ယခုအချိန်တွင် အမွေရခြင်း (သို့မဟုတ်) အမွေကဲ့သို့ ပစ္စည်းများ ရတတ်တယ်။ ယခုကာလတွင် လက်ခံပါက အလဟဿ ကုန်သွားတတ်တယ်။ အထက်လူကြီးတို့ထံမှ ကူညီမ,စမှု ခံရတတ်တယ်။ ပြည်ပခရီးဝေးသွားဖို့ ကြံရွယ်ထားသူများ ယခုကာလတွင် ဆောင်ရွက်လိုက်ပါ။ သူခိုး,ခိုးခံရတတ်တယ်။ မိမိမှာရှိတဲ့ ပစ္စည်းတွေကိုလည်း ထုခွဲရောင်းချရခြင်းမျိုး ဖြစ်တတ်တယ်။ မိမိရောက်ရှိနေတဲ့ ယခုကာလအတွင်း တပို့တွဲလ၊ ပြာသိုလများ ပါဝင်နေရင် ဂရုစိုက်ပါ။ ပြဿနာဟောင်းများ၊ ရောဂါဟောင်းများ ပြန်ပေါ်လာတတ်တယ်။ ဆွေမျိုးသားချင်းများထဲက အသက်အရွယ်ကြီးသူ ဆုံးပါးတတ်တယ်။ အိမ်ထောင်ရှင်များအဖို့ သားသမီးရတနာများ ထွန်းကားတတ်တယ်။ ကျန်းမာရေး ဂရုစိုက်ပါ။ သွေးအားနည်းခြင်း၊ စိတ်ဓာတ်ကျခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက် (၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ ယပ်အဝါ(၁၇)ချောင်းတို့ကို လှူပေးပါ။ အညှံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၅၆၊ ၅၃၊ ၃၀၊ ၃၅

### အထူးသတိပြုရန်

ယခုကာလအတွင်း အိမ်ပြင်ခြင်း၊ အိမ်ဆောက်ခြင်း၊ အိမ်ပြောင်းခြင်းများ လုံးဝမလုပ်ပါနှင့်။ သင်္ချိုင်းမြေ လုံးဝမနင်းရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိကိုးကွယ်ရာနတ်ကို ကြာသပတေးနေ့နှင့် စနေနေ့တိုင်း ထောပတ်ထမင်း လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ မတ်လအတွက် ဟောစာတမ်း

## တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညှဲ့နေပါတယ်။ အညှဲ့ကြီးမဟုတ်ပေမယ့် ထင်သလောက် အောင်မြင်မှု မရရှိနိုင်သေးတဲ့ကာလဖြစ်ပါတယ်။ သင်တန်းတစ်ခုတက်ရခြင်း၊ အဖွဲ့အစည်းတစ်ခုခုသို့ ဝင်ရောက်ရခြင်းများ ကြုံရတတ်တယ်။ အလုပ်တွင် မပျော်ဘဲ ဖြစ်နေမယ်။ ပြောင်းရန် စိတ်မကူးပါနှင့်။ ပြောင်းလျှင် အဆင်မပြေနိုင်သေးပါ။ နိုင်ငံရပ်ခြားနှင့် ဆက်သွယ်ရသောကိစ္စများ၊ လူမျိုးခြားနှင့် တွဲပြီးလုပ်ရသော ကိစ္စများ အောင်မြင်မယ်။ လူငယ်လူရွယ်များ မိန်းမခိုးခြင်း၊ ယောကျာ်းနောက်လိုက်ခြင်းများ လုပ်လျှင် ဆွေပြတ်မျိုးပြတ် ဖြစ်ကုန်တတ်တယ်။ ဘာသာရေးနှင့်ပတ်သက်သော ပုံတော်များ ဝင်လာလိမ့်မယ်။ အိမ်တွင် ကိုယ်ဝန်ဆောင်သည် ရှိပါက ဆေးရုံ၌ မွေးပါ။ အိမ်၌ မီးဖွားလျှင် အဆင်မပြေ ဖြစ်တတ်တယ်။ အလှူရက်၊ မင်္ဂလာရက် ရွှေ့ရတတ်တယ်။ ဆွေမျိုးသားချင်းထဲမှ နာရေးကြုံရတတ်တယ်။ ယခုကာလတွင် ကြွေးပေးခြင်း၊ ကြွေးတောင်းခြင်း မပြုပါနှင့်။ ကျန်းမာရေး ဂရုစိုက်ပါ။ စိတ်ထောင်းကိုယ်ကျေ ဖြစ်နေတတ်တယ်။ သင်သည် မိန်းကလေးဖြစ်ပါက သွေးဖောက်ပြန်ပြီး စိတ်နှင့်ပတ်သက်သော ဝေဒနာ ခံစားရတတ်တယ်။ အမျိုးသားဖြစ်ပါက ဝမ်းဗိုက်နှင့် ပတ်သက်သော ဝေဒနာ ခံစားရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွှန့်(၁)ညွှန့်၊ ပေါက်ပန်းဖြူ(၅)ညွှန့်၊ ယပ်အဝါ(၁၇)ချောင်းတို့ကို လှူပေးပါ။ အညှဲ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

စနေ၊ ကြာသပတေး

### ညှဲ့သောရက်

သောကြာ၊ တနင်္လာ

### ကံကောင်းသောနံပါတ်

၃၇၊ ၃၇

### အထူးသတိပြုရန်

ယခုကာလတွင် အိပ်ရာကောင်းကောင်းနှင့် မအိပ်ရ၊ အိပ်လျှင် ကျန်းမာရေး ချူချာခြင်း၊ ပြဿနာဟောင်းများ၊ ရောဂါဟောင်းများ ပြန်ပေါ်လာတတ်တယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

ဘုန်းတော်ကြီးကို ကြက်သားဟင်းနှင့် ဆွမ်းလောင်းပါက အရပ်(၈)မျက်နှာ၊ အရပ်(၁၀)မျက်နှာမှ လာဘ်လာဘများ ဝင်ရောက်လာတတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ မတ်လအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် စိတ်ညစ်စရာကတစ်ဖက်၊ ပျော်စရာက တစ်ဖက် ကြုံတွေ့နေရတတ်ပါတယ်။ ကောင်းတာပဲဖြစ်ဖြစ်၊ ဆိုးတာပဲဖြစ်ဖြစ် နှစ်ကြိမ်နှစ်ခါ ဖြစ်တတ်ပါတယ်။ သူများကိစ္စတွေကို လိုက်လံဖြေရှင်းပေးရတတ်တယ်။ ခရီးတွေလည်း မကြာခဏ ထွက်ရတတ်တယ်။ ထိုခရီးများသည်လည်း သင့်အတွက် အကျိုးထူးစေပါလိမ့်မယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြင်ဆင်မွမ်းမံရတတ်တယ်။ မထင်မှတ်ဘဲ သင်တန်းတစ်ခု တက်ရတတ်တယ်။ အလုပ်၌ ထိခိုက်တတ်တယ်။ ပြဿနာကြီးစွာ ဖြေရှင်းရတတ်တယ်။ မိမိ၏ တပည့်လက်အောက်ငယ်သားများက မိမိ၏ပြိုင်ဘက်ဆီ ရောက်သွားတတ်တယ်။ ယခုကာလအတွင်း အစစအရာရာ သတိကြီးစွာထားပါ။ မိမိအပေါ် မကောင်းကြံခြင်း၊ မကောင်းပြောခြင်းများ ခံရတတ်တယ်။ သူများ၏ ကဲ့ရဲ့ပြစ်တင်ရှုံ့ချခြင်းမျိုးလည်း ခံရတတ်တယ်။ ကျန်းမာရေးညံ့သော သက်ကြီးရွယ်အိုများ မိမိအိမ်သို့ လာရောက်တည်းခိုလျှင် ဆုံးပါးသွားတတ်တယ်။ ဝန်ထမ်းများအဖို့ ဌာနဆိုင်ရာ အကြီးအကဲ၊ ဆွေမျိုးအကြီးအကဲတို့က အကူအညီကောင်း ပေးလာလိမ့်မယ်။ ဘုရားဖူးခရီးထွက်တာ ကောင်းပါတယ်။ ကူးသန်းသွားလာ ရောင်းဝယ်တာမျိုးဆို ဒီကာလမှာ မလုပ်သင့်ပါဘူး။ လူမျိုးခြားနဲ့ ပတ်သက်တဲ့ကိစ္စတွေ အခက်အခဲတွေ့တတ်ပါတယ်။ လူမျိုးခြား ဒုက္ခပေးတတ်တယ်။ အိမ်ထောင်ပြုလျှင် အိမ်ထောင်ရေး အဆင်မပြေတာမျိုး ကြုံရတတ်တယ်။ မတော်တဆ ရေနွေးပူလောင်ခြင်း၊ မီးဟပ်ခြင်းမျိုး ဖြစ်တတ်တယ်။ ကျန်းမာရေးအနေဖြင့် ဆေးမှား၊ အစာမှား ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားကစ်ဆူ၏ မွေးနံထောင့်၌ ထန်းညွှန့်(၁၀)ညွှန့်၊ အုန်းညွှန့်(၆)ညွှန့်၊ ထီးနီ(၁၀)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ သောကြာ

### ညံ့သောရက်

အင်္ဂါ၊ စနေ

### ကံကောင်းသောနံပါတ်

၁၀၊ ၁၆၊ ၆၀၊ ၆၆

### အထူးသတိပြုရန်

ယခုကာလတွင် အလှူကြီးအတန်းကြီး ရေစက်ချခြင်း မပြုလုပ်ပါနှင့်။ အစားအသောက်တွေကို စည်းစိမ်မခံပါနှင့်။ အဝတ်နွမ်းနွမ်း ဝတ်ဆင်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

ဘုန်းတော်ကြီးကို နို့ဆီ ၃ ဘူး လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ မတ်လအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် ကောင်းကျိုးတွေ ခံစားရမှာပါ။ လုပ်ငန်းသစ်တွေ လုပ်ဖို့အတွက် အကြံအစည်ကောင်း၊ အဆက်အသွယ်ကောင်းများ ရတတ်တယ်။ အထူးသဖြင့် တပေါင်းလနှင့် ကဆုန်လတွေမှာ အကြံအစည်ကောင်းတွေ ပေါ်လာတတ်တယ်။ ဒါပေမဲ့ လုပ်သလောက်တော့ အမြတ်အစွန်း မရနိုင်သေးပါဘူး။ အလုပ်တွေလည်း ဟိုဟာလုပ်ရမလို၊ ဒီဟာလုပ်ရမလိုနဲ့ အချိန်ကုန်သွားတတ်တယ်။ လုပ်ငန်းတစ်ခုကို ငွေများစွာ ရင်းနှီးပြီး လုပ်ရမယ့်အလုပ်ဆိုရင် မလုပ်ပါနှင့်ဦး။ စပ်တူလုပ်ရမယ့်ကိစ္စတွေ ပေါ်လာတတ်တယ်။ စက်ပစ္စည်းများ ဝင်လာလိမ့်မယ်။ စက်ရုံတည်ထောင်ဖို့ ကိစ္စတစ်ခုလည်း ပေါ်ပေါက်လာတတ်တယ်။ မသွားချင်တဲ့ခရီးမျိုး၊ သူတစ်ပါးအတွက် သွားရတဲ့ခရီးမျိုးတွေ သွားရတတ်တယ်။ အပျို လူပျိုတွေအဖို့ ယခုကာလတွင် စန်းပွင့်နေတဲ့အတွက် ဂရုစိုက်ပါ။ ငွေမဝင်ဘူး ဆိုပေမယ့်လည်း တပေါင်းလနဲ့ ကဆုန်လတွေမှာ ငွေဝင်လာပါလိမ့်မယ်။ ကျန်းမာရေးအနေဖြင့် ဦးခေါင်းကို ဂရုစိုက်ပါ။ ဦးခေါင်းမှာ ထိခိုက်ဒဏ်ရာရခြင်း၊ ခေါင်းမကြာခဏကိုက်ခြင်း ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ကုံ့ကော်(၁၅)ညွှန့်၊ [illegible] (၁)ညွှန့်၊ ကုက္ကား(၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ အင်္ဂါ

### ညံ့သောရက်

တနင်္လာ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၁၃၊ ၃၁၊ ၁၆

### အထူးသတိပြုရန်

ငွေဝင်လာလျှင် မြေဝယ်ခြင်း၊ အိမ်ကြီးကြီးကျယ်ကျယ် ဆောက်ခြင်းမျိုး မပြုလုပ်ပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်


မိမိနေအိမ်ကဘုရားတွင် ရွှေပလ္လင် အမည်ရှိတဲ့ စေတီတော်ကြီးကို အာရုံပြု၍ အုန်းဆွမ်း မကြာခဏ လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် စိတ်တိုင်းကျတောင်းမယ့်အချိန် ဖြစ်ပါတယ်။ မိမိရဲ့ အတိတ်ဘဝက ပဋ္ဌာန်းဆက်တွေ ကူညီစောင့်ရှောက်တဲ့ကာလ ဖြစ်ပါတယ်။ အစစအရာရာ အဆင်ပြေ အောင်မြင်မှုတွေ ရတတ်ပါတယ်။ အစိုးရဝန်ထမ်း ဖြစ်ပါက ရာထူးတိုးတတ်ပါတယ်။ ကျောက်မျက်ရတနာများ ဝယ်ယူစုဆောင်း ခြင်း၊ ပြန်လည်ရောင်းချခြင်းပြုပါက အမြတ်အစွန်း များစွာရတတ်တယ်။ မင်္ဂလာကိစ္စတွေလည်း ဆောင်ရွက်ရတတ်တယ်။ လွတ်လပ်ပြီး အရွယ်ရောက် ပြီးသူဆိုရင် လာရောက်စေ့စပ်ကြောင်းလမ်းခြင်း၊ လက်ထပ်မင်္ဂလာပွဲများ ပြုလုပ်ရတတ်တယ်။ တပေါင်းလတွင် မိမိအိမ်၏ ဖမြောက်အရပ်မှ ကြင်သူ ကြင်ဖက်နှင့် တွေ့တတ်တယ်။ စက်ပစ္စည်းတစ်ခု ဝင်လိမ့်မယ်။ စိန်ထည်ပစ္စည်း လည်း ဝင်လာတတ်တယ်။ မိဘကို ကောင်းစွာပြုစုစောင့်ရှောက်နိုင်မယ့်အချိန် ဖြစ်တယ်။ လုပ်ငန်းများ သိသိသာသာ အောင်မြင်မှုရမယ်။ လုပ်ငန်းသစ်များလည်း စတင်ပြုလုပ်နိုင်သော ကာလဖြစ်ပါတယ်။ မိတ်ဆွေကောင်း၊ ဆရာကောင်းများ တွေ့မယ်။ သင်တန်းတစ်ခုတက်ရခြင်း၊ ပညာဒကောင်းရခြင်းများ ကြုံမယ်။ သိကြားမင်းလိုက် သကဲ့သို့ လက်ရှိအခြေအနေထက် များစွာစီးပွားတက်လာမယ်။ ငွေရှာရလွယ်ခြင်း၊ ငွေအဝင်အထွက်ကြမ်းခြင်းများ ဖြစ်လိမ့် မယ်။ အကောင်းတွေကြားထဲမှ ရင်းနှီးသူ လုပ်ဖော်ကိုင်ဖက်များနှင့် အဆင်မပြေ လမ်းခွဲရခြင်း၊ စကားများ ဖြေရှင်းရခြင်းများ ဖြစ်တတ်တယ်။ ဆရာသမား မိတ်ဆွေများနှင့် စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လာလိမ့်မယ်။ လုပ်လျှင် အောင်မြင်မယ်။ ကျန်းမာရေးအနေဖြင့် ဒူးနာခြင်း၊ နှလုံးအားနည်းခြင်းမျိုး ဖြစ်တတ်တယ်။ သွေးလေကြောင့် ဖျားနာတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက် (၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ မေမြို့ပန်း(၅)ပွင့်၊ သပြေ(၆) ညွန့်၊ တံခွန်ဖြူ(၆)လုံးတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

### ညံ့သောရက်

ဗုဒ္ဓဟူး၊ စနေ

### ကံကောင်းသောနံပါတ်

၇၅၊ ၅၃၊ ၅၇

### အထူးသတိပြုရန်

ယခုကာလအတွင်း နာရေး လုံးဝမသွားရ။ ကိုယ့်ကို မကျေနပ်သူက နိမ့်ကျသော ပညာရပ်များဖြင့် အန္တရာယ်ပြုတတ်တယ်။ သတိထားပါ။

### ကံကောင်းပြီး လာဘ်[illegible]စေရန်

မိမိနေအိမ်ကဘုရားတွင် အင်္ဂါနေ့နှင့် ကြာသပတေးနေ့တိုင်း မုန့်စိမ်းပေါင်း(၈)ပန်းကန်(အုန်းသီးမထည့်ရ)၊ ဆီမီးခွက်(၈)ခွက် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ မတ်လအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် အဆိုးထဲက အကောင်းလေးတွေ ရောက်လာပါလိမ့်မယ်။ ငွေဝင်စရာများရှိရင် ဒီကာလမှာ ဝင်လာပါလိမ့်မယ်။ ကူညီမယ့်သူတွေနဲ့လည်း တွေ့တတ်တယ်။ အလှူအတန်းတစ်ခု ပြုလုပ်ရတတ်တယ်။ ပြည်ပခရီး ဝေးသွားဖို့ ကြံရွယ်ထားရင် ယခုအချိန်တွင် ထွက်လိုက်ပါ။ မိသားစုအကြီးအကဲ၊ အထက်လူကြီးများကြောင့် စိတ်အနှောင့်အယှက်ဖြစ်စရာများ ကြုံရတတ်တယ်။ အတူနေမိသားစုထဲမှာ တနင်္ဂနွေ၊ ဗုဒ္ဓဟူး သက်ကြီးရွယ်အိုတွေ ရှိရင်တော့ တခြားတစ်နေရာ ပို့ထားလိုက်ပါ။ လေဖြန်းသွားတတ်တယ်။ လူမျိုးခြား၊ နိုင်ငံခြားနဲ့ ပတ်သက်သောကိစ္စများ အကျိုးပေး အောင်မြင်တတ်တယ်။ ပညာရေးကိစ္စ၊ သင်တန်းကိစ္စနဲ့ ပတ်သက်ပြီး စိတ်အနှောင့်အယှက်ဖြစ်ရခြင်း၊ လိုချင်တဲ့သင်တန်း မတက်ရခြင်းမျိုး ဖြစ်တတ်တယ်။ ရွှေထွက်တတ်တယ်။ သားသမီးနဲ့ ပတ်သက်ပြီး ပြောဆိုဖြေရှင်းရတာတွေ ကြုံရတတ်တယ်။ စာချုပ်စာတမ်းကိစ္စတွေ ဂရုစိုက်ပါ။ ကျန်းမာရေးအနေဖြင့် အရေပြားနဲ့ ပတ်သက်တဲ့ဝေဒနာ၊ အရိုးကျိုးဒြင်း၊ အလုံးအကျိတ်အခဲနဲ့ ပတ်သက်တဲ့ဝေဒနာ ခံစားရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ကုံကော်(၂)ညွှန့်၊ ဆီးညွှန့်(၃)ညွှန့်၊ တံခွန်ဖြူ(၇)လုံးတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ စနေ

### ညံ့သောရက်

တနင်္ဂနွေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၂၃၊ ၂၃၊ ၇၁၊ ၇၂

### အထူးသတိပြုရန်

မိမိအိမ်သို့ အရက်ပုလင်းများ လက်ဆောင်ပေးလျှင် လုံးဝလက်မခံပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္လာနေ့တိုင်း ဒိန်ချဉ်(၂)ခွက် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ မတ်လအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် ကျန်းမာရေးကောင်းပြီး ပျော်ရွှင်နေရပါလိမ့်မယ်။ အဘက်ဘက်မှာ စိတ်ချမ်းသာစရာများ ကြုံရပါလိမ့်မယ်။ အလှူတစ်ခုလည်း မမျှော်လင့်ဘဲ ပြုလုပ်ရတတ်တယ်။ လုပ်ငန်းသစ်များ စတင်ရတတ်တယ်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာအကျိုးပေး အောင်မြင်မယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ ဘုရားဆင်းတုတော်၊ ပုံတော်များ ကြွလာမယ်။ နာရေးကိစ္စကို အကြောင်းပြု၍ ခရီးသွားရတတ်တယ်။ ယခုကာလတွင် သင်သည် အလိုလို ဘင့်တယ်လှပခြင်းတွေနဲ့ ကြုံရပါလိမ့်မယ်။ မခေါ်တဲ့သူတွေက ပြန်ခေါ်ပြီး နှိမ်ခဲ့တဲ့သူတွေက ပြန်မြှောက်ပင့်ပါလိမ့်မယ်။ ဒါပေမဲ့ ဆရာသမားကဲ့သို့သော ပုဂ္ဂိုလ်များနှင့် အဆင်မပြေဖြစ်တတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စတွေလည်း ဖြေရှင်းပေးရတတ်တယ်။ အိမ်ထောင်သည်တွေအဖို့ အိမ်ထောင်ရေး ဂရုစိုက်ပါ။ အိမ်ထောင်ရေး ပြိုကွဲမှုများနှင့် ကြုံတွေ့ရတတ်တယ်။ အထင်မြင်လွဲမှားမှုတွေဖြစ်ခြင်း၊ အစွပ်အစွဲခံရခြင်းမျိုး ဖြစ်တတ်တယ်။ အပျို၊ လူပျိုတွေအဖို့ ယခုကာလအတွင်း အိမ်ထောင်ပြုလျှင် ခိုင်မြဲသော အိမ်ထောင်ရေး မဖြစ်နိုင်ပါ။ ယခုကာလတွင် တပို့တွဲ၊ တပေါင်းလများ ပါနေရင် အနည်းငယ် ဂရုစိုက်ပါ။ ကျန်းမာရေးအနေဖြင့် အစားမှားခြင်း၊ ဆေးမှားခြင်း၊ သွားဒုက္ခပေးတတ်တယ်။ အဆိပ်ရှိသောအကောင် အကိုက်ခံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွှန့်(၄)ညွှန့်၊ ပေါက်ပန်းဖြူ(၅)ညွှန့်၊ ယပ်အဖြူရောင်(၆)ချောင်းတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ ဗုဒ္ဓဟူး

### ညံ့သောရက်

အင်္ဂါ၊ သောကြာ

### ကံကောင်းသောနံပါတ်

၂၄၊ ၄၂၊ ၄၆

### အထူးသတိပြုရန်

ယခုကာလတွင် ဆိတ်သားဟင်း မစားရ။
သဇင်ပန်းများကို အင်္ဂါနေ့နှင့် သောကြာနေ့များတွင် လှူဒါန်းခြင်း မပြုရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် မွေးနေ့တိုင်း
ဓာတ်ကြီးလေးပါး ဆွမ်းကပ်ပေးပါ။
ကလေးများကို ကာတွန်းစာအုပ်များ ဝယ်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ မတ်လအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် ငွေအစုလိုက် အပုံလိုက် ရပါလိမ့်မယ်။ အလုပ်မှ သော်လည်းကောင်း၊ ထီပေါက်၍သော်လည်းကောင်း ဝင်လာတတ်ပါတယ်။ ယခု ကာလတွင် အလုပ်နေရာပြောင်းခြင်းမျိုး ကြုံရတတ်တယ်။ ဘာပဲလုပ်လုပ် နှစ်ခါ ပြန်လုပ်ရတတ်တယ်။ အခက်အခဲတွေပြီးမှ အောင်မြင်ခြင်းမျိုး ကြုံရတတ်တယ်။ အိမ်ထောင်ပရိဘောဂပစ္စည်းတွေ ဝင်လာတတ်တယ်။ မြတ်စွာဘုရားဆင်းတု တော်၊ ဆံတော်၊ ရဟန္တာပုံတော်များ ကြွလာတတ်တယ်။ မိမိအိမ်မှာရှိတဲ့ စက် ပစ္စည်းများ လဲလှယ်ခြင်း၊ ထွက်နေတဲ့စက်ပစ္စည်းများ ပြန်ဝင်လိမ့်မယ်။ ငယ်ရွယ် သူများအဖို့ အချစ်ရေး ပြဿနာတွေ ဖြေရှင်းရတတ်တယ်။ အိမ်ထောင်သည်တွေ အဖို့ အဆင်မပြေ ဖြစ်တတ်ပါတယ်။ မိမိနေသော နေအိမ်သို့ ရသေ့ (သို့မဟုတ်) ရဟန်းတစ်ပါး ကြွလာသောနိမိတ်တွေ့ကလည်းကောင်း၊ အိမ်အနီး၌ သရဲခြောက်ခံရသော နိမိတ်တွေ့ကလည်းကောင်း သင်သည် ခရီးဝေး သွားရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ခြေလက် ထိခိုက်ဒဏ်ရာ ရတတ်တယ်။ ယာဉ်အန္တရာယ် သတိထားပါ။ ကားပွတ်တိုက်မိတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ကုံကော်(၁)ညွန့်၊ ဆီးညွန့်(၃)ညွန့်၊ ဆူးဖြုတ်၊ ဖြိုဟ်ရုပ်(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

### ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၄၂၊ ၄၆၊ ၆၄

### အထူးသတိပြုရန်

ယခုကာလတွင် အိမ်သစ်ဝယ်နိုင်သည်။
သို့သော် အိမ်မပြောင်းပါနှင့်။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

တနင်္ဂနွေနေ့ ညနေပိုင်းတွင် ဘဲဥဟင်းချက်ပြီး
နွမ်းပါးသူများကို ဒါနပြုပါ။

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံခြားရောက် မြန်မာများအတွက်

## အထူးဟောကိန်း

### ဒေါက်တာစောယုနွယ်

(၂၀၁၄-ခုနှစ်၊ မတ်လ)

ယခုကာလမှာ ကျွန်မတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုး၊ လူငယ်လူရွယ်အချို့ဟာ နိုင်ငံရပ်ခြားကို သွားရောက်ပြီး အလုပ်လုပ်ခြင်း၊ ပညာရှာခြင်းတွေ လုပ်နေကြပါပြီ။ အဲဒီလို တိုင်းတစ်ပါးမှာ သွားရောက်လုပ်ကိုင်သူတွေအဖို့ အားကိုးရာမှာ ကျွန်မတို့ ကိုးကွယ်ဆည်းကပ်တဲ့ မြတ်ဗုဒ္ဓရဲ့ လမ်းညွှန်မှုတွေပါပဲ။ မြတ်ဗုဒ္ဓကို ကြည်ညိုလေးစားတဲ့ ဗုဒ္ဓဘာသာဝင်တွေအဖို့ ဘယ်နေရာ ဘယ်ဒေသရောက်ရောက် သရဏဂုံတည်ခြင်း ရှိခဲ့ပါလျှင် ဘေးဥပါဒ်အန္တရာယ်တွေကင်းပြီး လိုအင်ဆန္ဒတွေ ပြည့်ဝတယ်ဆိုတာ အားလုံးအသိပါပဲ။ ရတနာသုံးပါးကို ကြည်ညိုလေးစားတဲ့သူတွေအဖို့ ၎င်းတို့ရဲ့ အခက်အခဲလေးတွေကို ပြေလည်စေဖို့ရန် ကျွန်မတတ်တဲ့ လောကီပညာရပ်တွေနဲ့ ကူညီလိုက်ရပါတယ်။ အကယ်၍များ ဘဝဇာတ်စုံ အဖုံဖုံကို သိချင်တယ် ဆိုရင်ဖြင့် စာဖြင့်သော်ယည်းကောင်း၊ အခြားဆက်သွယ်နိုင်မည့် နည်းလမ်းများနှင့်သော်လည်းကောင်း ဆက်သွယ်ခဲ့မယ် ဆိုပါက . . .

BURMESE CLASSIC .com

ဒေါက်တာစောယုနွယ်

အမှတ်(၂၀၅/က)၊ ပိတောက်(၅)လမ်း၊ မြို့သစ်(ဂ)၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၆၄၃၀၃၀

## တနင်္ဂနွေသားသမီးများအတွက်

အလုပ်အကိုင်နှင့် ပတ်သက်ပြီး အခက်အခဲဖြစ်တတ်သည်။ အလုပ်အတွင်း အပြောင်းအလဲဖြစ်မည်။ အထက်လူကြီး၊ အောက်လက်ငယ်သားများနှင့်လည်း မသင့်မတင့် ဖြစ်တတ်သည်။ ထီပေါက်တတ်သည်။ ထီပေါက်က လှူပေးပါ။ ငယ်ရွယ်သူများ ချစ်သူနှင့် သဘောထားကွဲလွဲမည်။ သဘောထား တင်းမာမည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ကော်ဖီတိုက်လိုက်ပါ။

## တနင်္လာသားသမီးများအတွက်

အလုပ်အတွင်း ကြီးကဲသူ၏ မ,စမှုခံရတတ်သည်။ မြေနှင့်ပတ်သက်ပြီး သတင်းကောင်း ကြားရမည်။ စက်ပစ္စည်းတစ်ခု လက်ဆောင်ရမည်။ မော်တော်ကားနှင့်ပတ်သက်ပြီး ထိခိုက်မှုရှိသည်။ မိန်းမတစ်ဦးနှင့် ပတ်သက်ပြီး စကားအခြေအတင် ပြောရလိမ့်မည်။ အဆင်မပြေမှုများ ရှိနေပေမယ့် ငွေများဝင်နေပါမည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ကော်ပြန့်ကြော်ဝယ်ကျွေးပါ။

www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများအတွက်

အလုပ်အကိုင်အတွင်း မပျော်ရွှင်ဘဲ ဖြစ်နေပါလိမ့်မည်။ လက်အောက်ငယ်သားများလည်း ထွက်ပြေးမည်။ အထက်လူကြီးကလည်း ဖိအားတွေ ပေးနေမည်။ မတော်တဆ ထိခိုက်မှုများလည်း ရှိနေလိမ့်မည်။

**ယတြာ**

သက်ကြီးရွယ်အိုတစ်ဦးကို ဟောလစ်လှူပါ။

---

## ဗုဒ္ဓဟူးသားသမီးများအတွက်

အလုပ်နှင့်ပတ်သက်ပြီး မော်တော်ကား ရလိမ့်မည်။ ငွေတွေလည်း အလုပ်နှင့် မပတ်သက်ဘဲ ဝင်မည်။ ခရီးမကြာခဏ ထွက်ရတတ်သည်။ ပညာရေးနှင့် ပတ်သက်ပြီး သင်တန်းကိစ္စများ ဆောင်ရွက်ရတတ်သည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ရှူခင်းခါတ်ပုံတစ်ပုံ လက်ဆောင်ပေးပါ။

---

## ကြာသပတေးသားသမီးများအတွက်

အလုပ်နေရာ အပြောင်းအရွှေ့ရှိသည်။ ကောင်းသောပြောင်းလဲခြင်း ဖြစ်မည်။ လစာတိုးမည်။ အိမ်နေရာ ပြောင်းရမည်။ ပြောင်းသောအိမ်သည် မီးရထားဘူတာနှင့်နီးမည်။ ရွှေထည်ပစ္စည်းဝင်မည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ပေါက်စီ ဝယ်ကျွေးပါ။

---

BURMESE CLASSIC .com

## သောကြာသားသမီးများအတွက်

အလုပ်နှင့်ပတ်သက်ပြီး ခရီးသွားရတတ်သည်။ အိမ်နေရာ ရွှေ့ရမည်။ အလုပ်အသစ်လည်းရမည်။ လုပ်ပိုင်ခွင့်များ တိုးလာမည်။ လစာဟောင်းများ ပြန်လည်ရတတ်သည်။ အိမ်ထောင်ရေးကိစ္စ အရှုပ်အရှင်းရှိမည်။

**ယတြာ**

ကလေးငယ်တစ်ဦးကို ချောကလက် ဝယ်ကျွေးလိုက်ပါ။

---

## စနေသားသမီးများအတွက်

လူချစ်လူခင် ပေါများမည်။ စန်းပွင့်မည်။ မဆုံဖူးသောသူများနှင့် ဆုံရတတ်သည်။ လုပ်ငန်းခွင်အတွင်း ပျော်ရွှင်စွာ လုပ်ကိုင်ရမည်။ အလု ်ရှင် အလုပ်သမားများ ပြေလည်မှုရှိမည်။ ငွေရေးကြေးရေး အဆင်ပြေမည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ဘာဂါ ဝယ်ကျွေးလိုက်ပါ။

---

## ရာဟုသားသမီးများအတွက်

အိမ်ပြောင်း၊ အလုပ်ပြောင်း ကြုံမည်။ ငွေရသော်လည်း အဖတ်မတင်ဘဲ ရှိမည်။ အချစ်ရေးနှင့်ပတ်သက်ပြီး အောင်မြင်မှုရှိမည်။ မိတ်ဆွေများထံက မမျှော်လင့်သော လုပ်ငန်းတစ်ခု လက်ခံရလိမ့်မည်။ အောင်မြင်မည်။

**ယတြာ**

သက်ကြီးရွယ်အိုတစ်ဦးကို နွားနို့ ဝယ်တိုက်လိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## အောင်ချမ်းသာဆရာတော် အရှင်ရေဝတ၏ မွေးနေ့ဝိဇာတ မင်္ဂလာပွဲ ကျင်းပ

(၂၇ ·၁၁ · ၂၀၁၃)ဗုဒ္ဓဟူးနေ့(အမျိုးသားနေ့)တွင် အောင်ချမ်းသာဆရာတော် ဘဒ္ဒန္တရေဝတ၏ သက်တော် ၇၆နှစ်၊ သိက္ခာတော် ၅၇ ဝါ မွေးနေ့ဝိဇာတ အလှူတော်မင်္ဂလာကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။ ဆရာတော်ကြီးမှ မွေးနေ့သင်္ကန်းအစုံ(၁၁၇)စုံကိုလည်း သံဃာတော် တစ်ပါးချင်းစီကို လှူဒါန်းပူဇော်ခဲ့ကြောင်း သိရသည်။

ဆရာတော်ကြီး၏ မွေးနေ့မင်္ဂလာပွဲသို့ နိုင်ငံတော်သံဃာ့နာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်ဆရာတော် အဂ္ဂမဟာဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒသာမိကိုယ်တော်တိုင် ကြွရောက်၍ ချီးမြှောက်ပြီး နံနက် ၅ နာရီတွင် ဆရာတော်ကြီး ဘဒ္ဒန္တခေမိန္ဒသာမိ ဦးဆောင်ကြီးမှူးသော ဆရာတော်၊ သံဃာတော်များမှ ဘုရားအနေကဇာတင် ပူဇော်ခဲ့ကြသည်။

ဆရာတော်ကြီး ဘဒ္ဒန္တရေဝတ၏ မွေးနေ့ မင်္ဂလာပွဲသို့ ကြွရောက်လာကြသော တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ဧည့်သည်တော်များကိုလည်း မုန့်ဟင်းခါးဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရှိရသည်။

အင်ကြြင်း

## ရွှေထီးတော်၊ စိန်ဖူးတော် နှင့် အောင်သိဒ္ဓိစကြာရှင် ဘုရားများ ရွှေတိဂုံစေတီတွင် အပူဇော်ခံ

(၄·၃· ၂၀၁၃)ဗုဒ္ဓဟူးနေ့မှစ၍ မွန်ပြည်နယ်၊ ကျိုက်မရောမြို့ ခုတောင်းပြည့်ဘုရားကြီး ကျောင်းတိုက်ဝင်းအတွင်း သုံးထပ်ဆောင်အပေါ်ထပ်တွင် တည်ထားကိုးကွယ်ထားသည့် ရွှေတိဂုံပုံတူစေတီတော်၏ ရွှေထီးတော်၊ စိန်ဖူးတော်နှင့် အောင်သိဒ္ဓိစကြာရှင်ဘုရားသုံးဆူကို ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အနောက်ဘက်မုခ် သာသနာ့ရက္ခိတတန်ဆောင်းတွင် (၁၉ ·၁၂ · ၂၀၁၃) ကြာသပတေးနေ့အထိ ရင်ငွေ့လှုံ အပူဇော်ခံခဲ့ကြောင်း သိရသည်။ ယောဂီဝတ်အဖွဲ့များမှလည်း ပဋ္ဌာန်းတော်၊ ပရိတ်တော်များ ရွတ်ဆိုပူဇော်ခဲ့ကြပါသည်။

(၇)ရက်သားသမီးများနှင့် ပဋ္ဌာန်းဆက် အလှူရှင်များ စုပေါင်း၍ ရွှေတိဂုံပုံတူစေတီတော် ဌာပနာပိတ်ပွဲ အခမ်းအနားကို ၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်(၂၉·၁၂· ၂၀၁၃) တနင်္ဂနွေနေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

နေထူးအုံ

BURMESE CLASSIC .com

## မိတ္ထီလာခရိုင် ပန်းထွေးရွာ၌ စက်ရေတွင်း တူးဖော်လှူဒါန်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ပုရွက်ဆိတ်ကုန်းရပ်ကွက်ရှိ စမ္မောဒယ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဆရာတော် အရှင်ဥဿဘာသနှင့် အလှူရှင်များ စုပေါင်း၍ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်၊ သီးပင်ကုန်းကျေးရွာအုပ်စုရှိ ပန်းထွေးရွာ၌ စက်ရေတွင်းတစ်တွင်းကို ၁၃·၉· ၂၀၁၃ မှ ၁၈·၉· ၂၀၁၃ ရက်နေ့အထိ စက်ယန္တရားကြီးများနှင့် တူးဖော်ဆောင်ရွက်ခဲ့ကြသည်။

အလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသဖြစ်၍ ယခင်(၂)မိုင်ခန့်ဝေးသောနေရာအထိ သောက်ရေအတွက် သွားရောက် ခပ်ယူနေကြရသော ဒေသဖြစ်ရာ ဆရာတော်၏ ပံ့ပိုးကူညီမှုမှ တစ်ဆင့် ဦးမျိုးမြင့်၊ ဒေါ်ခင် သန်းဝင်း(အ·ထ·က ၁ မြောက်ဥက္ကလာ)မိသားစုမှ သိန်း ကျော် ကုန်ကျစရိတ် အကုန်အကျခံ တူးဖော်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ ဤစက်ရေတွင်းမှ နှိုဝင်ဘာလတွင် တစ်နာရီ ဂါလံ ၂၅၀၀ ထွက်ရှိကြောင်း သိရှိရသည်။

မင်းတိုင်ပင်(မြရောင်မြေ)



www.burmeseclassic.com

www.burmeseclassic.com

## ရန်ကုန်မြို့ စာမပတ်သူ ပပျောက်ရေး မြို့ရွာတစ်ခွင် စာသစ်ပင်မှ အလယ်ရိုးမတောင်တန်းပေါ်ရှိ "မုဒိတာ" စာကြည့်တိုက်သို့ စာသစ်ပင်များ စိုက်ပျိုးပေး



နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ "မိုးစွေ" ရွာရှိ "မုဒိတာ" အမည်ရ စာကြည့်တိုက်သို့ စာမဖတ်သူ ပပျောက်ရေး၊ မြို့ရွာသစ်ပင် စာသစ်ပင် စိုက်ပျိုးရေးမှ စာရေးဆရာ၊ ကဗျာဆရာဖြစ်သူ မောင်တည်အေး (မောင်ကြွယ်မိုး)မှ စာနယ်ဇင်းများ သွားရောက်စိုက်ပျိုးပေးခဲ့ကြောင်း သတင်းရရှိပါသည်။

ထိုသို့ စိုက်ပျိုးပေးရာတွင် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်ရီ၊ အဖွဲ့ဝင် ဦးကျော်ဆွေနှင့်အတူ ရပ်ရွာအခြေပြု လူမှုသာယာရေးအဖွဲ့မှ ရပ်မိရပ်ဖများဖြစ်ကြသော ကျောင်းအုပ်ဆရာကြီး ဦးကျော်မြင့်၊ ဦးသန်းဖေ တို့မှ လက်ခံရယူပြီး ကျေးရွာရှိ လူငယ်လူရွယ်များနှင့် ရွာသူရွာသားများ တက်ရောက်ခဲ့ကြသည်။ "ရွာသူရွာသားများကို အခမဲ့စာဖတ်စေခြင်း၊ အိမ်တိုင်ရာရောက် သွားရောက်ပို့ပေးကာ စာဖတ်ရင်း အသိရှာ၊ စာဖတ်ရင်း ကမ္ဘာပတ်နိုင်ရန် ယူစရာ၊ ရစရာကို စာဖတ်ရာနိုင်ဖို့အတွက် ခေတ်ပညာတတ် လူငယ်လူရွယ်များနှင့် ပူးပေါင်းလက်တွဲ၍ အလှည့်ကျစေတနာထား ကိုယ့်အသိ၊ ကိုယ့်အမြင်နဲ့အတူ တာဝန်ယူ တာဝန်ကျေအောင် ပါဝင်ကူညီ လုပ်ရှားဆောင်ရွက်နေခြင်း ဖြစ်ပါတယ်" ဟူ၍ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်ရီမှ ပြောပြခဲ့သည်။

ပြည်တွင်းတစ်နံတစ်လျား ခရီးသွား စာသမား၊ စာသစ်ပင် စိုက်ပျိုးပေးနေသူ စာရေးဆရာ၊ ကဗျာဆရာ မောင်တည်အေးသည် ဦးမြင့်ရီ၊ ဦးကျော်ဆွေ၊ ဦးကျော်မြင့် တို့နှင့်အတူ ပန်းတင်၊ ညောင်ပင်ဝိုင်း၊ လဲဝန်းရွာများ၌ စာ+နယ်+ဇင်းများ သွားရောက်စိုက်ပျိုးပေးထားကြောင်း သတင်းရရှိခဲ့သည်။

မောင်ယဉ်ဦး(နေမြို့)

---

## မြတ်ပန်းရဂုံ စာပေတိုက် မိသားစုမှ မင်္ဂလာဆွမ်းကျွေး အလှူငွေပေးအပ်လှူဒါန်း

ဦးအောင်ကျော်ထူး+ဒေါ်မြဆွေ(မြတ်ပန်းရဂုံ စာပေတိုက်)မိသားစုမှ (၇-၁၂-၂၀၁၃)ရက်နေ့က မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းရှိ သော်ကမြောင် ဘုန်းတော်ကြီးသင်ကျောင်း လူငယ်ပရဟိတဂေဟာသို့ သွားရောက်ခဲ့ပြီး လျှောက်လမ်းအမိုး ဆောက်လုပ်ရန် အလှူငွေ သိန်း ၂၀ ကျပ်တိတိကို ပေးလှူခဲ့သည်။


ထို့အပြင် သော်ကမြောင်လူငယ်ပရဟိတဂေဟာရှိ ကျောင်းသားကျောင်းသူများအား "မောင်လင်းလင်း နှင့် မသီသီဝင်း" တို့၏ မင်္ဂလာအထိမ်းအမှတ်အဖြစ် အစာအာဟာရများ ကျွေးမွေးကာ သော်ကမြောင်ဆရာတော်ကြီးအား ဆွမ်းကပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

လိုရင်းသာရ

www.burmeseclassic.com

www.burmeseclassic.com

# ရာဇဘိသိက် ဓမ္မစေတီတော်မြတ်ကြီးအတွင်းရှိ ရာဇဘိသိက် သိမ်တော်ကြီးအား ရေစက်ချလှူဒါန်းပွဲ ကျင်းပ



ကျိုက္ကမော့တောင်ပေါ် ဘုရား၏ အင်္ဂါထောင့်ရှိ မြေရိုင်းမှနေရာကို ငွေကျပ် သိန်း ၁၅၀ ဖြင့် ဝယ်ယူ၍ အလှူရှင်အများ၏ ထည့်ဝင်မှုဖြင့် စေတီမြတ်တစ်ဆူ တည်ခဲ့ပြီး (၂၆-၁၀-၂၀၁၀) ရက်နေ့တွင် မြေသန့်မင်္ဂလာ၊ (၅-၁၂-၂၀၁၀) ရက်နေ့တွင် ပန္နက်တင်မင်္ဂလာ၊

(၂၆-၁၂-၂၀၁၀)ရက်နေ့တွင် အုတ်မြစ်ချမင်္ဂလာ၊ (၁၈-၂-၂၀၁၁)ရက်နေ့တွင် အောက်ဌာပနာ ထည့်သွင်းခြင်းမင်္ဂလာ၊ (၂၆-၃-၂၀၁၁)ရက်နေ့တွင် အထက်ဌာပနာ ထည့်သွင်းခြင်းမင်္ဂလာ၊ (၁၀-၁၁-၂၀၁၁)ရက်နေ့တွင် ပန်းလည်တိုင် တင်လှူခြင်းမင်္ဂလာ၊ (၁၀-၁၂-၂၀၁၁)ရက်နေ့တွင် ထီးတော်တင်မင်္ဂလာ စသည်တို့ ပြုလုပ်၍ အလှူရှင်၊ အလှူဒကာမများ ဖြစ်ကြသော ဦးအောင်သူ+ဒေါ်သက်သက်အောင်၊ သား-မောင်အံ့ဦးအောင်၊ မောင်အံ့သူအောင်(အောင်သရဖူကုမ္ပဏီ လီမိတက်)မိသားစုတို့က အဘဓမ္မစေတီမင်းခေါင် တည်ထားကိုးကွယ်ခဲ့သော ရာဇဘိသိက်ဓမ္မစေတီတော်မြတ်ကြီးအား လှူဖွယ်အစုစုတို့ကို လှူဒါန်းကိုးကွယ်ခဲ့ကြသည်။

ထိုစေတီတော်မြတ်ကြီးတွင် ရင်ပြင်တော်အတွက် ဒုတိယဗိုလ်ချုပ်ကြီးကျော်သန်း(တပ်မတော်လေ-ငြိမ်း) သားသမီးမြေး မိသားစုက ရဟန်းဒါယိကာမကြီး ဒေါ်ခင်ဆွေညွန့်(ခ)ဒေါ်ချယ်ရီအား အမှူးထား၍ ငွေကျပ် ၃၂ သိန်းအား ထည့်ဝင်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့ပြင် ရာဇဘိသိက်ဓမ္မစေတီတော်မြတ်ကြီးအတွင်းရှိ ရာဇဘိသိက်သိမ်တော်ကြီးအား နှစ်ဖက်မိဘများ ဖြစ်ကြသော ဗိုလ်မှူးကြီးသောင်းရွှေ(တပ်မတော်လေ-ငြိမ်း)+ဒေါ်အေးမြ ဦးအောင်အောင်+ ဒေါ်မိမိတို့အား အမှူးထား၍ အလှူရှင်၊ အလှူဒကာမများ ဖြစ်ကြသော ဦးအောင်သူ+ဒေါ်သက်သက်အောင်၊ သား-မောင်အံ့ဦးအောင်၊ မောင်အံ့သူအောင်(အောင်သရဖူကုမ္ပဏီ လီမိတက်)မိသားစုကောင်းမှု ဖြစ်သည်။

အဆိုပါ ရာဇဘိသိက်သိမ်တော်ကြီးအတွက် အလှူငွေစာရင်းတွင် ဦးအောင်အောင်+ဒေါ်မိမိ ငွေကျပ်သိန်း (၅၀)၊ ဦးသောင်းရွှေ+ဒေါ်အေးမြ ငွေကျပ်(၂၂)သိန်း လှူဒါန်းခဲ့ကြောင်း သိရသည်။ ဤသို့ မ,တည်အလှူငွေအပြင် အခြားအလှူရှင်များ၏ ကုသိုလ်ငွေ ထည့်ဝင်မှုများလည်း ရှိသည်ဟု သိရသည်။

ရာဇဘိသိက်သိမ်တော်ကြီးအတွက် "အောင်သရဖူကုမ္ပဏီလီမိတက်" မိသားစုအပါအဝင် အလှူရှင်များက ကောင်းမှုအစုစုတို့အား(၅-၁၂-၂၀၁၃)ရက်နေ့တွင် ရေစက်ချ အမျှဝေ လှူဒါန်းခဲ့ကြကြောင်း သိရသည်။

စိုးမြိုင်(တပ်မတော်လေ-ငြိမ်း)

www.burmeseclassic.com



## ရတနဂုဏ်ပြုဝါဒသမဂ္ဂဝတ်အသင်းကြီး၏ (၆၃)ကြိမ်မြောက် ရွှေစင်ရွှေသား၊ ရွှေပြား အလှူတော်

စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ ရတနဂုဏ်ပြုဝါဒသမဂ္ဂဝတ်အသင်းကြီးသည် (၆၃)ကြိမ်မြောက် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေစင်ရွှေသား၊ ရွှေပြား စုစုပေါင်းအလေးချိန် ၁ ပိဿာနှင့် ၃၀ ကျပ်သား တန်ဖိုးငွေအားဖြင့် ကျပ်သိန်းပေါင်း(၇၈၀) တန်ဖိုးရှိ ရွှေပြား သက်န်းတော်များ လှူဒါန်းခဲ့ပြီး (၂၀·၁၂·၂၀၁၃) မှ (၂၆·၁၂·၂၀၁၃)ရက်နေ့အထိ ဓမ္မပူဇာသဘင်များ ကျင်းပခဲ့ကြောင်း သိရသည်။

ရေစက်ချအောင်ပွဲ အထိမ်းအမှတ်အဖြစ် သီရိလမ်း၊ အလှူမင်္ဂလာမဏ္ဍပ်၌ (၂၉·၁၂·၂၀၁၃) တနင်္ဂနွေနေ့ နံနက် ၅ နာရီတွင် ပင့်သံဃာတော်အပါး (၃၈)ပါးတို့အား နံနက်အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပြီး စာရေးတံမဲများ လောင်းလှူ၍ ရေစက်သွန်းချ အမျှဝေခဲ့ကြကြောင်း သိရှိရသည်။

ပေရယ်နိုင်း

## (၂၅)ကြိမ်မြောက် မဟာပဋ္ဌာန်းအောင်ပွဲ သံဃာ့နာယက ဆရာတော်ကြီးများအား ပူဇော်ပွဲနှင့် စုပေါင်းသီလရှင်ဝတ်စုံ အပါး(၁၀၀၀) လှူဒါန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့ အောင်ချမ်းသာ(၁)ရပ်ကွက်၊ ခေမာရာမ သီလရှင်စာသင်တိုက်နှင့် သီလရှင်သင်ပညာရေးကျောင်း၌ (၂၁·၁၂·၂၀၁၃)မှ(၂၅·၁၂·၂၀၁၃)ရက်နေ့အထိ ဆရာကြီး၊ ဆရာလေးများမှ မြတ်စွာဘုရားအား မဟာပဋ္ဌာန်းတော်မြတ်ကြီးဖြင့် ရွတ်ဖတ်ပူဇော်ပြီး ပဋ္ဌာန်းအောင်ပွဲ သံဃာ့နာယက ဆရာတော်ကြီးများအား ပူဇော်ပွဲနှင့် သီလရှင်အပါး(၁၀၀၀)တို့အား စုပေါင်းဝတ်စုံ လှူဒါန်းပွဲ အလှူတော်မင်္ဂလာကို ၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၈)ရက်၊ (၂၅·၁၂·၂၀၁၃)ဗုဒ္ဓဟူးနေ့ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိ ခေမာရာမ သီလရှင်စာသင်တိုက်နှင့် သီလရှင်ပညာရေးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

BURMESE CLASSIC .com

ZN

## လှုရတနာဆရာတော် အရှင်နာရဒါဘိဝံသအား ဂေါ်မြို့ ဓမ္မရိပ်သာဆရာတော် ဘဒ္ဒန္တအသဃိမှ ဗုဒ္ဓစွယ်တော်၊ ဗောဓိညောင်ပင်ပျိုး နှင့် သစ်ကနက်သား ဗုဒ္ဓဆင်းတုတော်များ လွှဲအပ်လှူဒါန်းပွဲ ကျင်းပ

သီရိလင်္ကာနှင့် မြန်မာနိုင်ငံ ချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ညောင်တုန်းပါဠိတက္ကသိုလ် စာသင်တိုက်၊ လှုရတနာကျောင်းဆောင်အောက်ထပ်၌ ဂေါ်မြို့ ဓမ္မရိပ်သာဆရာတော် ဘဒ္ဒန္တအသဃိနှင့် တပည့်တို့မှ ဗုဒ္ဓပဏ္ဏာကာရဖြစ်သော မြတ်ဗုဒ္ဓ၏စွယ်တော်၊ ဗောဓိညောင်ပင်ပျိုး သစ်ကနက်သား ဗုဒ္ဓဆင်းတုတော်များကို လှုရတနာဆရာတော် အရှင်နာရဒါဘိဝံသအား လွှဲအပ်လှူဒါန်းပွဲ အခမ်းအနားကို (၁၁·၁၂·၂၀၁၃) ဗုဒ္ဓဟူးနေ့ ညနေ ၄း၃၀ နာရီအချိန်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

သားငယ်

www.burmeseclassic.com

www.burmeseclassic.com



သုတ္တန်ဒေသနာတော်အလိုအားဖြင့် စားဖွယ်အမျိုးမျိုး လှူဒါန်းခြင်း အန္နဒါန၊ သောက်ဖွယ်အမျိုးမျိုး
လှူဒါန်းခြင်း ပါနဒါန၊ အဝတ်အထည်အမျိုးမျိုး လှူဒါန်းခြင်း ဝတ္ထုဒါန၊ စီးနင်းစရာ ယာဉ်လှူဒါန်းခြင်း
ယာနဒါန၊ ပန်းအမျိုးမျိုး လှူဒါန်းခြင်း မာလာဒါန၊ နံ့သာအမျိုးမျိုး လှူဒါန်းခြင်း ဂန္ဓဒါန၊
လိမ်းခြယ်စရာအမျိုးမျိုး လှူဒါန်းခြင်း ဝိလေပနဒါန၊ ညောင်စောင်းအင်းပျဉ် အိပ်ရာနေရာကို
လှူဒါန်းခြင်း သေယျဒါန၊ အိမ်၊ ကျောင်း စသော နေရာအဆောက်အဦ လှူဒါန်းခြင်း
အာဝသထဒါန၊ မီးတွန်းရန်ဆီ စသည်ကို လှူဒါန်းခြင်း ပဒီပေယျဒါနအားဖြင့်
ဒါန ၁၀ ပါး ရှိကြောင်း ဖွင့်ပြထား၏။ ဤကဲ့သို့ ဘုရားဟောတွင်
ဒါန ၁၀ မျိုး ပြဆိုထားသော်လည်း ဒါနရှင်များအဖို့ ဤ ၁၀ မျိုးမှ လွဲ၍
အခြားအလှူများ မလှူအပ်ဟု မဆိုလို။ အရာဝတ္ထု ဟူသမျှကို
ဤ ၁၀ ပါး၌ပင် သဘောတူရာ သွတ်သွင်းသိမှတ်နိုင်မည်ဖြစ်သောကြောင့်
သူတော်ကောင်းများ သုံးစွဲနေကျဖြစ်သော အရာဝတ္ထုဝတ္ထုတို့ကို လှူဒါန်းနိုင်သည်ဟု
သိမှတ်ခဲ့ရသဖြင့် ရောင်ပြန်ပရိသပ်လည်း ထိုအတူ လှူဒါန်းနိုင်ပါကြောင်း···